
http://www.dhammadownload.com

မန္တလေးမြို့
မဝိုးရိမ်တိုက်သစ်ကြီးများ၏
အဓိပတိမဟာနာယကချုပ်ဆရာတော်
ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ
မဟာထေရ်မြတ်ကြီး၏

သက်တော် (၈၀) မြှင့် အထိမ်းအမှတ်

ဂုဏ်ပူဇော်မော်ကွန်း




သာသနာ ၂၅၅၄
ကောဇာ ၁၃၇၄
ခရစ် ၂၀၁၃

http://www.dhammadownload.com

မန္တလေးမြို့
မစိုးရိမ်တိုက်သစ်ကြီးများ၏
အဓိပတိမဟာနာယကချုပ်ဆရာတော်
ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ
မဟာထေရမြတ်ကြီး၏

သက်တော် (၈၀) ပြည့် အထိမ်းအမှတ်

ဂုဏ်ပူလာမော်ကွန်း



http://www.dhammadownload.com



မဟာနာယကချုပ်

ဘဒ္ဒန္တရာဇဓမ္မောဘိဝံသ

ရှေ့တန်း - ဘဒ္ဒန္တဝိလောစနာဘိဝံသ၊ ဘဒ္ဒန္တဝိလာသာဘိဝံသ၊ ဘဒ္ဒန္တဓိသေဋ္ဌာဘိဝံသ၊ ဘဒ္ဒန္တတေသရာဘိဝံသ၊ ဘဒ္ဒန္တသုစိတ္တာဘိဝံသ၊ ဘဒ္ဒန္တတိဝင်္သုဇ္ဇလာဘိဝံသ

နောက်တန်း - ဘဒ္ဒန္တကောဏ္ဍညာဘိဝံသ၊ ဘဒ္ဒန္တနန္ဒာဘိဝံသ၊ ဘဒ္ဒန္တဝဉ္ဇာစရိယာဘိဝံသ၊ ဘဒ္ဒန္တကုသလာဘိဝံသ၊ ဘဒ္ဒန္တသူရိယာဘိဝံသ၊ ဘဒ္ဒန္တဝဉ္ဇိန္ဒာဘိဝံသ

ဘဒ္ဒန္တသုစိတ္တာဘိဝံသ၊ ဘဒ္ဒန္တတိဝင်္သုဇ္ဇလာဘိဝံသ၊ ဘဒ္ဒန္တဣန္ဒကာဘိဝံသ၊ ဘဒ္ဒန္တကဝိန္ဒာဘိဝံသ၊ ဘဒ္ဒန္တဇေနသျာဘိဝံသ

http://www.dhammadownload.com



"명징하게 깨어 있어야 분노 다스려"

名법문 名강의

미얀마 우야사 담마 비행사 사이도

부모님 은혜
평생 잊지 않는
한국 후사상에 감명

사람서 되으면
선망 지극한 마음
이롯과 다를 수 있어

우야사 담마

ကိုရီးယားနိုင်ငံရောက် မဟိုရိမ်တိုက်သစ် မဟာနာယကချုပ်ဆရာတော် ဟောကြားတော်မူအပ်သော တရားတော်ကို ဆရာတော်၏ ဓာတ်ပုံ၊ အတ္ထုပ္ပတ္တိနှင့်တကွ ကိုရီးယားသတင်းစာ၌ ဖော်ပြထားပုံ



미얀마 우야사 스님, 법장 스님 예방

미얀마 불교 수담마의 큰 스승인 우야사 담마 비행사 스님이 5월 20일 조계종 총무원장 법장 스님을 예방했다. 이날 우야사 스님은 오는 2007년 100주년을 맞는 미얀마 만달레이의 마소이엥 절의 기념행사에 법장 스님을 공식 초청했다. 이에 대해 법장 스님은 세계 문화유산 팔만대장경의 목판 복제품을 전달하며 적극 검토하겠다고 화답했다.

김형규 기자 kimb@beopbo.com



붓다와 떠나는 책 여행, 저자와의 대화

불서읽기 모임인 '붓다와 떠나는 책 여행'이 5월 25일 서울노인복지회관에서 저자와의 대화 및 저자초청 감연회를 개최했다. '번뇌, 업, 고통'의 저자인 정승석 동국대학교 인도철학과 교수를 초청해 열린 저자와의 대화에는 회원 등 50여 명이 참석해 책에 관한 저자의 설명을 듣고 책에 관한 궁금점을 자유롭게 묻의 문답하는 시간을 가졌다.

남수연 기자 namsy@beopbo.com


ကိုရီးယားနိုင်ငံရောက် မဟိုရိမ်တိုက်သစ် မဟာနာယကချုပ်ဆရာတော်အား ကိုရီးယားသာသနာပိုင်ဘုန်းတော်ကြီးက သစ်ထွင်းပဋိဂ္ဂဟ(ဓမ္မပဒ) လျှောက်နေစဉ်။ (သတင်းစာတွင်ဖော်ပြထားပုံ)


http://www.dhammadownload.com



အဘိဝံသဘွဲ့ယူစဉ်က








မယ်တော်ကြီးဒေါ်နင်းဦးနှင့် ညီတော်နောင်တော်

http://www.dhammadownload.com



အဂ္ဂါဘိဓဇ ဆရာတော်ကြီးနှင့်...




အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ယူစဉ်က




အဂ္ဂမဟာပဏ္ဍိတတုန်းက

http://www.dhammadownload.com




ဆရာတော် ဘဒ္ဒန္တ ရာဇဓမ္မာဘိဝံသ

http://www.dhammadownload.com



ဆရာတော် ဘဒ္ဒန္တ နာယကာဘိဝံသ

http://www.dhammadownload.com



ဆရာတော် ဘဒ္ဒန္တ သိရိနန္ဒာဘိဝံသ

http://www.dhammadownload.com




အဂ္ဂါဘိဓဇမဟာရဋ္ဌမဟာသီရိမင်္ဂလသဒ္ဓမ္မဇောတိကဓဇ

http://www.dhammadownload.com



ဃေ်ဆရာတော် ဘဒ္ဒန္တကောဝိဒ

http://www.dhammadownload.com



ယေဆရာတော် ဘဒ္ဒန္တရဝိန္ဒ

http://www.dhammadownload.com



စာတည်းအဖွဲ့က အခိုင်အမာ ယုံကြည်ပါသည်။

လူတိုင်းလူတိုင်းသည် ကိုယ့်သမိုင်းကိုယ်ရေးနေကြသူများဖြစ်၏၊ ကရင်အမျိုးသား ခေါင်းဆောင်ကြီး ဖဒိုမန်းရှာက "ခေါင်းဆောင်ကောင်းဆိုတာ မှတ်သားလောက်တဲ့ သမိုင်း ဖြတ်သန်းမှုရှိရမယ်"ဟု ပြောဆိုခဲ့ဘူး၏၊ မှန်ပါသည်၊ ခေါင်းဆောင်ကောင်းမှန်လျှင် သမိုင်း ကောင်းရမည်သာဖြစ်ပါ၏။

ထို့အပြင် သူခေတ်သူအခါက စာပေလောက, နိုင်ငံရေးလောကတို့၌ ထူးချွန်ထက်မြက် သူအဖြစ် တော်တည့် မှန်ကန်သူအဖြစ် အသိအမှတ်ပြုခံရသော စာရေးဆရာကြီး ဗန်းမော် တင်အောင်ကမူ လူတန်ဖိုးနှင့် စပ်လျဉ်း၍ "လူတစ်ယောက်၏ တန်ဖိုးကို သူ ဖြတ်သန်းခဲ့ရတဲ့ လူသမိုင်းက သူပခုံးပေါ်တင်ပေးလိုက်တဲ့ သမိုင်းတာဝန်ကို သူ ဘယ်လောက် ကျေပွန်အောင် ထမ်းဆောင်နိုင်ခဲ့သလဲဆိုတဲ့ အချက်နဲ့ တိုင်းတာရမယ်"ဟု ပြောခဲ့ဘူးပါသည်၊ ခေါင်းဆောင် ကောင်းတစ်ယောက်၏ အရည်အသွေးနှင့်တန်ဖိုးကို ဘဝပေးအသိဖြင့် ဖော်ကျူးမိန့်ဆိုကြခြင်းဖြစ် ပါသည်။

အပူဇော်ခံ ဆရာတော်ဘုရားကြီး၏ လောကရေး, ဓမ္မရေးတို့၌ ခေါင်းဆောင်ကောင်း ပီသမှု, သမိုင်းတာဝန် ကျေပွန်၍ တန်ဖိုးကြီးမားမှုတို့ကို ဤဂုဏ်ပူဇော်မော်ကွန်းပါ စာတမ်းများဖြင့် စာဖတ်သူများ ကြည်ညိုနိုင်ကြမည် ဖြစ်ပါသည်။

ဤဂုဏ်ပူဇော်မော်ကွန်းစာအုပ်ကြီး ဖြစ်မြောက်အောင် ဆောင်ရွက်ရာ၌ "စပါးတစ်လုံးမှာ လုပ်အား တစ်ရာပါ"ဆိုသကဲ့သို့ ဆိုင်ရာဆိုင်ရာ အကူညီများစွာကို ရယူရပါသည်၊ ငွေကြေးစိုက်ထုတ်လှူဒါန်းသူများ, စာမူ ဆောင်းပါးရေးသား ပေးပို့ကြသူများ, စာအုပ်ဖြစ်မြောက် အောင် အဆင့်ဆင့်ဆောင်ရွက်ကြသူများ၏ အကူအညီများ နှင့်ကင်း၍ ဤဂုဏ်ပူဇော မော်ကွန်း စာအုပ်ကြီး ဖြစ်မြောက်လာမည်မဟုတ်ပါ၊ သို့ဖြစ်ပါ၍ အဘက်ဘက်မှ ကူညီခဲ့ကြသူများ အားလုံး ကို ကျေးဇူးဥပကာရ တင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

အထူးအားဖြင့် ဤဂုဏ်ပူဇော်မော်ကွန်းစာအုပ်ကြီး၏ ပင်မအလှူရှင်များဖြစ်ကြသော ရန်ကုန်မြို့၊ လူမှုထူးချွန် (ပထမဆင့်) သီဟသုခမွ မဏိဇောတရ၊ သီရိသုခမွ မဏိဇောတရ၊ အဂ္ဂမဟာသီရိသုခမွ မဏိဇောတရ ဦးသိန်းဝင်းနှင့် ဇနီး သီဟသုခမွသဏ္ဌီ၊ သီရိသုခမွသိဏ္ဌီ၊ အဂ္ဂမဟာသီရိသုခမွသိဏ္ဌီ ဒေါ်နီနီ၊ သား- လူမှုထူးချွန် (ဒုတိယဆင့်) ဝဏ္ဏကျော်ထင် ဦးကျော်ဝင်းနှင့် ဇနီး သီရိသုခမွသိဏ္ဌီ၊ အဂ္ဂမဟာသီရိသုခမွသိဏ္ဌီ ဒေါ်နန်းမောက် လောင်(ဝ)ဆိုင်၊ သား,သမီး,မြေး,မြစ်တစ်စု (ရွှေသံလွင်ကုမ္ပဏီမိသားစု)အား ကျေးဇူးဥပကာရတင်ရှိပါကြောင်း ထပ်လောင်း ဖော်ပြအပ်ပါသည်။

စာတည်းအဖွဲ့



http://www.dhammadownload.com

စာတည်းအဖွဲ့၏ အမှာစကား

မစိုးရိမ်တိုက်သစ်ကြီးများ၏ အဓိပတိမဟာနာယကချုပ်ဆရာတော်ဘုရားကြီး၏ သက်တော်ရှစ်ဆယ်ပြည့် ဂုဏ်ပူဇော အထိမ်းအမှတ်ဖြစ်၌ ဤမော်ကွန်းစာအုပ်ကြီးကို ထုတ်ဝေပါသည်၊ ဤမော်ကွန်းစာအုပ်အတွက် ရေးသား ပေးပို့ကြသော ဆောင်းပါး စာမူပေါင်း (၁၄၀)ကျော်နှင့် ရတု, ကဗျာ, ဂါထာ, တေးထပ် အချို့ကို လက်ခံရရှိပါသည်။

ရောက်ရှိလာသည့် စာမူများထဲမှ စာအုပ်ဖြစ်မြောက်ရေး ကော်မတီ၏ မူလရည်ရွယ်ချက်အတိုင်း ရတု, ကဗျာ, ဂါထာ, တေးထပ်များ၊ အချက်အလက်မတိကျသော ဆောင်းပါးများ၊ ဆရာတော်ကြီး၏ ဘဝပုံရိပ်နှင့် သက်ဆိုင်မှုမရှိသော ဆောင်းပါးများနှင့် တစ်စုံတစ်ရာ ထိခိုက်နစ်နာစေနိုင်သော ဆောင်းပါးများကိုမူ ရွေးချယ် ထည့်သွင်းခြင်းမပြုဘဲ ချန်လှပ်ထားခဲ့ရပါသည်၊ ထို့အတွက် နားလည်ပေးကြပါရန်နှင့် စာမူများ ရေးသားပေးပို့ကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါသည်။

ဆရာတော်ကြီး၏ ဘဝပုံရိပ်ကို ထင်ဟပ်ဖွဲ့သီပူဇော်အပ်သော "အောင်ဩဘာစာတမ်း"ကိုမူ ဝိဇယမဂ်လာ ဖြစ်စိမ့်သောငှါ ရည်သန်၍ စာတည်းအဖွဲ့၏ တူညီဆန္ဒဖြင့် ထည့်သွင်းဖော်ပြထားပါသည်။

စာမူများကို အချိန်တိုကာလအတွင်း အစွမ်းရှိသလောက် ရွေးချယ်စိစစ်၍ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ကြပါသည်၊ ရောက်ရှိလာသော စာမူများကို အပူဇော်ခံ ဆရာတော် ဘုရားကြီးကိုယ်တိုင် ဦးစွာပထမ ဖတ်ရှုလေ့လာ၍ သုံးသပ်ချက်များ, မှတ်ချက်များ ပေးတော်မူပါသည်၊ ထို့နောက်မှ စာတည်းအဖွဲ့က ဒုတိယအကြိမ် ထပ်မံ၍ အကြောင်းအရာ မှန်ကန်မှု, ရေးသားတင်ပြပုံကောင်းမွန်မှုစသည်တို့ကို စိစစ်၍ အတည်ပြုကြပါသည်။

ဤဂုဏ်ပူဇော်မော်ကွန်း စာအုပ်ကြီးပါ အကြောင်းအရာများသည် ဆရာတော်ဘုရားကြီး၏ ဘဝပုံရိပ်ကို အစစ်အမှန် ထင်ဟပ်ပြထားသော အကြောင်းအရာ အချက်အလက်များသာ ဖြစ်ပါသည်၊ မရှိကို အရှိလုပ်၍ ချဲ့ကား ရေးသားခြင်းမျိုး၊ အရှိကို မရှိလုပ်၍ ဖုံးကွယ်ရေးသားခြင်းမျိုး အလျဉ်းမပါရှိပါ၊ ဤသည်ပင်လျှင် ဤဂုဏ်ပူဇော် မော်ကွန်းစာစောင်ကြီး၏ ထူးခြားမှု တစ်ရပ်ဖြစ်မည်ဟု

http://www.dhammadownload.com

ဂုဏ်ပူဇော်ကျွန်းစာအုပ်
အလှူရှင်

အနန္တောအနန္တ ငါးပါး ဦးထိပ်ထားလျက်

လူမှုထူးချွန် (ပထမဆင့်) သီဟသုဓမ္မ မဏိဇောတရ၊

သီရိသုဓမ္မမဏိဇောတရ

အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတရဦးသိန်းဝင်းနှင့်

ဇနီး သီဟသုဓမ္မသိဏီ၊ သီရိသုဓမ္မသိဏီ၊

အဂ္ဂမဟာသီရိသုဓမ္မသိဏီ ဒေါ်နီနီ

သား - လူမှုထူးချွန် (ဒုတိယဆင့်)

ဝဏ္ဏကျော်ထင် ဦးကျော်ဝင်းနှင့်

ဇနီး သီရိသုဓမ္မသိဏီ၊

အဂ္ဂမဟာသီရိသုဓမ္မသိဏီ ဒေါ်နန်းမောက်လောင်(ဝ)ဆိုင်

သား,သမီး,မြေး,မြစ်

"ရွှေသံလွင်ကုမ္ပဏီ" မိသားစု

ရန်ကုန်မြို့

http://www.dhammadownload.com

မာတိကာ

စာတည်းအဖွဲ့၏ အမှာစကား	စာတည်းအဖွဲ့	
ထေရုပ္ပတ္တိအကျဉ်း	ကိုယ်တိုင်ရေး	၁
သခ်ၤပဥ္ပတ္တိက္ကမကထာ	ဦးတိက္ခိန္ဒြိယာဘိဝံသ(ပြည်ကြီးတံခွန်)	၅
A BRIEF AUTOBIOGRAPHY OF SAYADAW U RAJADHAMMABHIVAMSA	**Dr. Dhammasilitabhivamsa**	၉
ဝိဇယမင်္ဂလာအောင်ဩဘာစာတမ်း	အသခ်ၤယာသျှင်ထွေး	၁၂
ဦးရာဇမ္မာဘိဝံသပြောပြခဲ့တဲ့ ငြိမ်းချမ်းရေးတရား	မဟာဝိသုဒ္ဓါရုံဝါဆိုဆရာတော်ကြီး	၁၆
တန်ဖိုးကြီးမား ပတ္တမြား	တိပိဋကယောဆရာတော်	၁၇
ပညာရှိထုံး	အရှင်တိလောကာဘိဝံသ(အင်းစိန်)	၂၁
မစိုးရိမ်တိုက်သစ်(သို့) စက်နိုးထားသောပြိုင်ကားတစ်စီး	ဦးမဏ္ဍလာဘိသိရီ	၂၇
ပတ္တမြားဆံကျိုး အဖိုးပြည်တန်	အရှင်မဟောသဓဇဏ္ဍိတ	၃၆
မင်းတို့လိမ္မာဘို့ ငါ မိုက်မယ်	အရှင်ဂန္ဓမာလာလင်္ကာရ(ရွှေစင်တိပိဋက)	၄၁
စာဝါတက်စဉ် မှတ်သားခဲ့ရ ဩဝါဒ	ဦးကစ္စာယန	၄၄
ထူးခြားအောင်မြင်သော သာသနာပြုလုပ်ငန်းစဉ်တစ်ခု	အသောက(အရှေ့ပြင်)	၄၈
အမြတက်ကြွထက်မြက်သောဆရာတော်	မစိုးရိမ်အာဂမဆရာတော်	၅၂
မိမိနှင့်ဦးရာဇ	မဟာဝေပုလ္လဆရာတော်	၅၄
ဆရာတော်ဘုရားကြီး၏ အဆိုအမိန့်များ	တပည့်ကြီး ယောသိတ	၅၉
ကျွန်ုပ်ပြောချင်သော ဆရာတော့်အကြောင်း	အရှင်ဉာဏိကာဘိဝံသ (မင်းကွန်း)	၆၆
ဆရာတော်နှင့်စပ်၍ အမှတ်တရအချို့	ဦးတိက္ခိန္ဒြိယာဘိဝံသ	၇၁
ခေါင်းကောင်းရင် ကိုယ်မရွေ့	ဓမ္မဘေရီ အရှင်ဝိရိယ(တောင်စွန်း)	၇၆
ဓမ္မဖခင်(သို့မဟုတ်) ဘဝဥယျာဉ်မှူး	ဒေါက်တာဩသဓရ	၈၃
တရားမှူးကြီးစေနဲ့	အရှင်ယောသိတာဘိဝံသ	၈၈
စံပြထိုက်စွာ မြတ်ဆရာ	တပည့်-ဓမ္မသာမိ(မော်လူး)	၉၃
ရဟန်းကောင်း ရဟန်းမြတ်	အရှင်ဂုဏ္ဒိကာဘိဝံသ	၉၈
ရွှေဖနောင့်ဝိုင်ရှင်	အရှင်ဉာဏိကာဘိဝံသ(မုဒိတာရွှေကျောင်း)	၁၀၁
မစိုးရိမ်တပည့်ဖြစ်ရမည့် ကံဇာတာ	တပည့်-ဥတ္တရ(သာသနရုံသိဝိဟာရ)	၁၀၅
မစိုးရိမ်စေတဲ့ မစိုးရိမ်	ဒေါက်တာအရှင်ဆေကိန္ဒ	၁၁၀
ဂုဏ်ရောင်တင့်လျှမ်း မြို့ရွှေမန်းမှ မစိုးရိမ်ဝိဟာ	ဦးနန္ဒမာလာ(သထုံဝံသဆရာတော်)	၁၁၃
လေးမြတ်ကြည်ညိုခဲ့ရသော ဆရာတော်ကြီးနှစ်ပါး	ဇယမေဒနီ အရှင်နန္ဒိယ	၁၁၅
ဘဝမှာ မစိုးရိမ်ရသူ	ဦးနာရဒါဘိဝံသ(လှရတနာ)	၁၁၉
အမြဲတည်နေစေ ဒို့ဆရာတော်	လူသစ် (ဗန်းမော်)	၁၂၂
ကျွန်ုပ်ကြားနာမှတ်သားခဲ့ဘူးသော ဩဝါဒအတိုအထွာလေးများ	ဦးတေဇောဘာသ(ကံတက်ကုန်း)	၁၂၉

http://www.dhammadownload.com


အမြတ်နိုးဆုံး ဆရာ့ပုံရိပ်ကို ဖော်ကျူးခြင်း	အဂ္ဂမဟာအက္ခော်	၁၃၃
အသောကံ	အရှင်သဒ္ဓမ္မ	၁၃၆
ကမ္ဘာ့စံတင် ထေရ်အရှင်သို့ ဦးခိုက်ခြင်း	ဦးကဝိသာရ (ပါဠိကဝိ)	၁၃၉
မောင်စံ နဲ့ ဒဏ်	ဒေါက်တာ စန္ဒာသိရီ	၁၄၃
မာလိန်မျူးရဲ့ နှစ်စဝ ခရီး	ဦးစန္ဒိမ (စလင်း)	၁၄၈
နမော တဿနှင့် ဆရာတော်ဦးရာဇ	အရှင်ဣန္ဒိဗလ(ခိုချောင်း)	၁၅၂
ဆရာ့ဂုဏ်ဟိတ် ပုံရိပ်တွေ	စန္ဒောဘာသ (မုံရွာရွှေလုလင်)	၁၅၅
အပီတီး စည်ကြိုး မြည်ဟီးသကဲ့သို့	အရှင်သဒ္ဓမ္မသိရီ (ဓမ္မိကာရုံဆရာတော်)	၁၅၈
မစိုးရိမ်တိုက်သစ် ဖခင်ကြီးသုံးပါးသို့ ဦးညွှတ်ခြင်း	ကောဏ္ဍညာလင်္ကာရာဘိဝံသ	၁၆၃
မေတ္တာဓာတ်ကြီး လူချင်းနီး ခရီးပင်လယ်ခြားပါစေ	ဒေါက်တာအရှင်နန္ဒက	၁၆၇
မစိုးရိမ်တိုက်သစ် ဂုဏ်ဆောင်ပုဂ္ဂိုလ်များ	အရှင်ကဝိန္ဒာဘိဝံသ	၁၇၀
ကျောင်းတော်ကြီးရဲ့ အလယ်မှာ	အရှင်ဣန္ဒာစရိယ (ရွှေတန့်ဆည်)	၁၇၃
အမှတ်တရတွေထဲက အမိုက်ဆုံး ဩဝါဒတစ်ပုဒ်	ဒေါက်တာ အရှင်ပညောဘာသ	၁၇၆
လွမ်းမိနေသော ရွှေခြေဖဝါး	မောင်တင်ဝေ (ရေစကြို)	၁၈၀
ဆရာတော်မွေးဖွားပေးသော	ဦးဥတ္တမသာရ	၁၈၃
မစိုးရိမ်တိုက်သစ်ခွဲ(၃)ရင်သွေးငယ်		
အရာရာမှာ အောင်မြင်ချင်ရင်	ကေတုပဇ္ဇော	၁၈၇
ခေါင်းဆောင်အတွေး ခေါင်းဆောင်အရေး	ဝီရသူ (မစိုးရိမ်)	၁၉၁
စစ်အာဏာရှင်နှင့် မြန်မာရဟန်းတော်များ	ဘလော်ဂါ အနက္ခ	၁၉၄
ခေါင်းမရှောင်သည့် ခေါင်းဆောင်စိတ်ဓာတ်	မစိုးရိမ်နာယက	၁၉၉
မန္တလေး ဝါဆိုမြင်ကွင်း	လူထုဒေါ်အမာ	၂၀၃
စာရေးဆရာကြီး ဦးရာဇ	စိုးနိုင် (မန္တလေးတက္ကသိုလ်)	၂၀၆
ပုံတူပန်းချီအနုပညာဖြင့် ပန်းချီရေးဆွဲပူဇော်သူ	နတ်မောက် ထွန်းရှိန်	၂၁၁
ဆရာတော် ရွှေရတု နှစ်၅၀မွေးနေ့ပွဲတုန်းက	အရှင်ဣန္ဒာစာရ (ဓမ္မဘာဏက)	၂၁၃
ကိုယ့်အလုပ်ကိုသာ လုပ်မည်ဆိုလျှင်	ရဲဘော်ကြီး	၂၁၅
မမေ့နိုင်သော ဩဝါဒ	ဒေါက်တာ ဦးသောဘနာစာရ(ပညာပါရမီ)	၂၁၈
အောက်မေ့ဖွယ် မြတ်ဆရာ၏ ဂုဏ်ကျေးဇူး	ခေမာစာရ (ရွှေမြစ်)	၂၂၂
ခေါင်းဆောင်နှင့်သတ္တိ	ဥက္ကာကျော်	၂၂၆
မြေနိမ့်စံဘဝ ရောက်စဉ်က ဖြစ်ရပ်လေးတစ်ခု	ဒီပ (တံတိုင်းရှည်)	၂၃၁
ဝီရိယအားကောင်းသော ဆရာတော်	ဦးကာရုဏိကာဘိဝံသ	၂၃၆
တန်ခိုးမမှိန်ဘို့ မစိုးရိမ်ကို အတုယူစို့	အရှင်သောဘိတ	၂၃၉
စံပြုထိုက်တဲ့ ဆရာတော်	မောင်ပဏ် (တန့်ဆည်)	၂၄၂
ပြဟ္မစိုရ် လက်သီး	ဓမ္မဂဂီ အရှင်ဝိစိတ္တသာရ	၂၄၆
သီဟနာဒ ဆိုမြွက်ဟ	ဦးဇနသာရ	၂၅၂

http://www.dhammadownload.com

အတိတ်မှတ်တမ်းဖြင့် ပူဇော်ခြင်း	အရှင်အရိယဝံသ	၂၅၃
သဇီဝရဲ့ သဇီဝေါဝါဒများ	တပည့်လာဘ (နဝုတိပတ္တ)	၂၅၇
ကြည်ညိုမကုန် ဆရာဝုဏ်	ကောဏ္ဍညာလင်္ကာရ	၂၆၀
ဘေးရန်ဆီးကာ ဒို့ဆရာ	မောင်မောင်ဦး(ချင်းတွင်းမြေ)	၂၆၅
ကတညူ ကတဝေဒီ	ကုသလာနန္ဒ (ခေတ္တ ဥရောပ)	၂၆၈
ခေါင်းဆောင်ကောင်း	ဘုန်းနဒီ	၂၇၁
ရှားပါးရတနာ ဂရုပြုပါ	ရွှေကသစ် (ကျောက်မျက်)	၂၇၄
ဆရာပီသလွန်းသောဆရာတော်နှင့် တပည့်ပီသလွန်းသောဆရာတော် စံပြခေါင်းဆောင်	ကသစ်ပန်း	၂၇၇
	ချစ်ကို (ရသ)	၂၇၉
ဓမ္မဝတ်သာ ကျေပွန်သော မစိုးရိမ်	ဦးသုမန	၂၈၁
မေ့လို့မရ ဩဝါဒ	တပည့် ကုဝေရ	၂၈၃
သာသနာ့အာဇာနည် ပုဂ္ဂိုလ်ကျော်	ဦးအောင်ငြိမ်း (ဘီအီးဒီ)	၂၈၅
ဂါရဝအဋ္ဌလီစာတမ်း	ဦးကိုဦး (မင်းကွန်း)	၂၈၉
မေ့လို့မရတဲ့နေ့	ဒေါက်တာ အရှင်ကဋ္ဌန	၂၉၂
အောက်မေ့သတိရ ဩဝါဒ	ထီလာ ဘုန်းမြတ်နွယ်	၂၉၆
အဆုံးမဲ့ ကောင်းကင်ရဲ့ ထုထည်	လွှမ်းမင်းထက်(ရေဦး)	၃၀၂
ဘဝသင်တန်းနည်းပြ ဆရာတော်	သမီးရွှေပန်းချီ	၃၀၅
ကျွန်တော့် ဆရာတော်	ဖုန်းမြင့်အောင်(မန္တလေး)	၃၀၇
သမဂ္ဂါနံ တပေါ သုခေါ	အောင်ဘုန်းထက် (ရေစကြို)	၃၀၉
တိုက်သစ်သခင် ကျေးဇူးရှင်	ဦးရာဇိန္ဒ	၃၁၂
ဘယ်ချိန်သေပျောက် ငါ မကြောက်	ကောဏ္ဍညာလင်္ကာရာဘိဝံသ	၃၁၅
ခြေကောက်လိုက် အယ်ဒီတာတစ်ဦးရဲ့ မှတ်စုများ	ခြေကောက်လိုက် အယ်ဒီတာ	၃၁၈
မစိုးရိမ်ဆရာတော်များနှင့်ငွေစနှာနို့ဆီမိသားစု	လှလှမြိုင်(အောင်ရတနာ)	၃၂၂
ရဲရဲတောက် ဩဝါဒ	အညတရသောတုဇန	၃၂၅
ကျောင်းထိုင်အသွား မိန့်စကား	နိမလ (ကျောင်းသားဟောင်း)	၃၂၈
WHAT CONSTITUTES A SCRIPTURAL TEACHER	**SILANANDABHIVAMSA**	၃၃၀
သတိတရ ဩဝါဒ	ဥယျာဉ်မှူး (ဓမ္မာစရိယတက္ကသိုလ်)	၃၃၂
သာသနာ့မိုက်သူကြီး	ဦးခန္တီစာရာဘိဝံသ	၃၃၅
ကျွန်တော်၏ဆရာ	ရှင်မြတ်မြတ်	၃၃၈
ဆရာတော် ဦးရာဇ	ကျော်ရင်မြင့်	၃၄၀
ပညာပြည့်ဝ နှလုံးလှတဲ့ဆရာတော်	ဦးသောဘိတာဘိဝံသ	၃၄၄
ဟုတ်တိုင်းဆို၍ ကျိုးလိုစိတ်ရှိ ဆရာကဝိ	ခိုင်ငြိမ်းအေး	၃၄၆
ရာဇဓမ္မဆယ်ဂါထာ	ဦးဓမ္မောဒယ	၃၄၉
ငယ်စဉ်ကာလ ဩဝါဒ	ဦးသောဘိတ	၃၅၃

http://www.dhammadownload.com

ဂုဏ်ပူဇော်ကွန်းစာအုပ် ပုံနှိပ်မှတ်တမ်း



အယ်ဒီတာအဖွဲ့

ဦးတိကျိန္ဒြိယာဘိဝံသ (ပြည်ကြီးတံခွန်)၊
ဒေါက်တာဦးဓမ္မသီလိတာဘိဝံသ၊ ဦးကဝိန္ဒာဘိဝံသ၊
ဦးကောဏ္ဍညာလင်္ကာရာဘိဝံသ၊ ဦးသောဘိတာဘိဝံသ၊
ဦးခန္တိစာရာဘိဝံသ၊ ဦးပညာသာမိ (ကိုရင်ကြီး)၊ ဥက္ကာကျော်

တာဝန်ခံ အယ်ဒီတာ

ဥက္ကာကျော်

ကွန်ပျူတာစာစီ

ဦးကောဏ္ဍညာလင်္ကာရာဘိဝံသ၊ ဦးဝိစိတ္တ (သီတဂူ)၊
ဦးသောဘိတာဘိဝံသ၊ ဦးဓမ္မိက၊ ဦးလာဘဝတ၊
ဦးဥာဏဓဇ၊ ဦးခန္တိဗလ(ဒီပ)၊ ဦးသူရိယ၊ ဦးသောဘန၊
ဦးခန္တိစာရ၊ ဦးဝဏ္ဏသိရီ (ဒါယာဒ)၊ ဦးရေဝတ(ပါလ)

မျက်နှာဖုံးပန်းချီ

စိုးအောင်(မန္တလေး)၊ ညွန့်ဝေသစ်(ပန်းသမုဒ္ဒရာ)

သရုပ်ဖော်ပန်းချီဆရာများ

ဦးဇော်ဝင်း(သစ်ထွင်း)၊ ဦးမာလာ၊ ဦးခင်မောင်စန်း၊ ဦးကျော်မိုးသာ၊
ဒေါ်ချိုချိုအောင်၊ ညွန့်ဝေသစ်၊ ကြည်ဝင်း၊ မြကေသီ၊ လွင်လွင်လှိုင်ရွှေ
ကိုသိန်းထွေး၊ ကိုသိန်းထွန်း၊ မုတ်သုံ၊ယဉ်မင်းပိုက်၊ မာန်ဦး၊ ဇကစာချို
စိုးဝင်းအောင်၊ စူးမြင့်သိန်း၊ မြင့်ကျော်ထက်၊ မင်းနွယ်စိုး၊ စိုးစံဝင်း
ဘစိုင်းဝဏ္ဏ၊ မိုးသု၁၊ စိုးအောင်၊ စိုးမြင့်ဦး၊ ဇော်မင်းနိုင်၊ သီရိမြတ်စု

မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း

စိုင်းမောင်မောင်၊ ရဲဝင်းဌေး(ဇော)

စာတ်ပုံ

ဦးကဝိန္ဒာဘိဝံသ၊ ဦးကောဏ္ဍညာလင်္ကာရာဘိဝံသ၊
ကိုဝင်းကျော်ခိုင်၊ ကျော်လင်း၊ မင်းကွန်း

ပုံနှိပ်

ဦးဇော်မြင့်ဝင်း(ကာလာဇုံပုံနှိပ်တိုက်)၊ ရန်ကုန်

ထုတ်ဝေသူ

စာအုပ်ဖြစ်မြောက်ရေးကော်မတီ

ထုတ်ဝေသည့်ခုနှစ်

၂၀၁၃ - ခုနှစ်၊ ဖေဖော်ဝါရီလ

အုပ်ရေ

၇၅၀၀

စာအုပ်ချုပ်

ကိုရဲထွန်း၊ ရန်ကုန်

http://www.dhammadownload.com

မန္တလေးမြို့
မဟိုးရိမ်တိုက်သစ်ကြီးများ၏
အဓိပတိမဟာနာယကချုပ်ဆရာတော်
ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ
မဟာဒေရိမြတ်ကြီး၏

သက်တော် (၈၀) ပြည့် အထိမ်းအမှတ်

ဂုဏ်ပူဇော်မော်ကွန်း




သာသနာ
၂၅၅၆

ကောဇာ
၁၃၇၄

ခရစ်
၂၀၁၃

http://www.dhammadownload.com



မန္တလေးခြို့၊ မစိုးရိမ်တိုက်သစ် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ–၏ ကိုယ်တိုင်ရေးထေရပွတ်အကျဉ်း

ဖွားမြင်တော်မူခြင်းနှင့် သာသနာ့ဝန်ထမ်းအဖြစ်သို့ ရောက်ခြင်း

ဘဒ္ဒန္တရာဇဓမ္မာဘိဝံသလောင်းလျာ မောင်စိန်မောင်သည် ၁၂၉၅-ခုနှစ်၊ ဝါဆိုလဆုတ်(၁၃)ရက်၊ (၁၉၃၃၊ ဇူလိုင် ၁၉)နေ့တွင် မုံရွာမြို့နယ် အင်တိုင်းရွာ၌ ဦးဘဝင်း+ဒေါ်နှင်းဦးတို့မှ ဖွားမြင်တော်မူသော သားရတနာဖြစ်သည်။ မွေးချင်း ခုနှစ်ယောက်အနက် တတိယမြောက်ဖြစ်သည်။ ယခုအချိန်၌ကား သုံးယောက်သာ ကျန်တော့သည်။

၁၃၀၃-ခုနှစ် တန်ခူးလတွင် ရှင်သာမဏေအဖြစ်သို့ ရောက်သည်။

၁၃၁၅-ခုနှစ် ဝါဆိုလတွင် ရဟန်းအဖြစ်သို့ ရောက်သည်။ ရဟန်းဒကာဒကာမများမှာ မုံရွာမြို့သန်းစိတ်ိုးဆိုင်ပိုင်ရှင် ဦးစော+ဒေါ်မြိုင်တို့ ဖြစ်ကြ၏။

http://www.dhammadownload.com

စာပေဆင်ကြွေးခြင်း

(၅)နှစ်သားမှစ၍ အင်တိုင်းရွာ တောင်ကျောင်းဘုန်ကြီး ဦးရဝိန္ဒ၊ ဦးကောဝိဒတို့ထံ သင်ပုန်းကြီး၊ မင်္ဂလသုတ် စသည့် လူမှုရေးအခြေခံ စာပေများနှင့် သဒ္ဒါ သင်္ကြိုဟ် ဝိနည်း စသည့် ပိဋကအခြေခံစာပေများကို သင်ကြားခဲ့သည်။ ဘုန်းတော်ကြီးကျောင်း ဂဏန်းသချိၤများကိုလည်း အထက်ပါ ငယ်ဆရာများထံ၌ပင် သင်ကြားခဲ့၏။ အစိုးရအတန်းကျောင်း လုံးဝမနေဘူးချေ။

ထို့နောက် ၁၆-နှစ်သားအရွယ်တွင် မုံရွာမြို့ လေသာတိုက် ဇောတိကတိုက်တို့၌ နေထိုင်၍ ပိဋက အခြေခံကျမ်းစာများကိုပင် ထပ်မံ၍ လေ့လာသင်ကြားခဲ့၏။

(၁၉)နှစ်မှ (၂၆)နှစ်အထိ မန္တလေး တောင်သမန်တိုက် မစိုးရိမ်တိုက်ကြီးတို့၌ နေထိုင်၍ ပိဋက ကျမ်းစာများ လေ့လာသင်ကြားခဲ့သည်။

အောင်မြင်ခဲ့သော စာမေးပွဲများ

အစိုးရ ငယ် လတ် ကြီး စာချတန်း သက္ကသီဟစာသင်တန်း စာချတန်းတို့ ဖြစ်၏။ သက္ကသီဟ အောင်မြင်ပြီး နောက် မန္တလေးမြို့ မစိုးရိမ်တိုက် ဓမ္မနယူပဒေသကျောင်း၌ ကျောင်းထိုင်နာယက စာချအဖြစ် တာဝန်ထမ်းဆောင်ရင်း ဆေးတစ်အိုးကျမ်း ကွမ်းတစ်ယာညက် အားလပ်ချိန်လေးများ၌ ဘာသန္တရစာပေ (အင်္ဂလိပ်၊ ဟိန္ဒူ၊ နာဂရီစသည်)များကို လေ့လာခဲ့၏။

ထိုဘာသာများ၌ ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်နေပြီဟု မထင်လေနှင့်၊ ထမင်းစားရေသောက် သေစာရှင်စာလောက်သာ ဖတ်တတ်လိမ့်မည်ဟု ထင်သည်။

ကျွန်ုပ်သည် အင်္ဂလိပ် ဟိန္ဒူဘာသာဖြင့် ရေးသားထားသည့် 'ဤသူအားသတ်ပစ်လိုက်ပါ' ဟူသော မိမိ၏ သေစာကို ယောသကလို ခါးပိုက်ထဲထည့်ပြီး ယူသွားလောက်အောင် ထုံအလိမ့်မည်မဟုတ်ဟု ဆိုလိုသည်။

ယင်း ဘာသာများ ကျွမ်းကျွမ်းကျင်ကျင် မတတ်သော်လည်း အများကမူ ကျွန်ုပ်အား ဘာသန္တရ ကျွမ်းကျင်လှသူဟု ထင်ကြ၏၊ ယင်းသို့ ထင်ကြခြင်းမှာ စာသင်တိုက်ကြီးတစ်တိုက်မှ ပရိသတ်အများစုကို အုပ်ချုပ်နေသည့် ပုဂ္ဂိုလ်ဖြစ်ခြင်း၊ အချို့သော အင်္ဂလိပ်စာတတ် စာရေးဆရာကြီးများက ဥဏှသစ်လောင်း သင်တန်းများ၌ မိမိ (ဦးရာဇ) အင်္ဂလိပ်စာ တော်ကြောင်းတတ်ကြောင်း ထည့်သွင်းပြောဆိုတတ်ကြခြင်းကြောင့်း ဖြစ်ဟန်တူသည်။

သာသနာရေး ဆောင်ရွက်ချက်များ

၁၃၂၂-ခုနှစ်မှ စ၍ ယနေ့ ၁၃၄၀-ပြည့်နှစ်အထိ မစိုးရိမ်တိုက်ကြီးနှင့် မစိုးရိမ်တိုက်သစ်တို့၌ နေထိုင်ပြီး စာသင်သားများ အကျိုးများမည့် စာပေများကို ပို့ချခဲ့၏။ စာချသက် (၁၉)နှစ်အတွင်း ငယ်လတ်ကြီးစာချတန်းတို့၌ အဓိကဘာသာအဖြစ် ပြဌာန်းထားသည့် ကျမ်းစာအားလုံးကို ထိုက်သင့်သလို ပို့ချခဲ့ဖူး၏။

ယခု ၁၃၆၅-ခုနှစ်၌မူ စာချသက်ပင် နှစ်ပေါင်း ၄၀ ကျော်နေပေပြီ။ ပျံလွန်တော်မူပြီးသော အဘိဓဇ မဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီး၏အမိန့်အရ ၁၃၂၉-ခုနှစ်မှ စ၍ မစိုးရိမ်တိုက်သစ်တွင် အမြဲနေထိုင်ပြီးလျှင် စာပေပို့ချရင်း ဆရာတော်ကြီးစေခိုင်းသည့် သာသနာရေးကိစ္စများကို ဆောင်ရွက်ပေးခဲ့၏၊ အနယ်နယ် အရပ်ရပ်မှ ဆရာတော်ကြီးထံ မေးလာသောပုစ္ဆာများကို ဆရာတော်ကြီးကိုယ်စား ဖြေဆိုပေးခဲ့ရ၏။

တစ်နိုင်ငံလုံး နိကာယ်သာသနာထွန်းကားရေးစသည့် သာသနာရေးကိစ္စများကို ဆရာတော်ကြီးနှင့် တွဲဖက်၍ ဆောင်ရွက်ခဲ့၏။ မိမိတစ်ဦးတည်း ဦးဆောင်မှုပြုပြီးဆော်ရွက်ခဲ့သည့် သာသနာရေးကိစ္စဟူ၍ လုံးဝမရှိ။

အုပ်ချုပ်မှု

၁၃၂၄-ခုနှစ်တွင် မန္တလေးမြို့ မစိုးရိမ်တိုက်ကြီး ဓမ္မနယူပဒေသကျောင်း၌ နေထိုင်၍ (၅)နှစ်တိတိ စာသင်သားများကို အုပ်ချုပ်ခဲ့၏။

၁၃၂၉-ခုနှစ်မှ စ၍ မစိုးရိမ်တိုက်သစ် ဓမ္မဒါယာဒကျောင်း၌ နေထိုင်ပြီး စာသင်သားများကို

http://www.dhammadownload.com

အုပ်ချုပ်ခဲ့သည်။

မစိုးရိမ်နှစ်တိုက်၏ စည်းမျဉ်းဥပဒေသည် စာသင်သားများကို နာယကအဖွဲ့က စုပေါင်းအုပ်ချုပ်ခြင်းပင် ဖြစ်သည်။ သို့ရာတွင် သက်ဆိုင်ရာ တစ်ကျောင်းစီရှိ စာသင်သားများကိုကား ထိုကျောင်းရှိ နာယကဘုန်းကြီးက သာ လုံးဝတာဝန်ယူ၍ အုပ်ချုပ်ရလေသည်၊ တပ်ခွဲတစ်ခွဲရှိ စစ်သားများကို ထိုတပ်ခွဲရှိ စစ်ဗိုလ်က တာဝန်ယူအုပ်ချုပ်ရသကဲ့သို့ပင် ဖြစ်သည်။

ဓမ္မကျောင်း၌ နေစဉ်က အုပ်ချုပ်ရသည့် စာသင်သားသံဃာ မများလှပါ၊ မိမိနှင့် ဆွမ်းတစ်ဝိုင်းတည်းစား လေးငါးပါးမျှသာ အုပ်ချုပ်ရ၏၊ အုပ်ချုပ်သည်ဆိုသော်လည်း ပြောစရာဆိုစရာ လုံးဝမရှိ။ လေးငါးခြောက်နှစ် အတူနေ သူငယ်ချင်းတပည့်များ ဖြစ်ကြသဖြင့် ဆရာတပည့်သဘောမျိုးလည်း မဆက်ဆံ။ သူငယ်ချင်း မင်းဖြစ် သဘောမျိုးသာ နေထိုင်ကြ၏။

မစိုးရိမ်တိုက်သစ်သို့ ပြောင်းရွှေ့နေထိုင်သည့်အခါကား အုပ်ချုပ်ရသည့် စာသင်သားသံဃာ တနှစ်ထက် တစ်နှစ် ပိုမိုများပြားလာသည်၊ ၁၃၅၂-ခုနှစ်မှ စ၍ သံဃာတထောင်ကျော်အထိ တိုးတက်များပြားလာသည်။

အခြား သာသနာရေးဆောင်ရွက်ချက်များ

မိမိတစ်ဦးတည်း ဦးစီးဦးဆောင်ပြု၍ မှတ်တမ်းတင်ရလောက်အောင် သာသနာရေး ဆောင်ရွက်ချက်ဟူ၍ မရှိသော်လည်း စုပေါင်းဦးဆောင်မှုဖြင့် ဆောင်ရွက်ခဲ့သည့် သာသနာရေးကိစ္စများကား ရှိခဲ့ဖူးလေသည်။

မိမိသည် ၁၃၂၄-ခုနှစ်မှ စ၍ ပထမပြန်စာမေးပွဲများတွင် ကြီးကြပ်ရေးအဖွဲ့ဝင်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့၏၊ စာဖြေသူတို့ အကောင်းဘက် ယိုင်လာအောင် တတ်နိုင်သမျှ ဆောင်ရွက်ခဲ့၏၊ ထိုကိစ္စ၌ ရာနှုန်းပြည့် အောင်မြင်မှု မရသော်လည်း ယခုအချိန်၌ စာဖြေသူတို့၏ အမူအရာသည် ရဟန္တာများနှယ် အကြည်ညို ခံနိုင်လောက်အောင် တည်ငြိမ်လာပြီဟု မဆိုနိုင်သေးစေကာမူ ပုထုဇဉ်ကောင်းများအဖြစ် ပိုင်းကောင်းကျောက်ဖိ အခြေအနေသို့ ရောက်အောင်ကား တဖြည်းဖြည်း ပြောင်းလဲလာနေပြီဟု ဆိုနိုင်၏။

၁၃၃၄-ခုနှစ် မတိုင်မီ နှစ်များက မစိုးရိမ်တိုက်ကြီး၌ ကျောင်းထိုင်နာယက တင်မြှောက်သည့်အခါ တစ်ထပ်ကျောင်း နှစ်ထပ်ကျောင်းအတွက် ပြဿနာတက်တတ်၏၊ ကျောင်းထိုင်နာယကလောင်းများသည် တစ်ထပ်ကျောင်း လစ်လပ်လျှင် ငယ်သေး၍ ကျောင်းမထိုင်ချင်သေးသယောင်ယောင် ခပ်ရှောင်ရှောင် ပြောဆို ငြင်းဆန်တတ်ကြ၏၊ နှစ်ထပ်ကျောင်းလစ်လပ်လျှင်ကား ရှောရှောရှူရှူပင် ကျောင်းထိုင်ကြလေသည်၊ အသက်ငယ်သေးသည်ဟု ငြင်းသူမရှိ၊ ထို့အတွက် ပြဿနာမတက်ရလေအောင် ကျောင်းထိုင်နာယက တင်မြှောက်သည့် စည်းမျဉ်းဥပဒေကို ဖြည့်စွက် ပြင်ဆင်သင့်ကြောင်း အကြံပေခဲ့၏၊ ထိုအကြံပေးချက်အရ ဖြည့်စွက်ပြင်ဆင်ထားသဖြင့် ယခုအချိန်၌မူ တစ်ထပ်ကျောင်း နှစ်ထပ်ကျောင်းအတွက် ပြဿနာမတတ်တော့ပေ၊ တစ်ထပ်ကျောင်းလစ်လပ်လျှင် ရှောရှောရှူရှူပင် ကျောင်းထိုင်လာကြသည်။

ဖြည့်စွက်သည့်ဥပဒေတား

'နှစ်ထပ်ကျောင်းလစ်လပ်လျှင် တစ်ထပ်ကျောင်းလေး၌ ရှေးဦးစွာ နေထိုင်ခဲ့သည့် နာယကကို ပြောင်းရွှေ့နေထိုင်စေရမည်' ဟူ၍ ဖြစ်၏။

ယင်းဖြည့်စွက်ဥပဒေအရ တစ်ထပ်ကျောင်း မနေရသေးသည့် နာယကလောင်းသည် မည်သည့်နည်းနှင့်မျှ နှစ်ထပ်ကျောင်း ကျော်တက်ရလိမ့်မည်မဟုတ်၊ နှစ်ထပ်ကျောင်း မရသေးသဖြင့် ကျောင်းမထိုင်ဘဲ စောင့်နေသည့် နာယကလောင်းဟူ၍လည်း မရှိနိုင်တော့။ တိုက်သစ် ကျောင်းထိုင်နာယက တင်မြှောက်သည့် စည်းမျဉ်းဥပဒေ၌လည်း ယင်းအချက်အလက် ပါရှိ၏။

ပါဠိစကားပြောအသင်း

သံဂါယနာခေတ်က သီဟိုဠ်၊ ယိုဒယား၊ ကမ္ဘောဒီယားစသော ထေရဝါဒဗုဒ္ဓဘာသာ နိုင်ငံများမှ ရဟန်းတော်များသည် မြန်မာနိုင်ငံသို့ ရောက်လာကြသည့်အခါ ပါဠိဘာသာဖြင့် ရည်ရည်မွန်မွန် စကားပြော နိုင်ကြ၏။

http://www.dhammadownload.com

မြန်မာပြည်သား ရဟန်းတော်များကား ပါဠိဘာသာဖြင့် ရည်ရည်မွန်မွန် မပြောဆိုတတ်သဖြင့် နိုင်ငံခြားသား ရဟန်းတော်များနှင့် စကားပြော ဆက်သွယ်ရသည့်အခါ အခက်အခဲတွေ့ကြရသည်။

နိုင်ငံခြားသားရဟန်းတော်များသည် အင်္ဂလိပ် ပြင်သစ်စသော ဘာသာစကားများကိုလည်း ပြောဆို တတ်ကြ၏၊ မြန်မာပြည်သား ရဟန်တော်များအဖို့ အင်္ဂလိပ် ပြင်သစ်စကား မပြောဆိုတတ်သည်မှာ ရှက်စရာ မဟုတ်၊ နေ့စဉ်လေ့လာနေကြသည့် ပါဠိဘာသာစကားကိုမျှ ရည်ရည်မွန်မွန် မပြောနိုင် မရေးနိုင်ကြသည်မှာ ရှက်စရာ ဖြစ်နေပေသည်။

ထို့ကြောင့် ထိုခေတ်က မိမိကိုယ်တိုင် ဦးဆောင်သူတစ်ဦးအဖြစ် ပါဝင်၍ မစိုးရိမ်ပါဠိဝေဒဂူသမိတိ ဟူသော အမည်ဖြင့် ပါဠိစကားပြောရေးအသင်း တည်ထောင်ကာ လေ့ကျင့်ခဲ့ကြ၏၊ သတင်းစာမှ ကြေညာ၍ ပါဠိစကားရည်လုပွဲ ပါဠိကျပန်း စကားပြောပွဲများ ဦးစီးပြုလုပ်ခဲ့ဖူး၏။

ထိုစဉ်က ပါဠိအသင်းသားများသည် ပါဠိလို အတန်အသင့် ပြောဆိုရေးသားတတ်ကြ၏၊ ပါဠိ အသင်းသား အချင်းချင်း လမ်းတွေ့၍ မြန်မာလိုပြောဆိုလျှင် ပိုက်ဆံတမတ်ဒဏ်တပ်၏။ ယင်းအသင်း ကြာရှည်မခံပါ၊ သုံးလေးနှစ်ကြာလျှင် ကျွန်ုပ်နှင့် ပါဠိဝေဒဂူသမိတိ ဟူသော တံဆိပ်တုံးသာ ကျန်ရစ်ခဲ့သည်၊ မိမိအဖို့ကား အကျိုးမယုတ်ပါ၊ နောက်ပိုင်း သီဟိုဠ်မှ ရဟန်းတော်များလာသည့်အခါ ပါဠိလို အတန်အသင့် ပြောနိုင်၏၊ ယခုအချိန်၌ကား ပြောကျင့် မရှိသဖြင့် နှုတ်ဆွံ့သွားပါပြီ။

ထပ်မံရရှိခဲ့သော ဘွဲ့တံဆိပ်တော်များ

နိုင်ငံတော်အစိုးရက ၁၃၆၀-ပြည့်နှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်၊ ၁၃၆၅-ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်ခဲ့ပါသည်။

ရွှန်းရ ကန်ရ ကျွန်ုပ်ဘဝ

ကျွန်ုပ်သည် တစ်နှစ်လျှင် အနည်းဆုံး (၁)သိန်းကျော်ဖိုးလောက်မှ စ၍ (၁၀)သိန်းကျော်ဖိုးခန့် အထိ နှစ်စဉ် မဲချလှူဒါန်းခဲ့၏၊ နှစ်ပေါင်း(၂၀)ကျော် ရှိလောက်ပါပြီ၊ ထိုအခြေအနေကို ကြည့်၍ ကျွန်ုပ်ကို ဘယ်သို့ အကဲဖြတ်ကြမည်မသိ။

ငယ်စဉ်က စာသင်သားဘဝကမူ ကျွန်ုပ် ဆင်းရဲခဲ့ပါသည်၊ သက်နံးတစ်ထည်စိုး၍ တစ်ထည်လဲစရာ မရှိသော ဘဝမျိုးဖြစ်၏၊ မန္တလေးမြို့တွင် ခြင်ထောင်မရှိလျှင် အိပ်မရကြောင်း မန်းရောက်ဖူးသူတိုင်း သိကြ၏၊ မိမိအဖို့မူ ခြင်ထောင်မဝယ်နိုင်သဖြင့် ခြင်ထောင်ထောင်ပြီး မအိပ်ခဲ့ရပါ၊ အိပ်ခါနီးလျှင် ရေချိုးပြီး ခေါင်းမြီးခြုံ အိပ်လိုက်၏။

မိမိစာသင်သားဘဝက ရန်ကုန်-မန္တလေးရထားခ အသွားအပြန်(၃၅)ကျပ်သာ ပေးရ၏၊ မိမိကား ရထားခ (၃၅)ကျပ် မတတ်နိုင်သဖြင့် ရန်ကုန် စေတီယင်္ကစာမေးပွဲ မဖြေခဲ့ရပါ၊ အကြမ်းဗလာစာအုပ် တစ်အုပ်တစ်မတ်သာ ပေးရ၏၊ တစ်မတ်တန် စာအုပ်ကိုပင် ချိန်ချိန်ဆဆ ဝယ်၍ သုံးခဲ့ရပါသည်။

တစ်ရက် ပဲပြုတ် တစ်ပဲဖိုး မတတ်နိုင်သဖြင့် ပဲပြုတ်သည်ကို နှစ်ပြားဖိုး ရောင်းချပေးရန် တောင်းပန်ရ၏၊ ပဲပြုတ်နှစ်ပြားဖိုးဝယ် ဆီအနည်းငယ်ဆမ်း ဆားဖြူးကာ ဆွမ်းစားခဲ့ရသည့် ရက်ပေါင်းလည်း ထောင်ချီ၍ ရှိပါလိမ့်မည်။


မစိုးရိမ်တိုက်ကြီး၌ ကျင်းပသည့် စာသင်တန်း စာချတန်းစာမေးပွဲကို ၁၃၁၇-ခုနှစ် တပေါင်းလမှ စ၍ ဖြေဆိုခဲ့ရာ အပတ်စဉ်အောင်မြင်သဖြင့် တစ်လ(၁၀)ကျပ် အထောက်အပံ့ရ၏၊ ထိုအခါကျမှ ပဲပြုတ် တစ်ရက်(၁)ပဲဖိုး ဝယ်စားနိုင်တော့သည်။

An Unfinished Biography

ကျွန်ုပ်သည် ယခု(၁၃၆၅-ခု) အသက်(၇၀)နှစ်ထဲ ရောက်နေပြီ။ နောက် မည်မျှကြာအောင် နေရဦးမည်မသိ။ (၇၀)ထဲ သေလျှင်လည်း သေသွားနိုင်သည်။ ကျွန်ုပ် အသက်မသေမချင်း ဘဝဖြစ်စဉ်ကား ပြီးဆုံးသွားပြီဟု မဆိုနိုင်။ လူ့ဘဝကား ရှုတ်ထွေးလှပါသည်။ မပြီးဆုံးသေးသော ဘဝဖြစ်စဉ်သာတည်း။

(၁၃၆၆-ခုနှစ်ထုတ် မစိုးရိမ်တိုက်သစ် ရွှေရတုအထိမ်းအမှတ်-စာအုပ်ငယ်မှ
ဆရာတော်ကိုယ်တိုင် ရေးသားသော ထေရုပ္ပတ္တိအကျဉ်းဖြစ်ပါသည်။)

http://www.dhammadownload.com



မစိုးရိမ်တို့ကိသဂေါတမိမဟာနာယကာသ
ဘဒ္ဒန္တရာဇဓမ္မာဘိဝံသမဟာထေရဝရသ
သဒ္ဓေယျပူဇာတို့တွေမကတော

သဝိဇာယနပဗ္ဗဇ္ဇူပသမ္ပဒသမ္ပတ္တော

ဘဒ္ဒန္တရာဇဓမ္မာဘိဝံသမဟာထေရကိုရော မုံရွာတိပါကဋ္ဌေ နဂရေ အင်တိုင်းတိပါကဋ္ဌေ ဂါမေ ဦးဘဝင်း+ဒေါ်နှင်းဦးကွတိနာမကေဟိ မာတာပိတူဟိ ၁၂၉၅-မရမ္ဗဝဿေ အာသဠှိမာသ ကာဠပက္ခ တေရသမေ ဗုဓဝါရေ (၁၉၃၃-ခရစ်ဝဿေ ဇူလိုင်မာသဧကူနဝီသတိမေ) သုဇာတော။ သတ္တသု ဘာတုဘဂိနီသု တတိယော အတိဇာတပုတ္တော၊ မောင်စိန်မောင်တိဿ နာမမကံသု။

http://www.dhammadownload.com

၁၃၀၃-မရမ္မဝဿေ ပန စိတ္တမာသေ ပဗ္ဗဇ်ံ စ, ၁၃၁၅-မရမ္မဝဿေ အာသဠှိမာသေ ဥပသမ္ပဒံ စ သမ္မတ္တော။ ဥပသမ္ပဒါယကာ ပန မုံရွာတိပါကဒ္ဌေ နဂရေ သန်းစတိုးသာမိကာ ဦးစော+ဒေါ်မြိုင်တိနာမကာ။

သီပွပရိယာပုဏနံ

ပဥ္စဝဿကာလတော ပဋ္ဌာယ ဇာတဂါမေယေဝ ဒက္ခိဏဝိဟာရေ ဘဒ္ဒန္တရဝိန္ဒမဟာထေရဿ စ ဘဒ္ဒကောဝိဒမဟာထေရဿ စ သန္တိကေ အက္ခရလေခါဒိပါဒကဂန္ထေ စ မင်္ဂလသုတ္တာဒိဂိဟိဝိနယပါဒကဂန္ထေ စ သဒ္ဒသင်္ဂဟဝိနယာဒိပိဋကပါဒကဂန္ထေ စ ပရိယာပုဏိ၊ ဂဏနသင်္ချာဘာသမို့ တေသံယေဝ သန္တိကေ ပရိယာပုဏိ၊ န ပန လောကိယသိပ္ပါလယေသု လောကိယသိပ္ပါနိ။

တတော ပရံ ပန သောဠသဝဿကာလေ မုံရွာတိပါကဒ္ဌေ နဂရေ လောသာကျွတိ ဝိဟာရေ စ ဇောတိကကျွတိဝိဟာရေ စ ပုန ပိဋကပါဒကဂန္ထေ ပရိယာပုဏိ။ ဧကူနဝီသတိဝဿကာလတော ပဋ္ဌာယ ပန ယာဝ ဆဋ္ဌိသတိဝဿကာလာ မန္တလေးတိပါကဒ္ဌေ နဂရေ တောင်သမန်ကျွတိမဟာဝိဟာရေ စ မစိုးရိမ်-ကျွတိမဟာဝိရေ စ အနေကပိဋကဂန္ထေ ပရိယာပုဏိ။

ဝိဇ္ဇာဓိတဇယပက်ဇာနိ

ပထမုဿဝဠ္ဆ ရဋ္ဌိဿရဂဏဝါစကဋ္ဌာနဓမ္မုဿဝဠ္ဆ သကျသီဟဝိသုံသိက္ခိတဋ္ဌာနဓမ္မုဿဝဠ္ဆ သကျသီဟဝိသုံဂဏဝါစကဋ္ဌာနဓမ္မုဿဝဠ္ဆ ဇယပက်ဇံ ဝိဇ္ဇာဓိ။

တတော ပရံ ပန မန္တလေးတိပါကဒ္ဌေ နဂရေ မစိုးရိမ်တိဝိသုတေ အာရာမေ ဓမ္မနယူပဒေသဝိဟာရေ ဂဏဝါစကနာယကဘာဝေန သာသနဘာရံ အာဝဟိ။ တတ္ထ စ ဂန္ထဝါစကဝေလာတော အညာသု အပ္ပကာသု အင်္ဂလိပ်ဟိန္ဒူနာဂရီတိ ဘာသန္တရံ ဥဂ္ဂဏှိ၊ တာသု ဘာသာသု အတိကုသလောတိ န မညထ၊ အပ္ပကမေဝ သက္ကာ ပဋိတုန္တိ မညာမဟံ။ န ယောသကော ဝိယာတိ ဝုတ္တံ ဟောတိ။

ကာမဉ္စာဟံ တာသု နာတိကုသလော၊ အညေ ပန မံ အတိကုသလောတိ မညန္တိ။ တထာ ဟိ မဟာဝိဟာရဿ မဟာနာယကောမှိ။ ကေစိ အင်္ဂလိသဆေကတရာ အာစရိယာ စ မံ "ဘဒ္ဒန္တရာဇဓမ္မော အင်္ဂလိသဘာသာယံ ဆေကော"တိ ပသံသန္တိ။

သာသနဘာရာဝဟဏာနိ

၁၃၂၂-မရမ္မဝဿတော ပဋ္ဌာယ စတ္တာလိသာမိကဝဿာနိ သဗ္ဗသောတူနံ ပထမုဿဝ-ဂဏဝါစကဋ္ဌာနေသု သိက္ခိတပွေ ဂန္ဆာဂန္ထေ ဥဂ္ဂဏှာပေသိ။ ၁၃၂၉-မရမ္မဝဿေ ဒိဝံဂတဿ မစိုးရိမ်ပဋမ-အဘိဓဇမဟာထေရဝရဿ အာဏာယ မစိုးရိမ်တိုက်သစ်တိဝိသုတံ မဟာရာမံ သင်္ကိမိတ္ဝာ ဓမ္မဒါယာဒဝိဟာရေ နိစ္စံ ဝိဟာသိ။ တတ္ထ ပန ပဋမအဘိဓဇမဟာထေရဝရေန ပေသိတာနိ သာသနပဋိဗဒ္ဓ-ကိစ္စာနိ အာဝဟိ၊ နာနာဒိသာဟိ တဿ သန္တိကံ ပုစ္ဆိတပဉ္ဟာနိပိ ပဋိနိဓိ ကတ္ဝာ ဗျာကာသိ၊ သကလမရမ္မရဋ္ဌေသု နိကာယ သာသနဇောတကာဒီနိ သာသနပဋိဗဒ္ဓကိစ္စာနိ တေန သဒ္ဓိံ အာဝဟိ၊ သယံ ပန ခုရဂ္ဂါဟံ ကတ္ဝာ အာဝဟိတသာသနပဋိဗဒ္ဓကိစ္စံ နာမ နတ္ထိ။

ဝိဟာရအဏ္ဏာဝဿနံ

၁၃၂၄-မရမ္မဝဿေ မန္တလေးတိပါကဒ္ဌေ နဂရေ မစိုးရိမ်တိဝိသုတေ မဟာရာမေ ဓမ္မနယူ-ပဒေသဝိဟာရေ ပဏ္ဏ ဝဿာနိ ဇေဋ္ဌကော ပါမောက္ခော အဟောသိ။ ၁၃၂၉-မရမ္မဝဿတော ပဘုတိ မစိုးရိမ်တိုက်သစ်တိဝိသုတေ မဟာရာမေ ဓမ္မဒါယာဒဝိဟာရေ ဇေဋ္ဌကော ပါမောက္ခော အဟောသိ။ ကိဉ္စာပိ ဒ္ဝိန္နံ မစိုးရိမ်တိဝိသုတာနံ မဟာဝိဟာရာနံ ဥပဒေသော နာယကသမိတိ သဗ္ဗသောတူနံ ကေတော အနုသာသနံ၊ ဇကေကဝိဟာရေ ပန သောတူနံ အနုသာသနံ တတ္ထ တတ္ထ ဝသန္တသ နာယကသ ဘာရောယေဝ သေနာယံ ခုဒ္ဒကသေနာပတိ ဝိယ။

http://www.dhammadownload.com

ဓမ္မနယူပဒေသဝိဟာရေ ဝသနကာလေ ဒမိတဗွသာဝကာ နာတိမဟန္တာ၊ အတ္ထနာ သဒ္ဓိ ဧကာသနေ ဘတ္တံ ဘုဉ္ဇန္တာ စတုပဉ္စဘိက္ခူယော၊ ယံကိဉ္စိ ဒမိတဗွဘာသိတဗ္ဗကိစ္စံ နတ္ထိ၊ တေဟိ အာစရိယသိဿဘာဝေန ဝသိမှ၊ မိတ္တသဟာယကဘာဝေနေဝ ဝသိမှ "သဟာယကရာဇာ"တိ ဝုစ္စတိ ဝိယ။ မစိုးရိမ်-တိုက်သစ်တိဝိသုတ် မဟာရာမံ ပန သင်္ကိမတ္တာ ဝိဟရဏကာလေ တေ သာဝကာ သံဝစ္ဆရတော သံဝစ္ဆရံ အတိမဟန္တာ၊ ၁၃၅၂-မရမ္မဝဿတော ပဋ္ဌာယ သဟဿာဓိကာ ဟောန္တိ။

အညသာသနဘာရာဝဟဏာနိ

ကိဉ္စာပိ သယမေဝ ဇေဋ္ဌကံ ကတ္တာ ဝိသေသေန အာဝဟိတံ သညာပိတံ သာသနဘာရာဝဟနကိစ္စံ နတ္ထိ၊ သင်္ဃတ္တာ ပန ဇေဋ္ဌကဘာဝေန အာဝဟိတာနိ သန္တိယေဝ။ ၁၃၂၄-မရမ္ဘဝဿတော ပဋ္ဌာယ ပထမုဿဝေသု ရက္ခကဇေဋ္ဌကာစရိယသမိတိယာ အညတရဇေဋ္ဌကော၊ တာနိ ကိစ္စာနိ ယထာဗလံ ယထာသတ္တိ အာဝဟိတာနိ။

ဥပနေတဗ္ဗဥပဒေသော

၁၃၃၄-မရမ္ဘဝဿေ အသမ္ဗတ္တေ မစိုးရိမ်တိဝိသုတေ မဟာဝိဟာရေ နာယကာရောပနေ ဧကဂုဏ-ဒိဂုဏဝိဟာရဝိဝါဒကိစ္စံ အတ္ထိ၊ အဘိနဝနာယကာ ဧကဂုဏဝိဟာရေ အနာယကေ တတ္ထ ဝသိတုံ နှ ဣစ္ဆန္တိ၊ တံ ပဟာယန္တိ။ ဒိဂုဏဝိဟာရေ ပန အနာယကေ တတ္ထ ဝသိတုံ ဣစ္ဆန္တိ၊ နှ တံ ပဟာယန္တိ။ တေန သမယေန "နာယကာရောပနဥပဒေသော ဥပနေတဗ္ဗော"တိ နာယကသမိတိ သမ္မာဝိတက္ကံ အဒါသိ၊ နာယကသမိတိ တံ ပဋိဂ္ဂဏှာသိ၊ ဣဒါနိ ပန တံ ဝိဝါဒကိစ္စံ နတ္ထိ။

တတြာယံ ဥပနေတဗ္ဗဥပဒေသော "ဒိဂုဏဝိဟာရေ အနာယကေ ပဋမံ ဧကဂုဏဝိဟာရေ နိဝါသိတပုဗ္ဗော နာယကော ဌပေတဗ္ဗော"တိ။ မစိုးရိမ်တိုက်သစ်နာယကာရောပနဥပဒေသေပိ ဧသေဝ နယော။ တေန ဥပဒေသေန ဧကဂုဏဝိဟာရေ အနိဝါသိတပုဗ္ဗော အဘိနဝနာယကော ဒိဂုဏဝိဟာရံ ဥလ္လင်္ဃိယ နှ ဝစ္ဆသိ၊ ဒိဂုဏဝိဟာရံ အလဘိတ္တာ ဝိဟာရဇေဋ္ဌကနာယကတ္တံ အပတ္တာ အာဂမေန္တော အဘိနဝနာယကောပိ နတ္ထိ။

ပါဋိသမိတိဗန္ဓနံ

သင်္ဃတိကာလေ သီဟဠဒျာမကမ္ဘောဇဒိထေရဝါဒိကရဋ္ဌေဟိ အာဂတာ ဘိက္ခူ ပါဋိဘာသာယ သုန္ဒရံ ဘာသိတုံ သက္ကောန္တိ၊ မရမ္ဖိကဘိက္ခူ ပန တေဟိ သဒ္ဓိ ဘာသိတုံ အသက္ကောန္တာ ကထာသလ္လာပေ ဒုက္ကရာ ဟောန္တိ။ ဝိဒေသိကဘိက္ခူ စ အင်္ဂလိပ်ပြင်သစ်ဣတိအာဒိကံ ဘာသန္တရမ္ပိ သုကရံ ဘာသိတုံ သက္ကောန္တိ။

ကာမဉ္စ မရမ္ဖိကဘိက္ခူနံ အင်္ဂလိပ်ပြင်သစ်ဣတိအာဒိကံ ဘာသန္တရံ ကထေတုံ အသမတ္ထဘာဝေါ နတ္ထိတဗ္ဗော၊ ဒေဝသိကံ ပန ပရိယာပုဏိတံ ပါဋိဘာသံ ကထေတုံ အသမတ္ထဘာဝေါ လဇ္ဇိတဗ္ဗောယေဝ။ တတောယေဝ စ တသ္မိ ကာလေ မစိုးရိမ်ပါဋိဝေဒဂူသမိတိတိနာမေန ပါဋိသလ္လာပလေခနသမိတိ ဗန္ဓိတ္တာ ပရိစယံ ကရိသု၊ သာသနဋ္ဌာနေသုပိ ဝိညာပေတ္တာ ပါဋိသလ္လာပုဿဝံ အကံသု။ တတ္ထ သယံ ဇေဋ္ဌကေသု ဧကောယေဝ။ တေန သမယေန ပါဋိသမိတိကာ ပါဋိဘာသာယ လိခိတုံ ဝါ ဘာသိတုံ ဝါ သမတ္ထာ၊ သစေ အညမညံ မဂ္ဂေ ဒိသွာ မရမ္ဖဘာသာယ ကထေန္တိ၊ တေ ပါဒမတ္တံ ဒဏ္ဍကဟာပဏံ ဒဒန္တိ။

တိဏ္ဏံ စတုန္နံ ဝဿာနံ အစ္စယေန အတ္တနာ "ပါဋိဝေဒဂူသမိတီ"တိလဉ္ဆနမေဝ အဝသိဿတိ၊ အတ္တနော ပန အနတ္ထကော နှ ဟောတိ၊ အနာဂတေ သီဟဠရဋ္ဌတော အာဂတေဟိ ဘိက္ခူဟိ သဒ္ဓိ ပါဋိဘာသံ အာလပိတုံ သမတ္ထော၊ ဣဒါနိ ပန ပရိစယော နတ္ထိ။

http://www.dhammadownload.com

ပုနလဒ္ဓဂဏဝိသိဋ္ဌလဉ္ဆနာနိ

၁၃၆၀-မရမ္မဝဿေ အဂ္ဂမဟာပဏ္ဍိတလဉ္ဆနဉ္စ, ၁၃၆၅-မရမ္မဝဿေ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ လဉ္ဆနဉ္စ မရမ္မရဋ္ဌိသရေဟိ ပူဇိတံ။

သဒုကဥ္ပတ္ထိတ္ထမော

ကေသံဝဏ္ဏရေ ဟေဋ္ဌိမပရိစ္ဆေဒေန လက္ခဏကတော ပဌာယ ယာဝ ဒသလက္ခဏိကဏ္ဍကာ အနုသံဝဏ္ဏရံ စိဝရာဒိနိ သလာက် ကတွာ အဒဒိ၊ တံ ဝိသဝဿာဓိက်၊ တံ အာကာရံ ပဿိတွာ ကိ မညိဿန္တိတိ နံ ဇာနာမိ။

ခုဒ္ဒကကာလေ သောတုဇနဝယေ ဒုက္ခမံ ခမန္တော အဝသိ၊ တထာ ဟိ ဥဒကတိန္တံ ကေစိဝရံ ပရိဝတ္တေတွာ နိဝါသိတုံ ဝါ ပါရုပိတုံ ဝါ အညစိဝရမတ္ထမွိ နတ္ထိ။ မန္တလေးနဂရေ ပန ဝိနာ မကသဗန္ဓနာဂါရံ နံ သက္ကာ သယိတုန္တိ ယေ ကေစိ တံ အာဂတပုဗ္ဗာ ဇာနန္တိ။ မကသဗန္ဓနာဂါရံ ကိဏိတုံ အသက္ကောန္တော တေန နံ နိဒ္ဒါယိ၊ သယနာသန္နကာလေ ပန နှာယိတွာ စ သသီသံ ပါရုပိတွာ စ နိဒ္ဒါယိ။ သောတုဇနကာလေ ပန ဝေရိကွယ-ရတနပုဉ္ဇရထယာနံ ဂတပစ္စာဂတဝသေန ပဉ္စတ္တိသကဟာပဏာဂုနကမေဝ၊ တမွိ ကဟာပဏံ မေ နတ္ထိ၊ တသွာ ဝေရိကွယနဂရေ ကတံ စေတိယင်္ဂဏမ္မုဿဝံ နံ သက္ကာ ဗျာဟရိတုံ။ တသွိံ ကာလေ ကေလိခိတပေါတ္ထကံ ပါဒဋ္ဌနကံ၊ တမွိ တုလယန္တော ကိဏိတွာ ဝလဉ္ဇိတံ။

ကောဟေ ကေမာသဋ္ဌနကံ ကတုဏှမာသံ (ပဲပြုတ်တိသခိါတံ အာဟာရံ) နံ သက္ကာ ကိဏိတုံ၊ တသွာ "အမှမာသဋ္ဌနကံ ဝိက္ကိဏာဟိ"တိ အာပဏိကံ အာယာစိ၊ တံ အမှမာသဋ္ဌနကံ ကိဏိတွာ အပွကံ တေလလောဏံ ပက္ခိပိတွာ ပရိဘုဉ္ဇနဒိနာနိ သဟဿမတ္တာနိတိ မညာမဟံ။ မစိုးရိမ်တိဝိဿုတေ မဟာဝိဟာရေ ကတံ သိက္ခိတဋ္ဌာနဂဏဝါစကဋ္ဌာနမ္မုဿဝံ ၁၃၁၇-မရမ္မဝဿေ ဖဂ္ဂုနမာသတော ပဘုတိ ဝိဿဇ္ဇေသိ၊ တံ အနုက္ကမေန ဇိနိတွာ ကေမာသေ ဒသကဟာပဏံ ဥပတ္ထမ္ဘကဘာဝေန အလဘိ၊ တတော ပဌာယ ကောဟေ ကေမာသဋ္ဌနကံ ကိဏိတွာ သက္ကာ ပရိဘုဉ္ဇိတုန္တိ။

အနိဋ္ဌိတဥ္ပတ္ထိတ္ထမော

ဣဒါနိ ပန (၁၃၆၅) မေ ဇိဝိတံ သတ္ထတိဝဿံ ပတ္တံ၊ အပ္ပေဝ နာမ အန္တော သတ္ထတိဝဿေပိ မရဏံ အာပဇ္ဇေယျံ၊ အနာဂတေ ကိတ္တကံ ဝဋ္ဌာမီတိ နံ ဇာနာမိ။ နံ တာဝ မေ ဥပတ္ထိဏ္ဍမော နိဋ္ဌိတော၊ ယာဝ နာဟံ ဇိဝိတက္ခယံ ပါပုဏိဿာမိ။ မနုဿတ္တံ ပန ဂဟံ၊ အနိဋ္ဌိတဥ္ပတ္ထိဏ္ဍမောယေဝါတိ။

မဟာထေရဝံရေန သယံလိခိတဥ္ပတ္ထိတ္ထမော တဿ သိဿဘူတေန
တိက္ခိန္ဒြိယနာမကေန ဘိက္ခုနာ ပါဠိဘာသာယ ပူဇိတော။

http://www.dhammadownload.com

A BRIEF AUTOBIOGRAPHY OF SAYADAW U RĀJADHAMMĀBHIVAṂSA (AGGAMAHĀPAṆḌITA AND AGGAMAHĀSADDHAMMAJOTIKADHAJA)

Birthplace and Entering the Order

Mg Sein Mg, the Venerable Rājadhammābhivaṃsa-to-be, was born on the 13th waning day of Wahso, 1295 ME (July 19, 1933), at Indaing village in Monywa Township, to the parents, U Ba Win and Daw Hnin Oo. I am the third of seven siblings. Of them, there remain only three persons now.

I was introduced into novitiate in the month of Dagu, 1303 ME, and ordained as a monk in the month of Wahso, 1315 ME. My lay supporters of monkhood were U Saw and Daw Myaing who possessed the "Thann Store" in Monywa.

Education

At the age of five, I commenced learning basic monastic courses such as the three Rs (Elementary reading, writing and arithmetic), fundamentals of social etiquette beginning with Mangala Sutta, Pali grammar, the Buddhist Philosophy (Abhidhamma), the monastic discipline (Vinaya) at the feet of U Ravinda, the abbot of the southern monastery of Indaing, and U Kovida in my native village. I never went to state schools at all.

After that, at sixteen, I migrated to the monasteries of Laythar and Jotika in Monywa, to study time and again the elementary treatises on Pitakas. It was from 19 to 26 that I took shelter at the monasteries of Taungthaman and the Great Masoyein in Mandalay in order to pursue advanced Buddhist scriptures taught by renowned and well-versed monks.

Passing Examinations

I passed the state religious examinations of the Elementary Level (Pathamange), the Intermediate Level (Pathamalat), the High Level (Pathamagyi) and the Teacher-of-Dhamma Level (Dhammācariya) and the Sakkyasīha exams of the Special Learner and Special Teacher levels. After graduating with the degree of Sakkyasīha Dhammācariya (officially, Pariyattisāsanahita Dhammācariya), I became the chief monk (Nāyaka) of Dhammanayūpadesa Hostel of the Great Masoyein Monastery in Mandalay.

Serving as a chief, I studied foreign languages such as English, Hindi, Nagari in my particular short leisure time. Don't be quick, though, to suppose that I am completely expert in those languages. Mg knowledge is probably just enough to get by—only for basic communications and identifying words of life or death. What I mean is that I will not be so dumb and ignorant like Gosaka who carried the letter of death-command to get him killed that I would carry a letter in which it is written "Kill this person" in English or Hindi. Despite my lack of expertise in those languages, most are given to think I am highly proficient in those languages. Their perception may be ascribable to the fact of my being a personality from a great monastery administering an immense population of monks, and to some English-literate authors who tend to extol in their refreshment courses that I am excellent at English.

Religious Performances

Since 1322 ME until now 1340 ME, I have been delivering beneficial courses to student monks, residing at the monasteries of the Great Masoyein and New Masoyein. Throughout 19 years of my lectureship, I have ever fairly taught virtually all major subjects prescribed for the Elementary, Intermediate, High and Teacher grades. My teaching period including this year of 1374 has been nearly fifty years. In accordance with the order of the late great grand Masoyein Sayadaw (Abhidhajamahāraṭṭhaguru), as of 1329 ME, I dwelt permanently at the New Masoyein monastery, and, teaching scriptural literature, discharged

http://www.dhammadownload.com

religious affairs assigned by the Sayadaw. Questions from various regions and directions posed to the Sayadaw were answered on behalf of the Sayadaw. Other religious activities such as the nationwide proliferation of Nikāya Dispensation were as well carried out in tandem with the Sayadaw. There was no such particular affair as was performed on my own initiative.

Ruling the Learners

Up to 1324 ME, resident at Dhammanayūpadesa Hostel of the Great Masoyein monastery in Mandalay, I supervised student monks for exactly five years.

From 1329 ME onward, students have been being overseen at Dhammadāyada Hostel of New Masoyein.

The law of the two Masoyein monasteries reads that learning monks are to be collectively ruled by the Board of Chiefs. However, each chief is entirely responsible for the students of his hostel. It is just as a commander of an army division has to be accountable for the soldiers of his division. It was not a great number of student monks whom I was obliged to take care of while residing at Dhammanayūpadesa Hostel—just four or five monks who shared the same table with me at lunch. There was no bothering to speak about them in spite of the so-called duty of governing. Nor was there such an aloof relationship as between teachers and students because they were friends turned into pupils living along together for five or six years.

When I transferred to the New Masoyein, the number of students to be ruled was increasing in the coming year on year. As from 1352 ME, the population of learning monks rose to over a thousand.

Other Religious Activities

Even though it has been mentioned above that there was no remarkable activity pioneered and accomplished on my own, no small amount of religious affairs were performed with collective leadership. I acted as a member of supervisors of the state religious examinations. I endeavored at my best to get examinees inclined for the better. Although the purpose in that matter has not yet been achieved so successfully in full hundred percent as to claim that the manners of examinees have now become calm and peaceful enough to invoke piety like Arahats, it can be arguably said that they are making progress to change into decent sentient beings with decorum.

Modifying the Rules of Hostels

In the years before 1334 ME, there would be some problem as regards the vacant hostels being one-storied or two-storied when it came to appointing a resident chief at the Great Mosoyein. When a one-storied hostel was vacant, potential resident chiefs would, as if unwilling for their young age, refuse to take on the post of resident chief. They would nevertheless accept it easily forthwith if the vacated hostel was two-storied. No one would be, at that time, too young for the post. In order to avert the problem, I put forward a suggestion that the old law for the appointment of chiefs should be reviewed and modified. It has been since my suggestion got realized that the argument concerned with whether the vacated hostel was one-storied or two-storied never happened again. Prospective chiefs would willingly admit the post even if the hostel was one-storied.

The law appended requires that:

If a two-storied hostel turns vacant, the chief who has settled at a one-storied hostel in the first place must be entitled to transfer to the vacant hostel.

According to the additional law, a potential chief who has never presided over a one-storied hostel will by no means have opportunity to ascend a two-storied hostel. At the same time, there may no longer

http://www.dhammadownload.com

be any potential chief who awaits the availability of a two-storied hostel without residing at a lesser one instead. That sort of legislation is incorporated in the constitution of the New Masoyein.

Pali Spoken team

At the time of the Sixth Buddhist Council, senior monks from other Theravada Buddhist countries, such as Sri Lanka, Thailand, Cambodia, who came to Myanmar could speak Pali quite fluently. Myanmar monks however lacked the talent, which made it difficult for them to communicate with the foreign priests. The overseas brethren also had a good command of other global languages like English and French. It was no shame for Myanmar monks that they could not speak English or French, but what a shame it was being unable to speak and write proficiently in Pali, which is the language they learn every day. That was why the Pāḷi-speaking association "Masoyein Pāḷi Vedagū Samiti" was established at the time with myself as one of the founding leaders, and made it possible to practice Pali. Advertising in newspapers, I used to organize the Pāḷi Debate contests and the Pāḷi Spoken Extempore competitions. Then the members improved and became able to speak and write in Pāḷi to a certain degree. They would be fined a quarter if they communicated with one another in Myanmar even at roadside encounters. Unfortunately, the association did not last long; after three or four years, there remained only the rubber stamp 'Pāḷi Vedagū Samiti' and I. But it was not without benefits. Afterwards, I managed to speak in Pāḷi pretty well with Sri Lankan monks who arrived in Myanmar. At present, my tongue can barely make it due to the shortage of practice.

Honorary Titles

Upon me the Aggamahāpaṇḍita title in 1360 ME and the Aggamahāsaddhammajotikadhaja title in 1365 ME were conferred by the military government.

Struggle of My Life

I have made yearly donations of a range of worth beginning with a minimum of one hundred thousand up to nearly one million Kyats in the fashion of a lucky draw. It has been over twenty years. I have no idea how I am being judged in view of that circumstance. Life was really hard on me when I was young in student-hood. So miserable was then my condition that I could not change into another robe if one was wet. Everyone who has ever been to Mandalay knows that it is impossible to pass a night in Mandalay without a mosquito net. As for me, nights had to be gone through with no mosquito net, which I could not afford. Before going to bed, I would take a shower, and sleep wrapped from head to toe in my upper robe. In those days of my student life, a train ticket for a round trip just cost Ks 35. But because I could not cover the train ticket fare of just that much, I was bereft of the chance for sitting the Cetiyangana Exam in Yangon. The price of a draft exercise book was only a quarter of one kyat. I had to be very meticulous, though, to buy it.

The vendor of boiled bean was requested to sell some of her product for two pyas in lieu of the usual one-pe quantity for daily meals for I could not buy that amount. There might have been thousands of days when I would have meals no more than rice and that boiled bean with a little dash of oil and salt.

By Tabaung of 1317 ME, I started taking exams of the Special Learner and Teacher levels brought about by the Great Masoyein, in which I gained success at every chance earning a monthly stipend worth Ks 10. From that time on, I could afford the one-pe amount of boiled bean for daily meals.


An Unfinished Biography

In this year of 1365 ME, I am 70. I do not really know how long I will live afterwards. At the very age of 70, I may pass away. As long as I do not breathe my last, it cannot be said that the stream of my life has halted. Life is so complicated. It is actually an endless process of an event.

Translated by **Dr. Dhammasīlitābhivaṃsa**

http://www.dhammadownload.com

မန္တလေးတိုင်းမန္တလေးမြို့မစိုးရိမ်တိုက်သစ်ကြီးများ၏
အဓိပတိမဟာနာယက
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ မဟာထေရ်၏
သက်တော် (၈၀) ပြည့်မွေးနေ့မင်္ဂလာမဟာသဘင်အိုး
ဆက်သွင်းပူဇော်အာဒိသော
ဝိဇယမင်္ဂလာ ဧကာဒိဋ္ဌာဘာတာဒိ:



http://www.dhammadownload.com

သာသနာတော်နှစ်- ၂၅၅၆-ခု
ကောဇာသက္ကရာဇ်- ၁၃၇၄-ခု

ရတုသာယာ၊ အဘိနဝါသောက၊ အာရာမသာမိ၊ အဓိပတိဧကန်၊ 'ဘဒ္ဒန္တရာဇမွေ'၊ နာယကတို့၏ နာယက၊ 'အဂ္ဂ'နှစ်တန် ပိုင်သ၊ ပါကဋ နေအသွင်၊ ပြည်တစ်ခွင် ကျော်ကြား၊ ကျွန်ုပ်တို့ ဆရာတော်ဘုရား၊ သက်တော်အားဖြင့် ရှစ်ဆယ်၊ စုံပြည့်ကြွယ်သော ကာလ၌၊ သိဿာနံ သမူဟ၊ သာဝကာနံ သမူဟ၊ ဉာတကာနံ သမူဟ၊ သမူဟတို့ များစွာ၊ ရုံးစုညီ ရောက်လာ၍၊ အသောက တန်ခိုးရှိန်၊ စာလောက မိုးတိမ်၊ မစိုးရိမ် တိုက်ကျောင်း၊ လာခြင်းကောင်းသော မြေအပြင်၌၊ အောင်ပလ္လင် အညီခင်း၊ အောင်သဘင်ကျင်း ပူဇော်၊ နွဲ့အပျော့ ပွဲတော်ဖွင့်ပေမို့၊ ငုံအပွင့် မာလာ၊ ဂုဏ်အဆင့် တစ်ရာနှစ်ရာ၊ ထုံအလွင့် သာပါပေ့၊ အဟောဝတာ၊ ဇောမနသာဖြင့်၊ မနောဟဒယာ၊ ထောမနာ သွင်းရအောင်၊ ဩဘာသတင်း လွှင့်ပါတော့မည်။

အတုမရှိ၊ မုနိ ဘဂဝါ၊ သဗ္ဗညု စောသတ္ထာ၏၊ မြတ်စွာသော အဆုံးအမ၊ လင်းလက်ပ ဝေစည်၊ မြန်မာပြည်သာသနာ၌၊ အဘိဓဇမဟာ-ရဋ္ဌဂုရု ဘွဲ့တော်ခံ၊ ဘဒ္ဒန္တ သူရိယ၊ မဟန္တ ဂုဏ်သိရ်၊ မစိုးရိမ်ဆရာတော် ဘုရားကြီး၏၊ အားထားရာ လက်ရုံး၊ မျက်လုံးတော် အစစ်၊ ဧကန်ဖြစ်ကြောင်း၊ လောင်းအလျာ သူငယ်သည်၊ မြန်မာတို့ ဘဂဝ၊ အထက်ပိုင်း ဘုံဝနာ၊ မြို့မုံရွာ အပိုင်၊ ဂုဏ်လှိုင်သာစွ၊ 'အင်တိုင်း'ခေါ်သည့် ဂါမ၌၊ ပစ်ချလိုက်သော ကံကြမ္မာ၊ သံသရာ တစ်ကွေ့၊ ဖန်လာ၍ တွေ့ရခြင်း၊ ဦးဘဝင်း+ဒေါ်နှင်းဦး၊ ကံထူးသည့် မိဘနှစ်ပါး၏၊ သည်းချာသား ရင်နှစ်၊ တတိယသားတော် အဖြစ်၊ တွက်စစ် ကောဇာ၊ ထောင့်နှစ်ရာ ကိုးဆယ့်ငါးဝယ်၊ လူသားစင်စစ်၊ ဘဝအသစ် ဖွေရှာ၊ နေအသာ တစ်ရက်၊ သေအချာ တွက်၍၊ မြေကမ္ဘာသို့ သက်ခဲ့ပါကြောင်း။

ယင်းသို့ ဆင်းသက်၊ ချင့်ရေတွက်က၊ တရုဏနုနယ်၊ ငါးနှစ်အရွယ် ရောက်လာသောကာလ၊ ဂါမသာသီသာ၊ ရပ်ရွာ၏ ဦးခေါင်း၊ တောင်ကျောင်းဆရာတော် ဦးရဝိန္ဒနှင့် ဦးကောဝိဒ အမည်တွင်၊ ထေရ်ရှင်နှစ်ပါး ခြေတော်ရင်း၊ ဝပ်စင်းဒူးခ၊ အဦးအစ သင်ပုန်းကြီး၊ နောက်တစ်နည်း စာရွက်လှန်၊ ဘာသာရေး အခြေခံ၊ အာတွေလှသည့် ယဲ့ မင်္ဂလ၊ ကျောင်းလုံးငယ် ကျွတ်ကျွတ်ညံ၊ ဘယ်ပြန်ညာပြန်၊ အမြီးပြန် ခေါင်းပြန်၊ အသံကုန် အော်လို့ကျက်၊ အတွေ့ာ အကွရ သညာတော၊ အက္ခရာပါဒယော-နောက်တစ်အုပ်၊ ဘီရိုကြားက ဆွဲထုတ်၊ သမ္မာသမ္ဗုဒ္ဓ မတုလ၊ ငယ်သံပါအောင် အော်ဟစ်၊ သမ္မဇ္ဇနီ ပဒီပေါ စ၊ အမောပြေမှ ပြော၊ အပြောတွေက ချော၊ နော ဧကနော၊ နဝဒွေး အဋ္ဌာရသ၊ တဖွဖွ မြည်တမ်း၊ ဂဏန်းသခ္ခါပါ မကျန်၊ အခြေခံ စာများနှင့်၊ နင်လားငါလား နပန်းလုံး၊ ကိုရင်နဲ့ကျောင်းသား နပမ်းလုံး၊ အရှုံးမဖက်၊ အပြုံးမပျက်၊ အသက်ကို တွက်စစ်၊ ရှစ်နှစ်သို့ ရောက်လာသောကာလ၊ သကလဝဋ္ဋ၊ ဒုက္ခ, ဒုက္ခတဲ့၊ နှုတ်ကပ္ပြက် ဆင်မြန်း၊ အမြင်ဆန်း ပါသလေ၊ သင်္ခန်းဝါ အရွှေနှင့်၊ ဘဂဝါ ပရမေ ပုတ္တ၊ သမဏသ အပစ္စံ၊ သာမဏေ ဧကန်ဖြစ်၊ စာမျက်နှာသစ် ဖွင့်လှစ်ခဲ့ပါကြောင်း။

ယင်းသို့ ဖွင့်လှစ်၊ ကိုရင်ဖြစ်၍၊ ဆယ့်ခြောက်နှစ်ရွယ်၊ အားသစ်ကြွယ်သော်၊ ဆက်သွယ်ခရီး၊ ရွှာနှင့် နီးသည့်၊ မြို့ကြီး မုံရွာ၊ ထင်ရှားပါသည့်၊ လေသာ ဇောတိက၊ နာမ သမိုဂ်၊ စာသင်တိုက် များသို့၊ ပညာရေး ခရီးဆက်၊ ဆယ့်ကိုးနှစ် ရွယ်အသက်၊ ဆက်လက် ချီလှမ်း၊ မြို့မန္တလေး အခေါင်ယံ၊ တောင်သမန် တိုက်ကျောင်းနှင့်၊ ဂုဏ်ပေါင်းခ ဖြိုးထိန်၊ မစိုးရိမ် အမည်သာ၊ စာသင်တိုက် မဟာသို့၊ သိုက်အမတာ လွှင်ပြင်၊ မကိုဋ္ဌအဝါ ဆင်ယင်၊ အကြိုက် စာသင်ယူဖို့ ခြေလှမ်းပြင် ဆိုက်ရောက်၊ ထိုမှနောက် ဝိသတိ၊ အသက်နှစ်ဆယ် ပြည့်သည်မို့၊ မြို့မုံရွာ လမ်းအချိုး၊ သန်းစတိုး ဆိုင်ပိုင်၊ ဦးစောနှင့် ဒေါ်မြိုင်၊ နိဗ္ဗာန်တိုင် အတူလှမ်းမည့်၊ ရဟန်းဒကာ မိသားစု၊ ပံ့ပိုးသည့် ကောင်းမှု၊ 'ဥလ္လမွတု၊ ဥဒ္ဓရတု'၊ သံသရာ နွံအထု၊ ကျွံလုလု ဝဲဂယက်မှ၊ ခပ်သွက်သွက် ဆွဲထုတ်၊ ဇီကုတ်၍ တင်တော်မူပါ၊ 'ယာစာမ ဘန္တေ'၊ ဒူးတုပ်ကာ တောင်းပန်ချေသော်၊

http://www.dhammadownload.com

အာမ- အိမ်း, ကောင်းစွ၊ ဟောထ, ဟောထ၊ 'သုဏာသိ နာဂ' အစဖြာ၊ မြတ်စွာသော ဓမ္မစက်ဖြင့်၊ အထက်သို့ တက်လှမ်း၊ ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါကြောင်း။

ယင်းသို့ လှမ်းဆက်၊ ရဟန်းတက်၍၊ မပျက်မကွက်၊ တစ်ရက်တစ်ရက်၊ ကျက်ခဲ့သည့်စာ၊ မက်ခဲ့သည့် ကမ္မာ၊ ပိဋကတ် အဏ္ဏဝါ၊ စာတော်ပြန် သဘင်ပွဲ၊ ဆင်နွှဲ၍ အောင်ပန်းပန်၊ ငယ်လတ်ကြီး- ပထမပြန်၊ ဓမ္မာစရိယ အဆင့်ဆင့်၊ အဆင်သင့် အောင်မြင်၊ ဒို့အရှင် ရာဇ၊ ဤမျှဖြင့် မကျေနပ်၊ နဂရေ မန်းအရပ်၌၊ ရဟန်းသတ်သည့် စာမေးပွဲ၊ ခေါင်ခိုက်အောင် ခက်ခဲ၊ ဇွဲနပဲ သန်သန်၊ ဒါမျိုးမှ စိတ်ထန်၊ စံမထား, ဉာဏ်ကစား၊ မုံရွာသား သွေးကြွ၊ မန္တလေးက သက္ကသီဟတဲ့၊ လာခဲ့ လာခဲ့၊ ငါနဲ့ဖြင့် တစ်ခါ၊ ထိပ်တိုက်ကြီး တွေ့ပါပေါ့၊ ငါကွ- ရာဇ၊ ဘာကမ္မ လျှော့မတွက်၊ အခက်တကာ့ ဘုရင်၊ သက္ကသဘင် အမြင့်ပန်း၊ စာသင်တန်း, စာချတန်း၊ ဆွတ်လှမ်းချူ ယူငင်၊ အအောင်ကြီး အောင်မြင်လေက၊ "ရာဇဓမ္မာ ဘိဝံသ"၊ ဘွဲ့နာမ အသစ်နှိပ်၊ ဂုဏ်ဟိတ်ကို အကြောင်းခံ၊ မစိုးရိမ် ကျောင်းကန်၌၊ ဓမ္မ နယူပဒေသ၊ နာယက ထေရ်အရှင်၊ ရကန်ဘုရင် ဦးတိုး၊ လေသံကို အတုခိုး၊ ထပ်ပိုး၍ ဆိုသင့်၊ ဘုန်းနှင့်ကံနှင့် ရွှေသဇင်၊ ကျောင်းနှင့်ကန်နှင့် ထေရ်အရှင်၊ တော်ဝင်မြတ် ရဟန်းအသွင်ဖြင့်၊ မန်းတစ်ခွင် ထင်ရှားခဲ့ပါကြောင်း။

ယင်းသို့ ထင်ရှား၊ အရှင်ဘုရား ရာဇဓမ္မ၊ မစိုးရိမ် တိုက်မ၊ ဓမ္မ နယူပဒေသ၊ ကျောင်းဆောင်၏ နာယက၊ မဟာနာယက ညွှန်ရာ၊ စာချဝန်တာ ရွှက်ထမ်း၊ တိုက်၏ဝန်တာ ရွှက်ထမ်း၊ ဆေးတစ်အိုး ကျွမ်း၊ ကွမ်းတစ်ယာ ညက်မျှ၊ အားလပ်သော ခဏတို့၌၊ ဘာသန္တရ ခေါင်ထိပ်၊ အင်္ဂလိပ် နာဂရီ၊ ဟိန္ဒူစတန်နီ အစထား၊ စာပေများကို လေ့လာ၊ ငါးနှစ်မျှ ကာလကြာသော်၊ မဟာဂုရု ထေရ်သခင်၊ အမြင် သာပေတောင်း၊ သင်္ဂဇာ ရွှေချောင်းအနီး၌၊ ရွှေ့ပြောင်း ဖွင့်လှစ်၊ မစိုးရိမ်အသစ်သို့ လိုက်ပါ၊ 'ဓမ္မဒါယာဒ' ဝိဟာ၌၊ နောက်တစ်ကြိမ် တစ်နေရာ၊ ဒို့ဆရာ နာယက၊ ယာပထ ရွှင်ပြုံး၊ သီတင်းသုံး နေထိုင်ခြင်း၊ တပည့်ရင်း, တပည့်ဖျား၊ တပည့်သား, တပည့်တူ၊ တပည့်ထက်, တပည့်ခက်၊ တပည့်တော်, တပည့်ချော်၊ စာလိုက်ကြ ပျော်ပျော်၊ ကျောင်းတော်က စာဝါဆင်း၊ လိမ္မော်ခြင်း သွန်ဘိသကဲ့သို့၊ တအိ တထွေး၊ တစ်ပြုံ တစ်မ၊ ပိန်သူပိန်, ဝသူဝ၊ ညိုသူညို, ဝါသူဝါ၊ တောင်ကလာ, မြောက်ကိုသွား၊ အနောက်ကလာ, အရှေ့ကြွ၊ တိုက်သစ် ဆရာသမဏ၊ စာအချ စိတ်သန်၊ ဂါရဝ ထိပ်ပန်၊ သိဿနံ-တပည့်အများတို့၏၊ အားထားရာ ဇကော်၊ တိုက်သစ်နှင့် ဘိုးရာဇ၊ ခွဲမရ ပြည်တစ်ခွင်၊ နေအသွင် ထက်လင်း၊ ဂုဏ်သတင်း လှိုင်ပျံ့ခဲ့ပါကြောင်း။

ယင်းသို့ လှိုင်ပျံ့၊ ကြိုင်ရနဲ့ဖြင့်၊ အတင့်ကြီး တင့်တယ်၊ အမြင့်ဝယ် အခြေကျ၊ ခုအခါ နေရပါသော်လည်း၊ ရဟန်းဝါ ငယ်နု၊ တစ်ခုသော ကာလက၊ နဝကမ္မ မပြည့်စုံ၊ မာန်ကုန်, ဌာန်ကုန်, ဆန်စုံ၊ ရန်ကုန်သွားသည့် မီးရထား၊ လက်မှတ်ခ ကျပ်ပြား၊ အသုံးတကယ် မများလတ်၊ သုံးဆယ့်ငါးကျပ် တိတိ၊ ဖွတ်ကလိ ဒင်္ဂါးနတ္ထိ၊ အဖေမသိ, အမေမသိ၊ ငွေမရှိ, ရေမပြည့်သည်မို့၊ ဖေကဝိ ဖြေကြည့်ချင်လှသည့်၊ စေတိယင်္ဂဏကို လွဲခဲ့ရဖူးကြောင်း။

အကြောင်းတရား နောက်တစ်ချက်၊ မနက်လင်း ရင်တလှုပ်လှုပ်၊ ဝမ်းမီးက အလုပ်လုပ်၊ အူမကြီးက တကြုတ်ကြုတ်၊ ထိုင်လျက်သား ငုတ်တုတ်၊ တစ်ပဲဖိုးစာ ပဲပြုတ်၊ မနည်းကုတ် ဆွဲထုတ်ပါသော်ငြား၊ ဒင်္ဂါးတော် မလုံလောက် သည်မို့၊ အလို, အလို့-ကျောင်းအစ်မ၊ ကဝိသမဏ ရတနာပုံ၊ ရှိသမျှ ဒါအကုန်၊ အလုံးစုံ ယူသွား၊ နှစ်ပြားဖိုးသာ ရောင်းခဲ့ပါတော့၊ ချော့ချော့မော့မော့၊ ခပ်ပျော့ပျော့ တောင်းပန်၊ တန်ဟဲ့, တန်ဟဲ့၊ မဟန်ခဲ့သော နေ့ရက်များအကြောင်း။

ဇာတ်ကြောင်းပြန် အဖြစ်စုံ၊ ထေရ်ဆရာ့ ဇာတ်လမ်းစုံ၊ ပင်ကိုယ်ရေး ရင်သိမ့်တုန်၊ ကြုံဆုံ ပွေ့ဖက်၊ မမေ့ချင်စရာ နေ့ရက်များ၊ မဟားဒယား ဖြတ်သန်း၊ မှတ်တမ်းတင် ပြုစု၊ သောတုဇနတို့ ဩချ၊ အဟောဝတ ဇောကပ်၊ အတော မသတ်, သောမနသ်ဖြင့်၊ ပြောစမှတ် တွင်ခဲ့ရပါကြောင်း။

ယင်းသို့ ဇောကပ်၊ သောမနသ်ဖြင့်၊ ပြောစမှတ် တွင်စရာ နောက်တစ်ချက်၊ ထေရ်ဆရာ မိန့်မြွက်

http://www.dhammadownload.com

လေသည်ကား၊ အမြတ်ပဝရ မယှဉ်သာ၊ ဆဋ္ဌသင်္ဂီယနာ ကာလ၊ သီဟဠ ယိုးဒယား၊ ကမ္ဘောဒီယား လာအို၊ ထိုထိုသော အရပ်တို့မှ၊ ကြွရောက်လာ ကုန်ငြား၊ ပြည်ပသား ရဟန်းတို့က၊ အဟမ်း အဟမ်း၊ ချောင်းသံများ ကမ်းတဲ့၍၊ ကတန်းကမန်း ရွာလိပ်၊ အင်္ဂလိပ် ပြင်သစ်၊ အသွင်သစ် လာရှိ၊ ပါဠိလို တစ်ဖုံ၊ အမျိုးစုံသော ဘာသာစကားတို့ဖြင့်၊ မနားတမ်း ဆက်သွယ်ပါသော်ငြား၊ ဗို့ဆီက အရှင်ဘုရား၊ ဘဒ္ဒန္တ ဘားမားတို့၊ စကားသံ ဘယ်မပြေ၊ ပါဠိကို စိတ်မှန်းစီလျက်၊ တအီအီ တအစ်အစ်၊ လည်ပင်းကို ညှစ်နေရသည့်အချက်၊ မြင်ရုံဖြင့် ရွက်စရာ၊ မသက်မသာ ထိုအဖြစ်၊ ငါကိုယ်တော် တွန်းလှန်၊ ဂျွမ်းပြန်အောင် ပြောင်းပြစ်မည်၊ အကြံတော် ဖြစ်လေရကား၊ 'မစိုးရိမ် ပါဠိဝေဒဂူသမိတိ'၊ မည်ရှိသည်ဟာ၊ ပါဠိစကားပြော အသင်းသစ်၊ ဖွင့်လှစ်ကြောင်း မင်္ဂလာ၊ သတင်းစာမှ ကြေညာလျက်၊ ဆရာကိုယ်တိုင် ဦးဆောင်ကာ၊ မြန်မာလို မပြော၊ ပါဠိလို ပြောကြမည်၊ ပါဠိလို စကားရည်လု၊ ပါဠိလို ကျပန်းပြော၊ မြန်မာလိုပြောသူ ဒဏ်တပ်၊ မြန်မာငွေဖြင့် တစ်မတ်၊ မိုးတိုးမတ်တတ် လမ်းမှာတွေ့၊ အဟေဟေ့ သူ့အပြော၊ 'ကွ ဂတောသိ တွံ မာရိသ'၊ အစပိုင်းက ဟုတ်တုတ်တုတ်၊ ကြာလာတော့ ငုတ်တုတ်၊ ကျွန်ုပ်နှင့် တံဆိပ်တုံးသာ၊ တုံးလုံးပက်လက် ကျန်ကြွင်း၊ ဒုံရင်းသို့ ပြန်ရောက်၊ ဟောဒီ, လောကီ ကောင်းကင်ကြီး အောက်၊ တစ်ယောက်တည်း ကျန်ရစ်၊ ဧကရာဇ် ဖြစ်ခဲ့ရပုံ၊ ဇာတ်စုံခင်း ပြောပြ၊ သောတုဇနတို့ ဩချ၊ အဟောဝတ, သောမနဿဖြင့်၊ ပြောစမှတ် တွင်ခဲ့ပြန်ပါကြောင်း။

ယင်းသို့ ကျန်ရစ်၊ ဧကရာဇ် ဗို့ဆရာ၊ ကျင်လည်ခဲ့ တစ်သက်တာ၊ အရေးပါသည့် ဌာန၊ စာချနှင့် စီမံ၊ သဘာဝက ပေးသောအလေ့၊ နေ့-လ-နှစ် အဆက်ဆက်၊ ပျက်မကွက် ရွက်ထမ်း၊ ဇာတ်လမ်းက ထိုမျှမက၊ ဟောရေး ပြောရေး ဘာရေး ညာရေး၊ သာသနာရေး, ဘာသာရေး၊ ရပ်ရေး, ရွာရေး၊ တိုင်းရေး, ပြည်ရေး၊ အရေးတဲ့ဆို ဘိုးရာဇ၊ သူငါအများ အားကိုးကြ၊ ရံခါ-ဆွေးနွေး၊ ရံခါ-အေးဆေး၊ ရံခါ-နွေးထွေး၊ အေးသွားသည်လည်း ရှိ၊ ပူသွားသည်လည်း ရှိ၊ ရှင်းသွားသည်လည်း ရှိ၊ ရှုပ်သွားသည်လည်း ရှိ၊ ဆရာကဝိ ဇာတ်လမ်း၊ မှတ်တမ်း အဖုံဖုံ၊ ကြုံရသည့် လူဘုံ၊ ဆုံရသည့် စနစ်၊ ခေတ်တွေက အမျိုးမျိုး၊ ဆိုးသည်လည်း ရှိ၊ ကောင်းသည်လည်း ရှိ၊ အသိတိ ဝဿ၊ အသက်က ရှစ်ဆယ်၊ ရှစ်ဆယ်ဆို လူအို၊ အချို့က ဆိုကြပေမင့်၊ အရှင်အရှင့် ဆရာသမဏ၊ ဘိုးရာဇ မအိုနိုင်၊ ဘိုးရာဇ မအိုသေး၊ အများအရေး အားမွေး၊ တရားဆေးနဲ့ လန်းရွှင်၊ မန်းကနက် တစ်ခွင်မှာလ၊ ပန်းခက်သဇင် မြတ်ပန်းသီလျက်၊ အဂ္ဂအရှင် ကဝိဆရာဘုရားသို့၊ တပည့်အများကိုယ်စား ပဏ္ဏာဆက်၊ ရာအသက်မက ရှည်ပါစေကြောင်း၊ အောင်ဆွေ့ အောင်ရေ လောင်းကာပ၊ အောင်ငွေမောင်း ဒူဝေဝေ၊ အောင်ပါစေအောင် ပတ္ထနာပြုပါလို့၊ အောင်သာခု အောင်အတိတ် တို့ဖြင့်၊ အောင်ဘိသိက် သွန်းကြကုန်စေသော်။

အသနံယာသျှင်ထွေး သီဖွဲ့ပူဇော်ပါသည်။
(၀၃- ၁၀- ၁၀၁၂)

http://www.dhammadownload.com

ဦးရာဇဓမ္မာဘိဝံသ ပြောပြခဲ့တဲ့ ငြိမ်းချမ်းရေးတရား

(မဟာဝိသုဒ္ဓါရုံ ဝါဆိုဆရာတော်ကြီး)

တစ်ခုသော စာမေးပွဲရာသီတွင် မန္တလေး တောင်မြို့ စစ်ကိုင်း စာသင်သားသံဃာများ လိုင်းကားများ၏ ခေါင်မိုးပေါ်မှနေ၍ ဆူပူအော်ဟစ် အကြည်ညိုပျက်အောင် ပြုမူကြ၏၊ ထိုအခါ အစိုးရတာဝန်ရှိသူများနှင့် သံဃနာယက သံဃာတော်တို့က ယင်းသံဃာငယ်များကို ဆုံးမရန် အဖွဲ့စည်းဖွဲ့လျက် တာဝန်ပေးခဲ့သည်။

ထိုတာဝန်ကျ အဖွဲ့နှင့် သံဃာငယ်များ တောင်မြို့တွင် ပဋိပက္ခ ဖြစ်ပွားကြ၏၊ ယင်းနောက် အစိုးရအဖွဲ့ တာဝန်ရှိသူများက အမရပူရ မဟာဂန္ဓာရုံ နာယကများနှင့် မစိုးရိမ်တိုက်သစ်နာယက ဦးရာဇဓမ္မာဘိဝံသတို့ကို ပင့်လျှောက်၍ ညှိနှိုင်းပြောဆိုစေရာ- ဦးရာဇဓမ္မာဘိဝံသက. . .

နဟိ ဝေရေန ဝေရာနိ ၊ သမ္မန္တိ'မ ကုဒါစနံ။

အဝေရေန စ သမ္မန္တိ ၊ ဧသ ဓမ္မော သ'နန္တနော၁။

ဤဘုရားဟော ငြိမ်းချမ်းရေးဂါထာ တရားတော်ကို ရွတ်ဆိုပြသ၏။

"ရန်ကို ရန်ချင်း မတုန့်လျှင်းနဲ့" စကားကိုလည်း ဆိုပြလိုက်၏။

ရန်မလိုမှ ရန်ပြိုသည်၊ ရန်လို ရန်ပိုတတ်သည်-ဟူ၍လည်း ပြောပြလိုက်၏။

ရန်မပွားသင့်ကြောင်း တော်တော်များများဆက်လက်ပြောပြ၍ အဆုံးတွင် "တပည့်တော်က မန္တလေးက ကိုယ်တော်တွေ အကုန်ပြန်ခေါ်သွားပါ့မယ်၊ အရှင်ဘုရားတို့လည်း ကိုယ့်ပရိသတ်ကို နှိုင်အောင်ထိန်းပါ ချမ်းသာအောင်နေပါ"ဟူသော ငြိမ်းချမ်းရေးတရား ပြောပြခဲ့သည်။

စာမေးပွဲများလည်း ကျင်းပမြဲအတိုင်း ဆက်လက်ကျင်းပကြရန် တာဝန်ရှိသူများကို ဆက်လက် တိုက်တွန်းခဲ့သည်။

ဤသို့ဖြင့် ငြိမ်းချမ်းရေးပွဲတစ်ခု အေးအေးဆေးဆေး လှလှပပ ပြီးဆုံးအောင်မြင်ခဲ့လေ၏။

ယင်းမှတ်တမ်းမှတ်ရာ စာတမ်းကို ရေးသားထားရာမှ ဦးရာဇဓမ္မာဘိဝံသ၏ သက်တော် (၈၀)စာစောင် ကို ထုတ်ဝေမည် ကြားသိရသဖြင့် စာစောင်ဖြစ်မြောက်ရေးအဖွဲ့အား ဘုန်းကြီး၏ မှတ်စုစာတမ်းကို ပေးလိုက် ၏။

ဦးရာဇဓမ္မာဘိဝံသ၏ စိတ်ဓာတ်,စိတ်ထား,စိတ်နေကိုလည်း ချီးကျူးလို၍ အကျယ်တဝင့် မရေးသား နိုင်သော်လည်း ဦးရာဇဓမ္မာဘိဝံသ၏ "ကြီးသူကို ရိုသေ, ရွယ်တူကို ချီးမြှောက်, ငယ်သူကို သနား" ဤစိတ်ထားမျိုး ရှိသည်ကိုလည်း သိရှိနေသည်မှာ ကြာပါပြီ။

ဤသို့စသော အကြောင်းဒေသရာတို့ကို အကျယ်ချဲ့ထွင်၍ စာရှုသူတို့ သိစေချင်သောကြောင့် ဩဝါဒ အနေဖြင့် ပေးပို့ခြင်းဖြစ်ပါသတည်း။

မဟာဝိသုဒ္ဓါရုံဝါဆိုဆရာတော်ကြီး

မန္တလေးမြို့

http://www.dhammadownload.com



တန်ဖိုးကြီးမား ပတ္တမြား

တိပိဋကဓရ ယောဆရာတော်

စိတ်အစဉ်ထဲ ၊ သတိစွဲ ၊ အမြဲကောင်းမြတ်သည်။
စိတ်အစဉ်တွင်း ၊ သတိသွင်း ၊ ချက်ချင်း ချမ်းသာသည်။
စိတ်အစဉ်မှာ ၊ သတိပါ ၊ နောင်ခါ ကောင်းဖို့ သေချာသည်။
သတိရှိသူ ၊ ဘေးရန်ဟူ ၊ အပူကင်းလွတ်သည်။
သက်ရှိဘေးရန် ၊ ပပျောက်ရန် ၊ ဧကန် မေတ္တာပွားရသည်။
သတိမေတ္တာ ၊ ကောင်းစွာပွားတိုး ၊ တန်ဖိုးကြီးမား ၊ပတ္တမြား ၊ ထူးခြားမြင့်မြတ်သည်။
အဆိုးကင်းကွာ ၊ နှိုင်နင်းကာ ၊ ကောင်းတာပြည့်၍ ၊ ပိုင်ရသည်။

http://www.dhammadownload.com

မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ပဓာနမဟာနာယကချုပ် ဆရာတော်ကြီး ဘဒ္ဒန္တရာဇဓမ္မာဘိဝံသမဟာထေရ်မြတ်ရဲ့ သက်တော်(၈၀)ပြည့် ပတ္တမြားရတုကာလမှာ ဆရာတော်ကြီးရဲ့ ကြီးမားများပြားလှတဲ့ ဂုဏ်ကျေးဇူးများကို အာရုံပြုပြီး သတိ, မေတ္တာဆိုတဲ့ ပတ္တမြား (၂)လုံးနဲ့ ပူဇော်လိုက်ပါတယ်။

(၁၃၇၀-ခု ဝါဆိုလ ဆရာတော်ကြီးရဲ့ သက်တော်(၇၅)နှစ်ပြည့် စိန်ရတုကာလတုန်းကလည်း မိမိက "ယနေ့အလုပ် ယနေ့လုပ်"ဆိုတဲ့ စာအုပ်ငယ်နဲ့ ရေးသားပူဇော်ခဲ့ပါတယ်၊ အာမိသပူဇာအဖြစ် ကျပ်သိန်း(၁၀၀)နဲ့လည်း ပူဇော်ခဲ့တယ်၊ ဓမ္မပူဇာအဖြစ် ဆရာတော်ရဲ့ ဇာတိရွာမှာ စိန်ရတုညတရားပွဲနဲ့လည်း ပူဇော်ခဲ့ပါတယ်။)

တစ်ချိန်မှာ ဘုရားရှင်ဟာ မာဂဓတိုင်းအတွင်းမှာရှိတဲ့ မဏိဘဒ္ဒနတ်ဘီလူးရဲ့ ဘုံဝိမာန်ကို ကြွရောက်တော်မူတော့ မဏိဘဒ္ဒနတ်ဘီလူးက ဘုရားရှင်ထံက နာကြားခဲ့ရဘူးတဲ့ တရားအသိကို အခြေခံပြီး ဘုရားရှင်ကို စကား(၄)ခွန်း လျှောက်ထားပါတယ်။

မဏိဘဒ္ဒဆိုတာ ကောင်းမြတ်တဲ့ ပတ္တမြားလို့ အဓိပ္ပာယ်ရတယ်၊ နတ်ဘီးလူးက ဘယ်လိုအကြောင်းနဲ့ မဏိဘဒ္ဒနာမည်ရတယ်ဆိုတာ မသိရပေမဲ့ ဒီအကြောင်းအရာမှာ ပြည့်တန်ပတ္တမြားထက် အဖိုးတန်လှတဲ့ သတိ၊ မေတ္တာ ပတ္တမြားနှစ်လုံးရဲ့ စွမ်းရည်ကို ပြထားတယ်။

နတ်ဘီးလူး လျှောက်ထားတာက...

၁။ သတိရှိသူအတွက် အခါခပ်သိမ်း အမြဲကောင်းတယ်။

၂။ သတိရှိသူဟာ ချမ်းသာကို ရနိုင်တယ်၊ ချက်ချင်းစိတ်ချမ်းသာရတယ်။

၃။ ယနေ့ သတိရှိနေသူရဲ့ မနက်ဖြန်(အနာဂတ်)ဟာ အကောင်းအမြတ်ချည်းပဲ။

၄။ သတိ ရှိသူဟာ ဘေးရန်လွတ်မြောက်နိုင်တယ် ဘုရား။

ဒီစကား (၄)ခွန်းပဲ။

ဒီလိုလျှောက်တော့ ဘုရားရှင်က ရှေ့(၃)ခွန်းကို အပြည့်အစုံ လက်ခံတယ်၊ စတုတ္ထစကားကိုတော့ တစ်ဝက်ပဲ လက်ခံတယ်၊ တစ်ဝက်ကို လက်မခံဘူး၊ သတိရှိရင် သက်မဲ့ဘေးရန်လွတ်ဖို့ သေချာပေမဲ့ သက်ရှိဘေးရန် လွတ်ဖို့အတွက်တော့ မေတ္တာပါ ပွားပေးရမယ်လို့ သတိအရေးကြီးသလို မေတ္တာလည်း အရေးကြီးကြောင်းကို ဆက်ဟောတော်မူတယ်။

သတိ, မေတ္တာ နှစ်မျိုးလုံး ကိုင်ထားမှ ဘေးရန်နှစ်မျိုးလုံး လွတ်နိုင်တယ်ပေါ့၊ သတိနှင့်မေတ္တာဟာ မလိုချင်တဲ့ ဆင်းရဲအပူအဆိုး ကင်းလွတ်အောင် လိုချင်တဲ့ ချမ်းသာအေးချမ်းမှုကို ရရှိပြည့်စုံအောင် စွမ်းဆောင်ပေးနိုင်တာကြောင့် ပတ္တမြားနှစ်လုံးလို့ တင်စားခေါ်ရလောက်အောင် တန်ဖိုး အလွန်ကြီးမြတ်ပါတယ်၊ အဲဒီနှစ်ပါးနှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်လည်း တန်ဖိုးကြီးမြတ်တဲ့ ပုဂ္ဂိုလ်ဖြစ်သွားရပါတယ်။

သတိရှိသူအတွက် ဘယ်အခါမဆို ကောင်းဆိုးနှစ်တန် လောကဓံနှင့် တွေ့တွေ့၊ ရလဒ်ကတော့ အကောင်းချည်းပဲ၊ အမြဲတမ်းကောင်းတဲ့ အချိန်ချည်းပဲ၊ သတိရှိသူမှာ အချိန်ပျက် ပြဿဒါးမရှိဘူး၊ အချိန်ကောင်းရက်ရာဇာချည်းပဲ၊ အချိန်မကောင်းအောင် ဆိုးညစ်အောင်လုပ်တတ်တဲ့ ကိလေသာ အပူအရှိုပ်အညစ်ကို သတိက နိုင်တယ်၊ သတိက ကိလေသာဖြစ်လာရင် ချက်ချင်း ရပ်သွားအောင် ထိန်းချုပ်ပေးနိုင်တယ်၊ မထိန်းချုပ်မိလို့ ဖြစ်ပြီးချုပ်သွားတဲ့ ကိလေသာကို သတိနဲ့ ပြန်ဖော်ပြီး ဝိပဿနာဉာဏ်နဲ့ ရှုပေးနိုင်တယ်၊ သတိဟာ တစ်ချို့အဆိုးကို ဖယ်ရှားပစ်နိုင်တယ်၊ တချို့အဆိုးကို အကောင်းအဖြစ် ပြောင်းလဲပေးနိုင်တယ်၊ တချို့အဆိုးအတွက် ခံနိုင်ရည်ရှိအောင် စွမ်းအားမြှင့်တင်ပေးတယ်၊ အရှိန်ပြင်းလှတဲ့ အဆိုးဆုံး ကိလေသာကို နိုင်ရင် ကိလေသာကြောင့် ပေါ်ပေါက်လာမယ့် အဆိုးအားလုံးကိုလည်း နိုင်တော့တာပါ၊ အဆိုးကို နိုင်တာကြောင့်လည်း သတိရှိရင် အမြဲကောင်းရတာပါ။

ကင်းပျောက်သွားတဲ့ အဆိုးနေရာမှာ သတိက အကောင်းကို ချက်ချင်းအစားထိုးပေးတယ်၊ အကောင်းဖြစ်လာရင် ထပ်ကာထပ်ကာ တိုးပွားစေတယ်၊ ဉာဏ်ကို ပွင့်လင်းစေတယ်၊ အချုပ်ကတော့ သတိဆိုတာ ကပ်တာနှင့် စပ်တာပါပဲ၊ အလုပ်ဖြစ်အောင် အာရုံနှင့်စိတ် ကပ်ပေးတယ်၊ အလုပ်ဖြစ်လာရင် အသိချင်း စပ်ပေးတယ်၊ သတိဆိုတာ ရောက်ဆဲ ပစ္စုပ္ပန်တိုင်း တန်ဖိုးထားတယ်၊ လုပ်ဆဲ အလုပ်တိုင်း လေးစားတယ်၊ သတိဟာ သူဟာသူ ကောင်းလာမယ့် အချိန်ကို စောင့်မနေဘဲ မဖြစ်မနေ အချိန်ကောင်းအောင် ဖန်တီးယူတတ်တယ်၊ အချိန်က လူကို ကောင်းအောင် လုပ်မပေးနိုင်ဘူး၊ လူကသာ အချိန်ကောင်းအောင် သတိဉာဏ်နဲ့ ဖန်တီးယူရမှာပါ၊ လူက ကောင်းအောင် ဖန်တီးထားတဲ့ အချိန်

http://www.dhammadownload.com

ကသာ လူကို ချမ်းသာအောင် ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်၊ တရားအားလုံးကို သတိက ချုပ်ကိုင်ထားပါတယ်၊ ကောင်းအောင် ဖန်တီးနိုင်တာကြောင့်လည်း သတိရှိရင် ကောင်းတယ်လို့ ပြောတာပါ။

တွေ့ရတဲ့ အာရုံက ဆိုးပေမဲ့ သတိရှိရင် ကောင်းအောင် ဖန်တီးယူနိုင်တယ်၊ ရလဒ်ကတော့ အကောင်းချည်းပဲ ရနိုင်တယ်၊ သူ့ဟာသူ ကောင်းလာမှာကို အချိန်ကုန်ခံစောင့်မနေဘဲ သတိနဲ့ဉာဏ်ကိုထုတ်ပြီး အကောင်းပေါ်အောင် ဖန်တီးယူတတ်တယ်၊

ရှေးတုန်းက သက်တော်(၈၀)ဝါတော်(၆၀) အရွယ်ရှိလာတဲ့ ကန္ဒသာလ ဆရာတော်ကြီးဟာ ရောဂါ ပြင်းထန်စွာ နိုပ်စက်ခံရတော့ သည်းမခံနိုင်လို့ အော်ဟစ်ညည်းညူနေရတယ်၊ တပည့်က သတိပေးလိုက်တော့မှ သတိရလာပြီး သတိနဲ့ဝေဒနာကို အနိုင်ယူပြီး၊ ဝိပဿနာ ဉာဏ်နဲ့ ရှုလိုက်တာ အိပ်ယာထဲတင်ပဲ ရဟန္တာဖြစ်သွားခဲ့ရတယ်။

သတိကြောင့် အဆိုးကို အနိုင်ယူနိုင်တယ်၊ အဆိုးကို သတိနဲ့ ခလုပ်နိုပ်ပြီး အကောင်းပြောင်းနိုင်တယ်၊ ကောင်းအောင် ဖန်တီးနိုင်တယ်ပေါ့၊ ဒါကြောင့် သတိရှိရင် အမြဲကောင်းပါတယ်။

သတိဟာ လူအပူကို စုပ်ထုတ်ဖယ်ရှားပစ်နိုင်တယ်၊ ကိလေသာကို နိုင်တာကိုး၊ တစ်ခုခု ကုန်သွားတိုင်း အားကိုးစရာ စွမ်းအားတစ်ခုခု ကျန်နေခဲ့အောင် ဆွဲယူထားလိုက်နိုင်တယ်၊ သတိရှိတိုင်း အပူငြိမ်းတာဖြစ်လို့ ယခုတိုင်းလည်း ချမ်းသာရတယ်၊ ကုန်သွားတိုင်း ချမ်းသာ ကြောင်း စွမ်းအား ရလာတာဖြစ်လို့ နောင်အခါလည်း ဧကန် ချမ်းသာမယ်၊ သတိရှိရင် ဒုက္ခကိုနိုင်လို့ သုခကို ပိုင်တဲ့ လမ်းဆိုတော့ လောကုတ္တရာ ချမ်းသာနဲ့ပဲ အထွဋ် တင်ရမှာ ဖြစ်ပါတယ်။

ဒါကြောင့် သတိရှိရင် ချမ်းသာအားလုံး ရနိုင်ပါတယ်၊ ပြီးတော့ သတိဟာ ပစ္စုပ္ပန်တိုင်း လေးလေးစားစား တန်ဖိုးထားတာဖြစ်လို့ ပစ္စုပ္ပန်တိုင်း အကုန်သေချာအောင် လုပ်ပေးတယ်၊ အခုကောင်းရင် အနာဂတ် သေချာတယ်၊ အခုသေချာရင် နောင်အခါ စိတ်အေးရတယ်၊ ယနေ့ကောင်းရင် နောက်နေ့ကောင်းမှာ သေချာပေါက်ပါ၊ ဒါကြောင့် ယနေ့တိုင် သတိရှိရင် နောက်နေ့တိုင် စိတ်အေးရအောင် အကောင်းအမြတ်တွေ လာမှာပါ။

သတိဆိုတာ သမာဓိဉာဏ်ကို ဖော်ပေးတာဖြစ်လို့ အသိအသေမခံပဲ အသိကို အမြဲရှင်သန် နိုးကြားစေတယ်၊ ဆင်ခြင်တိုင်းတာ ချင့်ချိန်မှုကောင်းတာဖြစ်လို့ ရုတ်တရက် မတော်တဆကြောင့် ပေါ်လာတတ်တဲ့ ဘေးရန်မျိုးက ကင်းလွတ်ရပါတယ်၊ ပြီးတော့ မွေ့ဆိုးဖမ်းတဲ့အခါ အမြီးနဲ့ကိုယ်ကို ကိုင်မဖမ်းပဲ အကိုက်မခံရအောင် ညှပ်နဲ့တုတ်နဲ့ ခေါင်းကို ဖိဖမ်းသလို အဆိပ်ကို ထုတ်ယူပြီး အဆိပ်ဖြေဆေး အသက်ကယ်ဆေးတောင် ဖော်စပ်နိုင်သလို အာရုံကို ဖမ်းတဲ့အခါလည်း သတိလက်လွတ် အမှတ်တမဲ့ မဖမ်းဘဲ အာရုံအကုက်မခံရအောင် သတိဆိုတဲ့ ညှပ်နဲ့တုတ်နဲ့ ပိပိရိရိ ပိုင်ပိုင်နိုင်နိုင် ချပ်ချပ် ရပ်ရပ် သေသေချာချာ အာရုံကို ဖိဖမ်းနိုင်တယ်၊ အာရုံ အကိုက်ခံရလို့ စိတ်ဆင်းရဲရတဲ့ ဘေးရန်က လွတ်တယ်၊ ကိလေသာ အဆိပ်ကို သတိနဲ့ထုတ်ယူလို့ အဆိပ်ဖြေဆေး နိဗ္ဗာန်ရောက်ကြောင်း မသေဆေးတောင် ဖော်စပ်နိုင် တယ်၊ ဝိပဿနာဉာဏ်နဲ့ ရှုတာကို ပြောတာပါ၊ သတိရှိရင် သက်မဲ့ဘေးရန် အားလုံး လွတ်ပါတယ်။



ပတ္တမြားနှစ်လုံးမှာ သတိက ခန္ဓာအဆိပ်တုံးကို အဆိပ်ဖြေပေးတယ်၊ သိက္ခာ(၃)ပါး တရား ဖော်ထုတ်ပေးတာကို ပြောတာပါ၊ မေတ္တာကပစ္စည်း အဆိပ်တုံးကို အဆိပ်ဖြေပေးတယ်...


သက်ရှိဘေးရန် လွတ်ဖို့ သတိလည်း ထားရမယ်၊ မေတ္တာလည်း ပွားရပါမယ်၊ မေတ္တာသုတ်မှာလာတဲ့ ရဟန်း (၅၀၀)ဟာ စောစောက တောထဲမှာ သတိမပြတ် ရှုမှတ်နေကြပေမဲ့ မေတ္တာမပို့မိကြလို့ ဘေးရန်မလုံဘူး၊ နတ်တွေ နှောက်ယှက်တာ ခံရလို့ အလုပ်မဖြစ်တော့ဘူး၊ မေတ္တာ ပို့တော့မှ နတ်တွေရဲ့ ချစ်ခင်မြတ်နိုး စောင့်ရှောက်မှုကို ခံယူရလို့ ဘေးရန်လုံခြုံပြီး ရဟန္တာဖြစ်တဲ့အထိ ပြီးမြောက်အောင် တရားအားထုတ်နိုင်ကြတယ်၊ မေတ္တာခြုံမှ ဘေးရန်အားလုံး လုံပါတယ်။

ပတ္တမြားနှစ်လုံးမှာ သတိက ခန္ဓာအဆိပ်တုံးကို အဆိပ်ဖြေပေးတယ်၊ သိက္ခာ(၃)ပါးတရား ဖော်ထုတ်ပေးတာကို ပြောတာပါ၊ မေတ္တာက ပစ္စည်းအဆိပ်တုံးကို အဆိပ်ဖြေပေးတယ်၊ မေတ္တာလွှမ်းခြုံပြီးမှ ပစ္စည်းခွဲ

http://www.dhammadownload.com

ဖြန့်ဝေပေးထားကိုပဲ ပစ္စည်းအဆိပ်ဖြေတယ်လို့ ပြောတာပါ၊ သတိကိုင်မှ မေတ္တာပိုင်ပြီး ပစ္စည်းအဆိပ်တုံးကို နိုင်ပါတယ်၊ သတိရှေ့ထား မေတ္တာပွားရင် တိမ်မြုပ်နေတဲ့ အဲ့ဖွယ်လူစွမ်းအားတွေ ပေါ်ပေါက်ရရှိ တိုးပွားလာကြပါတယ်၊ သတိမြဲရင် မေတ္တာစွဲတယ်၊ မေတ္တာစွဲတော့ သတိမြဲတယ်၊ ပတ္ထမြားနှစ်လုံး အပြန်အလှန် ကျူးပြုနေကြပါတယ်။

အမှတ်သညာမြဲမှ မလွတ်တမ်း အကွတ်ချမှတ်နေမှ သတိဖြစ်ပေါ် တိုးပွားလာနိုင်တယ်၊ သည်းခံခွင့်လွှတ် အနစ်နာခံ သဘောထားကြီးတတ်တဲ့ ခန္တီအမာခံကောင်းအောင်လေ့ကျင့် ပေးနိုင်မှ မေတ္တာဖော်ထုတ်ရတာ လွယ်တယ်၊ မေတ္တာခံပုဂ္ဂိုလ်ရဲ့ ကောင်းကွက်ကိုလည်း မြင်အောင်ကြည့်တတ်ရမယ်၊ သတိက ကိုယ်တစ်ယောက် တည်း တည့်အောင် နေနည်းကို ပြတယ်၊ မေတ္တာက အများနဲ့ ဆက်ဆံရတဲ့အခါ အများနဲ့ အဆင်ပြေအောင် တည့်အောင် နေနည်းကို ပြတယ်၊ သတိရှိရင် ကိုယ့်ကို နိုင်တယ်၊ မေတ္တာရှိတော့ သူ့ကိုနိုင်တယ်၊ သတိက ကိုယ့်ကို လုံခြုံအောင် စောင့်ရှောက်ရင်း သူ့ကိုပါ လုံခြုံအောင် စောင့်ရှောက်ပေးတယ်၊ မေတ္တာက သူ့ကို လုံခြုံအောင် စောင့်ရှောက်ကူညီရင်း ကိုယ့်ကိုပါ လုံခြုံအောင် စောင့်ရှောက်ပေးပါတယ်။



သတိက တစ်ကိုယ်ရေ အားပါ၊ သတိပြောရင် ဉာဏ်ပညာလည်း ပါရောပေါ့၊ မေတ္တာက စုပေါင်းအားပါ၊ မေတ္တာပြောရင် ခန္တီလည်း ပါရောပေါ့၊ တစ်ကိုယ်ရေ အားကောင်းမှ စုပေါင်းအား တည်ဆောက်လို့ ရမယ်၊ သတ္တဝါအားလုံး သံသရာတစ်လျှောက် ဆွေမျိုးတော် စပ်ခဲ့ဖူးတဲ့ ဆွေမျိုးချည်းပဲဆိုတော့ ကောင်းကွက်ပေါ်အောင် ဖော်ပြီး "ဆွေဟောင်းမျိုးဟောင်းချည်း ဖြစ်နေကြတဲ့ သတ္တဝါအားလုံး ဘေးရန်ကင်းလို့ ကျွမ်းမာ ချမ်းသာကြပါစေ"လို့ မေတ္တာလွှမ်းခြုံပေးရုံပေါ့။

သတိတစ်လုံးပိုင်ရင် မေတ္တာလည်း ပိုလွှတ်နိုင်တာဖြစ်လို့ ပစ္စုပ္ပန်တိုင်း တရားစွမ်းအားနဲ့ စိတ်ချမ်းသာအောင် နေတတ်တယ်၊ ကိုယ်အားဉာဏ်အား ပစ္စည်းအားနဲ့ မိမိသူတစ်ပါး လောကသာသနာကို အလှဆင်ပေးနိုင်တယ်၊ ဘဝကူးစိတ်အေးရတယ်၊ ဘဝသံသရာ လမ်းဆုံ နိဗ္ဗာန်ထိ နောင်ရေးသေချာတယ်။ သတိ၊ မေတ္တာ ပတ္ထမြားနှစ်လုံး ပိုင်ရင် အချမ်းသာဆုံး အသေချာဆုံးလူ ဖြစ်တာကြောင့် တကယ်လူဖြစ်ကျိုး နပ်ပါတယ်၊ မလွတ်တမ်း အမြဲကိုင်ထားရမှာကတော့ သတိပါ။

မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယကချုပ် ဆရာတော်ကြီး ဦးရာဇဟာ သက်တော်ရွယ်တော် ကြီးရင့်လာတာနှင့်အမျှ သတိ၊ မေတ္တာ ပတ္ထမြားနှစ်လုံးလည်း ကြီးကျယ်မြင့်မား ခန့်ထည်လာတာဖြစ်လို့ ပစ္စုပ္ပန်တိုင်း တရားစွမ်းအားနဲ့ စိတ်ချမ်းသာအောင် နေနိုင်တယ်၊ ပရိသတ် (၃၀၀၀)လောက်ရှိတဲ့ ကျောင်းတိုက်ကြီးရဲ့ တာဝန် သာသနာ့တာဝန်ကို ကျေပွန်အောင် ထမ်းဆောင် ကြီးကြပ်ကွပ်ကဲလမ်းညွှန်ရင်း လောကသာသနာကို လှုပထည်ဝါအောင် အလှဆင်ပေးနိုင်တယ်၊ သိက္ခာ (၃)ရပ် အကျင့်မြတ်ကို သဒ္ဓါ၊ ဝိရိယ ကြီးကြီးမားမားနဲ့ လက်တွေ့ကြိုးစားဖြည့်ကျင့်ရင်း နောင်ရေးစိတ်အေးရအောင် စွမ်းဆောင်တော်မူနိုင်တယ်။

ဆရာတော်ကြီးဟာ သက်တော် ရွယ်တော်အနေနဲ့ သာ ပတ္ထမြားရတု ဖြစ်တာမဟုတ်ပဲ တရားစွမ်းအား အနေနဲ့လည်း ပတ္ထမြားအစု ဖြစ်တော်မူပါတယ်၊ ပတ္ထမြား အစု ထုထည်ကြီးမားစွာနဲ့ ပတ္ထမြားရတုကာလ ရောက်လာတဲ့ မစိုးရိမ်တိုက်သစ် မဟာနာယကချုပ် ကျေးဇူးတော်ရှင် ဆရာတော်ကြီး ဦးရာဇကို သတိ, မေတ္တာ ပတ္ထမြားနှစ်လုံးနဲ့ မြတ်မြတ်နိုးနိုး ဦးနှိမ်ချိုးလို့ ရှိခိုး ပူဇော်လိုက်ပါတယ်။

အားလုံး ပတ္ထမြားကိုင်လို့ တရားပိုင်ပြီး ငြိမ်းချမ်းကြပါစေ။

တိပိဋကဓရ ယောဆရာတော်

http://www.dhammadownload.com

ပညာရှိထုံး

အရှင်တိလောကာဘိဝံသ(အင်းစိန်)

ကျရောက်လာသော တာဝန်ကိုတော့ မယူဘဲ၊ (မယောင်ရာဆီလူးဆိုသကဲ့သို့) မဆိုင်ရာတာဝန်ကို ယူသောသူသည် ဗာလမည်သည်။ (အံ၊၁။ ၈၂)

မကျရောက်လာသော မိမိနှင့်မဆိုင်သော တာဝန်ကို မယူဘဲ၊ ကျရောက်လာသော တာဝန်ကို ခေါင်းမရှောင်ဘဲ မလွဲမသွေယူသူသည် ပဏ္ဍိတမည်သည်။ (အံ၊၁။၈၃)



http://www.dhammadownload.com

အဆိုပါ ဒေသနာများအရ မိမိအပေါ်သို့ ကျရောက်လာသော တာဝန်ကို မရှောင်မလွှဲ ရဲရဲတာဝန်ယူနိုင်မှသာ ပညာရှိထုံးစံသဘော ပီသမည်။

အဆက်ဆက် တာဝန်ကျေခဲ့ပုံများ

မြတ်စွာဘုရားသည် ဘုရားဖြစ်ချိန်မှစ၍ ပရိနိဗ္ဗာန် စံသည်အထိ ရောက်ရှိလာသည့် ဘုရားတာဝန်ကို မနေမနား ထမ်းရွက်သွားခဲ့သည်၊ ဘုရား ပရိနိဗ္ဗာန်စံပြီး သည့်အချိန်မှစ၍ ဗုဒ္ဓသာဝကကြီး အရှင်မဟာကဿပ သည်လည်း 'ယခုအချိန်မှာ မြတ်စွာဘုရား၏ သာသနာ့ တာဝန်သည် ငါတို့အပေါ် ရောက်ရှိလာပြီ၊ ဆက်လက် ထိန်းသိမ်းထမ်းဆောင်ရန်မှာ ငါတို့တာဝန် ဖြစ်လာပြီ'ဟု ခံယူပြီး သင်္ဂီယနာတင်ဖို့ မဖြစ်မနေ ကြိုးစားသွားခဲ့သည်။
ပထမသင်္ဂီယနာတင်ပြီး နောက်၌လည်း -

သုတ္တန္တေသု အသန္တေသု၊
ပမုဋ္ဌေ ဝိနယမ္ပိ စ။
တမော ဘဝိဿတိ လောကေ၊
သူရိယေ အတ္ထင်္ဂတေ ယထာ။


သုတ္တန္တေ ရက္ခိတေ သန္တေ၊
ပဋိပတ္တိ ဟောတိ ရက္ခိတာ။
ပဋိပတ္တိယံ ဋ္ဌိတော ဓီရော၊
ယောဂက္ခေမာ နု ဓံသတိ။
(အံ၊ ၄၊ ၁။ ၇၂)

စသော ရှေးမထေရ်မြတ်ကြီးတို့၏ အဆိုအရ သာသနာ ၃-ရပ်တွင် ပရိယတ္တိသည်သာလျှင် မူလအခြေခံ ဖြစ်သည်၊ ပရိယတ္တိ တည်ရှိနေသမျှ ပဋိပတ္တိ, ပဋိဝေဓ သာသနာတို့လည်း ဆက်လက်တည်ရှိနေ မည်ဖြစ်သည်၊ ပရိယတ္တိမရှိလျှင် ပဋိပတ္တိ, ပဋိဝေဓတို့လည်း ဆက်လက် တည်ရှိနိုင်မည် မဟုတ်ဘဲ လောကၥ နေမင်းကွယ်ပျောက်သလို သာသနာကွယ်ပျောက်သွားမည်သာ ဖြစ်သည်ဟု အရှင်မဟာကဿပစသော မထေရ်မြတ်ကြီးများ တိုင်ပင်ညှိနှိုင်းကာ ပရိယတ္တိလုပ်ငန်း ပိုမိုထိရောက်အောင်မြင်နိုင်စေရန်

၁။ **ဝိနယပိဋကတ်**ကို အရှင်ဥပါလိအား၊
၂။ **ဒီဃနိကာယ်**ကို အရှင်အာနန္ဒာအား၊
၃။ **မဇ္ဈိမနိကာယ်**ကို အရှင်သာရိပုတ္တရာ၏ တပည့်များအား၊
၄။ **သံယုတ္တနိကာယ်**ကို အရှင်မဟာကဿပအား၊
၅။ **အင်္ဂုတ္တရနိကာယ်**ကို အရှင်အနုရုဒ္ဓါအား၊

ဤသို့ အသီးအသီး ခွဲဝေအပ်နှံပြီး တပည့်စဉ်ဆက် များကို ပို့ချစေကာ ပရိယတ္တိတာဝန်ကို မထေရ်ကြီးများ တာဝန်ယူဆောင်ရွက်ခဲ့ကြသည်၊ (ဒီ၊ ၅၊ ၁၊ ၁၄-၁၅)၊ အဆိုပါ ပရိယတ္တိဝန်ဆောင် မထေရ်မြတ်ကြီးများ အဆက် ဆက်တို့သည် ပထမ, ဒုတိယ, တတိယ, စတုတ္ထ, ပဉ္စမ, ဆဋ္ဌသင်္ဂီယနာများတင်၍ ယနေ့တိုင်အောင် ပရိယတ္တိသာသနာ့ဝန်ကို ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ ကြိုးစားပမ်းစား ဆောင်ရွက်ခဲ့ကြသဖြင့် မြတ်စွာဘုရား ထားတော်မူခဲ့သော သာသနာတော်မြတ်ကြီးသည် ယနေ့ လူ, နတ်, ဗြဟ္မာသတ္တဝါတို့ အကျိုး ပွါးတိုးခဲ့ရလေသည်၊ ပရိယတ္တိဝန်ဆောင် မထေရ်မြတ်ကြီးတို့၏ ကျေးဇူးကား ယနေ့သတ္တဝါများအတွက် ဆပ်လို့မကုန်နိုင်အောင် ကြီးမားလှပေသည်။

ပရိယတ္တိဝန်ဆောင် မထေရ်မြတ်ကြီးများ၏



သီလရှိသူ ရဟန်းကောင်းများကို နိုင်ငံရေးပြစ်မှု ဖြင့် အတင်းသင်္ကန်းချွတ်ခိုင်းပြီးထောင်ချသူတာဝန်ရှိပုဂ္ဂိုလ်များကား အဆိုပါ စိတ္တမထေရ်မြတ်ကြီး၏ ဇာတ်လမ်းကို ထောက်လျှင် ဝန်လေးလှပေစွ။

http://www.dhammadownload.com

သက်စွန့်ကြိုးပမ်း ထမ်းရွက်ကာ သာသနာပြုခဲ့ခြင်း, ဖြန့်ဝေခဲ့ခြင်းတို့ကြောင့် အိန္ဒိယ, သီရိလင်္ကာ, တိဗက်, တရုတ်, မြန်မာ, ထိုင်း, လာအို, ကမ္ဘောဒီးယား, ဗီယက်နမ်-စသော အာရှတလွှားတင်မက အရှေ့အလယ်ပိုင်း, ဥရောပတို့သို့တိုင်အောင် ကမ္ဘာအရပ်ရပ် ဗုဒ္ဓသာသနာ ပြန့်ပွားခဲ့သည်၊ သက်စွန့်ကြိုးပမ်း သာသနာတော်ကို ထမ်းဆောင်သွားကြသည့် မထေရ်မြတ်ကြီးများသည် ပညာရှိထုံးစံသဘော ပီသကြပါပေသည်။

ပညာရှိကြောင့် မကောင်းကျိုး ဖြစ်သည်မရှိ၊ ကောင်းကျိုး ဖြစ်သည်သာရှိသည်၊ (အံ- ၁၊ ၁၀၀) စသော ဒေသနာအရ မထေရ်မြတ်ကြီးများသည် ပညာရှိ ပီသစွာ ကျရာတာဝန်ကို မဆုတ်မနစ် သက်စွန့်ကြိုးပမ်း ဆောင်ရွက်သွားကြသဖြင့် ကိုယ်တိုင်လည်း ကောင်းကျိုးချမ်းသာ ရသွားကြသည်၊ သူတစ်ပါးတို့ကိုလည်း ကောင်းကျိုးချမ်းသာ များစွာရစေနိုင်ကြသည်၊ သူတို့၏ ကျေးဇူးကြောင့် လူ,နတ်,ဗြဟ္မာ သတ္တဝါအားလုံး အကျိုးများရသည်၊ ကောင်းကျိုးများ ရကြသည်။

မြန်မာ့ဗုဒ္ဓသာသနာ
အစကောင်းပုံ

ကမ္ဘာတလွှား နိုင်ငံအရပ်ရပ်သို့ ဗုဒ္ဓသာသနာ ပြန့်ပွားရာတွင် မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာ ရောက်ရှိပြီး ပြန့်ပွါးပုံမှာ **အစလည်း ကောင်းပြီး အနှောင်းလည်း သေချာသဖြင့်** ပို၍ ထူးခြားသည်ဟု ဆိုရပေမည်၊ မှန်ပါသည်၊ မြတ်ဗုဒ္ဓ ဘုရားဖြစ်ချိန်မှစ၍ မနုဿ လူသားများထဲတွင် မြတ်ဗုဒ္ဓကို ပထမဆုံး ဖူးတွေ့ခွင့် ရရှိခဲ့သူမှာ မြန်မာနိုင်ငံသား **ထပုဿနှင့်ဘလ္လိက**တို့ပင် ဖြစ်သည်၊ သူတို့သည် ဘုရားဖြစ်ပြီးစ သတ္တမ သတ္တာဟဖြစ်သည့် ရာဇာယတနသတ္တာဟ အပြီး ၄၉-ရက်ခန့် အချိန်၌

၁။ မြတ်ဗုဒ္ဓကို လူသားထဲမှ ပထမဆုံး ဖူးခွင့်ရသူများလည်း ဖြစ်ကြသည်၊

၂။ ဤသာသနာတော်၌ ပထမဆုံး (ဒွေဝါစိက) သရဏဂုံ တည်သူများလည်း ဖြစ်ကြသည်၊

၃။ မြတ်ဗုဒ္ဓ၏ ဦးခေါင်းတော်မှ ဆံတော် ၈-ဆူကို မြတ်စွာဘုရားကိုယ်တော်တိုင်ပင် ချီးမြှင့်ခြင်းခံရသူများလည်း ဖြစ်ကြသည်၊

၄။ မြတ်စွာဘုရားအား စားဖွယ်ဘောဇဉ်ကို ပထမဆုံး လှူဒါန်းခွင့်ရသူများလည်း ဖြစ်ကြသည်။

(ဝိ၊ ၃၊ ၄-၅)

ထို့ကြောင့် တပုဿနှင့်ဘလ္လိကတို့သည် မြန်မာ့နွယ်ဖွား အဲ့ဖွယ်လူသားများ ဖြစ်ကြသည်၊ မြတ်ဗုဒ္ဓလည်း မြန်မာ့စားဖွယ်ဘောဇဉ်ကို ဘုရားအဖြစ်ဖြင့် ပထမဆုံး သုံးဆောင်ပါသည်၊ မြတ်ဗုဒ္ဓ သက်တမ်းတလျှောက် ထူးခြားသည့် ဆွမ်း ၂-မျိုး ရှိပါသည်၊ စုန္ဒဆွမ်းသည် နောက်ဆုံး ဖြစ်သလို မြန်မာ့ဆွမ်းသည် မြတ်ဗုဒ္ဓအတွက် ပထမဆုံးဆွမ်းဦး ဖြစ်သည်၊ သုဇာတာ သူဌေးသမီး ဆွမ်းလှူခိုက် ဘုရားအဖြစ်သို့ မရောက်သေးပါ၊ ဘုရားအဖြစ်သို့ ရောက်ပြီး ပထမဦးဆုံးဆွမ်းမှာ မြန်မာ့ဆွမ်းသာ ဖြစ်ပါသည်။

ပထမဦးဆုံး ဓာတုစေတီ

တပုဿနှင့်ဘလ္လိကတို့သည် မြတ်ဗုဒ္ဓ၏ သာရီရိက ဆံတော်ဓာတ်မြတ် ဓာတုစေတီတော်ကို သဘော်ဖြင့် ဆောင်ယူခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လာကြသည်၊ မြတ်ဗုဒ္ဓ၏ ဓာတုစေတီတော်သည် ကမ္ဘာ့မြေပေါ်ဝယ် ပထမဆုံး ရောက်ရှိခဲ့ခြင်းဖြစ်သည်၊ ယင်းမြေအရပ်ဒေသမှာလည်း မြန်မာ့မြေပင် ဖြစ်သည်၊ ဥက္ကလာပမင်းကြီး အမှူးပြုသည့် မြန်မာနိုင်ငံသူနိုင်ငံသားတို့သည် ထိုဆံတော်များကို သိဂုံတွာရကုန်းတော်ပေါ်၌ ရွှေတိဂုံစေတီ တည်ထားပြီး ကိုးကွယ်ကြသည်။ (ရွှေတိဂုံသမိုင်း)၊ ထို့ကြောင့်-

ဓာတုစေတီအစ မြန်မာက ဟုလည်းကောင်း၊

အစကောင်းသော မြန်မာ့သာသနာ ဟုလည်း ကောင်း ဆိုရမည် ဖြစ်ပါသည်။

အနှောင်းသေချာပုံ

မြန်မာ့ဗုဒ္ဓသာသနာသည် အစကောင်းရုံမက အနှောင်းလည်း သေချာသည်ဟု ဆိုရပေမည်၊ အဘယ့်ကြောင့် ဆိုသော် ဘုရားဖြစ်ချိန်မှစ၍ ယခု ဗုဒ္ဓသာသနာ ၂၆၀၀-ကျော် အချိန်တိုင် ယနေ့အချိန် အထိ ပရိယတ်, ပဋိပတ်, ပဋိဝေဓ အပြည့်အစုံ တည်ရှိနေသော ကျင့်သုံးနေသော ပြန့်ပွားနေသော နိုင်ငံမှာ မြန်မာနိုင်ငံပင် ဖြစ်သည်၊ ပရိနိဗ္ဗာန် စံပြီးနောက် အဇာတသတ်နှင့် အရှင်မဟာကဿပတို့ သတ်မှတ်ခဲ့သော သာသနာတော်ကား ၂၅၂၆-ခု ဖြစ်သည်၊ မြန်မာနိုင်ငံ၌ သင်္ဂီယနာ ၂-ကြိမ်တိုင်တိုင် တင်ခဲ့သည်၊ မြန်မာနိုင်ငံသား သာသနာ့ဝန်ဆောင် မထေရ်ကြီးများသည် သထုံ, ပုဂံခေတ်မှစ၍ ခေတ်အဆက်ဆက် နိုင်ငံအနှံ့အပြား စာသင်တိုက်ကြီး

http://www.dhammadownload.com

များ, ရိပ်သာများ တည်ထောင်ကာ တပည့်ပေါင်း မြောက်များစွာကို ပရိယတ်, ပဋိပတ်သာသနာ့အမွေများ ကို ဖြန့်ဝေအပ်နှင်း ပေးနေကြသည်၊ ယင်းကဲ့သို့ ဖြန့်ဝေ ပေးမှုကြောင့် မြန်မာနိုင်ငံ၌-

(က) တိပိဋကဓရ, သကျသီဟဓမ္မာစရိယ, စေတိယင်္ဂဏ ဓမ္မာစရိယ, အစိုးရဓမ္မာစရိယ-စသော ပရိယတ္တိ အကျော်အမော် သာသနာ့အာဇာနည်များ၊

(ခ) အများအသိမခံသော ရဟန္တာ, အနာဂါမ်, သကဒါဂါမ်, သောတာပန်စသော အရိယာ ပုဂ္ဂိုလ်များ၊ လယ်တီ, မိုးညင်း, မင်းကွန်း, မဟာစည်, ဝေဘူ, မိုးကုတ်-စသော ကမ္မဋ္ဌာနာစရိယ ကမ္မဋ္ဌာန်း နည်းပြ ပဋိပတ္တိဝန်ဆောင် အကျော် အမော်များ အများအပြား ပေါ်ထွန်းနေခြင်းမှာ မျက်မြင်ကိုယ်တွေ့ အထင်အရှားပင် ဖြစ်ပါသည်။

အဆိုပါ သာသနာ့ဝန်ဆောင် မထေရ်မြတ်ကြီး တို့၏ ဦးဆောင်မှု,လမ်းညွှန်မှုတို့ကြောင့် ရဟန်း, ရှင်, လူ နောင်လူနောက်သားတို့ ပရိယတ်,ပဋိပတ်ဓမ္မများကို လိုက်နာကျင့်သုံးခွင့် ရကြသည်၊ ထိုသို့ လိုက်နာ ကျင့်သုံး ခွင့် ရကြသဖြင့် မျက်မှောက်,တမလွန်ကောင်းကျိုးများ၊ လူ,နတ်,နိဗ္ဗာန် ချမ်းသာကျိုးများ ခံစားကြရပါသည်။

ထူးခြားသည့် ဝန်ထမ်း

နိုင်ငံ့ဝန်ထမ်း,ကုမ္ပဏီဝန်ထမ်းစသော ဝန်ထမ်းများ သည် အသက် ၆၀-တိုင်အောင်သာ ဝန်ထမ်းကြသည်၊ လစာရိက္ခာကိုလည်း ရယူကြသည်၊ သာသနာ့ဝန်ထမ်း မထေရ်မြတ်ကြီးများကား အသက် ၆၀-ကျော်ရုံဖြင့် အနား မယူကြဘဲ သေတပန်သက်တဆုံး သာသနာ့တာဝန်ကို ထမ်းရွက်ကြသည်၊ မစိုးရိမ်ဆရာတော်ဘုရားကြီး ဦးသူရိယဆိုလျှင် သေခါနီး အသက် ၉၀-ကျော်အထိ စာပေများ စာအုပ်လွတ် ပို့ချသွားခဲ့သည်၊ လစာရိက္ခာ မယူဘဲ စေတနာဝန်ထမ်း ထမ်းရွက်ကြသည့် ထူးခြားသည့် ဝန်ထမ်းများ ဖြစ်သည်၊ နိုင်ငံ့ဝန်ထမ်း စသည်တို့သည် နေ့စဉ်အချိန်ကန့်သတ်ပြီး အလုပ်လုပ်ကြသော်လည်း သာသနာ့ဝန်ဆောင် မထေရ်မြတ်ကြီးတို့သည် နေ့ဝါ ညဝါများ ပို့ချကာ နေ့ရောညပါ အချိန် အကန့်အသတ် မရှိ သာသနာ့တာဝန်ကို ထမ်းဆောင်ကြသည်။

သမိုင်းတာဝန် ကျပွန်သူ

ရှေးဘုရားရှင်တို့၏ လမ်းစဉ်ကို လိုက်ကြသော ရှင်တော်မြတ်ဗုဒ္ဓတို့ကို **တထာဂတ**-ဟု ခေါ်ဝေါ်ရသည်၊ ရှေးဘုရားရှင်တို့၏ လမ်းစဉ်အတိုင်း လိုက်နာကျင့်သုံး သည့် **တထာဂတ** အမည်တော် တွင်တော်မူသည့် ရှင်တော်မြတ်ဗုဒ္ဓတို့ကို သမိုင်းတာဝန် ကျပွန်သူဟု ဆိုရမည် ဖြစ်ပါသည်၊ **တထာဂတ** အမည် တော်သည် သမိုင်းတာဝန် ကျပွန်သူဟု ဆိုလိုရင်း ဖြစ်ပါသည်၊ ထို**တထာဂတ**ဟူသော အမည်တော်ကို အလွန်နှစ်ခြိုက် သဘောကျသဖြင့် မြတ်စွာဘုရားတို့သည် မိမိကိုယ်ကို ဖော်ညွှန်းသော အရာများ၌ **တထာဂတ** ဟုပင် အမြတ် တနိုး ဖော်ညွှန်းလေ့ရှိကြသည်ကို ဒေသနာပါဠိတော် အရပ်ရပ် (ဒီ၊၁၊ ၁၃။ ဒီ၊၂၊ ၉၀။ ဝိ၊၁၊ ၄) စသည်တို့၌ မြောက်များစွာ တွေ့ရသည်။

တထာဂတ အမည်တော်ကို နှစ်ခြိုက်တော်မူသော ရှင်တော်မြတ်ဗုဒ္ဓသည် သူ၏



နိုင်ငံ့အရေးစသော အခြားသော အရေးများ ထိုက်သင့် သလောက် ပါဝင်ဆောင်ရွက်ခဲ့သော်လည်း သာသနာ့တာဝန် ကိုသာ ပဓာနထားသည်၊ အဓိကထားသည်၊ သာသနာ့တာဝန် အနှောက်အယှက် ဖြစ်စေမည့်အရာများ၌ မိမိလည်း မပါ ဝင်အောင် နေသည်၊ မိမိ၏ တပည့်သားများကိုလည်း မပါ ဝင်အောင် တားမြစ်သည်၊ ဟန့်တားသည်။

http://www.dhammadownload.com

တပည့်သား ရဟန်း သံဃာတော်များကိုလည်း ငါဘုရားကဲ့သို့ပင် သင်တို့လည်း သမိုင်းပေးတာဝန် ကျေပွန်အောင် ထမ်းဆောင် စေလို သော ဆန္ဒရှိဟန်တူပါသည်၊ ထို့ကြောင့်ပင် ဘုရား ဖြစ်ခါစက-

ချစ်သားတို့ လူ,နတ်, ဗြဟ္မာ သတ္တဝါအများ အစီး အပွားဖြစ်ရန် ချမ်းသာရန် အကျိုးများရန် ဒေသစာရီ လှည့်လည်ကြ၊ စ,လယ်,အဆုံး ကောင်းခြင်း ၃-ပါးနှင့် ပြည့်စုံသော တရားတော်ကို ဟောကြားကြ-ဟု မိန့်ကြား ကာ သာသနာပြု စေလွှတ်ခဲ့သည်။ (ဝိ- ၃၊ ၂၇)

ထိုသာသနာပြု စေလွှတ်ခြင်းဖြင့်ပင် သူတပည့် သား သံဃာတော်များကို သမိုင်းပေးတာဝန် ကျေပွန် အောင် ဆောင်ရွက်ဖို့ တိုက်တွန်းနေကြောင်း ထင်ရှား သည်၊ ကျရောက်လာသော တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်သူ မည်သူမဆို **တထာဂတ**လမ်းစဉ်လိုက်သူ ဖြစ်နိုင်သည်၊ **တထာဂတ**အမည်ကိုလည်း ရနိုင်သည်၊ **တထာဂတ**အမည်သည် မြတ်ဗုဒ္ဓ၏ အမည်ဖြစ်သော် လည်း အခြားသော အရာများ၌လည်း သုံးစွဲနိုင်ကြောင်း ကို -

ယာနိဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝါ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿပူဇိတံ၊
ဗုဒ္ဓံ (ဓမ္မံ၊ သံဃံ) နမဿာမ သုဝတ္ထိ ဟောတု။
(ခု၊ ၁၊ ၇)

ဟူသော ရတနသုတ်ဒေသနာက ညွှန်ပြနေသည်၊ သက်သေခံနေသည်၊ ပညာရှိသဘော ပီသစွာ ကျရောက် လာသော သမိုင်းပေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင် ကြသော ဘုရားမှတပါး အခြားပုဂ္ဂိုလ်များလည်း **တထာဂတ** လမ်းစဉ်လိုက်သူများ, **တထာဂတ** အမည် ရထိုက်သူများပင် ဖြစ်ပါသည်၊ သို့သော် သမိုင်းပေး တာဝန် အပြည့်အဝ ကျေပွန်သူများထဲတွင် ဘုရားနှင့် တူသူ မရှိပါ၊ ဘုရားဖြစ်ချိန်မှစ၍ နေ့စဉ် ၂၄-နာရီ ရှိသည့်အနက်-

၁။ ၁း၂၀-နာရီခန့် ကျန်းမာရေးအရ လမ်းလျှောက် ခြင်း၊

၂။ ၁း၂၀-နာရီခန့် ကျိန်းစက်ခြင်းဟူသော ၂း၄၀-နာရီခန့်လောက် ကိုယ်ပိုင်အချိန်မှ လွဲ၍ ၂၁း၂၀ နာရီခန့် မနေမနား အများအကျိုးအတွက် အလုပ် လုပ်သွားသဖြင့် မြတ်ဗုဒ္ဓလောက် အလုပ်လုပ်သူ ကမ္ဘာမှာပင် မရှိပါ၊ မြန်မာ့ရှေ့ဆောင် မထေရ်ကြီး များသည် သေတပန်သက်တဆုံး ပရိယတ္တိ, ပဋိပတ္တိ သာသနာ့တာဝန်များကို ထမ်းဆောင်သွား ခြင်းဖြင့် သမိုင်းပေးတာဝန်ကို ကျေပွန်စွာ ထမ်း ဆောင်သွားကြလေပြီ။

သမိုင်းပေးတာဝန် ကျေပွန်သူများထဲတွင် မဗိုးရိမ် နွယ်ဖွား အဆက်ဆက်သော ဆရာတော်များသည်ကား ထူးခြားသော ပြောင်မြောက်သော အောင်မြင်သော သမိုင်းတာဝန်ကျေသူများ ဖြစ်သည်ဆိုလျှင် လွန်မည် မဟုတ်ပေ၊ အဘယ့်ကြောင့်ဆိုသော် အချို့စာသင်တိုက် များသည် ဆရာတော် တစ်ဆက်ခန့်သာ တည်တံ့အောင် သမိုင်းပေးတာဝန် ကျေပွန်နိုင်ကြသည်၊ မဗိုးရိမ်တိုက်ကြီး ကား ဆရာတော် ၄စ်ဆက်, သုံးဆက်မက မူလတိုက် တခုတည်းမက တပည့်စဉ်ဆက် တိုက်ခွဲပေါင်းများစွာ သမိုင်းပေးတာဝန် ကျေပွန်အောင် ထမ်းဆောင်နေ သည်မှာ နိုင်ငံသိ ကမ္ဘာသိပင် ဖြစ်ပါသည်၊ **တထာဂတ** လမ်းစဉ်လိုက်သူများ ပီသပါပေသည်။

မွေးနေ့ရှင် ဘဒ္ဒန္တရာဇမဟာဘိဝံသ အရှင်မြတ်ကြီး ဆိုလျှင် ယခု သက်တော် ၈၀-တိုင်အောင် နေ့စဉ်မှန်မှန် ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ ပရိယတ္တိတာဝန်ကို ဆောင် ရွက်နေသည်မှာ အံ့သြစရာ ဂုဏ်ယူစရာ အတုယူစရာ စံထားစရာ ထူးမြတ်သည့် သမိုင်းပေးတာဝန်ကျေပွန်သူ ပညာရှိသဘောပီသသူ တထာဂတအမည်နှင့် ထိုက် တန်သူ သာသနာ့အာဇာနည်ပုဂ္ဂိုလ်ကြီး ဖြစ်ပါသည်၊ ဘုရားကိုယ်စား သုတဗုဒ္ဓကြီး တစ်ဆူလည်း ဖြစ်ပါပေ သည်။ ဤမွေးနေ့ရှင် ဆရာတော်သည် ပညာရှိ သဘော ပီသစွာ သမိုင်းပေးတာဝန် ယူရာ၌ သာသနာ ရေး, ဘာသာရေး, အမျိုးသားရေး, တိုင်းရေး, ပြည်ရေး စသည့် မည်သည့်အရေးမဆို ပါဝင်ဆောင်ရွက်ခဲ့သည်မှာ ၁၉၈၉-ခုနှစ် မန္တလေးပတ္တနိကုဇ္ဇနအရေးက သက်သေခံ လျက်ရှိသည်၊ ထိုကဲ့သို့ ခေါင်းမရှောင်တတ်ခြင်းကြောင့် **ရာဇတော၀ါ** ဘေးကြုံရပြီး ထောင်ထဲ၌ ဝင့်ကြွေးပေး ဆပ်ခဲ့ရသည်။

ဘုရားလက်ထက်က ပဋ္ဌကတ္ထယဆေက ဆင် ဆရာသား စိတ္တမထေရ်မြတ်ကြီးသည် အတိတ် ကဿပ ဘုရားရှင် လက်ထက်အခါက သူငယ်ချင်းတစ်ပါးက လူထွက်လိုကြောင်း တိုင်ပင်သောအခါ သူထံမှ သပိတ်, သင်္ကန်းရလိုသော လောဘဇောဖြင့် သင်္ကန်းချွတ် လူထွက်လျှင် ကောင်းကြောင်း တိုက်တွန်းမိသော

http://www.dhammadownload.com

စကားလေးတစ်ခွန်းကြောင့် ဤဘဝ၌ ၇-ကြိမ် လူထွက်ကာ ဝဋ်ကြွေးပေးဆပ်ခဲ့ရသည်။ (ဒီ၊ ၄၊ ၁၊ ၃၁၂)

သီလရှိသူ ရဟန်းကောင်းများကို နိုင်ငံရေးပြစ်မှု ဖြင့် အတင်း သင်္ကန်းချွတ်ခိုင်းပြီး ထောင်ချသူ တာဝန်ရှိ ပုဂ္ဂိုလ်များကား အဆိုပါ စိတ္ထမထေရ်မြတ်ကြီး၏ ဇာတ်လမ်းကို ထောက်လျှင် ဝန်လေးလှပေစွ။

သို့သော် "ပတ္တမြားမှန်လျှင် နွံမနစ်"#ဟူသော စကားအရ ပတ္တမြားရတနာကို ရွှံ့ညွန်ဖြင့် နှစ်မြှုပ်သော်လည်း ပတ္တမြားရတနာသည် အရောင်မှိန်ရိုး မရှိ၊ ရွှံ့ညွန်ပွတ်တိုက်မှုကြောင့် ပို၍ပင် အရောင်ထွက်သကဲ့သို့ နှစ်မြှုပ်သူများသာ အမောအဖတ်တင်သကဲ့သို့ **ပတ္တမြားရတု** မွေးနေ့ရှင် ဆရာတော်ကြီးသည် ပို၍ပင် တောက်ပြောင်လာသည်မှာ လူတိုင်း အသိပင်ဖြစ်သည်၊ နှစ်မြှုပ်သူများကား တမလွန်မရောက်မီ ဤဘဝမှာပင် ရူးသူ ရူး, လေဖြတ်သူ ဖြတ်, ဒုက္ခရောက်သူ ရောက်, ရာထူး ပြုတ်သူ ပြုတ် သွားကြရလေပြီ။ (ထိုအဖြစ်အပျက်များမှာ အပိုရေးခြင်း မဟုတ်၊ အမှန်သာဖြစ်ကြောင်းကို သိမီသူများအား မေးကြည့်နိုင်ပါသည်၊ သက်သေပြနိုင်ပါသည်။)

(ဩော် . . သံဝေဂ သံဝေဂ)
ပျော်စံရိပ်ငြိမ်၊ စည်းစိမ်မက္ခာ၊
မင်းချမ်းသာကား၊ သမုဒ္ဒရာ၊
ရေမျက်နှာထက်၊ ခဏတက်သည့်၊
ရေပွက်ပမာ၊ တစ်သက်လျာတည်း။
(အနန္တသူရိယ)

အနှစ်နှင့် အကာ

ရွှေဂုဏ်, ငွေဂုဏ်၊ ရာထူးဂုဏ်သည်၊
လူဘုံလောက၊ အကာမျှတည့်၊
သူက ငြူစူ၊ မကြည်ဖြူ၍၊
ခွါယူလိုက၊ ခွါ၍ ရ။
ရိုးဂုဏ် ဖြောင့်ဂုဏ်၊ ယဉ်ကျေးဂုဏ်သည်၊
လူဘုံလောက၊ နှစ်သာရတည့်၊
သူက ငြူစူ၊ မကြည်ဖြူလည်း၊
ခွါယူမရ၊ ကွာ မကျ။
(ဇော်ဂျီ)

အကာဂုဏ်မောက်သူများကား အကာမရှိတော့သဖြင့် လူရာမဝင် မထင်မရှား ချောင်ကြိုချောင်ကြား ရောက်သွား ကြရရှာလေပြီ၊ အနှစ်ဂုဏ်ပိုင်ရှင် ပတ္တမြား ရတုမွေးနေ့ရှင် ဆရာတော်ဘုရားကြီးကား ပတ္တမြားပမာ လွန်စွာ တောက်ပနေဆဲ ဖြစ်ပါသည်၊ မွေးနေ့ရှင် ဆရာတော်ဘုရားကြီးသည် ဆိုခဲ့ပြီးအတိုင်း အရေးကိစ္စမှန်သမျှ ခေါင်းမရှောင်ဘဲ ပါဝင်ဆောင်ရွက်သည် ဆိုသော်လည်း **သူ၏ ပဓာနနှင့်ဆာမည ခွဲခြားထားမှုကို** အခြားသူများ သတိပြုမိချင်မှ ပြုမိပေမည်၊ မှန်ပါသည်၊ သူသည်-

ဆာသနာ့တာဝန်ကို ပဓာန၊
အခြားတာဝန်များကို ဆာမည၊

ခွဲခြားထားဟန် တူပါသည်၊ နိုင်ငံ့အရေးစသော အခြားသော အရေးများ ထိုက်သင့်သလောက် ပါဝင်ဆောင်ရွက်ခဲ့သော်လည်း သာသနာ့တာဝန်ကိုသာ ပဓာနထားသည်၊ အဓိကထားသည်၊ သာသနာ့တာဝန် အနှောက်အယှက် ဖြစ်စေမည့် အရာများ၌ မိမိလည်း မပါဝင်အောင် နေသည်၊ မိမိ၏ တပည့်သားများကိုလည်း မပါဝင်အောင် တားမြစ်သည်၊ ဟန့်တားသည်။

"အတတ်လည်း သင်၊ ပဲ့ပြင် ဆုံးမ၊ သိပ္ပ မချန်၊ ဘေးရန် ဆီးကာ"ဆိုသော ဆရာ့တာဝန် ကျေပွန်ပါပေသည်။

အခို့က ဆရာတော်ဘုရားကြီး၏ သာမည,ပဓာနထားမှုကိုလည်းကောင်း၊ "ဘေးရန်ဆီးကာ"ဟူသော ဆရာ့တာဝန် ကျေပွန်စွာ ဆောင်ရွက်သည်ကိုလည်းကောင်း သတိမမူဘဲ သူတို့ဆန္ဒမပြည့်ဝသဖြင့် ဆရာတော်ကို အပြစ်မြင်ကြသည်၊ နိုင်ငံရေး လုပ်သူများကို ဟန့်တားသည်ဟု အပြစ်တင်ကြသည်၊ ဆရာတော်ကား ပညာရှိပီသစွာ လုပ်သင့်ချိန်မှာ လုပ်သင့်တာကို လုပ်ခြင်း၊ မလုပ်သင့်ချိန်၌ မလုပ်သင့်တာ မလုပ်ခြင်းဟူသော ပညာရှိသဘော ပီသစွာ ကျင့်သုံးနေခြင်းသာ ဖြစ်သည်။

သူသည် ပညာရှိပီသစွာ ရောက်ရှိလာသည့် တာဝန်များကို ဆောင်ရွက်ရင်း သမိုင်းတာဝန်ကျေပွန်သူ အမှန်စင်စစ် ဖြစ်ပါကြောင်း ဖော်ပြဂုဏ်ပြုလျက် စာရေးသူ၏ **ပညာရှိထုံး** ဆောင်းပါးကို အဆုံးသတ်အပ်ပါသတည်း။

အရှင်တိလောကာဘိဝံသ (အင်းစိန်)

http://www.dhammadownload.com

"ပြိုင်ဆိုင်မှုသည် လောကနိယာမဖြစ်သည်"

ပြိုင်ဆိုင်မှုသည် လောကနိယာမ တရားပင်ဖြစ်သည်။ မာန တရားကြောင့်ပင် ဤသို့ဖြစ်နေရသည်၊ ယင်းမာနတရားသည်(၉)ပါး အပြားရှိ၏၊ အယာထာဝမာန(၆)ပါးနှင့် ယာထာဝမာန(၃)ပါးတည်း၊ အယာထာဝမာန(၆) ပါးတို့က အနန္တ ပုထုဇဉ် နတ်လူဗြဟ္မာ သတ္တဝါတို့ကို အမြဲမောင်းနှင် နှိပ်စက်၏၊ ယာထာဝမာန(၃)ပါးတို့သည် သေက္ခ ခုနစ်ယောက် ဖြစ်သော အနန္တသတ္တဝါတို့ကို အမြဲမောင်းနှင် နှိပ်စက်နေသည်။

ထို့ကြောင့် ပုထုဇဉ်သေက္ခတို့ဖြင့် တစ်ခဲနက်ပြည့်ဝပြီးစီးသော ဤအနန္တလောကဓာတ်၌ ပြိုင်ဆိုင်မှုသည် နိယာမတရားဖြစ်သည်မှာ အလွန်ထင်ရှား သိသာသောအချက်ဖြစ်ကြောင်း. . .


မှတ်ထင်မှုသည် မာနမည်၏။ အမှန်သိမှုသည်သာ ပညာတရားဖြစ်သည်။ အမှန်သိမြင်မှုဟူသော ပညာတရား ထွန်းကားအောင် ကြိုးစားရာသော အခွင့်အရေးကြီးသည်. . .

မစိုးရိမ်တိုက်သစ်

(သို့မဟုတ်)

စက်နှိုးထားသော ပြိုင်ကားတစ်စီး

ဦးမဏ္ဍလာဘိသိရီ



http://www.dhammadownload.com

မိစ္ဆာဒိဋ္ဌိမင်း ပါပမင်းစင်စစ်ဖြစ်သော အင်္ဂလိပ်မင်းအုပ်ချုပ်စဉ်ကာလ အောက်မြန်မာနိုင်ငံ နှစ်တစ်ရာကျော်နှင့် အထက်မြန်မာနိုင်ငံ အနှစ်ခြောက်ဆယ်လုံးလုံး အမှောင်ဖုံးကာ လုံးဝ ဆိတ်သုဉ်းခဲ့ရပြီးနောက် . . .

ဤမှာဘက် လွတ်လပ်ရေးအကြိုခေတ်မှစ၍ သုည်မှစတင် ထူထောင်ခဲ့ရကာ ဆဋ္ဌသင်္ဂီယနာတင် ဦးဆောင်နိုင်သည်အထိ အတန်အသင့် ထွန်းကားလာပြီးနောက် မကြာမီကာလဖြစ်သော ၁၃၁၉-ခုနှစ် နယုန်လထဲ၌ ကျွန်ုပ်သည် စာသင်သားရဟန်းငယ်တစ်ပါးအဖြစ် ဤမစိုးရိမ်တိုက်သစ်သို့ ရောက်ရှိနေထိုင်လာရခြင်း ဖြစ်သည်။

မစိုးရိမ်တိုက်သစ် (သို့မဟုတ်) စက်နှိုးထားပြီးသော ဖြိုင်ကားတစ်စီး

၁၃၁၉-ခုနှစ် နယုန်လထဲက ရက်တစ်ရက် ညကာလ၌ မစိုးရိမ်ကျောင်းတိုက်ကြီး အတွင်းသို့ (အဘိဓဇဆရာတော်ကြီး) သီးတင်းသုံးမြဲ နေရာ ကျောင်းအတွင်းတွင် တပည့်ရဟန်းလေးပါး၏ အကြိတ်အနှိပ် ဝတ်ပြုမှုကို ခံယူကာ အေးဆေးစွာ သီးတင်းသုံးနေတော်မူခိုက် ခစားခွင့်ရရှိပြီး ဦးချကန်တော့ပြီးသော ကျွန်ုပ်အား အဘိဓဇဆရာတော်ကြီးက တိုက်သစ်နေချင်လို့ လာလျှောက်သည်ဟု သိတော်မူသောအခါ ခန္ဓာကိုယ်တော် အထက်ပိုင်းကို ခေါင်းအုံးကျောမှီကာ တစ်ဝက်ထိုင်တော်မူပြီး . . .

အဘိဓဇဆရာတော်ကြီး။ ။ ဦးဇင်း ဘယ်နှစ်က ပထမကြီး အောင်ခဲ့သလဲ။

ကျွန်ုပ်။ ။ ၁၃၁၅-ခုနှစ်က အောင်ခဲ့ပါသည်ဘုရား။

အဘိဓဇ။ ။ စာချတန်းတော့ ဘယ်တုန်းက အောင်ခဲ့သလဲ။

ကျွန်ုပ်။ ။ ၁၃၁၆-ခုနှစ်၊ မုံရွာမှ လက်မှတ်ထိုး၍ ရန်ကုန် မြို့မကျောင်းကြီး၌ ကျင်းပသော ဖြေဆိုခွင့်ရသော ကျမ်းရင်းသုံးကျမ်း၌

> မရသေးလျှင်ကျက်၊ ရပြီးလျှင်ပြန်၊အနက်အဓိပ္ပါယ် ဘုရားအာဘော်သိအောင်အဋ္ဌကထာဋီကာနှင့် နိဿယများ ဘာသာပြန်များ လေ့လာလိုက်စား၍ ဆုံးဖြတ်၊ သိမြင်သည့်အတိုင်း တသွေမတိမ်းလိုက်နာကျင့်သုံး၊ဒီကျတော့မှ ကိုယ်တော် သာသနာတွင်းရောက်ပြီမှတ်ပါ”။

“အဂ္ဂမဟာအက္ကော်”၊ ၁၃၁၇-ခုနှစ်မှာ မြန်မာဝုဏ်ထူး ကျမ်းများ “သိရီပဝရမဟာစရိယ”နှင့် ၁၃၁၈-ခုနှစ်မှာ အနောက်ပြင် တောင်သမန်တိုက်မှ လက်မှတ်ထိုးပြီး “သံယုတ္တနိကာယပါရဂူ” အောင်မြင်ခဲ့ပါသည်ဘုရား။

အဘိဓဇ။ ။ ဦးဇင်း တစ်နေ့တစ်နေ့ စာဘယ်နှကြောင်း ကျက်နိုင်သလဲ။

ကျွန်ုပ် ။ ။ ရုတ်တရက် မဖြေနိုင်ဘဲ ခေတ္တငြိမ်သက်နေပြီးမှ ပါဠိတော်အမျိုး အစားများလှသည့်အတွက် ဝိနည်းပါဠိတော်ဝါကျမျိုး၊ ဗြဟ္မဇာလသုတ်စသော အကျဉ်း မာတိကာချပြီး အကျယ်ချဲ့ဟောသည့် သုတ်ပါဠိတော်မျိုးတို့မှာ တစ်ရက် (၂၅)ရွက်လောက်ထိ ရနိုင်ပြီး၊ ပါထိကဝဂ် လက္ခဏသုတ်မျိုး ကျတော့ ၁၀-ရက်ကျက်ရင်တောင် ရနိုင်သည်ဟု မလျှောက်နိုင်ပါဘုရား။ (ဤတွင် ဝတ်ပြုနေကြသော ကိုယ်တော်လေးများ အသံသဲ့သဲ့ထွက် ရယ်မောကြသံကြားရသည်) အဘိဓဇ။ ။ဦးဇင်း ပထမကြီးတန်း နှစ်က တစ်နေ့စာဘယ်နှကြောင်း ကျက်ခဲ့သလဲ။

ကျွန်ုပ်။ ။ အချိန်ဇယားထားပြီး အဘိဓာန်အချိန်၊ ဆန်းအချိန် အလင်္ကာအချိန် သတ်မှတ် ကျက်ခဲ့ပါသည်၊ ဆွမ်းခံချိန် သပိတ်ဖုံး၌ ခဲတန်ဖြင့် ရေးကူး၍ ဓာတ္တထ္ထ သဠာဟ်ပါဠိ တစ်အုပ် ကျက်ခဲ့ပါသည်။ ညဝါများကိုတော့ အထက်ယမိုက်အရင်ဆိုပြီး အတော်ခရီးရောက်သောအခါမှ ပဌာန်းဆိုခဲ့ပါသည်။ ပဌာန်းစာဝါကို ခြောက်လပြည့်ရန် လေးရက်အလိုထိ ဆိုဝါဖြင့် စာတက်ခဲ့ရပါသည်ဘုရား။ (ဤနေရာ၌လည်း ရယ်သံကြားရပြန်သည်)

အဘိဓဇ။ ။ အခု တို့များက နိကာယ်ငါးရပ်လုံး ပါဠိတော်စာမေးပွဲကျင်းပချင်နေတယ်၊ တနှစ်တစ်ကျမ်းဖြေခွင့်ပြုမယ်၊ ပါဠိနဲ့၊ အနက်အဓိပ္ပာယ်နဲ့ နှစ်မျိုးလုံး ရေးဖြေဖြေရမယ်၊ ရေးဖြေက ဘယ်နှခါစစ်စစ် ထပ်စစ်လို့ရတယ်၊ အဲဒီစာမေးပွဲအတွက် စာဖြေသံယာမရှိသေးလို့ စောင့်မျှော်စုဆောင်းနေတယ်၊ ဒါကြောင့် ဦးဇင်း နက်ဖန်ပြောင်းလာခဲ့တော့၊ နေ့အခါ တို့တိုက်သစ်မှာ ရှိနေတယ်။

အထက်ပါအတိုင်း ဆရာ

http://www.dhammadownload.com

တော်ကြီး၏ ခွင့်ပြုမိန့်ကို ကြားနာခံယူရသည့်ခဏ၌ ကျွန်ုပ် ဝမ်းမြောက်ပုံမှာ ဥပမာတင်စရာမရှိအောင် ဖြစ်ခဲ့ရပေသည်။

စက်နှိုးထားသော ပြိုင်ကားတစ်စီးနှင့် အလွန်တူလှသော မစိုးရိမ်တိုက်သစ်ကျောင်းတော်ကြီးသို့ နက်ဖန် ရောက်ရတော့မည်ဟု မနောအစဉ်တွင် ပဲ့တင်ရိုက်ခတ်မဆုံးအောင်ထပ်လျှင် အနောက်ပြင်တောင်သမန်တိုက် ကြည့်မြင်တိုင် အုဋ္ဌကျောင်းသို့ ပြန်ခဲ့သောလမ်းခရီး တလျှောက် မြေကြီးခြေဝါးထိသည်ကိုပင် တစ်ချက်မှ မသိအောင်ရှိခဲ့တော့သည်။

ဆရာတော်ကြီးရော မိမိပါ ဝမ်းမြောက်လိုက်သည့်ဖြစ်ခြင်း၊ သြော် အခုမှ "ဂျီမနှင့် ပဲခင်း" "အောက်ပြန် နှင့် ရွာကျန်" "အချိုရှာသကာတွေ့" "အပျိုရှာ ကညာတွေ့" တွေ့ကြရပါပြီကောဟု အသော အရွှမ်း မြန်မာစကားပုံလေးများ မွှမ်းကာ "နဂါးဆီကို အဝသောက်ရ၍ ငြိမ်ဆိတ်သွားသော ဂဠုန်မင်းစည်းစိမ်မျိုး" ခံစားလျက် စိတ်ကူးယဉ်အိပ်မက်ကမ္ဘာထဲသို့ ကျွန်ုပ်၏ စိတ်အစဉ် ဝင်ရောက်သွားခဲ့ပါတော့သည်။

စက်ရှိန်ပြင်းလှသော ပြိုင်ကားနှင့်တူသော တိုက်သစ်၌နေထိုင်စီးနင်းရပုံ

ဆရာတော်ကြီး၏ အချိုးအမြောက်ခံယူ၍ ကျွန်ုပ် ပရိယတ်ခရီးသည်တစ်ယောက် အရံသင့် စက်နှိုးပြီးသော ပြိုင်ကားနှင့်တူလှသော တိုက်သစ်သို့ရောက်သည့်အခါ တိုက်သစ်တစ်ခုလုံးမှာ ဓမ္မဒါယာဒကျောင်းဆောင်နှင့် ဓမ္မဒီပကျောင်းဆောင်ဟူ၍ ကျောင်းဆောင်နှစ်ခုသာ ရှိသေး၏။ ဆရာတော်ကြီးမှာ တိုက်ဟောင်းတွင် အာရုံစာဘုဉ်းပေးခဲ့ပြီး ဓမ္မဒါယာဒကျောင်း၌ နေ့ဆွမ်းဘုဉ်းပေးကာ ဓမ္မဒီပကျောင်း၌ ပဌာန်းစာဝါတစ်နေ့သုံးဝါ မျှ ပို့ချရင်း တစ်နေကုန်သိတင်းသုံးလေ့ရှိတော်မူ၏။

ဓမ္မဒီပကျောင်းဆောင်၌ ကျွန်ုပ်ပါ သံဃာ ၁၇-ပါး ရှိ၏၊ ဓမ္မဒါယာဒ၌ကား ဆရာတော်ကြီးပါ အဖျောက် ဆရာတော်၊ ပြီးတော့ဦးအမတဟူ၍ သုံးပါး၊ ဥပဌာကဦးလက္ခဏာတစ်ပါးဟူ၍ လေးပါးမျှ သိတင်းသုံးလျက်ရှိ၏။ နှစ်ကျောင်းပေါင်းမှ ၂၁-ပါးသာရှိ၏။

တိုက်၏ မြောက်အစွန်း အင်းစပ်၌ သုံးခန်းတွဲ သစ်သားကုဋီတစ်လုံးရှိ၏၊ အနောက်မျက်နှာတစ်ဘက်သာ အုဋ္ဌတံတိုင်း ခတ်ရသေး၏၊ တံခါးမကြီးပင် တခါးများမတပ်ဆင်ရသေး၍ မလုံခြုံသေး။ တိုက်သစ်၏ အနောက်ဘက်၌ တာရိန်လမ်းပေါက်အောင် တောင်မြောက်လမ်းမကြီးရှိ၏၊ တိုက်သစ်တောင်ဘက်မျက်နှာက တံတိုင်းမကာရံရသေးသဖြင့် တမာပင်များနှင့် အလေ့ပေါက်ခြုံများ မျက်စေ့တဆုံးမျှရှိ၏။ ခြုံတော၏ တောင်ဘက်၌ နွားသတ်ရုံရှိ၏၊ ဒိုင်းဝန်ကျောင်းဝန်းကြီးလည်း ကျယ်ဝန်းသမျှ အမြဲနေမရှိ၍ ၁၇-ပါးဖြင့် သိတင်းသုံးရသော ဓမ္မဒီပကျောင်းဆောင်မှာ ညဉ့်အခါများ၌ ကာမဂုဏ်သိတို့အတွက် ကြောက်မက်ဖွယ်ပင် ကောင်းလှသေး၏။

ရမဏီယာနိ အရညာနိ၊
ယတ္ထ နု ရမတီ ဇနော။
ဝိတရာဂါ ရမိဿန္တိ၊
နု တေ ကာမဂုဏေသိနော-
ဟူသော ဓမ္မပဒ ဂါထာကဲ့သို့
ရမဏီယော ယံ ဝိဟာရော၊
ယတ္ထ နု ရမတီ ဇနော။
ဝိတရာဂါ ရမိဿန္တိ၊
နု တေ ကာမဂုဏေသိနော-
ဟု ဆိုခွင့်ဆိုက်၍ စာသမားတစ်ဦးသာ ဖြစ်သော ကျွန်ုပ်မှာမူ လစ်လပ်သောအချိန်များ၌ ထိုအတိုင်း ရွတ်ဆိုနေမိခဲ့ပါသည်။

(ပဋိရူပကဖြစ်သော ရစနာဂါထာ၌ အယံ ဝိဟာရော-အရ ဤမစိုးရိမ်တိုက်သစ်ဟု ယူ။ ယတ္ထ နု ရမတီ ဇနော-၌ ဇနော-အရ သာမည စာသင်သား အများစုယူ။ ဝိတရာဂါ-အရ ရဟန်းတို့၏ ကာမဂုဏ်ဖြစ်သော ဆွမ်းသင်္ကန်းကျောင်းဆေး ပစ္စည်းလေးပါး အမွေဆိုးများမှာ လောလုပ်တဏှာ ရာဂကင်းသော အမြင့်တန်းစား စာသင်သားများယူ။ နု တေ ကာမဂုဏေသိနော-၌ ကာမ-အရ အထက်ကဆိုခဲ့သော ပစ္စည်းလေးပါး ရဟန်း ကာမဂုဏ်များယူ)

ဤဂါထာလေး တအေးအေး ရွတ်ဆိုရင်း နက်နဲသော ဝိဝေကအရသာကို တပ်မက်စွာခံစားမိတော့၏။

ဓမ္မဒီပကျောင်းဆောင်မှာ အပါး(၃၀)ကျော် ဆံ့ဝင် သိတင်းသုံးနိုင်သည်ဖြစ်ရာ ယခုမူ တစ်ဝက်ကျော်ကျော်မျှသာ သံဃာရှိသေး၍ နေရာလွတ် များနေသေးသည်၊ ကျွန်ုပ်မှာ တောင်မျက်နှာပြူ အထက်စကြီ အထက်ခန်း အခန်းနံပါတ်(၇)မှာ အရှင်တေဇလ(ပျော်ဘွယ်)နှင့် တွဲလျက် နှစ်ပါးနေအခန်း ရရှိသည်။

ပါဠိတော်တိုက် ဖြစ်မြောက်စေရန် ဦးတည်တည်ထောင်နေသည့်

http://www.dhammadownload.com

အားလျော်စွာ ပါဠိတော် ကျက်နိုင်မည့် စာသင်သားအားလုံးကို တစ်ပါးလျှင် ခုဋ္ဌင်တစ်လုံး၊ ကုလားထိုင်တစ်လုံး၊ ခြင်ထောင်ခေါင်းအုံးတစ်စုံပေးထားပြီး ဆွမ်းမခံရ ဆွမ်းကပ်မှုတာဝန်အားလုံး ကျောင်းဒါယကာကြီးက လုံးဝတာဝန်ယူထားပါသည်။ နံနက်အရုဏ်စာကို သင့်လျော်သလို ကိုယ့်ဘာသာဖြေရှင်းစေပြီး နေ့ဆွမ်းအတွက် ဆွမ်း၊ ဆွမ်းဟင်းအစုံ အိမ်မှ အပြည့်အစုံ ယူလာပြီး နေ့စဉ်ကပ်နေပါသည်။

ဥပုသ်နေ့များ၌ အထူးအဖြစ် နံနက်စာ၊ နေ့စာ နှစ်ထပ်နှစ်ခါ ကပ်လှူပြီး "ဘာများ ဘုဉ်းပေးချင်ပါသလဲ"ဟု မေးပြီး အပြည့်အဝ အထူးပြုစုနေပေသည်။ ခြင်ထောင်ခေါင်းအုံးများ လျှော်ဖွတ်ဖို့လို သော် အဟောင်း သိမ်းသွားပြီး အသစ်ချက်ချင်းထုတ်ပေးပါသည်။

သည်မျှလောက်ပြည့်စုံသော သည်နေရာမျိုးကို ဖြောင့်မှန်သော မည်သည့်စာသင်သားများ မနှစ်သက်ဘဲ ရှိနိုင်ပါသနည်း၊ ဒါယကာဘက်က လုပ်နိုင်သမျှ ကမ်းကုန်လမ်းကုန် လုပ်နေတာဖြစ်ကြောင်း ကိုယ်တွေ့ တွေ့ရှိရပေတော့သည်။

ကျွန်ုပ်သည်ကား တိုက်သစ်ရောက်သည့်အခါနှင့်ကစ၍ စာကျက်စာပြန်စာကြည့် လုပ်ငန်းကြီးများကို မှန်မှန်သန်သန်ကြီး လုပ်နေရုံမျှမက နေ့စဉ် ဆွမ်းခံထွက်သည့်အပြင် ထိုခေတ်က ဆွိဒင် ပက်ထရိုမက်စသော ရေနံဆီ လေထိုးမီးဖိုများ အသုံးပြုသောခေတ်ဖြစ်၍ လေမီးဖို တစ်လုံး အမြဲဆောင်ထား အသုံးပြုပြီး၊ ဓာတ်ဗူးကြီး နှစ်လုံး ရေနွေးပူပူအပြည့်ထားရှိပြီး ရွှရွမွမွ ထန်းလျက်လုံးကလေးများလည်း ဆောင်ထားပါသည်၊ အရေးပေါ် အသုံးပြုနိုင်ရန် ဆန်ကောင်းတစ်ပြည် ဆောင်ထားပါသည်၊ စီးကရက်နှင့် ဆေးပေါ်လိပ်များလည်း အမြဲအပြည့်အစုံ အလျှံပယ် ထားရှိပါသည်။

ထို့ကြောင့် အားလပ်ချိန်ကလေးများရတိုင်း ကျွန်ုပ်အခန်းသို့ စာသင်ဖော်များ ရောက်ရောက်လာနေကြမြဲဖြစ်ပါသည်။



တိုက်သစ်၊ ကျွန်ုပ်နှင့် အာစိဏ္ဏ

ထိုအထဲတွင် မိုးဖွဲဖွဲရွာချနေစဉ် နံက်ခင်းတခု၌ ဓမ္မဒီပကျောင်းနေ ကျွန်ုပ်အောက် ဝါငယ်သော အရှင် အာစိဏ္ဏတစ်ပါး လာခြင်းဖြစ်ပါသည်၊ အရှင် အာစိဏ္ဏသည် အခန်းတွင်းရောက်လာပြီး "သာသနာကြီး ပျင်းစရာ ကောင်းလိုက်လေ၊ ဒီလိုမိုးဖွဲဖွဲရွာနေစဉ် ပိုပျင်းစရာကောင်းသေး"အစရှိသဖြင့် ငြီးတွားပြောဆိုနေတတ်ပါသည်။ ဒီပုံအတိုင်း ငြီးတွားနေသည်မှာ သုံးကြိမ်မျှ ထပ်ကာကြားရသောအခါ ကျွန်ုပ်စိတ်တိုပြီး "ဦးအာစိဏ္ဏ တော်တော့၊ ကိုယ်တော်ဘာဖြစ်လို့ ငြီးနေရတာလဲ ငြီးစရာမလိုဘူး၊ ကိုယ်တော် မပျော်ရင် အချိန်မရွေး ထွက်နိုင်တယ်၊ ဘယ်သူကမှ ကိုယ်တော့်ကို ချုပ်မထားဘူး မဟုတ်လား"ဟု ခပ်ပြတ်ပြတ် ခပ်ကျယ်ကျယ် ငေါက်ငမ်းပြောဆိုမိသည်၊ ဦးအာစိဏ္ဏ ငြိမ်ပြီး ထိုင်လိုက်သောအခါ ကျွန်ုပ်ဆက်ပြောမိသည်မှာ "ဒီမှာ ဦးအာစိဏ္ဏ ကိုယ့် ကိုယ်ကို သာသနာတွင်း ရောက်ပြီးလားလို့ သေချာအောင် စဉ်းစားကြည့်စေချင်တယ်၊ ဥ တွင် စတုတ္ထ ခံယူကာမျှဖြင့် သာသနာတွင်း ရောက်ပြီးလို့ ထင်နေသလား၊ ဥ တွင်စတုတ္ထကမ္မဝါဆိုတာ သံယာကလက်ခံချီးမြှောက်ခြင်း သက်သက်သာဖြစ်ပါတယ်"။

"မင်းသားလေး တစ်ဦးကို မုဒ္ဓါဘိသိက်သွန်းလိုက်သည့် သဘောမျိုးသာ ဖြစ်တယ်၊ အဲဒီမင်းသားလေး မင်းအဖြစ်ရောက်ပြီးမှ ဝန်ကြီးဌာနစာရင်းများရှုပြီး အော်ငါပိုင်တာတွေ ဒီလောက်များပါလားလို့ သိသလို ရဟန်းဘဝရောက်ပြီးမှ ပိဋကတ်သုံးပုံ စေ့စုံလိုက်စားသော အခါမှ ငါပိုင်သည့် အရိုက်ရာငါဥစ္စာတွေဟာ "ဒါတွေ ဒါတွေ အကုန်ပါလားလို့" သိရမှာဖြစ်ပါတယ်"။

"ဒီတော့ မရသေးလျှင်ကျက်၊ ရပြီးလျှင်ပြန်၊ အနက်အဓိပ္ပါယ် ဘုရားအာဘော်သိအောင် အဋ္ဌကထာ ဋီကာနှင့် နိဿယများ ဘာသာပြန်များ လေ့လာလိုက်စား၍ ဆုံးဖြတ်၊ သိမြင်သည့်အတိုင်း တသွေမတိမ်း လိုက်နာကျင့်သုံး၊ ဒီကျ

http://www.dhammadownload.com

တော့မှ ကိုယ်တော် သာသနာတွင်း ရောက်ပြီမှတ်ပါ"။

"ကိုယ်တော် ခု သိက္ခာပုဒ် ဘယ်နှပုဒ်လောက်၊ ခုတင်ဘယ်နှပါး လောက် ဆောက်တည် ကျင့်သုံးဖူး ပြီလဲ။ ဥပမာ ငွေမကိုင်ရ ဘိနပ်မစီးရ ဆိုတဲ့ သိက္ခာပုဒ် အသေးစားလေး တွေ စဉ်းစားကြည့်၊ ခုတင်များမှာလဲ ပိဏ္ဍာပါတ်ခုတင်၊ ပတ္တပိုင်ခုတင်၊ အဇ္ဈောကာသိကခုတင်၊ ရုက္ခမူခုတင် စသည်များ ဘယ်နှခုလောက် လိုက် နာကျင့်သုံးဖူးပြီလဲ၊ တစ်ခုမှ မကျင့် သုံးဖူးသေးလျှင် ကိုယ်တော် သာ သနာတွင်း ဘယ်ရောက်ဖူးသေး လို့တုန်း"။

"စဉ်းစားကြည့် သန္ဒိဋ္ဌကော အစရှိသော တရားဂုဏ်တော်တွေ သမ္မပ္ပလာပဝါစာ အဓိပ္ပါယ်ကင်းမဲ့စွာ ဟောထားသည်လို့ ကိုယ်တော်ထင် နေသလား၊ သာသနာတော်ကြီးက ပျင်းစရာမကောင်းဘူး၊ ကိုယ်တော် အသုံးမကျလို့ ပျင်းစရာကောင်းနေ တာမဟုတ်ဘူးလား၊ နောက်ဘယ် တော့မှ တပည့်တော်ကြားအောင် "သာသနာတော်ကြီး ပျင်းစရာ ကောင်းလိုက်တာလို့" မငြီးနဲ့တော့၊ ငြီးသံကြားလို့ ထပ်ထပ်ပြောရင် တပည့်တော်ကို ကိုယ်တော်မုန်းလာ လိမ့်မယ်"ဟု စသည်ဖြင့် ပြောကြား မိရာ ဦးအာစိဏ္ဏာတစ်ပါး နားလည်မှု ပြည့်ဝပြီး ယခုကစပြီး လက်တွေ့ ကျင့်သုံးပါတော့မည်၊ ဘိနပ်စီးမှု ငွေ မကိုင်မှုက စပါမည်၊ ယခု တပည့် တော် စကုတိုက် ပြန်သွားပြီး တစ်ပါး နေ ကျောင်းကလေး ဖန်တီးပြီး လက်တွေ့ကျကျ ကျင့်သုံးပါတော့ မည်၊ အတန်အသင့် နိုင်နင်းလာမှ မြို့တွေ ရွာတွေ စွန့်ခွါပြီး တစ်ကိုယ် တော် ဧကစာ ကျင့်သုံးနေထိုင်ပါ တော့ မည်ဟူ၍ နှုတ်ဆက်ပြီး တကယ်ပင် စကုတိုက်ပြန်သွားပြီး ဆရာများ ဒါယကာများ ကျေနပ် အောင် ပန်ကြားဆောင်ရွက်၍ ဘီး တပ်ထားသော တစ်ပါးနေကျောင်း ပေါ့ပေါ့ကလေးဖန်တီးပြီး စကုတိုက် အတွင်း သူစိတ်ချမ်းသာရာ တွန်း သွား ရပ်ထားပြီး သီတင်းသုံးနေ တော့သည်။

တနှစ်ကျော်မျှ ကြာသော အခါ တိုက်သစ်ပြန်လာပြီး အခုလက် တွေ့ကျင့်သုံးမှု အောင်မြင်သင့်သ လောက် အောင်မြင်နေပြီဖြစ် ကြောင်း၊ စစချင်း သုံးလလောက် နေ့တိုင်းမျက်ရည်ကျ ငိုကြွေးခဲ့ရ ကြောင်း သုံးလလောက် ကျော်လာ ချိန်ကစ၍ ခုချိန်ထိ စိတ်ဆင်းရဲစရာ မတွေ့ရတော့ပါ၊ သာသနာတော်မှာ တပည့်တော် ပျော်နေပါပြီ၊ မကြာမှီ မြို့တွေရွာတွေ စွန့်ခွါ၍ ထွက်သွား တော့မည်၊ ယခု ဂါရဝပြုနှုတ်ဆက် ပါသည်ဟု ဆိုကာ ရှိခိုးဦးချပြီး သွား ခဲ့သည်။

ကျွန်ုပ်စိတ္တသုခ မုံရွာမှာနေ၍ ၁၃၂၅-ခုနှစ် ရောက်သောအခါ ထူးဆန်းသော ညည့်သည်ဒါယကာ နှစ်ယောက် တစ်ရက်တစ်ယောက် နှစ်ရက်ဆက်၍ ရောက်လာခဲ့၏၊ ဦးအာစိဏ္ဏ၏လက်ရေးဖြင့် ရေးထား သော စာအိတ်ကလေးလာပို့ကြခြင်း ဖြစ်၏၊ ထိုဒါယကာနှစ်ယောက်လုံး မသိကျွမ်းဘူးသော သူစိမ်းသက် သက်များ ဖြစ်၏။ စာအိတ်ကို ဖွင့် ဘာသံသောအခါ စာရွက်နှစ်ရွက်တူ ၏၊ ရှေ့ရက်ရောက်လာသောစာက မိုးကုတ် ကြပ်ပြင်မှ ပေးလိုက်သော စာဖြစ်ပြီး ဒုတိယရက်ရောက်လာ သော စာကတော့ ဘိတ်(မြိတ်)မြို့မှ ပေးခိုင်းလိုက်သော စာဖြစ်သည်ကို တွေ့ရ၏။

ကျွန်ုပ် သဘောပေါက်သွား ခဲ့ပြီ၊ "အော် ဦးအာစိဏ္ဏာ အောင်မြင် သွားပြီကိုး၊ မိုးကုတ်နှင့် ဘိတ်(မြို့) ဘယ်လိုမှ တစ်ညတည်းသွား၍ မရောက်နိုင်၊ ဒါ ငါ့ကို သတိရ၍ ပညာသားပါပါ သတင်းပို့ပေးသကိုး" ဟု ကောင်းစွာ မှတ်ချက်ချနိုင်ပေ တော့သည်။

(ဤကား တိုက်သစ် ဦးအာ စိဏ္ဏာ အကြောင်းတည်း)

တိုက်သစ်နှင့်ထူးခြားမှုတစ်ခု

စက်အရှိန်မြင့်၍ အမြန်နှုန်းမြင့် မောင်းနှင်နေသော ပြိုင်ကားကြီးပေါ် စီးနင်းလိုက်ပါနေခိုက်နှင့် အလားတူ သော မစိုးရိမ်တိုက်သစ် အထက် ထပ် တောင်မျက်နှာလှည့် အခန်း အမှတ်(၇)၌ နေခွင့်ရခဲ့သော ကျွန်ုပ် သည် မိမိစိတ်ဆန္ဒအတိုင်း ပါဠိတော် ကျက်ရသမျှကို ထပ်ကာထပ်ကာ သရဇ္ဈာယ်၊ အဓိပ္ပါယ်အဆုံး အဖြတ် များကို ပြည့်စုံအောင်ဆည်းပူး မှတ် သားလျှက် သာမန်စာသင်သားထုံးစံ အတိုင်းဖြစ်သော်လည်း တည်နေ ရာဌာန ဂုဏ်သိက္ခာအရှိန်အဝါ ကြီး မှုကြောင့် အတွေ့အကြုံကလေးများ မှာမူ စိတ်ဝင်စားဖွယ် ထူးခြားနေခဲ့ ပေသည်။

ထူးခြားသော အတွေ့အကြုံ တစ်ခုမှာ ဒကာတင်၏ ထူးဆန်း သော လက်ကမ်းကြော်ငြာကလေး ကိစ္စပင် ဖြစ်ပေသည်၊ မန္တလေးမြို့ ၈၄-လမ်း ဇွဲဓောတ်ပုံတိုက်၏ အရှေ့ ဘက် မိမိကိုယ်ပိုင်မြေကွက်၌ နေ ထိုင်သော "ဦးတင်မောင်"ဟု ခေါ်ဆို အပ်သော ဒကာကြီးတယောက်ရှိ၏၊ သူသည် တရားဆွေးနွေးဝိုင်းတို့၌

http://www.dhammadownload.com

အငြင်းသန်၏၊ ဂျပန်ဗုဒ္ဓဘာသာအဖွဲ့ချုပ်၏ ဘိတ်ကြားမှုဖြင့် ဗုဒ္ဓဘာသာဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးဘူး၏၊ ပုထုဇဉ်တို့မှာရှိသော အတ္တသည် "သြဠာရိကအတ္တ"၊ သေက္ခအရိယာတို့မှာ "သုခုမအတ္တ"၊ အသေက္ခအရိယာ ဘုရားရဟန္တာတို့မှာ "အတိသုခုမ အတ္တဒိဋ္ဌိ"များရှိသေး၏၊ နာမရူပပရိစ္ဆေဒဉာဏ်ဒိဋ္ဌိဝိသုဒ္ဓိစသန်း၌လည်းကောင်း၊ သောတာပတ္တိမဂ်ဉာဏ်၌လည်းကောင်း၊ ပယ်အပ်သောဒိဋ္ဌိကား "သြဠာရိကအတ္တဒိဋ္ဌိ"သာဖြစ်သည်စသည်ဖြင့် ယုတ္တိသက်သေများ မြိုင်မြိုင်ဆိုင်ဆိုင်ကြီးပြပြီး အာဘောင်အာရင်းသန်သန် ပြောဆိုဆွေးနွေးလေ့ရှိပြီး ဆန်းပြားသောပုစ္ဆာများ မေးမြန်းဆွေးနွေးလေ့ ရှိသဖြင့် သူကို ဦးတင်မောင်ဟု မခေါ်ဆိုကြဘဲ "ဝွတင်" ဟု မိတ်ဆွေများက ခေါ်ဆိုကြ၏။

ဝွတင်ဟု အခေါ်ခံရသော ထိုဒကာကြီးဦးတင်မောင်သည် ယခုလည်း ဝွကျသော အလုပ်တခုကို ပြုလုပ်လိုက်ပေသည်၊ "လူထွက်လိုသော ကိုယ်တော်များသို့"ဟု ခေါင်းစီးတင်လျက် "အရှင်ဘုရားများအကယ်၍ သာသနာဘောင်၌ ငြီးငွေ့ပြီး လူထွက်ချင်ပါလျက် စားဝတ်နေရေး အိမ်ထောင်ရေးများ တွေးကြံကြောက်ရွံ့ တွန့်ဆုတ်ပြီး သင်္ကန်းဝတ်နှင့် ပေမနေကြပါနှင့်ဘုရား၊ အောက်ပါလိပ်စာအတိုင်း ဆက်သွယ်အကြောင်းကြားပါက လူထွက်တစ်ယောက် ဝတ်စုံနှစ်စုံလှူမည်၊ ထွက်ထွက်ချင်း နေရန်အိမ်ခန်းပေးမည်၊ မိန်းမ တောင်းပေးမည်၊ အသက်မွေးဝမ်းကြောင်းပညာ သုံးမျိုးအခမဲ့သင်ပေးမည်၊ ကိုယ်လုပ်ခနှင့်ကိုယ် မနေနိုင်ခင် အခမဲ့ကြွေးထားမည်၊ ဒါကြောင့် သာသနာ့ဘောင်၌ ငြီးငွေ့ပါလျက် ပေနေတော်မမူကြရန်"ဟု လက်တဝါးခန့် အရွယ်ရှိသော ကြော်ငြာစာရွက်တစ်ရွက်ကို မန္တလေးသံယာထုသို့ ဖောဖောသီသီ ဝေငှဖိတ်ခေါ်လိုက်ခြင်းပင် ဖြစ်ပေသည်။



အကျဉ်းအားဖြင့်ဆိုမူ သူသေသည်အထိ နိုင်ငံရေး သရုပ်ပြ ဘာသားရေး (၀၀) အတုအပ ဗုဒ္ဓ ဘာသာရေးကို သရုပ်ပြသေဆုံးသွားသူဖြစ်၏၊

၌ဘိတ်စာကလေးသည် ပါဠိစာပေ မြန်မာစာပေသမိုင်းစဉ် တစ်လျှောက် တခါမှ မရှိခဲ့ဘူးသော ဘိတ်စာ မျိုးဖြစ်၍ အံ့သြစရာ ဆန်းကြယ်နေသည်၊ မန္တလေးသံယာလောက ထေရ်ငယ်ဝါငယ်များ ခြောက်ခြားသွား၏၊ ဟုတ်နိုင် မဟုတ်နိုင် ဆွေးနွေးငြင်းခုံကြ၏၊ ပြင်ပအဆက်အသွယ်နည်းလှသောကြောင့် တိုက်သစ်သံယာက မသိကြသေး။

တနေ့သ၌ ညနေသုံးနာရီအချိန်ခန့်မှာ ဆရာတော်ကြီး၏ဥပဋ္ဌာက ရှင်စန္ဒိမာ ကျွန်ုပ်အခန်းပေါက်လာ ရပ်၍ "ဆရာတော်ကြီး၏ အမိန့်တော် မုံရွာဆရာ အခုလာခဲ့ရမည်"ဟု နှစ်ခွန်းသုံးခွန်းထပ်ကာ အော်၏၊ "ဟေ့ စန္ဒိမာ ငါ နားမလေးဘူး၊ ဘာကြောင့် ဒါလောက် အော်နေရလဲ"ဟု ပြောပြောဆိုဆို ကေသီကို သေသေသပ်သပ် ရမ်းပြီး ဆရာတော်ကြီးအနီး၌ရပ်၍ "တပည့်တော်ရောက်ပါပြီဘုရား"ဟု လက်အုပ်ချီလျှောက်ထား ရသည်၊ ဆရာတော်ကြီးက အနားခေါ်၍ စာရွက်ကလေးတစ်ရွက်ပေး၏၊ "မုံရွာဆရာ ဒီစာရွက်ကလေး ကြည့်စမ်းပါ"ဟုလည်း အမိန့်ရှိ၏။ (ဆရာတော်ကြီးက ဦးမဏ္ဍာလကို မုံရွာဇာတိဖြစ်၍ မုံရွာဆရာဟု ခေါ်သည်)

ဆရာတော်ပေးသည့်စာရွက်ဘာသံကြည့်၍ ချက်ချင်းလျှောက်၏၊ "ဆရာတော် ဒီစာရွက်နဲ့ ပတ်သက်လို့ တပည့်တော် ဘာလုပ်ပေးစေချင်ပါသလဲဘုရား"၊ "ဦးဇင်း ဒီကြော်ငြာဝေတဲ့သူကို သိလား"။ "သိပါသည် ဘုရား၊ သူ့ကြော်ငြာမှာ လိပ်စာလည်းပါပါသည်ဘုရား"၊ "ဒါဖြင့် ဒီကြော်ငြာကိစ္စ ဆောင်ရွက်လိုက်ပါဦး၊ ဦးဇင်းတွေ အလိုလိုမှ ထိန်းရသိမ်းရခက်ရတဲ့အထဲ ဒီကြော်ငြာမျိုးရလို့ကတော့ သာသနာပျက်စီးသွားနိုင်တယ်၊ ဒါကြောင့် ဒီကြော်ငြာ မဝေစေချင်ဘူး"ဟု အမိန့်ချခိုင်းစေတော့ရာ "မှန်လှပါယခု ချက်ချင်းသွားပြီး ပြန်လာလျှောက်ထားပါမည်ဘုရား" ဟု လျှောက်ခဲ့ပြီး ၈၄-လမ်း ဇွဲဓာတ်ပုံတိုက် နောက်ဖေး ဦးတင်မောင်အိမ်သွားရောက်၍ ဒါယကာကြီး ဦးတင်မောင်အား ဆရာတော်ကြီး အလိုတော်ကို ပြန်ကြား ပြောဆို၍ ဒီကြော်ငြာမဝေရန် အလှူခံရတော့

http://www.dhammadownload.com

၏။

"ကျုပ်ဘာသာ ကျုပ်ဆိုလျှင် ဒကာကြီးကြော်ငြာ သိတော့မှာ မဟုတ်ဘူး၊ ဆရာတော်ပြလို့သာ သိရတာ၊ အဲ အဓိကကတော့ ဆရာတော်ကြီး စိတ်မချမ်းသာတဲ့ကိစ္စကို မလုပ်စေချင်ဘူး၊ ဆရာတော်ကြီး ဆိုတာ မြန်မာနိုင်ငံ တစ်သာသနာလုံးရဲ့ ခေါင်ထိပ်ဖြစ်တော့ ဒီလို မေတ္တာ ရပ်ခံထားပါလျက် ဒကာကြီး ဆက်ဝေမည်ဆိုလျှင် သံဃာနှင့် ဒကာကြီး ထိပ်တိုက်တိုးမိလိမ့်မည်။

မင်းအဆက်ဆက် ဘုရင်များ မှူးမတ်များ သူဌေးသူကြွယ်များ ရှင်ပြုကြ ရဟန်းခံကြ ဘုရားတည်ကြ ကျောင်းဆောက်ကြ အားရပါးရ ထက်သန်နေတဲ့ ဒီအခါ ဒီခေတ်ကြီးမှာ ဒကာကြီးသဒ္ဓါတရားက ဂုဏ်မမြောက်ပါဘူး၊ ရှက်စရာသဒ္ဓါတရား အသဒ္ဓါယသဒ္ဓါတရား မိစ္ဆာသဒ္ဓါတရားဖြစ်မနေပေဘူးလား၊ ဒကာကြီး စဉ်းစားနားလည်စေချင်ပါတယ် ဒကာကြီး"စသည်ဖြင့် ပြောင်ကျကျတဲ့တိုးပြောရ၏။

ဝိနည်းပိဋကမှာလာတဲ့ "ပုည သမ္မတအပုည"ကုသိုလ်ဆိုတာမျိုး အဆိပ်အလှူ လက်နက်အလှူ ဆိုတာမျိုးပေါ့၊ "အလှူဆိုတာနဲ့ ကုသိုလ်"လို့ ကောက်မရဘူး ဒကာကြီး၊ ဒကာကြီးအလုပ်တွေဟာ ကုသိုလ်ဟုတ်မဟုတ် အနဝဇ္ဇသုခဝိပါကလက္ခဏာရှိသော အလုပ်ဟုတ်မဟုတ် ဝေဘန်ကြည့် ဒကာကြီး" စသည်ဖြင့် သူ့ကို အလှည့်မပေးတော့ဘဲ ကျွန်ုပ်ကချည်း ဆက်တိုက်ပြောလိုက်ရာ "ဂွတင်"ဟု နာမည်ဆိုးဖြင့် တွင်သော ဦးတင်မောင်သည် နေရာမှ ထသွားပြီး မဝေရသေးသော ကြော်ငြာစာအရွက် အထုပ်ကြီးလိုက် လက်သို့ကပ်ပြီး "ဆရာတော်ကြီးထံ ကိုယ်တိုင်လာ၍ ဆက်ဆက်ကြီး ဦးခိုက်ကန်တော့ လာရောက်ပါမည်၊ ခုတော့ဖြင့် ဒီစာထုပ်ကိုပဲ ကပ်လိုက်ပါမည်၊ လျှောက်တင်ပေးပါဘုရား၊ တပည့်တော်ဘယ်တော့မှ ဆရာတော်ကြီး စိတ်မချမ်းသာသော အလုပ်သံဃာများမကျေနပ် မနှစ်မြို့သောအလုပ် မလုပ်ပါဟု ဝန်ခံကတိပဋိညာဉ်ပြုပါသည်ဘုရား"ဟု လျှောက်ပေသည်။

ကျွန်ုပ်လည်း သာခုခေါ်ပြီး ဒကာကြီးကို ကျေးဇူးတင်ကြောင်း နှုတ်ဆက်ပြန်လာပြီး ကြော်ငြာစက္ကူထုပ်ကို ဆရာတော်ကြီးအား ဆက်ကပ်လိုက်ပါသည်၊ ဤတွင် ဂွတင်ကိစ္စ ချောမောပြီးစီးသွားသည့်အတွက် ကျွန်ုပ် ဝမ်းသာရပါသည်၊ အထူးသဖြင့် ဆရာတော်ကြီး၏ ဆန္ဒတော်ကို ဖြည့်ဆည်းဆောင်ရွက်ရသည့်အတွက် အထူးဝမ်းမြောက်ရခြင်းဖြစ်ပါသည်၊ ဆရာတော်ကြီး ဒီကိစ္စမျိုးတွေ တာဝန်ပေးခိုင်းစေသည်ကို "နေပတ္တပညာ" အားကောင်းလာအောင် လက်တွေ့သင်ကြား ပို့ချနေသည်ဟု ခံယူထားပါသည်၊ စာရှုသူများ သိပြီးဖြစ်မည်ထင်ပါသည်၊ "သီလေ ပတိဋ္ဌာယ နရော သပညော၊ စိတ္တံ ပညဉ္စ ဘာဝယံ။ အာတာပီ နိပကော ဘိက္ခု၊ သော ဣမံ ဝိဇဋယေ ဇဋံ" ဤပါဠိတော်၌ "ပဋိသန္ဓေပညာ ဘာဝေတဗ္ဗပညာ နေပတ္တပညာ"ဟု ပညာသုံးမျိုးလာရှိသည်။

"ဘဝတခု၊ သန်ဘွင်စု၊ သုံးခု ထပ်စမြဲ။ ဘုံဇာတ်သမ်သင်၊ အာဇီးအင်၊ သန်ဘွင်စုမကွဲ"ဟူသော လယ်တီဆရာတော်ကြီး၏ ပရမတ္ထ သံခိပ်သံပေါက်စာပိုဒ်ကလေးအတိုင်း "ပဋိသန္ဓေ၊ ဘွင်၊ စုတိ" တို့သည် ဝိပါတ်စိတ်တို့ဖြစ်၍ "ပဋိ သန္ဓေပညာ"ကား တစုံတရာပြုပြင်၍ မရပြီ။

ဝိပဿနာအားကောင်းလေ ဘာဝနာစိတ္တုပ္ပါဒ်၌ အကျူးဝင်ပြီးစီးသော ဘာဝနာပညာ အားကောင်းလေ ဖြစ်ရကား အားထုတ်သူ ဝိပဿကပုဂ္ဂိုလ်၏ ဆန္ဒဝီရိယ စိတ္တဝီမံသ အားလျော်စွာ ဘာဝနာပညာ ပြီးစီးသည့်အတွက် "ဘာဝေတဗ္ဗပညာ"မှာ လိုချင်သလို အားထုတ်ယူနိုင်သော ပညာဖြစ်သည်။

"နေပက္ကပညာ"သည်ကား ဆိုအပ်ပြီးသော ပညာနှစ်မျိုးနှင့်မတူ၊ "သဗ္ဗာရမ္မဏာပစ္စဝေက္ခဏာပညာ၊ ပဋိသင်္ခါနုပညာ"ဖြစ်သောကြောင့် အားလုံး အာရုံကိစ္စတို့နှင့် ပတ်သက်ဆက်နွယ်ပြီးစီးရသော ပညာမျိုးဖြစ်သည်။ (နိပကဿ ဘာဝေါ နေပက္ကံ)

ထိုကြောင့် ဒါဟာ ဘယ်လောက် ရင့်ကျက်သလဲဟု စမ်းသပ်ရင်း နေပက္ကပညာ အားကောင်းလာအောင် သင်ကြားပို့ချသော ပရိယာယ်အထူးဟု ခံယူထားခြင်းဖြစ်ပေတော့သည်။

သာသနာမှတ်ပုံတင်ကိစ္စ နေပက္ကပညာပို့ချခြင်း

ဤသို့သော နေပက္ကပညာ အားကောင်းအောင် ပို့ချသင်ကြားပေးသော ဆရာဟူ၍ ဤနိုင်ငံတွင် ဤတစ်ဆူသာရှိ၏၊ ဤသာသနာတွင် ဤတစ်ပါးသာရှိ၏၊ ဆရာတော်ကြီးသည် သာသနာရေးဝန်ကြီးကစ၍ အခွင့်အာဏာရှိသူတိုင်းကို အခွင့်ကြုံတိုင်း "မင်းတို့ သာသနာထွန်းကားစေချင်ရင် လယ်တီ

http://www.dhammadownload.com

ကျမ်းစာကို ဖောဖောသီသီ ရိုက်ကြ" ဟု ပြောလေ့ရှိ၏။

သန့်ရှင်းအစိုးရသည် ကွန်မြူနစ်သူပုန်တွေကို "ဓမ္မန္တရာယ်"ကင်ပွန်းတပ်ကာ နှိမ်နှင်းနေသောကာလဖြစ်၍ ဆရာတော်ကြီး၏ ဩဝါဒကို အကြိုက်တွေ့နေ၏၊ ဆဋ္ဌသံဂါယနာဒကာကြီးပီပီ ဗုဒ္ဓဘာသာထွန်းကားအောင် ပြုလုပ်ခြင်းသည်ပင် နိုင်ငံရေးနိုင်ကွက် ဖန်တီးပြီး အလိုလိုဖြစ်သောကြောင့် ဆရာတော်ကြီး ဩဝါဒကို သူ့အစိုးရ လိုက်နာစေ၏၊ မုံရွာ ကျောက်စာတိုက်ကို ကိုယ်တိုင်လာကြည့်၏၊ ဒီပနီကျမ်းစာများ အားလုံးကို ဖောဖောသီသီ ရိုက်နှိပ်ဖြန့်ဝေစေ၏၊ အကျဉ်းအားဖြင့်ဆိုမူ သူသေသည်အထိ နိုင်ငံရေးသရုပ်ပြ ဘာသားရေး (ဝါ) အတုအပ ဗုဒ္ဓဘာသာရေးကို သရုပ်ပြသေဆုံးသွားသူ ဖြစ်၏၊ ဗုဒ္ဓဘာသာတစ်ခုလုံး အတွက် အမြော်အမြင်ကြီးကြီးဖြင့် လွှမ်းခြုံကြည့်ရှုသော နေပကာပညာပို့ချမှုသက်သေခံကို ထောက်ပြပြောဆိုလိုက်ခြင်းဖြစ်ပါသည်။

နေပကာပညာပို့ချခြင်း နောက်တစ်ခု

ကျွန်ုပ်သည် အရည်မရ အဖတ်မရ အခြောက်တိုက် ကြွားဝါရေးသားနေသူ မဟုတ်၊ ဆရာတော်ကြီး နေပကာပညာ(အတွေးအခေါ်နှင့် နှလုံးသွင်း ရင့်ကျက်မှုပညာ)ကို ပို့ချသင်ကြားပေးပုံ နောက်တခုရှုကြည့် သုံးသပ်ပါဦး။

ကျွန်ုပ်တိုက်သစ် စာသင်သားတစ်ယောက်အဖြစ် ရှိနေစဉ် ၁၃၂၀-ခု ဝါဦးကာလဟု ထင်၏၊ ဆရာတော်ကြီး၏ ဥပဋ္ဌာက ရှင်စန္ဒိမာအမှတ်(၇)အခန်းပေါက်ဝ၌ ရပ်ကာ အော်လာ၏၊ "ဆရာတော်ကြီး အမိန့်မုံရွာဆရာ ခုချက်ချင်းလာ"ဟု သုံးခါထပ်အော်၏၊ "ဟေ့ စန္ဒိမာ ဒို့ နားမလေးဘူးကွ ဘာဖြစ်လို့ အော်နေရတာလဲ"ဟု ပြောပြောဆိုဆို ချက်ချင်းရပ်၍ ကေသီဝတ်ရုံကို သေသပ်အောင်ပြုပြင်ဝတ်ရုံနေ၏၊ "ဒီတခါတော့ ပေါ့ပေါ့မဟုတ်ဘူး ဆရာရေ့၊ တိုင်းသာသနာရေး အရာရှိ၊ ဓာတ်ပုံသမားတွေပါ ခေါ်လာတယ်၊ အဲဒါကြောင့် ဆရာ့အခေါ်ခိုင်းတာ"ဟု ရှင်စန္ဒိမာက ဆက်ပြောနေ၏။

> တကယ့်ကို အိမ်တော်ရာ ဘုရား၌ လေးပြင်လေးရပ် မြို့လုံးကျတ် သံယာ့အစည်းအဝေးကြီးမှ သံယာမှတ်ပုံတင်ကိစ္စကန့်ကွက်ကြောင်းဆုံးဖြတ်ကြပြီး စည်းဝေးပြီး နောက်ရက်သတင်းစာတွေမှာ စာလုံးကြီးများဖြင့် မျက်နှာဖုံးမှ ပါလာပေတော့သည်၊

ကျွန်ုပ်လည်း ချက်ချင်းအောက်ထပ် ခေါင်းရင်းခန်းက ဆရာတော်ကြီးအနီးသို့ ရောက်သွားကာ "ဆရာတော် တပည့်တော် ရောက်ပါပြီဘုရား၊ အမိန့်ရှိပါဘုရား" ဟု လက်အုပ်ချီ၍ လျှောက်လိုက်ရ၏။

ဆရာတော်ကြီးက "မုံရွာဆရာ ဒီမှာ မှတ်ပုံတင်လုပ်ဖို့ သာသနာရေးမှူး လာနေတယ်၊ ဓာတ်ပုံသမားတွေ ခေါ်လာတယ်၊ သူတို့ဘဲ (လက်ညှိုးထိုး၍ပြ၏)၊ အဲဒါ ဘယ်လိုလုပ်သင့်သလဲလို့ ခေါ်လိုက်ရတာ" ဟု အမိန့်ရှိတော်ရှိလေ၏။ ကြည့်လိုက်တော့ သာသနာရေးအရာရှိဦးလှ၊ အဝတ်နက်ခြုံထားတဲ့ ဓာတ်ပုံကင်မရာ သမားသုံးယောက်၊ တမုဟုတ်ချင်း သဘောက်ပေါက်မိ၍ ဆရာတော်ကြီးဘက်သို့ ပြန်လှည့်ကာ လက်အုပ်ချီ၍ မတ်မတ်ရပ်လျက် "ဆရာတော်ဘုရား ဒီပြဿနာကို ဒီလိုကြည့်မိပါသည်ဘုရား၊ ဓာတ်ပုံရိုက်တာက တစ်ကိစ္စ၊ မှတ်ပုံတင်တာက တစ်ကိစ္စ နှစ်ကိစ္စရောနေပါသည်ဘုရား"။

အရှင်ဘုရားအား "ရဋ္ဌဝုရ" ဘွဲ့ကပ်တာက ဒီအစိုးရက ကပ်တာပါဘုရား၊ မှတ်ပုံတင်ဖို့လုပ်တာလဲ ဒီအစိုးရပါဘဲဘုရား၊ မှတ်ပုံတင်ခြင်းကိစ္စက အစိုးရများမှ လုပ်ခွင့်ရှိတဲ့ အစိုးရအလုပ် အစိုးရကိစ္စဖြစ်ပါသည်၊ တပည့်တော်တို့ မဆိုင်ပါ၊ တပည့်တော်တို့နှင့် ဆိုင်တဲ့ ကိစ္စက ဓာတ်ပုံရိုက်ခံမယ် မခံဘူးဆိုတဲ့ ကိစ္စပါဘုရား၊ ဒီတော့ ဓာတ်ပုံအရိုက်ခံရင် အာပတ်သင့် မသင့် အဓိကထား စဉ်းစားရန်ရှိပါသည်ဘုရား၊ အကယ်၍ အာပတ်သင့်သည်ဟု ယူဆလျှင် ဘွဲ့ကပ်သော အစိုးရမို့ အလိုလိုက်လို့ မဖြစ်ပါဘုရား၊ အကယ်၍ ဓာတ်ပုံ အရိုက်ခံတဲ့အတွက် အပြစ်အာပတ်မစွန်းငြိဟု ယူဆပါလျှင် ကိုယ့်ဒကာအစိုးရ လုပ်မည့် အလုပ်ဖြစ်၍ ဓာတ်ပုံအရိုက်ခံသင့်သည်ဟု တပည့်တော်ထင်မြင်ပါသည်ဘုရား"ဟု လျှောက်ရပါသည်။

http://www.dhammadownload.com

"ဒါဖြင့် ဆရာ အရင်ရိုက်၊ ဒီက ဒုတိယရိုက်မယ်"ဟု ဆရာတော်ကြီး အမိန့်ရှိနေပြန်၏။ "မဟုတ်တာ ဘုရား၊ တပည့်တော်က ၂၀-ကျော်၊ ဆရာတော်ကြီးက ၈၀-ကျော်ကြီး၊ ဆရာတော်ကို ပထမရိုက်မယ်"ဟု ပြောပြောဆိုဆို တိုက်ပြင်ဘက် မြောက်ဘက်မျက်နှာစာမှာ အနောက်မျက်နှာလှည့် ခုံခင်းခိုင်းပြီး ကျွန်ုပ်ကိုယ်တိုင်က ဆရာတော်ကြီးကို ပွေ့ပြီး ကုလားထိုင်ပေါ်တင်ပြီး ညနေခင်း ဓာတ်ပုံရိုက်ယူစေပါသည်။

ပြီးတော့ ဆရာတော်ကြီးအား သူ့နေရာ ပွေ့ယူပို့ပြီးတော့မှ ကျွန်ုပ်ကုလားထိုင်ပေါ်ထိုင်၍ ဓာတ်ပုံအရိုက် ခံလိုက်ပါသည်။

သာသနာရေးအရာရှိနှင့် ဓာတ်ပုံသမားများက "ဒီကနေ့တော့ ဒီလောက်နဲ့တော်ပါပြီ၊ နေရောင်နည်းသွားလို့ ပုံထွက်မကောင်းမှာမို့ပါဘုရား၊ နက်ဖြန်မှ စောစောလာ၍ တတိုက်လုံးရိုက်တော့မည်ဘုရား" ဟု နှုတ်ဆက်လျှောက်ထား ပြန်သွားကြသည်၊ ကျွန်ုပ်လည်း ကိုယ့်အခန်းကို ပြန်၊ ဆရာတော်ကြီးလည်း တိုက်ဟောင်း ကားနဲ့ ပြန်ကြွသွားလေပြီ။

တောင်ဘက်အထက်စကြိ အနောက်ဘက်လှည့်ခင်းထားသော ပက်လက်ကုလားထိုင်ပေါ် ထိုင်ချလိုက်ပြီး စာပြန်ရန် အသံတိုးတိုး အစပျိုးနေခိုက် ဦးဓမ္မသေနပေါက်လာပြီး "အောင်မယ် အစောကြီးရှိသေး စာတွေများ ပြန်လို့၊ မြောက်တိုက် (မဝိုးရိမ်တိုက်ကြီး) ဘာတွေဖြစ်ကုန်ပြီလည်းဆိုတာသိလား"ဟု ပြောသည်။

"ဒီမယ် ခုနက ကိုယ်တော်တို့ နှစ်ပါး ဓာတ်ပုံရိုက်ကြတယ်မို့လား၊ အဲဒါ တိုက်ဟောင်းက ကြားပြီး မဏ္ဍာလ အသက်နဲ့ ထားလို့မဖြစ်တော့ဘူး၊ သူလျှောက်လို့ ဆရာတော်ကြီးက ရိုက်တာ၊ အစိုးရက သာသနာတော်ကို နွားလို နှာခေါင်းကြိုးထိုးချင်နေတာ"စသည် ပြောဆိုသူပြော၊ ဓားသွေးတဲ့ကိုယ်တော်က သွေး၊ ဆဲတဲ့ ကိုယ်တော်က ဆဲဖြစ်ကုန်ပြီ၊ ကိုယ့်တော့်အသက်ဖက်နဲ့ထုပ်ပြီး မျက်နှာကျက်ထဲ ထည့်ထားပေတော့"လို့ ပြောနေသည်။

စာရွက်အသေးလေးတရွက် စာရေးပြီး ဒါလေး ဆရာတော်ဦးဉာဏောဘာ (စာသင်သား ဘမံးစကား- ကာနယ်ဉာဏောဟု ခေါ်သည်)ဆီ ခုချက်ချင်း ရောက်အောင်ပို့လိုက်ပါ၊ ည(၇)နာရီတိတိ သူဆီငါသွားတွေ့မည်ဟု ပြောလိုက်ပါသည်၊ ည(၇)နာရီထိုးသောအခါ တိုက်ဟောင်းက ဆရာတော် ဦးဉာဏောထံသို့ သွား၍ ဆရာတော်ကြီးနှင့် မိမိ ဓာတ်ပုံရိုက်ကြတဲ့ အဓိပ္ပါယ်ကို ဆရာတော်ကြီးအား လျှောက်ထားသလို ပြောပြလိုက်ရာ ဦးဉာဏောလည်း သဘောပေါက်လက်ခံ၍ "ဒါဖြင့် ငါ နိုင်ငံရေးလုပ်မယ် အစိုးရရဲ့ မှတ်ပုံတင် လုပ်ငန်းကို ကန့်ကွက်မယ်၊ သံဃာ့အစည်းဝေးလုပ်ပြီး ဆုံးဖြတ်မယ်၊ ကိုယ်တော် မလာခဲ့ပါနဲ့၊ အစည်းဝေးပွဲကို ကိုယ်တော် စကားပြောမခံနိုင်ဘူး"ဟု ပြောပါသည်။

ကျွန်ုပ်က "ကိုယ်တော့် နိုင်ငံရေး တပည့်တော်နဲ့ မဆိုင်ဘူး၊ နားထောင်ဖို့ကို မတက်ရောက်နိုင်ဘူး၊ ကိုယ့်အလုပ်ကို စိတ်ချလက်ချလုပ်ပါ" ဟု ပြောပြီး နှုတ်ဆက်ထွက်ခွာခဲ့ပါသည်။

တကယ့်ကို အိမ်တော်ရာ ဘုရား၌ လေးပြင်လေးရပ် မြို့လုံးကျတ် သံဃာ့အစည်းအဝေးကြီးမှ သံဃာ မှတ်ပုံတင်ကိစ္စ ကန့်ကွက်ကြောင်းဆုံးဖြတ်ကြပြီး စည်းဝေးပြီးနောက်ရက် သတင်းစာတွေမှာ စာလုံးကြီးများဖြင့် မျက်နှာဖုံးမှ ပါလာပေတော့သည်၊ "နက်ဖြန် စောစောလာပြီး နေရောင်ကောင်းကောင်းဖြင့် ဓာတ်ပုံလာရိုက်မည်" ဟု ပြောသွားသော ဒကာများလည်း မပေါ်လာကြတော့ပေ၊ ဤပထမအကြိမ် ကန့်ကွက်ခြင်းသည် မစိုးရိမ်တိုက်သစ်အခြေခံ၍ ဖြစ်ပေါ်လာခြင်းဖြစ်သောကြောင့် "နေပတ္တပညာ ဝိဘဇ္ဇဉာဏ်"ပွားနိုင်စေရန် ဖော်ပြလိုက်ခြင်းဖြစ်ပါသည်။

"ညောင်မြစ်တူးတော့ ပုတ်သင်ဥပေါ်"သကဲ့သို့ ဤအကြောင်းအရာများ ရေးသားနေရင်း အလိုအလျောက် ပေါ်လာသော အခြားအကြောင်း အရာကလေးများလည်း ရှိပါသေး၏၊ သို့သော် ၎င်းတို့ကို ခြွင်းချက်ထား၍ ခြုံငုံရသော် ကျွန်ုပ်နိကာယ်စာမေးပွဲ(ထိုအချိန်အခေါ် ဦးမောင်ကို ပါဠိတော်စာမေးပွဲ) တနှစ် တစ်တန်း ခြောင်ခြောင်ခြားခြားဖြင့် ပထမချည်းရကာ သုံးကြိမ်အောင်ပြီးသောနှစ်မှ ဆရာတော်ကြီးက ခွင့်ပြု၍ ရန်ကုန်မြို့ ဟာမစ်တစ်လမ်း မဟာစည် သာသနာ့ရိပ်သာ ဖလယဉ်ဓမ္မာရုံ၌ ကျင်းပသော တိပိဋကစာမေးပွဲ ၌ ဝိသိဋ္ဌဒီယဘာဏကအဖြစ် အောင်မြင်ခဲ့ရပါသည်။

ဤမျှဖြင့် အားလုံးကို နှုတ်ဆက်ပါ၏၊ ကျန်းမာချမ်းသာကြပါစေ။

ဦးဓမ္မာလာဘိသိရီ

http://www.dhammadownload.com

၁၃၆၃-ခု၊ နယုန်လပြည့်ကျော် (၃)ရက်

မစိုးရိမ်တိုက်သစ်ဆရာတော်ကို ကြိုဆိုရန် လေဆိပ်သို့ ထွက်လာကြသည်၊ မိမိနှင့် အရှင်ဩသမသာရတို့ကို မောင်မျိုးအောင်က ကားမောင်းပို့သည်၊ ခုံးဆင်းခြိန်ဖြစ်၍ အနည်းငယ် ထရပ်ဖစ်မိသဖြင့် နည်းနည်းနောက်ကျသွား၏၊ မိမိတို့ လေယာဉ်ကွင်းသို့ ရောက်သွားသောအခါ ဆရာတော် ဂိတ်ပေါက်မှပင် ထွက်လာနေပြီဖြစ်သည်၊ သို့သော်- သီတဂူအသင်း၏ အတွင်းရေးမှူးဖြစ်သူ ကိုဝင်းဇိုလ်က စောစော ရောက်နေနှင့်သဖြင့် ဆရာတော့်အား အသင့်ကြိုဆိုနိုင်ပါသည်။


ဆရာတော်ကို အဝေးမှပင် လှမ်းမြင်နေရပြီး၊ ဆရာတော်က အရပ်ထောင်ထောင်မောင်းမောင်း၊ ခန္ဓာကိုယ်က၊ မပိန်-မဝ မျှတသော ကိုယ်ခန္ဓာရှိ၏၊ မုံရွာနယ်သားချင်းဖြစ်၍ ဆရာတော်နှင့် တနယ်တည်းသားတွေဖြစ်သည်၊ ဆရာတော်၏ ဝုဏ်သတင်းကို မိမိ ငယ်ငယ်ကပင် ကြားသိနေ၏၊ ဆရာတော်က မန္တလေး၊ မိမိက အမရပူရနှင့်စစ်ကိုင်းမှာ ကြီးပြင်းလူလားမြောက်ခဲ့သည်၊ မန္တလေးနှင့်အမရပူရ၊ မန္တလေးနှင့်စစ်ကိုင်းသည် အနီးကလေးပင်၊ သို့သော် ဆရာတော်နှင့်တခါမှ မဆုံတွေ့ဖြစ်။

မိမိ သာမဏေသကျသီဟစာမေးပွဲ မန္တလေးသို့ သွားဖြေလျှင် ဝိသုဒ္ဓါရုံမှာ တည်း၏၊ ဝိသုဒ္ဓါရုံနှင့် မစိုးရိမ်ကား ပေတစ်ရာလမ်းတလေးတစ်ခုသာ ခြား၏၊ မစိုးရိမ်တိုက်မှ ထက်မြက်သော၊ ထင်ပေါ်သော စာချဘုန်းကြီးများ၏ ဝုဏ်သတင်းသည် ဝိသုဒ္ဓါရုံတိုက်အတွင်း၌လည်း ပို့သင်းနေ၏၊ ထိုအာဇာနည်အရှင်တို့တွင် ဆရာတော်၏ နာမည်သည် ထိပ်တန်းမှပြေးလျက်ရှိသည်။

ဝိသုဒ္ဓါရုံတိုက်မှ သာသနာပိုင် စံကင်းဆရာတော်ကြီး၏ အတ္ထုပ္ပတ္တိကျမ်းကို မိမိ၏ သူငယ်ချင်းများဖြစ်ကြ

ပတ္တာမြားဆံကျိုး အဝိုးပြည်တန်

အရှင်မဟောသဓပဏ္ဍိတ



http://www.dhammadownload.com

သည့် အရှင်မာနိတသိရီနှင့် အရှင်နန္ဒမာလာဘိဝံသတို့က (နှစ်ပါးတွဲ) ပြုစုကြ၏၊ ထိုစာအုပ်ကြီး ဖြစ်ပေါ်လာဖို့ အတွက် မိမိသည် တည်းဖြတ်ပြင်ဆင်၍ ပါဝင်ကူညီခဲ့၏၊ ရဟန်းတော်များရေးလျှင် ပါဠိပါဠ်သားတွေ များသဖြင့် တချို့လူတွေ မဖတ်နိုင်ကြ၊ ဤစံကင်းအတ္ထုပ္ပတ္တိမှာ တခေတ်ဆန်း၍ မြန်မာစကားပြေဖြင့် ရှင်းရှင်းသန့်သန့် တင်ပြထား၏၊ ထို့ကြောင့် ဖတ်ရသူတိုင်း နှစ်သက်ကျေနပ်ကြ၏။

ဤအတ္ထုပ္ပတ္တိကျမ်းနှင့် မရွေးမနှောင်းပင် "မစိုးရိမ်ဆရာတော်ကြီး၏ အတ္ထုပ္ပတ္တိ"ကျမ်းစာတစ်စောင် ပေါ်ထွက်လာ၏ ကျမ်းပြုအရှင်ကား ယခု မစိုးရိမ်တိုက်သစ် ဆရာတော်ဖြစ်သည့် "အရှင်ရာဇမွာဘိဝံသ" ပင် ဖြစ်သည်၊ ဤအတ္ထုပ္ပတ္တိသည်လည်း ဆရာတော်ကြီး၏ ဘဝဖြစ်စဉ်ကို ရှင်းရှင်းလင်းလင်း တစ်တစ်ခွခွ ခြယ်မှုန်းထားသဖြင့် လူတိုင်းက နှစ်ခြိုက်ကြလေသည်၊ များသောအားဖြင့် အတ္ထုပ္ပတ္တိများသည် လူလိုမရေး နတ်လိုရေးသားလေ့ ရှိကြသည်၊ ဆရာတော်၏ တင်ပြချက်ကား လူကို လူလို ပီပီသသ ပုံဖော်ထားသဖြင့် ဖတ်ရသည်မှာ အရသာ ရှိလှပေသည်၊ ဆရာတော်သည် စာချမှာ ကျော်သလို စာအရေးအသား၌လည်း အလွန်တော်၏၊ ယခုအခါ စာသင်သားသံဃာ ၂၇၀၀ ကျော်ရှိ စာသင်တိုက်ကြီးကို ထိန်းသိမ်းနေရသူဖြစ်၍ အုပ်ချုပ်ရေး၌လည်း ကျွမ်းကျင် နိုင်နင်းတော်မူ၏။

ယနေ့ ဆရာတော်နှင့် ဆုံခွင့်ရသည်။ တွေ့မယ့်တွေ့၊ ဆုံမယ့်ဆုံတော့လည်း အမေရိကန်မှာ၊ တက္ကဆပ်ပြည်နယ်၏ မြို့တော် အော်စတင်မှ အင်တာနေရှင်နယ်လေဆိပ်မှာ ဖြစ်သည်၊ "ကမ္ဘာကြီးက ကျဉ်းကျဉ်းလေး"ဟု ပြောလေ့ရှိကြ၏၊ ဟုတ်ပေမည်၊ ဘယ်အချိန် ဘယ်နေရာမှာမဆို အလွယ်ကလေး တွေ့ဆုံနိုင်ကြပြီကိုး။

"ဦးဇင်း နေကောင်းလား"


ဆရာတော်၏ နှုတ်ခွန်းဆက်စကား၊ ရင်းနှီးချစ်ခင်မှုကို ထုတ်ဖော်ပြလိုက်သည့် ရင်တွင်းစကား၊ မှန်သည်၊ အရှင်အာနန္ဒာထေရ်သည် သိက္ခာ ဝါ, သက် တော်များရ၍ "မဟာထေရ်စာရင်း"ဝင်နေပြီ၊ သို့သော် အရှင်မဟာ ကဿပမထေရ်မြတ်ကြီးက တခါတရံ သဘောမတွေ့လျှင် "ဒီ ဦးဇင်းနှယ် ကိုယ့်ပမာဏကို မသိဘူး" စသည်ဖြင့် မြည်တွန်တတ်သေး၏၊ အရှင်မဟာ ကဿပ မထေရ်မြတ်ကြီးသည် ဤမျှအထိ ရှင်အာနန္ဒာအပေါ် ချစ်ကျွမ်းဝင်၏၊ မိဘတို့သည် ဘွဲ့တွေရ၊ ရာထူးဌာနန္တရတွေဖြင့် ကြီးလေးသောတာဝန်များ ထမ်းဆောင်နေကြသော်လည်း ကိုယ့်သားသမီးတွေကို "ခလေးလေး အရွယ်"သာ ထင်မှတ်တတ်ကြသည်၊ လူလေး, လုံမလေး ဟုသာ ခေါ်တတ်ကြသည်၊ ဤအတူပင်တည်း၊ ဆရာတော်ကို တွေ့တွေ့ချင်း သဘောကျသွားပြီ၊ ဆရာတော်၌ ဟန်,မာန် မရှိ၊ ပကတိ ရိုးသားဖြူစင်ကြောင်း သိနိုင်၏။

ဆရာတော်သည် သက်တော်အားဖြင့် ၇၄-နှစ်ရှိပြီ၊ သို့သော် သွက်လက်တုန်း၊ သန်မာတုန်း၊ ကားပါကင်သို့ မိမိတို့ လူငယ်များနှင့်အတူ လျှောက်လမ်းနိုင်တုန်းပင်၊ ဤသို့ စိတ်ဓာတ်ခိုင်မာခြင်းကြောင့်ပင် မြန်မာပြည်၌ သံဃာအများဆုံး ရှိသည့် စာသင်တိုက်ကြီး တစ်တိုက်ကို အုပ်ချုပ်နိုင်ခြင်း ဖြစ်သည်၊ မိမိ၏ ကျေးဇူးရှင် အမရပူရ မဟာဂန္ဓာရုံဆရာတော် (အရှင်ဇနကာဘိဝံသ)ကို လှစ်ကနဲ သတိရလိုက်မိသည်၊ ဆရာတော်သည်လည်း စိတ်ဓာတ် အလွန်ခိုင်မာ၏၊ ထက်ထက်သန်သန် တက်တက်ကြွကြွ ပျံလွန်တော်မူသည်အထိ သံဃာ့ ပရိသတ်ကို ကိုင်တွယ် သွားခဲ့လေသည်၊ ဆရာတော်၏ ပုံရိပ်သည် မိမိကျေးဇူးရှင် ဂန္ဓာရုံဆရာတော့်အသွင် ထင်မြင်လာစေသည်၊ သာသနာတော်အတွက် ဂုဏ်လာဘ်ကို မမျှော်၊ တစ်သက်လုံး သာသနာ့အလုပ်ကိုသာ ဇွဲနဲဘဲကြီးမားစွာဖြင့် နောက်လာနောက်သားတို့ "စံထား"ရန် လုပ်ပြသွားခဲ့သည်၊ ဆရာတော်သည်လည်း မိမိတို့လို လူငယ်တွေကို အတုမြင် အတတ်သင်ကြစေရန် "စံပြ"နေလေပြီ။

"စာတတ်အောင်သင်၊
စာနဲ့နေ၊
စာနဲ့ စိတ်ကြီးဝင်ကြ"

ကျေးဇူးရှင်ဆရာတော် မကြာခဏ ပြောလေ့ရှိသည့် စကားတစ်ခွန်း၊ ယနေ့ "စာသင်စာချ စာနဲ့နေရတဲ့ ဘဝလမ်းကြောင်း"မှ သွေဖီ၍ တလွဲဆံပင်ကောင်းလာသူတွေ အများအပြား တွေ့လာရမှပင် "အော် အရှည်မြင်တော်မူသည့် ဆရာ၏စကား၊ တန်ဖိုးကြီးစွတကား"ဟု သိနားလည်လာရသည်၊ ဆရာတော်လို "စာချစာသင်" ပရိယတ္တိဝန်ဆောင်ပုဂ္ဂိုလ်မြတ်များ များများကြီး ရပ်တည်နေသည်ကို တွေ့မြင်နေရသေး၍ အနာဂတ်အတွက် မြန်မာနိုင်ငံသာသနာအတွက် အနည်းငယ် အားတက်ခွင့်ရမိသည်၊ အမှန်အတိုင်း ဝန်ခံရမည်ဆိုလျှင် မိမိငယ်ငယ်က သိရှိနေခဲ့သည့် စာသင်တိုက်ကြီး တော်တော်များများသည် မန္တလေးတွင် ဆိတ်သုဉ်းသွားခဲ့ပြီ၊ အရည်အချင်းပြည့်မီသော စာတတ်အကျော် ဆရာတော်တို့လည်း

http://www.dhammadownload.com



မစိုးရိုမ်တိုက်သစ် ဆရာတော်ကို အော်စတင်လေဆိပ်၌ ဖူးတွေ့ရစဉ်

တဖြည်းဖြည်း တိမ်ဖုံးလလို ကွယ်ပနေကြလေပြီ၊ တစ်ဗိုလ်ကျ တစ်ဗိုလ်တက်စနစ်ဖြင့် သာသနာတော် အတွက် အစားမထိုးနိုင်ခဲ့လျှင်. . .

ဟိန္နူဘုရားရှိခိုးကျောင်းကြီးသို့ ရောက်ရှိလာသဖြင့် ကားက ရပ်လိုက်သည်၊ မိမိ၏ အတွေးတမျှင်လည်း ကားနှင့်အတူ ရပ်တန့်သွားခဲ့ရပါ၏။ တိုင်းတပါးမှ လူများ အမေရိကန်သို့ ရောက်လာကြရာတွင် ကိုယ့်နည်းကိုယ့် ဟန်ဖြင့် ကိုယ့်ဘာသာသာသနာနှင့် အမျိုးအနွယ်များကို တတ်နိုင်သမျှ ထိန်းသိမ်းစောင့်ရှောက်နေကြပုံကို သိသာရုံ ဆရာတော်ကို လိုက်လံပြသခြင်းဖြစ်၏၊ အမှတ်တရ ဓာတ်ပုံများ ရိုက်ကြ၏၊ ထို့နောက် ကပ္ပိတယ်ဟောလ်၊ မောင့်ဘိုနဲ့တောင်သို့ ပို့ဆောင်ပေးပါသည်၊ သမ္မတဟောင်း ဂျွန်ဆင်၏ မွေးဖွားကြီးပြင်းခဲ့ ငယ်ငယ်က သင်ယူခဲ့သည့် စာသင်ကျောင်းရှိရာ ဂျွန်ဆင်စီးတီးသို့လည်း လိုက်လံပြသပါသည်၊ နိုင်ငံခြင်းဆောင်များ၏ ဌာနတွင် ဤသို့ လူတိုင်း လေ့လာကြည့်ရှုနိုင်ရန် ပြတိုက်ဖွင့်၍ စနစ်တကျ ပြသထားလေ့ ရှိသည်မှာ ကောင်းသော အစဉ်အလာဖြစ်၏၊ ခြင်းဆောင်ကောင်း ပညာရှိ သူတော်ကောင်းတို့ကို လေးစားတန်ဖိုးထားသော နိုင်ငံတွင် ခြင်းဆောင်ကောင်းများ၊ ပညာရှိများ၊ အမှန်တကယ် ထွန်းကား၏၊ ဆရာတော်ကား အမေရိကန်အကြောင်းကို စာများစွာ ဖတ်ရှုထားသဖြင့် အရာရာတိုင်းမှာ အခြေခံအားဖြင့် သိထားပြီးဖြစ်သည်၊ သမ္မတဂျွန်ဆင်အကြောင်းမှစ၍ အိုက်ဆင်ဟောင်ဝါ၊ ကနေဒီ၊ လင်ကွန်း၊ ဂျော့ဝါရှင်တန်တို့အကြောင်း၊ ခရုရှက်၊ ဂေါ့ဗချော့နှင့် မာဂရက် သက်ချာတို့ အကြောင်းများကိုလည်း အကြောင်းတိုက်ဆိုင်တိုင်း ပြောပြနိုင်သဖြင့် မှတ်သားဖွယ်ရာ ဗဟုသုတများ ရရှိသည်။

(၂)

၁၃၆၃-ခု၊ နယုန်လပြည့်ကျော် (၈)ရက်

ဆရာတော်ကို နယူးယောက်, ဝါရှင်တန်ဒီစီဘက် လိုက်ပါပို့ဆောင်ပါသည်၊ NY.လက္ခါးဒီယားလေဆိပ် မှ မောင်နေမျိုးထွန်းက အသင့်စောင့်ကြို၍ ဘရုက်ကလင်ရှိ သာသနဇောတိကကျောင်းသို့ ပို့ဆောင်ပေးပါသည်၊ သာသနဇောတိကဆရာတော် ဦးဝိလာသသည် ဆရာတော်၏ တပည့်ရင်းတစ်ဦးဖြစ်သည်၊ ရွှေမန်းဆရာတော်လည်း ဆရာတော်၏ တပည့်တစ်ဦးပင်။

ကုလသမဂ္ဂအဆောက်အဦ (UN) အင်ပိုင်ယာစတိတ်၊ လစ်ဘာတီစတက်ကျွန်ုင့် ဝေါထရိတ်စင်တာများကို ပို့ပေးပါသည်၊ ဒေါ်အိအိမေက အစစ သွားလာရလွယ်ကူချောမောရန် စီစဉ်ပေးသည်၊ တခါတရံ လိုအပ်လာလျှင် သူကိုယ်တိုင် လိုက်ပါပို့ဆောင်ပေးသဖြင့် အားလုံးပြေချောပါသည်၊ အရုဏ်ဆွမ်း နေ့ဆွမ်းများကိုလည်း ဦးထွန်းမင်း + ဒေါ်အိအိမေ မိသားစုနှင့် မောင်ဝင်းနိုင်ထွန်းတို့က တာဝန်ယူ ကပ်လှူကြသည်။

ဝါရှင်တန်ဒီစီသို့လည်း နှစ်ညအိပ်သုံးရက် ကြွရောက်သည်၊ ဒေါက်တာဦးခင်မောင်ဦး၊ ဒေါက်တာဒေါ်ညွန့်ညွန့်ဝေ မိသားစုအိမ်တွင် ခေတ္တကျောင်းအဖြစ် သီတင်းသုံးသည်၊ သမ္မတအိမ်တော် (White House), ကွန်ဂရက်လွှတ်တော်, ဂျက်ဖာဆင်ဟော, လင်းကွန်းမီမိုရီနှင့် အာလင်တန်သချိုင်းများသို့ ဒေါက်တာဦးခင်မောင်ဦးကိုယ်တိုင် ကားဖြင့် လိုက်ပါပို့ဆောင်ပါသည်၊ ထာဝရမီးပွင့်လေး လက်နေသည့် ကနေဒီမိသားစုသချိုင်း၊ အညတရ စစ်သည်တစ်ဦးအား အလှည့်စောင့်ကြပ်၍ အလေးပြုသည့် နေရာများကိုလည်း ပြသပါသည်၊ ပင်တဂွန်စစ်ဌာနချုပ် အတွင်းမှာပင် ကားပတ်မောင်းပြသဖြင့် ကြည့်ရှုခွင့်ရခဲ့၏၊ ဘော်လတီမြို့ရှိ အင်နာဟာဘာသို့လည်း ရောက်ရှိ၍ အမှတ်တရဓာတ်ပုံများ ရိုက်ကူးပါသည်။

ဦးချစ်တင် ဆရာမကြီးဒေါ်မြသွင်တို့ ဦးစီးသည့်

http://www.dhammadownload.com

ဆရာကြီးဦးဘခင်၏ တရားရိပ်သာတည်ရှိရာ ဝက်စမင်စတာမြို့လေးသို့ သွားရောက်ပြီး ဓမ္မရောင်ခြည် စေတီတော်ကို ဖူးမျှော်သည်၊ နေ့ဆွမ်းကို ထိုရိပ်သာမှာပင် ယောဂီများက ကပ်လှူကြသည်၊ အမေရိကန်မိသားစုလေးဦး၏ ကြိုးပမ်းမှုဖြင့် ကျယ်ဝန်းလှသည့် မြေကေပါ်တွင် သန့်ရှင်းလှပသည့် ယောဂီဆောင်များနှင့် "ရွှေပြောင်ပြောင် တောင်ပေါ်က ဘုရား"သည် ဝါဝင်းသပ္ပာယ်လျက်ရှိပေသည်။ (မြန်မာပြည်မှ ရွှေချသည့် နည်းစနစ်ကို သင်ယူ၍ စေတီတော်ကို ရွှေချထားခြင်းဖြစ်သည်၊)


ဘော်လတီမိုးမြို့လယ်ခေါင်ရှိ ပြတိုက်သို့ ဝင်၍ အရှေ့တိုင်းလက်ရာများ စုဆောင်းထားသည်ကို လေ့လာကြည့်ရှုသည်၊ အိန္ဒိယ, ထိုင်း, တရုတ်နှင့် ဂျပန်နိုင်ငံတို့မှ ရှေးဟောင်းပစ္စည်းများ၊ ရုပ်ထုတော်များ ပါဝင်သည်၊ ရာစုနှစ်စောစောပိုင်းက တရားထိုင်နေသည့် ဂျပန်ရဟန်းတော်တစ်ပါး ရုပ်ထုကိုလည်း တွေ့ခဲ့ရသည်၊ ကမ္ဘဋ္ဌာန်းထိုင်နေပုံမှာ ထေရဝါဒရဟန်းတော်တစ်ပါးကဲ့သို့ အချိုးအစား ကျန၍ ကြည်ညိုဖွယ်ရာ ရှိလှသည်၊ ထို့နောက် ဒလဝဲယားသို့ ထွက်လာကြပြီး ဦးထင်လတ် ဒေါ်မြဟန်တို့အိမ်မှာ နေ့ဆွမ်းဘုဉ်းပေးကြသည်။

ဦးထင်လတ်က Longwood Gardens ကို လိုက်ပို့သည်၊ ဤဥယျာဉ်သည် အမေရိကန်၌ ဧကပေါင်း ၁,၀၅၀ ကျယ်ဝန်း၍ အလှအပတွင် အကျော်ကြားဆုံး ဥယျာဉ်ဖြစ်သည်၊ ကမ္ဘာအရပ်ရပ်မှ ပန်းဝါသနာအိုးများ, ဥယျာဉ်မှူးများ ဤဥယျာဉ်သို့ မရောက်လျှင် အမေရိကန်သို့ ရောက်သည်မမည်ပေ၊ ချမ်းမြေ့ဆရာတော်လည်း U.S.A သို့ ရောက်တိုင်း ဤဥယျာဉ်ကို သွားရောက်မြဲ၊ ကြည့်ရှုမြဲဖြစ်သည်၊ ဦးထင်လတ်သည် အမြဲတမ်း မာတလိနတ်သားလို အကျိုးဆောင်မြဲ၊ ဆရာတော်အား ပို့မြဲဖြစ်သည်၊ ကမ္ဘာ့ရာသီအလိုက် ပြုပြင်ဖန်တီးစိုက်ပျိုးထားသော သစ်ပင်ပန်းမာလ်တို့မှာ စုံလည်းစုံ၍ တစ်နေကုန်ကြည့်၍ပင် ကုန်နိုင်စရာ မရှိပေ။

ထို့နောက် ပဥ္စလဘေးနီးယားဘက်ရှိ "လွတ်လပ်ရေးခေါင်းလောင်း"ကို ပို့ဆောင်ပြသသည်၊ အမှတ်တရ ဓာတ်ပုံများ ရိုက်သည်၊ ဝါရှင်တန်ဒီစီမှာ ကွန်ဂရက်လွှတ်တော်ကြီး မရှိသေးခင်က၊ ဤမှာပင် လွှတ်တော်ကျင်းပခဲ့သည်၊ ကြည့်ရှုလေ့လာသူများ၊ ကျောင်းသားသူငယ်များ ကြိတ်ကြိတ်တိုးစည်ကား၍ (မေမြို့မှ မြင်းရထားများလို) ရထားလုံးများကို တန်ဖိုးကြီးမားစွာပေး၍ စီးနေကြသည်၊ နယူးယောက်မှ မောင်ဂျိုးက ဤလွတ်လပ်ရေး ခေါင်းလောင်းရှိရာမှ စောင့်ကြို၍ ဘရုကလင်ရှိ "သာသနဇောတိကကျောင်း" အရောက် ပို့ပေးပါသည်။

(၃)

"ဆရာတော်ဘယ်ရောက်နေသလဲ၊ ဘယ်မှာတည်းသလဲ"ဟု နယူးယောက်ရှိသံရုံးမှ စုံစမ်းနေသည်ဟု သိရသဖြင့် သံအမတ်ကြီး ဦးကျော်တင့်ဆွေအား အသိပေးအကြောင်းကြားလိုက်သည်၊ သံအမတ်ကြီးကိုယ်စား ဦးဇေယျာဦးက ဆရာတော်နှင့် လာတွေ့၏၊ ဆရာတော် "နိုက်ဂရာဖော"ရေတံခွန်ကြွမည်ဆို၍ ဂရင်းချာရိုကီးဂျိပ်တစ်စီး စီမံပေးပါသည်၊ သံရုံးမှ ဦးအေးသိန်း၊ ကားမောင်းပေးမည့် မောင်ဝင်းနိုင်ထွန်း၊ ဆရာတော်၏ ပေယျာဝစ္စ ဆောင်ရွက်ပေးရန် မောင်နေမျိုးထွန်းတို့ လိုက်ပါလျက် ဆရာတော်သွားလိုရာ ပို့ဆောင်ပေးပါသည်၊ ဆရာတော်သည် မိမိနှင့် တွေ့ကတည်းက "နိုက်ဂရာဖော"အကြောင်းကိုသာ အမိန့်ရှိနေသဖြင့် ဆရာတော်၏ ဆန္ဒပြည့်ဝရန် မဖြစ်မနေ ပို့ဆောင်ပေး



http://www.dhammadownload.com

ခဲ့သည်၊ ဆရာတော်သည် ဆန္ဒပြည့်သွား၍ အလွန်ကျေနပ်ပျော်ရွှင်ဟန် ရှိပါသည်။

သို့သော် ဆရာတော် အမိန့်ရှိသည့် စကားတစ်ခွန်းကို မှတ်မိနေပါသည်။

"ဖို့မေမြို့ ရေတံခွန်တော့ မမီဘူးကွ"။

ဤဆရာတော်၏ "အနိုင်မခံ အချဲ့မပေး"သည့် စိတ်ဓာတ်ကိုပင် မိမိက အားကျကြည်ညိုနေခြင်းဖြစ်ပါသည်၊ ဆရာတော်သည် ဒေသန္တရဗဟုသုတများ လေ့လာဆည်းပူး၏၊ ထို့ကြောင့် အမေရိကန်ရောက်ခိုက်တွင် မက်ဖု, H.E.B ကျွေးယင့်လို စားသောက်ကုန်မျိုးစုံ ရောင်းသည့် ဆိုင်များသို့လည်း ပို့သည်၊ ခေမတ်, ဝေါမတ်လို လူသုံးကုန်မျိုးစုံရောင်းသည့် ဆိုင်များသို့လည်း ဝင်သည်၊ မေစီနှင့်မောတို့ကိုလည်း ကြည့်ရှုလေ့လာရန် ပင့်သွားသည်၊ NY၏ မေစီကုန်တိုက်ကြီးမှာ မန္တလေးခေါ် တစ်ပြလောက်ရှည်လျား၍ ငါးထပ်မျှ ရှိသည်၊ ရွှေ့လျားစာတ်လှေခါးကြီးများကို စီးရင်း သက်သောင့်သက်သာသွားနိုင်သည်၊ နောက်ဆုံး မက်ဒေါနားလို ဆိုင်လေးများမှာပင် ဝင်၍ သွားရင်းဟန်လွဲ ပရိတ်ဖတ်စ် (နံနက်စာ) ကပ်သည်၊ ကြက်သားကြော်များလည်း မြည်းစမ်းခွင့်ရအောင် စီမံပေးပါသည်။

နိုက်ဂရာဖေါတွင် အေးအေးဆေးဆေး အနားယူရာ ခုနစ်ထပ်အမြင့်ရှိ "ဖိုးပွိုင့်"(ရှယ်ရတန်) ဟော်တယ်မှာ တည်းခိုသည်၊ ခြောက်ထပ်မှာရ၍ နိုက်ဂရာဖော၏ ပတ်ဝန်းကျင်အလှကို အပေါ်စီးမှ မြင်ရသည်၊ တစ်ခန်းလျှင် $95 ပေးရသဖြင့် နှစ်ခန်းအတွက် $190 ကျ၏၊ ဟော်တယ်ကြီးက သားနား၍ ငါးယောက်မှ ဤမျှလောက်သာ ပေးရသဖြင့် မိမိတို့က ကျေနပ်နေ၏၊ ဆရာတော်ကို ဤကဲ့သို့ သားနားသောနေရာမျိုးမှာလဲ အတွေ့အကြုံတစ်ရပ် ရစေချင်၏၊ သို့သော် ဆရာတော်က ပြော၏။

"မင်းတို့ဟာ မျှားတယ်ကွာ"

မိမိတို့ကား တစ်ယောက်ကိုတစ်ယောက် ကြည့်၍သာ ပြုံးနေကြပါသည်၊ အဘယ့်ကြောင့်ဆိုသော် မြန်မာပြည်မှ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများသည် အမေရိကန်ဒေါ်လာကို မြန်မာငွေနှင့် မြှောက်၍ နှမြောတတ်ကြသည်မှာ ထုံးစံလိုဖြစ်နေသောကြောင့်ပါတည်း။ မြန်မာငွေနှင့် မြှောက်နေလျှင်ကား ဘာမှသုံးစွဲစံစရာရှိတော့မည်မဟုတ်ပေ၊ ဆရာတော်ကို နေရာစုံလိုက်ပို့ပါသည်၊ မိမိ၏ထင်မြင်ချက်, ဝေဘန်ချက်, သုံးသပ်ချက် ဘာမှ မပေးပါ၊ ဆရာတော်ကိုယ်တိုင် အမေရိကန်နိုင်ငံအပေါ် သုံးသပ်ပါလိမ့်မည်၊ ဝေဖန်ပါလိမ့်မည်။

ဤတစ်လလောက်အတွင်း အတူနေ၍ ဆရာတော်ကို ပြုစုခွင့်ရခဲ့သည်မှာ မိမိအဖို့ တစ်သက်တာမေ့နိုင်တော့မည်မဟုတ်ပေ၊ ဝါရှင်တန်ဒီစီတွင် ထေရဝါဒဗုဒ္ဓဘာသာအသင်းမှ ပင့်သဖြင့် ဒေါက်တာဦးခင်မောင်ဦး၊ ဒေါက်တာဒေါ်ညွှန့်ညွှန့်ဝေတို့အိမ်တွင် ပဋိစ္စသမုပ္ပါဒ်တရားတော်ကို ဆစ်ပိုင်း၍ ဟောတော်မူသည်၊ NY၌ ဓမ္မဖရင့်အဆိုဆီဇေးရှင်းမှ ပင့်သဖြင့် ဒေါ်အိအိမေတို့၏ အိမ်တွင် တရားတစ်ပွဲ ချီးမြှင့်ပေးသည်၊ ဦးထင်အောင်ဝင်း၊ ဒေါ်မော်လီဝင်းနေအိမ် (ဒါးလက်စ်) ဦးအက်ဒဝပ်တိုး ဒေါ်ခင်သိန်းရီတို့နေအိမ် (ဟူစတင်) နှင့် သီတဂုဗုဒ္ဓဝိဟာရ (အော်စတင်)တို့တွင် အခွင့်ကြုံတိုင်း တိုတိုကျဉ်းကျဉ်းနှင့် တရားဓမ္မများ ဟောကြားပေးတော်မူခဲ့၏။

ထို့အပြင် ဓမ္မဖရင့် အဆိုဆီးရေးရှင်မှ ထုတ်ဝေသည့် ဓမ္မစာစောင်အတွက် "စံပြခေါင်းဆောင်နှင့် ခြောက်ပါးသီလ"၊ "စည်းကမ်းရှိသေ ကျက်သရေပြည့်ဝညီညွတ်ကြ"ဟူသော ဆောင်းပါးများကိုလည်းကောင်း၊ မိမိတို့၏ သီတဂုဝိဟာရသတင်းလွှာတွင် "တုယူမမှားဆောင်ထားမျိုးနွယ် အမြင်ကျယ်"ဟူသော ဆောင်းပါးကိုလည်းကောင်း ရေးသားချီးမြှင့်ခဲ့သည်၊ အနှစ်သာရပြည့်ဝလှသည့် အဆုံးအမ, သတိပေးမိန့်မှာချက်များဖြစ်ချေ၏၊ ကြားနာရခဲလှသည့် သူတော်စင်ပညာရှင်တို့၏ အဆိုအမိန့်မျိုးဖြစ်၏။

"သူတော်သူစင်၊ ပညာရှင်တို့၊
မိန့်ကျင်စကား၊ တစ်ခွန်းကြားက၊
ပတ္တမြားဆံကျိုး၊ အဖိုးပြည်တန်၊
ဧကန်မုချ၊ တစ်လုံးရသို့၊
နဂ္ဃဖိုးမွန်၊ ကျိုးကဲလွန်၏"

ဟု မယဒေဝ္ဍ မန်လည်ဆရာတော်ကြီး မိန့်မှာထားသကဲ့သို့ပင် မိမိနှင့်တကွ ပါရမီဆက်ရှိသူ ဒကာဒကာမတို့အား "ပတ္တမြားဆံကျိုး- အဖိုးပြည်တန်" ဆိုသကဲ့သို့ အလွန်အဖိုးအနဂ္ဃ ထိုက်တန်လှသည့် အဆုံးအမ တရားဒေသနာ ပတ္တမြားရတနာကို ပေးအပ်ထားခဲ့ပါ၏၊ ဆရာတော်၏ အလွန်ကြီးမားလှသည့် မေတ္တာနှင့် စေတနာကို ဤဆောင်းပါးဖြင့် ကျေးဇူးတင်ဆပ်, မှတ်တမ်းတင်အပ်ပါသတည်း။

အရှင်မဟောသဓပဏ္ဍိတ
(သီတဂုဗုဒ္ဓဝိဟာရသတင်းလွှာမှ မြန်လည်ကူးယူဖော်ပြပါသည်။)

http://www.dhammadownload.com

လောကၦ အောင်မြင်ကြီးပွါး အထက်တန်း ရောက်နေသော ပုဂ္ဂိုလ်များကို လေ့လာကြည့်ပါလျှင် အများနဲ့မတူ တမူထူးခြားသည့် စွမ်းရည်များကို မြင်တွေ့ရမည် ဖြစ်ပါသည်၊ ထူးခြားသည့် စွမ်းရည်များမရှိပါလျှင် အဘယ် မှာလျှင် ထူးချွန်သည့် ပုဂ္ဂိုလ်များ ဖြစ်နိုင်ပါမည်နည်း၊ အများနှင့်မတူသည့် အလုပ်ကံ၊ အဟုတ်မှန်သည့် ဇွဲလုံ့လ၊ စူးရှထက်မြက်သည့် ဉာဏ်ပညာ၊ တိုင်းတာမရသည့် မေတ္တာတရား၊ စာနာသနားသည့် ကရုဏာ၊ ကိုယ်ကျိုး မပါတဲ့ ပေးဆပ်မှုစသော ထူးခြားသော စွမ်းရည်များကြောင့်သာ အများထက် သာလွန်ထူးချွန်သော ပုဂ္ဂိုလ်များ ဖြစ်ကြသည်မှာ လောကဓမ္မတာပင် ဖြစ်ပါသည်။

ထိုထူးခြားသည့် စွမ်းရည်များထဲမှ မိမိသဘောအကျဆုံး အနှစ်သက်ဆုံး စွမ်းရည်များကို ပြပါဆိုလျှင် "ရိုးသားမှု စွမ်းရည်နှင့် ကြိုးစားမှု စွမ်းရည်"များပင် ဖြစ်ပါသည်။

ရိုးသားမှုဟူသည်. .

လိမ်ညာလှည့်စား ကောက်ကျစ်ယုတ်မာခြင်းများ ကင်းသည့် ပကတိအရှိအမှန်ကို ဝန်ခံပြောကြားရဲသည့် ဖြောင့်မတ်သည့် တရားပင် ဖြစ်ပါသည်၊ ရာထူး ဂုဏ်သိရှ် စည်းစိမ်ဥစ္စာ အာဏာမမက် ငဲ့ကွက်မကြည့် အရှိကို အရှိ အတိုင်း, အသိကို အသိအတိုင်း, မရှိတာကို မရှိသည့် အလျှောက်, မသိတာကို မသိသည့်အလျှောက် အမှားအမှန်ကို ထောက်ပြကာ ရိုးဖြောင့်စွာ ပြောဆိုရဲသည့် သတ္တိကား ရှာမှရှားသည့် အာဂသတ္တိပင် ဖြစ်ပါသည်၊ ရိုးဖြောင့်မှန်ကန်စွာ ပြောဆိုလုပ်ကိုင်ခြင်းကြောင့် ပေးဆပ်ကြရသည့် တန်ဘိုးကား အလွန်ကြီးမားလှပါသည်၊ ရိုးသားဖြောင့်မတ်မှုအတွက် အသက်ခန္ဓာ စည်းစိမ် ဥစ္စာ ရာထူး, ဂုဏ်သိက္ခာ လူမှုရေးကဏ္ဍများပါ မကျန် ပေးဆပ်ရင်းနှီးကာ မြုပ်နှံကြရသည်များလည်း ရှိရာတော်ရုံသတ္တိဖြင့် စစ်မှန်သည့် ရိုးသားဖြောင့်မတ်မှု ရှိနိုင်ကြမည် မဟုတ်ပါ၊ စစ်မှန်သော ရိုးသားဖြောင့်မတ်မှုဖြင့်သာ လောက, ဓမ္မ နှစ်ဌာနလုံးတွင် စစ်မှန်သော အောင်မြင်မှု, စစ်မှန်သော ကြီးပွားချမ်းသာမှုကို ရရှိနိုင်ပါသည်။

မင်းတို့လိမ္မာဘို့ ငါခိုက်မယ်

အရှင်ဂန္ဓမာလာလင်္ကာရ



http://www.dhammadownload.com



ကြိုးစားမှုဟူသည်မှာ. .

ဘယ်လိုပင် အခက်ကြုံကြုံ ဘယ်ပုံပင် အခက်တွေ့တွေ့ ဒုက္ခဟူသရွေ့ တွန်းလှန်ကြဲကြဲခံ ခရီးဆက်ကာ ပန်းတိုင်ရောက်အောင် အားထုတ်မှုသာ ဖြစ်ပါသည်၊ ဇွဲလုံ့လဝီရိယ မရှိပါကလည်း အထက်တန်းကျအောင် အောင်မြင်မှု ရနိုင်ကြမည်မဟုတ်ပါ။

ထိုရိုးသားမှုစွမ်းရည်, ကြိုးစားမှုစွမ်းရည်များနှင့် ပြည်စုံသော ပုဂ္ဂိုလ်ကို ပြရမည်ဆိုပါလျှင် ကျေးဇူးတော်ရှင် မစိုးရိမ်တိုက်သစ် ဆရာတော်ဘုရားကိုသာ ပြဆိုချင်ပါသည်၊ ဆရာတော်ကား ရိုးသားမှုဂုဏ်, ကြိုးစားမှုဂုဏ်များနှင့် အထူးပြည့်စုံသော ဆရာတော်ပင် ဖြစ်ပါသည်၊ ဆရာတော်ကို ဖူးမျှော်ရုံမျှဖြင့် ရိုးသားမှုကို မြင်တွေ့ရပြီး စကားစမြည် ပြောကြည့်ပါက ရိုးသားမှုဂုဏ်ကို အစွမ်းကုန် မြင်တွေ့နိုင်ပါသည်၊ မှတ်မှတ်ရရ (၂၀၀၆)ခုနှစ်က မိမိသည် နိုင်ငံတော် သံဃာ့မဟာနာယက ဥက္ကဋ္ဌ မကွေးဆရာတော်ဘုရားကြီး, ဗန်းမော်ဆရာတော်ဘုရားကြီး, မစိုးရိမ်တိုက်သစ် ဆရာတော်ဘုရားကြီး, နောင်တော်ရွှေရတု တိပိဋကဓရဆရာတော် နှစ်ပါးတို့နှင့်အတူ ဦးဟန်ရှိန် + ဒေါ်မြမြလေး မိသားစုတို့၏ ပင့်ဆောင်မှုဖြင့် အင်ဒိုနီးရှားနိုင်ငံ မာလန်မြို့၌ တည်ထားသော ရွှေတိဂုံစေတီပုံတူ ရေစက်ချပွဲသို့ ကြွရောက်ခွင့် ရခဲ့ပါသည်။

ဆရာတော်ကြီးများကို အနီးကပ်ပြုစုခွင့် ဝတ်ဖြည့်ရင်း စကားပြောခွင့်များရသဖြင့် မိမိဘဝ တသက်တာတွင် အလွန်တန်ဖိုးရှိသော ခရီးစဉ်တခုအဖြစ် မှတ်တမ်းတင်ထားသော ခရီးစဉ်တခုပင် ဖြစ်ပါသည်၊ ဦးဟန်ရှိန် + ဒေါ်မြမြလေးတို့၏ လှူဒါန်းမှု အစုစုတို့ကို ရေစက်ချပြီး ရွှေတိဂုံစေတီနံဘေး၌ မာလန်မြို့, ဗုဒ္ဓကောလိပ်ကိုလည်း ပန္နက်ချမင်္ဂလာပွဲ ကျင်းပရာ၌ ပါဝင်ပန္နက်ချခဲ့ရပါသည်။

မစိုးရိမ်တိုက်သစ် ဆရာတော်ဘုရားကြီးသည် အင်ဒိုနီးရှားနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများကို မြင်တွေ့ပြီး မိမိနိုင်ငံ၏ နိမ့်ကျနေပုံများကိုလည်း အားမလိုအားမရ ဖြစ်တော်မူကာ အမိနိုင်ငံ ပြန်လည်ရောက်ရှိရာ၌ အခွင့်အခါသင့်တိုင်း တာဝန်ရှိ နိုင်ငံခေါင်းဆောင်များအား ပြတ်ပြတ်သားသားပြုပြင်ရေး အဆုံးအမ ဩဝါဒတရားများကို "မုန်းလိုက မုန်းစေ၊ သုံးလိုက သုံးစေ"ဟူသော စေတနာဖြင့် ပေးသနားတော်မူလေ့ရှိပါသည်။

"နိုင်ငံခြားသာသနာပြု ကမ္ဘာ့သာသနာပြု"ဟု အမည်ခံပြောဆို သုံးနှုံးသည်ကိုလည်း နှစ်သက်တော်မမူပါ၊ ဆရာတော်ကို ရောက်လေရာ နိုင်ငံရှိ ဒကာဒကာမများက "ဆရာတော် နိုင်ငံခြားသာသနာပြု ကြွလာတာလား ဘုရား"ဟု မေးလျှောက်လာပါလျှင် "ဒို့က အလည်လာတာပါကွာ" အမှန်အတိုင်း ရိုးသားပွင့်လင်းစွာ မိန့်တော်မူလေ့ရှိပါသည်။

ဆရာတော်ကား . .

ဟန်ဆောင်မှုမရှိ၊ ရိုးသားမှုအပြည့်ရှိသည်။ ဟိတ်ဟန်မရှိ၊ ဘုရားသားဟူသော မာန်အပြည့် ရှိသည်။ အပြောကား မခို၊ စေတနာကား အလွန်ပိုသည်။ မျက်နှာတော် တည်သော်လည်း အလွန်ကြည်လင်သည်။


ဆရာတော်ကား . .

လုံ့လဝီရိယလည်း အလွန်ကြီးမားတော်မူပါသည်၊ သွားစရာရှိလည်း ရှေ့က၊ လုပ်စရာရှိလည်း ရှေ့ဆုံးကပင်၊ ကျန်းမာရေး အလွန်ကောင်းပြီး၊ အလွန်သွက်လတ်ဖျက်လတ်တော်မူကာ နောက်ကျသည်ဟူ၍ မရှိ၊ စောင့်ရသည်ဟူ၍လည်း မရှိပါ၊ သတ်မှတ်ချိန်ထက် အမြဲစောကာ လမ်းလျှောက်ရာတွင်လည်း အမြဲရှေ့ကကြွတော်မူလေ့ ရှိပါသည်။

အံ့သြစရာ အတုယူစရာကောင်းသည့် အချက်တစ်ခုကား အင်ဒိုနီးရှားနိုင်ငံမလာခင် အင်ဒိုနီးရှားနိုင်ငံအကြောင်းနှင့် ထင်ရှားသည့် ဘာလီကျွန်းအကြောင်း သိစရာ ဗဟုသုတများကို ကြိုတင်လေ့လာခဲ့ခြင်းပင်၊ ရောက်လေရာ နေရာတိုင်းမှာ ထိုနေရာ၏ သမိုင်းကြောင်းကိုလည်း ရှင်းပြတော်မူပါသည်။

ဆရာတော်၏ ရိုးသားမှုစွမ်းရည် ကြိုးစားမှုစွမ်းရည်များကြောင့် မြန်မာနိုင်ငံ၏ ပရိယတ္တိသာသနာလောက စာသင်တိုက်လောကတွင် "မစိုးရိမ်"ဟူသော မော်ကွန်းမှတ်တိုင်တစ်ခုကို စံပြဖြစ်အောင် စိုက်ထူတော်မူနိုင်ခဲ့ပြီး ဖြစ်ပါသည်၊ ဆရာတော်၏ အရိပ်အောက်ဝယ်

http://www.dhammadownload.com



မစိုးရိမ်စာသင်သား သုံးထောင်နီးပါးတို့ နှစ်စဉ် ခိုလှုံကာ ပညာသင်ကြားလျက်ရှိသည်ကို မြင်တွေ့ကြည်ညိုနိုင်ကြပါသည်။

တစ်နေ့ ဆရာတော်ကို ဝတ်ဖြေရင်း "ဆရာတော် ကျောင်းမှာ သံဃာ ဘယ်နှပါးရှိပါသလဲ" လျှောက်ထားရာ သံဃာအပါး(၂၇၀၀)ရှိကြောင်း မိန့်တော်မူပါသည်၊ မိမိက ဆက်လက်၍ "သံဃာအပါး (၂၇၀၀)ကျော်ကို ဘယ်လိုမျှား ထိန်းသိမ်းအုပ်ချုပ်ပါသလဲဘုရား၊ တပည့်တော်ဖြင့် သံဃာအပါး (၁၆၀)ကျော်လောက်တောင် အတော်ထိန်းရတာဘုရား"ဟု လျှောက်ထားသောအခါတွင် ဆရာတော် အမိန့်ရှိသည်မှာ "မင်း မတစ်ထောင်သားတွေ ထိန်းရတာ ဘယ်လွယ်မှာလဲကွ၊ ငါကတော့ တပည့်တွေကို 'မင်းတို့ လိမ္မာဖို့ ငါ မိုက်မယ်'လို့ ကြွေးကြော်ပြီး ပြောသင့်က ပြော, ငေါက်သင့်က ငေါက်, ဆူသင့်ရင် ဆူ, ဆဲသင့်ရင် ဆဲ, ရိုက်သင့်ရင် ရိုက်ရတာပေါ့ကွ"ဟု ရိုးသားပွင့်လင်းစွာ သံဃာအပါး(၂၇၀၀)ကျော် ထိန်းသိမ်းအုပ်ချုပ်ပုံကို မိန့်တော်မူပါသည်။

ဆရာတော့် ဟန်ကား ထန်ပါသည်၊ သို့သော် အတွင်းစိတ်သဏ္ဌာန်ကား နူးညံ့လှပါ၏၊ ဆရာတော့် လေသံကား ပြတ်သားသည်၊ သို့သော် အတွင်းမေတ္တာဓာတ်ကား အဆက်မပြတ် တသွင်သွင် စီးဆင်းမြဲ၊ ဆရာတော်၏ မေတ္တာစေတနာကား အနှိုင်းမရှိ၊ တပည့်များသာမက တိုင်းသူပြည်သားအားလုံး ကောင်းစေချင်သည်။ တိုးတက်စေချင်သည်၊ ဘဝမြင့်စေချင်သည်၊ ဂုဏ်သိက္ခာအလှ တင့်စေချင်သည်၊ ထိုမေတ္တာစေတနာများကြောင့်ပင် တပည့်တွေ လိမ္မာဖို့ တိုးတက်ဖို့ တိုင်းသူပြည်သားများလိမ္မာဖို့ တိုးတက်ဖို့ ဆရာတော်ကား နောက်ဆုံးအချိန်ထိ ဆက်လက်၍ မိုက်နေဦးမည်သာ။

"ဆိုးပင်ပျိုးက၊ ဆိုးကျိုးရ၊ လောကဓမ္မတာ"

"ကောင်းပင်ပျိုးက၊ ကောင်းကျိုးရ၊ လောကဓမ္မတာ"ဟူသော ဆရာတော်၏ တရားလက်ဝဲလေးအတိုင်း မိမိတို့ လိမ္မာတိုးတက်ဘို့ရန်အတွက် မမိုက်ချင်ဘဲ မိုက်နေရသော ဆရာတော်ကို အားနာပါးနာ ဆိုးပင်မပျိုးဘဲ ကောင်းပင်ပျိုးကာ လိမ္မာကြပါစို့လို့သာ တိုက်တွန်းလိုက်ပါရစေ။

အရှင်ဂန္ဓမာလင်္ကာရ
ရွှေစင်တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
မင်းကွန်း

http://www.dhammadownload.com

စာဝါတက်စဉ် မှတ်သားခဲ့ရ သြဝါဒ

ဦးကစ္စာယန

စာရေးသူသည် မစိုးရိမ်ကျောင်းတိုက်ကြီး၊ သာသနနယ္ယပဒေသကျောင်း၊ ရွှေကျောင်းတော်ကြီး၌ စာပေ ပညာရပ်တို့ကို သင်ကြားခဲ့တုန်းအခါ၌ ယခု ဆရာတော်ကြီး ဦးရာဇဓမ္မာဘိဝံသ မဟာထေရ် ထံတော်၌ -



http://www.dhammadownload.com

၁။ အောက်ယမိုက်ကျမ်း, ဦကာကျော်။

ထို့နောက် မစိုးရိမ်တိုက်သစ်ကြီး ဓမ္မဝိနယရဲသီကျောင်း၌ ပညာရပ်များ သင်ကြားခိုက် -

၂။ ပါရာဇိကဏ် အဋ္ဌကထာစာဝါကြီး တို့ကို လိုက်ခဲ့ရ၏။

မိမိ ဦကာကျော်စာဝါလိုက်စဉ်က ဆရာတော်က လောဘစေတသိက်အဖွင့် ရောက်သည့်အခါ လောဘကြီး၍ ပျက်စီးရပုံကို ပေါ်လွင်စေရန် မြန်မာ့အလင်းသတင်းစာပါ အောက်ပါပုံပြင်ကို မိန့်ကြားတော်မူသည်။

လောဘသည် အာရုံကို လိုချင်တတ်သော သဘောရှိ၏။

အာရုံ၌ တပ်ငြိခြင်း လက္ခဏာရှိ၏၊ မျောက်နဲ့စေးနှင့် တူ၏။

မောင်လောဘသည် တစ်နေ့သောအခါ အုန်းခြံပိုင်ရှင်ထံလာရောက်ပြီး "အုန်းသီး (၁၂)လုံး လိုချင်ကြောင်း" ပြော၏။

ပိုင်ရှင်က "အုန်းသီး(၁၂)လုံးဆိုလျှင် (၁၆)ကျပ် ကျမည်၊ ကိုယ်တိုင် တက်ဆွတ်လျှင်(၁၂)ကျပ် ကျမည်ဟု ပြောလေ၏။

မောင်လောဘက "ကျွန်တော် ကိုယ်တိုင် တက်၍ ဆွတ်ပါမည်"ဟု ဆို၏။

ပိုင်ရှင်က "ဆွတ်ပေါ့ကွယ်"ဟု ပြောပြီး အိမ်သို့ ပြန်သွား၏။

မောင်လောဘက လောဘကြီးပြီး အတင်းဆွဲတက်ရာ အုန်းသီး ဆွဲမလို့အကြံ အုန်းလက်နားသို့ လျောကျသွား၍ အုန်းလက်မှာ တွဲရရွဲဖြစ်ရင်း "ကယ်ကြပါအုံး"ဟု အော်ပြော၏။

ထိုအခါ ဆင်စီးလာသူ တစ်ယောက်က မြင်၍ "ငါက အလကားတော့ မကယ်နိုင်ဘူး၊ မင်း ဘယ်လောက် ပေးမလဲ"ဟု မေးလေ၏။

မောင်လောဘက "ကျွန်တော်(၁၂)ကျပ် ပေးမည်" ဟု ဖြေ၏။

ဆင်သမားက "မရဘူးကွာ (၁၅၀)(၁၈၀)ရမှ ပြောပြီး။

မောင်လောဘက ဆင်ပေါ်မှ နှစ်တောင်ကွာနေသူကို ဆွဲဖက်သော် ဆင်က လန့်ပြီး ပြေးလေ၏။

ဒါနဲ့ အုန်းသီးဆွတ်သူ မောင်လောဘက အပေါ်, ဆင်သမားက အောက် ဖြစ်သွားရာ ဆင်သမား၏ အကြောက်ဖြင့် ဆင်ကို ခါလျက် ခွါချမည် ပြုလုပ်ရာ မောင်လောဘက ခွါမချပါနဲ့၊ ကယ်ပါ" ပြောရာ ဆင်သမားက "(၁၅၀)(၁၈၀)အတိအကျ ရမှ"ဟု ပြန်ပြော၏။

ဆင်သမားသည်လည်း အိမ်မှာ (၁၀၀)၊ အုန်းသီးဆွတ်သူ မောင်လောဘထံမှ ရမည့်ငွေနှင့် ဆိုတော့ သိပ်ပြီး ဝမ်းမြောက်နေ၏။

အုန်းသီးဆွတ်သူ မောင်လောဘကား ဆုံးရှုံး၍ ငိုပွဲဆင်ရလေသတည်း။

မစ္ဆရိယစေတသိက်အဖွင့် ရောက်သည့်အခါ အဋ္ဌသာလိနီအဋ္ဌကထာ၌ လာသော မစ္ဆရိယနှင့် စပ်၍ မှတ်သားဖွယ် ဩဝါဒများကို အောက်ပါအတိုင်း ကြားနာခဲ့ရသည်။

မိမိပိုင်ဆိုင်ရာ အာရာမ်ဥပစာအတွင်း၌ ဝတ်အကျင့်နှင့်ပြည့်စုံသော သီလဝန္တပုဂ္ဂိုလ်များ မလာစေလိုခြင်း၊ လာခဲ့သော်လည်း မြန်မြန်ပြန်ပါစေဟု စိတ်ကူး၍ နေခြင်းများသည် အာဝါသမစ္ဆရိယမည်၏။

အာဝါသမစ္ဆရိယရှိသူသည် သေသည်၏ အခြားမဲ့၌ ပြိတ္တာ, ဘီလူးဖြစ်၍ ထိုကျောင်း၏အနီးဥပစာ၌ ပစ်ထားအပ်သော အမှိုက်ပုံကို ယက်၍ နေရတတ်၏။

ငြင်းခုံခြင်း, ခိုက်ရန်ဖြစ်ခြင်း ရှိသူများကို မိမိပိုင် အရာမ်အတွင်းသို့ မလာစေလိုခြင်းကား အာဝါသမစ္ဆရိယမဟုတ်။ (ဤကား အာဝါသမစ္ဆရိယအတွက်)

အလုပ်အကျွေး ဆွမ်းဒါယကာ ဆွမ်းဒါယိကာမ ဆွေမျိုးတို့ သူတပါးထံ ဆက်ဆံပေါင်းသင်းသွားလာမှုကို ဝန်တိုခြင်းသည် ကုလမစ္ဆရိယမည်၏။

ကုလမစ္ဆရိယရှိသူသည် မျက်မှောက်ဘဝ၌ပင် သွေးအံခြင်း ဝမ်းသွေးသွန်ခြင်း အူအပိုင်းပိုင်း ပြတ်၍ ထွက်ခြင်းစသော မကောင်းကျိုးများ ပေးတတ်၏၊ သံသရာ ဆိုဖွယ်မရှိ။

သဒ္ဓါတရားပျက်စီးအောင် ပြောဆိုတတ်သော ပါပပုဂ္ဂိုလ်များ မိမိ အလုပ်အကျွေးဒါယကာ ဒါယိကာမ အိမ်စသည်သို့ ဝင်ထွက်သွားလာမှုကို အလိုမရှိခြင်းကား ကုလမစ္ဆရိယမဟုတ်ပေ။ (ဤကား ကုလမစ္ဆရိယအတွက်)

ဆွမ်းစသော ပစ္စည်းလေးပါးကို တပါးသော သီလဝန္တ ဂုဏဝန္တပုဂ္ဂိုလ်တို့ ရခဲ့သော် မရပါစေနဲ့ဟု ကြံစည် နေခြင်းသည် လာဘမစ္ဆရိယမည်၏။

၎င်းလာဘမစ္ဆရိယသည် ပြိတ္တာ ဘီလူး စပါးကြီး ဖြွေစသော အဟိတ်တိရစ္ဆာန်များ ဖြစ်တတ်၏။

သူတပါးအား မပေးပဲ မြေ၌ မြှုပ်ထားသူ ဆွေးမြေ့

http://www.dhammadownload.com

ပုပ်သိုးသည့်တိုင်အောင် သော့ခပ်သိမ်းထားသူတို့ကို မြင်၍ ဤပစ္စည်းများကို ဤပုဂ္ဂိုလ်များ မဟုတ်ပဲ သီလဝန္တတို့ သုံးဆောင်မှာဘဲ ကြံစည်ခြင်းကား လာဘမစ္ဆရိယ မဟုတ်ပေ။ (ဤကား လာဘမစ္ဆရိယအတွက်)

အဆင်းလှခြင်းနှင့် ဂုဏ်သတင်းကျော်စောခြင်း ဟူသော ဝဏ္ဏမစ္ဆရိယ(၂)မျိုးတို့တွင် အဆင်းလှသူသည် မိမိ၏ လှပခြင်းကို မိမိကလည်း မပြော သူတပါးကိုလည်း မပြောစေ၊ ဤကား သရီရဝဏ္ဏမစ္ဆရိယ။

သီလရှိသူ စာပေပညာတတ်သူတို့ မိမိစာတတ်မှုကို မိမိကလည်း မပြော သူတပါးကိုလည်း မပြောမှုသည် ဂုဏဝန္တဝဏ္ဏမစ္ဆရိယ။ (ဤကား ဝဏ္ဏမစ္ဆရိယအတွက်)

ပရိယတ္တိဓမ္မ ပဋိပတ္တိဓမ္မဟု ဓမ္မမစ္ဆရိယ(၂)မျိုးတို့တွင် ပဋိပတ္တိဓမ္မသည် ဓမ္မမစ္ဆရိယမဖြစ်။

မိမိ နားလည်သော ခက်ခဲနက်နဲသော ပါဠိ အဋ္ဌကထာ ဋီကာတို့၌ အဓိပ္ပါယ်ကို သူတစ်ပါးအား မသိစေလိုဘဲ မိမိနည်းကို သိမည်စိုး၍ အဓိပ္ပါယ် အကုန် မပြော ဆရာဝါဒချန်၍ ပြောမှုသည် ပရိယတ္တိဓမ္မမစ္ဆရိယ မည်၏။

သူအား သည်ပညာသင်ပေးလျှင် ငါ၏ အရာမ်ကို ဖျက်ဆီးခြင်းငှါ စွမ်းနိုင်သူ ဖြစ်မည်ထင်၍ ပညာသင်မပေးလျှင် ပရိယတ္တိဓမ္မမစ္ဆရိယမဟုတ်။ ပုဂ္ဂိုလ်နှင့် ဓမ္မ မသင့်တော်၍ ပညာသင်မပေးခြင်းသည်လည်း ပရိယတ္တိဓမ္မ မစ္ဆရိယမဟုတ်။ (ဤကား ဓမ္မမစ္ဆရိယအတွက်)

မစ္ဆရိယနှင့်စပ်၍ မှတ်သားဖွယ် မန်လည်လင်္ကာ(၁)

နံနက် မစ္စေ၊ ညနေ ဣသာ၊ ညခါ ရာဂ၊ ဤသုံးဝဖြင့်၊ ကာလကုန်စေ၊ သေလျှင်ငရဲ၊ အမြဲအမှန်၊ လားမည်တည်း။

ထိနနှင့် စပ်၍ မှတ်သားဖွယ် မန်လည်လင်္ကာ (၂)

ဤလောကတွင်၊ ပျားနှင့်ယင်ကို၊ မျက်မြင်ပုံထား၊ မောင်ရှစားလော့၊. . . ပျားကားအုံပြု၊ အရည်စု၍၊ ထားမှုလိမ့်မာ၊ နောင်ချမ်းသာ၏၊ ယင်မှာ သော်တုံ၊ ဝမ်းဝရုံသာ၊ အုံကာသောက်စား၊ စုမထား၍၊ ရှာငြား မပြတ်၊ မရငတ်၏။

ဆတ်ဆတ်မုချ၊ အလသဖြင့်၊ ငယ်က ပျင်းထူ၊ ကြီးမူ ဆင်းရဲ၊ ရစမြဲတည်း။

လက်ပံနှင့် ညောင်၊ မိုယ်းခေါင်ထိလည်း၊ အသီးဝေဆာ၊ အကာပြိပြို၊ အနှစ်မဲ့၏။

တစ်ဖန် သဒ္ဓါလွန်သော် ရာဂဖြစ်တတ်ပုံကို

မုဒ္ဓပသန္န-မိုက်မဲတဲ့ ကြည်ညိုခြင်းသည် သဒ္ဓါတရား မဟုတ်၊ မောဟစေတသိက်သာ၊ ထိုကြည်ညိုမှုမျိုးကို သဒ္ဓါလွန်သော် ရာဂဟု ပြောကြ၏။

နတ်ကိုးကွယ်သူတို့ ဘိုးတော်အောင်မင်းခေါင်ကို ယုံကြည်ခြင်း၊ ခရစ်ဘာသာဝင်တို့ ထာဝရဘုရားသခင်နဲ့ ယေရှုခရစ်တော်ကို ယုံကြည်ခြင်း၊ မွတ်စလင်တို့ တမန်တော်ကို, အီတလီတို့ ပုပ်ရဟန်းမင်းကြီးကို ယုံကြည်ခြင်းတို့သည်လည်းသဒ္ဓါစေတသိက်မဟုတ်၊ မိစ္ဆာဓိမောက္ခသာမည်၏။ (မူလဋီကာ) ဟု မိန့်ကြားခဲ့သည်ကို ကြားနာခဲ့ရသည်။

ဝုံးချောတိုင်း မယုံရပုံကို

ပညာရှိအမတ်ကြီး ဦးပေါ်ဦးက ဘိုးတော်ဘုရင်ကြီးအား ဆင်ကြိုးဖြင့် သွားကာ အရှုးယောင်ဆောင်ပြီး "ဘဝရှင်ဘုရား ပြည်သူတွေက ဆင်ကြိုးကို ပြုတ်ပြီး စားသောက်မလို့တဲ့ဘုရား"ဟု လျှောက်ထားတော့။

ဘုရင်ကြီးက "ဟဲ့ ပေါ်ဦး မင်းရှုးသလားကွ"ဟု မိန့်၏။

အမတ်ကြီး ဦးပေါ်ဦးက "မှန်လှပါဘုရား၊ တပည့်တော်စကားကို ဘဝရှင် ယုံပါသလား"ဟု လျှောက်ရာ

ဘုရင်ကြီးက "မယုံဘူးကွာ၊ မင့်ဆင်ကို ဘာနဲ့ထည့်ပြီး ပြုတ်မှာတုံးကွယ်"ဟု မိန့်၏။

အမတ်ကြီးက "မှန်လှပါဘုရား ဘဝရှင်၏ နန်းတွင်း၌လည်း ဝုံးတိုက်တာတွေ ဖြစ်နေပါတယ်၊ ဒါကိုလည်း ဆင်ကို ပြုတ်မလို့ စကားလို့ သဘောထားပြီး အိုးနဲ့ဆန် တန်အောင် ယုံကြည်ပါ၊ ဝုံးချောတိုင်း မယုံပါနဲ့"ဟု လျှောက်၏။ "ဆင်ကိုပြုတ်စား၊ ဟူတုံ့ငြားလည်း၊ စကားယုတ္တိ၊ မရှိအဂိ၊ မယူရာဘူး"ဟူသော မယဒေဝလင်္ကာဖြင့်လည်း မှတ်သားရာ၏။-ဟု ဆင်ကြိုးကို ပြုတ်ပြီး စားသောက်တဲ့ဥပမာဖြင့် ရှင်းပြတော်မူသည်။

ရန်ကုန်မြို့၊ ရန်ကုန်တက္ကသိုလ်မှ ထုတ်ဝေသော တက္ကသိုလ်မဂ္ဂဇင်းစာအုပ်၌ စာပေဗိမာန် ဦးအေးမောင် အောက်ပါစကားရပ်တို့ကို ထည့်သွင်းရေးသားထားသည်။

၁။ ဘုရားရှင်သည် ကဆုန်လပြည့်နေ့၌ ဘုရားဖြစ်သည်မဟုတ်၊ အကြောင်းမှာ ကဆုန်လ၌ ယင်းမာ, အင်ကြင်းစတဲ့ ပန်မျိုးစုံ မပွင့်သောကြောင့်တည်း။

၂။ ပရိနိဗ္ဗာနသုတ်အဋ္ဌကထာ၌ ကာလိင်္ဂရာဇ်မင်း ဝိမာနဝတ္ထု၌ပါတဲ့ ဘုရားရှင်လက်ထက်က မင်းမဟုတ်၊

http://www.dhammadownload.com



လွန်ခဲ့တဲ့ အနှစ်(၂၀၀)လောက်က သီဟိုဠ်ပြည်က မင်းတစ်ပါးသာ၊ ဝိနည်း, အဘိဓမ္မာဒေသနာတို့လည်း ဘုရားဟော မဟုတ်၊ အကြောင်းမှာ သက္ကတတို့၌ တွေ့ရသောကြောင့်တည်း။

ယင်းနှင့် စပ်၍ ဆရာတော်က လောကီတန်းကျောင်းသား တစ်ယောက်အား အောက်ပါစကားရပ်တို့ဖြင့် ရှင်းလင်းပေးခဲ့ရကြောင်းကို

ပုဂံရာဇဝင်တို့၌ နေလပမာ ထင်ရှားလှသောကျော်စွာမင်းတစ်ပါး၊

ပင်းယခေတ်၌ ဆင်ငါးစီး ဆက်သခြင်း ခံရ၍ ပင်လယ်မြို့စား ထင်ရှားတဲ့ ကျော်စွာမင်းတစ်ပါး၊

ဂင်းမင်း၏ သားတော်ဖြစ်သူ ကျော်စွာမင်းတစ်ပါးဟု ကျော်စွာမင်း သုံးပါးရှိခဲ့၏။

ဂင်းမင်းသုံးပါးတို့သည် သက္ကရာဇ်အားဖြင့် နှစ်ပေါင်း(၆၀)လောက် လာရှိ၏။ ဂင်းနှစ်အတွင်း နာမည်တူကျော်စွာမင်း ရှိကြသေးလျှင်--

ထို့အတူ အနှစ်(၂၀၀)လောက် ကြာနေ၍ ကာလိက်ရာဇ်မင်းပေါင်း(၅၀)ရာခိုင်နှုန်းအားဖြင့် (၈)ဆက်လောက် ဖြစ်နိုင်၏။ ဒါကြောင့် ဘုရားလက်ထက် ကာလိက်ရာဇ်မင်းသည်သာ ဝိမာနဝတ္ထု၌ ပြသင့်၏ စသည်ဖြင့် ဦးကာကျော်စာဝါပို့ချစဉ် မိန့်ကြားတော်မူသည်။

ဆရာတော်ကြီး ဦးရာဇဓမ္မာဘိဝံသ
မဟာထေရ်မြတ်ကြီးအား
လက်စုံမိုးလျှက် ရှိခိုးကန်တော့ခြင်း လင်္ကာ (၃)

အာစရိယဂုဏော၊ အနန္တောဟု၊ မိန့်ဟောထုတ်ပြ၊ ပုဒ်ပဒဖြင့်၊ ဆရာ့ဂုဏ်ထူး၊ မြတ်ကျေးဇူးကို၊ စိတ်ကူးဆင်ခြင်၊ ဆုံးမထင်လှ၊ ရွယ်လျှင်အစ၊ ဒါရကဟု၊ ဗာလမည်ပ၊ တို့တတွေကို။

အနေအသွား၊ အစထားလျှက်၊ များပြားလှစွာ၊ အရာရာကို၊ လိမ္မာစေမှု၊ စောင့်ထိမ်းပြု၍၊ ဘေးထုအန္တရာယ်၊ ရန်သွယ်သွယ်ကို၊ ရှင်းပယ်သုခ်သင်၊ နေ့တိုင်းပြင်လျှင်၊ ဥယျာဉ်သည်မျိုး၊ သစ်ပင်ပျိုးသို့၊ မည်ပုံးစေရ၊ ပေါင်းသိဿကို၊ စိတ္တကာယာ၊ ပွင့်ပန်းသာအောင်၊ ကျမ္မာအရေး၊ ပြုစုမွေးမြူ၍၊ သင်ပေးပညာ၊ ရွှတ်ဆိုရာဝယ်။

နှုတ်လျှာထားချက်၊ ပြီပြင်ထွက်အောင်၊ ကျေးဇူက် ကိုပင်၊ စကားသင်သို့၊ နေ့စဉ်နားသွင်း၊ ပြောပြခြင်း ကြောင့်၊ သိမ်ဖျင်းလှစွာ၊ တို့သူငါကို၊ ပညာနို့ရေ၊ တိုက်ကျွေးပေ၍၊ ဉာဏ်ရေဗလ၊ ခွန်အားရ၏။ ။

လောကလူရွှာ၊ ဟူသည်မှာလည်း၊ ဖွေရှာသက်မွေး၊ လွန်ရှုပ်ထွေးကို၊ နည်းပေးဆရာ၊ တတ်ပညာကြောင့်၊ လွယ်စွာသိမြောက်၊ လိုတိုင်းပေါက်၍၊ သွားရောက်ပွဲအောင်၊ လူရေးပြောင်၏။ ။

နောင်သံသရာ၊ ကူးရေမှာသော်၊ ဆရာသင်ကြား၊ ကျင့်တရားထက်၊ အားထားစရာ၊ မရှိပါတည်း၊ ပညာ အချုပ်၊ ဉာဏ်ခေါင်အုပ်၍၊ သာရိပုတ္တြာ၊ ထေရ်မဟာမှ၊ ဆရာအရှင်၊ မတွေ့ခင်ဝယ်၊ မဂ်မြင်ဖိုလ်ထိ၊ နည်းမသိကို၊ အဿဇိမည်ခေါ်၊ မထေရ်ကျော်သည်၊ မိန့်ဖော်လမ်းစ၊ သင်ကြားပြမှ၊ ဓမ္မစက္ခု၊ အလင်းကြုံ၏။ ။

လူဘုံထင်ရှား၊ လူအများလည်း၊ သင်ကြားဆရာ၊ ကင်းမဲ့ပါသော်၊ ပညာမျက်စိ၊ ဉာဏ်မရှိ၍၊ မသိဝိုးဝါး၊ သူကန်းလားသို့၊ လမ်းမှားလိုက်ခါ၊ ပျက်တတ်စွာ၏။ ။

ဆရာသခင်၊ ကျေးဇူးရှင်တို့၊ သွန်သင်ဆုံးမ၊ ကျင့်ထုံးပြ၍၊ လောကသံသရာ၊ လမ်းနှစ်ဖြာဝယ်၊ ပညာရောင်ဝင်း၊ မျက်စိလင်း၏။ ။

အပ်နှင်းပညာ၊ မြတ်ဆရာ၏၊ ဖြာဖြာဆုံးမ၊ သြဝါဒကို စိတ်ကထင်ထင်၊ ရှုဆင်ခြင်သော်၊ ရလျှင်မကြာ၊ ဆုံးမလာသို့၊ ဂုဏ်မှာထင်လှည့်၊ မြင်အောင်ကြည့်၍၊ တပည့်သမုတ်၊ အကျွန်ုပ်သည်၊ လက်အုပ်ချီကာ၊ မြတ်ဆရာကို၊ ဝန္ဒနာဖြိုး၊ ဦးနှိမ်ကျိုး၍၊ ရှိခိုးပါ၏အရှင်ဘုရား။ ။

ဆရာတော် ဦးယောသိတ (စာချ-အကျော်) [ရွှေဥဒေါင်းကျောင်း၊ ဘုံကျော်တိုက်၊ ချမ်းမြသာစည်မြို့နယ်] ရေးသားခဲ့သော အနန္တငါးပါး ဘုရားရှိခိုးကျမ်းမှ ဆရာတော် ဦးသီလာစာရဏွင့်ပြုချက်အရ ဖော်ပြပါသည်။

ဦးကစွာယန


http://www.dhammadownload.com

ဤစာရေးသူသည် ၁၃၆၅-ခု၊ ကဆုန်လတွင် ပုသိမ်ကြီးမြို့ အရှေ့ဘက်ရိုးမတောင်ခြေ တစ်နေရာတွင် တောရကျောင်းလေးတစ်ခုကို ဆောက်လုပ်ခဲ့ပါသည်၊ သွေးတိုးနှင့် ဆီးချိုရောဂါ ကျိုးပေါင်းရောဂါတို့ကြောင့် ကျန်းမာရေးများ တနေ့တခြား ချို့ယွင်းလာခဲ့ရာ စိတ် အေးချမ်းသာစွာ နေထိုင်လိုသောဆန္ဒ အမြဲဖြစ်နေခဲ့ပါသည်၊ ထို့ကြောင့် မြစ်ငယ်မြို့၊ စက်ကွေ့ရပ်ကွက်၊ ဟိန်းထက်ကဖေး၊ ဦးအောင်ထွန်း+ဒေါ်ဌေးကြည် မိသားစုတို့က ထိုတောင်ခြေ၌ တစ်ဧကကျော် မြေ တစ်ကွက်ကို ဝယ်ယူလှူဒါန်းခဲ့ကြပါသည်၊ ထိုမြေကွက်၌ တစ်ပါးနေ ကမ္မဋ္ဌာန်းကျောင်းလေးနှင့် ကုဋီ မီးတင်း ကုတ်လေးများကို ဆောက်လုပ်နေစဉ် နှမ်းကြအုပ်စု၊ ဥက္ကဋ္ဌ(လူ)ရောက်လာပြီး အထက်အမိန့်အရ ဆက်လက် ဆောင်ရွက်ခြင်းမပြုရန် တားမြစ်ပါသည်။

ဤကိစ္စသည် အောက်ခြေ လောက်

ဆရာတော်ဘုရားကြီး၏ ထူးခြားအောင်မြင်သော သာသနာပြုလုပ်ငန်းစဉ်တစ်ခု

အသောက(အရှေ့ပြင်)



http://www.dhammadownload.com

နှင့် ပြီးမည့်ကိစ္စမဟုတ်၊ အထက်က ဖိအားကို ရမှဖြစ်မည်ကို သဘောပေါက်သောကြောင့် တောကျောင်းမြေနေရာကို စီစဉ်ပေးခဲ့ကြသော နိဂြောဓာရုံတောရကျောင်း၊ ဒက္ခိဏာရုံတောရကျောင်း ဘုန်းကြီးကလေးများ၏ အကူအညီဖြင့် တပ်ရေးဗိုလ်ကြီး ဗိုလ်အောင်မြင့်ဆိုသူကို အကူအညီ တောင်းခဲ့ပါသည်။

သာသနာကို ကြည်ညိုသူ ထိုဗိုလ်ကြီးသည် ကိုယ်တိုင် လာရောက်လေ့လာပြီး "အေးချမ်းစွာ သီတင်းသုံးနေပါဘုရား၊ သက်ဆိုင်ရာဌာနများကို တပည့်တော် အကျိုးအကြောင်း ပြောဆိုထားလိုက်ပါမယ်"ဟု လျှောက်သွားခဲ့ပါသည်။

ဤသို့ ဘုန်းကြီးလေးနှစ်ပါးနှင့် ဗိုလ်ကြီးအောင်မြင့် တို့၏ ကျေးဇူးကြောင့် ကျောင်းဆောက်လုပ်၍ ဝါဆို ဝါကပ် နေထိုင်ခွင့်ကို ရရှိခဲ့ပါသည်။

ထိုသို့ နေထိုင်စဉ် ထိုနှစ်တော်သလင်းလပြည့် ကျော် (၈)ရက်နေ့တွင် အုပ်စုအတွင်းရှိ တောရကျောင်း နေ ရဟန်းသံဃာအားလုံးကို နှမ်းကြဲအုပ်စု သံဃနာယက ဥက္ကဋ္ဌကျောင်းသို့ ဆင့်ခေါ်၍ "လာမည့် သီတင်းကျွတ် လပြည့်ကျော် (၉)ရက်နေ့ကို နောက်ဆုံးထားပြီး အုပ်စုအတွင်းရှိ တရားမဝင် တောရကျောင်းအားလုံးကို ဖျက်သိမ်းပါမည်"ဟု လက်မှတ်ရေးထိုးခိုင်းပါသည်။

အထက်အမိန့်အရ ဖြစ်သောကြောင့် တောရကျောင်း (၅၀)နီးပါးမှ ရဟန်းသံဃာများ လက်မှတ် ရေးထိုးခဲ့ကြရပါသည်၊ ဖျက်သိမ်းကြရမည့် ဤတောရ ကျောင်းများတွင် အချို့ကျောင်းများသည် နှစ်ပေါင်း (၂၀) ကျော်ခန့် ရှိခဲ့ကြပြီ ဖြစ်၍ သာမန် ကပ်ဝိုးထရံကာ ကျောင်းများမှ ကာလတန်းဖိုးသိန်း(၁၀၀-၂၀၀)မက တန်ဖိုးရှိသော အာရ်စီ တိုက်ကျောင်းကြီးများပင် ရှိနေကြပါသည်။

တည်ဆောက်ကာစ မိမိကျောင်းအပါအဝင် ဤတောရကျောင်းအားလုံး ဖျက်သိမ်းခံရမည့်အရေးမှ လွတ်မြောက်ရေးအတွက် ဖိအားတွန်းအားပေးနိုင်မည့် ကွင်းဆက်ကို ရှာဖွေခဲ့ရာ ပထမ စဉ့်ကိုင်မြို့ရှိ ယခင် ကောင်စီဥက္ကဋ္ဌဟောင်း ဗိုလ်ကြီးဦးမျိုးတင့်(ငြိမ်း)အထံ သွား၍ အကူအညီ တောင်းခံခဲ့ပါသည်၊ သာသနာရေး ကိစ္စဖြစ်နေသောကြောင့် ဦးမျိုးတင့်ကိုယ်တိုင် လာပြီး သူ၏တပည့်ဖြစ်သူ ဒု-တိုင်းမှူးအထံသွားရောက်၍ အကျိုးအကြောင်း တင်ပြခဲ့ပါသည်၊ ဒု-တိုင်းမှူးက "သူသည် တိုင်း၏ သယ်ယူပို့ဆောင်ရေးကဏ္ဍကိုသာ ကိုင်တွယ်ရသူ ဖြစ်သောကြောင့် ဤကိစ္စမျိုးကို ဆောင်ရွက်ခွင့် မရှိပါ"ဟု အလိမ္မာနှင့် ငြင်းပယ်ခဲ့လေသည်၊ ဤသို့ ကွင်းဆက်ရှာ၍ ဆောင်ရွက်ရခြင်းမှာ ဒု-တိုင်းမှူးမှ တဆင့် တိုင်းမှူးကို တင်ပြ၍ တိုင်းမှူးအမိန့်ဖြင့် တောရ ကျောင်းများ ဖျက်သိမ်းမခံရအောင် လုပ်ဆောင်ခြင်း ဖြစ်ပါသည်။

သို့သော် ကွင်းဆက်ပြတ်ပြီး အကြံအစည် အထ မမြောက်ခဲ့ပါ၊ ဤသို့ဖြင့် ကျောင်းများ ဖျက်ရမည့်ရက် တဖြည်းဖြည်း နီးကပ်လာခဲ့ရာ နတ်ကောင်းမသည့် အနေဖြင့် မစိုးရိမ်တိုက်သစ်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ရာဇမဟာဘိဝံသ အထံသို့ သွားရောက် လျှောက်ထားရန် အကြံကောင်းတစ်ခု ပေါ်ပေါက်ခဲ့ပါသည်။

ထို အကြံအတိုင်း ဆရာတော်ဘုရားကြီးအထံ သို့ သွားရောက်ပြီး "တောရကျောင်းများ အဖျက်မခံရအောင် ဆရာတော် ကယ်နိုင်က ကယ်တော်မူပါ"ဟု ဆရာတော်အား အသနားခံလျှောက်ထားခဲ့ပါသည်၊ ဆရာတော်သည် အနည်းငယ် စဉ်းစားပြီးနောက်. .

ဆရာတော်ဘုရားကြီး။ ။"ဒီကိစ္စသံဃာအများနဲ့ ဆိုင်တဲ့ သာသနာရေးကိစ္စဖြစ်နေတဲ့အတွက် ဆောင်ရွက် နိုင်သလောက် ဆောင်ရွက်ပေးရမှာပေါ့၊ ဒီကိစ္စမှာ ငါက ဘယ်လို ဆောင်ရွက်ပေးစေချင်သလဲ"။

စာရေးသူ။ ။ဆရာတော်အထံ တိုင်းမှူးစတဲ့ ဒကာကြီးတွေ မကြာခဏ လာရောက်

တည်ဆောက်ကာစ မိမိကျောင်း အပါအဝင် ဤတောရကျောင်းအားလုံး ဖျက်သိမ်းခံရမည့် အရေးမှ လွတ်မြောက်ရေး အတွက် ဖိအားတွန်းအား ပေးနိုင်မည့် ကွင်းဆက်ကို ရှာဖွေခဲ့ရာ



http://www.dhammadownload.com

နေကြတော့ ဆရာတော်အနေနဲ့ ဒီကိစ္စကို မေတ္တာရပ်ခံပေးရင် ပြေလည် သွားလိမ့်မယ်လို့ ထင်ပါတယ်ဘုရား။ (ထိုအချိန်က နိုင်ငံတော်အကြီး အကဲများပင် ဆရာတော်အထံသို့ မကြာခဏ လာရောက် ဖူးမျှော်လျက် ရှိနေကြပါသည်။)

ဆရာတော်။ ။(အနည်းငယ်ပြုံး၍) မင်းတို့ကကော ကောင်းကောင်းနေကြတာ ဟုတ်ရဲ့လား။

စာရေးသူ။ ။ကျောင်းပေါင်း (၅၀) နီးပါးဆိုတော့ အားလုံးကောင်းပါတယ်လို့တော့ မပြောနိုင်ပါ၊ မကောင်းတာလည်း အနည်းအကျဉ်းတော့ ရှိမှာပါပဲဘုရား။

ဆရာတော်။ ။ အေး ငါက သူတို့လာတဲ့အခါ အခြေအနေကြည့်ပြီး ပြောခွင့်ကြုံရင် ပြောပေးမယ်၊ အရမ်း ပြောလို့တော့ မဖြစ်ဘူး၊ မင်းတို့က ကောင်းကောင်း နေကြတယ်ဆိုရင် အဖျက်မခံရလောက်ပါဘူးကွာ။"

ဆရာတော်က ဤကဲ့သို့ မယုတ်မလွန် အားပေးစကား အမိန့်ရှိလိုက်သည်ကိုပင် စာရေးသူက "အောင်ပြီ" ဟု စိတ်ထဲက ကြည်နူးဝမ်းသာခဲ့ပါသည်၊ တစ်ပတ်ခန့် ကြာသောအခါ ထိုအကြောင်းကို အလွန်သိချင်နေသောကြောင့် ဆရာတော်အထံ သွားရောက်ပြီး အခြေအနေကို မေးလျှောက်ခဲ့ပါသည်။

ဆရာတော်က သူ့ထုံးစံအတိုင်း ပြုံးပြုံးကလေးနှင့် "မင်းတို့ ကံကောင်းလိမ့်မယ် ထင်ပါရဲ့ကွာ၊ ပြောခွင့်ကြုံလို့ ငါ ပြောလိုက်ပြီကွ၊ တိုင်းမှူးတော့ မဟုတ်ဘူး၊ တိုင်း ထောက်လှမ်းရေးမှူးဆိုသူ ငါ့ဆီ လာတယ်၊ သူက "ဆရာတော်ရဲ့ တပည့်ဦးဝီရသူကို တရားတော့ ဟောပါ၊ နိုင်ငံရေးတော့ မပြောဖို့ သြဝါဒပေးပေးပါဘုရား"လို့ ငါ့ကို လျှောက်တယ်၊ ဒီတော့ ငါက"အေး ငါကလည်း မင်းတို့ကို သာသနာရေးနဲ့ ပတ်သက်လို့ ပြောစရာလေးတစ်ခု ရှိတယ်၊ ပုသိမ်ကြီးမြို့နယ်မှာ တောရကျောင်းများကို ဌာနဆိုင်ရာက ဖျက်သိမ်းခိုင်းနေတယ်လို့ ငါ ကြားသိရတယ်၊ ဒို့ဘုရား အလောင်းတော်တွေ တောထွက်ကြတဲ့ အခါ ဘယ်သူ့ကိုမှ အခွင့်မတောင်းဘဲ နေဖို့ သင့်လျော်တဲ့ တောစခန်းတွေမှာ သခန်းကျောင်းကလေးနဲ့ တရားအား ထုတ်ပြီး နေကြတယ်၊ ဒို့ဗမာပြည် ပုဂံခေတ်၊ အင်းဝခေတ် တွေက စပြီး တောထွက်ခဲ့ကြတဲ့ ဆရာတော်တွေဟာလည်း တောထွက်ပြီး ကိုယ်နေချင်တဲ့နေရာမှာ နေခဲ့ကြတာဘဲ၊ ရှင်ဘုရင်နဲ့ ဒကာဒကာမတွေ သိကြတဲ့အခါ တောရကျောင်းကလေးတွေ ဆောက်လုပ်လှူဒါန်းခဲ့ကြတယ်၊ ဒီလိုနဲ့ဘဲ အခု စစ်ကိုင်းတောင်စတဲ့ သာသနာ နယ်မြေကြီးတွေ ဖြစ်ထွန်းပေါ်ပေါက်လာခဲ့တာ ဖြစ်တယ်၊ အခုလဲ အဲဒီ ပုသိမ်ကြီး မြို့နယ်က တောရကျောင်းနေ ရဟန်းသံဃာများဟာ သူဟာသူ အေးချမ်းစွာနေချင်လို့ တောင်ရိုးပေါ်မှာရော တောင်ခြေက ဒကာဒကာမတွေ လှူတဲ့ မြေနေရာတွေမှာပါ ကျောင်းသခန်းတွေ ဆောက်ပြီး နေကြတာဖြစ်တယ်။

မင်းတို့ "အနေမကောင်းတဲ့ ဘုန်းကြီးကျောင်း ဖျက်ရင်တော့ သိပ်ကိစ္စမရှိဘူး၊ ကောင်းကောင်းနေတဲ့ ကျောင်းတွေ ဖျက်ရင်တော့ မင်းတို့ နာလိမ့်မယ်၊ မင်း ဒီက ပြန်တာနဲ့ မင်းတို့ တိုင်းမှူးကို ငါ ပြောလိုက်တာကို ကောင်းကောင်းပြောပြလိုက်၊ ပြောပြီးတာနဲ့ ချက်ချင်း ငါ့ဆီ ဖုန်းဆက်"လို့ ငါ ပြောလိုက်တယ်၊ မကြာဘူး "တိုင်းမှူးကြီးကို တပည့်တော် ပြောပြလိုက်ပါပြီဘုရား"လို့ သူက ဖုန်းဆက်တယ်ကွ၊ မင်းတို့ အခြေအနေ ဘာများ ထူးခြားသေးလဲ"ဟု ဆရာတော်က အမိန့်ရှိပါသည်။

ထိမိလှသောဆရာတော်၏ သြဝါဒစကားကို နာကြားရသောကြောင့် စာရေးသူက "ပွဲပြီးသွားပါပြီ ဘုရား" ဟု ဝမ်းမြောက်ဝမ်းသာ လျှောက်ထားခဲ့ပါသည်၊ တကယ်ပွဲမပြီးသေးပါ၊ သို့သော် ဆရာတော်၏ အချက်ကျကျ ထိရောက်လှသော ထိုသြဝါဒစကား ဖိအားကြောင့် သက်ဆိုင်ရာ ပုဂ္ဂိုလ်တို့သည် တောရကျောင်းများ ဖျက် သိမ်းရေးကိစ္စကို ဘယ်လိုနည်းနဲ့မှ လုပ်ဆောင်ရဲတော့မည် မဟုတ်ကြောင်း အလွန်သေချာလှပါသည်။

အနေမကောင်းတဲ့ ဘုန်းကြီးကျောင်း ဖျက်ရင်တော့ သိပ်ကိစ္စမရှိဘူး၊ ကောင်းကောင်း နေတဲ့ ကျောင်းတွေ ဖျက်ရင်တော့ မင်းတို့ နာလိမ့်မယ်၊ မင်း ဒီက ပြန်တာနဲ့ မင်းတို့ တိုင်းမှူးကို ငါ ပြောလိုက်တာကို ကောင်းကောင်း ပြောပြလိုက်၊ ပြောပြီးတာနဲ့ ချက်ချင်း ငါ့ဆီ ဖုန်းဆက်



http://www.dhammadownload.com

ဆရာတော်၏ ဩဝါဒစကား၌ "မင်းတို့ နာမယ်" ဟူသော စကားလုံးသည် အဓိပ္ပါယ်လွန်စွာ ကျယ်ဝန်း နက်ရှိုင်း၍ သက်ဆိုင်သူတို့ကို သွေးလန့်စေနိုင်သော ပါဝါ စကားဖြစ်သည်၊ သာသနာတော်နှင့် သက်ဆိုင်ရာကိစ္စ၌ အလေးအနက် မထားဘဲ လွယ်လွယ်လုပ်ဆောင်လိုက်လျှင် ထိုလုပ်ဆောင်မှုသည် ယခုလည်း နစ်နာနိုင်သည်၊ နောင်သံသရာမှာလည်း နစ်နာနိုင်သည်၊ နောင်တကြီးစွာ ရနိုင်သည်၊ ပြင်မရသော မဟာအမှား ဖြစ်သွားနိုင်သည်၊ တာဝန်ရှိသူတို့အနေဖြင့် အထူးသတိထားသင့်သော သတိပေးစကား ဖြစ်လေသည်။

ဆရာတော်က သတိပေးဩဝါဒစကား မြွတ်ကြားပါလျက် ထိုကိစ္စကို ဆောင်ရွက်ခဲ့သော် ထိုကိစ္စ နိုင်ငံတော်အကြီးအကဲတို့ သိရှိပါက ထိုသူတို့ အမှန်ပင် နစ်နာကြမည် ဖြစ်ပါသည်၊ "ဩဇာဝုဏ္ဏ ရှိသော ပုဂ္ဂိုလ်တို့၏ ဩဇာသည် ထိုဝုဏ္ဏ မရှိသော လူတို့ အပေါ်၌ အလို အလျောက် ပြန့်နှံ့၍ တည်သည်"ဟူသော အဋ္ဌကထာ စကားအတိုင်း ဆရာတော်ဘုရားကြီး၏ ဩဝါဒကထာ စကားဩဇာသည် အမှန်ပင် အကျိုးသက်ရောက်မှု ရှိခဲ့ပါသည်။

ဆရာတော်၏ တစ်ကြိမ်သာ မိန့်လိုက်ရသော ထိုဩဝါဒစကားကြောင့် တောရကျောင်းများ ဖျက်သိမ်း ရေးကိစ္စသည် လုံးဝငြိမ်းအေးသွားခဲ့ပါသည်၊ ငြိမ်းအေးသွားရုံမက မြို့နယ်သံဃနာယကအဖွဲ့ဝင် ဆရာတော်များ တောရကျောင်းများကို ကွင်းဆင်းလေ့လာပြီး ကျောင်း အဂ်ီရပ်နှင့် ညီညွတ်သော တောရကျောင်းများကို တရားဝင် ကျောင်းများအဖြစ် ကျောင်းနာမည် ဖောက် ပေးခဲ့ကြပါသည်။

(၉)နှစ်ခန့် ကြာခဲ့ပြီးဖြစ်သော ယနေ့အချိန်၌ကား သံဃာတစ်ပါးနေ တောရကျောင်းမှ သံဃာသုံးဆယ်၊ ငါးဆယ်ခန့်ရှိသော တောရစာသင်တိုက်များ၊ ကမ္မဋ္ဌာန်း ကျောင်းဆောင် ၅၀-၆၀ခန့် ရှိသော တောရပဋိပတ္တိ ရိပ်သာကြီးများ စသည်ဖြင့် တောရကျောင်းပေါင်း (၁၀၀) ကျော်မက တိုးပွားစည်ကားနေပြီ ဖြစ်ပါသည်။

ထို့ပြင် သာသနာ့နွယ်ဝင် သီလရှင် ဆရာလေးများ၏ တောရကျောင်းများ ပင်လျှင် နှစ်ဆယ်ကျော် သုံးဆယ်နီးပါးခန့် ရှိနေပြီ ဖြစ်ပါသည်၊ ယခု ဤတောရ ကျောင်းများ တည်ရှိရာ သာသနာ့နယ်မြေ ဒေသသည် ညအခါဆိုလျှင် ဒုတိယစစ်ကိုင်း တောင်လေးပမာ, လျှပ်စစ်မီးရောင်စုံတို့ဖြင့် ထိန်ပြောင်ပဝင်း ရွှေရောင် လင်းလျက် ရှိနေပါသည်။

ဤကဲ့သို့ တောရကျောင်းများ ဖျက်ဆီးခံရမည့် ဘေးမှ လွတ်မြောက်ပြီး ဆတက်ထမ်းပိုးတိုး၍ သာသနာ့ ရောင်ဝါ ထွန်းလင်းစည်ကား လာနေခြင်းသည် "ပုညဝန္တာဝ သိဒ္ဓိ-ဘုန်းကံကြီးသူများသာ အရာရာကို ပြီးစီး အောင်မြင်နိုင်သည်" ဟူသော အဋ္ဌကထာစကားအတိုင်း ဆရာတော်ဘုရားကြီး၏ ဘုန်းကံနှင့် ပညာဉာဏ် အစွမ်း ကြောင့်သာ ဖြစ်ပါသည်။

"ဘုန်းတန်ခိုးရှိန်စော် အာနုဘော်နဲ့ ပြည့်စုံသောသူကို အားကိုးမှီဝဲ ဆည်းကပ်ရမှသာလျှင် အားကိုးမှီဝဲ ဆည်းကပ်ရကျိုးနပ်သည်"ဟူသော ဟိတောပဒေသကျမ်းလာ စကားအတိုင်း တောရကျောင်းများ အဖျက်မခံ ရရေးအတွက် ဘုန်းတန်ခိုးရှိန်စော် အာနုဘော်နှင့် ပြည့်စုံသော ဘဒ္ဒန္တရာဇမဟာဘိဝံသ ဆရာတော်ဘုရားကြီးကို အားကိုးမှီဝဲ ဆည်းကပ်ခဲ့ရာ သာသနာအတွက် အားကိုး ရကျိုး မှီဝဲဆည်းကပ်ရကျိုး နပ်လှပါပေသည်တကား။

အောင်မြင်သော ဤသာသနာရေးကိစ္စ ဆောင်ရွက်မှုသည် ဆရာတော်ဘုရားကြီး၏ ဘဝတစ်သက်တာ များစွာသော ပြည်တွင်းပြည်ပသာသနာပြုလုပ်ငန်းစဉ်ထဲမှ ထူးခြားအောင်မြင်သော သာသနာပြု လုပ်ငန်းစဉ် တစ်ခု ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

အသောက (အရှေ့ပြင်)

ယခု ဤတောရ ကျောင်းများ တည်ရှိရာ သာသနာ့နယ်မြေ ဒေသသည် ညအခါဆိုလျှင် ဒုတိယ စစ်ကိုင်း တောင်လေးပမာ, လျှပ်စစ်မီးရောင်စုံ တို့ဖြင့် ထိန်ပြောင်ပဝင်း ရွှေရောင် လင်းလျက် ရှိနေပါသည်။



http://www.dhammadownload.com

အမြဲတက်ကြွ ထက်မြက်သော ဆရာတော်


မစိုးရိမ် အာဂမဆရာတော်



စာရေးသူသည် ၁၃၃၇-ခုနှစ် နာယကအဖွဲ့ဝင် တိပိဋကပါဠိမြန်မာအဘိဓာန်အဖွဲ့ဝင် ဖြစ်သည်မှစ၍ ဆရာတော်နှင့်အတူ တိုက်တာကိစ္စ အဘိဓာန်ကိစ္စစသော အမှုကိစ္စပေါင်းများစွာ ဆောင်ရွက်ခဲ့ပါသည်၊ ဆောင်ရွက်သမျှသော အမှုကိစ္စတိုင်းလိုလိုကိုပင် သီလကျွန်အဖြစ်သော ကျမ်းပြု ပိဋကနယူပဒေသကျောင်းဆရာတော်နှင့် (ထိုစဉ်က) ဓမ္မဒါယာဒဆရာတော် (ယခု မစိုးရိမ်တိုက်သစ်နာယကချုပ်) နှစ်ပါးတို့သည် တက်တက်ကြွကြွ ထက်ထက်မြက်မြက် အောင်မြင်စွာ ဆောင်ရွက်ခဲ့သည်ချည်း ဖြစ်ပါသည်၊ လုပ်စရာရှိသည်ကို တက်ကြွထက်မြက်စွာ ဆောင်ရွက်တတ်သောကြောင့်လည်း အုပ်ချုပ်သူတို့နှင့် ပြောဆိုရတတ်သည်၊ ဓမ္မအတိုင်း ဆောင်ရွက်သည်ကိုပင် အဓမ္မဆောင်ရွက်သည်ဟု အထင်မှားခံရတတ်သည်၊ သူတို့ကို မလိုလားအပ်သော နိုင်ငံရေးလုပ်သည်ဟု ထင်ကြသည်၊ ထင်သဖြင့်လည်း မထုတ်ပြန်သင့်သော ဥပဒေတွေ ထုတ်ကြသည်၊ ဆရာတော်နှစ်ပါးကိုလည်း ပြည်သူ့အကျိုး သံဃာတော်များအကျိုး သာသနာအကျိုးကို ဆောင်ရွက်သောကြောင့် နှိပ်စက်ညှဉ်းပန်းလိုက်ကြသည်။

နိုင်ငံ့အရေး၊ နိုင်ငံရေးဆိုသည်မှာ ပြည်သူ့အရေးပါ၊ ပြည်သူ့အရေးဟု ဆိုလိုက်လျှင်ပင် ပြည်သူတို့ ဆောင်ရွက်သမျှသော ပြည်သူ့ကိစ္စ၊ ပြည်သူတို့ ကိုးကွယ်ထားသော သာသနာရေးကိစ္စ ပြည်သူတို့ကို လွှမ်းမိုးနေသော တရားသော မတရားသော ဥပဒေ အာဏာတို့နှင့်တကွ ဥပဒေလွတ် စည်းလွတ်ကမ်းလွတ် ဆောင်ရွက်ချက် အားလုံး ပါဝင်လာပါသည်၊ ဒါတွေသည် ပြည်သူ့အရေး နိုင်ငံ့အရေး နိုင်ငံရေးပင် မဟုတ်ပါလော၊ ဓမ္မပဒ အဋ္ဌကထာ ဒုတိယအုပ် စာမျက်နှာ-၃၂၄-ကို ဖတ်ကြည့်ပါ၊ အဓမ္မမင်းတို့က ဒဏ်အမျိုးမျိုးပေးကာ ပြည်သူတို့ကို နှိပ်စက်ကြသည်၊ နှိပ်စက်ခံနေရသော ပြည်သူတို့ကို မြင်သော ဘုရားရှင်အား "မည်ဉ်းဆဲ မသတ်ဖြတ်ဘဲ မအောင်ထိုက်သူကို မအောင် မစိုးရိမ်ထိုက်သူကို မစိုးရိမ်စေဘဲ တရားနှင့်အညီ မင်းပြုနိုင်ကောင်းတန်"ဟု အကြံ တော်ဖြစ်ကြောင်းပါရှိသည်၊ ပြည်သူ့အရေး နိုင်ငံ့အရေး နိုင်ငံရေးကို ကြီးမားလှသော မဟာကရုဏာတော်ဖြင့်

http://www.dhammadownload.com



ကြံတော်မူခြင်းဖြစ်သည်၊ ထိုမဟာကရုဏာတော်ကြောင့် ရှင်တော်မြတ်ဘုရား ဆောင်ရွက်တော်မူသမျှ ကိစ္စ အားလုံးသည် နိုင်ငံ့အရေး ပြည်သူ့အရေးထက် အဆ အသချေ်ပိုကျယ်ဝန်းသော သတ္တဝါအားလုံးအရေး ကမ္ဘာ့ အရေး စကြာဝဠာအနန္တအရေးတော်ကြီး ဖြစ်နေပါသည်၊ ဘုရားသားတော် ရဟန်းတော်များ အမျိုးဘာသာ သာသနာအတွက် ဆောက်ရွက်သည်ဆိုသည်မှာ အလွန် သေးငယ်သော လုပ်ငန်းသာ ဖြစ်ပါသည်၊ ဒီထက်မက လုပ်ကြရပါဦးမည်၊ "သာသနာသည် ဒို့အတွက်"ဟု မှတ်ထင်နေသူများကို "သာသနာသည် ပြည်သူ့အတွက်၊ သတ္တဝါတွေအတွက်"ဟု သိအောင်လည်း ထက်ထက် မြက်မြက် တက်တက်ကြွကြွ လုပ်ပြကြရပါဦးမည်။

နာယကချုပ်ဆရာတော်သည် အခွင့်သင့်တိုင်း ရန်မဖြစ်ရန် ညီညွတ်ရန် ဩဝါဒပေးသည်၊ ညီညွတ်ရေး လုပ်ငန်း လုပ်နေပါပြီလား၊ အဓိကရုဏ်းမဟုတ်သည် တို့ကို အဓိကရုဏ်းဟု သတ်မှတ်နေသေးသည်၊ ညီညွတ်ရေး ရနိုင်ပါမည်လား၊ ရွှေကျင်သာသနာပိုင် ဝါဆိုဆရာတော်ဘုရားကြီးသည် အခွင့်သင့်တိုင်း အရက်မရောင်းကြဘို့ ဩဝါဒ ပေးသည်၊ အရက်ဆိုင်တွေ တိုး၍ တိုး၍ လာသည်၊ "ဗုဒ္ဓဘာသာဝင် များစွာရှိသော နိုင်ငံဆိုသည်မှာ အရက်ဆိုင်များစွာ ရှိသောနိုင်ငံ၊ အသောက် အစားများသောနိုင်ငံဖြစ်နေသည်"ဟု ပြောစရာပါ၊ ဆရာတော်ကြီးများ၏ ဩဝါဒတွေ ဘာဖြစ်ကုန်ပြီလဲ။


တိုင်းပြည်၌ သာသနာတော်နှင့် ပတ်သက်၍ အလွန်ကြီးမားစွာ ပူလောင်နှိပ်စက်နေသော သံပူတံစို့ကြီး များစွာ ရှိပါသည်၊ ဥပမာ "နိုင်ငံရေးလုပ်က သမ္မုတိ ရဟန်းအဖြစ် နေခွင့်မပြုသော ဥပဒေ၊ ရဟန်းတော်တို့ကို သတ်ဖြတ်ညှဉ်းဆဲသဖြင့် ရဟန်းတော်တို့က ဆောင်ရွက် ထားသော ပတ္တနိကုဇ္ဇနက်ကို ဓမ္မက်လော အဓမ္မက်လော ဟု သုံးသပ်၍ ဓမ္မက်ဖြစ်နေပါက ဓမ္မနှင့်အညီ ငြိမ်း အောင် ဆောင်ရွက်ရန်"စသည်ဖြင့် များစွာရှိပါသည်၊ ဒီ ကြီးမားပူလောင်လှသော သံပူတံစို့တို့ဖြင့် အထိုးအစိုက် ခံနေရသောကြောင့် တိုင်းပြည်အစိုးရ ရဟန်းရှင်လူ ပြည်သူပြည်သားများလည်း မမျှော်လင့်သောဘေးတွေ ကြုံနေသည်ဟု ထင်ပါသည်၊ ထိုသံတံစို့အပူတွေကို ရှင်းလင်းဖို့ သင့်နေပါပြီ၊ တိုင်းပြည်အရေး တက်တက်ကြွကြွ ထက်ထက်မြက်မြက် ဆောင်ရွက်နေကြသော ဆရာ တော်တွေအပေါ် သံသယတွေ ပယ်သင့်ပါပြီ၊ ဖြူစင်သော စိတ်ထားသင့်ပါပြီ၊ မစိုးရိမ်တိုက်သစ် နာယကချုပ် ဆရာတော်တို့လို ထက်ထက်မြက်မြက် တက်တက်ကြွကြွ ဓမ္မနှင့်အညီ ပညာဖြင့် ဆောင်ရွက်တော်မူကြသော ဆရာ တော်များ ဒေသတိုင်း ဒေသတိုင်း၌ စဉ်ဆက်မပြတ် ပေါ် ထွန်းနေပါစေ။

မစိုးရိမ် အာဂမဆရာတော်

http://www.dhammadownload.com

မိမိနှင့် ဦးဏာဇ

မဟာဝေပုလ္လဆရာတော် (စစ်ကိုင်းတောင်)



http://www.dhammadownload.com

မိမိသည် ဦးရာဇမဉ္ဇနှင့် မစိုးရိမ်တိုက်မှာ (၁၄)နှစ် အတူနေထိုင်ခဲ့၏၊ တောင်ပြင်အနောက်ပြင် စာချ ဆရာတော်များထံ သွား၍ စာတက်ဖော်စာတက်ဖက် ဖြစ်၏၊ တစ်ပါးနှင့်တစ်ပါး ပြောစရာရှိလျှင် ပြော၍ တိုင်ပင်စရာရှိလျှင်လည်း တိုင်ပင်ကြပြီး ပြောမနာ ဆိုမနာသော ပုဂ္ဂိုလ်များဖြစ်ကြ၏၊ တိုက်ထဲမှာ နေစဉ်ကပင် မိမိကို ဦးရာဇမဉ္ဇက "ဘုန်းကြီးကလေး"ဟု "ချစ်စနိုး" ခေါ်ဝေါ်လေ့ရှိသလို ယခု မိမိ အသက်(၈၃)နှစ် ရှိပြားသော်လည်း ယခင်ခေါ်ဝေါ်နေကြအတိုင်း "ဘုန်းကြီးကလေး"ဟု "ချစ်စနိုး" ခေါ်ဝေါ်မြဲ ခေါ်ဝေါ်ပြန်၏။

ယခုလို ခေါ်သံကြားရတော့ မစိုးရိမ်ဆရာတော် ဘုရားကြီးက နာယကစာချဘုန်းတော်ကြီးများကို 'ဦးပဉ္စင်း'ဟု ခေါ်ဝေါ်သည်ကိုလည်းကောင်း၊ "နဝါယံ ကုမာရကော"ဟူသော စကားကိုလည်းကောင်း (မကြည့်ဘဲနဲ့ မြင်မြင်နေတယ် မျက်စိထဲမှာ ဝဲလယ်-ဝဲလယ်ကဲ့သို့) မြင်သယောင်, ကြားသယောင် ထင်မိပေ၏၊ နှစ်ပါးလုံး ဆွမ်းခံသွားကြ၊ မိမိမှာ ဆန်မရှိတဲ့အခိုက် ကိုရင်ဇနိန္ဒကို ဦးရာဇမဉ္ဇထံ သွား၍ ဆန်အယူခိုင်းရ၏။

ထိုကဲ့သို့ အတူနေ အတူသွားကြသောအခါ ကာဠ ကဏ္ဏီဇာတ် (ဇာ၊၁။၂၀)ကို သတိရမိ၏၊ ကာဠကဏ္ဏီဇာတ်၌

မိတ္တော ဟဝေ သတ္တပဒေန ဟောတိ၊
သဟာယော ပန ဒ္ဝါဒသကေန ဟောတိ။
မာသမ္ပမာသေန စ ဉာတိ ဟောတိ၊
တတုတ္တရိ အတ္တာသမောပိ ဟောတိ-ဟု လာ၏။

၁။ (၇)ဖဝါးလှမ်းပြီး အတူသွားဘူးလျှင် မိတ်ဆွေ
၂။ (၁၂)ဖဝါးလှမ်းပြီး အတူသွားဘူးလျှင် သူငယ်ချင်း
(မိတ်ဆွေနှင့် သူငယ်ချင်း ထူးခြား၏)
၃။ လဝက်-တစ်လ အတူသွားဘူးလျှင် ဆွေမျိုး
၄။ ထိုထက်အလွန် သွားဘူးလျှင် မိမိနှင့်တူ၏. . ဟူလို။

မစိုးရိမ်တိုက်သစ် (ယခင်နှင့်ယခု)

သီဟိုဠ်ကျွန်း(သီရိလင်္ကာ) ဒုဋ္ဌဂါမဏိမင်းကြီး ငယ်ရွယ်စဉ်က အမြဲတမ်း ခြေထောက်ကွေးအိပ်၏၊ ခြေထောက်ဆန့်မအိပ်၊ မိခင်က "ဟဲ့ ချစ်သား ခြေထောက်ဆန့် အိပ်ပါတော့လား ဘာကြောင့် ခြေထောက်ကွေးအိပ်သလဲ"ဟု မေးရာ ဂါမဏိက "မိခင် ကျေးကုလားတွေက တိုင်းပြည်အချို့နေရာ၌ သိမ်းပိုက်ထား၍ နေရာကျဉ်းနေသည်၊ သို့ဖြစ်၍ ခြေထောက်ဆန့်မအိပ်ဘဲ ကွေးအိပ်သည်၊ ကျေးကုလားတွေကို အနိုင်ရအောင် တိုက်ပြီး တိုင်းပြည်ကျယ်ဝန်းမှ ချမ်းသာစွာ ခြေထောက်ဆန့်အိပ်မည်"ဟု ပြော၏။

မစိုးရိမ်တိုက်သစ်သည်လည်း ယခင်က အဆောက်အဦ နည်းပါး၊ စာသင်သားက များသည်ဖြစ်၍ ဂါမဏိကဲ့သို့ ကျဉ်မြောင်းစွာ နေရသော်လည်း ယခုမူကား အဆောက်အဦများ တိုးတက်လာသည်ဖြစ်၍ ဂါမဏိ စစ်အောင်နိုင်သောအခါ ကျယ်ဝန်းစွာ ခြေထောက်ဆန့်အိပ်သလို စာသင်သားများလည်း ကျယ်ဝန်းစွာ နေထိုင်ရ၏။

တစ်နေ့တွင် မစိုးရိမ်တိုက်သစ်သို့ ရောက်သွားသောအခါ ဦးရာဇမဉ္ဇနှင့် တွေ့၍ "အဆောက်အဦများ တိုးတက်လာခြင်းသည် မိမိ ဘုန်းကံကြောင့်ချည်းသာ တိုးတက်သည်ဟု မထင်ပါနဲ့၊ သံဃာ့ဘုန်းကံလည်း ပါပါသေးသည်"ဟု မိမိကပြောဆိုရာ ဦးရာဇမဉ္ဇက "မကင်းကြောင်း" ပြန်ပြောင်း ပြောဆိုဝန်ခံ၏၊ ဤစကားသံကို ကြားရတော့ သုဝစပုဂ္ဂိုလ်, တူးအောင်းပုဂ္ဂိုလ် ပါတကားဟု တွေးမိ၏။

တူးအောင်းအကြောင်း ဆက်ပါဦးအံ့

ပမာအားဖြင့် အင်းဝခေတ်မှာ အင်းဝအမတ်နှင့် ရခိုင်အမတ် တွေ့ဆုံစဉ် ရခိုင်အမတ်က ကြံကို အဖျားမှ စ၍စုတ်၏၊ အင်းဝအမတ်က "အဘယ့်ကြောင့် ကြံကို အဖျားမှ စ၍ စုတ်ရသနည်း"ဟု မေးရာ ရခိုင်အမတ်က "ကြံ၏ အဖျားသည် အနည်းငယ်ငံ၍ တဖြည်းဖြည်း အချိုဓာတ် ရောက်အောင် အဖျားက စ၍ စုတ်သည်"ဟု ပြော၏။

အင်းဝအမတ်ကား "လူတို့၏ အာယုသခါရသည် ကွေးသောလက် မဆန့်မီ ဆန့်သောလက်မကွေးမီ သေတတ်၏။ သို့ဖြစ်၍ အချိုဓာတ်ရှိသော အရင်းက စ၍ စုတ်သင့်ကြောင်း" ပြောရာ ရခိုင်အမတ်က "အော် ဟုတ်ပေသားပဲ"ဟု ဝန်ခံသောအခါ အင်းဝအမတ်က ရခိုင်အမတ်ကို "တူးအောင်းပုဂ္ဂိုလ်ပါတကား"ဟု ပြောဆိုသကဲ့သို့ မှတ်။

ဒေသနာတော်၌

၁။ တွင်းကို တူးရုံသာ တူးပြီး မအောင်းသောကြွက်၊
၂။ အောင်းရုံသာ အောင်းပြီး မတူးသောကြွက်၊
၃။ တူးလည်းမတူး အောင်းလည်း မအောင်းသော ကြွက်၊
၄။ တူးလည်းတူး အောင်းလည်း အောင်းသော

http://www.dhammadownload.com

ကြွက်ဟု လေးမျိုးရှိသလို ထိုနည်းတူစွာ ပုဂ္ဂိုလ်သည်လည်း

၁။ တရားကို သိရုံသာသိပြီး မကျင့်သောပုဂ္ဂိုလ်၊
၂။ ကျင့်ရုံသာ ကျင့်ပြီး မသိသောပုဂ္ဂိုလ်၊
၃။ သိလည်းမသိ ကျင့်လည်းမကျင့်သောပုဂ္ဂိုလ်၊
၄။ သိလည်းသိ ကျင့်လည်းကျင့်သောပုဂ္ဂိုလ်ဟု လေးမျိုးရှိ၏။

ထိုတွင် နောက်ဆုံးပုဂ္ဂိုလ်ကို တူးအောင်းပုဂ္ဂိုလ်ဟု ခေါ်၏။

သိမ်ထပ်ပွဲအဖြစ်အပျက်

ဒကာတစ်ယောက် ဦးရာဇဓမ္မကို သိမ်ထပ်၏၊ ဆရာတော်တပါးက ဂရုဂါရဝဖြစ်စိမ့်သောငှာ ဥပဇ္ဈာယ်ထပ်အယူခိုင်း၏၊ ဦးရာဇဓမ္မက "တမဝေ ဥပဇ္ဈံ တမဝေ ဥပသမ္မဒံ"တို့တွင် "တမဝေ ဥပဇ္ဈံ" ထောက်ပြပြီး မယူနိုင်ဟု လျှောက်၏၊ "မင်းဟာ တော်တော်အပြောရခက်တယ်"ဟု ငြီးတွားပြီး နောက်ထပ် စကားမဆက်တော့ပေ။

အတ္ထနောမတိ ကိစ္စာပိ ကထိတာ သတ္ထုဒုတ္ထလာ-(နီတိ၊ပဒ)အရ အတ္ထနောမတိသည် အားအနည်းဆုံးဖြစ်၍ ပါဠို အဋ္ဌကထာ ဋီကာတို့၌ သွင်းသော်လည်း မည်ညွတ်သည့်အတွက် လက်လျှော့ခြင်း ဖြစ်၏။

တမဝေ ဥပဇ္ဈံ-ဆိုသည်ကား

ရဟန်းယောက်ျားတစ်ပါး, ပုလ္လိင်မှ (ရဟန်းယောက်ျားဘဝမှ) ဣတ္ထိလိင်ပြန်၍ ဘိက္ခုနီမ (ရဟန်းမိန်းမ) ဖြစ်သွားသောအခါ နောက်ထပ် ဥပဇ္ဈာယ်အသစ် မယူရပဲ ယခင် ရဟန်းယောက်ျားဘဝတုန်းက ယူထားသော ဥပဇ္ဈာယ်သည်ပင် ဘိက္ခုနီမ (ရဟန်းမိန်းမ) ဘဝသို့ရောက်သောအခါမှာလည်း ဥပဇ္ဈာယ်ဟူ၍ပင် မှတ်ရ၏၊ ဥပဇ္ဈာယ်အသစ် မယူရ။ ဤစကားကို "တမဝေ ဥပဇ္ဈံ"ဟု ခေါ်၏၊ ရဟန်းတပါး ဥပဇ္ဈာယ်နှစ်ပါး မရှိကောင်း နိဿည်းဆရာကား ငါးဝါမပြည့်မီ ဌာနပြောင်းတိုင်း ယူရ၏။

တမဝေ ဥပသမ္မဒံ ဆိုသည်ကား

ရဟန်းယောက်ျားတပါး ပုလ္လိင်မှ ဣတ္ထိလိင်ပြန် ဘိက္ခုနီမ (ရဟန်းမိန်းမ) ဖြစ်သွားသောအခါ ယခင်ရဟန်းယောက်ျားဘဝတုန်းက ရခဲ့သော ဝါအတိုင်း ရေတွက်ရ၏၊ နောက်ထပ် အသစ်တစ်မျိုး ဆက်ပြီး မရေတွက်ရ ဥပမာ- ရဟန်းယောက်ျားဘဝတုန်းက ဝါ(၃၀)ရခဲ့လျှင် ဘိက္ခုနီမ (ရဟန်းမိန်းမ) ဖြစ်စမှာလည်း ဝါ(၃၀)ရ၏ဟု ရေတွက်ရ၏၊ ဤစကားကို "တမဝေ ဥပသမ္မဒံ"ဟု ဆိုသည်၊ ဤပွဲ၌ "တမဝေ ဥပဇ္ဈံ"ကို ထောက်ပြသောကြောင့် အနိုင်ရ၏ဟု ဆိုလိုက ဆိုနိုင်၏။

အင်းဝဘုရင်က ရွှေကျောင်းကြီး ဆောက်လုပ်၏၊ ဆရာတော်တစ်ပါးက "ရွှေကျောင်းကြီး မအပ်ကြောင်း" ဆရာတော်တစ်ပါးက "ရွှေကျောင်းကြီး အပ်ကြောင်း" အမိန့်ရှိ၏၊ ဘုရင်က ဒီဆရာတော်နှစ်ပါးသည် ဆရာကြီး ၏ တပည့်များသာ ဖြစ်ကြ၏၊ ဆရာကြီးသည် တစ်ပါး တစ်မျိုးစီ သင်ထားသလားဟု တွေးပြီး ဆရာကြီးကို အပင့် ခိုင်းလိုက်၏။

ဆရာကြီးဆိုသည်မှာ ဗားကရာ သာသနာပိုင် လူထွက် ပခုက္ကူခရိုင် မြိုင်မြို့မှာနေသော ပုဂ္ဂိုလ်ဖြစ်သည်၊ ဆရာကြီးရောက်လာသောအခါ ဘုရင်က အကျိုးအကြောင်းပြောပြီး ဆရာကြီးက "ကဲ ဒီလိုဆိုလျှင် မအပ်သော ပုဂ္ဂိုလ်ကလည်း မအပ်ကြောင်း အထောက်ပြ၊ အပ်သော ပုဂ္ဂိုလ်ကလည်း အပ်ကြောင်း အထောက်ပြ" ဟု ပြောဆို သောအခါ မအပ်ကြောင်း ပြောဆိုသော ပုဂ္ဂိုလ်က အထောက်မပြနိုင်၊ အပ်ကြောင်း ပြောဆိုသော ပုဂ္ဂိုလ်က "သေနာသနပရိဘောဂေ အနာပတ္တိ"ကို ထောက်ပြသောကြောင့် အပ်ကြောင်းပြောဆိုသော ပုဂ္ဂိုလ်က အနိုင်ရ၍ ဘုရင် စိတ်ချမ်းသာ၏၊ ဤ၌လည်း အထောက်ပြ၍ အနိုင်ရခြင်းပင်တည်း။

အင်းဝခေတ်မှာပင် တုံဂိုဏ်း ရုံဂိုဏ်းဟု နှစ်မျိုးရှိ၏၊ အရုံဂိုဏ်းဟူသည် ယခုခေတ်ကဲ့သို့ ရဟန်းသာမဏေများ ရွာတွင်းဝင်သောအခါ သင်္ကန်းရုံသွားသော ဂိုဏ်းကို အရုံဂိုဏ်းဟု ခေါ်၏၊ တုံဂိုဏ်းဆိုသည်ကား မုံရွာမြို့ ချင်းတွင်းမြစ် အနောက်ဖက် တုံရွာဇာတိအတုလသာသနာပိုင် ခေါင်းဆောင်သော ဂိုဏ်းကို တုံဂိုဏ်းဟု ခေါ်၏၊ တုံဂိုဏ်းခေါင်းဆောင် အတုလသာသနာပိုင် ဆရာတော်ကား ရဟန်းသာမဏေများ ရွာတွင်းဝင်သောအခါ သင်္ကန်းရုံမသွားရ "လောပတ်တင်၍ သွားရမည်"ဟု အမိန့်ထုတ်၏၊ လောပတ်တင်ဟူသည် သင်းပိုင်ကို ခေါက်၍ ပုခုံးပေါ်တင်ပြီး အောက်ချကာ ခါးမှ ကြိုးစည်းထားသည်ကို "လောပတ်တင်သည်"ဟု ခေါ်၏၊ ထိုင်းနိုင်ငံ၌ ယခုထိ လောပတ်တင် ရှိသေး၏။

တုံဂိုဏ်းကား သာသနာပိုင် ခေါင်းဆောင်သောကြောင့် အားရှိ၏၊ ၎င်း တုံ-အရုံ အကွဲ အမရပူရဘိုးတော်ခေတ်တိုင်အောင် မငြိမ်းသေး၊ ဘိုးတော်ခေတ် ရောက်သောအခါ တုံ-အရုံ နှစ်ဦး စုံညီ၍ ဆုံးဖြတ်ကြ၏၊ တုံဂိုဏ်းက ဇင်းမယ်ပဏ္ဏာသကို ကိုး၏၊ ဇင်းမယ်ပဏ္ဏာသဟူသည် ထိုင်းနိုင်ငံ ဇင်းမယ်မြို့မှ ရဟန်းတော်တပါး ရေးသားသော

http://www.dhammadownload.com

စာအုပ်ဖြစ်၏၊ ဘုရားဟောပါဠိတော် မဟုတ်ပေ၊ ဒွေးမယ်နော် ငွေတောင်သူ ဝတ္ထုများသည် ဇင်းမယ်ပဏ္ဏာသလာဝတ္ထုများ ဖြစ်ကြ၏၊ အရုံဂိုဏ်းက ဘုရားဟော "အန္ဓရယရေ ပါရုပိတွာ ဂမိဿာမိ"ဟူသော သေခိယသိက္ခာပုဒ်ကို ထောက်ပြသောကြောင့် အရုံဂိုဏ်းက အနိုင်ရ၏၊ ဘိုးတော်က ရဟန်းသာမဏေများ ရွာတွင်းဝင်သောအခါ သင်္ကန်းရုံသွားရမည်ဟု ဘုရားဟော အတိုင်း ကျင့်စေ၏၊ အတုလဆရာတော်က "ဓားမတုံးနှင့် ကျွန်းတုံးတွေ့၍ ငါရှုံးရသည်"ဟု ပြော၏၊ ဤ၌လည်း အထောက်ပြ၍ အနိုင်ရခြင်းပင်တည်း။

ဦးရာဇ၏ ခမာဂုဏ်

စာချဆရာတော်တစ်ပါးက ဦးရာဇဓမ္မ အကြောင်း မကြာမကြာ ပြောလေ့ရှိ၏၊ ထိုသို့ ပြောဆိုခြင်းသည်

၁။ ပရဝဇ္ဇာနုပဿိဿ-ဂါထာကိုငင်း၊
၂။ အသညတော ပဗ္ဗဇိတော နံ သာဓု-ဟူသော စကားကိုငင်း၊
၃။ ငါလိုလူ ဇမ္ဗူမှာ ရှိသေးရဲ့လား-ဟူသော ဝိဇ္ဇာပစိတ်ဓာတ်မျိုးဖြင့်ငင်း၊
၄။ မာန်မင်း၏ စစ်သည်(၁၀)ပါးတွင် အတ္တာကြွတ်သန ပရဝမ္ဘန-အရငင်း၊
၅။ အရိုးကို အရွက်မဖုံးနိုင်သည်ကို မသိသောကြောင့်ငင်း၊
၆။ ဇီးကွက်လောက်တော့ ငှက်တိုင်းလှသည်၊
၇။ ဒီလိုပုတ်သင်မျိုး တုံးတိုင်းမှာ ရှိသည်၊
၈။ မိမိလို ပုဂ္ဂိုလ်မျိုး အများကြီးရှိသည်တို့ကို မသိသောကြောင့်ငင်း၊
၉။ မိမိအားကိုမှ အားဟု ထင်သောကြောင့် လည်းကောင်း ပြောဆိုခြင်းဖြစ်သည်။

ဦးရာဇဓမ္မကား သူ့အကြောင်း မကြာမကြာ အပြောခံရတော့ မကြော်ငြာပဲ ထင်ရှားပြီး ဖြစ်တော့၏၊ ဇာတ်တော်တစ်ခုဝယ် တောအတွင်း ဂူထဲ၌ ဝက်များနေကြ၏၊ ဂူထဲမှာရှိသော ပတ္တမြားတုံးကြီး၏ အရောင်ကြောင့် မိမိတို့ကို လူတွေမြင်မှာ စိုး၍ ရွံ့ညွန်ထဲလူးပြီး ပတ္တမြားတုံးကြီးကို ခန္ဓာကိုယ်ဖြင့် ပွတ်တိုက်ကြ၏၊ ပတ္တမြား တုံးကြီးကား အရောင်မမှိန်သည့်အပြင် ပွတ်တိုက်လေ ပြောင်လေဖြစ်သကဲ့သို့တည်း။

"စာတတ်ငါးခုံ၊ စာစုံမကျီးတော၊ စာပြောသဲအင်း" ဟူသော သာသနာ့သမိုင်းလာ စကားအရ ငါးခုံဆရာတော်ကို စာချဆရာတော် တစ်ပါးက "ကေစိ-အချို့ကုန်သော-----တို့သည်၊ ဝဒန္တိ-ဆိုကြကုန်၏"ဟု ကေစိထိုး၍ စာချရာ ငါးခုံဆရာတော်၏ တပည့်များက မခံမရပ်နိုင်ဖြစ်၍ ငါးခုံဆရာတော်ကို လျှောက်ထားရာ ဆရာတော်က "ဟဲ့ ကေစိထိုးခံရတဲ့ ဂုဏ်ဟာ နည်းတဲ့ ဂုဏ် မဟုတ်၊ စိတ်မဆိုးကြနဲ့"ဟု တပည့်များကို တရားချ၍ ဒေါသမထွက်ပေ။

ဦးရာဇဓမ္မကား ပြဆိုခဲ့ပြီးသော အကြောင်းတို့ကို သိသော်လည်း ခမာဂုဏ်ကို ထောက်၍လည်းကောင်း ငါးခုံ ဆရာတော်ထုံး နှလုံးမူ၍လည်းကောင်း တုံ့ပြန်မှု မပြုပေ။

ဦးရာဇ၏ အရည်အချင်း

တစ်ချိန်က အဓိကရုဏ်းကြီးတစ်ခု ပေါ်ပေါက်ခဲ့၏၊ ဦးရာဇကိုယ်တိုင် ပါဝင်ဖြေရှင်း ပေးခဲ့ရ၏၊ ၎င်းကိစ္စကို သံဃာများ၏ရှေ့ရေးကို မြော်၍လည်းကောင်း၊ သာသနာ့မျက်နှာကို ကြည့်ပြီး ဆုံးဖြတ်သော ဆရာတော်ဦးပုဒ်၏ ဖြတ်ထုံးကိုငင်း အာရုံပြု၍ သံဃာများကို သြဝါဒပေးကာ သမာဓိရှိရှိ သတ္တိရှိရှိနဲ့ ဆုံးဖြတ်ချက်ချလိုက်သည့်အတွက် မီးကို ရေဖြင့် ငြိမ်းသတ်သလို အပူငွေ့ပါ နောက်ဆက်တွဲ မကျန်ပဲ အေးငြိမ်းသွား၏။

ဆရာတော်ဦးပုဒ်ဖြတ်ထုံးကား - အင်းဝခေတ်မှာ ပထမကျော်စာမေးပွဲ နှစ်စဉ်ကျင်းပ၏၊ တစ်နှစ်တွင် မယ်နု ကိုးကွယ်သောကျောင်းမှ ပထမကျော် ဝင်မည့်သူ မရှိ၍ အိမ်ရှေ့မင်းကျောင်းမှ ပထမကျော်ဝင်မည့်သူကို မယ်နုကျောင်းဘုန်းကြီးက မိမိကျောင်း ခေါ်ထား၏၊ "ဒို့ကျောင်းမှ ပုဂ္ဂိုလ်ကို ခေါ်လျှင်တော့ အသေပဲ" စသည်ဖြင့် ပင်ကိုယ်ကတည်းက မတည့်သူနှစ်ယောက် ရန်မီးပွားကြ၏၊ ၎င်းကိစ္စ နန်းတွင်းမှ ဆရာတော်ကြီးများထံ ရောက်လာ၏၊ ဆရာတော်ကြီးများသည် စည်းဝေးပြီး ၄-၅ပါး တစ်အုပ်စုဖွဲ့ ခေါင်းချင်းရိုက်ဆွေးနွေးကြ၏၊ ၎င်းသံဃာထဲမှာ အငယ်ဆုံးဆရာတော် ဦးပုဒ်ပါလာ၏၊ ဆရာတော် ဦးပုဒ်က မိဖုရားနှင့် အိမ်ရှေ့မင်းကိစ္စဖြစ်၍ မထေရ်ကြီးများ မဆုံးဖြတ်နိုင်သည်ကို သိ၍ "အရှင်ဘုရားများ ဒီကိစ္စ မဆုံးဖြတ်နိုင်ဘူးလား"ဟု မေးရာ မထေရ်ကြီးများက "ကိုယ်တော်လေး ဆုံးဖြတ်နိုင်ရင် ဆုံးဖြတ်ပါ"ဟု ခွင့်ပြု၏။

ဆရာတော်ဦးပုဒ်က "ဒီလိုဆိုလျှင် တပည့်တော် ဆုံးဖြတ်ပါမည်"ဟု လျှောက်ပြီး အောက်ပါအတိုင်း ဆုံးဖြတ်လိုက်၏။

၁။ဒီကိစ္စသည် မိနုနှင့်လည်းမဆိုင်၊ အိမ်ရှေ့

http://www.dhammadownload.com

မင်းနှင့်လည်း မဆိုင်၊ သာသနာတော်နှင့်သာ ဆိုင်၏။

၂။ မယ်နုကျောင်း ဘုန်းကြီးသည် အိမ်ရှေ့မင်းကျောင်းမှ ပုဂ္ဂိုလ်ကို ဖြားယောင်း ခေါ်ယူသည့်အတွက် အာပတ် သင့်သည်၊ ၎င်းအာပတ်ကို ဒေသနာကြား။

၃။ ပထမကျော်ဝင်မည့် ပုဂ္ဂိုလ်သည် လာဘ် လာဘကို ငဲ့ပြီး အိမ်ရှေ့မင်းကျောင်းမှ မယ်နုကျောင်းသို့ လိုက်သွားသည့်အတွက် ယခုနှစ် ပထမကျော်မဝင်ရဟု အချက်(၃) ချက်ပြပြီး မယ်နုအိမ်ရှေ့မင်းတို့၏ မျက်နှာ ကို မထောက်သာသနာတော်၏ မျက်နှာ ကို ထောက်ပြီး သတ္တိရှိရှိနဲ့ ရဲရဲတောက် ဆုံးဖြတ်သော ဆရာတော် ဦးဗုဒ္ဓ၏ ဖြတ်ထုံးတည်း။

ဥက္ကဋ္ဌေ သူရ မိစ္ဆဏ္ဍိ-မန္ဒိသု အကုတူဟလံ။
ပိယဘွ အန္ဓပါနမ္ပိ၊ အတ္ထေ ဇာတေ စ ပဏ္ဍိတံ-
(ဇာ၊၁။၂၂)ဂါထာနှင့် အညီပင်တည်း။

နေလပမာ ကျင့်ကြပါ

အင်းဝခေတ်မှာ ဘုရင့်ထံ သီဟိုဠ်(သီရီလင်္ကာ)မှ စာချွန်တော် ဆက်သ၏၊ စာချွန်တော်ထဲ၌ ဘာမှမပါ "နေ-လ"ဟူ၍သာ ပါ၏၊ ဘုရင်က သဘောမမိ၍ အမတ်ကြီးကို မေးရာ အမတ်ကြီးက "နေလို ကျင့်သလား? လလို ကျင့်သလား?"ဟု မေးတာပါဟု လျှောက်၏။

"ရှေ့ဆက်ပါဦး"ဟု ဘုရင်က မိန့်ပြန်ရာ "နေလို ကျင့်ဟူသည် ပြည်သူပြည်သားအပေါ် ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်နေသည်ကို နေလို ကျင့်သည်ဟု ခေါ်ပါသည်၊ နေလို ကျင့်သောအခါ ပြည်သူပြည်သားများ မခံမရပ်နိုင်ဖြစ်၍ ထကြွပုန်ကန်တတ်ပါသည်။

လလို ကျင့်ဟူသည် ဘုရင်က ပျော့ညံ့ညံ့၊ အုပ်ချုပ် ရေးကလည်း ပျော့ညံ့ညံ့ ရှိသည်ကို လလို ကျင့်သည်ဟု ခေါ်ပါသည်၊ လလို ကျင့်သော အခါမှာလည်း အားလုံး ပျော့ညံ့ညံ့ဖြစ်သည်ကို သိ၍ ပြည်သူပြည်သား ထကြွ ပုန်ကန် တတ်ပါသည်၊ သို့ဖြစ်၍ နေလို ကျင့်တဲ့အခါ ကျင့်လိုက်၊ လလို ကျင့်တဲ့အခါကျင့်လိုက် ပြုလုပ်မှသာ ပြည်သူပြည်သား ထကြွပုန်ကန်မှုကင်း၍ အေးချမ်းသာယာပါသည်ဟု လျှောက်၏။

ဤနည်းတူ မစိုးရိမ်တိုက်သစ်မှာလည်း တိုက်စည်းကမ်းတည်းဟူသော နေလို ကျင့်၍ ဩဝါဒပေးခြင်း၊ စာပေပို့ချခြင်းတည်းဟူသော လလို ကျင့်တဲ့အတွက် စာသင်သားများ စိတ်ချမ်းသာမှုရှိခြင်း စာမေးပွဲ အောင်များခြင်းဟူသော အကျိုးများခံစားရသည်ကို သိရလေ၏။

ဤကဲ့သို့ နေ-လနည်းတို့ဖြင့် အုပ်ချုပ်လာသည့် အတွက် စာသင်သားများ (၂၆၀၀ မှ၂၈၀၀)ထိ တိုးတက်လာသည်ကို တွေ့ရပေ၏၊ တပြည်လုံးတွင် စာသင်သား အများဆုံးရှိသော ကျောင်းတိုက်ကို ညွှန်ပြပါဟု မေးလျှင် မစိုးရိမ်တိုက်သစ်ကို ညွှန်ပြရပေလိမ့်မည်။

ထိုသို့ စာသင်သား အများဆုံး ရှိသော်လည်း "တူလိမ့်မည် မထင်ကြနဲ့၊ ကိုးဆယ်ဆ သာလိမ့်မည်" ဟူသော စိတ်ဓာတ်မျိုးမရှိ၊ နိဝါတတရား လက်ကိုင်ထားသည်ကို တွေ့ရ၏။

"ကန်တွင်းရေသောက်၊ မင်းဖြစ်ရောက်အောင်၊
သတိဆောင်"

ဘုရားရှင်က ပေါဠိလရဟန်းကို "သင်သည် စာပေတွေ သင်ယူပို့ချနေသော်လည်း ကန်ဘောင်ရိုးလုံခံသာ ရှိသေးသည်၊ ပဋိပတ် ပဋိဝေဓတည်းဟူသော ကန်တွင်းရေကို မသောက်သေးတဲ့အတွက် တုစ္ဆ"ဟု ခေါ်သည် ဟူသော စကားကို နှလုံးသွင်း၍ ကန်တွင်းရှိ ရေနှင့်တူသော ပဋိပတ်ပဋိဝေဓတည်းဟူသော ရေကို သောက် နိုင်အောင် ကြိုးစားပါ။

ရဟန္တာ ရှင်ဓမ္မဒိန္နာ၏ ဆရာကဲ့သို့ မဖြစ်ပါစေနဲ့၊ အာရဇ္ဇာဓာတ် နိဂ္ဂမဓာတ် ယုဥ္ဇဓာတ် သုံးမျိုးကို တစ်ဆင့်ထက် တစ်ဆင့် ရင့်သည်ထက် ရင့်အောင် အားထုတ်ပါ၊ "ရန်သူဝိုင်းထား၊ ထိုယောက်ျားကား"စသော လင်္ကာကို အထူးနှလုံးသွင်းပါ။

"ကိ သု အဓိပတိရာဇာ"-နဂါးမယ်ကလေး အမေး၊ "ဆဒ္ဓါရာဓိပတိရာဇာ" ဥတ္တရလုလင် အဖြေတို့ကို အာရုံ ပြု၍ မင်းဖြစ်အောင် ကြိုးစားပါ။


အတ္ထဒတ္ထံ ပရတ္ထေန၊ ဗဟုနာပိ န ဟာပယေ၊
အတ္ထဒတ္ထံ မဘိညာယ၊ သဒတ္ထပသုတော သိယာ-(ခမ္မပဒ၊၃၈)ဒေသနာကိုလည်း အထူး နှလုံးသွင်းပါ။

နိဂုံး

မဟာနာယကချုပ်နှင့် နာယကစာချုပ်ဂုဏ်လိမ္မာသည် ကျွန်းကိုင်းမှိကိုင်းကျွန်းမှိ ဆိုသလို ကုက္ကုဒ္ဓဇာတ်လာ ပထမဥပမာကို နှလုံးသွင်းပြီး ဆရာတပည့်များ တက်ညီလက်ညီနှင့် ယခုလက်ရှိ ပုံစံအတိုင်း သာသနာ(၅၀၀၀)မက သာအောင် ကျန်းမာချမ်းသာစွာ သာသနာပြုနိုင်သော ပုဂ္ဂိုလ်များ ဖြစ်ကြပါစေဟု ဆုမွန်ကောင်းတောင်းပြီး နိဂုံးချုပ်လိုက်ပါသည်။

မဟာဝေဖုလ္လဆရာတော်

http://www.dhammadownload.com



ဆရာတော်ဘုရားကြီး၏ အဆိုအမိန့်များ
(မှတ်မှတ်သားသား ဆရာစကား)

တပည့်ကြီး ဃောသိတ

ဆရာတော်ငယ်စဉ် ကိုရင်လေးဘဝ ၁၃၀၃-ခု လောက်က ဆရာတော်၏ ဇာတိချက်ကြွေ မွေးရပ်မြေ ဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် အင်တိုင်း ကျေးရွာ၌ တိုက်နယ်သာမဏေ စာပြန်ပွဲရှိခဲ့သည်။

http://www.dhammadownload.com



ဆရာတော်၏နောင်တော် ဦးကောသလ္လ

ရွာပေါင်း(၂၀)ခန့်မှ သာမဏေများ စာပြန်ကြသော စာပြန်ပွဲဖြစ်သည်၊ ထိုစဉ်က ဆရာတော်သည် အသက် (၇)နှစ် (၈)နှစ်ခန့်သာ ရှိသေးသော သာမဏေကလေး ဖြစ်သည်၊ စာပြန်ပွဲဝင် ကိုရင်များအနက် အသက် အငယ်ဆုံး ဖြစ်နေသောကြောင့် ရွာမှ ဒကာကြီးတွေက "ကိုရင်လေး စာပြန်နိုင်ပါ့မလား၊ ခါးတောင်း(အောက်ပိုး)ကို မြဲအောင် ကျိုက်ထားနော်"ဟု ဝိုင်းစခဲ့ကြသည်၊ ကိုရင် ရာဇာက "ခင်ဗျားတို့ စာပြန်ပွဲလောက်တော့ တရေးနိုးထပြီး ပြန်ခိုင်းအုံး ကျုပ်က အသာလေး ပြန်နိုင်တယ်"ဟု ပြောဆိုချေပခဲ့သည်၊ ပြောတဲ့အတိုင်းပင် နှုတ်ခမ်းပါး လျှာပါး အသံကြည်ကြည် ပီပီနဲ့ စာတွေကို အထောက် အမ,လွတ် ပြန်ဆိုနိုင်ခဲ့လေသည်၊ စာပြန်ပွဲလာပြီး နာယူ ကြည်ညိုကြသော အဖိုးအဖွားတို့က "အောင်မာ အာဂ ကိုရင်လေးဟ၊ မြေကြီးလက်ခတ်မလွဲ ဒီကိုရင် တချိန်မှာ ထွန်းထွန်းပေါက်ပေါက် ဖြစ်လာမယ့် ကိုရင်လေးပဲ"ဟု ထင်ကြေးပေး ပြောဆိုခဲ့ကြသည်၊ ဤသို့ဖြင့် ကိုရင်ရာဇ သည် စာပြန်ပွဲလာ ပရိတ်သတ်များ အလွန်သဘောကျပြီး အကြိုက်ဆုံး ဖြစ်ခဲ့ကြသည်၊ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်လေး ဖြစ်ခဲ့လေသည်။

ဆရာတော်၏ ငယ်ဆရာများ ဖြစ်ကြသော ဆရာတော် ဦးရဝိန္ဒနှင့် ဦးကောဝိဒတို့က "ကိုရင်ရာဇတို့ ညီအစ်ကို(၂)ပါး ဉာဏ်အလွန်ကောင်းကြောင်း၊ တစ်ရက်ကို စာတွေ အများကြီးရအောင် ကျက်နိုင်ကြောင်း" ပြောသောအခါ ရွှေနွယ်ရိုးတောရကျောင်း ဆရာတော် ဦးနန္ဒိယက "အရှင်ဘုရားတို့ ကိုရင်တွေ တပည့်တော်ဆီလွှတ်လိုက်ပါဦး၊ တပည့်တော် အကဲခတ်ကြည့်ပါရစေ"ဟု မိန့်သည်။

ဆရာများက ကိုရင်ရာဇတို့ကို သဒ္ဒါကြီး ကာရက အပိုင်းကို ကျက်ခိုင်းသည်၊ တစ်လနှင့် ရဖို့ မလွယ်သော ထိုစာများ၊ ငါးရက်တည်းနဲ့ ကုန်သွားသည်၊ စာကျက်ပြီး(ရပြီး)သော နေ့၌ပင် တောရကျောင်း ဆရာတော်ထံ ညနေ (၃-၄)နာရီခန့်အချိန် စာသွားပြန်ခဲ့ကြသည်၊ ရွာမှ ဒကာကြီး ဦးစိုးလူနှင့် ဘကြီးဦးရာဆုတို့က အပြန် မှောင်မည်စိုးသောကြောင့် မှန်အိမ်နဲ့ လိုက်လာခဲ့ကြသည်၊ သို့သော် ကိုရင်ရာဇတို့ ညီအစ်ကိုသည် စာကျေညက်အောင် ရထားကြသဖြင့် မိနစ်ပိုင်းအတွင်းမှာပင် အထောက်အမ,လွတ် ပြန်ဆိုနိုင်ခဲ့ကြသည်၊ တောရကျောင်း ဆရာတော်က အလွန်သဘောကျသဖြင့် သင်္ကန်းနဲ့ ထီးဘိနပ်များ စွန့်လှူလိုက်သည်ဟူ၏၊ ဉာဏ်စမ်းသောအနေဖြင့် အကျက်ရ ခက်လှသော အဘိဓာန်ကျမ်းကိုလည်း ကျက်ခိုင်းဘူးသည်၊ ငယ်စဉ် ကလေးဉာဏ်ဖြင့် တစ်နာရီအတွင်း ၂၅-၀ါထာရသည်ဟု စာရေးသူ၏အဖွား သီလရှင်ဆရာကြီး ဒေါ်ခမ္မစာရီ (အသက်၉၅)က ပြောပြခဲ့ပါသည်။

ကိုရင်နှစ်ပါး ဉာဏ်ကောင်းလှသည်ကို အားရတော်မူသောကြောင့် တောရဆရာတော်သည် ကိုရင်ရာဇတို့ ငယ်ဆရာများကို "အရှင်ဘုရားတို့ ဒီကိုရင်လေး(၂)ပါးကို အခြေခံစာတွေ ပြည့်စုံအောင် ဂရုစိုက်သင်ပေးပြီး စာသင်တိုက်ကြီးတွေကို ပို့ပေးကြပါ၊ တစ်ချိန်မှာ သာသနာအတွက် အလွန်ကျေးဇူးများသူတွေ ဖြစ်လာနိုင်ပါတယ်"ဟု အမိန့်ရှိခဲ့သည်။ (ဆရာတော်ဦးရာဇ၏ နောင်တော်မှာ ဘဒ္ဒန္တကောသလ္လ၊ ဓမ္မာစရိယ၊ ဒီယဘာဏက ဖြစ်ပါသည်။)

စာရေးသူ တိုက်သစ်ရောက်စက ၁၃၃၀-၃၁-ခုလောက်က ဒါယာဒမှာ စာသင်သားအသစ်ဆိုလို့ ဦးပဏ္ဍိ၊ ဦးသုနန္ဒ၊ ရှင်ယောသိတ (၃)ပါးသာ ရှိသည်၊

http://www.dhammadownload.com

ဆရာတော်က သင်္ခါကြီးပြယုဂ်များကို ကိုယ်တိုင်ရေးလျှက် မဲလိပ်ကဲ့သို့ လိပ်ကာ ဖလားထဲ ထည့်မွှေနှောက်ပြီး စာရေးသူတို့ မဲနှိုက်စေ၍ ကျရာရုပ်ကို ရုပ်တွက်ကြရသည်၊ ဆရာတော်က ဘာရည်ရွယ်ချက်နှင့် ဤသို့ ကြံကြံဖန်ဖန် ခိုင်းသည်ကို မိမိအထင် ပြောရသော် "စာကို ကွက်ကျော် လုပ်မရအောင် စာကြေညက်အောင် ခိုင်းသည်"ဟု ထင်မိပါသည်၊ မှန်ပါ၏၊ စာသင်သားများကလည်း ဆရာတော်ရှေ့မှာ တန်းစီပြီး စာဆိုကြသော အခါ ကိုယ့်အလှည့်ကျမည့်နေရာကိုသာ ကွက်ပြီး ကြည့်သွားလေ့ ရှိကြပါသည်။

စာရေးသူ ကိုရင်ဘဝ ဆရာတော်က နှိုးလို့ လွယ်အောင် သူကျိန်းတဲ့ ဒါယာဒ အထက်ထပ် တောင်ဘက် အခန်းပေါက်ဝ ကြမ်းပြင်မှာ အိပ်ခိုင်းသည်၊ မနက်အိပ်ယာထ ဆွမ်းခံမသွားမီ ကျက်ပြီး စာများ အမြဲပြန်ခိုင်းသည်၊ စာရေးသူက ဆရာတော်ကို အမေတင့် ပြုတ်ထားသော ဆန်ပြုတ်ကို ယူ၍ ကပ်ရသည်၊ ထိုစဉ်က တိုက်သစ်၌ မစိုးရိမ် ပထမ အဂ္ဂါဘိဓဇဆရာတော် ဘုရားကြီး၏တူမ အမေတင့် ရှိသည်၊ ကျွန်ုပ် ဇာတ်ပွဲ အငြိမ့်ပွဲကြည့်သော ညများ၌မူ ဆရာတော်က ဖနှောင့်ဖြင့် ပေါက်၍ နှိုးသော်လည်း ကြည်ကြည်လင်လင်မနိုးပါ၊ မှေးမှေးနဲ့ ပြန်အိပ်ပျော်သွားခဲ့သည်၊ ထိုနေ့၌ ဆရာတော် ဆန်ပြုတ် မဘုဉ်းပေးရတော့ပါ၊ ဘုရားရှိခိုး ပုတီးစိပ် တရားထိုင်ပြီးမှ စာရေးသူကို နောက်တစ်ခါ ပြန်နှိုးသည်၊ စာပြန်ရသည်ကတော့ မလွတ်၊ ဆွမ်းခံပြန်သပိတ် ဘုရားဆွမ်းတော် ကပ်ပြီးပြီ ဆိုသည်နှင့် "ဟေ့ကောင် သတ္တဝါ၊ လာ စာပြန်"ဟု ခိုင်းပါတော့သည်၊ ဆရာမြတ်၏ ကရုဏာ ပုဗ္ဗင်္ဂမ စေတနာတည်း။

စာရေးသူ အကြီးတန်းတုန်းက ထင်သည်၊ တိုက်ပတ်စာမေးပွဲ၌ သင်္ခါကြီးမှလွဲ၍ ကျန်ဘာသာအားလုံး အောင်ပါသည်၊ သင်္ခါကြီး၌ တစ်မှတ်ကျသည်၊ တစ်မှတ်လိုလျှင် နာယကဆရာတော်များက တင်ပေးကြသည်၊ ဘယ်ကျောင်းကလဲ ကြည့်သောအခါ စာရေးသူ ဖြစ်နေသည်၊ ဆရာတော်(ဦးရာဇ)က "ဒီကောင့်ကို တင်မပေးနဲ့၊ အလကား စာကို ဟုတ်တိပတ်တိ ကျက်တဲ့ကောင် မဟုတ်ဖူး"လို့ ပြောပြီး ဂေဇက်ထုတ်ပြန်သောအခါ "မင်း သင်္ခါက လွဲရင် အကုန်အောင်တယ်၊ သင်္ခါမှာ တစ်မှတ်လိုတယ်၊ ငါက တင်မပေးတာ"ဟု မိန့်သည်။

အမှန်ဝန်ခံရသော် စာရေးသူသည် စာကို မိမိအသိနဲ့ မိမိလုပ်လျှင် အမြင့်ဆုံးအောင် အလတ်တန်းလောက်သာ အကြီးတန်းပင် မအောင်နိုင်၊ ဆရာကြောက်၍ စာမကျက်ချင်လဲကျက် ကျက်ချင်လဲကျက် ရပြီးစာ မပြန်ချင်လဲ ပြန်ခဲ့ရသည်၊ ဆရာ့ကျေးဇူးကြောင့်သာ နော်နီနော်နဲ့ ဓမ္မာစရိယလေးတော့ အောင်ခဲ့ပါသည်၊ စာရေးသူ၏ ရဟန်းအမကြီးက ဆရာတော်အား "တပည့်တော် ဦးဇင်း ဓမ္မာစရိယဘွဲ့တော့ ရပြီ"ဟု ဝမ်းပန်းတသာ လျှောက်ရာ ဆရာတော်က" ခင်ဗျားဦးဇင်း ကျေပ်ခိုင်းသလိုလုပ်ရင် ဘုရားတောင် ဖြစ်နေပေါ့"ဟု မိန့်လိုက်ပါသည်၊ ကိုယ်တိုင် ကြိုးစားမှုကတော့ ဝတ်ကျေတန်းကျေ အဆင့်ပင်မရှိပါဟု ရိုးသားစွာ ဝန်ခံပါသည်။


ဆရာတော်သည် တပည့်များကို ဆရာ့ထက်တော်တဲ့ တပည့်တွေ ဖြစ်စေချင်သည်၊ လောကဓမ္မ နှစ်ဌာနလုံး အဘက်ဘက်မှ ထူးချွန်စေချင်သည်၊ ထို့ကြောင့် နောက်ပိုင်း၌ စာဖတ်စရာရှိလျှင် ကျမ်းပြီးများကို ဖတ်ခိုင်းလေ့ရှိသည်၊ "စာကို စနစ်တကျ ဖတ်တတ်အောင် သတ်ပုံသတ်ညွှန်း စာအထားအသို အဖြတ်အတောက် အသုံးအနှုန်းနဲ့ ဝေါဟာရအဓိပ္ပါယ် စသည်များ ဗဟုသုတရအောင် ဖတ်ခိုင်းခြင်းဖြစ်သည်"ဟု မိန့်ဖူးပါသည်။

ကျမ်းပြီးများကို အင်္ဂလိပ်စာလည်း သင်ပေးသည်၊ စာရေးသူလဲ သင်ခဲ့ရပါသည်၊ စာအကြေနည်း၍ သင်ခန်းစာ နောက်တစ်ခေါက် ပြန်သင်ပေးရာ အရင်တစ်ခေါက်မှားသောနေရာ၌ပင် စာရေးသူတို့ ထပ်မှား ရေးကြသည်။ ဆရာတော်သည် မှတ်ဉာဏ်အလွန်ကောင်းသည်၊ "ခွေးမသားတွေ မင်းတို့ အရင်တခါလဲ ဒီနေရာ မှားတာ မဟုတ်လား၊ လူတွေက ဖင်မွှေးတောင် ဖြူနေပြီ၊ ခုထိ ကလေးစိတ် မပျောက်ကြသေးဘူး၊ ပညာလိုချင်တဲ့ စိတ်က နည်းလိုက်ကြတာ"ဟု ကရုဏာဒေါသနှင့် အငေါက်ခံကြရပါသည်။

ရှေးကလဲ "မင်းတို့ကို စာကူကျက်ပေးလို့ရလျှင် ငါ ကူပြီး ကျက်ပေးလိုက်ချင်တယ်၊ မင်းတို့ကို စာလုပ်ခိုင်းရတာ ကိုယ့်စာကို ကျက်ရတာထက် ပင်ပန်းသေးတယ်၊ မင်းတို့ ကောင်းအောင် ငါက ဆိုးပေးရအုံးမှာပေါ့"ဟု ဩဝါဒပေးခဲ့ဘူးပါသည်။

ဆရာတော်သည် ပစ္စည်းလာဘ်လာဘနှင့် ပတ်သက်လျှင်လည်း မက်မောမှုမရှိဟုတော့ မဆိုလိုပါ၊ နည်းသည်ဟုတော့ ဆိုချင်ပါသည်၊ ဆရာတော်၏ မူလရဟန်းဒကာမ (မုံရွာမြို့၊ သန်းစတိုးပိုင်ရှင်)များကသား သမီးများကို အမွေသဘောမျိုးပေးစဉ်က ဆရာတော်ကိုလည်း ရွှေ(၂၅)ကျပ်သား လှူဒါန်းကြသည်၊

http://www.dhammadownload.com



စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့မှ
မယ်တော်ကြီးနေအိမ်

ဆရာတော်က "ဟာ နေပါစေ၊ ဦးဇင်းအတွက် ဘာ အသုံးမှ မလိုပါဘူး"ဟု ပြောပြီး အလှူမခံခဲ့ပါ၊ ထိုစဉ်က ဆရာတော် အသက်မှာ (၄၀)ကျော်ရုံလေးသာ ဖြစ်သည်။ လောဘတပ်မယ်ဆိုက တပ်မက်ကောင်းတုန်း အရွယ်ဖြစ်သည်။ ယခု သက်တော်(၈၀)အရွယ်၌ လောဘမတပ်တာကို မထူးဆန်းဟု ဆိုနိုင်ပေမယ့် ငယ်စဉ်ကတည်းက လောဘနည်းတာ ကိုတော့ အလွန်လေးစား ကြည်ညိုစရာ ဖြစ်ပါသည်၊ အရိယာသီလထက် ပုထုဇဉ်သီလက ပိုခက်သလိုမျိုးဟု ဆိုချင်ပါသည်။

မန္တလေးမှ ရဟန်းအမ ဒေါ်ပေါကလည်း သူ မသေမီ ရွှေ(၂၆)ကျပ်သားကို စာချုပ်နှင့် လှူဒါန်းသည်၊ ဆရာတော်က "ဒီလို မလုပ်ပါနဲ့၊ ကျုပ်က ပလီပလာလုပ် အလှူခံတယ် ထင်ကြပါလိမ့်မယ်၊ စာချုပ်ကို ပြင်ရေးပါ"ဟု အမိန့်ရှိခဲ့ပါသည်၊ အဆိုပါ ရွှေများကို "ဆရာတော်၊ သူ့ညီမ ဒေါ်ပို၊ ကျောင်းပြင်ရန်"ဟု (၃)ဌာနာခွဲ လှူရန် စာချုပ် ပြင်ရေးခိုင်းလိုက်ပါသည်၊ မောင်ဖြစ်သူ ကိုစိုးနှင့် အမကြီး(ဒါယာဒကျောင်းအမကြီး) ဒေါ်နိုင်တို့ကို လုံးဝ မပေးပါ။

ဆရာတော်သည် ဘုရားရှင်(၄၅)ဝါကို ရည်စူး၍ ပဌာန်းပါဠိတော်(၅)အုပ်ကို (၄၅)ခေါက် ရွတ်ဘာသာ ပူဇော်ခဲ့သည်၊ မနက် လမ်းလျှောက်က ပြန်တိုင်း ပရိတ်(၁၁)သုတ်၊ ပစ္စယနိဒ္ဒေသ၊ ဓမ္မစက္ကပဝတ္တနသုတ်၊ အနတ္တလက္ခဏသုတ်များကို အမြဲရွတ်တော်မူလေ့ရှိသည်၊ သေနာသနဝတ်ကို အရွယ်တော်ရသည်အထိ ကိုယ်တိုင် ပြုတော်မူ၏၊ ဘုရားဝတ်တက်ခြင်းကို မနက်နေ့ည အနည်းဆုံး(၃)ကြိမ် ပြုတော်မူလေ့ရှိသည်။

ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်ကို ရည်စူး၍ ပစ္စယနိဒ္ဒေသ၊ ဓမ္မစက္ကပဝတ္တနသုတ်၊ အနတ္တလက္ခဏသုတ်၊ သရဏဂုံ(၃)ပါး၊ နမောတဿ၊ ဂုဏ်တော်(၉)ပါး တို့ကို ရှစ်သောင်းလေးထောင်စီ နှလုံးသွင်းရွတ်ပွားပူဇော်ခဲ့သည်။ ဆရာတော်က. . .

"အသောကမင်းကြီးက ဘုရင်ဖြစ်လို့ ကျောင်းကံ စေတီပုထိုးစတာတွေ ရှစ်သောင်းလေးထောင်စီ ပူဇော်နိုင်တယ်၊ ဒို့များက အမွဲတွေဆိုတော့ နောက်ပြီး ဘုရင်လည်း မဟုတ်တော့ သူတို့လို မလုပ်နိုင်ဘူး၊ ဒါကြောင့် ကိုယ်လုပ်နိုင်တဲ့ လုပ်လို့ရတဲ့ ဓမ္မနဲ့ ပူဇော်ရတယ်၊ လူမွဲကုသိုလ်ပေါ့ကွာ၊ ကုသိုလ်ဆိုတာ ယူတတ်ဖို့ အရေးကြီးတာပဲ၊ ယူတတ်သူ ရတာပဲ"ဟု မိန့်တော်မူဘူးပါသည်။

ဓမ္မက္ခန္ဓာတွေကို ရည်စူးပြီး ပူဇော်ခြင်းသည် ရည်မှန်းချက်တစ်ခု အာရုံတစ်ခုအနေနဲ့ ပြုတော်မူသည်ဟု ထင်ပါသည်၊ အားလုံး ရှစ်သောင်းလေးထောင် ပြည့်ပြီးနောက်မှာတော့ အချိန်ရလျှင်ရသလို အဆိုပါ ကုသိုလ်လုပ်ငန်းများကို အမြဲထာဝရ ပြုတော်မူလေ့ရှိပါသည်၊ ဆရာတော်သည် ဘုရားသောက်တော်ရေကို ကျောင်းတိုင်းစေ့ ကိုယ်တိုင်ကပ်တော်မူသည်၊ ဆရာတော်အဖို့ အချိန်ပိုဆိုတာ မရှိပါ၊ အနည်းငယ် အနားယူသော အချိန်၌ပင် အင်္ဂလိပ်၊ သတင်းစာ၊ နိုင်ငံခြားသတင်းကြည့်ခြင်းများ ပြုတော်မူသည်၊ "မြန်မာသတင်းတွေက လဲကြုတ်တွေပဲ ရေးတာ၊ တစ်ခါလာ ဒါတွေပဲ၊ ငါက ရိုးနေပြီး၊ အဲဒါကို အချိန်ကုန်ခံ ဖတ်မနေတော့ဘူး"ဟု မိန့်ဖူးပါသည်။

ဆရာတော်သည် အချိန်ကို အလေအလွင့် အဖြစ်ခံတော်မမူ၊ တစ်ခုသောနှစ်က မစိုးရိမ်အဘိဓာန် ကိုယ်စားပြုအနေနဲ့ ကမ္ဘာအေးသို့ ပိဋကဆရာတော်ကောနှင့် (၂)ပါး အတူကြွစဉ်က အဘိဓာန်လုပ်ငန်း အားလပ်ချိန်တွင် ဆုထူးပန်ကျောင်းတိုက်မှာ ခေတ္တသီတင်းသုံးကြသည်၊ ထိုသို့ နေစဉ်အခိုက် မြန်မာလူမျိုးထဲမှ အင်္ဂလိပ်စာပေမှာ ဘုရင်တဆူဟု တင်စားခံရသော (တက်တိုးအဘိဓာန်ကျမ်းပြု) ဆရာတက်တိုးထံ၌ အင်္ဂလိပ်ဘာသာ ပြန်လေ့လာတော်မူခဲ့ကြသည်၊ ဆရာတက်တိုးက "အရှင်ဘုရားတို့ ဒါတွေဒါတွေ ကျက်ခဲ့၊ ဒါတွေ ဒါတွေ

http://www.dhammadownload.com

ဘာသာပြန်ခဲ့ပါ"ဟု ကျောင်းသားတပည့်များ ခိုင်းသလို ခိုင်းသည်၊ ဆရာတော်(၂)ပါးကလည်း ဆရာကြီးခိုင်းတဲ့ အတိုင်း အတိအကျ ပြုလုပ်တော်မူကြသည်၊ လေ့လာတော်မူကြသည်။

တစ်ရက်သောနေ့ ဆရာကြီးက ဆုထူးပန်ဆရာတော် ဦးပဏ္ဏိတကို "အရှင်ဘုရား မစိုးရိမ်က အခုကြွလာတဲ့(၂)ပါးက အလွန်တော်တဲ့ တကယ့်ဒိတ်ဒိတ်ကြဆရာတော်တွေပဲ၊ အမှန်ပြောရလျှင်တော့ ဦးရာဇကပိုတော် ပိုတတ်တယ်လို့ ပြောရမှာပဲ၊ တပည့်တော် ပေးလိုက်တဲ့ သင်ခန်းစာကို တိတိကျကျ လုပ်ခဲ့နိုင်တယ်၊ သူ့ရဲ့ ဘာသာပြန်ဆိုပုံဟာ ဒီနေ့လုပ်သား သတင်းစာအယ်ဒီတာ ထက်တောင် အဆင့်မြင့်ပါတယ်၊ ဆရာတော်ကောလည်း တော်ပါတယ်၊ ဒါပေမယ့် အဲဒီဆရာတော်က အပြင် ဗာဟိယ လုပ်ငန်းတွေ ရှိပုံပေါ်တယ်၊ အရှင်ဘုရား ဦးရာဇကို တပည့်တော်က ချီးကျူးတဲ့အကြောင်း သွားမပြောလိုက်နဲ့ နားထင်သွေးရောက် သွားအုန်းမယ်၊ နဂို ကမှ ဒီဆရာတော်က ခပ်ထောင်ထောင်နေတဲ့ ကိုယ်တော်" ဟု လျှောက်ထားခဲ့သည်၊ ဆုထူးပန်ဆရာတော်ကလည်း ဆရာကြီးက မပြောလိုက်နဲ့ဆိုမှ အာတယားယားပြောချင်နေသည်၊ မနေနိုင်ပါ၊ ဆရာကြီးပြောတဲ့အတိုင်း တစ်လုံးမကျန် ပြောလိုက်သည်။

"တပည့်တော်က ဆရာကြီး မပြောမီကတဲက သွေးက ငယ်ထိပ်ရောက်ပြီးသား၊ နောင်နှစ်ကျရင် ဆရာကြီး တပည့်တော်ဆီမှာ အင်္ဂလိပ်စာ ပြန်သင်ရမယ်"လို့ အရှင်ဘုရားဒကာကြီးကို ပြောလိုက်ပါ"ဟု ပြုံးပြုံးလေးနဲ့ ဆရာကြီးကို စပြော ပြောခိုင်းလိုက်သည်။

ထိုသို့ လေ့လာနေစဉ် သင်ခန်းစာတစ်နေရာ၌ စီးပွားရေးနဲ့ ပတ်သက်သော ဝေါဟာရ အသုံးအနှုန်းတစ်ခု ပါလာရာ ဆရာတော်က "အရောင်းထိုင်းခြင်း၊ အဝယ်မလိုက်ခြင်း"ဟု ဘာသာပြန်ဆိုလိုက်သည်။ ဆရာကြီးက "အရှင်ဘုရား အမှန်လျှောက်ရရင် စီးပွားရေးနဲ့ ပတ်သက်တဲ့ ဝေါဟာရ အသုံးအနှုန်းကို တပည့်တော် မကျွမ်းကျင်ပါ၊ အရှင်ဘုရား ဘာသာပြန်ချက် မှန်-မမှန် သေချာအောင် လေ့လာဆန်းစစ်ပေးပါ့မယ်"ဟု လျှောက်ထားခဲ့ပါသည်၊ ဆရာကြီး၏ ဉာဏ်သစ်လောင်း သင်တန်းများ၌ ဆရာတော်ဦးရာဇ အင်္ဂလိပ်စာ အလွန်တော်ကြောင်း မကြာခဏ ပြောလေ့ရှိသည်ဟု ကြားဘူးပါသည်။

(၈၈)အရေးအခင်း တိုက်သစ် စစ်တပ်မဝင်မီ ဆရာတော်က "ဟေ့ကောင် ယောသိတ မနက်ဖြန် စစ်တပ်ဝင်မှာ၊ စစ်ဦးဘီလူးဆိုတာ တွေ့ရာ အကုန်ဆွဲမှာ၊ မင်းတို့ လေးငါးရက်လောက် အပြင်ထွက်နေကြ၊ ဒီပြင်ကျောင်းတွေကိုလည်း ပြောလိုက်၊ တတိုက်လုံး အသိပေးလိုက် ငါ့အတွက်က ဘာမှမဖြစ်ဘူး၊ ကဲကဲ ခုသွားမြန်မြန်လုပ်"ဟု မိန့်သည်၊ စာရေးသူသည် ဆရာကို ဘာမှပြန်မလျှောက်ရဲ၊ လက်လှမ်းမီသမျှ ကျောင်းတွေ လက်ဆင့်ကမ်းပြော ခေတ္တထွက်ခဲ့ပါသည်၊ ထိုစဉ် ဆရာမျက်နှာတော်၌ တိုက် စာသင်သံယာ တပည့်သားတွေအပေါ် စိုးရိမ်မှုတွေ အပြည့်နဲ့ မြင်လိုက်ရတော့ "အော် တကယ့်ဆရာမှ ဆရာပါတကား"ဟု ဆရာကို တိုးလို့ တိုးလို့ ကြည်ညိုရပါသည်။

ဆရာတော် မော်စကိုထဲ ရောက်နေစဉ် ဆရာတော်ရဲ့ နေရေး၊ ထိုင်ရေး၊ ကျန်းမာရေးနှင့် ဆွမ်းဘုဉ်းပေးရန် အာဟာရမျှားအတွက် တပည့်သံယာများ၊ ကျောင်းဒကာ ဒကာမ၊ ရဟန်းဒကာ ဒကာမများ၊ ဆွမ်းဒကာ ဒကာမ များက အလွန်ပူပင်နေကြသည်၊ ထို့ကြောင့် အားလုံး စိတ်ချမ်းသာအောင် ကုသိုလ်အတူရအောင်၊ စာရေးသူမှ တပတ်စီ အလှည့်ကျ လှူနိုင်အောင် စီစဉ်ပေးရသည်၊ ကြာနီကန်မှ မည္ဆွန့်, မထွေးတို့ကတော့ ဆရာတော်ထံ အရောက်များကြသည်၊ အထူးအားဖြင့် ဆရာတော်ဘုဉ်းပေးလို့ အဆင်ပြေအောင် ဆွမ်းဆန် ကောင်းကောင်း သန့်သန့် ပေးပို့ လှူဒါန်းခဲ့ကြသည်၊ ကျောင်းအမ ရဟန်းအမများကတော့ သက်ကြီးရွယ်အို့များဖြစ်၍ တစ်ပတ်ခြား နှစ်ပတ်ခြားလောက်သာ သွားနိုင်ကြ၏၊ စာရေးသူမှာ ဆရာထံ သွားချင်ပေမဲ့ တခေါက်မှ မသွားရောက်ခဲ့ပါ၊ အကြောင်းသော် ကျွန်ုပ် သွားလျှင် အစစ်အဆေး အမေးအမြန်း ထူပြောမှာ သေချာသည်၊ သံယာပါလျှင် အထူးစစ်ဆေးသည်ဟု ကြားရသည်၊ မတော်လို့ ကျွန်ုပ်ကို လိုအပ်တယ်ထင်ပြီး ဆွဲထိန်းထားလိုက်သော် ဆရာ့အတွက် ကျောင်းနဲ့ အဆက်အသွယ် ခက်သွားနိုင်သည်၊ ဤသို့ တွေးမိ၍ ဖြစ်ပါ၏၊ ဆရာကလည်း သူ လွှတ်လိုက်တဲ့သူ ကျောင်းရောက်-မရောက်သိအောင် စာရေးသူသာ သိသော ပစ္စည်းတစ်မျိုးမျိုးကို ယူခိုင်းတတ်ပါသည်၊ ကျွန်ုပ် ဆရာ့ထံ မရောက်ပေမဲ့ ကျေဇူးတော်ရှင် ဆရာ့အတွက် ဘုဉ်းပေးစရာ ကြက်သားပြုတ်ကြော်၊ ဆိတ်သားပြုတ်ကြော်၊ ထောင်းကြော်၊ ပုဇွန်ခြောက်ငါးပိကြော်၊ လက်ဖက်နှပ်၊ အကြော်စုံ ဖျော်ရည်အတွက် လိမ္မော်သီး၊ ကမွလာသီး၊

http://www.dhammadownload.com

သံပုရာသီး စသည်များကို မကြာမကြာ စီစဉ်ပေးခဲ့ပါသည်၊ ခုလိုခိုန်မှာ ဆရာနဲ့ စပ်၍ ပြုလုပ်ခွင့်ရခဲ့တဲ့ ဝေယျာဝစ္စ ကုသိုလ်ကို ဘယ်အရာမျိုးနဲ့မှ တိုင်းတာလို့မရတဲ့ အဖိုးအနဂ္ဃထိုက်တန်သော ကုသိုလ်ထူးဖြစ်သည်ဟု ခံယူပါ၏။

ဆရာကတော့ မှာတော်မူပါသည် "တပည့်တွေ ကျောင်းဒကာ ဒကာမတွေ၊ ရဟန်းဒကာ ဒကာမတွေ၊ ဆွမ်းဒကာ ဒကာမတွေ အားလုံးကျန်းမာရေးကို ဂရုစိုက်ကြ၊ ကုသိုလ်ရအောင်နေကြ၊ ငါ့အတွက် ဘာမှ မပူကြနဲ့၊ ငါက မိုးတောင် ဒူးနဲ့ တိုက်နိုင်သေးတယ်"ဟု တပည့်ဒကာဒကာမများကို မိန့်တော်မူလိုက်ပါသေးသည်။

ဆရာတော်သည် အမြဲရိုးရှင်းလေးသာ နေလေ့ရှိ၏၊ ဟန်ကြီးပန်ကြီးလုပ်ပြီး ထယ်ထယ်ဝါဝါ နေလေ့မရှိ၊ မလိုအပ်ပဲ ပုံကြီးခဲ့တာမျိုးကိုလည်း ကြိုက်တော်မမူ၊ (၈၈)အရေးအခင်းပြီးနောက် နိုင်ငံရေးပါတီများ စည်းရုံးရေး ဆင်းစဉ် ပါတီကြီးတစ်ခုမှ အဆင့်ရှိပုဂ္ဂိုလ်တစ်ယောက် "ဆရာတော်ကို လာရောက်ဖူးမျှော်ခွင့်ပါသည်၊ ဘယ်နေရာမှာ အဖူးခံမည် (တွေ့ဆုံမည်) ဆိုတာ အိမ်နှိုးရှိပါဘုရား"လို့ ရှေ့ပြေးများ (၂)ရက်ခန့် ကြိုတင်လျှောက်ထားခဲ့ကြရာ ဆရာတော်က "ဟော့ကောင်တွေ မင်းတို့ ဘယ်သူဘယ်ဝါ လာချင်လာ မလာချင်နေ၊ ငါ ဖျာပေါ်မှာ နေရင် ဖျာပေါ်တွေ့မယ်၊ ကြမ်းပြင်မှာနေရင် ကြမ်းပြင်မှာ တွေ့မယ်၊ တိုင်းပြည်ကောင်းကျိုးအတွက် ဘာတစ်ခုမှ မလုပ် ရသေးဘူး၊ ပုံကြီးမခဲ့စမ်းပါနဲ့"ဟု ငေါက်ခါ ပြောလွှတ်လိုက်သည်။

လာဖူးသောနေ့၌ မိန့်ကြားသော ဩဝါဒကို စာရေးသူ ကြားမိသော အပိုင်းလေး တင်ပြရသော် "ခင်ဗျားတို့ (ဆရာတော်ထက် အသက်ကြီးသူများ ပါသည်) နောင်မျိုးဆက်သစ် လူငယ်တွေ အတုယူစံထားရလောက်အောင် တိုင်းပြည်အပေါ် စေတနာကောင်းအပြည့်စုံနဲ့ စံပြပုဂ္ဂိုလ်တွေဖြစ်အောင် လုပ်ပြသွားကြစမ်းပါ၊ ဟိုအရင်က ရှိခဲ့တဲ့ မကောင်းတဲ့ ဥာဉ်ဆိုးတွေ ဖျောက်ဖို့လဲ လိုတယ်"ဟု အသံခပ်မာမာဖြင့် ဩဝါဒ ပေးတော်မူခဲ့သည်၊ ထို့ပြင် "သန့်ရှင်း၊ တည်မြဲ၊ အနှီ၊ အဝါ ခေတ်တုန်းကလဲ မဲလိမ် မဲညစ်တွေ ဘယ်မြို့ ဘယ်နယ်မှာ ဘယ်သူတွေ ဘယ်လို ညစ်ခဲ့တာ၊ အခု ဒီအဖွဲ့ထဲ ဘယ်သူတွေလဲ ပါနေတယ်"ဟု ရှင်းရှင်းဘွင်းဘွင်း မိန့်လိုက်သေးသည်။

ဆရာတော်သည် ပြောစရာရှိလျှင် ခပ်ပြတ်ပြတ်ပင် ပြောလေ့ရှိ၏၊ ကမ္ဘာအေး အဘိဓာန် အစည်းအဝေး တစ်ခုå သာသနာရေးဌာန အရာရှိတစ်ယောက်က "အရှင်ဘုရားတို့ တချို့အဘိဓာန်ပုဒ်တွေမှာ အတော် အတန် စာပေအတွေ့အကြုံရှိရုံနဲ့ ဖြေရှင်းဖို့ မလွယ်တဲ့ ဟာတွေ ရှိပါတယ်"ဟု လျှောက်ရာ ဆရာတော်က "မင်းတို့ သိပ်ကြီးကြီးကျယ်ကျယ်လုပ်ပြောမနေနဲ့၊ အဲဒီ ခက်ဆစ်အဘိဓာန်ပုဒ်တွေ စုထားတာရှိရင် ခု ထုတ်ခဲ့ ဒီစားပွဲပေါ်မှာ ငါ တစ်ထိုင်တည်း ရှင်းသွားမယ်"ဟု မိန့်ခဲ့ဘူးသည်။

တစ်ခါက ရန်ကုန်အကြွ ရထားပေါ်မှာ ဆရာတော် ပြုလုပ်နေကျ ထုံးစံအတိုင်း ပဌာန်းကုသလတိတ်၊ ဓမ္မစက္ကပဝတ္တနသုတ်၊ အနတ္တလက္ခဏသုတ်နှင့် ပရိတ်တော်များ ရွတ်သောအခါ ရွတ်လိုက်၊ ပုတီးစိပ်သောအခါ စိပ်လိုက် ဤသို့ ပြုလုပ်နေစဉ် ခရီးသည် ဒကာတစ်ယောက် က "အရှင်ဘုရား ကွမ်းယာပါဘုရား"ဟု ကပ်ရာ "ဟ ဒကာ ငါ မဝါးပါဘူးကွာ"ဟု မိန့်လိုက်၏၊ ခဏလောက်နေတော့ "အရှင်ဘုရား ဆေးလိပ်ပါဘုရား" ဟု ကပ်ပြန်၏၊ "ဟ ဒကာငါ မသောက်ပါဘူးကွာ"ဟု မိန့်ရာ ခရီးသည်ဒကာက "အရှင်ဘုရားက ကွမ်းလဲ မဝါးဘူး၊ ဆေးလိပ်လဲ မသောက်ဘူးဆိုတော့ ရွှေကျင်လားဘုရား"ဟု လျှောက်၏၊ ထိုအခါ "အေး ငါက ရွှေအတုဆိုရင်တော့ ကြဉ်တယ်၊ စစ်လို့ကတော့ အပေါင်တောင် ခံသေးတယ်၊ မင်းတို့က ဘာလဲကွ၊ ရွှေကျင်ကျင် မကျင်ကျင် ကွမ်းကြိုက်သူ ကွမ်းဝါးမယ်၊ ဆေးလိပ်ကြိုက်သူ ဆေးလိပ်သောက်မယ်၊ ငါက နှစ်ခုလုံး မကြိုက်တော့ နှစ်ခုလုံး မလုပ်ဘူး၊ ဘာဖြစ်လဲကွ"ဟု မိန့်လိုက်လေသည်။

မစိုးရိမ်တိုက်၌ ဆရာတော်ကြီးဦးသူရိယ ပျံလွန်တော်မူရာ နာယကဆရာတော်များက တစ်ပါးလျှင် ဝတ္ထုငွေ ငါးရာကျပ်စီကို ပူဇော်တဲ့အနေနဲ့ လှူဒါန်းကြသည်၊ ထိုတွင် ဆရာတော်ကို ကဲထပ်ထားတဲ့ ဆရာမကြီးဒေါ်အေးက "ဦးဇင်း ဝတ္ထုငွေလေး ငါးရာကို ဟိုဒကာ ဒကာမ အလှူခံ၊ ဒီဒကာ ဒကာမ အလှူခံ လုပ်မနေနဲ့၊ တပည့်တော်မဆီ ကြွလာခဲ့"ဟု လျှောက်ထားသည်၊ ဆရာတော်က "ဟိုအလှူခံ ဒီအလှူခံလည်း မလုပ်ဖူး၊ ခင်ဗျားဆီလည်း မလာဘူး"ဟု ထုံးစံအတိုင်း ပြတ်ပြတ်ပင် မိန့်လိုက်သည်၊ ထိုအခါ ဒေါ်အေးက "ဂျစ်ကပ်ကပ် ဒီဦးဇင်း ဦးစီးလုပ်လို့ကတော့ စျာပန စည်ကားမှာ မဟုတ်ပါဘူး"ဟု ပြောခဲ့သည်၊ သို့သော် ဆရာတော်ကြီး

http://www.dhammadownload.com

ဦးသူရိယစျာပနကား အလွန်စည်ကားခဲ့ပါသည်။

၂၀၀၁-ခုလောက်က ဖြစ်မည်ထင်သည်၊ နိုင်ငံတော်မှ မဟိုးရိမ်တိုက်သစ်၌ (၅)နှစ်ဆက်တိုက် ကထိန်ခင်းခဲ့သည်၊ တစ်နှစ်တွင်ကား နာယကစာချဆရာတော်များနှင့်တကွ တိုက်သံဃာအားလုံး ဆွမ်းကပ်အပြီးမှာ ဗိုလ်ချုပ်ကြီးမောင်အေးက "ဆရာတော်များဘုရား တပည့်တော် မဟာမုနိဘုရားကြီး ခဏလောက် သွားရောက် ဖူးမျှော်လိုပါတယ်ဘုရား"ဟု လျှောက်ထားရာ ဆရာတော်ဦးရာဇက "အင်း ခု ဘယ်နှနာရီ ရှိပြီလဲ"ဟု မေးသည်၊ "(၁၀)ခွဲပါဘုရား"ဟု လျှောက်ခဲ့ကြရာ "မင်းတို့ (၁၂)နာရီ ရေစက်ချဖို့ သတ်မှတ်ထားတယ်မဟုတ်လား၊ အေး (၁၂)နာရီထိုးလျှင် ဘယ်သူရောက်ရောက် မရောက်ရောက် ရှိတဲ့သူနဲ့ ရေစက်ချမယ်"ဟု မိန့်ရာ ဗိုလ်ချုပ်ကြီး ခင်ညွန့်က "ဆရာတော် တပည့်တော် ရှိနေမှာပါဘုရား" ဟု လျှောက်ထား၏၊ ဆရာတော်က "မင်းပါ လိုက်ချင်လဲ လိုက်သွား"ဟု ခပ်ပြတ်ပြတ်ပင် မိန့်တော်မူလိုက်သည်။

တပည့်သံဃာများကို ဆရာတော်ဘုရား ဟိုယခင် ရှေးအခါက ဩဝါဒပေးခဲ့ဘူးသည်၊ "ငါက သူတို့ဆီ (အာဏာပိုင်တွေဆီ)က ဘာအခွင့်အရေးမှ မယူတဲ့ ဘုန်းကြီးဆိုတော့ ငါပြောချင်တာ အားမနာပဲ ပြောနိုင်တာ ပေါ့ကွ"ဟု မိန့်ဖူးပါသည်၊

ဆရာတော် အမေရိကခရီးစဉ် ပထမဆုံး ခေါက်ဟု စာရေးသူ ထင်မိသည်၊ ထိုခရီးက အပြန် ပါလာသော ဖုန်းတစ်လုံးကို မန္တလေးတိုင်း၊ စစ်ထောက်လှမ်းရေး ဗိုလ်မှူးရန်အောင်က "ဆရာတော် ဒါလေး တပည့် တော်ရဲ့ ခဏယူသွားပြီး သုံးလို့အဆင်ပြေအောင် ဆောင် ရွက်ခဲ့ပါမယ်ဘုရား"ဟု လျှောက်ထားရာ ဆရာတော်က "ဟေ့ကောင် ဒါက ငါ့တပည့်တွေ လှူလိုက်လို့ ယူလာတာ၊ ဖုန်းဆိုတာ ကုန်သည်ပွဲစားတွေ သုံးတဲ့ပစ္စည်း၊ ငါက ကုန်သည်လည်းမဟုတ်၊ ပွဲစားလည်း မဟုတ်၊ ယူသွားဖို့ မလိုဘူး၊ ဘာမှလဲ မလုပ်နဲ့"ဟု မိန့်လိုက်သည်။

တစ်ခါကလည်း ဦးခင်ညွန့်နှင့် အခမ်းအနား တစ်ခုမှာ ဆုံရာ "မောင်ခင်ညွန့် နေရာတကာမှာ မင်းက ဟပ်စကီးနဲ့ချည်း မသွားနဲ့၊ ကုန်းလမ်းသွားသင့်တဲ့ နေရာ သွားပေးရတယ်၊ ဒါမှ လမ်းပန်းဆက်သွယ်ရေး ကောင်း မကောင်း ကိုယ်တိုင်သိမှာပေါ့၊ ဒီလိုမဟုတ်ရင် မင်း သူများပြောတာ ယုံနေရမှာ"ဟု နိုင်ငံအတွက် အပြု သဘော ဆောင်သော ဩဝါဒများကိုလည်း အခွင့်သင့် သလို ပေးတော်မူလေ့ရှိပါသည်။

"ဒို့နိုင်ငံက ခုလူတွေမှ မဟုတ်ဘူး၊ အုပ်ချုပ်သူ အာဏာပိုင်တွေ အဆက်ဆက်က စီမံခန့်ခွဲမှု အင်မတန် ကို ညံ့ဖျင်းခဲ့လို့ ခုလို နိမ့်ကျနေတာ၊ စနစ်တကျနဲ့သာ စီမံခန့်ခွဲတတ်လျှင် ဒို့နိုင်ငံ လမ်းတွေ ကတ္တရာမပြောနဲ့၊ ရွှေပြား ခတ်ပြီးတောင် ခင်းနိုင်တယ်၊ ကမ္ဘာမှာ ဒို့နိုင်ငံ တော်လောက် အလားအလာကောင်းတဲ့ နိုင်ငံ မရှိ သလောက် ရှားတယ်"ဟုလည်း မိန့်ဖူးပါသည်။

ဆရာတော်သည် မိမိထက် အသက်သိက္ခာကြီး သော စာချနာယကများကို ရိုသေလေးစားမှု အပြည့် ရှိတော်မူ၏၊ စာရေးသူ ရောက်စအချိန်က ရောက်လာ သော စာသင်သားအသစ်များကို ဆရာတော် ဦးသိရိန္ဓနှင့် ဦးနာယကတို့ထံ "ဘယ်မြို့ဘယ်ရွာမှ ဤမဟိုးရိမ်တိုက်သစ် သို့ စာပေသင်ကြားရန် ရောက်လာသော ကိုရင်ကို တပည့်ရင်းဖြစ် သတ်မှတ်တော်မူရန် သွန်သင်ဆုံးမ ဩဝါဒ ပေးတော်မူပါဘုရား"ဟု စာဖြင့် ရေးသား၍ အမြဲ အပ်တော်မူလေ့ ရှိပါသည်၊ ညကျိန်းခရီး ကြွစရာရှိလျှင် လည်း တိုက်ရဲ့ အကြီးဆုံးဖြစ်တဲ့ ဆရာတော် ဦးသိရိန္ဓကို ဦးတင်ပြီး ကြွလေ့ရှိပါတယ်၊ အနီးရှိ တပည့်ကြီးများကို လည်း "ငါ ဘယ်သွားမယ် ဘယ်နှစ်ရက်တော့ ကြာမယ်" ဤသို့ မိန့်ကာ ကြွလေ့ရှိပါသည်။


ဆရာတော်သည် ကိုယ့်အမျိုးဘာသာ သာသနာ ကို ထိပ်တန်းမှာ အမြဲရှိနေစေချင်သည်၊ အထူးအားဖြင့် ကိုယ့်နိုင်ငံ အဖက်ဖက်မှ ယိုယွင်းပြီး ကဏ္ဍစုံ ကမောက် ကမ ဖြစ်လျက် ဓားမနောက်ပိတ်ခွေးနိုင်ငံ ဖြစ်နေသည်ကို စိတ်နှလုံးချမ်းမြေ့တော်မမူပါပေ၊ ထို့ကြောင့်ပင် အောက် ပါ ဩဝါဒလက်ာများကို မကြာခဏ မိန့်တော်မူသည်။

ဒို့ရွာ ကောင်းအောင်၊ ရွာခေါင်းဆောင်၊
ဦးဆောင် ပြုရမည်။
ဒို့မြို့ ကောင်းအောင်၊ မြို့ခေါင်းဆောင်၊
ဦးဆောင်ပြုရမည်။
ဒို့တိုင်း ကောင်းအောင်၊ တိုင်းခေါင်းဆောင်၊
ဦးဆောင်ပြုရမည်။
တိုင်းပြည်ကောင်းအောင်၊ ပြည်ခေါင်းဆောင်၊
ဦးဆောင်ပြုရမည်။
သာသနာကောင်းအောင်၊ ထေရ်ခေါင်းဆောင်၊
ဦးဆောင်ပြုရမည်။

တပည့်ကြီး ယောသိတ

တံတိုင်းရှည်ရွာ ပုသိမ်ကြီးမြို့နယ်

http://www.dhammadownload.com



ကျွန်ုပ်ပြောချင်သော ဆရာတော်ကြီးအကြောင်း

အရှင်ဉာဏိကာဘိဝံသ၊ မင်းကွန်း

ဆရာတော်သည် မစိုးရိမ် ဆရာတော်ကြီး ဦးသူရိယာဘိဝံသ၏ အတ္ထုပ္ပတ္တိစာအုပ်ကို ရေးတော်မူခဲ့ပါသည်၊ ထိုစာအုပ်သည် အခြားသော အတ္ထုပ္ပတ္တိစာအုပ်များနှင့်မတူ တမူထူးခြားခဲ့သည်၊ ယနေ့ခေတ် မဂ္ဂဇင်းစာအုပ် တစ်အုပ်ကို ဖတ်ရှုရသကဲ့သို့ စာဖတ်သူ၏ စိတ်နှလုံးကို စွဲဆောင်နိုင်သည်၊ ကိုယ့်ဆရာကို အလွန်ကြီးမြှောက်ဘဲ အမှန်ကန်ဖြစ်အောင် ကြိုးစားပြီးရေးခဲ့သည်၊ ပုထုဇဉ်ဘဝ ငယ်စဉ်က အဖြစ်အပျက်များကိုလည်း အမှန်ရေးခဲ့ ပါသည်၊ ဆရာတော်ကြီးများ၏ အတ္ထုပ္ပတ္တိကို ရေးသားကြရာ၌ တချို့စာရေးသူများကား မြှောက်လွန်းအားကြီးပြီး ပုထုဇဉ်ဆရာတော်ကြီးမဖြစ်တော့ဘဲ

http://www.dhammadownload.com

အရိယာနွယ်ဝင် ဆရာတော်ကြီးများ ဖြစ်သွားတတ်ကြပါသည်။

ဆရာကား ထိုလမ်းစဉ်မှ ဖယ်ခွါပြီး ယနေ့ခေတ် စာပေအရေးအသားဖြင့် အမှန်အကန် တတ်နိုင်သမျှ ရေးခဲ့ပါသည်၊ မည်သူမျက်နှာမှ မထောက်ဘဲ ရဲရဲဝံ့ဝံ့ ရေးခဲ့သောကြောင့် အားလုံးကို နင်းချေသွားတဲ့ "လမ်းကြိတ်စက်ကြီး"ဟု တစ်ချို့က ပြောကြပါသည်၊ နောက်တစ်ခါ မစိုးရိမ်ကျောင်းတိုက် ဆရာတော် ဦးစန္ဒာဘာသာဘိဝံသ၏ အတ္ထုပ္ပတ္တိရေးတော့ "လမ်းကြိတ်စက်လေး လာချေပြီ"ဟု နာမည်တပ်ခါ ရေးခဲ့ပြန်သည်၊ ဆရာတော်ကို ထိုစာအုပ် တစ်အုပ်တည်းဖြင့် စာပေလောကမှ ပညာရှင်များက ခွီးမွမ်းကြပါသည်၊

သကျသီဟအဘိဝံသ စာမေးပွဲသည် အလွန်အင်မတန် ခက်လှပါသည်၊ အောင်မြင်သူလည်း ရှားလှပါသည်၊ လူသတ်စာမေးပွဲဟုလည်း သမုတ်ကြပြန်ပါသည်၊ ထို အကြောင်းတွေကြောင့် လားတော့ မပြောတတ်၊ သကျသီဟ စာမေးပွဲအောင်သူ အများစုပုဂ္ဂိုလ်ကျော်တို့သည် နားထင်သွေးရောက်သူ အဖြစ်များကြသည်ဟု ပြောဆိုနေကြပါသည်၊ ဟုတ် မဟုတ် စာဖတ်သူကိုယ်တိုင် လေ့လာဆန်းစစ်ကြည့်ပါ၊ ဆရာသည် တပည့်များကို နားထင် သွေးမရောက်စေဖို့ အမြဲတမ်းဆုံးမပါသည်၊ "စာမေးပွဲအောင်လို့ ရတဲ့ငွေကလည်း တစ်သက်လုံး မသုံးလောက်ပါဘူး၊ စာမေးပွဲဂုဏ်တွေက အဓိကမဟုတ်ဘူး၊ စာတတ်ဖို့ကသာ အဓိကပါ၊ သူတော်ကောင်းဖြစ်ဖို့ကသာ အဓိကပါ"လို့ အမြဲဆုံးမပါသည်၊ "မဟာစည်ဆရာတော်ကြီး ကြည့်ပေါ့၊ စာမေးပွဲဂုဏ်ထူးက သိပ်မရှိပေမယ့် စာတတ်တယ်၊ ပညာတတ်တယ်၊ ဒီတော့ နိုင်ငံကျော် ကမ္ဘာကျော်ဖြစ်တာပေါ့၊ ဒါကြောင့် မင်းတို့လည်း နားထင်သွေးမရောက်ကြနဲ့ စာတတ်အောင် သင်ကြ၊ သာသနာပြုကြ"စသည်ဖြင့် ဆုံးမခဲ့ပါသည်။

တစ်နေ့ ဆရာတော်၏ တပည့်တစ်ပါးသည် ဉာဏ်ကောင်းသည်၊ စာတော်သည်၊ ဂုဏ်ထူးဘွဲ့တွေ အများကြီးရသည်၊ ကြာလာတော့ အတွေးအခေါ်တွေများပြီး ဘုရားကို ဘုရားလို့ မမြင်ဘဲ လူတော်ကြီးဟုသာ အသိအမှတ် ပြုလာသည်၊ ဗုဒ္ဓစာပေတွေကို ဝေဖန်လာသည်၊ ဆရာတော် ကြားသိတော့ ထိုပုဂ္ဂိုလ်ကို အမြန်ခေါ်ပြီး "မင်း မဟာစည်ရိပ်သာကို အမြန်သွားပြီး တရားအားထုတ်ပါ၊ ကြာလာရင် မင်း ရှင်ဉာဏ္ဍဋ္ဌလို ဖြစ်တော့မယ်၊ ရိပ်သာကို အမြန်သွားပြီး တရားအားထုတ်ပါ၊ ဘုရားတောင်မှ ဝိဇ္ဇာစရဏသမ္ပန္နဝုဏ်တော် ရှိတယ်၊ ဝိဇ္ဇာက တတ်တာ၊ စရဏက ကျင့်တာ၊ တတ်ရုံတတ်ပြီး အကျင့်မပါရင် မကောင်းဘူး၊ တတ်လည်းတတ် ကျင့်လည်းကျင့်ပေါ့ကွ"လို့ တပည့်များကို သံသရာခရီးလမ်းမလွဲစေဖို့ ပြတ်ပြတ်သားသားဖြင့် ဆုံးမခဲ့ပါသည်။

မြန်မာနိုင်ငံတွင် (၈၈)အရေးခင်းကြီး ဖြစ်ပေါ်ခဲ့သည်၊ ထိုအရေးခင်းကြီးကို မည်သူတစ်ဦးတစ်ယောက်မျှ ဦးဆောင်ခဲ့သည်မဟုတ်၊ ပြည်သူပြည်သားအားလုံးတို့၏ ခံစားမှုပေါက်ကွဲခြင်းကြောင့်သာ ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်၊ မှန်လှ၏၊ စစ်အစိုးရသည် (၂၆)နှစ်ပတ်လုံး မ-ဆ-လစနစ်, အာဏာရှင်စနစ်ဖြင့် အုပ်ချုပ်ခဲ့၏၊ မပြောရဲမဆိုရဲ အကြောက်တရားနှင့် အသက်ရှင်နေကြရ၏၊ ကြာလာတော့ မခံရပ်နိုင် ပေါက်ကွဲစမြဲသာ ဖြစ်၏၊ ထို့ကြောင့် (၈၈)အရေးခင်းကြီး ပေါ်ပေါက်ကာ ဦးနေဝင်း စစ်အစိုးရ နိဂုံးကမွတ် အဆုံးသတ်ခဲ့ရ၏။

ထိုအရေးခင်းကြီး ရန်ကုန်၌ ဖြစ်ပြီးမကြာခင် မန္တလေး၌ ကျောင်းသားခေါင်းဆောင်များ လာရောက်စည်းရုံးကြသည့်အခါ မစိုးရိမ်နှစ်တိုက်မှ လူငယ်စာသင်သားများ ဦးဆောင်ကာ မန္တလေးသံယာထုများ ပါဝင်လှုက် ငြိမ်းချမ်းစွာ ဆန္ဒပြ (၈၈)အရေးခင်းကြီး စပါတော့သည်၊ တစ်မြို့လုံး တစ်တိုင်းပြည်လုံး ပါဝင်ကာ ခန္ဓာကိုယ်နှင့် အသက် မငဲ့ကွက်ဘဲ တိုင်းပြည်လူမျိုး ဘာသာသာသနာအတွက် ဆင်နွှဲခဲ့ကြပါသည်။

အရေးအခင်းကြီး ပေါ်ပေါက်လာသောအခါ စစ်အစိုးရ၏ တန်ပြန်ဖြိုခွင်းမှုကြောင့် အခြားသော မြို့ကြီးများ၌ ပြည်သူများ ဒုက္ခရောက်ကြ သေကြရပါတော့သည်၊ ထိုအခါ ပြည်သူများအပေါ် မေတ္တာဓာတ်ကြီးလှသော ဆရာတော်က ပြည်သူတွေ ဒုက္ခရောက်မှာ သေမှာကို စိုးရိမ်လှပါသည်။

ထိုစဉ်အခါက မန္တလေးနန်းတွင်းမှာ စစ်အစိုးရ ခေါင်းဆောင်တစ်ဦးဖြစ်သော ဗိုလ်ချုပ်ထွန်းကြည်က အကြီးဆုံးတိုင်းမှူးအနေဖြင့် အုပ်ချုပ်နေ၏၊ စစ်အစိုးရထုံးစံအတိုင်း မည်သူမျှ မော်မကြည့်ရဲ၊ "မှန်လှပါဘုရား"ဟုသာ လိုက်လုပ်နေရသည့်အချိန် ဖြစ်ပါသည်၊ မည်သည့်ဆရာတော်ကမှ မပြောရဲ မဆုံးမရဲ အချိန်အခါဖြစ်ပါသည်၊ ထိုစဉ် ဆရာတော်က ဗိုလ်ချုပ်ထွန်းကြည်ထံ "ဆန္ဒပြ ပြည်သူတွေကို ဘာမျှမလုပ်ပါနဲ့ သွေးထွက်သံယို မဖြစ်ပါစေနဲ့၊ အင်္ဂလန်နိုင်ငံက ဟိုက်ပတ်ဥယျာဉ်လို

http://www.dhammadownload.com



သမိုင်းဝင် ၈၈ အရေးအခင်းကြီး

သဘောထားလိုက်ပါ"စသည်ဖြင့် ဆုံးမတော်မူပါသည်၊ ဗိုလ်ချုပ်ထွန်းကြည်ကလည်း "မှန်လှပါဘုရား ဆရာတော့် စကား နားထောင်ပါ့မယ်၊ နန်းတွင်းဘက်ကိုတော့ မလာပါစေနဲ့၊ ဘုန်းကြီးတွေကို နိုင်အောင်ထိန်းပေးပါ"ဟု လျှောက်ထားပါသည်၊ ဆရာတော်နှင့် ဗိုလ်ချုပ်ထွန်းကြည် ပူးပေါင်းပြီး ထိန်းသိမ်းစောင့်ရှောက်သည့်အတွက် မန္တလေးမှာ (၈၈)အရေးခင်း သမိုင်းတွင်ပွဲကြီး ပျော်ရွှင်စွာ ဆင်နွှဲကာ ဆန္ဒထုတ်ဖော် တိုက်ပွဲဝင်ကြရပါသည်၊ လူအသေအပျောက် အခြားမြို့များလောက် မဖြစ်ဘဲ ထူးခြားသည်ကတော့ ဆရာတော်နှင့် ဗိုလ်ချုပ်ထွန်းကြည်ကြောင့် ဖြစ်သည်ဟုဆိုလျှင် လွန်အံ့မထင်ပါ။

(၈၈)အရေးခင်းကြီးပြီးတော့ ဦးစောမောင်အစိုးရပေါ်ပေါက်လာ၏၊ ထိုအခါ ပြည်သူ့အချစ်တော် ဒေါ်အောင်ဆန်းစုကြည်လည်း ပေါ်လာ၏၊ ဒေါ်စုကို ပြည်သူများက ချစ်ခင်မြတ်နိုးသလောက် စစ်ခေါင်းဆောင်များက မုန်းတီးနေကြ၏၊ ဒေါ်စု၏ စကားများကို ကြားရတော့ ဆရာတော်က "ကောင်မလေးက ပြည်သူ တွေအားလုံး ပြောရမယ့်စကားကို သူက တစ်ယောက်တည်း ဒိုင်ခံပြောနေရတာ၊ ဒါကလည်း သူမို့ ပြောရဲတာကွ၊ မင်းတို့ငါတို့သာဆိုရင် တစ်ခါတည်း ဖမ်းလိုက် မှာကွ"ဟု ပြောပါသည်၊ ဆရာတော်သည် လောကီလောကုတ်စာအုပ်များ နိုင်ငံခြားစာအုပ်များ အကုန်ဖတ်သည်၊ မှတ်ဉာဏ်လည်း ကောင်းသည်၊ ရပြီးဖတ်ပြီးစာများလည်း မမေ့တတ်၍ ဆရာတော်ကို ပြောတတ်ဆိုတတ် အပြောကောင်း အဆိုကောင်း ကပ်သီးကပ်သပ် ဆရာတော်ဟု နာမည်ကြီးပါသည်၊ ဆရာတော့်ထံ စစ်ခေါင်းဆောင်များ ဒေါ်စုကဲ့သို့ နိုင်ငံခေါင်းဆောင်များ လာသောအခါ၌လည်း မည်သူမတာ တိုင်းပြည်အတွက် အမုန်းခံပြီး စကားပါးနပ်စွာ ဆုံးမလေ့ရှိသည်။

တစ်နေ့ ဒေါ်စုလာသောအခါ "တိုင်းပြည်လွတ်လပ်ရေးရတာ အနှစ် (၆၀)ကျော်ပြီ၊ ညည်း နှစ်နှစ်သမီးကတည်းကပေါ့၊ ဒါပေမယ့် တို့နိုင်ငံက ခုအထိ သွားတောင် မပေါက်သေးဘူး၊ ခက်တာက တို့နိုင်ငံက နိုင်ငံရေးလုပ်တာဟာ စီးပွားရေးလက်နက်တစ်ခုလို အသုံးချနေကြတာ သိပ်စိတ်ပျက်စရာကောင်းတယ်၊ ညည်းကလည်း ဗိုလ်ချုပ်သမီးဆိုတော့ ဗိုလ်ချုပ်လို အနစ်နာခံပြီး တိုင်းပြည်အတွက်လုပ်ပါ၊ ဒို့ကတော့ အပြောသာ တတ်နိုင်တယ်၊ မေတ္တာကတော့ အကုန်လုံးကို ပို့ပါတယ်"။

ဆရာတော်သည် တစ်နေ့

http://www.dhammadownload.com

နန်းတွင်းဆွမ်းစားကြွရာ ဗိုလ်ချုပ်ထွန်းကြည်နှင့် နှစ်ယောက်တည်း တွေ့တေ့ ဆုံးမတဲ့အခါ "တပည့်တော်က အရှင်ဘုရားတို့ ပြောနေ တဲ့ အောင်ဆန်းစုကြည် အာဏာရလာရင် မိန်းမမို့ အလေးမပြုနိုင်ပါဘုရား"ဟု လျှောက်၏၊ ထိုအခါ ဆရာတော်က "ဟ. . ထွန်းကြည်ရ မင်းအလေးမပြုချင်ရင်လည်း တစ်နိုင်ငံလုံးက အလေးပြုချင်နေတာကွ၊ အရာအားလုံးက နိစ္စမရှိဘူး၊ အနိစ္စဘဲ ရှိတာ၊ မင်းတို့ ဦးနေဝင်း ပုဂံဘုရားများ အုဒ္ဓစီထားသလို ဘက်ပေါင်းစုံက အကုန်လုပ်ထားပေမယ့် နောက်ဆုံး(၈၈)အရေးခင်းကြီး ပေါ်တော့ ဦးနေဝင်းစနစ် မ-ဆ-လ ပါတီ ပျောက်ရတာ မဟုတ်လား"စသည်ဖြင့် ဗိုလ်ချုပ်ကြီးများ သံဝေဂဉာဏ် ရစေရန်ရည်ရွယ်ပြီး မကြောက်မရွံ့ ဟောခဲ့ပါသည်။

ထိုစဉ်က ဒေါ်စုသည် ယခုကဲ့သို့ လွတ်တော်သို့ ရောက်မည်မထင်၊ အချုပ်ခံဘဝဖြင့်သာ နေနေရသည့် အချိန်၊ ဆရာတော်သည် "တစ်တိုင်းပြည်လုံး တစ်ကမ္ဘာလုံးက အလေးပြုချင်နေကြတာ"ဟု ကြိုတင်ပြီး ပြောခဲ့ပါသည်၊ ဆရာတော့်စကားအတိုင်း ယနေ့ အမေစုအား တစ်တိုင်းပြည်လုံး တစ်ကမ္ဘာလုံးက အလေးပြုနေကြသည်မှာ စာဖတ်သူအသိပင် ဖြစ်ပါလိမ့်မည်၊ ဦးထွန်းကြည်သည် ဒေါ်စုအား တိုင်းပြည်အတွက် တံမျက်စည်း တစ်ချက် မလှည်းဖူးဘူး၊ မြက်တစ်ပင်မျှ မနှုတ်ဖူးဘူး၊ ဒါ့ကြောင့် သူ့ကို တိုင်းပြည်အာဏာမအပ်နိုင်ဘူး"ဟု နိုင်ငံခြားသို့ပြောကြောင်း ကြားဖူးပါသည်၊

(၈၈)သမိုင်းဝင်အရေးအခင်းကြီး ဖြစ်ပေါ်ပြီးနောက် ဦးစောမောင်ခေါင်းဆောင်သော စစ်အစိုးရက ဖ-ဆ-ပ-လခေတ်က ဦးနေဝင်းခေါင်းဆောင်သော စစ်အစိုးရ ရွေးကောက်ပွဲကြီး မှန်မှန်ကန်ကန်လုပ်ပေးသကဲ့သို့ မှန်မှန်ကန်ကန် လုပ်ပေးခဲ့ပါသည်၊ (၉၀)ပြည့် သမိုင်းဝင်ရွေးကောက်ပွဲကြီးဖြစ်ပါသည်၊ ထိုရွေးကောက်ပွဲ၌ ဒေါ်အောင်ဆန်းစုကြည်ပါတီမှ (၉၀)ရာခိုင်နှုန်း အနိုင်ရခဲ့ပါသည်၊ သို့သော်. . နိုင်ကား နိုင်၏၊ အာဏာမရဘဲ အများစုက ထောင်နန်းစံခဲ့ရသည်၊ ထိုအခါ ရဟန်းရှင်လူပြည်သူများ မကျေနပ်ကြ၊ မခံမရပ်နိုင် ဒေါသထွက် စိတ်ဆိုးကြပါသည်၊ သို့သော် ဘာမျှ မတတ်နိုင်၊ ပြောပြန်ရင်လည်း ထောင်နန်းစံကြရမည်၊ ဒီတော့ မြန်မာ့သမိုင်းမှာ အစဉ်အလာရှိတဲ့ ဦးဝိစာရ၊ ဦးဥတ္တမကဲ့သို့သော သံဃာတော်များ၊ ကိုအောင်ဆန်းကိုဗဟိန်းကဲ့သို့သော ကျောင်းသားများကား မနေနိုင်၊ သမိုင်းပေးတာဝန်အရ နိုင်ငံရေးလုပ်ကြရသည်။

ထိုစဉ်က ယနေ့ ခေါင်းပေါင်းစု တထောင်ထောင်နဲ့ ပါတီထောင်နေတဲ့ ပုဂ္ဂိုလ်ကြီးများသည် တိုင်းပြည်နှင့် လူမျိုးကို သစ္စာစောင့်သိပါသည်ဆိုသော တပ်မတော်သားများကို မည်သူမျှ မပြောရဲကြ၊ ထိုအခါ လူစုလူဝေး မလုပ်ရ၊ ငါးယောက်ထက် စီတန်းမလှည့်ရစသည့်အမိန့်များ ထုတ်ထားသည်၊ (၈၈)နှစ်ပတ်လည်နေ့ အမေစု၏ မွေးနေ့များ၌ ကျောင်းသားများက ဆွမ်းလောင်း၊ သံဃာများက ဆွမ်းခံကာ အနုနည်းဖြင့် ဥပဒေလွတ် ဆန္ဒပြကြရသည်၊ ရင်ထဲ၌ ခံစားချက်ကို ထုတ်ပြသည်။ တစ်ခါနှစ်ခါ သုံးခါကျော်လာတော့ သံဃာတော်များနှင့် ကျောင်းသားများကို ဗုဒ္ဓဘာသာမဟုတ်တဲ့ စစ်သားများက သေနတ်နဲ့ ပစ်၊ ဒုတ်နဲ့ ရိုက် အကြမ်းနည်းနဲ့ နှိပ်စက်ပါလေတော့သည်။

ထိုအခါ မစိုးရိမ်ဦးဆောင်သော မန္တလေး သံဃာအားလုံး စည်းဝေးပြီး လက်နက်ကိုင်အဖွဲ့အစည်း(စစ်တပ်၊ ရဲတပ်ဖွဲ့)တို့နှင့်ပတ်သက်သော သာရေးနာရေး မလိုက်ရဟု ပတ္တနိကုဋ္ဌန သပိတ်မှောက်ပွဲကြီး သမိုင်းဝင်ပြုလုပ်ကြပါသည်။ လေးပြင်လေးရပ် တစ်ပြိုင်နက် သပိတ်မှောက်ပွဲကြီး ပြုလုပ်ပါသည်၊ သဘာပတိဆရာတော်များက တရားဟောကြပါသည်၊ ကျောင်းပြန်လာတော့ ဆရာက တပည့်တွေအတွက် စိုးရိမ်နေသည်၊ ပူပန်နေသည်၊ "မင်းတို့ ဘာတွေ ဟောခဲ့သလဲ"တဲ့ ဆိုတော့ "မှန်ပါ့ဘုရား အောင်ဆန်းစစ်တပ်၊ နေဝင်းစစ်တပ်ဆိုပြီး သရုပ်ခွဲခဲ့ပါတယ်၊ အောင်ဆန်းစစ်တပ်ကတော့ သူ့အမိန့်ပင်ဖြစ်စေကာမူ ပြည်သူလူထု နစ်နာထိခိုက်မယ်ဆိုရင် လိုက်နာစရာ မလိုဘူး၊ နေဝင်းစစ်တပ်ကတော့ သူတို့ဆရာတွေ အာဏာမြဲအောင် အကျိုးရှိအောင် လုပ်နေရတာ၊ ပြည်သူကို ဘာမှ မကြည့်ဘူး၊ ယခု ဒို့တပ်မတော်က သံဃာတွေ၊ ကျောင်းသားတွေ၊ ပြည်သူတွေကို ပစ်သတ်နေပြီ၊ ဒို့ မန္တလေး သံဃာတွေက ငွေ(၁၀)သိန်း မ,တည်ပြီး မစိုးရိမ်, ခင်မကန်တိုက်ကြီးတွေမှာ စတင်ပြီး တည်ထောင်ပေးလိုက်တဲ့ တပ်မတော်က ဒို့မန်းသံဃာကို ပစ်သတ်နေပြီ။

(မန္တလေးသံဃာမှ ငွေ(၁၀)သိန်း ထုတ်ကာ တပ်မတော်ကို စတင်တည်ထောင်ခဲ့ပါသည်၊ ဟုတ်မဟုတ် ယနေ့လူငယ်များသမိုင်းကို ကြည့်ပါ။)

ဒါကြောင့် သံဃာတွေက သပိတ်မှောက်ပွဲကြီး ပြုလုပ်ပါသည်၊ ထိုအခါ ဆရာတော်က "မင်းတို့တော့

http://www.dhammadownload.com


နေပင်းစပဲတော်မြို့နှိမ်နင်းစဉ်ပုံ

ခက်ကုန်ပြီ၊ သူတို့ စစ်တပ်က မှန်တာကို အပြောမခံဘူး၊ မင်းတို့ကို ထောင်ချတော့မှာ၊ တပည့်တွေအားလုံး ရှောင်နေကြ၊ ငါကတော့ ဘယ်မှ မသွားဘူး" စသည်ဖြင့် ပြောပြီး တပည့်များကို အရှောင်းခိုင်းတော့ စာရေးသူတို့လည်း သုတ်ခြေတင်ပြေးရလေတော့သည်။

စစ်ခေါင်းဆောင်များသည် ဒီအတိုင်း ပစ်ထားလျှင် အာဏာပြုတ်သွားမည်ကို သိသဖြင့် ဘုန်းကြီးကျောင်းတိုက်များ၌ သူပုန်စခန်းကဲ့သို့ ဘိနပ်စီးဝင်ပြီး ဖမ်းဆီးနှိပ်စက်လေတော့သည်၊ တပည့်များကား ထောင်မကျအောင် ရှောင်တိမ်းခဲ့ရပါသည်၊ ဆရာတော်ကား သပိတ်မှောက်ကိစ္စ၌ ဘာမျှမပါဘဲ တပည့်တွေကိုယ်စား ထောင်ထဲ၌ တစ်နှစ်ခွဲ ဝါဆိုကာ သာသနာပြုခဲ့ရပါသည်။

နောင်အခါ ဆုံးမရာ၌ "ထောင်ဆို တာ တာဝတိံသာ မဟုတ်ဘူး၊ ခေါင်းအုံးမရှိဘူး၊ ဖျာမရှိဘူး၊ ကောင်းကောင်း နေကြ" စသည်ဖြင့် ကိုယ်တွေ့ဆုံးမတော်မူပါသည်၊ ယနေ့အခါ ကာလမှာတော့ အားလုံးဟာ မမြဲတဲ့ အနိစ္စ ပါပဲ၊ ပြီးပြီးတာတွေကို အတိတ်မှာဘဲထားပြီး ယနေ့ ပစ္စုပ္ပန်ကာလမှာ ပြည်သူ တင် မြောက် တဲ့ ဦးသိန်းစိန် အစိုးရ၊ ဦးရွှေမန်း ခေါင်းဆောင်တဲ့ ပြည်သူ့လွှတ်တော်၊ ပြည်သူ့ချစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်၊ မျိုးဆက်သစ် ခေတ်မှီတဲ့ တပ်မတော်အရာရှိများ စုစည်းဦးဆောင်ပြီး ဆောင်ရွက်နေတဲ့ အခါဖြစ်လို့ ရဟန်းရှင်လူ ပြည်သူများ ဝမ်းမြောက်ရွှင်ပြုံးပီတိဖြစ်ပြီး ကျန်းမာချမ်းသာကြပါစေ၊ တိုင်းပြည်နဲ့ လူမျိုးအတွက် အလုပ်လုပ် နိုင်ပါစေ၊ နောင်အခါ သံသရာခရီးလမ်း ဖြောင့်တန်းနိုင်ကြပါစေလို့ မစိုးရိမ်သံဃာ, တစ်တိုင်းပြည်လုံးသံဃာများက နေ့စဉ် မေတ္တာပို့နေကြပါတယ်။

မစိုးရိမ်သံဃာများသည် ခေတ်အဆက်ဆက်ကစပြီး တက်လာတဲ့အစိုးရကို မမြော်မှောက်မဖားဘဲ အမှန်ကို အမှန်တိုင်း, အဟုတ်ကို အဟုတ်အတိုင်း ပြောဆိုခဲ့သည့် သမိုင်းရှိသည် မဟုတ်ပါလား။

အရှင်ဉာဏကိတ္တိဘိဝံသ

မင်းကွန်းတောင်ရိုး

http://www.dhammadownload.com



ဆရာတော်နှင့်စပ်၍ အမှတ်တရအချို့

ဦးတိကျိန္ဒြိယာဘိဝံသ၊ (ပြည်ကြီးတံခွန် မစိုးရိမ်တိုက်သစ်)

ဦးညီဝင်းကိုစွ

၁၉၈၈-ခုနှစ် ရှစ်လေးလုံးမတိုင်မီ (၇-၈-၈၈)က မန္တလေးမြို့က၊ မစိုးရိမ်ကျောင်းတိုက်ကြီးအတွင်း၌ မန္တလေးတိုင်းကောင်စီ ဥက္ကဋ္ဌ ဦးညီဝင်း အဖမ်းခံထားရ၏၊ စိတ်ဆိုးဒေါသထွက်နေသည့် ပရိသတ်ကလည်း ငါးထောင်ခန့်ရှိ၏၊ ထိုအခါ ဆရာတော်ကို လာပင့်ကြ၏၊ ဆရာတော်လည်း ရောက်ရောက်ချင်း "မင်းတို့ အကုန်ထိုင်"ဟု မိန့်တော်မူလိုက်၏၊ ပရိသတ်က အကုန်ထိုင်သွားကြသည်၊ "မင်းတို့ ဘာလိုချင်သလဲ"ဟု ဦးဇင်းများကို

http://www.dhammadownload.com

ရှေးဦးစွာ မေး၏၊ ဦးဇင်းများက "တပည့်တော်တို့ လွတ်လပ်ရေးပွဲတုံးက အဖမ်းခံထားရတဲ့ ဦးဇင်းတွေ လွတ်ပေးတာကို လိုချင်ပါတယ်ဘုရား"ဟု လျှောက်ကြ၏၊ ဆရာတော်က "ဘယ်နှစ်ပါးလဲ"ဟု မေးသောအခါ အရေအတွက် မည်သူမျှ မသိကြ၊ ဆရာတော်က "မင်းတို့က ဘယ်တော့လောက် လွတ်တာကို လိုချင်သလဲ"ဟု မေး၏၊ "အခုချက်ချင်း လွတ်ပေးတာကို လိုချင်တယ်ဘုရား"ဟု လျှောက်၏၊ ထိုအခါ ဆရာတော်က ဦးညိုဝင်းဘက်သို့ လှည့်၍ "ဒကာကြီးဘယ်လိုလဲ"ဟု မေး၏၊ ဦးညိုဝင်းက "တပည့်တော်လုပ်တာ မဟုတ်ဘူးဘုရား၊ သာသနာရေး ဝန်ကြီးကိုယ်တိုင်လုပ်တာပါဘုရား"ဟု လျှောက်၏၊ ဘယ်နှရက်အတွင်း လွတ်ပေးနိုင်မလဲဟု မိန့်၏၊ "တစ်လ" ဟု ဦးညိုဝင်းက လျှောက်၏၊ ဆရာတော်က "ခင်ဗျား တစ်လလည်း များတယ်၊ မင်းတို့ ချက်ချင်းကလည်း မြန်တယ်၊ နှစ်ပတ်အတွင်း လွတ်ပေးနိုင်အောင်လုပ်"ဟု ကြားချပေးတော်မူ၏၊ သည်နောက် ဦးဇင်းများက "ဆရာတော် နှစ်ပတ်အတွင်း လွတ်မပေးလျှင် ဘယ်လိုလုပ်မလဲဘုရား"ဟု ထပ်ကွန့်မေးခွန်းလျှောက်၏၊ ဆရာတော်က "ငါ့ကို လည်ဖြတ်"ဟု ရဲရဲတင်းမိန့်လိုက်၏၊ "ဒကာကြီး ကြားလား အကယ်၍ လွတ်မပေးဘူးဆိုရင် ကျုပ်အတွက် အလောင်းထည့်ဖို့ ခေါင်းပြင်ထားလိုက်"ဟု ဦးညိုဝင်းကို လှမ်း၍ မိန့်၏။

ဒါနဲ့ မပြီးသေး "ဆရာတော်ကို လည်း မသတ်ချင်ပါ ဘုရား၊ အကယ်၍ လွတ်မပေးဘူးဆိုရင် ဘယ်လိုလုပ်မလဲဘုရား"ဟု ဦးဇင်းများက လျှောက်ပြန်၏၊ "ငါကိုယ်တိုင် ခေါင်းဆောင်ပြီး ထွက်တိုက်မယ်ကွ"ဟု မိန့်၏၊ "လူညီဖို့ အရေးကြီးတယ်၊ လူညီလျှင် မြန်မာစစ်တပ် မပြောနဲ့ ကုလသမဂ္ဂစစ်တပ်သော်မှ ပြိုကွဲတယ်ကွ"ဟု ထပ်မိန့်၏။

ယင်းသို့ မိန့်ပြီးနောက် ဆရာတော်သည် ဦးညိုဝင်းကို တိုင်းကောင်စီရုံးသို့ ရောက်အောင် ပို့ဆောင်ပေးခဲ့၏၊ တိုင်းကောင်စီရုံးသို့ ရောက်သောအခါ နမခတိုင်းမှူး ဦးထွန်းကြည်က ကျေးဇူးတင်ကြောင်း လျှောက်ထားပြီး "အကယ်၍ လွတ်မပေးခဲ့လျှင် တပည့်တော်တို့ကလည်း ပစ်ခတ်နှိမ်နင်းဖို့ စစ်ပြင်ပြီးသားပါဘုရား"ဟု လျှောက်၏၊ ဤသို့ ဆရာတော်က အမှန်ဆုံးနှင့် အမြန်ဆုံး တခဏုပ္ပတ္တိ ဉာဏ်သုံးလျှက် ပြဿနာကို ဖြေရှင်းပေးနိုင်သည့် အတွက်ကြောင့် ကြီးစွာသော အဓိကရုဏ်းကြီး ငြိမ်းအေးသွားရသည့်အပြင် မစိုးရိမ်ကျောင်းတိုက်ကြီးသည်လည်း ဆိုးကျိုးနှင့် ကင်းဝေးသွားရတော့၏။

ရှစ်လေးလုံးနိုဂုံး ဩဝါဒ

ရှစ်လေးလုံးအရေးအခင်း နိဂုံးကာလ အာဏာ သိမ်းပြီးနောက် စစ်တပ်က တစ်ဖက် ဦးဇင်းကျောင်းသား များက တစ်ဖက် ဒေါ်သအိုးပေါက်ကွဲလျက် နောက်ဆုံး အချိန်အမြင့်ဆုံးအချိန်တွင် ဆရာတော်ဦးကောဝိဒနှင့် ဆရာတော်တို့က အားလုံးကို ပြန်လာဖို့ခေါ်လိုက်၏။ ပြီးနောက် မစိုးရိမ်အလယ်တိုက်ကြီး အပေါ်ထပ်၌ ဆရာတော်ကြီးများက ဩဝါဒ ပေးကြသည်။ ဆရာတော်၏ အလှည့်သို့ ရောက်သောအခါ ဆရာတော်က ကြောင်ကို ချူဆွဲသည့် ပုံပြင်ကို ပြောကြားပြီးနောက် "ကွန်ထရိုး ပါဝါ ကွ ငါကလုပ်ဆို ဆက်လုပ်၊ ငါက ရပ်ဆိုရပ်၊ လုပ်သင့်တဲ့ အချိန်ကျရင် ငါကိုယ်တိုင် စောမောင် လည်ပင်းကို ခြူတက်ဆွဲမယ်ကွ"ဟု ဩဝါဒပေးခဲ့၏၊ ဤဩဝါဒဖြင့် အချိန်တိုအတွင်း ဦးဇင်းငယ်များ၏ ဒေါသကို ငြိမ်းစေခဲ့၏။ ရှစ်လေးလုံးအရေးအခင်းတွင် မန္တလေး၌ အသေအပျောက်နည်းသည်မှာ

http://www.dhammadownload.com

လည်း ဆရာတော်တို့ အထိန်း အသိမ်း ကောင်းခြင်းကြောင့်ပင် ဖြစ်သည်။

ဒေါ်စုအား ပေးသောဩဝါဒ

၁၉၉၀-ခုနှစ်ရွေးကောက်ပွဲ မတိုင်မီက ဒေါ်အောင်ဆန်းစုကြည် သည် ဆရာတော်ထံ လာရောက်ဖူးမြော်၏၊ ထိုအခါ ဆရာတော်က "မအောင်ဆန်းစုကြည် ဒို့မြန်မာနိုင်ငံမှာ ရွေးကအလွန် တရားအားထုတ်တဲ့ ဆရာတော်ကြီး တစ်ပါး ရှိတယ်၊ ဆရာတော်ကြီး တရားအား ထုတ်တဲ့ အခါ ပြိတ္တာမကြီးက အမြဲနှောက်ယှက်လေ့ ရှိတယ်၊ ဒါနဲ့ ဆရာတော်ကြီးက စဉ်းစား တယ်၊ သူနေရာနဲ့ တူပါရဲ့ဆိုပြီး နောက် တစ်နေရာပြောင်းပြီး တရားအား ထုတ်တယ်၊ ဒါလည်း ထပ်ပြီးနှောင့်ယှက်ပြန်တယ်၊ အဲဒီ အခါမှာ ဆရာတော်ကြီးက ဈာန်အဘိညာဉ်ရ ဆိုတော့ ဈာန်အဘိညာဉ်နဲ့ ကြည့်တယ်၊ ပြိတ္တာတို့မည်သည်မှာ ကောင်းတဲ့အလုပ် မလုပ်ဘူး၊ ကောင်းတဲ့အကြဲ မကြဲဘူး၊ မကောင်းတဲ့အလုပ် မကောင်းတဲ့အကြံပဲ ကြံတယ်ဆိုတာ တွေ့ရတော့ နောက်ဆုံး ဆရာတော်ကြီးက "ကဲ ပြိတ္တာမကြီး ခင်ဗျား လည်း ခင်ဗျားပြိတ္တာအလုပ် ဆက်လုပ်၊ ကျုပ် လည်း ကျုပ်အလုပ် တရားဆက် အားထုတ် မယ်"လို့ မိန့်ပြီး တရားဆက်၍ အားထုတ် တယ်။

မအောင်ဆန်းစုကြည်လည်း စည်းရုံးရေးဆင်းတဲ့ အခါမှာ အပိတ်အပင် အဆီးအတား အနှောက်အယှက် တွေ့ခဲ့ရင် အဲဒီလိုပြောပေါ့ဟု ဩဝါဒပေးတော်မူ၏။

ဝိကာလနှင့်ပတ်သက်၍ဩဝါဒ

၁၃၄၅-ခုနှစ် တစ်ခုသောညနေ၌ မစိုးရိမ်တိုက်သစ် ဓမ္မဒါယာဒ ကျောင်း အောက်ထပ် တောင်ဘက်အခန်းတွင် ဆရာတော်ခိုင်းထားသည့် တိုက်ပတ်စာမေးပွဲ အဖြေလွှာများကို မိမိတို့ လေးငါးပါးဝိုင်း၍ စစ်နေကြစဉ် ခေတ္တနား၍ ဝိကာလလုပ်နေ ကြ၏၊ ထိုအခိုက် ဆရာတော်က အခန်းဝသို့ လာ၍ တံခါးဖွင့် လိုက်ကာလှပ်၍ ကြည့်ပြီး နောက် တံခါးဘက်သို့ ကျောပေးလျက် "ဟေ့ ကောင်တွေ ပြီးပြီလားကွ"ဟု မေး၍ ပြန်ကြွသွား၏၊ (စာစစ်ပြီးပြီလားဟု မေးခြင်း ဖြစ်၏)၊ အဲဒီ နေ့ည ဘုရား ဝတ်တက်အပြီး ဩဝါဒပေးတော်၏။

"အင်္ဂလန်နိုင်ငံမှာ ကျန်းမာရေး ညံ့ပြီး အမြဲဆေး ထိုးနေရတဲ့ ပုဂ္ဂိုလ် တစ်ယောက်ရှိတယ်၊ အဲဒီ ပုဂ္ဂိုလ်က အစာကို သုံးလေးထပ်စားရာမှ လျှော့လျှော့ပြီး စားတဲ့ အခါ ကျန်းမာလာတယ်၊ ဆေးလည်း ထိုးစရာ မလိုတော့ဘူး၊ ဆေးထိုးနေကျ ဆရာဝန်နဲ့ လမ်းမှာတွေ့လို့ ဘာကြောင့် ဆေးလာမထိုး သလဲဟု မေးတဲ့အခါ ကျုပ်အစာ လျှော့စား လိုက်တဲ့အတွက် ကျန်းမာသွားပြီး၊ ဆေးထိုးဖို့ မလိုတော့ဘူးဟု သူက ပြန်ပြောတယ်၊ ဒီလိုရင် ခင်ဗျားသူများတွေကို လျော့က် မပြောနဲ့၊ တော်ကြာ ကျုပ်တို့ ဆေးထိုးရမှာ မဟုတ်တော့ဘူးဟု နှုတ်ပိတ်လိုက်တယ်၊ ဒါကြောင့် အစာကို လျှော့စားတာဟာ ပို၍ ကျန်းမာတယ်၊ ငါ့ အောက်က နွားကြီး အခု ထိ စားတုန်းပဲရှိသေးတယ်"ဟု မိန့်တော်မူ၏။

အမျိုးသားရေးစိတ်ဓာတ်

၁၉၉၀-ခုနှစ် ရွေးကောက်ပွဲ အကြို ကာလ အမျိုးသားနေ့တွင် ကျောင်းသူ, ကျောင်းသားများအား ဩဝါဒပေးတော်မူခဲ့ သည်၊ " ကဲ. . ကျောင်းသားတွေ မှတ်ထား ကြ၊ ဒို့ဘုရားလောင်း ခွေးမင်းရဲ့ အမျိုးသားရေး စိတ်ဓာတ်ကို ငါပြောမယ်၊ ဘုရားလောင်း ခွေးမင်းဖြစ်စဉ်ကာလက ရှင်ဘုရင်ရဲ့ တရားအဆုံးအဖြတ်ကို မကျေနပ်တဲ့ ခွေးအပေါင်းက ဘုရားလောင်း ခွေးမင်းထံ အကူအညီတောင်းကြတယ်၊

http://www.dhammadownload.com

ဒီကိစ္စနဲ့ပတ်သတ်ပြီးတော့ ဘုရားလောင်းခွေးမင်းက ဘုရင့်နန်းတော်ကို သွားတယ်၊ နန်းတော်ရောက်တော့ ဘုရင်က မေးတယ်၊ အသင် ဘယ်သူလဲ . . . ကျုပ်ခွေးအမတ်ပါသင့်ကို ဘယ်သူက တင်မြောက်ထားသလဲ . . ကျုပ်ကို ခွေးအပေါင်းက တင်မြောက်ထားတယ်၊ ဘာကိစ္စနဲ့ လာသလဲ . . အရှင်မင်းကြီးရဲ့ တရားအဆုံးအဖြတ်ကို မတရားဘူးထင်လို့ လျှောက်တင်ဖို့လာတယ်၊ နန်းတော်ထဲက ရထားတွေမှာ ချည်ထားတဲ့ သားရေတွေကို ပြင်ပခွေးတွေစားတယ်ဆိုပြီး ပြင်ပခွေးအားလုံးကို သတ်ဖြတ်ကြလို့ ခွေးမျိုးအားလုံး ပြုန်းတီးလုနီးပါး ရှိပါပြီ၊ ဒါ့ကြောင့် အရှင်မင်းကြီးထံ လျှောက်တင်ဖို့လာခဲ့တာ၊ သားရေတွေကို စားတာ နန်းတော်ထဲက ခွေးတွေပဲ ဖြစ်တယ်၊ မယုံရင် နန်းတော် ထဲက ခွေးတွေကို နွားနို့နဲ့ ရက်တက်ရည် တိုက်ကြည့်ပါလို့ ဘုရားလောင်း ခွေးမင်းက လျှောက်တင်တယ်၊ ဘုရားလောင်းခွေးမင်း ပြောတဲ့အတိုင်း ရှင်ဘုရင်က နွားနို့နဲ့ရက်တက်ရည်တိုက်ကြည့်တဲ့အခါ သားရေတွေ ပြန်အန်ထွက်လာတယ်၊ အပြင်ခွေးတွေ စားတာမဟုတ်ကြောင်း ထင်ရှားသွားတယ်၊ ဒီဇာတ်တော်နှင့် စပ်ပြီး ဆရာတော်က "အမျိုးသားရေးအတွက် အမှန်ကို အမှန်အတိုင်းပြောရဲတာဟာ အမျိုးသားရေးစိတ်ဓာတ်ပဲ"ဟု မိန့်တော်မူ၏။

အတိုအထွာမှတ်စရာ

ဆရာတော် အကျဉ်းကျစဉ် သက်ဆိုင်ရာ ပုဂ္ဂိုလ် များက "ဆရာတော် ရှေ့နေခေါ်ဦးမလား"ဟု မေး လျှောက်သောအခါ "ငါဟာ အကောင်းဆုံး ရှေ့နေတစ်ယောက်ပဲ၊ ငါ့ထက်ကောင်းတဲ့ ရှေ့နေဆိုတာ မရှိဘူးကွ"ဟု မိန့်တော်မူ၏။

မိမိတို့ကျောင်းတိုက် မုခ်ဦးလုပ်မည် လျှောက်သောအခါ "မင်းတို့က မုခ်အကြီးပြုင်နေကြသလား၊ မုခ်ကြီးဖို့ မလိုဘူး အလုပ်ကြီးဖို့လိုတယ်ကွ"ဟု မိန့်၏။

စိန်ပန်း (၄၁)လမ်း ပါတီဆိုင်းဘုတ် တင်ပွဲ၌ ဒေါ်ခိုခိုကျော်ငြိမ်းကို "နင့်အဖေဝန်ကြီးဘဝက ပြောခဲ့တဲ့ စကားတစ်ခွန်းရှိတယ်၊ တူဖြစ်ရင်လည်း ထုမှာပဲ၊ ပေဖြစ်ရင်လည်း ခံရုံပဲ"တဲ့။ နင့်ကျတော့ အဲလို မလုပ်နဲ့၊ တူဖြစ်ရင် လည်း သိပ်မထုနဲ့၊ ဒါမှ ပေဖြစ်ရင်လည်း ခံရသက်သာမှာ ဟု မိန့်၏။

ဝါရင့် နိုင်ငံရေး သမားကြီး တစ်ယောက် ဆရာတော်ထံ ရောက်သောအခါ ဆရာတော်က "ဒို့နိုင်ငံ လွတ်လပ် ရေးရအောင်လုပ်တာ စာနယ်ဇင်းရယ်၊ နိုင်ငံရေးသမားရယ်၊ စစ်တပ်ရယ်။ ဒို့နိုင်ငံပျက်စီးအောင် ဖျက်ဆီးတာလည်း စာနယ်ဇင်းရယ်၊ နိုင်ငံရေးသမားရယ်၊ စစ်တပ်ရယ်ပဲကွ" ဟု မိန့်၏။

ပတ္တနိကုဇ္ဇန မတိုင်မီကာလက ဘုန်းကြီးနှင့် ကျောင်းသားများက ရှေ့ကပြေး၊ စစ်တပ်ရဲတို့က နောက်ကလိုက်၊ လိုက်တမ်းပြေးတမ်း ကစားနေချိန်တွင် . . ဆရာတော်က တပည့်များကို "အင်္ဂလန်ဝန်ကြီးချုပ် ဝင်စတန်ချာချိရဲ့ အတ္ထုပ္ပတ္တိကို သာဓကပြုလျက် . . . မိုက်ရူးရဲ နိုင်ငံရေးကို ဒို့ အားမပေးဘူး၊ ဒေသစွဲ နိုင်ငံရေးကို ဒို့ အားမပေးဘူး၊ မင်းတို့ ငယ်သေးတယ်၊ မသေသင့်သေးဘူး၊ တိုင်းပြည်အတွက် သာသနာအတွက် ဘာမျှ မလုပ်ရသေးဘူး၊ ငါကတော့ ကြီးပြီ သေမယ်ဆို သေလို့ရပြီ"ဟု မိန့်တော်မူ၏။

ဆရာတော်၏ ခမည်းတော်ကြီး ကျန်းမာရေး အခြေအနေ ဆိုးနေကြောင်း ရွာမှ အကြောင်းကြားသော အခါ စာဝါချနေခိုက် "အေး ငါ လာခဲ့မယ်" လို့ အမိန့်

http://www.dhammadownload.com

ရှိလိုက်ပြီးနောက် စာဝါကို ပြီးအောင်ပို့ချ၍ ရွာသို့ ကြွသွားသောအခါ ခမည်းတော်ကြီး ကွယ်လွန်လျှင် အခေါင်းစပ်ရန် ပျဉ်ချပ်များကိုပါ ဝယ်သွား၏။ ဆရာတော် ရောက်သောအခါ ခမည်းတော်ကြီးက ကျန်းမာပကတိဖြစ်နေ၏။ နောင်(၁၃၄၀-ခုနှစ်)တွင် အမှန်တကယ် ခမည်းတော်ကြီး ကွယ်လွန်သောအခါ ဆရာတော်က သားချင်းများကို "မင်းတို့ စည်ချင်သလား"ဟု မေး၏။ သားချင်းများက "စည်ချင်ပါတယ်ဘုရား"ဟု ဖြေကြ၏။ ထို့နောက် ဆရာတော်က အသုဘလိုက်ပါပို့ဆောင်သူများကို ပိုက်ဆံ ဝေငှမည်ဟု ကြေညာလိုက်၏။ ကြေညာသည့်အတိုင်း ဆရာတော်က တစ်ယောက်လျှင် တစ်ကျပ်စီ ဝေငှလိုက် သောအခါ အလွန်စည်ကားသွား၏။ (ထိုခေတ် ငွေ တစ်ကျပ် အလွန်တန်ဖိုးရှိ၏)

သံဃာ့ရွေးကောက်ပွဲကာလ၌ တပည့်ကြီးများကို "မင်းတို့ လုပ်ချင်လုပ်၊ မလုပ်ဘဲလည်း နေနိုင်တယ်၊ ငါက လုပ်ပါလို့လည်း မပြောဘူး၊ မလုပ်နဲ့လို့လည်း မပြောဘူး" ဟု မိန့်၏။

ဆရာတော်သည် အကျဉ်းကျ၍ ပြန်လည် လွတ်မြောက်ပြီး နောက်တစ်ရက်တွင် ဝေယံဘုံသာ ဆရာတော် ဦးကလျာဏာနှစ်ပတ်လည် အထိမ်းအမှတ် အခမ်းအနားက ပင့်သဖြင့် ကြွသွား၏။ အဆိုပါ အခမ်းအနား၌ ဘုရားကြီးတိုက် အဘိဓဇမဟာရဋ္ဌဂုရု နယားဆရာတော်ကြီးကို ဦးခိုက်လျှက် "တပည့်တော် လူမိုက်ကြီး ရာဇဓမ္မ ပြန်ရောက်ပါပြီဘုရား"ဟု လျှောက်၏။ နယားဆရာတော်ကြီးက "ဦးဇင်းလေး မမိုက်ပါဘူး" ဟု ပြန်မိန့်၏။ "တပည့်တော် မိုက်လို့မှ ထောင်ကျတာပါ ဘုရား"ဟု ပြန်လျှောက်၏။

စစ်အစိုးရလက်ထက် နိုင်ငံတော်အကြီးအကဲများက ဆန်လျှူရန် လျှောက်ထားသောအခါ "ဒို့တိုက်က နေ့စဉ် ဆွမ်းချက်ကျွေးတဲ့တိုက် မဟုတ်ဘူး၊ မိုးရွာမှ ဆွမ်းချက်ရတာ၊ မင်းတို့ လျှူတဲ့ ဆန်ကို ဒို့က သိမ်းထားလို့လည်း ဆန်တွေက ပိုးထိုးကုန်မှာ၊ ရောင်းပြန်တော့လည်း ဒို့ကို ဆန်ရောင်းစားတယ်လို့ ပြောဦးမှာ၊ ဒါကြောင့် ဒို့ အလှူမခံဘူးကွ"ဟု မိန့်၏။

ဆရာတော်သည် စာဝါစာအံကျောင်းများကို အမြဲမပြတ် လေ့လာ အကဲခတ် ကြည့်ရှုတော်မူတတ်၏။ စာဖတ်၍ လမ်းလျှောက်နေသော်လည်း အမှုမဲ့အမှတ်မဲ့ မနေတတ်၊ မိမိတို့ သကျသီဟစာသင်တန်းအောင်ပြီး ကာလက စာသင်တန်းအောင်တပည့်များကို စာချတန်း အောင်ဖို့အတွက် စာချတန်းစာဝါများကို ပို့ချခိုင်းလေ့ရှိ၏၊ အနီးကပ်လေ့လာ အကဲလည်းခတ်၏။ စာချရာတွင် အချို့ မကျသည်များကို ချက်ချင်းဝင်၍ ထောက်မပေးတတ်၏။ မိမိ သီလကွန်စာဝါ အာဘော်ဖော်ရာ၌ အချို့မကျရှိပုံကိုလည်းကောင်း၊ ဦးဓမ္မသီလ ပါရာဇိကဏ်စာဝါနည်း ဥပစာ တင်ရာ၌ ဟန်မကျပုံကိုလည်းကောင်း ချက်ချင်း ထောက်မပြင်ဆင်ပေးတော်မူခဲ့၏။ ဤသို့ ဆရာတော်၏ ကျေးဇူးမေတ္တာ ကြီးမားမှုတို့ကြောင့် မိမိတို့ သကျသီဟ စာချတန်း အောင်မြင်ခဲ့ကြသည်။

ဤကား ဆရာတော်နှင့်စပ်၍ အမှတ်တရများသာတည်း။

ဦးတိက္ခိန္ဒြိယာဘိဝံသ
ပြည်ကြီးတံခွန်မစိုးရိမ်တိုက်သစ်

http://www.dhammadownload.com


လောကထဲမှာတော့ "ကိုယ်ကောင်းရင် ခေါင်း မရွေ့ဘူး"လို့ မှတ်ချက်ဆိုရိုးစကားရှိတယ်၊ သာသနာတော်မှာတော့ အဲဒီဆိုရိုးစကားကို ဆန့်ကျင်ပြောင်းပြန်ပြုရလိမ့်မယ်လို့ ထင်တယ်။

လောကနဲ့သာသနာဆိုတာကလည်း အခြေခံတရားချင်းရော ဦးတည်ချက်ချင်းရော ဖြောင့်ဖြောင့်ဆန့်ကျင်ကြတာဆိုတော့ တချို့ဖြစ်ရပ်တွေကလည်း

ခေါင်းကောင်းရင် ကိုယ်မရွေ့

(ခေါင်းဆောင်ကောင်း ဂုဏ်ရည်)

ဓမ္မဘေရီအရှင်ဝီရိယ(တောင်စွန်း)



http://www.dhammadownload.com

ဖြောင့်ဖြောင့်ဆန့်ကျင်ကြပါတယ်၊ ဖြစ်ရပ်တွေ ဆန့်ကျင်တော့ ဒီဖြစ်ရပ်တွေအပေါ်မှာ ကောက်ချက်ချတဲ့ ဆိုရိုးစကားတွေလည်း ပြောင်းပြန်ဆန့်ကျင်တာဟာ ဓမ္မတာပဲပေါ့။

ဟုတ်တယ်လေ၊ လောကဆိုတာက လောဘကို အရင်းတည်ပြီး သံသရာကို ရေစုန်လိုက်နေကြတာ မဟုတ်လား၊ သာသနာဆိုတာကတော့ "ပဋိသောတဂါမိ-ရေဆန်ကို ဦးတည်တယ်"လို့ မြတ်ဗုဒ္ဓကိုယ်တိုင် မိန့်ကြားခဲ့သလိုပဲ သဒ္ဓါ,ပညာတို့ကို အရင်းတည်ပြီး သံသရာရေဆန်ဖြစ်တဲ့ နိဗ္ဗာန်ဆီကို ဦးတည်ကျင့်သုံးရတာကိုး၊ ဒီလို ကျင့်သုံးဦးတည်မှုတွေက ဆန့်ကျင်တော့ တချို့ဖြစ်ရပ်တွေများဆိုရင် မထင်မှတ်လောက်အောင်ကို ဆန့်ကျင်ကြတယ်၊ ဥပမာဆိုရင် လောကထဲမှာက အမှောင်ထဲနေသူကသာ အလင်းရောင်ရှိရာမှာ နေသူကို မြင်နိုင်ကြတယ်၊ အလင်းရောင်ထဲနေသူက အမှောင်ထဲနေသူကို မမြင်နိုင်ကြဘူး၊ သာသနာတော်မှာကျတော့ ဝိဇ္ဇာဉာဏ်အလင်းရောင်အောက်ရောက်သူကသာ အဝိဇ္ဇာအမှောင်ထဲမှာ နေသူတွေရဲ့ စိတ်နေစိတ်ထားကိုပါ မကျန်အရာရာကို မြင်နိုင်စွမ်းရှိကြပြီး၊ အဝိဇ္ဇာအမှောင်ထဲနေသူက ဝိဇ္ဇာအလင်းအောက် နေသူတွေကိုကျတော့ မြင်နိုင်စွမ်းမရှိကြဘူးမို့လား။

အခုလည်း အကြောင်းအကျိုး ကျေးဇူးပြုမှုကို ကောက်ချက်ချတဲ့ ဆိုရိုးစကားမှာ လောကထဲမှာတော့ မှားမတ်နဲ့ နောက်လိုက်ဗိုလ်ပါဆိုတဲ့ ကိုယ်လုံးကြီး ကောင်းပါမှ ဦးခေါင်းဖြစ်တဲ့ ဘုရင်က ရာဇပလ္လင်မြို့မှာဖြစ်လို့ "ကိုယ် ကောင်းရင် ခေါင်းဘယ်မှ မရွေ့ဘူး"လို့ မှတ်ချက်ချ ဆိုရိုးပြုကြပေမယ့် သာသနာတော်မှာကျတော့ ပထမဆုံး သာသနာတော်ရဲ့ အာဒိကမ္မိက ဘုရားရှင်ဆိုတဲ့ ခေါင်းက ကောင်းခဲ့လို့ နောက်လိုက်တပည့်သားဆိုတဲ့ ကိုယ်လုံးကြီးက မတိမ်ကော မပျောက်ပျက်၊ မရွေ့လျော



http://www.dhammadownload.com

ဘဲ အရှည်ခံတည်တဲ့နေတာဆိုတော့ လောကဆိုရိုးနဲ့ ဆန့်ကျင်စွာပဲ "ခေါင်းကောင်းရင် ကိုယ်မရွှေ့"လို့ မှတ်ချက်ဆိုရိုးပြုကြရမှာပါ။

မြတ်စွာဘုရားရှင်ရဲ့ သာသနာတော်မြတ်ကြီးဟာ "ခေါင်းကောင်းရင် ကိုယ်မရွှေ့"ဆိုတဲ့ ကြောင်းကျိုး ဖြစ်စဉ်နဲ့ စတည်ပြီး ပေါ်ပေါက်ကြီးထွား တည်တဲ့လာသလိုပဲ သာသနာဝန်ထမ်း ရှင်ရဟန်းတို့ရဲ့ သာသနာပြု (ပရိယတ်,ပဋိပတ်)လုပ်ငန်းစဉ်မှာ စာသင်တိုက်ကြီးတွေ ရိပ်သာကြီးတွေရဲ့ ဖြစ်စဉ်တွေမှာလည်း ခေါင်းကောင်းရင် ကိုယ်မရွှေ့ ပုံစံနဲ့ပဲ ကြီးထွားအောင်မြင်လာကြတာပါပဲ။

အထူးသဖြင့်တော့ ဒီနေ့ မြန်မာပြည် ပရိယတ္တိ စာသင်တိုက်ကြီးတွေထဲမှာ ခေါင်းဆောင် နာယက ဆရာတော်တွေရဲ့ အရည်အချင်းအရပဲ ကြည့်ကြည့်၊ နောက်လိုက်သံဃာဆိုတဲ့ ကိုယ်လုံးအရေအတွက် ပမာဏအရပဲ ကြည့်ကြည့်၊ အရည်အချင်းရော အရေအတွက်ပါ အကြီးအကျယ်ဆုံးလို့ ဆိုနိုင်တဲ့ မန္တလေးမြို့ မစိုးရိမ်စာသင်တိုက်ကြီးများရဲ့ ဖြစ်စဉ်ကိုကြည့်ရင် ဒီ"ခေါင်းကောင်းရင် ကိုယ်မရွှေ့"ဆိုတဲ့ ဖြစ်စဉ်ဟာ ပိုပြီးထင်ရှားတယ်လို့ ဆိုချင်ပါတယ်၊ အာဒိကမ္မကတိုက်တည်ဦးဆောင်ဆရာတော်ကြီးများဆိုတဲ့ ခေါင်းရော သာသနာတော် တိုးတက်ရေးအတွက် လောကဆွေရေးမျိုးရေးမဖက် ပရိယတ္တိသာသနာ့အရည်အချင်းဆိုတဲ့ ဓမ္မဆွေမျိုးတော်စပ်ရေး သက်သက်ကိုသာ ကြည့်ပြီး ဦးဆောင်နာယက (ကျောင်းထိုင်)အဖြစ် သတ်မှတ်ထားတဲ့ တိုက်စည်းကမ်းဆိုတဲ့ ခေါင်းပါကောင်းခဲ့ကြလို့ အခုအထိ တိုက်မ,တိုက်ခွဲတွေပါ တည်တဲ့ပြန့်ပွား တိုးတက် အောင်မြင်နေကြတာပါ။

အခု ဒီဂုဏ်ပူဇော်စာတမ်းဟာလည်း မစိုးရိမ်တိုက်များနဲ့ပတ်သက်တဲ့ မစိုးရိမ်တိုက်သစ်များရဲ့ ပဓာန မဟာနာယကဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသမထေရ်မြတ်ရဲ့ သက်တော်(၈၀)ပြည့် ဝိဇာတမင်္ဂလာကို အကြောင်းပြုပူဇော်ရေးသားမှာဖြစ်လို့ ဒီစာစုရဲ့ ခေါင်းစီးကိုလည်း "ခေါင်းကောင်းရင် ကိုယ်မရွှေ့"လို့ပဲ အမည်တပ်လိုက်ပါတယ်။

ဒီခေါင်းစဉ်မှာပါတဲ့ ခေါင်းဆိုတာကတော့ မစိုးရိမ်တိုက်သစ်ရဲ့ ဦးခေါင်းဖြစ်တဲ့ ပဓာနမဟာနာယက ဆရာတော် တစ်ပါးကိုသာ ရည်ညွှန်းလိုတာမဟုတ်ပါဘူး၊ မစိုးရိမ်တိုက်များရဲ့ အာဒိကမ္မိက တိုက်တည်ဆရာတော် ဘုရားကြီးများကစပြီး ဒီနေ့အထိ မစိုးရိမ်တိုက်များမှာ နာယကအဖြစ် ဦးဆောင်သာသနာပြုတော်မူနေကြတဲ့ "ခေါင်း"အားလုံးကို ရည်ညွှန်းပါတယ်၊ ဆရာတော်ရဲ့ အမေမျှားနေ့ကို ပြောသလို ပြောရမယ်ဆိုရင်တော့ သရုပ်တူ ခေါင်းအားလုံးကို ဧကသိသ်ပြုထားတဲ့ သရူပေကသိသ် စကားပါ၊ ခေါင်းအားလုံးကို ဧကသိသ်ပြုထားပေမယ့် အဓိကဦးတည်ပူဇော်မှာက မစိုးရိမ်တိုက်သစ်များရဲ့ ပဓာနမဟာနာယကဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသဖြစ်လို့ ဆရာတော့်အကြောင်းများကိုပဲ ဉာဏ်မှီသလောက် ရေးသားပူဇော်ပါရစေ၊ ရေးသားပူဇော်မယ်ဆိုတဲ့အခါ အခု ဆရာတော်ရဲ့ သက်တော်က (၈၀)ရှိပြီဆိုတော့ လောကအလိုဆိုရင် ဘာရတုခေါ်မလဲ မသိဘူး၊ ပတ္တမြားရတုလို့ ခေါ်ကြတယ်ထင်ပါတယ်၊ လူပုဂ္ဂိုလ်တွေအတွက်တော့ အဲဒီအမည်အတိုင်းပဲ ခေါ်ကြပေါ့လေ၊ သာသနာဝန်ထမ်းဖြစ်တဲ့ မထေရ်မြတ်ကြီးတွေအတွက်ကတော့ သက်တော်(၈၀)ဆိုတာ မြတ်စွာဘုရားရှင် သက်တော်ထင်ရှား နေတော်မူခဲ့တဲ့ အသက်ပမာဏဖြစ်လို့ အမြတ်ဆုံးရတနာဖြစ်တဲ့ ဘုရားရှင်ရဲ့ သက်တော်ကို အကြောင်းပြုပြီး "ရတနာရတု"လို့တောင် ခေါ်ဆိုသတ်မှတ်လိုက်ချင်ပါတယ်။

မိမိက ဆရာတော်ထံမှာ စာဝါရယ်လို့ မလိုက်ခဲ့ရဖူးပါဘူး၊ ဆရာတော်ရဲ့ လုပ်ရည်ကိုင်ရည်များနဲ့ စာဝါပို့ချချက် မှတ်စုများကို အားကျအတုယူခဲ့ရတဲ့ မြင်ဆရာ၊ ကြားဆရာအဖြစ်ပဲ လေးစားရတာပါ၊ အထူးသဖြင့်တော့ ဆရာတော်ရဲ့ စာပေလက်ရာဖြစ်တဲ့ မစိုးရိမ်ဆရာတော်ဘုရားကြီး (ဘဒ္ဒန္တ သူရိယာဘိဝံသ)ရဲ့ ထေရုပ္ပတ္တိစာအုပ်နဲ့ စိန်ရတုအထိမ်းအမှတ် ဩဝါဒတရားတော်များ စာအုပ်



http://www.dhammadownload.com

တို့ကြောင့် ဆရာတော်ကို လောကုတ္တရာအရာမှာသာမက လောကီရေးမှာပါ လေးစားအားကျရပါတယ်။

ဆရာတော်ရဲ့ စာပေလက်ရာများနဲ့ ပတ်သက်လို့ မိမိမှာ ပြောစရာတွေ အတော်များများ ရှိနေပါတယ်။ ဆရာတော်ရဲ့ စာအုပ်နှစ်အုပ်လုံးကိုပဲ သဘောကျလွန်းလို့ ဓမ္မာဓိပတိကျောင်း အရှင်ဣန္ဒကာလင်္ကာရာဘိဝံသကို အပူကပ်ပြီး ဆယ်စုံလောက် ပူဇော်လိုက်ပါတယ်၊ ဒီစာအုပ်တွေကို စာသင်တိုက်တွေမှာ အုပ်ချုပ်နေကြတဲ့ မိမိရဲ့ တပည့်တွေဆီကိုလည်း ပို့ပေးပြီး ဖတ်ခိုင်းတယ်၊ ခင်မင်တဲ့ စာရေးဆရာကြီးတွေဆီကိုလည်း ပို့ပေးပါတယ်၊ အထူး သဖြင့်တော့ ဆရာကြီး ဦးအောင်သင်းဆီ ကိုယ်တိုင်သွားပို့ပေးခဲ့တယ်၊ "အလုပ်အကြံမပါတဲ့ သရုပ်မှန် အတ္ထုပ္ပတ္တိနဲ့ ဩဝါဒစကားများကို နှစ်သက်မယ်ဆိုလို့ကတော့ ဒီစာအုပ် နှစ်အုပ်က ကျုပ်တွေ့ဘူးသမျှထဲက စံပြပဲ၊ ဖတ်ကြည့်စမ်းပါ"လို့ တိုက်တွန်းခဲ့လိုက်တယ်။

နောက်နှစ်ရက်လောက် ကြာတော့ "ထေရုပ္ပတ္တိ စာအုပ်ကို လက်ကမချ ဖတ်မိလိုက်တယ်၊ အရှင်ဘုရား ပြောတာ နဲတောင်နဲသေးဘုရား၊ တကယ့်ကို သရုပ်လည်း မှန်၊ ဘဝကလည်း အတုယူအားကျစရာကောင်းတဲ့ အတ္ထုပ္ပတ္တိကောင်း တစ်ပုဒ်ပါပဲ"ဆိုပြီး ဖုန်းဆက်လာပါတယ်။

ဩဝါဒများနဲ့ ပတ်သက်လို့ကတော့ စွေးကွက်ဂျာနယ် "မျိုးဆက်သစ်တို့ တိုးတတ်ရစ်ဖို့"ကဏ္ဍမှာ သုံးပတ်ဆက်ပြီးရေးတယ်၊ နောက်တစ်ကြိမ် ဆရာကြီးဆီရောက်တော့ "ဆရာလည်း မစိုးရိမ် ဆရာတော်ရဲ့ ဩဝါဒတွေကို အတော် သဘောကျပုံရတယ်၊ ဦးဇင်းလဲ သဘောကျလွန်းလို့ အဲဒီစာအုပ်ကို ခေါင်းအုံးဘေးမှာ အမြဲထားတယ်၊ ခုရက်ပိုင်းမှာ ပျင်းပျင်းရှိတိုင်း ဒီစာအုပ်ကိုပဲ လှန်ဖတ်နေမိတယ်"ဆိုတဲ့အကြောင်း ပြောတော့။

"အရှင်ဘုရားက ပျင်းပျင်းရှိမှ လှန်ဖတ်ပြီး ခေါင်းအုံးဘေးမှာပဲ ချထားတာကိုးဘုရာ့၊ တပည့်တော်က စိတ်ပါလက်ပါ ဖတ်ပြီး ခေါင်းထဲကို ထည့်ထားတာ၊ ဒါ့ကြောင့် အရှင်ဘုရားက ဒီစာအုပ်နဲ့ ပတ်သက်ပြီး ဘာမှ မရေးဖြစ်ပဲ တပည့်တော်က သုံးပုဒ်တောင် ဆက်ရေးဖြစ်တာပေါ့၊ အရှင်ဘုရား အရင်က ပြောဘူးသလိုပေါ့ ရင်ထဲမှာ မဆန့်တော့လို့ နှုတ်ကနေ ထုတ်ဟမြွက်ကြားတဲ့ ဝမ်းမြောက်စကားကို ဥဒါန်းလို့ ခေါ်တယ်ဆို၊ အခု စွေးကွက်ဂျာနယ်မှာပါတဲ့ တပည့်တော် စာသုံးပုဒ်က လည်း ဒီစာအုပ်ဖတ်ပြီး တပည့်တော် လက်နဲ့ကျူးလိုက်တဲ့ ဥဒါန်းပဲဘုရား" လို့ ပြောပါတယ်။

စာအုပ်နဲ့ ပတ်သက်ပြီး စပ်မိစပ်ရာ ပြောဆိုရင်းက "ဒီလောက်စာရေးကောင်းတဲ့ ဆရာတော်တစ်ပါးက တစ်ဖက်က ကြည့်ရင်တော့ စာချရတဲ့ ကိစ္စ၊ တိုက်တာအုပ်ချုပ်ရေးကိစ္စတွေ များတာလည်း ဆရာတော် ဩဝါဒတွေကို ဖတ်ကြည့်တော့ အတော်များတာပဲဘုရာ့၊ ဟို စကားပုံလိုပေါ့ "တံမျက်စည်းတစ်ချောင်း လှည်းကောင်း တိုင်း လှည်းလိုက်တာ ဘုရားစင်ကစပြီး ခွေးကတက် ရောက်ကရော"ဆိုသလို ဖြစ်နေတော့ မအားလပ်တာလည်း မှန်တော့ မှန်ပါတယ်၊ ဒါပေမယ့် ရသလောက် အချိန်ကလေး လုပြီး ဒီထက်ပိုရေးစေချင်သေးတယ်၊ အရှင်ဘုရားလည်း ဒီလိုဆန္ဒမျိုး ဖြစ်မယ်ထင်ပါတယ်"တဲ့။

မိမိက "ကျုပ်စိတ်ထဲမှာ ဖြစ်တဲ့ ဆန္ဒကတော့၊ ဆရာကြီး ရွှေဥဒေါင်းဆိုရင်ဗျာ သူ့ရဲ့ "တစ်သက်တာ မှတ်တမ်းနဲ့ အတွေးအခေါ်များ"ဆိုတဲ့ စာအုပ်ကြီးကို ရေးခဲ့တာ၊ သူဘဝအကြောင်းသာ မကဘူး၊ သူကျင်လည် ဖြတ်သန်းခဲ့ရတဲ့ ခေတ်နဲ့ ပတ်ဝန်းကျင်အကြောင်း နောင်လာနောင်သားတွေ အမျှားကြီး သိခွင့်ရကြတယ်၊ ဒါပေမယ့် သူ့မှတ်တမ်းထဲမှာ လောကအကြောင်းတွေပဲ များတယ်၊ သာသနာတော်နဲ့ပတ်သက်ပြီး မပါလှဘူး၊ ဒါကလည်း သူ ထဲထဲဝင်ဝင် ကျင်လည်ခဲ့ရတာ မဟုတ်ဘဲကိုး၊ သာသနာတော်နဲ့ ပတ်သက်တဲ့ ခေတ်နဲ့ဝန်းကျင်အကြောင်းကတော့ ဒီဆရာတော်လို ပုဂ္ဂိုလ်မျိုးက "တစ်ဘဝတာ အတွေ့အကြုံ အတွေးအမြင်"ဆိုတာမျိုး ရေးခဲ့မယ်ဆိုရင် သာသနာတော်အတွက်လည်း တန်ဖိုးရှိမယ်၊ လောကအတွက် ကြည့်ရင်လည်း အတုယူစရာ မှတ်သားလိုက်နာစရာ ဗဟုသုတတွေ အများကြီးရမယ် ဗျာ၊ အဲဒီလို စာအုပ်ကြီး ရေးခဲ့စေချင်တာ"ဆိုတော့ "ဟာ. . . ဘယ့်နယ် ပြောပါလိမ့် အတိုင်းထက်အလွန် ပေါ့ဘုရား"လို့ ထောက်ခံခဲ့ပါတယ်။

ဆရာတော်ကို ခုချိန်ကျမှ ဒီအကြောင်း လျှောက်ထားမယ်ဆိုရင်တော့ "ဘာလဲ မင်းတို့က ငါအရွယ်ရှိတုန်းကလည်း ကိုယ်စွမ်းဉာဏ်စွမ်းဟူသမျှကို ညှစ်ယူခဲ့ကြပြီ၊ အခု အရိုးပေါ်အရေတင် အရွယ်ကြီး ရောက်တော့လည်း အရိုးကိုညှစ်ပြီး အဆီထုတ်ယူချင်ကြတုန်းပဲလား"လို့များ မိန့်ကြားလေမလားပဲ၊ အဲ့လို မိန့်ကြားရင်လည်း "အရိုးနဲ့ အရေပဲ ကျန်တော့တယ်ဆိုလည်း ပြာမဖြစ်သေးသမျှ အဆီတော့ ညှစ်လို့ ရလောက်ပါသေးတယ်ဘုရားလို့ လျှောက်လိုက်ချင်စမ်းပါဘိ"ဆိုတဲ့ အတွေး

http://www.dhammadownload.com

များလည်း ပေါ်ခဲ့ပါတယ်၊ အခုလည်း ပေါ်နေဆဲပါပဲ၊ နောင်လည်း ပေါ်နေမျှော်နေမိမှာပါပဲ၊ လျှောက်တော့ မလျှောက်ထားဝံ့ပါဘူး။

ဆရာတော်နဲ့ ပတ်သက်လို့ မိမိစိတ်မှာ အာရုံပြုကြည်ညိုမိတဲ့ နောက်ထပ် အမှတ်ထင်ထင် အကြောင်းအရာတစ်ခုလည်း ရှိပါသေးတယ်၊ အဲဒါကတော့ "ခေါင်းဆောင်ကောင်းတို့ရဲ့ ဂုဏ်ရည်ဆိုတဲ့"အကြောင်းပါ၊ မနှစ်က အမေရိကန်နိုင်ငံ ဆန်ဖရန်စစ်စကို ဘေး(ပင်လယ်ကွေ့)ဧရိယာထဲက ဟေးဝပ်ဆိုတဲ့မြို့လေးမှာ မစိုးရိမ် စာသင်သားဟောင်း အရှင်ဉာဏိကာဘိဝံသ တည်ထောင်တဲ့ မုဒိတာရွှေကျောင်း ဖွင့်ပွဲမှာ ဆရာတော်နဲ့ ဆုံမိခဲ့ပါ သေးတယ်၊ အဲဒီတုန်းက မိမိက ညစဉ်ညတိုင်း အဲဒီဘေးဧရိယာထဲမှာ ပါဝင်တဲ့ ဒေးလီစီးတီးမြို့က ထေရဝါဒမွန အသင်းမှာ ဓမ္မစကြာသင်တန်းစပြီး သင်ပြနေတဲ့အချိန်နဲ့ တိုက်ဆိုင်လို့ ဓမ္မစကြာရဲ့ နိဒါန်းပိုင်းက ဘုရားရှင်ရဲ့ ခေါင်းဆောင်ကောင်း ဂုဏ်ရည်အကြောင်း ပြောခဲ့စဉ်ကလည်း မစိုးရိမ်တိုက်သစ်အကြောင်း ဆရာတော်အကြောင်း တို့ကို နှိုင်းယှဉ်ပြီး နည်းနည်းပြောခဲ့ဖြစ်ပါသေးတယ်၊ အဲဒီအကြောင်းအရာကို အခုလည်း ထပ်ပြီးပြောပါရစေ။

ဓမ္မစက္ကပဝတ္တနသုတ်ဆိုတာ မြတ်စွာဘုရားရှင်ရဲ့ သာသနာတော်ကြီး စတင်ပေါ်ပေါက်လာစေတဲ့ အဦးဆုံး ဒေသနာတော်ကြီးဖြစ်လို့ ဓမ္မစကြာရဲ့ နိဒါန်းကို ဘာဝတ္ထ ဆိုက်အောင် သဘောပေါက်ကြရင် သာသနာတော်ရဲ့ နိဒါန်းကိုလည်း သဘောပေါက်စရာ ရှိပါတယ်၊ ဒီလို သဘောပေါက်ခဲ့ရင် မြတ်ဗုဒ္ဓရဲ့ သာသနာတော်ကြီး ဘာကြောင့် ဒီလောက်ထိ အရှည်ကြဲ့တည်တံ့နိုင်တယ် ဆိုတာကိုလည်း သဘောပေါက်ကြမှာပါ။

ဓမ္မစကြာမှာ "ဒုက္ခလွတ်ငြိမ်းရာကို ဦးတည်ရည်မှန်းပြီး ကျင့်ကြံကြမယ် တပည့်သားများအနေနဲ့ အဦးဆုံးလိုက်နာရမှာကတော့ - အရိယာတို့ရဲ့ လက်သုံးလည်း မဟုတ်၊ ရည်မှန်းတဲ့ အကျိုးကိုလည်း မပြီးစေတဲ့ အစွန်းတရားနှစ်ပါးကို ပယ်စွန့်ရမယ်"ဆိုတဲ့ နိဒါန်းစကားနဲ့ တရားဦးဒေသနာကို စတင်ဖွင့်လှစ်ခဲ့ပါတယ်။

ဒီပယ်စွန့်ရမယ့် အစွန်းတရားနှစ်ပါး ဆိုတာကတော့ -

(၁) လောကီအာရုံ ကာမဂုဏ်တွေကို ကြိုးစားရှာဖွေခံစား နေရခြင်းဟာ တကယ့်ချမ်းသာသုခကြီးပဲလို့ အားထုတ်နေကြတဲ့ "ကာမသုခလွှိကာနုယောဂ" ဆိုတဲ့ အစွန်းတရားရယ်။

(၂) အာရုံခံစားမှု မှန်သမျှကို ဖြတ်တောက်ပြီး ခန္ဓာကိုယ်ကြီးကို ဘက်ပေါင်းစုံက ညှင်းဆဲကျင့်ကြံအပင်ပန်းခံနေမှသာ ချမ်းသာစစ် ချမ်းသာမှန် (နိဗ္ဗာန်)ကို ရမယ်လို့ ခံယူကျင့်သုံးနေတဲ့ "အတ္တကိလမထာနုယောဂ" ဆိုတဲ့ အစွန်းတရားရယ်တို့ပါပဲတဲ့။

မြတ်ဗုဒ္ဓရဲ့ အခုနောက်ဆုံးဘဝမှာ ဖြတ်သန်းကျင်လည်ခဲ့ရတဲ့ ဘဝရဲ့ အစိတ်အပိုင်းနှစ်ခုနဲ့ အခု အပယ်ခိုင်းတဲ့ ဒီအစွန်းတရားနှစ်ပါးတို့ကို လေ့လာကြည့်လိုက်ရင် မြတ်ဗုဒ္ဓရဲ့ ခေါင်းဆောင်ကောင်းဂုဏ်ရည်ကို အထင်အရှား တွေ့မြင်နိုင်လိမ့်မယ်။

မြတ်ဗုဒ္ဓအလောင်းတော်ဖြစ်တဲ့ သိဒ္ဓတ္ထမင်းသားဟာ ကပိလဝတ်နန်းတော်ထဲမှ အသက်(၂၉)နှစ်အထိ နေခဲ့တယ်၊ အဲဒီမှာ နေခဲ့ရတဲ့ဘဝဟာ လောကအမြင်အရ ကြည့်မယ်ဆိုရင်တော့ တကယ့်ကို နတ်တို့ရဲ့ စည်းစိမ်လို့တောင် ဆိုနိုင်လောက်တယ်၊ ဥတုသုံးလီနဲ့ ကိုက်ညီအောင်စီမံထားတဲ့ ထီးနန်းသုံးဆောင်ရယ် အချောဆုံး အလှဆုံးဆိုတဲ့ မောင်းမမိသံတွေရယ် (စာထဲမှာတော့ လေးသောင်းလောက်လို့တောင် ဆိုတယ်)၊ မင်းအာဏာကို အသုံးချပြီး ရှာလို့ရနိုင်သမျှ ကာမဂုဏ်စည်းစိမ်တွေရယ်နဲ့ ခံစားစံစားနေရတာကိုး။

ဒါပေမယ့် အသက်(၂၉)နှစ် အရွယ်ရောက်လို့ သားဦးလေး ရာဟုလာဖွားတဲ့နေ့မှာပဲ ဥယျာဉ်တော်ထဲလှည့်လည်ရင်း လောကကြီးရဲ့ နိဂုံးကို မြင်လိုက်ရတော့ ဒါတွေအားလုံးဟာ အိုခြင်း နာခြင်း သေခြင်းနဲ့ နိဂုံးချုပ်



http://www.dhammadownload.com

ကြပြီး ဝမ်းနည်းပူဆွေး ငိုကြွေးရင်း ဇာတ်သိမ်းကြရမှာပဲ ဆိုတာ မျက်ဝါးထင်ထင် တွေ့မြင်သိရှိသွားတယ်၊ ဒါနဲ့ပဲ ထီးနန်းစည်းစိမ်အပါအဝင် ကာမသုခလွှိကမှန်သမျှကို စွန့်ပစ်ပြီး ဥရုဝေလတောဆီ ထွက်ခွါသွားခဲ့တာပါ။

ဒါကြောင့် ကာမသုခလွှိကာနုယောဂ အစွန်းတရားကို ပယ်ရမယ်ဆိုတဲ့စကားဟာ ဟိုပုံပြင်ထဲကလို စပျစ်သီးမှည့်ကို မမီတဲ့အတွက် ချဉ်တယ်ဆိုပြီး မှတ်ချက်ချတဲ့ စကားမျိုး မဟုတ်ဘူး၊ ကိုယ်တွေ့ကိုယ်ကြုံ အသေအချာ သိပြီးလို့ အကျိုးမရှိတာ သေချာတဲ့အတွက် အစွန့်ခိုင်းတာပါ။

အဲဒီနောက် ဥရုဝေလတောထဲမှာ အတ္တကိလမထာနုယောဂ ဆိုတဲ့ အစွန်းကိုလည်း နောက်ထပ်သာ တစ်လှမ်းလောက် ဆက်တိုးလိုက်ရင် မရဏချောက်ကမ်းပါးမှာ ပြုတ်ကျသေဆုံးဖို့ပဲ ရှိတော့တယ်ဆိုရလောက်အောင်ကို ကိုယ်တိုင်လျှောက်လှမ်းခဲ့ပြီးလို့ ပင်ပန်းရုံကလွဲပြီး ဘာအကျိုးမှ မရှိဘူးဆိုတာ ကိုယ်တွေ့ကိုယ်ကြုံ သိခဲ့ပြီးသားပဲ၊ ဒါကြောင့် ဒီအစွန်းတရားကိုလည်း စွန့်ပယ်ပစ်ရမယ်လို့ ဟောတော်မူတာပါ။

ဒီအချက်အလက်တွေကို ကောက်ချက်ချကြည့်မယ်ဆိုရင် **ခေါင်းဆောင်ကောင်းတစ်ယောက်ဆိုတာ ကိုယ်ချမှတ်တဲ့ လမ်းစဉ် သဘောတရားအတွက် ကိုယ်ကိုတိုင် အစမ်းသပ်ခံ သားကောင်အဖြစ်နဲ့ ကျင့်သုံးကြည့်ရမယ်၊ သေချာပေါက် အမှားအယွင်း မရှိဘဲ ရည်မှန်းတဲ့ပန်းတိုင်ကို အမှန်အကန် ရောက်စေတယ်ဆိုတာ သိရှိပြီးမှသာ နောက်လိုက် တပည့်သားတွေကို အမှားအယွင်းမရှိ လမ်းညွှန်ပြဆရိုင်တဲ့ပုဂ္ဂိုလ် ဖြစ်ရပါတယ်။**

သာသနာတော်ကို စတင်ဖော်ဆောင်တဲ့ မြတ်ဗုဒ္ဓက အခုလို ခေါင်းဆောင်ကောင်းဂုဏ်ရည်အပြည့်ရှိပြီး တည်ထောင်ခဲ့တာ ဖြစ်လို့လည်း မြတ်ဗုဒ္ဓရဲ့ သာသနာတော်မြတ်ကြီး ဒီလောက်အထိ အရှည်ကြာ တည်တံ့နေနိုင်တာပါ။

မြတ်ဗုဒ္ဓနည်းတူပဲ ခေါင်းဆောင်တို့ရဲ့ ဂုဏ်ရည်အပြည့်နဲ့ တပည့်သားတွေကို ဦးဆောင်ကြတဲ့ ခေါင်းဆောင်ကောင်းတွေဆိုတာ ဒီနေ့အထိလည်း သာသနာတော်မှာ ရှိနေဆဲပါပဲ။

အထင်ရှားဆုံး သာဓကအဖြစ်နဲ့ ပြရရင်တော့ အခု အမေရိကန်ကို ခေတ္တရောက်ရှိနေတဲ့ မန္တလေးမြို့ မစိုးရိမ် တိုက်သစ် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တရာဇဓမ္မာ ဘိဝံသကို ကြည့်ရင်လည်း သိသာပါတယ်၊ ဒီနေရာမှာ အချက်အလက်တွေကို ခြုံငုံသဘောပေါက်ဖို့အတွက် မစိုးရိမ်တိုက်များနဲ့ မစိုးရိမ်သံဃာတို့နဲ့ မစိုးရိမ်စိတ်ဓာတ် တို့ကိုတော့ နည်းနည်း သဘောပေါက်ထားရပါလိမ့်မယ်။

မစိုးရိမ်တိုက် ဆရာတော် သံဃာတော်တွေရဲ့ စိတ်ဓာတ်က "ဓမ္မရေးလည်း မဖျင်းနဲ့၊ လောကရေးလည်း မကင်းနဲ့" ဆိုတဲ့ စိတ်ဓာတ်မျိုးလို့ ဆိုရပါလိမ့်မယ်၊ ပရိယတ္တိစာပေအရာမှာ အနည်းဆုံး "သက္ကသီဟ"လို့ ခေါ်တဲ့ ပရိယတ္တိဓမ္မာစရိယဘွဲ့လောက်မှ ရမထားရင် မစိုးရိမ်တိုက်တွေမှာ နာယကစာချ(ကျောင်းထိုင်)အဖြစ် မသတ်မှတ်ပါဘူး၊ အချို့ကျောင်းတွေ ကျောင်းတိုက်တွေမှာ ကျောင်းထိုင်ဘုန်းကြီးတို့ စာချဘုန်းကြီးတို့ဆိုရင် ပညာအရည်အချင်းကရော ဘယ်လိုလဲဆိုတာ မေးဖို့ လိုကောင်းလိုတတ်ပါတယ်၊ မစိုးရိမ်ကျောင်းတိုက်တွေမှာ နာယကစာချတဲ့ ဆိုလိုက်ရင် ပညာအရည်အချင်းက မေးစရာမလိုဘူး အားလုံးသိကြပြီးသားပါ၊ ဓမ္မရေးဘက်မှာ အဲဒီလို မဖျင်းရအောင် စည်းကမ်းချမှတ်ပြီး ကြိုးစားကြပါတယ်။

လောကရေးဘက်မှာလည်း နိုင်ငံတော်အတွက် လွတ်လပ်ရေးကြိုးပန်းခဲ့စဉ်ကစပြီး နောက်ပိုင်းခေတ်အဆက်ဆက်မှာ ပြည်သူတွေရဲ့ ဒုက္ခလွတ်မြောက်ရေးကြိုးပမ်းမှုတိုင်းမှာ မစိုးရိမ်သံဃာများက တစ်တပ်တစ်အား ပါဝင်ကြတာချည်းပါပဲ၊ ဒါကလည်း ပြောသလို လုပ်၊ လုပ်သလို ပြောဆိုတဲ့အတိုင်း မစိုးရိမ်ရဲ့ ပကတိသရုပ်မှန် စိတ်ဓာတ်လို့ပဲ ဆိုရမယ်ထင်ပါတယ်။

ဟုတ်တယ်လေ၊ သံဃာတော်အရှင်မြတ်များအနေနဲ့ နေ့စဉ်နေ့တိုင်း ပရိတ်မေတ္တာဘာဝနာ ပွားခါနီးမှာတော့ "သာသနဿ စ လောကဿ၊ ဝုဏှိ ဘဝတု သဗ္ဗဒါ-သာသနာရော လောကပါ စဉ်ဆက်မပြတ် ကြီးပွားတိုးတက်ပါစေ"လို့ ပြောဆိုရွတ်ဖတ်တော်မူကြပြီး လောကကြီး ဒုက္ခရောက်တဲ့အခါမှာတော့ "ဒေဝါ ရက္ခန္တု သဗ္ဗဒါ- နတ်တွေက မပြတ်စောင့်ရှောက်ကြပါစေ" လောက်နဲ့ မသိကျိုးကျွံပြုနေမယ်ဆိုရင် အပြောနဲ့ အလုပ်က မကိုက်ညီသလို ဖြစ်နေမယ်၊ မစိုးရိမ်ဆရာတော်များကတော့ မသိကျိုးကျွံ ပြုမနေကြပါဘူး။ လောကရေးနဲ့ မကင်းကြပဲ ဒုက္ခကို မျှဝေခံစားတတ်ကြပါတယ်၊ ဒါဟာ "ပြောသလို လုပ်၊ လုပ်သလို ပြောတတ်တဲ့

http://www.dhammadownload.com

မစိုးရိမ်ရဲ့ စိတ်ဓာတ်"လို့ ဆိုနိုင်ပါလိမ့်မယ်။

အဲဒီလို မျှဝေခံစားရာမှာလည်း စာသင်သားသံဃာ ယောဂီတွေချည်းသာ အစတေးခံစေခဲ့တာ မဟုတ်ပါဘူး၊ နာယကဆရာတော်များကိုယ်တိုင်လည်း ပါဝင်တန်သမျှ ပါဝင်ပြီး မျှဝေခံစားကြတာပါ၊ အခုကြွလာတဲ့ မစိုးရိမ်တိုက်သစ်ဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသဆိုတာလည်း အရင် ဒီမှာသီတင်းသုံးနေတဲ့ မစိုးရိမ်ဆရာတော် ဘုရားကြီး ဘဒ္ဒန္တကောဝိဒါဘိဝံသနဲ့အတူ ရှစ်လေးလုံး မျှဝေခံစားပွဲရဲ့ နောက်ဆက်တွဲအဖြစ်နဲ့ နန်းတွင်း မဆိတ်ငြိမ်တောရမှာ မျှဝေခံစား သီတင်းသုံးခဲ့ရတဲ့ဆရာတော်ဖြစ်ပါတယ်။

အဲဒီနောက် ၁၃၆၅-ခုနှစ် တန်ဆောင်မုန်းလဆန်းလောက်မှာ ဒုက္ခတွေကို သည်းမခံနိုင်ကြတော့တဲ့ ပြည်သူတွေရဲ့ လူပ်ရှားမှုတစ်ခု ဖြစ်ပြန်တယ်၊ ထုံးစံအတိုင်း မစိုးရိမ်တိုက်သစ်သံဃာတွေကလည်း ပြည်သူနဲ့အတူ မျှဝေခံစားကြတာပါပဲ၊ အဲဒီနှစ် တန်ဆောင်မုန်းလဆန်း (၄)ရက်နေ့မှာတော့ တစ်ကျောင်းတိုက်လုံး သံဃာတွေ ခါထုတ်(နှင်ထုတ်)လိုက်ပြီး ကျောင်းပိတ်လိုက်တယ်။

ဒီကိစ္စနဲ့ ပတ်သက်လို့ ၁၃၆၇-ခု ဝါခေါင်လကွယ်နေ့မှာ ဩဝါဒပေးတဲ့အခါ-

"အဲ. . ပြီးခဲ့တဲ့ ၁၃၆၅-ခုနှစ်တုန်းက ငါက တိုက်ခါပစ်လိုက်တယ်၊ မခါရင် ငါက သိတယ်၊ အဲဒီည ဦးဇင်းတွေ တစ်ပါး နှစ်ပါး အနည်းဆုံးသေဦးမယ်၊ အပစ်ခံရဦးမယ်၊ အဲဒါ သိတယ်၊ အဲဒါ သိတော့ ဘာမှ နားမလည်တဲ့ ဦးဇင်းတွေ ကိုရင်တွေ အလကားသက်သက် အသက်အဆုံးအရှုံးမခံနိုင်ဘူး၊ အေး. . ဒီတော့ နံနက်ပိုင်း ငါလက်ဘက်ရည်သောက်တဲ့အချိန်မှာ တိုက်ထဲရှိတဲ့ နာယကတွေ အကုန်ခေါ်၊ အကုန်ခေါ်ပြီးတော့ "မင်းတို့ ကျောင်းခါပစ်မှ ဖြစ်မယ်၊ မခါရင် မဖြစ်ဘူး၊ မခါရင် အလကား ဒဏ်ရာ အနာတရတွေ ဖြစ်ကုန်မယ်" ဆိုပြီးတော့ ကျောင်းခါပစ်လိုက်တယ်။

ဒီလို ကျောင်းခါပစ်လိုက်တော့ ငါတော့ နာမည်ပျက်မှာပေါ့၊ ပျက်ပါစေ၊ နာမည်ပျက်တာ ငါ အရေးမစိုက်ဘူး၊ သူ နိုင်နင်းအောင် မအုပ်ချုပ်နိုင်ဘူး၊ ဘာညာနဲ့ ပြောမှာပေါ့၊ ပြောပါစေ၊ နိုင်နင်းအောင် အုပ်ချုပ်နိုင်လို့ ဂုဏ်ပြုပြု၊ ပြစ်တင်ကဲ့ရဲ့ကဲ့ရဲ့၊ ဘာမှ နားမလည်တဲ့ ဒီကိုရင် ဦးဇင်းတွေ အလကား အသက်မဆုံးရှုံးဖို့ အရေးကြီးတယ်၊ အဲ လူအသက်တစ်ချောင်းဆိုတာ ဘုရားရှင်ကလည်း "မနုဿတ္တဘာဝေါ ဒုလ္လဘော"တဲ့၊ လူဘဝ ရခဲတယ်လို့ ဟောထားပြီးသား၊ ဒီတော့ ရခဲတဲ့ လူအသက်တစ်ချောင်း ဘာမှမဟုတ်တဲ့ ကိစ္စနဲ့ အသေမခံစေရဘူးဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျောင်းပိတ်ခဲ့တာ"လို့ ရှင်းပြပါတယ်။ (ဩဝါဒတရားတော်များ၊ ၇၆)

ဒီလို တိုက်ခါလိုက်တာဟာ ဆရာတော်အနေနဲ့ အသိမဲ့ အကြောက်ကြီးပြီး လုပ်ဆောင်ခဲ့တာ မဟုတ်ပါဘူး၊ သူကိုယ်တိုင် ထောင်ကျခံရတဲ့အထိ အစမ်းသပ်ခံ၊ အစတေးခံခဲ့ပြီးတဲ့အတွက် အတွေ့အကြုံအရ ရောက်လာမည့် ဘေးကို ကြိုတင်သိမြင်လို့သာ ကာကွယ်ပေးခဲ့တာဖြစ်တယ်ဆိုတာ ဒီပွဲမျိုး နွှဲဖူးကြုံဖူးသူတိုင်း သိကြပါလိမ့်မယ်။

ဒါကြောင့် မစိုးရိမ်တိုက်သစ်ရဲ့ ဦးစီးခေါင်းဆောင် ပဓာနမဟာနာယကဆရာတော်ဘုရားဟာလည်း ဘုရားရှင်ရဲ့ တပည့်သားပီပီ ဘုရားရှင်တို့ ထုံးကို နှလုံးမူပြီး တပည့်သားတို့ကို အစမ်းသပ်ခံ၊ အစတေးခံများ မဖြစ်စေဘဲ ကိုယ်တိုင်သာ အစမ်းသပ် အစတေးခံပြီး တပည့်သားများကို ကာကွယ်ပေးတဲ့ ဂုဏ်ရည်ပြည့် ခေါင်းဆောင်ကောင်းတစ်ဦးလို့ ဆိုရပါလိမ့်မယ်၊ မြတ်စွာဘုရားရှင်ရဲ့ သာသနာတော်ကြီး ဒီနေ့အထိ အရှည်ကြီး တည်တံ့နေသလို မစိုးရိမ်စာသင်တိုက်တွေဟာလည်း စတင်တည်ထောင်ချိန်ကစပြီး ဒီနေ့အထိ စဉ်ဆက်မပြတ် တိုးတက်ပြန့်ပွား တည်တံ့နေတာဟာ ဒီလိုဂုဏ်ရည်ပြည့်စုံတဲ့ ခေါင်းဆောင်ကောင်းတွေကြောင့်ပဲဆိုတာ မှန်းဆပြီး သဘောပေါက်လောက်ပါတယ်ဆိုတဲ့အကြောင်း သင်တန်းသားများကို နှိုင်းယှဉ်ပြောခဲ့ဖူးပါတယ်။

ဆရာတော်နဲ့ ပတ်သက်ပြီး ရေးရမယ်ဆိုရင်တော့ ဩဝါဒတရားများ အဖွင့်ကျမ်း တစ်စောင်လောက်များ ဖြစ်သွားမလားပဲ၊ ဒါပေမယ့် တခြားတပည့်တွေကလည်း ရေးသားပူဇော်ကြဦးမှာဆိုတော့ ဒီလောက်နဲ့ပဲ ရပ်နားသင့်မယ် ထင်ပါတယ်။


ဆရာတော်ရဲ့ သက်တော်(၈၀)ပြည့် ဝိဇာတမင်္ဂလာကို အကြောင်းပြုပြီး ဆရာတော်ရဲ့ သီလ၊ သမာဓိ၊ ပညာဂုဏ်၊ ပရိယတ္တိဂုဏ်၊ ခေါင်းဆောင်နာယက ဂုဏ်ရည်တို့ကို ဒီစာတမ်းနဲ့ ပူဇော်ကန်တော့ပါတယ်ဘုရား။

ဓမ္မဘေရီအရှင်ဝိရိယ(တောင်စွန်း)

http://www.dhammadownload.com

ဓမ္မဖခင် (သို့မဟုတ်) ဘဝဥယျာဉ်မှူး

ဒေါက်တာသြဘဓသာရ



ဘဝလမ်းကြောင်း မတိမ်းစောင်းရအောင် ထိန်းကျောင်းပဲ့ပြင်နေသည့်ကြားက လမ်းချော်ချော်သွားတတ်သည့် မိမိဘဝကို ဆိုးဝါးစွာ တိမ်းမှောက်မသွားရအောင်၊ ထိခိုက်အနာတရဖြစ်မှု နည်းပါးသွားအောင်၊ ရရှိသွားသည့် ဒဏ်ရာအနာတရများကို ပြေပျောက်လွယ်အောင် ကုသကြပ်မတ်ပေးသည့် မိမိ၏ ဓမ္မဖခင်၊ မိမိဘဝ၏ အနန္တကျေးဇူးရှင် ဘဝဥယျာဉ်မှူး၊ တပည့်သံဃာပေါင်းများစွာတို့၏ ကျေးဇူးရှင် ဆရာတော်အရှင်မြတ်နှင့် "နွား သတ္တဝါ, တိရစ္ဆာန်, ဟေ့ကောင်ကြီး" စသည့် နာမဝိသေသများဖြင့် အချီးမြှောက်ခံရလေ့ရှိသော ဆရာ့ဖနောင့်ဆုလာဘ်ကို ခေါင်းဖြင့်ခံယူတတ်လေ့ရှိသော တပည့်တစ်ပါး၏ ဘဝပုံရိပ်အပိုင်းအစလေးများကို မှတ်တမ်းပြုချင်ပါသည်။

ခွေးချေးကြုံး ကိုရင်

သာမဏေဘဝဖြင့် မစိုးရိမ်တိုက်သစ်သို့ ရောက်ရှိ လာခဲ့ပါ၏၊ ပါရာဇိကဏ်ကို ဦးစားပေးကျမ်းစာအဖြစ် တက်ရပြီး၊ အစိုးရစာချတန်းအပါအဝင် အနယ်နယ် အရပ်ရပ်က စာချတန်း ပုစ္ဆာဟောင်းများကို ရှာဖွေစုဆောင်းလျက် ညဦးပိုင်း ဘုရားဝတ်တက်အပြီးတွင် စုပေါင်းဖြေဆိုရ၏၊ ထိုစဉ်က မစိုးရိမ်

http://www.dhammadownload.com

တိုက်သစ် တစ်တိုက်လုံး သံဃာ သုံးရာကျော်မျှသာ ရှိသည်၊ ဆရာတော်ကြီး ဦသီရိန္ဒာဘိဝံသ အုပ်ချုပ်တော်မူသည့် အပိုင်းက သံဃာ (၁၅၀)ခန့်၊ ဆရာတော် ဦးနာယကာဘိဝံသ အုပ်ချုပ်သည့် အပိုင်းက သံဃာ (၇၀)ခန့်နှင့် မိမိမှီခိုရာ ဆရာတော် ဦးရာဇဓမ္မာဘိဝံသ အုပ်ချုပ်သည့်အပိုင်းက သံဃာ(၁၂၀) ခန့်သာ ရှိပါသည်၊ နာယကကြီးသုံးပါးသာ ရှိနေသေးသော အချိန်။

မိမိကား စာချတန်းနှင့်စာသင်တန်း တွဲလုပ်သူဖြစ်ခြင်းကြောင့် ဆရာတော် ပို့ချသည့် ပါရာဇိကဏ်စာဝါ၊ ဋီကာကျော်စာဝါ၊ ညပိုင်း ရူပသိဒ္ဓိနှင့် ရုပ်တွက်အချိန်များကိုလည်း မပျက်မကွက်တက်ရ၏၊ မကြာမကြာ စာဝါ ပျက်တတ်သည့် မိမိကို စာဝါမပျက်ရအောင် စာလိုက် သံဃာများ အလယ်က ထား၏၊ တစ်ပါးတည်း ထီးထီးကြီး ဖြစ်နေ၍ မိမိ စာဝါလစ်၍ မရတော့။

တနေ့ ငယ်-လတ်-ကြီး တန်းတို့ စာအံကျောင်းတက်နေချိန် မိမိကား အားနေ၍ ဓမ္မဘာဏကကျောင်းရှေ့ စက္ကူပန်းရုံအောက်တွင် ထိုင်နေစဉ် ဆရာတော်က "ဟေ့ကောင် ဩသဓ လာ၊ မင်းကို ကုသိုလ်ပေးရမယ်၊ ဒီနေရာက ခွေးချေးတွေ လိုက်ကောက်၊ ပြောင်နေအောင် ကောက်၊ ငါ လာကြည့်လို့ ကျန်နေတာတွေ့ရင် မင်း ကောက်စားရမယ်၊ ကြားလား"။ ထိုနေ့မှစ၍ ဓမ္မသီတဂူသုံးထပ်ကျောင်းဆောင် ဆောက်မည့်နေရာကွက်မှ အညစ်အကြေးများကို သုတ်သင်ရမည့် တာဝန်ကား မိမိ၏ နေ့စဉ်တာဝန်ဖြစ်လာ၏။

မိမိနှင့် ဒဏ်

မိမိကား ဒဏ်အမြဲကျတတ်သူ ဖြစ်၏၊ မစိုးရိမ်တိုက်သစ် ဒဏ်ကား သဲဒဏ်ရေဒဏ် မဟုတ်၊ နေ့(၁၂)နာရီမှ နေ့(၁)နာရီအထိ အများသံဃာ နားချိန်တွင် မနားရဘဲ စာအံရခြင်းဖြစ်သည်၊ ဒဏ်နှစ်ထပ်ကျသူတို့အဖို့ မနက်ပိုင်း စောစောထ၍ ဆရာတော်နှင့်အတူ ဘုရားဝတ်ပြုရ၏၊ မိမိဒဏ်ကား အများသူငါကဲ့သို့ တစ်ပတ် နှစ်ပတ်သာ ကျသည့်ဒဏ်မဟုတ်၊ တစ်ခါတစ်ခါ နှစ်ချီကြော၏၊ တစ်ခါတရံ တစ်သက်လုံးဒဏ် ဖြစ်၏၊ တစ်နေ့ မိမိဒဏ်ထမ်းနေခိုက် ဆရာတော်က မိန့်တော်မူ၏၊ "ဟေ့ ကိုရင် မင်း ဒီတိုက်ပတ်စာမေးပွဲ ပထမရလျှင် ငါ ဒဏ်က လွတ်ငြိမ်းချမ်းသာခွင့်ပေးမယ်" မိမိ ဒဏ်လွတ်ချင်ဇောဖြင့် ကြိုးစားဖြေ၏၊ ပထမရ၏၊ ဂေဇက်ပြပြီး "ဆရာတော်ဘုရား တပည့်တော် ပထမရပြီ"ဟု လျှောက်ထားရာ ဆရာတော်က ပြုံး၍ "အေးအေး မင်း လွတ်ပြီပေါ့ကွာ"၊ မိမိလည်း ဝမ်းသာအားရ ပျော်မြူးစွာ ကျောင်း



ပြန်လာ၏၊ ညနေပိုင်း သူငယ်ချင်းများနှင့်အတူ လမ်းလျှောက်ထွက်ကြ၏၊ ၃၅(အေ)လမ်းတစ်လျှောက် လမ်းလျှောက်လေ့ရှိရာ ကံဆိုးချင်တော့ ထိုနေ့က မိမိတို့လျှောက်သည့် လမ်းတစ်နေရာ မျက်လှည့်ပွဲပြနေသည်ကို ဓဏ်ဆိုပြီး ဝင်ကြည့်ဖြစ်၏၊ မေ့မေ့လျော့လျော့ ကြည့်နေရာမှ ချက်ချင်းသတိရပြီး ကျောင်းကို ခြေကုန်သုတ်ပြန်ပြေးခဲ့၏၊ ဘုရားဝတ်တက်အမီ ပြေးခြင်းဖြစ်၏၊ ဘုရားဝတ်တက် ပျက်ကွက်လျှင် တစ်ပတ်လုံး မနက်အစောကြီး ထပြီး ဆရာတော်နှင့်အတူ ဘုရားဝတ်ပြုရသည့် ဒဏ်ကို ကြောက်၍ဖြစ်သည်၊ ထိုမျှသာမက မိမိနေသည့် ကျောင်းသံဃာအားလုံး မနက်ထပြီး ဘုရားဝတ်ပြုရသည့် ဒဏ်ထမ်းရ၏၊ သွားပြီ၊ ဘုရားဝတ်တက်ကျောင်းတံခါးပိတ်သွားပြီ၊ ဘယ်လိုမှ မမီတော့၊ စိတ်ပျက်လက်ပျက် ခြေပစ်လက်ပစ် တထိတ်ထိတ်နှင့် အပြင်ကနားစွင့်စောင့်နေရသည်။

ဘုရားဝတ်တက်ပြီး သံဃာစစ်တာဝန်ကျ ဘုန်းကြီး က သံဃာမစုံကြောင်း ဆရာတော်အားလျှောက်၏၊ ဆရာတော်က "ဘယ်ကျောင်းက ဘယ်သူလဲ"ဟု အမေး တွင် "ဓမ္မဘာဏကကျောင်းက ကိုရင်ဩသဓ မပါပါ" ဟူသည်တည်း၊ ဆရာတော်က "ဒီဩသဓဆိုတဲ့ သတ္တဝါ ဒီနေ့မှ ဒဏ်လွတ်တယ်၊ မနက်ဖန် ဒဏ်ထပ်ကျတယ်၊ အဲဒီ သတ္တဝါကို ပြောလိုက် မနက်စောစော ငါနဲ့ ဘုရား လာဝတ်တက်၊ သူများဆို တစ်ပတ်၊ ဒီကောင်ဆိုတော့ အထူးဒဏ် နှစ်ပတ်"၊ မိမိကား ကျိကဲ့သို့သော တပည့် အမျိုးအစားတည်း၊ ထောင်ထဲ အနေကြာလာသော သူက

http://www.dhammadownload.com

တန်းစီး(အုပ်ချုပ်သူ) ဖြစ်သကဲ့သို့ မိမိလည်း ဒဏ်သက်ရှည်လာတော့ ဒဏ်ကျသူများကို ကြီးကြပ်ရသူ ဖြစ်လာ၏။

မိမိခေါင်းမှာ ဆရာထော့် ဖနောင့်ရာ

ဒဏ်ကျလိုက် ဒဏ်လွတ်လိုက်၊ အဆူခံလိုက် အငေါက်ခံလိုက်၊ ဖနောင့်အပေါက်ခံလိုက်ဖြင့် အစိုးရစာချတန်း ပြီးသွား၏။ ဆရာတော်က အတန်းငယ်များကို စာအချခိုင်း၏။ လူကြီးစိတ် ဂင်လာစေရန် အနေအထိုင် အပိုးကျိုးစေရန် ရည်ရွယ်ဟန် တူပါသည်၊ သို့သော် မိမိကား စာချဘုန်းကြီးလေး ဖြစ်လာသည်အထိ ဆရာတော်၏ အဆူအငေါက်၊ အကန်အကြောက်ကား မလွတ်ခဲ့ပါချေ၊ တနေ့ မှတ်မှတ်ရရ ခမ္မပါရဂူကျောင်း ရေစက်ချပွဲတွင် မိမိနှင့်မိမိတပည့်များက သံဃာ(၁၅၀၀)ကျော်ကို လက်ဖက်ရည်ပွဲ ပြင်ဆင်ဆက်ကပ်ရမည့် တာဝန်ကျ၏၊ ခွဲစိမ်းငှက်ပြောသီးများကို ကျောင်းဒကာများက နှစ်ရက်ကြိုတင်ပို့ထား၏၊ အကြိုနေ့တွင် ဆရာတော်လာရောက်ကြည့်ရှုစစ်ဆေးသည့်အခါ ခွဲစိမ်းငှက်ပြောသီးများ အဖီးလိုက် မဟုတ်တော့ပဲ တစ်လုံးစီကြွေနေသည်ကို တွေ့ရပြီး မိမိကို အခေါ်ခိုင်းကာ ကျောင်းဒကာ ဒကာမများရှေ့တွင် "ဟေ့ကောင် ဩသဓ လာစမ်း၊ ဒါလား လူကြီးလုပ်မယ့် အကောင်၊ ငှက်ပြောသီးတောင် အလုံးမကြွေအောင် မထားတတ်ဘူး၊ ဒီလို လှန်မထားရဘူး၊ မှောက်ထားရတယ်ကွ" ဆိုပြီး အနီးရှိ ကြက်မွေးတဲမြက်စည်းဖြင့် မိမိခေါင်းကို သုံးချက်လောက် ခေါက်ပါသည်၊ တခါတခါ ကြက်မွေးတဲမြက်စည်း ရှာမရသည့်အခါ ဆရာတော်လက်ဖြင့် မိမိခေါင်းကို ခေါက်လေ့ရှိသည်၊ မိမိခေါင်းကား ဘာမှမဖြစ်၊ ဆရာတော့်လက်ကိုသာ မိမိ ဆေးလိမ်းပေးခဲ့ရသည်ကား ခဏခဏ။

နောက်တော်ပါးက ပစ္စာသမဏ

ဆရာတော်ကြွလေရာ နေရာတော်တော်များများ မိမိ ပစ္စာသမဏအဖြစ် လိုက်ခဲ့ရသည်၊ ပဲခူးတိုင်း ပြင်ပုံကြီးရွာ၊ မကွေးတိုင်း နတ်မောက်၊ ငွေးပင်ရွာစသည့် ခရီးစဉ်များကား အမှတ်တရရှိလှသည်၊ ဆရာတော်နှင့် ခရီးသွားတိုင်း ဆရာတော် မနက်စောစော ဘုရားရေချမ်းတော်ကပ်ရန် အချိန်မီ စီစဉ်ပေးရ၏၊ မိမိ မစိုးရိမ်တိုက်သစ်တွင် ၁၃-နှစ်မျှ နေခဲ့သည့် ကာလတလျှောက် ဆရာတော်သည် တစ်နေ့ကို ဘုရားလေးကြိမ် ဝတ်ပြု၏၊ သောက်တော်ရေချမ်းကို မနက်နေ့ည ကပ်လှူ၏၊ ကပ်လှူသည့်အခါ သာမန်ရေခွက်လေးဖြင့်သာ မဟုတ်ဘဲ သောက်တော်ရေချိုင့် အကြီးစားဖြင့် ကပ်လေ့ရှိသည်၊ ပုတီးစိတ်မှုနှင့် ပတ်သက်၍ မိန့်တော်မူသည့် စကား တစ်ခွန်းကား "မင်းတို့ ငါ ပုတီးစိပ်နေလို့ သမာဓိတော်တော်ကို ရနေမှာပဲလို့ မထင်နဲ့၊ ပုတီးတစ်ပတ်လုံး ပြည့်မှ နှစ်လုံးသုံးလုံးလောက်တောင် တခါတခါ သမာဓိက မရဘူး၊ ဒါပေမဲ့ ကာယကံကုသိုလ်၊ ဝစီကံကုသိုလ်တော့ ရတာပေါ့ကွ" ဟူသည်တည်း၊ ဤကဲ့သို့သော ရိုးဖြောင့်သည့် ဂုဏ်တော်တို့ကြောင့် တပည့်အများ၏ အလေးမြတ်ကို ခံယူရရှိခြင်းဖြစ်ပေမည်ဟု သတိပြုမိခဲ့သည်။

မိမိတို့ နိုင်ငံတကာရောက် တပည့်များသာမက ပြည်တွင်းဒေသအသီးသီးရောက် တပည့်များသည် ဆရာတော်၏အကြောင်း ဆရာတော်၏ စကားတော်များကို ပြန်ပြောင်းပြောပြကြတိုင်း အချိန်တို့သည် လောက်ငှသည် မရှိလှ၊ ဘယ်ဒေသရောက်ရောက် ဆရာတော်၏ တပည့်ဖြစ်ဘူးသူကို တွေ့ရစမြဲ။

တနေ့တွင် နတ်မောက် ငွေးပင်ရွာသို့ ရထားတတန် လှည်းတတန်ဖြင့် သွားရ၏၊ ဆရာတော်နှင့် မိမိတို့ ရထားအလာကို စောင့်နေခိုက် ခရီးသွား ရဟန်းတော်တို့ အလှို့အလှို့ပေါ်လာပြီး ဆရာတော်ကို ဝတ်ပြုကြရင်း အမည်နာမအသီးသီးကို ကြားလျှောက်ကာ မိတ်ဆက်ကြ၏၊ "ဘယ်တုန်းက သီလကွန် လိုက်ခဲ့တဲ့ တပည့်ပါ ဘုရား၊ ဘယ်တုန်းက ဘယ်စာဝါ လိုက်ခဲ့တဲ့တပည့်ပါ ဘုရား" စသည်ဖြင့် ပြောဆိုလျှောက်ထား မိတ်ဆက်ဝတ်ပြုကြသည်၊ ကြည်နူးချမ်းမြေ့စရာ မြင်ကွင်းပါပေ၊ နှစ်ပေါင်းများစွာ စာပေပရိယတ္တိ ပို့ချခဲ့သည့် ကျေးဇူးဂုဏ်မြတ်ကား အံ့မခန်းစရာပါပေ၊ ဆရာတော်ကတော့ "အေး ဟုတ်လား၊ ဦးဇင်းတို့ နေကောင်းကြလား" စသည်ဖြင့် အသိအမှတ် ပြုတော်မူပါ၏။

ဆရာတော် သည် မည် သည့် အခါမှ စရဏအားကို အပျက်ခံဟန်မတူပေ၊ အမြဲတမ်း ဂုဏ်တော်ပွားများ ပုတီးစိပ်လိုက စိပ်နေ၏၊ ပဌာန်းရွတ်လိုက ရွတ်နေ၏၊ အချိန်ကို အလကားမထားတတ်ပေ၊ ထိုနေ့တွင် ရထား ဘူတာက အဆင်း၊ ညနေပိုင်း ၇-နာရီလောက် လှည်း လာကြို၏၊ တရားဟောရမည့် ရွာသို့ လှည်းဖြင့် ဆက်လက်ကြွရမည်ဖြစ်သည်၊ လှည်းကား သုံးနာရီလောက် စီးရဦးမည်ဟု သိရ၏၊ လှည်းယာဉ်လေးဖြင့် ဖြစ်၏၊ ဆရာတော်ကိုကား လှည်းသမားနှင့် မိမိအကြား အလယ်တွင် စီးစေသည်၊ တစ်နေရာအရောက် နွားတစ်ကောင်က ချောက်ထဲချော်ကြ၍ ထမ်းပိုးကြီးကျိုးကာ လှည်းမှောက်

http://www.dhammadownload.com

သလိုဖြစ်၏၊ မိမိကား စိုးရိမ်တကြီး ခုန်ဆင်းကာ ဆရာတော် လိမ့်မကျစေရန် လှည်းကို မိမိအားဖြင့် မ,တင်ဆွဲမြောက်ထားသော်လည်း ဆရာတော်ကား ပုတီးစိပ်ပင် မပျက်ဘဲ၊ "ကိစ္စမရှိပါဘူးကွာ၊ ဘာမှမပူပါနဲ့၊ ထမ်းပိုးကြီး တစ်ချောင်း အပိုပါတယ် မဟုတ်လား၊ လဲလိုက်၊ ကဲကဲ ဆက်သွားဘို့ လုပ်လုပ်"။

တဖန် ပဲခူးတိုင်း ပျဉ်ပုံကြီးရွာက အပြန် ကျောက်ဆည်ဘူတာအလွန် ဆရာတော်နှင့် မိမိတို့ စီးလာသည့် ရထားနှင့် မန္တလေးမှ လာသည့် ရထားတို့ ခေါင်းချင်းဆိုင် ထိပ်တိုက် တိုက်မိကြ၏။ မိမိကား ပျာယာခတ်ပြီး "ဆရာတော် ရထားနှစ်စီးတော့ တိုက်မိကြပြီ၊ တပည့်တော်တို့ ရထားရှေ့နှစ်တွဲလဲ မှောက်သွားပြီဘုရား"ဟု လျှောက်ထားရာ "ဟုတ်လား၊ ငါတောင် မသိလိုက်ဘူး၊ ကဲကဲ ဒါဆိုလည်းကားနဲ့ သွားကြတာပေါ့ကွာ"ဟု တုန်လှုပ်ခြင်းကင်းစွာ မိန့်ကြားလေသည်။

ဆရိုင်းတွင်မည့် သံမဏိ စကားမြွတ်

အမှောင်ခေတ်ကို တွန်းလှန်ဆဲကာလ ၁၉၉၀-ခုနှစ် နှောင်းပိုင်းတွင် ဆရာအရှင်မြတ် "ဗောဓိပင်ပျိုး၍ ပေါင်ကျိုးသည့်အဖြစ်" ရောက်ရှိချိန် မိမိကား ဦးစွာ ပေါင်ကျိုးနှင့်နေ၏၊ ဆရာအရှင်၏သတင်းကို မစိုးရိမ်ပိဋကကျောင်း ဆရာတော်ကြီးနှင့်အတူတူ ရင်တမမဖြင့် နားစွင့်နေခဲ့မိ၏၊ ပေါင်ကျိုးကုစားရာအရပ်၌ သတင်းထူးတစ်ခု ရောက်လာ၏၊ ထိုသတင်းကား နာမည်ကြီး ဆရာတော်တစ်ပါး ရောက်လာပြီး၊ ၎င်းကို မစ္စတာထိလတ် (အိန္ဒိယ နိုင်ငံ၏ လွတ်လပ်ရေးခေါင်းဆောင်)ကို ထိန်းသိမ်းထားခဲ့သော အဆောင်တွင် အထူးအစောင့်အကြပ်များဖြင့် ထားရသည်ဟူသော သတင်းပင် ဖြစ်၏၊ မိမိ တပ်အပ်သိလိုက်သည်မှာ ထိုဆရာတော်သည် မိမိ၏ ဆရာတော်ပင် ဖြစ်ရမည်ဟူသည်တည်း။

ထိုအရပ်ဒေသ၌ နေရခိုက် ဆရာတော်၏ သံမဏိ စကားတော်များကို ကြားသိနေခဲ့ရသည်၊ "ရဟန်းသိက္ခာ ဆိုတာ သက်နံးမှာ တည်တာ မဟုတ်ဘူး၊ နှလုံးသားမှာ တည်တာကွ၊ ဘာအဝတ် ဝတ်ဝတ် မထူးပါဘူး၊ ပေး ဘာဝတ်ရမလဲ"ဟူသည့် ရဲရဲတောက် မိန့်ကြားချက်ကို ထိုအချိန်က တာဝန်ရှိသူဆိုသူတို့ ရင်နှင့်စွာ ကြေကွဲစွာ တုန်လှုပ်စွာ နှုတ်ဆိတ်ခဲ့ရဘူး၏၊ အစားအသောက် အနည်းငယ်သာ ဘုဉ်းပေးလေ့ရှိတော်မူသည့် မိမိ၏ ကျေးဇူးရှင် ဆရာတော် ဤနေရာ ဤဒေသကြမ်းမှာ အဆင်မပြေပါ့မလားဟု တွေးပြီး ရင်မောခဲ့ရသည့် နေ့ရက်များကို ယခုအချိန်ထိ အမှတ်ရနေမိသည်၊ နှစ်ပေါင်းများစွာ သာသနာအကျိုး သည်ပိုးတော်မူသည့် သာသနာတော်နှင့် တိုင်းပြည်အတွက်ကိုသာ တစိုက်မတ်မတ် ဆောင်ရွက်တော်မူသည့် ဆရာတော်၊ ထိုကဲ့သို့သော ဆရာတော်မျိုးနှင့် ဤသို့နှယ်သော ဒေသကြမ်းသည် မသင့်တင့်၊ မအပ်စပ်လှပါပေ၊ အာဏာအတွက် အရာရာကို ချေမှုန်းလိုသူတို့ ခေတ်တွင် သာသနာသည်လည်း စတေးခံတစ်ခုအဖြစ် ဆရာတော်၏ ဖြစ်ရပ်က သာဓကပင်၊ သို့သော် ထိုဒေသကြမ်းတွင် ပြုစုသူတို့၊ စောက်ရှောက်သူတို့၊ ကိုးကွယ်သူတို့နှင့် ပြည့်စုံကြောင်း ကြားရသိရပြန်တော့ သက်ပြင်းမောတို့ ဖြေလျော့နိုင်ခဲ့သည်။

အကောင်းဆုံး ထောက်ခံစာ

ဆရာတော် နှစ်နှစ်ခန့် ဗောဓိပင်ပျိုးရာက ရခဲ့သည့် ဒဏ်ရာကို ဒေသကြမ်းတွင် နေထိုင်ကုသ လိုက်ရ၏၊ ပေါင်ကျိုးပျောက်ကင်းပြီး ကျောင်းပြန်ရောက်လျှင် ရောက်ခြင်း စာပေများ ဆက်လက်ပို့ချ၏၊ သီတင်းကျွတ်လျှင် ကျွတ်ခြင်း မြန်မာပြည့်အနှံ့ တပည့်များက တရားပွဲများ ပင့်ကြ၏၊ တပည့်များကို ချီးမြှောက်သောအားဖြင့် ပင့်သည့်နေရာတိုင်း ပင်ပန်းသည် ပဓာနမထားပဲ ကြွရောက်တော်မူ၏၊ မိမိတွင်လည်း ထိုအချိန်က ရောဂါဆန်း တစ်ခု ပြင်းပြစွာထလာ၏၊ ထိုရောဂါကား ပညာဆက်သင်လိုသော ရောဂါပင်တည်း။

သီတဂူဦးဆောင်အဖွဲ့ အတွင်းရေးမှူး ဆရာတော် ဦးမဟာသဓပဏ္ဍိတ မြန်မာပြည် ပြန်လာခိုက် သွားရောက် ဖူးမျှော်ကန်တော့၏၊ ဆရာတော် ဦးမဟာသဓက မိမိအား မိန့်ကြားရာတွင် ဆရာတော် ဦးရာဇမွေ့ မကန့်ကွက်လျှင် မိမိ၏ နိုင်ငံခြား ပညာသင်ကိစ္စအတွက် စီစဉ်ပေးမည်ဖြစ်ကြောင်း အမိန့်ရှိလေ၏၊ ထိုအကြောင်းကို ဆရာတော်အား လျှောက်ထားရာ ဆရာတော်က စာတစ်စောင် ရေးပေးလိုက်၏၊ "ဦးမဟာသဓ ဒီကောင်က ငယ်ငယ်ကတည်းက နိုင်ငံခြား ပညာသင် သွားချင်နေတာ၊ ဦးဇင်း တတ်နိုင်ရင် ကူညီလိုက်ပါ၊ တပည့်တော် မကန့်ကွက်ပါ"ဟူသည်တည်း၊ ထိုအခါ ဆရာတော် ဦးမဟာသဓမှ တဆင့် သီတဂူဆရာတော်ထံ အပ်နှံ၏၊ မိမိ သီတဂူဆရာတော်ထံ ရောက်ပြီး နောက်တစ်ပတ်လောက်အကြာ မစိုးရိမ်တိုက်သစ်ဆရာတော် လိုက်လာပြီး "ဆရာတော် ဩသဓ ဆရာတော့်ဆီ ရောက်နေတယ် ကြားတယ်၊ ဒီကောင်က စာတော်တယ်၊ ဒါပေမယ့် စည်း ကမ်းမလိုက်နာတတ်ဘူး၊

http://www.dhammadownload.com

စည်းကမ်းဖောက်တတ်တယ်၊ စည်းကမ်းဖောက်ရင် တပည့်တော်ရဲ့ တပည့်ဆိုပြီး အားမနာပါနဲ့ နှင်ထုတ်လိုက်ပါ" ဤကား သီတဂူဆရာတော်ထံကို အပ်နှံသည့် မစိုးရိမ်တိုက်သစ်ဆရာတော်ကြီး၏ အကောင်းဆုံးထောက်ခံစာပါတည်း။

ဆရာတော်နှင့် ပြည်ပခရီး

မိမိပြည်ပနိုင်ငံများတွင် နေထိုင်စဉ် မိမိ၏ အပြင်းပြဆုံးသော ဆန္ဒကား မိမိရောက်ရှိရာ နိုင်ငံများတွင် ကျေးဇူးရှင်ဆရာတော်ကို ပင့်ဆောင်ခွင့် ရရေးပင်ဖြစ်သည်၊ နှစ်ပေါင်းများစွာ စာပေပရိယတ္တိ သက်သက်ကို သာ ဇောက်ချပို့ချတော်မူသည့်, အနာဂတ်သာသနာတော် အတွက် ပရိယတ်ဝန်ဆောင် တပည့်အာဇာနည် အရှင်မြတ်များစွာကို မွေးထုတ်ပေးနေတော်မူသည့်, ဤကဲ့သို့သော ဆရာတော်အရှင်မြတ်ကို မိမိအား ကိုးကွယ်နေသည့် တပည့်ဒကာဒကာမများကိုလည်း ကျေးဇူးဆပ်သောအားဖြင့် ဖူးခွင့်ရစေချင်သည်၊ ဆရာတော်ထံမှ ဆုံးမဩဝါဒများကို နားကြားခွင့်ရစေချင်သည်၊ ထို့ကြောင့် မိမိရောက်လေရာ ပြည်ပနိုင်ငံတိုင်းသို့ ဆရာတော်ကို ပင့်ဆောင်ခဲ့ သည်။

၂၀၁၁-ခုနှစ်တွင် ပထမအကြိမ် အမေရိကန်ပြည်ထောင်စုသို့ ဆရာတော်ကို ပင့်ဆောင်ခွင့်ရခဲ့သည်၊ ၂၀၁၆-ခုနှစ်တွင် အင်္ဂလန်၊ ပြင်သစ်၊ အီတလီသို့ ပစ္စာသမဏအဖြစ် လိုက်ပါပို့ဆောင်ခွင့်ရခဲ့သည်၊ မိမိအင်္ဂလန်တွင် နေထိုင်နေစဉ် ၂၀၀၉-ခုနှစ်တွင် အင်္ဂလန်၊ ဣာမဏီ၊ ပြင်သစ်၊ ဒိန်းမတ်၊ နယ်သာလန်၊ နော်ဝေး၊ ဘယ်လ်ဂျီယံ နိုင်ငံများသို့ လေ့လာရေးခရီး ပင့်ဆောင်ခွင့်ရခဲ့သည်။

၂၀၁၁-ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုသို့ ဒုတိယအကြိမ် ပင့်ဆောင်ခွင့်ရခဲ့ပြန်ပါသည်၊ ဒုတိယအကြိမ်တွင် အမေရိကန်ပြည်ထောင်စု တစ်ခွင်လုံး မိမိ(ထပ်ချပ်မကွာ) တဖဝါးမကွာ လိုက်ပါ ပြုစုခွင့်ရခဲ့သည်၊ ကျန်းမာတော်မူသော်လည်း သက်ရွယ်တော်ကား (၈၀) အနားကပ်နေသည်ဖြစ်ခြင်းကြောင့် တစ်ဖဝါးမခွါ ပြုစုဘို့ လိုအပ်ပါသည်။

ဆရာတော်နှင့် အတူသွားခဲ့ရသည့် အမေရိကန်ပြည်ထောင်စုတခွင်တွင် အသက်ငါးဆယ်ပင် မပြည့်တတ်သေးသည့် မိမိကား ခါးနာခေါင်းကိုက် စသည်ဖြင့် ရောဂါများလှသည်၊ ဆရာတော်ကား အသွားမပျက် အလာမပျက်၊ ဆွမ်းဘုဉ်းပေး မပျက်ခဲ့ပေ၊ မြန်မာပြည် ပြန်ရောက်ပြီး မကြာခင် ဂျပန်၊ ကိုရီးယား၊ စင်ကာပူနှင့် ဩစတေးလျနိုင်ငံများသို့ပင် ကျန်းကျန်းမာမာ ထပ်မံကြွရောက်တော်မူနိုင်ကြောင်း သိရပြန်သောအခါ အံ့ဩဝမ်းသာ ဖြစ်ရပြန်ပါသည်၊ ထက်မြက်ခိုင်မာ တည်ကြည်တော်မူသည့် စိတ်ဓာတ်တော်ကြောင့် ကျန်းမာတော်မူခြင်း ဖြစ်ပေလိမ့်မည်။

အမေရိကန်ပြည်ထောင်စုသို့ ကြွလာတော့လည်း တစ်ပါးတည်း၊ ပြန်ကြွတော့လည်း တစ်ပါးတည်းပင်၊ မိမိကား စိတ်မချလှ၊ ထို့ကြောင့် အချိန်တိုင်း ဆရာတော် ကျန်းမာရေး အခြေအနေကို ဖုန်းဆက်မေးနေမိသည်၊ ဆရာတော် ရန်ကုန်လေဆိပ် ပြန်ရောက်ချိန် မိမိဖုန်းဆက်သောအခါ ဆရာတော်က "မပူပါနဲ့ကွ၊ အသက်မရှိတဲ့ ပါဆယ်ထုပ်တောင် ရောက်သေးတာ၊ ငါဘာဖြစ်လို့ မရောက်ရမှာလဲကွ"ဟု မိန့်တော်မူ၏။

သက်ရှည်ကျန်းမာတော်မူပါစေ

"တစပေါ်လျှင် ချည်စင်သို့" ဆိုသလို ဆရာတော်၏ အကြောင်းကား တွေးလေရာတွင် ထင်လာမြဲမို့ ရေးဖွဲ့၍ ဆုံးအံ့မထင်၊ အလျဉ်းသင့်သော် ကျမ်းတစ်စောင် ပေတစ်ဖွဲ့ဖြင့် ပူဇော်ရပေဦးမည်၊ ယခုတော့မူ၊ ဘဝလမ်းကြောင်း မတိမ်းစောင်းရအောင် ထိန်းကျောင်းပဲ့ပြင်နေသည့်ကြားက လမ်းချော်ချော် သွားတတ်သည့် မိမိဘဝကို ဆိုးဝါးစွာ တိမ်းမှောက်မသွားရအောင်၊ ထိခိုက်အနာတရဖြစ်မှု နည်းပါးသွားအောင်၊ ရရှိသွားသည့် ဒဏ်ရာအနာတရများကို ပြေပျောက်လွယ်အောင် ကုသကြပ်မတ်ပေးသည့် မိမိ၏ ဓမ္မဖခင်၊ မိမိဘဝ၏ ကျေးဇူးရှင် ဥယျာဉ်မှူးအရှင်မြတ်သည် သက်တော်(၈၀) သို့ ကျန်းမာစွာ ချဉ်းနင်းဝင်ရောက်ခဲ့ပေပြီ၊ သာသနာတော်၏ ထေရ်မြတ်ပြယုဂ်၊ တပည့်တွေ၏ မီးရှူးလမ်းပြ၊ မိမိတို့တတွေ၏ ရိုးမော်ဒယ်(Role Model)ဖြစ်တော်မူသော ဆရာတော်ဘုရား ကျန်းမာစွာ သက်တော်ရှည်တော်မူပါစေ။

ဆရာတော်၏ သက်တော်(၈၀)ပြည့် ပူဇော်ပွဲတွင် "ယထာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗော" ပစ္စုပ္ပန်သံသရာ အကျိုးများဖို့ရာ ဆရာကောင်းကို ရှာကြရန် အကြိမ်ကြိမ် တိုက်တွန်းတော်မူခဲ့သော ဘုရားရှင်၏ စကားတော်သည် ကျေးဇူးတော်ရှင်ဆရာတော်ကြောင့် ပြည့်စုံလွယ်ခဲ့ရကြောင်း လျှောက်ထားရဦးမည်။

ဒေါက်တာသြဿဘာရ
အမေရိကန်ပြည်ထောင်စု

http://www.dhammadownload.com



တရားမမူးကြစေနဲ့

အရှင်ဃောသိတာဘိဝံသ

ဘဝတစ်ခုကိုရလာခဲ့လျှင် အဆင်သင့်တာ အဆင်ချောတာကို တွေ့ရ မတွေ့ရ မသိနိုင်ပေမဲ့ အဆင်မပြေတဲ့ ပြဿနာကိုတော့ ရင်ဆိုင်တွေ့ကြုံရမှာကတော့ သေချာပါတယ်၊ အသက်အရွယ်ရလာသဖြင့် ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်ဘဝကို ရပ်တည်တဲ့အခါမျိုးဌ ပြဿနာဆိုတဲ့ လောကဓံတွေက ပိုပြီးတွေ့ကြုံလာတတ်တယ်လို့ ထင်မိပါတယ်၊ ဒီလိုလောကဌ ကြုံတတ်တဲ့ သဘာဝတရားတွေကို ခံနိုင်ရည်ရှိဖို့အတွက် ပြဿနာမှန်သမျှကို

http://www.dhammadownload.com

နောက်မဆုတ်တမ်း သတ္တိရှိရှိနဲ့ ရင်ဆိုင်ရဖို့အတွက် ဆရာသမားများ မိဘများရဲ့ ပြောဆိုဆုံးမတဲ့စကား မိတ်ကောင်းဆွေကောင်းများရဲ့ အားပေးစကားတွေက ဘဝမှာ အင်မတန်မှအရေးပါအရာရောက်လှကြောင်းကို အသက်ကြီးလေ သိရလေ ဖြစ်ရပါတယ်။

အဲဒီလို တန်ဖိုးရှိတဲ့စကားတွေကို ကြားရတဲ့အခါ တိုင်းမှာ နှစ်သက်ဝမ်းမြောက်တဲ့စိတ်ဖြင့် မြတ်မြတ်နိုးနိုး ခံယူမိပါတယ်၊ ကိုယ်တိုင်က လေးစားစွာ ခံယူတတ်တကယ့်ကို လိုက်နာတတ်ပါမှ ထိုတန်ဖိုးရှိတဲ့စကားတွေဟာ ကိုယ့်ဘဝအတွက် တစ်သက်တာပတ်လုံး ကောင်းကျိုးတွေ ဖြစ်စေနိုင်ပြီး တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာတွေကို ပိုင်ဆိုင်ရသလိုမျိုး ဖြစ်နိုင်မှာပါ။ ကိုယ်က ခံယူနိုင်စွမ်း မရှိရင်တော့ ထိုတန်ဖိုးရှိတဲ့စကားတွေကို ကြားရတာဟာ ကိုယ့်အတွက် နားခါးပြီး အကျိုးမဲ့ဖြစ်သွားတတ်ပါတယ်။

လောကကြီးတွင် ကြည့်တတ် မြင်တတ် နားထောင်တတ်မယ်ဆိုရင် ကိုယ့်ပတ်ဝန်းကျင်၌ပင် ကိုယ့်အတွက် အကျိုးရှိတဲ့ ဆရာကောင်းတွေ မိတ်ဆွေကောင်းတွေ များစွာရနိုင်သလို ထိုပုဂ္ဂိုလ်များရဲ့ စကားကောင်းတွေကိုလည်း များစွာကြားရနိုင်ပါတယ်၊ ကိုယ်က လေ့လာတတ် သင်ခန်းစာယူတတ်ရင် ထိုအဓိပ္ပါယ်ရှိတဲ့ စကားမျိုးတွေကို နေရာမရွေး အချိန်မရွေး ယခုလည်း ရနိုင်ပါတယ်၊ နောက်နောက်လည်း ရနိုင်ပါတယ်။

လူကြီးပိုင်း အရွယ်ရောက်လာပြီဖြစ်လို့ ကိုယ်ရထားတဲ့ ဘဝအတွေ့အကြုံတွေကို သက်တူရွယ်တူ မိတ်ဆွေ ရဟန်းတော်များ ကိုယ့်အောက်အသက်ငယ်တဲ့ ညီငယ်ရဟန်းတော်များအတွက် မျှဝေပေးလိုတဲ့ဆန္ဒနဲ့ ကျေးဇူးရှင် ဆရာသမားဖြစ်တဲ့ ယခုမစိုးရိမ်တိုက်သစ် ဆရာတော်ကြီးရဲ့ ဘဝတစ်သက်တာပတ်လုံး ပရိယတ္တိသာသနာကို စွမ်းစွမ်းတမံ စောင့်ရှောက်တော်မူတဲ့ အားကောင်းလှတဲ့အသိ ခိုင်မာတည်ငြိမ်တဲ့သမာဓိ ကြီးမားတဲ့ဇွဲလုံ့လတို့ကို ကိုယ့်ဉာဏ်မှီသမျှ ပူဇော်လိုတဲ့ဆန္ဒတို့ဖြင့် ဒီစာစုကို ရေးသားရခြင်း ဖြစ်ပါတယ်။

၂၀၀၀-ခုနှစ်မှာ နောင်တော်ကြီး ဒေါက်တာအရှင် ဓမ္မပိယနဲ့ တိုင်ပင်ပြီး မြန်မာအမေရိကန်အဖွဲ့အစည်းအနေဖြင့် ယခု မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးကို အမေရိကန်နိုင်ငံ၊ ကာလီဖိုးနီးယားပြည်နယ်၊ ဖရီးမောင့်မြို့ မေတ္တာနန္ဒဝိဟာရ ဓမ္မရိပ်သာကို ပင့်ဖိတ်ခဲ့ပါတယ်။ ထိုနှစ်တွင် စာရေးသူသည် မြန်မာပြည် ပြန်လာခိုက်ကြုံသဖြင့် အမေရိကအပြန်မှာ ဆရာတော်ကြီးနဲ့ ဦးတေဇဝန္တကို တပည့်ရဟန်းတော်များက စုပေါင်းပြီး တာဝန်ယူလှူဒါန်းခဲ့ကြပါတယ်။

ဆရာတော်ကြီးသည် အမေရိက မရောက်မီ အမေရိကအကြောင်း ရေးထားတဲ့စာတွေဖတ်ပြီး လေ့လာထားခဲ့ပါတယ်၊ ဒါကြောင့် မေတ္တာနန္ဒကျောင်းကို ရောက်ရောက်ချင်းပင် စာရေးထားတဲ့ အကြောင်းအရာတွေဟာ ဟုတ်-မဟုတ် စုံစမ်းသိရှိလိုသဖြင့် မိမိကို "မင်းတို့ သင်္ကန်းတွေကို ဖွတ်လျှော်ပြီး ဘယ်လိုခြောက်အောင် လုပ်ကြသလဲ"လို့ အမိန့်ရှိသဖြင့် အဝတ်လျှော်စက်တွေကို ပြလိုက်ရာ "အော် မင်းတို့က ဒါကြောင့် အဝတ်မလှမ်းကြတာကိုး"လို့ မိန့်တော်မူပါတယ်။

ဖြစ်ရပုံမှာ စာရေးဆရာတစ်ယောက်က အမေရိကမှာ အဝတ်လှမ်းတာ လုံးဝမတွေ့ခဲ့ရဘူးလို့ ရေးထားတာကို ဖတ်ခဲ့ရကြောင်း သိရပါတယ်။ မြန်မာပြည်အနေနဲ့ ကြည့်ရင် ရာသီဥတုက ပူတဲ့နေရာများပြီး နေရောင်ခြည်ရတဲ့နေရာချည်း များလေတော့ အဝတ်ကို ဖွပ်လျှော်ပြီး နေလှမ်းရင် ခြောက်လွယ်ပါတယ်၊ တစ်ခါတရံမှာ အဝတ်စိုကို သေချာဖြန့်မထားဘဲ ဒီအတိုင်းလုံးပြီး တန်းပေါ်တင်ထားရုံနဲ့ပင် ခြောက်လွယ်တာကိုး၊ ဒါကြောင့် အဝတ်ဖွပ်လျှော်ပြီးရင် နေလှမ်းရမှာလို့ ထင်စရာရှိတယ်။

အမေရိကမှာက ပြည်နယ်အများစုမှာ အေးပါတယ်၊ တချို့နေရာတွေမှာဆိုရင် ရာသီဥတု ပူလာတဲ့အခါမြူခိုးတွေ ဝင်လာပြီး နေရောင်ခြည်တွေ ရဖို့တောင် ခက်ခဲပါတယ်၊ အအေးများတဲ့ အရပ်ဒေသတွေမှာ ဆောင်းရာသီ ရောက်ရင် စနိုး(နှင်း)ကျတဲ့အထိပါပဲ၊ အဲဒီလို အေးတဲ့ရာသီမျိုးမှာ အဝတ်လှမ်းလို့ မခြောက်နိုင်တော့ အဝတ်ခြောက်စက်တွေ စမ်းသပ်တီထွင်ခဲ့ရတယ်၊ တီထွင်လို့ အောင်မြင်မှုရလာတဲ့အခါမှာ အဝတ်စိုတွေကို နေမလှမ်းကြတော့ဘဲ စက်နဲ့ခြောက်အောင် ပြုလုပ်ကြတာဖြစ်တယ်။

စကားစပ်မိလို့ ဆောင်းရာသီ စနိုး(နှင်း)ကျတဲ့အတွေ့အကြုံတစ်ခုကို ပြောလိုပါတယ်။ စနိုးကျတဲ့ အချိန်ကာလ တစ်ခုတွင် ကာလီဖိုးနီးယားပြည်နယ်မြောက်ဘက်နယ်ချင်းစပ်နေတဲ့ အော်ရီဂင်ပြည်နယ်ကို နာရေးကိစ္စတစ်ခုက ပင့်ဖိတ်လို့ စနိုးကြားထဲမှာ ကားနဲ့သွားခဲ့ကြတယ်၊ လမ်းဘေးတစ်လျှောက် ဝဲယာကို ကြည့်လိုက်ရင် ဖြူဖွေးနေတဲ့ စနိုးတွေကို မြင်ရတာ စိတ်ထဲမှာ အင်မတန်ကို ကြည်နူးပြီး အရံသင့်ယူလာတဲ့ ဆွမ်းများကပ်ဖို့

http://www.dhammadownload.com

စီစဉ်နေကြသဖြင့် မိမိလည်း ကားထဲက ထွက်လိုက်ပါတယ်။ ကားအပြင်ရောက်တာနဲ့ တစ်ပြိုင်နက် စနိုးပေါ်မှာ ဖြတ်တိုက်လာတဲ့ လေရဲ့ အအေးဒဏ်ကို ဘယ်လိုမှ မခံနိုင်လို့ ကားထဲကို အမြန်ပြေးပြီး ပြန်ဝင်ခဲ့ရတယ်၊ ပြီးတော့မှ ဒကာများကို အပြင်ဘက်မှာ အအေးလွန်လို့ ဘယ်လိုမှ ဆွမ်းမဘုဉ်းပေးနိုင်တဲ့အတွက် ကားထဲမှာဘဲ ဖြစ်သလိုပဲ ဆွမ်းကပ်ကြပါလို့ တောင်းပန်ပြောခဲ့ရတယ်၊ ကားထဲမှာ အနွေးဓာတ်လေး ပြန်ရအောင် ထိုင်နေရင်း စဉ်းစားမိဖြစ်တာက "အမေရိကမှာ ရှိတဲ့လူတွေ အခုလို နည်းပညာတွေ မတိုးတက်မီအချိန်က ဒီလို အအေးဒဏ်ကို လှိမ့်ပြီးခံခဲ့ကြရမှာဘဲ၊ ဒါကြောင့် သူတို့ တစ်တွေဟာ ဒီအအေးဒဏ်က လွတ်မြောက်အောင် ကြိုးစားအားထုတ်တီထွင်ခဲ့ကြလို့ အအေးဒဏ်ကို ကာကွယ်တဲ့ နည်းစနစ်တွေရခဲ့ပြီး အခုလို သက်တောင့်သက်သာ နေထိုင်နိုင်တဲ့ ဘဝမျိုး ရကြတာဖြစ်လိမ့်မယ်။

"ကိုယ့်တိုင်းပြည်မှာတော့ ဒီလိုရာသီဥတုအအေးဒဏ်တွေက ဆိုးဆိုးဝါးဝါးမခံရဘူး၊ ဒါကြောင့် တချို့ အရပ်ဒေသတွေမှာဆိုရင် အကျီ မဝတ်ဘဲနဲ့တောင် နေလို့ရတော့ မဝတ်ဘဲ နေထိုင်နိုင်ကြတယ်၊ ဒီမှာလို ရာသီဥတုဒဏ်တွေ ပြင်းထန်စွာမခံရတဲ့ အတွက်ကြောင့် ကိုယ့်လူမျိုးတွေဟာ ကြိုးစားအားထုတ်မှုလုံ့လဝီရိယတွေ နည်းခဲ့ကြလို့ ဒီလိုမတိုးတက်တဲ့ဘဝမျိုးကို ရောက်နေသလား" လို့ ကိုယ့်ကိုယ်ကို အားမရတဲ့အတွေးတွေ ဝင်မိပါတယ်။

နှိုင်းယှဉ်စရာတွေ့လာရင် နှိုင်းယှဉ်ကြည့်တတ်တာဟာ လူသဘာဝလို့ ထင်ပါတယ်၊ အမှန်ဝန်ခံရရင် ပြည်တွင်းမှာ နေစဉ်တုန်းက ကိုယ့်တိုင်းပြည်အကြောင်းကို သိပ်ပြီး မစဉ်းစားမိခဲ့ဘူး၊ ဒီလိုဖြစ်ရတာဟာ ဘာသာရေးနယ်ရောက်နေတာကြောင့်လား? စနစ်ကြောင့်လား? ဆိုတာကို ကိုယ့်ကိုယ်ကို အဖြေရှာနေဆဲပါပဲ၊ ပြည်ပရောက်လာတော့ ကိုယ့်တိုင်းပြည်အကြောင်းကို ပိုပြီးတော့စိတ်ဝင်စားလာတယ်၊ ကိုယ့်တိုင်းပြည်နဲ့ ပတ်သက်တဲ့ သတင်းတွေကို ပိုပြီးဖတ်ဖြစ် ပြောဖြစ်တယ်၊ ကိုယ့်တိုင်းပြည်ဟာ ခါးသီးမှုပြဿနာ ဆင်းရဲမှုပြဿနာတွေကို ဆယ်စုနှစ်များစွာ အလူးအလဲခံခဲ့ရတယ်၊ ဒါကြောင့် ဒီလို အခြေအနေဆိုးတွေမှ လွတ်မြောက်အောင် ပြည်ထောင်စု သားတွေက လူမျိုးရေး ဘာသာရေး နိုင်ငံရေးစသည့် အရှုပ်အထွေးတွေမရှိဘဲ တည်ငြိမ်စွာ ကြိုးစားပြီး အလုပ်လုပ်တဲ့နိုင်ငံဟာ တိုးတက်နေတာကို တွေ့ရတယ်၊

နိုင်ငံတကာကို လေ့လာရတာဟာ အရာကျယ်တဲ့ အတွက် ခက်ခဲနေရင် ကိုယ့်ပတ်ဝန်းကျင်အနီးအနားမှာ ရှိနေတဲ့ စာသင်တိုက်တစ်ခုပဲဖြစ်ဖြစ် ရိပ်သာတစ်ခုပဲဖြစ်ဖြစ် ပရဟိတကျောင်းတစ်ခုပဲဖြစ်ဖြစ် အိမ်ထောင်စုတစ်ခုပဲဖြစ်ဖြစ် လေ့လာကြည့်စေချင်တယ်၊ ပြဿနာအရှုပ်အထွေး မရှိဘဲ တည်တည်ငြိမ်ငြိမ်နဲ့ကြိုးစား အလုပ်လုပ်တဲ့ အစုအဖွဲ့နဲ့ နေရာဌာနဟာ တိုးတက်အောင်မြင်နေတာကို တွေ့နိုင်ပါတယ်၊ ပြဿနာရှုပ်ထွေးပြီး တည်ငြိမ်မှုမရှိ အလုပ်လည်း မကြိုးစားတဲ့ အဖွဲ့အစည်းနဲ့ နေရာဌာနဟာ တိုးတက်မှု မတွေ့ရဘဲ ဆုတ်ယုတ်နေတာပဲ မြင်ရတယ်၊ တချို့နေရာဌာနဆိုရင် ဆုတ်ယုတ်မှုလောက်တင်မဟုတ်ဘူး၊ လုံးဝပျက်စီးနေတာတောင် တွေ့မြင်ရနိုင်တယ်။

မစိုးရိမ်တိုက်သစ်ကို လေ့လာကြည့်ရင် ပညာရေးကို ကြည့်ကြည့်၊ စာသင်သားသံဃာအရေအတွက်ကို ကြည့်ကြည့်၊ အဆောက်အဦတွေကို ကြည့်ကြည့် နှစ်စဉ်တိုးတက်လာတာကို တွေ့ရမှာပါ၊ ဘာကြောင့် ဒီလို တစ်နှစ်ထက်တစ်နှစ် တိုးတက်မှုလာသလဲလို့ လေ့လာကြည့်တဲ့အခါ စတင်တည်ထောင်လာခဲ့ကြတဲ့ ယခု မစိုးရိမ် တိုက်သစ်ဆရာတော်ကြီးအပါဝင် ဆရာတော်ကြီးများဟာ တခြား ပြဿနာအရှုပ်အထွေးမရှိဘဲ အေးဆေးတည်ငြိမ်စွာ ပရိယတ္တိ စာပေအလုပ်ကိုသာ တစိုက်မတ်မတ်နဲ့ ကြိုးစားလုပ်ခဲ့ကြလို့ပါပဲ၊ သို့ပေမဲ့လည်း တစ်နေ့တွင် ဇာတ်သိမ်းခန်း ရောက်သွားမှာကိုတော့ စိုးရိမ်မိပါတယ်။

ဦးဆောင်ဆရာတော်ကြီးတွေသည် ဆယ်စုနှစ်များစွာ ပရိယတ္တိစာပေအလုပ်ကို သတိကောင်းကောင်း သမာဓိရှိရှိနဲ့ ဇွဲလုံ့လကြီးကြီးထားပြီး အပင်ပန်းခံကာ အလုပ်လုပ်ခဲ့ကြလို့ ဒီနေ့ တစ်နိုင်ငံလုံးတွင် ပရိယတ္တိစာပေ နယ်ပယ်၌ စာသင်သားအများရဲ့ မှီခိုအားထားရာ အကောင်းဆုံးနေရာတစ်ခုအဖြစ်ကို မစိုးရိမ်တိုက်သစ်ဟာ ရောက်ရှိနေပါတယ်၊ ဦးဆောင်ဆရာတော်ကြီးများကသူတို့ရဲ့ စွမ်းအားတွေကို အပြည့်အဝအသုံးမချခဲ့ရင် မစိုးရိမ်တိုက်သစ်ဟာ ယခုအခြေအနေမျိုးကို ဘယ်လိုမှ မရောက်နိုင်ပါဘူး။ ဒါကြောင့် ဆရာတော်ကြီးသည် တပည့်များကို အလုပ်တစ်ခုလုပ်ရင် သူတို့လို သတိသမာဓိရှိရှိနဲ့ ဇွဲရှိရှိအလုပ်လုပ်လို့ အောင်မြင်မှုရတာကို သဘော ကျပြီး၊ အလွယ်တကူ အောင်မြင်မှုရအောင် ဖြတ်လမ်းနည်းတွေနဲ့ အလုပ်လုပ်တာမျိုးကို အားမပေးပါဘူး။

http://www.dhammadownload.com

ပညာရေးပြည့်စုံလို့ ဘာသာရေး လူမျိုးရေးစတဲ့ အမျာအကျိုးရှိတဲ့ လုပ်ငန်းတခုခုကို တစ်နေရာ၌ ဆောင်ရွက်လိုတဲ့ တပည့်များကို "အေး မင်းတို့ စာသင်တိုက်ထောင်ပြီး လုပ်မစားကြနဲ့၊ ရိပ်သာထောင် ပရဟိတထောင်ပြီးလည်း လုပ်မစားကြနဲ့၊ ဒီခေတ်မှာက စာသင်တိုက်ထောင် ရိပ်သာထောင် ပရဟိတထောင်ပြီး ဗန်းပြလုပ်စားကြတာပဲ များတယ်"လို့ သတိပေး ဆုံးမလေ့ ရှိပါတယ်။

အမေရိကရောက်နေချိန်တွင် ဆရာတော်ကြီးသည် ပတ်ဝန်းကျင်ဒေသသစ်ကို သေချာလေ့လာရာ မြို့ထဲမှာ ရှိနေတဲ့ အိမ်တွေလိုဘဲ တောထဲတောင်ထဲမှာ ရှိနေတဲ့အိမ်တွေလည်း ရေမီးရှိပြီး ကားလမ်းတွေပါ ကောင်းမွန်နေတာကို တွေ့ရသဖြင့် အမေရိကတွင် တောနဲ့မြို့ဟာ လူနေမှုစနစ် ကွာခြားချက် မရှိဘူးဆိုတာ ဟုတ်မှန်ကြောင်း အံ့သြစွာပြောပါတယ်၊ နောက်ပြီး ရုပ်ဝတ္ထုပစ္စည်း အသစ်အဆန်းတွေက သိပ်ပြီးတိုးတက်နေတာကို တွေ့ရလေသည့်အခါ တပည့်များကို ကိုယ် လုပ်ရမယ့် သာသနာအတွက် အများအတွက်ဆိုတဲ့ ရည်ရွယ်ချက် လမ်းကြောင်းမှ ဘေးကို သွေဖီမသွားရအောင် "အေး မင်းတို့တစ်တွေ အခုလို တိုးတက်တဲ့နိုင်ငံကြီးကို ရောက်နေ ရတဲ့အခါ တိုးတက်တဲ့ ရုပ်ဝတ္ထုပစ္စည်း အသစ်အဆန်းတွေနောက် တစ်ကောက်ကောက်လိုက်ပြီး သာယာ မိန်းမောကာ အချိန်ကုန်မနေကြစေနဲ့"လို့ ဆုံးမသွားခဲ့ပါတယ်။

အမေရိကမှ မပြန်မီ ဆရာတပည့်အချင်းချင်း စပ်မိစပ်ရာစကားပြောနေကြရင်းဖြင့် မိမိက "ဆရာတော် ရေးခဲ့တဲ့ မစိုးရိမ်ဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသရဲ့ ထေရုပ္ပတ္တိစာအုပ်ထဲမှာ -

သင်္ဂီယနာတင်စဉ်အချိန်က ညောင်ရမ်းဆရာတော် ပျံလွန်တော်မူပြီးနောက် ဆရာတော်များနှင့် အစိုးရတာဝန်ရှိပုဂ္ဂိုလ်များ အားလုံးနီးပါးက မစိုးရိမ်ဆရာတော်ကို သံဃာ့ဥက္ကဋ္ဌသစ်အဖြစ် တင်မြှောက်ဖို့ သဘောတူကြတယ်။ ဒါပေမဲ့လည်း မန္တလေးက ထင်ရှားတဲ့ ဆရာတော်တစ်ပါးကမူ "မစိုးရိမ်ဆရာတော်က ဒီနေ့ဖြူတယ်လို့ ပြောထားတဲ့ကိစ္စတစ်ခုကို နောက်နေ့မှာ မည်းတယ်လို့ ပြန်ပြင်ပြီး ပြောချင်ပြောတတ်သဖြင့် စိတ် အပြောင်းအလဲ မြန်တယ်၊ ဒါကြောင့် ဥက္ကဋ္ဌရာထူးနဲ့ မထိုက်တန်ပါဘူး"စသည်ဖြင့် ကန့်ကွက်ပြောဆိုရာ မစိုးရိမ်ဆရာတော်က "ဥက္ကဋ္ဌ တင်မြှောက်လိုက တင်မြှောက်၊ မတင်မြှောက်လိုက နေ၊ ဒီနေ့ဖြူတယ်ထင်လို့ ပြောဆိုခဲ့တဲ့ ကိစ္စတစ်ခုကို ပြန်လည်စဉ်းစားဆင်ခြင်ကြည့်တဲ့အခါ မည်းနေတာကိုတွေ့ရင် မည်းတယ်လို့ ပြန်ပြင်ဆင် ပြောဆိုရမယ်၊ အမှားအမှန် မကြည့်ဘဲ မိမိ ပြောထားတဲ့စကား မပျက်စေလိုသဖြင့် ဇွတ်မှိတ်ငြင်းနေရင် ရာဇဝင်ထဲက တရားသေကျင့်သုံးတဲ့ မင်းများလို အမှားတွေ အများကြီး ဖြစ်သွားနိုင်တယ်"လို့ ဖြေရှင်းလိုက်တဲ့ အကြောင်းအရာနဲ့ -

မစိုးရိမ်ဆရာတော် ပျံလွန်တော်မမူခင် "ငါတော့ အသက် (၉၆)နှစ် ပြည့်တော့မယ်၊ ဘာတရားထူးမှ မရသေးဘူး"လို့ ရိုးသားပွင့်လင်းစွာ မိန့်တော်မူတာကို လူပျံတော်ပတ္တမြား ဦးမောင်မောင်ကို ပြောပြတဲ့အခါ ဦးမောင်မောင်က "တပည့်တော်တို့ ဆရာတော်ဟာ တရားထူးတရားမြတ်မရပေမဲ့ ပုထုဇဉ်ပုဂ္ဂိုလ်ထဲမှာတော့ အနီးကပ်အကြည်ညို အခံနိုင်ဆုံးပုဂ္ဂိုလ် ဖြစ်တယ်"လို့ မှတ်ချက်ချတယ်ဆိုတဲ့ အကြောင်းအရာနှစ်ခုကို တပည့်တော်အနေနဲ့ သိပ်ကို သဘောကျမိပါတယ်ဘုရား" လို့ လျှောက်ထားတော့ -

ဆရာတော်ကြီးက "အေး ဦးပဉ္ဇင်းတို့လည်း အဲဒီလိုဖြစ်အောင် နေကြ"လို့ ထိထိမိမိနဲ့ လိုရင်းတိုရှင်း မိန့်ကြားသွားခဲ့တာကို ယခုအချိန်အထိ ကြားယောင် အမှတ်ရပြီး စာရေးသူဟာ လူကြီးဘဝ ရောက်လာချိန်တွင် ဆရာတော်ကြီး ဆုံးမခဲ့သလို အမှားကို ဝန်ခံရဲတဲ့ သတ္တိရှိပြီး အမှန်တရားကိုလည်း လက်ခံရဲတဲ့ သတ္တိရှိတဲ့ အကြီးအကဲဖြစ်ပြီလား? အများက အနီးကပ် အကြည်ညို ခံနိုင်အောင် ရိုးသားဖြောင့်မတ်တဲ့ စိတ်ထား ရှိပြီးလား? ဆိုတာကို ကိုယ့်ကိုယ်ကို မကြာခဏ ပြန်စစ်ဆေးကြည့်ပါတယ်။

ဆရာတော်ကြီးသည် အမေရိကမှ ပြန်သွားပြီးနောက်ပိုင်းတွင် အကြောင်းအကျိုး ဆက်စပ်တိုက်ဆိုင်လာတဲ့ အခါမျိုး၌ တပည့်ဖြစ်တဲ့ စာရေးသူတို့ကို မကြာခဏ စာရေးပြီး ဆုံးမလေ့ရှိပါတယ်၊ ပထမဆုံး ရေးလိုက်တဲ့ ဆုံးမစာဟာ အကြောင်းအရာ ဖြစ်စဉ်ကိုပါ ထည့်ပြီး ရေးသားခဲ့တဲ့အတွက်ကြောင့် မှတ်မှတ်ရရဖြစ်နေလို့ ပြန်ပြီး ပြောရရင် အင်္ဂလန်နိုင်ငံရှိ နိုင်ငံတကာ လေဆိပ်ကြီး တစ်ခုအတွင်း၌ ဖြစ်ခဲ့တဲ့ ဖြစ်ရပ်လေးတစ်ခုပါဘဲ၊

ထင်ရှားလှတဲ့ ကမ္ဘဏ်းဆရာ နှစ်ဦးတို့ဟာ လေယာဉ်ကြီးတစ်စီးထဲတွင် အတူလိုက်ပါခဲ့ကြပြီး လေဆိပ်ကြီး ရောက်လို့ တစ်ဦးနှင့်တစ်ဦး တွေ့ဆုံကြတဲ့

http://www.dhammadownload.com

အခါ၌ နှုတ်ဆက်ပြောဆိုနိုင်ခြင်း မရှိကြပါဘူး၊ သူတို့ရဲ့ တပည့် ယောဂီများကတော့ ကိုယ့်ဆရာနဲ့ကိုယ် ဝမ်းသာအားရကြိုဆိုကြပြီး သက်ဆိုင်ရာဌာနကို အသီးသီးခေါ်ဆောင်သွားကြတယ်။

ထိုကမ္မဋ္ဌာန်းဆရာနှစ်ဦးတို့ တစ်ဦးနှင့်တစ်ဦး နှုတ်ဆက်ပြောဆိုနိုင်ခြင်း မရှိကြတာကို မြန်မာယောဂီများအနေဖြင့် ဘာမျှဝေဖန်ပြောဆိုခြင်း မရှိခဲ့ကြပေမဲ့ အနောက်တိုင်းသားယောဂီများအနေဖြင့် ဒီလိုမဖြစ်သင့်ဘူးလို့ ပြောဆိုဝေဖန်ကြတယ်၊ နောက်ဆုံးတွင် အင်္ဂလန်နိုင်ငံ၌ သီတင်းသုံးတော်မူတဲ့ ဆရာတော် ဒေါက်တာဦးရေဝတဓမ္မ ထံကို လျှောက်ထားမေးမြန်းတဲ့ အထိပါပဲ၊ ထိုဆရာတော်က အနောက်တိုင်းသားတွေကို ဘယ်လို အဖြေပေးတယ် ဆိုတာကို မိမိအနေနဲ့ အဆက်အစပ်မရှိသဖြင့် မသိရပါဘူး။

ဆရာတော် ဒေါက်တာအရှင်ရေဝတဓမ္မသည် မြန်မာပြည်ကို ခဏပြန်လာတဲ့အချိန်၌ ယခု မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးကို ဖြစ်ခဲ့တဲ့ အကြောင်းအရာများကို ပြောပြပြီး အနောက်တိုင်းသားတွေ မေးတဲ့ မေးခွန်းကို "ဆရာတော်ဘုရား သာမန်ပုဂ္ဂိုလ်တွေဟာ စုပြီး အရက်သောက်ကြတဲ့အခါ၌ မူးလာရင် ရန်ဖြစ်ကြပြီး တစ်ယောက်ကိုတစ်ယောက် ထိုးကြကြိတ်ကြပါတယ်၊ ဒါပေမဲ့ အရက်မူးပြေသွားတဲ့အခါမှာတော့ အချင်းချင်း နားလည်မှုရှိပြီး လက်ဆွဲနှုတ်ဆက်နိုင်ကြပါတယ်၊ သူများတွေကို စိတ်အေးချမ်းဖို့ စိတ်ငြိမ်ချမ်းဖို့ တရားပြ တရားဟောနေတဲ့ ကမ္မဋ္ဌာန်းဆရာနှစ်ဦးတို့ဟာ "ဆရာလည်း တူပါတယ်၊ ဂိုဏ်းဂဏလည်း တူပါတယ်၊ ကျင့်စဉ်လည်း တူပါတယ်"၊ ဒီလို တူနေပါလျက်နဲ့ တွေ့ဆုံကြတဲ့အချိန်၌ သာမန်ပုဂ္ဂိုလ်တွေလို ဘာကြောင့်များ တစ်ဦးနဲ့တစ်ဦး နှုတ်ဆက်ပြောဆို ဆက်ဆံနိုင်ခြင်း မရှိတော့လဲဘုရား?" လို့ ဆက်လက်ပြောပြကာ မေးပါတယ်။

ဆရာတော်ကြီးက "ဆရာတော်! အရက်ဆိုတာ ရူပ်ဝတ္ထုဖြစ်တယ်၊ ရူပ်ဝတ္ထုဆိုတာ သတ်မှတ်ထားတဲ့ အချိန်တစ်ချိန်အထိပဲ မူးစေနိုင်တဲ့ အစွမ်းသတ္တိရှိတယ်၊ ထိုသတ်မှတ်ထားတဲ့ အတိုင်းအတာ လွန်သွားရင် အစွမ်းသတ္တိ ပြယ်သွားတယ်၊ အဲဒီလို အစွမ်းသတ္တိမရှိတော့ အမူးပြေသွားတဲ့အတွက် သာမန်ပုဂ္ဂိုလ်တွေဟာ ရန်ဖြစ်ထားပေမဲ့ အချင်းချင်း လက်ဆွဲနှုတ်ဆက်နိုင်ကြတာဖြစ်တယ်၊ ကမ္မဋ္ဌာန်းဆရာနှစ်ဦးကတော့ တရားပြ တရားဟောနေကြတာဖြစ်လို့ တရားဆိုတာ နာမ်တရားဖြစ်တယ်၊ နာမ်တရားဆိုတာက အချိန်အတိုင်းအတာ သတ်မှတ်ချက်မရှိသဖြင့် ဘယ်တော့မှ အမူးမပြေနိုင်ဘူး၊ အဲဒီလို အမူးမပြေနိုင်ကြတဲ့အတွက် ကမ္မဋ္ဌာန်းဆရာနှစ်ဦးတို့ဟာ တစ်ဦးနဲ့တစ်ဦး တွေ့ဆုံကြတဲ့အချိန်၌ သာမန်ပုဂ္ဂိုလ်တွေလို နှုတ်ဆက်ပြောဆိုနိုင်ခြင်း မရှိကြတာ"လို့ အဖြေပေးလိုက်တဲ့အကြောင်းကို ရေးပါတယ်၊ ပြီးတော့မှ ဆရာတော်ကြီးက "ဓမ္မပိယ၊ ယောသိတ၊ ဥာဏိကတို့! မင်းတို့လဲ တရားမမူးကြစေနဲ့"လို့ စာရေးသူတို့ကို ဆုံးမစကားလေးနဲ့ စာကို အဆုံးသတ်လိုက်ပါတယ်။

ဆရာတော်ကြီး ဆုံးမတော်မူလိုတာက လူဖြစ်စေ ရဟန်းဖြစ်စေ ကိုယ်ပိုင်အစွမ်းအစလေးနဲ့ ပဋိပတ္တိလုပ်ငန်းပဲ ဖြစ်ဖြစ်၊ ပရိယတ်လုပ်ငန်းပဲ ဖြစ်ဖြစ်၊ ပရဟိတလုပ်ငန်းပဲ ဖြစ်ဖြစ်၊ နိုင်ငံလူမျိုးအတွက်လုပ်တဲ့ လုပ်ငန်းပဲ ဖြစ်ဖြစ် အလုပ်တစ်ခုခုကို ကြိုးစားလုပ်လို့ အောင်မြင်မှုရလာရင် လောဘအစွန်း ထွက်လာတတ်သလို၊ ဒေါသအစွန်း မာနအစွန်းတွေလည်း ထွက်လာတတ်တယ်၊ အစွန်းထွက်တယ်ဆိုတာ ဘေးပတ်ဝန်းကျင်မှ မြင်လို့ ကြားလို့ မကောင်းလောက်အောင်ကို ရလိုမှု တပ်မက်မှုတွေနဲ့ ငမ်းငမ်းတက်ဖြစ်နေတာ၊ ဒေါသတွေ ထိန်းမနိုင်သိမ်းမရဖြစ်နေတာ၊ မာန်မာနတွေ တက်လာပြီး အောက်ခြေလွတ်နေတာမျိုးတွေကို ပြောတာပါ။

အဲဒီလို အမျာ်းက မြင်သာတဲ့ ကြားသာတဲ့ အစွန်းတွေ ထွက်နေရင် အစွန်းထွက်နေတဲ့ ပုဂ္ဂိုလ်အတွက်လည်း အကုသိုလ်တွေ မပြတ်ဖြစ်နေလို့ မကောင်းပါဘူး၊ အစွန်းထွက်နေတာကို မြင်ရကြားရတဲ့ တစ်ခြားပုဂ္ဂိုလ်တွေ အတွက်လည်း အကုသိုလ်တရားတွေ တိုးပွားစရာဖြစ်စေလို့ မကောင်းပါဘူး၊ အဲဒီလို အစွန်းတရားတွေ မထွက်ရအောင် တပည့်တွေကို အမြဲတမ်း သတိရှိရှိ အသိဉာဏ်ရှိရှိနဲ့ ဘဝမှာ နေထိုင်တတ်ကြဖို့အတွက် "တရား မမူးကြစေနဲ့"လို့ ဆုံးမတော်မူလိုက်တာပါ။

ဆရာသမားတွေရဲ့ အဆုံးမတွေကို လေးစားမြတ်နိုးစွာ တကယ့်လက်တွေ့ လိုက်နာကျင့်သုံးပြီး နေထိုင်တတ်ကြမယ်ဆိုရင် တပည့်ဖြစ်တဲ့ စာရေးသူတို့ဘဝဟာ တကယ်ငြိမ်းချမ်းတဲ့ဘဝမျိုးကို ရရှိနိုင်ပြီး ဆရာဖြစ်တဲ့ ကျေးဇူးရှင် ဆရာတော်ကြီးကို ပူဇော်ရာရောက်မည်ဖြစ်ပါကြောင်း။

ဗမာပြည်သား (U.S.A)
အရှင်ယောသိတာဘိဝံသ

http://www.dhammadownload.com

ပညာရေးသည် အဓိက

မန္တလေးမြို့ အနောက်ပြင် မစိုးရိမ်တိုက်သစ် ဆရာတော်ထံ ပညာရည်နှို့ သောက်စို့ရန် သွားရောက် လျှောက်ထားသောအခါ ဆရာတော်သည် "နေစရာ မရှိဘူး၊ လှေခါးတက်မှာ အိပ်နိုင်လား"ဟု မေးပါသည်၊ မိမိက အိပ်နိုင်ကြောင်း လျှောက်ထားပြီးသည့်နေ့မှစ၍ မစိုးရိမ်တိုက်သစ်ဆရာတော်ထံ၌ ၁၀-နှစ်တိုင်တိုင် ပညာရည်နှို့ သောက်စို့နေထိုင်ခဲ့ပါသည်။

ဆရာတော်သည် ပညာရည်နှို့ သောက်စို့သည့် အခါ နေရာရေးသည် အဓိကမဟုတ်၊ ပညာရေးသည် သာ အဓိကဖြစ်ကြောင်း မိန့်ဆိုလိုရင်းဖြစ်ပေသည်။


ဆရာတော်သည် ရောက်လာကြသော စာသင် သားများကို ဒီပုဂ္ဂိုလ် စာလိုချင်, မလိုချင် သိရအောင် ဆိုသည့် သဘောဖြင့် နေ့စဉ်နေ့တိုင်း စာဝါကို ဆိုခိုင်းပြီး လေ့လာနေလေ့ရှိပေသည်၊ စာဆိုခိုင်းလို့ အဆင်မပြေ လျှင်ကား ခေါင်းကို ဖနောင့်နဲ့ ပေါက်လေတော့သည်၊ ၇-ရက်လောက် စာဝါဆိုခိုင်းပြီး တကယ်လိုချင်သည့် ပုဂ္ဂိုလ်, ဒဏ်ခံနိုင်သည့်ပုဂ္ဂိုလ်တို့သည် ဆက်လက်၍ မြဲသွားကြပေသည်၊ မလိုချင်သည့်ပုဂ္ဂိုလ်, ဒဏ်မခံနိုင် သည့်ပုဂ္ဂိုလ်တို့ သည် ၇-ရက်အတွင်းမှာ ပြန်ပြေးကြပေ သည်။

မစွဲရဘူး ရန်ဖြစ်တတ်တယ်

မင်းတို့ ဒီမှာလာပြီး စာသင်ကြတဲ့အခါ လူမျိုးစွဲ မပြောရဘူး၊ ဒေသစွဲ မပြောရဘူး၊ ဂိုဏ်းဂဏစွဲ မပြောရ ဘူး၊ ပြောရင် ရန်ဖြစ်တတ်တယ်၊ လူမျိုးစွဲဆိုတာ. . မင်းတို့ ရခိုင်က ဘယ်လို၊ မင်းတို့ ကချင်က ဘယ်လို၊ မင်းတို့ ကရင်က ဘယ်လို၊ မင်းတို့ ရှမ်းက ဘယ်လို၊ မင်းတို့ ဗမာက ဘယ်လို-စသည်ဖြင့် လူမျိုးစွဲ မပြောရဘူး၊ ဒါတွေ စွဲပြီးပြောဆိုရင် ရန်ဖြစ်တတ်တယ်၊ ဒေသစွဲဆိုတာ. . မင်းတို့ အောက်သားက ဘယ်လို၊ မင်းတို့ အထက်သားက ဘယ်လို၊ မင်းတို့ ရွှေဘိုသားက ဘယ်လို-စသည်ဖြင့် ဒေသစွဲ ပြောဆိုရင်လဲ ရန်ဖြစ်တတ်တယ်၊ ဂိုဏ်းဂဏစွဲ ဆိုတာ. . မင်းတို့ ရွှေကျင်က ဘယ်လို၊ မင်းတို့ သုဓမ္မာက

စံပြုထိုက်စွာ မြတ်ဆရာ

တပည့်-ဓမ္မသာမိ(မော်လှူး)



http://www.dhammadownload.com

ဘယ်လို-စသည်ဖြင့် ဂိုဏ်းဂဏစွဲ ပြောဆိုရင်လည်း ရန်ဖြစ်တတ်တယ်၊ ဒါကြောင့် မင်းတို့ ဒီမှာ စာလာသင်ကြတဲ့အခါမှာ လူမျိုးစွဲ မပြောရဘူး၊ ဒေသစွဲ မပြောရဘူး၊ ဂိုဏ်းဂဏစွဲ မပြောရဘူး၊ အဲဒါ မှတ်ထားကြ။

အကျင့်ကောင်းဆာ ယူခဲ့ပါ

မင်းတို့ ဒီမှာ စာလာသင်ကြတဲ့အခါမှာ ကောင်းတဲ့ အကျင့်တွေသာ ယူလာခဲ့ပါ၊ မကောင်းတဲ့ အကျင့်တွေ ကို ယူမလာပါနဲ့၊ မင်းတို့ နေထိုင်ခဲ့တဲ့ နေရာက အကျင့် ကောင်းတွေကို ယူလာခဲ့ပါ၊ ဒို့ကို လာပြောပါ၊ ဒို့ ကျင့် သုံးကြည့်မယ်၊ ကောင်းရင် ဆက်သုံးမယ်၊ မကောင်းတဲ့ ဟာကို ဒီကျောင်းက တိုက်ပေါက်မှာ ထားခဲ့ပါ၊ အထဲကို ယူမလာပါနဲ့၊ ဒီတိုက်က ထွက်သွားတဲ့အခါမှာလဲ ကောင်း တဲ့ အကျင့်တွေကိုသာ ယူသွားပါ၊ မကောင်းတဲ့ အကျင့် တွေဆို ဒီကျောင်းက တိုက်ပေါက်မှာ ထားခဲ့ပါ၊ အပြင်ကို ယူမသွားပါနဲ့။

တုန်သလောက်သာ ခပ်သောက်ပါ

မင်းတို့ သောက်ရေ သောက်တဲ့အခါ ငါ ကြည့် ကြည့်နေတယ်၊ တချို့က ရေခွက်နဲ့ ခပ်တာက အပြည့်ပဲ၊ ပြီးတော့ သောက်တဲ့အခါကျတော့ နည်းနည်းပဲ သောက် တာ တွေ့ရတယ်၊ မကုန်တော့ သွန်ပစ်တာ တွေ့ရတယ်၊ သွန်ပစ်တော့ ဘာဖြစ်လဲဆိုတော့ အလကား ဖြစ်ကုန်တာ ပေါ့၊ ငါ ခပ်ရတာတော့ မဟုတ်ပါဘူး၊ မင်းတို့ပဲ ခပ်ရ တာပဲ၊ မင်းတို့ပဲ ပင်ပန်းတာ၊ ဒါ ဘာမှလည်း အကျိုး မရှိဘူး၊ သောက်ကြွင်းသောက်ကျန်ကြောင့် ပွက်တွေ ဖြစ်သွားတာပဲ၊ ဒါကြောင့် ရေသောက်တဲ့အခါ ကုန်နိုင် သလောက်သာ ခပ်ပါ၊ မဝသေးရင် ပြန်ခပ်သောက်ပေါ့။

မလုပ်ရဆူး

မင်းတို့ ကျောင်းပေါ်ကနေ အောက်ကို တံတွေး ထွေးတာတို့ အမှိုက်ပစ်ချတာတို့ မလုပ်ရဘူး၊ လုပ်လို့ အောက်က သွားနေတဲ့ လူတစ်ယောက်ယောက်ပေါ် ကျမယ်ဆိုရင် အဲဒါ ရန်ဖြစ်မယ်၊ စကားများမယ်၊ အဲဒီ တော့ တံတွေးထွေးဖို့အတွက် ပုံးတစ်ပုံးထဲ သဲထည့်ပြီး အပြင်ဝရန်တာမှာ ထားပါ၊ အမှိုက်ပစ်ဖို့အတွက်လည်း အမှိုက်ပုံး တစ်ပုံး ထားပါ၊ အဲဒီမှာ တံတွေးထွေးမယ် အမှိုက်ပစ်မယ်ဆိုရင် ရန်ဖြစ်စရာအကြောင်း မရှိတော့ ဘူး။

စာပဲ လုပ်ခိုင်းမှာ


"မင်းတို့ ဒီကိုလာတာ အလုပ်လုပ်ဖို့ လာတာ မဟုတ်ဘူး၊ စာလုပ်ဖို့ လာတာ၊ ဒါကြောင့် ငါက မင်းတို့ကို အလုပ်မခိုင်းဘူး၊ စာပဲ အလုပ်ခိုင်းမှာ"။ မဟိုးရိမ်တိုက်သစ် ဆရာတော် အုပ်ချုပ်သည့် ကျောင်းဆောင်များ၌ နေထိုင် ကြသော စာသင်သားတို့သည် ဝါဆိုပြီးနောက်ပိုင်း လဆန်း(၈)ရက် လဆုတ်(၈)ရက်နေ့တိုင်း ငယ်-လတ်-ကြီးသမားများ စာဖြေကြရသည်၊ လပြည့်လကွယ်နေ့တိုင်း စာချတန်းသမားများ စာဖြေကြရသည်၊ ဖြေဆိုရသည့် စာများက (၁၅)ရက်တပတ်စာ သင်ကြားထားပြီးတဲ့ အထဲကပဲ မေးခွန်းထုတ်ပြီး ဖြေရတာ၊ ဖြေပြီး တစ်ပုဒ်စာလျှင် (၄)မှတ်နှုန်း ရရမည်ဖြစ်သည်၊ အမှတ်(၄၀)နှုန်းမရလျှင် နောက်ထပ် စာမေးပွဲမဖြေမချင်း စာဒဏ်ထမ်းဆောင် ရပါသည်၊ နောက်တစ်ကြိမ် စာဖြေလို့ သတ်မှတ်ချက် အမှတ်ရလျှင် စာဒဏ်မှ လွတ်ပါသည်၊ မရလျှင်ကား ဆက်လက်၍ စာဒဏ်ထမ်းဆောင်ရပါသည်၊ စာဒဏ် သည်ကား အများအနားယူချိန် နေ့လည် (၁၂း၀၀)နာရီမှ (၁း၀၀)နာရီထိ ဆရာတော်သီတင်းသုံးသည့် (အများ အားဖြင့်) ဓမ္မဒါယာဒကျောင်းသို့ သွားပြီး ဆရာတော် သီတင်းသုံးသည့် ကုဋ္ဌင်ခြေရင်း၌ စာအံနေရခြင်း ဖြစ်ပေ သည်၊ စာအံသံ မကြားပါက၊ ဆရာတော်သည် ခြေ ထောက်ဖြင့် ကုဋ္ဌင်ကြမ်းပြင်ကို ဆောင့်လိုက်ပြီး "ဟေ့ ကောင် စာအံ"ဟု သတိပေးပါသည်။

မျက်စိဖြင့် မြင်အောင်ကြည့်ပါ

မင်းတို့ ကျောင်းတစ်ကျောင်းမှာ သံဃာ (၁၅၀) ရှိတယ်ဆိုရင် မျက်လုံးပေါင်း (၃၀၀)ရှိတယ်၊ အဲဒီမျက်လုံး (၃၀၀)နဲ့ မြင်အောင်မကြည့်လို့ အခုလို ဖြစ်ရတာဟု အမိန့်ရှိပါသည်။

အကြောင်းကား ဆရာတော် အုပ်ချုပ်သည့် ကျောင်းအသီးသီး၌ နေထိုင်ကြသော သံဃာတော်တို့ သည် ညနေ(၆း၀၀)နာရီထိုးလျှင် ဘုရားဝတ်ပြုကြရပေ သည်၊ ထိုသို့ ဘုရားဝတ်ပြုသည့်အခါ တာဝန်ရှိ အလှည့် ကျ စာချဘုန်းကြီးများက သံဃာစစ်ကြရပေသည်၊ အကယ်၍ အကြောင်းကိစ္စရှိလို့ ဘုရားဝတ်ပြု မလိုက် နိုင်လျှင် ထိုသံဃာစစ်ဘုန်းကြီးထံ အကြောင်းကြားသွား ကြရမည် ဖြစ်ပါသည်၊ (သို့မဟုတ်) တစ်ဆင့်ခံ အကြောင်း ကြား ခိုင်းထားရမည်ဖြစ်ပါသည်၊ အကြောင်းမကြားဘဲ ဘုရားဝတ်ပြု မပါခဲ့လျှင် ထိုဘုရားဝတ်ပြု မလိုက်သော သံဃာနေထိုင်သော ကျောင်းမှ တစ်ကျောင်းလုံးရှိ သံဃာများသည် နောက်နေ့ နံနက်စောစော အိပ်ရာထ၍

http://www.dhammadownload.com



(တစ်ရက်) ဘုရားဝတ်ပြုကြရပေသည်၊ ထိုနေရာသို့ ဆရာတော်ကြီးကိုယ်တိုင်လည်း ကြွရောက်၍ ဘုရားဝတ်ပြုပါသည်၊ ဘုရားဝတ်ပြု ပျက်ကွက်သော သံဃာသည်ကား တစ်လလုံးလုံး ဆရာတော် သီတင်းသုံးသည့် ကျောင်းသို့ နံနက်စောစောသွား၍ ဆရာတော်နှင့်အတူ ဘုရားဝတ်ပြုရပါသည်။

ထိုကဲ့သို့ ကျောင်းရှိသံဃာအားလုံး တစ်နံနက်စောစောထ၍ ဘုရားဝတ်ပြုခိုင်းရခြင်းနဲ့ ပျက်ကွက်သည့် ပုဂ္ဂိုလ် တစ်လလုံးလုံး နံနက်စောစော ဘုရားဝတ်ပြုခိုင်းရခြင်းသည် "ဘုရားဝတ်ပြု ပျက်ကွက်သည့် ပုဂ္ဂိုလ်ကို မျက်လုံးပေါင်း (၃၀၀)ဖြင့် မြင်အောင် မကြည့်နိုင်သည့်အတွက်၊ ပန်ကြားရမည့်ပုဂ္ဂိုလ်ကို မပန်ကြားဘဲ သွားသည့်အတွက်ကြောင့် ဖြစ်သည်"ဟု အမိန့်ရှိပါသည်။

"လူငယ်ဆိုတာ လူကြီးဆီ မလာချင်ကြဘူး၊ အဲဒီတော့ ဘုရားဝတ်ပြု မလိုက်နိုင်လို့ တိုင်ကြားစရာရှိလျှင်ငါ့ဆီ လာစရာ မလိုပါဘူး၊ ဘုရားဝတ်တက် စစ်တဲ့ ပုဂ္ဂိုလ်ထဲ ပြောသွားရင် ရတာပါပဲ၊ ဒါကိုမှ မပြောရင်တော့ မင်းတို့ ဘုရားဝတ်ပြုဒဏ် ထမ်းရမှာပဲ"ဟုလည်း အမိန့်ရှိပါသည်။

လေ့လာထားပြီး ဆရာတော်ကြီး

ဆရာတော်သည် မိမိထံ ရောက်ရှိလာသော စာသင်သားများအား တစ်ယောက်ချင်းစီ၏ အကျင့်စရိုက် အကြောင်းခြင်းရာ အလုံးစုံကို သိအောင် လေ့လာစုံစမ်းထားလေ့ရှိပေသည်၊ သံဃာတစ်ပါးပါးက သံဃာတစ်ပါးပါး၏ အကြောင်းခြင်းရာကို ဆရာတော်ထံ လျှောက်ထားလျှင် ဆရာတော်က "မင်းက ဘယ်ကနေမြင်တာလဲ, ဘာလုပ်ရင်း မြင်တာလဲ"စသည်ဖြင့် မေမြန်းပြီး လာရောက်လျှောက်ထားသူအား ပြန်လွှတ်လိုက်ပေသည်၊ ထို့နောက် လျှောက်ထားတိုင်တန်းခံရသူကို လေ့လာစုံစမ်းနေလေ့ရှိပေသည်၊ တိုင်တန်းထားသည့်အတိုင်း တွေ့လျှင်မူကား တစ်ကြိမ်တစ်ခါဖြင့် အရေးမယူသေး၊ သတိပေးရုံမျှ ပေးပေသည်၊ နှစ်ကြိမ်သုံးကြိမ် တွေ့လျှင်ကား ထိုသံဃာ၏ အာမခံပုဂ္ဂိုလ်ကို ခေါ်ယူ၍ အပ်နှံလိုက်တော့သည်၊ ထိုပုဂ္ဂိုလ်၏ အာမခံပုဂ္ဂိုလ်က တိုက်ထဲနေထိုင်ခွင့် အာမမခံတော့ဘူးဆိုလျှင် ထိုပုဂ္ဂိုလ် တိုက်ထဲ၌ နေထိုင်ခွင့် မရှိတော့ပေ၊ အကယ်၍ တိုင်တန်းခံရသူက တိုင်တန်းထားသည့်အတိုင်း မဟုတ်လျှင် တိုင်တန်းသူကို ဆရာတော်က ဒီပုဂ္ဂိုလ် လိမ်တတ် ညာတတ်တဲ့သူဟု အသိအမှတ် ပြုထားလိုက်ပေသည်၊ နောက်နောင် ထိုပုဂ္ဂိုလ် ပြောလာလျှင်ကား အယုံအကြည် မရှိတော့ပေ။

အာဏာကုန် ပေးထားသောစနစ်

ဆရာတော် အုပ်ချုပ်သည့်ဘက်၌ နေထိုင်ကြသော စာသင်သားတို့သည် ဝါဆိုတော့မည်ဆိုလျှင် ငယ်-လတ်-ကြီးသမားများက စာချတန်းသမားများ (သို့မဟုတ်) စာချဘုန်းကြီးများထံ လျှောက်ထား၍ အာမခံ (၂)ပါးစီရှိမှ တိုက်ထဲ နေထိုင်ခွင့် ရှိပေသည်၊ အာမခံ(၂)ပါး မရှိလျှင် တိုက်ထဲ နေထိုင်ခွင့် မရှိပေ၊ ထိုသို့ အာမခံရှိပြီး ဆက်

http://www.dhammadownload.com

လက်နေထိုင်ကြတဲ့အခါမှာ ငယ်-လတ်-ကြီးသမားများကို စာချုတန်းသမားများနှင့် စာချဘုန်းကြီးများက အုပ်ချုပ်ထားပေသည်၊ စာချတန်းသမားများနှင့် စာချဘုန်းကြီးများကို နာယကဆရာတော်များက အုပ်ချုပ်ထားပေသည်၊ နာယကဆရာတော်များကိုကား မဟာနာယကဆရာတော်ကြီးက အုပ်ချုပ်ထားပေသည်၊ အကယ်၍ ငယ်-လတ်-ကြီးစာသင်သား တစ်ပါးပါးကို အပြစ်ရှိ၍ နှင်ထုတ်လိုလျှင် စာချတန်းသမားများနှင့် စာချဘုန်းကြီးများက နှင်ထုတ်ပိုင်ခွင့် ရှိပေသည်၊ ထိုစာချတန်းသမားများနှင့် စာချဘုန်းကြီးတို့ နှင်ထုတ်လိုက်သော ငယ်-လတ်-ကြီး တစ်ပါးပါးကို နာယကဆရာတော်များနှင့် မဟာနာယကဆရာတော်တို့က လက်ခံပိုင်ခွင့်မရှိပေ။ (ငယ်-လတ်-ကြီးသမားများအတွက် စာချတန်းသမားများနှင့် စာချဘုန်းကြီးများကို အာဏာကုန် လွှဲထားခြင်းဖြစ်ပေသည်)။ နာယကဆရာတော်များက နှင်ထုတ်လိုက်သော ငယ်-လတ်-ကြီးသမားများကို မဟာနာယကဆရာတော်က လက်ခံပိုင်ခွင့်မရှိပေ၊ သို့သော် စာချတန်းသမားများနှင့် စာချဘုန်းကြီးများထဲမှ အာမခံပေးမည့် ပုဂ္ဂိုလ်ရှိလျှင်ကား ဆက်လက်၍ နေထိုင်ခွင့်ရှိပေသည်၊ မဟာနာယကဆရာတော် နှင်ထုတ်လိုက်သော ပုဂ္ဂိုလ်ကို စာချတန်းသမားများနှင့် နာယကဆရာတော်တို့က အာမခံလျှင်ကား ဆက်လက်နေထိုင်ခွင့် ရှိပေသည်။

ဆိုလိုသည်ကား အနီးကပ်နေထိုင်ရမည့် ပုဂ္ဂိုလ်များ ကို အာဏာကုန် အပြည့်ပေးထားခြင်းဖြစ်သည်၊ အောက် အဆင့်က နှင်ထုတ်ပြီးသား ပုဂ္ဂိုလ်ကို အထက်အဆင့်က ဆရာတော်များက ဝိတိုအာဏာဖြင့် လက်ခံပိုင်ခွင့် မရှိပေ၊ အထက်အဆင့်က နှင်ထုတ်ပြီးသား ပုဂ္ဂိုလ်ကိုကား အောက် အဆင့်က အာမခံရလျှင် ဆက်လက်၍ နေထိုင် ခွင့်ရှိပေသည်။

ကဲ ငါ့ကို ယုံအောင် လိမ်စမ်း

ဆရာတော်ထံ မှီတင်းနေထိုင်ကြသော စာသင်သားများထဲမှ အပတ်စဉ် စားမေးပွဲလည်း ခဏခဏက၊ စာဝါလည်း ခဏခဏပျက်ကွက်လေ့ရှိသော အချို့သော စာသင်သားတို့သည် အကြောင်းတစ်ခုခုဖြင့် အပြင်ကို သွားလို၍ လာရောက်လျှောက်ထားသောအခါ (မှန်ကန်သော အကြောင်းအရာပင် ဖြစ်စေကာမူ) ဆရာတော်က "ကဲ ငါ့ကို ယုံအောင် လိမ်စမ်း"ဟု ပြောဆိုလေ့ရှိပေသည်၊ "မင်းတို့က သေပြီးသား အဖိုးအဖွားတွေကိုလဲ (၂)ခါပြန် (၃)ခါပြန် သေခိုင်းပြီးတော့ ရွာပြန်ကြတာ"ဟု ပြောဆိုလေ့ရှိပေသည်၊ စည်းကမ်းပျက်သော ပုဂ္ဂိုလ်ကိုကား "ဘုရားလာပြောတောင် ငါ မလွှတ်ဘူး"ဟု အမိန့်ရှိပေသည်။

ဆရာတော်ဘုရား၏ စရိုက်အား

ဆရာတော်သည် နေ့စဉ်နေ့တိုင်း ပဌာန်းပစ္စယနိဒ္ဒေသ ရွတ်၊ ပုတီးစိတ်၊ သောက်တော်ရေလဲခြင်းတို့ကို (အဓိဋ္ဌာန်သဘောဖြင့်) ပြုလုပ်လေ့ရှိပေသည်၊ အဓိဋ္ဌာန်သည်ကား ပဌာန်းပစ္စယနိဒ္ဒေသ အခေါက်ရေပေါင်း (၈၄၀၀၀)ရအောင်၊ ပုတီးအပတ်ရေပေါင်း (၈၄၀၀၀) ရအောင်၊ ရေတော်ခွက်ပေါင်း (၈၄၀၀၀)ရအောင် ပြုလုပ်လေ့ ရှိပေသည်၊ တစ်နေ့တည်း အပြီးလုပ်သည် မဟုတ်၊ တစ်နေ့ နည်းနည်းနည်းနည်းနှင့် ပြုလုပ်လေ့ရှိပေသည်၊ ဆရာ့တော် အိပ်ရာ ခေါင်းအုံးဘေးနားမှာ ဘောလ်ပင်တို့ ခဲတံတို့ (၁၀)ချောင်းလောက် ချထားပြီး ပဌာန်းရွတ်လိုက် တစ်ခါ ပြီးလျှင် တစ်ချောင်းရွှေ့လိုက်နဲ့ ပြုလုပ်လေ့ရှိတာကို တွေ့ရပေသည်။

ပုတီးစိပ်သည့်အခါမှာလဲ ထိုနည်းတူ တစ်ပတ်ပြီးလျှင် တစ်ချောင်းရွှေ့လိုက်နဲ့ ပြုလုပ်လေ့ရှိပေသည်။

ဘုရားသောက်တော်ရေ တင်သည့်အခါမှာကား ပလပ်စတစ်ချိုင့်တစ်ခုထဲကို ခွက်ရေ ဘယ်လောက်ဟု ထည့်မှတ်ထားလေ့ရှိပြီး ပူဇော်လေ့ရှိပေသည်။

အထက်ပါ ဝတ်တရားများကို နေ့စဉ်နေ့တိုင်း ကျောင်းစဉ် (မိမိနှင့် ဆက်စပ်သည့် ဓမ္မဒါယာဒကျောင်း၊ ဓမ္မဘာဏကကျောင်း၊ ဓမ္မသိတဂူကျောင်း၊ ဓမ္မဝေဒဂူကျောင်းသို့) သွား၍ ပြုလုပ်လေ့ရှိပေသည်။

ဟိတ်ဟန် မရှိ၊ ပကတိ ရိုးရှင်းစွာ သွားလာနေထိုင် ပြောဆိုလုပ်ကိုင်သူ

ဆရာတော်သည် သင်္ကန်းဝတ်ရုံသည့်အခါ များသောအားဖြင့် အဝါဖျော့ကို ဝတ်ရုံလေ့ရှိပြီး ပုခုံးပေါ်မှာလည်း အဝါဖျော့ သင်းပိုင်အဟောင်းကို တင်၍ သွားလာလေ့ရှိပေသည်၊ နေပူသည့်အခါ ထိုသင်္ကန်းဟောင်းကို ခေါင်းပေါ်တင်၍ အသုံးပြုသလို ချောင်းဟန့်ပြီး ခွဲသလိပ် ထွေးလိုလျှင်လည်း ထိုသင်္ကန်းဟောင်းဖြင့်ပင် အသုံးပြုလေ့ရှိပေသည်။

ဆရာတော်သည် သာရေးနာရေးကိစ္စရှိ၍ သီလပေးပြီး ပရိတ်ရွတ်ခါနီး၊ တရားဟောခါနီးအခါမှာ အမြဲတမ်း ပြောဆိုလေ့ရှိသောစကားမှာ. . "အေး အခု ပရိတ်ရွတ်တော့မယ်၊ တရားဟောတော့မယ်၊ ပရိတ်ရွတ်နေတုန်း တရားဟောနေတုန်း စကားမပြောပါနဲ့၊ မနာချင်ရင် အခုကတည်းက ထသွားပါ၊ ပရိတ်ရွတ်နေတုန်း

http://www.dhammadownload.com

တရားဟော နေတုန်း စကားပြောရင် ဒီက ထွေးခံနဲ့ ကောက်ပေါက်မှာ"ဟု ပြောဆိုလေ့ရှိပါသည်။

ဆရာတော်သည် တနေရာမှ တနေရာသို့ သွားသည့်အခါမှာ ဖြစ်စေ, ကျောင်းပေါ်သို့ မတက်ခင် ကျောင်းအောက်သို့ မဆင်းခင်ဖြစ်စေ ကြိုတင်ပြီး ချောင်းဟန့်လေ့ရှိပေသည်၊ ကျောင်းပေါ်တက်သည့်အခါ ကျောင်းပေါ်မှ ပြန်ဆင်းသည့်အခါမှာဆိုလျှင်ကား ခြေသံပြင်းပြင်းနင်းပြီး တက်လေ့ ဆင်းလေ့ ရှိပေသည်၊ အကြောင်းမှာကား ဆရာတော် လာနေသည်ကို တပည့်များကို သိစေလိုပြီး ရှောင်စရာရှိရင် ကြိုတင် ရှောင်ထားနိုင်စေဖို့ ဖြစ်ပေလိမ့်မည်၊ အချို့သော ဆရာများကား တပည့်တွေ မသိအောင်လာပြီး ချောင်းမြောင်းလေ့ရှိပေသည်၊ ဆရာတော်သည်ကား ထိုသို့ မဟုတ်ပေ။

"မင်းတို့ အလုပ်လုပ်ကြတဲ့ အခါမှာ ကောင်းအောင်လို့ လုပ်ကြတာပဲ၊ ဒါပေမယ့် တခါတရံ မကောင်းတာ ဖြစ်ရင်လည်း ဖြစ်သွားမှာပဲ၊ ကိစ္စမရှိဘူး၊ အများက ကောင်းတယ်လို့ ပြောလာခဲ့ရင် မင်းတို့ လုပ်တာပဲ၊ အများက မကောင်းဘူးလို့ ပြောလာခဲ့ရင်တော့ ငါလုပ်တာလို့ ပြောမယ်၊ ငါ ညံ့လို့ပေါ့ကွ"ဟု အမိန့်ရှိပေသည်၊ ဤဟာကို ကြည့်သောအားဖြင့် ဆရာတော်သည် လူကြီးပီသသူ, ခေါင်းဆောင်ပီသသူ, ခေါင်းခံရဲသူ ဖြစ်ပေသည်၊ အချို့ကား အလုပ်မလုပ်ဘဲ နေရာယူချင်သူဖြစ်ပြီး၊ ဆရာတော်သည်ကား အလုပ်လုပ်ပေမယ့် နေရာမယူသူ ဖြစ်ပေသည်။

"မင်းတို့ အသက်ကြီးလာရင် လူကြီးတော့ ဖြစ်လာ မှာပဲ အဲဒီအခါမှာ လူကြီးပီသအောင် နေတတ်ဖို့ အခု ကတည်းက အကျင့်လုပ်ထားရမယ်"ဟု အမိန့်ရှိပေသည်။

"မင်းတို့ ဘုရားဝတ်တတ်တဲ့အခါ, စာဝါလိုက်တဲ့ အခါတွေမှာ အမြဲတမ်း ပုံသေနေရာမှာ နေရမယ်၊ အစားဝင် မနေရဘူး၊ ဒါမှ နေရာလစ်လပ်ရင် ဘယ်သူမပါဘူး ဆိုတာ တန်းသိမှာ"ဟု အမိန့်ရှိပေသည်။

"မင်းတို့ ညနေ စာဝါနားချိန် အပြင်သွားကြတဲ့ အခါမှာ လမ်းအပြည့် မသွားကြနဲ့၊ လမ်းအပြည့်သွားတာ ဘုန်းကြီးနဲ့နွားပဲ ရှိတယ်၊ မင်းတို့ လမ်းအပြည့်သွားတော့ လူတွေသွားစရာ လမ်းမကျန်တော့ဘူး၊ နောက် မင်းတို့ လာတာမြင်လို့ လူတွေက ရှောင်ရှောင်သွားကြတယ်၊ မင်းတို့ကို ကြည်ညိုလို့ ရှောင်သွားတယ်ထင်မနေနဲ့၊ မွှေလိုပဲ မင်းတို့ကို ရွံကြောက်ကြီး ဖြစ်နေတာ၊ ရွံလို့ ကြောက်လို့ ရှောင်သွားတာ"ဟု အမိန့်ရှိပေသည်။

"တချို့ကိုယ်တော်တွေက ဆေးလိပ် သောက်ကြတယ်၊ ကိုယ်ကြိုက်လို့ ကိုယ်သောက်တာ သောက်ပါ၊ ဒါပေမယ့် လူတွေလို လမ်းလျှောက်ရင်း ဆေးလိပ်ကို လက်ကြားညှပ် လပ်လျှားလပ်လျား လုပ်ပြီး မသောက်ရဘူး၊ ကြည့်လို့မြင်လို့လည်း မကောင်းဘူး၊ ကိုယ့်နေရာမှာ ကိုယ်ကြိုက်သလောက် သောက်ပေါ့၊ သောက်လို့ မင်းတို့ ဖင်ကနေ အငွေ့ထွက်အောင် သောက် ကိစ္စမရှိဘူး၊ ဆေးလိပ်သောက်လို့ အငွေ့နဲ့ ကျောင်းကြီး ပျံတက်ချင် ပျံတက်သွားပါစေ ကိစ္စမရှိဘူး၊ ကိုယ့်နေရာမှာပဲ ကိုယ် သောက်ပါ"။

"ည(၉)နာရီ စာဝါပြီးတဲ့အခါ တချို့ အပြင် သွားကြတယ်၊ ပွဲသွားကြည့်ကြတယ်၊ ကိုယ်ကြိုက်လို့ ကိုယ်သွားတာသွားပေါ့ ဒီတိုက်ထဲမှာ ပြန်မအိပ်ချင်နေ၊ ကြိုက်တဲ့နေရာမှာ အိပ်ခဲ့အိပ်ခဲ့ ကိစ္စမရှိဘူး၊ အေး နောက်နေ့မနက် စာဝါချိန်မှာတော့ ရှိရမယ်၊ မရှိရင်တော့ ဒဏ်ပဲ၊ နောက်တစ်ခု မင်းတို့ အပြင်ပွဲသွားကြည့်ရင်းနဲ့ ရန်မဖြစ်ခဲ့နဲ့ ရန်ဖြစ်ခဲ့ရင်တော့ ဒီတိုက်ထဲကို ပြန်ဝင်မလာရဘူး၊ ကိုယ့် အိပ်ရာလိပ်ကို ကိုယ်ယူပြီး အပြင်သွားပေတော့"။

"မင်းတို့ ကလေးမလေးတွေ တွေ့ရင် ပြောင်လား နောက်လား မလုပ်နဲ့၊ မင်းတို့ အစ်မ,နှမကို သူများက ပြောင်လားနောက်လားလုပ်ရင် မင်းတို့က ကြိုက်မလား၊ မင်းတို့ မကြိုက်ရင် သူများလည်း ကြိုက်မှာမဟုတ်ဘူး၊ ဒါကြောင့် မင်းတို့ ကလေးမတွေကို ပြောင်လား နောက်လား မလုပ်ရဘူး၊ အေး ကြိုက်ရင်တော့ လိုက်ပြော၊ ဒါက တမျိုး"။


ဤကား ဆရာတော် ဆိုဆုံးမခဲ့သော မျှားစွာသော ဩဝါဒထဲမှ အနည်းငယ်မျှသာ ဖြစ်ပေသည်။

ထိုဩဝါဒများကို ဆိုဆုံးမခဲ့သော ဆရာတော်သည်ကား အခု သက်တော်(၈၀) ပြည့်မြောက်မည့် မစိုးရိမ် တိုက်သစ်ကြီးများ၏ အဓိပတိမဟာနာယက ဆရာတော် ဖြစ်တော်မူသော အတုယူထိုက်စွာ လေးစားလိုက်နာ ထိုက်စွာ စံပြုထိုက်စွာသော မြတ်ဆရာတော် ဆရာတော်ဦးရာဇဓမ္မာဘိဝံသပင် ဖြစ်ပေတော့သည်။

"အစဉ်ထာဝရ ရှိသေလေးစားလျက်"

တပည့် - ဓမ္မဆာဓိ(မော်လူး)
မဂ်လာရာမကျောင်းတိုက်
ဝါရှင်တန်ဒီစီ၊ အမေရိကန်နိုင်ငံ

http://www.dhammadownload.com



ရဟန်းကောင်းရဟန်းမြတ်

အရှင်ကုန္ဒိဏ္ဍာဘိဝံသ

(၂၊ ၁၀၊ ၂၀၁၂)ရက်နေ့ မနက်ပိုင်းမှာ ဖုန်းမြည်လာ၍ ကိုင်လိုက်၏၊ မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဝါးတန်းကျောင်း အရှင်ပဏ္ဍာဝလူသစ်(ဗန်းမော်)က ဖြစ်၏၊ "ဝါးတန်းဆရာတော်ကြီး၏ ၉၇-နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ထုတ်ဝေသော ဓမ္မကထိကလမ်းညွှန် ၂-စာအုပ် လာရောက်အလှူခံဖို့ ဖြစ်ပါ၏၊ ဦးပဉ္ဇင်းဖြစ်စေ ကိုရင်ကျောင်းသားဖြစ်စေ လွှတ်လိုက်ပါ၊ စာအုပ်လှူဒါန်းပါမည်"ဟု ဖုန်းဆက်ခြင်းဖြစ်ပါ၏။

http://www.dhammadownload.com

အလဟဿ မဖြစ်စေနဲ့

အရှင်ပဏ္ဏာဝ လူသစ်(ဗန်းမော်)က ဆက်လက်၍ အခုလို ပြောပြပါ၏။ "မစိုးရိမ်တိုက်သစ် ဦးရာဇ (၈၀)ပြည့် မွေးနေ့အတွက် စာမူတောင်းသောစာရွက် သူ့ဆီမှာ ရောက်ပါတယ်၊ ဦးဇင်းလည်း ရေးအုံးပေါ့၊ ဆရာတော်ကြီး၏ ဘဝပုံရိပ်၊ ဘာသာရေး သာသနာရေးလုပ်ဆောင်မှု အဝဝတို့ကို မည်သူမဆို မိမိတို့ မြင်တွေ့ သိရှိသည့်အတိုင်း ပွင့်လင်းစွာ ဝေဖန်သုံးသပ် ရေးသားနိုင်ပါသတဲ့ဗျာ၊ စာမူတောင်းသော စာရွက်တစ်ရွက်လည်း ထည့်ပေးလိုက်ပါ့မယ်"ဟု ပြောပြပါ၏။

အရှင်ပဏ္ဏာဝ လူသစ်(ဗန်းမော်)က ဆက်လက် ပြောပြသည်မှာ "ဦးရာဇနဲ့ မကြာမကြာ ဆွမ်းစား ဆုံဖြစ်ပါသည်၊ သူက ဆွမ်းစားရင် လိုသလောက်လေးပဲ ထည့်တာ၊ အများကြီး မထည့်ဘူး၊ အများကြီးလည်း မစားဘူး၊ နည်းနည်းပဲ စားတာ၊ ဒါကြောင့် သူက ပိန်ပိန်ပါးပါးလေးပဲ၊ ကျန်းလည်း ကျန်းမာတယ်၊ အလုပ်လည်း လုပ်နိုင်တယ်၊ သူ ဆွမ်းစားပြီးရင် ပန်ကန်ပြားထဲမှာ အပိုဆိုတာ မကျန်တော့ဘူး၊ သူက သံယာတော်တွေကို ဆွမ်းစားရင် ထည့်ရင် လိုသလောက်ပဲ ထည့်ရ စားရတယ်၊ အပိုလျှံ မကျန်စေနဲ့၊ အလဟဿမဖြစ်စေနဲ့ လို့လည်း ဆုံးမတယ်တဲ့ဗျာ"ဟုလည်း ပြောပြပါ၏။

ထိုနည်းလည်းကောင်း

၂၀၁၀-ခုနှစ် ဇွန်လပိုင်းမှာ ဖြစ်၏၊ ရန်ကုန်မြို့ ကမ္ဘာအေး ပုပ္ပဝိဒေဟကျောင်းဆောင်မှာ ရွှေပြည်သာဆရာတော်က အခုလို ပြောပြပါ၏၊

"ဒို့ပိဋကဓရ ဦးသဇ္ဇနက ပြောတယ်၊ အမေရိကန် တွေ စားပြီးရင် ကျန်တာတွေ အပိုလျှံတွေကို အာဖရိက တစ်တိုက်လုံး စားလို့ရတယ်"တဲ့၊ ဟာ... သူက အပြောကြီးတယ်လို့ တပည့်တော် ထင်တာ တကယ်တော့ ဖြစ်နိုင်တယ်ဗျ၊ ဘာပြုလို့ပါလဲ? "တပည့်တော် ထိုင်းမှာ သုံးနှစ်နေခဲ့ဖူးတယ်၊ ထိုင်းမှာ နေ့စဉ်နေ့စဉ် သံယာတွေကို ဆွမ်းကပ်ရင် တစ်ပါးစာ တစ်ပါးစာ ကြက်သားငါး အခြား ဟင်းအသီးအရွက် အချိုပွဲ အများကြီး အများကြီးကပ်တာ၊ ဆွမ်းစားပြီးရင် အများကြီး ကျန်တာ၊ ထိုင်းတွေ စားပြီးလို့ ကျန်တာတွေကို ကျွေးမယ် ဆိုရင် အာဆီယံ နိုင်ငံက လူတွေ ကျွေးလောက် တယ်ဗျ" တဲ့၊ ဤသည်မှာ စားပြီးသောအခါ အပိုလျှံကျန်ပုံတွေ အလဟဿဖြစ်ပုံ တွေကို ပြောပြခြင်းဖြစ်ပါ၏။

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်မှာလည်း ထိုနည်းလည်းကောင်း ဖြစ်ပါ၏၊ ကျောင်းတိုက်များမှာဖြစ်စေ အိမ်တိုင်းမှာဖြစ်စေ အလှူပွဲတိုင်းမှာဖြစ်စေ ချက်ကြပြုတ်ကြသောအခါ အပိုလျှံကျန်ကြသည်သာများပါ၏။

ဩဝါဒတော်နှင့်အညီ

ဘုရားအဆူဆူတို့၏ ဩဝါဒတော်၌ "မတ္တညုတာ စ ဘတ္တသ္မိ-ဆွမ်း၌ ခံယူရာမှာဖြစ်စေ ဘုဉ်းပေး သုံးဆောင်ရာမှာဖြစ်စေ အတိုင်းအရှည်ကို သိရမည်"ဟု ပါရှိ၏။

သို့ဖြစ်ရာ ဘုရားအဆူဆူတို့၏ ဩဝါဒတော် အတိုင်း ဆွမ်းထမင်း ဟင်းများကို ချက်ပြုတ်သောအခါမှာဖြစ်စေ ခံယူရာအခါမှာဖြစ်စေ ဘုဉ်းပေးသုံးဆောင်ရာအခါမှာဖြစ်စေ အတိုင်းအရှည်ပမာဏကို သိမည်၊ အပိုလျှံမရှိ ချက်ပြုတ် ခံယူ စားသောက်ကြမည်ဆိုပါလျှင် အလဟဿ မဖြစ်နိုင်တော့ပါ။

မစိုးရိမ်တိုက်သစ်ကြီးများ၏ အဓိပတိ မဟာနာယကချုပ်ဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ မထေရ်မြတ်သည်ကား "မတ္တညုတာ စ ဘတ္တသ္မိ"ဟူသော ဘုရားအဆူဆူတို့၏ ဩဝါဒတော်နှင့်အညီ အတိုင်း အရှည်ကို သိကာ ဘုဉ်းပေးသုံးဆောင်ခြင်းဖြစ်၏၊ အပိုအလို မရှိအောင် အလဟဿမဖြစ်အောင် ဘုဉ်းပေးသုံးဆောင်ခြင်း ဖြစ်ပါ၏။

အဓိမုတ္တတ္ထေရဂါထာ

ကာယဒုဋ္ဌုလ္လဂရုနော၊ ဟီယမာနမှိ ဇီဝိတေ။
သရီရသုခဂိဒ္ဓဿ၊ ကုတော သမဏသာဓုတာ။
(ထေရဂါထာပါဠိ-၂၄၄)

ဇီဝိတေ-အသက်သည်၊ ဟီယမာနမှိ-တဖြုတ်ဖြုတ်ဖြင့် ဆုတ်ယုတ်နေလသော် (ဝါ) ဆုတ်ယုတ်နေပါလျှက်၊ ကာယဒုဋ္ဌုလ္လဂရုနော- ကိုယ်ခန္ဓာ အရေအသားတိုးပွား သန်မာအောင် လုပ်ဆောင်ခြင်း၌ အလေးထားသော၊ သရီရသုခဂိဒ္ဓဿ-မွန်မြတ်သော အာဟာရစသည်တို့ဖြင့် မိမိ၏ ကိုယ်ကာယကို ချမ်းသာသဖြင့် တပ်မက်သော ရဟန်းအား၊ သမဏသာဓုတာ- ကောင်းသောရဟန်း မြတ်သောရဟန်း၏အဖြစ်သည်၊ ကုတော သိယာ- အဘယ်မှာ ရှိနိုင်ပါတော့အံ့နည်း။

http://www.dhammadownload.com



ကုတော သမဏသာဓုတာတိ ဧဝရူပဿ ပုဂ္ဂဿ သမဏဘာဝေန သာဓုတာ သုမဏတာ ကုတော ကေန ကာရဏေန သိယာ၊ ဧကံသတော ပန ကာယေ ဇီဝိတေ စ နိရပေက္ခဿ ကုတရိတရသန္တောသေန သန္တုဋ္ဌဿ အာရဒ္ဓဝီရိယဿေဝ သမဏသာဓုတာတိ အဓိပ္ပါယော။ (ထေရ ဋ္ဌ၊၁၊၂၂၈)

ကိုယ်ခန္ဓာ အရေအသား တိုးပွားသန်မာအောင် လုပ်ဆောင်နေသော ခန္ဓာကိုယ်၏ ချမ်းသာရေးကို မျှော်တွေးကာ မွန်မြတ်သောအာဟာရတို့ကို မက်မက်မောမော လောဘဇောဖြင့် သုံးဆောင်သော ရဟန်းအား "ရဟန်းကောင်း ရဟန်းမြတ်" အဘယ်မှာ ဖြစ်နိုင်ပါတော့မည်နည်း။

စင်စစ်ဧကန် အမှန်အားဖြင့် ကိုယ်၌လည်းကောင်း အသက်၌လည်းကောင်း ငဲ့ကွက်မှု မရှိသော ရသမျှလေးဖြင့်သာ တင်းတိမ်ရောင့်ရဲသော ဂန္ဆဓုရ ဝိပဿနာဓုရ နှစ်ပါးတို့၌သာ ကြိုးစားအားထုတ် အလုပ်လုပ်သော ရဟန်းသည်သာ "ရဟန်းကောင်း ရဟန်းမြတ်" ဖြစ်၏၊ ဤဆိုခဲ့ပြီးသောစကားရပ်ကား ဆိုလိုရင်းအဓိပ္ပါယ်ဖြစ်၏။

အို စာရှုသူ . . . အထက်ပါဂါထာကို နေ့စဉ် နေ့တိုင်း ရွတ်ဆိုသင့်ပါ၏၊ မကြာမကြာ ရွတ်ဆိုသင့်ပါ၏၊ ယင်းဂါထာကို ရွတ်ဆိုသော ရှင်ရဟန်းတို့အား ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ ရသမျှ ရှိသမျှလေးဖြင့် ရောင့်ရဲတင်းတိမ်ကာ ပရိယတ်, ပဋိပတ် သာသနာ့တာဝန်များကို ထမ်းဆောင်လိုသော စိတ်စွမ်းအားများ တိုးပွားလာမည်ဖြစ်ပါ၏။

ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ

အထက်ပါဂါထာကို ရွတ်ဆိုရသောအခါ မင်းကွန်း တိပိဋကဓရဆရာတော်ကြီးကို မြင်ယောင်မိပါ၏၊ မင်းကွန်း တိပိဋကဓရဆရာတော်ကြီးသည် ပိန်ပိန်ပါးပါး သေးသေးသွယ်သွယ် ဖြစ်ပါ၏၊ ခန္ဓာကိုယ်ကို ချမ်းသာစေ လိုသော စိတ်ထား မက်မောသော စိတ်ထားတို့ဖြင့် မဘုဉ်းပေးပါ၊ သာသနာ့အလုပ်အားထုတ်နိုင်ရုံသာ ဘုဉ်းပေးသုံးဆောင်ပါ၏။

မစိုးရိမ်တိုက်သစ်ကြီးများ၏ အဓိပတိမဟာနာယကချုပ်ဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသသည်လည်း ထိုနည်းလည်းကောင်း ဖြစ်ပါ၏၊ ဆွမ်းအာဟာရ ဘုဉ်းပေးသုံးဆောင်သောအခါ မျှတရုံသာ ဘုဉ်းပေးသုံးဆောင် တော်မူပါ၏၊ သာသနာ့အလုပ်ကို သာတစိုက်မတ်မတ် ကြိုးစားအားထုတ် အလုပ်လုပ်တော်မူပါ၏၊ ဗုဒ္ဓမြတ်စွာ သာသနာတော်အတွက် ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ အပင်ပန်းခံကာ ဆောင်ရွက်တော်မူပါ၏။

သမဏသာဓု

ဤနေရာ၌ ဒသမရွှေကျင်သာသနာပိုင် မြောင်းမြ ဆရာတော်ကြီး၏ "ဘုန်းကြီးပဲ မသေရုံစားရပြီးတာပဲ၊ ဝတ်ရ ပြီးတာပဲ၊ နေရ ပြီးတာပဲ၊ ဘာပူ စရာမှတ်လို့၊ မဟုတ်တာတွေကို မလုပ်ကြပါနဲ့"ဟူသော ဩဝါဒတော် ကိုလည်း လေးစားကြည်ညိုမိပါ၏။

သို့ဖြစ်ပါ၍ မြတ်ဗုဒ္ဓ၏သားတော် ရဟန်းတော်များသည် "ဤသည့်စားဖွယ်၊ အမယ်မယ်ကို၊ မြူးရယ်မာန်ကြွ၊ လှပရေဆင်း၊ ပြည့်ဖြိုးခြင်းငှာ၊ မသုံးပါဘူး၊ လေးဖြာ ဓာတ်ဆောင်၊ ဤကိုယ်ကောင်သည်၊ ရှည်အောင်တည် လျှက်၊ အသက်မွှေးရန်၊ မမောပန်းငြား၊ ဘုရားသာသနာ၊ ကျင့်နှစ်ဖြာကို၊ ကျင့်ပါနိုင်စေ၊ ဝေဒနာဟောင်းသစ်၊ မဖြစ်စေရ၊ ယာပိုထိမ်မျှလစ်၊ ခပ်သိမ်းပြစ်ကို၊ မဖြစ်လေ အောင်၊ ချမ်းမြေ့အောင်ဟု၊ သုံးဆောင်မှီဝဲပါသတည်း" ဟူသော ဆွမ်းဘုဉ်းပေးရာ၌ ဆင်ခြင်ရသော လက်ာနှင့် အညီ ကျင့်သုံးနေထိုင်ပါလျှင် "သမဏသာဓု-ရဟန်း ကောင်း ရဟန်းမြတ်" ဧကန်မုချ ဖြစ်ပါမည်။

အရှင်ကုဿိဓာဘိဝံသ
၂၆-၁၁-၂၀၁၂

http://www.dhammadownload.com



ရွှေပဒေသာဝိုင်ရှင်

အရှင်ဉာဏိကာဘိဝံသ၊ မုဒိတာရွှေကျောင်း

ဒီတော့ ဒီလိုသူတစ်ဦးက ကြုံတောင့်ကြုံခဲ့ ကိုယ်အလွန်လေးစားကြည်ညိုရတဲ့ ဆရာရင်းတစ်ပါးရဲ့ သက်တော်(၈၀)ပြည့်အထိမ်းအမှတ်ပူဇော်ပွဲအဖြစ် တပည့်သစ်, ဟောင်းတွေက စုပေါင်း ကျင်းပပြုလုပ်ကြမည့် ပူဇော်ပွဲအတွက် အမှတ်တရထုတ်ဝေမည့် စာအုပ်ထဲမှာ ပါဝင်ကာ စာရေးဖို့ တက်တက်ကြွကြွ ဖြစ်နေရမှာ၊ ခုတော့ ဒီလိုမဟုတ်၊ စာမူလက်ခံတဲ့ရက် ကုန်ခါနီးအထိ ရေးဖို့ မစနိုင်သေးဘူး။

တကယ်တော့ လက်နဲ့ ရေးတဲ့အထိ (အဲ- ကွန်ပျူတာနဲ့ ရိုက်တဲ့အထိ)သာ မရောက်တာ၊ စိတ်နဲ့တော့ အကြိမ်ကြိမ် ရေးကြည့်နေပြီးသား၊ သို့ပေမယ့် အခြားအကြောင်းအရာတွေ ရေးရာမှာ စာရေးတာ မြန်တယ်လို့ အသိအမှတ်ပြုခံရတဲ့ကိုယ်က ကိုယ်လေးစားတဲ့ ကိုယ့်ဆရာသမားအကြောင်း ရေးမယ်ဆိုတော့ လက်က ခပ်တွန့်တွန့်။

မိတ်ဆွေတစ်ပါးကတော့ "သူတောင် ရေးပြီးနေပြီ၊ ရေးတော့လေ"လို့ ကိုယ့်ကို ပြောပါတယ်၊ သူကိုတော့ "အဲဒေါ့လေ၊ ဘာနာမည်မှ မရှိတဲ့သူတွေကတော့ ဘာရေးရေး၊ ဘယ်လို နေနေ၊ ကောင်းကောင်း မကောင်းကောင်း အကြောင်းမဟုတ်ဘူးပေါ့"လို့ ပြန်ပြောလိုက်တယ်၊ ကိုယ်ကတော့ နာမည်တစ်လုံးနဲ့ နေတဲ့သူဆိုတဲ့ သဘောပေါ့။

တကယ်တော့ သူကို နောက်ပြောင်ပြီးပြောခဲ့သလို အမှန်တကယ် ကိုယ်က နာမည်တစ်လုံးနဲ့နေလို့ မရေးဖြစ်နိုင်သေးတာ မဟုတ်ပါဘူး၊ ဂုဏ်ကြီးလွန်းလို့ နာမည်တစ်လုံးနဲ့ နေတော်မူတဲ့ ကိုယ့်ဆရာသမားအကြောင်းမို့ ရေးဖို့ လက်တွန့်နေလို့ ကြုံကြာနေရတာပါ။

ကိုယ် ဘယ်လောက်ပဲ ရေးရေး၊ ဆရာတော်ရဲ့ ဂုဏ်ပင်လယ်သမုဒ္ဒရာများထဲက ဂုဏ်ရေစက် သေးသေးငယ်ငယ်လေးမျှလောက်ကိုပင်လျှင် ထင်ရှားအောင် ဖော်နိုင်စွမ်းရှိမယ်မဟုတ်ဘူးဆိုတာ ကိုယ့်ကိုပင် သိနေ

http://www.dhammadownload.com

တာ ကြောင့်ပါ၊ ဘာပဲဖြစ်ဖြစ် တပည့်တွေ စုပေါင်းပူဇော်ကြမည့် ထူးကဲတဲ့ ဒီလိုပွဲမျိုးမှာ ကိုယ့်လက်ရာလေး တစ်ခုမှ မပါလိုက်ရဘူးဆိုလျှင်ဖြင့် တစ်သက်တာလုံး နောင်တရလို့ ဆုံးမှာမဟုတ်တော့ဘူး၊ ကိုယ့်ဆရာရဲ့ အမှတ်တရ မှတ်တမ်းစာအုပ်မှာ အုတ်တစ်ချပ်အဆင့် မဟုတ်ခဲ့တောင် သဲတစ်ပွင့်မျှလောက်တော့ ပါကို ပါဝင်ရမယ် မဟုတ်လား၊ ဒါ့ကြောင့် မရဲတရဲနဲ့ ကျွဲလှည်းစီးတဲ့သဘောနဲ့ ကိုယ်ပြောချင်တဲ့ ဆရာတော် အကြောင်း ဝင်ပြောရပါတယ်။

ဆရာတော့် ဂုဏ်မမြောက်ခဲ့လျှင်တောင်မှ "ဒီဇင္ဇွား ဖနောင့်နဲ့ ပေါက်လိုက်ရ"ရယ်လို့ ရေရွတ်တော်မူရုံသာ ဆရာတော် တတ်နိုင်ပေလိမ့်မယ်၊ ရွှေဖနောင့်တော်ကတော့ ကိုယ့်ခေါင်းပေါ် ကျရောက်နိုင်တော့မယ် မဟုတ်ပေဘူးလေလို့ ကိုယ့်ကိုယ်ကို အားပေးရင်းပေါ့၊ ဟုတ်တယ်လေ၊ ကိုယ်က အဝေးတစ်နေရာမှာ ရောက်နေခဲ့လေပြီကိုး။

တပည့်တွေ ပြန်ဆုံလို့ ဆရာတော့်အကြောင်း ပြန်ပြောရင် ဆရာတော့် ဖနောင့်အကြောင်းက မပါမပြီးတဲ့ အကြောင်းလေ၊ ဆရာတော်က စာဆိုစာအံ့ လုပ်နေတဲ့ တပည့်တွေရှေ့မှာ စာအုပ်တစ်အုပ်ကို ကိုင်ရင်း စကြီ လျှောက်နေလေ့ရှိတယ်၊ ထူးခြားတာက တပည့် တစ်ပါးပါး စာဆိုမှားနေပြီဆိုလျှင် မှားနေတဲ့ တပည့် နားမှာ ဆရာတော်က ရောက်ရောက်နေတတ်တာ၊ ပါးလှပ်လှတဲ့ ဆရာတော့်နားက အမှားကို ချက်ခြင်း သိရုံမျှမက သွားနေတဲ့ ခြေထောက်ကလည်း "ဒီဇင္ဇွား ဖနောင့်နဲ့ ပေါက်လိုက်ရ"လို့ ပြောရင်း ပြောတဲ့စကား မဆုံးမီမှာပဲ ရွှေဖနောင့်တော်က ခေါင်းပေါ်ကို ကျလာတော့တာပါပဲ။

ဆရာတော်က လမ်းလျှောက်ရာမှာသာ မြန်တာ မဟုတ်ဘူး၊ ဖနောင့်ပေါက်ရာမှာလည်း အလွန်မြန်တော်မူပါတယ်၊ ခံရတဲ့ တပည့်က ကိုယ့်အလှည့်မှာ မော်မကြည့်ဝံ့ပေမယ့် သူများအလှည့်မှာ ဘေးနားက မော်ကြည့်လျှင်ဖြင့် နှုတ်က ဒီဇင္ဇွားလို့ အော်ငေါက်နေပေမယ့်လည်း ဆရာတော်ရဲ့ ပြုံးနေတဲ့ မျက်နှာကို မြင်ကြရစမြဲပါ၊ ဒါကြောင့်လည်း ဆရာတော်ရဲ့ ဖနောင့်ကို ကြောက်ပေမယ့် ဒီအကြောက်ဟာ ချစ်ကြောက်ရိုသေခြင်းသာ ဖြစ်တယ်ဆိုတာ တပည့်အားလုံးက နားလည်ကြခြင်း ဖြစ်ပါတယ်။

မော်ကြည့်တယ်ဆိုပေမယ့် မသိမသာပဲ ကြည့်ကြရတာပါ၊ သိသိသာသာကြည့်လို့ ဆရာတော် မိသွားလျှင်ဖြင့် "အောင်မာ ဒီဇင္ဇွားက ကိုယ့်စာကို ကြည့်တာ မဟုတ်ဘူး" ဆိုပြီး ဒုတိယဖနောင့်က မော်ကြည့်သူ ခေါင်းပေါ် ရောက်လာမှာ အသေအချာပဲလေ။

ဆရာတော်နဲ့ တပည့်များအကြား ချစ်ကြောက်ရိုသေဖြစ်စေတဲ့ အပြန်အလှန် နားလည်မှုရှိကြတဲ့ ဆက်ဆံရေးအကြောင်းအရာတွေက အများသားပါ၊ ပြောပြလို့ ကုန်နိုင်မယ် မဟုတ်သလို ဆရာတော်အနီးအနား ဝပ်တွားကာ ပညာမဆည်းပူးဖူးသူများ အနေနဲ့လည်း အချို့အရာများကို နားလည်နိုင်မယ် မဟုတ်ပါဘူး။

ခုဆိုလျှင် ဆရာတော်ဘုရားရဲ့ ရွှေဖနောင့်နဲ့ ထုဆစ်လိုက်လို့ ထွက်ပေါ်လာတဲ့ တပည့်တွေ မြန်မာပြည် တဝှမ်းမှာသာမက ကမ္ဘာအရပ်ရပ်မှာပင် ကျရာဝန်ထမ်း၊ နိုင်ရာတာဝန်ယူနေကြသူတွေ အမြောက်အများရှိနေပြီ၊ ဒီတပည့်တွေဟာဖြင့် "ရွှေဖနောင့်အောက်က ထွက်လာတဲ့ ရွှေတပည့်များပေါ့ဘုရား"လို့ ပြောမယ်ဆိုလျှင် "အောင်မာ အောင်မာ ဒီဇင္ဇွားက ကြွားက ကြွားသေး"လို့ ဆရာတော်က မိန့်တော်မူလေမလား၊ မိန့်ခဲ့မယ်ဆိုလျှင်တောင် ဆရာတော်ဘုရားရဲ့ နှုတ်ဖျားကတော့ ပြုံးလို့သာနေမှာပါ။

ပြောစရာရှိလာလျှင် မျက်နှာကြီးငယ်မထောက်ပဲ အချက်ကျကျ ပိုင်ပိုင်နိုင်နိုင်ပြောတဲ့ ဆရာတော်ရဲ့ စကားများက တစ်ခွန်းဆို ဆိုသလောက် မှတ်သားလောက်ပါတယ်၊ ဆရာတော်ဘုရား မိန့်ကြားခဲ့တဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ ဩဝါဒတွေထဲမှာ မှတ်မှတ်သားသားအဖြစ်ခဲ့ဆုံး ဩဝါဒတစ်ခုရှိတယ်၊ ဒီဩဝါဒဟာ နေရာဒေသအသီးသီး နယ်ပယ်အသီးသီးမှာ လူကြီးတာဝန်ယူနေကြသူတွေ အတွက် သတိစကားဖြစ်သလို အနာဂတ်မှာ လူကြီး လုပ်ကြမည့် သူတပည့်တွေအတွက်လည်း လမ်းညွှန်ချက် ဖြစ်တယ်လို့ ခံယူတယ်၊ ဒီဩဝါဒဟာ ဘဝအတွက် လမ်းညွှန်ချက်တစ်ခု၊ စံတစ်ခုလို့လည်း ဆိုနိုင်ပါတယ်။

တခါက ဆရာတော်ထံ ရောက်လာတဲ့ တိုင်းအဆင့်ရှိပုဂ္ဂိုလ်တစ်ဦးက သူတို့ပါတီရဲ့ သဘောတရားတွေကို ဆရာတော်ကို လျှောက်ထားပါတယ်၊ သူတို့ လမ်းစဉ်ဟာ ဘယ်လိုကောင်းမွန်ကြောင်း စသဖြင့်လည်း ဂုဏ်ယူ ဝင့်ကြွားစွာ ဆက်လက်လျှောက်ကြားပါတယ်၊ ဆရာတော်က ပြုံးနားထောင်နေပြီး "အေး မင်းတို့ ပါတီရဲ့ လမ်းစဉ်က ကောင်းပါတယ်၊ တကယ့်ကိုမှ ဘုရားအလောင်း လမ်းစဉ်ပါပဲ၊ ဒါပေမယ့် အဲဒီလမ်းစဉ်ကို

http://www.dhammadownload.com

ဦးဆောင် အကောင်အထည်ဖော်နေတဲ့ ခေါင်းဆောင်ဆိုတဲ့ အကောင်တွေက နွားလောင်းတွေ ဖြစ်နေတာ ခက်တယ်"လို့ မိန့်တော်မူပါတယ်၊ ကောင်းလှပါတယ်လို့ ဆရာတော်ကို လျှောက်ထားတဲ့ ပါတီကြီးနဲ့ လမ်းစဉ်ကြီးလည်း နောက်ဆုံးမှာ ပြိုလဲပျက်စီးပြီး အသံတောင် မကြားချင်လောက်အောင် လူအများရဲ့ မုန်းတီးရွံရှာမှုကို ခံသွားရ ပါတယ်။

"စည်းကမ်းဆိုတာ ကောင်းရုံနဲ့ မပြီးသေးဘူး၊ အဲဒီ စည်းကမ်းဟာ အများတကာ လိုက်နာနိုင်လောက်တဲ့ စည်းကမ်းဖြစ်ဖို့လည်း လိုတယ်"လို့ မိန့်တော်မူပါတယ်၊ တချို့အသင်းအပင်းတွေ အဖွဲ့အစည်းတွေမှာ စည်းကမ်းတွေ တော်တော်ကောင်းကောင်း ထုတ်ထားတတ်ကြပါတယ်၊ အချို့စည်းကမ်းများဟာ အကျိုးများရေးအတွက် ထက် ဟန့်တားရေးဖက်ကို ဦးတည်တဲ့ စည်းကမ်းများလို့လည်း ဆိုနိုင်ပါတယ်၊ သို့ပေမယ့် အဲဒီစည်းကမ်းတွေဟာ စာရွက်ပေါ်မှာသာပဲ ကောင်းတဲ့စည်းကမ်းမျိုး ဖြစ်နေတတ်ပါတယ်။

စည်းကမ်းကို ရေးဆွဲသူတွေရော ဦးစီးအကောင်အထည် ဖော်သူတွေရော အဖွဲ့ဝင်အများစုရော လိုက်နာဖို့ အခက်အခဲ ဖြစ်တတ်ပါတယ်၊ လိုက်နာဖို့ ခက်ခဲတဲ့ စည်းကမ်းများကို ပြဋ္ဌာန်းထားတဲ့အခါမှာ အများစု မလိုက်နာ နိုင်တာကြောင့် ဒီအခါမျိုးမှာ စည်းကမ်းချိုးဖောက်ရသူများအနေနဲ့ ကိုယ့်ကိုယ်ကို အပြစ်ကျူးလွန်သလိုမျိုး ခံစားရနိုင်ပါတယ်၊ စည်းကမ်းက မတရားမှန်းသိပေမယ့် ပြဋ္ဌာန်းထားတာက ရှိနေလေတော့ ချိုးဖောက်ရသူမှာ ကိုယ်အပြစ်လုပ်တာ မဟုတ်ဖူးလို့ သိနေတာတောင်မှ စိတ်ဓာတ် မလုံခြုံသလို ဖြစ်ရပါတယ်၊ လောကမှာ အတွာနုဝါဒဘေးဆိုတဲ့ စိတ်မလုံခြုံခြင်းဘေးဟာ အလွန်မှ စိတ်ကိုရွှပ်ထွေးနောက်ကျစေပါတယ်။

နောက်ပြီး ကိုယ်လုပ်တဲ့ အလုပ်ဟာ ကောင်းသောလုပ်ရပ် ဖြစ်ပေမယ့်လည်း ရဲရဲဝံ့ဝံ့လုပ်ဖို့ အခက်အခဲ ဖြစ်တတ်ပါတယ်၊ မရဲမဝံ့လုပ်ရတဲ့အလုပ်ဟာ ဘယ်မှာ အင်အားအပြည့်ပါနိုင်ပါတော့မလဲ၊ အင်အားအပြည့် မပါတဲ့သူတွေဆီက ထွက်လာတဲ့ရလဒ်ဟာ အကောင်းဆုံးအရာ ဖြစ်နိုင်မယ်မဟုတ်ပါဘူး၊ အထူးသဖြင့်တော့ အများသူငါ လိုက်နာဖို့ ခက်ခဲတဲ့ ဥပဒေသတွေဟာ လောကတိုးတက်ရေးမှာ အဟန့်အတား ဖြစ်နေတတ်တာသာ များပါတယ်။

အချို့ကျတော့လည်း စည်းကမ်းရေးဆွဲသူတွေကိုယ်တိုင်ကိုက ဒီရေးဆွဲတဲ့ စည်းကမ်းဟာ အခြားသူတွေအတွက်သာ ဖြစ်တယ်၊ သူတို့ကိုယ်တိုင် လိုက်နာဖို့ မဟုတ်ဖူးလို့ သဘောထားပုံရပါတယ်၊ ဥပဒေအထက်မှာ ဥပဒေပြဋ္ဌာန်းသူများက အငြိမ့်သားတက်ထိုင်နေကြပြီး ထင်တိုင်းခြယ်လှယ်နေကြခြင်းမျိုး ဖြစ်ပါတယ်၊ ဒီထက်ဆိုးတာကတော့ ဒီလိုဥပဒေမျိုးကို သုံးချင်တဲ့နေရာသုံးလိုတဲ့နေရာမှာသာ သုံးခြင်းပဲဖြစ်တယ်၊ လူမုန်းမူသုံးလူခင်မူပြင် ဥပဒေမျိုးတွေဟာ ဒီလိုနေရာများကထွက်လာတတ်တာများပါတယ်။

စည်းကမ်းနဲ့ ပတ်သက်ပြီး ချထားတဲ့ ဆရာတော်ရဲ့ မူတစ်ခုဟာလည်း မှတ်သားဖွယ်ကောင်းပါတယ်၊ ဆရာတော် တိုက်ရိုက်ကိုင်တွယ်တဲ့ တပည့်များထဲက ငယ်-လတ်-ကြီးစာသင်သားတွေ ဝါဆိုဦးရောက်တဲ့အခါ အာမခံ(၂)ပါး ရှာကြရတယ်၊ အာမခံ(၂)ပါးမရှိလျှင် တိုက်ထဲမှာ ဝါဆိုခွင့်မရှိပါဘူး၊ ဆရာတော်ရဲ့ အုပ်ချုပ်မှုက အဆင့်ဆင့် အုပ်ချုပ်မှုမျိုးပါ၊ ငယ်-လတ်-ကြီး စာသင်သားများကို စာချတန်းနှင့် စာချဘုန်းကြီးများက အုပ်ချုပ်ပြီး စာချတန်းနှင့် စာချဘုန်းကြီးများကိုတော့ နာယကဆရာတော်များက အုပ်ချုပ်ပါတယ်၊ နာယကဆရာတော်များ ကိုတော့ မဟာနာယကဆရာတော်ကြီးက အုပ်ချုပ်ပါတယ်။

အကယ်၍ ငယ်-လတ်-ကြီးစာသင်သား တပါးပါး အပြစ်ရှိလို့ နှင်ထုတ်ဖို့လိုလျှင် စာချတန်းနှင့် စာချဘုန်းကြီးများက နှင်ထုတ်ပိုင်ခွင့်ရှိပါတယ်၊ စာချတန်းနှင့် စာချဘုန်းကြီးတို့ နှင်ထုတ်ထားတဲ့ ငယ်-လတ်-ကြီး တပါးပါးကို နာယကဆရာတော်များနှင့် မဟာနာယကဆရာတော်တို့က ပြန်လည်လက်ခံပိုင်ခွင့် မရှိပါဘူး၊ နည်းတူပါပဲ၊ နာယကဆရာတော်များ နှင်ထုတ်ထားတဲ့ ငယ်-လတ်-ကြီး တပါးပါးကိုလည်း မဟာနာယက ဆရာတော်က လက်ခံပိုင်ခွင့် မရှိပါဘူး၊ သို့ပေမယ် စာချတန်းများနှင့် စာချဘုန်းကြီးများထဲမှ အာမခံပေးမည့် ပုဂ္ဂိုလ်ရှိလျှင် ဆက်လက်၍ နေထိုင်ခွင့်ပေးပါတယ်၊ မဟာနာယကဆရာတော် နှင်ထုတ်ထားတဲ့ တပါးပါးကို စာချတန်းနှင့်နာယကဆရာတော်တို့က အာမခံပေးလျှင် ဆက်လက်နေထိုင်ခွင့် ရှိပါတယ်။

ဆိုလိုတာက အောက်အဆင့်က နှင်ထုတ်လိုက်တဲ့သူကို အထက်အဆင့် ဆရာတော်များက ဗီတို အာဏာဖြင့် လက်ခံပိုင်ခွင့်မရှိပေမယ့် အထက်အဆင့်က နှင်ထုတ်ပြီးသား သူကိုတော့ အောက်အဆင့်က အာမခံလျှင်

http://www.dhammadownload.com

ဆက်လက်ပြီး နေထိုင်ခွင့် ရှိတယ်ဆိုတဲ့သဘောပေါ့၊ အုပ်ချုပ်ရေးမှာ တစ်ဦးဦးက အာဏာရှင်ဆန်မှာ မျိုးကို အကောင်းဆုံး ကာကွယ်ပေးထားတဲ့ သဘောပါ၊ ကရုဏာနဲ့ပညာ မျှတစွာ စီစဉ်ထားတဲ့ ဥပဒေသလို့လည်း ဆိုနိုင်ပါတယ်။

၂၀၁၁-ခု ဇူလိုင်လက ကိုယ့်ရဲ့ မုဒိတာရွှေကျောင်းကို ကိုယ်အလွန်လေးစားကြည်ညိုတဲ့ ကိုယ့်ဆရာသမား အရင်းရောက်ခိုက် ဖွင့်လှစ်နိုင်ခဲ့တယ်၊ ဒီအတွက်လည်း အလွန်ဝမ်းမြောက်မိတယ်၊ မြန်မာပြည် ပြန်ခါနီး (၂)ရက် အလိုမှာပဲ မိုင်ပေါင်း သုံးထောင်နီးပါးဝေးတဲ့ အမေရိကန် အရှေ့ဖက် အတ္တလန်တိတ်ကမ်းခြေကနေ အနောက်ဖက် ခြမ်း ပစိဖိတ်ကမ်းခြေမှာရှိတဲ့ ကျောင်းသစ်ဖွင့်ပွဲကို အပင်ပန်းခံကာ ကြွရောက်ချီးမြှင့်ပေးတဲ့အတွက် တပည့်တွေအပေါ်မှာ သနားကရုဏာကြီးမားတော်မူတဲ့ ဆရာတော်စိတ်ထားကိုလည်း ကြည်ညိုအားကျ ဖြစ်မိတယ်၊ ကိုယ့်အတွက်တော့ ဘယ်လိုမှ မမေ့ပျောက်နိုင်မယ့် မှတ်တိုင်တစ်ခုပေါ့။

စာများများ မရေးပေမယ့် ဆရာတော်ဘုရား ရေးသားခဲ့တဲ့ မစိုးရိမ်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ သူရိယာဘိဝံသ ထေရုပ္ပတ္တိကထာကတော့ တစ်အုပ်ဆို ဆိုသလောက် ပညာရှင်အများရဲ့ ခိုးကျူးအလေးထားမှုကို ခံရပါတယ်၊ ဒီစာအုပ်ဟာ ဆရာတော်ဘုရားကြီး ထေရုပ္ပတ္တိကထာဆိုပေမယ့် မစိုးရိမ်သမိုင်းလို့ ပြောလို့ရ လောက်အောင် မှတ်သားဖွယ်တွေ အတုယူဖွယ်တွေနဲ့ ပြည့်နေပါတယ်၊ ဆရာတော်ရဲ့ ရေးသားနည်းက ရှင်း လင်းသလို ရေးဟန်ကလည်း အကြောင်းအရာ အချက် အလက်ပေါ်မှာ တိုက်ရိုက်ဆန်တဲ့နည်းကို သုံးကာ တင်ပြ ထားပါတယ်။

ဆရာတော်ရဲ့ ဒီစာတစ်အုပ်ကပဲ စာရေးလိုတဲ့ ကိုယ့်အတွက် တွန်းအားကောင်းကောင်း ဖြစ်စေခဲ့တယ်၊ သို့ပေမယ် တွေးရတာ ပျော်တဲ့သူမို့လားတော့ မသိဘူး ပေါ့၊ တိုက်ရိုက်ရှင်းရှင်း ရေးသားထားတဲ့ ဆရာတော်ရဲ့ စာကို ဖတ်ခဲ့တာတောင် နားနားပြီး စဉ်းစားကာ အတွေး များနဲ့ ဖတ်ခဲ့ပါတယ်။

လွန်ခဲ့တဲ့ ၂၀၀၁-ခု ပထမအခေါက် ဆရာတော် ဘုရား အမေရိကကို ကြွတော့ အတွေးအမြင်မှာ ကိုယ် ရေးခဲ့တဲ့ဆောင်းပါးများကို ဆရာတော်ဖတ်ဖို့ ကပ်ပါတယ်၊ ဆရာတော်က သူတပည့်ရေးထားတဲ့ ဆောင်းပါးတွေကို ဖတ်ပြီး "မင်း စာတွေက အတွေးအခေါ်တွေ သိပ်များ လွန်းတယ်ကွ"လို့ မိန့်ပါတယ်၊ ဒုတိယအကြိမ်အဖြစ် ၂၀၁၁-ခုမှာ ဆရာတော် အမေရိကကို ရောက်တဲ့အခါ မှာလည်း ကိုယ်ရေးဖြစ်ခဲ့တဲ့ ဆောင်းပါးများကို ဆရာ တော်က စိတ်ပါဝင်စားစွာ ဖတ်ပါတယ်။

(၁၂)နှစ်ကျော်ကြာကြာ အမေရိကမှာ နေထိုင်ပြီး မြန်မာပြည်ကို ပြန်ရောက်တော့ ဆရာတော်အထံ အဖူးမျှော်ရောက်တဲ့အခါ "မင်းစာတွေက အတွေးအခေါ် တွေ များလွန်းတယ်"လို့ ဆရာတော်က မိန့်ပြန်ပါတယ်၊ ဆောင်းပါးတိုင်းမှာ အတွေးအခေါ်တစ်ခုခုကိုသာမက ရသတစ်ခုခုကိုပါ ပေးနိုင်အောင် ထည့်ကာရေးလေ့ရှိတဲ့ ကိုယ့်စာတွေအစား ပိုပြီးသိလွယ်အောင် တိုက်ရိုက်ကျကျ ရိုးရိုးရှင်းရှင်း ရေးသားဖို့ မိန့်လိုတာ ဖြစ်မယ်လို့ ယူဆ မိပါတယ်။

ကိုယ့်လို သာမန်တပည့်တစ်ပါး ရေးတဲ့စာကို အခွင့်သင့်တိုင်း အထူးဂရုပြုဖတ်တာကြောင့် ကျေနပ် ဂုဏ်ယူမိပါတယ်၊ ကိုယ်ကြည်ညိုလေးစားတဲ့ ကိုယ့် ဆရာက ကိုယ့်စာကို ဖတ်တာ သိရတဲ့ တပည့်တစ်ပါးရဲ့ ကြည်နူးကျေနပ်မှုမျိုးက များပြားလှတဲ့ ဆရာတော်ရဲ့ တပည့်တွေအကြား တပည့်အနည်းငယ်လောက်သာ ရရှိနိုင်မယ့် အခွင့်အလမ်းမျိုး ဖြစ်မယ်ထင်ပါတယ်၊ ဒီတစ်ခုတည်းနဲ့ကိုပဲ ဆရာတော်ရဲ့ သက်တော်ရှစ်ဆယ် ပြည့် စာအုပ်မှာ စာတစ်ပုဒ်နဲ့ ပူဇော်ဖို့ သင့်လှပြီမဟုတ် လား။

ဆရာတော်ဘုရားကတော့ သူရဲ့တပည့်ရေးတဲ့ စာကို အတွေးအခေါ်တွေ များကြောင်း မှတ်ချက်ပြုပါ တယ်၊ ကိုယ်ကတော့ ခုလို တွေးခေါ်မြော်မြင်တတ် အောင် သင်ကြားပေးခဲ့တဲ့အတွက် ဆရာတော်ဘုရားကို အလွန်မှပဲ ကျေးဇူးတင်မိပါတယ်။

ဆရာ့ဂုဏ်ရည်ကို မျှော်မှန်းဦးညွတ်လို့ သင်ကြား ပို့ချ ဟောကြားရေးသားရင်း ကျန်ရှိသက်တမ်းအတွင်း မမောပန်းနိုင်စွာသာလျှင်ပဲ သာသနာခရီးကို ဆက်လို့ နေပါဦးမယ်၊ ဒါသည်ပင်လျှင် ဆရာတော့်ကျေးဇူးကို အကောင်းဆုံးပေးဆပ်ခြင်း ဖြစ်ပေလိမ့်မယ်လို့လည်း ယုံကြည်မိပါတယ်။

ဆရာတော်ဘုရား ဖနောင့်အစုံကို ကြည်ယုဦးခိုက် လျက် . . .


အရှင်ဥက္ကိကာဘိဝံသ
မုဒိတာရွှေကျောင်း
ကာလီဖိုးနီးယား

http://www.dhammadownload.com

မစိုးရိမ်တပည့်ဖြစ်ရမည့်ကံကတာ

တပည့်-ဥတ္တရ၊ သာသနာ့ရုံသီဝိဟာရ

လွန်ခဲ့သော နှစ်ပေါင်း (၃၀)ကျော်လောက်က စိတ်ကူးယဉ် အိမ်မက်တစ်ခု မက်ခဲ့ဘူးသည်ကို ယနေ့တိုင် မှတ်မိနေသေးသည်၊ ဒါကတော့ မန္တလေးမြို့ မစိုးရိမ် ကျောင်းတိုက်မှာ ကျောင်းထိုင်နာယက ဖြစ်ချင်သည့် ဆန္ဒပင်၊ ထိုစိတ်ကူးယဉ်အိပ်မက်ကို မက်စေခဲ့သည်မှာ ရှမ်းပြည်နယ်တောင်ကြီးမြို့မှ သတိပဋ္ဌာန်ကျောင်းတိုက်ဆရာတော် ဦးစိန္တိတပင် ဖြစ်သည်၊ စာရေးသူ ငယ်စဉ် စာသင်သားဘဝက အစိုးရ ငယ်-လတ်-ကြီးစာမေးပွဲ အောင်မြင်ပြီးရင် ဓမ္မာစရိယစာမေးပွဲကို မဖြေဆိုသေးဘဲ



http://www.dhammadownload.com

အဘိဝံသဘွဲ့ တစ်ခုခုသာ ရအောင်ယူမည်ဟု စိတ်ကူးထားသည်။ ဘုန်ကြီးလောကမှာ ထိုးဖောက်နိုင်မည်၊ လူရိုသေ ရှင်ရိုသေ အဘိဝံသဘွဲ့တော့ လိုသေးသည်၊ သို့မှသာ ဘုန်ကြီးလောကမှာ ထိုးဖောက်နိုင်မည်၊ ရှေ့ခေတ်ကတော့ အဘိဝံသဘွဲ့ဆိုလျှင် မန္တလေးသကျသီဟနှင့် ရန်ကုန်စေတီယဂိုဏ်းဘို့သာ ရှိနေကြသည်၊ အခုခေတ်တော့ အဘိဝံသဘွဲ့တွေ အမျိုးမျိုးရှိနေကြသည်။

စာရေးသူလည်းရှမ်းပြည်နယ် ညောင်ရွှေစာမေးပွဲမှာ ဓမ္မာစရိယတန်းကို အောင်မြင်လျှင် အဘိဝံသ ဘွဲ့ရဖို့ရန် သေချာသလောက်ရှိနေသည်၊ ဘယ်ကပေးတဲ့ အဘိဝံသဖြစ်ဖြစ် တန်ဖိုးတော့ မနည်းလှပေဟု စာရေးသူအနေဖြင့် ခံယူထားသည်၊ အဘိဝံသဘွဲ့နှင့် စပ်၍ သတိပဋ္ဌာန်ဆရာတော်နှင့် မကြာခဏ တိုင်ပင် ဆွေးနွေးဖူးသည်၊ ညောင်ရွှေ ဘိနှင့်ပဲ တင်းတိမ်ရမလား? မန္တလေးရန်ကုန် ဘိတွေကိုပဲ ရယူမလား?ပေါ့၊

သတိပဋ္ဌာန်ဆရာတော်က မိန့်ဘူးသည်၊ "ဘုန်းကြီး လောကမှာ ဆိုရင်တော့ ညောင်ရွှေဘိက ကြွက်ဘိကွ၊ မန္တလေး ဘိကမှ တကယ့်ဘိကွ"ဟု မိန့်သဖြင့် ဘိများ ကွာခြားပုံကို မေးကြည့်မှ အရည်အချင်း အသက်ကန့် သတ်မှုများ ကွာခြားနေကြောင်း သိရသဖြင့် ခြော် ဟုတ်ပေသားဘဲလို့ ကောက်ချက်ချကာ မိတ်ဆွေသကျ သီဟလူထွက် ဒကာတစ်ဦး၏ အကူညီပေးမှုဖြင့် မိတ္ထီလာရှိ ရဟန်းမယ်တော်ကြီးကို ခေါ်ပြီး မန္တလေးမြို့ မြင်းဝန်မင်းကြီး ကျောင်းတိုက် မိတ္ထီလာကျောင်း ဆရာတော် ဦးဥတ္တံသာဘိဝံသထံသို့ လိုက်အပ်ပေးသည်၊ မြင်းဝန်ဆရာတော် ဦးဥတ္တံသာဘိဝံသသည် သကျသီဟ အသင်းမှာ သဒ္ဓါပုစ္ဆာ ထုတ်လွှဲရှိသဖြင့် သူထံတွင် သဒ္ဓါမသင်ဖူးလျှင် သဒ္ဓါဘာသာ အကျများသည်ဟု ပြောကြရိုး ရှိသည်၊ သကျသီဟစာမေးပွဲကို ဖြေဆိုလို့ သဒ္ဓါအမေးပုစ္ဆာကို မဖြေဆိုနိုင်လျှင် ဒီနှစ်တော့ မြင်းကန်သည်ဟု စာဖြေသံယာများအကြား ပြောဆိုလေ့ရှိသည်ကိုလည်း ကြားဘူးသည်၊ မန္တလေးရောက်လို့ ဆရာတော်ဦးဥတ္တံသထံ အပ်နှံပြီး သကျသီဟစာမေးပွဲ ဖြေဆိုလိုကြောင်း သူတပည့်တော်ခဲ့ဘူးသူ ဒကာက လျှောက်ထားလေသည်၊ ဆရာတော်ကြီးက သူ ပုစ္ဆာက မလုပ်တော့ကြောင်း ပြောသည်။

မန္တလေးနှင့် ရှမ်းပြည်ဟာ ရာသီဥတု နေရာဒေသ အစားအစာသိပ်မတူတော့ နေရထိုင်ရ စားရသောက်ရကာ ခဏတဖြုတ်တော့ မရင်းနှီးဘဲ ရှိနေလေသည်၊ ဒီအထဲ ကိုယ်နှင့်သိသူ တစ်ယောက်မှ မရှိလေတော့ နေရာဟောင်းနဲ့ မိတ်ဆွေဟောင်းများကို ပို၍သတိရနေသည်၊ မန္တလေးရောက်နေတုန်း အရင်က သိကျွမ်းခဲ့ဘူးသော မစိုးရိမ်တိုက်ကြီး အဘိဓမ္မာနယူပဒေသကျောင်းမှ မိတ်ဆွေ နောင်တော်ကြီး ဦးစက္ကိန္ဒထံသွားလည်ရရင် ကောင်းမယ်ဟု စိတ်ကူးပြီး မစိုးရိမ်တိုက်ကြီးကို သွားခဲ့သည်၊ ဟိုရောက်တော့ အကျိုးအကြောင်း ပြောပြသဖြင့် မစိုးရိမ်မှာ နေလိုလျှင် လျှောက်ပေးမည်ဟု ပြောပြီး ဓမ္မနယူ ပဒေသကျောင်း ဆရာတော် ဦးကဝိန္ဒာဘိဝံသထံ လျှောက်ထားသဖြင့် နေရာရခဲ့သည်၊ ထိုနှစ်က အာဂမ နယူပဒေသကျောင်း ဆရာတော် ဦးဥေယျာဘိဝံသက အာဂမ နယူပဒေသကျောင်းသို့ ပြောင်းရွှေ့သွားသဖြင့် ကျောင်းနေရာလစ်လပ်နေသည့်နေရာတွင် ဆရာတော် ဦးကဝိန္ဒာဘိဝံသ ဓမ္မကျောင်းသို့ ပြောင်းရွှေ့ချိန်နှင့် ကြုံနေသည်မို့ သံဃာသစ်လက်ခံနေသည်ဖြစ်၍ အတော်ကို အဆင်ပြေသွားသည်၊ သို့မဟုတ်ပါက မစိုးရိမ်ဆရာတော်များ တပည့်ဖြစ်ချင်မှ ဖြစ်လာမည်၊

မစိုးရိမ်ဆိုသည့်အတိုင်း ဆွမ်းကွမ်းမှ စ၍ သိပ်မစိုးရိမ်ရတော့ပေ၊ မိတ်ဆွေ နောင်တော်ကြီး ဦးစက္ကိန္ဒ၏ အကူအညီ အထောက်အပံ့များကို ရသဖြင့် ဆွမ်းခံအိမ်မှအစ စာတက်စာသင် လမ်းညွှန်မှုတွေအဆုံး အားလုံးပြည့်စုံခဲ့သည်၊ ရောက်စနှစ်ဆိုတော့ သကျသီဟစာမေးပွဲဝင်နိုင်အောင် ဘေဒစိန္တာ ကစ္စာယနသာရ စတာတွေကျက်နေရလို့ နှစ်ချင်းပေါက် သကျသီဟစာမေးပွဲဝင်ရောက်မဖြေနိုင်ခဲ့ပါ၊ နောင်နှစ်များတော့ သကျသီဟဝင်ဖြေလိုက်တော့သည်၊ တစ်နှစ် မအောင်လျှင် တစ်နှစ်တော့ အောင်ရမည်ဟု စိတ်ထဲ ထင်ခဲ့မိသည်။

နောက်ဆုံးနှစ်ရောက်လို့ အစွမ်းကုန်ကြိုးစားမည်ဆိုသည့် နှစ်ကျမှ မွေးရပ်မြေမှ မိမိ ဘဝအတွက် အင်

http://www.dhammadownload.com



မတန် ကျေးဇူးများလှသော ကျေးဇူးရှင် ငယ်ဆရာတော် ပျံလွန်တော်မူသည်ဟု အကြောင်းကြားလာ၍ မွေးရပ်ဇာတိမြေကို ဝါတွင်းကြီး ပြန်ရသည်၊ ဟိုရောက်တော့ "တစ်ပူပေါ် နှစ်ပူကဲ" ဆိုသည့်အတိုင်း ငယ်စဉ်က မှစ၍ ရှင်သာမဏေဖြစ်အောင် ပြုစုပျိုးထောင်ပေးခဲ့သော အဖွားလည်းဖြစ်၊ ငယ်ဆရာတော်၏ ဆွမ်းကွမ်းမှအစ ပစ္စည်းလေးပါး ရဟန်းမယ်တော်ကြီးလည်း ဖြစ်သော ကျေးဇူးရှင် အဖွားလည်း ဆရာတော်ကြီးနှင့် နှစ်ပတ်သာ ခြားပြီး ဆုံးပါးပြန်သဖြင့် စိတ်အနှောင့်အယှက် ကြီးစွာ ဖြစ်ရပြီး စာကျက်လို့ မရနိုင်အောင် ဖြစ်ခဲ့သည်။

အသုဘချပြီး တစ်ခေါက် မန္တလေးကို ပြန်လာခဲ့သည်၊ သီတင်းကျွတ်ခင်တခေါက် မွေးရပ်မြေသို့ ဆရာတော်ကြီး စံကျောင်းချရန်အတွက် ပြန်ရပြန်သည်၊ တောအရပ်ဒေသအရ ပြာသိုတပို့တွဲ စပါးရိတ်သိမ်းပြီးခါနီးတွင် ဆရာတော်ကြီး၏ အန္တိမစျာပနပွဲ ကျင်းပမှာမို့ သီတင်းကျွတ်ပြီး တန်ဆောင်မုန်းလမှစ၍ စျာပနပြီးသည် အထိ လုပ်ငန်းများဖြင့် ရှုပ်နေခဲ့သည်၊ တခါ ပြာသိုလ အတွင်း ဖခင်ဦးဇင်းကြီး ဘဝနတ်ထံ ပျံလွန်တော်မူသွားပြန်သည်၊ သုံးပူဆင့်ကဲသည်မို့ ဒီနှစ်တော့ သကျသီဟ စာမေးပွဲ နောက်ဆုံးနှစ်နဲ့ လွဲတော့မလားဟု စိုးရိမ်စိတ်များ ဖြစ်ခဲ့ရသည်၊

တပေါင်းတန်ခူးမှာ ကိစ္စအားလုံးပြီးတာနဲ့ စာကျက် မည်ဆိုပြန်တော့လည်း ကျေးဇူးရှင် ဆရာတော်ကြီးနှင့် အဖွား၊ အဖေ ဦးဇင်းကြီးတို့ရဲ့ သမိုင်းမှတ်တိုင် အရိုးအိုး စေတီများ ပြုလုပ်ရပြန်သဖြင့် တန်ခူးလ သကြိန်ပြီးမှ မန္တလေးမစိုးရိမ်သို့ ပြန်ရောက်ခဲ့သည်၊ စာကျက်ချိန် သိပ်မရှိတော့၊ နယုန်လမှာ သကျသီဟစာမေးပွဲ ဖြေဆို တော့မည်၊ ရွာမှ ပြန်လာအပြီး အမရပူရ (တောင်မြို့) တူမောင်းကျောင်းတိုက် ဆရာတော်ကြီး ဦးမေမိယထံတွင် စာကျက်ရင်း မသိနားမလည်နိုင်သေးသော သဒ္ဒါ သဂြိဟ် ဆန်းစသည်များကို သင်ကြားနေသည်၊ ဆရာတော်ကြီးက "ငါ့တပည့် မင်း သကျသီဟစာမေးပွဲ ဖြေဆိုနေရလို့ ဆွမ်းအတွက် မပင်ပန်းစေနဲ့ ငါကျောင်း လာစား ငါကျွေးထားမယ်"လို့ မိန့်ကြားသဖြင့် ဆရာတော် ကြီး၏ ဆွမ်းအမိ ကျောင်းအမှီဖြင့် နောက်ဆုံးနှစ် သကျ သီဟ စာမေးပွဲအတွက် စာကျက်ခဲ့ရသည်၊ ကျေးဇူးများ လည်းမနည်းလှပါ၊ ထို့ပြင် တူမောင်းကျောင်းတိုက်မှ စာချ ဆရာတော် ဦးဝိရိယ (ယခု ဓမ္မဘေရီဆရာတော်) နှင့် ဆရာတော် ဦးဇနကတို့၏ စောင့်ရှောက်မှုကလည်း မနည်း လှပေ။

တခါတရံ ဆွမ်းစားဝိုင်းတွင် စကားလက်ဆုံကြသည့်အခါ "ငါ့တပည့် မင်း ဘာမှပူမနေနဲ့ ငါ ဆွမ်းကျွေးနေရလို့ စာမေးပွဲအောင်ရမယ်"လို့ စိတ်မထင့်နဲ့၊ "သကျသီဟစာမေးပွဲဆိုတာ အောင်ဖို့မပြောနဲ့ ဝင်ဖြေဖို့တောင် မလွယ်ဘူးကွ၊ မင်း ဝင်ဖြေနိုင်တယ်ဆိုတာနဲ့တောင် ဒို့က ဂုဏ်ယူနေပြီ"ဟု ဆိုသဖြင့် အင်မတန်အားတက်မိပါသည်၊ သကျသီဟ နောင်ဆုံးနှစ်မို့ စိတ်များလည်း အလွန်လှုပ်ရှားနေရပါသည်၊ မအောင်ရင်တော့ ဘာလုပ်ရမလဲဆိုသည့် အတွေးများလည်း ရှိနေလေသည်။

စာမေးပွဲဖြေဆိုသည့် နေ့တစ်နေ့တွင် ဆွမ်းဒါယ

http://www.dhammadownload.com

ကာလည်းဖြစ် သကျသီဟအသင်း၏ ဒု-ဥက္ကဋ္ဌလည်း ဖြစ်သည့် ရွှေပန်းတိမ် ဦးချစ်မောင်က "ဦးဇင်း ဘာမှ စိတ်မပူနဲ့ (၅)မှတ်လောက်လိုနေရင် တပည့်တော် အလှူခံနိုင်တယ်၊ အရှင်ဘုရား အောင်စေရမယ်"ဟု အားပေးသဖြင့်လည်း အားတက်မိပြန်သည်၊ ထိုနှစ်တွင် သင်္ကြိဟ်ပုစ္ဆာ အင်မတန် ခက်သည်၊ မေးကြည့်သမျှ မိတ်ဆွေဦးဇင်းတွေတိုင်း သင်္ကြိဟ်ပုစ္ဆာ မဖြေနိုင်ကြ၊ မိမိလည်း အဲဒီအထဲတွင် တစ်ယောက် အပါအဝင်၊ သို့နှင့် စာမေးပွဲဂေဇက် ထွက်လာတဲ့အခါကျတော့ မဟာဝိသုဒ္ဓါရုံ တိုက်သစ်မှ ဦးပညာသီဟာလင်္ကာရ တစ်ပါးသာ ထိုနှစ်အတွက် အောင်ပန်းဆွတ်ခူးခဲ့သည်၊

သကျသီဟနှင့် ဝေးပြီး အတူနေမိတ်ဆွေ ဦးပညာဝရ (ယခု ဩစတေးလီယားနေ)ကို စာမေးပွဲ ပြီးချိန်တွင် မိမိကိုယ်တိုင် စိတ်ဓာတ် ကျနေသဖြင့် "ဦးဇင်း တပည့်တော် သကျသီဟ မအောင်တဲ့အတွက် ဘုန်းကြီးဘဝမှာ နေလို့ ဘာမှထူးမှာမဟုတ်ဘူး၊ မစိုးရိမ်နာယက ဘုန်းကြီး မဖြစ်မည့်အတူတူ လူထွက်တာဘဲ ကောင်းပါတယ်"ဟု ညီးတွားပြမိသည်၊ ဦးပညာဝရက "ဦးဇင်းရာ သကျသီဟမအောင်လည်း ဘာမှ မဖြစ်ပါဘူး၊ ဦးဇင်း ဉာဏ်ကောင်းသားပဲ တိပိဋကဝင်ဖြေပေါ့"တဲ့၊ အားပေးစကား ပြောကြားရင်း နှစ်သိမ့်ခဲ့သည်၊ မပြန်ခင် ယခု မစိုးရိမ်တိုက်သစ် မဟာနာယကချုပ်ဆရာတော်ကြီး ဦးရာဇဓမ္မာဘိဝံသနှင့် မစိုးရိမ်တိုက်ကြီးမှ ပိဋကနယူပဒေသကျောင်း ဆရာတော်ကြီး ဦးကောဝိဒါဘိဝံသတို့ထံ ဓမ္မာစရိယစာဝါများကို သင်ယူခဲ့သည်။

တောင်ကြီးပြန်ရောက်ပြီး (၈၈)မှာ တပြည်လုံးဆန္ဒပြ အရေးအခင်း ဖြစ်ပြီးနောက် ထိုင်းနိုင်ငံမှတဆင့် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့သို့ ရောက်ရှိခဲ့သည်၊ မစိုးရိမ်ဆရာတော်ကြီး ဦးကောဝိဒါဘိဝံသမှာ ၂၀၀၃-မှ လန်ဒန်သို့ သာသနရံသီဝိဟာရကျောင်းသစ် ကျောင်းဖွင့်ပွဲသို့ ပင့်သဖြင့် ကြွလာသည်၊ ၂၀၀၆-ခုနှစ်မှာ ဆရာတော်ကြီး ဦးရာဇဓမ္မာဘိဝံသကတော့ ပထမတစ်ခေါက် ညီတော် ဦးဩသဓောရနှင့် လန်ဒန်သို့ ခဏရောက်လာရင်း ဖူးတွေ့ခွင့်၊ မိမိကျောင်းမှာ ပင့်ပြီး ပြုစုခွင့် ရခဲ့သည်၊ ၂၀၁၀-တွင် ဒုတိယအကြိမ်အဖြစ် လန်ဒန်နှင့်တကွ ဥရောပနိုင်ငံများသို့ ပင့်သဖြင့် ကြွရောက်လှည့်လည် တရားဟောပြသတော်မူခဲ့သည်၊ လန်ဒန်မှ ပြန်ကြွပြီးနောက် ဆရာတော်ကြီးထံမှ စာတစ်စောင် ရရှိသည်။

"ဥတ္တရ သိလိဋ္ဌ ဩသဓနှင့် ပညာစာရတို့ ငါလည်း ကျန်းမာရေးကောင်းပါတယ်၊ မင်းတို့အားလုံး ညီညီ ညွတ်ညွတ်နဲ့ နေကြ၊ တဦးနဲ့တဦး ခင်ခင်မင်မင် နေကြ၊ ဒို့နိုင်ငံမှာ ရန်ဖြစ်နေကြတာ အတ္တဒိဋ္ဌိ အတ္တမာန တွေ များနေလို့ပဲကွ၊ အတ္တဒိဋ္ဌိ အတ္တမာနဆိုတာ အကုသိုလ် အကုသိုလ်ဆိုတာ ဆိုးပင်၊ ဆိုးပင်စိုက်ပျိုးရင် ဆိုးကျိုးပဲ ရမှာကွ၊ အချင်းချင်း ညီညွတ်တယ်ဆိုတာ မေတ္တာ၊ မေတ္တာက ကုသိုလ်၊ ကုသိုလ်ဆိုတာ ကောင်းပင်ခေါ်တယ်၊ ဥတ္တရက ဘုရားဂုဏ်တော်တွေကို ရွတ်တဲ့အခါ လက်အုပ်ချီတာ တွေ့ရတယ်၊ အင်မတန် ကောင်းတယ်၊ ကောင်းတဲ့ အကျင့်ဆိုတာ မင်းတို့ အတုယူရတယ်ကွ"ဟု ညီညွတ်ရေး ဩဝါဒတွေကို စာရေးတိုင်း ထည့်ပြီးမိန့်လေ့ ရှိသည့်အပြင် အတုယူစရာများကိုလည်း ထည့်ပြီးမိန့်လေ့ ရှိသည်။

တခါ အမိနိုင်ငံ အမျိုးသားရေးအတွက်လည်း ထည့်သွင်းမိန့်ကြားတော်မူလေ့ရှိသည်၊ "မင်းတို့ ဘယ်နိုင်ငံ ရောက်ရောက် ဗမာပရိသတ်နဲ့ စကားပြောတဲ့အခါ ညီညွတ်ရေးကို အထူးဦးစားပေးပြီး ပြောပါ၊ နိုင်ငံခြားမှာ နေတဲ့သူတွေက ဗမာပြည်မှာ နေတဲ့သူတွေထက်စာရင် စာဖတ်အားတော့ များဟန်တူတယ်၊ ဒါပေမဲ့ မပြည့်စုံသေးဘူး၊ နိုင်ငံရေးဆိုတာ အာဏာရတို့ လုပ်တယ်ထင်နေကြတယ်၊ ကိုယ့်နိုင်ငံ ကောင်းဖို့အတွက် ကိုယ်တတ်နိုင်သည့်ဘက်က အလုပ်လုပ်တာဟာ နိုင်ငံရေးဘဲ၊ မင်းတို့ နိုင်ငံခြားရောက်နေတဲ့ လူငယ်တွေ"အင်္ဂလန်၊ အမေရိက၊ နယ်သာလန်၊ ဂျာမနီ၊ ပြင်သစ်စတဲ့ နိုင်ငံတွေ နေချင်လိုက်တာ"ဆိုတဲ့ စိတ်ဓာတ်ထက် "ဒို့ဇာတိ ဒို့နိုင်ငံကို ဖွံ့ဖြိုးပြီး နိုင်ငံများလို ဖြစ်အောင် ဘယ်လိုလုပ်ကြမလဲ" ဆိုတဲ့ စိတ်ဓာတ်က ပိုအရေးကြီးတယ်၊ အလားအလာကောင်းပြီး မဖွံ့ဖြိုးတာဟာ မညီညွတ်လို့ဆိုတာ သိဖို့လိုတယ်"။

ထို့ပြင် ဆရာတော်ကြီးသည် နိုင်ငံခြားတိုင်းပြည်များသို့ ဗဟုသုတအဖြစ်ဖြင့် ကြွတော်မူသော်လည်း

http://www.dhammadownload.com

နိုင်ငံခြားတိုင်းပြည်များကို အထင်ကြီးပြီး နေသည်မဟုတ်၊ နိုင်ငံခြားတိုင်းပြည်လိုသာ မိမိတိုင်းပြည်ကို ဖြစ်စေလိုကြောင်းသာ မိန့်ကြားတော်မူရာတွင် တစ်ချိန်က အမေရိကန်နိုင်ငံမှ ပြန်ကြွတော်မူပြီး ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဗိုလ်ချုပ်ကြီးခင်ညွန့်တို့နှင့် ဆုံရာတွင် ဗိုလ်ချုပ်မှူးကြီးက "ဆရာတော် အမေရိကန်နိုင်ငံ အတော်ကောင်းရဲ့လား ဘယ်လိုနေလဲ" စသည် မေးမြန်းလျှောက်ထားရာ ဆရာတော်ကြီးက "အမေရိကန်ဟာ ကောင်းတယ်ဆိုတာထက် ကျုပ်တို့နိုင်ငံကို အမေရိကန်လို ကောင်းစေချင်တယ်" ဟုသာ မိန့်ကြားတော်မူဖူးသည်ဟု အမိန့်ရှိဖူးသည်။

မိမိတို့ထံ ရေးသားသော စာထဲတွင်လည်း ၂၀၁၀-ခုနှစ် ဥရောပနိုင်ငံများမှ ပြန်ကြွအပြီး စင်ကာပူနိုင်ငံ ဆရာတော် ဦးရာဇိန္ဒ၏ ပင့်လျှောက်ချက်အရ ကြွသွားပြီး အင်ဒိုနီးရှားနိုင်ငံမှအပြန် ရေးသားလိုက်သော စာ တစ်စောင်ထဲတွင် "အေး ငါလည်း စက်ာပူရောက်တုံး ရာဇိန္ဒက ဆေးစစ်ပေးလို့ အားလုံးကောင်းပါတယ်တဲ့၊ ဘာရောဂါမှ မရှိသေးဘူးလို့ ပြောတာဘဲ၊ ဒါပေမဲ့လို့ သေမည့်ရောဂါရရင်တော့ ဘယ်နေနေ သေမှာပါကွာတဲ့၊ အေး တစ်ခုတော့ ရှိတာပေါ့၊ သေတဲ့အခါ စင်ကာပူ မသာတို့၊ ထိုင်း မသာတို့လို့ ဆိုပြီး ကြွားလို့တော့ ကောင်းတာပေါ့ကွာ" တဲ့၊ ထိုစာကို ဖတ်ရင်း ရယ်လည်းရယ်မိ၊ အမိမြန်မာနိုင်ငံ၌ အများပြည်သူလူထု ကျန်းမာရေးအတွက် အစိုးရအနေဖြင့် ထောက်ပံ့ကူညီမှုတွေ နည်းနေကြောင်းနှင့် ကျန်းမာရေးအတွက် အာမခံချက်တွေ မရှိကြောင်း သိရတဲ့အတွက်လည်း စိတ်မကောင်းဖြစ်ရသည်။

ဆရာတော်ကြီးက ဆရာတော်ဦးမဟောသဓပဏ္ဍိတ နေမကောင်းကြောင်း သိရလို့ ဦးဩသဓဆီစာပြန်ရေးတဲ့အခါ သံဝေဂလက်ာလေးဖြင့်လည်း ရေးသားဆုံးမစကား ပြောကြားလိုက်သေးသည်၊ "မင်းစာဖတ်ရမှ ဦးမဟော ကျန်းမာရေး သိရတော့တယ်၊ ဆုတောင်းပေးရုံမှတပါး ဘာမှ မတတ်နိုင်ဘူး၊ သေမယ့် ရောဂါဆို အမေရိကန်လည်း ပျောက်မယ်မထင်ဘူး၊ အခမဲ့ ဆေးကုသခွင့် ရတယ်ဆိုတော့ တော်သေးတာပေါ့၊ ငွေရေးကြေးရေး အတွက် မပူပန်ရတော့ဘူး မလုံးပမ်းရတော့ဘူး၊ (တစ်နေကွယ် သေနယ်သို့ တစ်ခါကူး၊ မေ့လျော့ကာ သေဘူးထင်ပါနဲ့၊ နေကွယ်တာ အကြိမ်များလျှင်ဖြင့်၊ သေနယ်ရွာ တစ်ကြိမ်သွားရမယ် တားမရဘူး)တဲ့။

နိုင်ငံရပ်ခြား ရောက်သော်လည်း ဘဝမမေ့ကြဖို့ တရားမမေ့ကြဖို့ကိုလည်း အမေရိကန်နိုင်ငံ နယူးယောက်သို့ ကြွတော်မူသောအခါ ဤသို့ မိန့်ကြားတော်မူလေ့ရှိသည်၊ "မင်းတို့အားလုံး အမေရိကန် ရောက်နေကြလို့ အမေရိကန်ကို နတ်ပြည်လို့ မှတ်မနေနဲ့ကြနဲ့၊ နတ်ပြည်ဆိုတာ အပူအအေး မျှတတယ်၊ မင်းတို့ အမေရိကန်က ပူတဲ့အခါ တအားပူတယ်၊ အေးတဲ့အခါ တအား အေးတယ်"တဲ့၊

ဟုတ်ပေ၏၊ တချို့လည်း ကမ္ဘာအဆင့်မိနိုင်ငံကြီးတွေကို ရောက်နေတဲ့အခါ ပုထုဇဉ်သဘာဝအတိုင်း ဘဝမေ့ပြီး မာနတွေတောင် တက်နေကြသေးသည်ကို တွေ့မြင်ရသဖြင့် အထူးသတိပေးသော ဆုံးမစကားပင် ဖြစ်သည်၊ ကုသိုလ်ရဖို့ရန် ဆုံးမပေးခြင်း ဖြစ်သည်၊ ဆရာတော်ကြီး၏ ဆုံးမသြဝါဒများမှ တချို့သာ ဖြစ်ပါသည်၊ သို့သော် ထိုဆုံးမစကားများသည် မိမိအတွက် အင်မတန်မှ တန်ဖိုးထားရသော ဆရာ့ဆုံးမစကားများ ဖြစ်ပါသည်၊ ထိုဆုံးမစကာများကို ဖတ်ရင်း မိမိရဲ့ စိတ်ထဲတွင် "အော် အခုလို ဆုံးမစကားရဲ့ သန္ဓေအစ ကတော့ မစိုးရိမ်မှာ နာယကကြီးလုပ်ချင်တဲ့ ဆန္ဒက တစ်ဆင့် မစိုးရိမ်ဆရာတော်ကြီး၏ တပည့်ဖြစ်ခဲ့ရသည့် အကျိုး ရလာဘ်ဘဲ"ဟု မစိုးရိမ် စာသင်သားဘဝ၏ ပုံရိပ်များ မျက်စိထဲတွင် မြင်ယောင်မိပါတော့သည်။

ထပည့်-ဥတ္တရ

သာသနာ့ရုံသီ ဝိဟာရ

ယူကေနိုင်ငံ၊ လန်ဒန်မြို့

၂၈၊ ၁၁၊ ၂၀၁၂


http://www.dhammadownload.com

မစိုးရိမ်စေတွဲမစိုးရိမ်

ဒေါက်တာအရှင်ဆေကိန္ဒ

အချိန်က မန္တလေးကို ရောက်နေတဲ့အခိုက် မိမိရဲ့ အလေ့အထအတိုင်း အချိန်လွတ်ကလေး အနည်းငယ် ရလိုက်တာနဲ့အမျှ မိမိရဲ့ဆရာသမားများ အထံသို့ ဝင်ရောက်ဦးခိုက်တဲ့အချိန်၊ အဲဒီနေ့က မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးရဲ့ မျက်မှောက်ကို ရောက်နေခဲ့ပါတယ်။

ဆောင်ရွက်ဖွယ် ကိစ္စများအတွက် ဩဝါဒခံလျှောက်ထားအပြီး စကားစပ်၏ နောက်သို့ လိုက်ရာမှ



http://www.dhammadownload.com

ဆရာတော်ကြီးအား လျှောက်ထားလိုက်မိပါတယ်။

"ဆရာတော်ဘုရား ဩစတေးလျနိုင်ငံမှာ တပည့်တော်ရဲ့ ဓမ္မဒူတအမည်နဲ့ ကျောင်းရှိပါတယ်ဘုရား၊ ဆရာတော်ကြီး ကြွရောက်ချီးမြှောက်ပေးနိုင်ရင် ဘုရား တပည့်တော် ပင့်ဆောင်ပေးချင်ပါတယ်ဘုရား"။

"ဟေ ဩစတေးလျမှာ ကျောင်းရှိသလား?"

"ရှိပါတယ်ဘုရား၊ အဓိက မတည်လှူဒါန်းတဲ့ ကျောင်းဒကာက 'စမြင့်ဆွေ'လို့ ခေါ်ပါတယ်ဘုရား၊ သဒ္ဓါတရားရှိတဲ့ ကျောင်းဒကာပါဘုရား၊ ဆရာတော်ဘုရား ကြွရောက်ချီးမြှောက်ခဲ့ရင် အလွန်ပဲ ပီတိဖြစ်ပါလိမ့်မယ် ဘုရား၊"

"အေး ကြွတာပေါ့"

ဆရာတော်ကြီးရဲ့ အထံမှ လက်ခံတော်မူတဲ့ စကားကို ရလိုက်တဲ့ အခါမှာ မိမိရဲ့ ဝမ်းသာမှုပီတိဟာ အတိုင်းထက်အလွန် မြင့်တက်လာပါတယ်၊ ပီတိနဲ့ ရောယှက်နေတဲ့ စိတ်ကြည်လင်မှုအတွင်းမှာ ပုံရိပ်မျိုးစုံတွေက ရုပ်ရှင်ဗီဒီယို ပြနေသလို ပေါ်လာလိုက်တာ၊ မိမိကိုယ်တိုင်ရော ဆရာတော်ကြီးပါ အဲဒီပုံရိပ်တွေထဲမှာ ကိုယ်တိုင် ဝင်ရောက်ပြီး သရုပ်ဆောင်နေသလို၊ တကယ် ဖြစ်နေသလိုနဲ့ အဟောင်းတွေ အသစ်ဖြစ်ပြီး ပုံရိပ်တွေက အစစ်တွေ ဖြစ်နေတော့တာပေါ့၊ ဟုတ်တယ်လေ၊ ပုထုဇဉ်တွေအတွက်ကတော့ သံသရာတစ်ခွင်မှာ အမြဲကြုံခဲ့ဖူးသာ နိဗ္ဗာန်ပရမတ်တရားမှတပါး မတွေ့ဖူး မကြုံဖူး မဖြစ်ဖူး မရောက်ဖူးဆိုတာတွေက ရှိမှ မရှိပဲကိုး။

မိမိလည်း သာသနာပြုခရီးအနေနဲ့ ဩစတေးလျနိုင်ငံကို ပထမဆုံးအကြိမ် ရောက်ခဲ့စဉ်တုန်းက ရောက်ခဲ့တဲ့ နေရာတိုင်းလိုလိုဟာ အိပ်မက်ထဲမှာ ကြုံဖူးသလိုလို၊ တကယ်ပဲ ဒီနေရာထဲမှာ ရောက်ခဲ့ဖူးသလိုလို ခံစားခဲ့ရတာတွေကလည်း အကြိမ်ကြိမ်ပါပဲ။

ဆရာတော်ကြီးရဲ့ လက်ခံမှုအရ ဩစတေးလျနိုင်ငံ ခရီးစဉ်ကို မိမိကိုယ်တိုင် စီစဉ်ခဲ့ပါတယ်၊ သို့ပါသော်လည်း ဆရာတော်ကြီးရဲ့ သာသနာပြု ခရီးစဉ်အချို့နဲ့ မိမိခရီးစဉ်တို့ တိုက်ဆိုင်နေတဲ့အတွက် ဆရာတပည့် အတူ ခရီးထွက်ခွင့်မရခဲ့ပါဘူး၊ ဒါကြောင့် ဆရာတော်ကြီးရဲ့ ခရီးစဉ်ကို ပစ္စာသမဏအဖြစ် ခရီးသွားကံကောင်းလေရှိတဲ့ ပစ္စာသမဏကို ထည့်ပေးရတဲ့အတွက် ခရီးစဉ်တစ်ခုလုံး အဆင်ပြေမယ်ဆိုတာ ယုံပါတယ်။

ဆရာတော်ကြီးတို့ ခရီးစဉ်တစ်လျှောက်လုံး အတွက် မေတ္တာပို့သရင်း ကျန်ရစ်ခဲ့တဲ့ မိမိအနေနဲ့ စိတ်ထဲမှာ အမျိုးမျိုးသော ပုံရိပ်တွေက ပေါ်ပေါက်လာပါတယ်၊ ယခု သွားနေတာက ဦးဓမ္မရက္ခိတ၊ နောက်ပြီး ဩစတေးလျမှာ ရှိနေပြီးဖြစ်တဲ့ ဦးစက္ကိန္ဒတို့၊ ဦးကဝိသာရတို့၊ ဦးဇနိတတို့ကပါ အလှည့်ကျ ဆရာတော်ကြီးနဲ့အတူ သွားနေကြတာ ဆိုတော့ ဒီဆရာတပည့်တွေရဲ့ ခရီးသွားပုံရိပ်တွေက ပုံဖော်စရာမလိုဘဲ မိမိစိတ်မှာ ပုံပေါ်နေလို့နေပါတယ်၊ ဓမ္မဒူတကျောင်းဒကာ စမြင့်ဆွေတို့ မိသားစုတွေရဲ့ ပုံရိပ်တွေလည်း ပေါ်နေတာပေါ့။

ဒါ့အပြင် မိမိစိတ်အစဉ်မှာ ဘုရားရှင်လက်ထက်က ကျောင်းဒကာကြီး စိတ္တသူကြွေယ် အကြောင်းတွေပါ ပုံရိပ်တွေ ပေါ်လာပါတယ်၊ ဘုရားရှင်ရဲ့ ဩဝါဒတော်နဲ့အညီ သာသနာပြုခရီးကို ကြွချီတော်မူရာ အရှင်မဟာနာမ် မထေရ်မြတ်ကြီးလည်း ပါဝင်တော်မူခဲ့ပါတယ်၊ အရှင်မဟာနာမ် မထေရ်မြတ်ကြီးဆိုတာ ဘုရားရှင်ရဲ့ တရားဦး ဓမ္မစကြာတရားတော်ကို နာကြားခွင့်ရတဲ့ ပဉ္စဝဂ္ဂီငါးပါးထဲက တစ်ပါး အပါဝင်ပါပဲ။

အရှင်မြတ်ကြီးသာသနာပြုခရီး ကြွချီရာမှာ သာဝတ္ထိမြို့နဲ့ မိုင်ပေါင်းရာချီ ဝေးကွာတဲ့ မစ္ဆိကာသဏ္ဍဆိုတဲ့ မြို့ကလေးကို ရောက်လာတယ်၊ အရှင်မြတ်၏ ကြည်ညိုဖွယ်ရာ ကိုယ်အမူအရာ အသွင်အပြင်တွေကို ဖူးမြော်ကြည်ညိုရပြီး မိမိရဲ့နေအိမ်ကို ဆွမ်းပင့်ကပ်တဲ့ စိတ္တသူကြွေယ်ကြီးဟာ ဆွမ်းကပ်ရုံတင် ရောင့်ရဲမှုမရှိပါဘဲ မိမိပိုင်ဆိုင်တဲ့ ဂွေးပင်တောဥယျာဉ်ကို ကျောင်းဆောက်ကာ အမြဲသီတင်းသုံးတော်မူပါရန် လျှောက်ထားလိုက်ပါတယ်။

ဘဝများစွာ ပါရမီဖြည့်ဖော်ဖြည့်ဖက် ဖြစ်တော်မူတဲ့ ဆရာဒကာတွေဟာ ဒကာက ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းသလို ဆရာ့ဘက်ကလည်း တရားရေအေး တိုက်ကျွေးပါတယ်၊ ဆရာဒကာ ညီညွတ်စွာနဲ့ပဲ ဆရာသခင်ရဲ့ အာယတနတစ်ဆယ့်နှစ်ပါးကို ဝေဖန်ဟောကြားပြတဲ့ တရားတော်ကို နာကြားရတဲ့ စိတ္တသူကြွေယ်ကြီးဟာ ဝိပဿနာဉာဏ် ရင့်သန်ပြီး သောတာပန်အရိယာအဖြစ်ကို ရောက်ရှိခဲ့ပါတယ်၊ စိတ္တသူကြွေယ်ကြီးဟာ ဒါနဒ္ဒသာ မွေ့လျော်သူမဟုတ်၊ သီလ, သမာဓိ, ပညာကိစ္စတို့၌လည်း မွေ့လျော်သူ ဖြစ်ပါတယ်၊ သဒ္ဓါအားကောင်းသူပီပီ ပစ္စည်းလေးမြောက်လည်း ထောက်ပံ့၊ အဆုံးမတရားတော်တွေကိုလည်း အမြဲ နာကြားမှတ်သားလေ့ရှိပါတယ်၊ ဒါကြောင့် သံဃာတွေနဲ့ ကျောင်းတိုက်ကြီးဟာ တစ်နေ့တစ်ခြား တိုးပွားများပြားလာပါတယ်။

http://www.dhammadownload.com

စိတ္တသူကြွယ်ကြီးရဲ့ ဂုဏ်သတင်း၊ အမွာဋ္ဌကအာရာမ် ငွေးပင်တောကျောင်းတိုက်ကြီးရဲ့ ဂုဏ်သတင်းဟာ သာသနာတော်မှာ သင်းပျံ့လို့နေပါတယ်၊ သာသနာတော်ကို ကြည်ညိုတဲ့ စိတ္တသူကြွယ်ကြီးကို ချီးမြှောက်တော်မူကြတဲ့ ထေရ်အရှင်မြတ်တို့က စိတ္တသူကြွယ်ကြီးရဲ့ ကျောင်းတိုက်ကို အရောက်လှမ်း ကြွချီတော်မူခဲ့ကြပါတယ်။

မိမိရဲ့ သြစတေးလျနိုင်ငံ ကောစ်ဟားဗားမြို့က ဓမ္မဒူတကျောင်းဒကာဖြစ်တဲ့ စမြင့်ဆွေရဲ့ စိတ်ဓာတ်ကလည်း သဒ္ဓါအားကောင်းသူလို့ ဆိုရလောက်တဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်၊ အထူးအားဖြင့် ဤကျောင်းတိုက်ကို ကြွချီလာ ချီးမြှောက်တော်မူကြတဲ့ သံဃာတော်အရှင်သူမြတ်တိုင်းကို စွမ်းနိုင်သမျှ ပစ္စည်းလေးပါးနဲ့ ပြုစုလုပ်ကျွေးတဲ့ ဂုဏ်သတင်းကလည်း သင်းပျံ့ပါတယ်။

"သူ့အိုးနဲ့ သူ့ဆန် တန်ရဲ့"ဆိုတဲ့ ပိုင်ဆိုင်မှု စားသောက်ဆိုင်မှ ရလာတဲ့ ဓမ္မိယလဒ္ဓပစ္စည်းနှင့် စောင့်ရှောက်ပါတယ်၊ ကျောင်းဒကာရဲ့ သဒ္ဓါ၊ မေတ္တာ, ကရုဏာကြီးမားစွာဖြင့် အဝေးရပ်မှ ကြွရောက်ချီးမြှောက်တော်မူကြတဲ့ ဆရာတော်ကြီးများရဲ့ စိတ်ဓာတ်တော်၊ အနာဂတ်သာသနာတော်အပေါ် အမြော်အမြင်ကြီးမှုတို့ကတော့ အံ့သြဘနန်း ဝမ်းမြောက်စရာကြီးပါပဲ။

ကျေးဇူးတော်ရှင် ဆရာသခင်များဖြစ်ကြတဲ့ ပီနန် ဆရာတော်ကြီး၊ ဆစ်ဒနီ ဆရာတော်ကြီး ဒေါက်တာဇာဂရာဘိဝံသ၊ ဒေါက်တာဓမ္မာစာရ၊ ချမ်းမြေ့ဆရာတော်ကြီး၊ သီတဂူဆရာတော်ကြီး၊ ပါမောက္ခချုပ်ဆရာတော်ကြီး၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီး (၄)ပါး (ရေစကြိုဆရာတော်၊ မော်ကျွန်းဆရာတော်၊ မြင်းခြံ ဆရာတော်၊ မြင်းမူဆရာတော်)၊ ဓမ္မဘေရီဆရာတော်၊ တောင်ကလေးဆရာတော် စတဲ့ ဆရာတော်ကြီးတွေက ကြွရောက်ချီးမြှောက်တော်မူခဲ့ကြပါတယ်။

ယခုလည်း မစိုးရိမ်တိုက်သစ်ကြီးရဲ့ အဓိပတိမဟာနာယက သံဃာတော်ပေါင်း ၃၀၀၀-ကျော်တို့၏ ဆရာသခင် အရှင်မြတ်ကြီးလည်း အနာဂတ်သာသနာတော်ကို အားပေးထောက်ပံ့ရန်အလို့ငှါ ကြွချီတော်မူသွားပြီ ဖြစ်ပါတယ်။

အရှင်သာရိပုတ္တာ၊ အရှင်မောဂ္ဂလာန အင်္ဂသာဝက အရှင်မြတ်ကြီးနှစ်ပါး ဦးဆောင်ပြီး တစ်ပါးတစ်ပါးလျှင် တပည့်ရဟန်း ငါးရာစီ ငါးရာစီတို့ကို ဦးဆောင်ကာ စိတ္တသူကြွယ်ကြီး ရှိရာကို ကြွချီတော်မူသွားခဲ့ကြပါသေးတယ်၊ အရှင်သာရိပုတ္တ မထေရ်မြတ်ကြီးရဲ့ တရားဓမ္မအဆုံးအမကို ခံယူရရှိတဲ့ စိတ္တသူကြွယ်ကြီးဟာ တတိယအဆင့် အနာဂါမ်ပုဂ္ဂိုလ်ကြီးအဖြစ်ကို ရောက်ရှိသွားခဲ့ပါတယ်။

မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးလို အရှင်မြတ်မျိုးက ဝေးကွာလှသော မိမိ၏ ကျောင်းတိုက်သို့ ကြွရောက် ချီးမြှောက်ခြင်းသည် မိမိအတွက် လာဘ်မြတ်လာဘ်ထူးကြီးတစ်ခု ဖြစ်သကဲ့သို့ ကျောင်းဒကာ မြင့်ဆွေ၏ စိတ်ဓာတ်၌ သာသနာပြု ခွန်အားများ တိုးပွားလာစေသည်မှာ ယနေ့ထက်တိုင် ဆရာတော်ကြီးကို ဖူးမြော်ခွင့်ရမှု၊ ပူဇော်ခွင့်ရမှု တို့ကို နှုတ်တွင် တသသ အားပါးတရ ပြောနေဆဲ ဖြစ်နေပါတော့တယ်။

ဆရာတော်ကြီးတို့ကဲ့သို့သော သူတော်ကောင်းပုဂ္ဂိုလ်မြတ်တို့၏ ချီးမြှောက်မှုဟာ သာသနာတော်အတွက် အထောက်အကူ ခွန်အားများ ဖြစ်စေတယ်ဆိုတာ ဘယ်ရွေ့ဘယ်မျှ ဂဏန်းချ၍ ရေးပြလို့ရမည် မထင်ပါပေ၊ ယခု သက်တော်(၈၀)အတွင်း ချဉ်းနင်းဝင်ရောက်လာပြီဖြစ်တဲ့ မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးရဲ့ ကျန်းမာရေးဟာ ရောဂါ တစ်စုံတစ်ရာ မရှိ၊ စိုးရိမ်စရာမရှိတဲ့ မစိုးရိမ်ဆရာတော်ကြီး ဖြစ်ပါပေတယ်၊ သက်တော်(၈၀)မှသည် ရာကျော်သည့်တိုင် ဆရာသခင်၏ မြန်မာအနှံ့ ကမ္ဘာအနှံ့ ဓမ္မခရီး သာသနာခရီး ဆက်လက်ကြွချီခြင်းတို့ အတွက်လည်း အပူအပင်ကင်း၊ စိုးရိမ်စရာမရှိတဲ့ မစိုးရိမ်ဆရာတော်ကြီး ဖြစ်ပါပေတယ်၊ ဆရာတော်ကြီး ကြွရောက် ချီးမြှောက်သော ရောက်လေရာ နေရာတိုင်းမှာလည်း အနာဂတ်သာသနာ ထွန်းကားတိုးတက်ရေးအတွက် အားငယ်စရာမရှိ၊ စိုးရိမ်စရာမရှိ၊ မစိုးရိမ်စေတဲ့ မစိုးရိမ်ဆရာတော်ကြီး ဖြစ်ပါပေတယ်။

မိမိ၏ စိတ်အစဉ်၌ ဖြစ်ပေါ်လာသော ဆရာတော်ဘုရားကြီးနှင့် ပတ်သက်သည့် ရှေးယခင် ပုံရိပ်များ ယခုမျက်မှောက် မြင်ကွင်းများ၊ နောင်ဖြစ်ပေါ်လာဦးမည့် ရုပ်သွင်အခြေအနေပေါင်းများစွာတို့ အထဲမှ အနည်းငယ်မျှသော ဤပုံရိပ်တို့ကို ထုတ်နှုတ်၍ မစိုးရိမ်စေတဲ့ မစိုးရိမ်ဆရာတော်ကြီးအဖြစ် မိမိကြည်ညိုလေးစား အားကိုးအားထားရသလို အများတကာတို့၏ စိတ်အစဉ်တွင်လည်း ထင်ဟပ်ပေါ်လွင်စေချင်မိပါတယ်။

ဒေါက်တာ အရှင်ဆေကိန္ဒ

http://www.dhammadownload.com




ဂုဏ်ရောင်တင့်လျှမ်း မြို့.ရွှေမန်းမှ မစိုးရိမ်ဝိဟာ

ဦးနန္ဒမာလာ (သထုံဝံသဆရာတော်)

တစ်ထောင့်သုံးရာသုံးဆယ့်လေး (၁၃၃၄)ခုနှစ် လောက်မှာ အကျွန်ုပ် ငယ်ရွယ်စဉ် စာသင်သားဘဝ စာချတန်း စာပေများ သင်ကြားခဲ့စဉ်တုံးက စာသင်သား သံဃာ(၁၀၀)မျှပင် ကြပ်ကြပ်တည်းတည်း နေခဲ့ရရာ ကျောင်းတိုက်၏ ဝေယျာဝစ္စများကိုလည်း "ကျောင်းတိုက် တာဝန် ဒို့တာဝန်"လို့ သဘောထားပြီး မခိုမကပ်ဘဲ

http://www.dhammadownload.com



ဆောင်ရွက်ခဲ့တဲ့ မိခင် ကျောင်းတိုက်ဆိုရင်လည်း မှန်ပါလိမ့်မည်။

ဤကဲ့သို့ အကျွန်ုပ်တို့ အစပြုခဲ့တဲ့ မိခင်ကျောင်းတိုက်ကြီးက ယနေ့ သံဃာ(၃၀၀၀)ကျော် စာချစာသင်မှီတင်းနေထိုင်နိုင်သည့် ကျောင်းဆောင်များဖြင့် တိုးတက်စည်ပင်ထွန်းကားလာတာ မြင်ရပြန်တော့လည်း "အဟော အစ္ဆရိယံ- အော် လက်ဖျစ်တီးခတ် အံ့ချီးလောက်ပါပေတယ်"

ပရိယတ္တိဘက်မှာဆိုရင်လည်း ပရိယတ္တိမာမက ဖြစ်ကြသော မန္တလေးမြို့ သက္ကသီဟပရိယတ္တိ သာသနဟိတ အသင်းမှ ဆက်ကပ်ချီးမြှင့်သော ဘွဲ့ပိုင်ရှင်များ၏ ပရိယတ္တိကျွမ်းကျင်နိုင်နင်းမှု အသင်ပြကောင်းမှုတို့ကြောင့် ပြည်မြန်မာမှာ သတင်းမွှေးလို့ တပည့်ရဟန်းပရိသတ်ပေါင်း ထောင်သောင်းမက ချဉ်းကပ်ဝန်းရံတာကို ကြည့်မြင်သော အားဖြင့် သာသနာ့အာဇာနည်များ မွေးထုတ်ပေးနေတဲ့ ဘူမိနက်သန်နေရာမှန် ကျောင်းတော်ကြီးဆိုတာ ရဟန်း ပရိသတ်များမြင်တွေ့ရမှာ ဖြစ်ပါတယ်။

တဖန် ဤကျောင်းတိုက်ကြီးမှ အဆင့်မြင့်ပညာရှင်များ မြောက်များစွာ ပေါ်ထွန်းကာ မြတ်ဗုဒ္ဓသာသနာတော်ကြီး ပျက်စီးရာပျက်စီးကြောင်း ဟန့်တားနှောင့်ယှက် ဖျက်ဆီးနေကြသော သာသနာ့ရန်စွယ်အန္တရာယ်ဟူသမျှတို့ကို ရှေ့တန်းမှ မားမားမတ်မတ် ရပ်တည်လျက် ဦးဆောင်ဦးရွက်ပြုကာ သာသနာတော်မြတ်ကြီးအား အသက်နဲ့ရင်းပြီး အကာအကွယ် အစောင့်အရှောက်ပေး ရွက်ဆောင်ကြတာများဖြင့် ချီးမွမ်းစရာသမွဒါလို့ ဆိုရမှာပါ။

ထို့ပြင် ကျောင်းတိုက်တည်ထောင်သည့် ဆရာတော်များကို ကြည့်ပြန်ရင်လည်း ပထမ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တသူရိယာဘိဝံသနှင့် ဦးသိရိန္ဒာဘိဝံသ ဦးနာယကာဘိဝံသ ဦးရာဇဓမ္မာဘိဝံသတို့ တစ်ပါတည်း လိုက်ပါပြီး မစိုးရိမ်တိုက်ဟောင်းမှ မစိုးရိမ်တိုက်သစ်ဆိုတဲ့ နာမည်နဲ့ ထည်ထောင်လာသည့် ကျောင်းတိုက်ဖြစ်လေတော့ တည်ထောင်သူ ဘက်ကလဲဘဲ တကယ့်အဓိပတိ ထိပ်ခေါင်တင် ဆရာတော်များဖြစ်ကြတာကြောင့် ပြည်တွင်းသာမက ကမ္ဘာအထိပျံ့လှိုင်ကျော်ကြား ဂုဏ်သတင်းရနဲ့ မွှေးပျံ့သင်းလှိုင်နေတာ ရဟန်းရှင်လူပြည်သူ များ အသိမို့ အထူးပြောစရာ မလိုပါ။


နောက်ပြီး ဆရာ့ထံပါး နည်းနာခံသည့် တပည့်သံဃာများကလည်း "ဆရာကောင်းတပည့် ပန်းကောင်းပန်" ဆိုတာလို ထူးချွန်ထက်မြက်သည့် သာသနာ့အာဇာနည်ပုဂ္ဂိုလ်များဘဲ ဖြစ်တယ်ဆိုတာ အထူးအမွမ်းတင် ဟိမဝန္တာ ချီးမွမ်းခမ်းဖွင့်စရာ မလိုတော့ပါ။


တစ်ခါ ယခု သက်တော်(၈၀)ပြည့် မွေးနေ့ဆရာတော်ဘုရားကြီး၏ သာသနာအတွက် စွမ်းစွမ်းတမံဆောင်ရွက်ချက်တွေကို ပြန်တွေးကြည့်ပြန်ရင်လည်း နောင်လာနောက်သားများ အတုယူအားကြကာ သင်ခန်းစာယူကြဘို့ပါပဲ။

ဒါကြောင့် ဆရာတော်ဘုရားကြီး အသက်(၈၀)ပြည့်မှသည် နောင်အသက်ရာကျော်တိုင် ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ သာသနာပြုနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာ အခါခါပို့သရင်း ဆရာတော်ကြီး၏ ဂုဏ်ကျေးဇူးများကို ကျေးဇူးဆပ်သောအနေနဲ့ ဤဆောင်းပါးဖြင့် မိခင်ကျောင်းတိုက်နှင့် ဆရာသမားများကို ဂုဏ်ပြုပူဇော် အပ်ပါသည်။ (ဤမျှဖြင့် မပြည့်စုံဟု ယူဆပါက ဖြည့်စွက်ပေးပါရန် အနူးအညွတ် ပန်ကြားအပ်ပါသည်)

ဦးနန္ဒမာလာ (သထုံဝံသဆရာတော်)

http://www.dhammadownload.com





လေးမြတ်ကြည်ညိုခဲ့ရသော ဆရာတော်ကြီးနှစ်ပါး


ဓမ္မာစရိယ၊ ဒီဃဘာဏက (ဓမ္မာစရိယ အရှင်နန္ဒိယ)

(၁)

၁၃၃၁-ခုနှစ်က ဖြစ်၏၊ မစိုးရိမ်တိုက်သစ် ဓမ္မဒါယာဒကျောင်း၌ ညနေ(၄)နာရီအချိန် ပို့ချသော အဋ္ဌသာလိနီ စာဝါကို မိမိသွားရောက် စာလိုက်ခဲ့သည်၊ ဆရာတော်ဦးရာဇ စာချကောင်းလှသည်ဟူသော

မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ကြီးသုံးတိုက်တို့၏ အဓိပတိမဟာနာယက ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ ဆရာတော် ဘုရားကြီး သက်တော်(၈၀)ပြည့်တော်မူပြီဟု သိရသောအခါ မိမိစိတ်ထဲတွင် အောက်ပါ ခံစားချက်များ ဖြစ်ပေါ်လာခဲ့လေသည်။

http://www.dhammadownload.com



သတင်းသည် မန္တလေး စာသင်သားလောကၦ ကျော်ကြားနေခြိန်ဖြစ်သည်၊ တကယ်ပင် စာချကောင်းလှပါသည်၊ အသံတော် ကြည်လင် ပီသသည်၊ ပြောပုံဆိုပုံ အာရုံဝင်းသည်၊ အဓိပ္ပါယ်အဆုံးအဖြတ်၌ တိကျပြတ်သားသည်၊ ကျမ်းစာများ အယူအဆ မတူသည့် နေရာတို့၌ မိမိနှစ်သက်သောအယူကို ရဲရင့်စွာ မိန့်ကြားတော်မူလေ့ရှိ၏၊ စာချခြိန် တစ်နာရီပြည့်၍ (၅)နာရီ သံချောင်းခေါက်လျှင် "ကိုင်း ဒီနေ့ တော်ကြစို့"ဟု မိန့်ကာ ရပ်နားတော်မူသည်၊ စာဝါလိုက်ရသည့် ပထမဆုံးနေ့မှာပင် မိမိသည် ဆရာတော်ကြီးကို သဘောကျ ကြည်ညိုခဲ့လေသည်။

ထိုနှစ်က ဆရာတော်ကြီးထံ စာဝါလိုက်သူ တပည့်များမှာ တစ်ရာကျော်ခန့် ရှိလိမ့်မည်ဟု ခန့်မှန်းမိသည်၊ စာပေပို့ချမှုတွင် နာမည်ကျော်လှသဖြင့် ကျောင်းတိုက်ပေါင်းစုံမှ လာ၍ စာလိုက်ကြသည်၊ စတင်ပို့ချမည့်ရက် မတိုင်မီကပင် ကြိုတင်၍ သွားရောက်နေရာဦးထားရ၏၊ (နေရာဦးမထားလျှင် အစွန်းအဖျားတွင်သာ နေရာရသဖြင့် စာချသံကို ကောင်းကောင်း မကြားရ၊ ထိုခေတ်က စာချရာတွင် ယခုခေတ်ကဲ့သို့ အသံချဲ့စက်များ မသုံးကြသေး)။ မိမိမှာ ရှေ့ပိုင်းတွင် နေရာရသဖြင့် ဆရာတော့်အသံကို ကောင်းစွာ ကြားရပါသည်၊ ထိုနှစ်က စာဆိုပုဂ္ဂိုလ်မှာ ဆရာတော်ပို့ချသည်ကို လိုက်ရေးရာ၌ အလွန်သွက်သူဖြစ်သည်၊ ဆရာတော်က "အရှင်အဌကထာ ဆရာ ဆရာသည် (က)ဝါကျဖြင့် ---ကို ပြဆိုတော်မူ၏" စသဖြင့် ဆိုလိုက်လျှင် စာဆိုပုဂ္ဂိုလ်ကလည်း တပြိုင်နက်ပြီးအောင် လိုက်ရေးနိုင်သည်။

မိမိတို့ လိုက်ရေးသူများမှာ အလွန်အမင်း ကြိုးစားပန်းစား လိုက်ရေးကြရသည်၊ သို့ရာတွင် သူ့ကို မီအောင် မရေးနိုင်ပါ၊ ကွက်လပ်ချန်၍ ရေးရလျက် ဆရာတော်က ပြန်ဖတ်ခိုင်း၍ သူဖတ်ပြမှ ကွက်လပ်ဖြည့်ရသည်၊ အချို့စာဝါ လိုက်သူများ မီအောင် လိုက်မရေးနိုင်သဖြင့် "မြန်လိုက်တာ"ဟု ကျိတ်ညည်းသံကြားရသည်။

ထိုစာဆိုပုဂ္ဂိုလ်သည် နေ့စဉ်ပင် လျင်မြန်သွက်လက်စွာ လိုက်ရေးနိုင်သည်ဖြစ်ရာ တစ်နေ့သောအခါ စာတက်သူ တစ်ပါးက "မြန်လွန်းလိုက်တာ"ဟု ခပ်ကျယ်ကျယ် ညည်းလိုက်၏၊ ထိုအခါ ဆရာတော်က မည်သို့ မိန့်တော်မူသည်ဟု ထင်ကြသနည်း? "ခင်ဗျားတို့ ကလေးလေးတွေ မဟုတ်တော့ဘူး၊ စာချတန်းသမားကြီးတွေ ဖြစ်နေကြပြီဗျ၊ မြန်မြန်လိုက် ရေးနိုင်ရမှာပေါ့၊ ဒါမှ မှတ်စုများများရပြီး စာဝါလည်း တွင်မှာပေါ့"ဟု မိန့်တော်မူလိုက်လေသည်၊ နောင်တွင် မည်သူမျှ မည်ည်းရဲတော့ဘဲ မှတ်စုရဖို့သာ အမြန်လိုက်ရေးကြရတော့သည်၊ ဆရာတော့်ထံ စာဝါလိုက်ခဲ့စဉ်က အတွေ့အကြုံ တစ်ခုဖြစ်ပါသည်၊ (ထို ၁၃၃၁-၃၂-၃၃-ခုနှစ်များက စာဆိုပုဂ္ဂိုလ်၏ဘွဲ့ကို မသိခဲ့ရ၊ ယခုအခါ ဝါလေးဆယ်ခန့် ရှိ လောက်ပြီ၊ သိခွင့်ကြုံလျှင် စာတက်ဖော်ချင်းမို့ မိတ်ဆွေဖြစ်ချင်ပါသေးသည်။) လိုရင်းပြောရလျှင် မိမိသည် ဆရာတော်၏ပို့ချချက်ကို ခံယူရသဖြင့် ဓမ္မာစရိယတန်း အဋ္ဌသာလိနီကျမ်းစာကို ဖြေဆိုနိုင်ခဲ့ခြင်းဖြစ်ပါသည်၊ ထို့ကြောင့် ဆရာတော်သည် မိမိ၏ကျေးဇူးရှင် ဆရာအရင်းတစ်ပါး ပါပေတည်း။

(၂)

နောက် ကျေးဇူးရှင် ဆရာတော်တစ်ပါးကို သတိရမိပြန်သည်၊ မစိုးရိမ်တိုက်မကြီး ပဋ္ဌကနယူပဒေသကျောင်း နာယကဆရာတော် ဦးကောဝိဒါဘိဝံသဖြစ်သည်၊ ထိုနှစ်များက ဆရာတော်သည် ပါရာဇိကဏ်ကျမ်းစာကြီးကို ပို့ချတော်မူသည်၊ မိမိလည်း ဆရာတော့်စာဝါကို လိုက်နာမှတ်သားသည့် ဆရာတော့်တပည့်ဖြစ်ခဲ့သည်၊ ဆရာတော်သည် အေးဆေးနူးညံ့သော အသံဖြင့် ပို့ချလေ့ရှိ၏၊ သိမ်မွေ့သော ဣန္ဒြေနှင့် ပြည့်စုံသည်၊ ခက်ထန်မှု နည်းပါး၍ သည်းခံခြင်း တရားအားကောင်းသော အမူအရာ ရှိသည်။

http://www.dhammadownload.com

ပါရာဇိကဏ်စာဝါ ပုစ္ဆာ(၁၀)ချက်ကို တစ်ချက်ခြင်း ရှင်းလင်းစွာ ပို့ချတော်မူသည်၊ အတက်အထွက်ကို ပို့ချရာတွင်လည်းကောင်း အာဘော်ဖော်ရာတွင်လည်းကောင်း နေတွင်ထုတ်ရာတွင်လည်းကောင်း ပိုင်ပိုင်နိုင်နိုင် ရှိလှသည်၊ ပြောပုံဆိုပုံ လေယူလေသိမ်းမှာလည်း သာယာပြေပြစ်လှပေသည်။

ပါဠိမှားပါဠိမှန် ဆုံးဖြတ်ရာတွင်ကား သဒ္ဒါကြီးသုတ်စဉ်ကို ပဓာနထား၍ ကိုးကားဆုံးဖြတ်ပြလေ့ရှိ၏၊ မိမိတို့အဖို့ ခက်ခဲသည်ဟု ထင်ရသော ပါဠိဝေါဟာရမှာ ဆရာတော်က ရှင်းပြသောအခါ လွယ်လွယ်လေးပါလားဟု ထင်သွားမိလေတော့သည်။

ဆရာတော်၏ စာဆိုပုဂ္ဂိုလ်မှာမူ လက်သွက်သူဟု မဆိုနိုင်ချေ၊ သူလိုကိုယ်လို မှန်မှန်ရေးတတ်သူသာ ဖြစ်ရာ မိမိတို့မှာ သက်သက်သာသာပင် လိုက်ရေးနိုင်ခဲ့ကြလေသည်၊ ထိုစာဆိုပုဂ္ဂိုလ်အား ဆရာတော်က မကြာမကြာ ကျီစယ် မိန့်ကြားလေ့ရှိသည့် စကားတစ်ခွန်းကို ကြားယောင်မိပါသေးသည်။

"တစ်နှစ်တစ်နှစ် စာလိုက်ကြရလို့ ဒဲတွေလည်း ပြူးပြီး ဒူးတွေလည်းပြဲကုန်ပြီ၊ ခဲတွေလည်း ပြားလို့ ခါးတွေလည်း ပြဲကုန်ပြီ၊ တတောင်တွေလည်း မည်းနေပြီ ကြိုးစားကြ"တဲ့။

မိမိတို့ တပည့်အားလုံးကို သတိပေးသောစကားဟု နားလည်ခံယူကာ ယနေ့တိုင်ပင် မမေ့နိုင်ပဲ ကြားယောင် နေပါတော့သည်၊ မိမိ စာချသည့်အခါ၌လည်း



တသသပြောမိသေးသည်၊ ဆရာတော်သည် ဆွမ်းခံကြွလျှင် မိမိတို့ ကျောင်းတိုက် တောင်ဘက်မှ ကြွတော်မူလေ့ရှိ၏၊ မိမိမှာ နေ့စဉ်ပင် ဆရာတော့်ကို မြင်တွေ့နေရသဖြင့် စိတ်ထဲတွင် ရင်းနှီးကြည်ညိုနေမိလေသည်။

ဆရာတော့်ထံ ပါရာဇိကဏ်စာဝါကို လိုက်နေချိန်တွင် ဆရာတော်ပြုစုသည့် "မစိုးရိမ်သီလကွန်အဖြေကျမ်း" ထွက်ပေါ်နေပါသည်၊ ထိုကျမ်းကိုလည်း မိမိလေ့လာမှတ်သားခဲ့ရပါသည်၊ သီလကွန်နှင့် ပါရာဇိကဏ်ကျမ်းစာများကို မိမိ ဖြေဆိုနိုင်ခဲ့သည်မှာ ဆရာတော်၏ ပို့ချသင်ပြမှုကို ခံယူခဲ့ရသောကြောင့်ဖြစ်ပါသည်၊ ထို့ကြောင့် ဤဆရာတော် သည်လည်း မိမိ၏ ကျေးဇူးရှင် ဆရာအရင်းတစ်ပါးပါပေတည်း။

(၃)

မိမိတို့ စာသင်သားဘဝတုန်းက ဓမ္မာစရိယစာဝါပို့ချသော ဆရာများတွင် ဤဆရာတော်နှစ်ပါးမှာ အထူးပင် ထင်ရှားတော်မူကြသည့် ဆရာတော်များဖြစ်ကြပါသည်၊ စာလိုက်တပည့်သံယာ အများဆုံးလည်းဖြစ်သည်၊ ထိုနှစ်များက ဓမ္မာစရိယဘွဲ့ရသူများတွင် ဆရာတော်တို့ တပည့်မဟုတ်သူ ခပ်ရှားရှားရှိလိမ့်မည် ထင်သည်၊ နှစ်စဉ်ထုတ်ဝေသည့် ဓမ္မာစရိယဘွဲ့ရ ထေရပွတ္တိစာအုပ်ကို လှန်ကြည့်လိုက်ပါ၊ စာချဆရာများ စာရင်းတွင် ဆရာတော်တို့ နှစ်ပါး၏ ဘွဲ့အမည်မပါဘဲ အောင်မြင်သူမှာ အနည်းငယ်သာ ရှိသည်ကို တွေ့ရပါလိမ့်မည်။

ဆရာတော်တို့သည် နှစ်စဉ် မပျက်မကွက် စာဝါပို့ချတော်မူကြ၏၊ မိမိ စာဝါလိုက်ခဲ့ချိန်က စာချပျက်သည်ဟု မကြုံဖူးခဲ့၊ စာချအကျော် ဆရာတော်များဖြစ်သော်လည်း ဆွမ်းခံ၍ ဘုဉ်းပေးတော်မူကြသည်ကို ကြည်ညိုဖွယ် ဖူးမြင်ရ၏၊ ကျန်းမာရေးအတွက် လမ်းလျှောက်ကြသည်ကိုလည်း တွေ့ရ၏။

ဆရာတော်နှစ်ပါးလုံးသည် အဆင်းရဲ အပင်ပန်းခံ၍ စာပေသင်ကြား ပို့ချတော်မူကြသဖြင့် အားရကျေနပ်မိပေသည်၊ "သာသနဿ ပရိယတ္တိမူလံ"(သာရတ္ထ၊၁။ ၁၉၂) ဟူသော စကားတစ်ခွန်းရှိသည်၊ "ပရိယတ္တိသည် သာ သာသနာတော်၏ မူလပဓာန ဖြစ်သည်"ဟု အဓိပ္ပာယ်ရသည်၊ သာသနာသုံးရပ်တွင် ပရိယတ္တိ (သင်အံပို့ချ နာယူခြင်း) သည် မူလပဓာန အကျဆုံးဟု ဆိုလိုပေသည်။

http://www.dhammadownload.com

မှန်၏၊ ပရိယတ္တိကို မသင်ယူ မတတ်မြောက်ဘဲ ပဋိပတ္တိကို မည်သို့ ပြသမည်နည်း၊ ပဋိပတ္တိကို မကျင့်ဘဲ ပဋိဝေဓကို မည်သို့ သိရှိနိုင်မည်နည်း၊ ပဋိဝေဓကို ထိုးထွင်းသိမြင်နိုင်ရန်မှာ ပဋိပတ္တိကို ကျင့်မှ ဖြစ်နိုင်ပေမည်၊ ပဋိပတ္တိကို ကျင့်မည်ဆိုလျှင်လည်း ပရိယတ္တိကို သင်ကြားနားလည်ထားမှသာ ဖြစ်နိုင်ပေမည်၊ ထို့ကြောင့် ပရိယတ္တိ သာသနာသည် သာသနာသုံးရပ်တွင် မူလ ပဓာနအကျဆုံး ဖြစ်ပါပေသည်။

ထိုအသိ ထိုခံယူချက်ဖြင့် မိမိသည် စာချဆရာတော်များကို အထူးကြည်ညိုသည်၊ တကယ့်သာသနာပြု ပုဂ္ဂိုလ်များဟု လက်ခံယုံကြည်သည်၊ ကမ္ဘာ့သာသနာပြု ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ပုဂ္ဂိုလ်များကို စာချဆရာတော်များကသာ မွေးထုတ်ပေးနိုင်သည်ဟု ယူဆ၏၊ တကယ်တန်း သာသနာတော်ကြီးကို စည်ပင်ပြန့်ပွားအောင် ထမ်းဆောင် တော်မူကြသူများမှာ စာချဆရာတော်ကြီးများသာ ဖြစ်ပါသည်။ စာချဆရာတော်ကြီးများ စာသင်တိုက်ကြီးများသည် သာသနာတော်ကြီး မယိမ်းမယိုင် တည့်မတ်ခိုင်ခံ့အောင် စောင့်ရှောက်တော်မူကြသည့် ခံတပ်ကြီးများပင် ဖြစ်ပေသည်။

စာချဆရာတော်တို့သည် ထိုခံတပ်ကြီးများ၏ တပ်မှူးကြီးများဖြစ်၍ စာသင်သားသံဃာတော်အရှင်မြတ်တို့သည် တပ်သားများပေတည်း၊ စာချစာသင် သံဃာတော်များ အားကောင်းလေလေ သာသနာတော်ကြီး စည်ပင်ပြန့်ပွားလေလေ ဖြစ်ပေလိမ့်မည်၊ ကျေးဇူးရှင် မစိုးရိမ်ဆရာတော်ကြီး နှစ်ပါးတို့သည် သာသနာ့တပ်မှူးကြီးများ ဖြစ်တော်မူကြသည်ဟု မိမိ အလေးအနက် ခံယူကြည်ညိုပါသည်။

(၄)

ကျေးဇူးရှင် ဆရာတော်ကြီးနှစ်ပါးတို့ စာပေပို့ချ သာသနာပြုတော်မူခဲ့ကြသည့် နှစ်ပေါင်းမှာ ၄၀-ကျော် ၅၀-ခန့် ရှိပေလိမ့်မည်၊ သာသနာ့တာဝန်ကို သက်ဆုံးတိုင် အနားမယူဘဲ ထမ်းဆောင်တော်မူကြသည့် သာသနာပြု အာဇာနည်ပုဂ္ဂိုလ်ကြီးများအဖြစ် ကြည်ညိုး၍မဝ ဖြစ်ရပေသည်။

ပဋိကနယူပဒေသဆရာတော်ကြီး၏ လက်ရာ "မစိုးရိမ်သိလက္ခန်အဖြေကျမ်း" "မစိုးရိမ်ပါရာဇိကဏ်အဖြေကျမ်း"ကြီးများမှာ စာသင်သားများ၏ လက်စွဲကျမ်းစာကြီးများ ဖြစ်ပေသည်၊ ပဋိကဆရာတော်ကြီးသည် မြန်မာပြည်တွင်မက ကမ္ဘာသို့တိုင် ကြွရောက်သာသနာပြုတော်မူခဲ့၍ အမေရိကန်နိုင်ငံ၌ ခန္ဓာဝန်ချတော်မူသွားပေပြီ၊ ဆရာတော်၏ ကျမ်းစာကြီးများမှာမူ ယခုတိုင် သာသနာပြုနေဆဲ၊ နောင်နှစ်ပေါင်းများစွာအထိလည်း ဆက်လက်သာသနာ ပြုနေဦးမည်ပင်။

တိုက်သစ် မဟာနာယကဆရာတော်ကြီးမှာလည်း အဋ္ဌသာလိနီကျမ်းနှင့် ပါရာဇိကဏ်ကျမ်းကြီးများကို ပို့ချတော်မူပြီးပြီဟု သိရပါသည်၊ ယခုလက်ရှိ သီလက္ခန်ကျမ်းကြီးကို ပို့ချတော်မူဆဲဖြစ်သည်ဟု (ထေရုပ္ပတ္တိတော်အရ) သိရပေသည်၊ ဆရာတော်ကြီး ပို့ချတော်မူခဲ့သည့် ကျမ်းစာကြီးများ၏ မှတ်တမ်းမှတ်ရာများကို တပည့်များက စုစည်းထုတ်ဝေ သင့်ကြပေသည်၊ ဤနည်းဖြင့် ဆရာတော်ကြီး၏ (၈၀)ပြည့်မွေးနေ့ကို အနှစ်သာရပြည့်ဝစွာ ပူဇော်ကြဖို့ နှိုးဆော်တိုက်တွန်း လိုပါသည်။

လွန်ခဲ့သော နှစ်ပေါင်း ၈၀-ကျော်လောက်က စာရေးဆရာကြီး သိပ္ပံမောင်ဝသည် "အောက်စဖို့တက္ကသိုလ်" အမည်ဖြင့် မှတ်တမ်းတစ်အုပ်ရေးသားသွားဖူး၏၊ ထိုစာအုပ်၌ အောက်စဖို့တက္ကသိုလ်ကြီးသည် မန္တလေး မစိုးရိမ်တိုက်ကြီးနှင့် တူသည်ဟု နှိုင်းယှဉ်ရေးသားဖူးလေသည်၊ သိပ္ပံမောင်ဝ ယခုရှိလျှင် မည်သို့ ရေးသားမည်မသိ၊ ထိုစဉ်က မစိုးရိမ်တိုက်တွင် စာသင်သားသံဃာ ရာဂဏန်းခန့် ရှိမည်ထင်သည်၊ ယခုကား သုံးထောင်ကျော်ခန့် ရှိနေပြီ။

ကမ္ဘာတစ်ခွင်ရှိ ဗုဒ္ဓသာသနာနယ်ပယ်တွင် ဤမျှ စည်စည်ကားကား မြိုင်မြိုင်ဆိုင်ဆိုင် ပဋိကကျမ်းစာသင်ကြား ပို့ချနေသည့် ကျောင်းတိုက်မှာ ဤတစ်တိုက်သာ ရှိပေလိမ့်မည်၊ မစိုးရိမ်တိုက်သစ်ကြီး သုံးတိုက်တို့၏ အဓိပတိ မဟာနာယက ဆရာတော်ဘုရားကြီးသည် အရှင်ဗာကုလထေရ်ပမာ ကျန်းမာစွာ သက်တော်ရှည်ပါစေ၊ မစိုးရိမ် အနွယ်ဝင် သံဃာတော်တို့သည် မစိုးရိမ်သာသနာ့အောင်လံတော်ကို ရာစုနှစ်ပေါင်းများစွာ လွှင့်ထူသွားနိုင်ကြပါစေဟု ဆုမွန်ကောင်း တောင်းလိုက်ရပေသတည်း။

ဇယမေဒနီ အရှင်နန္ဒိယ
(ဓမ္မာစရိယ၊ ဒီယဘာဏက)

http://www.dhammadownload.com

ဘဝမှာ မစိုးရိမ်ရသူ

ဦးနာရဒါဘိဝံသ(လှရတနာ)



ဤခေါင်းစဉ်ပါ "ဘဝ"ဟူသည် လူဝတ်ကြောင် ဘဝကို မဆိုလိုပါ၊ သာသနာ့ဝန်ထမ်း ရှင်ရဟန်းဘဝကို ရည်ရွယ်ပါ၏၊ ရှင်ရဟန်းဟူရာ၌လည်း ရှင်ငယ် ရဟန်း ငယ်တို့သာ မကဘဲ ရှင်ရဟန်း, ဘုန်းကြီး, ဆရာတော်ထိ ပါဝင်ပေသည်၊ ထိုကြောင့် စာသင်စာချပြုနေကြသော

http://www.dhammadownload.com

သာသနာ့ဝန်ထမ်း အားလုံးတို့၏ ဘဝကိုပင် ရည်ရွယ်ပါသည်။

စာဆင် စာချနည်း (၃)မျိုး

စာသင်စာချနည်းသည်. . .

(၁) အလဂဒ္ဓူပမနည်း (မြွေဖမ်းခြင်းနှင့်တူသော နည်း)

(၂) နိဿရဏတ္ထနည်း (သံသရာဝဋ်မှ လွတ်မြောက်စေသောနည်း)

(၃) ဘဏ္ဍာဂါရိကနည်း (ဘဏ္ဍာတိုက်စိုးနှင့်တူသော နည်း)

ဟူ၍ (၃)မျိုးရှိလေသည်၊ ထိုစာသင် စာချနည်း(၃)နည်းတွင် ဘဏ္ဍာဂါရိကနည်းသည် ပုထုဇဉ်ပုဂ္ဂိုလ်တို့နှင့် မသက်ဆိုင်ပေ၊ အရှင်ဥပါလိ အရှင်အနုရုဒ္ဓါ စသော ရဟန္တာအရှင်မြတ်တို့နှင့်သာ သက်ဆိုင်၏၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့နှင့် သက်ဆိုင်သော ရှေ့စာသင်စာချနည်း (၂)မျိုးကိုသာ ရှောင်ကြဉ်ဘွယ်,လိုက်နာဘွယ်အနေဖြင့် ဝေဖန်သုံးသပ်ရပေမည်။

ထိုရှေ့စာသင်စာချနည်း(၂)မျိုးတွင် ကဿပဘုရားရှင် လက်ထက်၌ ကပိလရဟန်း၊ ဂေါတမ ဘုရားရှင်လက်ထက်၌ အရိဋ္ဌရဟန်း သာတိရဟန်းတို့သည် အလဂဒ္ဓူပမနည်းဖြင့် စာသင်စာချခဲ့ ကြသောကြောင့် ဆင်းရဲဒုက္ခ ရောက်သွားကြရကုန်၏၊ အရှင်ရဋ္ဌပါလ မထေရ်, အရှင်မောဂ္ဂလိ ပုတ္တတိဿ မထေရ်တို့သည်ကား နိဿရဏတ္ထ နည်းဖြင့် စာသင်စာချသောကြောင့် သံသရာဝဋ် ဆင်းရဲဒုက္ခမှ လွတ်မြောက်ကာ ရဟန္တာဖြစ်သွားကြလေသည်၊ သို့ဖြစ်၍ စာသင်စာချ သာသနာ့ဝန်ထမ်းတို့အနေဖြင့် အလဂဒ္ဓူပမ စာသင်စာချနည်းကို ရှောင်ရှားကြရပေသည်၊ နိဿရဏတ္ထနည်းဖြင့်သာ စာသင်စာချ ပြုကြရပေသည်။

စတုရာရက္ခဘာဝနာ-ကိုယ်စောင့်တရား-(၄)ပါး

ရေဒီယို, ကက်ဆက်, တယ်လီဗွီရှင်း, ဗွီဒီယို, MP-3, စသည်တို့ မပေါ်သေးသော ရှေးခေတ်၌ စာသင်စာချပုဂ္ဂိုလ်တို့သည် သမာဓိတရား ကြီးမားကြကုန်၏၊ သမာဓိတရား ကြီးမားကြသဖြင့် စိတ်ကို ထိန်းသိမ်း စောင့်ရှောက်နိုင်ကြကုန်၏။ MP-3, MP-4, ဟန်းဆက်, အိုင်ပက် စသည်ဖြင့် ဆက်သွယ်ရေးပစ္စည်းများ ထွန်းကားလာသော ဤခေတ်အခါ၌ကား စာသင်စာချပုဂ္ဂိုလ်တို့သည်လည်း ထိုပစ္စည်းတို့၏ လွှမ်းမိုးမှုကို ခံကြရ၏၊ ထိုပစ္စည်းတို့၏ လက်အောက်ခံဘဝသို့ ရောက်သွားကြရ၏၊ စာသင်စာချနေသော်လည်း သမာဓိတရား နည်းပါး သွားတော့၏၊ သို့ဖြစ်၍ သမာဓိတရားဖြင့် စိတ်ကို ထိန်းသိမ်းစောင့်ရှောက်ဖို့ လိုလာပါသည်။

ထိုအခါ ဝိနည်း စူဠဝါအဋ္ဌကထာ၌လာသော ရှေးမဟာထေရ်မြတ်တို့ ညွှန်ပြဆုံးမထားသည့် ကိုယ်စောင့်စိတ်စောင့်တရား(၄)ပါး (စတုရာရက္ခဘာဝနာ)ကိုပါ ပွားများထားထိုက်ပေသည်၊ ထိုကိုယ်စောင့် စိတ်စောင့်တရား (၄)ပါးတို့ကား--

ဗုဒ္ဓါနုဿတိ မေတ္တာစ၊

အသုဘာ မရဏာဿတိ - ဟူသော ခုဒ္ဒသိက္ခာကိဏ္ဏနှင့် အညီ (၁) ဗုဒ္ဓါနုဿတိ - ဘုရားမြတ်စွာ၏ အရဟံ စသော ဂုဏ်တော်တို့ကို အဖန်တလဲလဲ ကြံစည်အောက်မေ့ ပွားများခြင်း၊ (၂) မေတ္တာ - သတ္တဝါတို့အား မေတ္တာပွားများ ပို့သခြင်း၊ (၃) အသုဘ - ၃၂- ပါးသော ကောဋ္ဌာသနှင့် ၁၀- ပါးသော အသုဘကို ပွားများခြင်း၊ (၄) မရဏာဿတိ - သေခြင်းသဘောကို အောက်မေ့ပွားများခြင်းတို့ဖြစ်သည်။

"ဗိဝသေ ဗိဝသေ သီလာနိ အာဝဇ္ဇေန္တော စတုရာရက္ခံ အဟာပေန္တော ယောနိသော မနသိကာရ- ဗဟုလော ဝိဟရထ"။ (စူဠဝါ၌-၇၃)

ဘုရားအာရုံ, မေတ္တာထုံ၍, တဖုံကာယ, အသုဘနှင့်, မရဏာဿတိ, ဤလေးလီ, ကိုယ်စီ စိတ်စောင့်တရားတည်း။ (မဟာဂန္ဓာရုံဆရာတော်)

ပဋ္ဌ ပရိဟရဏ-အဆောင်(၅)ပါး

ခုဒ္ဒသိက္ခာ-စူဠဝါအဋ္ဌကထာတို့၌လာသည့် စတုရာရက္ခဘာဝနာ(၄)မျိုးကို နေ့စဉ်ပွားများပေးပါလျှင် သမာဓိကြီးမားလာပြီး စိတ်ကို ထိန်းသိမ်းစောင့်ရှောက်

http://www.dhammadownload.com

နိုင်ပါသည်၊ စိတ်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်သမျှ အနှောက်အယှက်များကင်းပြီး ဆောင်ရွက်သောကိစ္စများလည်း အောင်မြင်နိုင်ပါသည်၊ ထို့အပြင် မေတ္တာသုတ်အဖွင့်အဋ္ဌကထာတို့၌ ညွှန်ပြထားသည့် ပရိဟရဏ-အဆောင်(၅)ပါးကို နေ့စဉ်ဆောင်ထားလျှင်လည်း သမာဓိအားကောင်းပြီး စိတ်ထိန်းနိုင်ပေသည်၊ အဆောင်(၅)ပါးဟူသည်ကား--

၁။ မေတ္တာပွားများ ပို့သခြင်း
၂။ ပရိတ်ရွတ်ဆိုခြင်း
၃။ အသုဘရှုမှတ်ခြင်း
၄။ သေခြင်းတရားကို ပွားများခြင်း
၅။ သံဝေဂရဖွယ် အကြောင်းရှစ်ပါးကို ဆင်ခြင်နှလုံးသွင်းခြင်းတို့ဖြစ်သည်။

မေတ္တာ ပရိတ္တာ အသုဘာ၊
ကာတဗ္ဘာ မရဏာသတိ။
သံဝေဂ သမာပတ္တိနံ၊
သာယံ ပါတံ ဒိနေ ဒိနေ။

သာယံ ပါတံ ကရဏဝသေန ဒွေ မေတ္တာ, ဒွေ ပရိတ္တာ, ဒွေ အသုဘာ, ဒွေ မရဏာသတိ, အဋ္ဌ မဟာသံဝေဂဝတ္ထုသမာပတ္တိနာမ။ (သုတ္တနိပါတ် အဋ္ဌကထာ၊ ၁၊ ၁၇၇)

ထိုအဆောင်ငါးပါးတို့ကို နံနက်တစ်ကြိမ်, ညနေညချမ်းတစ်ကြိမ်အားဖြင့် တနေ့(၂)ကြိမ် နေ့စဉ် ရွတ်ဆိုဆင်ခြင် ပွားများပေးရပါမည်၊ ထိုအဆောင်(၅)ပါးတွင် ရှေ့အဆောင်(၄)ပါးတို့မှာ ထင်ရှားပြီးဖြစ်သည်၊ နောက်ဆုံးအဆောင်ဖြစ်သည့် သံဝေဂဝတ္ထု(၈)ပါး ဆင်ခြင်နှလုံးသွင်းနည်းမှာမူ အဋ္ဌကထာ၌ လာသည့်အတိုင်း ရေးသားထားသော မဟာဂန္ဓာရုံဆရာတော်၏ လက်ာအတိုင်းပင် ဖြစ်သည်။

အမိဝမ်းခေါင်း၊ ဆယ်လညောင်းမျှ၊ အောင်းခဲ့ရပေ၊ တည်သန္ဓေနှင့်၊ လူ့ပြည်လူ့ရွာ၊ ရောက်ပြန်ပါလည်း၊ အိုနာသေရေး၊ ဒုက္ခဘေးကြောင့်၊ စိတ်အေးကိုယ်ခိုင်၊ မနေနိုင်ခဲ့၊ ဆိုင်ဆိုင်ဒုက္ခ၊ ခံပြီးမှလည်း၊ များလှပါယ်ရွာ၊ ရောက်ကြရွာ၏၊ အတိတ်ဘေးနှင့်၊ ဤဝဋ်ဘေးနှင့်၊ နောင်ရေးနာဂါတ်၊ ဒုက္ခထပ်လိမ့်၊ မပြတ်ခုခါ၊ ဖြစ်တုန်းမှာလည်း၊ အစာရှာရ၊ ထိုဒုက္ခကြောင့်၊ နေ့ညမဟူ၊ ကိုယ်စိတ်ပူ၍၊ သူသူငါငါ၊ မသက်သာသည်၊ ရှစ်ဖြာသံဝေရကြောင်းတည်း။

မွေးနေ့ရှင် မစိုးရိမ်တိုက်သစ် မဟာနာယကချုပ် ဆရာတော်ကြီးသည်ကား မိမိကိုယ်တိုင် စတုရာရက္ခဘာဝနာ(၄)ပါး၊ အဆောင်(၅)ပါး၊ တရားတို့ကို ရွတ်ဆိုပွားများနေရုံမျှမက တပည့်သံယာတွေကိုပါ ရွတ်ဆိုပွားများကြရန် ဖေါ်ပြပါအတိုင်း ဩဝါဒပေးခဲ့လေသည်။

မင်းတို့ ယမိုက်ပဌာန်းစတဲ့ ညဝါဘာသာတွေ အရွှတ်မပျင်းကြနဲ့၊ အဲဒါတွေက တကယ့် ဘုရားဟောအစစ်တွေ၊ ရွတ်အံနေသရွေ့ ဘုရားနဲ့တွေ့နေရတာ၊ ဘုရားနဲ့တွေ့ရမှ သဒ္ဓါတရားဖြစ်ပြီး ပိုကုသိုလ်ရမှာ၊ ငါဆိုငယ်ငယ်ကတည်းက နေ့စဉ်မပြတ် ပဌာန်းရွတ်လာတာခုအထိပဲ၊ ဘယ်နေ့မှ မရွတ်ဘာသ်ပဲ မကျော်မဖြတ်ဘူး၊ အခေါက်ရေတွက်ကြည့်ရင် အခေါက်ပေါင်း(၃)သောင်းကျော်ပြီ၊ တကယ်လို့ ငါသေပြီး ခွေးဖြစ်ရင်တောင် ရွှေသွားနဲ့ခွေး ဖြစ်မှာကွ၊ လူအဖြစ်ဆိုရင် မပြောနဲ့၊ ဒါကြောင့် မင်းတို့ အရွှတ်မပျင်းကြနဲ့၊ ကုသိုလ်လဲ ရတယ်၊ စာမေးပွဲလဲ အထောက်ကူပြုတယ်။ (စိန်ရတုအထိမ်းအမှတ် ဩဝါဒတရားတော်များ- ၁၉၈)

မွေးနေ့ရှင် မစိုးရိမ်တိုက်သစ် မဟာနာယကချုပ် ဆရာတော်ကြီးကို "ဘဝမှာ မစိုးရိမ်ရသူ"ဟူသော ဤဓမ္မဆောင်းပါးဖြင့် လေးမြတ်စွာ ပူဇော်ပါ၏၊ ဤပူဇာကုသိုလ်စေတနာကြောင့် မွေးနေ့ရှင် ဆရာတော်ကြီးသည် ကျန်းမာသက်ရှည်စွာဖြင့် မစိုးရိမ်ရသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ (ခေတ်ပေါ် ပစ္စည်းများကြောင့် စိုးရိမ်စရာ ဖြစ်လာသော) သာသနာတော်ကြီးကို မစိုးရိမ်ရအောင် စောင့်ရှောက်နိုင်ပါစေ-ဟူ၍ ဆုတောင်းနေမိပါသည်။

ဦးနာရဒါဘိဝံသ(လှရထနာ)
(၂၊ ၁၊ ၂၀၁၃)

http://www.dhammadownload.com

အမြတ်ညီနောင် ဦးဆရာတော်


လူသစ်(ဗန်းမော်)



http://www.dhammadownload.com

ကဲဗျာ ကိုဥက္ကာကျော် စာရွက်စာတမ်းတွေနဲ့ လာတယ်ဆိုတော့ ဒို့က ဘာများ ကူညီပေးရဦးမှာလဲ ပြောဗျာ- "မစိုးရိမ်တိုက်သစ်ကြီးများ၏ အဓိပတိမဟာနာယကချုပ် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ မဟာထေရ်မြတ်၏ သက်တော် (၈၀)ပြည့် အထိမ်းအမှတ်ပူဇော်ပွဲ မဟာသဘင် စည်ကား သိုက်မြိုက်စွာ ဆင်ယင်ကျင်းပကြမည်ဘုရား၊ အဲဒီပူဇော်ပွဲအတွက် စာမူလာတောင်းပါတယ် ဘုရား"လို့ ပြောလိုက်တော့ ဆရာတော်ဘုရားရဲ့ လွန်ခဲ့သော နှစ်ပေါင်း (၃၀)ကျော်က လူပျိုရွှေမှူ သရုပ်မြင် ကွင်းများ စာရေးသူရဲ့ ခေါင်းထဲမှာ အစီအရီ ပေါ်ထွက် လာပါတော့တယ်ဗျာ။

ဒီမယ် ကိုဥက္ကာ ဆရာတော်ဘုရားက ဒို့ရဲ့ ကျေးဇူးရှင် ဆရာတော်တစ်ပါး ဖြစ်ပါတယ်၊ ဟင် ဒါဖြင့် အရှင်ဘုရားက မဟာဝိသုဒ္ဓါရုံတိုက်သစ်ထဲမှာ နေတာမဟုတ်



http://www.dhammadownload.com



လား၊ "ဟုတ်ပါတယ်" ဒီမယ် ကိုဥက္ကာ ပဌမ သင်္ဃနာယကတင် ဘဝရှင်မင်းတုန်းမင်းတရားကြီး တည်ထောင်ဖန်ဆင်းထားတဲ့ မန္တလေးမြို့တော်ကြီး နှစ်(၁၅၀)တွင်းမှာ ဟောဒီ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မစိုးရိမ်တိုက်ကြီးတို့ဆိုတာက အမွာညီနောင်လို မရှေးမနှောင်း ဖြစ်တည်လာကြတာ ဆိုပါတယ်၊ မဟာဝိသုဒ္ဓါရုံဆရာတော် ဘုရားကြီး မိန့်တော်မူသွားတဲ့ စကားလေး မှတ်သားဖွယ်တယ်ကောင်းသဗျာ။

မဟာဝိသုဒ္ဓါရုံတိုက်သစ် တည်ထောင်ပြီးစတစ်ရံ သောညနေခင်း နေဝင်ခါနီးလေးမှာ မစိုးရိမ်တိုက်ကြီး တည်ထောင်မည့်နေရာ မစိုးရိမ်ဥယျာဉ်ကြီး အတွင်းဆီက စေတီပုံတော်ကြီး လျှပ်တပြက်ဖြစ်ပေါ်နေတာကို မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ဖူးမြင်တွေ့လိုက်ရတော့ တပည့်ကြီးများကို ပြောပြသတဲ့။

"ဒို့ နေရာရွေးတာ မှားသွားပြီ၊ အနောက်ဘက်က ဒို့ထက်သာတဲ့ ကျောင်းတိုက်ကြီး ဖြစ်ပေါ်လာလိမ့်မယ်"ဟု ပြောသွားကြောင်းကို စည်ရှင်ကျောင်းဘုန်းတော်ကြီး ဦးကောဝိဒက မကြာမကြာ မိန့်ကြားလေ့ရှိခဲ့ပါတယ်။

စည်ရှင်ဆရာတော် ဦးကောသလ္လ၊ မြောင်းမြဆရာတော် ရွှေကျင်နိကာယ (ဒသမမြောက်) သာသနာပိုင်၊ စည်ရှင်ကျောင်း ဘုန်းတော်ကြီး ဦးကောဝိဒဆိုတာက တစ်ပါးနဲ့တစ်ပါးက သိပ်ပြီးကွာကြတာမဟုတ်ပါ။ စည်ရှင်ဆရာတော် ဦးကောသလ္လက အုပ်ချုပ်မှု သိပ်ပြီးကျွမ်းကျင်တော်မူသတဲ့၊ ဦးကောဝိဒကို ကျောင်းဘုန်းကြီးခန့်ထားပြီး နေထိုင်သွားကြတာဖြစ်ပါရော။

ပိုက်ကျုံးဆရာတော် ဦးဇာနေယျဗုဒ္ဓိ၊ အသောကာရုံဆရာတော်တို့ကို စာချဘုန်းတော်ကြီး ခန့်ထားပြီး နေထိုင်သွားတော်မူတဲ့ စည်ရှင်ဆရာတော် ဦးကောသလ္လပါ။

ဒီမယ် ကိုဥက္ကာ စကားစပ်မိတုန်း ဆက်ပြီးပြောရမယ်၊ အမရပူရမြို့ ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော် ဘုရားကြီးက "လူဝတ်ကြောင်ဘဝမှ ရဟန်းသာမဏေဘဝသို့ ကူးပြောင်းခြင်းသည် ပဋိသန္ဓေအသစ်နေရခြင်းနှင့် တူတယ်၊ ပဋိသန္ဓေနေသူသည် ဖွားမြင်သောအခါ မိမိဖြစ်ရာ မိဘမျိုးရိုး ထုံးစံအတိုင်းသာ သွားလာနေထိုင်သကဲ့သို့ ထို့အတူ ရဟန်းသာမဏေများသည် မိမိကိုရင်ရဟန်းပြုပေးသော ဆရာသမားတို့၏ ရိုးရာထုံးစံအတိုင်းသာ စားဝတ်နေထိုင်မှုကို ပြုလေ့ရှိကြပါတယ်

http://www.dhammadownload.com

(သံ၊ဌ၊၃၊၇၇)"ဟု သာသနာတော်ရေး လျှောက်ထားချက်ထဲမှာ ဖွင့်ဆိုထားခြင်းကို တွေ့ရပါတယ်။

ယခုလည်း ထိုနည်းအတူ ကျေးဇူးတော်ရှင် ဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသက သက်တော်ရှည်ဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသတို့ရဲ့ လက်ထက်တော်မှာ နေထိုင်ကြီးပြင်းလာခဲ့ကြတဲ့အတွက်ကြောင့် ဆရာတော်ဘုရားကြီးများရဲ့ နေပုံထိုင်ပုံ လုပ်ပုံတွေ စာချုပ်ကအစ အားလုံးဟာ ထပ်တူထပ်မျှ ဖြစ်နေကြခြင်းဟာ ကြီးပွားမှုဖွံ့ဖြိုးတိုးတက်မှုတွေရဲ့ အစဉ်အလာကောင်းဖြစ်နေတာ တွေ့မြင်ရပါတယ်။

ကျေးဇူးတော်ရှင် ဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသရဲ့ ထူးခြားမှု တစ်ရပ်က စာဝါများချချိန်မှာ နေ့(၁၂) နာရီမှ နေ့(၁)နာရီအထိ စာချတာ အများဆုံး တွေ့ရှိခဲ့ပါတယ်။

မစိုးရိမ်တိုက်သစ်သို့ ဆရာတော် စတင်ရောက်ရှိတဲ့ နှစ်မှာ သဒ္ဓတ္ထဘေဒစိန္တာစာဝါကို နေ့(၁၂)နာရီအချိန် စာဝါချလိုက်တော့ မစိုးရိမ်တိုက်ဟောင်းသံဃာ၊ မြတောင်တိုက်၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်ရှိ စာလိုက်သံဃာများ၊ စာဝါချိန်မှီအောင် သပိတ်ခွက်ဆေးကြောမှု နောက်မှ ပြန်ဆေးဆိုပြီး အစီအစဉ်တွေ ရေးဆွဲပြီး စာဝါမှီအောင် လိုက်ကြပါတယ်၊ စာရေးသူတို့ စာဝါမပျက်အောင် ဂရုစိုက်ပြီး လိုက်ခဲ့ရပါတယ်၊ အဲဒီနှစ်က နတ်တော်လဆန်းပိုင်း ထိအောင် စာဝါလိုက်ခဲ့ရပါတယ်။

ဆရာတော်ဘုရားက စာချရင်းမိန့်လိုက်တဲ့ စကားများ မှတ်သားဖွယ်ရှိလှပါတယ်။

"ခင်ဗျားတို့က ဆိုင်ရာစာအုပ်များ စုံစုံစေ့စေ့ လိုက်မကြည့်နိုင်ကြလို့ ကျွန်ုပ်တို့က စုံစေ့အောင် စာများရှာကြည့်ပြီး ပို့ချပေးနေရခြင်း ဖြစ်ပါတယ်"တဲ့။

ဆရာတော်ဘုရားက သူကိုယ်သူ အများအထင်ကြီးအောင် မလုပ်တတ်ပါ၊ အရှိကို အရှိအတိုင်း ဖွင့်ဟပြောဆိုမိန့်ကြားမှုကြောင့် တက်လမ်းကို ကွေ့ဝိုက်ခြင်းမရှိဖြောင့်မှန်စွာ တက်လာခြင်း သက်သက်ဖြစ်ပါတယ်။

သူ့ရဲ့ ဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသတို့လည်း ထိုနည်းတူစွာ ကျင့်သုံးသွားတဲ့မူ ဖြစ်ကြတယ်၊ ဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသတို့ဟာ သူ့အလုပ်သူ ပုံမှန်စိုက်ပြီး လုပ်ကိုင်သွားတယ်၊ ဆွမ်းခံဝတ်မပျက်အောင် ဂရုစိုက်တယ်၊ စာရေးသူနဲ့ ဆရာတော်ဘုရားတို့က ဆွမ်းခံလမ်းတူနေကြတယ်၊ ဆွမ်းခံရက်ပျက်နေတာတွေ့သွားတော့ သက်နှံးဆွဲထားပြီး "ဘာကြောင့် ဆွမ်းခံမထွက်တာလဲ"ဟု ထပ်တလဲလဲ မေးလေ့ရှိပါတယ်၊ အများက သူ့ကို အထင်ကြီးအောင် မလုပ်တတ်ကြပါ၊ ရိုးရိုးရှင်းရှင်းကြီးတွေ သန့်သန့်ဖြစ်ကြပါတယ်။

ဒို့ရဲ့ ကျေးဇူးရှင် ဝါးတန်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝဏ္ဏီတာဘိဝံသတို့နှင့် ဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသတို့ဟာ ရောနှောစည်းလုံးပြီး စာသင်သားဘဝကတည်းက နေတူထိုင်တူ ဆင်းသက်လာခဲ့ကြတဲ့ ဆရာတွေ ဖြစ်ကြရော။

ဆရာတော် (၂)ပါးစလုံးဟာ ပွင့်လင်းမှုရှိကြတယ်၊ တစ်ဦးပေါ်တစ်ဦး ယုံကြည်မှု အပြည့်ရှိခဲ့ကြတာဟာ ထေရဝါဒဗုဒ္ဓသာသနာစိတ်သန့်သန့် ဖြစ်ကြပါတယ်။

မစိုးရိမ်တိုက်သစ်ကို ဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသတို့ မရောက်မီမှာ ဝါးတန်းဆရာတော်ဘုရားနဲ့တွေ့ရှိကြတဲ့ အချိန်မှာ သူ့ကို မစိုးရိမ်ဆရာတော်ဘုရားကြီးက ခေါ်ပြီး တိုက်သစ်ကို လွှဲအပ်လိုက်တဲ့ အကြောင်းများကို ဝါးတန်းဆရာတော်ဘုရားကို တိုးတိုးတိတ်တိတ် ပြောပြလိုက်ပါတယ်၊ ဝါးတန်းဆရာတော်ဘုရားကလည်း လက်ခံတာကောင်းကြောင်း ထပ်ဆင့်ထောက်ပံ့လိုက်ကြောင်းကို စာရေးသူအား ဝါးတန်းဆရာတော်ဘုရားက ပြောပြလို့ မှတ်ယူထားလိုက်ပါတယ်။

ဒါဟာ ထေရဝါဒကို လက်ကိုင်ပြုထားတဲ့ သံဃာတော်များဖြစ်ပါတယ်၊ ဂိုဏ်းစကားတွေ ထည့်သွင်းပြီး ကျင့်သုံးကြတာ မဟုတ်ပါ၊ ထေရဝါဒသက်သက် ဗုဒ္ဓအလိုကျ သီတင်းသုံးနေကြတဲ့ ဆရာတော်များပါ။

ကျွန်ုပ်တို့ ဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ ဆရာတော်ဘုရားကြီးကလည်း လိုရင်းတိုရှင်း မိန့်ကြားမှုကြောင့် ဆရာတော်ဘုရားရဲ့ အပေါ်မှာ ချွင်းချက်မရှိ ယုံကြည်ကြပါတယ်၊ အားကိုးမှု ပြုကြပါတယ်။

စစ်အုပ်ချုပ်ရေးလုပ်နေချိန်က မန္တလေးတက္ကသိုလ် ပါဠိဌာနမှ ဝါတွင်းသီလပွဲပင့်ရန်ကိစ္စ ဘုန်းကြီး ရွေးချယ်ရင်း စာရေးသူထံ ရောက်ရှိလာကြပါတယ်။

ဒကာတို့ လိုချင်တဲ့ ဆရာတော်ပြောပါဟု မေးလိုက်တော့ မစိုးရိမ်တိုက်သစ်ဆရာတော် ဦးရာဇဓမ္မာဘိဝံသကို ပင့်ချင်ကြောင်း ပြောပြကြပါတယ်။

စာရေးသူထံ ဦးဆောင်ပြီးလာသူက တခြားမဟုတ်ပါ၊ မိုးနတ်သူ မီဒီယာ ဦးညွှန့်မင်း ဖြစ်ပါတယ်။

ဒါနဲ့ ညနေပိုင်း ဆရာတော်ဘုရားထံ ရောက်ရှိသွား ကြပါရော၊ ဆရာတော်ဘုရားက ဘာကိစ္စလဲ ဆိုဗျာတဲ့။

http://www.dhammadownload.com

ဒါနဲ့ မန္တလေးတက္ကသိုလ် ပါဠိဌာန မိသားစုက လာမယ့်ဥပုသ်သီလပွဲ ဆရာတော်ဘုရားကို ပင့်လျှောက်ဖို့ လာကြကြောင်း လျှောက်ထားလိုက်တော့ ဆရာတော် ဘုရားက "ပြဿနာဖြစ်နေဦးမယ်၊ စဉ်းစားဦး"၊ ဤသို့ မိန့်လိုက်တယ်၊ ဘုန်းကြီးကို အရင်တစ်နှစ်က ယခုလို သီလပွဲ လာရောက်ပင့်သွားကြတယ်၊ ပွဲကြတော့ ဒီဘုန်းကြီးမှ ပင့်လာရသလား၊ ဘုန်းကြီးရှားသလားဆိုတဲ့စကား ဘုန်းကြီးကြားရဖူးတယ်။

ပါဠိဌာနမှူးပုဂ္ဂိုလ်က ပင့်ရဲပါတယ်ဘုရား၊ ဘာသာသာသနာရေးကိစ္စပင့်တာ ပင့်ရဲကြောင်း လျှောက်ထားလိုက်ပါရော။

အရှင်ဘုရား တပည့်တော်တို့ ပါဠိဌာနမှ အရှင်ဘုရား အလိုရှိတာ သုံးစွဲရန် ဝတ္ထုများ (၂)သိန်းနီးပါးခန့် လှူဒါန်းကြပါမည်ဘုရားပေါ့၊ ဒါနဲ့ ဆရာတော်ဘုရားက တိုက်တွင်းစာချပေးနေကြတဲ့ သံဃာတော်များကို ဆွမ်းကွမ်းဝေယျာဝစ္စအတွက် မတည်ထားတဲ့ ရန်ပုံငွေဌာနရှိတယ်၊ ကြိုက်ရာ လှူဒါန်းနိုင်ကြောင်း စာရင်းဇယား ကြီးယူပြီး ပြလိုက်ပါရော၊ ပါဠိဌာန ဒကာများကလည်း ဝမ်းပန်းတသာ ကြည်းနူးနှစ်သက်မှု ဖြစ်သွားကြပါတယ်။

ဒီမယ် စကားစပ်မိတုန်း ဆက်ပြီး ပြောရဦးမယ်၊ ဆရာတော် ဦးရာဇဓမ္မာဘိဝံသ သူ ဆွမ်းဘုန်းပေးတာတွေ့ရရင် အံ့သြသွားဦးမယ်၊ ဆွမ်းစားပန်းကန်ပြားထဲမှာ ဆွမ်းက အကြမ်းလွှက်ရည်ပန်းကန် (၂)လုံးခွဲခန့် ဘုန်းပေးတာ၊ ဆရာတော် ဆွမ်းဘုန်းပေးပြီးလို့ ဆွမ်းကျန်ဆိုတာ မတွေ့ရပါ၊ တိတိကျကျ နေ့စဉ်ပုံမှန် ဘုန်းပေးတာဟာ ပုံမှန်ဘဲ၊ ဒါ့ကြောင့် ဆရာတော်ဘုရားရဲ့ စာဝါချိန်ဟာ နေ့(၁၂)ချိန် ပုံမှန်ပို့ချနိုင်ခြင်း ဖြစ်မှာပါ၊ စိန္တကျော်သူ ဦးဩရဲ့ ကဝိလက္ခဏာ သတ်ပုံကျမ်းထဲမှာ. . . ၊

အိပ်လိုရဟန်း၊

စားလိုမှန်း၊ ပုဏ္ဏန်းလုပ်ပါလေ"တဲ့။

ဗျာ. . . အိပ်ချင်လျှင် ဘုန်းကြီးလုပ်၊ စားချင်လျှင် နတ်ကတော်လုပ်ဆိုတဲ့ အစဉ်အလာကို ဆရာတော် ဦးရာဇဓမ္မာဘိဝံသက တော်လှန်လိုက်ကြောင်း ဖြစ်ပါလိမ့်မယ်ဗျာ။

ဆရာတော်ဘုရားရဲ့ ရဲစွမ်းသတ္တိ ပေါ်လွင်ပါတယ်။

ဒါ့ထက် မစိုးရိမ်တိုက်နဲ့ မဟာဝိသုဒ္ဓါရုံတိုက်သစ်တို့ဟာ အမွှာညီနောင်တိုက်ဟု ဆိုထားလိုက်ခြင်းက ဒီလိုဗျာ။

မန္တလေးမြို့တော်ရဲ့ ထင်ရှားလှတဲ့ (၈၇) လမ်း၊ ၃၆-လမ်း×၃၇-လမ်းတို့ဟာက မစိုးရိမ်တိုက်, မဟာဝိသုဒ္ဓါရုံ တိုက်သစ်တို့ရဲ့ အဆီးအတားဖြစ်နေကြပေါ့။

ဒီတော့ ဝါကျွတ်လို့ စာသင်သားများ မိဘရပ်ထံ တောရွာသို့ ပြန်သွားကြ၊ ပြန်လာကြတဲ့အခါ ကားပေါ်က ဆင်း၊ ဆိုက္ကား,မြင်းလှည်း ငှါးတဲ့အခါ ဆိုက္ကားဆရာ၊ ဆိုင်ကယ်ကယ်ရီဆရာများက အရှင်ဘုရား ဘယ်ကို ကြွမှာလဲ၊ ဘယ်ကို ပို့ရမှာလဲလို့ မေးလိုက်တဲ့အခါ ထင်ရှားလှတဲ့ မစိုးရိမ်တိုက်ဟု ပြောပြီး ငှါးကြတယ်။

ဒီဘက်ရောက်မှ အရှေ့ဘက်တိုက်ကို ဝင်ရမယ်၊ ပြောလိုက်ကြတာ များပါတယ်။

မစိုးရိမ်တိုက်ဆိုတာ ပါဠိစကားလုံးဝမပါ၊ မှတ်လွယ် ပြောလွယ်ဆိုတော့ နားရှင်းကြတယ်။

မဟာဝိသုဒ္ဓါရုံတိုက်သစ်ဆိုတာက ပါဠိစာတမ်းကြီး သက်သက် ဖြစ်နေတော့ မှတ်ဖို့မလွယ်၊ ပြောလို့ မလွယ် ဖြစ်နေကြ၊ ဒါကြောင့် မစိုးရိမ်တိုက်နဲ့ မဟာဝိသုဒ္ဓါရုံ တိုက်သစ်တို့ဟာ အမွှာညီနောင် ဖြစ်နေကြပါရော။

နောက်ထပ် ပြောစရာ စကားကျန်သေးတယ်၊ ကိုဥက္ကာကျော်တို့ ဦးစီးပြီးထုတ်ဝေလိုက်တဲ့ "ရွှေကျင် နိကာယ နှစ်(၁၅၀)ပြည့် သာသနာ့မော်ကွန်း"ဆိုတဲ့ စာအုပ်ကြီးထဲမှာ "ဆရာတော် အရှင်ရာဇဓမ္မာဘိဝံသ ရေးသားလိုက်တဲ့ ဆောင်းပါးခေါင်းစီးက နှစ်ပေါင်း(၈၀) ကျော်က သပိတ်မှောက်ကံတဲ့ဗျာ။

ပြီးတော့ ကိုဥက္ကာကျော်တို့ စီစဉ်ပူဇော်လိုက်တဲ့ ဓာတ်ပုံကတော့ ဆောင်းပါးနဲ့ မဟပ်စပ်မိဘူး၊ ဒါပေမယ့် မစိုးရိမ်နာယကအဖွဲ့က အပူတပြင်း လိုက်ရှာနေတဲ့ ဓာတ်ပုံဖြစ်နေပါရော။

အဲဒီဓာတ်ပုံရဲ့ အောက်ခြေမှာ ရေးဖွဲ့ထားတဲ့ စာက ဒီလိုဗျာ။

၁၉၀၀-ပြည့်၊ ဖေဖော်ဝါရီလ၊ ၁၂၆၂-ခု တပို့တွဲလ မိုးကောင်းတိုက်တွင် သိက္ခာတော်တစ်ဝါရ ဦးသူရိယ မစိုးရိမ်တိုက်ဆရာတော်အား ရာဇဂုရုဘွဲ့ ဘွဲ့တံဆိပ် နှစ်ထပ်ရ မိုးကောင်းတိုက် မဟာဝေယ်ဘုံကျော်ကျောင်း ဆရာတော် ဦးနာဂိန္ဒရှေ့မှောက်တွင် မြန်မာနိုင်ငံတော် ဘုရင်ခံတို့မှ ပဌမကျော်ဘွဲ့လက်မှတ်ဆက်ကပ်စဉ် အမှတ်တရ ရိုက်ကူးထားတဲ့ဓာတ်ပုံကို ဖော်ပြထားခြင်းကို တွေ့ရှိရပါတယ်။

အဲဒီ ဓာတ်ပုံက မဟာဝိသုဒ္ဓါရုံတိုက်သစ် ဝါးတန်းကျောင်းမှာနေထိုင်တဲ့ ဓာတ်ပုံ လူသစ်(ဗန်းမော်)ရဲ့ ရှာဖွေရိုက်ကူးထားချက်ဖြစ်ခြင်းကြောင့် အမွှာညီနောင်ဟု

http://www.dhammadownload.com



ပြောဆိုလိုက်ခြင်း ဖြစ်ပါရော။

၁၉၈၈-ခုနှစ် ဒီမိုကရေစီ အရေးခင်းတိုက်ပွဲတုန်းကလည်း မစိုးရိမ်တိုက်(၂)တိုက်ရယ် မဟာဝိသုဒ္ဓါရုံတိုက်သစ်တို့မှာ အရေးအခင်းကိစ္စ ဖြေရှင်းနိုင်ရန်အတွက် (၃)တိုက်ပူးပေါင်းပြီး နှစ်(၁၀၀)အတွင်း သံဃာကိစ္စ ညှိနှိုင်းတွေ့ဆုံပြီး စစ်အာဏာရှင်များထံသို့ ဆုံးဖြတ်ချက်များ ပြုလုပ်ပေးပို့ခဲ့ကြပါတယ်။

အဲဒီနှစ်က မဟာဝိသုဒ္ဓါရုံတိုက်သစ် ဝါးတန်းကျောင်းမှာ တွေ့ဆုံစည်းဝေးမှု ပြုလုပ်ကြခြင်း ဖြစ်ရပါတယ်။

အဲဒီအချိန်မှာ ဝါးတန်းဆရာတော်ဘုရားကြီးက သုံးတိုက်ပေါင်း မဟာထေရ်ကြီး ဖြစ်နေပါတယ်၊ ဒါကြောင့် ထေရဝါဒမူကို လက်ကိုင်ပြုထားတဲ့ မစိုးရိမ်တိုက်တို့က လိုက်နာခံယူပြီး ကျင့်သုံးနေထိုင်ကြခြင်း ဖြစ်ပါတယ်။

အဲဒီတွေ့ဆုံပွဲ ပြုလုပ်နေကြချိန်မှာ (၈၇)လမ်းလမ်းမကြီး ရေထဲနစ်မြုပ်နေချိန် ဖြစ်ပါတယ်၊ မစိုးရိမ်တိုက်ကြီး၊ မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးများ ရေထဲဆင်းပြီး လာရောက်ရခြင်း ဖြစ်ပါရော။

ဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသက ဂိုဏ်းဂဏစကားပြောဆိုမှု နည်းပါးပါတယ်၊ ထေရဝါဒဗုဒ္ဓ သာသနာဆိုတဲ့မူကို လက်ကိုင်ပြုပြီး နေထိုင်တော်မူတဲ့ ဆရာတော်ပါ၊ ဒါကြောင့် မစိုးရိမ်တိုက်မကြီး နှစ်(၁၀၀) ပြည့်ပွဲကျင်းပချိန်တုန်းက မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ထဲမှာ သက်တော်ရှည်ဆရာတော်ကြီးများကို ဦးစားပေးပြီး ဖွင့်လှစ်ခဲ့တဲ့ မစိုးရိမ်တိုက်ရာပြည့်ပွဲကြီးပါ။

ဝါတန်းဆရာတော်ဘုရားကြီးက သက်တော်ရှည်ကြီးလည်းဖြစ်၊ ထေရဝါဒကို အစဉ်ဦးစိုက်ခဲ့တဲ့ အစဉ်အလာကို သူတို့ လက်ထက်ကျမှ ဘာညာဆိုတဲ့အဖြစ်ကို လက်မခံပါ၊ မဟာနာယက, နာယကအဖွဲ့ အဆင့်ဆင့်က ရှေးရှေးမူအတိုင်း လျှောက်လှမ်းမှုကို သွေဖီခြင်း မရှိခဲ့ကြပါ၊ ဒါကြောင့် ဝါးတန်းဆရာတော်ကို သူတို့ မစိုးရိမ်ရာပြည့်ပွဲမှာ အဖွင့်ဩဝါဒပေးပြီးမှ ကျန်တဲ့ ဩဝါဒဆရာတော်များ ထေရ်စဉ်ဝါလိုက် အလှည့်ကျ ဩဝါဒပေးရန် စီစဉ်ရေးဆွဲမှုသည် ကောင်းမြတ်သော မင်္ဂလာတစ်မျိုးသာပ။


ဆရာတော် ဦးရာဇဓမ္မာဘိဝံသရဲ့ လှုပ်ရှားမှုဖြစ်စဉ်ကို ပြောပြမယ်၊ ဒို့ရဲ့ ကျေးဇူးရှင် ဝါးတန်းဆရာတော် ဘုရားက သက်တော်(၉၀)ကျော်ရုံလေး ရှိပါသေးတယ်၊ ဝါးတန်းဆရာတော်ဘုရားကို ပွဲစားကုန်သည်ကထိန်တော် အသင်းက နှစ်စဉ်ပင့်လေ့ ရှိပါတယ်၊ အဲဒီနှစ်မှာ ဝါးတန်းဆရာတော်ဘုရားကြီးက ကိုယ်တော်တိုင် ပွဲစားကုန်သည် ကထိန်တော်အသင်းတိုက်သို့ ဆွမ်းဘုဉ်းပေး ကြွရောက်သွားတဲ့အခါမှာ ဆရာတော် ဦးရာဇဓမ္မာဘိဝံသက ဆရာတော်ဘုရားကြီးများနှင့်အတူ ဆွမ်းဘုဉ်းပေးပြီးနောက် ပွဲစားကုန်သည်ကြီးများက စကားပြော ဆူဆူညံညံ ဖြစ်လာကြရော။

အဲဒီအချိန်မှာ ဆရာတော် ဦးရာဇဓမ္မာဘိဝံသက "ဟေ့ ဒကာတွေ မဆူကြနဲ့၊ ဒီမှာ သက်တော်ရှည် ဆရာတော်ဘုရားကြီးများပါတယ်၊ တိတ်တိတ်နေ ထွေးခံနဲ့ ကောက်ထုလိုက်ရမလား"ဟု ရာဇသံပေးလိုက်ရုံလေး ရှိသေးတယ်၊ ဒကာတွေ တစ်ခါတည်း ငြိမ်ကျသွားတယ်။

အဲဒီ ဖြစ်စဉ်လေးကို ဝါးတန်းဆရာတော်ဘုရားကြီးက ကျောင်းရောက်တော့ မောင်ပဏ္ဍဝရေ မင်းဆရာဦးရာဇဓမ္မလုပ်ချက်က မီးသေတယ်ဗျာ။

ကျေးဇူးတော်ရှင် ဆရာတော် ဦးရာဇဓမ္မာဘိဝံသရဲ့ သြဇာတိက္ကမ ထက်မြက်မှုသန့်သန့်ပါ၊ ဆရာတော်ဘုရားရဲ့ လက်သုံးထွေးခံနဲ့ ကောက်ထုလိုက်ရ

http://www.dhammadownload.com



၁၉၈၈-ခုနှစ်က မစိုးရိမ်တိုက်မ ၊မစိုးရိမ်တိုက်သစ်၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်တို့ (၃)တိုက် စုပေါင်းပြီး စစ်အာဏာရှင်များထံ အဖြစ်မှန်တင်ပြမှု ပြုလုပ်နေကြတဲ့ ဆရာတော်ဘုရားကြီးများ သိသာရန်ဖော်ပြလိုက်ပါသည်။
ဌာန-မဟာဝိသုဒ္ဓါရုံတိုက်၊ ဝါးတန်းကျောင်းအပေါ်

မလားဆိုတဲ့ အသုံးအနှုံးခန့်ခန့် ဖြစ်ပါတယ်၊ ရှေးမူမှန်မှန် ဖြစ်ပါတယ်။

ကျေးဇူးတော်ရှင် ဆရာတော် ဦးရာဇဓမ္မာဘိဝံသက ဘယ်ပွဲမှာ ဘယ်လိုဆော်တီးလိုက်တယ်ဆိုတာ လုံးဝ လုံးဝ မရှိခဲ့ပါ၊ သို့သော် ဆရာတော်ဘုရားရဲ့ သြဇာတိက္ကမ ထက်မြက်မှုသန့်သန့်ဖြစ်ကြောင်း သတင်းကောင်း ပါးလိုက်ပါရစေ။

ဒို့ရဲ့ ကျေးဇူးတော်ရှင် ဆရာတော် ဦးရာဇဓမ္မာဘိဝံသဟာ လောကီလောကုတ် စွယ်စုံပြည့်ဝတဲ့ ဆရာတော်တစ်ပါးဖြစ်ပါတယ်၊ ဘက်စုံပြည့်ဝတယ်လို့ ပြောရင်ဖြစ်ပါတယ်၊ ဆရာတော်ဘုရားရဲ့ ရူပကာယ ပါးလှစ်နေသလို အရာရာတိုင်းမှာ ပါးလှစ်မှုရှိနေတဲ့ ဆရာတော်ဖြစ်ပါတယ်၊ ဝါးတန်းဆရာတော်ဘုရားကြီး လွန်တော်မူချိန်က နံနက်(၆)နာရီ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မဟာနာယက, နာယကကျောင်းဘုန်းကြီးများ အစည်းအဝေးပြုလုပ် ကြပါရော။

မစိုးရိမ်တိုက်သစ် ဆရာတော်ဦးရာဇဓမ္မာဘိဝံသနှင့် မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဦးကုန္ဒကာဘိဝံသတို့ ဖြုန်းစားကြီး ဝါးတန်းကျောင်းသို့ ရောက်ရှိလာပြီး "ကိုင်းဘယ်လိုဖြစ်သွားကြတာလဲ"ဟု ဆရာတော် ဦးရာဇဓမ္မာဘိဝံသက မိန့်တော်မူလိုက်တယ်၊ အကြောင်းစုံရှင်းလင်းလျှောက်ထားလိုက်တော့မှ "သြော် ဒီလိုလား"ဟုပြော၍ ပြန်ကြွသွားပါရော။

ဒါကြောင့် ကိုဥက္ကာကျော် မစိုးရိမ်တိုက်နဲ့ မဟာဝိသုဒ္ဓါရုံတိုက်သစ်တို့ဟာ အမွှာညီနောင် (၃)တိုက်ဟု ဆိုလိုက်ခြင်း ဖြစ်ကြောင်း။

မစိုးရိမ်တိုက်နဲ့ ဘဒ္ဒန္တရာဇဓမ္မာဘိဝံသတို့ကတော့ . . .

"ပါကဋော ယော မဟီတလေ" ဖြစ်နေကြကြောင်း သိစေလိုက်သည်။

လူသစ်(ဗန်းမော်)

http://www.dhammadownload.com


လွန်ခဲ့သော ၁၃၄၂-ခုနှစ်က မန္တလေးမြို့ မစိုးရိမ်တိုက်သစ်သို့ ဓမ္မာစရိယစာပေသင်ယူရန် ကျွန်ုပ် ရောက်လာခဲ့သည်၊ ထိုစဉ်က မစိုးရိမ်တိုက်သစ်၌ ဆရာတော် ဦးသိရိန်၊ ဆရာတော် ဦးနာယက၊ ဆရာတော် ဦးရာဇဓမ္မဟူ၍ နာယကဆရာတော်ကြီး (၃)ပါးသာ ရှိသေးသည်၊ ဆရာတော်ကြီးများသည် မိမိထံ အပ်နှံသည့် တပည့်များကို မိမိတို့ စွမ်းနိုင်သည့် ပစ္စယ၊ ဓမ္မ နှစ်မျိုးဖြင့် ဆရာ့ကျင့်



ကျွန်ုပ် ကြားနာမှတ်သားခဲ့ဖူးသော သြဝါဒအတိုအထွာလေးများ

ဦးတေဇောဘာသ (ကံတက်ကုန်း မစိုးရိမ်)

http://www.dhammadownload.com



ဆရာတော်နှင့် မယ်တော်ကြီး ဒေါ်နှင်းဦး

ဝတ်နှင့်အညီ တပည့်ကောင်းများ ပေါ်ထွက်အောင် ခိုးမြှင့်ခဲ့သည်၊ ကွန်ပြူတာသည် ဆရာတော် ဦးရာဇထံ အပ်နှံခံရပြီး ပညာရည်ကို သောက်စို့ခဲ့ရသည့် တပည့်ဖြစ်သည့် အတွက် ဆရာတော်၏ ပစ္စယ ဓမ္မ နှစ်ဌာနဖြင့် ခိုးမြောက်မှုကို ခံယူခဲ့ရပါသည်။

ထိုခိုးမြောက်မှု နှစ်မျိုးတို့တွင် ဓမ္မဖြင့် ခိုးမြောက်ခံရမှုကို စာဖတ်သူများ သိစေလိုရှ ဤဆောင်းပါးကို ကွန်ပြူတာရေးသားခြင်း ဖြစ်သည်၊ ထိုစဉ်က ဆရာတော်သည် သက်တော်(၅၀)ကျော်လောက်သာ ရှိသေးမည် ထင်သည်၊ မိမိထံ ရောက်လာသော တပည့်များကို နှစ်စဉ် ဝါဆိုဦးအခါ၌ မိမိရရှိသော လာဘ်လာဘများကို ခွဲဝေလှူဒါန်းရာ မလှူမီ ရှေးဦးစွာ တပည့်များကို တစ်သက်တာ မှတ်သားဖွယ် အတုယူဖွယ် ဆုံးမသြဝါဒများပေးပြီးမှ လှူလေ့ရှိသည်။ ခုနှစ်တော့ တိကျစွာ မမှတ်မိတော့ပါ၊ တစ်ခုသောနှစ်ဝယ် သင်္ဃာဆရာတော်ဘုရားကြီး ရေးသားထားသည့် အောက်ပါဂါထာကို ရွတ်ဆို၍ သြဝါဒပေးသည်။

ဂိဟိကာမေ ပဟာယာ'ဂေါ၊
ပရဝန္တေသု လဂ္ဂိတော။
ဂဂီါတိဏ္ဏော တဠာကမိ့၊
နိမုဂ္ဂေါ ဏ္ဍဝ နိန္ဒိတော။

ဂိဟိကာမေ-လူတို့ခံစားသည့် ကာမဂုဏ် အမျိုးမျိုး၊ စည်းစိမ်အမျိုးမျိုးကို။ ပဟာယ-ပယ်စွန့်၍၊ အာဂေါ-လာသောရဟန်းဖြစ်ပါလျက်။ ပရဝန္တေသု-သူတစ်ပါးတို့က ပိုလျှံ၍ ထွေးအံပစ်လိုက်သော တံထွေးနှင့် တူကုန်သော ပစ္စည်းဥစ္စာတို့၌။ လဂ္ဂိတော-မလှူရက် မတန်းရက် ကပ်ငြိနေမယ်ဆိုလျှင်။ ဂဂီါတိဏ္ဏော-အပြော ကျယ်သည့် ဂဂီါမြစ်ကို ကူးမြောက်နိုင်သူ ဖြစ်ပါလျက်။ တဠာကမိ့-တဘက်ဆည်ကန်လေးကို ကူးမြောက်ရာ၌။ နိမုဂ္ဂေါ ဏ္ဍဝ-နစ်မြုပ်သွားသူကဲ့သို့။ နိန္ဒိတော-ကဲ့ရဲ့ အပ်၏။

ယင်းသြဝါဒသည် ကွန်ပြူတာအတွက် အတုယူဖွယ် လိုက်နာမှတ်သားဖွယ် ကျေနပ်နှစ်သက်ဖွယ် သြဝါဒများစွာထဲမှ သြဝါဒတစ်ခု ဖြစ်သည်၊ ထိုစဉ်က ဆရာတော် ပေးသည့် သြဝါဒမှာ ရဟန်းတော်များသည် လူတို့ ခံစား

http://www.dhammadownload.com

သည့် ကာမဂုဏ်အမျိုးမျိုး စည်းစိမ်အမျိုးမျိုးတို့ကို စွန့်လွှတ်ပြီး ရဟန်းပြုသူဖြစ်ပါလျက် ဒါယကာ ဒါယိကာမများ သဒ္ဓါစေတနာ ရှေ့ထားလျက် လှူလိုက်သော ထွေးအန်ပစ်လိုက်သော တံတွေးနှင့် တူကုန်သော ပစ္စည်းဥစ္စာတို့အပေါ်၌ မစ္ဆရိယကို ရှေ့တန်းတင်၍ မလှူရက် မတန်းရက် လောဘတဏှာ ကပ်ငြိနေမည် ဆိုလျှင် အလွန်အပြောကျယ်သည့် ဂဂီမြစ်ကို ကူးနိုင်သူ ဖြစ်ပါလျက် ဘာမဟုတ်သည့် တစ်ဖက်ဆည်ကန် ကူးရာဝယ် နစ်မြုပ်သေဆုံးသွားသူနဲ့ တူလို့ ကဲ့ရဲ့အပ်သူ ဖြစ်သွားတယ်ဟု ပြောဆိုဆုံးမ ဩဝါဒပေးခဲ့ပါသည်။

ဒို့ဘုန်းကြီးလောကမှာ ဂုဏ်မယူရမဲ့ ဥစ္စာကို တစ်ချို့ တပည့် ဒါယကာ ဒါယိကာမတွေက လေးလေးနက်နက် မစဉ်းစားပဲ ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူပြောဆိုနေသံကို ကြားရလို့ ငါ စိတ်မကောင်းဘူး၊ ဒို့ ဆရာတော်ကြီးက သိပ်ဘုန်းကြီးတာပဲ၊ ခုပဲလွန်တော်မူသွားတဲ့အခါ သင်္ကန်း ဘယ်နှစ်စုံ ကျန်ခဲ့တယ်၊ ငွေသား ဘယ်လောက် ကျန်ခဲ့တယ်၊ ဘာပစ္စည်းတွေ ဘယ်လောက်ကျန်ခဲ့တယ် စသည်ဖြင့် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူပြောဆိုနေကြတယ်၊ တကယ်တော့ နှမြောတွန့်တိုသည့် မစ္ဆရိယ အားကြီးလို့ (တနည်း) အသိ သတိလွတ်လို့ မလှူမတန်းဘဲ ပစ္စည်းတွေ ကျန်ခဲ့တာကို ဝမ်းနည်းစိတ်မကောင်း ဖြစ်ရမဲ့အစား ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူပြောဆိုနေခြင်းသည် မှားယွင်းနေတယ်လို့ မှတ်ယူရမယ်။

"မနေရလို့ သေရသောအခါ၊ ကိုယ့်နောက်ကိုကား၊ ဘာမျှမပါ၊ ပစ္စည်းစုစု၊ တစ်ခုမပါ၊ ကိုယ်ပြုငြား၊ ကံများသူတို့ပါ" ဆိုတဲ့ ကဗျာလင်္ကာကို သတိပြုပြီးတော့ သေလျှင် ကိုယ့်နောက်ကို မပါတဲ့ ပစ္စည်းဥစ္စာတွေကို လှူဒါန်းပြီး သေလျှင် ကိုယ့်နောက်ပါမဲ့ ကုသိုလ်ကံတွေ ဖြစ်အောင် ပြုလုပ်ရမှာက၊ ဒီလိုမှ ပစ္စည်းဥစ္စာတွေကို နှမြောတွန့်တိုနေပြီး မလှူဒါန်းရင် ကောင်းမြတ်တဲ့ ကုသိုလ်ကံတွေ အစား နှမြောတွန့်တိုသည့် မစ္ဆရိယ၊ တပ်မက် တွယ်တာသည့် လောဘ အကုသိုလ်ကံများ ပါသွားလို့ ကိုယ့်အတွက် နစ်နာတယ်ကွဟု ဆုံးမဩဝါဒပေးသည်။

တစ်ချို့ဆရာတော်ကြီးတွေကျတော့ မိမိပိုင်ဆိုင်တဲ့ ပစ္စည်းလာဘ်လာဘကို မိမိသန္တာန်၌လည်း ကုသိုလ်ကံဖြစ်အောင်၊ ဘာသာ သာသနာ လူမျိုးကိုလည်း ချီးမြှောက်ပြီးသားဖြစ်အောင် အကွက်ကျကျ လှူဒါန်းပေးကမ်း၊ စွန့်ကြဲမှု ပြုလုပ်ကြတယ်၊ အဲဒီဆရာတော်ကြီးလို ပုဂ္ဂိုလ်မျိုးတွေကျတော့ အတုယူဖွယ်၊ ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူဖွယ် ဖြစ်တယ်လို့ မှတ်ရမယ်၊ ဒါကြောင့် မင်းတို့နောင်တစ်ချိန် ပစ္စည်းလာဘ်လာဘပေါလို့ ဘုန်းကံကြီးမားတဲ့သူ ဖြစ်ခဲ့ရင် ပစ္စည်းလာဘ်လာဘကို အကြောင်းပြုပြီး အကုသိုလ် မဖြစ်အောင် (၀၊) ကုသိုလ်ကံတွေ များများ ဖြစ်အောင် စွန့်ကြဲပေးကမ်း လှူဒါန်းရမယ်လို့ ဩဝါဒပေးသည်။ (ဆရာတော်သည် ယခုသက်တော် (၈၀)ပြည့်သည့် တိုင်အောင် နှစ်စဉ် ပစ္စည်းလာဘ်လာဘများကို ဘာသာသာသနာ လူမျိုးအတွက် လှူဒါန်းနေပါသည်။)

ဆရာတော်သည် မိဘနှစ်ပါးတို့က စွမ်းရည်ရှိသမျှ မိသားစုကို ပြုစုသော်လည်း ငယ်စဉ်က ဆင်းရဲ ပင်ပန်းစွာ ဖြတ်သန်းခဲ့ရပုံ၊ ဆရာတော်၏ အစ်ကိုကြီး ဆရာတော် ဦးကောသလ္လနှင့် ညီအစ်ကို နှစ်ယောက်လုံး သာသနာ့ဘောင်ဝင်ပြီး ရွေးဦးစွာ မုံရွာမြို့၊ ဇောတိကစာသင်တိုက်သို့ စာသင်ကြားခဲ့ပုံ၊ ထိုစာသင်တိုက်မှတစ်ဆင့် မန္တလေးမြို့ တောင်သမန်ကျောင်းတိုက်၌ စာချအကျော် ပုသိမ်ဆရာတော်ဘုရားကြီး ဦးရေဝတ ထံသို့ ရောက်ရှိခဲ့ပုံ၊ ထိုကျောင်းတိုက်၌ နေစဉ် ပုသိမ်ဆရာတော်ဘုရားကြီး ဦးရေဝတက ဆရာတော်ဘုရားကြီး ဆွမ်းခံသည့် ဆွမ်းခံအိမ်များကို "ဤကိုရင်က ငါ့ကို ဆွမ်းခံကျွေးသည်၊ ကိုရင်ရှိသည့်အတွက် ငါ ဆွမ်းခံမကြွတော့ဘူး၊ ငါ့ကိုယ်စား ကိုရင်ကြွလိမ့်မယ်၊ ကိုရင်ကိုသာ ဆွမ်းလောင်းလိုက်" ဟု ခီးမြောက်မှုကို ခံယူခဲ့ရပုံ၊ တောင်သမန်တိုက်၌ နေစဉ် အမှတ်မထင် တစ်ခုသောနေ့တွင် နောင်တစ်ချိန် ဓမ္မာစရိယဦးဌေးလှိုင်ဟု စာရေးဆရာဖြစ်လာမည့် မောင်းထောင် ဦးကောလိနိယနှင့် တွေ့ကြုံသည့်အခါ "မစိုးရိမ်ကျောင်းသို့ ပြောင်း၍ စာသင်သင့်သည်" ဟု တိုက်တွန်းသည့် အတွက် မစိုးရိမ်ကျောင်းသို့ ပြောင်းရွှေ့ခဲ့ရပုံ၊ မန္တလေးဆိုတာ ခြင်ထောင်မရှိလျှင် ခြင်ကိုက်လို့ အိပ်မရပေမယ့် ဒို့မှာ ခြင်ထောင်လေးတောင် မရှိတော့ ညအိပ်မည်ဆိုလျှင် ရေချိုးပြီး စောင်ခေါင်းမြီး ခြုံအိပ်ခဲ့ရပုံ၊ သင်္ကန်းကျတော့ လည်း အများသူငါလို အစုံလိုက် ဝယ်မဝတ်နိုင်လို့ သင်းပိုင်(၃)ထည် ဝယ်ပြီးမှ တစ်စုံပြန်ချုပ်၍ ဝတ်ခဲ့ရပုံတွေကို ဩဝါဒထဲမှာ ထည့်ပြောတယ်။

ဆရာတော် တပည့်တွေကို သိစေလိုတာက ပထမအရွယ် မပြည့်မစုံ ဆင်းရဲခဲ့ပုံဟာ ဘယ်သူမပြု၊ မိမိမှု ဆိုသည့်အတိုင်း မိမိ ကုသိုလ်ကံနည်းခဲ့လို့သာ ပထမအရွယ်ဆင်းရဲခဲ့ပုံ၊ မပြည့်စုံပုံ၊ မည်သူ့ကိုမှ အပြစ်မတင်

http://www.dhammadownload.com

သင့်ပုံကို ပြောပြပြီး ဘယ်လိုအခက်အခဲနဲ့ ကြုံကြုံ ကိုယ့်ဘဝ တိုးတက်ဖို့ဆိုလျှင် ခက်ခဲသည့် လောကဓံတို့ကို ကျော်လွှား နိုင်ရမယ်၊ ရင်ဆိုင်နိုင်ရမည်ဟု သိစေလိုခြင်း ဖြစ်သည်။

ဆရာဆိုတာ တပည့်တွေ လိမ္မာယဉ်ကျေးဖို့၊ အတုယူဖို့ နှုတ်ဖြင့် ဩဝါဒပေးသလို ကိုယ်အမူအရာနဲ့လည်း ဩဝါဒပေးတတ်သည်။ ဒါကို သတိထား၊ အသိပွား၍ နည်းယူရမည်လို့ ဆုံးမခဲ့ဖူးတာကြောင့် မစိုးရိမ်တိုက်သစ်၌ နေစဉ် ဆရာတော်ကြီး(၃)ပါး၏ ကိုယ်အမူအရာ၊ နှုတ်အမူအရာဖြင့် သွားလာနေထိုင်ပြောဆိုပုံတို့ကို သတိပြုမိသည်။

ဆရာတော် ဦးသိရိန်ကို သတိပြုမိသည်မှာ ဆရာတော်သည် တည်ငြိမ်အေးဆေးစွာ သွားလာနေထိုင်ခြင်း၊ အသက်ကြီးသည်အထိ ဆွမ်းခံဝတ် မပျက်ခြင်း၊ ဒါယကာ ဒါယိကာမတို့နှင့် ပြောဆိုဆက်ဆံသည့်အခါ လာဘ သက္ကာရတို့ကို မက်မောသည့်အနေဖြင့် ပြောဆိုလေ့မရှိခြင်း၊ ပြဿနာဖြစ်ပါ်လာပါက အမှန်တရား ဖြစ်ပေါ်အောင်သာ စီမံဆုံးဖြတ်ခြင်းများသည် အလွန်အတုယူဖွယ်၊ မှတ်သားဖွယ်ရာများဖြစ်သည်ဟု ကျွန်ုပ် ခံယူခဲ့သည်။

ဆရာတော် ဦးနာယကကို သတိပြုမိသည်မှာ ဆရာတော်သည် သင်္ကန်းကို အခါခပ်သိမ်း ကြည်ညိုဖွယ် ဖြစ်အောင် ဝတ်ရုံလေ့ရှိခြင်း၊ ဒါယကာ ဒါယိကာမတို့နှင့် ဖြစ်စေ၊ တပည့်တော်သူ-မတော်သူ၊ ရဟန်းသာမဏေတို့နှင့်ဖြစ်စေ ပြောဆိုဆုံးမ ဩဝါဒပေးသည့်အခါ မေတ္တာတရား ကြီးမားစွာဖြင့် အေးအေးချမ်းချမ်း နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့ မှန်မှန်ကန်ကန် သာယာနာပျော်ဖွယ်ဖြစ်အောင် ပြောဆိုဆုံးမ ဩဝါဒပေးလေ့ရှိခြင်းများသည် အလွန်အတုယူဖွယ်၊ မှတ်သားဖွယ်များဖြစ်သည်ဟု ကျွန်ုပ်ခံယူခဲ့သည်။

စာသင်သားဘဝ၊ အကူစာချု ဘုန်းကြီးဘဝ ဆရာ တော် ဦးရာဇကို သတိပြုမိသည်မှာ ဘုရားဝတ်တက် မှန်ပုံ၊ ကျန်းမာရေးအတွက် လမ်းလျှောက်ချိန်မှန်ပုံ၊ စာချရက်နှင့် စာချချိန်မှန်ပုံ၊ တစ်ခါတလေ ပုတီးစိပ်ရင် စိပ်၊ မစိပ်ရင် စာကြည့်နေပုံ၊ အလဟဿ အချိန်ဖြုန်းမှု မရှိပုံ၊ နေ့စဉ် နေ့ဆွမ်းကိစ္စပြီးလျှင် သွားသန့်ရှင်းရေး ပြုလုပ်၍ ကုလားထိုင်ပေါ် ထိုင်ကာ ပဥ္စာဝါရ၊ ဥပနိဿယ (၃)မျိုး (အာရမ္မဏူပနိဿယ၊ ပကတူပနိဿယ) ပါဠိတော်ကို ရွတ်ဖတ်ပူဇော်ပြီးမှ ကျိန်းစက်လေ့ရှိပုံများ သည် အလွန်အတုယူဖွယ်၊ မှတ်သားဖွယ်များဖြစ်သည်ဟု ကျွန်ုပ် ခံယူခဲ့သည်။

တစ်ခုသောနေ့တွင် ဆွမ်းကိစ္စပြီး၍ အချိုပွဲဘုဉ်းပေးပြီး အနည်းငယ်ကျန်သော လဖွက်ရည်ကို ကျွန်ုပ်သည် ထွေးကန်ထဲ မထည့်မိပဲ အုတ်သမဲတလင်းပေါ် လှမ်းပက်လိုက်သည်ကို ဆရာတော် မြင်သွား၍ "မင်းတို့ လူကြီးတစ်ပိုင်း ဖြစ်နေပြီ၊ ရှေ့ဆက် လူကြီးလုပ်မည့် ပုဂ္ဂိုလ်တွေက ဒီလို စည်းမဲ့ကမ်းမဲ့ သတိမဲ့ မလုပ်သင့်ဘူး၊ အရာရာကို အမြဲသတိရှိရမယ်၊ စည်းကမ်းရှိရမယ်"ဟု ဆုံးမခဲ့ဘူးသည်။

တစ်ခါကလည်း ကျွန်ုပ် ဆရာတော့်ဆီ ပါရာဇိကဏ်စာဝါ တက်ရောက်သင်ယူစဉ်က "ကဲ စာဆိုတဲ့ ပုဂ္ဂိုလ် "ဥဒ္ဒံ ဘာပုဒ်လဲဗျာ" လို့ မေးသည့်အခါ ကျွန်ုပ်က "ဥဒ္ဒံ"ဆိုတာ ဥဓောတ်၊ တပစ္စည်းဖြင့် ပြီးသည့် ကိတ်နာမ်ပုဒ် ထင်၍ "ကိတ်နာမ်ပုဒ်ပါဘုရား"ဟု အဖြေပေးလိုက်သောအခါ ကျွန်ုပ်၏ အသက်အရွယ်နှင့် စာလိုက်ပရိသတ် သံဃာများကို မငဲ့ဘဲ "မင်းအမေ ကိတ်နာမ်ပုဒ်ရမှာလဲ၊ မင်းတို့ စာချတန်းရောက်နေပြီ သမာသ်ပုဒ်၊ တဒ္ဓိတ်ပုဒ်၊ ကိတ်ပုဒ်၊ ဥပသာရပုဒ်၊ နိပါတ်ပုဒ်တောင် မကွဲဘူး၊ ဘယ်မှာ ဥဒ္ဓါ ဥဒ္ဓေါလို့ တွေ့ဖူးတုန်း၊ ဥဒ္ဒံလို့သာ ရှိတာ (ဥဒ္ဒံ-အထက်၌။ ဟေဌာ-အောက်၌။) ဥဒ္ဒံဟေဌာဆိုတဲ့ ပုဒ်တွေဟာ သတ္တမျန္တ နိပါတ်ပုဒ်တွေကွ"ဟု ပြောဆို သင်ပြခဲ့ဖူးပါသည်။

အထက်ပါရေးသားခဲ့သော စာသားများသည် ဆရာတော်ကြီး(၃)ပါးတို့၏ ကောင်းသော ကိုယ်အမူအရာ၊ နှုတ်အမူအရာများဖြင့် တပည့်များကို အတုယူဖို့ရန်၊ လိုက်နာဖို့ရန် ဩဝါဒပေးသည်ဟု ကျွန်ုပ်ခံစားမိပါသည်။

ပေဒဏ်၊ တူဒဏ် အထုခံရမှ သံကောင်းသံမှန် ဖြစ်သလို ဆရာကောင်းတို့၏ မေတ္တာ ကရုဏာမာတ်တို့ဖြင့် တပည့်ကောင်းများ ဖြစ်ဖို့အတွက် အပြစ်မြင်တိုင်း၊ အားနည်းချက်ရှိတိုင်း အသက်အရွယ်၊ ပတ်ဝန်းကျင် ပရိသတ် မငဲ့ဘဲ ဆုံးမခဲ့ရတဲ့ တပည့်တိုင်းဟာလည်း တပည့်ကောင်း တပည့်မှန်တွေ ဖြစ်လာတာပါဘဲ၊ တပည့်ကောင်း တပည့်မှန်တွေ ဖြစ်လာဖို့ ဆရာကောင်းတို့၏ မေတ္တာ ကရုဏာ ပေတူတို့ဖြင့် အထုခံနိုင်ကြပါစေလို့ ဆန္ဒပြုရင်း ကျွန်ုပ်၏ ဆောင်းပါကို နိဂုံးကမ္မတ် အဆုံးသတ်လိုက်ရပါသည်။

ဦးတေဇောဘာသ
(ကံတက်ကုန်း မစိုးရိမ်)


http://www.dhammadownload.com

၁၃၇၄-ခုနှစ်၊ တော်သလင်းလဆန်း(၆)ရက်၊ ညနေ(၄း၃၀)နာရီ သီလကွန်စာဝါ ပို့ချနေစဉ် ဘေးစားပွဲပေါ် တင်ထားသော ဟန်းဖုန်းသံ မည်လာသဖြင့် ဖုန်းပိတ်ထားလိုက်တယ်၊ ဖုန်းက ပိတ်မသွား၊ နောက်ထပ် ဖုန်းခေါ်သံ မြည်လာပြန်တယ်။

ဖုန်းနံပါတ်ကြည့်လိုက်ရာ မိမိ မတွေ့ဖူးသော ဖုန်းနံပါတ်ဖြစ်နေ၍ ခဏကိုင်ကြည့်ထားစဉ် "ဟဲ့ ကွန္ဒာဝုဓ လား"ဟု သြဇာပြည့်ဝသော အသံ၊ နှစ်ပေါင်းများစွာ ရင်းနှီးဘူး ကြားဘူးသောအသံဟု သတိပြုမိစဉ် ခန္ဓာကိုယ်က အလိုလို မတ်တတ်ရပ်မိပြီးသား ဖြစ်သွားတယ်၊ မစိုးရိမ်တိုက်သစ် ဓမ္မဘာဏကကျောင်း နာယက ဆရာတော်ပင်တည်း၊ "ဆရာတော်ကြီးရဲ့ မွေးနေ့ပဲ လုပ်မယ်၊ ဒို့ဆရာတော်လေကွာသက်တော်(၈၀)ပြည့် ပတ္တမြားရတုမွေးနေ့ပဲပူဇော်ပွဲပေါ့။ လာမယ့် တပို့တွဲလဆန်း ၁၃, ၁၄, ၁၅ ရက်နေ့ သက်မှတ်ထားတယ်၊ မင်းတို့လာနိုင်အောင် ကြိုးစား" စသည်ဖြင့် အမိန့်ရှိသွားတယ်။


အမြတ်နိုးဆုံး ဆရာ့ပုံရိပ်ကို ဖော်ကျူးခြင်း

အဂ္ဂမဟာအကျော်



kyi wynn 2013

http://www.dhammadownload.com



စာအံစာတတ် လွန်ကြပ်မတ်

(၁၉၊၁၀၊၂၀၁၂)နေ့ မနက်(၈)နာရီ အချိန်လောက်မှာ ဒေါက်တာဓမ္မသီလိတာ ဘိဝံသနှင့်လည်း စကားပြော ဖြစ်တယ်၊ စာရေးသူ ဗုဒ္ဓဂယာကို ဘုရားဖူးရောက်သွားတဲ့ အချိန်မှာ ထိုအရှင်က အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့ တက္ကသိုလ်တစ်ခုမှာ ဒေါက်တာဘွဲ့ ယူဖို့ ကျောင်းတက် နေတယ်၊ စာရေးသူတို့ ဘုရားဖူးအဖွဲ့က ဗာရာဏသီမြို့ မှာ နှစ်ညအိပ်နားတယ်၊ ဦးဓမ္မသီလိတာဘိဝံသက စာရေးသူ တည်းခိုရာ ကျောင်းတိုက်မှာ လာခေါ်ပြီး ဗာရာဏသီ မြို့တွင်း ဗဟုသုတ အဖြစ် ရောက်သင့်ရောက်ထိုက်တဲ့ နေရာတွေ ပို့ဆောင်ပေးပါတယ်၊ အိန္ဒိယမှာဖြစ်ခဲ့တဲ့ အဲဒီအကြောင်းတွေ ပြန်ပြောဖြစ်ကြတယ်။

အဓိကကတော့ ဆရာတော်ကြီးရဲ့ ပတ္တမြားရတု မွေးနေ့ ပူဇော်ပွဲ အကြောင်းပါပဲ၊ မင်းကွန်း ဇေတဝန် ဆရာတော် ဦးကဿဘသဘ, ဦးယောသိတ, ဦးတေဇော, ဦးဉာဏိကာဘိဝံသအစရှိတဲ့ ဆရာတော်ကြီးရဲ့ တပည့်တွေ လပြည့်လကွယ်နေ့တိုင်းမှာ တွေ့ဆုံပြီး ပူဇော်ပွဲ အတွက် ဆွေးနွေးတိုင်ပင်လေ့ရှိကြောင်း၊ ဆောင်းပါးရေးပို့ပေးရန်နှင့် တပည့်ကြီးများ ဆုံသည့်အခါ ကြွခဲ့ရန် ကြိုတင်အကြောင်းကြားလိုက်မည့်အကြောင်း ပြောဖြစ်ကြတယ်။

"ပို့တဲ့စာမူ မပယ်ဘူးဆိုရင်တော့ ပို့လိုက်ပါ့မယ်" ဟုသာ ပြောလိုက်မိတယ်၊ ဘယ်ကစ၍ ရေးရမှန်းမသိ၊ သူကလဲ "မပယ်ပါဘူး"ဟု အာမဘန္တေ မခံ၊ "ဦးတင်ပါတယ်ဘုရား"ဆိုပြီး ဖုန်းချသွား၏။

ကိုယ်ကလဲ ဒီလိုစာမျိုး တစ်ခါမှ မရေးဘူးပါ၊ ငယ်စဉ်ကတည်းက စာမေးပွဲ မှတ်စုလောက်ပဲ ရေးခဲ့ဖူးတာ၊ ဒါကြောင့် မွေးနေ့အကြောင်း စ,ရေးမယ်ဆိုတော့ ခေါင်းစဉ်ကို "အမြတ်နိုးဆုံး ဆရာပုံရိပ်ကို ဖော်ကျူးခြင်း" လို့ပဲ နာမည်ပေးလိုက်မိတယ်။

စာရေးသူဟာ ၁၃၄၀-ခုနှစ်မှာ မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးရဲ့ ခြေတော်ရင်းကို ပညာရင်နှီ့ သောက်စို့ ခိုလှုံခွင့် ရခဲ့တယ်၊ ဓမ္မဒါယာဒကျောင်းမှာ နေရတယ်၊ ၁၃၄၁-ခုနှစ် အကြီးတန်းအောင်တော့ စာချတန်းစာဝါ လိုက်ရတယ်၊ ဘာမှ နားမလည်ပါဘူး၊ ဒါပေမဲ့ မှတ်စုကိုတော့ လက်ရေးလှလှလေးနဲ့ ကောင်းကောင်း ရေးမှတ်ထားတယ်၊ နောက်ပိုင်း စာချတန်းစာဝါ များများလိုက်မိတဲ့ အခါကျတော့မှ ကိုယ့်မှတ်စုတွေ ပြန်ကြည့်ပြီး သဘောကျ နားလည်လာနိုင်တယ်၊ စာဝါလိုက်တုန်းကတော့ အဲဒီစာသားတွေ စကားလုံးတွေကို တန်ဖိုးရှိမှန်း မသိခဲ့ပါဘူး၊ ဆရာ့ကျေးဇူးဆရာ့တွန်းအားကြောင့်သာ ဓမ္မာစရိယ အောင်ပန်းကို ဆုပ်ကိုင်နိုင်ခဲ့ရခြင်း ဖြစ်တယ်။

ဥပမာအားဖြင့် တောင်သမန် ဦးကေသဝကမူ "တတ္ထချီလျှက်, စကားတက်မူ, မှတ်ယူဝိတ္ထာရ"ဟူသော နိယံသည် အနုသန္ဓေဝါကျနောင် တက်လာသော "တတ္ထ"ရှိသော ဝါကျကို ရည်ရွယ်၍ ရေးထားခြင်းမဟုတ်၊


http://www.dhammadownload.com

(တတ္ထ ဟိ)စသည်ဖြင့် တက်လာသော "တတ္ထ"ကိုသာ ရည်ရွယ်ရေးထားခြင်း ဖြစ်သည်။

(တတ္ထ ဟိ) စသည်ဖြင့် တက်လာရာ၌သာ ဝိတ္ထာရ ဟု ခွဲရမည်၊ အနုသန္ဓေနောင် တက်လာသော "တတ္ထ" များကိုကား သမုဒါယတ္ထမှတစ်ပါး အဝယဝတ္ထကို ပြသော ကြောင့် ပက္ခန္တရသာ ခွဲရမည်ဟု ယူရသည်-ဆိုတဲ့ အယူ အဆမျိုးပေါ့။

နောက်တစ်ခု "အနုသန္ဓေတက်မှ ထပနာတိက စသော ကျမ်းတက်သို့ ပြောင်းသည့်အခါ ပုဗ္ဗာနုသန္ဓေ စကားရပ်သည် ထပနာဖြစ်၏၊ အပရာနုသန္ဓေ စကားရပ်သည် အမေးဖြစ်၏၊ အာဘော်ထားသည့်အခါ "ပက္ခန္တရ, ဟူလက, ဧဝအာဘော်ဆင်"ဟူသော နိယံအရ ပက္ခန္တရ ဝါကျများ၌ ဧဝအာဘော်ဆင်၍ ကျမ်းတက်ရသည် "ဧဝအာဘော်ဆင်ဟူသည် ဌပနာရှိ စကားရပ်များကိုသာ ရေးသားသည့်အနေဖြင့် ကျမ်းဆရာအပေါ် အပြစ် တင်ခြင်းကို ဆိုလိုသည်"စတဲ့ စကားရပ်တို့ ဖြစ်ပါတယ်။

ဒီနေရာမှာ ထူးထူးခြားခြား မှတ်သားမိတာလေး တစ်ခုက စာရေးသူရဲ့ ဆရာလည်းဖြစ် အဲဒီအချိန်က မစိုးရိမ်တိုက်သစ်ကြီးရဲ့ ကျောင်းသားဟောင်းကြီးလည်း ဖြစ်တဲ့ နောင်တော်ကြီး ဦးယောသိတဟာ ဆရာတော်ကြီးထံမှာ စာလိုက်သက် ဘယ်လောက်ကျသလဲဆိုရင် ဆရာတော်ကြီးက "ဧဝအာဘော်ဆင်ဟူသည်"ဟု စလိုက်သည်နှင့် "ထပနာရှိ စကားရပ်များကိုသာ ရေးသားသည့် အနေဖြင့် ကျမ်းဆရာအပေါ် အပြစ်တင်ခြင်းကို ဆိုလိုသည်"ဟု ရွတ်ဆိုပြီး မှတ်စု ရေးသားပြီးဖြစ်၏ဟု ပြောစမှတ် ပြုကြသည်။



အာစရိယဝုဏ္ဏောအနန္တော

ယခုအခါမှာတော့ စာရေးသူအနေဖြင့်လည်း စာဝါချသည့်အခါ စာလိုက်ကိုယ်တော်လေးများအား ဖော်ပြပါ စကားတွေကို အခါခါ ရွတ်ဆိုပို့ချရှင်းပြနိုင်ပါပြီ၊ ဆရာ့ကျေးဇူးပါပေ။

ဆရာတိုင်းဆရာတိုင်းဟာ မိမိတပည့်တွေ အပေါ် ခီးမြှောက်မှု,ငဲ့ညှာမှုက တူညီစိတ်ထား ရှိနိုင်ပေမဲ့ စာရေး သူတို့ ဆရာတော်ကြီးရဲ့ တပည့်တွေအပေါ်မှာ ခီး မြှောက်မှု, ငဲ့ညှာမှုကိုတော့ တခြားဆရာတွေ မှီနိုင်မယ်လို့ မထင်ပါဘူး။

ကြည့်ပါဦး၊ စာရေးသူ ဓမ္မာစရိယဘွဲ့ရတော့ ဇာတိရပ်မြေ ပန်းရံရွာမှာ ဝုဏ်ပြုပူဇော်ပွဲ လုပ်ကြတယ်၊ ဆရာတော်ကြီးကိုယ်တိုင် အပင်ပန်းခံပြီး ကြွရောက် ခီးမြှင့်ပါတယ်။

အဲဒီ ဝုဏ်ပြုပူဇော်ပွဲမှာ မိန့်ကြားခဲ့တဲ့ ဩဝါဒ ကထာကတော့ "အေး၊ မင်းတို့ ပန်းရံရွာသား, မင်းတို့ညီ, မောင်ကွန္ဒာဝုဓက "အတ္ထနာ ကုရုတေ လက္ခီ "ဆိုတဲ့ အတိုင်း သူ့ကိုယ်သူ ကျက်သရေရှိလာအောင်၊ နာမည် ကောင်း ရလာအောင် အားထုတ်သွားတယ်၊ ဓမ္မာစရိယ စာမေးပွဲ ဖြေဆိုသူအားလုံးထဲမှာ တစ်နိုင်ငံလုံး နံပါတ်တစ် "အဂ္ဂမဟာကျော်"ဘွဲ့ကို ရအောင် အားထုတ်သွားတယ်၊ ဒို့ကတော့ သူ့လောက် ဉာဏ်ရည်မစွမ်းခဲ့ပါဘူး"တဲ့။ အဲဒီ ဩဝါဒစကား ကြားရတော့ စာရေးသူ အံ့ဩတုန်လှုပ်ပြီး ကြက်သီးမွေးညှင်း ထသွားတယ်၊ "ဒို့ကတော့ သူ့လောက် ဉာဏ်ရည်မစွမ်းခဲ့ပါဘူး"တဲ့။


မိမိကိုယ်ကို နှိမ့်ချပြီး တပည့်ကို ခီးမြှောက် ဝုဏ်တင်ပေးလိုက်တဲ့ ဆရာ့ရဲ့ ရင်တွင်းစကား ပဲ့တင်သံပါ၊ (တပည့် အယူအဆ မှားသွားတယ်ဆိုရင် သည်းခံခွင့်လွှတ်ပေးပါဘုရား) စာရေးသူတို့ ဆရာတော်ကြီးရဲ့ ငယ်စဉ် ကတည်းက ဉာဏ်ရည်ဉာဏ်စွမ်း ထူးချွန်ထက်မြက်မှုကို အနီးအဝေးတပည့်များသာမက ရင်းနှီးတဲ့ ဒကာဒကာမ တွေ အားလုံးပဲ သိရှိပြီး ဖြစ်ပါတယ်။

သက်တော်(၈၀)ပြည့် ပတ္တမြားရတု ဝိဇာတမွေးနေ့ မင်္ဂလာမှသည် သက်တော် ရာကျော်ရှည် လျှက် သာသနာ့အကျိုး လောကအကျိုး သယ်ပိုးဆောင်ရွက်နေသော အနန္တဝုဏ်အင် ဆရာသခင် ကျေးဇူးရှင်ကို ဖူးမြင် ကြည်ညိုနိုင်ရပါလို၏ဟု ဆုမွန်တောင်းရင်း ဆရာ့အား ဤဆောင်းပါးဖြင့် ပူဇော်ပါ၏ဘုရား။ ။

http://www.dhammadownload.com

အသောကံ

အရှင်သဒ္ဓမ္မ



http://www.dhammadownload.com

"မစိုးရိမ်"တဲ့ စိုးရိမ်ကြောင့်ကြမှု မရှိသူတို့၏ သီတင်းသုံးရာ အရပ်ဌာနကြီးပေါ့၊ ဘာကြောင့်များ မစိုးရိမ်ဘဲ သီတင်းသုံးနိုင်ကြပါလိမ့်လို့ တွေးခေါ်စဉ်းစား မနေပါနဲ့၊ မင်္ဂလာတရားနှင့်အညီ ကျင့်ကြံအားထုတ်တော်မူကာ သီတင်းသုံးနေကြလို့ပါပဲ။

လောကလူတွေဟာ လာဘ, အလာဘ, ယသ, အယသ, နိန္ဒာ, ပသံသာ, သုခ,ဒုက္ခဆိုတဲ့ လောကဓံရှစ်ပါးတို့သို့ အစဉ်လိုက်ပါကာ (၁) တုန်လှုပ်၏။ (၂) စိုးရိမ်၏၊ (၃) တပ်မက်မော၏၊ (၄) ဘေးမကင်းဖြစ်၏၊ လောကဓံရှစ်ပါးတို့သည်လည်း လောကလူသားတို့သို့ အစဉ်လိုက်ပါကုန်၏။

အဋ္ဌကထာ(ခုဒ္ဒက၊၆၊ ၁၂၉။ သုတ္တနိ၊၆၊၂။ ၃၄။) ၌ ခီဏာသဝရဟန္တာသည် လောကဓံရှစ်ပါးတို့ကြောင့် (၁) မတုန်လှုပ်၊ (၂) မစိုးရိမ်၊ (၃) မတပ်မက်၊ (၄) ဘေးမရှိဟူသော စကားသည် ခီဏာသဝရဟန္တာ အရှင်မြတ်တို့၏ စိတ်ကို အစိုးရတော်မူခြင်းနှင့် ပြည့်စုံတော်မူသည်၏ အဖြစ်ကြောင့် ဥက္ကဋ္ဌနိဒ္ဒေသ အမြင့်ဆုံးညွှန်းဆိုပြထားသည် မှန်သော်လည်း ကျင့်ဆဲသေက္ခပုဂ္ဂိုလ်များ၊ ဗောဓိသတ္တအလောင်းတော်များ၊ စိတ်ဓာတ်ကြံ့ခိုင်သော ပုထုဇဉ် ပုဂ္ဂိုလ်များတို့သည်လည်း လောကဓံရှစ်ပါးတို့ဖြင့် တွေ့ကြုံထိခိုက်ရသည်ရှိသော် လောကဓံသို့ မလိုက်၊ စိတ်ဓာတ် ကြံ့ခိုင်ကာ သည်းခံနိုင်စွမ်းရှိကုန်၏၊ လောကဓံကြောင့် (၁) မတုန်လှုပ်၊ (၂) မစိုးရိမ်၊ (၃) မတပ်မက်၊ (၄) ဘေးမရှိ ဖြစ်ကြသည်။

ထို့အတူ မစိုးရိမ်တို့သည်လည်း စိတ်ကို အစိုးတရ ကြံ့ခိုင်မှုနှင့် ပြည့်စုံတော်မူသောကြောင့် လာဘ (ပစ္စည်း လာဘ်လာဘရမ္မ) အလာဘ (ပစ္စည်းလာဘ် လာဘမရမ္မ) ယသ (အခြံအရံအကျော်စောရှိမှု) အယသ (အခြံအရံ အကျော်စောမရှိမှု) နိန္ဒ (ရှုံ့ချကဲ့ရဲ့ခံရမှု) ပသံသ (ပူဇော် ချီးမွမ်းခံရမှု) သုခ (ချမ်းသာမှု) ဒုက္ခ (ဆင်းရဲမှု) ဟူသော လောကဓံတို့သို့ မလိုက်၊ လောကဓံကြောင့် မတုန်လှုပ်၊ မစိုးရိမ်၊ မတပ်မက်၊ ဘေးမရှိ၊ ထို့ကြောင့် မစိုးရိမ်ပဲ သီတင်းသုံးနိုင်ကြပါသည်၊ ထို့အပြင် မစိုးရိမ်ရအောင် စည်းကမ်းကောင်း၏။



http://www.dhammadownload.com

"စည်းကမ်းကောင်းတာ မစိုးရိမ်"

သတ်မှတ်ပြဋ္ဌာန်းချက် ကောင်းရုံမျှဖြင့် စည်းကမ်းကောင်းဟု မဆို၊ ထိုသတ်မှတ်ပြဋ္ဌာန်းချက်အတိုင်း ကျင့်သုံးမှု၊ လိုက်နာမှု၊ ဆောင်ရွက်မှုရှိမှ စည်းကမ်းကောင်းဟု ဆိုရပေမည်၊ မစိုးရိမ်တို့သည် မိမိသတ်မှတ်ပြဋ္ဌာန်း ချက်အတိုင်း ရဲရဲဝံ့ဝံ့ ကျင့်သုံးတော်မူကြသည်၊ လိုက်နာတော်မူကြသည်၊ ဆောင်ရွက်တော်မူကြသည်၊ မည်သည့် အကြောင်းကြောင့်မျှ အပျက်မခံ စည်းကမ်းအတိုင်းသာ ကျင့်သုံးတော်မူကြသည်။

"စည်းကမ်းအတိုင်းကျင့်သုံးတာ မစိုးရိမ်"

မစိုးရိမ်တို့သည် စည်းကမ်းဥပဒေနှင့် ပတ်သက်လာလျှင် မည်သည့်မျက်နှာကိုမှ မထောက်၊ စည်းကမ်းအတိုင်းသာ ကျင့်သုံးကြသည်၊ ဒါယကာဒါယိကာမမျက်နှာမရှိ၊ ဆရာ့မျက်နှာ တပည့်မျက်နှာမရှိ၊ ကျောင်းတိုက် မျက်နှာ သာသနာ့မျက်နှာသာ ရှိသည်၊ မည်သည့်မျက်နှာကိုမျှ မကြည့်၊ ကျောင်းတိုက်နှင့် သာသနာ့မျက်နှာကိုသာ ကြည့်ကြသည်၊ စည်းကမ်းနှင့် ပတ်သက်လာလျှင် အဂတိကင်းကြသည်။

"အဂတိကင်းတာ မစိုးရိမ်"

မစိုးရိမ်တို့သည် လောဘကြောင့် အဂတိမလိုက်၊ ဒေါသကြောင့် အဂတိမလိုက်၊ မောဟကြောင့် အဂတိမလိုက်၊ ဘယကြောင့် အဂတိမလိုက်၊ စည်းကမ်းဥပဒေနှင့် ပတ်သက်လျှင် လူမှုရေးမရှိ၊ လူမှုရေးကို မကြည့်၊ သာသနာရေးကိုသာ ကြည့်ကြသည်၊ လူကောင်းသူကောင်းတို့အတွက် အခွင့်အရေး အပြည့်အဝရှိ၏၊

"လူအခွင့်အရေး အပြည့်အဝရှိတာ မစိုးရိမ်"

မစိုးရိမ်တို့သည် မိမိ သင်အံကျင့်ကြံအားထုတ်မှုအတိုင်း အကျိုးခံစားခွင့် ရှိကြသည်၊ တတ်၍ တော်သူတို့ကို အားပေးချီးမြှောက်၏၊ တတ်, မတော်သူကို အားမပေး၊ မချီးမြှောက်၊ တော်, မတတ်သူကိုလည်း အားမပေး၊ မချီးမြှောက်၊ နေရာမပေး၊ သတ်မှတ်အရည်အချင်းပြည့်မီမှ နေရာရသည်၊ အသက်ကြီးတိုင်း နာယကမဟုတ်၊ နာယကအရည်အချင်းပြည့်မီက အသက်ပင်ငယ်သော်လည်း နာယကဖြစ်သည်။

အချို့ကျောင်းတိုက်များ၌ အရည်အချင်းမရှိဘဲ အသက်အရွယ်အရ နာယကခန့်အပ်ထားသဖြင့် ပညာရေး သာသနာရေး ဖျက်ဆီးကာ လူမှုရေးနောက်သို့ လိုက်လျှက် ရွေးဆရာတော်ကြီး၏ ကျေးဇူးတရားကိုမှ မထောက်ညှာ၊ ကျောင်းတိုက်ကြီးများ ဖျက်ဆီးပစ်နေကြသည်၊ သာသနာအတွက် ရင်လေးစရာ ဖြစ်နေသည်၊ မစိုးရိမ်တို့ကား ဤသို့မဟုတ် အရည်အချင်းပြည့်မီမှ နာယကခန့်အပ်သည်၊ ဒါ့ကြောင့် မစိုးရိမ်တို့သည် ပညာရေး သာသနာရေး စည်ပင်ပြန့်ပွားကာ လူမှန်, နေရာမှန် ရှိကြသည်။


"လူမှန်,နေရာမှန်ရှိတာ မစိုးရိမ်"

အချို့ကျောင်းတိုက်များ၌ အရည်အချင်းမရှိ၊ သာသနာရေးစိတ်ဓာတ်ပင် မရှိသူက ဆရာတော်ဖြစ်၊ အရည်အချင်းမရှိပဲ လာဘ်မျှော်ဝါကြွားနေသူများက ဆရာတော်နှင့် ပန်သင့်ကာ နေရာယူ စိုးမိုးလျှက် သံယိကပစ္စည်းမှန်းမသိ၊ သံဃာ့ပစ္စည်းကို သံဃာများသာ အသုံးမပြုရပဲ ပန်သင့်သူတွေနှင့် ဒါယကာ ဒါယိကာမများက အသုံးပြုနေကြပြီး၊ သံဃာ့ပစ္စည်း အဆိပ်သီးဆိုတာကို နားမလည်ကြ၊ ပျက်စီးတဲ့အခါကြတော့ သံဃာပိုင်ဝတ္ထု များနှင့် ပြုပြင်ကြ၊ သံဃာကို မပန်ကြားပဲ လုပ်ချင်တိုင်း လုပ်နေကြသည့်အတွက် သံဃာများမှာ စိတ်နှလုံးမချမ်းသာ စိုးရိမ်၍သာ နေကြရသည်၊ နေရာမမှန် လူမမှန်တွေက နေရာယူထားကြသည်၊ မစိုးရိမ်တို့ကား ဤသို့မဟုတ်၊ လူမှန်နေရာမှန် ရှိကြသည်၊ တတ်၍တော်သူ လူကောင်းများအတွက် စိုးရိမ်ကြောင့် ကြစရာ ဘာမျှမရှိ။

ထိုကြောင့် မစိုးရိမ်ရအောင် စည်းကမ်းကောင်း၏၊ မြန်မာပြည် တနံတလျား ဘယ်နေရာသွားသွား မစိုးရိမ် မစိုးရိမ်နဲ့ တန်ခိုးထိန် အရှိန်လင်းနေသည်မှာ အရည် အချင်းရှိသူတို့၏ သာဓကပြယုဂ်သာ ဖြစ်သည်။

အရှင်သဒ္ဓမ္မ
ရွှေဟင်္သာတိုက်သစ်၊ စစ်ကိုင်း

http://www.dhammadownload.com



ကမ္ဘာ့စံတင် ထေရ်အရှင်သို့ ဦးခိုက်ခြင်း

ဦးကဝိသာရ (ပါဠိဂုဏ်)

သွင်းမှုတ်နားပါး၊ ဒို့ဘုန်းဖျားလျှင်၊ တရားဓမ္မ၊ နေ့ညအစဉ်၊ ဟောပြယှဉ်၍၊ ပိုက်ယဉ်နယ၊ ဩဝါဒဖြင့်၊ ဆုံးမမဖျင်း၊ ဆင်ရိုင်းသွင်းသို့၊ ယိုင်းပင်းဆော်ညွှန်း၊ တိုက်တွန်းမိန့်ဆို၊ မကြည်ညိုလည်း၊ ကြည်ညိုစေမှု၊ မပြုလိုအား၊ ပြုစေငြားလျက်၊ ခန့်ငြားလိုက်နာ၊ လိုတော်ပါအောင်၊ ဩဇာဓမ္မစက် (အာဏာဓမ္မစက်)၊ နှစ်ပါးဘက်ပြီး၊ ရွှေလက်တော်ငင်၊ ဆွဲကာတင်သို့၊ အရှင်တဝ၊ မိဘတဖြာ၊ ဆရာတမျိုး၊ သာသနာ့ကျိုးကို (ပြည်သူ့ကျိုးကို)၊ အားကိုးကြည်ဖြူ၊ ဆောင်တော်မူ၍ (မယ-၅၀၈)။

http://www.dhammadownload.com

မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ် ဆရာတော် ဦးရာဇဓမ္မ ဆိုလျှင် နိုင်ငံတဝှမ်း သာသနာလောက မြန်မာလောက မသိသူ မကြားဖူးသူ ခပ်ရှားရှားပင် ဖြစ်ပါ၏။ မူလဘူတ မစိုးရိမ်တိုက်သစ်ကြီးနှင့်အတူ ပြည်ကြီးတံခွန် မစိုးရိမ်တိုက်သစ်(၁၃၅၉) ဒေးဝန်း ဦးပေစိ မစိုးရိမ်တိုက်သစ် (၁၃၆၇)တို့ကို စိမ်အုပ်ချုပ်၍ သံဃာတော် (၃၀၀၀)ကျော်တို့၏ အဓိပတိမဟာနာယကချုပ် ဆရာတော်ဖြစ်တော်မူ၏။ ထို့အပြင် တရားဟောရာ ဩဝါဒပေးရာတို့၌ ထိထိမိမိ ဥပမာတို့ဖြင့် လိုရင်းတိုရှင်း မိန့်ကြားတတ်သည်က တစ်ကြောင်း၊ အုပ်ချုပ်သူအစိုးရနှင့် နိုင်ငံရေးသမားတို့ကို ပြောဆိုရာ၌လည်း မကွယ်မထောက် ပြောတတ်ဆုံးမတတ်သည်ကတစ်ကြောင်း၊ ထိုထို့သို့သော အကြောင်းတို့ကြောင့် ဆရာတော်၏ ဂုဏ်သတင်းသည် ကမ္ဘာ့မြေအပြင်ဝယ် မွှေးကြိုင်သင်းပျံ့နေဆဲ၊ သူငါအားလုံးတို့၏ နှလုံးအိမ်ဝယ် အစဉ်ကိန်းအောင်းနေဆဲပင် ဖြစ်သည်။

မေတ္တာရှင်ကြီး

ဆရာတော်သည် စာသင်သားတို့အပေါ် အုပ်ချုပ် ရာ၌ ကျောသားရင်သား မခွဲခြားဘဲ အပြစ်ရှိလျှင် ရှိသလို၊ ချီးမြှောက်စရာ ရှိပါကလည်း ရှိသလို ပဂ္ဂဟ,နိဂ္ဂဟ နှစ်မျိုး လုံးထား၍ ဆောင်ရွက်တော်မူ၏။ ဒေသစုံ မျိုးနွယ်စုံ စရိုက်စုံ မ,တစ်ထောင်သားများဖြစ်၍ စည်းကမ်းကိုလည်း တိတိကျကျ ပြတ်ပြတ်သားသား ထားရှိ ဆောင်ရွက်တော်မူ၏၊ ပြတ်ပြတ်သားသား ဆောင်ရွက်တော်မူတတ်၍ ဆရာတော်၏ စိတ်ဓာတ် နှလုံးသားသည် မာကြော သယောင် ထင်ရသော်လည်း အမှန်စင်စစ် နူးညံ့သိမ်မွေ့ပါသည်၊ "မင်းတို့ လိမ္မာဖို့ ငါမိုက်နေရတာ" ဟူသော ဩဝါဒသည် ဆရာသမားတစ်ဦး၏ တပည့်များအပေါ် ထားရှိသည့် မေတ္တာထုထည်ကြီးမားပုံကို ဖော်ညွှန်းပြသ နေပါ၏၊ "ရှေ့ရှု မေတ္တာ၊ ကရုဏာနှင့်၊ နာနာကြင်ကြင်၊ အပြစ်မြင်တိုင်း၊ ဝမ်းတွင်းမသို၊ ဟုတ်တိုင်းဆို၍၊ ကျိုးလို စိတ်က၊ ဆုံးမတတ်သူ၊ ဆရာဟူလော့" (မယ၊၂၃၆)။

ဆရာတော်သည် စာသင်သားများအား ကိုယ်နှင့် မပတ်သက်သည့် နေရာတွင် သက်နှံးအရှိန်အဝါကို သုံးပြီး ဝင်မစွက်ဖို့ရန်နှင့် ပတ်သက်၍ "ကျယ်ရမှာက မျက်စိ၊ ကျဉ်းရမှာက ဖင်ခေါင်းကွ၊ အခုတော့ မင်းတို့ဟာ ကျယ်ရမဲ့ မျက်စိက ကျဉ်းပြီး ကျဉ်းရမဲ့ ဖင်ခေါင်းက ကျယ်နေကြတယ်"ဟူသော ဩဝါဒသည် မမေ့နိုင်စရာ ဘဝတစ်သက်တာအတွက် အကောင်းဆုံးလမ်းညွှန်ချက် တရပ်ပင်မဟုတ်ပါလော။

စာသင်သားများ စာကြိုးစားစေချင်လွန်းလို့ ဥပမာအမျိုးမျိုးပေး၍ ဆုံးမခဲ့ရာတွင် ဟဲလင်ကဲလားသည် မျက်စိလည်း မမြင်၊ နားလည်း မကြား၊ စကားလည်း မပြောတတ်၊ ဆွံ့အနေသူ၊ သို့သော် ဟဲလင်ကဲလားသည် အမေရိကန်တက္ကသိုလ်က (BA) ဘွဲ့ရခဲ့၏၊ မိုင်တီးချား (my teacher)(ငါ့ရဲ့ဆရာ)၊ မိုင်မားသား (my mother) (ငါ့ရဲ့အမေ) စာအုပ်တွေကို ရေးသားနိုင်ခဲ့၏၊ ဒါကြောင့်---? ထိုဩဝါဒသည် စာသင်သားများ အတွက် အားကျတက်ကြွစေသော မဟာသြဝဒ ဆေးတစ်ခွက်ပင်၊ တန်းဖိုးအနှုတ် ထိုက်လှပေ၏။

ထူးချွန်ရှားပါး "စံ"ထားရသည့်ဆရာတော်

အချို့ဆရာတော်ကြီးများသည် အုပ်ချုပ်သူ အစိုးရ (အာဏာရှိသူ)တို့အား ဖြစ်စဉ်ဖြစ်ရပ်မှန်အား လျော်စွာ ဆုံးမသြဝါဒပေးရမည့်အရာ၌ နူတ်ဆွံ့ဝန်လေးနေတတ်ကြ၏၊ မစိုးရိမ်းတိုက်သစ်ဆရာတော် ဦးရာဇဓမ္မကမူ ထိုသို့ မဟုတ်၊ ပြောစရာကြုံခဲ့သော် ရဲရဲတင်းတင်း ပွင့်ပွင့် လင်းလင်း သြဝါဒပေးတတ်၏၊ ပေးရဲ၏၊ ရဲတင်းပွင့် လင်းစွာ ထိထိမိမိ ပြောတတ် သြဝါဒပေးတတ်ခြင်းသည် ဓမ္မရေးရာတွင်သာမက လောကရေးရာ မြန်မာ့နိုင်ငံရေး ကမ္ဘာ့နိုင်ငံရေး အထွေထွေ ဗဟုသုတတို့ကို နှံ့စပ်ကျွမ်းကျင် သိမြင်တော်မူသော ဆရာတော်ဘုရားကြီး၏ စွမ်းရည်တစ်ရပ် ပါရမီထူးတစ်ခုပင် ဖြစ်သည်၊ ဆရာတော်၏ ဘာသန္တရ၌ ကျွမ်းကျင်တတ်မြောက်မှုသည်လည်း ကမ္ဘာ့ရေးရာ အဖြာဖြာကို သိရှိနိုင်ရန် အထောက်အပံ့ ဥပနိဿယ ကောင်းတစ်ခုပင်ဖြစ်ပေသည်။

"သူတော်သူစင်၊ ပညာရှင်တို့၊ မိန့်ကျင်စကား၊ တစ်ခွန်းကြားက၊ ပတ္တမြားဆံကျိုး၊ အဘိုးပြည်တန်၊ ဧကန်မုချ၊ တလုံးရသို့၊ နဂ္ဃဘိုးမွန်၊ ကျိုးကဲလွန်၏" (မယ၊၃၂၀) "နိုင်ငံရေးဟာ တနည်းအားဖြင့် နိုင်ငံအာဏာဟာ စီးပွါးဖြစ်လွယ်တဲ့လုပ်ငန်းတရပ်လို့ မြန်မာပြည်က သတ်မှတ်နေကြတယ်"ဆိုတဲ့ ဆရာတော်၏ ဩဝါဒသည် ကမ္ဘာကျော် ဩဝါဒတစ်ခုအဖြစ် ထင်ရှားခဲ့၏။

ဆရာတော်သည် ဒီချုပ်အဖွဲ့နှင့် ပြည်ခိုင်ဖြိုးပါတီ

http://www.dhammadownload.com



(၂)ရပ်သို့ မိန့်ကြားသည့်ဩဝါဒတွင် ရုရှားနိုင်ငံ သမ္မတ ခရုယ့်က် မိန့်ခွန်းဖြင့် ဥပမာပြုထား၏။ "ကျွန်တော်တို့ အရှေ့အုပ်စု (ရုရှားဦးဆောင်သောအဖွဲ့) အနောက်အုပ်စု (အမေရိကန်ဦးဆောင်သောအဖွဲ့) အချင်းချင်း ကိုယ့်မူနဲ့ကို ကိုယ့်အုပ်စုကို ကြီးပွါးအောင် လုပ်ရင် ကောင်းမယ်၊ ကျွန်တော်တို့ အချင်းချင်း အထင်အမြင် လွဲပြီးတော့ ရန်ပွဲတွေ ဆင်နွှဲကြမယ်ဆိုရင် ကျွန်တော်တို့ နေထိုင်တဲ့ကမ္ဘာကြီး ကျွန်တော်တို့ ဖျက်ဆီးရာ ရောက်လိမ့်မယ်"တဲ့၊ ဒါကြောင့် မိမိတို့ နေထိုင်တဲ့ ဗမာပြည်ကို ဖျက်ဆီးရာမရောက်အောင် အချင်းချင်း ထိန်းထိန်းသိမ်းသိမ်း နေကြဘို့လိုကြောင်း၊ ရန်သူရန်ဘက်ပမာ ဖြစ်နေ ကြသော အင်အားကြီး ပါတီကြီးနှစ်ခုလုံးအတွက် အကောင်းဆုံး ငြိမ်းချမ်းရေးလမ်းစဉ်တစ်ခု ချမှတ်ပေးခဲ့ခြင်းပင် မဟုတ်ပါလော။

နိုင်ငံခေါင်ဆောင်တို့အတွက်

အမေရိကန်နိုင်ငံ၏ ပထမဦးဆုံးသမ္မတ ဝါရှင်တန် ၏ ပထမဦးဆုံး မိန့်ခွန်းဟာ တစ်မိနစ်ခွဲမျှသာ ကြာတဲ့ အကြောင်း၊ အသက်(၆၇)နှစ်အရွယ် ဝါရှင်တန်သည် တတိယအကြိမ် သမ္မတရွေးပွဲတွင် အများက သမ္မတ အဖြစ် ဆက်လက် တင်မြှောက်ကြသော်လည်း အသက်ကြီးပြီဟူသော အကြောင်းပြချက်ဖြင့် သမ္မတဆက်လက် မလုပ်ခဲ့ပုံ အကြောင်း၊ သခင်စိုး၏ မျိုးဆက်သစ်နိုင်ငံရေး သမားများသို့ မှာတမ်းတွင် 'ဒီမိုကရေစီ,ဒီမိုကရေစီ'ဆိုတဲ့ အမည်ကို သုံးသုံးပြီးတော့ သခင်စိုးကြီးက သူမှားခဲ့တဲ့ အမှားကြီးမျိုးတွေ မလုပ်မိကြဘို့ မှာတမ်းရေးသားထားခဲ့ကြောင်း၊ ရုရှားနိုင်ငံ ချာနိုဘိုင်(မီးပေးတဲ့အနုမြူစက်ရုံ) နျူကလီယားပေါက်ကွဲမှု(၁၉၈၆)ကို ဥပမာပြု၍ နမော်နမဲ့ နိုင်လှတဲ့ ဗမာနိုင်ငံဟာ အနုမြူစက်ရုံနှင့် မထိုက်တန်သေးကြောင်း၊ ခဏလေးနဲ့ ချာနိုဘိုင်ဖြစ်သွားမဲ့ အကြောင်း၊ နိုင်ငံအတွက် လုပ်တဲ့ နိုင်ငံရေးသမားဟာ "ဒီကလပ်တို့ ကင်ဒေးယျံး"တို့လို သဘောထားကြီးဘို့ လိုကြောင်း-စသောဩဝါဒ တို့သည် နိုင်ငံခေါင်ဆောင်တို့အတွက် မိန့်ခွန်းပြောရာ, ဥပဒေရေးရာ, ဒီမိုကရေစီ နိုင်ငံတော်သစ်ဆီသို့ လျှောက်လှမ်းကြရာ၌ နမူနာယူဘွယ် သခ်ိန်းစာယူဘွယ်များပင် ဖြစ်ပါ၏။

သတင်းသမား(သတင်းထောက်)တို့အတွက်

ထွန်းနေ့စဉ်သတင်းစာပိုင်ရှင် ဝန်ကြီးဟောင်း ဦးထွန်းဖေ(သတင်းထောက်)ကဲ့သို့ အသက်(၈၀)ကျော်မှသံဝေဂ မရကြဘို့၊ ဦးထွန်းဖေဟာ မကောင်းတဲ့ဘုန်းကြီးအနည်းငယ်မျှ၏ မကောင်းသတင်းကိုသာ ပုံကြီးခဲ့ကား ရေးသားခဲ့ကြောင်း၊ ရာပေါင်း ထောင်ပေါင်း များစွာသော ကောင်းတဲ့ ဘုန်းကြီးတွေရဲ့ ကောင်းသတင်းကိုတော့ ဘာတစ်ခုမျှ မရေးသားမိခဲ့ကြောင်း၊ မကောင်းတဲ့ ဦးဇင်းတွေ နောက်ကိုသာ တကောက်ကောက်လိုက်သတင်း ထောက်နေတော့ ဘုန်းကြီးတွေရဲ့ အပေါ်မှာ ကြည်ညိုလို့ မရဖြစ်ခဲ့ကြောင်း၊ ကြည်ညိုဘို့ကောင်းတဲ့ ဘုန်းကြီးတွေ အများကြီးရှိသော်လည်း ဒါကို သူမမြင်မိကြောင်း၊ ဘုန်းကြီးတွေနဲ့ ပတ်သက်၍ အမြင်မကြည်လင်တာဟာ အတော် များကြောင်း၊ သူတပည့်တွေကို မှာခဲ့ကြောင်း၊ ထိုဩဝါဒသည် သတင်းသမား(သတင်း

http://www.dhammadownload.com

ထောက်)တို့ဟာ မျှမျှတတ ရေးသားဘို့၊ ဘာသာရေးအပေါ်မှာ အမြင်ကြည်လင်ဘို့ လမ်းညွှန်ချက်တစ်ရပ်ပင်။

ထိုထိုသို့သော နိုင်ငံအတွက် ဩဝါဒများသည် ဆရာတော်ဦးရာဇဓမ္မထံမှသာလျှင် ကြားနာသိရှိရ၏၊ အခြားနေရာ အခြားဆရာတော်ကြီးများထံမှ ကြားနာရလိမ့်မည် မထင်၊ ရွှေပေးခြင်း မရသော သမိုင်းဝင် ဩဝါဒကထာများပင် ဖြစ်ပါပေ၏။

ဩဇာတိက္ကမစွမ်းရည်

ဆရာတော်သည် ပြဿနာအရပ်ရပ်ကို ဖြေရှင်းရာတွင် ရဟန်းရှင်လူ ပြည်သူလူထု လက်ဖျားခါရလောက်အောင် ရဲရဲတည်ကြည် ပြတ်သား၏၊ ညွှန်းဆိုရသော် (၇-၈-၈၈)မစိုးရိမ်တိုက်ကြီး(တိုက်ဟောင်း)ထဲတွင် မန္တလေးတိုင်း တိုင်းကောင်စီဥက္ကဋ္ဌ ဦးညိုဝင်းနှင့် နောက်ပါအချို့အား သံဃာတော်များက တုံးခေါက်ပြီး ဝိုင်းဝန်းဖမ်းထားခဲ့ကြ၏၊ သံဃာငယ်များဘက်မှ ရလိုသည့်အခွင့်အရေးမှာ မကြာသေးမီကာလက အဖမ်းခံထားရသည့် စာသင်သားသံဃာများနှင့် တိုင်းကောင်စီဥက္ကဋ္ဌကို (အကျဉ်းသား အချင်းချင်း) လဲလှယ်လိုခြင်း ဖြစ်သည်၊ ထိုသတင်းသည် တမုဟုတ်ခြင်း ပျံ့နှံ့သွားခြင်းကြောင့် မစိုရိမ်တိုက်ကြီးဝန်းကျင်တွင် ရဟန်းပရိသတ်၊ လူပရိသတ် သွားလာ၍ မရအောင်ပင် ပြည့်ကျပ်နေခဲ့၏၊ ပရိသတ် တစ်သောင်းခန့်ရှိမည်ဟု ခန့်မှန်းကြ၏၊ စစ်တပ်ကလည်း ဦးညိုဝင်းနှင့်အဖွဲ့အား ကယ်တင်နိုင်ရေးအတွက် စစ်အင်အားအပြည့်ဖြင့် (၃၅)လမ်းတွင် ဟန်ရေးတပြင်ပြင် အသင့်စောင့်ဆိုင်းနေကြ၏၊ ထိုထို သို့သော သံဃာထု လူထုနှင့် စစ်တပ်(အာဏာပိုင်) နှစ်ဖက်တင်းမာမှု ထိပ်တိုက်ရင်ဆိုင်မှု ရန်ပွဲကို ပြေလည်အောင် ငြိမ်းအေးအောင် ဖြေရှင်းနိုင်ခဲ့မှုသည် ဆရာတော် ဦးရာဇဓမ္မ၏ စံထားရမည့် ဩဇာသက်ရောက်မှု ပါရမီစွမ်းရည်တို့ပင် ဖြစ်၏၊ ဤနေရာ ဤအချိန်မျိုးတွင် အခြားဆရာတော် တစ်ပါးဆိုလျှင် ပြေလည်ဖို့လမ်းစမမြင်ချေ၊ ခံစားချက် ဒေါသအလျှောက် ပေါက်ကွဲကြမည်မှာ ဧကန်ပင် ဖြစ်ပါလိမ့်မည်။

သာသနာ့ဦးကိုင် မဏ္ဍိုင်ဥက္ကဋ္ဌ

ဆရာတော်သည် စာသင်သားတို့အပေါ် သာသနာ အပေါ် တိုင်းပြည်အပေါ်တွင် အရှင်ကဲ့သို့ တစ်မျိုး မိဘကဲ့သို့ တဖြာဆရာကဲ့သို့ တစ်နည်းနည်းစုံသွင်း၍ ဆုံးမပဲ့ပြင် အထွဋ်အထိပ် လမ်းမှန်သို့ ရောက်အောင် နိစ္စမပြတ် ကယ်မစောင့်ရှောက်တော် မူခဲ့၏၊ ထိုကဲ့သို့ စောင့်ရှောက် ချီးမြှောက်တော်မူတတ်သောကြောင့်လည်း သာသနာရေးရာ တိုင်းပြည်ရေးရာတို့တွင် အခက်အခဲ အကြပ်အတည်းတွေ့ခဲ့သော် သာသနာ့ဦးကိုင် မဏ္ဍိုင် ဥက္ကဋ္ဌ ဖြစ်တော်မူသော ဆရာတော်ဦးရာဇဓမ္မကိုသာလျှင် သတိရ ချဉ်းကပ်ကြလျက် ပြဿနာအရပ်ရပ် ကျော်လွှား နိုင်ခဲ့ကြသည်မှာ ဖျောက်ဖျက်၍ မရသော သမိုင်း၏ သက်သေသာဓကများပင် ဖြစ်ပါသည်။

အသက်ရာကျော်ရှည်စေသော်

နတ္ထိ ဇာတသ အမရဏံ၊ ယော ဘိက္ခဝေ စိရံ ဇီဝတိ၊ သော ဝဿသတံ အပ္ပံ ဝါ ဘိယျော။ (သဂါထာဝဂ္ဂသံယုတ်၊ အာယုသုတ်)

ဇာတသ၊ ပဋိသန္ဓေနေသောသူ၏။ အမရဏံ၊ မသေခြင်းသည်။ နတ္ထိ၊ မရှိ။ ဘိက္ခဝေ၊ ရဟန်းတို့၊ ယော၊ အကြင်သူသည်။ စိရံ၊ မြင့်ရှည်စွာသောကာလပတ်လုံး၊ ဇီဝတိ၊ အသက်ရှင်၏။ သော၊ ထိုသူသည်။ ဝဿသတံ၊ အနှစ်တစ်ရာပတ်လုံး။ ဇီဝတိ၊ အသက်ရှင်၏။ အပ္ပံ ဝါ ဘိယျော၊ အနည်းငယ်သော်လည်း ကျော်လွန်၏။

အပ္ပံ ဝါ ဘိယျော-အရ တစ်ရာသက်တမ်း အနည်းငယ်ကျော်လွန်သော ပုဂ္ဂိုလ်အပေါင်းတို့တွင် မစိုးရိမ်တိုက်သစ်ကြီး(၃)တိုက်တို့၏ အဓိပတိမဟာနာယကချုပ် ဆရာတော်ဦးရာဇဓမ္မာဘိဝံသ အပါအဝင် ဖြစ်ပါစေသား၊ (၀၊)ယနေ့ သက်တော်(၈၀) ပတ္တမြားရတုမှသည် အသက်တစ်ရာကျော်တိုင်အောင် ကြီးမားတန်ခိုးသမ္ပာဖြိုးလျက် နာမျိုးကင်းစင် သစ်လွင်ခွန်အားစွမ်းပကားဖြင့် သောင်းထိုက်ဗိုလ်ချေ များဝေနေအား လမ်းမှန်စွမ်းထက် ဉာဏ်လင်းလက်၍ ကမ်းတက်လမ်းညွှန် သွန်သင်ပြသ ခွန်းဟမြွက်ဖော် စဉ်ဆက်မပြတ် မိန့်တော်မူနိုင်ပါစေသားဟု ကြည်ရွှင်မနော ပီတိဇောဖြင့် ကမ္ဘာ့စံတင် ထေရ်အရှင်သို့ ဦးခိုက်ကော်ရော် ပူဇော်အပ်ပါသတည်း။

ဦးကဝိသာရ (ပါဠို၊ကဝိ)
(ကျောက်စိမ်းမြေ)

http://www.dhammadownload.com

မောင်စံနဲ့ ဒုက်

ဒေါက်တာစန္ဒာသီရိ



"မင်းတို့ ဒီအမေရိကန်တို့ အင်္ဂလန်တို့ တိုင်းပြည်အသီးသီးမှာရောက်နေတဲ့ ဒကာဒကာမတွေ အကြွားလွဲနေတာ ရှိတယ်၊ ဘာလဲဆိုရင် 'တပည့်တော်တို့ သားလေးက သမီးလေးက ဗမာစကားတောင် မပြောတတ်ဘူး ဘုရား၊ အင်္ဂလိပ်လိုပဲ ပြောတယ်'လို့ ဆိုပြီး အကြွားလွဲနေတာတွေ ရှိတယ်၊ ဗမာမိဘနှစ်ပါးက မွေးဖွားလာတဲ့ ကလေးဟာ ဗမာစကားတော့ ပြောတတ်ဖို့ ကောင်းတာပေါ့။ အဲဒါကို တလွဲဆံပင်ကောင်းပြီးတော့ ကြွားကြတာတွေ ရှိတယ်။ အဲဒါတွေ ဆင်ခြင်ဖို့ ကောင်းတယ်"

http://www.dhammadownload.com

ဒီကနေ့ ၂၀၁၁-ခုနှစ်၊ ဇွန်လ(၁)ရက်နေ့၊ အမေရိကန်ပြည်ထောင်စု၊ ဖလော်ရီဒါပြည်နယ်၊ မောင်စံကျော်းထိုင်ရမယ့် "သီတဂူသံဃဝိဟာရ" ကျောင်းဖွင့်ပွဲမှာ မစိုးရိမ်ဆရာတော် ဩဝါဒမိန့်ကြားနေတာ "အကြွားမလွန်နဲ့"တဲ့။

အင်း သိပ်မှန်တာပဲ မောင်စံတို့ ဗမာတွေ ကြွားလိုက်ချက်ကတော့ ကမ်းကုန်တယ်၊ ကလေးတွေ မွေးကတည်းက ပြောနေကြမို့ အင်္ဂလိပ်လို ပြောတာကို ထားပါတော့၊ မနေ့တနေ့ကမှ ကိုယ့်နိုင်ငံက ထွက်လာပြီး ဗမာအချင်းချင်း မီးကျိုးမောင်းပျက် ငပိအင်္ဂလိပ်တွေနဲ့ ပြောဆိုနေကြတာကို ကြားရတာ အလွန်နားယားတာပဲ၊ တချို့ဆို ကိုယ့်ကလေးက ဗမာတွေနဲ့ တွေ့တုန်း ဗမာလို ကြိုးစားပြီး ပြောနေတာကိုတောင် လိုက်ဟန့်တဲ့ မိဘက ရှိသေးတယ်၊ ဗမာတွေနဲ့ ပေးမတွေ့တော့ပဲ အနောက်တိုင်းပုံစံ သွင်းပစ်လိုက်ကြတယ်၊ ကလေးက အရွယ်ရောက်လာလို့ မိဘကို အရှိအသေပေးရမှန်းမသိတော့ပဲ ကလန်ကဆန်လုပ်လာတော့မှ မျက်ရည်နဲ့ မျက်ခွက်ဘုန်းကြီး ဘက် လှည့်ချင်ကြတယ်၊ အရှင်ဘုရား ညီမကို ဆုံးမပါဦးဘုရားတဲ့၊ သောက်ကျိုးနည်း။

ပြောမယ့်သာ ပြောရတယ် မောင်စံလည်းပဲ အင်္ဂလိပ်စာကို အတော်ရွးခဲ့သေးတာ၊ မစိုးရိမ်မှာတုန်းကပေါ့၊ ၁၉၈၆-ခုနှစ် ရောက်စပဲ ရှိသေးတယ်၊ သိတဲ့အတိုင်းပဲ စာဝါက အပြည့်၊ မိုးမလင်းခင် ဘုံဆွမ်းခံထွက်၊ (၈)နာရီခွဲ လောက် ပြန်ရောက်၊ ကမန်းကတန်း အဆာပြေ၊ တစ်လုပ်နှစ်လုပ်ဝါးစားလိုက်ပြီး၊ (၉)နာရီခွဲစာဝါကို အမှီပြေး၊ (၁၀)နာရီခွဲတော့ ရေခိုးပြီး၊ (၁၁)နာရီ ဆွမ်းစား၊ (၁၂)နာရီမှာ ခဏနားပြီး၊ နေ့(၁)နာရီကနေ ညနေ(၄)နာရီထိ စာဝါတွေ ပြန်သွား၊ ညဘုရားဝတ်တက်ပြီး ဆရာတော်ဆီမှာ ဝါကျွေ၊ ပြီးတော့ စာအံကျောင်းတက်၊ ည(၁၀)နာရီမှ အတန်းဖြုတ်ပြီး အိပ်ချင်အိပ်၊ မအိပ်ချင်သေးလို့ အငြိမ့်လေး ဇာတ်ပွဲလေးရှိရင် သွားကြည့်ပေါ့၊ အဲဒီလို။

ဒါ မစိုးရိမ်စာသင်သားတိုင်းမှာရှိတဲ့ တိုင်းတေဘယ်၊ မောင်စံက ရောက်စနှစ်မှာ သီလကွန်တစ်ကျမ်းတည်း လုပ်သေးတာမို့ တော်သေးတယ်၊ နှစ်ကျမ်းသုံးကျမ်းတွဲလုပ်ရတဲ့သူတွေဆို အားချိန်ကို မရှိတော့ဘူး၊ အဲလို မအားတဲ့ ကြားထဲကပဲ အင်္ဂလိပ်စာကို ရွးဖြစ်အောင် ရွးခဲ့သေးတာ။

ဘယ်က စတာလဲဆိုတော့ ဦးဩသဓကို ဆရာတော်က အင်္ဂလိပ်စာ ခေါ်ခေါ်သင်ပေးတာကနေ စတာ၊ ဖတ်ချင်တတ်ချင်လိုက်တာ၊ ဦးပဏ္ဍိတကလည်း ကွမ်းလေးပါးစောင်းကပ်ပြီး တွေ့တိုင်း မိုင်ဖရင့် မိုင်ဖရင့်နဲ့ အင်္ဂလိပ်လို ခေါ်တာပေါ့၊ သူလည်း မိုင်ဖရင့်ကနေတော့ မတက်ဘူး၊ ဒါပေမယ့် ကိုယ်က အဲဒီလိုကို မဖရင့်နိုင်သေးတာဆိုတော့ အထင်ကြီးတာပေါ့၊ အဲဒါနဲ့ စုံစမ်းကြည့်လိုက်တော့ စိန်ပန်းထဲမှာ ကိုယ်တော်တွေကို အင်္ဂလိပ်စာအခမဲ့သင်ပေးတဲ့သင်တန်းရှိတယ်လို့ သိရရော၊ ဘာပြောကောင်းမလဲ ဆွမ်းစားပြီး နားရတဲ့အချိန်လေးကို မနားတော့ဘဲ အပြေးသွားတက်တာ၊ အမယ် တစ်ပတ်လောက်တက်ပြီးတော့ Cat-ကက်-ကြောင်၊ Rat-ရက်-ကြွက်တွေ ဘာတွေ လုပ်လာပြီ၊ တယ်ဟုတ်တဲ့ ငါပါလားပေါ့။

မကြာပါဘူး ဒဏ်ကျပါလေရော၊ ဒဏ်က နေ့လယ်အိပ်ချိန်ကို မအိပ်ရပဲ ဆရာတော်ဆီမှာ စာသွားကျက်ရတာ၊ ကိုယ့်အင်္ဂလိပ်စာသင်တန်းကလည်း ဒီအချိန်ဆိုတော့ ဘယ်လိုမှ လုပ်လို့ မရတော့ဘူး၊ အဲဒီမှာ အစပြတ်သွားတာ၊ ဘာကြောင့် ဒဏ်ကျတာလည်း ဟုတ်လား၊ သီတဂူပေါ့ သီတဂူ၊ မောင်စံက သီတဂူနဲ့ အဲဒီကတည်းက ဇာတ်လမ်းရှိတာ၊ သီတဂူသုံးထပ်ကျောင်းကြီး ရေစက်ချပွဲမှာ ကျောင်းအမကြီး ဒေါ်အေးက ငါးခြောက်နှပ် ကျွေးတယ်၊ အလျှံပယ်ပဲ၊ မကုန်လို့ ပိုတာတွေကို ခွဲဝေပြီး ပေးတော့တာပေါ့၊ မောင်စံတို့ တောင်ဥအဖွဲ့က (ဇလုံသေး) တစ်ဇလုံရတယ်။

တညနေ အဲဒီငါးခြောက်ဇလုံကို မီးဖိုထဲမှာ နွေးပြီး ကျောင်းထဲကို ပြန်ယူလာတာ၊ ဘာဏကကျောင်းဆောင်မှာ ညနေခင်းဆိုတော့ ဆရာတော် ဘုရားရေချမ်းလာလဲနေကျ၊ ဆရာတော်တွေ့မှာစိုးလို့ ဟိုဟိုသည်သည် အကဲခတ်လိုက်သေးတယ်။ သေချာပြီဆိုတော့မှ ဝမ်းသာအားရ ငါးခြောက်ဇလုံကြီး မ,ပြီး ကျောင်းထဲကို သီချင်းတကျော်ကျော်နဲ့ ဝင်ချလာတာ၊


"ငါးခြောက်ကလေးရယ်တဲ့. . . အို ခမျာ၊ အို ခမျာ. . . "

"အံမယ်. . . သီချင်းလေး တကျော်ကျော်နဲ့ ဟော့ကောင် လာခဲ့"

ဟိုက် သွားပါပြီ၊ ဆရာတော် ကျောင်းပေါ်ကို ဘယ်တုန်းက ရောက်နေတယ် မသိ၊ လှေကားအဆင်းမှာ ပက်ပင်းတိုးပါလေရော။

"မင်းပြေးလို့ မလွတ်ပါဘူးကွ၊ လာခဲ့ မနက်ဖြန်က စပြီး (၇)ရက် ဒဏ်လာထမ်း"

http://www.dhammadownload.com



အဲဒီကောင်ကိုရာသက်ပန် ဒဏ်လို့ပြောလိုက်"တဲ့၊ အီးဟီးသွားပါပြီ၊

သွားရော၊ အဲဒီကတည်းက စပြီး နေ့လယ် (၁၂)နာရီကနေ (၁)နာရီထိ ဆရာတော်ဆီမှာ စာသွားကျက်ရတယ်၊ အင်္ဂလိပ်စာသင်တန်းကို သွားလို့ မရတော့ဘူး၊ ကိုယ်လိုပဲ ဒဏ်ကျနေသူတွေ အများကြီးပဲ၊ ဆရာတော်က ပြောလေ့ရှိတယ် "မင်းတို့ ဒဏ်သမားတွေ စာကျက်သံ မကြားရရင် ငါအိပ်မပျော်ဘူးကွ"တဲ့၊ ဟင်းဟင်း။

မောင်စံတို့ တောင်ငူက အဖွဲ့တောင့်တယ်၊ ခရမ်းအဖွဲ့နဲ့လည်း အရမ်းရင်းနှီးတာဆိုတော့ နှစ်ဖွဲ့ကို တစ်ဖွဲ့တည်းပေါင်းပြီး ဆွမ်းအတူတူ စားကြတာ၊ ဆွမ်းဝိုင်းအလယ်က ငါးခြောက်ဇလုံကြီးကို ကြည့်ပြီး သူငယ်ချင်းတွေက တခွီးခွီးရယ်ကြတယ်၊ တချို့ကလည်း သီချင်းဆိုကပြီး စတယ်၊ "ငါခြောက်ကလေးရယ်တဲ့. . အို ခမျာ၊ အို ခမျာ"တဲ့၊ ဟင်းဟင်း လူကို ငိုချင်သလို ရယ်ချင်သလို အတော်ကို ဆိုးပါတယ်။

ရှိသေးတယ်၊ အဲဒီ သီတဂူကျောင်း ရေစက်ချပွဲမှာပဲ၊ ပွဲအဝင်ညမှာ ခင်းကြကျင်းကြ ပြင်ဆင်ကြပေါ့၊ သူသူကိုယ်ကိုယ် အလုပ်တွေရှုပ်နေကြတာ၊ မောင်စံက လာဘနှင့်အတူ လမင်းတရာအငြိမ့်ကို သွားငှါးတယ်၊ ရတယ်ပေါ့၊ လူက နဂိုကမှ ဇာတ်ရူးဆိုတော့ အဲဒါတွေမှာ စပ်စပ်စပ်စပ်နဲ့ လုပ်ရတာ သိပ်ဝါသနာပါတာ။

တရားပွဲအတွက် ကျောင်းရှေ့ကွင်းပြင်မှာ အသံချဲ့စက်တွေ ဆင်တဲ့နေရာမှာလည်း လပ်လျားလပ်လျားပေါ့၊ စက်ဆရာပြင်ဆင်လည်းပြီးရော မြို့မသီချင်းတွေ ဖွင့်တဲ့အခါ မောင်စံ ဘာပြောမလဲ၊ စိတ်တွေ မထိမ်းနိုင်တော့ပဲ အသံကုန် လိုက်အော်ဆိုတော့တာ၊ သူငယ်ချင်းတွေကလည်း စည်းချက်တွေဘာတွေလိုက်ပြီး အားပေးတယ်ပေါ့။

ကျောင်းရှေ့ကုလားထိုင်တွေ စီခင်းထားတဲ့အပေါ် ထိုင်ပြီး စီမံညွှန်ကြားနေကြတဲ့ နာယကတွေက မောင်စံကို ကြည့်ပြီး အတော်မျက်စိနောက်နေပုံရတယ်၊ ခေါ်ပြီး ဆူတော့တာပဲ။

"ဟေ့ကောင် လာစမ်း မင်းဘွဲ့ ဘယ်သူလဲ"

"စန္ဒာသီရိပါဘုရား"

"ဘယ်အတန်းကလဲ"

"စာချတန်း သီလက္ခန်တက်နေပါတယ်ဘုရား"

"မင်းစာချတန်းတောင် ရောက်နေပြီ ဘုန်းကြီးသီချင်းမဆိုရဘူးဆိုတာ မသိဘူးလား"

မောင်စံ ဘာမှ ပြန်မဖြေပဲ မျက်နှာငယ်လေးနဲ့ ခေါင်းငုံ့နေလိုက်တယ်။

"လူက ရောက်တာမှ မကြာသေးဘူး လပ်လျားလပ်လျားနဲ့ ဒေါင့်ကို မကျိုးဘူး၊ သွား"

မောင်စံတချက်တည်း ငြိမ်ကုတ်သွားတော့တာပဲ၊

အဲဒါကို နောက်ရက်နာယကဆွမ်းဝိုင်းမှာ စကားစပ်ပြီး ပြောဖြစ်ကြတယ်နဲ့ တူပါတယ်၊ မောင်စံဆီကို ဆရာတော်ရဲ့အမိန့် ရောက်လာပါလေရော၊ "အဲဒီကောင်ကို ရာသက်ပန် ဒဏ်လို့ ပြောလိုက်"တဲ့၊ အီး ဟီး သွားပါပြီ၊ (၇)ရက်နေလို့ ဒဏ်လွတ်ရင် အင်္ဂလိပ်စာသင်တန်း ပြန်သွားမယ်လို့ စိတ်ကူးထားတာ၊ ရာသက်ပန် ဒဏ်ဆိုတာ ဒီတိုက်က ထွက်သွားပြီးရင်တောင် မပြီးသေးဘူး၊ ဘယ်လောက်ကြာမှ တိုက်ထဲ ပြန်ဝင်ဝင် အဲဒီဒဏ် ဆက်ထမ်းရမယ်၊ ဒီလို အဲဒီကတည်းက အင်္ဂလိပ်စာသင်တန်း မသွားဖြစ်တော့ဘူး၊ ပြတ်ကရော၊ ဒါပေမယ့် ဦးပဏ္ဏဝံနဲ့ တွေ့တဲ့အခါတိုင်းမှာတော့ "ဟိုင်း မိုင် ဖရင့်၊ ဟောင်းအာ ယူ"ဆိုတာလောက်တော့ နောက်ရင်းပြောင်ရင်း နှုတ်ဆက်ဖြစ်တယ်။

မောင်စံရဲ့ ကံကို သတိထားမိသလောက် နေရာအတော်များများမှာ လူကြီးတွေနဲ့ တွေ့တွေ့ချင်း အဆင်မပြေတတ်ဘူး၊ တဖြေးဖြေး စိတ်ရင်းကို သိလာတဲ့အခါကျတော့မှ တကယ်ရင်းနှီးသွားတော့တာ၊ ခုမစိုးရိမ်နာယက တွေလည်း ဘုန်းကြီးဦးကေတို့ ဦးသုစိတ္တတို့

http://www.dhammadownload.com

ဆိုတာ နောက်ပိုင်းကျတော့ တကယ့်အရင်းနှီးဆုံး ဆရာတပည့်တွေ ဖြစ်သွားတော့တာ၊ စစ-နောက်ပိုင်းမှာပေါ့ ဦးပေစိဘုရားထဲမှာ လုပ်ဆောင်ကြတာတွေ မင်းကွန်းဘက် အတူ သွားနေကြရင်း ဆန့်ကုန်လို့ မောင်စံစွန့်စွန့်စားစား ပြန်ယူတာတွေ ပြောစရာဇာတ်လမ်းက အရှည်ကြီး ထားတော့။

မောင်စံနဲ့ ဒဏ်အကြောင်းကို ဆက်ပြောဦးမယ်၊ ကျထားတဲ့ဒဏ်က လွတ်ရက်မရှိ၊ ရာသက်ပန်ဆိုပေမယ့် တိုက်ပတ်စာမေးပွဲအောင်တာတို့၊ စာဝါမှန် ဘုရားဝတ်တက်မှန်တာတို့ ဖြစ်လာရင် လွတ်ပေးတတ်တယ်ဆိုတာ သိထားတော့ မောင်စံကြိုးစားတာပေါ့၊ စာဝါတွေ ဘယ်တော့မှ နောက်မကျစေရဘူး၊ ဘုရားဝတ်တက် ဘယ်တော့ မှ မပျက်စေရဘူး၊ ဒဏ်ကိုလည်း မှန်အောင် သွားတယ်၊ ဒဏ်မှန်မှန်သွားရလို့ စာတွေ အများကြီး ရသွားတယ်၊ ပထမနေ့ (စာမေးပွဲအသုံး)အတွက် နိယံတွေ၊ သံဝဏ္ဏနာတွေ၊ နည်းစစ်တွေ အကုန်ရ၊ ဘယ်လိုပို့ဝိုင့်က လာမေးမေး ပထမနေ့အတွက်ကတော့ အဲဗား ရယ်ဒီ၊ အဲဒီလို အကျိုးရှိခဲ့တယ်။

မိမိနဲ့အတူ ဒဏ်ကျအဖော်တွေက မိုးရွာတဲ့နေ့တွေ ဆိုရင် မိုးအေးတာအကြောင်းပြပြီး ဒဏ်ကို မသွားကြဘူး၊ ညှိထားသလိုပဲ၊ တစ်ယောက်မှကို မလာကြတာ၊ တစ်ယောက်တည်း ဆရာတော့်ကျောင်းမှာ ဆရာတော်က မိုးရွာရင် မလာရဘူးလို့ မိန့်ထားတယ်တောင် ထင်မိတယ်၊ မိုးကလည်း သုံးလေးရက်ဆက်ရွာတယ်။ မောင်စံစိတ်မလျှော့ဘူး ဆက်သွားတယ်၊ တရက်မှာတော့ ဆရာတော်က

"အေး မင်း ဒဏ်မှန်တဲ့ကောင် မလာတော့နဲ့၊ ဟိုကောင်တွေကို ပြောလိုက် မနက်ဖြန်ကစပြီး နောက်သုံးလစီ ဒဏ်တိုးတယ်လို့"တဲ့။

ဝါး . . . ဝမ်းသာလိုက်တာ မပြောပါနဲ့တော့၊ မောင်စံ ဝမ်းသာအားရ စာအုပ်တွေ ပိုက်ပြီးပြန်လာခဲ့တယ်၊ မိုးရွာနေတာတောင် ထီးဆောင်းဖို့ မေ့နေတယ်၊ ကိုယ့်ဒဏ်ကျဖော် ဒဏ်ကျဖက်တွေအတွက်တော့ စိတ်မကောင်းပါဘူး။

ဆရာတော့်မှာ ဒဏ်နှစ်မျိုးရှိတယ်၊ တစ်မျိုးက စာဒဏ်၊ နောက်တမျိုးက ဘုရားဝတ်တက်ဒဏ်၊ ဘုရားဝတ်တက် စာရင်းစစ်လို့ မပါရင် မနက်အစောကြီး (၅)နာရီထပြီး၊ ဆရာတော့်ကျောင်းမှာ ဆရာတော်နဲ့အတူ ဘုရားသွားဝတ်တက်ရတယ်၊ မောင်စံ အဲဒီဒဏ်လည်း ကျဘူးတယ်။

တနေ့ ညနေ(၄)နာရီစာဝါပြီးတော့ တောင်ဥက လူကြုံနည့်သည်လာတယ်ဆိုလို့ ဘုရားကြီးဘက်မှာရှိတဲ့ တောင်ဥကျောင်းကို နည့်သည်သွားတွေ့တယ်၊ စကားကောင်းနေတာနဲ့ ည(၇)နာရီ ဘုရားဝတ်တက်ကို မမှီလိုက်တော့ဘူး၊ တစ်ခါလစ် တစ်ခါထိတာပဲ၊ ဘုရားဝတ်တက်စစ်တဲ့ ဦးပညိန္ဒကလည်း သိပ်မှတ်ဉာဏ်ကောင်းတာ၊ မောင်စံတို့ခေတ်က သံယာ(၃၀၀) လောက်ရှိတာ စာရွက်မကြည့်ပဲ ဘယ်နေရာမှာ ဘယ်သူမပါဘူးဆိုတာကို အတိအကျသိတယ်ဗျာ၊ ဘုရားဝတ်တက်ပြီးတဲ့အခါ ဆရာတော်ကို မပါတဲ့သူစာရင်းလျှောက်ပြရတယ်၊ အဲဒီနေ့က မောင်စံရယ်၊ ခေမိန်ရယ်၊ ဘိုကို(သုဇန)ရယ်၊ တောင်ဥက သုံးပါးထိတယ်။

နောက်တရက် မနက်(၅)နာရီထပြီး ဆရာတော်ကျောင်း(ဒါယာဒ)မှာ ဘုရားသွားဝတ်တက်ရတာပေါ့၊ အိုး . . ဒဏ်ကျတော့မှပဲ ဆရာတော်ရဲ့ ရောင့်ရဲသည်းခံတတ်ပုံတွေကို ပိုသိလာရပြီး ပိုကြည်ညိုမိလာတယ်၊ စာသင်တိုက်ကြီးတခုရဲ့ အဓိပတိဆရာတော်ကြီးဆိုပြီး ဟိတ်နဲ့ဟန်နဲ့ သီးသီးသန့်သန့် နေတာမဟုတ်၊ ကုဋ္ဌင်တစ်လုံးသာရှိတဲ့ အခန်းကျဉ်းလေးထဲမှာ အများနည်းတူနေတာ၊ အပြင်ဘက်(Hall)ထဲမှာ စာသင်သားသံယာတွေက နံရံပတ်ပတ်လည်အပြည့် ခြင်ထောင်တွေဆိုတာ တစ်လုံးနဲ့တစ်လုံး ထိစပ်ပြီး ထောင်ထားကြတာ၊ ဘုရားခန်းရှေ့ ရောက်ဖို့ ခြင်ထောင်တွေ ကြားထဲ ကုန်းကုန်းကုန်းကုန်းနဲ့ ငုံ့ပြီးသွားရတာ၊ မောတောင် မောတယ်၊ ဆရာတော်လည်း ဒီလိုပဲ ကြွလာခဲ့တာပဲ၊ မောင်စံတို့ နာရီဝက်လောက် ဘုရားဝတ်တက်ပြီးတာ တောင်ခြင်ထောင်ထဲက ဘသားချောတွေ တစ်ယောက်မှ တုတ်တုတ်မလှုပ်ကြဘူး၊ အဲဒါ နေ့တိုင်း နေ့တိုင်း။

မစိုးရိမ်မှာ စနစ်ကောင်းတာက စာသင်သားကို စည်းကမ်းတွေ ဥပဒေတွေနဲ့ တင်းကြပ်မထားဘူး၊ စာဝါရယ် ဘုရားဝတ်တက်ရယ်နဲ့ပဲ ထိန်းထားတယ်၊ စာဝါနဲ့ ဘုရားဝတ်တက်မှန်ရင် ပြီးရော၊ ပြီးရင် ဘယ်သွားသွား၊ ပွဲတွေ အငြိမ့်တွေ ကြိုက်တာ သွားကြည့်လို့ရတယ်၊ စာဝါနဲ့ ဘုရားဝတ်တက်ကလည်း အချိန်ကောင်းတွေ သတ်မှတ်ထားတာဆိုတော့ စည်းပျက်ကမ်းပျက် အပြင်မသွားဖြစ်အောင် အလိုလို ထိန်းချုပ်ပြီးသား ဖြစ်နေတယ် လေ။

မောင်စံတို့ (၇)ရက်ဒဏ်ကျတာ သုံးရက်ပြီး

http://www.dhammadownload.com

လေးရက်မြောက်တဲ့နေ့မှာ ဘာဖြစ်လဲဆိုတော့ တောင်ပြုံးပွဲ စတယ်၊ တောင်ပြုံးပွဲက နာမည်ကြီး ကြားဘူးတာကြာပြီ၊ တခါမှ မရောက်ဘူးသေးတော့၊ သွားကြည့်ချင်တာနဲ့ သူငယ်ချင်းတွေနဲ့ အတူလိုက်သွားတယ်၊ မန္တလေးနဲ့ မတ္တရာဆိုတာ (၁)နာရီခရီးဆိုတော့ အချိန်မီ ပြန်လာကြမယ်ပေါ့၊ ဖြစ်ချင်တော့ ပြန်လို့ မရတော့ဘူး၊ လိုင်းကားမှန်သမျှကလည်း လူပြည့်လူလျှံ၊ တောင်ပြုံးနဲ့ မန္တလေးဆွဲပေးတဲ့ ရထားနဲ့ လိုက်မယ်ကြံပြန်တော့လည်း အမလေးလေး နေရာရဖို့ နေနေသာသာ ခြေထောက်တချောင်းတင်ပြီး တွဲလွဲဆွဲလိုက်ဖို့တောင် နေရာမကျန်တော့ဘူး၊ လူတွေ လူတွေဆိုတာ ပြွတ်သိပ်ကြိတ်ခဲလို့၊ အော်ကြ ဟစ်ကြ နောက်ကြ ပြောင်ကြနဲ့ ဒီလူတွေကြားထဲမှာ ဘယ်လိုမှ အဆင်မပြေနိုင်ဘူး၊ အဲဒါနဲ့ နောက်ဆုံးတော့ စိတ်ဒုန်းဒုန်း ချပြီး၊ မန္တလေးသိန်းဇော်ဇာတ်ပွဲဝင်ကြည့်နေလိုက်ကြတယ်။

မနက်လင်းခါနီးတော့မှ လူတွေရှင်းတာနဲ့ အပြန်လိုင်းကားတွေကို လွယ်လွယ်ကူကူပဲ ရလိုက်ကြတယ်၊ ကျောင်းထဲကို ဝိုက်စိုက်ဝိုက်စိုက်နဲ့ ပြန်ဝင်လာကြပြီး သူငယ်ချင်းတွေကို သတင်းမေးကြည့်လိုက်တော့ "အေး မင်းတို့အဖွဲ့ ဘုရားဝတ်တက်ဒဏ် တစ်လတိုးတယ်တဲ့ဗျာ" ဟင်း ဟင်း ထင်တော့ ထင်ထားပြီးသားပါ။ ဒီတော့လည်း မနက်တိုင်း ကုသိုလ် သွားယူကြရတာပေါ့လေ၊ မကြာပါဘူး စာမေးပွဲအောင်တာနဲ့ ဒဏ်က လွတ်ငြိမ်းချမ်းသာခွင့် ရသွားခဲ့တယ်။

မောင်စံ မစိုးရိမ်မှာတုန်းက သီတဂူသုံးထပ်ကျောင်းကြီး အပေါ်ဆုံးထပ်မှာ နေရာရတယ်၊ ကျောတစ်နေရာ စာပါပဲ၊ အဲဒီကျောတစ်နေရာစာရဖို့ (၂)နှစ်နီးပါး စောင့်ခဲ့ရတယ်၊ စီနီယာအတိုင်း နေရာပေးတာဆိုတော့ ကိုယ့်ရှေ့မှာ အရင်ရောက်နှင့်နေသူတွေက နေရာအရင်ရတယ်ပေါ့၊ တဖြေးဖြေး ရှေးကလူတွေ ထွက်ထွက်ကုန်မှ ကိုယ့်အလှည့်ကို ရောက်လာတာ။

အဲဒီမတိုင်ခင်က ကိုယ့်ပစ္စည်းတွေကို အသိသူငယ်ချင်းတစ်ပါးရဲ့ သေတ္တာပေါ်မှာ ထပ်တင်ထားပြီး ညအိပ်တော့ ကြုံသလို သစ်ပင်အောက် အိပ်လိုက် အုတ်ပုံပေါ် အိပ်လိုက် တခါတခါ ခွေးတွေက နေရာဦးထားလို့ မောင်းချပြီး ဝင်အိပ်ခဲ့ရတာ၊ ကိုယ့်လိုလူတွေလည်း အများကြီးပဲ၊ နှစ်တဝက်လောက်ကြာတော့ ဘာဏာဆွမ်းစား ကျောင်းပေါ်မှာ အိပ်စရာနေရာရလာတယ်၊ ကံဆိုးချင်တော့ ကိုယ်ရတဲ့ နေရာတည့်တည့်က မိုးယိုတဲ့နေရာ မိုးရွာတဲ့ညဆို အိပ်ကောင်းနေတုန်းရေတွေ တပေါက်ပေါက်နဲ့ ကျလာလို့ ထပြေးခဲ့ရဘူးတာလည်း အကြိမ်မနည်း၊ ဒါပေမယ့်လည်း စာသင်သားတွေဟာ အားလုံး ပျော်နေကြတာချည်းပဲ၊ အဲဒီလို စားစရာ နေစရာ ခက်ခက်ခဲခဲ ကြားထဲကပဲ အောင်မြင်တိုးတက်လာခဲ့ကြသူတွေဟာ ဒုနဲ့ဒေးဆိုတော့ စာသင်သားတွေ ပျော်တာပေါ့။

မောင်စံ စစ်ကိုင်း သီတဂူကို ရောက်တော့လည်း မစိုးရိမ်မှာ အတူနေခဲ့ဘူးတဲ့ သူငယ်ချင်းတွေနဲ့ ပြန်တွေ့ရတယ်၊ ဒေါက်တာဩသဓ၊ ဒေါက်တာသဇ္ဇန၊ ဒေါက်တာသေဋ္ဌလစတဲ့သူတွေဟာ မစိုးရိမ် မိတ်ဟောင်းတွေပေါ့၊ သီတဂူဆေးရုံမှာ ဆရာတော် မျက်စိလာစစ်တာတို့ သီတဂူ အခမ်းအနားတွေကို ကြွလာတဲ့အခါတို့မှာ သေသေချာချာ ပြုစုစောင့်ရှောက်ခွင့်ရခဲ့တယ်၊ အိန္ဒိယမှာ တက္ကသိုလ်တက်နေတုန်းကလည်း ဘုံဘေရွှေတိဂုံစေတီတော်ကြီး ဌပနာပိတ်ပွဲ ကြွလာတဲ့အတွက် ပြုစုခွင့်ရခဲ့ပြန်တယ်၊ ဟော အခု အမေရိကန် သီတဂူမှာ ဖူးတွေ့စောင့်ရှောက်ခွင့် ရပြန်ပြီ၊ ဆုံးမဩဝါဒများကို နာကြားခွင့်ရပြန်ပြီဆိုတော့ မောင်စံ ကံကောင်းပြီးရင် ကံကောင်းနေတာပေါ့။

Oh! Great, I am very very lucky person. ကိုယ့်ကိုကိုယ် ကျေနပ်လွန်းလို့ အသံတောင် ထွက်သွားတယ်။


"အေး မင်းတို့ အင်္ဂလိပ်စကားပြောတာလည်း ပြောပေါ့၊ ကိုယ့်စာနဲ့ ကိုယ့်စကားတော့ ဘယ်တော့မှ မေ့မထားကြနဲ့၊ ကလေးတွေကိုလည်း မြန်မာစာ မြန်မာစကား သင်ပေးကြ၊ အကြွားလွဲမနေကြနဲ့၊ ဒါပဲ ငါ့ဩဝါဒက"

"သာဓု သာဓု သာဓုပါဘုရား"


ဟာ ဆရာတော်ဩဝါဒပြီးသွားပြီပဲ၊ ကိုယ့်အသံထွက်သွားတာ ဆရာတော်များ ကြားသွားလားမသိဘူး၊ ဘုရား ဘုရား. . ။ တော်ကြာ ဆရာတော်က နာကြားပြင်းကတ်ပြီး ရာသက်ပန်ဒဏ်ချနေမှ ဟုတ်ပေဖြစ်နေဦးမယ်။

မောင်စံ
ဒေါက်တာအရှင်စန္ဒာသီရိ
(သီတဂူ။ ဖလော်ရီဒါ)

http://www.dhammadownload.com



http://www.dhammadownload.com



"ဘယ်သူကြိုက်ကြိုက်၊ မကြိုက်ကြိုက်၊ ဘုရားကြိုက်အောင်နေ"။ (ဆရာတော်ဦးဗုဒ္ဓ)

ခရီးသည်တွေအတွက် အလွန်လိုက်နာသင့်တဲ့ စကားရပ်ပါ။ ဒီစကားရပ်ဟာ မကောင်းဘူးလား မေး၊ ကောင်းတယ်၊ မသင့်ဘူးလား သင့်တယ်၊ နို့ပေမယ့် လိုက်နာဖို့ ခက်ခဲလိမ့်မယ်၊ ဘုရားကြိုက်အောင် နေရင် အများနဲ့ ဆန့်ကျင်ရမှာကိုး၊ ခရီးသည်တွေအတွက် အနာဂတ်ပန်းတိုင်ဆိုတာ ရှိပါလိမ့်မယ်၊ ကောင်းပြီ ဒါဆိုရင် ဦးတည်ချက်အတိုင်း တကယ်သွားကြသလား? သွားတိုင်းရော ရောက်သလား? ရောက်သူတွေလည်း ရှိမယ်၊ မရောက်သူတွေလည်း ရှိမယ်၊ ဖြေးဖြေးရောက်သူ မြန်မြန်ရောက်သူ၊ ဘာဖြစ်လို့လည်းဆိုတော့ လျှောက်ပုံခြင်းမှ မတူဘဲကိုး၊ ဒီတော့ ရောက်ပုံခြင်း ဘယ်တူပါ့မလဲ၊ မရောက်တဲ့ သူတွေကတော့ လျှောက်ကို မလျှောက်လို့ပါ၊ အရောက်နှေးသူတွေကျတော့လည်း စိတ်အား မထက်သန်လို့ လျှောက်ပုံလျှောက်နည်း မမှန်လို့၊ တွေဝေနေလို့ ငေးမောနေလို့ပါ၊ ဘယ်အရာမဆို ချူတတ်မှ ကျ၊ ယူတတ်မှ ရမှာပေါ့၊ ဒီတော့ ယူတတ် ချူတတ်ဖို့ လိုပေမပေါ့၊ ဒီနေရာမယ် ဆရာကောင်း လိုပါလိမ့်မယ်၊ နည်းကောင်း လိုပါလိမ့်မယ်၊ ချဉ်းကပ်မှုလည်း မှန်ရလိမ့်မယ်၊ ရွေးချယ်မှုလည်း ခိုင်ရမယ်လေ။

"လောကော သတ္ထာနံ အာစေရော၊
အတ္ထာနတ္ထပဒဿကော"
(လောကကြီးဟာ သတ္တဝါတို့ရဲ့ အကျိုးရှိ အကျိုးမဲ့ကို ဖြစ်စေနိုင်တဲ့ဆရာ)

စာဏက္ကနီတိဆရာ ဆိုတိုင်းလည်း အကောင်းချည်းလို့ မဆိုပါဘူး၊ သို့သော် ဆရာဆိုတာ ရှိကို ရှိရမှာပါ၊ "ဆရာမပြ ငါးပိဖုတ်တာတောင် နည်းမကျ"လို့ ဆိုထားတယ် မဟုတ်ပါလား၊ "ဆရာပေါင်းမှားရင် သံသရာတစ်လျှောက်လုံး မှောက်"ဆိုတဲ့ စကားပုံလည်း ရှိနေပြန်ပါတယ်၊ ဒါကြောင့် နည်းကောင်းဖို့ လိုတယ်၊ ချဉ်းကပ်မှု မှန်ရမယ်၊ ရွေးချယ်မှုခိုင်ရမယ်လို့ ပြောခဲ့တာပါ၊ လူဖြစ်စေ ရဟန်းဖြစ်စေ ခရီးဆိုတာ အမည်းအဖြူ၊ အပူအအေး၊ အဝေးအနီး၊ အကြီးအငယ်၊ အသယ်အပို့၊ အမို့အပြေ၊ အဝေအကြဲ၊ အလွဲအမှန်၊ အပြန်အသွား၊ အပါးအထူ၊ အဆူအငြိမ်၊ အတိမ်အနက်၊ အတက်အဆင်း၊ အလင်းအမှောင်၊ အရှောင်အတိမ်းတွေ ရှိကြစမြဲပါ၊ ဒီနေရာမှာလည်း အမှားအမှန် ကွဲပြားတတ်ဖို့၊ ခွဲခြားတတ်ဖို့၊ ခမ္မရဲ့ ဘက်တော်သားအဖြစ် ရပ်တည်ချက် မှန်ဖို့ လိုပြန်ပါတယ်၊ ကဲ ခရီးဖော်ရေတည့်တည့်သွားမလား? ကောက်ကောက်သွားမလား? ဖြောင့်ဖြောင့်သွားရင်တော့ ခရီးတွင်ပါမယ်၊ ကောက်ကောက်သွားရင်တော့ ခရီးမတွင်ပါဘူး၊ "ဖြောင့်သော် စားမကုန်၊ ကောက်သော် မှားမှုန်"တတ်ပါတယ်၊

http://www.dhammadownload.com

လမ်းကြောင်း နှစ်ကြောင်းတည်းရယ်၊ အဲဒီ လမ်းကြောင်း နှစ်ကြောင်းက ခရီးသည်ကို မှတ်ကျောက်တင်သွားမှာ၊ သမိုင်းဆိုတာ အဲဒီမှတ်ကျောက်နဲ့ ဆိုင်တယ်၊ ကိုယ့် သမိုင်းကို ကိုယ်ရေးရင် အတ္တနောမတိတွေ ပါနိုင်တယ်၊ ခေတ်တစ်ခေတ်က ရေးရင်တော့ ရွှေးရင်တော့ အတ္တ နောမတိ ကင်းနိုင်တယ်၊ အဂတိနဲ့ ရေးရင်လည်း သမိုင်းကို သစ္စာဖောက်ရာ ရောက်မယ်လေ၊ သစ္စာဖောက် သူတွေ နစ်နာမှောက်ကုန်ပါပြီ။

ဘဝဆိုတာ ထွက်ပြေးငြင်းဆန်ဖို့ မဟုတ်ပါဘူး၊ ဘဝအသိ ဘဝသတိတွေနဲ့ ရင်ဆိုင်ထိန်းကျောင်းပြီး ခရီးပန်းတိုင်ကို အရောက်သွားရမှာဘဲ မဟုတ်လား၊ ဒီအခါမယ် ဘဝကို ဓမ္မဓိဌာန်ကျကျ ရင်ဆိုင်ရဲဖို့၊ ရင်ဆိုင်တတ်ဖို့၊ သတ္တိဗျတ္တိလိုလာပြီပေါ့၊ သတ္တိက စွမ်းရည်၊ ဗျတ္တိက ကျွမ်းကျင်မှု၊ သတ္တိက အကြောင်း၊ ဗျတ္တိက အကျိုး၊ သတ္တိက မမြင်နိုင်တဲ့စွမ်းရည်၊ အတွင်းမှာ ငုတ်လျှိုးနေတဲ့စွမ်းရည်၊ လုပ်ရဲတာက မိုက်မဲခြင်း၊ ခံရဲတာက ရူးသွပ်ခြင်း၊ စွမ်းက သတ္တိ၊ ဆောင်က ဗျတ္တိ၊ သတ္တိရှိမှ ဗျတ္တိရှိနိုင်တယ်၊ သတ္တိမရှိရင် ဗျတ္တိမရှိနိုင်ဘူး၊ စည်းစိမ် ဥစ္စာဆုံးရှုံးခြင်းထက် မိတ်ဆွေဆုံးရှုံးခြင်းက ပိုနစ်နာတယ်၊ ထို့ထက် သတ္တိဆုံးရှုံးခြင်းက ပိုနစ်နာတယ်၊ ဘယ်သူ အဆိုအမိန့်လဲတော့ မမှတ်မိတော့ပါဘူး။

အရှင်ဇနကာဘိဝံသကတော့ ကြီးပွားဖို့ရာနဲ့ ပတ်သက်ပြီး (၁) အရာရာမှာ စဉ်းစားဉာဏ် ရှိရမယ်၊ (၂) ရှေးဘုန်းကံရှိရမယ်၊ (၃) ရဲရင့်တဲ့ သတ္တိရှိရမယ်-တဲ့။

အမေရိကန်သမ္မတကြီး သီအိုရုစဲ့ စကားက လည်း မှတ်သားထိုက်ပါတယ်။

"ကျွန်ုပ်တို့မှာ ကြောက်စရာဆိုလို့ ကြောက်စိတ် တစ်ခုတည်းသာ ရှိတယ်"တဲ့။

မန်လည်ဆရာတော်ကလည်း သတ္တိ ဗျတ္တိရှိဖို့ လိုလားတော်မူတယ်လေ။

"သတ္တိဗလ၊ စွမ်းထာမကို၊ မပြမသိ၊ ပြမှသိ၏၊ သိသော်ထိတ်လန့်၊ ရွံ့ကြောက်ခန့်၏၊ ခန့်မှရှိသေ၊ ရှိသေသော်သာ၊ လိုက်နာရွှင်လန်း၊ ကျင့်ဖြောင့်တန်း၏"

မန်လည်ဆရာတော်က မယဒေဝလက်ာမှာ ဒါနဲ့ တင် ရပ်မနေဘူး၊ အထိန်းအကွပ်ကောင်းနဲ့ ထိန်းကွပ်ထားပုံမှာ -

"ပညာပြည့်ဝ၊ နှလုံးလှသော်၊ ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်၊ ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက် လိုရာ၊ ပြီးနိုင်စွာ၏၊ ပညာမသုံး၊ နှလုံးမပြောင်း၊ လက်ရုံးကောင်းကား၊ တစ်ကြောင်းမျှသာ၊ စူးပမာသို့၊ လိုရာကိစ္စ၊ များမကျတည့်" သတ္တိနဲ့ဗျတ္တိ စိတ်ကောင်း နှလုံးကောင်း ဒွန်တွဲနေရမယ်လို့ ဆိုထားပုံက သိပ်အားရစရာ ကောင်းတယ်လေ။

မစိုးရိမ်ဆရာတော်ကြီး ဦးရာဇဓမ္မကို စာရေးသူ တစ်ခါသာ ဖူးတွေ့ရဖူးပါတယ်၊ မစိုးရိမ်ကံတက်ကုန်း ကျောင်းမှာပါ၊ စကားလည်း မပြောဘူးပါဘူး၊ ဝေးသမှ အတော်ကို ဝေးပါတယ်၊ လူချင်းဝေးပေမယ့် စိတ်ထဲမှာတော့ မဝေးလှပါဘူး၊ ဆောင်းပါးမှာ ရေးခဲ့တဲ့ သတ္တိဗျတ္တိတွေနဲ့ ဆရာတော်က ပြည့်စုံနေလို့ပါ၊ နောက်ပြီး ဆရာတော်က မှန်တဲ့ဘက်က ရဲရဲကြီး ရပ်တည်တယ်၊ စွန့်လွှတ်အနစ်နာခံစိတ် ရှိတယ်၊ သာသနာတော်အတွက် အလုပ်တွေ အများကြီးလုပ်နေတယ်၊ ဘယ်သူ ကြိုက်ကြိုက် မကြိုက်ကြိုက်၊ ဘုရားကြိုက်အောင် နေတယ်၊ ဆရာတော်နဲ့အတူ မနေဘူးပေမဲ့၊ အနေဝေးပေမယ့် အဝေးနေ မဟုတ်ပါဘူး၊ ဆရာတော်အကြောင်းကို ဆရာတော့်ဩဝါဒတွေက သက်သေပုံဖော်ပြနေပါတယ်။

"အမေရိကန်မှာ World Trade Center-ဆိုတဲ့ အဆောက်အဦးကြီး အဖျက်ခံရတာ ၂၀၀၂-စက်တင်ဘာ (၁၁)ရက်ဆိုရင် တစ်နှစ်ပြည့်သွားပြီပေါ့၊ အဲဒါကြီးနဲ့ ပတ်သက်ပြီးတော့ အခု ဘယ်လိုဖြစ်တုန်း? ဟိုတစ်နေ့က ပြီတိန်က ဝန်ကြီးဟောင်းတစ်ယောက်က ဆောင်းပါးရေးတယ်၊ အဲဒီ ဝေါဟရိတ်စင်တာကြီး ဖျက်မယ်ဆိုတာ အမေရိကန်က ကြိုတင်သိတယ်၊ ကြိုတင်သိရက်နဲ့ အဲဒီနေ့က တိုက်တော့မယ်ဆိုတာလဲပဲ လေယာဉ်လမ်းကြောင်း လွဲသွားတဲ့ဥစ္စာ သိတယ်၊ ကြိုတင်သိထားပေမဲ့ မတားဘူး၊ ဒါ ဘာဖြစ်လို့တုန်း? အဲဒါကြီးဖျက်မှ သူက အီရတ်တို့၊ အာဖဂန်နစ္စတန်တို့ အရေးယူလို့ ရမှာကိုးကွ၊ အဲဒီအဆောက်အဦကြီး အဖျက်ခံရတဲ့အတွက် ကမ္ဘာ့နိုင်ငံပေါင်း (၈၀)ကျော်က လူထုတွေ အကုန်ပါသွားတယ်၊ ဗို့ဗမာနိုင်ငံက မပါဘူး၊ ဗမာနိုင်ငံကတော့ ဗမာအကျင့်ပဲပေါ့ကွ၊ ရုံးတက်ရင် နောက်ကျမှ တက်တယ် ဟုတ်လား" ဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ၏ စိန်ရတုအထိမ်းအမှတ် (ဩဝါဒတော်များ စာ-၂၁)

ကဲ ကံတက်ကုန်း မစိုးရိမ်ကျောင်းတိုက် ဆရာတော် မောင်တေဇောဘာသ-က သူ့ရဲ့မွေးနေ့မှာ ဩဝါဒ ခံယူပွဲ ပရိယတ္တိလက်မှတ်ပေးပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ အဲဒါတွေကို စုပေါင်းပြီးတော့ လုပ်တာ၊ ဒီတော့

"ကံမြင့်တင်မြှောက်၊ ကုသိုလ်ထောက်၍၊ တစ်ယောက်လူဘောင်၊ ထွန်းတောက်ပြောင်က၊ ရှေ့ဆောင်လမ်းပြ၊ ဖြစ်သင့်လှ၏"လို့ ရွှေးဆရာတော်တွေ ရေးထားတာရှိတယ်ဗျာ၊ လိုက်ဆိုစမ်း၊

အဲ "ကံမြင့်တင်မြှောက်၊ ကုသိုလ်ထောက်၍"တဲ့၊ ကုသိုလ်ကံက မြှင့်ပေးလိုက်တဲ့အတွက် လူဘဝ ရောက်လာပြီ။ အဲသလို လူဘဝရောက်လာတော့ သာမန်လူတန်းစား မဟုတ်ဘဲနဲ့ ရှေ့ဆောင်နိုင်တဲ့ စွမ်းအားရှိတဲ့ ပုဂ္ဂိုလ် တစ်ယောက်ဖြစ်နေတယ်ဆိုရင် ရှေ့ဆောင်လမ်းပြ ဖြစ်သင့်လျှင်-တဲ့၊ အဲသလို ရှေ့ဆောင်လမ်းပြ ဖြစ်အောင်လို့ ကြိုးစားကြပါလို့ ရှေ့ဆရာတော်တွေက တိုက်တွန်း

http://www.dhammadownload.com

တာ၊ အဲဒီကဗျာအတိုင်း မောင်တေဇောဘာသအနေနဲ့ ကဲမြွင့် တင်မြောက်၊ ကုသိုလ်ထောက်ပံ့လို့ လူဘဝရောက်လာတော့ သာမန်လူမဟုတ်ဘဲနဲ့ ထွန်းတောက်ပြောင်တဲ့ ဘုန်းကြီးတစ်ပါး ဖြစ်နေတယ်၊ ရှေ့ဆောင်လမ်းပြဖြစ်အောင်လုပ်ဖို့ လိုတယ်။ (စိန်ရတုဩဝါဒ စာ-၂၂၂)

"အောင်ဆန်းစုကြည် အပါအဝင် မင်းတို့ ပရိသတ် အားလုံး နားထောင်၊ လူဆိုတာ စည်းကမ်းရှိရပါတယ်၊ စည်းကမ်းရှိမှသာ တိုင်းပြည်တစ်ပြည် တိုးတက်တယ်၊ ဒီအခမ်းအနားမှာ ငြိမ်ငြိမ်နေသင့်တဲ့ အခမ်းအနားဆိုရင် ငြိမ်ငြိမ်ကို နေရပါတယ်၊ အပ်ကျသံကြားရအောင်ကို ငြိမ်ရပါတယ်၊ အဲဒါမှ စည်းကမ်းရှိတယ်လို့ ခေါ်တယ်၊ စည်းကမ်းရှိတဲ့ လူမျိုးမှ တိုးတက်တယ်၊ ကဲ ရှင် အောင်ဆန်းစုကြည်၊ ညည်းလဲတော်တော်ပင်ပန်းလာပြီ၊ ငါ တိုတိုလေးပြောမယ်။ ဒို့ဘုရားရှင်က

ဝိဝါဒံ ဘယတော ဒိသွာ၊ အဝိဝါဒဉ္စ ခေမတော။
သမဂ္ဂါ သခိလာ ဟောထ၊ ဧသာ ဗုဒ္ဓါနုသာသနီ။

ဝိဝါဒံ၊ အချင်းချင်း ငြင်းခုံခြင်း, ခိုက်ရန်ဖြစ်ခြင်း, အထင်အမြင်လွဲခြင်း, သဘောထားကွဲလွဲခြင်းကို။ ဘယတော၊ ကြောက်မက်ဖွယ်မဟေး ဘေးကြီးလို့။ ဒိသွာ၊ မြင်ကြစမ်းပါ။ အဝိဝါဒံ၊ အချင်းချင်း မငြင်းခုံ ခိုက်ရန်မဖြစ် သဘောထားညီမျှခြင်းကို။ ခေမတော၊ ငြိမ်းချမ်းရေးလမ်းစဉ်ကြီးလို့ မြင်ကြစမ်းပါ။ အဲဒီတော့ ဒို့ဗမာနိုင်ငံမှာ အဲဒီဘုရားရှင် အဆုံးအမအတိုင်း။ သမဂ္ဂါ၊ ညီညွတ်ဖို့ လိုတယ်။ သခိလာ၊ ပြေပြေပြစ်ပြစ် ဆက်ဆံဖို့ လိုပါတယ်။

ညည်းအဖေ ဗိုလ်ချုပ်အောင်ဆန်းက ပထမဆုံး အကြိမ်လုပ်တဲ့ ဖ-ဆ-ပ-လ ညီလာခံမှာ သံဃာတော် အရှင်မြတ်များကို အထူးလျှောက်တဲ့စကားရပ်ပါတယ်။

သံဃာတော်အရှင်မြတ်များကို တပည့်တော် အထူးလျှောက်ထားပါရစေ၊ တပည့်တော်တို့ မြန်မာနိုင်ငံဟာ မညီညွတ်ပါဘူးဘုရားတဲ့၊ အဲဒါ အရှင်ဘုရားတို့က ညီညွတ်ရေးရအောင် တရားဟောပေးပါဘုရား၊ ဒါက နံပါတ်(၁)၊ နံပါတ်(၂)က တပည့်တော်တို့ ဗမာနိုင်ငံလူမျိုးတွေဟာ လူအ လူနတွေပါဘုရား၊ အဲဒီလူအ လူနတွေကို လူအ လူနဘဝက လွတ်မြောက်ရေးရသွားအောင် အရှင်မြတ်တို့က တရားဟောပေးပါဘုရား-လို့ လျှောက်တယ်။

အဲဒီလို သူလျှောက်သွားတဲ့အတိုင်း ညီညွတ်ရေးရမှ တိုင်းပြည် တိုးတက်မယ်၊ နည်းနည်းလေး ထပ်ပြောဦးမယ်၊ ဒို့နိုင်ငံက သိပ်တော့ မလွယ်တော့ဘူး၊ ဘာဖြစ်လို့ မလွယ်သလဲဆိုရင် "နိုင်ငံရေးဟာ တစ်နည်း အားဖြင့် နိုင်ငံ့အာဏာဟာ စီးပွားဖြစ်လွယ်တဲ့ လုပ်ငန်းတစ်ရပ်လို့ သတ်မှတ်နေကြတယ်၊ အင်မတန် ဝမ်းနည်းစရာကောင်းတယ်။ (စိန်ရတုဩဝါဒ စာ-၆၉)

"စာဖတ်တာကို ငါသဘောကျတယ်၊ ငါကိုယ်တိုင်လည်း ခုထက်ထိ ဖတ်တုန်း၊ သူ့အချိန်နဲ့ သူဖတ်၊ စာအံကျောင်း ယူမလာခဲ့နဲ့၊ တွေ့ရင်တော့ နှင်ထုတ်မှာဘဲ၊ အရည်မရ အဖတ်မရ စာတွေတော့ မဖတ်နဲ့။

ဘေကွန်ပြောသလို တစ်ချို့မြည်းရုံ၊ တစ်ချို့မျိုချရ၊ တစ်ချို့ညက်ညက်ကျအောင် ဝါးရမယ်တဲ့။ ရွေးချယ် တတ်ပါစေ"။ (စိန်ရတုဩဝါဒ စာ-၄၇)

"အဲဒါ မင်းတို့ မှတ်ထား၊ ဒီတိုက်က ချောင်ချောင်လည်လည်တော့ မထားဘူး၊ ချောင်ချောင်လည်လည် နေချင်ရင် ဒို့ပြင်တိုက်တွေ သွားပါ။ စာအံကျောင်းတောင်မှ မရှိတဲ့တိုက်တွေ အများကြီးရှိတယ်၊ အဲဒီတိုက်တွေ မင်းတို့ သွား၊ ဘုန်းကြီးတွေ လျှောက်လို့က လွယ်ပါတယ်၊ ယခုခေတ် ဘုန်းကြီးတွေ လက်ဘက်ခြောက်တစ်ထုပ်ပါရင် လက်ခံပါတယ်၊ ဘာမှ သူတို့ကို လျှောက်လို့ ခဲယဉ်းတာ မရှိဘူး၊ စာမသင်ချင်ဘူး၊ စည်းကမ်းအတိုင်း မနေနိုင်ဘူးဆိုရင် မြန်မြန်ကြွ၊ မင်းတို့ကို ချောမထားဘူး"။ (စိန်ရတုဩဝါဒ စာ-၃)

စာသင်တိုက်က စာချဆရာတော်တွေဆိုတာ ဓမ္မကထိကဆရာတော်တွေ၊ လောကီဘက်မှာ ကူညီတဲ့ ဆရာတော်တွေ ရိပ်သာဆရာတော်တွေလောက် လူကြိုက်များပါဘူး၊ လူလည်း မသိကြပါဘူး၊ သိအောင်လည်း မစူးစမ်းကြပါဘူး၊ ဒီတော့ နာမည်မကြီးဘူး၊ လာဘ်မရဘူး၊ ဘုန်းမကြီးဘူးပေါ့၊ ဆို့ပေမယ့် စာချဆရာတော်တွေက ဒါတွေကို မမှုပါဘူး၊ ဘုန်းမကြီးတော့ ဘာဖြစ်တုန်း၊ လာဘ်မရတော့ ဘာဖြစ်တုန်း၊ နာမည်မကြီးတော့ ဘာဖြစ်တုန်း၊ ဒါတွေထက် အဆပေါင်းများစွာ သာလွန်တဲ့ ပရိယတ္တိပီတိ, ပရိယတ္တိစွမ်းအား ပရိယတ္တိချီးမြှောက်မှု ပြည့်စုံခြင်းတွေ ရှိနေတယ်လေ။

ဒါက ဘုရားအကြိုက် မဟုတ်လား၊ ဘဝထွက်ပေါက်တွေ ရှာပေးတဲ့လမ်းကောင်းတွေ မဟုတ်လား၊ ကိလေသာအမှောင်တွေကို ခွင်းပေးမယ့် အလင်းတွေ မဟုတ်လား၊ ဘယ်မလဲ အားငယ်စရာ၊ ဘယ်မလဲ မျက်နှာငယ်စရာ၊ ဘယ်မလဲ နောင်တရစရာ၊ ဒါကြောင့် ခံနိုင်ရည်ရှိတဲ့ အမြော်အမြင်ကြီးတဲ့ ဘာအခက်အခဲတွေကို မမှုတဲ့ ဘုရားမျက်နှာက လွဲရင် ဘယ်သူမျက်နှာကိုမှ မကြည့်တဲ့ သတ္တိ, ဗျတ္တိနဲ့ပြည့်စုံ ပရိယတ္တိမာလိန်မှုးများကို ကြည့်ညှိစွာနဲ့ အဖြူးပေါ် အမည်းတင်လိုက်ရပါတယ်၊ ကဲ ခရီးဖော်တို့၊ မြန်မာဆိုတဲ့ ပြည်ဗဟိုမှာ မှီခိုမမှား ကြည့်ညှိပွားဖို့ ခရီးအဆင့်ဆင့်မှာ အသီးအပွင့်တွေ ကြီးရင့်အောင် စိုက်ပျိုးမြွင့်တင် သွားကြပါစို့။

ဦးစန္ဒိမ (စလင်း)


http://www.dhammadownload.com

အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တသူရိယာဘိဝံသ မစိုးရိမ်တိုက် သာသနနယူပဒေသကျောင်း အလယ်တိုက်ကြီးမှာ သီတင်းသုံးနေတော်မူစဉ် အချိန်က ဖြစ်ပါသည်။ စာရေးသူသည် အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တသူရိယာဘိဝံသ၏ မေတ္တာရိပ်ကို ခိုလှုံ၍ မစိုးရိမ်တိုက် အလယ်တိုက်ကြီးမှာ နေရပါသည်။

ထိုစဉ်အချိန်က ဘဝနတ်ထံပျံလွန်တော်မူပြီးသော မစိုးရိမ်တိုက်သစ် နာယကဆရာတော် ဘဒ္ဒန္တသိရိနန္ဒာ ဘိဝံသနှင့် ယခုမစိုးရိမ်တိုက်သစ်များ၏ အဓိပတိမဟာ နာယကချုပ် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တရာဇဓမ္မာ ဘိဝံသတို့လည်း မစိုးရိမ်တိုက်

နမော တဿနှင့် ဆရာတော် ဦးရာဇ

အရှင်ဣန္ဒိဗလ (ခိုချောင်း)



http://www.dhammadownload.com

အလယ် တိုက်ကြီးမှာ သီတင်းသုံး နေထိုင်ကြပါသည်။

ထိုအချိန်အခါက စာရေးသူက ကိုရင်ငယ်လေး ဘဝ ဖြစ်ပါသည်။ စာရေးသူသည် ဘဒ္ဒန္တသီရိန္ဒာဘိဝံသ အား နေ့စဉ်နေ့တိုင်း နွားနို့ဝယ်ယူကာ ဆက်ကပ်ရပါသည်။ ဆရာတော်နှစ်ပါးနှင့် ရင်းနှီးခင်မင် အကျွမ်းဝင်ပါသည်။ ဘဝပေးအခြေအနေအရ ဆရာတော်များနှင့် ဝေးကွာ၍ ဇာတိရပ်ရွာမှာပင် အခြေချ သာသနာပြုရနေပါသည်။

မစိုးရိမ်တိုက်သစ်များ၏ အဓိပတိမဟာနာယက ချုပ် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ရာဇဓမ္မာဘိဝံသနှင့် စပ်၍ မှတ်မိနေပါသေးသည်။ ဆရာတော်ဘုရားကြီးသည် စာရေးသူတို့ ငယ်စဉ် ရှင်သာမဏေဘဝက ဘယ်သွားသွား စိတ်ပုတီးကို အမြဲဆောင်တော်မူပါသည်။ ပဋ္ဌာန်းပစ္စယနိဒ္ဒေသကို လည်း အမြဲရွတ်ဖတ်တော်မူပါသည်။

မှတ်မှတ်ရရ မုံရွာမြို့ သထုံဝံသကျောင်းတိုက် ကျေးဇူးတော်ရှင် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ပညာဝံသ ပျံလွန်တော်မူစဉ် အချိန်က ဖြစ်ပါသည်။ စျာပနကျင်းပသောအခါ မစိုးရိမ်တိုက်သစ်များ၏ အဓိပတိမဟာနာယကချုပ် ကျေးဇူးတော်ရှင် ဆရာတော် ဘုရားကြီး ဘဒ္ဒန္တရာဇဓမ္မာဘိဝံသကို ညတရားဟော ပင့်သောအခါ မန္တလေးမြို့မှ မုံရွာမြို့သို့ ကြွတော်မူလာပါသည်။

မုံရွာခရိုင် ဘုတလင်မြို့နယ်၊ ရေဘုတလင်ရွာ မြသိန်းတန်ကျောင်းတိုက်၌ သီတင်းကျွတ်လမှာ ပဋ္ဌာန်းပွဲ ကျင်းပကြပါသည်။ ယင်းပဋ္ဌာန်းပွဲသို့ မန္တလေးမြို့ မစိုးရိမ်တိုက်မှ ဦးပဉ္ဇင်းများ ကြွလာကြပါသည်။ အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ကြပါသည်။ စပ်မိစပ်ရာ ပြောကြသည့်အခါ ဦးပဉ္ဇင်းလေးများက "တိုက်သစ်ဆရာ တော် ဦးရာဇက ခရီးသွားတဲ့အခါ ကားပေါ်ရောက်ရင် ကားမထွက်ခင်မှာ 'နမော တဿ'ကိုးခေါက်ရွတ်တယ်၊ ကားဆရာကိုလည်း "နမော တဿ"ကိုးခေါက်ရွတ်ခိုင်း တယ်"ဟု ပြောပြကြပါသည်။

ဦးပဉ္ဇင်းလေးများ ပြောပြသည့်အတိုင်း ဟုတ် မဟုတ် ကိုယ်တွေ့မျက်မြင် သိချင်နေပါသည်။ သို့ဖြစ်၍ မုံရွာမြို့ သထုံဝံသကျောင်းတိုက် ကျေးဇူးတော်ရှင် ပဓာနနာယကဆရာတော် စျာပနတရားပွဲ၌ ဆရာတော် ဘုရားကြီး ဘဒ္ဒန္တရာဇဓမ္မာဘိဝံသသည် တရားဟော ပြီးသောအခါ မန္တလေးမြို့သို့ ညတွင်းချင်းပင် ပြန်ကြွပါ တော့မည်။ စာရေးသူသည် ကားနားအထိ လိုက်ပို့ဂါရဝ ပြုပါသည်။

ဆရာတော်ဘုရားကြီး ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ သည် ကားဆရာကို "နမော တဿ ကိုးခေါက်ရွတ်ကွာ" ဟု ခိုင်းပါသည်။ သူကိုယ်တိုင်လည်း နမော တဿ ကိုးခေါက်ရွတ်ပါသည်။

နမော တဿ- စသော ဘုရားရှိခိုးကို သိကြားမင်း, မဟိန္ဒမင်းကြီး, နဋ္ဌာနိ သောတာပန် ပုဏ္ဏားမ, ဗြဟ္မာယု ပုဏ္ဏား စသော ပုဂ္ဂိုလ်တို့သည် မြတ်စွာဘုရားရှင်၏ ဂုဏ်တော်ကျေးဇူးတော်များကို ကြားရသောအခါမှာ ဖြစ်စေ မြတ်စွာဘုရားရှင်ကို အောက်မေ့သတိရသော အခါမှာဖြစ်စေ ဝမ်းမြောက် ဝမ်းသာ ဥဒါန်းကျူးရင့်ကြပါ သည်။

သာတာဂိရိ နမော ယက္ခော၊
တဿ စ အသုရိန္ဒကော။
ဘဂဝတော မဟာရာဇာ၊
သက္ကော အရဟတော တဿ။

သမ္မာသမ္ဗုဒ္ဓဿ ဗြဟ္မာ၊ စတေ ပဉ္စ နမဿန္တိ။ (ဤဂါထာနှင့် စပ်၍ ကစ္စာယနဘေဒဋီကာသစ်၊ ဝန္ဒိတ္ဝာ အဖွင့် ၁၀၄။ သမန္တစက္ခုဒီပနီ၂၂။ ၁၅၀။ "နမော တဿ"ဘုရားရှိခိုးကြီးအဖွင့်အကျယ်ကျမ်း၊ ၈၇၊ ၈၈-စသည် ကြည့်)

သာတာဂိရိ နတ်ဘီးလူးက နမော-ဟု ရွတ်ဆို သည်၊ အသုရိန်နတ်မင်းက တဿ-ဟု ရွတ်ဆိုသည်၊ စတုမဟာရာဇ်နတ်တို့က ဘဂဝတော-ဟု ရွတ်ဆိုသည်၊ သိကြားမင်းက အရဟတော-ဟု ရွတ်ဆိုသည်၊ ဗြဟ္မာ မင်းက သမ္မာသမ္ဗုဒ္ဓဿ-ဟု ရွတ်ဆိုသည်ဟူ၍လည်း ဆိုကြပါသည်။

မည်သို့ပင် ဆိုကြပါစေဦး၊ နမော တဿ-စသော ဘုရားရှိခိုးကို ရွတ်ဆိုသော ရဟန်းရှင်လူ ပြည်သူပြည် သား အပေါင်းတို့အား

ဘဂဝါ-ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

http://www.dhammadownload.com

အရဟံ-တစ်ထောင့်ငါးရာ ကိလေသာတို့မှ ဝေးကွာတော်မူသော မြတ်စွာဘုရား။

အရဟံ-လောဘ ဒေါသ အစရှိသော ကိလေသာ ရန်သူတို့ကို ပယ်သတ်တော်မူပြီးသော မြတ်စွာဘုရား။

အရဟံ-သံသရာ၏ အကန့်ထောက်ဆန်သဖွယ် ဖြစ်သော အဝိဇ္ဇာ သင်္ခါရ အစရှိသော တရားတို့ကို ဖျက်ဆီးတော်မူပြီးသော မြတ်စွာဘုရား။

အရဟံ-ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။

အ ရဟံ-ဆိတ်ကွယ်ရာသော်မှ မကောင်းမှုကို ပြုတော်မမူသော မြတ်စွာဘုရား။

သမ္မာသမ္ဗုဒ္ဓေါ-သိစရာမှန်သမျှ တရားဥဿုံ အလုံးစုံကို ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် ကိုယ်တော်တိုင် သိတော်မူသော မြတ်စွာဘုရား။

ဘဂဝါဂုဏ်တော် အရဟံဂုဏ်တော် သမ္မာသမ္ဗုဒ္ဓဂုဏ်တော် သုံးပါးတို့ကို ပွားများပြီးသား ဖြစ်ပါသည်။

ယခုခေတ်၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဝယ် ဘာသာရေး အခမ်းအနားများ ကျင်းပပြုလုပ်ကြသော အခါ "နမော တဿ"-ပဏာမဖြင့် အခမ်းအနားကို ဖွင့်လှစ်ကြပါသည်။ ဘာသာရေးစာအုပ် စာစောင်များ၌ လည်း "နမော တဿ"အစရှိသော ပဏာမကို အရင်ဆုံး ဖော်ပြကြပါသည်။

"နမော တဿ" အစရှိသော ဘုရားရှိခိုးသည် ဘုရားရှိခိုး အမျိုးမျိုးတို့တွင် အတိုဆုံး အကျဉ်းဆုံး အကောင်းဆုံး အဓိပ္ပါယ် အပြည့်အဝရှိဆုံး ဘုရားရှိခိုး ဖြစ်ပါသည်။ အလင်္ကာကျမ်းအလိုအရ "ဩဇဂုဏ်" မြောက်သော ဘုရားရှိခိုးဖြစ်ပါသည်။ "နမော တဿ" အစရှိသော ဘုရားရှိခိုးကို ကလေးသူငယ်များပင် ရကြ ရွတ်ဆိုနိုင်ကြပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်မှ ရဟန်းရှင်လူ ပြည်သူပြည်သားတို့သည် မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံ နိပေါနိုင်ငံတို့၌ ရှိသော "ဖွား-ပွင့်-ဟော-စံ"သံဝေဇနီယ လေးဌာနတို့သို့ ဘုရားဖူးသွားကြပါသည်။ ဘုရားဖူးသွားကြသောအခါ ကားပေါ်ရောက်၍ ကားစထွက်သော အခါ ပထမဆုံး "နမော တဿ"အစရှိသော ဘုရားရှိခိုးကို ရွတ်ဆိုရှိခိုးကြပါသည်။ ထို့နောက် အရပ်ဆယ်မျက်နှာ မေတ္တာပို့ကြပါသည်။ "အမျှ အမျှ အမျှ" ဝေကြပါသည်။

သို့ဖြစ်ပါ၍ "နမော တဿ"အစရှိသော ဘုရားရှိခိုးကို မစိုးရိမ်တိုက်သစ်များ၏ အဓိပတိမဟာနာယကချုပ် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ရာဇဓမ္မာဘိဝံသကဲ့သို့ ကားစီးရင်း ဖြစ်စေ၊ ဆိုင်ကယ်စီးရင်း ဖြစ်စေ၊ စက်ဘီးစီးရင်း ဖြစ်စေ၊ လှည်းစီးရင်း ဖြစ်စေ၊ "သွား-ရပ်-ထိုင်-လျောင်း" ဣရိယာပုထ်လေးပါး တစ်ပါးပါးမှာဖြစ်စေ၊ စွေးရောင်းရင်း စွေးဝယ်ရင်း ဖြစ်စေ၊ ရုံးမှာ လုပ်ငန်းခွင်မှာ အားနေတဲ့အခါမှာ ဖြစ်စေ ရွတ်ဆိုလို့ ရပါသည်။ ဘုရားရှိခိုးလို့ ရပါသည်။ "နမော တဿ"အစရှိသော ဘုရားရှိခိုးကို ရွတ်ဆိုကြသူ ဘုရားရှိခိုးကြသူတို့အား ဘေးရန် အန္တရာယ်ကင်းခြင်း စီးပွားဥစ္စာတိုးတက်ခြင်း ရာထူးတိုးခြင်း ကျန်းမာခြင်း ချမ်းသာခြင်း အစရှိသော လောကီ ကောင်းကျိုးများကို ဆုမတောင်းပေမယ့် ဧကန်မုချရပါလိမ့်မည်။

ထို့မှ တဖန် ဘဂဝါဂုဏ်တော် အရဟံဂုဏ်တော် သမ္မာသမ္ဗုဒ္ဓဂုဏ်တော်တို့ကို ပွားများသူတို့အား မြတ်စွာဘုရား ဟောကြားတော်မူထားသော (အံ၊၁၊၃၂၊)၌ လာရှိသော

၁။ ဝဋ်ဆင်းရဲ၌ စင်စစ်ဧကန် အမှန်ပင် ငြီးငွေ့ခြင်းအကျိုး၊

၂။ တပ်မက်မှုရာဂ ကင်းခြင်းအကျိုး၊

၃။ ကိလေသာတို့ ချုပ်ငြိမ်းခြင်းအကျိုး၊

၄။ ကိလေသာအပူဘေး ငြိမ်းအေးခြင်းအကျိုး၊

၅။ ထူးသောဉာဏ်ဖြင့် သိမြင်ခြင်းအကျိုး၊

၆။ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်ခြင်းအကျိုး၊

၇။ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာမှန် မြတ်နိဗ္ဗာန်ကို ရရှိခြင်း အကျိုး-

တို့ကို မုချဧကန် အမှန်ပင် ရရှိကြပါလိမ့်မည်။

အရှင်ဣန္ဒိဝံသ (ခိုချောင်း)
ဘုတလင်မြို့နယ်


http://www.dhammadownload.com

ဆရာ့ဂုဏ်ဟိတ်ရဲ့ ပုံရိပ်တွေ

စန္ဒောဘာသ(မုံရွာရွှေလှလင်)

ဒီနှစ် သီတင်းကျွတ် လပြည့်ကျော်(၇)ရက်နေ့က ရန်ကုန် ဗဟန်း(၃)လမ်း နတ်ညွှန်းစာသင်တိုက်မှာ ဦးကဝိန္ဒာဘိဝံသနှင့်တွေ့တယ်။

ဦးကဝိန္ဒာဘိဝံသဆိုတာက မန္တလေး မစိုးရိမ်တိုက်သစ်က နာယကစာချ ဆရာတော် တစ်ပါးပါ။ သူနဲ့တွေ့တော့ တစ်ပါးနှင့်တစ်ပါး ရန်ကုန်ကို ဘာကိစ္စလာတာတုန်းလို့ အပြန်ပြန်အလှန်လှန် မေးခွန်းထုတ်ရာက



http://www.dhammadownload.com

ဆရာတော် ဦးရာဇရဲ့ သက်တော်(၈၀)ပြည့် ပူဇော်ပွဲမှာ တပည့်ဟောင်း တပည့်သစ်တွေက ဆရာတော်ရဲ့ အကြောင်း(ကောင်းကောင်းဆိုးဆိုး) သိသမျှကို အရှိအတိုင်း ရေးပြီး ဂန္ထဝင်မြောက်သမိုင်း ရနိုင်သမျှ လိုက်လံစုံစမ်းမေးမြန်းပြီး ဆောင်းပါးအရေးခိုင်းဘို့ ဒီရန်ကုန်ကို ရောက်လာတာဖြစ်ကြောင်း ဦးကဝိန္ဒက ပြောပါတယ်။

တဆက်တည်းပဲ အရှင်ဘုရားကော ဆရာတော့် ဆီမှာ စာဝါလိုက်ဖူးပါသလားလို့ ဆင့်မေးတယ်၊ မေးတော့ စာဝါလိုက်ဖူးတာပေါ့။

တပည့်တော်က မစိုးရိမ် တိုက်ဟောင်း အာဂမကျောင်းမှာ နေပြီး ဆရာတော်ဦးရာဇ တိုက်သစ်မရွှေ့ ခင်က မစိုးရိမ်တိုက်ဟောင်း (သာသနနယ္ယပဒေသ) အလယ်ကျောင်းကြီးပေါ်မှာ အဋ္ဌသာလိနီ စာဝါ ပို့ချတုန်းက (၂)နှစ်တောင် စာဝါလိုက်ခဲ့ဖူးတယ်၊ နောက် တိုက်သစ်ရွှေ့ပြောင်းသွားတော့လည်း (၁)နှစ်လိုက်ခဲ့ဖူးတဲ့ တပည့်တစ်ပါးပါ။

စာဝါလိုက်ဖူးရုံတင် ဘယ်ကမလဲ ဆရာတော်ကလည်း မုံရွာနယ်က တပည့်တော်ကလဲ မုံရွာနယ်က ဆိုတော့ တပည့်တော်နဲ့ ဆရာတော် ပိုမိုရင်းရင်းနှီးနှီးရှိခဲ့တာပါလို့ ပြောလိုက်တော့ဟာ ဒီလိုဆိုသိပ်ဟန်ကျသွားပြီ အရှင်ဘုရားက ဆရာတော်ရဲ့ တပည့်ဆိုတော့ ဆရာတော့် အကြောင်း သိသမျှ ဆောင်းပါးရေးပေးစမ်းပါလို့ ဦးကဝိန္ဒက တိုက်တွန်းတောင်းဆိုတယ်။



မဖြစ်ပါဘူးဘုရား၊ မရေးတတ်ပါဘူး၊ ရေးလေ ရေးထလည်း မရှိပါဘူးလို့ ငြင်းတော့ အရှင်ဘုရားက ဆရာတော်နှင့် နီးစပ်ခဲ့တာဆိုတော့ ဆရာတော်ရဲ့ စိတ်ထားဆုံးမစကား နေပုံထိုင်ပုံ ဘာဘာညာညာ စသည်ပေါ့ဘုရား မဖြစ်မနေရေးစမ်းပါလို့ အားတက်သရော လိုလိုချင်ချင် ခိုင်းတော့ ခိုင်းတာတော့ ဟုတ်ပါပြီ၊ ရေးရမှာ ခက်နေတယ်။

ဆရာတော်ရဲ့ စိန်ရတုဩဝါဒ စာအုပ်ကြီးကို ဖတ်ထားတော့ အဲဒီမှာ အားလုံးပြည့်စုံနေပြီပဲ ဘာရေးဖို့ လိုသေးလဲလို့ ပြောတဲ့အခါ ဦးကဝိန္ဒကဟာ အရှင်ဘုရား သိသလိုသာ ရေးပါ။

နက်နက်နဲနဲကြီး မဟုတ်တောင် ခပ်ပါးပါးတော့ ရေးပါတဲ့၊ ဒါဆိုရင် တပည့်တော်ကြားဖူးထားတဲ့ အကြောင်းအရာ တစ်ခုလိုလည်း ဖြစ်မှာစိုးရတယ်။

ဟိုတစ်ခါက မန္တလေး ရတနာပုံ ခေတ်တုံးကပေါ့ ယောအတွင်းဝန်မင်းကြီး ဦးဖိုးလှိုင်ရေးတဲ့ ဥတုဘောဇန သင်္ဃာကျမ်း၊ ကာယနုပဿနာကျမ်း၊ ဝိမုတ္တိရသကျမ်းတွေကို သူတပည့် မောင်တာဆိုသူက ဝန်မင်းရေးတဲ့ကျမ်းတွေ ကောင်းကြောင်း ချီးကျူးသတဲ့ အဲဒီအခါ ယောမင်းကြီးက သူတပည့်ကို "ဟေ့ကောင်ရော့ ဌေဒင်္ဂါး (၁၆)ပြား ယူသွား၊ နောက် ဘယ်တော့မှ ငါရေးတဲ့ကျမ်းကို မချီးကျူးနဲ့၊ ချီးကျူးတယ်ဆိုတာ ငါ့ထက်တတ်တဲ့ ပုဂ္ဂိုလ်က ချီးကျူးမှ ငါ့ကျမ်းဂုဏ်တက်တော့မှာပေါ့၊ ငါ့တပည့်ဖြစ်တဲ့ မင်းက ချီးကျူးတော့ ငါ့ကျမ်းဂုဏ်ပျက်ကရော့ပေါ့ကွာ" လို့ ပြောသတဲ့။

ဒီအတိုင်းပဲ တပည့်တော်က ဆရာတော်ရဲ့ တပည့် ဆိုတော့ ဂုဏ်ကြီးတဲ့ ဆရာတော်ရဲ့ အကြောင်းကို အရေးမတတ်ဘဲ ရေးလိုက်လို့ ဆရာတော်မှာ ဂုဏ်မတတ်ပဲ ဂုဏ်ပျက်မှာ စိုးရသေးတယ်ဗျာ။

ကဲ ဘာပဲဖြစ်ဖြစ် ရေးပါတဲ့၊ ဒါဆိုရင် (ဆိုရေးရှိက ဆိုအပ်စွ၊ ရေးခွင့်ကြုံက ရေးအပ်လှ)ဆိုတဲ့အတိုင်း ကပေါက်တိကပေါက်ချ၊ ဟိုရောက် ဒီရောက် ဖြစ်နေရင်တော့ ရေးသူအပြစ်မဟုတ်၊ ခိုင်းသူအပြစ်ပါလို့ လက်ခံမယ်ဆိုရင် ကဲ ရေးချလိုက်မယ်ဗျာ။

တခြားတော့ ရေးစရာများများမရှိပါဘူး၊ ဆရာ တော်ရဲ့ သွားလာ ပြောဆိုလုပ်ကိုင်ဆောင်ရွက်တဲ့ ပုံရိပ်တွေဟာ ဘယ်သူနဲ့မှမတူ တမူထူးခြားတာကတော့ အမှန်ပဲ။

http://www.dhammadownload.com

ကြည့်လေ- ဆရာတော် သွားပုံလာပုံဟာ ဘယ် တော့မှ ခေါင်းငုံ့မသွားဘူး၊ ရင်ကိုကော့ပြီး လည်တိုင် ကျော့ကျော့နဲ့ ဦးခေါင်းမော့တဲ့ အနေအထားရှိတယ်လေ။

ဒါဟာ စာရေးသူ အမြင်ပြောရရင် ဆရာတော်ဟာ ဘယ်အရာမဆို ဘယ်အခါမဆို၊ ဘယ်ကိစ္စ ဘယ် အလုပ်မျိုးမဆို မဟုတ်ရင် ငုံ့မခံတတ်ဘူး၊ အမှန်ကို အမှန်အတိုင်း ပြတ်ပြတ်သားသား ဆုံးဖြတ်ပြောဆို လုပ်ကိုင်ဆောင်ရွက်တတ်ကြောင်း ဖော်ပြနေတယ်လို့ ယူဆမိတယ်။

အချို့ မသိတဲ့ သာမန်ပုဂ္ဂိုလ်တွေ အနေနဲ့ ဒီ ဆရာတော် သွားတာလာတာ ထောင်ထောင်ထောင် ထောင်နဲ့ နေရာတကာလဲ ဒီအတိုင်းပဲ ထောင်ထောင် ထောင်ထောင်လုပ်မှာပဲလို့ ထင်စရာပေါ့၊ တကယ်တော့ သတ္တိနဲ့ ဗျတ္တိရှိတဲ့ ရဲရင့်သူ အာဇာနည်တို့ရဲ့ အမူအလေ့ စရိုက်လို့ ဆိုရမှာပဲ။

ဆရာတော်ဟာ သူကိုယ်တိုင်လည်း နေရာတကာမှာ ထောင်ထောင် ထောင် ထောင် မလုပ်သလို သူများတွေ လုပ်ရင်လည်း မကြိုက်ဘူး။

ဒါနဲ့ ပက်သက်ပြီး မကြာမကြာ ဆုံးမစကား ပြောလေ့ရှိပါတယ်၊ ဟော-မင်းတို့ကောင်တွေ နေရာတကာ ထောင်ထောင် ထောင်ထောင် မလုပ်နဲ့၊ ထောင်တိုင်းကောင်းတာ မဟုတ်ဘူးကွ၊ ထောင်ရင်လဲတတ်တယ်ကွ (ထောင်လဲ-မော်မွဲ-သေရဲ) ဆိုတာ ကြားဖူးလား၊ မကြားဖူးရင် မှတ်ထားကွတဲ့။

ဆရာတော်ဟာ စာပေအရာမှာပဲ ဖြစ်ဖြစ် အုပ်ချုပ်ရေးနဲ့ လုပ်ကိုင်ဆောင်ရွက်ရာမှာပဲဖြစ်ဖြစ် ပွင့်လင်းတယ် ပြတ်သားတယ် တိကျတယ် ဆုံးဖြတ်ရဲတယ် အဲဒါ သတ္တိနဲ့ ဗျတ္တိပဲ။

ဒါကြောင့်လည်းပဲ ပထမ မစိုးရိမ်တိုက်သစ်ကြီး အမြဲတမ်း တိုးတက်စည်ကားနေတယ်၊ ဒုတိယ၊ တတိယ၊ စတုတ္ထ စသည်ဖြင့်လဲ မစိုးရိမ်တိုက်သစ်တွေ အလျှိုအလျှို အပြိုင်းအပြိုင်း ပေါ်ထွက်ပြန့်ကျယ် လာတာတွေဟာ ဆရာတော်ရဲ့ ကြီးမားတဲ့ စွမ်းရည်နဲ့ မှန်ကန်တဲ့ လုပ်ဆောင်ချက် မလျှော့တဲ့ ဇွဲလုံ့လ ဝီရိယတို့ရဲ့ ရလဒ်တွေ မဟုတ်ပါလား။

"ပညာပြည့်ဝ၊ နှလုံးလှသော်၊ ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်၊ ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ၊ ပြီးနိုင်စွာ၏"ဆိုတာ ဒါကို ပြောတာပေါ့နော်။

စိန်ရတု အထိမ်းအမှတ် ဩဝါဒတရားတော်များ စာအုပ်ထဲက ဆရာတော်ရဲ့ ဩဝါဒ စကားများကို ကြည့် ခြင်းအားဖြင့်လဲ ဆရာတော်ရဲ့ စိတ်ဓာတ်နဲ့ သဘောထားကို ရှင်းရှင်းလင်းလင်း သိနိုင်ပါတယ်။

ဦးကဝိန္ဒရေ တပည့်တော်တော့ ဒီလောက်ပဲ ရေးနိုင်ပါတယ်ဘုရား၊ အရှင်ဘုရား ပြောတဲ့ အတိုင်းပဲ ခပ်ပါးပါး ခပ်လွှာလွှာလောက်သာ ရေးရဲပါတယ်။

နက်နက်နဲနဲကြီးတော့ မရေးရဲ မရေးဝံ့ပါ၊ ဘာ ကြောင့်လဲ ဆိုရင် စောစောက ပြောခဲ့သလိုမျိုး ယောဝန်မင်းနဲ့ တပည့်ငတာတို့လို ဖြစ်မှာစိုးရသေးတယ်။

တကယ်တော့ ဆရာတော့် အကြောင်းရေးရရင်

" မဟာဗြဟ္မာ၊ လျှာကုဋေဖြင့်၊ ဆန်းနေဂိုဏ်းညီ၊ ဂါထာစီ၍၊ ကျူးသိမ္ဘက်ဖော်၊ ဆိုလှည့်သော်လည်း၊ ဘုန်းတော်ကဲလွန်၊ အနေကန်ကို၊ ဝေဖန်ခြီးမြောက်၊ ပြီးမရောက်ပိမ့်"လို့ ဆိုရင် လွန်အံ့မထင်။

အာစရိယ ဂုဏော အနန္တော-လို့ အဆို ရှိသမို့လား ဘုရား။

ဆရာတော် ကျန်းကျန်းမာမာဖြင့် သက်တော်ရာကျော် ရှည်တော်မူ၍ သာသနာပြုနိုင်ပါစေဟု ဤဆောင်းပါးဖြင့် ဦးညွတ်ကန်တော့ပါ၏ ဘုရား။




စန္ဒောဘာသ(မုံရွာရွှေလှလင်)

http://www.dhammadownload.com

အဝိဇ္ဇာ စည်တိုး
ပြည်ဟိုးသဘဲဝို့

အရှင်သဒ္ဓမ္မသီရိ (ဓမ္မိကာရုံဆရာတော်)



http://www.dhammadownload.com

အတိတ်နိမိတ်ဖြင့် တစ်ဖိတ်ဖိတ် ထွန်းလာတဲ့အလင်းရောင်

မျက်မှောက်ခေတ် ပရိယတ္တိသာသနာတော်၏ ဗဟိုချက်ဖြစ်သော မစိုးရိမ်တိုက်သစ်ကြီးသည် ၁၃၁၆-ခုနှစ်မှာ စတင်ပေါ်ပေါက်လာပါသည်၊ အများအကျိုးပွားတိုးစေမည့် ပုဂ္ဂိုလ်များ၊ ဌာနများ ပေါ်ပေါက်မည်ဆိုပါက ထူးခြားသည့်နိမိတ်များ တွေ့ရတတ်သည်၊ လယ်တီဆရာတော်လောင်း မောင်တက်ခေါင် မမွေးဖွားမီ ခေါင်ထက်၊ ထောင်တက်သွားသော သက်တန့်နိမိတ်မျိုး၊ မစိုးရိမ်တိုက်ကြီး မတည်မီ ဝိသုဒ္ဓါရုံဆရာတော်ကြီး တွေ့ရသော ရွှေစေတီပုံရိပ်မျိုးတို့ ဖြစ်သည်၊ ၁၃၁၆-ခုနှစ်၊ မစိုးရိမ်တိုက်သစ်တည်စက ဓမ္မဒါယာဒကျောင်းဆောက်ရန် ရတနာ ပုဂံတိုက်မှ ဗေဒင်နာမည်ကြီး ဆရာတော်ဦးကုသလက "မြင်းကို ပန်းပန်၍ အောင်မောင်းတီးလာချိန် ပန္နက်ချရန်" အခါပေးလိုက်သည်၊ တိုက်တိုက်ဆိုင်ဆိုင် မြင်းကို ပန်းပန်ထားသော ရုပ်ရှင်ကြော်ငြာမြင်းလှည်းတစ်စီး မစိုးရိမ် တိုက်သစ်အဝင်ဝ ညောင်ပင်ရိပ်၌ အနားယူသည်၊ အောင်ဘာလေသိချင်း သိဆို၊ တီးခတ်နေသည်၊ ထိုအချိန် ဓမ္မဒါယာဒကျောင်း ပန္နက်ချသည်။

၁။ မြင်းခေါင်း၌ ပန်းပန်၊
အောင်တေးသံ အောင်မောင်း။
၂။ ထိုချိန်ခါ ပန္နက်ချတယ်၊
ဒါယာဒကျောင်း။

ပျားနီမိတ်ကောင်း

၁၃၃၃-ခုနှစ်တွင် ဦးရာဇဓမ္မာဘိဝံသ သီတင်းသုံးတော်မူသော ဓမ္မဒါယာဒကျောင်း အမိုး၏ မြောက်ဘက်အစွန်း တံစက်မြိတ်အောက်၌ ပျားအုံတစ်အုံ၊ ဦးသိရိန္ဒာဘိဝံသ သီတင်းသုံးတော်မူသော ဓမ္မဝိနယရံသီကျောင်းအမိုး၏ တောင်ဘက်အစွန်း တံစက်မြိတ်အောက်၌ ပျားအုံတစ်အုံ တစ်ပြိုင်တည်း ပြိုင်၍စွဲအုံနေကြသည်၊ ထိုပျားအုံများ စွဲပြီး မကြာမီ ဦးရာဇဓမ္မာဘိဝံသနှင့် ပတ်သက်၍ ကျောင်း လေး-ငါး-ခြောက်ကျောင်း၊ ဦးသိရိန္ဒာ ဘိဝံသနှင့် ပတ်သက်၍ကျောင်း လေး-ငါး-ခြောက်ကျောင်းစီ အသီးအသီးပေါ်ပေါက်လာကြပေသည်။

၁။ ဒါယာဒ ပျားတစ်အုံ၊
တစ်အုံက ရံသီကျောင်း။
၂။ ခြောက်ကျောင်းစီ
ကျောင်းတွေပွားတယ်၊
ပျားနိမိတ်ကောင်း။

ထာဝရ တောင်ကျရေ

ထာဝရတောင်ကျရေကဲ့သို့ အရှိန်အဟုန်ကောင်းကောင်းဖြင့် စီဆင်းနေသောအရာကား မြန်မာနိုင်ငံ၏ ပရိယတ္တိဗဟိုချက်ဖြစ်သော မစိုးရိမ်တိုက်သစ်ကြီး၏ ဂန္ဓဓုရစီးချောင်းကြီးပေတည်း၊ အမှန်စကားကို ရိုးသားစွာ ပြောကြားရပါလျှင် မည်သည့်ဂိုဏ်းက စာသင်သားဖြစ်စေ မစိုးရိမ်တိုက်သစ်စာဝါများကို လိုက်ဘူးကြသည်၊ နေရာ အခက်အခဲကြောင့် မစိုးရိမ်တိုက်သစ်၌ မနေကြရသော်လည်း ပြင်ပမှလာ၍ စာလိုက်သော စာသင်သားများကား အနီးအနား မြို့လေးများမှ အုပ်စုဖွဲ့ ကားဖြင့်လာ၍ စာလိုက်ကြသည်။ သီလရှင်ဆရာလေးများလည်း ကားဖြင့် လာ၍ စာလိုက်ကြသည်၊ ဤမျှ စာလိုက်သံယာများပြားသော စာသင်တိုက်မြန်မာပြည်၌ မရှိပါ၊ ထို့ကြောင့် ပရိယတ္တိဗဟိုချက်ဟူသောစကားသည် အတိုဝုတ္ထ ဒေါသနှင့် လုံးဝ မပတ်သက်၊

မစိုးရိမ်တိုက်သစ်အရှေ့ဘက် ယခင်နှင့်ယခု

မစိုးရိမ်တိုက်သစ်အရှေ့ဘက်၌ ရှေ့ယခင်ရွာဟိုင်း သခြိုင်းရှိသည်၊ "ဘုန်းရှိ ရောက်၊ ဘုန်းမဲ့ ပျောက်" ဆိုသော စကားအတိုင်း ယခုအခါ၌ ရွာဟိုင်းသခြိုင်းလုံးဝကွယ်ပျောက်သွားပြီး လူနေအိမ် တိုက်တာများနှင့် ကျောက်ဝိုင်းကြီးပင် ပေါ်ပေါက်နေလေပြီ။

၁။ တို့ငယ်ငယ်၊
မြို့လယ်က သင်းချိုင်း။
၂။ ရွာဟိုင်းမြေ တိုက်တွေစု၊
ခုတော့ ကျောက်ဝိုင်း။

ယနေ့ မစိုးရိမ်တိုက်သစ်ကြီး (၃)တိုက်တို့၏ အဓိပတိမဟာနာယက ဆရာတော်ကြီး၏ အတ္ထုပ္ပတ္တိဝုဏ်

http://www.dhammadownload.com

မြောက်၊ ဓမ္မဝီရရသမြောက် ဩဝါဒများမှ ကောက်နုတ်ချက် သုံးသပ်ချက်များ

ဦးရာဇဓမ္မာဘိဝံသဆရာတော်ကြီး၏ စိန်ရတု အထိမ်းအမှတ် ဩဝါဒတရားတော်များ---

စာမျက်နှာ-၃၈၆-ပါ ဆိုက်ကြီး စာအုပ်ကြီးသည် ဂုဏ်အလင်္ကာ ရသ စုံလင်စွာ ပြသနေသော စာအုပ်ကြီးဖြစ်သည်၊ ထိုသို့ ဂုဏ်အလင်္ကာရသတို့ကို စုံလင်စွာ ပြသနေပါသော်လည်း အတ္ထဗျတ္တိဂုဏ်နှင့် ဓမ္မဝီရရသတို့ကား ပင်တိုင် ပွဲထွက်ခွင့်ရ ဂုဏ် ရသတို့ပေတည်း၊ အတ္ထဗျတ္တိဂုဏ်နှင့် ဓမ္မဝီရရသတို့မှ တပါးသောဂုဏ် ရသတို့ကား အရံထိုင်ခုံ၌ နေကြရသည်၊ ဆရာတော်ကြီး၏ အရေးအသား အဆိုအမိန့်တို့ကား ဖြည့်စွက်စရာ မလို အောင်တိကျ၏၊ နေယျဒေါသကင်း၏၊ အဓိပ္ပါယ်အဆက် အစပ် သို့လောသို့လော တွေးစရာမလိုအောင် ရှင်းလင်းပြတ်သား၏၊ ဆိုလိုရင်း ထိ၏၊ ဗျာကိုဏ္ဏဒေါသ ကင်း၏၊ တရားသဖြင့် ရဲရဲရင့်ရင့် ရေး၏၊ မိန့်၏၊ ဓမ္မဝီရ ရသတည်း၊

ဗျာကိုဏ်နေယျ၊ လွတ်တုံက၊ အတ္ထဗျတ္တိဂုဏ်။

လောကဝေါဟာရမနုဿရဏာဂုဏ်ရှင်

ဦးရာဇဓမ္မာဘိဝံသဆရာတော်ကြီးသည် သုဗော ဓာလင်္ကာရကျမ်း၊ ရသာဝဗောဓနိန်း လောကဝေါဟာရ မနုဿရဏာဂုဏ်နှင့် ပြည့်စုံသူတည်း၊ လောကအသုံး အနှုန်းသို့ လိုက်၍ အများသုံး အများသိ စကားဖြင့် ရေးသားလေ့ ဟောပြောလေ့ ရှိသောကြောင့်တည်း၊ ပြောင်မြောက်ပေါ်လွင် ထိမိအောင် ကိုယ်ပိုင် မှတ်ချက်ဖြင့် ရေးလေ့ ပြောလေ့ရှိ၏၊

နမူနာ ကောက်နုတ်ချက်များ

ဩဝါဒစာအုပ်ကြီး-နှာ-၇-၌ မီးဖွားခက်သော မိန်းမတို့ကို သားဖွားလွယ်အောင် မြတ်စွာဘုရားက အဂ်ုလိမာလမထေရ်အား အဂ်ုလိမာလသုတ်ကို သင်ပေးတော်မူ၏၊ ထိုသို့ အဂ်ုလိမာလသုတ် သင်ပေးတော်မူခြင်းကို "သားဖွားသင်တန်း ပေးတာကွ"ဟု အပေါ်လွင်ဆုံး အသိသာဆုံး ခေတ်စကားဖြင့် ကောက်ချက်ချတော်မူသည်၊ ထက်မြက်လျင်မြန် အမြင်သန်သော ပဋိဘာန်ဉာဏ်ရှိသူတို့၏ အလေ့တည်း။

ဆွမ်းစားတို့၌ ဘုန်းကြီးများ ချေးများသည်နှင့် စပ်၍ "ဆွမ်းမာလွန်းတယ်၊ ပျော့လွန်းတယ်နဲ့၊ မာမာပျော့ပျော့ ထွက်တော့ ဒါပါပဲ၊ မာမာပျော့ပျော့ မရွေးဘူး အမာအပျော့ မရွေးနဲ့"တဲ့ နှာ-၁၁၊

တောင်မြို့ဆရာတော် အရှင်ဇနကာဘိဝံသကလည်း "ရွှေနန်းရှင် သဗ္ဗညုသို့၊ ကပ်ဝင်လု ခါတွင်" အစချီသော တေးထပ်၏ အဆုံး၌ "အစာအတွက်ကြောင့် လျှာမထွက်ပါတယ်၊ ဘာတွက်တာ ပူရခြိမ့်လေး"ဟု စာသင်သားဘဝ ဆွမ်းခက်သော်လည်း စိတ်အားတင်းခဲ့ရပုံကို ရေးခဲ့သည်၊ ဦးရာဇဓမ္မာဘိဝံသဆရာတော်ကြီးလည်း ငယ်စဉ် စာသင်သားဘဝက စားတော်ပဲပြုတ်နှင့် ရက်ရွှည်ဖူးစာဆုံခဲ့ရသော်လည်း စိတ်ဓာတ်ကြံ့ခိုင်သူတို့၏ ထုံးစံအတိုင်း ဘဝရေဆန်ခရီးကို ကျော်ဖြတ်နိုင်၍ ယနေ့ အခြေအနေရောက်ရှိနေသည်ကို အတုယူကြဖို့ပင်တည်း။

၁။ ဆိုးလောကခံ၊
အံတုဖို့ ခက်ခဲ။
၂။ ရေဆန်လေဆန် ဘယ်မကြောက်၊
နောက်တော့ အောင်ပွဲ။

အသုံးနှင့် အဖြုန်း

နှာ-၁၇ ဆွမ်းကပ်တွေမှာ ကုန်လောက်ရုံထည့်၊ အကျန်များနေလျှင် မကောင်း၊ တစ်ပါးတစ်လုပ် ကျန် အပါးတစ်ရာဆိုလျှင် အလုပ်ဟစ်ရာ ကျန် မကောင်း၊ ရေကန်ရေပြည့်လျှင် ဘဲနှုတ်သီးပိတ်ဖို့ အထပ်ထပ်မိန့်သည်၊ ဩဝါဒစာအုပ်ကြီး၌ "လျှပ်စစ်မီးကို လိုအပ်သလောက်သာ မီးဖွင့်ဖို့၊ မလိုအပ်သောမီးချောင်း ပိတ်ဖို့" အထပ်ထပ် မိန့်သည်ကို တွေ့ရသည်၊ သာလွန်မင်းကြီးက ထမင်းရည်ကို မြေပေါ်ငဲ့ပစ်နေသော မိန်းမကို ဆုံးမပုံကို ကိုးကား ဆုံးမတော်မူသည်၊ မှန်၏ အရှင်အာနန္ဒာသည် သင်္ကန်းအစုတ်အပြတ်ကိုပင် ခြေသုတ်ခုံစသည် ပြုလုပ်သည်ဟု သင်္ကန်းအစုတ်ကိုတောင် လွှင့်မပစ်ဟု ဖတ်ရဖူး၏၊ နှာ-၁၈၅-၌ ရေသောက်သောအခါ ကုန်နိုင်ရုံ ခပ်သောက်ဟု တွေ့ရပြန်၏၊ နှာ-၁၁၇-၌ ၉-နှစ် ၁၀-နှစ်အတွင်း ငွေ(၇၀၀)ပဲ သုံးကြောင်း ပြ၏၊ ထိုစဉ်က ငွေတန်ကြေးတော့ ရှိ၏၊ သို့သော် အလွန်မလွယ်သော စောင့်စည်းမှုတည်း။

http://www.dhammadownload.com

၁။ ညစ်ကြေးစား၊ စုမထား ယင်ကောင်၊
နောက်နောက်လဲ ခက်မြဲ။
၂။ ကောင်းကောင်းစား ကောင်းကောင်းစု၊
အုံဖွဲ့ပြု ညီညွတ်စွာပ၊
ပျားကောင်ဟာ နောက်နောင်ရေး၊
အေးဖို့မလွဲ။

နှာ-၁၂၂၊၁၂၃-၌ သံဃာလေးငါးပါး ခြင်းခတ်မှုကိုသာ အပြစ်မြင်သောဒကာကို ဆရာတော်ကြီးထံ သံဃာတစ်ရာကျော် စာလိုက်နေပုံကို ကျောင်းဒကာဦးကျော်က ပြန်၍ ခြင်းခတ်တဲ့သံဃာနဲ့ စာလိုက်တဲ့သံဃာ ဘယ်ဟာက ပိုများလဲဟု မေးကြောင်းကိုလည်းကောင်း၊ ဝန်ကြီးဟောင်း ထွန်းနေ့စဉ် သတင်းစာတိုက်က ဦးထွန်းဖေသည် မကောင်းသော သံဃာ(၁၀)ပါး (၁၅)ပါး အကြောင်းကိုပဲ သတင်းရေးမိပြီး ကောင်းတဲ့ သံဃာရာပေါင်းများစွာ၏ ပရိယတ္တိဂုဏ်၊ ပဋိပတ္တိဂုဏ်တို့ကို မမြင်မိ၊ မတွေးမိ၊ မရေးမိသောကြောင့် အသက်(၈၀) ကျော်မှ နောင်တရသော အကြောင်းကိုလည်းကောင်း ဖတ်ရ၏၊

ဘုရားရှင်လက်ထက်တော်အခါက ဘုရားကိုယ်တော်တိုင် အဂ္ဂိသ္ဘောပမသုတ်ဟောစဉ် ဘုရားရှင်၏ နောက်ပါရဟန်းတွေထဲကတောင်မှ ဝိပွဋိသာရဖြစ်ပြီး စိတ်ဖိစီးမှုလွန်ကဲကာ အသက်ပင် ဆုံးရှုံးသွားသော ရဟန်းများ များစွာပါကြောင်း ဖတ်ရဘူး၏၊ တချို့သွေးတွေ ပွက်ပွက်အန်ကာ ပျံတော်မူကြရပါသတဲ့၊ ကိဉ္စာဂိရိဇနပုဒ်၌ ကချေသည်တွေနှင့် ရောရော ထွေးထွေးပင် သောင်းကျန်းနေကြသော ရဟန်းများကို ပြောမရလျှင် လက်မောင်းကိုင်ဆွဲထုတ် သံဃာစုခွဲဖို့ ဘုရားရှင်က သာဝကကြီးတွေကို စေလွှတ်သည်ကိုပင် စာ၌ ဖတ်ရဖူး၏၊ ဤသို့ဆိုလျှင် ဘုရားရှင်လက်ထက်တော်ကပင် ရဟန်းကောင်း၊ ရဟန်းဆိုး နှစ်မျိုး ရှိကြောင်းကို သိကြ၍ ဆိုးကောင်း ခွဲခြားတတ်ဖို့ အရေးကြီးပေသည်၊ မာန်လည်ဆရာတော်ကြီးရေးသော "ယေဘုယျာသိအမှတ်၊ ပဋိယတ် မသင်၊ ပဋိပတ် မယှဉ်သည်၊ အမြင်ပင် ယခု၊ ရုံပွဲနှင့် ကသိုဏ်းပျော်သည်၊ ဆိုင်းဆော်လျှင် သူတို့သာရှု"စသော တေးထပ်ကို သတိရမိ၏။

ပို့ဒ်ဖမ်းတတ်ရမယ်လို့ ပြောနေကြ

ပို့ဒ်ဖမ်းဆိုသည်မှာ စာမေးပွဲ၌ မေးလောက်မည့် နေရာလေးတွေကို ကွက်ပြီး စာလုပ်ဖို့ ပြောနေကြခြင်း ဖြစ်၏၊ ဒါကို ဦးရာဇဓမ္မာဘိဝံသ ဆရာတော်ကြီးက လုံးဝလက်မခံကြောင်း သိရ၏၊ နှာ-၁၄၂-၌ ပါ၊သီ၊ကီ သုံးကျမ်းလုံး ပလ္လင်ပေါက်အောင် လှည့်ကို လှည့်ရမည်ဟု ပါရှိ၏၊ နှာ-၁၄၃-၌ ဒို့ရဲ့မူဝါဒက ၁။ ပြဋ္ဌာန်းစာကုန်ရမည်၊ ၂။ အရည်အချင်း ပြည့်ရမည်၊ ၃။ စာမေးပွဲအောင်ရမည်ဟု ပါရှိ၏၊ စာကြေခြင်း၊ အသုံးချနိုင်ခြင်း၊ အကျိုးကား ကေန်ရမည်တည်း။

သက်နံးပြောင်ပြောင်ကြီးတွေ မကြိုက်

နှာ-၁၄၃-၌ အသားမဲတဲ့ ဦးဇင်း အဲဒီပြောင်ပြောင်နဲ့ သက်နံးဝတ်ထားလို့ရှိလျှင် ကြေးညိုတက်နေတဲ့ ဘုရား ရွှေကပ်ထားတာနဲ့ မတူဘူးလားတဲ့ အပေါ်လွင်ဆုံး ဥပမာတည်း။

တွေ့ရကြုံရဘူးသည်ကို ထည့်ရေးလိုက်ပါရစေ၊ တောက ဒကာတစ်သိုက် ဘုရားဝယ်ဖို့ လာကြရာ၊ ဇမ္ဗူပတိ ချွတ်ခန်းဆင်းတုကို မဝယ်နဲ့ကွတဲ့ ရွှေချထားတဲ့ ကြေးစလွယ်က ရွှေတွေ ကွာကုန်လျှင် ညတိုင်းဘုရားအနီးအနား ဘယ်သူမှ မကပ်ရဲဘူးကွတဲ့၊ ကောင်းကြရော၊ သြော် ဖြစ်မှ ဖြစ်ရလေ။

သာသနာပြု စိတ်ဓာတ်ခွန်အား အလွန်ကောင်း

ဦးရာဇဓမ္မာဘိဝံသ ဆရာတော်ကြီးသည် သက်တော်ရွယ်တော်ကြီးသော်လည်း စာချဆဲ၊ တရားဟောဆဲပင် ဖြစ်သည်၊ စိတ်တန်ခိုးရှိသူတို့သည် အသက်အရွယ်ကြီးသော်လည်း စွမ်းဆောင်ရည်က လူငယ်များထက်ပင် သာ၏၊

၁၂၈၃-ခု တပိုတွဲလဆုတ် မှန်နန်းရာဇဝင်ကြီး ပထမတွဲ စာမျက်နှာ-၃၂၈၊၃၂၉-၌ အလောင်းစည်သူမင်း ဗိုလ်ရှသဘင်ခံခိုက် လက်ရုံးတော်ဆန့်၍ ကြုံးဝါးတော်မူ၏၊ သက်တော်ကြီး၍ လက်ပျဉ်းတော်ကျသည်ကို မှူးမတ်တို့ မြင်၍ ရယ်ကြ၏။ မင်းကြီးလည်း ငါ့အစွမ်းပြရသေးတာပေါ့ဟု အမှတ်ထား၍ "ဟယ် အမတ်တို့ တူရွင်းတောင် ခြေမှာ ဦးပေါင်းကျားနှင့် လူတစ်ယောက်

http://www.dhammadownload.com

မြင်းကျားစီး၍ တိုက်ခိုက်လုယက်နေ၏၊ စစ်သူကြီးလေးယောက် သွားဖမ်းကြ"ဟု မိန့်၏။

စစ်သူကြီးလေးယောက် သွားရောက်ဖမ်းဆီးကြရာ ဦးပေါင်းကျားနှင့် မြင်းကျားရှင်သည် စစ်သူကြီးလေးယောက်ထံ ကပ်လိုက် ခွါလိုက် လေးယောက်အကြား ဝင်လိုက်ထွက်လိုက်လုပ်၍ ခေးစွမ်းပြ၏၊ ရှေ့နောက် ဝဲယာ ထိုးဖောက် အစွမ်းပြ၏၊ စစ်သူကြီးလေးယောက် ဘာမျှမတတ်နိုင်၊ မဖမ်းဆီးနိုင်၊ သုံးကြိမ်ထိုးဖောက် ခေးကစားပြီးမှ ရုတ်တရက် နန်းတော်သို့ ပြန်၏။

နောက်ရက် ညီလာခံ၌ "ဟယ် အမတ်တို့ မြင်းကျားစီးသော ခိုးသူကို တွေ့၏လော"ဟု မေးရာ "အရှင်မင်းကြီး မြင်းကျားစီးသူကား နတ်ဘီလူးဖြစ်ချင်ဖြစ်မည်၊ လူဖြစ်လျှင်လည်း ဘုန်းတန်ခိုးရှင် ဖြစ်ချင်ဖြစ်မည်၊ စစ်သူကြီး လေးဦးမက တစ်နိုင်ငံလုံး မြင်းသည်တော်အပေါင်း ဝိုင်းဝန်းဖမ်းဆီးသော်လည်း မရနိုင်ရာ"ဟု နားတော် လျှောက်ကြ၏။

မင်းကြီးလည်း "ဟယ် အမတ်တို့ နင်တို့ ငါ့ကို အိုပြီဟု မှတ်ကြသည်၊ ငါ မအိုသေး"ဟု မိန့်တော်မူ၏၊ ဦးပေါင်းကျားနှင့် မြင်းကျားရှင်သည် မင်းကြီးဟု သိသွားကြသော် မှူးမတ်ဗိုလ်ပါအပေါင်းတို့ အလွန်ကြောက်ရွံ့ခြင်းပြင်းစွာ ရှိကုန်၏ဟု ဆို၏။

မုန်တိုင်းတိုက်ခတ်သော်လည်း မလဲမပြိုသော သစ်ပင်အိုကြီး

ရှစ်လေးလုံးခေတ်က အလွန်ကြီးမားသော သစ်ပင်ကြီး မုန်တိုင်းတိုက်ခဲ့ရ၏၊ ထိုသစ်ပင်ကြီး၏ သီလ၊ သမာဓိ၊ ပညာ ကိုယ်ခံအားတို့ကြောင့် သစ်ပင်ကြီး မပြိုလဲခဲ့ပါ၊ သစ်ပင်ကြီးဟူသည်ကား-


"ပဒုမ၊ တုပကာ နင်မယောင်နဲ့၊ ဆင်ပြောင်ကို ခြင်ကောင်ဝါးသော်လည်း၊ ယားရုံမျှသာ"စသော လေးချီးကဗျာကို ရေးသော မန်လည်ဆရာတော်ကြီးနှင့်လည်း တူ၏၊ "သာသနာ နောက်ဖျား၊ ပေါက်ဖွားကြ ဆူဆူ၊ ယောကျ်ားပ ငါလိုလူ၊ ဇမ္ဗူမှာ ရှာစမ်း"စသော တေးထပ်ကို ရေးသော လယ်တီဆရာတော်ကြီးနှင့်လည်း တူ၏၊ "သာသနာရောင်ဝါ နေလိုလလို ထွန်းပနေတဲ့ အင်းဝပြည်တော်မှာ ဘယ်အိမ်သွားသွား၊ ပါးရိုက်ပြီး ဆွမ်းဖိတ်လို့ရတယ်"လို့ မောင်ကျဘန်းက ပြောလိုက်လို့ မောင်ကျဘန်းမိန်းမကို တကယ်ပါးရိုက်သော ရှင်ဥတ္တမကျော်နှင့်ကား တူသည်ဟု ပြော၍မရ၊ အကြောင်းကား ဦးရာဇဓမ္မာဘိဝံသသည် တရားနာပရိတ်သတ်ထဲ စကားပြောသူကို "ထွေးခံနဲ့ ပေါက်လိုက်ရ"ဟု ပြောသော်လည်း တကယ်ပေါက်သည်ကို မတွေ့ဘူး၊ မကြားဘူးပါ၊ ဆရာတော်ကြီးကား ပြတ်ပြတ်သားသား အမှန်တရား လက်ကိုင်ထားသူတည်း။


စာရှည်ပြီဖြစ်၍ မှန်နန်းရာဇဝင်ကြီး စကားဖြင့် နိဂုံးချုပ်ပါအံ့၊ မှန်နန်း နှာ-၃၇၃-၌ ရာဇသင်္ကြန် ဒလပို့ခံရ သောအခါ ဒလမရောက်မီ လမ်းခရီးအကြား၌ လေပြင်းလာ၍ သစ်ပင်ကြီးများမူကား ကျိုးပဲ့၏၊ ပန်းပြားပင် မကျိုးမပဲ့၊ ယိမ်းနွဲ့၍သာ ရှိသည်ကို မြင်သော် "ကျွန်းသားကိုယ် ပန်းပြားပင်ခန့်မျှ မလိမ္မာချေ၊ သစ်ပင်ကြီးကဲ့သို့ ကျင့်၍ ဤသို့ ဖြစ်ရချေသည်"ဟု သံဝေဂယူ၍ ဆို၏ဟု တွေ့ရှိရ၏၊ သစ်ပင်ကြီးကား တောင့်ခံ၍ ကျိုးပဲ့၏၊ ပန်းပြားပင်ကား လေ၏ အလိုက်အထိုက် ဟိုယိမ်းသည်နွဲ့လုပ်၍ မကျိုးမပဲ့ဟူလို။


ဦးရာဇဓမ္မာဘိဝံသ၊
နာမကျော်မော်၊ ဆရာတော်ကို၊
ကြည်ညိုသဒ္ဓါ၊ ရှိလှပါ၍၊
ဤစာပြုစု၊ ပူဇော်မှုကို၊
သာဓုခေါ်ကြစေသတည်း။
ရေးမှားပြောမှား၊ တွေ့လေငြားက၊
ပြောကြားဆုံးမ၊ ပြင်ပေးကြလျှင်၊
မုချရေးယူ၊ အလေးမူ၍၊
အေးလူကြသည်သာအံ့တည်း။

အရှင်သဒ္ဓမ္မသိရီ
(ဓမ္မိကာရုံဆရာတော်)

http://www.dhammadownload.com







မစိုးရိမ်တိုက်သစ် ဖခင်ကြီး ဘုံးပါးသို့ ဂိုဒိုးဦးညွှတ်ခြင်း (မျက်ရည်ဝဲခဲ့ရသော အမှတ်တရများ)

ကောက္ကညာလင်္ကာရာဘိဝံသ

မိမိ၏ ဇာတိဖြစ်တဲ့ မတ္တရာမြို့နယ်အတွင်းရှိ ပေါက်ဝဲရွာလေးသည် မစိုးရိမ်တိုက်သစ်ကြီးကို တည်ထောင်ခဲ့သော မစိုးရိမ်တိုက်သစ် အာရာမသမုဒ္ဒာပက ပထမအဂ္ဂါဘိဓဇ မစိုးရိမ်ဆရာတော် ဘုရားကြီး၏ ဇာတိရပ်ရွာ ဖြစ်ပါတယ်၊ မိမိနဲ့ဆရာတော်ကြီး မည်သို့တော်စပ်သည်ကို အတိအကျ မသိပါ၊ ရွာက အကြည် (အဖွား ဒေါ်ကြည်)တို့ကို "မိမိနဲ့ ဆရာတော်ကြီး ဆွေမျိုးတော်စပ်သလား" မေးကြည့်တော့ 'တော်တာပေါ့ ဦးဇင်းရ၊ ဆရာတော်ကြီးက တပည့်တော်တို့ရဲ့ အဘိုးဆိုတော့ ဦးဇင်းနဲ့လည်း တော်တာပေါ့'ဟု ပြောဖူး၏၊ သမင်ခြံ ရွာလည်ကျောင်းဆရာတော် ဦးပဏ္ဍိတက "ကောက္ကာည ငါစဉ်းစားမိတာကွာ၊ မင်း မစိုးရိမ်ဆရာတော်ကြီးများ ဝင်စားသလားလို့" မိန့်တော်မူပါတယ်၊ မိမိက "ဘုန်းကြီးကလဲ ကြံကြံဖန်ဖန် ဘုရား၊ မစိုးရိမ်ဆရာတော်ကြီး ပျံလွန်တော်မူချိန်မှာ တပည့်တော် သုံးလေးနှစ်သားအရွယ်လောက်တောင် ရောက်နေပြီဘုရား၊ ပျံလွန်တော်မူတဲ့ ခုနှစ်ကို တပည့်တော် ကြည့်ထားတာ"လို့ ပြန်လျှောက်တော့ "ဟေ ဟုတ်လား"တဲ့။

မိမိတို့ ငယ်ငယ်က ကြားဘူးတာက မစိုးရိမ် ဆရာတော်ကြီးရဲ့ ဇာတိရပ်ရွာဟာ သမင်ခြံရွာကလိုလို ပေါက်ဝဲရွာကလိုလို သေချာဂယဏမသိ၊ ကြီးလာမှ မိမိတို့ရွာကဆိုတာ သိတာပါ၊ မစိုးရိမ်ဆရာတော်ကြီးကလဲ ရွာပြန်လာတိုင်း ပေါက်ဝဲကျောင်း သိပ်မရောက်၊ သမင်ခြံကျောင်းသာ အရောက်များသည်ဆိုပဲ၊ သမင်ခြံနဲ့ပေါက်ဝဲ

http://www.dhammadownload.com

ဆိုတာ တစ်အုပ်စုတည်းပါ၊ ယခင်က လှည်းလမ်းသာခြားပါတယ်၊ ယခုတော့ တစ်ဆက်တည်းဖြစ်နေပါပြီ။

ထားပါတော့ ဆရာတော်ကြီးအကြောင်းကို မမီလိုက်သဖြင့် မိမိ ကောင်းစွာမသိပါ၊ အတ္ထုပ္ပတ္တိဖတ်ပြီး သိရရုံနဲ့ ရွာကလူကြီးတွေ ပြောစကား ကြားဘူးရုံလောက်ပဲ သိတာပါ။

မိမိအဓိကထားပြီး ပြောချင်တာက မိမိတို့ရဲ့ မဟိုရိမ်တိုက်သစ် ဖခင်ကြီးသုံးပါးနဲ့ ပတ်သက်ပြီး ကြည်ညိုခဲ့ရသလောက်လေးနဲ့ သူတို့နဲ့ပတ်သက်ပြီး မျက်ရည်ဝဲခဲ့ရတဲ့ အကြောင်းလေးပါ။

ဓမ္မကာယဖခင်ကြီး

ဓမ္မကာယဖခင်ကြီးဆိုတာက ဓမ္မကာယကျောင်း မှာ သီတင်းသုံးနေထိုင်တော်မူခဲ့တဲ့ ဆရာတော်ကြီး ဘဒ္ဒန္တသိရိန္ဒာဘိဝံသဖြစ်ပါတယ်၊ ဆရာတော်ကြီးဟာ မဟာနာယကကြီးသုံးပါးထဲမှာ အကြီးဆုံး တိုက်အုပ် ဆရာတော်ကြီးပါ၊ မိမိတို့ ရောက်ရှိတဲ့အချိန်အခါမှာတော့ ဆရာတော်ကြီးဟာ သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ ဖြစ်နေပါပြီ၊ ကမ္ဘာအေးမှာ သာသနာ့ကိစ္စ သာသနာ့ တာဝန်နဲ့ သွားသွားနေရပါတယ်။ တာဝန်မရှိရင်တော့ ဆရာတော်ကြီး တိုက်ကြီးထဲမှာ သူအလုပ်သူလုပ်နေတာပါ၊ ဆရာတော်ကြီးဟာ တိုက်ထဲမှာ ရှိရင် တိုက်တာကိစ္စ သာသနာ့ကိစ္စအဝဝကို ဦးစီးဦးဆောင်ပြုပြီး ဆောင်ရွက်တော်မူပါတယ်၊ ဆွမ်းခံလည်း အမြဲကြွတော်မူပါတယ်၊ ညနေတိုင်းလည်း ရှုပသိဒ္ဓိစာဝါ ပို့ချသံ အမြဲကြားနေရပါတယ်။

ဝိနည်းလည်း အင်မတန် လေးစားတော်မူပါတယ်၊ ကိုရင် ဦးဇင်းတွေ ဝတ္ထုဌေ ကိုင်တာကို ဘာမှ မပြောပေမယ့် ဆရာတော်ကြီးထံ ဝတ္ထုဌေတွေ ဘာတွေ ကိုင်လာရင် မကြိုက်ပါဘူး၊ တစ်ခါက တတိယ မဟာနာယက ဆရာတော်က မိမိကို ဆရာတော်ကြီးထံ မီတာအတွက် နဝကမ္မ ဝတ္ထုဌေတွေ သွားပို့ခိုင်းပါတယ်၊ မိမိက ဆရာတော့်ထံသွားပြီး ဦးချကာ "ဆရာတော်ဘုရား ဆရာတော်ဦးရာဇက မီတာခအတွက် နဝကမ္မဝတ္ထုဌေ ပို့ခိုင်းလို့ပါဘုရား" လျှောက်တော့ ဆရာတော်ကြီးက ဘာမှမပြောပဲ လက်လေးယပ်ကာ ခေါ်ပါတယ်၊ မိမိကလည်း ဆရာတော်ကြီး အကြောင်းမသိတော့ အနားကပ်သွားပြီး လက်နှစ်ဘက်နဲ့ ရိုရိုသေသေ ကပ်ပါတယ်၊ ဆရာတော်ကြီးက ဘာမပြောညာမပြော မိမိလက်ကို အားရပါးရ လွဲရိုက်လိုက်ပါတယ်၊ ဝတ္ထုဌေတွေ လွင့်စင်ပြန့်ကြဲသွားတဲ့အထိပါဘဲ၊ မိမိလည်း ကြောက်လန့်သွားတာပေါ့၊ ဘာများမှားလို့တုန်း။ နောက်မှ ဆရာတော်ကြီးက ခင်းထိုင်တဲ့ ဖျာလေးကို အသာမပေးပါတယ်၊ အဲဒီကျတော့ မိမိကလည်း အထာပေါက်ပြီး လွင့်စင်ပြန့်ကြဲသွားတဲ့ ဝတ္ထုဌေတွေ လိုက်ကောက်ကာ ဖျာအောက်အသာထိုးထည့် ကြောက်ကြောက်နဲ့ အသာလှည့်ပြန်ခဲ့ရပါတယ်၊ အဲဒီလို ဆရာတော်ကြီးပါ၊ ကြည်ညိုစရာလည်း အင်မတန် ကောင်းလှပါတယ်။

ဆရာတော်ကြီးကို ကြောက်တော့ ဆရာတော်ကြီးအနား သိပ်မသွားရဲပါဘူး၊ အဝေးကနေပဲ ကြည်ညိုနေခဲ့ရတာပါ၊ မိမိ နာယကဖြစ်တဲ့အချိန်ရောက်တော့လည်း အနားကို သိပ်မကပ်ရဲပါဘူး၊ ဆရာတော် ကြီးက သူ့ရတဲ့ လာဘ်လာဘတွေထဲက အနည်းငယ်သာ ချန်ပြီး တစ်ဝက်ကို နာယကဆွမ်းဝိုင်းအတွက် ထားပြီး၊ ကျန်တစ်ဝက်ကို နာယကစာချတွေ လိုက်ပို့ခိုင်းတတ်ပါတယ်၊ မိမိတို့ဆီလဲ သက်နံးနဝကမ္မ ခဏခဏပို့ခိုင်းတတ်ပါတယ်။ ဆရာတော်ကြီးက သူမသိသေးတဲ့ နာယကပေါက်စလေးတွေကို ခေါ်ခေါ်ပြီး စကားပြောတတ်ပါတယ်၊ တစ်နေ့ မိမိကိုလည်း ခေါ်ပြီးစကားပြောပါတယ်၊ မိမိလည်း ကြောက်ကြောက်နဲ့ နားသာ ထောင်နေရတာတိုးလွန်းတဲ့ ဆရာတော်ကြီးရဲ့ စကားကို ကောင်းစွာမကြားရပါဘူး၊ ဘာပြောမှန်းကို နားမလည်တာနဲ့ တင်ပါးတင်ပါးနဲ့ သံယောင်လိုက်ပြီး နားထောင်ကာ ပြန်လာခဲ့ပါတယ်။

မိမိ နာယကဖြစ်ပြီး မကြာခင် ဆရာတော်ကြီးလဲသူ့ရည်မှန်းချက် နာယကဆွမ်းဝိုင်း ဖြစ်မြောက်အောင် ဆောင်ရွက်ပေးပြီး မကြာခင်မှာဘဲ ရောဂါဝေဒနာ ဖြစ်တော့တာပါပဲ၊ သက်တော်ကလည်း (၈၀) ရောက်ပါပြီ၊ ဆရာတော်ဘုရားကြီး ရောဂါရင့်လာတော့ မိမိတို့ တပည့် နာယကစာချဝေယျာဝစ္စတွေ ဝိုင်းဝန်း လုပ်ကျွေးခွင့် ရကြပါတယ်၊ အဲဒီအချိန်ရောက်မှ ဆရာတော်ကြီးနားကပ်ရဲတော့တာပါ၊ ဆရာတော်ကြီးရဲ့ကျောင်းဆိုတာ နာယကတွေထဲမှာ မိမိအခန်းနဲ့ အနီးဆုံးအရပ်မှာ တည်ရှိပါတယ်၊ ဒီတော့ မိမိလည်း အားတဲ့ခိုက် ဆရာတော်ကြီးထံသွားခဲ့ရပါတယ်၊ ရောဂါဝေဒနာ ဖြစ်နေတဲ့ ဆရာတော်ကြီးထံ တစ်နေ့ မိမိသွားတဲ့အခါ မိမိမှာ မျက်စိကျိန်းနေပါတယ်၊ ဆရာတော်ကြီးနား တိုးတိုးတိတ်တိတ်

http://www.dhammadownload.com

ကုတ်ချောင်းချောင်း ဝင်သွားတဲ့အခါ ဦးဇနိတ(ဦးဖိုးစိန်)က "ရှင်ကွန်း မျက်စိနာနေတာလား"လို့ လှမ်းမေးတဲ့အသံ ဆရာတော်ကြီး ကြားသွားပြီး ရောဂါဝေဒနာခံစားနေရလို့ မှိန်းနေတဲ့ ဆရာတော်ကြီးက တိုးညှင်းစွာ "ကိုယ့် မျက်စိကို ကိုယ်သာ ဂရုစိုက်ပါ၊ ဆရာတော်က ဘာမှ မဖြစ်ပါဘူး၊ ဆရာတော့်ထံ မလာလည်း ရပါတယ်"တဲ့၊ မိမိလည်း ဆရာတော်ကြီးပြောစကား ကြားလိုက်တော့ "အော် တပည့်နာယကတွေအပေါ် အဲ့ဒီလောက်တောင် ဂရုစိုက်ရှာတာပါလား" အောက်မေ့ပြီး မျက်ရည်ကို ဝဲသွားတဲ့အထိ ခံစားခဲ့ရပါတယ်၊ ဆရာတော်ကြီးဟာ နာယကစာချတွေကို အင်မတန် အလေးထားတော်မူတတ်ပါတယ်၊ ဂရုစိုက်တတ်ပါတယ်၊ ဘာပဲလုပ်လုပ် နာယကတွေသာ အမှန်လို့ ယူဆထားတဲ့ ဆရာတော်ကြီးပါ၊ နာယကစာချတွေကို အလေးပေး အရေးထားတဲ့ ဂရုစိုက်တဲ့ ဓမ္မကာယဖခင်ကြီးကို ရိုသေစွာ လက်စုံမိုး၍ ရှိခိုးဦးချ ကန်တော့လိုက်ပါ၏။ ဘုရား။

ဓမ္မဒီပဖခင်ကြီး

ဓမ္မဒီပ ဖခင်ကြီးဆိုတာကတော့ ဓမ္မဒီပ ကျောင်းမှာ သီတင်းသုံးတော်မူခဲ့တဲ့ ဒုတိယမဟာနာယက ဆရာတော်ကြီး ဘဒ္ဒန္တနာယကာဘိဝံသဖြစ်ပါတယ်၊ ဒုတိယမဟာ နာယက ဆရာတော်ကြီးဟာ အနေအထိုင် အင်မတန် ယဉ်ကျေးသိမ်မွေ့ လွန်းလှပါတယ်၊ ကြည်ညို စရာလဲ အင်မတန်ကောင်းပါတယ်၊ မိမိတို့နဲ့တော့ အနေ ဝေးပါတယ်၊ ဆရာတော်ကြီးအကြောင်းကိုတော့ ထဲထဲ ဝင်ဝင် မသိပါ၊ ဓမ္မသီတလကျောင်းဆောင်လေးမှာ ပတ်ပတ်လည် စကြီလျှောက်နေတဲ့ ဆရာတော်ကြီး ပုံရိပ်လေးတွေကိုတော့ဖြင့် ယခုထိ မြင်ယောင်နေမိ ပါသေးတယ်၊ ဆရာတော်ကြီး ကျန်းမာရေးကောင်းစဉ်က ဆရာတော်ကြီးထံမှာ တစ်ခေါက်ပဲ ရောက်ဖူးပါတယ်။ တတိယ မဟာနာယက ဆရာတော်ကြီးက ထောမနီမိ အဘိဓာန်စာအုပ်ကြီး အငှါးခိုင်းလို့ သွားရောက်ရင်း အနီးကပ် ဖူးမျှော်ခွင့်ရခဲ့တာပါ၊ ညီတော်က လိုချင်တာ ဆိုတော့ ဝဲဝိုက်မနေဘဲ ချက်ချင်း ရှာဖွေပြီး တခါတည်း ထုတ်ပေး လိုက်တာပါ။

မိမိ နာယကဖြစ်စ ကျန်းမာရေးမကောင်းဖြစ်လို့ ဆေးရုံတက်နေတဲ့ ဆရာတော်ကြီးထံ သွားမေးကြရင်း ရောက်ကြတဲ့အခါ ဆရာတော်က ဘယ်သူတွေလဲ မေးပါတယ်၊ နာယကကြီးတွေက တစ်ပါးချင်းစီ အငယ် တွေကို မိတ်ဆက်ပေးပါတယ်၊ မိမိအလှည့်မှာ "ဒါက တော့ ကောဇ္ဇာညဘုရား ဆရာတော်ကြီးရွာကဘုရား"လို့ မိတ်ဆက်ပေးပါတယ်၊ ဆရာတော်က "အော်အော် အေးအေး ကောင်းပါတယ်"လို့ ညင်ညင်သာသာဘဲ ပြောပါတယ်၊ ရောဂါဖြစ်နေတဲ့ ဆရာတော်ကြီးကို ကြည့်ပြီး "အော် အေးဆေးငြိမ်သက်စွာ သီတင်းသုံး တော်မူတဲ့ ဆရာတော်ကြီး ရောဂါဝေဒနာဖြစ်တာ မြန်လိုက်တာ"လို့တွေးပြီး သနားလွန်းလို့ မိမိမှာ မျက်ရည် ဝဲရတဲ့ထိ ခံစားခဲ့ရပါတယ်၊ အေးဆေးငြိမ်သက်စွာ သီတင်းသုံးနေလေ့ရှိတဲ့ ဆရာတော်ကြီးကို ရိုသေစွာ လက်စုံမိုးရှိခိုးဦးချ ကန်တော့လိုက်ပါ၏။ ဘုရား။

ဓမ္မဒါယာဒဖခင်ကြီး

ဓမ္မဒါယာဒဖခင်ကြီးဆိုတာကတော့ ဓမ္မဒါယာဒ ကျောင်းမှာ သီတင်းသုံးနေထိုင်တော်မူတဲ့ တတိယ မဟာနာယကဆရာတော်ကြီး ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ ဖြစ်ပါတယ်၊ ဆရာတော်ကြီးရဲ့ခြေတော်ရင်းမှာ ဝပ်စင်းခယ အနီးကပ်နေခဲ့ရတာဆိုတော့ ဆရာတော် ကြီးနဲ့ ပတ်သက်ရင် ရေးစရာများပါတယ်၊ စာဖွဲ့လည်း ကုန်မှာ မဟုတ်လို့ မဖွဲ့တတ်မယ့်အတူတူ မဖွဲ့တော့ပါဘူး၊ ခံစားခဲ့ရတဲ့ ခံစားချက်လောက်လေးကိုပဲ မရေးရမနေ နိုင်လို့ ရေးပါရစေ။

ဆရာတော်ဟာ မိမိကို နေ့စဉ်ချီးမြှောက်ပါတယ်၊ စာသင်တန်းအောင်ပြီးကတည်းက နံနက် အာရုံဆွမ်းစား ရင် ခေါ်ခေါ်ပြီး ချီးမြှောက်ပါတယ်၊ နေ့လည် လက်ဘက် ရည်ဝိုင်းမှာလည်း ခေါ်ပြီး သောက်ခိုင်း စားခိုင်းပါတယ်၊ ခိုင်းစရာရှိတာ ခိုင်းပါတယ်၊ မိန့်စရာရှိတာ မိန့်မှာ တတ်ပါတယ်။

တစ်ချိန်မှာတော့ မိမိဟာ နေ့စဉ်ညဆက် အိပ် မပျော်ပါဘူး၊ ဘာရောဂါဝေဒနာမှန်းကိုမသိ ဆေးခန်း သွားတော့လည်း မပျောက်ဖြစ်နေပါတယ်၊ ညစဉ်အိပ်ရေး ပျက်နေတာ လေးငါးရက်လောက်ထိပါပဲ၊ စိတ်ကလည်း မရွှင်မလန်းဖြစ်နေတာပါ၊ အဲဒီအကြောင်းကို ဆရာ တော်ကြီးမသိပါဘူး၊ နောက်ဆုံးညမှာတော့ ည ၃ နာရီ ကျော် လောက်မှ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပါတယ်၊ ဆရာတော်က မနက်ရောက်တော့ ခေါ်နေကျအတိုင်း အနှီးခိုင်းရော၊ အိပ်ကောင်းနေတဲ့အချိန်၊ မထချင်ဖြစ်နေ တာပေါ့၊ အဲဒါနဲ့ မိမိက တံခါးဖွင့် မပေးမိဘူး၊ ဆရာ တော်က ထပ်ခေါ်ခိုင်းရော၊ မိမိကလည်း ထပ်အိပ်၊

http://www.dhammadownload.com

ဆရာတော်က မရရအောင်ခေါ်ခိုင်းတော့ ဆရာတော့်နား ရောက်တဲ့အခါ ဆရာတော်က "မင်း ငါ ခေါ်တာ မလာချင်ဘူးလား"တဲ့၊ မိမိကလည်း ဝမ်းနည်းသွားတာပေါ့။ မျက်ရည် ကျချင်ချင်ကို ဖြစ်သွားတာပါ။ ဆရာတော်က တော့ ဘာမှ ဆက်မပြော ရှာတော့ပါဘူး၊ တကယ်တော့ မိမိအမှားပါ၊ ကိုယ့်မှာဖြစ်နေတဲ့ ဝေဒနာကို ဆရာ သမားထံ ပွင့်ပွင့်လင်းလင်း လျှောက်ထားတိုင်ပင်သင့် တာပါ၊ ဒီလိုမဟုတ်ဘဲ မြို့ထားတော့ ဆရာတော် ဒေါကန် မှာပေါ့၊ ဒီလိုနဲ့ မိမိလည်း ဆေးရုံတက်ရရော၊ မိမိ ဆေးရုံတက်တဲ့ အချိန်မှာ ဆရာတော် ပထမဦးဆုံး မိမိထံ ကြွရောက် ချီးမြှောက်တော် မူလာပါတယ်၊ ဝမ်းသာ မျက်ရည် ကျလိုက်ရတာ မပြောပါနဲ့တော့၊ ရင်းနှီးတဲ့ သီတင်းသုံးဖော်တွေကလွဲလို့ ဘယ်သူမှ မလာကြသေး ပါဘူး၊ ရွာကဆွေမျိုးတွေနဲ့ ရဟန်းဒကာဒကာမတွေ တောင် မလာသေးပါဘူး၊ ဆရာတော် ပထမဦးဆုံး ကြွရောက် ချီးမြှောက်တာပါ၊ တပည့်ကို အားငယ်မှာစိုးလို့ ထင်ပါတယ်။ (ယခုပြန်ရေးနေရင်းနဲ့တောင် မျက်ရည် ဝဲချင် သလိုလို)

ဆရာတော်ဟာ တပည့်တွေကို အားပေးချီး မြှောက်တော်မူတတ်ပါတယ်၊ တပည့်တွေ လုပ်တဲ့အလုပ် မှန်ကန်လျက်သားနဲ့ အခြားသူတွေက အထင်အမြင် လွဲနေလျှင် အမြဲတမ်းအကာအကွယ်ပေး မားမားမတ်မတ် ရပ်တည်လေ့ရှိ တတ်ပါတယ်၊ တပည့်မကောင်းရင်တော့ တပည့်ခေါင်းပေါ့၊ အဲ့ဒီလို ဆရာတော်ပါ၊ တပည့်တွေကို ရင်ဝယ်သားကဲ့သို့ အားပေးချီးမြှောက်တော်မူတတ်တဲ့ အကာကွယ်ပေး စောင့်ရှောက်တော်မူတတ်တဲ့ ဓမ္မ ဒါယာဒ ဖခင်ကြီးကို အကြိမ်ကြိမ်အခါခါ လက်စုံမိုး၍ ရှိခိုးဦးညွှန်ကန်တော့ လိုက်ပါ၏ဘုရား။

မဟာနာယက ဆရာတော်ကြီး သုံးပါးဟာ တစ်ပါးနဲ့တစ်ပါး အင်မတန်နားလည်မှုရှိကြပါတယ်၊ တစ်ပါးနဲ့ တစ်ပါး အင်မတန် ချစ်ကြတယ်လို့ ထင်ပါတယ်၊ ပထမနဲ့ဒုတိယဆရာတော်ကြီးနှစ်ပါးကတော့ အချင်း ချင်း ချစ်ခင်မှု နားလည်မှုတို့ကို ထုတ်ဖော်ပြောလေ့ မရှိကြပေမယ့် တတိယမဟာနာယက ဆရာတော်ကြီး ကတော့ဖြင့် "မင်းတို့ ဒို့သုံးပါးကို အချင်းချင်းစိတ်ဝမ်း ကွဲအောင် စည်းလုံးညီညွတ်မှု ပျက်ပြားအောင် တချို့က ပြောကြတယ်၊ 'ဦးသီရိန်က ဘယ်လိုဘယ်ညာ, ဦးရာဇက ဘယ်လိုဘယ်ညာ'နဲ့ အုပ်စုသဘောမျိုး ပြောချင်ကြတယ်၊ ဘယ်လိုဘဲပြောပြော မရဘူး၊ ဒို့သုံးပါးက ဘယ်တော့မှ မကွဲဘူး အချင်းချင်း နားလည်မှု ရှိတယ်"လို့ ထုတ်ဖော် ပြောဆိုတတ်ပါတယ်။

ပထမမဟာနာယကဆရာတော်ကြီး မိန့်တဲ့ကိစ္စ လုပ်တဲ့ကိစ္စတွေကို တတိယမဟာနာယက ဆရာတော် ကြီးက ဝေဖန်သုံးသပ်အကြံပေးမှုတွေ ထောက်ခံမှုတွေနဲ့ အတူ ဖြစ်မြောက်အောင် ဆောင်ရွက်ပေးလေ့ရှိပါတယ်၊ တတိယမဟာနာယကဆရာတော်ကြီး လျှောက်ထား တင်ပြလာတဲ့ ကိစ္စတွေကို ပထမမဟာနာယက ဆရာ တော်ကြီးက ခွင့်ပြုအာဏာပြုပေးလေ့ရှိပါတယ်၊ ဒုတိယမဟာနာယကဆရာတော်ကြီးကတော့ နောင် တော်ညီတော်တွေ တိုင်ပင်လုပ်တဲ့ကိစ္စကို ဘာဘဲဖြစ်ဖြစ် အေးအေးဆေးဆေး နားထောင်ပြီး သဘောတူလေ့ ရှိပါတယ်။ အချင်းချင်း အဲဒီလို နားလည်မှုရှိကြတာပါ။

စူဠဂေါသိင်္ဂသုတ်လာ (မ၊၁။ ၂၆၇) "နာနာ ဟိ ခေါ နော ဘန္တေ ကာယာ၊ ဧကဉ္စ ပန မညေ စိတ္တံ- ခန္ဓာ ကိုယ်သာ ကွဲကြတာ၊ စိတ်ချင်းကတော့ တစ်စိတ်ထည်း" ဆိုသည့်အတိုင်း မဟာနာယကဆရာတော်ကြီး သုံးပါ၊ တို့ဟာ ခန္ဓာကိုယ်ချင်းသာ ကွဲပြားကြပြီး စိတ်ချင်းကတော့ တစ်စိတ်ထည်း ဆိုရလောက်အောင် ညီညွတ်ကြတာပါ။ မဟာနာယကဆရာတော်ကြီးသုံးပါး ညီညီညွတ်ညွတ် ဆောင်ရွက်ခဲ့ကြလို့လဲ မစိုးရိမ်တိုက်သစ် သာသနာ တော်ကြီးဟာ ယခုလို စည်ကားတိုးတက် အောင်မြင်နေ တာပါ၊ နောင် နာယကဆရာတော် အဆက်ဆက်လည်း ညီညီညွတ်ညွတ် စည်းစည်းလုံးလုံး ဆောင်ရွက်ကြ လျှင်ဖြင့် မစိုးရိမ် တိုက်သစ်သာသနာတော်ရဲ့ အနာဂတ် ဟာလည်း မဟာနာယကဆရာတော်ကြီးတွေ ရှိစဉ်တုန်း ကလိုပဲ နေလိုလလို စည်ကားတိုးတက် အောင်မြင် ဦးမည်မှာ မြေကြီး လက်ခတ် မလွဲပါ၊ ညီညီညွတ်ညွတ် စည်းစည်းလုံးလုံး ဆက်လက် ဆောင်ရွက်နိုင်ကြဖို့ အာသီသပတ္ထနာ ပြုလိုက်ရပါတယ်။

"မစိုးရိမ်သာသနာ ခွန်ရှည်ကြာ
ရောင်ဝါနေသို့ လင်းပါစေ"

ကောဏ္ဍညာလင်္ကာရာဘိဝံသ
ဓမ္မသီတဥကျောင်း၊ မစိုးရိမ်တိုက်သစ်

http://www.dhammadownload.com


စာရေးသူသည် မစိုးရိမ်တိုက်သစ်သို့ ၁၃၄၃-ခုနှစ်တွင် ရောက်လာခဲ့ပါသည်၊ စာရေးသူ စာသင်ချင်သော ကျောင်းတိုက်သုံးခုတွင် မစိုးရိမ်တိုက်သစ်သည် တစ်ခု အပါအဝင် ဖြစ်ပါသည်၊ ပဲခူးမြို့ ကြခတ်ဝိုင်း စာသင်တိုက်တွင်လည်း စာသင်ချင်စိတ်ရှိခဲ့ပါသည်၊ သို့သော် ယနေ့ စာရေးနေချိန်ထိ ထိုကျောင်းတိုက်သို့ မရောက်ဘူးသေး ချေ၊ မစိုးရိမ်တိုက်သစ်သို့ နေခဲ့သည်မှာ နှစ်ကြိမ်ပင် ဖြစ်ခဲ့ပါသည်၊ ပထမအကြိမ်က ကဆုန်လတွင် ဖြစ်ခဲ့ပြီး ပထမဝယ်တန်း စာမေးပွဲကျသဖြင့် ဝါဆိုလတွင် မစိုးရိမ်မှ ထွက်ခွါခဲ့ပြီး ဇာတိရွာသို့ ပြန်ကာ ဝါဆိုခဲ့ပါသည်၊ ဝါကျွတ် သောအခါ မန္တလေးသို့ ပြန်ရောက်ခဲ့ပြီး ၁၃၄၃-ခုနှစ် တန်ဆောင်မုန်းလဆန်း သုံးရက်တွင် မစိုးရိမ်တိုက်သစ်သို့ ဒုတိယအကြိမ် စာသင်ရန် ပြန်ရောက်ခဲ့ပြန်သည်၊ မစိုးရိမ်တိုက်သစ်တွင် ပထမဝယ်, ပထမလတ် နှင့် သာမဏေသကျသီဟ ဒုတိယဆင့်တို့ကို နှစ်မခြားဘဲ ဆက်တိုက်အောင်မြင်ခဲ့ပါသည်။

ပထမကြီးတန်း စာဝါများကိုလည်း ၁၃၄၅-ခုနှစ် အထိ မစိုးရိမ်တိုက်သစ်တွင်ပင် စာဝါလိုက်ဖြစ်ခဲ့ပါသည်၊ ပဒရူပသိဒ္ဓိကို ဆရာတော်ကြီးဦးသိရိန္ဒထံတွင် သင်ယူခဲ့ပြီး၊ ဓမ္မပဒအဋ္ဌကထာနှင့် အဂုတ္တရုပါဠိတော်ကို ဆရာတော်ဦးနာယက အထံတွင် သင်ယူဖြစ်ခဲ့ပါသည်၊ ဆရာတော်ဦးရာဇဓမ္မထံတွင် ဋီကာကျော်၊ ပဌာန်း၊ ဆန်းနှင့် သီလက္ခန်အဋ္ဌကထာ စာဝါများကို လိုက်ဖြစ်ခဲ့ပါသည်၊ ဆရာတော်ဦးဝါသေဋ္ဌထံတွင် မာတိကာဓာတုကထာ၊ ဆရာတော်ဦးကေသရထံတွင် အထက်ယမိုက်နှင့် ဆရာတော်ဦးသုစိတ္တထံတွင် ပါရာဇိကဏ်တို့ကို သင်ယူခဲ့ရပါသည်။


စာရေးသူနေခဲ့စဉ်က ဆရာတော်ကြီးသုံးပါးမှ တပါး သကျသီဟစာချတန်း အောင်မြင်သော ရဟန်းတော်မှာ ဦးဝိမလာဘိဝံသတစ်ပါးသာ ရှိခဲ့ပါသည်၊ စာရေးသူနေခဲ့သောကျောင်းမှာ ဒေါ်ဆန်းကျောင်းဟု ခေါ်သော ဓမ္မသုခကျောင်းငယ်လေး ဖြစ်ပါသည်၊ ဆရာတော်

မေတ္တာဓာတ်ကြီး လူချင်းနီး ခရီးပင်လယ်ခြားပါစေ

ဒေါက်တာအရှင်နန္ဒက



http://www.dhammadownload.com



သီတင်းသုံးသည့် ဓမ္မဒါယာဒကျောင်းနှင့် အလွန်နီးကပ်ခဲ့ပါသည်၊ မြောက်ဘက်တွင် ဓမ္မဒါနကျောင်း ရှိပါသည်၊ စာရေးသူတို့ကျောင်းနှင့် ဓမ္မဒါနကျောင်း အရှေ့ဘက်တွင် အုတ်တံတိုင်းသာ ရှိပါသည်၊ ယနေ့ခေတ်တွင်မူ လက်ရှိ အဆောက်အဦများ သံယာတော်များဖြင့် အလွန်ပင် စည်ကားနေခဲ့ပါပြီ။

စာရေးသူ မှတ်မိသည်မှာ စာရေးသူရောက်စနှစ်ကပင် စတင်၍ စာအံကျောင်းကို စတင်ခဲ့သည်ဟု ဆိုရပေမည်၊ ဆရာတော်ကြီး ဦးသိရိန္ဒာဘိဝံသ နိုင်ငံတော်သံဃမဟာနာယက တာဝန်ဖြင့် ရန်ကုန်တွင် သီတင်းသုံးသောအခါ ဆရာတော် ဦးရာဇဓမ္မက သံဃ့တာဝန်ကို ယူပြီး စောင့်ရှောက်ခဲ့ပါသည်၊ ထိုတွင် စာရေးသူသည် ဆရာတော်ဦးရာဇဓမ္မ၏ ဩဝါဒကို စတင်မှတ်သားမိခဲ့ပါသည်။

ဆရာတော်ဦးရာဇဓမ္မ၏ ဩဝါဒတွင် ဘုရားဝတ်တက် မှန်ရမည်ဖြစ်ကြောင်း၊ မမှန်ပါက တိပိဋကမဆိုထားဘိ၊ ဆပိဋကပင် ဖြစ်ပါစေ ဤကျောင်းတိုက်မှ နှင်ထုတ်မည်ဖြစ်ကြောင်း မိန့်တော်မူ၏။

ထို့နောက် မှတ်မိသောမိန့်ဆိုချက်မှာ အရှင်ဣန္ဒကာလင်္ကာရ ရဟန်းခံပွဲတွင် ဟောကြားသောတရား ဖြစ်ပါသည်၊ "ရုပ်လှသူကို ရဟန်းခံလိုပါက မင်းသားကို ရဟန်းဒကာလုပ်ပါ"ဟု လည်းကောင်း၊ ထိုတရားပွဲတွင်မူ အသွင်အပြင် မသပ်ရပ်သော်လည်း အထင်သေးမရသော အရည်အချင်း ရှိသည့် ရဟန္တာတစ်ပါးအကြောင်းကို ဟောကြားသွားခဲ့သည်ကို မှတ်မိနေပါသည်။

တခါကလည်း ဓမ္မကာမကျောင်းတွင် အီရန်နိုင်ငံရှားဘုရင်အကြောင်းကို မိန့်ကြားရာတွင် ပြည့်စုံပါသော်လည်း ကျန်းမာရေးချို့တဲ့ပါက ပစ္စည်းဥစ္စာများက မကယ်ပေးနိုင်ကြောင်း မိန့်ဆိုခဲ့သည်ကို တွေ့ရပါသည်။


တခါက စာရေးသူကိုယ်တိုင် ဓမ္မဒါယာဒကျောင်းအပေါ်ထပ်တွင် မျက်စိနှင့် တပ်အပ်မြင်ကွင်းဖြစ်ပါသည်၊ စောစောအိပ်ယာထလေ့ရှိသော ဆရာတော်သည် စာသင်သားများ ထောင်ထားသော ခြင်ထောင်ကြိုးတန်းများကို လက်ဖြင့် ဖယ်တွန်း၊ ခေါင်းငုံ့ကာ အပြင်သို့ ရောက်ရန် မနည်းထွက်လာခဲ့ရသော မြင်ကွင်းဖြစ်ပါသည်၊ ထိုအချိန်တွင် စာရေးသူသည် လေးစားစိတ်နှင့် စိတ်မကောင်းသည့် ခံစားချက်များ ပူးတွဲ၍ ဖြစ်မိခဲ့ပါသည်။ သည်းခံနိုင်စိတ်ကို စိတ်မကောင်းဖြစ်ရသည်မှာ နာမည်ကြီး, စာတတ် ဆရာတော်တစ်ပါး၏ ဖြစ်သင့်သည့် အခွင့်အရေး မရရှိသောကြောင့် ဖြစ်ပါသည်၊ ဆရာတော်ကမူ စဉ်းစားနေမည် မဟုတ်ပေ၊ ဆရာတော်သာ

http://www.dhammadownload.com

မဟုတ်၊ တိုက်သစ် တိုက်ဟောင်းရှိ မစိုးရိမ်ဆရာတော်အားလုံးနီးပါးသည် လာဘသက္ကာရအပေါ် ထီမထင်သည့် အာဇာနည်များ ဖြစ်ကြသည်၊ သို့သော် စည်းကမ်းပိုင်းနှင့် ပညာရေးပိုင်းတွင်မူ ရှိသင့် ရှိထိုက်၊ ထားသင့် ထားထိုက်သော မာန်များတော့ တင်းတင်းပြည့်ပြည့် ရှိသည်ကိုလည်း မြင်မိပါသည်၊ အောင်မြင်သော စာသင်တိုက်ကြီးဖြစ်သဖြင့် အဆိုးလောကဓံများကိုလည်း ရင်ဆိုင်ရလေ့ရှိပါသည်၊ သို့သော် ဆရာတော်များသည် ပညာဉာဏ်ဖြင့် တစ်ပါးနှင့်တစ်ပါး အချိတ်အဆက်မိမိ ရှေ့သို့ ချီတက်ခဲ့ပါသည်။

မဟာဝိသုဒ္ဓါရာမ ဆရာတော်ကြီးက သူ၏ တိုက်အနောက်ဖက်တွင် ရွှေတောင်ကြီးတစ်ခု ပေါ်လာသည်ဟု မစိုးရိမ်တိုက်ကြီးကို ရည်ရွယ်ပြီး အိပ်မက်မက်ကြောင်း သိရပါသည်၊ ယခုမူ မစိုးရိမ်တိုက်သစ်တွင်ပင် တိုက်ခွဲသုံးခု ပေါ်လာခဲ့ရာ ရွှေတောင်ကြီးများ ထပ်မံပေါ်လာခဲ့ပေပြီ၊ အိပ်မက်ထပ်ပြီးမက်သော ဆရာတော်တစ်ပါး ပေါ်လာသည်ဟု မကြားမိချေ။

စာရေးသူသည် မန္တလေးနှင့်ဝေးရာ သီဟိုဠ်၊ အိန္ဒိယ၊ အမေရိကန်နှင့် တောင်ကိုးရိုးယားစသော နိုင်ငံများသို့ နှစ်ပေါင်းတစ်ဆယ့်နှစ်နှစ်မျှ စာသင်သားအဖြစ်၊



ကျောင်းထိုင်ဆရာတော်အဖြစ် ကျင်လည်ခဲ့ရပါသည်၊ ဤတွင် ဆရာတော် ဦးရာဇဓမ္မ အမေရိကန်၊ တောင်ကိုးရိုးယား၊ ဥရောပတစ်ခွင်၊ သြစတေးလျအပါအဝင် နိုင်ငံခြားသို့ တိုးထွက်သည်ကို ဆရာတော်၏တပည့် အရှင်ကုမာရ (ပြင်သစ်)၊ အရှင်ဉာဏိက (အမေရိက)၊ ဦးသုခ (အမေရိက)၊ ဦးပဏ္ဍိစ္စ (တောင်ကိုးရိုးယား)၊ ဓမ္မဒူတအရှင်ဆေကိန္ဒနှင့် ဦးဓမ္မရက္ခိတတို့က တစ်ဆင့်ပြောပြသည့်အပြင် အင်တာနက်သတင်းများမှလည်း ဆရာတော်၏ တရားသြဝါဒများကို အခွင့်သင့်လျှင် သင့်သလို သိနေခဲ့ပါသည်။

၂၀၀၇-ခုနှစ် အမေရိကတွင် ဦးသုခနှင့် တွေ့သောအခါ သူက ဆရာတော် ဦးရာဇဓမ္မကို တော်တော်သဘောကျသည် ထင်ပါသည်၊ မကြာခဏ နာမည်ကိုမေးပြီး ဒုလ္လဘပြုသောသူ့ကို ဆရာတော်က ဆုံးမသည့် သြဝါဒကို စာရေးသူအား ပြန်ပြောပြသည်မှာ "ဦးဇင်းကြီး အမေရိကက ဘုန်းကြီးတွေလို မနေနဲ့"ဟူသတည်း၊ အမေရိက ဘုန်းတော်ကြီးများသည် တစ်ပါးနှင့် တစ်ပါး ညီညီညွတ်ညွတ် မဖြစ်သည်က များပေသည်။

အရှင်ဉာဏိကကျောင်းဖွင့်ပွဲတွင်မူ အမေရိကက ရဟန်းတော်များကို ပရိတ်ရွတ်ဆိုသောအခါ ညီညွတ်စွာ ရွတ်ဆိုကြရန် မိန့်တော်မူသည်ကို အင်တာနက်က တစ်ဆင့် နာယူရပါသည်၊ ဆရာတော်၏ စိန်ရတု အထိမ်းအမှတ် သြဝါဒစာအုပ် စာမျက်နှာ(၁၀)တွင် အမေရိကတွင် ဝါအကြီးဆုံးဆရာတော်ဖြစ်သည့် ဆရာတော် ဦးသီလာနန္ဒအား အမေရိကန်ရှိ ဘုန်းတော်ကြီးများ ပရိတ်ညီညွတ်စွာ ရွတ်ဖတ်ရန် သြဝါဒပေးရန် လျှောက်ထားသည့်အကြောင်း ပါသည်၊ ဆရာတော်ကမူ သူ့ကျောင်းတွင် အတူတူ သီတင်းသုံးသည့် ရဟန်းသုံးပါးပင် ပရိတ်ရွတ်ဖတ်ပါက ညီညွတ်စွာ မရွတ်နိုင်ကြောင်း ဝန်ခံရှာပါသည်၊ ဥရောပ သြစတေးလျနှင့် တောင်ကိုရိုးယား၊ အိန္ဒိယနိုင်ငံများသို့ ကြွခဲ့စဉ်က အဖြစ်အပျက်များကိုလည်း စာရေးသူ တစ်ဆင့်ပြန်သိနေခဲ့ပါသည်၊ ဆောင်ပါးစာမျက်နှာကို ငဲ့၍ လစ်လျူရှုရပါတော့သည်။


ဆရာတော် အသက်ရှည်သမျှ အများအကျိုးကို ကျန်းကျန်းမာမာ ဆောင်ရွက်နိုင်ပါစေ။

ဒေါက်တာအရှင်နန္ဒက

နန္ဒကာရာမကျောင်း၊

မင်္ဂလာဒုံမြို့၊ ရန်ကုန်။

http://www.dhammadownload.com



မစိုးရိမ်တိုက်သစ် ဂုဏ်ဆောင်ပုဂ္ဂိုလ်များ

အရှင်ကဝိန္ဒာဘိဝံသ

မိမိသည် မစိုးရိမ်တိုက်သစ်သို့ ၁၃၅၁-ခုနှစ် တန်ခူးလပြည့်ကျော် (၅)ရက်နေ့က ဆရာတော်ကြီး ဦးရာဇထံသို့ (၁၉)နှစ်သား ကိုရင်ဘဝဖြင့် ရောက်ရှိသည်၊ ဆောက်လုပ်ပြီးစ မမူပါရဂူကျောင်း၌ ဒါယာဒကျောင်းမှ နေရာမရ စာသင်သားအဟောင်းများကို အပေါ်ထပ်၊ မိမိတို့ စာသင်သားအသစ်များကို အောက်ထပ်၌ နေရာပေးသဖြင့် နေရာရသည်၊ အရင်နှစ်များက စာသင်သားအသစ်များ စရောက်သည့်နှစ်၌ နေရာမရဟု သိရသည်၊ မိမိတို့ကား ကျောင်းအသစ် ပြီးစီးသည်နှင့် ကြုံကြိုက်၍ နေရာရခြင်း ဖြစ်သည်၊ ပါရဂူအပေါ်ထပ်အခန်း၌ အကြီးအကဲအဖြစ် ဒါယာဒကျောင်းမှ ကျမ်းပြီး ဦးဇဝနဗုဒ္ဓိ နေသည်။

မိမိသည် မုံရွာ သထုံဝံသကျောင်းတိုက်မှ အကြီးတန်းအောင်ပြီး ဖြစ်၍ တိုက်သစ် ရောက်သည့်အခါ စာသင်တန်းလုပ်သည်၊ ဆရာတော်ကြီး ဦးသိရိန္ဒာဘိဝံသထံ ရူပသိဒ္ဓိစာဝါ အစအဆုံး သုံးနှစ်လိုက်ခဲ့ရသည်၊ ၁၃၅၆-ခုနှစ်ရောက်မှ စာသင်တန်းအောင်သည်၊ စာသင်တန်းအောင်သည့်နှစ်၌ ဆရာတော်ကြီး ဦးရာဇမဟာဘိဝံသ ပို့ချနေဆဲ သီလက္ခန်စာဝါကို စာဆိုအနေဖြင့် လိုက်ခဲ့ရသည်၊ အကြီးတန်း ကခ်ီစာဝါ စတင်ပို့ချခဲ့ရသည်၊ နောက်နှစ်များ၌ သင့်လျော်သည့်စာဝါ တမျိုးမျိုးကို ချပေးရသည်၊ စာသင်တန်း အောင်ပြီးသူများကို တာဝန်အများကြီး မပေး၊ စာချတန်းပြီးအောင် လုပ်စေချင်၍ ဖြစ်သည်၊ စာသင်တန်း အောင်ပြီးစ ဦးဇင်းများ

http://www.dhammadownload.com

အစဉ် တနေ့ တဝါကျွန်း ညစဉ် ဦးသုစိတ္တကြီး (အလိုတော်ပြည့်)ထံ စာပြန်ဆိုရသည်။ နှစ်ကျမ်းစွပ်ပြီးနောက် မိမိကျန်သည့် ကျမ်းစာကို ပိုပြီးစာကြည့်ဖြစ်အောင် ဝါကျွတ်သည့်အခါ ညဉ့် အစိုးရစာချုပ်နှီးသမားများကို ဖိုချခိုင်းသည်၊ စာချပေးတာ အဆင်ပြေမပြေ တခါတရံ ဆရာတော်ကြီး ဦးရာဇဓမ္မာဘိဝံသ၊ ကိုယ်တိုင် ခဏရောက်လာပြီး အကဲခတ်သည်၊ ၁၃၆၁-ခုနှစ်ရောက်မှ သကျသီဟစာချုပ်နှီး အောင်သည်၊ စာသင်သားအဖြစ် (၁၀)နှစ် နေရသည်၊ နာယက ဖြစ်သည့်အခါ တိုက်တာ၏ ကျရာတာဝန်ကို ဆောင်ရွက်ရသည်။

၁၃၆၅-ခုနှစ်မှ စ၍ တတိုက်လုံးရှိ စာချုပ်နှီးသံဃာများ စုပေါင်း စာဝါတက်၊ စာအံကျောင်းတက်၊ လပြည့်လကွယ် တတိုက်လုံးသံဃာများ ဘုရားဝတ်တက်သည်၊ အကြီးဆုံး နာယကက ဘုရားဝတ်တက်လိုက်ပြီး ဩဝါဒပေးသည်၊ ယင်းဩဝါဒတို့ကို အသံဖမ်းယူခဲ့သည်၊ ၁၃၇၀-ခုနှစ်၌ ဆရာတော်ကြီးဦးရာဇဓမ္မာဘိဝံသ၏ (၇၅)ပြည့် အထိမ်းအမှတ် ဆရာတော်ကြီး ဦးရာဇဓမ္မာဘိဝံသ၏ ဩဝါဒနှင့် တရားတော်များကို ပေါင်း၍ စိန်ရတုဩဝါဒတရားတော်များ နာမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့သည်။

ဆရာတော်ကြီးဦးရာဇဓမ္မာဘိဝံသသည် ၁၃၁၉-ခု မှ ၁၃၂၈-ခု အထိ မစိုးရိမ်တိုက်ကြီး၌၊ ၁၃၂၉-ခုမှ စ၍ မစိုးရိမ်တိုက်သစ်၌ စာဝါပေါင်းစု ပလ္လင်ပေါက် (အစအဆုံး) ပို့ချခဲ့သည်၊ စာဝါမှတ်စုများကိုလည်း ရေးပေးသည်။ သက်တော် (၈၀)ပြည့်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဆရာတော်ကြီး ပို့ချခဲ့သည့် အဋ္ဌသာလိနီစာဝါပို့ချမှု သီလကွန်စာဝါ ပို့ချမှု ဋီကာကျော်စာဝါပို့ချမှုများကို ကွန်ပျူတာ စာစီထားခဲ့သည်၊ တတ်နိုင်သမျှ ရှာဖွေခဲ့သော်လည်း တချို့နေရာ၌ စာကွင်းဆက်များ ပြတ်နေသည်လည်း ရှိ၏၊ ၁၃၇၅-ခု ဝါဆိုလအမှိ ထုတ်ဝေနိုင်ရန်သာ စီစဉ်ခဲ့သည်၊ ယခု သက်တော်(၈၀)အကြို ပူဇော်ပွဲကို ၁၃၇၄-ခု တပိုတွဲလ၌ ကျင်းပသည့်အတွက် အနည်းငယ် ကသိုလင်တ် နိုင်ခဲ့သော်လည်း စာမျက်နှာ လေးရာကျော်ရှိ ဋီကာကျော်စာဝါပို့ချမှုစာအုပ်၊ သာမညဖလသုတ်မှ စ၍ စာမျက်နှာ ကိုးရာနီးပါးစီရှိ သီလကွန်စာဝါပို့ချမှု (၂)စာအုပ်၊ စာမျက်နှာ တစ်ထောင်ကျော်ရှိ အဋ္ဌသာလိနီစာဝါပို့ချမှု(၁)အုပ်၊ စုစုပေါင်း လေးအုပ်ကို ဆရာမ ဒေါက်တာဝင်းမော်မော်၏ ဓမ္မဒါနဖြင့် (Risa)ဆွဲပြီး စာအုပ်ရေ (၂၀၀)သာ မှတ်တမ်းအဖြစ် သက်တော်(၈၀)အကြို ပူဇော်ပွဲ၌ ထုတ်ဝေမည်ဖြစ်သည်။

ဆရာတော်ကြီးဦးရာဇဓမ္မာဘိဝံသက သူ၏ စာဝါပို့ချမှုများကို စာအုပ်ထုတ်ဝေခွင့် ပြုမည်မဟုတ်ဟု ထင်သဖြင့် အုပ်ရေ (၂၀၀)သာ စီစဉ်သည်၊ ထိုစာအုပ်များကို "တိုက်ဟောင်းတိုက်သစ် နာယကဆရာတော်များနှင့် စာသင်တန်းပြီးများ"ကို လှူဒါန်းမည်ဖြစ်ပြီး ကျန်စာအုပ်များကို "မစိုးရိမ်တိုက်သစ် စာဝါမှတ်တမ်းမူ" အဖြစ် ထားရှိမည် ဖြစ်သည်။

ပါရာဇိကဏ္ဍစာဝါပို့ချမှုကိုကား ပုဗ္ဗေနိဝါသအဖွင့်မှ စ၍ ဒုတိယပါရာဇိက အစပိုင်းထိသာ ရွှေဂူတိုက် ဦးရာဇိန္ဒထံမှ ရရှိခဲ့သည်၊ ကျန်မှတ်စုအပိုင်းများ ရှာဖွေ မရှိနိုင်သေးသဖြင့် ကွန်ပျူတာ မူအဖြစ်သို့ မရောက်ရှိသေးပါ၊ မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးသုံးပါးတို့၏ စာဝါမှတ်စုများ ရှိကြသော တပည့်ဟောင်းကြီးများက အကြောင်းကြား ပေးလျှင် မိတ္တူကူးယူပြီး စာဝါပို့ချမှု မှတ်တမ်းစာအုပ်များအဖြစ် စီစဉ်နိုင်ပါလိမ့်မည်။

မစိုးရိမ်တိုက်သစ်သည် ၁၃၁၆-ခုနှစ်၌ ကျောင်းတိုက် စတည်သည်၊ ၁၃၁၇-ခုနှစ်၌ ဓမ္မဒါယာဒကျောင်းမှ ဆရာတော် ဦးအမိတဇောတိ (အဖျောက်ဇာတိ) ဝိသိဋ္ဌဒီယဘာဏကာ အောင်သည်၊ ၁၃၂၀-ခုနှစ်၌ ဒီဃနိကာယ ကောဝိဒ အောင်သည်၊ ဆရာတော် ဦးအမတဇောတိသည် ရန်ကုန် ကမ္ဘာအေး မစိုးရိမ်တိုက်သစ်သို့ ပြောင်းရွှေ့သွားပြီး ၁၃၂၉-ခု၌ ဝိနယဓရ အောင်သည်ကို တွေ့ရသည်၊ ယခု ဆရာတော် ဦးအမတဇောတိကား ပုံလွန်တော် မူရှာပြီဟု သိရသည်၊ ၁၃၂၀-ခုနှစ်၌ ဆရာတော် ဦးဓမ္မရက္ခိတ (တပ်ကုန်းကျားသစ်အိုင်)၊ ၁၃၂၁-ခုနှစ် ဆရာတော် ဦးမဏ္ဍလာဘိသီရိ (မုံရွာနယ် မင်းရွာဇာတိ)တို့ ဝိသိဋ္ဌဒီယဘာဏ အောင်သည်၊ ၁၃၆၅-ခု ဒွိဝိဒ္ဓကဓရအောင် ဦးပညိန္ဒာဘိဝံသအထိ ပဋ္ဌကနှစ်ပုံဆောင် (၂)ပါး၊ တပုံအောင် (၂)ပါး၊ ဒီဃဘာဏကအောင် (၆)ပါး၊ စုစုပေါင်း တိပိဋကဓရ စာမေးပွဲအောင် (၁၀)ပါး ရှိသည်။

ဆရာတော် ဦးမဏ္ဍလာဘိသီရိကား ယခု မုံရွာ လယ်တီနိကာယ စိတ္တသုခကျောင်းတိုက်၌ သီတင်းသုံး

http://www.dhammadownload.com

သည်ဟု သိရှိရသဖြင့် ဆရာတော်ကြီးထံ သွားရောက်ပြီး တို့က်သစ်တည်စ အခြေအနေကို မေးမြန်းလျှောက်ထားရာ တွေ့ကြုံခဲ့ရသည်များကို မှတ်မိသလောက် မိန့်ကြားသည်၊ ယင်းတို့ကို ဆောင်းပါး အဖြစ်ရေးပေးပါရန် လျှောက်ထားသည့်အခါ ရေးပေးမည်ဟု မိန့်သည်၊ ဆရာတော် ဦးဓမ္မရက္ခိတအကြောင်း မေးမြန်းလျှောက်ထားသည့်အခါ မုံရွာမြို့နယ် (ဗောဓိတထောင်အနီး၊ ရွှေမြင်တင်တောင်) နိဗ္ဗာန်ဝန္တာ ဆည်ကြီးကျောင်း၌ သီတင်းသုံးလျက် ရှိသေးသည်ဟု မိန့်သဖြင့် ဆည်ကြီးကျောင်းသို့ သွားရောက်ပြီး ဆောင်းပါးရေးပေးပါရန် လျှောက်ထားခဲ့သေးသည်။

၁၃၂၀-ခုနှစ်၌ ဆရာတော် ဦးကွန္ဒဉာစရိယ (ပဲခူး၊ ကဝ၊ ကမ်းနီ) ဆရာတော် ဦးဓမ္မရက္ခိတ (တပ်ကုန်း၊ ကျားသစ်အိုင်)တို့ စာချတန်းပြီး စတင်အောင်သည်၊ ၁၃၂၁-ခုနှစ်မှ စ၍ ၁၃၇၃-ခုနှစ် စာမေးပွဲအထိ စာချတန်းအောင် ပုဂ္ဂိုလ်ပေါင်း (၈၂၂)ပါး ဖြစ်သည်၊ ထို (၈၂၂)ပါး၌ သီလရှင်(၂)ပါး ပါဝင်သည်၊ ၁၃၂၃-ခုနှစ်၌ သီလရှင်တပါးတည်း အောင်ထားသည်ကိုလည်း တွေ့ရသည်။

ရဟန်းသကျသီဟစာမေးပွဲ၌ ဓမ္မဒါယာဒကျောင်းမှ ဆရာတော် ဦးနေပုည (ဒီပဲယင်း၊ သစ်ရာအိုင်)သည် ၁၃၃၃-ခုနှစ် စာသင်တန်း၊ ၁၃၃၈-ခုနှစ် စာချတန်း စတင်အောင်သည်၊ အောင်ပြီးပြီးချင်း ဝေမြို့သို့ ပြောင်းသွားသည်၊ ဓမ္မဝိနယရံသီကျောင်းမှ ဆရာတော် ဦးကွန္ဒက (ချောင်းဦး၊ မန်ကျည်းခွဇာတိ)သည် ၁၃၃၅-ခုနှစ် စာသင်တန်း၊ ၁၃၃၈-ခုနှစ် သီလကွန်ကျမ်းစွဲသည်၊ ကျမ်းမပြီးမီ ငယ်ငယ်ရွယ်ရွယ်နှင့် ပျံလွန်တော်မူသွားသည်၊ ၁၃၃၃-မှ ၁၃၇၄-ခုနှစ်အထိ စာသင်တန်းအောင် (၅၈)ပါး၊ စာချတန်းအောင် (၂၅)ပါး ရှိသည်။

သာမဏေသကျသီဟစာမေးပွဲ၌ ပထမဆင့်ကို ၁၃၂၄-ခုနှစ် ဓမ္မဒီပကျောင်းမှ ရှင်ဇဟန(ဇဝန)တို့က ရှင်အဂ္ဂဓမ္မတို့ စတင်အောင်သည်၊ ဒုတိယဆင့်ကို ၁၃၂၇-ခု ဓမ္မဒီပကျောင်း ရှင်မာနိတ စတင်အောင်သည်၊ တတိယဆင့်ကို ၁၃၂၁-ခုနှစ် ဓမ္မဒီပကျောင်းမှ ရှင်သိရိ စတင်အောင်သည်၊ (ထိုအရှင်သည် ၁၃၁၉-ခု ပထမဆင့်၊ ၁၃၂၀-ခု ဒုတိယဆင့်တို့ကို ဝိသုဒ္ဓါရုံ သံတော်ဆင့်ကျောင်းမှ အောင်ခဲ့သည်ကို တွေ့ရသည်၊) ထို့နောက် ၁၃၄၁-ခုနှစ် ဓမ္မဒီပကျောင်းမှ ရှင်သူရိယာနန္ဒ၊ ၁၃၄၄-ခု ရှင်ဂန္ဓကတို့ အောင်သည်ကို တွေ့ရသည်၊ ၁၃၇၂-ခုအထိ ပထမဆင့်အောင် (၁၈၅)ပါး၊ ဒုတိယဆင့်အောင် (၆၆)ပါး၊ တတိယဆင့်အောင် (၁၈)ပါး ရှိသည်။ (သကျသီဟ ဂေဇက်ကို ပရိယတ္တိအသင်းနှင့် မြတောင်ဆရာတော်ကြီး ဦးသာသနာဘိဝံသတို့ထံမှ ရသည်၊ တိပိဋကစာချတန်း ဂေဇက်ကို ကမ္ဘာအေးမှ ရရှိသည်။)


မစိုးရိမ်တိုက်သစ် သမိုင်းမှတ်တမ်းအဖြစ် ကျန်ရစ်နိုင်ရန် တိပိဋက သကျသီဟ+အစိုးရ စာချတန်းစာအောင် ပုဂ္ဂိုလ်များ၏ စာမျက်နှာ (၉၀၀)ကျော်ရှိ အတ္ထုပ္ပတ္တိစာအုပ်ကိုလည်း ယခု သက်တော်(၈၀)ပြည့် အကြိုပူဇော်ပွဲ၌ ထုတ်ဝေနိုင်အောင် စီစဉ်နိုင်ခဲ့သည်၊ ယင်းစာအုပ်ကို စာအောင်ပုဂ္ဂိုလ်များကိုသာ လှူဒါန်းမည်ဖြစ်သဖြင့် အုပ်ရေတစ်ထောင်သာ ထုတ်ဝေမည် ဖြစ်သည်။

မိမိအနေဖြင့် နောက်ဆက်လက် အောင်မြင်ကြမည့် စာအောင်ပုဂ္ဂိုလ်များ မှတ်တမ်းကိုလည်း ကျောင်းတိုက်၏ လာမည့်ရတုပွဲများ၌ ထုတ်ဝေနိုင်ရန် ကြိုကြိုတင်တင် မှတ်တမ်းတင်ထားရပေလိမ့်ဦးမည်။

စာဝါမှတ်တမ်းများ စာအောင်ပုဂ္ဂိုလ်များကို လေ့လာလိုက်သဖြင့် မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးများ၏ အဓိက အလေးထားသည့် အရာကို မှန်းဆနိုင်ကြပေမည်။ မှတ်တမ်းကောင်းများ ကျန်အောင် ပြုလုပ်ခဲ့ခြင်း မဟုတ်သော်လည်း ဆရာတော်ကြီးများ၏ မှတ်တမ်းကောင်းများကား ကျန်ရှိနေသည်သာ ဖြစ်သည်။ ဆရာကောင်းတို့ အမူအရာများကား အတုယူဖွယ်ချည်းသာတည်း။ ယူတတ်လျှင်ကား ရ၏၊ မယူတတ် မယူလျှင်ကား ရမည်မဟုတ်ပါ။

အရှင်တဝိန္ဒာဘိဝံသ

http://www.dhammadownload.com



ကျောင်းတော်ကြီးရဲ့ အလယ်မှာ

အရှင်ဣန္ဒာစရိယ (ရွှေတန့်ဆည်)

မစိုးရိမ်ကျောင်းသားဟောင်း အများအပြား ကျောင်းတော်ကြီးရဲ့အဝေး တစ်နေရာစီမှာ ရောက်နေကြရပေမယ့် ကျောင်းတော်ကြီးကို ချစ်တဲ့ ကျောင်းသားဟောင်းများရဲ့ စိတ်အစဉ်ကတော့ ကျောင်းတော်ကြီးထဲ အပြေးအလွှား ခဏခဏ ရောက်နေကြမယ်ဆိုတာ ယုံကြည်ပါတယ်။

တခါတရံ ကျောင်းတော်ကြီးကို လွမ်းတဲ့ ကျွန်ုပ်၏ စိတ်က သိပ်ကို ဆန်းကြယ်လွန်းလှတယ်၊ မိခင်ကျောင်း တော်ကြီးရဲ့ ရင်ခွင်ဟာ ဘယ်လောက် အေးမြခဲ့တယ် ဆိုတာ ကိုယ့်ဘဝကို ရုန်းကန်နေရတဲ့ အခိုက်အတန့် တွေမှာ ပိုပြီးသိသာလာပါတယ်၊ တကယ့် လောကကြီးထဲကို ဖြတ်လျှောက်ကြည့်မှ မိခင် ကျောင်းတော်ကြီးရဲ့ ကျေးဇူးကို ပိုပြီးနက်ရှိုင်းစွာ နားလည်ခဲ့ရတယ်။

စာချရင်း ကြုံရင်ကြုံသလို ဆုံးမခဲ့တဲ့ ဆရာများရဲ့ အဆုံးအမတွေကလည်း အခုမှ ပိုပြီးအသုံးကျခဲ့တယ်၊ ဆရာများရဲ့ အဆုံးအမလေးတွေကို စာသင်ရင်း မှတ်တမ်းတင်ခဲ့တဲ့အတွက် ဆရာများနဲ့ ဝေးကွာနေပေမယ့် ဆရာများရဲ့ အဆုံးအမတွေ ရှိနေလို့ ဆရားများ အနားမှာ ရှိနေသလိုပါပဲ၊ စာချရင်း ဆုံးမခဲ့တဲ့ ဆရာများရဲ့ အဆုံးအမတွေကလည်း ဘဝရဲ့ လမ်းပြကြယ်တွေပဲပေါ့၊ စာတက်ရင်း မှတ်တမ်းတင်ခဲ့တဲ့ ဆရာများရဲ့ အဆုံးအမတွေကို ဖတ်ရလေလေ ကျောင်းတော်ကြီးကို လွမ်းတဲ့စိတ်တွေက ပြင်းပြလေလေပါပဲ၊ ဒီကျောင်းတော်ကြီးမှာ

http://www.dhammadownload.com

နေခွင့်ရခဲ့လို့ ပညာတွေပြီးဆုံးအောင် သင်ခွင့်ရခဲ့တာက တော့ ဘဝမှာ ဘယ်လိုမှ တန်ဖိုးဖြတ်လို့ မရတဲ့ အရာ တခုပေါ့။

ကျောင်းတော်ကြီးရဲ့ အခြားနေရာ ရောက်တဲ့ အခါတွေမှာ ကျောင်းတော်ကြီးရဲ့ အလယ်က စာသင် စာချအသံတွေကို လွမ်းဆွတ်နေသလို၊ ညနေ ဘုရား ဝတ်ပြုခါနီး သီတဝူအဆောင်ရှေ့ ပိတောက်ပင်အောက် ကနေ ထိုင်ပြီး နောင်တော်၊ ညီတော်တို့ရဲ့ သွားလာ လှုပ်ရှားဟန် တို့ကိုလည်း ပြန်မြင်ယောင်ကာ သတိတရ ရှိနေတုန်းပါပဲ။

တခါက ကျောင်းတော်ကြီးကို သတိရလွန်းလို့ ကျောင်းတော်ကြီးထဲကို ဝင်ပြီး မဟိဒ္ဓိအဆောင်ဘက်ကို သွားပြီး သူငယ်ချင်းတွေနဲ့ စကားပြောခဲ့ရသေးတယ်၊ သူငယ်ချင်းတွေက ဒီမဟိဒ္ဓိကျောင်းတော်ကြီးကို မမေ့သေးဘူးလား၊ ပြန်သတိရ သေးသားပဲ အစရှိသည်ဖြင့်ပေါ့ ထွေရာလေးပါး အမေးအဖြေလေးတွေကို ပြုပြီးမှ သူငယ် ချင်းတွေကို နှုတ်ဆက်ပြီး ပြန်လာခဲ့တယ်၊ အဲဒီတော့မှ စိတ်က လန်းဆန်းလာတယ်။

အခုတော့ဖြင့် မစိုးရိမ်ကျောင်းသားများရဲ့ တစ်ဦး ပေါ်တစ်ဦး မေတ္တာစေတနာတွေ ကြီးထွားစေရန်၊ ပါလနာယကဆရာတော်မှ နာယကချုပ်ဆရာတော်ရဲ့ သက်တော်(၈၀)ပြည့်အမှတ်တရ စာအုပ်ထုတ်ဝေရန်၊ စာမူများ ဖိတ်ခေါ်တာကို သိရတော့ ကျောင်းသာဘဝ ဖြတ်သန်းခဲ့ရတဲ့ လွမ်းဆွတ်ဖွယ် ပုံရိပ်တွေကို အသက် သွင်းခွင့်ရလို့ ပါလဆရာတော်မှ အစ နာယကစာချဆရာ တော်များ အားလုံးကို အကြိမ်ကြိမ်လေးစား ဦးခိုက်မိပါ တယ်။

အခုတော့ ဆရာများရဲ့ ဆန္ဒများစွာကြောင့် အဝေးရောက်တပည့်များ တဖန်ပြန်ဆုံတွေ့ကြရ တော့မှာပါ၊ မစိုးရိမ်ကျောင်းသားဟောင်းများ စကားလက်ဆုံကြတဲ့အခါ ကျောင်းတော်ကြီးကို လွမ်းပုံ တွေ ပုံကြီးချဲ့ကာ ပြောဆိုကြမည့်အရေးကို ငေးမော လောက်အောင် နားထောင်အုံးမှာလို့ တွေးကာ အခု ကထဲက ဝမ်းသာနေရတာကလည်း ကြည်နူးစရာပါ။

မစိုးရိမ်ကျောင်းသားများရဲ့ အကျင့်တစ်ခုရှိတယ်၊ ကျေနပ်စရာလည်း သိပ်ကောင်းတယ်၊ အဲဒါဘာလဲဆိုရင် ကျောင်းတော်ကြီးရဲ့အတွင်းမှာ နေခဲ့တုန်းက သူနဲ့ကိုယ်နဲ့ အကြောင်း မတိုက်ဆိုင်လို့ဘဲ ဖြစ်ဖြစ်၊ ခေါ်တစ်ခွန်း မေးတစ်ခွန်း ရှိတာပဲ ဖြစ်ဖြစ် မခေါ်မပြော မသိသလို သိသလို ဘယ်လိုပင် နေခဲ့ပါစေ ကျောင်းတော်ကြီးရဲ့ အပြင်မှာ တစ်ယောက်နဲ့တစ်ယောက် တွေ့ဆုံကြပြီဟေ့ ဆိုလျှင် ညီရင်းအကိုပမာ နွေးနွေးထွေးထွေးဆက်ဆံကြ တာ၊ နောက်ပြီး တစ်ယောက်ကိုတစ်ယောက် သံသယ မျက်လုံးနဲ့ မကြည့်တတ်ကြပါ၊ သိပ်ကို တန်ဖိုးထားရမယ့် အကျင့်ကောင်းလေး တခုပါ။

ကျောင်းသားဘဝ အမှတ်တရများစွာထဲမှာ အမှတ်အရဆုံး အရာလေးတခု ရှိသေးတယ်၊ လပတ် စာမေးပွဲ ဖြေစဉ်တုန်းက အဖြစ်အပျက်လေးတစ်ခုရယ်ပါ၊ မစိုးရိမ် ကျောင်းသားများရဲ့ ပါးစပ်ဖျားမှာတော့ ရေပန်း အစားဆုံး စကားလေးပါပဲ၊ "မစိုးရိမ်ကျောင်းသား မှန်ရင် ဒဏ်ကျဘူးရမယ်"တဲ့၊ ဒဏ်မကျခဲ့ဘူးဆိုရင် မစိုးရိမ် ကျောင်းသား မစစ်ဘူးဆိုတဲ့ သဘောလေးပါပဲ၊ အဲဒီ ဒဏ်နဲ့ပတ်သက်တဲ့ စကားလုံးလေးကလည်း ဒဏ်မကျဘူး သူအတွက် ဆိုရင်တော့ အထူးအဆန်းပါပဲ၊ မစိုးရိမ်ဒဏ် ဆိုတာ နေပူထဲကို ရပ်ခိုင်းတာ၊ သဲဒဏ် ရေဒဏ်ပေး တာမျိုး မဟုတ်ပါဘူး၊ နေ့ (၁၂၀၀)နာရီမှ (၁၀၀)နာရီထိ စာကျက်ရတာကိုပဲ မစိုးရိမ်ဒဏ်လို့ ခေါ်တာပါ။

တချို့က လူငယ်ဆိုတော့ ဒဏ်ကျဖူးမှ မစိုးရိမ် ကျောင်းသားစစ်စစ်ဖြစ်တယ်ဆိုတာ လက်မခံဘူးပေါ့၊ ဒဏ်မကျစေရဘူးကွာဆိုပြီး စာကြိုးစားတဲ့ ကျောင်းသား တွေလည်း အများကြီးပါ၊ များသောအားဖြင့်တော့ ဒဏ်ကျဘူးတာချည်းပါပဲ၊ ဒဏ်မကျဘူးသူ အနည်းငယ် တော့ ရှိပါတယ်၊ တခြားသူတော့ မသိဘူး၊ ကျွန်ုပ် မစိုးရိမ် ကျောင်းသားစစ်စစ် ဖြစ်သွားတဲ့နေ့ကတော့ ယနေ့အချိန် ထိ အမှတ်တရဖြစ်နေဆဲပါ၊ ဥပုသ်နေ့ တစ်ရက်တော့ ပါရာဇိကဏ်ဒုတိယနေ့ ဖြေရပါတယ်၊ စာမေးပွဲဖြေပြီး တာနဲ့ ဒီတစ်ပတ် ဒဏ်နဲ့တော့ နီးနေပြီဆိုတာ ကိုယ့်ကိုယ် ကို သိပါပြီ၊ မစိုးရိမ်ရဲ့ ထုံးတမ်းစဉ်လာအရ ဥပုသ်ထွက် တစ်ရက်နေ့ရောက်မှ စာစစ်ပါတယ်၊ စာဖြေကျောင်းသား ထောင်ကျော်ဆိုတော့ ဥပုသ်နေ့စာစစ်ဖို့ သိပ်မလွယ်လှ ပါဘူး၊ ဒါကြောင့် ဥပုသ်ထွက် တစ်ရက်နေ့ရောက်မှပဲ စာစစ်ပါတယ်၊ ကိုယ့်အဖြေလွှာကို ရင်ခုန်စွာ စောင့်ရတဲ့ နေ့ဟာလည်း ဥပုသ်ထွက် တစ်ရက်နေ့ပါပဲ၊ ဒဏ်ကျ-မကျကို သိချင်တဲ့စိတ်က အရမ်းပြင်းထန်လွန်း လှပါ တယ်၊ ထင်ထားတဲ့အတိုင်းပါပဲ၊ အဲဒီ ဥပုသ်ထွက်တစ်ရက် နေ့မှာ စာဒဏ်ကျခဲ့ဘူးပါတယ်၊ သူငယ်ချင်းတွေကလည်း ပြောပါတယ် "မင်း မစိုးရိမ်ကျောင်းသားစစ်စစ် ဖြစ် သွားပြီ"တဲ့၊ အဲဒီ သူငယ်ချင်းတွေက "မင်း မစိုးရိမ် ကျောင်းသား စစ်စစ်ဖြစ်သွားပြီ"လို့ ပြောလိုက်တဲ့ ဥပုသ် ထွက် တစ်ရက်နေ့ဟာလည်း မေ့မရတဲ့အထဲမှာ ပါသွား တာပါပဲ။

ရင်ခွင်သားကဲ့သို့ စေတနာထားတာ ဒီမိခင်

http://www.dhammadownload.com

ကျောင်းတော်ကြီးပါ၊ မ,တစ်ထောင်ဖွား သားတွေကို ရင်ခွင်သားကဲ့သို့ စေတနာထားနိုင်ဖို့ဆိုတာ အတော် မလွယ်တဲ့ကိစ္စပါ၊ မွေးနေ့ရှင် နာယကချုပ်ဆရာတော် ကတော့ မ,တစ်ထောင်ဖွားသားများရဲ့ အဆိုး အကောင်းကို ခံယူတဲ့နေရာမှာ စံတင်လောက်ပါတယ်၊ ပြဿနာ တစ်စုံတစ်ရာနဲ့ တွေ့တဲ့အခိုက်တွေမှာ မ,တစ်ထောင် သားများအပေါ်ထားတဲ့ နာယကချုပ် ဆရာတော်ရဲ့ စေတနာ မေတ္တာတွေက ပိုပြီးတော့ ပေါ်လွင်ပါတယ်။

တခါက ကျောင်းသားများအားလုံး ကျောင်း ကနေ ထွက်ပြီး မြို့ထဲကို သွားမယ်ဆိုတာ နာယကချုပ် ဆရာတော် သိတော့ အားလုံးကို စုစည်းစေပြီး "မင်းတို့ သတ္တိကို အလွဲသုံးစားမလုပ်ပါနဲ့"စသည်ဖြင့် တိုတိုရှင်းရှင်း ဩဝါဒပေးခဲ့တာတွေ၊ နောက်ပြီး ကျောင်းပြင်ထွက်တော့ မယ့်အချိန် ဒိုင်းဝန်မင်းကျောင်းထဲမှာ "မင်းတို့ ငါ့ကို သတ်ပြီးမှ ထွက်ကြပါကွာ"လို့ ပြောခဲ့တဲ့ နာယကချုပ် ဆရာတော်ရဲ့ ကွဲအက်နေတဲ့ စကားသံတွေ၊ တပည့်တွေ သေကြေပျက်စီးမှာကို မလိုလားမှုတွေကလည်း နာယက ချုပ်ဆရာတော်ရဲ့ တပည့်တွေအပေါ်မှာ ထားတဲ့ မေတ္တာ စေတနာစစ်စစ် တွေပါပဲ။

နာယကချုပ်ဆရာတော်ပဲ တပည့်တွေအပေါ် မေတ္တာထားသလား ဆိုပြီးတော့ မတွေးပါနဲ့ဦး၊ ကျောင်း တော်ကြီးရဲ့အတွင်း ကျောင်းဆောင်အသီးသီးမှာ သီတင်း သုံးနေကြတဲ့ စာချုနာယကအဖွဲ့များက တပည့်များ အပေါ်ထားတဲ့ စေတနာတွေကလည်း အတိုင်းထက် အလွန်ပါပဲ။

စာမေးပွဲတွေ အသီးသီးပြီးလို့ တနေရာရာကို သွားဖို့ လျှောက်တဲ့အခါ ဆရာများက ပြောတဲ့ စကား လေး တစ်ခွန်းဟာလည်း သိပ်ကို ကျေနပ်အားရဝမ်းသာ စရာပါ၊ ဘာစကားမို့ ကျေနပ်အားရ ဝမ်းသာစရာ ကောင်းတာ လည်းဆိုရင် "တခြားနေရာ ရောက်လို့ အဆင်မပြေတဲ့အခါ ဤကျောင်းတော်ကြီးကို အချိန် မရွေး ပြန်လာနိုင် ပါတယ်"တဲ့။

ကဲ ဆရာများရဲ့ ရင်ထဲမှာ ဘယ်လောက်မေတ္တာ တရားတွေနဲ့ ပြည့်နှက်နေတယ်ဆိုတာ ရှင်းပြစရာလိုမယ် လို့ မထင်တော့ပါ၊ ဒါမွေးနေ့ရှင် နာယကချုပ်ဆရာ တော်နှင့် စာချုနာယကဆရာများရဲ့ တပည့်များအပေါ် ထားတဲ့ စေတနာတွေပါ၊ ဒီလို ဆရာတွေနဲ့ ဆုံခွင့်ရခဲ့ တာဟာ ကျွန်ုပ်အတွက်တော့ ဝမ်းသာပီတိဖြစ်လို့ မဆုံးနိုင်ပါဘူး၊ ကိုယ် ဆရာဖြစ်တဲ့အခါ ဒီဆရာများရဲ့ မူများအတိုင်း ကျင့်သုံးနိုင်အောင် ကျင့်သုံးဖြစ်အောင် ကျင့်သုံးရမှာပါ၊ ဆရာများရဲ့ အခန်းထဲမှာလည်း စာအုပ်၊ ဘီရိုတွေက လွဲလို့ တခြားဇိမ်ခံပစ္စည်းတွေ မရှိသလောက် ကို ရှားတာပါ။ လာဘ်လာဘရှိရှိ မရှိရှိ နေတတ်တဲ့ ဆရာများပါ၊ လူကြီးစကားပြောပြီး လူကြီးအလုပ်လုပ်တဲ့ ဆရာတွေပါ၊ ကျောင်းတော်ကြီးထဲက ဆရာများ အကြောင်းတွေ ကျောင်းသားဘဝ ဖြတ်သန်းခဲ့ရတဲ့ ဘဝပုံရိပ်တွေ၊ ဆရာနဲ့ တပည့်အကြား မေတ္တာတရား ဘယ်လိုထားခဲ့ပုံတွေကို ရေးသားမယ် ဖွဲ့ဆိုမယ်ဆိုလျှင် ကုန်နိုင်လိမ့်မည် မဟုတ်ပါ။

ဒီကျောင်းတော်ကြီးရဲ့အလယ် ဆရာများရဲ့ အရိပ်မှာ မ,တစ်ထောင်ဖွားသားများ ပညာတွေ သင်ခဲ့ တယ်၊ ညီရင်းအကိုပမာ မေတ္တာတွေ ထားခဲ့တယ်၊ စာနဲ့ ပတ်သက်လို့ ဒဏ်ကျခဲ့ဘူးတယ်၊ ဆရာများရဲ့ အဆုံးအမ တွေကိုလည်း မှတ်ခဲ့ဘူးတယ်၊ ဒီကျောင်းတော်ကြီးရဲ့ အလယ်မှာ အလှဆုံးဆိုတာ စာသင် စာချအသံတွေပါ၊ စာသင် စာချဆိုတာ သာသနာရဲ့ အသက်သွေးကြောကြီးပါ။

နာယကချုပ်ဆရာတော်ရဲ့ မွေးနေ့ရောက်တဲ့အခါ ကျောင်းတော်ကြီးရဲ့ အလယ်ဗဟိုလမ်းမကြီးကို သူငယ်ချင်းတွေနဲ့ လျှောက်ရပြန်တော့မယ်၊ လမ်း လျှောက်ရင်း နာရီစင်ကြီးကို မော့ကြည့်ဖြစ်အောင် မော့ကြည့် ရဦးမယ်၊ ဟိုတုန်းက ကြားနေကြ စာသင်စာချ ဘုရားဝတ်ပြု အုံး မောင်းခေါက်သံကိုလည်း တဖန် ကြားရပြန်တော့မယ်၊ ဒီဆောင်းပါးကို ရေးနေရင်း စိတ်က ကျောင်းတော်ကြီးရဲ့ အလယ်မှာ ရောက်နေသလိုပါပဲ။

နာယကချုပ် ဆရာတော်ရဲ့ မွေးနေ့ရောက်လို့ ပြန်ဆုံတွေ့ကြတဲ့အခါ "မေ့နေမှာလား? နှုတ်ဆက်မှာ လား? "ဟု မေးမြန်းရင်း နာယကချုပ်ဆရာတော်ရဲ့ (၈၀)ပြည့်မွေးနေ့ အမှတ်တရ နောင်တော် ညီတော်တို့ ရေးသားကြတဲ့ စာသားလေးတွေဟာ တနယ်တကျေး တမြို့တနယ် ရေမြေခြားဝေးကွာ သွားလို့ တစ်ယောက်နဲ့ တစ်ယောက် မမှတ်မိကြတဲ့အခါ ယခု ရေးသားခဲ့တဲ့ စာသားလေးတွေဟာ သက်သေအဖြစ်နဲ့ ထာဝရ ရပ် တည်ပေးနေမှာပါလို့ ပြောကြားရင်း "ကျောင်းတော်ကြီးရဲ့ အလယ်မှာ"ဆိုတဲ့ ဆောင်းပါးလေးကို အဆုံးသတ် လိုက်ပါရစေ။

အရှင်ဣန္ဒာစရိယ (ရွှေတန့်ဆည်)

http://www.dhammadownload.com

အမှတ်တရတွေထဲက အမိုက်ဆုံး သြဝါဒတစ်ပုဒ်

ဒေါက်တာ အရှင်ပညောဘာသ



သတ္တဝါတို့၏ စိတ်နေသဘောထားသည် မူလပင်ကိုသဘာဝအားဖြင့် လှပ၍ သန့်ရှင်းဖြူစင်သော သဘောရှိပြီး ပတ်ဝန်းကျင်၏ အရောင်ဆိုးမှုကြောင့် မူလစိတ်နေသဘောထားများ ပျောက်ဆုံးပြီး စိတ်ဆိုး, စိတ်ညစ် စိတ်ယုတ်မာတွေ ဖြစ်သွားရသည်ဟု ဗုဒ္ဓစာပေမှာ ဖော်ပြပါရှိပါသည်၊ ဟုတ်ပါသည်၊ နိုင်ငံအသီးသီး အဖွဲ့အစည်းအသီးသီးမှာ ပညတ်ချက်လောကဥပဒေတွေ ရေးဆွဲရ,ထုတ်ပြန်ရခြင်းသည် လူတွေရဲ့ မူလပင်ကိုသဘောမှ ပြောင်းလဲလာသော စိတ်အမျိုးမျိုး, စရိုက်အဖုံဖုံကြောင့် ကျူးလွန်မည့်ဘေးမှ ကြိုတင်ကာကွယ်သည့် အနေနဲ့ပဲဖြစ်ဖြစ်၊ ကျူးလွန်ရင် အရေးယူနိုင်ရန်ပဲဖြစ်ဖြစ် ဥပဒေပုဒ်မအမျိုးမျိုး ထုတ်ရသည်ဟု ဆိုသော် မှားအံ့မထင်။ ဥပဒေမရှိသော နေရာ၊ ဥပဒေကင်းမဲ့သော နေရာသည် ပရမ်းပတာဖြစ်၍ အဟိတ်

http://www.dhammadownload.com

တိရစ္ဆာန်တို့ကမ္ဘာနှင့် မခြား ဖြစ်သွားပေလိမ့်မည်၊ ထို့ထက် ဆိုးချင်လည်း ဆိုးသွားနိုင်ပေသည်၊ ဥပဒေလျော့ရဲသော နိုင်ငံ,အဖွဲ့.အစည်းသည်လည်း တိုးတက်မှု နှေးကွေးလေ ရှိပါသည်။

လူ၏အနှောင်အဖွဲ့သည် အခြားသတ္တဝါတို့၏ အနှောင်အဖွဲ့ထက် ပို၍ အတ္တကို ဗဟိုပြုရာမှာလည်း လွန်ကဲသည့်အတွက် ထိုလူတို့၏ အသိတရားသည် အခြားအဟိတ်သတ္တဝါတို့၏ အသိတရားထက် သာသည်ဟု ဆိုသော်ငြားလည်း အမိုက်တရားလည်း များစွာ သာပေသည်၊ လူထက် အသိနိမ့်ကျသော တိရစ္ဆာန်တို့၏ အရိုင်း စိတ်သည် လူသားကမ္ဘာကို မဖျက်ဆီးနိုင်၊ မပျက်စီးစေနိုင်၊ အသိတရားမြင့်သည်ဟု ဆိုသော လူသတ္တဝါတို့၏ စိတ်ရိုင်းစိတ်မိုက်တို့မှာကား ရေကမ္ဘာ၊ မြေကမ္ဘာကနေ အာကာသကမ္ဘာထိတိုင် ဖျက်ဆီးနိုင်၊ ပျက်စီးစေနိုင်ပါသည်။

ပါဠိစာပေမှာ ဝိနယဆိုသော စကားသည် ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်၏ ကိုယ်အမူအရာ နှုတ်အမူအရာ စိတ်ပိုင်းဆိုင်ရာတို့ကို ယဉ်ကျေးအောင် ဆုံးမမှုကို ဆိုလိုပါသည်၊ စည်းကမ်းပိုင်းဆိုင်ရာ၊ ကျင့်ဝတ်ပိုင်း ဆိုင်ရာ၊ နည်းဥပဒေပိုင်းဆိုင်ရာ စသည်တို့ကို ဖော်ညွှန်း သော Discipline. Rule. Code. Law- စတဲ့ အင်္ဂလိပ် ဝေါဟာရတို့သည် လူတွေ့ရဲ့စိတ်ခံစားချက်တွေမှ ဖြစ်ပေါ် လာသော လောဘဇော၊ ဒေါသဇော၊ မောဟဇောစတဲ့ အကုသိုလ်ဇောတွေကြောင့် စိတ်အတိုင်း မလုပ်မိစေရန်၊ ထိန်းချုပ်နိုင်စေရန် ညွှန်းဆိုသောဝေါဟာရများပင် ဖြစ်ပါ သည်၊ ဥပဒေစိုးမိုးလျှင် စိုးမိုးသည့်အလျောက်၊ ဥပဒေ ကောင်းလျှင် ကောင်းသည့်အလျောက် နယ်ပယ် အသီးသီးမှာ အကျိုးအမြတ်ခံစားရသလို လူအသိုင်း အဝိုင်းမှာလည်း ပဋိပက္ခနည်းတဲ့အတွက် အေးချမ်းမှု၊ သာယာမှု၊ တည်ငြိမ်မှု ရှိပါသည်၊ အဖွဲ့.အစည်းအသီးသီး မှာ ၎င်းတို့နှင့်ဆိုင်ရာ ဥပဒေတို့ ရေးဆွဲထားခြင်းကို လေ့လာပါက လူစုလူဝေးနဲ့ လုပ်ကိုင်ဆောင်ရွက်ရသော မည်သည့်အလုပ်မဆို ခိုင်မာသည့်ဥပဒေသည် မရှိမဖြစ် လိုအပ်တယ်ဆိုတာ တွေ့ရပါသည်၊ ဥပဒေကောင်း မရှိ ပါက (သို့မဟုတ်) ထိုဥပဒေလျော့ရဲပါက ထိုနိုင်ငံ, ထိုအဖွဲ့. အစည်းသည် ကောင်းမွန်တိုးတက်သည့်နိုင်ငံ၊ ကောင်း မွန်တိုးတက်သည့်အဖွဲ့.အစည်းတစ်ခု ဖြစ်မလာနိုင်ပေ။

ထိုနှင့်ပတ်သက်၍ စံထိုးစရာများစွာ ရှိသော်လည်း မန္တလေး မစိုးရိမ်တိုက်တို့ကို စံပြုပါရစေ၊ ထိုစာသင် တိုက်ကြီးနှစ်တိုက်မှာ ရေးဆွဲထားသော ဥပဒေများသည် အခြေခံအားဖြင့် တူညီကြပါသည်၊ အဆိုပါ စာသင်တိုက် ကြီးနှစ်ခုတို့မှာ ကျောင်းတိုက်အကြီးအကဲ နာယက အဖွဲ့.ဝင်၊ ကျောင်းပိုင်, ကျောင်းထိုင်နာယက၊ ကိုယ်ပိုင် အုပ်ချုပ်ရေး အကြီးအကဲအဖြစ် ခန့်အပ်ရာ၌ အသက်, သိက္ခာ၊ ကျောင်းနေသက်တမ်း၊ အကြီးအကဲနှင့် ရင်းနှီး ကျွမ်းဝင်မှု၊ ဆွေမျိုးဉီးစားပေးမှု စသည်တို့နဲ့ မသတ်မှတ် မခန့်အပ်ဘဲ ပညာရေး ဉီးစားပေးစနစ်နဲ့ပဲ ခန့်အပ်ပါ သည်၊ မြန်မာနိုင်ငံ ပရိယတ္တိပညာရေး၌ အဆင့်မြင့် တစ်ခုဖြစ်သော အဘိဝံသဘွဲ့ခေါ် မန္တလေးမြို့ သကျ သီဟအသင်းကြီးမှ ကျင်းပသော သကျသီဟမဟာစရိယ ဘွဲ့ဒီဂရီ ရမှသာ ကျောင်းတိုက်နာယကအဖြစ် သတ်မှတ် ခန့်အပ်ရမည်ဆိုတဲ့ ဥပဒေသည် ဘယ်မှာမှ ရှာမတွေ့ နိုင်တဲ့ စံပြုထိုက်သည့်ဥပဒေ ဖြစ်မည်ထင်ပါသည်။

ပထမကျော်ဆရာတော် ဉီးဉာဏ ဉီးစီးဉီးဆောင် ပြုခဲ့သော ကျောင်းတိုက်ဥပဒေပြုရေးအဖွဲ့မှ ဆရာတော် များသည် အနာဂတ်အရေးကို မျှော်တွေးကာ ပညာ ရေးကို ဗဟိုပြု၍ ခိုင်မာသည့်ကျောင်းတိုက်ဆိုင်ရာ အခြေခံ ဖွဲ့စည်းပုံကို ရေးဆွဲခဲ့ခြင်း ဖြစ်ပါသည်၊ တကယ့် စံပြုထိုက်၊ အတုယူထိုက်သော ဥပဒေဟု မိမိယူဆမိပါ သည်၊ ဒါကြောင့်လည်း ထိုကျောင်းတိုက်ကြီးတို့မှာ စူဠ ဂေါသိဂ်သုတ်လာ ရဟန်းတော်များဖြစ်သည့် အရှင် အနုရုဒ္ဓါ၊ အရှင်နန္ဒိယ၊ အရှင်ကိမိလတို့ သီတင်းသုံးနေကြ သည့်အလား ယခုခိုနှိုက်ထိ တစ်စုံတရာ အငြင်းပွားမှုမရှိ၊ ကျောင်းတိုက် ဘာလုပ်နေတယ်ဆိုတာ သံကုန်ဟစ် ကြွေးကျော်စရာမလိုဘဲ ထိုဥပဒေအောက်မှာ နာယက ဆရာတော်အဆက်ဆက်သည် အမျိုးဘာသာ, သာသနာ လုပ်ငန်းတွေကို အရှိန်အဟုန်နဲ့ တိုးတက်အောင် ဆောင်ရွက် နိုင်ဆဲ ရှိနေတာကို တွေ့ရပေသည်၊ "ထုံး မတိမ်၊ ငုံးအိမ် ,ကျူ ,လ သို့ တူမျှစံနိုင်း'ဟု ဆိုရမည့်အလား ဤဥပဒေကို ဆက်လက်ဆွဲကိုင်ထားပါက မြန်မာမှာ သာသနာရှိနေသ၍ မစိုးရိမ်ဆိုတာလည်း မပျက်မစီး တိုးတက်ဝေစည် တည်ရှိနေဉီးမှာ မလွဲပါ၊ ထိုကျောင်း

http://www.dhammadownload.com

တိုက်ကြီးများ၌ အခြားကြည်ညိုဖွယ်တစ်ခုကတော့ နာယကကြီးငယ်တို့သည် မိမိသပိတ် ပိုက်၍ စာသင်သားနည်းတူ ဆွမ်းခံဘုဉ်ပေးပြီး ပရိယတ္တိသာသနာ့တာဝန်ဖြစ်တဲ့ စာပေပို့ချမှုတို့ကို ဆောင်ရွက်နေကြခြင်းတို့ဖြစ်ပါသည်၊ အခြားအခြားသော နိုင်ငံအဝှမ်းမှ ပရိယတ္တိစာသင်တိုက်ကြီးများ၊ ရိပ်သာကြီးများမှာလည်း ဆိုင်ရာဥပဒေကောင်းတွေ များစွာရှိကြပါသည်၊ သို့သော် ဤကဲ့သို့သော အရာများ ရှိမရှိ မိမိမသိ၊ မိမိသိသော ကျောင်းတိုက်တို့ကို အကောင်းဆုံးစံအနေနဲ့ ပေးထားခြင်းဖြစ်ပါသည်၊ မည်သို့သော အစွဲလမ်းကြောင့်မှ စံပြညွှန်းဆိုထားခြင်း မဟုတ်ပါဆိုတာ ဝန်ခံပါရစေ။

မ,တစ်ထောင်သားတို့ နေထိုင်သော တပ်မတော်မှ တပ်တွင်း၊ ရဲတပ်အတွင်းတို့မှာ ဆွေမတော်မျိုးမစပ် တမိဝမ်းတွင်းမဟုတ် လူအမျိုးမျိုး စရိုက်အထွေထွေရှိသော ပုဂ္ဂိုလ်အသီးသီးတို့နှင့်အတူ နေထိုင်ရသော နေရာ ဒေသတို့၌ တပည့်လက်သားများ စည်းကမ်းတကျ နေထိုင်တတ်စေရန် စည်းကမ်းသေဝပ်စေရန်ဆိုင်ရာ အရာရှိ များသည် လိုက်နာစရာ တပ်စည်းကမ်း ရဲစည်းကမ်းစကားတို့ကို နေ့စဉ်ပြောပေးရလေ့ ရှိပါသည်၊ ထို့အတူ ပရိယတ္တိစာသင်တိုက် ရိပ်သာစသည့် အစုအပေါင်းနှင့် နေထိုင်ရသော ဘုန်းတော်ကြီးကျောင်းများမှ သာသနာ့ဝန်ဆောင် သံဃာတော်များမှာ နှစ်ရှည်နှစ်ဆယ့်ခုနှစ်သွယ်သောသိက္ခာပုဒ်တို့ကို ထိန်းသည်ဟု ဆိုငြားလည်း မ,တစ်ထောင်သား ပုထုဇဉ်တွေချည်းသာ စုဝေးနေထိုင်ရာဖြစ်တာကြောင့် ဥပဒေစည်းကမ်းထုတ်ခြင်း၊ ကိုယ် အမူအရာ၊ နှုတ်အမူအရာ ယဉ်ကျေးစေမည့်စကားများ၊ စိတ်ဓာတ်ခွန်အားကို ဖြစ်စေမည့်စကားများကို ပြောဟော ပေးရခြင်းစသည့် ဩဝါဒစကားများကို အခါအားလျော်စွာ အလျဉ်းသင့်သလို မြွက်ကြားလေ့ရှိပါသည်။

မိမိ မစိုးရိမ်တိုက်သစ်မှာနေစဉ် နာယကဆရာတော်များပေးသည့် ဩဝါဒများစွာ ကြားနာခွင့်ရခဲ့ပါသည်၊ ထိုအထဲတွင် လက်ရှိမစိုးရိမ်တိုက်သစ်ဆရာတော်ကြီး ဦးရာဇမွောဘိဝံသ၏ ဩဝါဒတချို့ကို ကောက်နုတ်ပြရပါက "သမ္မတဦးဇင်းဖြစ်ပါစေ၊ ဝန်ကြီးချုပ်ဦးဇင်းဖြစ်ပါစေ၊ ငါ့ကျောင်းနေရင် ငါ့ကျောင်းစည်းကမ်းလိုက်နာရမယ်၊ မလိုက်နာနိုင်ရင် ကျောင်းတိုက်က ထွက်သွားပါ"၊ "မင်းတို့ ဆေးလိပ်ကြိုက်လို့ သောက်ချင်ရင် ကျောင်းထဲမှာပဲ သောက်ပါ၊ အပြင်လမ်းလျှောက်ရင်း လမ်းသွားရင်း မသောက်ပါနဲ့၊ ကျောင်းကြီးမီးခိုးလုံး ဝပြီး (မှိုင်းဝပြီး) အပေါ် တက်ချင်တက်သွားပါစေ"၊ "မင်းတို့ လိမ္မာတို့ ငါမိုက်မယ်" "စာအံကျောင်းမှန်မှန် စာဝါမှန်မှန် ဘုရားဝတ်တက် မှန်မှန်တက်ပါ၊ စာမကျက်ချင်လို့ ဘုရားဝတ်မတက်ချင်လို့ရှိရင် ကျောင်းကနေ ထွက်သွားကြပါ၊ ငါ့ကျောင်းမှာ ဘယ်သူမှ မရှိရင် ကျောင်းတွေကို ဂိုဒေါင်ငှားစားမယ်"စတဲ့ ဩဝါဒစကားတို့ကို ယခုအချိန်အထိ မှတ်မိနေဆဲပါ၊ အမှတ်တရများစွာထဲက အကြိုက်ဆုံးနှင့် အမှတ်တရအရှိဆုံးတစ်ခုကို ပြောရမည်ဆိုလျှင် "မင်းတို့ လိမ္မာတို့ ငါမိုက်မယ်"ဆိုတဲ့ ဩဝါဒစကားကို ရွေးချယ်ပြပါရစေ၊ ထိုဩဝါဒစကားကို မိမိ မစိုးရိမ်တိုက်သစ်ထဲမှာ ဆယ်နှစ် ဆယ်မိုးနေခဲ့စဉ် နာကြားခဲ့ရသော အမှတ်တရ ဩဝါဒတွေများစွာထဲက ရင်ထဲမှာ စွဲကျန်နေသည့် အမှတ်တရ အရှိဆုံးနှင့် အကြိုက်ဆုံးဩဝါဒတစ်ခုလည်းဖြစ်ပါသည်၊ ထိုဩဝါဒစကားဟာ သံစဉ်မလှ၍ သိပ်ဘဝင်မကျ လှခဲ့ပေမဲ့၊ ဆရာတော်ရဲ့ ထိုဩဝါဒနှင့် တစ်ဆက်တည်းဖြစ်တဲ့ "ဒီမှာ ပုထုဇဉ်တွေချည်းပဲနေကြတာ၊ ရဟန္တာတစ်ပါးမှ မပါဘူး"ဆိုတဲ့ နောက်ဆက်တွဲစကားကို သေချာပြန်တွေးကြည့်ခြင်း၊ အချို့အချို့သော ကျောင်းတိုက်တို့၌ သင်ကြား ရေး၊ အုပ်ချုပ်ရေး ယန္တရားအားနည်းနေခြင်း၊ နေရာဒေသအချို့မှာ သာသနာတော်ဆိုင်ရာ အလုပ်တို့၌ သဒ္ဓါတရား အနည်းငယ်လျော့ပါးလာသည့် စာချ, စာသင်အချို့ တွေ့ရခြင်း၊ စာသင်သားရှင်ငယ်၊ ရဟန်းငယ်များ ဆရာသမားများရဲ့ မေတ္တာမရမူ၊ လစ်လျူရှုခံရမှု စသည်စသည်တို့ တွေ့ရတဲ့အခါ ဆရာတော်ကြီးရဲ့ဩဝါဒဟာ အတော့်အတော်လေးကို လက်ခံထိုက်တဲ့၊ အတော့်ကို မှန်ကန်တဲ့ စကားပါလားဆိုတာ အရွယ်နှင့် အသိရလာ သည်နှင့်အမျှ များစွာဘဝင်ကျခဲ့ပါတယ်။

စာသင်အရွယ်သည် အသိနုနယ်သော အရွယ်ဖြစ်ပါသည်၊ အိုးဖုတ်သလို ဖုတ်လို့ရပါသေးသည်၊ သို့သော် အချို့စာသင်များမှာ အဲဒီလို အိုးဖုတ်မခံရသောကြောင့် ပုံမလှသည့် အနေအထားမျိုးသို့ ရောက်သွား

http://www.dhammadownload.com

တတ်ကြပါသည်၊ တနည်းဆိုသော် ဆရာအချို့ မမိုက်ကြလို့(သို့မဟုတ်) ဆရာများရဲ့ ဓမ္မဒါယာဒအမွေဟု ဆိုသော ဆရာများရဲ့ အဆုံးအမ မရကြလို့ တပည့်အချို့ မိုက်နေတတ် ကြပါသည်၊ လူအချို့ မိုက်သလို ရှင်ရဟန်းများမိုက်သည်ဟု ဆိုသည် မဟုတ်ပါ၊ ဆရာများ၏ လမ်းညွှန်မှု မရသည့်အတွက် ဆရာများ၏ အုပ်ထိန်းမှု လျော့နည်းသည့် အတွက် စာပေပရိယတ်ကို သဒ္ဓါတရား ရှေ့ထား၍ ကောင်းမွန်စွာ သင်ကြားမှုအားနည်းပြီး လမ်းဆုံးသို့ ရောက်မလာကြဘဲ ပျောက်သောလမ်းမှ စမ်းတဝါးဝါး ဖြစ်နေကြခြင်းကို ပြောတာပါ။

'မင်းတို့ လိမ္မာဘို့ ငါမိုက်မယ်'ဆိုတဲ့ ဆရာတော်ရဲ့ ဩဝါဒဟာ လေနုအေးနဲ့ ပြောတာမဟုတ်လေတော့ ကြားရသူအချို့ သံစဉ်မချိုလှပေမဲ့ ခေတ်စကားနဲ့ပြောရင် တကယ့်ကို မိုက်ပါတယ်လို့ ပြောရမှာပါ၊ ဒီနေရာမှာ မိုက်တယ်ဆိုတဲ့စကားက တကယ့်ကို ကောင်းပါတယ်လို့ ရှေ့လူများနားလည်အောင် အဓိပ္ပါယ်ဖွင့်ရပေမဲ့ ယနေ့ လူငယ်များကတော့ စကားလုံး၏ အဓိပ္ပါယ်အတိမ်အနက်ကို သိပြီးသားပါ၊ စာသင်၊ စာကျက်စာအံ၊ ဘုရားဝတ် ပြုခြင်း စသည့် စာသင်သားတစ်ပါး လိုက်နာရမည့် ဆိုင်ရာကျောင်းစည်းကမ်း ဖောက်ဖျက်သူ ကို ထိုက်သင့်တဲ့ အပြစ်တို့ကိုပေးခြင်း၊ တပည့်များကို လိမ္မာရေးခြားရှိစေဖို့ စာကို ကောင်းကောင်းသင်ယူဖို့စတဲ့ ကောင်းမွန်တဲ့ စေတနာ၊ သန့်စင်တဲ့ ရည်ရွယ်ချက်နဲ့ ပြောတာဆိုတော့ ဒီဩဝါဒဟာ ခေတ်စကားနဲ့ ပြောက တကယ့်ကို မိုက်ပါတယ်၊ ဂါမွဒေါသ သင့်ရောက်မယ် မထင်ပါဘူး။

ဥပမာ ဆရာတော်သည် စာအံကျောင်းပျက်သူကို စာဒဏ်ပေးခြင်း၊ ဘုရားဝတ်တတ်ပျက်သူကို နံနက်စောစောထ၍ ဆရာတော်နှင့်အတူ ဘုရားဝတ်ပြုခြင်းစတဲ့ ကောင်းမွန်တဲ့ ဒဏ်ပေးစနစ်တစ်ရပ် ရှိသောကြောင့်ပါ၊ ဆရာတော်သည် ဤကဲ့သို့သော ပျက်ကွက်မှုများကြောင့် တပည့်တစ်ဦးကို ကျောင်းတိုက်ကနေ တစ်ကြိမ်တစ်ခါမှ အပပြုလေ့မရှိခဲ့ပေ၊ စာသင်သားတစ်ပါး ပျက်စီးသွားမှာ ဒုက္ခရောက်သွားမှာ ဆရာတော် မလိုလားပေ၊ စာအံကျောင်းပျက်လို့ ဘုရားဝတ်တက်ပျက်လို့ အထုတ်ခံရသော စာသင်သားလည်း အဲဒီတုန်းက မရှိခဲ့ပေ၊ သူဘာသာ ပျင်းလို့ထွက်သွားသည့်တိုင် ဆရာတော်သိရင် တားလေ့ရှိပါသည်။

ပုထုဇဉ်တို့နေထိုင်ရာ ဤကမ္ဘာသည် အာရုံမျိုးစုံလွှမ်းခြုံနေတာကြောင့် ပတ်ဝန်းကျင်၏ အရောင်ဆိုးမှုခံရတတ်တာဟာ သဘာဝပါ၊ ထိုသဘာဝကို တွန်းလှန်နိုင်စွမ်း ရှိဖို့အတွက် မိမိစိတ်ကို အာရုံတွေနောက်သို့ မလိုက်မိစေဘဲ ထိုစိတ်ကို သတိ,ပညာတို့နှင့် ဖြစ်စေ၊ မိမိတို့ သင်ကြားလေ့လာ ဖတ်ရှုနေသော စာပေအသိတို့မှ ဖြစ်စေ၊ ထိန်းကျောင်းပေးနိုင်မည်ဆိုလျှင် အရောင်ဆိုးမှုအန္တရာယ်မှ ကင်းဝေးမည်မှာ သေချာပါတယ်၊ အကယ်၍ သတိ, ပညာ၊ စာပေအသိတို့ဖြင့် မထိန်းသိမ်းနိုင်ဘူးဆိုပါက ဆရာတော်ရဲ့ ဩဝါဒမျိုးကို ကြားရသော် ဩဝါဒကလဲ ကြမ်းလိုက်တာ၊ စကားလုံးကလဲ မယဉ်ကျေးလိုက်တာလို့တော့ စာရေးသူအစက ထင်သလို သံစဉ်မချိုဘူးလို့တော့ မထင်လိုက်ပါနဲ့၊ ဆရာတော်သည် ဩဝါဒပေးရာမှာ သံစဉ်ချိုမြဘို့ထက် စကားလုံးစာသားလှဘို့ထက် ပြတ်ပြတ် သားသားတိုတောင်းပြီး အဓိပ္ပါယ်ရှိရှိ ထိထိမိမိဖြင့် ပြောလေ့ရှိပါသည်။ ဆရာတော်သည် မမိုက်ချင်သော်လည်း လူကြီးတစ်ယောက်အနေနဲ့ တပည့်များ အသိအလိမ္မာ ဉာဏ်ပညာတိုးပွါးအောင် စေတနာဖြင့် မိုက်ပြရပါသည်။

ထို့အတူ ဆရာဟူငြား ပန်းပျိုးလက်များသည်လည်း မိမိတို့ဆီသို့ ရောက်ရှိဆဲ၊ ရောက်ရှိလာမည့်ပျိုးပင်(တပည့်)များကို စေတနာ, ဝါသနာ, အနစ်နာဖြင့် ပျိုး(မိုက်)ပေးမည်ဆိုလျှင် အသိအလိမ္မာ ဉာဏ်ပညာ ဗဟုသုတ တိုးတက်သည့် တပည့်အလိမ္မာပျိုးပင်လေးများ သာသနာမှာ ဝေဆာပွင့်လန်းလာနိုင်ဦးမည်ဖြစ်ပါကြောင်း ဆရာတော်၏ ပတ္ထမြားရတု မွေးနေ့မင်္ဂလာမှသည် ရတုများစွာတိုင် ဝေးနေ,နီးနေ တပည့်များစွာနှင့် အတူ အမျိုး ဘာသာ, သာသနာတော်ဆိုင်ရာတို့ကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေလို့ ဆုတောင်းပတ္ထနာဖြင့် ဤ ဆောင်းပါးကို ဝုဏ်ပြုပူဇော်လိုက်ပါသည်။

ဒေါက်တာ အရှင်ပညောဘာသ

http://www.dhammadownload.com



လွမ်းနေမိသော ရွှေခြေဖဝါး

မောင်တင်ဝေ(ရေစကြို)

မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ် စာသင်တိုက်ကြီးနှင့် ခွဲခွါလာရသည်မှာ ဆယ်စုနှစ်တစ်ခု တင်းတင်းပင် ပြည့်ခဲ့ လေပြီ၊ သို့သော် မနေ့တနေ့ကမှ ခွဲခွါရသည့်နှယ် ခံစားမှုတို့က လတ်ဆတ်လန်းဆန်းနေဆဲဖြစ်သည်ကို တွေ့ရ၏၊ ဘဝတစ်ခုလုံးအတွက် အရိပ်လို ထီးမိုးပေးခဲ့သော သတ္တိထူးတစ်ခု၏ အစွမ်းကြောင့်ပင် ဖြစ်ပေလိမ့်မည်၊ ဆယ်စု နှစ် တစ်ခုကျော်ကြာမြင့်ခဲ့သော်လည်း မိခင်စာသင်တိုက်ကြီးနှင့် လုံးဝအဆက်မပြတ်ခဲ့ခြင်း တပည့်တို့ကို စာသင်ပို့စေခြင်းစသော အကြောင်းများလည်း ပါဝင်နေပေ၏။

မစိုးရိမ်တိုက်သစ်ဟု ဆိုလိုက်သည်နှင့် မစိုးရိမ်တိုက်သစ်ကို မောင်းနှင်ပဲ့ကိုင်ခဲ့သော ဆရာအရှင်များစွာထဲမှ ယခု လက်ရှိမဟာနာယကချုပ်ဆရာတော်ဖြစ်သော သက်တော်ရှစ်ဆယ်ပြည့် မွေးနေ့ရှင် ဆရာတော်ကို သတိရလိုက်မိ၏၊ သတိရစရာ အကြောင်းအချက်များစွာကလည်း ပတ်သက်မှုရှိနေခဲ့ပြန်၏၊ ယခုအချိန်ထိ မပျက်သေးသော ဆရာတော်၏ ရွှေခြေဖဝါးရာများသည် စာရေးသူ၏ ဦးခေါင်းထက်ဝယ် အသက်ထက်ဆုံး တည်ရှိနေခြင်းကပင် သတိရမှု၏ အဓိက အကြောင်းတစ်ချက် ဖြစ်နေ၏။

http://www.dhammadownload.com

သက်တော်ရှစ်ဆယ်ပြည့် ဂုဏ်ယူဖူး မွေးနေ့ရှင် ဆရာတော်ကို စာရေးသူ မစိုးရိမ်တိုက်သစ် စာသင်သားဘဝ စတင်ရောက်ရှိသည့်အချိန်က ဖူးတွေ့ခွင့် မရခဲ့ပါ၊ ထိုအချိန်က ဆရာတော်သည် ထောင်ကျနေချိန်ဖြစ်၏၊ ဖြစ်ပျက်ကောင်းဆိုး လောကဓမ်အမျိုးမျိုးကို ဖြတ်သန်းနေချိန်ဖြစ်၏၊ ဆရာတော် ထောင်ကထွက်သည့် ပထမဦးဆုံးညမှာပင် စတင်ဖူးတွေ့ခွင့် ရခဲ့ပါ၏။

ထိုအချိန်က ဆရာတော်နှင့် ရင်းနှီးဖို့ မဆိုထားနှင့် အနားကပ်ဖို့ပင် အခွင့်မသာခဲ့ပါ၊ ဆရာတော်၏ အရှိန်အဝါနှင့် စာရေးသူ၏ သိမ်ငယ်မှုတို့ကြောင့်ပင် ဖြစ်၏။

ကျေးဇူးရှင်ဆရာတော်ထံ စာချတန်းပြီးသည် အထိ စာလိုက်ခွင့်ရခဲ့ပါ၏၊ အနီးကပ်ပြုစုလုပ်ကျွေးခွင့် ရခဲ့၏၊ ဆရာတော်နှင့်ထိတွေ့ဆက်ဆံခွင့်ရခဲ့သော နှစ်များစွာ အတွင်းက လုံးဝမမှေ့နိုင်သော အဖြစ်အပျက်များကို ဤဆောင်းပါးတွင် တင်ပြသွားပါမည်၊ စာရေးသူတို့ မစိုးရိမ်တိုက်သစ် စာသင်သားဘဝ ဖြတ်သန်းခဲ့ရှိန်နေ့ရက်များသည် ရွှေရတုနှစ်ဆီသို့ ဦးတည်နေသည့် ရွှေရောင်တောက်သော နေ့ရက်များဖြစ်၏၊ တက်ကြွဖျတ်လတ်သော နာယကငယ်များ ဝန်းရံလျက် မဟာနာယကဆရာ တော်ကြီးသုံးပါး ဦးဆောင်ချီတက်နေသည့် အခါကောင်းဖြစ်၏၊ ထိုကာလအတွင်း မစိုးရိမ်တိုက်သစ် စာသင်သားဖြစ်ခွင့်ရခြင်းကပင် ဤဆောင်းပါးကို ရေးဖြစ်လာခြင်း၏ အကြောင်းဖြစ်ပါ၏။

ဆရာတော်နှင့် စတင်ဆုံဆည်းခွင့်ရသည့် စာဝါက သီလကွန်အဋ္ဌကထာ စာဝါဖြစ်၏၊ စာရေးသူ နောက်ဆုံး ကျန်ရှိနေသည့် ကျမ်းကလည်း သီလကွန် အဋ္ဌကထာ ကျမ်းစာဖြစ်နေခြင်းကပင် ဆရာတော်နှင့် ပတ်သက်မှုကို မေ့မရခြင်းဖြစ်၏၊ စာရေးသူ နှစ်ကျမ်းစွဲဘဝဖြင့် လေနေသည်ကို ဆရာတော် သတိထားမိသွား၏၊ တနေ့ ဆရာတော်နှင့် အမှတ်မထင် ဆုံမိသော အခါ ဆရာတော်က "ဟို သတ္တဝါက ကျမ်းပြီးပြီလား"ဟု မေး၏၊ "မပြီးသေးပါ ဘုရား၊ နှစ်ကျမ်းစွဲပါဘုရား" လျှောက်ထားသောအခါ ဆရာတော်က "ဘာကျမ်း ကျန်လဲ"ဟု ဆက်မိန့်၏၊ "သီလကွန်ကျမ်းပါဘုရား"ဟု လျှောက်ထားသောအခါ "အေး ဒါဆို ဒီနှစ် ငါ သီလကွန် စာဝါ ချတဲ့အခါ မင်း စာဆိုရမယ်"ဟု အမိန့်ရှိခါ ဆက်ကြွသွား၏၊ ရှေ့ဆက်ကြွ သွားသောဆရာတော်ကို ကြည့်ရင်း မိမိစိတ်များ လှုပ်ရှားလာ၏၊ စာဆိုတစ်ယောက်၏ လုပ်ငန်းခက်ခဲပုံကို သိ၍လည်းကောင်း ဆရာတော့်ထံ စာဆိုရမည်ဖြစ်၍ လည်းကောင်း ပူထူလာ၏၊ သို့သော် မတတ်နိုင်ချေ၊ ဆရာတော်က အမိန့်ချသွားခဲ့လေပြီ။

စာရေးသူသည် အလွန်ပျင်း၏၊ ပါဠိတော်အဋ္ဌကထာဋီကာတို့ကို အနက်မတေးချင်၊ အလွန်ပျင်းသော စာသင်သားတစ်ပါးကို ဆရာတော်က ဆိုဝါအဖြစ် တာဝန်ပေး၏၊ ကြီးလေးလှ၏၊ ဆရာတော်စာချလျှင် ဆရာတော်မေးသမျှ ဖြေနိုင်ဖို့ မေးခွန်းဟောင်းများစွာ စုရ၏၊ ပါဠိတော်အဋ္ဌကထာများကို အနက်လှည့်ရ၏၊ ဋီကာသစ် ဋီကာဟောင်းများကို သူငယ်ချင်း များထံကငှါးရမ်းရ၏၊ ကြည့်တန်ကြည့်၊ ကူးတန်ကူး၊ မှတ်တန် မှတ်၊ ကျက်တန်ကျက်ရ၏၊ အစစအရာရာ သေချာအောင် ပြင်ရ၏၊ လူပျင်းတယောက် ဒုက္ခရောက်ချေပြီ။

စာရေးသူသည် ပင်ကိုယ်ဉာဏ်မည့်လှ၊ စာကျက်ရမှာ ပျင်းခြင်း၊ ဘောလုံးပွဲ ဝါသနာပါခြင်း၊ အခြားသော ကဗျာရူး စာရူး ဗေဒင်ရူး ရူးနေခြင်းစသော အကြောင်းများကြောင့် စာချတန်းကို ဆယ်နှစ်ကြာခဲ့၏၊ မကြိုးစားမှုကြောင့် ယခုကဲ့သို့ ဒုက္ခတွေ့နေရခြင်းဖြစ်၏၊ ထိုဒုက္ခကပင် ဆရာတော်နှင့် ရင်းနှီးကျွမ်းဝင်စေဖို့ ဖြစ်လာ၏၊ ဆရာတော် စာချသည့်နေ့တိုင်း စာဝါလိုက်ရ၏၊ စာဆိုရ၏၊ စာအံကျောင်းများ၌ ဝါကျကွင်းများကို အနက်လှည့်ပေးရ၏၊ စာမေးပွဲနှင့်သက်ဆိုင်သော မေးခွန်းဟောင်းများကို ဖြေပေးရ၏၊ ဝိုင်္ဂျပ်ရေးပေးရ၏၊ စာဝါလစ်၍မရ၊ ဘောလုံးပွဲကြည့်၍မရ၊ ဒုက္ခလှလှ တွေ့ခဲ့ရ၏၊ ဘယ်လောက်ထိ ဒုက္ခတွေ တွေ့သလဲဆိုရင် စာဝါစာအံကျောင်း၌ လူနည်းနေသော်လည်း စာရေးသူ အတန်းတက်နေလျှင် ဆရာတော်သည် အတန်းမစစ်တော့ပေ၊ အဲ့သည်လောက်ထိ ဆရာတော်က ချစ်၏၊ စာရေးသူ မရှိသည့်အခါနှင့် ကြုံပါက ကျန်ရှိသည့်စာသင်သားများ ဒုက္ခရောက်တော့၏၊ ဆရာတော်က အတန်းစစ်၏၊ ဒဏ်ချ၏၊ အခြားစာသင်သား သူငယ်ချင်း များက စာရေးသူ၏ အရိပ်အခြေကို ကြည့်ခါ စာဝါလစ်တန်လစ်၏၊ ဘောပွဲကြည့်တန်ကြည့်၏၊ စာရေးသူ စာအံကျောင်းရှိလျှင် သူတို့ စိတ်ချလက်ချလစ်ကြ၏၊ ဤကဲ့သို့ အချစ်ခံရသော စာရေးသူ ဆရာတော့်ကျေးဇူးကြောင့် ဘုရားနှင့်တွေ့ခွင့်ရခဲ့၏။

တနေ့ ဆရာတော်က စာဝါချရင်း စာရေးသူကို ဝိုင်္ဂျပ်ဆိုခိုင်း၏၊ ဆိုခိုင်းသည့်ဝိုင်္ဂျပ်ကိုတော့ မမှတ်မိ

http://www.dhammadownload.com

တော့ပါ၊ ဆရာတော်ခိုင်းသည့်အတိုင်း စာရေးသူကလည်း ဆိုလိုက်၏၊ ဝိဂြိုဟ်ဆိုလို့မှ မဆုံးသေးခင် ဆရာတော်၏ ရွှေခြေဖဝါးသည် စာရေးသူ ဦးခေါင်းပေါ် ရောက်လာ၏ "သတ္တဝါ . . . ဘာတွေ လျှောက်ဆိုနေတာလဲ"ဟု ငေါက်သည့်အသံက နောက်မှ ပေါ်လာ၏၊ စာရေးသူကလည်း အတွန့်ထပ်တက်၏ "တပည့်တော် ဆရာတော် ဆိုခိုင်းသည့် ဝိဂြိုဟ်ဆိုတာပဲဘုရား မဟုတ်လို့လားဘုရား" ဟု အတွန့်တက်လာသော စာရေးသူကို"သတ္တဝါ . . . မှား လည်း ဆိုသေး အတွန့်က တက်သေး"ဟု ဆိုခါ ထပ်ပြီး ရွှေခြေဖဝါးဖြင့် ပေါက်ပြန်၏၊ ဆရာတပည့်နှစ်ပါး စာဝါချရင်း သူတပြန်ကိုယ်တပြန် ရန်ဖြစ်သည့်နှယ် စကား များနေ၏၊ စာရေးသူက ပြန်ပြောသမျှကို ဗွေမယူဘဲ သည်းခံသည့်ဆရာတော့်စိတ်ဓာတ်ကို လေးစား အားကျ သွား၏။

ဆရာတော်နှင့် စာရေးသူတို့ ဆရာတပည့် နှစ်ပါးသည် အထက်က အဖြစ်အပျက်မျိုး စာဝါချတိုင်း ကြုံရ၏၊ ဆရာတော်က ငေါက်လည်းငေါက် ပေါက်လည်း ပေါက်၏၊ စာရေးသူက လျှောက်လည်းလျှောက် အောင့် လည်းအောင့်၏၊ ဆရာတော်သည် သူပြောသမျှ ငုံ့ခံ မနေဘဲ အကျိုးအကြောင်း လျှောက်ထားမှုကို လက်ခံ၏၊ ဆရာတော်၌ တစ်ချက်လွတ် အာဏာမထား၊ ဗီတို အာဏာစိတ်ဓာတ် မရှိ၊ သူ့အခွင့်အရေး ကိုယ့်အခွင့် အရေးကို လေးစား၏၊ ခွင့်ပြု၏၊ စာရေးသူတို့အတွက် အဖိုးဖြတ်မရသော သခ်ိန်းစာများ ရရှိခဲ့၏။

တခါ မှတ်မိသေး၏၊ စိန်ပန်း သပြုူးရပ်ထဲရှိ စိန်မေတ္တာဗွိဒီယိုရုံတွင် ဗွိဒီယိုကြည့်သော ဦးဇင်းလေး များနှင့် ဗွိဒီယိုရုံပိုင်ရှင်တို့ အစဉ်မပြေ ဖြစ်ကြ၏၊ ဦးဇင်း လေးတစ်ပါးက ထကြမ်း၏၊ ရန်လုပ်၏၊ ဇာတ်ကားပြသမှု အပေါ် မကျေနပ်မှုတို့ ပေါက်ကွဲကုန်၏၊ ထိုအခါ ဗွိဒီယို ရုံပိုင်ရှင်သည် ဆရာတော်ထံ လာလျှောက်၏၊ ဆရာ တော်က ဗွိဒီယိုရုံပိုင်ရှင်အား "ဘယ်ကျောင်းကလဲ"ဟု မေး၏၊ ဗွိဒီယိုရုံပိုင်ရှင်က "ကျောင်းတော့မသိပါဘူးဘုရား၊ အသားညိုညိုတုပ်တုပ်၊ ရုပ်ကြမ်းကြမ်း ဦးဇင်းပါဘုရား"ဟု လျှောက်တော့ ဆရာတော်သည် အနီးနေတပည့်များကို "ဘာဏာကက တိက္ခ သွားခေါ်ခြေ"ဟုခိုင်း၏၊ ဆရာတော် နေသည့် ဒါယာဒကျောင်းမှ မိတ်ဆွေသူငယ်ချင်း ဖြစ် သော ဦးဣဿရိယ(မိုက်ကယ်)က "ဘုန်းကြီးဘုရား တိက္ခက အဲဒီလို မလုပ်တတ်ဘူးဘုရား၊ ဘာဏာကက သြသဖြစ်မယ်ဘုရား"ဟု လျှောက်တော့မှ သက်သာရာ ရသွား၏၊ ဆရာတော်က စာရေးသူအပေါ် အဲဒီလောက် ချစ်၏၊ ဂရုစိုက်၏၊ အထင်ကြီး၏။

ဆရာတော်နှင့်ပတ်သက်သမျှ အမှတ်ရမိတိုင်း ဦးတင်မိ၏၊ ဘဝတစ်လျှောက်လုံး လူတစ်လုံး သူတစ်လုံး ဖြစ်အောင် သွန်သင်ညွှန်ပြခဲ့သမျှ သတိရမိ၏၊ ဆရာ တော်သည် အနိုင်ကျင့်၍ ဗိုလ်ကျစိုးမိုးသောစရိုက်နှင့် စိတ်ဓာတ်ကို မုန်းတီး၏၊ ဆရာတော်၏ ခံယူချက်နှင့် စိတ်ဓာတ်တို့သည် စာရေးသူထံ ကူးစက်လာပါ၏၊ အနိုင်ကျင့်၍ ဗိုလ်ကျစိုးမိုးမှုတို့ကို မြင်ရသောအခါ စိတ်ဓာတ်များသည် ရုန်းကြွလာ၏၊ တော်လှန်လိုသော စိတ်ဓာတ်များ ဖြစ်ပေါ်လာ၏၊ စာရေးသူ ကျေးလက် သာသနာပြုလုပ်ငန်း အဆင်ပြေ အောင်မြင်နေခြင်းမှာ ဆရာတော်၏စိတ်ဓာတ်နှင့် ခံယူချက်တို့ ကူးစက်လာခြင်း ကြောင့်ပင်ဖြစ်၏၊ စိတ်ဓာတ်ကျစရာတွေတိုင်း စိတ်ဓာတ် မကျမိအောင် ဆရာတော်၏ အဆုံးအမတို့ဖြင့် မြှင့်တင် ပေးရ၏၊ ဆုံးမရ၏၊ နှလုံးသွင်းရ၏။

စာရေးသူ ကျေးလက်ဘုန်းကြီးဘဝရောက်ပြီး နောက်ပိုင်း ဆရာတော်နှင့်ဆုံသောအခါ ဆရာတော်က ကျေးလက်လူထု၏ ပညာရေး၊ စီးပွားရေး၊ နိုင်ငံရေး အသိများ နိုးကြားရန် ကျောင်းထိုင်ဘုန်းကြီးများ၌ တာဝန် ရှိကြောင်း မိန့်၏၊ ရပ်သူရွာသား အချင်းချင်း အယူဝါဒကို အကြောင်းပြု၍ဖြစ်စေ၊ နိုင်ငံရေးကို အကြောင်းပြု၍ ဖြစ်စေ ရန်မဖြစ်စေဖို့ အမြဲမှာ၏၊ ဆုံးမ၏၊ ဩဝါဒပေး၏၊ စာရေးသူသည် ဆရာတော်၏ ဩဝါဒနှင့် ဆုံးမမှုတို့ကို နာယူရင်း ကျေးလက်ဒေသ၌ ကျရာတာဝန်ကို ကျေပွန် စွာ ထမ်းရွက်နေ၏။

ဆရာတော်နှင့် ပတ်သက်သမျှ ရေးဖွဲ့လို့ မကုန် နိုင်ပါ၊ ဆရာတော်သည် စာရေးသူနှင့်တွေသည့်အခါတိုင်း ကျေးလက်နေပြည်သူတို့၏ ဘဝကို စိတ်ဝင်စားစွာ မေးမြန်း၏၊ ကြားသိရသမျှကို စဉ်းစားသုံးသပ်၏၊ ဩဝါဒ ပေး၏၊ ဆရာတော်၏ ရွှေခြေဖဝါးနှင့် ရင်းနှီးခဲ့ရသော စာရေးသူသည် ရှေးကံပစ်ချ၍ ကျရောက်လာသည့် ကျေးလက်သာသနာ ပြုလုပ်ငန်းကို မြတ်မြတ်နိုးနိုးလုပ် ဆောင်ရင်း လွန်ခဲ့သောဆယ်စုနှစ်က ဆရာတော်ငေါက် ၍ ပေါက်ခဲ့သည့် ရွှေခြေဖဝါးတော်ကို လွမ်းနေမိပါပေ တော့သည်။

မောင်တင်ဝေ(ရေစကြို)

http://www.dhammadownload.com

လောကၠ လူရယ်လို့ဖြစ်လာပြီဆိုရင် လူတိုင်း လူတိုင်း လူတစ်ခု ဘဝတစ်ခု သမိုင်းတစ်ခုဆိုတာ တွင်ကျန်မှု ရှိကြစမြဲပင်ဖြစ်ပါသည်၊ ပြုလုပ်တဲ့ အကြောင်းကံ ကောင်းလျှင် သမိုင်းကြောင်းလှ၍ ပြုလုပ်တဲ့ အကြောင်းကံ မကောင်းလျှင်ကား သမိုင်းကြောင်း မလှဖြစ်တတ်သည်မှာ လောကတံထွာ ဓမ္မတာဖြစ်ပါသည်၊ သို့ဖြစ်၍ စာရေးသူတို့ရဲ့ အနန္တကျေးဇူးတော်ရှင် မစိုးရိမ်တိုက်သစ်ကြီး သုံးတိုက်တို့၏ အဓိပတိမဟာနာယကချုပ်ဆရာတော် ဘဒ္ဒန္တ ရာဇမဟာဘိဝံသ မထေရ်မြတ်၏ ဘဝသမိုင်း တစ်စိတ်တစ်ဒေသကို သမိုင်းရေးထိုးကာ မှတ်တမ်းတင်ပြလို သည့်အတွက် "ဆရာတော်မွေးဖွားသော မစိုးရိမ်တိုက် သစ်ခွဲ-၃ ရင်သွေးငယ်"ဟူသော ခေါင်းစဉ်ဖြင့် ဆရာတော်အား ဂုဏ်ပြုမှတ်တမ်း ရေးထိုးတင်ပြလိုက်ခြင်းဖြစ်ပါသည်။

စာရေးသူ၏ ခေါင်းစဉ်စာတမ်းနှင့်အညီ ဆရာတော်မွေးဖွားသော မစိုးရိမ်တိုက်သစ်ခွဲ-၃ ရင်သွေးငယ်

ဆရာတော်မွေးဖွားပေးသော မစိုးရိမ်တိုက်သစ်ခွဲ(၃) ရင်သွေးငယ်

ဦးဥတ္တမသာရ



http://www.dhammadownload.com

ဖြစ်ပေါ်လာပုံ သမိုင်းမှတ်တမ်းအစကား . . .

၁၃၆၆-ခုနှစ်၊ နတ်တော်လဆန်း(၈)ရက်နေ့ နေ့လည်(၂)နာရီလောက်က ဖြစ်ပါသည်၊ ရုံးသာရပ် ရယကလူကြီးများလဲဖြစ် ရတနာပုံသာဆုတောင်းရဉီးပေစိဘုရား ဂေါပကလူကြီးများလည်း ဖြစ်ကြသော ဦးဉာဏ်ထွန်း, ဦးဝင်းမောင်, ဦးမြင့်သိန်း, ဦးကျော်စိုး လေးဦးတို့ ဆရာတော်ထံ လာရောက်လျှောက်ထားကြသည်။

လျှောက်ထားပုံမှာ ယခုမစိုးရိမ်တိုက်သစ်ခွဲ-၃ ဦးပေစိဥယျာဥ်ကျောင်းတိုက် တည်ရှိရာ ဘုရားဝတ္ထုက မြေနေရာကို ဆရာတော်အား လှူဒါန်း၍ ဆရာ တော်မှ ကျောင်းထိုင်ဘုန်းကြီးတစ်ပါး နေရာချထား ပေးစေလိုပြီး စာသင်တိုက်တစ်ခုဖြစ်စေချင်ပါသည် ဘုရားဟု လျှောက်ထားကြသည်။ (ထိုသို့ လာရောက် လျှောက်ထားသည်ကို စာရေးသူ မသိပါ)။ ဘွဲ့အမည်နှင့်တကွ လျှောက်ထား သည်ဟု နောက်တစ်နေ့ ၁၃၆၆-ခုနှစ် နတ်တော်လဆန်း (၉)ရက် တနလ်ာနေ့ နံနက် (၈)နာရီ (၁၅)မိနစ်အချိန် ဓမ္မသီတဂူကျောင်း အလယ်ထပ်မှာ ဆရာတော်က စာရေးသူအား ခေါ်၍ အမိန့်ရှိမှ သိရသည်။

"အေး. . ဦးပေစိဘုရား အနောက်ဘက်က ဥယျာဥ်ကျောင်းတိုက် မင်းသိသလား"ဟု ဆရာတော်က မေးရာ၊ "သိပါသည်ဘုရား"ဟု စာရေးသူ ပြန်လည် ဖြေကြားလျှောက်ထားသောအခါ ဆရာတော်က ဆက် လက်၍ "အဲဒီကျောင်းတိုက်မြေနေရာကို ဂေါပကအဖွဲ့က ငါ့ကို လှူဒါန်းတယ်၊ သူတို့ဆန္ဒအရ စာသင်တိုက် ဖြစ်စေ ချင်တယ်လို့ လျှောက်တယ်၊ မင်းကို ဘွဲ့အမည်နှင့်တကွ လာရောက် လျှောက်ထား တာဖြစ်တဲ့အတွက် မင်းနေနိုင် မလား"ဟုမေးရာ ငြိန်းကနဲ စာရေးသူ ဘာဖြေရမှန်းမသိ ဖြစ်သွားခဲ့ရပါသည်။ ခဏကြာသော် စာရေးသူ စိတ်ထဲ အကြံဖြစ် ပေါ်လာသည်က "ငါလက်ခံလိုက်ရင် ရွာဆရာ တွေက ငါ့ကို ဘာပြောကြမလဲ၊ ဆူများနေမလား၊ လက် မခံနဲ့လို့ဘဲ ပြောမလား၊ တစ်ဖန် လက်မခံဘဲ ငြင်းပယ် လိုက်ရင်ကော ဆရာတော်က ငါ့ကို အတော်အသုံး မကျတဲ့ကောင် စသည်ဖြင့် ငေါက်များနေမလား၊ ဆရာ ဆိုတဲ့ ဓားနှစ်လက်အောက်မှာ ဘယ်လိုများရှောင်ထွက် ရပါ့မလဲ"လို့ တွေးတောဝေခွဲမရခင်မှာဘဲ ဆရာတော်က "ဟေ့ကောင် ဥတ္တမ မင်း မေးနေတာ မကြားဘူးလား ကွ"ဟု တပည့်တွေကို ဆက်ဆံနေကျ လေသံအတိုင်း မျက်နှာကြောတင်းတင်း အသံပြင်းပြင်းဖြင့် ငေါက်ငမ်း မေးလိုက်ရာ နီးရာဓားကို ပိုကြောက်ရတယ်ဆိုတဲ့ စကား ကဲ့သို့ စာရေးသူ ကြောက်အားလန့်အားဖြင့် "မှန်ပါ့ဘုရား" ဟု လျှောက်တင်မိလိုက်ပါသည်။

ဆက်လက်၍ ဆရာတော်က "အေး ဒါဆိုရင် မင်း ညနေ အဲဒီနေရာ သွားကြည့်၊ ဒါပေမဲ့ အခုတော့ တစ်ခါ တည်း မပြောင်းနဲ့ဦး၊ တပေါင်းလလောက်မှ ပြောင်း၊ နဂါးလှည့်မသင့်သေးဘူးကွ ဟုတ်လား၊ လောကီ နည်းတွေကလည်း ဒီနေရာမှာ လိုအပ်တယ်ကွ"ဟု အမိန့်ရှိပါ သည်။ ဤစကားရပ်သည် တပည့်တွေအပေါ် ထားရှိတဲ့ ဆရာတော်ရဲ့ စေတနာမှန် မေတ္တာမှန် ကရုဏာမှန်တွေ ကို ထင်ဟပ်ပေါ်လွင်စေခဲ့ပါသည်။

ဆရာတော်ရဲ့ ပင်ကိုယ်စိတ်ထားသည် တပည့် တွေကို အမြဲတမ်း မျက်နှာရွှင်ရွှင်ပြပြ စကားတော် ချိုမြမြနှင့် ဘဝအလှ စကားပန်းတွေ ဆင်မြန်းချင်ပေမဲ့ တပည့်တွေ တိုးတက်အောင်မြင်စေရေး အသိဉာဏ် ရှင်သန်တိုးပွား စေရေးအတွက်သာ ရှေးရှုတော်မူလျက် မျက်နှာကို မာန်ထုတ် စကားအရာကို ဟန်လုပ်ပြီး အပြုံးပန်းကို ကန်ထုတ်ကာ အမုန်းပန်းကို ရင်ဝယ် ပိုက်ထွေးလျက် မျက်နှာကြော တင်းတင်း အသံပြင်းပြင်း ဖြင့် ဆက်ဆံနေရခြင်းသည် မိမိ သြဝါဒအတိုင်း "မင်းတို့လိမ္မာဖို့ ငါ မိုက်မယ်"ဆိုတဲ့ စကားနဲ့ ရှေ့နောက် လိုက်လျောညီထွေလှပေသည်။ တပည့်များကို တိုးတက် အောင်မြင်စေရေး အသိဉာဏ် ရှင်သန်တိုးပွားစေရေး အတွက် လောကီနည်းလောကုတ္တရာနည်းတို့ဖြင့် ကောင်းတာကိုဆောင် မကောင်းတာကို ရှောင်ကြဉ်ကြ စေဘို့အတွက် နည်းညွှန်လမ်းပြပေးခဲ့ပေသည်။ ဤသည့် အချိန်ခါကာလသည်ကား မစိုးရိမ်တိုက်သစ်ခွဲ-၃ ရင်သွေး ငယ်၏ သန္ဓေတည်စ အချိန်ခါကာလဟု ဆိုရပေမည်ဖြစ် ပါသည်။

ရက်လနှစ်တွေ ပြောင်းရွှေ့လာသည်နှင့်အမျှ ၁၃၆၆-ခုနှစ်ကုန်ဆုံး၍ ၁၃၆၇-ခုနှစ် နှစ်ဦးကာလသို့ ရောက်ခဲ့ပေပြီ၊ ၁၃၆၇-ခု နှစ်ဦးကာလ နယုန်လဆန်း (၁၄)ရက်နေ့မြတ်အခါ၌ ဆရာတော်သည် စာရေးသူအား ယခင်ဥယျာဥ်ကျောင်းတိုက်ကို ကျောင်းတင်ပွဲမင်္ဂလာ ပြုလုပ်ကာ ဆရာဒကာစုံလင်စွာဖြင့် အပ်နှံလှူဒါန်းခဲ့ ပါသည်၊ ကျောင်းတိုက်အမည်ကိုလည်း "ဦးရာဇမ္မာ ဘိဝံသ တည်ထောင်တော်မူသော မစိုးရိမ်တိုက်သစ်ခွဲ-

http://www.dhammadownload.com

၃ ဦးပေစဉ်ယျာဉ်ကျောင်းတိုက်"ဟု ကမ္ဘည်းထိုး အမည်တွင်စေခဲ့ပါသည်။ ဤသည်ကိုပင်လျှင် "ဆရာတော်မွေးဖွားသော မစိုးရိမ်တိုက်သစ်ခွဲ-၃ ရင်သွေးငယ်"ဟု စာရေးသူ ခေါင်းစည်းစာတမ်းပြုကာ မှတ်တမ်းတင်ဂုဏ်ပြုလိုက်ခြင်းဖြစ်ပါသည်။

ဆက်လက်၍ ရေးရ ပြောရဦးမည်ဆိုလျှင် ဆရာတော်သည် ရင်သွေးငယ်ကို ခက်ခက်ခဲခဲ မွေးဖွားပေးခဲ့ရသည်ဟု ဆိုရပေမည်။ အဘယ့်ကြောင့်ဆိုသော် ထိုစဉ်အခါက ဥယျာဉ်ကျောင်းတိုက်ကြီးအတွင်းမှာ ဒုစရိုက်သမားတို့ မွေ့လျော်ကျက်စားရာ နေရာဌာနတစ်ခုအနေဖြင့် တည်ရှိခဲ့ပြီး ယခုကဲ့သို့ တိုက်တာအဆောက်အဦကြီးတွေ ဘာတစ်ခုမျှ မရှိခဲ့၊ ပျဉ်ခင်းပျဉ်ကာ ဇရပ်တစ်လုံးနှင့် ဆယ်ပေပတ်လည် ကမ္ဘဌာန်းကျောင်းအုတ်တိုက်ကလေးတစ်လုံးသာပါရှိလျှက် ဝါးထရံတံတိုင်းကာရံထားကာ အပ်နှံခဲ့ရခြင်းကြောင့်ဖြစ်ပါသည်။

ကျောင်းထိုင်ဘုန်းကြီးဘဝ ရောက်ခဲ့ရသော စာရေးသူသည် ထို့နေ့မှာပင် စိုးရိမ်တဲ့စိတ် အားငယ်တဲ့စိတ်တွေ ဝင်လာခဲ့ပါသည်၊ "အင်း . . ငါ ကျောင်းတော့ ထိုင်လိုက်ပြီ၊ ဆရာတော်စိတ်တိုင်းကျ ဒကာ,ဒကာမများရဲ့ ဆန္ဒ ဖြည့်မှဖြည့်ဆည်းပေးနိုင်ပါ့မလား၊ ငါ့မှာကော ကျောင်းနဲ့ကန်နဲ့ တူတူတန်တန် နေထိုက်တဲ့ အတိတ်ကံပါမှပါရဲ့လား"လို့ စိုးရိမ်စိတ်အားငယ်စိတ်တွေ ဖြစ်နေခိုက် ဒုတိယအတွေးစိတ်ကို ဖြေသိမ့်ဖြည့်ဆည်းပေးတဲ့ သတင်းစကားလေးတစ်ခု မမျှော်လင့်ဘဲ တရားနာရေစက်ချခါနီးကြားသိ လိုက်ရပါသည်။ ထိုစကားမှာ ရုံးသာရပ် နေဦးအေး+ဒေါ်ခင်ပု မိသားစုတို့က "တပည့်တော်တို့ ကျောင်းတိုက် အတွင်းမှာ ကျောင်းထိုင်ဘုန်းကြီးတစ်ပါးရလာပြီဆိုတော့ နှစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင် တပည့်တော်တို့ စတင် ဆောက်လုပ်လှူဒါန်းပါမည်ဘုရား"ဟု ဆရာတော်ကို လျှောက်တဲ့စကား ကြားသိလိုက်ရသောအခါ စိတ်ထဲမှာ အတိုင်းမသိ ဝမ်းသာပီတိဖြစ်ခဲ့မိပါသည်။ ဆရာတော်ကိုယ်တိုင်လဲ တပည့်တွေနဲ့ ပြောဆိုဆက်ဆံတဲ့ အမူအရာမျိုးမဟုတ်ပဲ ကြည်နူးဝမ်းသာ ပြုံးရွှင်သောမျက်နှာထားဖြင့် ထူးခြားစွာ မြင်တွေ့လိုက်ရပါသည်။

ဦးအေး+ဒေါ်ခင်ပု မိသားစုတို့ ဆောက်လုပ် လှူဒါန်းသော ကျောင်းသည်ကား ယခုအခါ မဓူဥယျာန ကျောင်းပင်ဖြစ်ပါသည်၊ ဤကဲ့သို့ အမည်သညာပြုထားရခြင်းမှာ "ဓမ္မသည် မစိုးရိမ်တိုက်သစ်ကျောင်းတို့၏ သင်္ကေတဖြစ်ပြီး၊ ဥယျာနသည်ကား ယခင်ဥယျာဉ်ကျောင်းဟူသော အမည်၏ ပါဠိဝေါဟာရဖြစ်၍ နှစ်မျိုးပေါင်းစပ်ကာ ဓမ္မဥယျာနကျောင်း"ဟု စာရေးသူ အမည်ပေးထားခြင်းဖြစ်ပါသည်။ ထိုကျောင်းဖြစ်ပေါ်လာရခြင်းသည် စာရေးသူအတွက်တော့ တရားနာရေစက်ချကာနီးမှ ထူးခြားစွာ ပေါ်ပေါက်လာတာမို့ မဂ်လာစံကျောင်းဟုပင် ဆိုနိုင်ပါသည်။

စာရေးသူသည် ဆရာတော်ဘုန်းရိပ်ကံရိပ်ကို မှီခိုခဲ့ရသူပီပီ ရှေးဦးစွာ ဦးဦးဖျားဖျား ထူးထူးခြားခြား မှီခိုခွင့်ခံစားခွင့် ရရှိလိုက်ခြင်းပင်ဖြစ်ပါသည်။ ဆက်လက်၍ တောင်ကြယ်ခတ်ဝင်းနေ ဦးဘကြိုင်+ဒေါ်ဂျမ်း မိသားစုတို့ လှူဒါန်းသော မုခ်ဦးနှင့် အလှူရှင်အများ လှူဒါန်းသော အုဋ္ဌတ်တိုင်းများ၊ မန္တလေးမြို့ စိန်ပန်းရပ်နေ ဦးသာအေး+ဒေါ်ကြည်(ရွှေလက်ရာတွင်စက်မှုလက်မှု)မိသားစုတို့ လှူဒါန်းသော ကုဋီဆယ်လုံးနှင့်အဝိစီစက် ရေတွင်း၊ ရေကန်နှင့်လျှပ်စစ်မီးတိုင်၊ မီးလိုင်းများ၊ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြို့သစ်(၁) ရတနာပုံလမ်း နေဦးအောင်နိုင်+ဒေါ်သင်းစိန် မိသားစုလှူဒါန်းသော ငွေခြေသွေ့ကျောင်း စသည်တို့မှာလဲ နှစ်နှစ်သုံးနှစ်အတွင်းမှာပင် ဆက်တိုက်ဆိုသလို ပေါ်ပေါက်လာခဲ့ပါသည်။

သို့ဖြစ်၍ ဆရာတော် စိတ်တိုင်းကျ မဖြစ်နိုင်သေးစေကာမူ တစ်စိတ်တစ်ဒေသအားဖြင့် စိတ်တိုင်းကျတော့ဖြစ်စေခဲ့ပါပြီ၊ ယခုအခါ စာသင်သားသံဃာ အပါး ၅၀ ကျော် ပရိယတ်တာဝန်တွေ ထမ်းဆောင်နေကြပြီ ဖြစ်၍လည်း ဒကာ,ဒကာမများတို့ရဲ့ဆန္ဒ အထိုက်အလျောက် ပြည့်စုံစေခဲ့ပါပြီ၊ မည်သို့ပင် ဆရာတော် စိတ်တိုင်းကျဖြစ်စေကာမူ တပည့်တွေကိုတော့ မျက်နှာသာပေးမည်မဟုတ်ပါ။ ပြောစရာဆိုစရာရှိလျှင် လူကြားမရှောင် သူကြားမရှောင် ပြောဆိုတတ်ပါသေးသည်။ စာရေးသူအုတ်တံတိုင်းတွေ လုပ်နေစဉ် နန်းအောင်မြေရပ်ကွက် ဆွမ်းစားတစ်ခုမှာ ဆရာတော်နှင့်ဆုံခဲ့ပါသည်။ ထိုအခါ ဆရာတော်က "ဟေ့ကောင် ဥတ္တမ . . မင်း အခု အုဋ္ဌတ်တိုင်းတွေ လုပ်နေတာ အလှူခံပြီး လုပ်နေတာလား ကွ" "တပည့်တော် အလှူခံပြီး လုပ်နေတာမဟုတ်ပါဘုရား၊ ဒကာပေါ်လို့ လုပ်နေတာပါဘုရား"ဟု လျှောက်ထားသောအခါ "အေး ဒကာပေါ်ရင် လုပ် ဒကာ မပေါ်ရင် မင်း ရပ်ထား၊ အလှူမခံနဲ့၊ မင်း ကိုယ့်အလုပ် ကိုယ်

http://www.dhammadownload.com

လုပ်ကွ"ဟု သံဃာ့အလယ် ပရိသတ်အလယ်မှာ အမိန့်ရှိခဲ့ပါသည်၊ သာမန်အတွေးအမြင်အားဖြင့် ကြည့်လျှင် ဆရာတော်သည် ကိုယ့်တပည့်ကို လူကြားထဲမှာ အရှက်ခွဲသည်ဟု ထင်ကြမြင်ကြ ထင်မြင်ကြပေမည်။ စာရေးသူအနေဖြင့် ထိုသို့မထင်ခဲ့ပါ။ ဆရာတော် မည်သို့ပင်ဆိုစေကျိုးနွံရှိသေစွာ ခေါင်းငုံ့၍သာ နေခဲ့ပါသည်၊ ဆရာတော်သည် စာရေးသူအပါအဝင် တပည့်တွေကို လမ်းမှားကို မလျှောက်လှမ်းမိစေဘို့ အမြဲတမ်း ကြုံသလို လမ်းတည့်ပေးပြီး မျက်လုံး ဒေါက်ထောက်ကြည့်နေတတ်သည်သာ၊ အခုလဲပဲ စာရေးသူကို အမြဲမျက်လုံး ဒေါက်ထောက်ကြည့်နေသည် ဟူ၍သာ ထင်မိပါသည်၊ ဤသည်ပင်လျှင် ဆရာတော်သည် တပည့်တွေ တိုးတက် အောင်မြင်စေရေး အသိဉာဏ်ရှင်သန်တိုးပွားစေရေးတို့အတွက် အမြဲရှေးရှုနေသည်မှာ ထင်ရှားလှပေသည်။

၁၃၇၂-ခုနှစ် ဝါဆိုဦးကာလ၌ ရွှေလရောင် သင်္ကန်းတိုက်ပိုင်ရှင် ဒါယိကာမကြီး ဒေါ်ညိုမှ မစိုးရိမ်တိုက်သစ်အတွင်း ပေတစ်ရာပေငါးဆယ်သုံးထပ်ကျောင်းကြီး ဆောက်လုပ်လှူဒါန်းရန် လျှောက်ထားသောအခါ ဆရာတော်က "ဒို့တိုက်မှာ ဆောက်စရာမရှိတော့ဘူး နေရာတွေ ပြည့်နေပြီ၊ အေး ငါ တည်ထောင်တဲ့ တိုက်ခွဲ-၃ မှာတော့ ဆောက်လို့ရနိုင်တယ်"ဟု ပြောပြီး ကျောင်းဆောက်လုပ်လှူဒါန်းမည့် ဒါယိကာမကြီး ဒေါ်ညိုကို ခေါ်ပြသောအခါ အလွန်သဘောကျသွားခဲ့သည်။ ထို့ကြောင့် ဓမ္မသမိဿိကျောင်း နာယကဆရာတော် ဦးဝါသေဋ္ဌာဘိဝံသကို ဆောက်လုပ်ရေးတာဝန်ပေးပြီး ဆောက်လုပ်စေခဲ့ပါသည်။ ယခုအခါ ရွှေလရောင် အလယ်တိုက်ကြီးသည် ရင်သွေးငယ်ကျောင်းတိုက်အတွင်း ခမ်းနားထည်ဝါစွာ တည်ရှိနေပြီဖြစ်ပါသည်။

မန္တလေးမြို့၊ ၈၅-လမ်း၊၃၉-လမ်းဒေါင့် ဒေါ်တင်တင်(အကယ်ဒမီကြွေချေးချွတ်ဆေး)မိသားစု လှူဒါန်းသော သစ္စဝေဒဂူ နှစ်ထပ်ကျောင်းဆောင်ကိုလည်း ဆောက်လုပ်လှူဒါန်းစေခဲ့ပါသည်၊ သို့ဖြစ်၍ ဆရာတော်သည် မိမိတည်ထောင်သော မစိုးရိမ်တိုက်သစ်ခွဲ-၃ ရင်သွေးငယ် ကျောင်းတိုက်အတွင်းမှာ ရွှေလရောင် အလယ်တိုက်ကြီးနှင့် သစ္စဝေဒဂူနှစ်ထပ်ကျောင်း နှစ်ကျောင်းတို့ကို သာသနာတော်ကြီး အဓွန့်ရှည်ကြာတည်တံ့စေရေး သာသနာတော်ကြီး ထွန်းကားပြန့်ပွားရေး စာသင်သားသံဃာတော်များ ချမ်းသာစွာ သာသနာပြုနေထိုင် နိုင်ရေးတို့အတွက် ရည်သန်မျှော်ကိုးလျက် ဆောက်လုပ်လှူဒါန်းစေခဲ့ပါသည်။

ဆရာတော်သည် ယခုအခါ သက်တော် ၈၀-နှစ် ပြည့်ပြီဖြစ်၍ ရာပြည့်နှစ်သို့ ဦးတည်နေပြီဖြစ်ပါသည်၊ သို့သော်လည်း သာသနာတော်ရေးအတွက် ဆောင်ရွက်ရာမှာ မိမိခန္ဓာကိုယ်ကို မငဲ့ညှာမသနား အသက်ကိုပင် ပဓာနမထားပဲ သန္ဓေဇဝပါလာကတည်းက ကောင်းတာကို မြတ်နိုးသူပီပီ အကောင်းတကာ့အကောင်းတွေကို ကြိုးစားအားထုတ်တော်မူခဲ့ပါသည်။

ကောင်းတာတွေကို ကြိုးစားအားထုတ်ခြင်းဖြင့်လည်း မိမိဘဝအတွက် ကောင်းတဲ့သမိုင်းမှတ်တိုင်တစ်ခု ထာဝရတည်ရှိနေပေလိမ့်မည်ဆိုတဲ့ ရည်သန်ချက်ဖြင့် ဆောင်ရွက်နေခြင်းသည် "ခန္ဓာကိုယ်ကြီးနဲ့ ဂုဏ်တို့၏ မတူထူးခြား ကွဲပြားခြားနားပုံ"ကို မီးမောင်းထိုးပြလျက်ရှိပါသည်။ ခန္ဓာကိုယ်ကြီးသည် တခဏချင်းမှာပင် ပျက်စီးဆုံးရှုံးတတ်သော သဘောရှိ၍ ဤခန္ဓာကိုယ်ကြီးကို အမှီအရင်းပြုကာ ကြိုးစားအားထုတ်ခြင်းဖြင့် ရရှိဖြစ်ပေါ်လာသော ဂုဏ်တို့သည်ကား ကမ္ဘာဆုံးသည့်တိုင် တည်တံ့သောသဘောရှိကြသည်ကား ဧကန်ဖြစ်ပါသည်၊ သို့ဖြစ်၍ ဆရာတော်သည် "ကမ္ဘာကျော်သော်လည်း ဥဒါန်းမကျေ၊ လူသေသော်လည်း နာမည် မသေစေရ" ဆိုတဲ့ လောကဆိုရိုးစကားနှင့်အညီ ဆရာတော်၏ ဂုဏ်သတင်းတို့သည်ကား သာသနာ့ အလယ် လောကအလယ်မှာ သမိုင်းမှတ်တိုင်တစ်ခုအဖြစ် ထာဝရတည်ရှိနေမည်မှာ အမှန်ပင်ဖြစ်ပါကြောင်း ဆရာတော်၏ ဘဝသမိုင်းကို တစ်စိတ်တစ်ဒေသအနေအားဖြင့် မှတ်တမ်းတင်ဂုဏ်ပြုဖော်လိုက်ရပါတော့သည်။

"ဆရာတော် သက်တော်ရာကျော်ရှည်တော်မူပြီး
ကျန်းမာချမ်းသာစွာဖြင့် သာသနာပြုတော်မူနိုင်ပါစေ"

မစိုးရိမ်တိုက်သစ်ခွဲ-၃
ဥယျာဉ်မှူးရင်သွေးငယ်
(တပည့်-ဥတ္တမသာရ)

http://www.dhammadownload.com



အရာရာမှာ ဒေါင်မြင်ချင်ရင်

ကေတုပဇ္ဇော

၁၃၇၃-ခုနှစ်၊ တပေါင်းလဆန်း(၀၁)ရက်၊ (၃၊ ၃၊ ၂၀၁၂)စနေနေ့ ညနေပိုင်းမှာ မစိုးရိမ်တို့က်သစ်ကြီးများ၏ အဓိပတိမဟာနာယကချုပ်၊ ဆရာတော် ဘုရားကြီး ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ၊ ကပိုင်ဆရာတော် ဘဒ္ဒန္တဝိမလ တို့နှင့် အတူ မလေးရှားနိုင်ငံသို့ ကြွကြရပါ၏။ မလေးရှားမှ လာသောလေယာဉ် နောက်ကျနေ၍ ရန်ကုန်လေဆိပ်မှာ အတော်လေး စောင့်ရသေး၏။ မလေးရှားလေဆိပ်သို့ ည(၇း၃၅)နာရီတွင် ရောက်ပါ၏။ ထိုအချိန်က မလေးရှား မှာ မိုးသဲသဲမဲမဲ ရွာချနေ၏။ လေယာဉ်အဆင်း လျှောက်လမ်းအထွက်မှာ ခရီးသည်များအတွက် ထီးများ အဆင်သင့် ထားပေးပါ၏။

အနေကဇာတင် မဂ်လာသဘင်

ဒီတခါ၌ကား ထွက်ခွာဆောင်အထိ လျှပ်စစ်ကား မစီးရတော့၊ ခရီးသည်များ ခြေလျင်သွားကြရ၏၊ မိုးရွာနေ၍ လျှောက်လမ်းမှာ ရေများရှိနေသောကြောင့်

http://www.dhammadownload.com



ဇေယျသိဒ္ဓိလာဘာမုနိမြတ်စွာဘုရား(အောင်တော်မူဘုရားဝင်းအတွင်း)

ဖိနပ်များပင် ရေစိုကုန်တော့၏၊ လာရောက်ကြိုဆိုကြသော မလေးရှား ဒကာဒကာမများက လေဆိပ်မှ တည်းခိုနေထိုင်ကာ အနေကဇာတင်မည့် ရိပ်သာသို့ ပင့်ဆောင်ကြပါ၏။ (တပေါင်းလဆန်း (၁၁)ရက်ဝန်းကျင်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့၌ မိုးမရွာသေး၊ ပူနေအိုက်နေပြီ ဖြစ်ပါ၏၊ မလေးရှားမှာကား မိုးရွာနေ၍ မပူမအိုက်လှပါ၊ နေလို့ ထိုင်လို့ ကောင်းပါ၏)

မလေးရှားနိုင်ငံရှိ တရုတ်ဗုဒ္ဓဘာသာဝင်များက ကလန်းမှာ ဆီအုန်းခြံကြီးကို ဝယ်ယူ၍ ဘိုးဘွားရိပ်သာ ဆောက်လုပ်နေကြပါ၏၊ ယင်းရိပ်သာအတွင်း၌ ရွှေတိဂုံပုံတူ စေတီတော်ကို တည်ထားကိုးကွယ် ပူဇော်နေကြပါ၏၊ "စေတီတည်ဖို့ မလေးရှားအစိုးရသို့ ခွင့်ပြုမိန့် လျှောက်ထားတောင်းခံရသည်မှာ (၁၂)နှစ်ကြာမှ ခွင့်ပြုမိန့်ရသည်၊ ခဏခဏလည်း လာကြည့်သည်၊ လာစစ်သည်"ဟု ဆိုပါ၏။

ရွှေတိဂုံပုံတူစေတီတော်၏ ထီးတော်သည်ကား ကြေးထီး ရွှေရောင်စတီးထီး မဟုတ်ပါ၊ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာ၌ ရှိသော ဘုရားအဆူဆူတို့ ပွင့်တော်မူရာ နေရာဌာန၌ ကိန်းဝပ်စမ္ပာယ်တော်မူသော ရုပ်ပွားဆင်းတုတော် စေတီတော်၏ အထွဋ်၌ တင်ထားပူဇော်ထားသော ထီးတော်ကဲ့သို့ ကျောက်ထီးဖြစ်ပါ၏၊ မလေးရှားနိုင်ငံသို့ ကြွရောက်ရခြင်းအကြောင်းမှာ ကလန်းမှာ တည်ထားကိုးကွယ်ပူဇော်အပ်သော ရွှေတိဂုံပုံတူစေတီတော်ကြီးကို ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာသဘင် ဆင်ယင်ကျင်းပဖို့ရာ ကြွရောက်ခြင်းဖြစ်ပါ၏။

ကြားရနာရခဲလှသော အသံ

ကလန်းရိပ်သာသို့ ရောက်သောအခါ ကပိုင်ဆရာတော်က ကပိုင်ကျောင်းဆောင်မှာ နေပါ၏၊ မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးနှင့် စာရေးသူတို့ သုံးပါးက တစ်ဆောင်တည်းမှာ နေရပါ၏၊ မစိုးရိမ်တိုက်သစ် ဆရာတော်ဘုရားက တစ်ခန်း၊ စာရေးသူတို့ သုံးပါးက တစ်ခန်း ဖြစ်ပါ၏။

မလေးရှားရောက်ပြီး (၄၊ ၃၊ ၂၀၁၂)နေ့ မနက်မှာ အိပ်ယာထဲမှ နေ၍ အလွန်မင်္ဂလာရှိသော သာယာနာပျော်ဖွယ် ကောင်းသော မလေးရှားမှာ အလွန်တရာကြားရနာရခဲလှသော အသံတစ်သံကို ကြားရနာရပါ၏၊ ယင်းအသံကား မနက်စောစော အိပ်ယာထ မျက်နှာသစ်ပြီးခါနိုး အရဏ်မတက်ခင် အခါနိုဝယ် မစိုးရိမ်တိုက်သစ်ကြီးများ၏ အဓိပတိမဟာနာယကချုပ်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ၏ အနေကဇာတိသံသာရံ အစရှိသော ဂါထာတော်ကို ရွတ်ဆိုပူဇော်နေသောအသံကို ကြားရနာရခြင်း ဖြစ်ပါသည်။

မစိုးရိမ်တိုက်သစ်ကြီးများ၏ အဓိပတိမဟာနာယကချုပ် ဆရာတော်ဘုရားကြီး၏ အနေကဇာတိသံသာရံ အစရှိသော ဂါထာတော်နှင့် ပဋိစ္စသမုပ္ပါဒ် အနုလုံ ပဋိလုံ၊ ယဒါ ဟဝေ-အစရှိသော ဂါထာတို့ကို ရွတ်ဆိုသံ ပူဇော်သံကို ကြားရသောအခါ ပြည်ထောင်စုသမ္မတနိုင်ငံတော်အတွင်း၌ သီတင်းသုံးနေထိုင်တော်မူကြသော ရဟန်း ရှင်လူပြည်သူအများ ရွတ်ဆိုပူဇော်ကြသော ပုဗ္ဗဏှသုတ်ပရိတ်၌ လာရှိသော

သုနက္ခတ္တံ သုမင်္ဂလံ၊ သုပ္ပဘာတံ သုဟုဋ္ဌိတံ။

သုခဏော သုမုဟုတ္တော စ၊ သုယိဋ္ဌ ဗြဟ္မစာရိသု။ (အံ၊၁၊၂၉၉)ဟူသော ဂါထာကို သတိရမိပါ၏၊ အာရုံပြုမိပါ၏။

ဆိုလိုရင်းအဓိပ္ပာယ်ကား-အကြင်နေ့၌ ကိုယ်ဖြင့် ကောင်းသောအလုပ်ကို ပြုလုပ်ကြ၏၊ နှုတ်ဖြင့် ကောင်း

http://www.dhammadownload.com

သော စကားကို ကောင်းသော တရားသဲကို ပြောဆိုကြ ရွတ်ဆိုကြ၏။ စိတ်ဖြင့် ကောင်းသော အကြံအတွေး ကို ကြံတွေးကြ၏။ ထိုနေ့သည် နက္ခတ်အပေါင်း မကောင်း မရှိ အကောင်းအတိသာ ဖြစ်၏။ အမင်္ဂလာ ဘယ်ခါမရှိ မင်္ဂလာအတိသာ ဖြစ်၏။ ကောင်းသောအိပ်ယာမှ ထခြင်း ကောင်းသောမိုးလင်းရခြင်း ဖြစ်၏။ အချိန်တိုင်း အချိန် တိုင်း ခဏတိုင်း ခဏတိုင်းမှာ ကောင်းသောအချိန် မင်္ဂလာရှိသောအချိန် ကောင်းသောခဏ မင်္ဂလာရှိသော ခဏချည်းသာ ဖြစ်ပါ၏။ မြတ်သောအကျင့်ကို ကျင့်သော ပုဂ္ဂိုလ်တို့၌ လှူဒါန်းရခြင်း ပူဇော်ရခြင်းသည် ကောင်း သော လှူဒါန်းရခြင်း ကောင်းသော ပူဇော်ရခြင်းတို့သာ ဖြစ်ပါ၏။

အို စာရှူသူ ပုဗ္ဗဏှသုတ် နောက်ဆုံးနားမှာ ပါရှိ သော အထက်ပါဂါထာကို ပြန်လည်ရွတ်ဆိုကြည့်ပါဦး၊ မိမိကိုယ်တိုင် ရွတ်ဆိုဖို့လည်း ကောင်းပါ၏။ မစိုးရိမ်တိုက် သစ်ကြီးများ၏ အဓိပတိမဟာနာယကချုပ် ဆရာတော် ဘုရားကြီး၏ အနေကဇာတိသံသာရံ-အစရှိသော ဂါထာ တို့ကို ရွတ်ဆိုသံကို ကြားရနာရသောအခါ သုတိသာယာ မင်္ဂလာရှိလှသလို ဤသုနက္ခတ္တံ-အစရှိသော ဂါထာကို ရွတ်ဆိုသံ ကြားရနာရသောအခါ သုတိသာယာ မင်္ဂလာ ရှိလှပါ၏။ ဂါထာ၏အဓိပ္ပာယ်ကလည်း အလွန်အလွန် ကောင်းမွန်လှပါ၏။

သုနက္ခတ္တံ-အစရှိသောဂါထာသည် နက္ခတ် ကောင်း မင်္ဂလာအချိန်အခါကောင်းကို ရွေးချယ်နေကြသူ မျှော်လင့်စောင့်စား နေကြသူတို့အတွက် သတိထားစရာ မှတ်သားစရာ လိုက်နာစရာ ဖြစ်ပါ၏။

မန်းတော်ဝင်သစ်စက် မိသားစု

၁၃၇၃-ခုနှစ်၊ တော်သလင်းလဆန်း(၈)ရက်၊ (၂၃၊ ၉၊ ၂၀၁၂)တနင်္ဂနွေနေ့ နံနက် ၆-နာရီတိတိ မင်္ဂလာ ရှိသော အချိန်မှာ ဖြစ်ပါ၏။ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၊ မင်းတဲအိကင်းရပ်ကွက်၊ ၈၈-လမ်း၊ ၁၄×၁၅လမ်းကြား ဘုရားဒါယကာ ဦးထွန်းသန်း+ ဘုရားဒါယိကာမ ဒေါ်ဝင်းဝင်းနိုင်၊ သား-မောင်ကျော်စံဟိန်း၊ သမီး-မရွှန်းမြအိမ် "မန်းတော်ဝင် သစ်စက် မိသားစု" တို့၏ နေအိမ်ရှိ မင်္ဂလာမဏ္ဍပ်မှာ ဖြစ်ပါ၏။

ဇေယျသိဒ္ဓိလာဘမုနိ မြတ်စွာဘုရားအား ဗုဒ္ဓါ ဘိသေက အနေကဇာတင်ဖို့ရာ မစိုးရိမ်တိုက်သစ်ကြီး များ၏ အဓိပတိမဟာနာယကချုပ်ဆရာတော်ဘုရားကြီး



ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ၊ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ၊ မိုးကောင်းတိုက် မန္တလေးတိုင်း သံဃနာယကအဖွဲ့ အကျိုး တော်ဆောင်ဆရာတော် ဘဒ္ဒန္တဇောတိကာ ဘိဝံသ၊ မဟာလောကရန်နှိမ် အောင်တော်မူမြတ်စွာ ဘုရား ရေတော်ဆရာတော် ဘဒ္ဒန္တဣဿရာလင်္ကာရာ ဘိဝံသ အစရှိသော ဆရာတော် (၉)ပါးတို့ ကြွရောက် တော်မူကြပါ၏။

ဇေယျသိဒ္ဓိလာဘမုနိ

ဇေယျသိဒ္ဓိလာဘမုနိမြတ်စွာဘုရား၏ သမိုင်း အကျဉ်းကို တင်ပြပါဦးမည်၊ ၂၀၁၁-ခုနှစ်တွင် ဘုရား ဒါယကာ ဦးထွန်းသန်း + ဘုရားဒါယိကာမ ဒေါ်ဝင်းဝင်း နိုင် မိသားစုတို့အား အပွေးကျည်းပေါင်း ဖြစ်နေပြီး လုံးပတ်ကြီးမားလှသော ပျဉ်းကတိုး သစ်မာတုံးကြီးကို ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းမှ ရရှိခဲ့ပါ၏၊ ယင်း ပျဉ်းကတိုး သစ်မာတုံးကြီးကို ဘုရာဒါယကာ ဦးထွန်း သန်း+ ဘုရားဒါယိကာမ ဒေါ်ဝင်းဝင်းနိုင်မိသားစုတို့က ဘုရားဆင်းတုတော်နှင့် ပလ္လင်တော်ထုလုပ်ကာ ပူဇော်ကြ ပါ၏။

ဘုရားဆင်းတုတော်အမြင့်- ၄-ပေ၊ ၃-လက်မ။

http://www.dhammadownload.com

ဆင်းတုတော်လုံးပတ်-၉-ပေ။ ပလ္လင်တော်အမြင့်-၄-ပေ၊ ၉-လက်မ၊ ပလ္လင်တော်လုံးပတ်-၁၄-ပေ၊ ၉-လက်မ ရှိပါ၏။

ပလ္လင်တော်ပတ်လည် တခွင်ဝယ် မြတ်စွာဘုရား အလောင်းတော် ဖွားတော်မူခန်း၊ တောထွက်တော်မူခန်း၊ ပဉ္စဝဂ္ဂိငါးဦးတို့အား ဓမ္မစကြာတရားဦးဒေသနာ ဟော တော်မူခန်း၊ ဘုရားအမှူးရှိသော မဟာသာဝက ရဟန္တာ အရှင်မြတ်များ ဒေသစာရီကြွတော်မူခန်းနှင့် သားဌက် တိရစ္ဆာန်တို့အား ဘေးမဲ့ပေးရာ ဣသိပတနမိဂဒါဝုန် တော၌ နေထိုင်ကျက်စားကြသော သားဌက်တိရစ္ဆာန် တို့၏ ပုံများ၊ သစ်ပင်ပန်းမာလိမ်များကိုပါ ထည့်သွင်း ထုဆစ်ပုံဖော် ထားပါ၏။

အဆိုပါ ဇေယျသိဒ္ဓိလာဘမုနိမြတ်စွာဘုရားကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်၊ မဟာ လောကရန်နိမ် အောင်တော်မူမြတ်စွာဘုရား ပရိဝုဏ် အတွင်း ဂန္ဓကုဋိကျောင်းတော်၌ ထာဝရကိန်းဝပ် အပူဇော်ခံမည် ဖြစ်ပါ၏။ အို စာရှုသူ မဟာလောကရန်နိမ် အောင်တော်မူမြတ်စွာဘုရား ပရဝုဏ်အတွင်း ဂန္ဓကုဋီ ကျောင်းတော်၌ ကိန်းဝပ် အပူဇော်ခံနေသော ဇေယျသိဒ္ဓိ လာဘမုနိမြတ်စွာဘုရားကို သွားရောက်ဖူးမြော်ပါ-ဟု တိုက်တွန်းပါရစေ။

အနုမောဒနာတရား

ဘုရားအနေကဇာတင်ပြီးသောအခါ မစိုးရိမ် တိုက်သစ်ကြီးများ၏ အဓိပတိမဟာနာယကချုပ် ဖြစ်တော်မူသော ဆရာတော်ဘုရားကြီး ဘဒ္ဒန္တရာဇဓမ္မာ ဘိဝံသက ရေစက်ချအနုမောဒနာတရားကို ဟောကြား တော်မူပါ၏။ ဆရာတော်ဘုရားကြီးက

အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။
ဂဟကာရက ဒိဋ္ဌော'သိ၊ ပုန ဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။

ဒီ အနေကဇာတိသံသာရံ-ဂါထာဟာ "အောင် ဂါထာဖြစ်တယ်၊ အရာရာကို အောင်မြင်လိုသူတိုင်း ဒီဂါထာကို ရအောင်ကျက်ထားပါ၊ နေ့စဉ်နေ့တိုင်း ရွတ်ဆိုပါ"ဟု ပထမဆုံး မိန့်တော်မူပါသည်။

ဆရာတော်ဘုရားကြီးက ဆက်လက်၍ လောက မှာ လက်သမားများ၊ ပန်းရံများ၊ အင်ဂျင်နီယာများ ဗိသုကာများ တိုက်တာအိမ်ဂေဟာများကို တည်ဆောက် ကြတယ်၊ အဲဒီဥပမာအတိုင်းပဲ တဏှာတည်းဟူသော လက်သမားက သတ္တဝါတို့ရဲ့ ခန္ဓာအိမ်ကို တည်ဆောက် တယ်၊ သတ္တဝါတိုင်း သတ္တဝါတိုင်းဟာ ခန္ဓာအိမ်ကို တည် ဆောက်တတ်တဲ့ တဏှာယောက်ျား လက်သမားကြောင့် ဘဝများစွာ သံသရာပတ်လုံး ဆုံလည်တပ်နွား ရဟတ်ချား ပမာ ချာချာလည်အောင် ပြေးလွှားနေကြရတယ်၊ ဒီအနေကဇာတိသံသာရံ-ဂါထာဟာ မြတ်စွာဘုရား ရှင် ကိုယ်တော်တိုင် တဏှာယောက်ျားလက်သမားကို အောင် နိုင်ပုံကို လက်ရုံးတန်းတော်မူတဲ့ ဂါထာ ဖြစ်ပါတယ်။

ပဌမဗုဒ္ဓဝစန

"တဏှာယောက်ျား လက်သမားကို ရှာဖွေနေ သော ငါဟာ သဗ္ဗညုတညာဏ်ကို မရသေးတဲ့အတွက် ကြောင့် ဘဝများစွာ သံသရာထဲမှာ ချာချာလည်အောင် ပြေးသွားခဲ့ရတယ်၊ အဖန်ဖန်အခါခါ ပဋိသန္ဓေတည်နေ ရခြင်းဟာ ဆင်းရဲလှပါတယ်၊ သင် တဏှာယောက်ျား လက်သမားရဲ့ အချင်ရနယ်ဖြစ်တဲ့ ကိလေသာတို့ကို ခိုးဖဲ့ ဖျက်ဆီးအပ်ပြီ၊ ခန္ဓာအိမ်ရဲ့ အထွဋ်သဖွယ်ဖြစ်တဲ့ အဝိဇ္ဇာ ကို ဖျက်ဆီးအပ်ပြီ၊ ငါဘုရားရဲ့စိတ်ဟာ သခါရကင်းရာ နိဗ္ဗာန်ဘုံကို ရောက်ပြီ၊ တဏှာ၏ကုန်ရာ နိဗ္ဗာန်ကို ရပြီ"လို့ မြတ်စွာဘုရားကိုယ်တော်တိုင် ဥဒါန်းကျူးရင့်တော်မူပါ တယ်။

ဒီ အနေကဇာတိသံသာရံ-ဂါထာဟာ မြတ်စွာ ဘုရား သဗ္ဗညုတညာဏ်တော်ကို ရတော်မူပြီးပြီးချင်း ဘုရား စင်စစ် ဖြစ်တော်မူပြီးပြီးချင်း ပဌမဆုံးအရင်ဆုံး ရွတ်ဆိုတဲ့ ဂါထာ ဥဒါန်းကျူးရင့်တဲ့ ဂါထာဖြစ်ပါတယ်၊ စာမှာ "ပဌမဗုဒ္ဓဝစန"တဲ့၊ ဘာတဲ့လဲ? "ပဌမဗုဒ္ဓဝစန"ပါဘုရား။

အေး ပဌမဗုဒ္ဓဝစန ဒို့မြတ်စွာဘုရား ဘုရားဖြစ် ပြီးပြီးချင်း ပဌမဆုံး အရင်ဆုံးရွတ်ဆိုတော်မူတဲ့ဂါထာ၊ ဥဒါန်းကျူးရင့်တော်မူတဲ့ဂါထာ ဖြစ်ပါတယ်၊ "အောင် ဂါထာ" ဖြစ်ပါတယ်၊ အရာရာကို အောင်မြင်လိုသူတိုင်း ဒီအနေကဇာတိသံသာရံ-ဂါထာကို ရအောင်ကျက်ထား ကြပါ၊ နေ့တိုင်းနေ့တိုင်း ရွတ်ဆိုကြပါ။

သာဓု သာဓု သာဓုပါဘုရား။

ကိုင်း-ရေစက်ချ အမျှဝေရအောင် ရေစက်ခွက် ကိုင်။

ကေထုပဇ္ဇော

(၇၊ ၁၂၊ ၂၀၁၂)

http://www.dhammadownload.com



ခေါင်းဆောင်အတွေး ခေါင်းဆောင်အရေး

ဝီရသူ (မစိုးရိမ်)

စာရေးသူ မစိုးရိမ်တိုက်သစ်သို့ ရောက်စက ဖြစ်သည် ၁၉၉၁-နှစ်မှာ ရောက်ခြင်းဖြစ်၏၊ ထိုစဉ်က မစိုးရိမ်တိုက်သစ်ကို အုပ်ချုပ်နေသော ဆရာတော်ကြီး သုံးပါးတွင် တစ်ပါးသာ သီတင်းသုံးတော်မူပြီး ကျန်နှစ်ပါးမှာ တောရအသီးသီးမှာ တောရဆောက်တည်တော်မူနေပေသည်၊ ထိုစဉ်က သီတင်းသုံးတော်မူလျက်ရှိသော ဆရာတော်ကြီးမှာ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ မထေရ်မြတ်ကြီး ဖြစ်ပြီး၊ တောရအသီးသီး ဆောက်တည်နေသော ဆရာတော်ကြီးနှစ်ပါးမှာ ဘဒ္ဒန္တနာယကာဘိဝံသ မထေရ်မြတ်ကြီးနှင့် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ မထေရ်မြတ်ကြီးတို့ ဖြစ်ပေသည်၊ ထိုတွင် ဘဒ္ဒန္တနာယကာဘိဝံသ မထေရ်မြတ်ကြီးသည် မော်လမြိုင်မြို့၊ မဟာစည်ရိပ်သာမှာ တရားအားထုတ်နေလျက်ရှိပြီး၊ ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ မထေရ်မြတ်ကြီးမှာ နန်းတွင်း အကျဉ်းထောင်တွင် မဃဒေဝ လက်ာကျမ်းကြီးကို ကျမ်းဖောက်လေ့လာလျက် ပရိယတ်ပဋိပတ် ကျင့်မြတ်နှစ်ဖြာ ဓုရတာဝန်ကို အားသွန်ခွန်စိုက် ကြိုးပမ်းလျက်ရှိပေသည်။

"သီလအထူနှင့် မြေအထူ"

စာရေးသူ-အိုးဘို တောရသို့ ရောက်စက ဖြစ်သည်၊ စာရေးသူထက် သက်သမ်း(၁၄)နှစ် စောရောက်နေသည့် ဦးတင်းအေး(ခ)ဦးမြိုင်း(ဗကပ)

http://www.dhammadownload.com

နှင့် အတူနေခဲ့ရပါသည်၊ ဦးမိုင်းသည် ဆရာတော်ကြီးနှင့် အတူနေခဲ့ရသူဖြစ်ပြီး ယခုအချိန်ထိ မလွတ်မြောက်သေးသူဖြစ်ပေသည်။ ဦးမိုင်းထံမှ ဆရာတော်ကြီးနှင့် ဆရာတော် ဦးကောဝိဒ(ဘုန်းကြီးကော) တို့အကြောင်းကို သိခွင့်ရခဲ့ပေသည်၊ ဆရာတော်ကြီးများကို ထောင်ဝန်ထမ်းများ၊ ရာဇဝတ်သား လူကြမ်းကြီးများက အတင်းအဓမ္မ အကြမ်းဖက်၍ သင်္ကန်းဆွဲချွတ်ကြခြင်းဖြစ်ကြောင်း၊ ဆရာတော်ကြီးများ သင်္ကန်းအချွတ်ခံရသည့်နေ့က မန္တလေးမှာ မြေငလျင်လှုပ်ကြောင်း၊ ဆရာတော်ကြီးများ၏ သီလသမာဓိကို လေးစားကြောင်း သိခွင့်ရခဲ့ခြင်းဖြစ်၏။

ထိုခေတ်စစ်ခေါင်းဆောင်တို့၏ ဘဝဇာတ်ထုပ်အရှုပ်ကိုယ်စီ ဒုက္ခအလီလီ သောက ပွေလီမှုကို ကြည့်ကာ မြေငလျင်၏ အတိမ်အနက်၊ ကမ္ဘာမြေထု၏ ကျေးဇူးသတင်းပုံနှင့် ဆရာတော်ကြီးများ၏ သီလသမာဓိ ဂုဏ်ကျေးဇူး ထုထည်ပမာဏကို ခန့်မှန်းနိုင်လောက်ပြီဖြစ်ပေသည်။

" စာရေးသူ၏ ရိုးမော်ဒယ်လ်"

စာရေးသူ၏ စံပြပုဂ္ဂိုလ်(Role Model)မှာ ဆရာတော်ကြီး ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ ဖြစ်ပါသည်၊ စာရေးသူ ရောက်စနှစ်တွင် ဆရာတော်ကြီးမရှိသောကြောင့် မဖူးဘူးခဲ့ပါ။ ဆရာတော်ကြီး၏ အအောင်မြင်ဆုံးတရားတော်ဖြစ်သည့် ဂဝေသီသုတ္တန်ကိုတော့ အမြဲနာယူမိပါသည်၊ ဂဝေသီသုတ္တန်ကို "စံပြခေါင်းဆောင် ဂဝေသီ" အမည်ဖြင့် ဟောခြင်းဖြစ်ပါသည်။

"စံပြခေါင်းဆောင် ဂဝေသီ"

စာရေးသူလည်း ဂဝေသီကို စံပြခေါင်းဆောင်အဖြစ် ကြည်ညိုမိသည်မှာ အမှန်ပင်၊ ကဿပမြတ်စွာဘုရားရှင်လက်ထက်တော်အခါက ဂဝေသီမည်သော ဥပါသကာတစ်ယောက်ရှိသည်၊ သို့သော် သူမှာလည်း သီလမရှိ၊ သူတပည့်တွေမှာလည်း သီလမရှိ၊ ထိုအခါ ဂဝေသီက ဤသို့တွေး၏။

"ငါ့မှာလည်း သီလမရှိ၊ ငါ့တပည့်တွေမှာလည်း သီလမရှိ၊ ဆရာနှင့်တပည့် စာရိတ္တချင်း တူညီနေ၏၊ ဆရာက တပည့်ထက် တစ်စုံတစ်ရာ သာလွန်မှုမရှိ၊ ယခုအခါ ငါသည် ငါ့တပည့်တွေထက် သာအောင် ကျင့်တော့မည်။"

ဣစ္ဆေတံ သမသမံ နတ္ထိ ကိဉ္စိ အတိရေကံ၊ ဟန္ဒာဟံ အတိရေကာယ (အံ၊ ၂။ ၁၈၉)

ခေါင်းဆောင်တို့မည်သည် ခေါင်းဆောင်အတွေးကို တွေးလေ့ရှိပေသည်၊ ဆရာက တပည့်ထက် အသိ ပညာရော ကိုယ်ကျင့်တရားပါ သာလွန်ရပေမည်၊ ရုပ်ပိုင်းဆိုင်ရာရော စိတ်ပိုင်းဆိုင်ရာပါ သာလွန်ရပေမည်၊ အရည်အချင်းရောစာရိတ္တပါ သာလွန်ရပေမည်၊ လက်ရုံးရည်ရော နှလုံးရည်ပါ သာလွန်ရပေမည်၊ ဤသဘောကို ဂဝေသီက တွေးပြသွားသောကြောင့် ဂဝေသီကို ကြည်ညိုမိခြင်းဖြစ်ပါသည်၊ ဆရာနှင့်တပည့် အရည်အချင်းတူညီနေလျှင် ဆရာကတပည့်ထက် ကိုယ်ကျင့်တရား သာလွန်ကောင်းမွန်ဖို့လိုပေသည်၊ ကိုယ်ကျင့်တရားချင်းတူညီနေလျှင် ဝိရိယအရာမှာ သာလွန်ဖို့လိုပေသည်၊ ဝီရိယချင်းတူလျှင် စိတ်ထားကောင်းမွန်ခြင်း စိတ်သဘောထားကြီးခြင်း စသည့် စိတ်ပိုင်းဆိုင်ရာ အရည်အချင်းများ သာလွန်ကောင်းမွန်ဖို့ လိုပေသည်။

"ဂဝေသီလို စံပြပုဂ္ဂိုလ်"

ဆရာတော်ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ မထေရ်မြတ်ကြီး၏ ဝီရိယဓာတ်ကို မည်သည့်တပည့်မျှ လိုက်မမီကြပါ၊ နေ့ဘက်တွင် ဆွမ်းစားပြီး(၁၅)မိနစ်ခန့်သာ ကျောဆန့်တော်မူသည်မှာ ယနေ့အထိဖြစ်ပါသည်၊ တစ်နာရီပြည့်သည်အထိ အနားယူကျိန်းစက်သည်ဟူ၍ တစ်ရက်တစ်လေမျှပင် မရှိသေးပါ၊ မနက် ၄း၀၀ နာရီ အိပ်ရာထမြဲ၊ ဝတ်တက်ရွက်ဖတ်မြဲ၊ ရှုမှတ်အားထုတ်ဆဲဖြစ်ပါ၏။ ဤဝီရိယဓာတ်တစ်ခုတည်းဖြင့်ပင် ခြေတော်ဦးခိုက်ကာ ဖူးထိုက်တော်မူလှသော ဆရာတစ်ဆူ ဖြစ်တော်မူပေသည်။

ဆရာတော်ကြီး၏ ကရုဏာတော်ကိုလည်း ကြည့်စေချင်ပေသည်၊ "မင်းတို့လိမ္မာဖို့ ငါမိုက်မယ်" ဟူသော သြဝါဒကား ရဲရဲတောက် မိန့်ခွန်းဆန်လှပါ၏၊ "ရှေးရှေးမတ္တာ၊ ကရုဏာနှင့်၊ နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း၊ ဝမ်းတွင်းမသို့၊ ဟုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ၊ ဆရာဟူလော့။(မယဒေဝ။ ၂၃၆)" ဟူသော ဆရာကောင်းလက္ခဏာကို ထင်ဟပ်ပြတော်မူလိုက်ခြင်းဖြစ်ပါသည်၊ စကားလုံးမာကျောသည့် အလျောက် စိတ်ထားနူးညံ့ပုံကို ဖော်ကျူးလိုက်သော မိန့်ခွန်းတော်ဖြစ်ပေသည်။

"တပည့်မကောင်း ဆရာ့ခေါင်း"

ဤသို့ ဆရာတော်ကြီးသည် ကျွန်ုပ်တို့အတွက် စံပြခေါင်းဆောင်ကောင်း တစ်ဆူဖြစ်သော်လည်း ဆရာတော်ကြီးသည် ကျွန်ုပ်တို့ဒဏ်ကို လှိမ့်ခံခဲ့ရပေသည်၊ ဤသည်မှာ "တပည့်မကောင်း ဆရာ့ခေါင်း" ဟူသည့် နိယာမသဘောပင်ဖြစ်ပေသည်။

ကျွန်ုပ်၏တက်လမ်းကို တားဆီးပိတ်ပင်မှုပြုထားလေဟန်၊ ကျွန်ုပ်နှင့် ဆရာတော်ကြီး မသင့်မြတ်လေဟန် ဝါဒဖြန့်၍ သွေးခွဲသပ်လျှိုမှုများလည်း ရှိခဲ့ပေသည်၊ လူမှုဝန်းကျင်တင်မကဘဲ နိုင်ငံရေးနယ်ပယ်

http://www.dhammadownload.com

အထိပါ အဆိုပါဝါဒ ကျယ်ပြန့်လာမှ ရိပ်မိခဲ့ခြင်း ဖြစ်ပါသည်၊ အမှန်မှာ ဆရာတော်ကြီးသည် ကျွန်ုပ်ဘက်မှ များများ မတ်မတ်ရပ်တည် ပေးခဲ့သူ ဖြစ်တော်မူပါပေ၏၊ ထိုစဉ်က ထောက်လှမ်းရေးအဖွဲ့သည် ကျွန်ုပ်၏ "ဘဝ အလင်းရောင်" စာကြည့်တိုက် ကို ဖြိုခွဲချင်နေရာ ဆရာတော်ကြီးက သြဝါဒိစရိယအဖြစ် ရပ်တည် ပေးတော်မူခြင်း၊ စာအုပ်များ ဌာယူကြည့်ရှုတော်မူခြင်း၊ ကျွန်ုပ်တို့အကြောင်း စာကြည့်တိုက်အကြောင်း မကောင်းလျှောက် ထားသူများကို မာမာတင်းတင်း တားမြစ်တော်မူခြင်းကြောင့်သာ ကျွန်ုပ်နှင့် ကျွန်ုပ်၏ စာကြည့်တိုက်ကလေး ထောက်တည်ရာ ရခဲ့ခြင်းဖြစ်ပေသည်။

ကျွန်ုပ်အိုးဘိုတောရသို့ ရောက်ရှိသွားသည့် အခါ၌လည်း ဆရာတော်ကြီးသည် ကျွန်ုပ်နှင့် ကျွန်ုပ်၏ အစ်ကိုဝမ်းကွဲ ဦးဝင်းမောင် လွတ်မြောက်ရေးအတွက် အဘက်ဘက်မှ ဆောင်ရွက်ပေးတော်မူခဲ့ပေသည်၊ ဤသည်ကို ကြောက်တတ်၍ အမှန်တရားဘက်မှ ရပ်တည်မပေးလိုသူ ရဟန်းအာဏာရှိများက ဆရာတော်ကြီးကို ထိုးချကာ "သူဆရာဦးရာဇကမှ ဘာမှ လုပ် မပေးတာ ငါတို့က ဘာသွားလုပ်ပေးရမှာလဲ" ဟူသည့် **ထောက်/ကာ** တိုက်ကွက်ဖြင့် ထိုးနှက်တော်မူခဲ့ကြပေသည်၊ ဆရာတော်ကြီးသည် ကျွန်ုပ်အစ်ကို အတွက် စာတင်တောင်းဆိုရုံမက အဖွဲ့အစည်း အသီးသီး လူကြီး အဆင့်အဉ်အား တွေ့တိုင်းပြော ကြုံတိုင်းတောင်းစနစ်ဖြင့် အမြဲတမ်း ကယ်မတော်မူခဲ့ပေသည်။

ထို့အပြင် ကျွန်ုပ်ကို အကြောင်းပြု၍ တိုက်ခါ လိုက်ရသောကြောင့် မြန်မာမှာသာမက ကမ္ဘာမှာပါ အငြိုငြင်ခံရကြောင်း ဆရာတော်ကြီး၏ သြဝါဒများမှ သိရှိခဲ့ရခြင်း ဖြစ်ပေသည်၊ များစွာ စိတ်မကောင်းပါ၊ နောက်နောင် ထိုအဖြစ်ဆိုးမျိုး မကြုံပါရစေနဲ့ဟူ၍သာ ဆန္ဒပြုမိပါသည်။

"နိုင်ငံရေး ဩဝါဒ"

မိမိ မဇ္ဈလွန်တောရမှ ပြန်လာခွင့်ရသည့်အခါ၌ မြစ်ကြီးနားလေဆိပ်မှ ဆရာတော်ကြီးထံ ဖုန်းလှမ်း ဆက်ပါသည်။ ဆရာတော်ကြီးက စက်ပူလေဆိပ်သို့ ရောက်နေ၍ ဖုန်းဆက်၍မရပါ၊ မိမိကျောင်းသို့ ပြန်ရောက်သည့်အခါ သက်နိုးဝတ်အခမ်းအနား ကျင်းပ သည့်အခါ၌လည်း ဆရာတော်ကြီး ပြန်မရောက်သေးပါ။

ဆရာတော်ကြီး နိုင်ငံခြားမှ ပြန်ကြွလာသည့် အခါ စာရေးသူ သွားရောက်ဝတ်ပြုခဲ့ပါသည်၊ ဆရာတော်ကြီးက စာရေးသူကိုမြင်သည်နှင့် "ဝိစိတ္တလား" ဟု မေးတော်မူကာ ဆရာတော်ကြီး သီတင်းသုံးရာ ထိုင်ခုံ ပလ္လင်တော်ကြီးပေါ်မှ နေရာထိုင်တစ်ခုကို ချပေး တော်မူပါသည်၊ "နိုင်ငံရေးလုပ်ကွ၊ မလုပ်နဲ့လို့ မပြောဘူး၊ ငါလည်း နိုင်ငံရေးလုပ်ခဲ့တာပဲ၊ ဒါပေမယ့် စာချမယ်ကွက် စေနဲ့ ဆွမ်းဝိုင်း ဆွမ်းစားမယ်ကွက်စေနဲ့"ဟု မိန့်တော်မူပါသည်။

ဆရာတော်ကြီး ချပေးထားသည့် မူဘောင် အတိုင်း လျှောက်လှမ်းနေဆဲ ဖြစ်ပါသည်၊ စာချမယ်ကွက် အောင် ကြိုးစား စာချပါသည်၊ နာယကဆွမ်းဝိုင်းလည်း အမြဲဆွမ်း သွားစားပါသည်။

လွန်ခဲ့သည့် ဆယ်ရက်ခန့်က စာချခါနီးတွင် ဆရာတော်ကြီးနှင့် တွေ့ပါသည်၊ ဆရာတော်ကြီးက "မင်းစာ ဝါလား၊ စာဝါကောမှန်ရဲ့လား"ဟု မေး၍ "မှန်ပါတယ် ဘုရား၊ ခရီးထွက်မှသာ ပျက်တာပါဘုရား"ဟု ဖြေ လျှောက်တင်ရာ "အေး . . . အေး" ဟု မိန့်ကာ ကျေနပ် သွားပုံရပါသည်။

"သံဃဏီစိတ်ဓာတ်နှင့် ဖယောင်းဓာတ်နှလုံးသား"

ဆရာတော်ကြီးသည် သက်တော်(၈၀)ကျော် ပြည့်ကြွယ်ပြီး ဖြစ်သော်လည်း သန်တုန်း မာတုန်းပင် ဖြစ်ပါသည်၊ တိုက်တာကို အုပ်ချုပ်ရာ၌ ဟာကွက် လစ်ကွက် မရှိရလေအောင် စနစ်တကျ အုပ်ချုပ်နေဆဲ ဖြစ်ပါသည်။

ဆရာတော်ကြီး စကားလုံးက မာကျောသည်၊ သို့သော် ဆရာတော်ကြီး နှလုံးသားက ပျော့ပျောင်းသည်၊ ဆရာတော်ကြီး စေတနာက နူးညံ့သည်၊ သို့သော် ဆရာတော်ကြီး၏ စိတ်ဓာတ်က ခက်မာသည်။

ပျော့ပျောင်းနူးညံ့သည့် စေတနာနှင့်နှလုံးသားကို မာကျောသည့် ဝါစာနှင့် စိတ်ဓာတ်တို့က အကာအကွယ် ပေးထားခြင်း ဖြစ်၏၊ ဥပမာ- ဦးနှောက်ကို ဦးခွံရိုးဖြင့် ကာကွယ်ပေးထားသကဲ့သို့တည်း၊ ထို့ကြောင့် သံဃဏီစိတ် ဓာတ်နှင့် ဖယောင်းဓာတ် နှလုံးသားပိုင်ရှင် ဆရာတော် ကြီး ဖြစ်ပါပေ၏။

ကျေးဇူးရှင် ဆရာတော်ကြီးသက်တော်ရာကျော် ရှည်ပါစေ၊ ကျန်းမာစွာဖြင့် သာသနာတော်အကျိုး သယ်ပိုး နိုင်ပါစေဘုရား။

ဆရာတော်ကြီး သံဃဏီစကားတော်မှ ဖယောင်း သား စေတနာများကို လူတိုင်းခံစားခွင့်ရကြပါစေ။

ဝိရဇူ(မစိုးရိမ်)

၂၉. ၁၂. ၂၀၁၂- ၁၀း၀၀

http://www.dhammadownload.com

သံသရာခရီး အပြီးမသတ်မီ ဘဝအတွက် စိန်ခေါ်စရာများကို လက်ရဲဇက်ရဲ လုပ်ကြတဲ့အခါ အမှားအမှန် ချိန်ထိုးကြည့်တတ်ကြဖို့ဆိုရင် သမိုင်းဖြစ်စဉ်တစ်ခုကို မျက်ကွယ်ပြုလို့ မရနိုင်။

၁၉၉၀ခုနှစ် နိုဝင်ဘာ ဒီဇင်ဘာလောက်မှာ မန္တလေးသံဃာထု ဦးဆောင်တဲ့ ပတ္တနိက္ကဇ္ဇန ကံဆောင်ပွဲကြီး ဖြစ်ခဲ့ဖူးတာကို ဆယ်စုနှစ်ဟိုဘက် သတိထားမိသူများသာ သိနိုင်ပေလိမ့်မယ်၊ ထိုကိစ္စကြောင့် စစ်အုပ်ချုပ်ရေးက အာဏာရှင်များပီပီ ၆/၉၀ အမိန့်စာရွက်များ ရန်ကုန်မန္တလေးပခုက္ကူ စာသင်တိုက်ကြီးများ အပေါ် ကျဲချခဲ့တယ်။

စာရွက်ပါ အကြောင်းအရာက "သံဃာ့သာမဂ္ဂီ အဖွဲ့ ရဟန်းပျိုသမဂ္ဂအဖွဲ့-စတဲ့ သံဃာ့အဖွဲ့အစည်းမှန်သမျှကို တရားဝင် ဖျက်သိမ်းကြောင်း၊ ပုံ - ကာကွယ်ရေးဦးစီးချုပ်တဲ့။

စာကျဲပြီး နောက်ရက်မှာ တကယ့် စစ်ဆင်ရေးကြီးလို မစိုးရိမ်တိုက်သစ်ထဲ ဝင်တော့တာပဲ၊ အချိန်က စစ်အုပ်ချုပ်ရေးကာလ၊ ရဟန်းရှင်လူ ပြည်သူအများစု ဘက်ကကြည့်ရင် အစစအရာရာ အခြေအနေ မကောင်းတဲ့ ကာလပဲ၊ ဘာ့ကြောင့်လဲ?

ဖိနှိပ်မှုကို မလိုလားတဲ့ ကျောင်းသားရဟန်းလူထုက နေရာတိုင်းမှာ ရှိနေတော့ စစ်ထောက်လှမ်းရေးအဖွဲ့က ရန်သူအဖြစ် သတ်မှတ်ချေမှုန်းနေတဲ့အတွက် ဘဝလုံခြုံမှုမရှိ၊ ဖိနှိပ်မှုတွေကို စာနဲ့ ရေးမရ၊ စကားနဲ့ ပြောမရ၊ ဘာမှ လုပ်မရအောင် သေနတ်နဲ့ခြိမ်းခြောက်၊ ထောင်နဲ့ အချုပ်နဲ့ ခြိမ်းခြောက်၊ စစ်ထောက်လှမ်းရေးအဖွဲ့ ဖမ်းမိပြီဆို မဟုတ်ကဟုတ်က မေးခွန်းတွေ မေး၊ အမျိုးမျိုး ဆဲဆိုညှဉ်းဆဲနှိပ်စက်၊ တဖြေးဖြေး အကြောက်တရားတွေက လူထုကြားထဲ ကြီးမားလာနေလို့-ပဲ။

မစိုးရိမ်တိုက်သစ်နားမှာလဲ စစ်တပ်ဝိုင်းထားတယ်၊ စစ်သားနဲ့ စာသင်သား ဘယ်နားမှာမှ ကြည့်မရတွေ့ရင် ချချင်နေကြတာပဲ၊ မဖြစ်သင့်တာတွေ ဖြစ်ကြမှာစိုးရိမ် နေကြရတဲ့အတွက် နာယကဆရာတော်တွေက စာသင်သားများ ဘေးကင်းရာမှာ ပြန်နေကြဖို့ ဩဝါဒပေးလိုက်တဲ့အခါ စာသင်သားသံဃာတွေလဲ မိမိဇာတိရပ်ရွာတွေကို ပြန်သွားခဲ့ကြရတာ တိုက်ထဲစာသင်သားအတော်ကို ပါးသွားတယ်၊ ထိုအချိန် မိမိက ဘာဏက ကျောင်းမှာ ယခု ရံသီကျောင်းနာယက ဦးပညိန္ဒာဘိဝံသနှင့် နောက်တစ်ပါး အားလုံးသုံးပါး ကျန်နေခဲ့တယ်။

ရဟတ်ယဉ်နဲ့ စာကျဲပြီး နောက်ရက်တော့ စစ်တပ် ဝင်တာပဲ၊ အထက် အမိန့်အရဆိုပြီး တစ်ချို့က


http://www.dhammadownload.com

သင်တော်ရှုစိုဆယ်ပြည့်အထိမ်းအမှတ်ဝတ္ထုစာပေဖော်ကွန်း

၁၉၅

စစ်အာဏာရှင်နဲ့ မြန်မာရဟန်းတော်များ

ဘလော်ဂါ အနုဂ္ဂ



http://www.dhammadownload.com

အပြင် ဘက်မှာ ရှာတယ်၊ တစ်ချို့က အတွင်းဘက်မှာ ရာတယ်၊ သေတ္တာတွေ သော့ရှိက်ဖွင့် ရှာတယ်၊ တစ်ချို့ ဗိုလ်အဆင့် ရှိသူတွေက နာယကအခန်းတွေမှာ ဝင်ရှာတယ်၊ နောက် ဆုံး ဘာမှ အထောက်အထား ခိုင်ခိုင်လုံလုံ အချက် အလက် မတွေ့တဲ့အခါ ဓာတ်ပုံတွေ ရိုက်တယ်၊ ရှာဖွေပုံစံ တွေမှာ မဟုတ်မဟတ်တွေ ဖြည့်တယ်။

ဥပမာ မစိုးရိမ်တိုက်သစ်ထဲမှာ သေနတ်ဆို တစ်လက်မှ မရှိပါပဲ ကျည်ဆန်အခွံများ ပန်းအိုးထဲတွင် တွေ့ရှိခြင်း စသဖြင့်ပေါ့၊ နောက်ဆုံး အနီးအနားရှိတဲ့ ရဟန်းသံဃာကို ဟိုမေးဒီမေး မေးတယ်၊ ဓာတ်ပုံရိုက်၊ ပုံစံဖြည့်တယ်၊ ဒီလိုနဲ့ ခဏကြာပါ၊ ကားပေါ်တက်ပါ၊ "ပါတော်မူတုန်းကလိုလို ဘာလိုလို"ဘာရယ်ညာရယ် မသိ၊ ဘယ်ကိုရယ် မသိ၊ ဒီလိုနဲ့ သူတို့ လုပ်ထုံးလုပ်နည်း အတိုင်း မန္တလေးနန်းတွင်း ထောင်ထဲ ပို့လိုက်တော့တာပဲ။ ထိမ်းသိမ်းတစ်လ ဦးပညိဿာဘိဝံသကတော့ နေ့ရော ညရော ဘုရားဝတ်တက် နေတာပဲ၊ (၁၈)ရက်လောက်နဲ့ လွတ်ခဲ့တယ်၊ မိမိကတော့ ဆဲနေလို့လားမသိ သုံးနှစ်ထဲ ပါသွားတယ်။

ကျန် ရဟန်းတော်တွေ တော်တော်များများ အဲဒီထဲ ရောက်ကြရသလို အပြင်ကျန်နေခဲ့တဲ့ ကိုယ်တော် တွေလည်း သောင်ပြင်မှာလွှတ်တဲ့ ရွှေမင်းသားတွေလို အကုန် ပြေးနေကြရတာပဲ၊ နာယကဆရာတော် ဦးကေသရာဘိဝံသဆို ကျောင်းထဲ အေးအေးဆေးဆေး နေရဲတယ်မရှိ၊ မောရသုတ်ရွတ်ရင်း ပြေးဖို့ ချောင်းနေရ တယ်၊ ဩဝါဒပေးတာတော့ "သိုင်းသုံးမျိုးထဲမှာ သူက ခြေသိုင်းတတ်တဲ့အတွက် ပြေးတာပဲ"တဲ့၊ မပြေးတတ်တဲ့ မိမိတို့ ထိမ်းသိမ်းခံရတဲ့အထဲ ပါသွားတယ်၊ အပြင်မှာက အငြိုးထက်ကဲ ပွဲကြမ်းဆဲ၊ စစ်ထောက်လှမ်းရေးအဖွဲ့ လက်စွမ်းပြဆဲ။

မကြာမီ ထောင်ထဲ သတင်းရောက်လာတယ် "ဆရာတော် ဦးရာဇဓမ္မာဘိဝံသပါ ဖမ်းခဲ့ပြီ"တဲ့ ဆရာ တော်ကြီးသည် သူတို့လုပ်မှ လူဆိုးဖြစ်ရ၊ ရန်ကုန် အင်းစိန်ရွာမဆရာတော် ဦးတိလောကလည်း အဖမ်းခံရ သတဲ့၊ တိပိဋကဓရဆရာတော် ဦးသုမင်္ဂလရောတဲ့၊ ဒီသတင်းတွေက တစ်ဆက်တည်း ကြားနေရတယ်၊ သူတို့ ဘယ်လိုလုပ်တယ် ဘယ်ကိုပို့တယ် ဆိုတာကအစ ကြားရ တယ်၊ တကယ့်သူတော်ကောင်းတွေရဲ့ စိတ်နှလုံး တုန် လှုပ်စရာ သတင်းဆိုးတွေပါပဲ၊ ဒီလူတွေ မြန်မာလူမျိုး တွေမှ ဟုတ်ရဲ့လား? ဗုဒ္ဓဘာသာတွေမှ ဟုတ်ရဲ့လား? စတဲ့အတွေးတွေက နာကျည်းမှုတွေနဲ့အတူ ဝင်လာတယ်။

အဲဒီနေ့က ထိုထိုအတွေးတွေနဲ့ အတူ စည်းကြပ် လှတဲ့ ထောင်စည်းကမ်းတွေကိုတောင် သတိမထား နိုင်တော့ပဲ မိမိတို့ ဆရာတော် ဦးရာဇဓမ္မာဘိဝံသရှိရာ အမှတ်(၁)တိုက် အခန်း(၄)ဆီကို တံခါးမရှိ အတားမရှိ ရောက်သွားတယ်၊ အညိုရောင် သကလပ်ခြုံထည်လေး ခြုံလို့ ခပ်မှောင်မှောင် (၈ × ၈)ပေ ပတ်လည်ခန့် တိုက်ခန်းထဲ ဟိုဘက် လှည့်ထိုင်နေတဲ့ ဆရာတော်ကို တွေ့လိုက်ရတယ်၊ မိမိအသံ ကြားတော့ ဆရာတော် ထလာတယ်၊ တွေ့ရပုံက သံတိုင်တွေ ခြားထားတဲ့ အခန်းရဲ့ အတွင်းနဲ့အပြင် ဆရာတပည့် မတ်တပ်ရပ် လျက် "တပည့်တော် ဘာဏာကကျောင်းကပါ ဘုရား"လို့ ဆရာတော်ကို လက်အုပ်ချီ နှုတ်ဆက်တဲ့ အခါမှာ ဆရာတော်က မေးစရာတွေ မေးတယ်။

"ထောင်ထဲမှာ ဘယ်လို နေရသလဲ? ဘယ်လို စားရသလဲ? အပေါ့အလေး ဘယ်လို သွားရသလဲ? အတို ဆုံး ပြန်လည်လျှောက်ထားပြီးတဲ့အခါ သံဝေဂတရား ဟောတာ မှတ်မိနေတယ်။

"ထောင်ဆိုတာ မဆန်းပါဘူးကွ၊ ၃၁ ဘုံဟာ ထောင်ပဲ၊ သတ္တဝါတွေ သံသရာက မလွတ်မချင်း ထောင် ကျနေကြတာပဲ၊ မင်းတို့ ငါတို့က ဝဋ်ကြွေးရှိလို့ ဒီထဲ ရောက်တာ၊ ဝဋ်ကြွေးပါရင် ဘုရားလဲပြေး မလွတ်ဘူးကွ၊ ငါ ဘာလုပ်တယ်ဆိုတာ မင်းတို့ အသိပဲကွ အေးဒီတော့ မင်းလည်း နမော တဿ-ရွတ် ပရိတ်ရွတ် ပဌာန်းရွတ် ကျားမချနဲ့ ခြင်းမခတ်နဲ့"လို့ အတိုအကျဉ်း ဩဝါဒပေး ပါတယ်။

အချိန်အားဖြင့် (၁၅)မိနစ်လောက် ကြာမယ်၊ နောက်က တန်းစီးက ဆရာသမားနဲ့တွေ့ခွင့်ကို နားလည်မှု ပြုခဲ့ပုံ ရတယ်။ ပြောပြီးလျှောက်ပြီးတာနဲ့ မသိမသာ လာခေါ်တာ တွေ့တာပဲ။

နောက်တော့ ဆရာတော်နဲ့ မတွေ့တော့ဘူး၊ သတင်းတော့ ကြားနေရဆဲ၊ ထိမ်းသိမ်းမှသည် စစ်ဆေး ရေး စစ်ဆေးရေးမှသည် အရေးပေါ်အက်ဥပဒေ ပုဒ်မ ၅/ည-အရ ထောင်(၃)နှစ်တဲ့၊ ဆရာတော် ဦးကောဝိဒ ဘိဝံသ (မစိုးရိမ်ပိဋကကျောင်း) ဆရာတော်နဲ့အတူထား သတဲ့၊ နောက်တော့ မိမိတို့လည်း ဆရာသမားတွေ လမ်း အတိုင်း လိုက်ရတယ်၊ ထောင်တွင်းအတွေ့အကြုံ ပြောစရာက များပါတယ်၊ ဒါပေမယ့် အကျိုးများတာတွေ မဟုတ်လို့ မပြောချင်ပါ၊ သို့သော် သို့သော်ရဲ့ အဆက်မှာ အရေးကြီးတဲ့ ဘဝရေးရာတွေ ဟိုဘက်ဒီဘက် အမြင်တွေ လုပ်ဆောင်ချက်တွေရဲ့ အရှုံးအမြတ်တွေ နှစ်နာမှု တွေ။

လောကမှာ အဝိဇ္ဇာတဏှာနုသယနဲ့ မိုက်လုံးကြီး ကြတဲ့ အထဲမှာ လူဆိုတဲ့ သတ္တဝါက အဆိုးဆုံးပါ၊ လူက

http://www.dhammadownload.com

ကိုယ့်အတွက်ကိုလဲ သူအတွက်ပြောပြီး လိမ်တတ်တယ်၊ ကိုယ့်အဖွဲ့အစည်းအတွက် လုပ်တာကိုလဲ အများအတွက် လုပ်တာပါလို့ ညာတတ်တယ်၊ ပရမတ်တရားကိုယ် အနေက အာဏာရာထူး လုပ်ပိုင်ခွင့်တွေ အတွက် လုပ်နေတာ ဖြစ်ပါလျက် တိုင်းပြည်ကို ချစ်လို့ လုပ်နေတာလိုလို ပရိယာယ်ဆင်တတ်တယ်၊ ဒီအတွက် တည်တဲ့ခိုင်မြဲရေးဖို့လည်း ကလိမ်စေ့လည်း ငြမ်းဆင်တတ်တယ်၊ ဘယ်လိုပဲဖြစ်ဖြစ် အသိညဏ်ကြီးမား မြင့်မြတ်သူ ဘုရားရှင်ထူထောင်ခဲ့တဲ့ ဘာသာတရား လမ်းကြောင်းပေါ် လျှောက်လှမ်းနေသူတို့က အမှန်တရားအတွက် အနီးဆုံးစက်ကွင်းမှာ ရှိနေကြတာ အမှန်ပဲ၊ ဒီနှစ်ဦး ထိပ်တိုက်ရင်ဆိုင်ကြရင် လတ်တလောတော့ ကလိမ်စေ့ငြမ်းဆင်တဲ့ လူစုက အနိုင်ရစမြဲပဲ။

ထိုအချိန်ကို လှမ်းကြည့်မိတော့ ကာကွယ်ရေးဦးစီးချုပ်က စစ်ကွန်ယက်ကို ချုပ်ကိုင်သူ၊ စစ်ထောက်လှမ်းရေးချုပ်နဲ့ အဖွဲ့က စစ်ကွန်ရက်ကို ဖြန့်ချိပြီး စစ်အာဏာကို ဖီဆန်သူမှန်သမျှ ကွန်ရက်အတွင်းက နိုင်ငံရေးသားကောင်များအဖြစ် မှတ်ချက်ပေးသူ၊ မန္တလေးတိုင်းမှူးက စစ်ကွန်ရက်အတွင်း စစ်ထောက်လှမ်းရေးက မှတ်ချက်ပေးထားတဲ့ နိုင်ငံရေးသားကောင်များကို သူကဏ္ဍကနေ အမိအရ ဖမ်းယူသူ၊ မန္တလေးထောင်ပိုင်ဆိုသူတွေက စစ်အာဏာရှင်တို့ သတ်မှတ်ထားတဲ့ နိုင်ငံရေးသားကောင်တွေကို လှောင်တဲ့ ခြံပိုင်ကြီးများ၊ သူတို့အားလုံးက ဂုဏ်ယူဝင့်ကြွားစွာ တာဝန်ကိုယ်စီ ကျေပွန်ခဲ့ကြသူတွေ။ သူတို့ ကိုယ်သူတို့ ရာထူးတွေ လုပ်ပိုင်ခွင့်အမိန့်တွေနဲ့ စစ်အုပ် ချုပ်ရေးကာလ တစ်ခုကို ဖြတ်သန်းခဲ့ကြတယ်။

အဲဒီမှာ အဓိကပါဝင်ခဲ့သူတွေအားလုံးက သူတို့ လုပ်ရပ်တွေကို အဓိပ္ပါယ်ပြည့်ဝတယ်လို့ ခံယူခဲ့ကြတဲ့ သူတွေချည်းပဲ၊ ဒါကြောင့် စစ်ထောက်လှန်းရေးတွေရဲ့ အဓိပ္ပါယ်မရှိတဲ့ စွပ်စွဲချက်တွေ စစ်ဆေးမေးမြန်းမှုတွေကို ကိုယ်စိတ်ပင်ပန်းကြီးစွာ ရင်ဆိုင်ဖြတ်သန်းခဲ့ကြရသူတွေက မြန်မာရဟန်းပညာရှင်များနဲ့ တကယ့် ဦးသျှောင်ဆရာတော်ကြီးများ ကျောင်းသူကျောင်းသား ပြည်သူများ)

အန္ဓဝဏအမြတ် ယှဉ်ကြည့်ပါ

ဘဝရဲ့ ဆိုးရွားတဲ့ အတွေ့အကြုံတွေကို ဖြေရှိုးဖြေစဉ် တစ်ခုအနေနဲ့ ဝဋ်ကြွေးလို့ ဖြေကြရပေမယ့် အရာခပ်သိမ်းက ဝဋ်ကြွေးမဟုတ်နိုင်ဘူး၊ ဒါမျိုးကျတော့ ဝါဒတစ်ခုရဲ့ အစွန်းရောက် နှိပ်ကွပ်မှုကို ခါးစည်း ခံကြရတာပါ၊ လုပ်ရဲသူတွေက လုပ်ခဲ့ကြတယ်၊ ခံရသူတွေက ကလှည့်စားဆိုတာကို စိတ်မှာမထားခဲ့။ မြင့်မြတ်တဲ့ နှလုံးသားနဲ့ အခြေမပျက် အနေမပျက် ကိုယ့်အလုပ်ကို တိုးတက်သည်ထက် တိုးတက်အောင် အပြုံးမပျက် ဆောင်ရွက်နိုင်ခဲ့တယ်၊ အားလုံး ပြီးသွားကြပြီ။

နှစ်(၂၀)အတွင်းမှာ သူတို့တစ်တွေ ဘယ်ရောက်ကုန်ကြပြီလဲ? ဘာဖြစ်ကုန်ကြသလဲ? စိတ်လိုက် မာန်ပါ အကြောင်းအမျိုးမျိုးပြကာ စစ်အာဏာကို လူတစ်စု ကိုယ်ကျိုးအတွက် မြိန်ယှက်စွာ အသုံးပြုခဲ့တဲ့ ပုဂ္ဂိုလ်များ၊ ဆရာတော်သံဃာတော် ရဟန်းပညာရှင်များ ထောင်ထဲရောက်တဲ့ ကာလတလျှောက် ဖြတ်သန်းခံစားရတဲ့ ဒုက္ခမျိုးစုံ အစုအပြုံက သူတို့အတွက် ခါးသီးတဲ့ အဆိပ်ရည်သင့်ခဲ့တယ်ဆိုတာ သိမှသိနိုင်ကြပါ လေစ။ သူတို့တစ်တွေ မြည့်နေအောင်ထက်လှတဲ့ အာဏာပါဝါ ဓားသွားပေါ်က အနိုင်ကျင့် ဖိနှိပ်ခြင်း ပွားရည်စက်ကို မြိန်ယှက်စွာ လျက်ခဲ့ကြတယ်၊ အကျိုးမပေးခင်က ချိုမြိန်ခဲ့ဟန် ရှိပေမယ့် အချိန်အခါသင့်တော့ မျှော်လင့်မထားတဲ့ ဝေဒနာတစ်ချက် လှည့်ထိခံလိုက်ရသလို မရှောင်လိုက်နိုင်ကြဘူး။

အဲဒီတုန်းက ကာကွယ်ရေးဦးစီးချုပ် ဘယ်ဆီလား ဘာဖြစ်သည်မသိ၊ မစိုးရိမ်တိုက်သစ် ဆရာတော် ဦးရာဇ ဓမ္မာဘိဝံသ ကားလောကဓံတွေအတွက် အပြုံးမပျက် သာသနာဘာသာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရင်း သက်တော်ရှစ်ဆယ် ပြည့်ခဲ့ပြီ။

စစ်ထောက်လှမ်းရေးချုပ် ဘာတွေဖြစ်ကုန်သည်မသိ၊ မစိုးရိမ်တိုက်သစ်ဆရာတော် ဦးရာဇဓမ္မာဘိဝံသ ကား သာသနာဘာသာ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရင်း သက်တော်ရှစ်ဆယ် ပြည့်ခဲ့ပြီ။

မန္တလေးတိုင်းမှူး ဘယ်ကို ရောက်သွားသည်မသိ၊ မစိုးရိမ်တိုက်သစ်ဆရာတော် ဦးရာဇဓမ္မာဘိဝံသ ကား သာသနာဘာသာတာဝန်ကို ကျေပွန်စွာ ထမ်းရွက်ရင်း သက်တော်ရှစ်ဆယ် ပြည့်ခဲ့ပြီ။

ဆရာတော်ကြီးမှာ ပရိယတ်သာသနာ ပဋိပတ်သာသနာကို အရှိန်အဟုန် အပြင်းထန်ဆုံး ဆောင်ရွက်အောင်နိုင်ခဲ့တယ်၊ ဒီဘဝမှသည် နောင်သံသရာ ဘဝအဆက်ဆက်လည်း ယခုလို တိုက်ခိုက်ဖြိုခွဲ နှောင့်ယှက်ပွဲများအတွက် အမှန်တရား လက်ကိုင်ပြု အောင်မြင်သွားဖို့ အထုံပါရမီ ရလိုက်ခြင်းသည်ပင် အန္ဓဝဏက အမြတ်ဆုံး ပါရမီကြီးပါပဲ။

မြန်မာရဟန်းတော်များရဲ့ အသိကို စစ်ဗိုလ်ချုပ်တွေ နားမလည်ချင်ယောင်ဆောင်ကြခြင်း

အမှန်တော့ စစ်တပ်ဆိုတာ တိုင်းပြည်ရဲ့ သွေးသားတွေကို စုစည်းတည်ထောင်ထားတာ ဖြစ်တဲ့အတွက် တိုင်းပြည်ကချစ် အဖွဲ့အစည်းတစ်ခု ဖြစ်သင့်တယ်၊ တိုင်းပြည်နဲ့ ပြည်သူလုထုရဲ့ ဘဝလုံခြုံရေး

http://www.dhammadownload.com

အတွက် အားကိုးအားထား ပြုသင့်တဲ့ အခိုင်အမာခံတပ်ကြီး ဖြစ်သင့်တယ်၊ ဒီအတွက် စည်းကမ်း စနစ်စိတ်ဓာတ် တွေကို လေ့ကျင့်ပေးရမှာ ဖြစ်တယ်။

လူကြီးလူလည်တွေ ပါဝင်ပြီး တိုင်းပြည်အတွက် ဗန်းပြ ပြည်သူတွေရဲ့ ရင်သွေးလေးတွေကို ကိုယ့်ရင်သွေးလိုလို ဖြစ်အောင် စိတ်ကြိုက်ပုံစံ တရားသေဝါဒ ရိုက်သွင်းပြီး ကိုယ်ကျိုးအတွက် အသုံးခံ အဖွဲ့အစည်း မဖြစ်သင့်ဘူး၊ ပြည်သူတွေရဲ့ ရင်သွေးတွေဟာ ပြည်သူအတွက်ပဲ ဖြစ်သင့်တယ်၊ ပြည်သူတွေကို ချစ်တတ် လေးစားတတ်အောင် သင်ပြပေးရမယ်၊ ပြည်သူကို ကာကွယ်ပေးဖို့ လေ့ကျင့်ပေးရမယ်လို့ ဒီလိုနားလည်ထားကြတယ်။

ဒီနားလည်မှုကို ပြောင်းပြန်လုပ်သူများကို ရဟန်းပညာရှင်များ မနှစ်သက်ကြဘူး၊ စစ်ဗိုလ်ချုပ်ကြီးများ ဒါကို မသိချင်ယောင် ဆောင်နေခဲ့ကြတယ်၊ စစ်တပ်ကို နေရာလွဲပြီး ကိုယ်ကျိုးအတွက် အသုံးချလာရင် ရဟန်းပညာရှင်များ သဘောမတွေ့ဘူး၊ လုထုပညာရှင်တွေလည်း မကြိုက်ဘူး။

သူတို့က "ရဟန်းဆိုတာ ရဟန်းအလုပ် လုပ်ရမယ်"လို့ ပြောကြတယ်၊ အမှန် ရဟန်းအလုပ်ဆိုတာကိုက ကျယ်ပြန့်လွန်းပါတယ်၊ ဘုရားဟာ ဒေသနာတွေကို သင်ရတဲ့ သူများဟာ "လောကမှာ အကန့်အသတ်မရှိတဲ့ သိစရာတွေကို လွတ်လွတ်လပ်လပ် သိခွင့်ရတယ်"ဆိုတာကို သဘောမပေါက်ကြရော့သလား၊ လောက လူသားတို့ရဲ့အကျိုးကို ဆောင်ရွက်နည်းကိုလည်း သိရတယ်၊ ဆွေမျိုးတွေ ပျက်စီးမှာကိုလည်း စောင့်ရှောက်ဖို့ သိရတယ်၊ ကိုယ်ကျိုးလုပ်ဖို့လည်း သိတယ်၊ ပြောရရင် "ဘုရားဟောစာကို သင်တာ ရဟန်းအလုပ်"ဆို ကတည်းက လောကမှာ ဘုရားဟောနဲ့ ကင်းတဲ့ ဘဝရှင်သန်မှုဆိုတာ မရှိကောင်းဘူး၊ ဒါ့ကြောင့် သင့်ရာကနေ ပါဝင်ကြတာ ဖြစ်တယ်။

အမှန်အားဖြင့် စစ်ဗိုလ်ချုပ် ဆိုသူကြီးတွေက ရဟန်းသံဃာတွေရဲ့ ဘဝကို ဘောင်ကျဉ်းကျဉ်းခပ်ပြီး မြင်ထင်တွက်ဆလို့သာပါ၊ ရဟန်းသံဃာတွေထဲမှာ အသိတရားကို မယားထက် ချစ်လို့ တစ်သက်လုံး အသိတရားနဲ့ နေဖို့ ဘဝကို မြုပ်နှံထားကြသူတွေက အများကြီး၊ အသိတရားတွေ ရှာနေကြတာ အသိတရားရှာတဲ့ နေရာမှာ စုံတယ်။

အတိုဆုံး ပြောရရင် ဘုရားဟောတွေကို သင်တော့ လူလည်ကြီးတွေရဲ့ အလိမ်အညာ အကောက်အကွေ့တွေကို သိတယ်၊ သူကျင့်ဝတ် ကိုယ်ကျင့်ဝတ်တွေ သိတယ်၊ နည်းပညာတွေ သိတယ်၊ လောကရေးလဲ ပါတယ်၊ ဓမ္မရေးလည်း ပါဝင်နေတယ်၊ တစ်ချို့ သုတမယနဲ့ သိတယ်၊ တစ်ချို့ စိန္တာမယနဲ့ သိတယ်၊ တစ်ချို့ ဘာဝနာမယနဲ့ သိတယ်၊ အရာရာကို သိနေကြပါတယ်။

တနည်းပြောရရင် ရဟန်းပညာရှင် အများစုက မြေပေါ်အကြောင်း မြေအောက်အကြောင်း ခေတ်အကြောင်း စနစ်အကြောင်း လူမျိုးအကြောင်း အဖွဲ့အစည်းတွေအကြောင်း ပုဂ္ဂိုလ်အကြောင်း သတ္တဝါအကြောင်း ရုပ်အကြောင်း နာမ်အကြောင်း ဓာတ်အကြောင်း ပရမတ်အကြောင်း စသဖြင့် သိနေကြတယ်။

ဒီအသိတွေနဲ့ အနော်ရထာ လက်ထက်ကတည်းက ရဟန်းသံဃာများဟာ မြန်မာပြည်သူပြည်သားတွေရဲ့ ဘဝကို မီးရှူးသဖွယ် အလင်းရောင်ပေးပြီး လမ်းပြပေးခဲ့ကြတယ်၊ ရဟန်းသံဃာတွေရဲ့ အသိ မီးရှူးတန်ဆောင်အလင်းရောင်ကြောင့် မြန်မာပြည်မှာ ဗုဒ္ဓအဆုံးအမတွေ ပြန့်နှံ့ပြီး မြန်မာလူမျိုးတွေရဲ့ နှလုံးသားမှာ ဘာသာယဉ်ကျေးမှုတွေ တည်ခဲ့တယ်၊ မြန်မာလူမျိုးများ ကောင်းမှုတွေ များစွာ ပွားကြရတယ်။

ဒါတွေကို မသိချင်ယောင် ဆောင်လာတဲ့ လူတစ်စုက တန်ဖိုးကြီးမားတဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေကို စစ်ဝါဒနဲ့ တဖြေးဖြေး ချေပျက်ပစ်တယ်၊ အာဏာရှင်စနစ်ဟာ အစစ်အမှန်တွေကို အတုဖြစ်အောင် လုပ်ပစ်လိုက်တယ်၊ တဖြေးဖြေး ဘာသာယဉ်ကျေးမှု လူယဉ်ကျေးမှုတွေ အကျည်းတန်လာတယ်၊ ဘာသာတရား အဆုံးအမကြောင့် ယဉ်ကျေးပြီးတဲ့ လူထုအများစုရဲ့အပေါ် အာဏာပြပြီး အခွင့်အရေး ယူခဲ့ကြတယ်၊ ဒါတွေကို သိနေကြတယ်၊ နှစ်ပေါင်းများစွာ အသိမဲ့ဆင်ခြင်တုံမဲ့ လုပ်ခဲ့ကြတဲ့အတွက် အထိနာတာက ဘာသာတရားရော လူမျိုးရော တိုင်းပြည်ပါ အစစ်အမှန်တရားတွေ အသိညဏ် တရားတွေ ချွတ်ချုံကျရခြင်းပါပဲ။

အားလုံးကို ချုံးကြည့်ရင် စစ်ဝါဒရဲ့ အလုပ်တွေဟာ အမှန်စင်စစ် "ပါပေါယေဝ ကမ္မော" ဖြစ်လို့ စစ်ဝါဒကို အသုံးချသူတွေရဲ့ အကျိုးဆက်ဟာ "ကောင်းကျိုးနဲ့ နိဂုံး ချုပ်ရသူ မရှိဘူး"ဆိုတာ လေးလေးနက်နက် နှလုံး သွင်းနိုင်ကြဖို့ ဆရာတော်ကြီးရဲ့ သက်တော်ရှစ်ဆယ်ပြည့် အထိမ်းအမှတ် စာတမ်းအဖြစ် မှတ်တမ်းပြုလိုက်ပါ တယ်။

ဘလော်ဂါ အနုဿ

http://www.dhammadownload.com

ခေါင်းမရောင်သည့် ခေါင်းဆောင်စိတ်ဓာတ်

မစိုးရိမ်နာယက




စာရေးသူသည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ အကြောင်းအရာကို မိမိဘာမှမသိဘဲ အများအထင်ကြီးအောင် ချီးမွမ်းခန်းတွေ ဖွင့်ပြီး အတင်းမြှောက်ပင့်၍ ဂုဏ်တွေဖော်ပြမှုကို သဘောကျနှစ်ခြိုက်ခြင်း မရှိပါ၊ ဒါကြောင့် ဆရာတော်ကြီးဦးရာဇနှင့် ပတ်သက်၍ မိမိလေးစားဖွယ်ရာ အကြောင်းအရာကို မိမိကိုယ်တွေ့ အနေအားဖြင့် ဖော်ပြနိုင်မည့် အကြောင်းအရာကို စဉ်းစားဆင်ခြင်သုံးသပ်တဲ့အခါ (၁၃၆၉)ခုနှစ်၊ နယုန်လပြည့်၊ (၂၀၀၇)ခုနှစ်၊ မေ(၃၀)ရက်နေ့၌ ဘုန်းကြီးပြုမူဆောင်ရွက်ခဲ့တဲ့ ခေါင်းမရောင်သည့် ခေါင်းဆောင်စိတ်ဓာတ်ကို တွေ့မြင်သိရှိ ရပါတယ်။

(၂၀၀၇)ခုနှစ်ဟာ မြန်မာ့သမိုင်း သာသနာ့သမိုင်းမှာ ထူးခြားတဲ့ နှစ်တစ်နှစ်ဖြစ်တယ်လို့ ဆိုရပါလိမ့်မယ်၊ အကြောင်းကတော့ (၂၀၀၇)ခုနှစ်၊ မေလပိုင်းက စပါတယ်၊ (၂၀၀၃)ခုနှစ်၊ မေလ(၃၀)ရက်နေ့ညမှာ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် နာယကကြီး ဦးတင်ဦး၊ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့ အဖွဲ့သည် ဒီပဲယင်းမြို့နယ်၊ ရေကြည်ရွာအနီးမှာ ချေမှုန်းခံခဲ့ရပါတယ်၊ အဖွဲ့ချုပ်နာယကကြီး ဦးတင်ဦးနှင့် ဒါယိကာမကြီးကို ကြည်ညိုကြ၊ ချစ်ခင်ကြတဲ့ အဖွဲ့ချုပ်ဝင်များနှင့် နယ်ခံလူထုတို့က သူတို့ အသက်ပေးဆပ်စတေးကြပြီး စောင့်ရှောက်ကြတဲ့အတွက် နာယက ဦးတင်ဦးနှင့် ဒါယိကာမကြီးတို့ အသက်ဆုံးမည့်ဘေးမှ သီသီလေး လွတ်မြောက်သွားကြပါတယ်၊ ဒီနောက်တော့ အသင့်စောင့်နေကြတဲ့ သက်ဆိုင်ရာပုဂ္ဂိုလ်တွေက ဖမ်းဆီးပြီး ထောင်သွင်း အကျဉ်းချထားလိုက်ပါတယ်။

အဖွဲ့ချုပ်ဝင်များဟာ ဒီပဲယင်း နှစ်ပတ်လည်နေ့တိုင်း အသက်ဆုံးရှုံးသွားကြသူတွေကို ရည်စူး၍ ကုသိုလ် ကောင်းမှုပြု အမျှပေးဝေမှုကို ကြိုးစားပြုလုပ်ကြပါတယ်၊ (၂၀၀၇)ခုနှစ် မေ(၃၀) ဒီပဲယင်းနှစ်ပတ်လည်နေ့ရောက်သည့်အခါ မန္တလေးတိုင်း အဖွဲ့ချုပ်ဝင်များ မစိုးရိမ်ကျောင်းတိုက်ကြီးမှာ ပြုလုပ်ကြဖို့ စည်းဝေးဆုံးဖြတ်ပြီး မိမိထံသို့ လာရောက်လျှောက်ထားတဲ့အခါ မိမိက "ဦးဇင်းတို့ မစိုးရိမ်ကျောင်းတိုက်ထုံးစံက ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ရဲ့ ဆုံးဖြတ်ချက်နဲ့ လုပ်လို့မရဘူး၊ အစည်းအဝေး ထိုင်ပြီး အများသဘောတူမှ လုပ်လို့ရတာ၊

http://www.dhammadownload.com



ဒီအကြောင်းအရာတွေကို နာယကဘုန်းကြီးတွေထံ လျှောက်ထားပေးမယ်၊ အများသဘောတူရင် မစိုးရိမ်ကျောင်းတိုက်ထဲမှာ ပြုလုပ်လို့ရပါတယ်"လို့ ပြောကြားလိုက်ပါတယ်၊ နာယကဘုန်းကြီး တစ်ပါးချင်းစီ လျှောက်ထားတဲ့အခါ နာယကဘုန်းကြီးအားလုံးကပဲ သံဃာလာဘ်လာဘဖြစ်တဲ့အတွက် မပိတ်ပင်ကောင်းဘူးလို့ ပြောကြပြီး သဘောတူလက်ခံကြလို့ နောက်နေ့မှာ လာရောက်လျှောက်ထားတဲ့ အဖွဲ့ချုပ် ဒါယကာတွေကို အကြောင်း ပြန်လိုက်ပါတယ်။

တိုင်းသာသနာရေးမှူးဆိုတဲ့ပုဂ္ဂိုလ်က အဖွဲ့ချုပ်ရဲ့ ဒီပဲယင်းနှစ်ပတ်လည် ဆွမ်းကပ်တာကို လက်မခံဖို့ မစိုးရိမ်ကျောင်းတိုက် နာယကဘုန်းကြီးများကို သိမ်ကျောင်းမှာ ဖိအားပေးပြီး လာရောက်လျှောက်ထားတဲ့အခါ မဖျက်နိုင်ကြောင်း ပြန်ပြောကြားလိုက်ပါသည်၊ မရတဲ့အခါ တပည့်တော်ကတော့ ရန်ကုန် တာဝန်အရ ပြောင်းရ တော့မှာပါ၊ တပည့်တော်က ဘုန်းကြီးတို့အတွက် လျှောက်ထားတာပါစသည်ဖြင့် ခနဲ့စကား ပြောကြားပြီး ပြန်သွားပါတယ်။

ကျောင်းတိုက်ရဲ့ အဆက်အနွယ် နိုင်ငံတော်အာဏာပိုင် ဒါယကာကြီး တစ်ဦးရဲ့ စာနဲ့လည်း ဆွမ်းကပ်မှုကိစ္စပျက်အောင် ဖျက်သေးပေမဲ့ မရတဲ့အခါ နည်းစနစ်တစ်မျိုး ပြောင်းပြီး သူတို့ကလည်း မေ(၃၀)ရက်မှာ ဆွမ်းကပ်မယ်ဆိုပြီး လျှောက်ထားကြပါတယ်၊ ဆရာတော်ကြီးများက အခြေအနေအရ လက်ခံလိုက်ရပါတယ်။

ဤသို့ အဖွဲ့နှစ်ဖွဲ့ တစ်ရက်တည်း တစ်ကျောင်းတိုက်တည်း သံဃာကုန် ဆွမ်းလောင်းပွဲ ကျင်းပမှာဆိုတော့ ရှုပ်ထွေးကုန်မှာ စိုးရပါတယ်။

နောက်မှ လာလျှောက်တဲ့ အဖွဲ့အစည်းက (၁)အဖွဲ့ချုပ်ရဲ့ ကွယ်လွန်သွားတဲ့ သူတွေကို ရည်စူးပြီး ဆွမ်းကပ်တဲ့ ဒီပဲယင်းနှစ်ပတ်လည်ဆွမ်းကပ်ဆိုတဲ့ အမည်ကို အသုံးပြုမခံဘဲ နယုန်လပြည့် မဟာသမယနေ့ ဆွမ်းကပ်ဆိုတဲ့အမည်ကို သုံးရန် (၂) မစိုးရိမ်ကျောင်းတိုက် အလယ်တိုက်ကြီးပေါ်မှာ ပဌာန်းတစ်ရက် မိမိတို့အဖွဲ့က ရွတ်ရန်၊ (၃) အဖွဲ့ချုပ်နဲ့ မျက်နှာချင်းဆိုင်ပြီး ဆွမ်းချက်ရန် ဆွမ်းလောင်းရန်တို့ကို တောင်းဆိုလာသည့် အခါ မိမိက အပြင်းအထန် တားမြစ်ရပါတော့တယ်။


"အဲဒါကတော့ မဖြစ်နိုင်ပါဘူး၊ တဖက်နှင့် တဖက် ရန်စောင်နေတဲ့ အဖွဲ့အစည်းနှစ်ခုကို မျက်နှာချင်းဆိုင် ထားလိုက်လို့ရှိရင် အချင်းချင်း ပြဿနာဖြစ်ပြီး မစိုးရိမ်ကျောင်းတိုက်အတွင်းမှာ သွေးချောင်းစီးကုန်တော့မှာပေါ့" ဟု တားမြစ်ရပါတယ်။


နောက် အရင်ဆွမ်းလောင်းလိုကြောင်း တောင်းဆို ကြပြန်တယ်၊ အဲဒီတောင်းဆိုချက်ကို အဖွဲ့ချုပ် ဒါယကာတွေက လက်မခံတဲ့အတွက် အဖွဲ့ချုပ်ဒါယကာတွေကို "ဒကာကြီးတို့ သူတို့စိတ်ထဲမှာ ဒကာကြီးတို့က သံဃာတွေကို အရင်ဆွမ်းလောင်းလှူလိုက်ရင် သူတို့ဖက်ကို သံဃာတွေ ဆွမ်းခံမကြွမှာ စိုးရိမ်နေကြတယ်၊ အမှန်အားဖြင့်လည်း အဖွဲ့ချုပ်ဆွမ်းလောင်းတာကို အလှူခံပြီးရင် သေချာပေါက် သူတို့ဘက်ကို ဆွမ်းခံမကြွမှာက သေချာသလောက် ဖြစ်နေတယ်၊ ဒကာကြီးတို့ဘက်ကိုတော့ မဖြစ်မနေ ဆွမ်းခံကြွကြမှာ ဖြစ်ကြောင်း" မိမိက ဖျောင်းဖျရပြန်ပါတယ်၊ အဲဒီလို သဘောပေါက်အောင် အဖွဲ့ချုပ်ဒါယကာကြီးတွေကို ပြောကြားလိုက်တဲ့အခါ အားလုံးလက်ခံကြပါတယ်။

နောက်မှ လျှောက်ထားတဲ့ အဖွဲ့အစည်းက စာရင်းပေးလျှောက်ထားတုန်းကတော့ သုံးရာလောက်ပါလာမယ် လျှောက်ထားပေမဲ့ တကယ်လာတဲ့အခါ အရေအတွက် ပိုများနေပါတယ်၊ အဖွဲ့ချုပ်ကတော့ လူအရေအတွက် တစ်ရာလောက်ပဲ ရှိပါတယ်။

နောက်မှ လာလျှောက်တဲ့ အဖွဲ့အစည်းက ဆွမ်းချက်တဲ့ညမှာ တဖြည်းဖြည်းနဲ့ မစိုးရိမ် အလယ်တိုက်ကြီးမြောက်ဘက်နဲ့ အနောက်တောင်ဘက်ကနေ ဝိုင်းပြီးတော့ အဖွဲ့ချုပ်ကလူတွေ ဆွမ်းချက်, ဆွမ်းလောင်းတဲ့ ဘက်ကို တိုးတိုးလာပြီး အနိုင်ကျင့်တော့မယ့် အနေအထားရောက်သည့်အခါ ကျောင်းတိုက်ရှိသံဃာများကို အလယ်တိုက်ကြီးမြောက်ဘက် သံဃာအပါး(၅၀)လောက်၊ အလယ်

http://www.dhammadownload.com





တိုက်ကြီး အနောက်တောင်ဘက် သံဃာအပါး(၅၀) လောက်နဲ့ အင်အားပြ နေရာချပြီး ရန်မပြုနိုင်အောင် တားမြစ်ရပါတော့တယ်။

ဆွမ်းလောင်းချိန်မှာ သူတို့ တောင်းဆိုချက် အတိုင်း သူတို့ဘက်ကနေ စတင်ပြီး သံဃာတွေကို ဆွမ်းခံ အကြွခိုင်းရတယ်။

အဲဒီလို မစိုးရိမ်ကျောင်းတိုက်ကြီးမှာ အကျပ် အတည်းကြုံတွေ့နေချိန်မှာ ဘုန်းကြီးဦးရာဇ မြစ်ကြီးနား မှာ ရောက်နေပေမဲ့ မစိုးရိမ်ကျောင်းတိုက်သို့ အချိန်မီ ပြန်ရောက်လာပြီး ပြဿနာမဖြစ်အောင် ရှေ့က မားမား မတ်မတ် ရပ်တည်ပေးတော်မူပါတယ်၊ လူကြီးတစ် ယောက်ရဲ့ အရှိန်ပါဝါအင်းအားနဲ့ လူငယ်တစ်ရာရဲ့ အရှိန်ပါဝါ အင်အားဟာ မတူပါဘူး၊ လူငယ်တစ်ရာရဲ့ အရှိန်ပါဝါထက် လူကြီးတစ်ယောက်ရဲ့ အရှိန်ပါဝါက အင်မတန်မှ ထိရောက်ပါတယ်။

ရေစက်ချသည့်အခါ နောက်မှလာလျှောက် သည့် အဖွဲ့ကို ရှေးဦးစွာ ရေစက်ချပေးပါတယ်၊ ဆရာတော်က "မင်းတို့က ဘာအတွက် ဆွမ်းလောင်း တာလဲ"ဟု မေးသည်၊ "မဟာသမယအခါတော်နေ့ အထိမ်းအမှတ်ပါဘုရား"ဟု လျှောက်သည်၊ "မဟာ သမယနေ့ အဓိပ္ပာယ်က ဘာလဲ သိလား? (မဖြေနိုင်ကြ)၊ အလကားကောင်တွေ၊ မင်းတို့က ကလေးလောက်မှ အသိဉာဏ်မရှိဘူး၊ ဘုရားရှင်က ကလေးတွေကို ဟောတဲ့ တရား မင်းတို့ကို ငါ ဟောမယ်" ဆိုပြီး "သစေ ဘာယထ ဒုက္ခဿ၊ သစေ ဝေါ ဒုက္ခမပ္ပိယံ။ မာ ကတ္ထ ပါပကံ ကမ္မံ၊ အာဝိ ဝါ ယဒိ ဝါ ရဟော"ဟူသော ဂါထာကို အကျယ်ချဲ့ဟောကြားခဲ့ပါတယ်။

နောက် အဖွဲ့ချုပ်က ရေစက်ချတဲ့အခါ နှစ်ဖွဲ့လုံး ရှိနေတဲ့အတွက် ရန်မဖြစ်ရန်ကို ဦးတည်ပြီး ညီညွတ်ရေး ငြိမ်းချမ်းရေးတရားကို ဟောကြားခဲ့ပါတယ်။ (ယင်းတရား ကား စိန်ရတုဩဝါဒတရားတော်စာအုပ်၌ ပါပြီးဖြစ်သည်)

အဲဒီအချိန်မှာ ဆရာတော်ကြီးဦးရာဇဟာ "ငါနဲ့ မဆိုင်ဘူး၊ မစိုးရိမ်ကျောင်းတိုက်ကြီးအတွင်းမှာ ဖြစ်တဲ့ ကိစ္စပဲ၊ မစိုးရိမ်တိုက်သစ်မှာ ဖြစ်တဲ့ ကိစ္စမဟုတ်ဘူး၊ ငါ အနေသာချည်းပဲ"လို့ ရှောင်လွှဲရင် ရနိုင်ပေမယ့် ရှောင်လွှဲ တော်မမူပါဘူး၊ အဲဒီလို ခေါင်းမရှောင်ဘဲ ခေါင်းဆောင်

http://www.dhammadownload.com



တော်မူတဲ့ စိတ်ဓာတ်ကို မိမိလေးစားကြည်ညိုခြင်း ဖြစ်ပါတယ်။

အဲဒီ (၂၀၀၇)ခုနှစ်၊ စက်တင်ဘာလမှာ ရွှေဝါရောင်တော်လှန်ရေးကြီး ဖြစ်တဲ့အခါမှာလည်း ရန်ကုန်မှာ သံဃာတွေကို နှိမ်နှင်းဖြိုခွင်းမှု အပြုခံခဲ့ရပါတယ်၊ မန္တလေးမှာလည်း ကျောင်းတိုက်ကြီးများမှ သံဃာများ ထွက်ကြပြီး မေတ္တာသုတ် ပရိတ်နှင့်မေတ္တာပို့များ ရွတ်ကြတဲ့ အခါမှာ ကျောင်းတိုက်ကြီးများရဲ့အပေါ်မှာ ရဟတ်ယာဉ်ကြီးဝဲပြီး အင်အားပြ ခြိမ်းခြောက်တဲ့ အခါမှာလည်း ဆရာတော်ကြီးဦးရာဇက သက်ဆိုင်ရာအာဏာပိုင်တို့ထံ ဖုန်းဆက်ပြီး "မင်းတို့ ဆီအကုန်ခံပြီး ဖင်ခေါင်းမကျယ်ကြနဲ့၊ အပိုပဲ"ဟု ပြောဆိုပြီး တားမြစ်တော်မူပါတယ်၊ ညပိုင်း(၇) နာရီလောက်မှာလည်း မစိုးရိမ်ကျောင်းတိုက်ကြီးအတွင်း ကြွရောက်တော်မူလာပြီး ထိန်းထိန်းသိမ်းသိမ်းနေထိုင်ကြဖို့ ဩဝါဒစကား ပြောကြားပြီး စောင့်ရှောက်တော်မူပါတယ်။

ရွှေဝါရောင်တော်လှန်ရေး နှိမ်နှင်းဖြိုခွင်းခံရပြီး သုံးလအကြာ ဒီဇင်ဘာလထဲမှာ မစိုးရိမ်ကျောင်းတိုက်ကြီးရဲ့ နှစ်တစ်ရာပြည့်ပွဲတော်ကျင်းပဖို့ (၂၀၀၇)ခုနှစ်၊ အစစောစောပိုင်းထဲက ဆုံးဖြတ်ခဲ့ကြတဲ့ ကိစ္စကိုလည်း အခက်အခဲ အကျပ်အတည်းတွေကြားမှ မစိုးရိမ်ရာပြည့်ပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် အတွက် ဦးစီးခေါင်းဆောင်ပြုပြီး ကြည့်ရှုစောင့်ရှောက်တော်မူပါတယ်။

မစိုးရိမ်နှင့် ဆက်စပ်တဲ့ကိစ္စ မှန်သမျှတို့၌ ဆောင် ရွက်ဖွယ်ကိစ္စ ပေါ်ပေါက်လာတိုင်း ခေါင်းမရှောင်ဘဲ ခေါင်းဆောင်ပေးတော်မူခြင်း၊ နိုင်ငံနှင့် လူမျိုးအတွက် ပြောစရာရှိတဲ့ စကားတို့ကိုလည်း အာဏာရှိ, အာဏာမဲ့ ပုဂ္ဂိုလ်မရွေး မညှာမတောက် ဩဝါဒစကား မိန့်ကြား တော်မူခြင်းဖြင့် ခေါင်းဆောင်မှု ပေးတော်မူတဲ့ မစိုးရိမ်တိုက်သစ် နာယကချုပ်ဖြစ်တော်မူသော ဘဒ္ဒန္တ ရာဇဓမ္မာ ဘိဝံသ မဟာထေရ်ကြီးရဲ့ ခေါင်းမရှောင်သည့် ခေါင်းဆောင်စိတ်ဓာတ်ဟာ လေးစားတန်ဖိုးထားစရာ အင်မတန်မှ ကောင်းမွန်ကြောင်း တင်ပြရင်း ယခု သက်တော်(၈၀)ပြည့် မွေးနေ့အခါန်အခါမှ စ၍ သက်တော်(၁၀၀)ပြည့် မွေးနေ့မင်္ဂလာတို့ကို အမျိုး, ဘာသာ, သာသနာအတွက် ခေါင်းဆောင်မှု ပေးတော်မူပြီး ကျင်းပဆောင်ရွက်နိုင်ပါစေဟု ဆုတောင်းပတ္ထနာပြုအပ်ပါတယ်။

မစိုးရိမ်နာယက

http://www.dhammadownload.com

သခင်အောင်ဖေရေ. . .

ဒီတစ်ပတ်လည်း ဝါဆိုမြင်ကွင်းကလေးတွေပဲ ဆက်ကြဦးစို့နော်၊ ဘုရားသားတော်ဆိုပြီး သာသနာ့ဘောင်ကို ရောက်နေရင် ကိုယ်ခံအင်အားဖြစ်တဲ့ ပရိယတ္တိမှာ အထိုက်အလျောက်တော့ အထုပ်အထည်လေး ရှိထားဖို့လိုတယ် ဟုတ်လား၊ တောမှာ ရပ်ရွာကဘယ်လိုကြည်ညိုလို့ ဘယ်လိုပဲ ဘုန်းကြီးကြီး ဒီကိုယ်တော်မန္တလေးတက်ပြီး စာသင်ဖူးတယ်ဆိုမှ တင့်တယ်တယ်၊ မဟုတ်ရင် တောထွက်ကြီးနဲ့ ဘာမှ ခြားတာမဟုတ်ဘူး။



မန္တလေး ဝါဆို မြင်ကွင်း

လူထုဒေါ်အမာ

http://www.dhammadownload.com

သာသနာ့ဝန်ထမ်း ရဟန်းတော်များအတွက် အကြီးဆုံး ပရိယတ္တိတက္ကသိုလ်က မန္တလေး၊ ဒုတိယအကြီးဆုံး ပရိယတ္တိတက္ကသိုလ်က ပခုက္ကူ။ အဲဒီတော့ မန္တလေးတက်ပြီး စာသင်ဖို့က လိုအပ်တယ်၊ ဒါ့ကြောင့် နယ်မှာရှိတဲ့ သံဃာက မန္တလေး ကျောင်းတိုက်ကြီးတွေမှာ ကိုယ့်အရပ်က သံဃာအခံရှိလို့ဖြစ်စေ၊ ကိုယ့်ဆရာသမားက ဆက်သွယ်ပေးလို့ဖြစ်စေ အကြောင်းအခွင့် သင့်ရာကျောင်းတိုက်ကြီးတစ်တိုက်တိုက်ကို စာသင်ဖို့ တက်ခဲ့ကြတတ်တယ်။

ဝါဆိုအမိ

သံဃာတွေအတွက် စာချတဲ့ စာဝါတွေက ဝါဆိုအပြီး ဝါဆိုလပြည့်ကျော်ရင် အားလုံး သင်တန်းစတာပဲ၊ ဒါ့ကြောင့် စာသင်သားရဟန်းသံဃာက ဘယ်ကို ရောက်နေနေ စာလိုက်ဖို့ အမိ မန္တလေးကို ပြန်ကြွလာကြတယ်။

မန္တလေး ရောက်တဲ့အခါတော့ ကိုယ်နေမယ့်တိုက်တာထဲမှာ စာသင်စာချဆရာတော်တွေ အပြည့်အစုံတိုက်တွင်းမှာ ရှိကြတာပါပဲ၊ ဒါပေမယ့် သံဃာစာမေးပွဲတွေ ဖြေချင်သေးတယ်၊ ငယ်-လတ်-ကြီးဆိုတဲ့ စာမေးပွဲတွေ၊ စာချတန်း ဓမ္မာစရိယတန်းဆိုတဲ့ စာမေးပွဲတွေ အစိုးရကျင်းပတာရော၊ နာမည်ကြီးလှတဲ့ သက္ကသီဟစာမေးပွဲမျိုးကိုရော ဝင်ချင်သေးတယ်ဆိုရင် ကိုယ့်တိုက်တာမှအပ တခြားတိုက်တာက စာချကောင်းလှပါတယ်လို့ နာမည်ကြီးတဲ့ စာဝါတွေကိုလည်း သွားပြီးလိုက်တတ်သေးတယ်။

ဒီနှစ် မန္တလေး တောင်ပြင် ပေါက်မြိုင်တိုက်က တိုက်အုပ်ဆရာတော် ဦးအဂ္ဂဝံသာဘိဝံသ ဘာဝါစာများ ချမလဲ မသိဘူး၊ မနှစ်ကတော့ သီလက္ခန်အဋ္ဌကထာကို ချတယ် ကြားပါတယ်၊ ဒီဆရာတော်ကြီးဟာ အဋ္ဌကထာကျမ်းရင်းကြီးတွေ ချရာမှာ ကောင်းလှတယ်လို့ နာမည်ကြီးပါတယ်၊ ဒါကြောင့် တိုက်တွင်းသံဃာသာမက နှစ်စဉ်အများအပြား စာလိုက်လာကြတာတွေ ရှိပါတယ်။

တောင်ပြင် ဘုရားကြီးတိုက် ဆင်မင်းကျောင်းက ဆရာတော် ဦးဩဘာသဆိုရင် အဋ္ဌသာလိနီလို အဋ္ဌကထာကြီးတွေ ပို့ချတော်မူရာမှာ နာမည်ကြီးလှပါတယ်။

မစိုးရိမ်တိုက်က ဆရာတော် ဦးကောဝိဒကတော့ ပါရာဇိကဏ်မှာ နာမည်ကြီးတယ်။ အပို့အချမှာ ဒီဆရာတော် ဦးကောဝိဒကို တခြားဆရာတော်များက မီဖို့တောင် မလွယ်ဘူးလို့ စာလိုက်သံဃာများက ထူးထူး



လည်လည် နှစ်သက်ကြတယ်လေ၊ မစိုးရိမ်က ဆရာတော် ဦးရာဇဓမ္မလည်း စာချရာမှာ နာမည်ကြီးတာပဲ၊ အထူးအားဖြင့် ဓမ္မာစရိယ စာချတန်း ဖြေမယ့်သံဃာတွေ လက်မလွှတ်နိုင်တဲ့ ဆရာတော်တွေပေါ့။

အနောက်ပြင် မိုးကောင်းတိုက်မှာ ညောင်ရမ်းဆရာတော် ဦးပဏ္ဍိစ္စလည်း စာလိုက်သံဃာတွေ များတာပဲ၊ အကြီးတန်းဖြေမယ့်သံဃာတွေ၊ ဓမ္မာစရိယစာချတန်းဖြေမယ့်သံဃာတွေ အားကြီးလာပြီး စာတက်ကြတာပေါ့။

ချမ်းသာကြီးဆရာတော် ဦးဇောတိကာဘိဝံသဆိုရင် တစ်နေ့ကို စာဝါ ၃-၄-ဝါ ချပါတယ်၊ မနက်မှာ အကြီးတန်း၊ နေ့လယ်မှာ စာချတန်း၊ ညနေမှာ ယမိုက်၊ အလတ်တန်းသံဃာတွေကို ချပေးတယ်လေ။ ဆရာတော့်ဆီမှာ စာဝါတစ်ဝါတစ်ဝါမှာ နည်းရင် အပါး ၁၅၀-၂၀၀လောက် အမြဲတမ်းရှိတာပဲ။

စာလိုက်တယ်ဆိုတာ

သံဃာတွေ စာလိုက်တယ်ဆိုတာ မနက်ဆွမ်းခံရော၊ ဆွမ်းခံက စောရင် (၈)နာရီ၊ နောက်ကျရင် (၉)နာရီကျောင်းပြန်ရောက်တယ်၊ အချိန်မရရင် မနက်(၉)နာရီမှာစတဲ့ မနက်စာဝါကို ဆွမ်းမစားခင် စတက်ရတယ်၊ ဒီစာဝါက အများအားဖြင့် (၉)နာရီကနေ (၁၀)နာရီမှာပြီးတယ်၊ တခါတရံမှ အချိန်နည်းနည်းပိုတတ်တယ်၊ အဲဆွမ်းခံပြန်နောက်ကျရင် အဲဒီမနက်စာကို စာဝါတစ်ဝါအပြီးမှာ ဆွမ်းဘုဉ်းပေးရတာပါ။

နေ့ဝါက နေ့(၁၂)နာရီကနေပြီး (၁)နာရီအထိ ချတာရှိတယ်၊ နေ့(၁)နာရီက (၂)နာရီအထိ ချတာရှိ

http://www.dhammadownload.com

တယ်၊ ညဝါခေါ်တဲ့ စာဝါကတော့ ညနေ(၅)နာရီက (၆)နာရီအထိပေါ့။

စာမေးပွဲတစ်ခုခုကို ဖြေမယ်လို့ အားခဲထားတဲ့ သံယာက ကိုယ်လိုက်ရမယ့်စာဝါကို လိုက်ပြီး ကျက်ချိန် ကျက်၊ အံချိန် အံရတာပေါ့၊ ဒါကြောင့် ဟိုအရင်က သံယာငယ်တွေ တခါတရံ ဘောလုံးပွဲကြည့်တာ၊ ရုပ်ရှင်ကြည့်တာ၊ အငြိမ့်ကြည့်တာကို တချို့လူတွေက သူတို့လည်း ကျောင်းသားတွေပဲ စာလိုက်ရတာ စာကျက်ရတာ ပင်ပန်းတော့ ငယ်သေးတာကိုး ကြည့်ချင်မှာပေါ့လို့ တစ်စိတ်တစ်ပိုင်း ခွင့်လွှတ်ချင်ကြသူမျိုး ရှိတတ်ကြတယ်၊ နို့ပေမယ့် သမဏသာရူပမဖြစ်ဘူးဆိုပြီး အများအားဖြင့်ကတော့ ခွင့်မလွှတ်ကြဘူး၊ အဲဒါ ဟိုတုန်းကပါ။

ခုခေတ်မှာတော့ ရဟန်းတော်တွေ ဘတ်စ်ကားအမိုးပေါ်စီးရ၊ နောက်မြီးက တွယ်စီးရ၊ သံယာရော သီလရှင်ပါ ကားနောက်မြီးက တွယ်စီးနေရတဲ့ မြင်ကွင်းမျိုးက သာပြီး သမဏသာရူပ မဖြစ်ပါသေးတယ်၊ မန္တလေး ဘတ်စ်ကားများက မနက်အစောကြီး ဆွမ်းခံချိန်မှာ ဆွမ်းခံမယ့်အရပ်ကို သွားဖို့ ဘတ်စ်ကားတက်စီးရင် အခမဲ့စီးရ၊ ကားခမယူဘဲ နိဗ္ဗာန်ကူးတို့ အခမဲ့ပို့ကြပါတယ်၊ သံယာများကို ဘတ်စ်ကားထဲမှာ နေရာကောင်းလည်း ပေးကြပါတယ်၊ ဒါပေမယ့် ဓာတ်ဆီကရှားတော့ ဘတ်စ်ကားအရေအတွက်က သိပ်နည်းနေတော့ ခရီးသွားချင်တဲ့ သံယာက နေရာရတာမရတာကို မဆင်ခြင်နိုင်တော့ဘဲ လူတွေနဲ့အတူရောပြီး တွေ့ရာတက်စီးတဲ့ မြင်ကွင်း တွေကို မြင်နေရတာပေါ့။

ဆဒ္ဒါမရှား

ဘာပဲဖြစ်ဖြစ် ဆွမ်းခံသံယာတွေရဲ့ သပိတ်ကို ကြည့်တဲ့အခါ ဆန်ရှားသလောက် ဆွမ်းမနည်းဘူး၊ သားငါးဟင်းကြီးသလောက် ဆွမ်းဟင်းမနည်းဘူးဆိုတာတော့ တွေ့ရတယ်၊ ဝမ်းသာစရာပဲ၊ လက္ခဏာရှားပေမယ့် သဒ္ဒါမရှားတဲ့ ကျွန်မတို့ လူမျိုးပါပဲ၊ နေ့ကြီးရက်ကြီး ဥပုသ်နေ့တွေများဆိုရင် တချို့သပိတ်တွေမှာ ပြည့်လို့လျှံလို့၊ ဒါကြောင့် ကျွန်မတို့ လောင်းလှူနေကြ နိစ္စဘတ်သမားတွေက နောက်ဆုတ်ပေးမတတ်ပဲ။

ဒီနှစ် မန္တလေး ဝါဆိုသံယာ ဘယ်လောက်များရှိပါလိမ့်၊ ချမ်းသာကြီးဆန်လှူအသင်းနဲ့ မလွန်ဆန်လှူအသင်းကို သံယာစာရင်း တောင်းကြည့်ရဦးမယ်၊ မနှစ်ကထက် လျော့မလား ပိုမလား။

ချမ်းသာကြီးဆန်လှူအသင်းက မန္တလေးမြို့ပေါ်မှာ သီတင်းသုံးနေတဲ့ သံယာများအတွက် အဓိကထားပြီး ဆွမ်းဆန်လှူတဲ့အသင်းပါ၊ မလွန်ဆန်လှူအသင်းက ဂေါစရဂါမ်ခေါ်တဲ့ ဆွမ်းခံရွာချို့တဲ့တဲ့ စစ်ကိုင်းတောင်ရိုးနဲ့ မင်းကွန်းတောင်ရိုးက သံယာနဲ့ သီလရှင်တွေကို အဓိကထားပြီး ဆွမ်းဆန်တော်များ လှူဒါန်းတဲ့အသင်းကြီးပါ။

ဝါဝင်လာပြီဆိုရင်

ဝါဝင်လာပြီဆိုရင် ဝါတွင်းဥပုသ်နေ့ မနက်အစောကြီးမှာ ဆွမ်းခံကိုယ်တော်တွေကို ယာဂုဆွမ်းကပ်လှူတဲ့ အလှူတွေ လုပ်တတ်တဲ့အရပ်တွေလည်း မနှစ်ကတော့ မန္တလေးမှာ နှစ်တိုင်းလိုပဲ တော်တော်များများ ရှိခဲ့တယ်။

အရပ်ထဲမှာ ဆန်ခံတယ်၊ ပိုက်ဆံခံတယ်၊ ပြီးရင် ဝေယျာဝစ္စကုသိုလ်ယူမယ့် လူငယ်တွေက ပလက်ဖောင်းတစ်နေရာမှာ စားပွဲတွေ ကုလားထိုင်ခင်း၊ ရာဇမတ်လေးတွေ ကာထားပြီး ဇွန်းပန်းကန် ငှားထားတယ်၊ အဖိတ်နေ့ ညကတည်းက ယာဂုအိုးကြီးတွေ တည်ကြတယ်၊ အရုဏ်တက်ရင် ယာဂုက ကျက်ပြီ၊ အဲဒီယာဂုထဲမှာ ကြက်သား၊ ဘဲသားပေါ့၊ တချို့က အုန်းသီးခြစ်ကို ထည့်တယ်၊ သက်သတ်လွတ်။

ကျက်ပြီဆိုရင် ဆွမ်းခံကြွလာတဲ့ သံယာတွေကို ကုလားထိုင်ပေါ်ပင့်ပြီး တစ်မနက်လုံး အလိုရှိသလောက် ဘုဉ်းပေးဖို့ ကပ်လှူနေကြတော့တာပဲ၊ ဒီနှစ် ကြက်စွေးဘဲစွေးက ၂၀၀-က ကောင်းကောင်းကျော်နေလို့ အသားပြွမ်းနိုင်ကြဦးမလား၊ ဆန်စွေးက တစ်ပြီ ၆၀ကျော်နေလို့ တစ်အိုးက နှစ်အိုး ချက်နိုင်ကြဦးမလား စောင့်ကြည့်ရမှာပဲ၊ အရေအတွက်လိုမှာ လျော့ချင်လျော့မယ်၊ အရည်အချင်းမှာ လျော့ချင်မှ လျော့မှာပါ၊ မြန်မာဗုဒ္ဓဘာသာတွေရဲ့ သဒ္ဓါတရားက အလွန်ကောင်းတာပါ၊ ကျွန်မတို့မှာ မရှိလို့သာ နေရမယ်၊ ရှိလာရင် လှူချင်တန်းချင် ပေးချင်ကမ်းချင် ကျွေးချင်မွေးချင်းဆိုတဲ့စိတ်က မွေးရာပါတွေဟုတ်လား၊ တချို့များ မရှိဘဲနဲ့တောင် လှူနေကြရသေးမှုတ်လား၊

ကဲ ဝါတွင်းအလှူတွေဆီ ကလောင်ဦးလှည့်သွားမိလို့ စာချကောင်းဆရာတော်ကြီး တစ်ပါးအကြောင်း နောက်တစ်ပတ်မှပဲ ရေးတော့မယ်။

လူထု ဒေါ်အမာ

http://www.dhammadownload.com



စာရေးဆရာကြီး ဦးရာဇ

စိုးနိုင်(မန္တလေးတက္ကသိုလ်)

မြန်မာလူမျိုးတွေရဲ့ အကျင့်တစ်ခု ဒါမှ မဟုတ် မန္တလေးမြို့သူ မြို့သားတွေရဲ့ စရိုက်တစ်ခုက ရှည်လျားထွေပြား ပေများတာကို သိပ်မကြိုက်တတ်ကြပဲ အလွယ်အတိုကောက် ဒေသသုံးတွေကို ဓလေ့တစ်ခုလို အတည်တကျ ပြောတတ်ဆိုတတ်သုံးနှုန်းတတ်ကြတာဟာ ယဉ်ကျေးမှုတစ်ခုလို ဖြစ်နေကြလို့ အခုလိုပုံစံမျိုးအတိုင်း နေ့စဉ်ပြောဆို သုံးနှုန်းတတ် ကြပုံလေးနဲ့ ဒီဆောင်းပါးဖွင့်လှစ်လိုက်ပါရစေ။

"မဟာလောကရံသီ"စေတီတော်ကို "အိမ်တော်ရာ"ဘုရား . . .

"မဟာသက္ကမာရဇိန်" ရုပ်ပွားတော်ကို "ကျောက်တော်ကြီး"ဘုရား . . .

"မဟာလောကမာရဇိန်" စေတီတော်ကျပြန်တော့ "ကုသိုလ်တော်"လို့ ပြောဆိုနေမှ မန္တလေးမှာ နေရာကျတာပါ။ ဒီစေတီ,ရုပ်ပွားတော်တွေရဲ့ မူရင်းဘွဲ့တော်တွေကို အပြည့်အစုံခေါ်ဝေါ်ပြောဆိုသူ မရှိသလောက် ရှားပါတယ်။

ထူးဆန်းတာတစ်ခုကတော့ မဟာမုနိရုပ်ရှင်တော်ကို ပြောဆိုကြတဲ့ အခါများကျတော့ "မြတ်"တစ်လုံး ဖြည့်ပြီး "မဟာမြတ်မုနိ"လို့ ပြောဆိုတတ်ပေမယ့် ဒီမှာလည်း "ဘုရားကြီး"ဆိုတဲ့ အသုံးအနှုန်းက "မဟာမြတ်မုနိ"ထက် တွင်ကျယ် တာ အမှန်ပါပဲ။

ဒီလောက် နိဒါန်းပျိုးလိုက်ရင် ကျွန်တော်ရဲ့ ဆောင်းပါးခေါင်းစဉ်အတွက် အကြောင်းပြချက် လုံလောက်သွားပြီလို့ ယူဆမိပါတယ်။

မန္တလေး မစိုးရိမ်တိုက်သစ်ရဲ့ ယခုလက်ရှိနာယကချုပ်ဆရာတော်ကြီးကို စာသံပေသံနဲ့ ပြည့်ပြည့်စုံစုံ ဖော်ပြမယ်ဆိုရင် "ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ"လို့ ပီပီသသပြောရရေးရမှာပါ။

ဒါပေမယ့် မန္တလေးသားတွေရဲ့ အသားသေနေတဲ့ အပြောအဆိုက ဒီလို မဟုတ်ပါဘူး။ တချို့က "ဦးရာဇ"လို့ ပြောချင်ပြောပေမယ့် တချို့ကျတော့ "ဆရာတော်

http://www.dhammadownload.com

ဦးရာဇ" လို့ ဆိုချင်ဆိုမယ်၊ ဒီအသုံးအနှုန်းက ပုံသေဖြစ်နေပါပြီ။

အပြောအဆိုပိုင်းမှာ ဒီလိုဒီနှယ် တွင်ကျယ်နေပေမယ့် ဆရာတော်ကြီးရဲ့ ဘွဲ့အမည်ရင်းက "ဦးရာဇဓမ္မ" ဖြစ်ပါတယ်၊ ပရိယတ္တိသာသနဟိတဓမ္မာစရိယ သီးခြားစာချဆိုတဲ့ ပရိယတ္တိအရည်အသွေးကြောင့် အမှန်တကယ် သုံးနှုန်းရမှာက ဦးရာဇဓမ္မာဘိဝံသပေါ့။ ဝါတော် (၂၀)ကျော်တဲ့ မဟာထေရ်ကြီးဖြစ်လို့ ဒီဘက်ဒီခေတ် အသုံးအနှုန်းအရ "ဘဒ္ဒန္တရာဇဓမ္မာ ဘိဝံသ"လို့ ရေးသားသုံးနှုန်းရမှာကလည်း တာဝန်တစ်ရပ်ပါပဲ။

ကျွန်တော့်အနေနဲ့တော့ မန္တလေး 'လေ'ကိုပဲ နှစ်သက်လို့ ဘာပဲပြောပြော "စာရေးဆရာကြီး ဦးရာဇ"လို့ တရင်းတနှီး သုံးနှုန်းခွင့်ပြုပါလို့ ဆရာတော်ဘုရားကို လျှောက်ထားချင်တော့တာပါပဲ။

လို၊ တို၊ ရှင်း ကြိုက်တဲ့ ကျွန်တော့်အတွက် နိဒါန်းကိုက အတော်ရှည်သွားပါပြီ၊ ဒီဆောင်းပါးရဲ့ "စာကိုယ်"ပိုင်းကို ဆက်ကြပါစို့။

ဆရာတော် ဦးရာဇဟာ တကယ့်တကယ်တော့ မန္တလေး မစိုးရိမ်တိုက်သစ်နဲ့ တိုက်ခွဲတွေရဲ့ မဟာနာယကချုပ် မည်ကာမတ္တမဟုတ်ပါဘူး၊ မြန်မာနိုင်ငံ သာသနာတော်တစ်ရပ်လုံးရဲ့ ထင်ရှားကျော်ကြားလှတဲ့ ဆရာတော်ကြီးတွေထဲက ဆရာတော်ကြီးတစ်ပါးဖြစ်တဲ့အပြင် တရားနာပရိတ်သတ်တွေကြားမှာလည်း နိုင်ငံရေး ဟောတဲ့ ဓမ္မကထိကဆရာတော် ကြီးရယ်လို့ ပြောစမှတ်ပြုခံရတဲ့ ဆရာတော်ကြီးလည်းဖြစ်နေပြန်ပါတယ်။

ဒီနေရာမှာ ကြားညှပ်ပြောချင်တာကတော့ ဆရာတော်ကြီးက တရားဟောတဲ့အခါ မြတ်စွာဘုရားရှင်ရဲ့ အဆုံးအမ တရားဒေသနာကိုပဲ ဟောတာပြောတာဖြစ်ပေမယ့်၊ ကမ္ဘာအနှံ့ရောက်ခဲ့ဖူးပြီး ရှစ်လေးလုံးအရေးအခင်းအပြီးမှာ ထောင်ကျခဲ့ဖူးလေတော့ ဒီအတွေ့အကြုံတွေကတဆင့် မြန်မာတွေဟာ မည်ညွှတ်ကြလို့ အောက်ကျနောက်ကျဖြစ်နေရတာကို မီးမောင်း ထိုးပြပြီး ညီညွတ်ရေးတရားကို အမြဲဟောပြောတတ်တာမို့ နိုင်ငံရေးတရားဟောတယ်လို့ တံဆိပ်ကပ်ခံရတာကိုလည်း ကျွန်တော့်အနေနဲ့ ဒီအပေါ်မှာ ဘာမှ ငြင်းချက်ထုတ်နေစရာမလိုပါဘူး၊ ဒါပေမယ့် ဆရာတော်ကြီးဟောတဲ့ တရားကတော့ ဘုရားဟောတဲ့ တရားပါပဲ၊ နိုင်ငံရေးတရားမဟုတ်ပါဘူး၊ ဟောတဲ့တရားထဲမှာ နိုင်ငံရေးသဘောတရားတွေအနေနဲ့ ကမ္ဘာ့ဗဟုသုတ၊ မြန်မာ့ဗဟုသုတတွေက ကျွဲကူးရေပါ, ပါသွားတာတော့ အမှန်ပါပဲ။

ပြန်ကောက်ရရင် ဆရာတော်ကြီးဟာ မစိုးရိမ်တိုက်သစ်ကြီးနဲ့ တိုက်ခွဲတွေရဲ့ မဟာနာယကချုပ်၊ တရားဟော ဓမ္မကထိက ဆိုတာတွေဟာ လူသိများထင်ရှားတဲ့ အရာတွေဖြစ်ပေမယ့်၊ ကျွန်တော်တို့တတွေ တကယ်တမ်း ပြောကြဆိုကြ ဂုဏ်ယူမဆုံး ရှိကြရမှာက-

စာချဆရာတော်ကြီး ဦးရာဇ၊ စာရေးဆရာမှတကယ့်စာဆိုတော်ကြီး ဦးရာဇ၊ ခေတ်မီစာကြည့်တိုက်ရဲ့ FOUNDER ဦးရာဇဆိုတာတွေဖြစ်တယ်လို့ ကျွန်တော် သဘောရပါတယ်။

ဒီထဲကနေ ကျွန်တော့်ရဲ့ ဒီဆောင်းပါးမှာတော့ "စာရေးဆရာကြီး ဦးရာဇ"ကိုပဲ နည်းနည်းပါးပါး ချဉ်းကပ်ပြပါရစေ၊ ကျွန်တော်က သာမန်စာရေးဆရာ တစ်ယောက်ပါ၊ ဆရာတော်ကြီးရေးတဲ့စာတွေကို နှစ်သက်ကြည်ညိုလေ့ရှိတဲ့ တပည့် ဒကာတစ်ဦးပါ၊ ဒီတော့ လေးမြတ်ကြည်ညိုတဲ့ စိတ်တစ်ခုကိုပဲ အားကိုးပြီး ဒီစာကို ရေးတာပါ၊ ပညာရှင်တွေလိုတော့ ဟိမဝန္တာချီးမွမ်းခန်း မဖွင့်တတ်ပါဘူး။

ဒါကြောင့် ဆရာတော်ဘုရားကြီးရဲ့ သက်တော် (၈၀)ပြည့် အခါသမယကို အထိမ်းအမှတ်ပြု ထုတ်ဝေမယ့် ဒီစာအုပ် ကြီးထဲမှာ ကျွန်တော့်အနေနဲ့ အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ် ဦးရာဇ(ခေါ်) "ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ" စာရေးဆရာကြီး ရေးသားပြုစုအပ်တဲ့ စာပေတွေထဲက "မစိုးရိမ်သမိုင်းနှင့်သာသနာဝင်"စာအုပ်ကို အဓိကအားဖြင့် ကြည်ညိုပူဇော်ပါရစေ။

ကိုယ်ပူဇော်ရေးသားမယ့်စာအုပ် ကြည့်လိုက်တော့ စာအုပ်ကြီးက စွယ်စုံကျမ်းဆိုဒ်ကြီး၊ စာမျက်နှာက အမှာစာ (၄)မျက်နှာပါနဲ့ဆိုရင် စာမျက်နှာ စုစုပေါင်း (၅၃၉)မျက်နှာရှိတဲ့ ဧရာမစာအုပ်ကြီးပါ။ ဒါ့အပြင် မျက်နှာပြည့်ဆိုဒ်ကြီး ရောင်စုံဓာတ်ပုံ (၁၁)ပုံနဲ့ တန်ဆာဆင်ထားတာကလည်း ဒီစာအုပ်ရဲ့ မွန်မြတ်ကြီးကျယ်တဲ့ ဂုဏ်သရေကို ဖော်ညွှန်းပြဆို နေပါတယ်။

ဒီစာအုပ်ထဲမှာ အပိုင်း(၂)ပိုင်း ပါပါတယ်။

၁။ မစိုးရိမ်သမိုင်း . . . . . နဲ့

၂။ မစိုးရိမ်သာသနာဝင် . . . . . တို့ဖြစ်ကြပါတယ်။

၁။ မစိုးရိမ်သမိုင်း

ဒီအပိုင်းမှာ ဆရာတော်ကြီးက ခေါင်းစဉ်ပေါင်း

http://www.dhammadownload.com

(၉၀)နဲ့ ဖွဲ့စည်းပြီး မစိုးရိမ်ကျောင်းတိုက်ကြီးရဲ့ ဖြစ်စဉ်သမိုင်းကို ရေးသားပြုစုပါတယ်။ အောက်စဖို့တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်ဆိုတဲ့ ခေါင်းစဉ်နဲ့ အစပြုပြီး ဒေးဝန်းဦးပေစိ မစိုးရိမ်တိုက်သစ်ဆိုတဲ့ ခေါင်းစဉ်နဲ့ အပြီးသတ်ရေးသားထားတာကို ဖတ်ရှုရပါတယ်။

မစိုးရိမ်တိုက်ကြီး စတင်တည်ဆောက်သည့် အချိန်ကာလကစပြီး ကျောင်းတိုက်အနေအထား၊ ကျောင်းဒါယကာ သားဖနှစ်ဦးဖြစ်တဲ့ ဦးသက်ရှည်နဲ့ ဦးကျော်တို့ရဲ့ ဘဝ၊ ကုသိုလ်ပြုစနစ် ကောင်းပုံ၊ မြန်မာအနာထပိဏ်, ဝိသာခါလို့ တင်စားနိုင်ပုံ၊ ထမင်းဆိုင်တိုင်း ဆွမ်းစားနိုင်တဲ့ လက်မှတ်(မစိုးရိမ်တိုက်က သံဃာတွေမိုးရွာတဲ့အခါ ဆွမ်းခံစရာ မလိုပုံ) စတာတွေကို အသေးစိတ် ရေးသားမှတ်တမ်းတင်ထားပုံနဲ့ ပတ်သက်ပြီး ဆရာတော်ရဲ့ အရေးအသားတွေဟာ အတ္ထုပ္ပတ္တိစာပေ အရေးအသားမှာ အတုယူဖွယ် ကောင်းလှပါတယ်။

ဆက်လက်ပြီး မစိုးရိမ်တိုက်ကြီး ဖြတ်သန်းခဲ့ရတဲ့ ခေတ်အဆက်ဆက်ကိုလည်း ဂျပန်ခေတ်မစိုးရိမ်၊ တော်လှန်ရေး ခေတ်မစိုးရိမ်၊ တော်လှန်ရေးကောင်စီခေတ်မစိုးရိမ်၊ နဝတခေတ် မစိုးရိမ်ဆိုပြီး ခွဲခြားရေးသားထားရုံမက ဒီခေတ်ကာလ တွေထဲမှာ မစိုးရိမ်တိုက်ကြီး ဖြတ်ကျော်ခဲ့ရတဲ့ အဖြစ်သနစ်မှန်သမျှကို ကျကျနန၊ သေသေချာချာ၊ စုံစုံစီစီ ရေးသားထားတာကို ဖတ်ရတာဟာလည်း မစိုးရိမ်သမိုင်းဆိုတာ ဒီလိုပါလားလို့ သိခွင့်၊ ဆည်းပူးမှတ်သား နာယူခွင့်ရတဲ့အတွက် ကျမ်းပြုအရှင်ကို အထူးကျေးဇူးတင် ဂါရဝထား ဦးချမိတာ အခါခါပါပဲ။

ဆရာတော်ဘုရားကြီးအနေနဲ့ ဒီလိုသမိုင်းဆိုင်ရာ အဖြစ်အပျက်တွေကို ရေးသားတဲ့အခါ အဖြစ်အတိုင်း၊ အရှိအတိုင်း၊ အကောင်းအတိုင်း၊ အဆိုးအတိုင်း ဘက်လိုက်မှုမပါဘဲ ရေးသားမှတ်တမ်းတင်ထားတဲ့အတွက် သမိုင်းဆိုင်ရာစာပေ ရေးသူတို့အတွက် စံနမူနာကောင်းတစ်ခုကို ဒီစာအုပ်က တစ်ဆင့် ပေးဝေနေပုံကိုလည်း သိမြင်ကြည်ညိုနိုင်ကြမှာ ဖြစ်ပါတယ်။

ဒါအပြင် မစိုးရိမ်တိုက်ကြီးရဲ့ ထင်ရှားတဲ့ သင်္ကေတအမှတ်အသားဖြစ်တဲ့ "နယူပဒေသ"ဆိုတဲ့ ဝေါဟာရ၊ လယ်တီဆရာတော်ဘုရားနဲ့ မစိုးရိမ်၊ ဥရောပနဲ့ ဗုဒ္ဓစာပေ၊ မစိုးရိမ်ပရိယတ္တိစာမေးပွဲနဲ့ ဝိနည်းစာပြန်ပွဲ၊ မစိုးရိမ်က ပြုစုရေးသားတဲ့ ပါဠိအဘိဓာန်၊ သြဝါဒါနုသာသနီကတိကဝတ် စာတမ်း(လက်ရေးမူ) (ပါဠိ) (မြန်မာ)တို့ အကြောင်းများနဲ့ တကွ၊ စည်းမျဉ်း ဥပဒေပိုင်းဆိုင်ရာမှာ တိကျလှတဲ့မစိုးရိမ်တိုက်ကြီးရဲ့ ဥပဓိရုပ်တွေကို သိရှိဆည်းပူးခွင့်ရအောင် အကျအန ရေးသားထားတာကို ဖတ်ရှုရတဲ့အခါ ဒါတွေကြောင့် မစိုးရိမ်ဆိုတာ မစိုးရိမ်ဖြစ်နေပုံကို ရိပ်စားသဘောပေါက်လာရပါတော့တယ်။

ဆရာတော်ကြီးဟာ မစိုးရိမ်သမိုင်းကဏ္ဍကို မစိုးရိမ်ကျောင်းဒကာကြီးများ ကွယ်လွန်ပြီးတဲ့နောက် ကျောင်းအမကြီးနဲ့ သားဖြစ်သူတို့ ဆောက်လုပ်လှူဒါန်းခဲ့ကြတဲ့ မြစ်ဝယ်၊ လက်သမားဝူ၊ မြတ်စွာဘုရားအရိပ်တော်အောက်က အသောကာရုံ ကျောင်းတိုက် ကျောက်စာနဲ့ ကျောက်စာခတ်ပုံ၊ သက္ကသီဟစာသင်တန်းနဲ့ စာချုတန်းအောင်မြင်တော်မူကြတဲ့ မစိုးရိမ် သံဃာတော်များစာရင်းနဲ့ မစိုးရိမ်တိုက်ခွဲများအကြောင်းကို ရေးသားမှတ်တမ်းတင်ပြီး ဒီအပိုင်းကို အချောသတ် ပြီးမြောက်စေလျက်၊ မစိုးရိမ်ကျောင်းတိုက်ကြီးရဲ့သမိုင်းကို ကျမ်းကျင်တဲ့ ပန်းပုဆရာတစ်ဦးပမာ ထုဆစ်ထားတာဟာဖြင့် လက်ရာမြောက်လှပါကြောင်း လျှောက်ထားရန်မှတပါး အခြားမရှိပါဟု သုံးသပ်ယူဆကြည်ညိုအပ်ပါတယ်ဘုရား . . . . . ။

၂။ မစိုးရိမ်သာသနာဝင်

မစိုးရိမ်သမိုင်းနဲ့သာသနာဝင်လို့ အမည်ပေးထားတဲ့ ဒီစာအုပ်ကို လေ့လာကြည်ညိုကြည့်မယ်ဆိုရင် မစိုးရိမ်သာသနာဝင်အပိုင်းဟာ စာဖတ်သူတွေအတွက် ပိုပြီး စိတ်ဝင်စားဖွယ်ဖြစ်နေမှာ အမှန်ပါပဲ။

မစိုးရိမ်တိုက်ကြီး အနေအထားကိုက မြန်မာနိုင်ငံဘုန်းတော်ကြီးကျောင်းသမိုင်းမှာ လူတွေစိတ်ဝင်တစားရှိတဲ့ အကြောင်းက ဒီကျောင်းတိုက်ရဲ့နာမည် "မစိုးရိမ်" ဆိုတာကကို စိတ်ဝင်စားစရာ ကောင်းနေလို့ပါပဲ။ ပါဠိမဖက်၊ မြန်မာသက်သက် အဓိပ္ပါယ်ဟာ စိုးရိမ်သောကတွေနဲ့ လုံးထွေးရစ်ပတ်နေရတဲ့ အများသူငါအတွက် ရင်ထဲအသဲထဲမှာ အအေးဓာတ်တွေကိန်းပြီး မစိုးရိမ်ရတော့ဘူးကွဆိုတဲ့ အာနိသင်ကို ရနေသလို အနေအထားဖြစ်နေရုံမက ပုဂံခေတ်ကနေ ယနေ့အထိ ဒီလိုနာမည်ရှိတဲ့ ဘုန်းကြီးကျောင်းမျိုးဟာ ဒီ(၁)ကျောင်းပဲရှိနေတာက အထူးခြားဆုံးဖြစ်စဉ်လို့ ကမ္ဘည်းတင်ရမှာ မလွဲပါဘူး။

ဆရာတော်ကြီးဟာ မစိုးရိမ်သာသနာဝင်ကို အထူးအလေးထား ရေးသားထားတာကို တွေ့ရပြီး ရှေ့ကဖော်ပြခဲ့တဲ့ မစိုးရိမ်သမိုင်းနဲ့လည်း တဆက်စပ်တည်း ညီညွတ်လှပစွာ ချိတ်ဆက်ထားတာကို တွေ့ရှိကြည်ညိုရပါတယ်၊

http://www.dhammadownload.com

အခုလို အပိုင်းနှစ်ပိုင်းခွဲပြီး ရေးလိုက်ရတဲ့အတွက် မစိုးရိမ်တိုက်ကြီး၊ ကျောင်းဒကာ၊ ကျောင်းအမကြီးတွေ၊ တိုက်အနေအထားတို့နဲ့တကွ ဒီတိုက်ကြီးမှာ သီတင်းသုံးတော်မူကြတဲ့ သံဃာတော်အရှင်မြတ်များရဲ့ ဝိသေသအခြေအနေအရပ်ရပ်ကို ပီတိသောမနဿ အထပ်ထပ်နဲ့ လေးမြတ်ကြည်ညိုရင်း ဝင်းလက်တောက်ပနေတဲ့ သာသနာ့မြင့်ကွင်းကြီးကိုပါ မြင်ကွင်းကျယ် တွေ့မြင် လိုက်ရတာကြောင့် ဒီစာအုပ်ကြီးဟာ မစိုးရိမ်သာသနာအတွက် သာမက သာသနာတော်တစ်ရပ်လုံး ဝမ်းမြောက်ဂုဏ်ယူကြရမယ့် သမိုင်းဝင်စာအုပ်ကြီးတစ်အုပ်အဖြစ် ရှုမြင်ကြည်ညိုအပ်ပါတယ်။

မစိုးရိမ်သာသနာဝင်အပိုင်းကို ဆရာတော်ကြီး နိဒါန်းသွယ်ထားပုံက . . . . .

သာသနာဝင်ရေးသားရာ၌ ဘင်္ဂလားဆရာတော်, ဆရာတော်ဦးသောမာဘိသိရီ, ဆရာတော်ဦးသူရိယာဘိဝံသ (မစိုးရိမ်ဆရာတော်ဘုရားကြီး), ဆရာတော်ဦးဉာဏာတို့၏ သာသနာဝင် အတ္ထုပ္ပတ္တိကို ကျောင်းအမည်မသုံးသပ်ဘဲ မစိုးရိမ်တိုက်ကြီးကို စတည်ထောင်သူ ဆရာတော်ကြီးများအနေဖြင့် ရေးသားပါမည်။ အခြားဆရာတော်များ၏ သာသနာဝင် (အတ္ထုပ္ပတ္တိ)ကိုကား သက်ဆိုင်ရာကျောင်းနာမည်နှင့် တွဲဖက်၍ ရေးသားပါမည် . . . ဆိုပြီး ဒီအခြေခံအုတ်မြစ်ပေါ်မှာ မစိုးရိမ်သာသနာဝင်အကြောင်း စာမျက်နှာ(၃၉၉)မျက်နှာနဲ့ တန်ဆာဆင် ရေးသားပြုစုသွားတာကို တွေ့မြင်ကြည်ညိုရပါတယ်။

ရှေ့မှာဆရာတော်ကြီးရေးသားခဲ့တဲ့ မစိုးရိမ်သမိုင်းဟာ စာမျက်နှာ(၁၉၀)ပဲရှိပါတယ်၊ ဒါကြောင့်တိုက်တာသမိုင်းနဲ့ တိုက်တာရဲ့ သာသနာဝင်ကို ဖတ်ရှုပြီးတဲ့အခါ တွေ့လာရတာက သာသနာဝင်ရဲ့ အတိုင်းအတာ ပမာဏနဲ့ သော့ချက်ရဲ့ အရေးပါ အရာရောက်ပုံနဲ့ ပရိယတ္တိသာသနာအတွက် သာသနာပြုရဟန်းတော်များ စာချုပ်ဂိုလ်အရှင်မြတ်များရဲ့ "ဘုရားသာသနာစောင့်" ပုဂ္ဂိုလ်စစ်ပုဂ္ဂိုလ်မှန်များဖြစ်ပုံကို ရှင်းရှင်းလင်းလင်း တိတိကျကျ သိကြရပုံမှာ ဒီအပိုင်းရဲ့ ပဓာန အကြောင်းအရာအဖြစ် သိမြင်သုံးသပ် ပူဇော်လိုက်ရပါတယ်။

ဆရာတော်ဟာ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီးရဲ့ ထေရုပ္ပတ္တိကို စာမျက်နှာအများဆုံး ရေးသားပူဇော်ထားရာမှာ ခေါင်းစဉ်ပေါင်း (၁၃၆)ခု ရှိတာကို တွေ့ရပါတယ်။

ဆဋ္ဌသင်္ဂီယနာရဲ့ ဥက္ကဋ္ဌဖြစ်တော်မူတဲ့ မစိုးရိမ်ဆရာတော်ဘုရားကြီးဟာ ငယ်စဉ်က စပြီး ပုထုဇဉ်တွေထဲမှာ တွေ့ရခဲလှတဲ့ ဖြောင့်မတ်မှု၊ အလိုနည်းမှု၊ အလှူရက်ရောမှု၊ သဘာဝကျအောင် တွေးတတ်ပြောတတ် လုပ်ကိုင်ဆောင်ရွက်တတ်မှု၊ ဆုံးဖြတ်ချက်ပြတ်သားမှု၊ သတ္တိဗျတ္တိ(၂)မျိုးလုံးပြည့်စုံမှု၊ အမှားကို အမှားဟု ပြောင်ပြောင်တင်းတင်း ဝန်ခံတတ်မှု၊ သာသနာတော်အတွက် ဘယ်ဟာကအကာ ဘယ်ဟာကအနှစ်ဆိုတာကို မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်ပြီး ဆုံးဖြတ်တဲ့အတိုင်း အကောင်အထည်ဖော်နိုင်မှု၊ သာသနာတော် အရှည်ခန့်၍ တည်တံ့နိုင်တဲ့ မူရင်းအလုပ်ကို ထူထောင်နိုင်ရုံမက ရေရှည်အတွက်ပါ ဆောင်ရွက်သွားနိုင်မှု၊ တစ်သာသနာလုံးရဲ့ ကြည်ညိုလေးမြတ်မှုကို အလိုအလျောက် (မိမိ၏သီလ သမာဓိ ပညာ အရင်းခံကြောင့်) ရရှိခဲ့မှု၊ အရွယ်သုံးပါးလုံး ဘုန်းပညာလက္ခဏာနဲ့ ပြည့်စုံနေမှု၊ အလိုလောဘနည်းပြီး သည်းခံနိုင်မှု၊ ဇွဲ အလွန်ကောင်းပြီး ဂိုဏ်းကွဲဂိုဏ်းစွဲကို မနှစ်မြို့မှု၊ တန်းတူကို မမေ့မလျော့ ချီးမြှောက်နိုင်မှု၊ (ဤဂုဏ်ကြောင့် ကြီးသူကို လေးစား၍ ငယ်သူကို သနားတတ်သော ဂုဏ်မှာ အလိုလျောက်ဖြစ်တည်နေမှု)၊ သက်တော်(၅၉)နှစ်တွင် မစိုးရိမ်နာယကတာဝန်ကို စွန့်လွှတ်ပြီးဖြစ်သော်လည်း ပျံလွန်တော်မူသည်အထိ (သက်တော်၉၆နှစ်အထိ) ဩဇာတိက္ကမကျမသွားလေဘဲ ထူးထူးခြားခြားဖြစ်နေမှု၊ ဘုန်းကြီး၍ သက်တော်ရှည်လှတဲ့ ဆရာတော်ကြီးရဲ့ ရုပ်ကလာပ်တော်သည် ရန်ကုန်မန္တလေး(၂)မြို့ လုံးကပင် ပူဇော်ဂါရဝပြုကြရတဲ့ အဖြစ်နဲ့ သူသဘောသဘာဝအတိုင်း ထူးခြားတဲ့အဖြစ်သနစ်နဲ့ ကြုံတွေ့ရမှု စတာတွေကို ကျွန်တော် ရေးချွတ်ပြနေတာထက် စာရေးဆရာ ဆရာတော်ကြီးရဲ့ စာကို စေ့စေ့စပ်စပ် ဖတ်ကြည့်မှ သဘောပေါက်မှာဖြစ်တဲ့အတွက် ဒီစာတွေထဲက ထုတ်နှုတ်ပြီး သုံးသပ်တင်ပြနေမယ်ဆိုရင် အရသာတွေ့မှာ မဟုတ်လို့ ဒီစာအုပ်ကြီးကို ဖတ်ဖြစ်အောင် ဖတ်လိုက်ကြပါလို့သာ အထပ်ထပ်အခါခါ တိုက်တွန်းနှိုးဆော်လိုက်ပါရစေ။

ဒါ့အပြင် မစိုးရိမ်ဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီးနောက် ဒီတိုက်ကြီးရဲ့ အနှစ်တစ်ရာ (ရာပြည့်) အချိန်ကာလ အထိ ဒီသာသနာကို မလျော့မကျ မနိမ့်မဆင်းရအောင် စောင့်ရှောက်ပြုစုတော်မူခဲ့ စောင့်ရှောက်တော်မူဆဲကျောင်းတိုက် အသီးသီးရဲ့ ကျောင်းအမည်များနဲ့ နာယကဆရာတော်များရဲ့ ထေရုပ္ပတ္တိများမှာလည်း ပရိယတ္တိသာသနာစောင့် ပုဂ္ဂိုလ်များ ဖြစ်သည်နှင့်အညီ

http://www.dhammadownload.com

စိတ်ဝင်စားဖွယ် ကောင်းလှတာဟာ အမှန်ပင်ဖြစ်ပါတယ်၊ သီးခြားလေးစားကြည်ညိုဖွယ် အရည်အချင်းများမှာလည်း မစိုးရိမ်သာသနာအတွက် မှတ်တိုင်မော်ကွန်းများပင် ဖြစ်နေပါတော့တယ်။ (ကျောင်းအမည်များနဲ့ နာယက ဆရာတော် အဆက်ဆက်ကို မစိုးရိမ်သာသနာဝင်ကဏ္ဍ၏ စာမျက်နှာ ၂၀၁မှ ၃၉၇အထိ ကြည့်ရှုပါရန်)

ဒီစာအုပ်ထဲမှာ စိတ်ဝင်စားဖွယ် တွေ့ရတာကတော့ တိုက်တည် မဟာထေရ်ကြီး တစ်ပါးဖြစ်တော်မူတဲ့ ဆရာတော်ကြီး ဦးဥဏ္ဏ (မောင်ဘဇြိမ်း) ရဲ့ သမိုင်းဖြစ်စဉ်များဟာ ထူးခြားအံ့ဖွယ်ဖြစ်နေပုံနဲ့ မစိုးရိမ်တိုက်ကြီးနဲ့ နှီးနွယ်ပတ်သက်နေကြတဲ့ လယ်တီဆရာတော်ဘုရားကြီး၊ အီတာလျံဘုန်းတော်ကြီး ဦးလောကနာထ၊ ဦးကွန္ဒကာဘိဝံသ (ဆရာကြီး ဦးကျော်ထွတ်) အရှင်အာဒိစ္စဝံသ (ဆရာကြီး ဦးအောင်မြတ်ထွဋ်)၊ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၊ လယ်တီ ဦးလှတင်၊ ပဏ္ဍိတဟမ်ဘိုလာမာ (ရှုရှား)၊ ခင်မကန်ဆရာတော်ကြီး၊ မိုးကောင်းဆရာတော်ကြီး၊ မင်းကွန်းတိပိဋကဆရာတော်ကြီး၊ ဟံသာဝတီဆရာတော်ကြီး၊ ဆရာတော်ကြီး ဦးကြေယ်၊ နေရင်း ဦးကောဝိဒ၊ မဟာစည်ဆရာတော်ကြီး၊ လူပျံတော်ပတ္တမြား ဦးမောင်မောင်+ဒေါ်ငြိမ်း၊ စက်သူဌေး ဦးသာဌေး၊ ဦးသာဝင်း၊ ဒါးတန်း ဒေါ်သန်းသန်း၊ ဗန္ဓုလ ဦးဆိုင်၊ ရွှေစကြာဦးစိုးမြင့်၊ ဦးကျော်ရန် (ရွှေလက်ဝါး)၊ ဦးထင် (နဂါးဒေါ်ဦးနဲ့ လူထုဒေါ်အမာတို့ရဲ့ဖခင်)၊ ဒေါ်မမကြီး (ဆရာကြီး ဦးကျော်ထွတ်ရဲ့သမီး)၊ စသူတို့ရဲ့ တန္ခူယ်ငင်တစင်ပါ အဖြစ်အပျက်တွေဟာ တန်ဖိုးမဖြတ်နိုင်ပါ။ ဒီအထဲမှာ ကျွန်တော်အနှစ်အသက်ရဆုံးအကြောင်းအရာကတော့ "မစိုးရိမ် တိုက်ကြီးဟာ ဒို့များရဲ့အောင်မြေ"ဆိုပြီး မိန့်ဆိုလိုက်တဲ့ လယ်တီဆရာတော်ဘုရားကြီးရဲ့ မိန့်ဆိုသံပါဘဲ။

ဒါ့အပြင် မစိုးရိမ်ဆရာတော်ဘုရားကြီးဟာ ပဌာန်းပို့ချနည်း အသစ်တီထွင်တော်မူခဲ့တဲ့ ပုဂ္ဂိုလ်ထူးသာမက နိကာယ်စာမေးပွဲများရဲ့ ခမည်းတော် (ဖခင်ကြီး) လည်း ဧကန်ဖြစ်တော်မူပုံများဟာ စာဖတ်သူတွေ စွဲစွဲမြဲမြဲ ဖတ်ရှုကြည်ညိုကြရတဲ့ စာမျက်နှာများလဲဖြစ်ပါတယ်၊ ဆရာတော်ဘုရားကြီးရဲ့ ဘဝကို ပြောင်းလဲစေသော သြဝါဒစကားတော်များထဲက သာသနာ ဝင် စာမျက်နှာ-၁၅၃မှာ ဖော်ပြထားတယ်၊ "အရှက်မကွဲကြစေနဲ့" သြဝါဒတော်နဲ့ ရွှေစကြာ ဦးစိုးမြင့်ကို ဆုံးမတော်မူတဲ့ ဆုံးမသြဝါဒ ဖြစ်တော်မူတဲ့ "အော် မင်းက မဟုတ်ရင် မခံချင်တတ်ဘဲကိုး၊ အဲ့သလိုဆိုရင် မင်း တစ်လောကလုံးနဲ့ ငြင်းခုံခိုက်ရန် ဖြစ်နေပေရော့၊ ဒီလောကကြီးက ဟုတ်တဲ့လောကကြီးမှ မဟုတ်ဘဲ၊ မဟုတ်တဲ့ လောကကြီးပဲကွဲ့၊ ဟုတ်ဟုတ် မဟုတ်ဟုတ် သည်းခံမှပေါ့" ဟု စာမျက်နှာ ၇၂တွင် ဖတ်ရှုရသည်မှာ ပုထုဇဉ်များ အလွန်သတိပြုဖွယ်ကောင်းတဲ့ ထူးခြားရှားပါး အဖိုးတန်သြဝါဒလို့ ကောင်းစွာခံယူမိပါတယ်။

ဒီစာအုပ်ကြီးကိုဖတ်ရင်းနဲ့ စာအုပ်ထဲမှာ မပါတဲ့ အနှစ်သာရတစ်ခုကို ဒီစာအုပ်က တဆင့် သဘောပေါက်မိတာကတော့ လယ်တီဆရာတော်ဘုရားကြီး၊ မစိုးရိမ်ဆရာတော်ဘုရားကြီးနဲ့ မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီးတို့ဟာ မြန်မာနိုင်ငံ ပရိယတ္တိသာသနာကို လက်ဆင့်ကမ်းကြရုံမက၊ လက်ချင်းချိတ်ဆက်ပြီး ထမ်းရွက်သယ်ပိုးတော်မူခဲ့ကြတဲ့ သာသနာ့နတ်ပန်းပင်ကြီး (၃)ပင်အဖြစ် တွေ့မြင်ကြည်ညိုနိုင်ကြပုံပဲ ဖြစ်ပါတယ်။


စာရေးဆရာ ဆရာတော်ကြီးဟာ ဒီလိုအနေအထား အဖြစ်အပျက်ပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ သမိုင်းနဲ့ သာသနာဝင် စာအုပ်ကြီးကို မြန်မာစကားပြေ အဆင့်အတန်း မြင့်မြင့်မားမားနဲ့ ပြုစုရေးသားတော်မူရာမှာ မစိုးရိမ်တိုက်သစ်တိုက်ခွဲများ အကြောင်းအထိ စေ့စပ်သေချာ စနစ်ကျမှုတို့ဖြင့် ရေးသားသီကုံးပြုစုထားတာဖြစ်သည့်အတွက် မြန်မာစာပေလောကအတွက် အဖိုးအနှုတ်ထိုက်တန်လှတဲ့ ကျမ်းမြတ်တစ်ဆူဟု ကြည်ညိုပူဇော်ရန်မှတပါး အခြားမရှိပါပြီဘုရားဟုသာ ခြေတော်ဦးခိုက် လျှောက်ထားပန်ကြားပါရစေဘုရား။

တပည့်တော်အား ဆရာတော်အနေဖြင့် ခွင့်လွှတ်သည်းခံတော်မူမည်ဆိုပါလျှင် ဆရာတော်၏ လက်ရှိ ဘဒ္ဒန္တရာဇ ဓမ္မာဘိဝံသ မူလကလောင်အမည်တွင် မြန်မာလို "မင်းတရား"ဟူသော ကလောင်အမည်ခွဲတစ်ခုဖြင့် စိတ်ထဲတွင် ကြည်ညိုပူဇော်လိုမှု အကြိမ်ကြိမ်ဖြစ်မိပါကြောင်း အရဲစွန့် လျှောက်ထားလျှက် ဤစာမူကို အဆုံးသတ်လိုက်ပါသည်ဘုရား။

မစိုးရိမ်တိုက်ကြီးနဲ့
သာသနာဝင်ဆရာတော်ဘုရားကြီးများရဲ့
သီလ၊ သမာဓိ၊ ပညာဂုဏ်ကို ရှိသေစွာ
ရှိခိုးကန်တော့လျက်

စိုးနိုင် (မန္တလေးတက္ကသိုလ်)

http://www.dhammadownload.com



ပုံတူပန်းချီအနုပညာဖြင့် ပန်းချီရေးဆွဲပူဇော်သူ မန္တလေးက ပန်းချီဆရာမ မချစ်ချစ်

နတ်မောက်ထွန်းဂျိန်

ပန်းချီ မချစ်ချစ်, ဆရာမ ဒေါ်တုတ်တုတ် မိသားစုနှင့် စာရေးသူတို့ မိသားစုမှာ ဆွေမျိုးမောင်နှစ်မ တွေလို ခင်မင်ကြသည်၊ အလှူအတန်းတွေရှိလျှင်လည်း သွားကြလာကြ ကူညီကြနှင့် အဆက်မပြတ်ကြပေ၊ မင်းကွန်းဆရာတော်ကြီး မွေးနေ့တိုင်း မချစ်ချစ်တို့ မိသားစု မင်းကွန်းမှာ ဆွမ်းလောင်းကြ အလှူဒါန လုပ်ကြ နှင့် နှစ်တိုင်း မပြတ်ပေ၊ စာရေးသူတို့ မိသားစုလည်း သွားရောက် လှူဒါန်းကြသည်။ မင်းကွန်းဆရာတော်ကြီး သက်တော်ရာပြည့်ပွဲ အခမ်းအနားနှင့် အလှူဒါနပြုပွဲသို့ လည်း ရောက်ဖြစ်သည်၊ သာဓုခေါ်မိသည်။

ပန်းချီမချစ်ချစ်တို့ မိသားစု အလှူဒါနများတွင် မပျက်မကွက်လှူသည့် အလှူဒါနတစ်ခုမှာ ပန်းချီမချစ်ချစ်က သူမ တတ်ကျွမ်းသည့် ပန်းချီအနုပညာဖြင့် ပုံတူရေးဆွဲ ပူဇော်ကန်တော့ လှူဒါန်းသည့် အလှူဒါနဖြစ်သည်။ အနုပညာဖြင့် လှူဒါန်းမှုမှာ ဉာဏအလှူဒါနတစ်မျိုးလည်း ဖြစ်သည်။ အလွန်မွန်မြတ်သည့် အလှူဒါနလည်း ဖြစ် သည်၊ ယခု မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော်ဘုရားကြီး အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ ဆရာတော်ကြီး၏ သက်တော်(၈၀)ပြည့် ပတ္တမြားရတု ဝိဇာတမွေးနေ့မင်္ဂလာ အထိမ်းအမှတ်ပွဲတွင်လည်း ပန်းချီဆရာမ မချစ်ချစ်က ဆရာတော်ဘုရားကြီး၏ ပုံတူဆီဆေးပန်းချီကားကြီး ရေးဆွဲကာ ဦးခိုက်ကန်တော့လှူဒါန်းပူဇော်လိုက်ပြန် သည်။ ဆရာတော်ကြီး သက်တော် ၇၅-နှစ်ပြည့် စိန်ရတု ဝိဇာတမွေးနေ့မင်္ဂလာ လုပ်တုန်းကလည်း ပုံတူပန်းချီကား ရေးဆွဲလှူဒါန်းခဲ့သေးသည်ဟု ဆရာမဒေါ်တုတ်တုတ်က

http://www.dhammadownload.com

ပြောပြသည်၊ ဆရာတော်ကြီး၏ ဇာတိရွာတွင် လှူဒါန်းကျင်းပ ခြင်းဖြစ်သည်။

မစိုးရိမ်ဆရာတော်ကြီးကား မွေးဇာတိရပ်ရွာကို ကျေးဇူးမမေ့သော ဆရာတော်ကြီးဖြစ်သည်၊ သာဓုခေါ်မိပါသည်။ မွေးဇာတိမမေ့ခြင်းသည် မိဘကျေးဇူး ဆပ်ရာလည်း ရောက်ပေသည်။ မွေးဇာတိဒေသတွင် ဆရာတော်ကြီးသည် ကုသိုလ်ဒါနများ ပြုလုပ်ကြောင်း သိရသည်။

ဆရာတော်ကြီး၏ နည်းနာနိဿယအတိုင်း မိမိတို့လည်း ဇာတိရွာ ဇာတိဒေသ ပြန်လည်ကျေးဇူးဆပ်ကြရမည် ဖြစ်သည်၊ မိဘများ မရှိကြတော့သော်လည်း ညီအကိုမောင်နမသားချင်းတွေ ရှိသည်၊ ဆွေမျိုးတွေ ရှိသည်။ တစ်ရွာလုံး မိသားစုတွေဟု မှတ်ယူကျေးဇူးဆပ်ရမည်ဖြစ်သည်။ ရှေးဟောင်းဘုရားစေတီများ ပြုပြင်လှူဒါန်းခြင်း၊ ရွှေထီးတော် တင်လှူခြင်း၊ သိမ်ကျောင်းပြုပြင်လှူဒါန်းခြင်း၊ မဟာဗောဓိပင် စိုက်ပျိုး၍ ခုနစ်နေ့ ခုနစ်နံဘုရားများ တည်ထားပူဇော်ခြင်း၊ နဂါးရုံဘုရား တည်ထားခြင်း၊ တံခွန်တိုင် တည်ထားခြင်း၊ စာကြည့်တိုက် တည်ထောင်ခြင်းစသည့် အလှူဒါနများလည်း ပြုလုပ်ခဲ့သည်၊ စုပေါင်းရှင်ပြုမင်္ဂလာ အလှူပေးခဲ့ပြီး ဆက်လက်၍လည်း လှူဒါန်းရဦးမည်။ အလှူဒါန ကုသိုလ်များသာ မိမိနောက်ပါလာမည်ဟု ယုံကြည်သည်။

မစိုးရိမ်တိုက်သစ်ဆရာတော်ဘုရားကြီး ဇာတိအလှူအကြောင်း အားကျမိရာမှ မိမိတို့ မိသားစုလည်း ဇာတိမမေ့ တတ်စွမ်းသမျှ သွားရောက်လှူဒါန်းခဲ့ပုံများကို ရုပ်ရှင်ပြန်ကြည့်သလို ကြည့်မိ ကြည်နူးမိခြင်းဖြစ်သည်။

ပန်းချီမချစ်ချစ်ကတော့ ကျန်းမာရေးကောင်းနေသမျှ ညာဘက်လက်က ပန်းချီရေးဆွဲနေနိုင်သမျှ ပန်းချီကားတွေ ရေးဆွဲလျက် ဉာဏ်အလှူပေးနေဦးမည်ဟု ယုံကြည်သည်၊ ပန်းချီမချစ်ချစ်သည် မိဘအမွေအနှစ်ကိုလည်းခံယူ ကျေးဇူးဆပ်နေခြင်းလည်းဖြစ်သည်၊ ဖခင်ပန်းချီဦးစုက ၁၉၈၀-ခုနှစ် မတ်လ ၂၅-ရက်နေ့ ကွယ်လွန်ခဲ့သည်၊ ဖခင်၏ အမွေအနှစ် ပန်းချီလက်ရာဖြင့် ဆရာတော်ကြီးများ၏ ပုံတူပန်းချီရေးဆွဲလှူဒါန်းခြင်း၊ ပန်းချီအနုပညာဖြင့် ရေးဆွဲကုသိုလ်ပါဝင်ခြင်း လုပ်ငန်းများကိုလည်း ကျရာတာဝန်ယူ၍ ဆောင်ရွက်သူဖြစ်သည်၊ မင်းကွန်းဆရာတော်ဘုရားကြီး အန္တိမစျာပနတွင်လည်း ပန်းချီအနုပညာဖြင့် ကုသိုလ်ပါဝင်ခဲ့သည်။

ပန်းချီဦးစု မကွယ်လွန်မီ နှစ်နှစ်လောက်က မင်းကွန်းဆရာတော်ဘုရားကြီးအား အိမ်သို့ပင့်၍ ဆွမ်းကပ်ကာ တရားဟောနေပုံ ဆီးဆေးပန်းချီကားကြီးကို ပန်းချီဆရာကြီး ဦးဘရင်ကလေးအား ဖိတ်ခေါ်ပြီး ပုံတူရေးဆွဲသည်၊ စာရေးသူလည်း တက်ရောက် မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ပေးခဲ့သည်၊ ပန်းချီမချစ်ချစ်က ဆရာဦးဘရင်ကလေး ဘေးမှ ပန်းချီဆေးဘုတ်ကို အသင့်ကိုင်ပေးနေသည်၊ ပန်းချီဦးစုကလည်း ကြည်နူးနေဟန်ရှိသည်၊ ပန်းချီဦးဘရင်ကလေး၏ ဆီဆေးလက်ရာကို ရခဲဘိခြင်းဖြစ်သည်၊ ပန်းချီဦးဘရင်ကလေး ပုံတူရေးဆွဲရာတွင် မင်းကွန်းဆရာတော်ကြီး တရားစဟောချိန်မှစ၍ ကောက်ကြောင်းဆွဲရေးပြီး တရားနိဂုံးချုပ်ဟောကြားချိန်တွင် ပုံတူ ဆီဆေးကားကြီး အပြီးသတ်လိုက်ခြင်းဖြစ်ရာ တစ်နာရီ ခွဲကျော်အချိန်ကြာသည်။

ပြီးတော့ ပန်းချီကားကြီးကို ဘောင်သွင်းကာ ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်၊ ပန်းချီဦးဘရင်ကလေးသည် မင်းတဲအိကင်းရပ်ရှိ ဆင်များရှင်ကမ္မဋ္ဌာန်းရိပ်သာဆရာတော်ကြီး၏ ပုံတူကိုလည်း ရေးဆွဲ၍ အလှူရှင်က လှူဒါန်းခဲ့သေးသည်၊ ထိုအခမ်းအနား ပုံတူပန်းချီရေးဆွဲရာသို့ လူထုဦးလှ၊ လူထုဒေါ်အမာတို့လည်း တက်ရောက်ခဲ့ကြသည်၊ ဤပန်းချီပုံတူ အလှူဒါနများမှာ သမိုင်းမှတ်တိုင်များပင်ဖြစ်သည်၊ မပျောက်မပျက်သမျှ ဤပုံတူပန်းချီကားကြီးများက နောင်လာနောက်သားတို့အား သမိုင်းကို ပြန်ပြောပြနေပေလိမ့်မည်။

မစိုးရိမ်တိုက်သစ်ဆရာတော်ကြီး ဦးရာဇဓမ္မာဘိဝံသ၏ သဇီဝသရဏဂုမ်တင်ပွဲ ကုသိုလ်ပြု အခမ်းအနားတွင်လည်း ဆရာတော်ကြီး၏ ပုံတူ ပန်းချီကားကြီးသည် ဆရာတော်ကြီး သက်ရှိအပြုံးကဲ့သို့ ပြုံးတော်မူနေသည်၊ ပန်းချီအနုပညာ အသက်ဝင်နေသည်။ ထို့အတူ ပန်းချီဆရာမ မချစ်ချစ်၏ ဉာဏ်အလှူသည်လည်း ဤပန်းချီကားကြီးနှင့်ထပ်တူ ရှိနေပေလိမ့်မည်။


နတ်မောက် ထွန်းရှိန်
(၁၁-၁၂-၂၀၁၂)
မန္တလေးမြို့

http://www.dhammadownload.com

ဆရာတော်ရွှေရတုနှစ်(၅၀) မွေးနေ့ပွဲတုန်းက

အရှင်ဣန္ဒာစာရ(ဓမ္မဘာဏက)

မိမိတို့ တပည့်များက ဆရာတော်ကိုချစ်ကြည်ညို ကြသည်၊ တခြားတပည့်တို့က သူတို့၏ဆရာကို ချစ်ကြည် ညိုတာထက် ပိုသည်ဆိုတာကိုလည်း တပည့်တို့ငြင်းကြ မည် မဟုတ်ပါ၊ အကြောင်းရင်းမှန် ပြောပါဆိုလျှင် ချစ် ကြည်ညိုစရာမို့ ချစ်ကြည်ညိုပါသည်ဟုဆိုမှ လုံလောက် မည်ထင်ပါသည်၊ အကြောင်းများတို့မှ အနည်းငယ် တင်ပြရမည်ဆိုလျှင်-



http://www.dhammadownload.com

ယခု ကျင်းပမည့် သက်တော်(၈၀)ပြည့် ပတ္တမြားရတုဝိဇာတမွေးနေ့ ပူဇော်ပွဲကြီးကို စီစဉ်သူတို့က တပည့်များအားလုံး အဆင်ပြေချောမွေ့စွာ ပူဇော်နိုင်ရန် သုံးရက်ခွဲကာ ကျင်းပသည်ကို ထောက်ဆ၍ မည်မျှကြီးကျယ်ခမ်းနားမည်ကို ပြေးမကြည့်ဘဲ တွေးကြည့်ရုံနှင့်ပင် အလွယ်တကူ သိနိုင်ပါသည်၊ ကြီးကျယ်ခမ်းနား စည်ကားလှသည့် ဤမွေးနေ့မင်္ဂလာပူဇော်ပွဲကြီးများထက် မိမိကမူ လွန်ခဲ့သောအနှစ်သုံးဆယ်က ကျင်းပခဲ့သည့် သက်တော်(၅၀)ပြည့် ရွှေရတုမွေးနေ့မင်္ဂလာပွဲကိုသာ တစိမ့်စိမ့်သတိရနေမိသည်၊ ယခုလို သုံးရက်တိုင်တိုင် မကျင်းပပါ၊ တစ်ရက်, တစ်နေ့တောင်မဟုတ်၊ လူတပည့် သာဝကများမပါ၊ တပည့်ရဟန်း, သာမဏေတို့နှင့်သာ နာရီပိုင်းမျှ ကျင်းပကြ ခြင်းဖြစ်ပါသည်ဆိုပါက စာရှုသူများ ယုံအံ့မထင်ပါ၊ အမှန်တကယ်ပင် နာရီအနည်းငယ်မျှသာ ကျင်းပခြင်းဖြစ်ပါသည်၊ ကျင်းပသည့်နေရာက မိမိတို့နေထိုင်ရာ ဓမ္မဘာဏကကျောင်းဆောင်အပေါ် ထပ်တွင် ဖြစ်ပါ၏။

ညနေပိုင်း ဘုရားဝတ်တတ်ပြီးချိန် ဆရာတော်က ဓမ္မဒါယာဒကျောင်းဆရာတော့်အခန်းမှ ရှိသမျှပစ္စည်းတို့ကို ထုတ်စေကာ ဓမ္မဘာဏကကျောင်းပေါ်တွင် သင်္ကန်း, စောင်စသည်တို့ကို တပည့်သံဃာအရေအတွက်နှင့် ကိုက်ညီမျှတအောင် စီမံစေ၍ စွန့်ကြဲခြင်းဖြစ်ပါသည်၊ ဆရာတော်က "အေး ငါ့မယ်တော်ကြီး ရှိသေးတယ်ကွ၊ ငါ ဘယ်သူမှ အားမကိုးချင်ဘူး၊ လိုအပ်ရင်လုပ်ဖို့ နောက်ဆုံးကွာ သေရင်ချဖို့ သင်္ကန်းတစ်ချို့နဲ့ ဝတ္ထုအနည်းငယ်ပဲ ချန်ထားတယ်ကွာ၊ ကျန်တာအကုန်ပဲကွ၊ အဲဒါ မျှတအောင်သာ မင်းတို့ တပည့်ကြီးတွေက ခွဲခြားဝေဘန်ကြ" လို့ မိန့်ပြီး ကြွသွားပါသည်။ တပည့်များက သင်္ကန်း, စောင်စသည်တို့ကို တန်းစီခင်း, မဲလိပ်တို့ချကာ မဲဖောက်ကြခြင်းဖြင့် ဆရာတော့်ရွှေရတု မွေးနေ့မင်္ဂလာကို အလွန်ပင် ရိုးရှင်းစွာ ကျင်းပခဲ့ကြခြင်း ဖြစ်ပါသည်၊ မည်မျှ ကြည်နူးစရာ ကောင်းပါသနည်း။

မယ်တော်ကြီးသေရင် ချဖို့ဆိုတာနှင့် ဆက်စပ်ကာ သတိတရ တင်ပြချင်တာလည်း ရှိပါသေး၏၊ မိမိလည်း မိုက်မဲစွာ ဆရာတော့်ခြေရင်းမှ ခွာ၍ ကျောင်းထိုင်စဉ် တစ်ချိန်က ဖြစ်ပါသည်၊ တခုသော သီတင်းကျွတ်တွင် ကျောင်းမှ သာမဏေများနှင့် ကျောင်းတွင်နေသော ခမည်းတော်ကြီးပါ ဆရာတော့်အား သွားရောက် ကန်တော့ကြပါသည်၊ ဆရာတော်က ကန်တော့ခံ ဆုပေးပါသည်။

မိမိက "ဒါ တပည့်တော် ခမည်းတော်ပါ ဘုရား" ဟု လျှောက်ထားသောအခါ ဆရာတော်က "ဒကာကြီး အသက် ဘယ်လောက်ရှိပြီလဲ"ဟု မေး၏၊ ခမည်းတော်က "တပည့်တော် အသက်(၇၀)ကျော်ပါပြီဘုရား" ဟု လျှောက်ထားသောအခါ " ဩော် အသက်ရှည်သားပဲဗျ၊ ဒါ သီလကောင်းလို့နော်၊ ဒီထက်ပိုပြီး ကျန်းမာချမ်းသာပါစေ၊ အသက်ရာကျော် ရှည်ပါစေဗျာ"ဟု မှား ပြန်လည် မိန့်ကြားသည်ထင်ပါက စာရှုသူ အလွဲကြီးလွဲပါမည်၊ ဆရာတော် အမှန်တကယ် မိန့်ကြားလိုက်သည်ကား" အေး အသက်(၇၀)ကျော်ဆိုတော့ သေခါနီးပြီ" ဟူသတည်း၊ မိမိက ခမည်းတော်ကြီးကို သတိထားကြည့်မိရာ အလွန်သဘောကျ ပြုံးနေသည်ကို မြင်ရပါသည်၊ နောက်နောင် သတိရတိုင်းလည်း ပြုံးရွှင်စွာ ပြန်လည်ပြော၍ သေခြင်းတရားကို အဖန်ဖန် ဆင်ခြင်သွားနိုင်ခဲ့ပါသည်၊ ခမည်းတော်ကြီးလည်း တသက်တာ ယခုအဆုံးအဖြင့်ပင် နေထိုင်သွားကာ အသက်(၈၄)နှစ်အရွယ်တွင် အလွန်ငြင်သာစွာ ကံကုန်ခဲ့ပါသည်၊ မိမိအတွက်ရော, ခမည်းတော်ကြီးအတွက်ပါ မည်မျှကျေးဇူးကြီးလှပါသနည်း၊ အလွန့်အလွန်ကို ကျေးဇူးကြီးလှပါတော့သည်။

ဆရာတော်က တပည့်များကို နှုတ်ဖြင့် ဆုံးမသည်ထက် ကိုယ်တိုင်စံပြ နေထိုင်ခြင်းဖြင့် ဆုံးမလေ့ရှိပါသည်၊ "အေး မင်းတို့ ကိုယ်နေထိုင်တဲ့ကျောင်း, ကျောင်းတိုက်ကို ကိုယ့်အတွက် ဂုဏ်မတက်ရင် နေပါစေ၊ ဂုဏ်မပျက်စေနဲ့" ဟု မိန့်ကြားလေ့လည်း ရှိပါသည်၊ ဤမိန့်ကြားချက်ကပင် မိမိနေထိုင်ရာကျောင်းတိုက်ကို ဘယ်လိုချစ်ရမယ်၊ မိမိဆရာကို ဘယ်လိုချစ်ရမယ်၊ ကျေးဇူးဆပ်ရမည်ဟု သွန်သင်ဆုံးမပြီး ဖြစ်နေတော့သည်။ ထို့ကြောင့် မိမိတို့ တပည့်များက မိမိတို့တပည့်များ အကြောင်းပြု၍ ဆရာတော်ဂုဏ်မတက်ချင် နေပါစေ၊ ဂုဏ်မပျက်အောင် နေကြခြင်းဖြင့် ဆရာတော်ကို ချစ်ကြည်ညိုကာ ကျေးဇူးဆပ်ကြရမည်။

မစိုးရိမ်တိုက်သစ်ကြီးနှင့် အတူ မိမိနေထိုင်ရာ ကျောင်း, ကျောင်းတိုက်တို့ကိုလည်း မိမိအကြောင်းပြု၍ ဂုဏ်မတက်ရင် နေပါစေ၊ ဂုဏ်မပျက်အောင် နေထိုင်ခြင်းဖြင့် ကျေးဇူးဆပ်ကြရမည် မဟုတ်ပါလောဟု တိုက်တွန်းနှိုးဆော်ရင်း ရပ်နားလိုက်ရပါသတည်း။

တပည့်- အရှင်ဣန္ဒဇာရ(ဓမ္မဘာဏက)
(ဝိနယာဓိကပထမကျော်၊ သာသနဓဇမဟာစရိယ)

http://www.dhammadownload.com

ကိုယ့်အလုပ်ကိုသာ လုပ်မယ်ဆိုလျှင်

ရဲကော်ကြီး

ဒီနေ့ လောကမှာ လူတော်တော်များများက ကိုယ့်အလုပ်ကို မလုပ်ဘဲ ကိုယ်နဲ့မဆိုင်တဲ့ အလုပ်တွေ လုပ်ချင်နေကြပေသည်၊ ဥပမာ ကျောင်းသားက ကျောင်းသား အလုပ်ဖြစ်သော စာကျက်စာအံအလုပ်ကို မလုပ်ဘဲ တီဗွီဂိမ်းနှိပ်ခြင်းစသော အလုပ်ကို လုပ်နေကြပေသည်၊ ကျောင်း



http://www.dhammadownload.com



ဆရာတော်ထံမှ နိုင်ငံတကာ အတွေ့အကြုံများနှင့် ဗဟုသုတ ဖြစ်ဖွယ်ရာများကို မှတ်သားဖွယ် ကြားနာကြရပေသည်၊ ဆရာတော်က သူရောက်လေရာ တိုင်းပြည်တိုင်းမှာ သူ့ကျောင်း(မစိုးရိမ်တိုက်သစ်)ထွက် တပည့်ကျော်တွေ တွေ့ရကြောင်း ဖောက်သယ်ချပေသည်၊ တချို့က လူပြန်တော်တွေ၊ တချို့ကတော့ သာသနာပြုဆရာတော်များဖြစ်လျက် အမျိုးမျိုးအဖုံဖုံ အရောင်အသွေးစုံ တပည့်များ ဖြစ်နေကြကြောင်းစသည်၊ ဆရာတော်ဖွင့်ဟ၍ သိခွင့်ရခဲ့ရပေသည်။

ယနေ့အချိန်အခါမှာ ဆိုလျှင် ဘယ်တိုင်းပြည် ဘယ်ဒေသရောက်ရောက် မစိုးရိမ်တိုက်သစ်ထွက် ကျောင်းသား မရှိသလောက်ဖြစ်ပေသည်၊ ဆရာတော် ရောက်ရှိခဲ့သော တိုင်းပြည်တိုင်းမှာ တပည့်တွေက လာရောက် ဂါရဝပြုပူဇော်ပြီး ခြေဆုပ်လက်နယ် ပြုစုကြပေသည်၊ ဆရာတော် ဟော်တယ်မှာ တည်းခိုနေခိုက် ဗီယက်နမ်ဒကာဒကာမများနှင့် ဗီယက်နမ်ဘုန်းတော်ကြီးများလည်း လာရောက် ဖူးမျှော်ကြပေသည်၊ ဗီယက်နမ်ဒကာဒကာမများက ဆရာတော်နှင့် တရင်းတနှီး စကားပြောဆိုကြသည်၊ ဗီယက်နမ်ဒကာဒကာမများက ဆရာ

ဆရာက ကျောင်းဆရာအလုပ်ဖြစ်သော စာသင် စာပြ အလုပ်ကို မလုပ်ဘဲ ချဲတွက်နှစ်လုံးတွက်စတဲ့ အလုပ်တွေကို လုပ်လျက် အချိန်ဖြုန်းနေကြပေသည်၊ စစ်သားက စစ်သားတာဝန် စစ်သားအလုပ်ဖြစ်သော တိုင်းပြည်ကာကွယ်ရေးတာဝန်ကို မလုပ်လိုပေ၊ ဘုန်းကြီးက ဘုန်းကြီးအလုပ်ဖြစ်သော ဂန္ထဓုရ-စာချစာသင်နှင့် ဝိပဿနာဓုရ - တရားကျင့်ကြံကြိုးကုတ်အားထုတ်မှုအလုပ်ကို မလုပ်ချင်ကြပေ၊ သို့အတွက် မိမိတို့ ရသင့်ရထိုက်သော အခွင့်အလမ်းများ မရရှိဘဲ အချိန်ကုန်လူပန်းဖြစ်ကြရသည်။

ဗုဒ္ဓက ကိုယ့်အလုပ် လုပ်မယ်ဆိုလျှင် လူတွင်မကနတ်အပေါင်းကပါ ချစ်ခင်လေးစားခံရမည်ဖြစ်ကြောင်း ဓမ္မပဒမှာ အထင်အရှား ဟောကြားထားပေသည်၊ တန်ဖိုးရှိလှသော အချိန်တွေကို အချည်းနှီးအလဟဿ မဖြစ်စေဖို့ ဗုဒ္ဓက ထပ်တလဲလဲ တိုက်တွန်းတော်မူခဲ့ပေသည်၊ ကိုယ့်အလုပ်ကိုသာ လုပ်သဖြင့် ရောက်လေရာ ဒေသတိုင်းမှာ နေရာပေးခြင်း ခရီးဦးကြိုဆိုခြင်းခံရသူကတော့ လက်ရှိမစိုးရိမ်တိုက်သစ်ကြီးများ၏ အဓိပတိ မဟာနာယကချုပ်ဆရာတော်ဖြစ်ပေသည်၊ တန်ဖိုးရှိသော အချိန်ကို တန်ဖိုးရှိစွာ အသုံးချလျက် လူတော်လူကောင်းတွေ တပည့်ကောင်းတွေ ဖြစ်အောင် ဖန်တီးပေးသူများထဲတွင် ယခုလက်ရှိ မစိုးရိမ်တိုက်သစ်ကြီးများ၏ အဓိပတိ မဟာနာယကချုပ်ဆရာတော်လည်း တစ်ပါးအပါအဝင် ဖြစ်ပေသည်။

မိမိဟာ တပည့်တစ်ပါးအနေဖြင့် မစိုးရိမ်တိုက်သစ်မှာ အနှစ်(၂၀)နီးပါး နေခဲ့ရပေမယ့် ဆရာတော်ကို ခြေဆုပ်လက်နယ် မပြုစုခဲ့ဘူးပေ၊ သို့သော်ငြားလည်း အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် ကျင်းပသော ရှစ်ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ပဋ္ဌာန်းသုံးပုံ ရွတ်ဖတ်ပူဇော်ပွဲသို့ မစိုးရိမ်တိုက်သစ်ဆရာတော်ဘုရားကြီး ကြွရောက်လာပေသည်၊ မိမိလည်း အိန္ဒိယမှာ ပညာသင်ကြားနေစဉ် ဆရာတော်ကြီး ထိုကဲ့သို့ ကြွရောက်လာခိုက် အနီးကပ်ပြုစုလုပ်ကျွေးဖို့ မဟာအခွင့်အရေးကြီး ရရှိခဲ့ပေသည်၊ မိမိနှင့်မစိုးရိမ်တိုက်သစ်ထွက် တပည့်များက ဆရာတော် တည်းခိုသည့် ဟော်တယ်သို့ နေ့စဉ်သွားရောက်ပြီး ဆရာတော်ကြီးကို ခြေဆုပ်လက်နယ်ပြုစုကြပေသည်၊ မိမိတို့ တပည့်ကျောင်းသားများလည်း

http://www.dhammadownload.com

တော့်ကို အတော် ကြည်ညိုသွားကြဟန်ရှိပေသည်၊ ဆရာတော်ကလည်း ဗီယက်နမ်နိုင်ငံအကြောင်း ဟိုခရီမင်းအကြောင်း စသည်ကို မေးမြန်းလျက် စကားလက်ဆုံကျခဲ့ပေသည်၊ ၂၀၁၂-ခု ဒီဇင်ဘာလ (၁)ရက်နေ့ ညနေခင်းမှာ နိုင်ငံတကာ ပဋ္ဌကသုံးပုံ ရွတ်ဖတ်ပူဇော်ပွဲကို ကမကထပြု စပွန်ဆာပေးသော Mrs Wangmoe လည်း လာရောက် ဖူးမြော် ပေသည်၊ ဒီဇင်ဘာလ (၂)ရက်နေ့ ဖွင့်ပွဲအခမ်းအနား တက်ရောက်ရန် လာရောက်လျှောက်ထားခဲ့ခြင်းဖြစ်ပေသည်။

Mrs Wangmoe က ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေ အသက်အရွယ်စသည်တို့ကို မေးမြန်းလျှောက်ထားပြီး ယခုလို အသက်အရွယ်နှင့် ခန္ဓာကိုယ်ကို မငဲ့ကွက်ဘဲ ကြွရောက်ချီးမြှောက်တဲ့အတွက် အင်မတန်မှ ဝမ်းမြောက်ဝမ်းသာဖြစ်ရကြောင်း စသည်ကို လျှောက်ထားပေသည်။

ပဋ္ဌကသုံးပုံ ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပသည့် ငါးရက်မြောက်နေ့တွင် မြန်မာမဏ္ဍပ်မှာ ဆရာတော်ကိုယ်တိုင်ကိုယ်ကျ ပဋ္ဌကတ်တော်ကို အချိန်အနည်းငယ်ကြာ ရွတ်ဖတ်ပူဇော်ပေသည်၊ ၎င်းနောက် Mrs Wangmoe ၏ လျှောက်ထားတောင်းပန်မှုကြောင့် နိုင်ငံတကာ မဏ္ဍပ်များသို့ လှည့်လည်ကာ ဩဝါဒချီးမြှင့်ရပေသည်၊ ဆရာတော့် ဩဝါဒကား မှတ်သားလိုက်နာဖွယ် ကောင်းလှပေသည်၊ အချင်းချင်း ရန်မဖြစ်ဖို့ ညီညီညွတ်ညွတ်ရှိဖို့ အထူးဆုံးမ တော်မူပေသည်၊ အဲ့ဒီလို ရန်မဖြစ် ညီညွတ်မည်ဆိုလျှင် ကမ္ဘာကြီးတစ်ခုလုံး ငြိမ်းချမ်းမည်ဖြစ်ကြောင်း ငြိမ်းချမ်းမှသာလျှင် လောကသာယာဝပြောမည်ဖြစ်ကြောင်း စသည်ဖြင့် မိန့်ကြားသွားခဲ့ပေသည်။

မိမိတို့ အိန္ဒိယနိုင်ငံရောက် ပညာသင် မြန်မာရဟန်းတော်များကလည်း ဆရာတော်အား ပင့်ဖိတ်ပြီး ကျောင်းသားအဖွဲ့ပိုင် ကျောင်းတော်ကြီးတွင် ဆရာတော့်ထံမှ ဩဝါဒများ နာကြားခွင့် ရခဲ့ပေသည်၊ ဆရာတော်က အင်္ဂလိပ်ခေတ် ဗမာပြည်စာတတ်မြောက်မှုနှုန်း၏ အဓိကသော့ချက်မှာ တောရောမြို့ပါ ဘုန်းတော်ကြီးများ ကိုယ်တိုင် စာသင်ကြားပေးသောကြောင့် ဖြစ်သည်ဟု တိုတိုနှင့်လိုရင်းထိအောင် မိန့်ကြားသွားပေသည်။

ခုခေတ်ကျောင်းထိုင် ဘုန်းတော်ကြီးများက ပျင်းအားကြီးသောကြောင့် စာသင်ပြမှု လျော့နည်းလာနေခြင်းသည် သာသနာတော် ဆုတ်ယုတ်ဖို့ဖြစ်ကြောင်း၊ တချို့ ဘုန်းတော်ကြီးများ တီဗီထိုင်ကြည့်နေရတာကို သာသနာပြုလုပ်ငန်းဟု မှတ်ထင်နေကြတာဟာ သာသနာတော်အတွက် ရင်လေးဖွယ်ရာဖြစ်ကြောင်း စသဖြင့် ဆုံးမသွားပေသည်။

ယနေ့ အချိန်အခါမှာ မြန်မာပြည် အနယ်နယ် အရပ်ရပ်တွင် ဘုန်းတော်ကြီးများ ဦးစီးသော ဘုန်းတော်ကြီးသင်ပညာရေးစနစ် ခိုင်ခိုင်မာမာ ပြန်လည် တည်ဆောက်ဖို့ လိုအပ်လျက် ရှိနေပေသည်ဟုလည်း မိန့်ကြားခဲ့ ပေသည်၊ ယင်းသို့ မိန့်ကြားသဖြင့် မိမိတို့ အိန္ဒိယနိုင်ငံရောက် ရဟန်းတော်များအဖို့ အဖိုးအနှုတ်ထိုက်တန်သော ပတ္တမြားတစ်လုံး ရလိုက်ဘိသကဲ့သို့ အင်မတန် တန်ဖိုးရှိလှပေသည်၊ ဆရာတော်မိန့်ကြားခဲ့သည့်အတိုင်း ရှေးခေတ် ဘုန်းတော်ကြီးကျောင်းများသည် ဘာသာရေးဌာနများ အဖြစ်သာမကပဲ ယဉ်ကျေးမှုနှင့်ပညာသင်ကြား ရာဌာနများလည်း ဖြစ်ခဲ့ပေသည်။

သို့အတွက်ကြောင့် ဘုန်းတော်ကြီးများ၏ ဩဇာအာဏာသည် ကျေးလက်မှသည် နန်းတွင်းအထိ ပြန့်နှံ့ခဲ့ပေသည်၊ ပညာသင်ကြားပေးခြင်း လုပ်ငန်းသည် ဘုန်းတော်ကြီးများ၏ ကိုယ်ပိုင်လုပ်ငန်းဖြစ်ပေသည်၊ ယင်းပညာ သင်ကြားပေးခြင်းအလုပ်ကို မိမိတို့ ဘုန်းတော်ကြီးများ လုပ်ကိုင်ဆောင်ရွက်မည်ဆိုလျှင် ကိုယ့်အလုပ်ကို လုပ်သည် မည်ပေသည်။

ကိုယ့်အလုပ်ကို လုပ်မည်ဆိုရင် မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးကဲ့သို့ ရောက်လေရာ ဒေသတိုင်းမှာ နွေးထွေးသော ကြိုဆိုမှုများ ရရှိခံစားရမည်မှာ မြေကြီး လက်ခတ်မလွဲ ဖြစ်ပေသည်၊ သို့ဖြစ်သောကြောင့် ယနေ့ခေတ် ခေတ်ပညာလည်းတတ် လောကုတ္တရာစာပေလည်း နှံ့စပ်ကြသော ရဟန်းတော်များ ကိုယ့်အလုပ် ကိုယ်တိုင် လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ရှင်လူအပေါင်း၏ လေးစားချစ်ခင်မှုကို ရရှိခံစားနိုင်ပါစေဟု ဆန္ဒပြုရင်း။

ရဲဘော်ကြီး
ခေတ္တ အိန္ဒိယ


http://www.dhammadownload.com

ဆရာတော်အကြောင်းကို ရေးရမယ်ဆိုတော့ မိမိအတွက် ရေးစရာရှားမည် မဟုတ်ပေဟု ထင်ခဲ့၏။ သို့သော် တကယ်ရေးကြည့်တော့ ဘယ်ကစရေးရမည် မသိပေ၊ ဒါကြောင့် ဆရာတော်နှင့် တွေ့ကြုံဆက်စပ်ဖူးခဲ့သမျှထဲမှ မိမိခေါင်းထဲမှာ စွဲထင်မိခဲ့သော အမှတ်ရစရာ ဩဝါဒစကားများကို ပြန်လည်စဉ်းစားရေးသားရပါတော့သည်၊ ဆရာတော့်အထံမှာ နေခဲ့ရစဉ်က စည်းကမ်းနှင့်ပက်သက်သော အမှတ်ရစရာတစ်ခု ကိုယ်တွေ့ကြုံဘူးသည်။

မိမိတို့တိုက်မှာ ဝါဆိုရက်များတွင် စာဝါများပိတ်ပါသည်၊ သို့သော် ကျောင်းမပိတ်ပါ၊ မိမိမှာတော့ ဘုန်းကြီးတစ်ပိုင်းဖြစ်နေပြန်သောကြောင့် ဝါဆိုရက်အတွင်း ရပ်ရွာပြန်ပြီး ဘုန်းကြီးတာဝန်ဝတ္တရားများကို မဖြစ်မနေ ဆောင်ရွက်ရမည် ဖြစ်ပါသည်၊ သို့အတွက်ကြောင့် ဆရာတော့်

မမေ့နိုင်သော ဩဝါဒ

ဒေါက်တာ ဦးသောဘနာဓာရ (ပညာပါရမီ)



http://www.dhammadownload.com

အား အကျိုးအကြောင်းကို ရှိသေစွာလျှောက်ထားပါသည်၊ ဆရာတော်ကလည်း နားလည်လက်ခံပါသည်၊ ဒါပေမယ့် ဆရာတော်က လိုရင်းစကားများကိုတော့ တိုက်တာစည်းကမ်းအတိုင်း မိန့်ပါသည်၊ " ငါတို့ဆီမှာက ဝါဆိုဦးကျောင်းမပိတ်ဘူး၊ စာဝါဘဲ ခဏပိတ်တယ်၊ ဘယ်ဦးဇင်း ကိုရင်ကိုမှ ပြန်ခွင့်မပေးဘူး၊ မင်းက ဘုန်းကြီးတပိုင်းမို့ ရွာကို မဖြစ်မနေပြန်ရမယ်ပြောတယ်၊ မင့်အနေနဲ့ မှန်တယ်၊ ဒါပေမယ့် ဒို့သတ်မှတ်ထားတဲ့ စည်းကမ်းက အားလုံးအပေါ်မှာ အတူတူပဲ၊ စာဝါပျက်ရင် စာအံကျောင်းဒဏ်၊ ဘုရားဝတ်တတ်ပျက်ရင် ဘုရားဝတ်တတ်ဒဏ်၊ မင့်ကိုမှ ဘုန်းကြီးတပိုင်းမို့ ခွင့်ပြုလိုက်ရင် အခြားစာသင်သားတွေကလည်း အကြောင်းပြ အမျိုးမျိုးနဲ့ လျှောက်ကြမှာပေါ့၊ ဒါကြောင့် ဒို့ကတော့ ဒို့စည်းကမ်းအတိုင်းဘဲ၊ မင်းပြန်ချင်ပြန်, မပြန်ချင်နေ၊ စာဝါနှင့် စာအံကျောင်းမရှိလို့ စာဝါဒဏ်, စာအံကျောင်းဒဏ်တော့ မကျဘူးပေါ့ကွာ၊ ဘုရားဝတ်တက်ဒဏ်ကတော့ တစ်ရက်ပျက်ရင် ၁၀-ရက် မနက်ငါဘုရားဝတ်တတ်တဲ့အချိန်လာတက်ရမယ်၊ ဒါဘဲ" မိမိမှာ ဆရာတော်၏ ပြတ်သားသော စကားတော်ကို ဦးထိပ်မှာထားပြီး "ဘုရားတပည့်တော် မနက်ဘုရား ဝတ်တက်ရက် ၂၀-ဒဏ်ထမ်းပါမည်ဘုရား"ဟု လျှောက်ထားကာ စည်းကမ်းကို အများနည်းတူလိုက်နာခဲ့ရလေသည်။ အမှန်အတိုင်းဝန်ခံရသော် ထိုအချိန်က ကျောင်းတိုက်တာစည်းကမ်းအရသာ အောင့်သက်သက်နှင့် ဒဏ်ထမ်းခဲ့ရပေသည်။

နောင် ကိုယ်တိုင်လည်း လူကြီးဖြစ်လာပြီး အခြားသော လူကြီးလုပ်ပြီး လူကြီး မပီသကြသူများ၊ တာဝန်ကိုယူပြီး တာဝန်မကျေကြသူများကို မြင်ရ,ကြားရ,တွေ့ရတော့မှ ဆရာတော်၏ လူကြီးလုပ်ပြီး လူကြီးပီသမှုနှင့် စည်းကမ်းပိုင်းဆိုင်ရာ မျက်နှာကြီး, မျက်နှာငယ်မရွေး တပြေးတည်း ဆုံးဖြတ်လိုက်နာဆောင်ရွက်မှု၊ မိမိလည်း ထိုအချိန်က တိုက်တာစည်းကမ်းကို လိုက်နာနိုင်ခဲ့မှုကို တွေးပြီး ကျေနပ်ဝိတိဖြစ်ရပါသည်။

၂၀၀၄-ခုနှစ်၊ မိမိအိန္ဒိယနိုင်ငံ အရှေ့တောင်ပိုင်း၊ ဗီဟာပြည်နယ်၊ နာလန္ဒာမှာ ရောက်နေစဉ်အခါက ဆရာတော်နှင့် တိပိဋကဆရာတော်များ ဘုရားလာဖူးရင်း နာလန္ဒာမှာ ကျောင်းတတ်နေကြတဲ့ မြန်မာနိုင်ငံ ဒေသအသီးသီးမှ သံဃာတော်များကို ဘုရားဖူးအဖွဲ့သံဃာတော်များ၏ကိုယ်စား ဆရာတော်ကိုယ်တိုင် ဩဝါဒပေးခဲ့ပါသည်၊ "ကဲ ငါ့ဩဝါဒကတော့ ဟိုကောင်လာ (ဟိုကောင်ဟူသည် မိမိကိုခေါ်ခြင်း ဖြစ်ပါသည်) ရေးစမ်း၊ မင်းတို့ စည်းမှတ်တမ်းစာအုပ်မှာ ရေး၊ 'ကံမြွင့်တင်မြောက်၊ ကုသိုလ်ထောက်၍၊ တစ်ယောက် လူဘောင်၊ ထွန်းတောက်ပြောင်စဉ်၊ ရှေ့ဆောင်လမ်းပြ၊ ဖြစ်သင့်လှ၏' တဲ့၊ ရေးအောက်က ဦးရာဇမဉ္ဇလို့၊ ဒါ ရှေးပညာရှိစာဆိုများ ရေးထားတဲ့ ကဗျာကွ၊ မင်းတို့ကောင်တွေ ကံကောင်းလို့ အခုလိုပြည်ပမှာ ပညာသင်ခွင့် တွေရကြတယ်၊ အေး ပညာတွေ သင်ပြီး မင်းတို့ ဘာတွေလုပ်ကြမှာလဲ၊ အေး ဒို့တိုင်ပြည်မှာ ပညာတတ်တွေနည်းလို့ တတိုင်းပြည်လုံး အောက်တန်းကျ ဆင်းရဲနေကြတယ်၊ ကိုယ့်နိုင်ငံက ဆင်းရဲချို့ငဲ့တဲ့ကြားကနေ မင်းတို့ကို ပညာသင်နိုင်အောင် ထောက်ပံ့ပေးကြတယ်၊ အဲဒါ မင်းတို့က ပညာရေးမကြိုးစားဘဲ အလကားအချိန်မကုန်ကြစေနဲ့၊ အေး ဒီကဗျာက လူတစ်ယောက် ကုသိုလ်ကံ ထောက်မလို့ အခွင့်အရေး, အခွင့်အလမ်းရခဲ့ရင် လူအများအတွက် ကိုယ်ကျိုးကို ရှေ့တန်းမတင်ဘဲ ရှေ့ဆောင်လမ်းပြ လုပ်ကြပါလို့ ဆိုလိုတာကွ၊ ငါ့မိသားစု၊ ငါ့အမျိုး ကောင်းစားရေးကို ရှေ့တန်း မတင်ရဘူးလို့ ပြောတာကွ၊ ပညာတွေတတ်ပြီး စိတ်ထားမကောင်းရင် သူများကို ပိုပြီးတောင် ဒုက္ခပေးသေးတယ်၊ အေး မင်းတို့ကောင်တွေ နောင်အနာဂတ်မှာ ဒို့နိုင်ငံ, ဒို့သာသနာအတွက် ရှေ့ဆောင်လမ်းပြတွေ ဖြစ်နိုင်အောင် ကြိုးစားကြဟုတ်လား၊ လူတစ်ယောက် ပညာတတ်သွားရင် အများကြီးကို အကျိုးပြုနိုင်တယ်ကွ မှတ်ထား ဟုတ်လား"။

၂၀၀၈-ခုနှစ်တွင် မိမိတို့ ပညာပါရမီအဖွဲ့၏ ပထမခြေလှမ်းအဖြစ် ပညာပါရမီ ပညာရေးကူညီမှုအသင်းကို (www.pannaparami.com) စတင်ဖွဲ့စည်းပြီး ၂၀၁၀-ခုနှစ်တွင် ဆုနှင်းသဘင်အတွက် မြန်မာပြည်ကို ပြန်လာ၊ ဆုနှင်းသဘင်ပွဲအပြီး ရွာမှ ရန်ကုန်ကို အပြန်တွင် ဆရာတော်ကို ဝင်ကန်တော့ရင်း မိမိတို့ ဆရာတော့် တပည့်များ ပြည်တွင်းပြည်ပ ပူးပေါင်းပြီး ပရဟိတလုပ်ငန်းများ စတင်ပြီး တတ်နိုင်သမျှ ဆောင်ရွက်နေကြောင်းနှင့် ဆုတွေဘယ်လို စတင်ပေးနိုင်ခဲ့တယ်ဆိုတဲ့ အကြောင်းနဲ့ ဆရာတော့်ဩဝါဒကိုလည်း မိမိဝက်ဘ်ဆိုက်မှာ အသုံးပြုထားကြောင်း ဝမ်းမြောက်ဝမ်းသာ လျှောက်ထားရာ ဆရာတော်က အလွန်မှ မှတ်သားစရာကောင်းလွန်းသော ဩဝါဒကို ပေးခဲ့ပါသည်။

" ငါတို့ မြန်မာပြည်က ဘုန်းကြီးရော လူတွေရော အကုန်လုံးက အတော်ကို ဖင်ခေါင်းကျယ်ချင်ကြတယ်ကွ၊

http://www.dhammadownload.com

ကိုယ်လုပ်နိုင်တာက နည်းနည်းလေးရယ်၊ အကြီးအကျယ်ကြွားချင်, ဝါချင်ကြတယ်၊ ကုသိုလ်လုပ်တာက နည်းနည်းလေး၊ ဆိုင်းဘုတ်ချိတ်ထားတာက အကြီးကြီးဘဲ၊ ဆွေခုနှစ်ဆက်, မျိုးခုနှစ်ဆက်ကို ကုန်ရော၊ ဘုန်းကြီးတွေလည်း အတူတူဘဲ၊ ကျောင်းမှာတော့ ဘာ သာသနာရေးအလုပ်မှ မလုပ်ဘူး၊ မုခ်ဦးကြီးကတော့ ဟီးလို့ ကြွားထားတာ၊ ဒါမျိုးတွေပေါ့၊ အစိုးရလည်း အတူတူဘဲ၊ အဖြစ်ကဖြင့် ဘာမှ မရှိဘူး၊ အချင်းချင်း ရန်ဖြစ်နေကြတယ်၊ ပြောလိုက်ရင် မိုးတစ်လုံး, လေတစ်လုံးဘဲ၊ အေး မင်းတို့လည်း ဒီအတိုင်ဘဲ၊ အလုပ်စလုပ်တဲ့ အချိန်မှာ ဝတ်စုံက ဘယ်လောက် လှုနိုင်တယ်၊ စာအုပ်က ဘယ်လောက် ထောက်ပံ့နိုင်တယ်၊ ဘာဆုတွေက ဘယ်လောက်ပေးနိုင်တယ်မလုပ်နဲ့၊ အလုပ်ဆိုတာ 'ငယ်ရာက ကြီးရတယ်ကွ၊ ကြီးရာက မငယ်ရဘူး' အေး ဒီနှစ် ဒါတွေ အကုန်လုံးထောက်ပံ့နိုင်ပြီး နောက်နှစ်ကြတော့ မထောက်ပံ့နိုင်ဘူးဆိုရင် မကောင်းဘူးကွ၊ ဒါကြောင့် ငယ်ရာကနေ ကြီးရတယ်ကွ၊ တဖြည်းဖြည်းချင်း တိုးတိုးပြီး ထောက်ပံ့နိုင်အောင် လုပ်ရတယ်၊ အဲဒီလိုမဟုတ်ဘဲ နောက်နှစ်ကြတော့ မထောက်ပံ့နိုင်တော့ဘဲ ကြီးရာကနေ ငယ်သွားမယ်ဆိုရင် မကောင်းဘူး၊ ဟုတ်လား"။

အထူးအမှတ်ရစရာ ဆရာတော်အမိန့်ရှိဘူးသောစကားများလည်း ရှိပါသေးသည်၊ ၂၀၁၀-ခုနှစ်၊ အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့၊ ဆရာကြီးဦးဂုံအင်ကာကြီးရဲ့" ကမ္ဘာလုံးဆိုင်ရာ ရွှေတိဂုံပုံတူဘုရား" ထီးတော်တင်ပွဲမှာ ဖြစ်သည်၊ ဆရာတော်ကို အနီးကပ်ပြုစုခွင့်၊ လျှောက်ထားခွင့်များကံကောင်းစွာရခဲ့ပါသည်၊ ဆရာတော်သည် သံဃာတော်ရာပေါင်းများစွာကို ပရိယတ္တိစာပေများကို နှစ်ပေါင်းများစွာ သင်ကြားပို့ချပေးပြီး သာသနာပြုနေသော ဆရာတော်တစ်ပါး ဖြစ်သည်အားလျော်စွာ ပညာရေးနှင့်ပတ်သက်သော အကြောင်းအရာများကို များစွာစိတ်ဝင်စားပါသည်၊ ထို့ကြောင့် ပြည်ပမှာ ကျောင်းဆက်တက်နေကြတဲ့ တပည့်ဟောင်းများနှင့် တက္ကသိုလ်အသီးသီးမှာ ကျောင်းတက်နေကြသည့် မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်မှ သံဃာများနှင့် တွေ့တဲ့အခါ ဦးဇင်းတို့ ဒီမှာဘာ အခက်အခဲတွေရှိလဲ၊ ဘာတွေ ထူးခြားမှုရှိလဲ စသည်ဖြင့် မေးတော်မူပါသည်၊ အခြားသော သံဃာများမှာ ဆရာတော်က ဘာဟိတ်ဟန်မှ မပါ ရင်းနှီးခင်မင်စွာ ဆက်ဆံသော်လည်း ဆရာတော်၏ ဂုဏ်သိက္ခာ



http://www.dhammadownload.com



အရှိန်အဝါ ကြီးမားမှုကြောင့် မလျှောက်ထားဝံ့ဘဲရှိနေကြရာ စူပါပါဝါဖနောင့်နှင့် ထွေးခဲပုံအနီးတွင် ကျင်လည်ခဲ့ဖူးသော မိမိကဘဲ ဦးဆောင်ပြီး ဆရာတော်ကဲ့သို့သော ဆရာတော်ကြီးများ သိသင့်သိထိုက်သည်ဟု ယူဆရတဲ့ အရေးကြီးသောအချက်များကို ပြည်ပတွင် ကျောင်းတတ်နေကြတဲ့ သံဃာများရဲ့ကိုယ်စား အေးအေးဆေးဆေး လျှောက်ထားခဲ့ဖူးပါသည်၊ ယခု ဒီနိုင်ငံမှာ တက္ကသိုလ်အသီးသီးတွင် မိမိတို့မြန်မာပြည်က သာသနဓဇမဟာစရိယဘွဲ့နဲ့ ကျောင်းပြီးလာတဲ့ ကျောင်းသားသံဃာတွေမှာ ဆွမ်းကွမ်း၊ နေရေး၊ ထိုင်ရေး၊ ကျန်းမာရေးကိစ္စများထက် စာရွက်စာတမ်းကိစ္စတွေမှာ အတော်ကို အခက်အခဲတွေ့ရကြောင်း ဥပမာ. . မြန်မာနိုင်ငံသာသနာရေးဝန်ကြီးဌာနမှ သာသနဓဇမဟာစရိယဘွဲ့ရိုးရိုးအောင်မြင်လာသူများမှာ အောင်လက်မှတ် တစ်မျိုးဘဲ ထုတ်ပေးထားတဲ့အတွက် ပြည်ပတွင် ကျောင်းတက်ခွင့် လျှောက်ထားရာမှာ နိုင်ငံတကာနည်းစနစ်များအတိုင်း (၁) အောင်လက်မှတ်၊ (၂) အမှတ်စာရင်း၊ (၃) မှန်ကန်ကြောင်း ထောက်ခံစာတို့ မပါတဲ့အတွက် များစွာအခက်အခဲဖြင့် မျက်နှာငယ်ရကြောင်းနှင့် အဲဒီကိစ္စအဆင်ပြေသလို လုပ်နေရတဲ့အတွက် သာသနာရေးဝန်ကြီးဌာန (သို့မဟုတ်) သက်ဆိုင်ရာ ပညာရေးအဖွဲ့မှ ဒီအခက်အခဲများကို အဆင်ပြေသွားအောင် နိုင်ငံတကာပုံစံအတိုင်း (ရန်ကုန်-မန္တလေး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များမှာလို) ဆောင်ရွက်ပေးဖို့ကို အဓိကလျှောက်ထားရာ ဆရာတော်က "အေး ဟုတ်ပြီ ငါ ဝန်ကြီးဆိုတဲ့ ပုဂ္ဂိုလ်တွေနဲ့ တွေ့တတ်ပါတယ်၊ တွေ့တဲ့အခါ အဲ့ဒါကို ပြောလိုက်ပါမယ် ဟုတ်လား" ဟု မိန့်တော်မူခဲ့ဘူးသည်။ သို့သော် ဆရာတော်လည်း ဝန်ကြီးများနှင့် ယခုအချိန်အထိ တွေ့ဖြစ် သေးဟန်မတူသေးပေ၊ အဘယ့်ကြောင့်ဆိုသော် အခုအချိန်အထိ ဘာမှ ပြောင်းလဲမှုကို မမြင်မတွေ့ရသေးသောကြောင့် ဖြစ်ပါသည်။

အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာဘေးရန်ကင်းကွာ လိုရာဆန္ဒပြည့်ဝကြပါစေ. . .

ဒေါက်တာဦးသောဘနာစာရ (ပညာပါရမီ)

http://www.dhammadownload.com

အောက်မေ့ဖွယ် မြတ်ဆရာ၏ ဂုဏ်ကျေးဇူး

ခေမာစာရ(ရွှေမြစ်)




http://www.dhammadownload.com


မစိုးရိမ်တိုက်သစ်တွင် ပညာသင်စဉ်ကာလ ကျေးဇူးရှင်ဖြစ်သော ဆရာတော် ဦးရာဇမဂ္ဂာဘိဝံသ မြတ်ဆရာရဲ့ ဓမ္မဩဝါဒများကို အမြဲတမ်းအမှတ်ရနေသဖြင့် မြတ်ဆရာ၏ မွေးနေ့တွင် မြတ်ဆရာ၏ ဂုဏ်ကျေးဇူးကို ဂုဏ်ပြုပူဇော်လိုသဖြင့် မိမိစွမ်းအားရှိသမျှ ရေးသားပူဇော်အပ်ပါသည်။ မြတ်ဆရာနှင့် အမှတ်မထင် (၃၅)လမ်း အိမ်တစ်အိမ်တွင် ဆွမ်းစားအတူ လိုက်ခဲ့ဖူးသည်။ ဆွမ်းဒကာက ရဟန်း(၅)ပါးကို ဗင်ကားနှစ်စီးဖြင့် လာပင့်ပါသည်။ ဆွမ်းဘုဉ်းပေးပြီး ပြန်မယ်လုပ်တော့ ဆွမ်းဒကာအား မြတ်ဆရာက မိန့်လိုက်တာက ကားတစ်စီးပဲ လိုက်ပို့ကွာ၊ ဆွမ်းအလှူရှင်က ရပါတယ်ဘုရား နှစ်စီးလိုက်ပို့ပါမယ်ဟု ပြန်လျှောက်သောအခါ ဆရာတော်က "မကုန်သင့်တာ မကုန်ရအောင် မင်းတို့က ဘယ်လောက် ချမ်းသာနေလို့လဲ"ဟု မိန့်လိုက်ခြင်းကြောင့် အလှူရှင်လည်း ဘာမှ မပြောတော့ဘဲ ကားတစ်စီးဖြင့် လိုက်ပို့လိုက်သည်။

လမ်းတွင် 'ယာနဒေါ သုခတော ဟောတိ' ဟူသော ဘုရားစကားတော်ကို မြတ်ဆရာမတွေးမိတာတော့ မဟုတ်လောက်ဘူး၊ ဒို့လူမျိုးတွေက စည်းကမ်းမရှိတာကို စည်းနဲ့ကမ်းနဲ့ ရှိစေချင်တဲ့ စေတနာနဲ့ ပြောတာပဲ ဖြစ်လိမ့်မယ်ဟု တွေးနေမိတယ်၊ ဘာပဲဖြစ်ဖြစ်ပေါ့ မိမိကတော့ မြတ်ဆရာရဲ့ ချွေတာရေးလမ်းစဉ်ကို နှစ်သက်သဘောကျသဖြင့် ဘယ်နေရာရောက်ရောက် မှတ်သားကျင့်ကြံနေပါသည်၊ မိမိ ယခုသီရိလင်္ကာတွင် ကျောင်းတက်နေစဉ် ကုလားကျောင်းတွင် ဆွမ်းစားလိုက်သွားရသော အခါတွင်လည်း ကားတွေ မလိုအပ်ဘဲ သုံးစွဲရာကို မြင် သောအခါတိုင်း မြတ်ဆရာရဲ့ ဩဝါဒကို ကြားယောင်မိတယ်၊ အဲဒီကိစ္စကို မြတ်ဆရာသိရင်ဖြင့် ဘယ်လောက် အပြစ်ပြောလိုက်မလဲဟု ဆွမ်းစားသွားတိုင်း အမြဲတမ်း တွေးနေမိတယ်။

နောက်တစ်ခု အမှတ်မထင်ဘဲ မန္တလေးတွင် မိုးရေကြီးမှုကြောင့် မစိုးရိမ်တိုက်သစ် သံဃာကုဋီတွေမှာ ပိုးလောက်တွေ တက်လာသဖြင့် ဦးဇင်းတစ်ပါးက မြတ်ဆရာထံ သွား၍ အကျိုးအကြောင်းသွားလျှောက်သော အခါ အိမ်သာခွက်တပ်ပေးမယ်ဟု မိန့်လိုက်၏၊ နောက်တစ်နေ့ မြတ်ဆရာနဲ့ ပန်းရံသမားတို့ အလုပ်ကိစ္စဈေးပြောပုံတွေ အမှတ်မထင်ဘဲ ကြားလိုက်ရသည်၊ မြတ်ဆရာက ပန်းရံဆရာအား ဘယ်လောက်နဲ့ လုပ်နိုင်မလဲ မေးတော့ ပန်းရံသမားကလည်း သူလုပ်နိုင်တဲ့ဈေးကို လျှောက်သောအခါ မြတ်ဆရာက ဈေးဆစ်နေတယ်၊



http://www.dhammadownload.com



ပန်းရံသမားကလည်း မြတ်ဆရာစျေးဆစ်သလောက်နဲ့ လုပ်ပေးသွားတယ်၊ မြတ်ဆရာ စျေးစကား ပြောတာလေးကိုလည်း ယခုအချိန်အထိ အမှတ်ရ အတုယူနေ ကျင့်ကြံလိုက်နာနေမိတယ်၊ နိုင်ငံခြားတွင် စျေးဝယ်သောအခါ စျေးဆစ်နေသော အကျင့်လေးက မြတ်ဆရာရဲ့ အတုကို လိုက်နာနေတယ်လို့ ပြောရင် မှားမယ်မထင်၊ ဒီအကျင့်လိုက်နာတာကို တစ်ချို့သူငယ်ချင်းတွေက အပြစ်ပြောလာသောအခါ မိမိပြန်ပြောမိတာက ဒါက မြတ်ဆရာရဲ့ အကျင့်ဟု ပြန်ပြီးပြောလေ့ရှိသည်။

မစိုးရိမ်တိုက်သစ်မှာ မိုးရွာရင် ဆွမ်းခံမထွက်ရဘဲ ဆွမ်းချက်ကြရသည်၊ ဟင်းနဲ့ ပတ်သတ်ပြီး မြတ်ဆရာ ဩဝါဒပေးတာက မင်းတို့ကို ဝက်သားချက်ကျွေးချင်ပါတယ်၊ ဝက်သားချက်ဖို့အတွက် အချိန်ပေးရတယ်၊ အချိန်မီ တုံးခေါက်ရတယ်၊ အချိန်မရှိလို့ မကျွေးတာ ဟု ပြောလာသောအခါ ငယ်ငယ်ကစိတ်ထဲမှာ တစ်မျိုးကြီးပေါ့၊ မဟုတ်လောက်ဘူး၊ ဒို့ဆရာက ဒို့ကို မကျွေးချင်လို့ ပြောတာပဲဟု ထင်နေမိတာ၊ ယခုတော့ ကိုယ်တိုင် ဝက်သားချက်စားမှ အချိန်အများကြီးပေးရတာဆိုတာ သိလာရတော့ မြတ်ဆရာရဲ့ စကားကို လေးစားလာမိသလို မိမိမြတ်ဆရာကို စိတ်ထဲ ခုမိတာကို တောင်းပန်နေမိသည်၊ မသိမလိမ္မာသော တပည့်လေး ခွင့်လွှတ်သည်းခံပေးပါဘုရား။

မြတ်ဆရာ ဆွမ်းကပ်ရှိတဲ့အခါတိုင်း အမြဲတမ်း ပြောလေ့ရှိတာက "မင်းတို့ ဆွမ်းကို ကုန်သလောက် ဘုဉ်းပေး၊ သပိတ်ထဲ မကျန်စေနဲ့၊ တစ်ပါးကို နည်းနည်းနဲ့ဆိုရင် သံဃာများရင် ဆွမ်းတွေ အများကြီးဖြစ်မယ်၊ စားလို့ကုန်တာ ကြိုက်သလောက် ကုန်ပစေ၊ လေလွင့်တာတွေကိုတော့ မလုပ်နဲ့၊ မြို့ထဲ ဆွမ်းစားသွားတဲ့အခါမှာလည်း ပန်းကန်ထဲ ရှိတာတွေ ကုန်မယ်ဆိုရင် အကုန်ဘုဉ်းပေး၊ မကုန်လောက်ဘူးဆိုရင် မစားခင်ကတည်းက ခွဲထား"ဟု ဩဝါဒပေးလေ့ ရှိတယ်၊ ဒီဩဝါဒတွေကို ဘယ်နေရာ, ဘယ်ဒေသရောက်ရောက် အမှတ်ရ, လိုက်နာနေမိသည်၊ သီရိလင်္ကာ ဆွမ်းကပ်တွေမှာ အမြဲတမ်းတွေ့နေရသော စိတ်ဆင်းရဲစရာ တစ်ခုက ကုလားရဟန်းများ ပန်းကန်တွေထဲမှာ ဆွမ်း,ဟင်းတွေ ကုန်အောင် မဘုဉ်းပေးတာပဲ၊ ဒါတွေ တွေ့မြင်တိုင်း မြတ်ဆရာကို သတိရသလို ကျေးဇူးလည်း တင်နေမိသည်၊ ဒီလို စည်းမရှိ, ကမ်းမရှိ ပြုလုပ်မိတာက မြတ်ဆရာသမားကောင်းရဲ့ ဩဝါဒမနာခံခဲ့ရလို့ ဖြစ်တာပဲဟု တွေးနေမိသည်။

http://www.dhammadownload.com

မစိုးရိမ်တိုက်သစ် လမ်းမီးတွေ အချိန်လွန်ထိ ဘယ်သူမှ မပိတ်ခြင်းကြောင့် မြတ်ဆရာ လမ်းလျှောက် ပြန်လာတဲ့အထိ လမ်းမီးတွေက လင်းနေတာကို မြင်ရ သောအခါ မြတ်ဆရာက ဒီကိစ္စကို ဩဝါဒပေးတာက "မင်းတို့ လမ်းမီးတွေကို ကိုယ်နဲ့ မဆိုင်ဘူးထင်နေကြ တယ်၊ တကယ်တော့ အဲဒီလို မဟုတ်ဘူးကွ၊ ဘယ်ကိစ္စ ဖြစ်ဖြစ် အမြင်မတော်ဘူးဆိုရင် လုပ်ရမယ်၊ ရေလည်း ဒီအတိုင်းပေါ့၊ ရေကန်ထဲ ရေပြည့်ရင်လည်း ပိတ်ရ ကောင်းမှန်း မသိဘူး၊ အဲဒီလို မလုပ်ရဘူး၊ လူစိတ်၊ လူ အသိဓာတ်လေး ရှိရတယ်" ဒီဩဝါဒလေးကို မှတ်သား ထားပြီး ရောက်တဲ့နေရာတိုင်း ကျင့်သုံးလိုက်နာလေ့ ရှိတယ်။

မိမိသီရိလင်္ကာ ကုလားကျောင်းမှာ နေ့စဉ် ရေတွေ ပြည့်တာတွေ့တိုင်း ပိတ်လေ့ရှိတယ်၊ ဒီလို ပြုလုပ် တာကို မြင်တော့ ကုလားကျောင်းထိုင်ဆရာတော်က 'ကျေးဇူးပဲ ဘန္တေ'ဟု အပြုံးပန်းလေးနဲ့ ပြောလာသော အခါ စိတ်ထဲမှာတော့ မြတ်ဆရာရဲ့ ကျေးဇူးတွေပါ ဘုရား လို့ ပြောနေမိတယ်၊ ပြီးတော့ ကုလားတွေက ရေခလုပ်ကို လုံအောင် မပိတ်တာက အခက်သား၊ အဲဒီနေရာ ရောက် တိုင်းလည်း အမြဲတမ်း ပိတ်ရတိုင်း မြတ်ဆရာကို မြင်ယောင်မိတယ်၊ မစိုးရိမ်တိုက်သစ်မှာ ချစ်စရာ ကောင်းတာလေးက မြတ်ဆရာလာတာသိရင် တပည့် များက နေရာမှ ထပေးသော အကျင့်လေး၊ ဒါလေးကို ဟိုတုန်းက မိမိကိုယ်တိုင် လုပ်ပေးခဲ့ရတာ ခံစားမှုက တစ်မျိုး၊ ယခု သီရိလင်္ကာမှာ နေ့စဉ် သီရိလင်္ကာဒကာမ တွေက ရဟန်းသံဃာမြင်ရင်နေရာမှ ထပေးတာကို ပြုလုပ်ကြတော့ မိမိခံစားရတာ တမျိုး၊ တော်လိုက်တာ ပေါ့၊ တပည့်တွေက မြတ်ဆရာ လာတာမြင်ရင် နေရာ ထပေးရင် မြတ်ဆရာကလည်း ဒီလိုတွေးနေမလား မသိ ဘူး၊ တော်လိုက်တာ ငါ့တပည့်တွေ၊ ဘယ်လိုပဲ ဖြစ်ဖြစ် ပေါ့၊ တကယ်တော့ လူတစ်ယောက် စည်းနဲ့ကမ်းနဲ့ နေတတ်ဖို့ဆိုတာက မြတ်ဆရာ ကောင်းနဲ့ တွေ့တာက အရေးကြီးတယ်လို့ ယူဆမိတယ်၊ ဒါပေမယ့် ဆရာကောင်းနဲ့ တွေ့တိုင်း တပည့်ကောင်း မဖြစ်နိုင် သေးဘူး၊ ဆရာပြောတာကို လိုက်နာ၊ ကျင့်သုံးသူ ပေါ်မှာလည်း မူတည်သေးတယ် မဟုတ်လား။

မြတ်ဆရာက ဓမ္မသီတဝူကျောင်းကို တစ်နေ့ အနည်းဆုံး တစ်ခေါက်လောက်တော့ ရောက်လေ့ရှိတယ်၊ ဒါကလည်း ဒီလိုလေးရှိတယ်လို့ မှတ်သားဖူးတယ်၊ ဟုတ်, မဟုတ်တော့ မြတ်ဆရာပဲ သိလိမ့်မယ်၊ အဲဒီကျောင်းမှာ ဦးသုစိတ္တာဘိဝံသနေရမယ်လို့ မြတ်ဆရာက အမိန့်ချ လာသောအခါ ဦးသုစိတ္တာဘိဝံသက မြတ်ဆရာအား ဆရာတော် တစ်နေ့တစ်ခေါက် ဓမ္မသီတဝူကျောင်းကို လာပေးမယ်ဆိုရင် တပည့်တော်နေမယ်ဘုရားလို့ လျှောက်သောအခါ မြတ်ဆရာက သဘောတူသည့် အတိုင်း ကျင့်သုံးခဲ့သည်၊ မိမိလေးစားမိတာက ဦးသုစိတ္တာ ဘိဝံသ ရန်ကုန်ပြောင်းသွားသော်လည်း ဓမ္မသီတဝူ ကျောင်းကို မြတ်ဆရာ ယခုအချိန်ထိ သွားနေခြင်းပဲ။

မစိုးရိမ်တိုက်သစ်တွင် နေစဉ်ကာလ တစ်လျှောက် မြတ်ဆရာ တပည့်တွေအပေါ် ဒေါသ ဖြစ်တာ မရှိသလောက်ပဲ၊ မြတ်ဆရာကျောင်းအောက် သီလကွန် စာအံကျောင်းတတ်စဉ်က ဦးဇင်းတစ်ပါးက မော်လူး အနက်တေးစာအုပ် အသုံးပြုတာကို တွေ့သွား သောအခါ မြတ်ဆရာ အရမ်းဒေါသဖြစ်ခဲ့တာကို တစ်ကြိမ် တွေ့ခဲ့ဘူးသည်၊ သံဃာများကိုလည်း မော်လူး အနက်တေး မသုံးဖို့ ဩဝါဒပေးထားပြီးသား ဖြစ်သော ကြောင့် အဲဒီ ဦးဇင်းကိုလည်း မြတ်ဆရာတော်တော်လေး ဆုံးမလိုက်တာ ကြောက်စရာကောင်းလိုက်ပါဘိ။

မြတ်ဆရာ သံဃာတွေကို "မင်းတို့ ညနေ လမ်း လျှောက်သောအခါ ငါးမျှားတာတွေ မကြည့်ကြနဲ့ "လို့ ဩဝါဒပေးထားသည်ကို တစ်ချို့တပည့်များ မြတ်ဆရာ စကား နားမထောင်ဘဲ ကြည့်နေတာကို မိမိက မြတ်ဆရာ မြင်သွားရင် တပည့်တွေ ငါ့စကား နားမထောင်ပါလား ဟု စိတ်မကောင်းဖြစ်မှာစိုး၍ ငါးမျှားနေသောလူတွေကို ဘယ်တော့မှ ငါးမမျှားဖို့ ပြောရတာလည်း အမော၊ တစ်ချို့သံဃာတွေက မိမိကို မနှစ်သက်ကြပေ၊ နောက် တစ်ခု မစိုးရိမ်တိုက်သစ် ရာဟုထောင့်မှ အပြင်ထွက် တာတွေကို မြတ်ဆရာမသွားဖို့ ဩဝါဒပေးတာကို တချို့မလိုက်နာ သဖြင့် ဘယ်လို လုပ်ရင်ကောင်းမလဲလို့ နေ့စဉ်တွေးနေမိတယ်၊ တစ်နေ့ ဘူဒိဇာစက်ကြီး စည်ပင် ရုံးရှေ့ တွေ့တာနဲ့ သွားပြောရတယ်၊ ဆရာတော်က အဆင်ပြေရင် နည်းနည်းလောက် မြေကော်ပေးဖို့၊ စည်ပင်ကလည်း တခါတည်း လုပ်ပေးတယ်၊ ဒီလို မြေကော်လိုက်သဖြင့် သံဃာတွေ သွားလို့မရဘူး ဖြစ်သွားတယ်၊ မိမိသည် မြတ်ဆရာ မခိုင်းဘဲ လုပ်ခဲ့မိ သည်ကို ခွင့်လွှတ်ပေးပါရန် တပည့်ရိုသေစွာ ခြေတော် ဦးခိုက် လျှောက်ထားအပ်ပါသည် ဘုရား။

မြတ်ဆရာ ကျန်းမာချမ်းသာ အသက်ရှာကျော် ရှည်၍ သာသနာအကျိုး၊ ဘာသာအကျိုး ဒီထက်မက ဆောင်ရွက်နိုင်ပါစေဟု တပည့် ဆုတောင်း မေတ္တာပို့သ နေလျက်ပါဘုရား။

ခေမာစာရ(ရွှေဖြစ်)

http://www.dhammadownload.com

(အပြင်သတ္ထိ)

7-8-1988.Memories မှ

"ကျောင်းထဲမှာ ဦးညီဝင်းရောက်နေပြီ"ဆိုသည့် သတင်းစကားသည် အုတ်တံတိုင်းဘေး စာဖတ်နေကြသော လူအုပ်ကြီးထံသို့ ပြန့်နှံ့၍လာ၏။ လွန်ခဲ့သော တစ်ပတ်ဆယ်ရက်ခန့်မှ စ၍ ဤအုတ်တံတိုင်းကြီး ဆီသို့ အစိုးရ ဆန့်ကျင်ရေးစာများ ရောက်ရှိ၍ လာနေ၏။ ပထမ ရန်ကုန်တက္ကသိုလ် ကျောင်းများ၏ ကြေညာချက်များ၊ နောက် အစိုးရအပေါ် မကျေနပ်သော ပြည်သူတို့၏ ခံစားချက်များ၊ ထို့သို့ဖြင့် ရုပ်ပြောင်ပန်းချီကားချပ်များ၊ ကဗျာများ၊ သီချင်းများ စသည်ဖြင့် ဤတံတိုင်းကြီးသည် ပြည့်လျှံ၍ လာ၏။ ဖတ်စရာတို့သည် တစ်နေ့တစ်မျိုး မရိုးရအောင် ပေါ်ပေါက်၍လာ၏။ ပထမ တစ်ယောက်စ နှစ်ယောက်စ လာရောက်ဖတ်ရှုကြည့်ရာမှ ယခုသော် လူအုပ်ကြီးသည် များပြား၍ လာ၏။ ထိုသို့များပြားလာသည်နှင့် ထိုနေရာသည် သတင်းစကားဖလှယ်ရာ ဖြစ်မှန်း မသိ ဖြစ်၍လာ၏။ ထိုတံတိုင်းကြီးကိုလည်း ဒီမိုကရေစီ မဟာအုဋ္ဌံတံတိုင်းကြီးဟု အမည်ပေးလိုက်ကြလေသည်။

မန္တလေးမြို့၌ ဒီမိုကရေစီမဟာအုဋ္ဌံတံတိုင်းကြီး နှစ်ခုရှိလေသည်၊ ယခုမစိုးရိမ်တိုက်ကြီး၏ တံတိုင်းကြီးနှင့် မြတောင်တိုက် အုဋ္ဌံတံတိုင်းကြီးတို့ ဖြစ်၏။

လူတွေ တရုန်းရုန်းဖြင့် နေ့စဉ်စည်ကားနေ၏၊ သတင်းစကားတို့သည်လည်း များစွာဖြစ်ပေါ်၍ လာ၏၊ စစ်ကိုင်း နောင်ရိုးတင်ဝင်း ပြန်ရလိုမှုဖြင့် ဆန္ဒပြကြသော လူအုပ်ကြီးကို စစ်ကိုင်းတိုင်း ကောင်စီဥက္ကဋ္ဌ ဦးကျော်စွာ၏ အမိန့်ဖြင့် ပစ်ခတ်သတ်ဖြတ်မှုများအနက်ကြောင်း သတင်း



ခေါင်းဆောင်နှင့် သတ္တိ

ဥက္ကာကျော်

http://www.dhammadownload.com

တို့ ရောက်လာ၏၊ မရှုမလှ သေနေသော ကလေးလူကြီး၊ မိန်းမယောကျ်ားခါတ်ပုံများ ဒီမိုကရေစီတံတိုင်းကြီးပေါ် သို့ ရောက်လာ၏၊ လူတွေ ဒေါသထွက်ကြ၏၊ တက်ခေါက်ကြ၏၊ ဤသို့ဖြင့် ပြည်သူတို့၏ ဒေါသများ ခံစားချက်များ တငွေ့ငွေ့ လောင်ကျွမ်း၍ လာ၏၊ စိတ်ဓာတ်တက်ကြွလှသော လူတို့သည် တစ်လုံးစ နှစ်လုံးစ မိန့်ခွန်းစကား စတင်ချွေလာ၏။


ယမန်နေ့ကပင် ရန်ကုန်တက္ကသိုလ်မှ ကျောင်းသားတစ်ယောက် ရောက်ရှိလာပြီး တံတိုင်းကြီးပေါ် သို့ တက်ရောက်ပြီး ရန်ကုန်တက္ကသိုလ် ကျောင်းသားတို့ကို အစိုးရက ဖိနှိပ်ပုံ အရပ်သားများနှင့် လူငယ်သဘာဝ ရန်ဖြစ်ကြရာ မည်သို့ပစ်ခတ်ပုံတို့ကို မိန့်ခွန်းချွေလာ၏။

သူ မန္တလေးသို့ ရောက်အောင် မည်သို့ လျှို့ဝှက်စွာ လာခဲ့ရပုံတို့ကို ပြော၏၊ သူ၏ ပိန်ပါးပါးလူပုံနှင့် ပင်ပန်း နွမ်းနယ်နေပုံတို့ကို ကြည့်ရသဖြင့် ရဟန်းရှင်လူပြည်သူတို့၏ ရင်ဝယ် ကြင်နာခြင်းတို့ ဖြစ်ကြရ၏၊ သူသည် ပြည်သူအပေါင်း၏ ကရုဏာရင်ငွေ့ကို များစွာ ခံလှုံခွင့် ရရှိသွား၏၊ ပြည်သူတို့၏ အစိုးရဆန့်ကျင်ရေးမီးပွားသည် တမြည့်မြည့် လှိုက်စား၍နေ၏။

လူထုသည် တပါတီအာဏာရှင် စနစ်အောက်တွင် (၂၆)နှစ်တိတိ ကျိုးနွံကြောက်ရွံစွာ နေလာရာမှ ကျောင်းသားလူငယ်တို့ အပေါ်၌ နှိပ်စက်မှုများကို သိရှိလာခဲ့ရာ အားကိုးရာရင်း ရဟန်းသံဃာတို့၏ စွမ်းအားကို ယုံကြည်လေးစားလာ၏။ သို့ဖြင့် ထိုအင်အားကောင်းသော အမှန်တရားကို လစ်လျူမရှုတတ်သော သံဃာတော်တို့ ရှိရာ ဤအုတ်တံတိုင်းကြီးဆီသို့ မိမိတို့ ခံစားချက်များ ရင်ဖွင့်ရာ ဟစ်တိုင်အဖြစ် သတ်မှတ်ရေးကပ်ကြ၏။ ပြီးခဲ့သောနှစ်က ငွေစက္ကူများ တရားမဝင်ကြေညာခြင်းသည်လည်း ပြည်သူ့ဘဏ္ဍာများ မတရားလုယက်သည်ဟု ရှုမြင်ကြ၏။ ထိုခံစားချက်တို့ကို ယခု ဒီမိုကရေစီ တံတိုင်းကြီးပေါ် သို့ ပစ်တင်လိုက်ကြ၏။

ပထမ အစိုးရဆန့်ကျင်ရုံ သက်သက်မှ နေ၍ ဒီမိုကရေစီအရေးသဘော အသွင်ဆောင်လာ၏၊ တံတိုင်းပေါ်မှ ကာတွန်းတစ်ပုဒ်ကို မှတ်မိသေး၏၊ တစ်ပါတီအာဏာရှင် အစိုးရနှင့် ဒီမိုကရေစီအစိုးရကို ယှဉ်ပြထား၏၊ တစ်ပါတီအာဏာရှင် အစိုးရသည် ပြည်သူကို လှည်းထမ်းပိုးအောက် နွားတပ်သည့်နေရာ၌ တပ်ကာ လှည်းပေါ်မှ မိန့်မိန့်ထိုင်ပြီး အပြင်းအထန် ခိုင်းစေနေပုံ ဖြစ်၏၊ ဒီမိုကရေစီအစိုးရမှာ ထိုသို့မဟုတ် နွားနေရာ၌ အစိုးရအဖွဲ့ဝင် လူကြီးများ(ဦးနှုံ)ပုံကို တပ်၍ ပြည်သူက လှည်းပေါ်မှ စီးကရက်ခဲကာ ခိုင်းစေနေပုံ ဖြစ်၏။

ပန်းချီ ကားတစ်ချပ်မှာ သွေးအိပ်ကြီးကို လက်ဖြင့် ကျစ်ကျစ်ပါအောင် ဖိညှစ်သဖြင့် သွေးများ ကွဲထွက် ဖိတ်စင်နေပုံ ဖြစ်ပြီး အောက်မှ စာတမ်းတစ်ခု ရေးထား၏ 'ဖိလွန်းရင် ဖေါက်ထွက်ရမယ်' ဟူ၍ ဖြစ်၏၊ တချို့က စိုးလွင်လွင်၏ သီချင်းတစ်ပုဒ်ကို စာမြောင်



http://www.dhammadownload.com

ကပ်ရေးသူက ရေး၏၊ တချို့က...

"သူ
လူတစ်ယောက် ဖြစ်ရဲ့နဲ့
ကျွေးတဲ့လက်ကို ကိုက်ခဲ
ခွေးထက်မိုက်မဲပါတယ် အဖေ၊
သားတို့ရဲ့ ကံ့ကော်တောကိုလည်း
ပန်းနုံတွေ မဝေဘဲ
ယမ်းနုံ့ သွေးနုံ့တွေ ဝေနေပြီ အဖေ၊
ဒီ မိစ္ဆာကောင် လူတစ်စုရဲ့ ဇက်ကို
အဖေ့လက်က ဂျပန်ခါးနဲ့
တစ်အားလွဲလို့ ခုတ်လှည့်ပါ အဖေ" ဤသို့ ကဗျာများကိုလည်း ရေးကြ၏။

ဤသို့ဖြင့် ဒီမိုကရေစီတံတိုင်းကြီးတို့သည် ပြည်သူနှလုံးကို သိမ်းကြုံး၍ ယူငင်ထား၏၊ ထိုတံတိုင်းကြီးများသို့ စက်ဘီးဆိုင်ကယ်များဖြင့် လာရောက်ဖတ်ရှုသူများမှာ နေ့ညစဲသည်ဟူ၍ မရှိ၊ အမြဲစည်ကား၍ နေ၏၊ စာနယ်ဇင်းတို့၌ မဖတ်ရှုနိုင်သော စာတို့ကို ဖတ်ရှု နေကြရ၏၊ ကျွန်ုပ်သည် စတာလင်ဂရက် တိုက်ပွဲအတွင်းက တိုင်မှာ စက္ကူများချိတ်၍ သတင်းစကား ပါးသည်တို့ကို အမှတ်ရ၍နေ၏။

နောက်နေ့ ဩဂုတ်လ(၈)ရက်နေ့သည် အစိုးရကို စတင်စိန်ခေါ်မည့်နေ့ ဖြစ်၏၊ အစိုးရကို အန်တုမည့်နေ့ ဖြစ်၏၊ ပြည်သူလူထုသည် တက်ကြွ၍ နေ၏၊ "ဘာဖြစ်မလဲ"ဟူသော သို့လောသို့လော စိတ်များဖြင့် ရန်ခုန်နေကြ၏၊ နေ့ခင်း တစ်နာရီကျော်ကျော်ခန့် ရှိသောအခါ လူထုကြီးသည် အဆမတန်များပြား၍လာ၏၊ 'တိုက်ထဲမှာ ဦးညိုဝင်း ရောက်နေတယ်'ဟူသော စကားသည် ပျံနှံ့၍ ပျံနှံ့၍ လာ၏၊ 'ဘယ် ဦးညိုဝင်းလဲ တိုင်းကောင်စီဥက္ကဋ္ဌ ဦးညိုဝင်းလား' ဟူသော အမေးစကားတို့သည် တိုးရာမှ ကျယ်လာ၏။

"ဟုတ်တယ် မနက်ဖြန် တိုက်ထဲက သံဃာတွေ မထွက်ဖို့ ဆရာတော်ကြီးကို လာလျှောက်တာ" စကားတို့သည် တဆင့်မှတစ်ဆင့် ပြန့်နှံ့သွား၏၊ ဒါဆို ဘာလုပ်ကြမလဲ မေးခွန်းများ၊ မည်သူက မည်သို့ စလိုက်သည်မသိ "ဝိုင်းကြမယ်"ဟူသောအသံတို့သည် တစ်သံထဲထွက်၍လာ၏၊ ထိုမှ အုတ်တံတိုင်း အပြင်ဘက်ရှိသော လူထုကြီးသည် မစိုးရိမ်တိုက်ကြီးထဲသို့ ရောက်လာ၏၊

တွေ့ပါပြီ မာဂဓ နယူပဒေသကျောင်းရှေ့ ရပ်ထား သော တိုင်းကောင်စီဥက္ကဋ္ဌ၏ ကား၊ ကားပေါ်မှ ကား မောင်းလာသူသည် လူအုပ်ကြီးကို မြင်သောအခါ ဥက္ကဋ္ဌရှိရာ သိမ်ကျောင်းတွင်းသို့ ဝင်ပြေး၏၊ "ဟေး ဝိုင်းကွာ ကားကို မီးရှို့မယ်" စသော အသံတို့သည် ဆူညံနေ၏၊ ထို့အချိန် ဆရာတော် ဦးကောဝိဒထံသို့ ပါရာဇိကဏ် လာလိုက်သော သံဃာတို့သည် တစ်ရာနှစ်ရာခန့် ရှိပေမည်၊ ပါရာဇိကဏ် စာချနာမည်ကြီးသဖြင့် မန္တလေးမြို့ပေါ်ရှိ တိုက်ပေါင်းစုံမှ စာချတန်းသံဃာတို့တည်း။

သူတို့သည်လည်း လူထုကြီးနှင့် ပူးပေါင်းလိုက်ကြ၏၊ မစိုးရိမ်တိုက်ကြီးကား လူပင်လယ်ကြီးနှင့် ပြည့်ကြပ်နေ၏၊ "ဟေ့ မီးမရှို့နဲ့ ကျောင်းပါ လောင်ကုန်မယ်" "ဟာ ဒါမှ ပြန်ထွက်လို့ မရမှာပေါ့၊ ရှို့သာ ရှို့" တစ်ယောက်တစ်ပေါက် ဆူညံနေ၏၊ မည်သူက မည်သည့်နေရာက ယူလာသည်မရသော ပုဆိန်များနှင့် ခုတ်ထစ်ကြ၏၊ လူသုံးလေးယောက် ကားပေါ်တက်ဖျက်ဆီးကြ၏၊ မှန်တွေ ကွဲကုန်၏၊ ပြည်သူတို့သည် အုတ်တံတိုင်းကြီးပေါ်မှ စာသားအချို့ကို တိုင်ပေး၏၊ ဘဝဂ် သို့တိုင် တုန်ခါ၍ နေ၏၊ သိမ်ကျောင်းတွင်းမှလည်း တံခါးတွေ အလုံပိတ်ထား၏၊ တုတ်တုတ်မျှမလှုပ်၊ "ရှိသေးရဲ့လား ဟိုဘက်က ထွက်ပြေးပြီ ထင်တယ်" တစ်ယောက်တစ်ပေါက် ပြောကြ၏၊ "ဘယ်က ပြေးနိုင်မှာလည်း အပြင်ဘက်လည်း လူထုတွေ ဝိုင်းထားတယ်" "ချဟေ့ တံခါးတွေ ရိုက်ဖွင့်" လူထု၏ ဒေါသတို့သည် ကားနှင့် သိမ်ကျောင်းပေါ်သို့ သွန်အောထားကြ၏၊ အတွင်းကလဲ တုတ်တုတ်မျှမလှုပ်၊ အပြင်ကလည်း တားသူတားနှင့် တံခါးတွေကို မဖွင့်နိုင်သေး။

အချိန်သည် တရွေ့ရွေ့နှင်နေ၏၊ "စစ်တပ်နဲ့ လာဝိုင်းတော့မယ်"ဟူသော ကောလာဟာလတို့သည်လည်း ပျံနှံ့နေ၏၊ "သူတို့ လူကို သူတို့ ကယ်မှာပေါ့"ဟူသော စကားတို့သည် တဖြည်းဖြည်းကျယ်လာ၏၊ နန်းတွင်းက စစ်တပ်ထွက်လာပြီ ဆိုသလိုလို ဝင်ပေါက်ထွက်ပေါက်တွေကို လှမ်းစုံစမ်းနေပြီ၊ သတင်းတို့သည် အမျိုးစုံ ပြန့်နေ၏။ သို့သော်လည်း လူက ရှုံမသွားသည့်အပြင် ပို၍ပို၍ ကြီးလာ၏၊ မစိုးရိမ်နှင့် ဝိသုဒ္ဓါရုံကြား လမ်းတစ်လျှောက် လျှံ၍ နေ၏၊ ၃၅ အေလမ်းပေါ်သို့ပင် ပြည့်နေ၏၊ ညနေ(၄)နာရီသို့ပင် တိုင်ခဲ့ပြီ။ "ဆရာတော် ဦးရာဇ တိုက်သစ်က ကြွလာပြီ"ဟူသော စကားတို့ကို ကြားလာရ၏။

မကြာပါ၊ ဆရာတော် ဦးရာဇ ဆရာတော် ဦးနာယကနှင့် နောက်ပါသံဃာ နှစ်ပါးသုံးပါးဖြင့် တကယ်ပင် ကြွချီလာပါပြီ၊ ဆူညံနေသော လူအုပ်ကြားသို့ တိုးဝင်လိုက်၏၊ အနည်းငယ် စဲ၍ သွား၏၊ ဆရာတော်သည် သိမ်ကျောင်းတွင်းသို့ တန်းတန်းမတ်မတ် ဝင်သွား၏၊ လှေကားခုံပေါ်သို့ တက်မိသောအခါ နောက်လှည့်၍ "ဟေ့ မင်းတို့ ဒီလိုဆူနေလို့ မပြီးဘူးကွ၊ ငြိမ်ငြိမ်နေကြ၊

http://www.dhammadownload.com

ငါ ဆွေးနွေးမယ်" ပြောကာ ကျောင်းထဲသို့ ဝင်သွား၏။

မကြာခင် ပြန်ထွက်လာ၏၊ "ဟေ့ မင်းတို့ ဘာလို ချင်လဲ ပြောကြ၊ မင်းတို့ထဲက ခေါင်းဆောင်လုပ်တဲ့သူ လေးယောက်ငါးယောက်လောက် တိုင်ပင်ပြီးတော့ လိုချင်တဲ့အချက်ကို စာနဲ့ရေးတောင်း၊ ဒီတိုင်းလုပ်နေရင် ကျောင်းနာမယ်၊ ငါ အနာမခံနိုင်ဘူး"ဟု ပြော၏။

လူတွေ ကျွတ်စီကျွတ်စီ ပြန်ဖြစ်ကြ၏၊ တချို့က ဒီမိုကရေစီ၊ တချို့က ဟိုဟာဒီဟာ တောင်း၊ တစ်ယောက် တစ်ပေါက် ပြောကြ၏၊ ဆရာတော်က "တယောက်တည်း ပြော၊ ကုသလ ပြော"၊ ဦးကုသလမှ အားလုံးကိုယ်စား ဆရာတော်အား လျှောက်ပြီးသော အခါ သိမ်ကျောင်းထဲ ပြန်ဝင်သွား၏၊ ခဏအကြာ ပြန်ထွက်လာပြီး

"မင်းတို့ လွတ်လပ်ရေးပွဲတုန်းက အဖမ်းခံရတဲ့ ရဟန်းတွေ ပြန်လွတ်ပေးရမယ်ဆိုတာ လုပ်ပေးနိုင်တယ်။ (၇)ရက်တွင်း လွတ်ပေးအောင် ငါ အာမခံတယ်၊ တိုက်ထဲ အထိ ရောက်အောင်ပြန်ပို့ရမယ်ဆိုတာ ဒါလဲ အာမခံ တယ်၊ ဌာနဆိုင်ရာ ကားနဲ့ မပို့ရ ဒါလည်း အာမခံတယ်၊ မင်းတို့ ခုလို ဆူဆူပူပူလုပ်တာကိုပဲ ကျောင်းနာလှပြီ၊ ကဲ မင်းတို့ ကျေနပ်လား? 'ကျေနပ်ပါတယ်' တစ်ခဲနက် ဝိုင်းအော်ကြ၏။

ထို့နောက် မကြာခင် သိမ်ကျောင်းတွင်းသို့ ဝင်သွား သော ဦးရာဇနှင့်အတူ ခပ်ဝေးလူတစ်ယောက် နောက်ပါ နှစ်ယောက်နှင့် တုန်တုန်ယင်ယင် ထွက်လာ၏၊ ပိန်ပိန် ပါးပါး ဘုန်းကြီးဦးရာဇမှ ခပ်ဝေးလူကို တွဲကူထားပုံမှာ သဘာဝမကျ တော်တော်ရီစရာလိုပင် ဖြစ်နေတော့၏။

"လာစမ်းပါကွ၊ မင်း နိုင်ငံရေးသမား လုပ်နေပြီး သေရမှာ ဒီလောက်တောင် ကြောက်နေရသလား? ငါတောင် မကြောက်ဘူး"ဟု ပြောကာ အတင်းတွဲခေါ် လာ၏။

တိုင်းကောင်စီဥက္ကဋ္ဌ ဦးညိုဝင်းမှ လက်အုပ်ချီလျက် "အရှင်ဘုရားတို့ တောင်းဆိုတာကို တပည့်တော် မဖြစ် ဖြစ်အောင် တာဝန်ယူပြီး လုပ်ပေးပါ့မယ်ဘုရား"ဟု ရှိသေစွာ ဝိုင်းအုံနေသော ရဟန်းတော်များကို လျှောက် ထား၏၊

ပြီး ကျစ်ကားပေါ်သို့ ဖွဲ့အိတ်တစ်လုံးကို ပစ်တင် လိုက်သလို ဆွဲတင်ကာ ဦးညိုဝင်း ဘေးမှ ဆရာတော် ကိုယ်တိုင် ဝင်ထိုင်၏၊ ကားကို စတင်စက်နှိုးရာ တစ်ချက် နှစ်ချက် မနိုး၊ နောက် တကျစ်ကျစ်ဖြင့် အော်မည်ကာ နိုးသွား၏၊ လူအုပ်ကြီးလဲ လမ်းဖယ်ပေးလိုက်ကြ၏၊ မည်သူက စလိုက်သည် မသိ၊ "ဆရာတော် ဦးရာဇ ကျန်းမာပါစေ၊ ဥက္ကဋ္ဌကြီး ဦးညိုဝင်း ကျန်းမာပါစေ" ဟူသော ဆုတောင်းသံကြီးသည် ဘဝဂ်သို့တိုင် ဟိန်းညံ သွားကာ ဆင့်ကဲဆင့်ကဲ ဆုတောင်းသံကြီးများ လမ်း တစ်လျှောက် ပေါ်ထွက်၍ လာပေတော့သတည်း။

အော် ခေါင်းဆောင်တို့ရဲ့ သတ္တိ။

(အတွင်းသတ္တိ)

အထက်ပါ အကြောင်းအရာနှင့် ပတ်သက်ပြီး ဆရာတော်ကိုယ်တိုင် ပြန်ပြီး အမိန့်ရှိသည်ကို တွေ့ရ သည်၊

ဦးရာဇမွေ- သြဝါဒစာအုပ် စာမျက်နှာ ၂၃၀-၂၃၁-၌

ဟို အရေးအခင်းကိစ္စတုန်းက ဟုတ်လား၊ တိုက် သစ်က ဘုန်ကြီး ဦးသိရိန် လက်မခံတော့ဘူး၊ သူက ရန်ကုန်ရောက်နေတာကိုးကွ၊ ဟုတ်လား၊ ရန်ကုန်ရောက် နေတာ၊ အဲဒီတော့ တိုက်သစ်က ဘုန်းကြီးဦးသိရိန် လက်မခံတော့ဘူးတဲ့၊ ဒါ နိုင်ငံရေးပယောဂ။

နိုင်ငံရေးပယောဂဆိုတာ နိုင်ငံရေးချည်း မထင်နဲ့၊ အုပ်ချုပ်သူလူတန်းစား ပါကောင်းပါလိမ့်မယ် ဟုတ်လား အေး ဒီလို အုပ်ချုပ်သူလူတန်းစားဆိုတာ စည်းစည်း လုံးလုံးနဲ့ ညီညွတ်နေတာ အင်မတန်ကြောက် တာပေါ့၊ ဟုတ်လား၊ အေး ကွဲပြားမှု၊ ဒါက ပြိတိသျှအစိုးရ အုပ်ချုပ်ခဲ့တာ ဒီအတိုင်းပဲကွ ဟုတ်လား၊ မကွဲ ကွဲအောင် လုပ်တယ်၊ အေး ဗမာပြည်အစိုးရအဆက်ဆက် ဒီအတိုင်း ပဲကွ ဟုတ်လား၊ မကွဲ ကွဲအောင် သူတို့က လုပ်မှာ။

အဲဒီတော့ ဘုန်းကြီးဦးသိရိန်က ရန်ကုန်ဝါဆို တယ်၊ ဝါဆိုတော့ မစိုးရိမ်တိုက်သစ်က ဘုန်းကြီးဦးသိရိန် လက်မခံဘူးတဲ့၊ ဒါကို မြို့ထဲလျှောက်လွှင့်တယ် ဟုတ် လား၊ သူတို့ကသာ လက်မခံဘူး လွှင့်နေတာ၊ ငါနဲ့ ဘုန်းကြီး ဦးသိရိန်က ဖုန်းအဆက်အသွယ် အမြဲတမ်း ရှိတယ်၊ ဟေ့ ဘယ်လိုလုပ် ဘယ်လိုလုပ်၊ ဟုတ်တယ် မလား သူကလည်း၊ ငါကလည်း ဘာတွေ လုပ်ထားတယ် ဘယ်လို လုပ်ထားတယ်ပေါ့၊ ဟုတ်လား၊ အဲသလို ဖုန်း အဆက်အသွယ်က အမြဲတမ်းရှိတယ်၊ ဟုတ်လား။

နောက်ဆုံး မင်းတို့ ပြောပြမယ်၊ (၇-၈-၈၈)နေ့က တိုက်ဟောင်းထဲမှာ ဦးညိုဝင်း(တိုင်းကောင်စီ ဥက္ကဋ္ဌ)ကို ဖမ်းထားတာ၊ အဲဒီ ဖမ်းထားတာ ငါက ကမ္ဘာအေးက ဖုန်းဆက်မှ ငါသိတာ၊ ဟုတ်လား၊ သိကို မသိဘူး၊ ဒီမှာက ငါက စာအံခိုင်းပြီးတော့ စာသင်သားတွေ စစ်နေတာ ဟုတ်လား၊ စာသင်သားတွေ ပြည့်ရဲ့လား၊ စာအံကျောင်း စုံရဲ့လား ပြီးတော့ စစ်နေတာ ကမ္ဘာအေးက ဖုန်းဆက်မှ၊ ဟာ ဘာကြောင့်ဖမ်းတယ် ညာရယ် မသိသေးဘူး၊ ဟုတ်လား သိအောင် တိုက်ဟောင်းသွားပြီးတော့ "အဆိုး ထဲက သက်သာသောအဆိုးဖြစ်အောင် လုပ်မယ်"၊ ငါ

http://www.dhammadownload.com

ဒီလောက်ပဲ တာဝန်ယူပါတယ်၊ ဟုတ်လား။ "အဲ ကောင်းပြီ လုံးဝကောင်းလာပါစေမယ်လို့ တာဝန်မယူဘူး၊ အဆိုးထဲက သက်သာသောအဆိုးဖြစ်အောင် လုပ်ပါ့မယ်" ဟုတ်လား အဲသလို ပြန်လိုက်တယ် ဖုန်း။

နောက် ကမ္ဘာအေးက ဖုန်းဆက်ပြီးတော့ တစ်ခါ တိုင်းကောင်စီ ဘယ်သူတုန်း မောင်ဘတူ ဗိုလ်မှူးဘတူ၊ သူက အတွင်းရေးမှူးမဟုတ်လား၊ (မှန်ပါ) မောင်ဘတူက ငါ့ဆီ ဆက်ပြန်ရော၊ "ဆရာတော်ဘုရား တပည့်တော်တို့ ဥက္ကဋ္ဌတွေ အဲသလိုပေါ့ အဖမ်းခံထားရတယ်ပေါ့ ဆရာတော် ကြည့်ပြီးတော့ ရှင်းပေးပါဦး"။

အေး ငါလဲ အခုပဲ ရန်ကုန်က ဖုန်းရလို့ ငါ အခုသွားမယ်၊ ဆယ်မိနစ်လောက်တော့ ကြာမယ်၊ တိုက်သစ်နဲ့ တိုက်ဟောင်း ခြေလျင်သွားမယ်ဆိုတာ ဆယ်မိနစ်လောက်တော့ ကြာတယ်၊ ဒီအတွင်းမှာ မင်းတို့ကလည်း စိတ်လိုက် မာန်ပါ မလုပ်နဲ့၊ ငါ အဆိုးထဲက သက်သာသောအဆိုးဖြစ်အောင် လုပ်ပေးမယ် ဟုတ်လား၊ အဲဒီလို ပြောပြီးတော့ ငါက သွားလိုက်တယ်၊ ကဲ ဒီ သွားလိုက်တော့ အကုန်ရှင်းသွားတယ် ဆိုပါစို့ကွာ ဟုတ်လား။

ဆိုလိုရင်းက ဘေးကသာ ဝိုင်းပြီးတော့ မြှောက်ပေးတယ်၊ တိုက်ကြီးကွဲအောင် လုပ်နေတယ်၊ ဖို့သုံးပါးက လုံးဝမကွဲဘူး၊ ဟုတ်လား။

အဲ နောက် ငါက ဒီ ရှေးဘဝတုန်းက ကုသိုလ်တွေ လုပ်ခဲ့တော့ ထောင်ထဲရောက်သွားရော၊ ကုသိုလ် လုပ်လို့ ထောင်ထဲရောက်သွားတာ၊ ဟုတ်လား၊ မင်း "ဗောဓိပင် ပျိုးလို့ ပေါင်ကျိုးတယ်"ဆိုတာ မင်းတို့ ကြားဘူးလား? (မကြားဘူးပါဘုရား) ဗောဓိပင်စိုက်တာ ကုသိုလ်ရမှာ မဟုတ်လား၊ အဲဒါ ပေါင်းကျိုးသတဲ့ကွ၊ ဟုတ်လား။

အေး ငါက လူထုလဲပဲ ဒီသတ်ဖြတ်တာတွေ မဖြစ်အောင် ပြောတယ်၊ အာဏာပိုင်အဖွဲ့အစည်းတွေလည်းပဲ ပြောတယ်ပေါ့ကွာ၊ သူတို့လည်း ပြောတယ်၊ မင်းတို့ကလည်း ရမ်းမပစ်ကြနဲ့၊ ဟုတ်လား။

လူထုကလဲ မင်းတို့ သိပ်ပြီးတော့ ဒို့ ဘာတုန်း သဟာယတွေကလည်း သိပ်ပြီးတော့ မင်းတို့ မစော်ကားနဲ့ ဟုတ်လား၊ အဲသလိုဆိုရင် အကုန်လုံး ဒုက္ခဖြစ်ကုန်မယ်။

ငါက လူထုလည်း ပြော၊ အထက်က အာဏာပိုင်အဖွဲ့အစည်းလည်း ပြောတယ်၊ ဟုတ်လား အဲဒီတော့ ငါ ငြိမ်းချမ်းအောင်လုပ်တဲ့ ပုဂ္ဂိုလ်ပဲဆိုပြီးတော့ ဦးစောမောင်(ဗိုလ်ချုပ်မှူးကြီး)တို့က ထောင်ချတယ်ပေါ့ကွာ၊ ဟုတ်လား၊ ကိုစောမောင် လက်ထက်မှာ၊ ဟုတ်လား ဒါမောင်ခင်ညွန့် (အတွင်းရေးမှူး-၁) ကုသိုလ်ကောင်းမှု ဟုတ်လား၊

အေး အကြောင်းစုံ သိအောင် ပြောတာ၊ ဟုတ်လား၊ မောင်သန်းရွှေ (ဗိုလ်ချုပ်မှူးကြီး)ဆီ ပို့ချင်ပို့၊ ပို့လေကောင်းလေ၊ ဟုတ်လား အေး အဲသလို ခုနက ပြောသလို ပေါ့ အရေးခင်းတွေမှာ ဆိုးဆိုးဝါးဝါးမဖြစ်အောင် ဆိုပြီးတော့ ငါက ထိန်းချုပ်ခဲ့တယ်ကွ၊ အဲဒီ ဗောဓိပင်ပျိုးလို့ ငါလည်း ပေါင်ကျိုးတာ ဟုတ်လား၊ အဲဒီတော့ ထောင်ထဲရောက်သွားရော ဆိုပါတော့။

ထောင်က ထွက်လာတော့ တခါ မြို့ထဲမှာ ဘာသတင်းတွေ လွှင့်တုန်း? ဦးရာဇဓမ္မကို တိုက်သစ်က လက်မခံဘူးတဲ့၊ အဲသလို သတင်းလွှင့်တယ်၊ ဟုတ်လား၊ ဘုန်းကြီးဦးသိရိန်ကတော့ ငါ လွတ်လာတော့ သူက ဆွမ်းခံရင်း အကုန်လျှောက်ပြောတယ် အိမ်တွေ၊ ရာဇဓမ္မ ပြန်ရောက်လာပြီ ဟုတ်လား၊ အဲသလို သူ ဆွမ်းခံရောက်တဲ့ အိမ်တွေကို သူက လိုက်ပြောတာ။

ဘာလို့တုန်း? ငါ့သာ အသိများတာကိုး၊ ငါက တရားဟောတာကိုးကွ၊ ဟုတ်လား အခုလို့ပေါ့၊ ငေါက် တရားဟောနေတာ ငါက၊ ဟုတ်လား၊ အဲဒီတော့ ငါ့ကျ ပိုသိတယ်၊ ထွေးခံနဲ့ ပေါက်မယ်ဆိုတာတောင် သူတို့က သိတယ်၊ ဟုတ်လား၊ အခုထိတော့ တကယ်မပေါက်ရသေးပါဘူး၊ ဟုတ်လား၊ အေး အဲဒီလို ငါက တရားဟောတာ များတော့ ငါ့ကို မြို့ထဲက အသိများတယ်။


အသိများတော့ ဘုန်းကြီးဦးသိရိန်က ဒီ ငါ လွတ်တာ ငါက ညနေလွတ်လာ၊ သူက မနက်ဆွမ်းခံသွားတော့ အိမ်တွေ အကုန်လုံး လျှောက်ပြောတယ်၊ ရာဇဓမ္မ ကျောင်းပြန်ရောက်ပြီဆိုတော့ ထောင်က ပြန်လာတာ မဟုတ်ဘူး ခရီးထွက်ရာက ပြန်လာတယ်ဆိုတဲ့ အဓိပ္ပါယ် မရောက်ဘူးလား၊ (ရောက်ပါတယ်) ရာဇဓမ္မ ကျောင်းပြန်ရောက်ပြီ ဆိုတော့ သူက အိမ်တွေလျှောက်ပြီးတော့ ကိုင်း ဘေးက ဦးရာဇဓမ္မကို တိုက်သစ်က လက်မခံဘူးလို့ သတင်းလွှင့်ပေမယ့် ဒို့တိုက်ထဲကျတော့ ဘယ်လိုဖြစ်နေတုန်း ဘုန်းကြီးဦးသိရိန်က လိုလိုချင်ချင် မရှိဘူးလား၊ (ရှိပါဘုရား) အေး ရှိပါတယ်၊ ဟုတ်လား။

အေး အဲဒါ ဘေးက မြှောက်ပေးတာတွေ ပင့်ပေးတာတွေ ကွဲအောင်လုပ်တာတွေ၊ ဒီဘုန်းကြီးသုံးပါးက နားလည်တယ်၊ ဟုတ်လား၊ ဘေးက မြှောက်ပေးတိုင်း ပင့်ပေးတိုင်း ကွဲအောင်လုပ်တိုင်း မကွဲဘူး၊ ဟုတ်လား မကွဲဘဲနဲ့ သူတို့ အုပ်စုသဘောဘယ်လိုပဲပြောပြော၊ ဒို့က အုပ်စုသဘောမရှိဘဲနဲ့ ညီညီညွတ်ညွတ် လက်တွဲပြီးတော့ ဒီတိုက်ကြီးကို တည်ထောင်လာတဲ့အတွက် ဒီတိုက်ကြီး ဒီလောက်အထိ တိုးတက်လာတာကွ၊ ဟုတ်လား။

အော်. . . . . ခေါင်းဆောင်တို့ရဲ့ သတ္တိဆိုတာ ဥာဏ်နှင့်ယှဉ်တဲ့အစွမ်းပါတကား။

ဥက္ကာကျော်

http://www.dhammadownload.com



မြေနီမှုံစံဘဝ ရောက်ခဲ့စဉ်က ဖြစ်ရပ်လေးတစ်ခု

ဒီပ(တံတိုင်းရှည်)

မစိုးရိမ်တိုက်သစ် ဆရာတော်ဘုရားကြီး ဦးရာဇမဂ္ဂဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ)၏ သက်တော်(၈၀)ပြည့် မွေးနေ့အထိမ်းအမှတ် ဂုဏ်ပြုပူဇော်ပွဲကြီးမှာ နောင်တော် ညီတော် စာရေးသူတွေက ဆရာတော်ဘုရားကြီး၏ ကြီးကျယ်မြင့်မြတ်တဲ့ ဂုဏ်ပုဒ်တွေကို ထုတ်ဖော်အမွှမ်းတင်ပြီး ခန့်ညားထည်ဝါလှတဲ့ ဆောင်းပါးတွေကို ရေးသား၍ ဂုဏ်ပြုပူဇော်ကြမှာပါ။

အကျွန်ုပ်အနေနဲ့ကတော့ ဘဝနဲ့ရင်းပြီး ရရှိလာခဲ့တဲ့ ခံစားချက်တွေကို အရင်းခံ၍ လောကသဘာဝအရ အနိမ့်ဆုံးနေရာဟု သတ်မှတ်ထားကြတဲ့ နေရာကနေ အနိမ့်ဆုံးဆောင်းပါးလေးကို ရေးသား၍ ဆရာတော်ကြီးကို ပူဇော်ရမှာ ဖြစ်ပါတယ်၊ ဒါပေမယ့် အနှစ်ဆိုတာ အကာရှိမှသာ ဖြစ်လာနိုင်တာပါ၊ အကာမရှိဘဲနဲ့ အနှစ်ဆိုတာလည်း ဖြစ်မလာနိုင်ပါဘူး။ (ချွင်းချက်။ ထန်းပင်, အုန်းပင်, ကွမ်းသီးပင်တို့တော့ မပါပါ။)

http://www.dhammadownload.com



ဒါကြောင့်မို့ နောင်တော်ညီတော် စာရေးသူတွေကို အနှစ်တွေ ဖြစ်စေဘို့အတွက် အကျွန်ုပ်က အကာစာရေးသူတစ်ဦးအနေနဲ့ အခုဒီဆောင်းပါးလေးကို ရေးသားပူဇော်လိုက်ရခြင်း ဖြစ်ပါတယ်၊ တချို့တချို့သော ဂုဏ်ပြုပူဇော်ပွဲတွေမှာ ဂုဏ်ပြုထိုက်သူ၏ (ဂုဏ်ပြုခံရသူ၏) ကောင်းကွက်တွေကိုသာ ကြည့်ပြီးရေးသား ဂုဏ်ပြုကြတာများပါတယ်၊ အခု ဆရာတော်ကြီးကို ဂုဏ်ပြုပူဇော်တဲ့နေရာမှာတော့ ဂုဏ်ပြုထိုက်သူဟာ (ဆရာတော်ကြီးဟာ) တပည့်သံယာဒကာ ဒကာမတွေ အတွက် သက်တော်(၈၀)ပြည့်သည့်တိုင်အောင် ဘယ်လောက်အထိ ဆုံးရှုံးအနစ်နာခံခဲ့ရသလဲဆိုတာ သိစေလိုတဲ့ ရည်ရွယ်ချက်နဲ့လည်း အခုလို ဆောင်းပါးလေးရေး၍ ပူဇော်လိုက်ရခြင်း ဖြစ်ပါတယ်။

တစ်ချိန်က မြန်မာတစ်နိုင်ငံလုံးနီးပါးမှာ ရှိကြတဲ့ ရဟန်းရှင်လူအပေါင်းတို့ဟာ ရှစ်ဆယ့်ရှစ်အရေးအခင်း နှစ်ပတ်လည်နေ့တွေကို ပြုလုပ်ခဲ့ကြပါတယ်၊ အဲဒီလို ပြုလုပ်ရင်းနဲ့ဘဲ ၁၉၉၁-ခုနှစ် ဝန်းကျင်လောက် အရောက်မှာတော့ နှစ်ပတ်လည်နေ့ပြုလုပ်ကြတဲ့ မန္တလေးမြို့က သံဃာတော်တွေကို တားမြစ်ပိတ်ပင်တဲ့ အနေနဲ့ အကြမ်းဖက်ပြီး ရိုက်နှက်ပုတ်ခတ် ဖျက်လိုဖျက်ဆီး ရက်ရက်စက်စက်ပြုလုပ်ခဲ့ကြပါတယ်၊ ဒီလို အာဏာပိုင်ဆိုသူတွေက ပြုလုပ်လိုက်တာကို စိတ်နာနာနဲ့ မခံမရပ်နိုင်ဖြစ်နေကြတဲ့ သံဃာတော်တွေဟာ မြတောင်ကျောင်းတိုက်ထဲမှာ ပတ္တနိက္ကဇ္ဇန ကံဆောင်ပွဲကြီး ပြုလုပ်၍ ဆန္ဒထုတ်ဖော်ပြတော်မူကြပါတော့တယ်။

အာဏာပိုင်တွေဘက်ကလဲ မခံမရပ်နိုင်ဖြစ်လျက် သံဃာတော်တွေကို ဖမ်းဆီးချုပ်နှောင်ထောင်ချ စတဲ့ ဒုစရိုက်မှန်သမျှ ပြုလုပ်လာကြပါတယ်၊ စာသင်တိုက်ကြီးတွေ အနီးတဝိုက်မှာလဲ စစ်တပ်အစောင့်တွေ ရဲကင်းတွေ ချထားကြပါတယ်၊ သံဃာတော်တွေ လုံခြုံကြပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ စောင့်ရှောက်ပေးထားတာ မဟုတ်ခဲ့ပါ၊ အကျွန်ုပ်တို့ မစိုးရိမ်တိုက်သစ်ရဲ့ မြောက်ဘက် သင်္ဃာချောင်းတစ်ဘက်ကမ်းမှာ စောင့်ကြပ်နေကြတဲ့ စစ်သားတွေဟာ သံဃာယော်တွေနဲ့ လေးဝတွေ ပစ်ကြပါတယ်။

သူတို့ကလဲ ပြန်ပစ်ကြတာပါ၊ သူတို့ စစ်သားတွေဟာ သေနတ်ပစ်ရာမှာသာ လက်ဖြောင့်ကြတာ မဟုတ် လေးဝပစ်တဲ့နေရာမှာလဲ ဖြောင့်ဖြောင့်ပစ်နိုင်ကြပါတယ်၊ အဲဒီတုန်းက သူငယ်ချင်းတစ်ပါးဟာဆိုရင် နဖူးတည့်တည့်ကို ထိမှန်ခဲ့တာ ဖူးဖူးရောင်သွားခဲ့ပါတယ်၊ ဒီလို သံဃာယော်တွေနဲ့ ဟိုဘက်ကမ်းက စစ်သားတွေ တဘက်နဲ့ တဘက် လေးဝတွေနဲ့ ပစ်ခတ်နေကြတာ ရပ်တန့်သွားအောင်ဆိုပြီး ဆရာတော်က ကြားဝင်ပြီး တားမြစ်ပေး

http://www.dhammadownload.com

ပါတယ်၊ ဘယ်လို တားမြစ်ပေးသလဲဆိုတော့ လေးဂွနဲ့ ပစ်နေတဲ့ သံယာယေဘုယ်တွေကို "မင်းတို့ မပစ်ကြနဲ့ကွ"လို့ ပါစပ်နဲ့ဘဲ တားမြစ်ခဲ့တာပါ။

ဟိုဘက်က လှမ်းပစ်နေတဲ့ စစ်သားတွေကိုတော့ "ဟေ့မင်းတို့မပစ်ကြနဲ့ကွ"လို့ မပြောပါ၊ အမိန့်လဲ မပေးခဲ့ပါ၊ ဒါဆို ဘယ်လိုတားမြစ်ခဲ့သလဲဆိုရင် စစ်သားတွေ ပစ်နေတဲ့ နေရာတစ်ဝိုက်မှာ လမ်းလျှောက်ပြနေပါတယ်။

ဒီလို ခေါက်တုံ့ခေါက်ပြန် လျှောက်ပြရင်းနဲ့ဘဲ သူတို့ကို မပစ်ကြဘို့ တားမြစ်ခဲ့တာပါ။ ဒီလို အခြေအနေမျိုးမှာ မည်းမည်းမြင်ရာ ပစ်နေတဲ့ အဲ. . ဝါဝါမြင်ရာ ပစ်နေတဲ့ လက်ဖြောင့်စစ်သားတွေဟာ မပစ်ဘဲ မနေပါဘူး၊ ပစ်မြဲပစ်နေတာပါဘဲ၊ ဒါပေမယ့် ဆရာတော်ကိုတော့ လုံးဝ လုံးဝ တစ်ချက်လေးမျှတောင် မထိခဲ့ပါ၊ မမှန်ခဲ့ပါ၊ ဒါတွေကို မမြင်သာနိုင်တဲ့ တစ်နေရာကနေ ဆရာတော်ကို ကြည့်ပြီး ရင်တထိတ်ထိတ်ဖြစ်ခဲ့ရတဲ့ ဖြစ်ရပ်တွေကို အခုထက်ထိ မေ့လို့မရနိုင်ခဲ့ပါဘူး၊ ကျွန်ုပ်အထင်ကတော့ အဲဒီတုန်းက ဆရာတော်ဟာ ပဌာန်းဒေသနာတော်ကြီးကို ရွတ်ဆိုနေတာ ဖြစ်မယ်လို့ ယုံကြည်ယူဆမိခဲ့ပါတယ်။

သူတို့က အပစ်အခတ်မရပ်ဘဲ ဆက်လက်ပစ်နေတာကြောင့် ဆရာတော်က သူတို့ရှိနေတဲ့ နေရာဘက်အထိ ဆက်လက်၍ လမ်းလျှောက်ခဲ့ပါတယ်၊ အဲဒီတော့မှ သူတို့လဲ (စစ်သားတွေလဲ) မပစ်တော့ဘဲ ရပ်တန့်သွားပါတော့တယ်၊ ဒီလိုဖြစ်ရပ်တွေ မြင်ကွင်းတွေကို နော်ဝေနိုင်ငံ အော်စလိုမြို့က နိုဗယ်ဆုရွေးချယ်ရေးဘုတ်အဖွဲ့ကသာ သိသွားမယ် မြင်သွားမယ်ဆိုရင် ဆရာတော်ကို ငြိမ်းချမ်းရေးနိုဗယ်ဆုကြီး ချီးမြှင့်လေမလားလို့တောင် မဆီမဆိုင် စဉ်းစားမိခဲ့ပါတယ်။

ဒီဖြစ်ရပ်တွင် မကသေးပါဘူး၊ ရှစ်ဆယ့်ရှစ် အရေးအခင်း မဖြစ်မီကာလတုန်းက မစိုးရိမ်ကျောင်းတိုက်ကြီးမှာ အဲဒီအချိန်တုန်းက မန္တလေးတိုင်းကောင်စီ ဥက္ကဋ္ဌကြီးနဲ့ အဖွဲ့ကို ပဋိပက္ခမဖြစ်ရအောင် ကယ်တင်လုပ်ဆောင်ပေးခဲ့တာဟာလဲ ဒီဆရာတော်ကြီးသာ ဖြစ်ပါတယ်၊ သည့်အပြင် ဖြစ်ပျက်ခဲ့တဲ့ ပဋိပက္ခမျိုးစုံတို့ကိုလဲ ဆရာတော်က မားမားမတ်မတ် ရပ်တည်ပြီး ဖြေရှင်းပေးခဲ့တာ များပါတယ်။

၁၉၉၁-ခုနှစ်မှာဘဲ နိုင်ငံတော်အစိုးရက စာသင်တိုက်ကြီးတွေကို စစ်တပ်အင်အား အလုံးအရင်းနဲ့ ဝင်စီးပြီး ပိုက်စိပ်တိုက် ရှာဖွေဖမ်းဆီးတော့တာပါဘဲ၊ အဲဒီလို ဖမ်းဆီးတဲ့အထဲမှာ အကျွန်ုပ်အပါအဝင် မစိုးရိမ်တိုက်သစ်မှ သံဃာတော်(၅)ပါးတို့ ဖမ်းဆီးခံခဲ့ရပါတယ်၊ ပြစ်မှုကတော့ စီမံကိန်းအရ တစ်စိတ်ကို တစ်အိတ်လုပ်ပြီး အပြစ်မရှိ အပြစ်ရှာ၍ မဖြစ်မနေ ဖမ်းကို ဖမ်းရမယ်ဆိုတဲ့ အမိန့်အရ ဖမ်းဆီးခဲ့ကြတာပါ။

အကျွန်ုပ်တို့ (၅)ပါးကို ဖမ်းတဲ့နေရာမှာ ရယ်စရာကောင်းတာက တကယ့် ကမ္ဘာကျော်နာမည်ကြီး လူဆိုးတွေကို ဖမ်းဆီးသလိုမျိုး နံနက်အစောကြီး ကျောင်းတိုက်ထဲ အတင်းဝင် ညနေ မိုးကြီးချုပ်တဲ့အထိ စစ်ဆင်ရေးကြီး လုပ်ပြီး ဖမ်းဆီးခဲ့တာပါ၊ ဒီ(၅)ပါးထဲမှာတော့ ဆရာတော်ကြီး မပါသေးပါဘူး၊ ဒါပေမဲ့ အကျွန်ုပ်တို့ ထောင်ထဲရောက်လို့ နှစ်ပတ်ခန့်ကြာတဲ့အခါမှာတော့ ဆရာတော်ကြီးကိုလည်း ဖမ်းဆီးကြပါတော့တယ်၊ အဲဒီအချိန်တုန်းက မန္တလေး နန်းတွင်းရှိ ထောင်ကြီး၏ (၁၃)ခန်းတွဲ တိုက်ပိတ်ဆောင်ထဲမှာ အကျွန်ုပ်တို့ကို ထားပါတယ်၊ (၉)ပေ ပတ်လည်ရှိ တိုက်ခန်းကျဉ်းကျဉ်းလေးထဲတွင် (၇)ပါး တချို့အခန်းဆို (၈)ပါး (၉)ပါးစီ ထားထားကြပါတယ်၊ ဆရာတော်ရောက်လာမယ့် တစ်ခုသော ညနေ အချိန်လေးမှာ အင်တာနက်လဲ မရှိ ဘာဖုန်းမှလဲ မရှိဘဲနဲ့ ဆရာတော်ရောက်လာတော့မည့်အကြောင်းကို တိုက်ခန်းအတွင်းရှိ အကျဉ်းသားအားလုံးက ကြိုတင်သိရှိပြီး ဝမ်းနည်းငြီမ်သက်စွာ ရှိနေကြပါတယ်။

ခါတိုင်းဆိုရင် ဆူညံနေကြတဲ့ အကျွန်ုပ်တို့ နိုင်ငံရေးအကျဉ်းသားတွေ အားလုံးဟာလဲ ဝမ်းနည်းငြီမ်သက်စွာ နားစွင့်နေကြပါတယ်၊ တိုက်ခန်းဆောင်တွေမှာ တံခါး(၂)ထပ်စီ ရှိပါတယ်၊ ညညဆိုရင် အတွင်းသံ တံခါးပိတ်ပြီး (၉)ပေပတ်လည် တိုက်ပိတ်ခန်းထဲမှာ တစ်ညလုံး နေကြရတာပါ၊ နေ့ခင်းရောက်တော့ အမိုးမပါ အုဋ္ဌန်ရံတွေ ကာထားတဲ့ အလုံပိတ်တိုက်ခန်းရှေ့က (၇)ပေပတ်လည် တိုက်ခန်းကျဉ်းလေးထဲမှာ အသားတံခါးပိတ်နဲ့ နေကြရပါတယ်၊ မှတ်မိနေပါသေးတယ်။

ဆရာတော် ရောက်လာတုန်းက ဆောင်းဝင်ခါစ ညနေအချိန်လေးမှာဘဲ ပိတ်ထားတဲ့ အသားတံခါးကြားကနေ ဆရာတော်ကို ချောင်းပြီးကြည့်ကြပါတယ်၊ ဆရာတော်ဟာ ဇီးရောင်ခြုံထည်လေးကို ခြုံပြီး တည်တည်တံ့တံ့နဲ့ဘဲ ကြွရောက်လာခဲ့ပါတယ်၊ ဆရာတော်ကို ထားမှာက အခန်းနံပါတ်(၁၃)ခန်း အကျွန်ုပ်တို့ နေနေရတာက အခန်းနံပါတ်(၉)ဆိုတော့ ဆရာတော် အကျွန်ုပ်တို့ အခန်းရှေ့က ဖြတ်လျှောက်သွားတာကို ချောင်းကြည့်ဖြစ်ကြတာပါ။

http://www.dhammadownload.com

အဲဒီတုန်းက ဝမ်းနည်းစရာ မြင်ကွင်းတစ်ခုကို တွေ့လိုက်ရပါတယ်၊ တကယ်တော့ ဆရာတော်ဟာ ပိန်ပိန်ပါးပါးလေးရယ်ပါ။ ဆရာတော်ရဲ့ဘေး ဝဲယာနောက်ကနေ လိုက်ပါပို့ဆောင်ကြတဲ့ ထောင်ပြာတာတွေက ရာဇဝတ်သားလူဆိုးကြီးကို ဖမ်းဆီးလာဘိသကဲ့သို့ နံပါတ်ဒုတ်ကြီးတွေ ကိုင်ပြီး ဆရာတော်ကသာမတော်တရော် တခုခုလှုပ်ရှားလိုက်လျှင် ဝိုင်းရိုက်ကြမယ့် ပုံစံမျိုးတွေကို တွေ့လိုက်ရတာမို့ ရင်ထဲမှာ ကြိတ်၍ သူတို့မကြားအောင် တောက်ခေါက်မိခဲ့ပါတယ်၊ တကယ်ပါ၊ တကယ်တော့ ဆရာတော်ဟာ မေတ္တာသမားပါ၊ ဘယ်သူကိုမှလဲ ရန်မူမည့်သူ မဟုတ်ပါဘူးလို့ ယုံကြည်ထားမိသည့် အတွက်ကြောင့်လဲ ရင်ထဲမှာ မချိအောင် ခံစားမိခဲ့ပါတယ်၊ ဒီထက် ပိုဆိုးတာက အဲဒီညက ဆရာတော်ဟာ အခန်းနံပါတ်(၁၃)ခန်းထဲမှာ တစ်ပါးတည်းသာ နေရမှာပါ။ ထောင်တိုက်ခန်းတို့ရဲ့ ထုံးစံအတိုင်း ရေအိုးတစ်လုံး ဖျာတစ်ချပ် ဒန်ဖလား(အပေါ့အလေးအတွက်) တစ်လုံး၊ ဒီ(၃)မျိုးတည်းသာ ရှိတာပါ၊ ခြင်ထောင်မပါ ခေါင်းအုံးမရှိ အိပ်ယာခင်းနတ္ထိ၊ ဘာဆိုဘာမှ မရှိတဲ့နေရာမျိုးမှာမှ ဒို့ရဲ့ ဆရာတော် ကျိန်းစက်ရတော့မှာပါလားရယ်လို့ တွေးတောဝမ်းနည်းပြီး အဲဒီညက လုံးဝအိပ်လို့မရခဲ့ပါ၊ ခါတိုင်းဆိုရင် ခေါင်းအုံးမရှိလို့ ဖိနပ်ကို ခေါင်းခုလုပ်ပြီး အစောကြီးအိပ်တတ်တဲ့ အကျွန်ုပ်၏ ဖြစ်ရပ်ကို ကြည့်ကာ နံဘေးက အဖော်တွေကတောင် "ဟ ဒီညတော့ မီးသင်္ဘောကြီး မထွက်သေးပါလား"ဟု ပြောဆိုနေကြပါသေးတယ်၊ ခေါင်းအုံးမပါဘဲနဲ့ ဖိနပ်ကို ခေါင်းခုပြီး အိပ်ရလို့ ဦးခေါင်းလည်ကာ တခေါခေါနဲ့ အစောကြီး အိပ်ပျော်သွားတာကို သူတို့က မီးသင်္ဘောကြီး အစောကြီးထွက်တယ်ရယ်လို့ တင်စားထားကြတာပါ။

အဲဒီအချိန်တုန်းက ဆရာတော်ဟာ ဒီထက်ပိုပြီး မြေနိမ့်စံဘဝရောက်စရာ ဘာရှိသေးလို့လဲ၊ ဒါကြောင့် မို့လဲ "မြေနိမ့်စံဘဝ ရောက်ခဲ့ရစဉ်က ဖြစ်ရပ်လေးတစ်ခု" ဟု ခေါင်းစဉ်တပ်၍ အခုလိုရေးပြီး ပူဇော်လိုက်ခြင်း ဖြစ်ပါတယ်၊ နံနက်မိုးသောက် အလင်းရောက်တော့ ဆရာတော်ကို အခန်း(၁၂) ကပ်လျက် အခန်းထဲက နိုင်ငံရေးအကျဉ်းသားတွေကနေ စောင်တွေ ပေးပို့ထားတာတွေ့လို့ ထောင်အာဏာပိုင်တွေ ဒေါသူပုံထနေတဲ့အသံတွေကို ကြားနေရပါတယ်၊ "ဟော့ကောင်တွေ ဒီဘုန်းကြီးကို ဘယ်သူက စောင်တွေ ပေးထားတာလဲ၊ ဒို့လာပို့တုန်းက ဘာစောင်မှ မပါပါဘူး၊ အခု ဘယ်သူပေးထားတာလဲ? ဘာညာနဲ့" ဆူပူကြိမ်းမောင်းနေကြတဲ့အသံတွေပါ၊ တကယ်တော့ ဆရာတော် ရောက်လာတဲ့ ညနေလေးမှာဘဲ အခန်း(၁၂) ကပ်လျက် အခန်းထဲမှာ ကြိုတင်ပြီး ထောင်ကျနေနှင့်ကြတဲ့ နိုင်ငံရေးအကျဉ်းသားတွေကနေ သူတို့မှာ ရှိနေတဲ့စောင်တွေကို ဆရာတော်အား အခန်းတွင်းရှိ အုင်္ဂနံရံပေါ်မှတဆင့် မြောက်ပင့်ပေးပြီး လှူထားလိုက်ကြတာ ဖြစ်ပါတယ်။

ဒီလို ဒီအကြောင်းတွေကို အလုံးစုံသိလိုက်ရတော့ အကျွန်ုပ် ညက စိတ်ပူမိတာလေးတွေ အနည်းငယ် အေးသွားရပါတယ်၊ တကယ်လို့ ဆရာတော်မှာ အဲဒီစောင်တွေ မရဘူးဆိုရင် ဆောင်းတွင်းလည်း ဖြစ်ပြန်၊ တစ်ပါးတည်းလည်း ဖြစ်ပြန်၊ ခြုံထည်လေး တစ်ထည်တည်းသာ ရှိတာ ဖြစ်ပြန်ဆိုတော့ သက်ဆိုင်ရာ အာဏာပိုင်တွေက ဆရာတော် အအေးပတ်ပြီး ပျံလွန်တော်မူစေချင်တာလားလို့တောင် တွေးဆမိခဲ့ပါသေးတယ်၊ ဒါပေမယ့် ဆရာတော်ရဲ့ ဘုန်းကံက မြေနိမ့်စံဘဝသို့ ရောက်နေရတာတောင်မှ ဖေးမကူညီမှုတွေ ရှိနေခဲ့တာပါ၊ သူတို့ရဲ့ အသံဗလံတွေ ဆိတ်ငြိမ်သွားတဲ့နောက်မှာတော့ ထောင်ဗာယာက တဆင့် ဆရာတော်ကို လျှောက်ခိုင်းလိုက်ပါ တယ်၊ "ဆရာတော် ဘာမှ အားမငယ်ပါနဲ့ ဘုရား၊ နံပါတ်(၉) အခန်းထဲမှာ ဆရာတော်ရဲ့ တပည့်တွေ ရှိနေပါတယ် ဘုရား"လို့ လျှောက်ခိုင်းလိုက်တာပါ၊ အကျွန်ုပ်တို့က (၂)ပတ်လောက် အရင်စောပြီး ထောင်ထဲကို ရောက်နေနှင့်တာဆိုတော့ နောက်မှ ရောက်လာတဲ့ ဆရာတော်ကို အားမငယ်ရအောင် အားပေးမိတာပါ၊ အဲဒီတော့ ဆရာတော်က ဘာပြန်မိန့်လိုက်သလဲဆိုတော့ "အေး မင်းတို့ပုတီးစိတ်ကြကွာ၊ ပုတီးမရှိရင်လည်း နမော တဿ ရွတ်ကြကွ" တဲ့၊ မြေနိမ့်စံဘဝချင်း တူနေတာတောင်မှ ဆရာတော်ရဲ့ ဩဝါဒစကားလေးဟာ ဘယ်လောက်ထိ ပူဇော်ထိုက်သလဲ ဘယ်လောက်ထိ ကြည်ညိုထိုက်သလဲ ဆိုတာ လုံးဝ သိသာလွန်းပါတယ်၊ နောက်ရက်တွေမှာတော့ ဆရာတော်ကို ပင့်ခေါ်ပြီး သူတို့ သိချင်တာတွေကို မရမက မေးနေကြပါတယ်၊ သူတို့က ဆရာတော်ကို အကျဉ်းသားတစ်ယောက်လို သဘောထားပြီး ဆက်ဆံမေးမြန်းနေကြတာပါ၊ အပြောအဆို အပြုအမူက အစတော်တော်လေးကို ရိုင်းစိုင်းကြပါတယ်။

ဒီလို နေ့စဉ်ရက်ဆက် ပြုလုပ်လာတာကြောင့် ဆရာတော်ဟာ အဖြူကို အမည်း မပြောနိုင်ကြောင်း၊ အမည်းကိုလည်း အဖြူပါလို့ သူတို့ အလိုက္ခ ပြောမပြနိုင်

http://www.dhammadownload.com

ကြောင်း၊ တပည့်သံဃာ သာသနာအတွက် အသက်ပင် သေချင်သေပါစေ၊ သူတို့မေးသမျှ သူတို့အလိုကျ ဖြစ်အောင်တော့ လုံးဝ ပြောပြနိုင်မှာ မဟုတ်တဲ့အကြောင်း သက်သေသာဓကပြတဲ့အနေနဲ့ အာဇာနည်စိတ်ဓာတ် ရှိသူပီပီ အစာအငတ်ခံ ဆန္ဒပြခြင်းအမှုကို ပြုလုပ်လာပါတော့တယ်၊ သံဃာအား ဘုရားတောင်မှ မဆန့်နိုင်တဲ့ ကိစ္စကို နိုင်ငံနဲ့ချီပြီး ဖြစ်ပေါ်လာတဲ့ ပတ္ထနိက္ကုဇ္ဇန ကံဆောင်ခြင်းစတဲ့ သံဃာ့ကိစ္စတွေ ပြုလုပ်နေကြသော ဆရာတော်ရဲ့ တပည့်သံဃာငယ်တွေအပေါ်မှာ နိုင်အောင် မထိန်းသိမ်း မစောင့်ရှောက် မတားမြစ်နိုင်ရကောင်းလားဆိုပြီး အခုလို ဆရာတော်ကို ဖမ်းဆီး ခေါ်ဆောင်၍ အတင်းအဓမ္မ မေးစီစစ်နေကြတာ ဖြစ်ပါတယ်၊ ဆရာတော်က အခုလို ပြုလုပ်ပြလိုက်တော့မှ ထောင်အာဏာပိုင်အားလုံး ပြာယာခတ်ပြီး အလုပ်ရှုပ်ကုန်ကြပါတယ်၊ သူတို့ရဲ့ အထက်က ပုဂ္ဂိုလ်တွေဟာ ဆရာတော်အစာငတ်ခံ ဆန္ဒပြလို့ ပျံလွန်တော်မူသွားမှာကို အရမ်းစိုးရိမ်နေကြတာပါ၊ ဆရာတော်ဟာ သာမညပုဂ္ဂိုလ် မဟုတ်ဘူးဆိုတာကိုလည်း သူတို့အားလုံး နားလည်သဘောပေါက်သွားပုံ ရပါတယ်၊ ထောင်ထဲမှာ ရှိတဲ့ ဆေးရုံ ထောင်ဆေးရုံသို့ ဆရာတော်ကို ပွေ့ချီသွားပြီး အစာအာဟာရများ ဘုန်းပေးတော်မူပါရန် တောင်းတောင်းပန်ပန်နဲ့ အတင်းလျှောက်ထား ကြပါတော့တယ်။

ဒီဖြစ်ရပ်ကို ကြည့်မယ်ဆိုရင်လဲ နော်ဝေနိုင်ငံအော်စလိုမြို့က နိုဗယ်ဆုရွေးချယ်ရေးဘုတ်အဖွဲ့အနေနဲ့ အသက်ကို စွန့်၍ စွန့်လွှတ်အနစ်နာခံခဲ့တဲ့ ဆရာတော်ကို ငြိမ်းချမ်းရေးနိုဗယ်ဆုကြီး ချီးမြှင့်သင့်ပါတယ်လို့ ယူဆမိပါတယ်၊ ဆရာတော်က ဒီလိုစိတ်ဓာတ်ပြင်းထန်စွာ ပြုလုပ်ပြလိုက်တာကို ထောက်ဆ၍လဲ ဆရာတော်ဟာ အမှန်တကယ် ပူဇော်သင့်ပူဇော်ထိုက်သူ ဂုဏ်ပြုသင့် ဂုဏ်ပြုထိုက်သူဖြစ်တယ်ဆိုတာ လုံးဝပေါ်လွင်ထင်ရှားလာခဲ့ပါတယ်။

ဒီလိုနဲ့ပဲ အကျွန်ုပ်တို့ ဆရာတပည့်တွေဟာ သူတို့ရဲ့ ပေါ်လစီဖြစ်တဲ့ "အပြစ်ရှိလဲ ချ၊ မရှိလဲ ချ၊ ဆွဲချ" ပေါ်လစီကြောင့် တစ်ပါးကို ထောင်(၃)နှစ်စီ ကျခံထိခဲ့ရပါတယ်၊ ထောင်(၃)နှစ်ဆိုပေမယ့် တကယ်တမ်းကျတော့ (၂)နှစ်ကျော်ကျော်လေးဘဲ ထောင်ကျခဲ့တာပါ၊ ထောင်က လွှတ်လာပြီးတဲ့ တနေ့မှာ တိုက်တိုက်ဆိုင်ဆိုင်ပါဘဲ (၇၅)နှစ်မြောက် အမျိုးသားနေ့ စိန်ရတုသဘင်နဲ့ ကြုံတွေ့ခဲ့ရပါတယ်၊ ဒီအမျိုးသားနေ့ စိန်ရတုသဘင်ပွဲမှာ ထောင်ကျဘူးခဲ့တဲ့ သံဃာတော်တွေကို ဦးစားပေး၍ ပင့်ဖိတ်တာ ဖြစ်မှာပါ၊ အကျွန်ုပ်တို့ထံသို့ လိပ်မူပြီး ခန့်ခန့်ညားညား ဖိတ်စာတစ်စောင်ကို တွေ့တော့ စိန်ရတုအမျိုးသားနေ့ ဖိတ်ကြားစာဖြစ်နေသည့်အတွက် ဆရာတော်ကို လျှောက်ထားကြည့်မိပါတယ်၊ နောက်ထပ်များဖမ်းဆီးချင်လို့လားဟု တွေးဆမိလို့ရယ်ပါ၊ အဲဒီတော့ ဆရာတော်က "အေး ငါ့လဲ ပင့်ဖိတ်တယ်ကွ၊ ဘာလဲ မင်းက နောက်တခါ ထောင်ကျမှာ ကြောက်နေလို့လား? မကြောက်ပါနဲ့ကွာ ငါလဲ တက်မှာပါကွ"လို့ အမိန့်ရှိလိုက်ပါတယ်။

အဲဒီတုန်းက စိန်ရတု အမျိုးသားနေ့ကို မန္တလေးမြို့ အ-ထ-က(၁) အမျိုးသားကျောင်းမှာ ပြုလုပ်ခဲ့ပါတယ်၊ နံနက်စောစောမှာ သံဃာတော်တွေကို ဆွမ်းကပ်လို့ ဆွမ်းစားရပြီး ယပ်သက်နှင်းတစ်စုံ ရခဲ့ဘူးပါတယ်၊ အကျွန်ုပ် ထောင်ကျခဲ့ဘူးတဲ့ ရလဒ်ကတော့ စိန်ရတုအမျိုးသားနေ့မှာ ယပ်သက်နှင်းတစ်စုံ ရခဲ့ဘူးတာသာ ရှိခဲ့ပါတယ်၊ အကျွန်ုပ် ထောင်ကျဘူးခဲ့လို့ ဆုံးရှုံးခဲ့ရတာတွေကတော့ စာချုတန်းမှာ ကျန်နေသေးတဲ့ (၂)ကျမ်းကို နှစ်တွေ ကြာပြီးမှ အောင်မြင်ခဲ့တာရယ် နိုင်ငံရေးမှုနဲ့ ထောင်ကျခဲ့တယ်ဆိုပြီး အမေရိကန်မှာ ရောက်နေတဲ့ ရဟန်းအမ ကြီးက အကျွန်ုပ်အား အရင်တုန်းကလို ထောင်မကျခင်တုန်းကလို မထောက်ပံ့ မလှူဒါန်းတော့တာရယ် အစရှိတာတွေကို ရရှိခံစားခဲ့ရပါတယ်။

ဘာပဲဖြစ်ဖြစ်ပါ၊ အခုချိန်မှာတော့ ဆရာတော်နှင့်တကွ အကျွန်ုပ်တို့အားလုံးကို မြေနိမ့်စံဘဝရောက်အောင် ပို့ဆောင်ခဲ့ကြတဲ့ တိုက်ရိုက်ပါဝင် သက်ဆိုင်သူတွေဟာ မရှိရှာတော့ပါဘူး၊ သေဆုံးသူက သေဆုံး ရာထူးပြုတ်သူ ပြုတ်ကုန်ကြပါပြီ၊ ဒါပေမယ့် အခု အကျွန်ုပ်တို့၏ ဆရာတော်ကြီးကတော့ဖြင့် သက်တော်(၈၀)ပြည့်ခဲ့သည်အထိ ကျန်းမာချမ်းသာစွာနဲ့ သာသနာပြုလျှက် ရှိနေပါတယ်၊ သက်တော်(၈၀)ပြည့်ခဲ့သည်အထိ ဆရာတော်၏ လုပ်ဆောင်ချက်တွေကို အာရုံပြု၍ တပည့်သံဃာ ဒကာဒကာမ တွေအားလုံးဟာ စုပေါင်းညီညာစွာဖြင့် သက်တော် (၈၀)ပြည့် မွေးနေ့ပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ကြတော့မှာ ဖြစ်ပါသည်၊ ဆရာတော် သက်တော်ရာကျော်ရှည်ပါစေ။

ဒီပ(တံတိုင်းရှည်)

http://www.dhammadownload.com

ဝိရိယအားကောင်းသောဆရာတော်

ဦးကာရုဏိကာဘိဝံသ



ဝိရိယဝတော ကီ နာမ ကမ္မံ နု သိဗ္ဗတိ- ဝိရိယဝတော-ဝိရိယရှိသောသူအား၊ ကီ နာမ ကမ္မံ- အဘယ်မည်သော အမှုမျိုးသည်၊ နု သိဗ္ဗတိ- မပြီးဘဲ ရှိတုံအံ့နည်း။

ဤလောက၌၊ လုံ့လမမူ၊ နတ်မကူဘူး၊ လူလည်းလုံ့လ၊ နတ်လည်းမ၏။ (မဃဒေဝ)

စွမ်းအင်လုံ့လ၊ ရှိတုံက၊ ကိစ္စဝန်မလေး။

ကြိုးပမ်းအားထုတ်မှု လုံ့လဝီရိယရှိသောပုဂ္ဂိုလ်သည် ဘယ်ကိစ္စမျိုးမဆို ဝန်လေးသည်မရှိ။

အထက်ပါစကားရပ်တို့သည် ဝီရိယရှိသောပုဂ္ဂိုလ်၏ အစွမ်းသတ္တိများကို ချီးမွမ်းသော စကားရပ်များဖြစ်လေသည်။ ဝီရိယည့်ဖျင်းသောပုဂ္ဂိုလ်သည် စိတ်ဓာတ်ပျော့ညံ့၍ အရာရာမှာ တွန့်တိုဆုတ်နစ်တတ်၏၊ လုပ်ငန်းကိစ္စများ၌ မရဲရင့်ခြင်း ဖြစ်တတ်သည်၊ လုပ်ငန်းကိစ္စ ဆောင်ရွက်ရန် ကြောက်လန့်နေတတ်၏၊ သို့ဖြစ်၍ လုပ်ငန်းကိစ္စ တစ်ခုခုကို မစ,မိနိုင်ဘဲ ဖင့်နွဲကြာမြင့်စေလျက် ရှိနေတတ်လေသည်။

ဝီရိယသမားက ထိုကဲ့သို့ မဟုတ်၊ လုပ်ငန်း ကိစ္စကို ဆောင်ရွက်မည်ဆိုလျှင် ထက်ထက်မြက်မြက် ရဲရဲရင့်ရင့် ရွပ်ရွပ်ခွံ့ခွံ့ ပြုလုပ်တတ်၏၊ ဘယ်လိုကြီး ကျယ်သော လုပ်ငန်းကိစ္စမဆို "ငါ ဆောင်ရွက်လျှင် မပြီး မြောက်ဘဲ ဘယ်မှာ ရှိအံ့နည်း"ဟု စိတ်ဓာတ်ကို ခိုင်ခိုင်ထားပြီးလျှင် အားကြိုးမာန်တက် ဆောင်ရွက်တတ်လေသည်။

အလုပ်တစ်ခုကို ပြုလုပ်မည်ဟု ကြံစည်မိလျှင် လျှင်မြန်စွာ စ၍ ပြုလုပ်တတ်၏၊ မိမိလုပ်တဲ့ အလုပ်ကို မပြီးမချင်း စိတ်ဓာတ် တွန့်ဆုတ်ခြင်းမရှိဘဲ အပြီးဆုံးတိုင်အောင် ဆောင်ရွက်ပြုလုပ်တတ်လေသည်၊ အလုပ်တစ်ခု၌ စိတ်စွဲမိလျှင် ထိုအလုပ်ထဲ၌ အဓိပတိပစ္စည်းတပ်လျက် မရပ်မနား လုပ်လိုသောဆန္ဒရှိ၏။

ဝီရိယရှိသူတို့ ပြုလုပ်ဆောင်ရွက်အပ်သော လုပ်ငန်းကိစ္စများသည် အောင်မြင်ထမြောက်သည်သာ

http://www.dhammadownload.com

များ၏၊ ထမြောက်အောင်မြင်တိုင်း အကျိုးခံစားရသည်ဟူ၍ကား မဆိုလိုပါ။ ဝိရိယအစွမ်းဖြင့် ပြုလုပ်လျှင် ပြီးမြောက်ကြောင်းကိုသာ ဆိုလိုသည်။ သို့ရာတွင် ဝိရိယအကျိုးကား တိမ်ကောနိုင်သည်မဟုတ်ဘဲ တစ်မျိုးမဟုတ် တစ်မျိုး အကျိုးရှိမည်မှာ အမှန်ပင် ဖြစ်၏။

အသက်နှင့်ခန္ဓာ တည်မြဲနေသမျှ မိမိသန္တာန်မှာ ရှိသော ဝိရိယကို တတ်နိုင်သမျှ အသုံးချသင့်ကြောင်းမှာ အလောင်းတော် ဇနကသည် သက်သေသာဓကကြီး တစ်ခုဖြစ်လေသည်။ ဇနကမင်း၏ မြေ့လင့်ဘွယ် မရှိသော ဝိရိယသည် အကျိုးအချည်းနှီးဖြစ်၍ မသွားဘဲ ဝိရိယစွမ်းအားကြောင့် "မေခလာ"နတ်သမီး လာ၍ ကယ်တင်ရလေသည်။

မဟာဇနကဇာတ်တွင် ဝိရိယကို "ကမ္ဘာလောက၏ ဝတ်တရားကြီး"ဟူ၍ ဆိုထားရာ ဘယ်လောက်ပင် ဉာဏ်ပညာထက်မြက်စေကာမူ ဝိရိယက ဉာဏ်နောက် မလိုက်ဘဲ အတင်းငြင်းဆန် ပုန်ကန်၍နေလျှင် ဘာတစ်စုံတစ်ခုမျှ ဖြစ်မြောက်အောင်မြင်နိုင်မည်မဟုတ်ပေ။

ကျွန်ုပ်တို့ မြန်မာနိုင်ငံ ရှေးဟောင်းအနုပညာမြို့တော်ဖြစ်တဲ့ ပုဂံမှာ အာနန္ဒာဘုရားစသော အဓိကရအဆောက်အဦ အဆန်းတကြယ်ကြီးများကို ယခုတိုင် တွေ့မြင်လျက်ရှိကြသည်၊ ထိုသို့တွေ့မြင်ရသောအခါ ယခင်က ပုဂံပြည်တွင် စိုးစံတော် မူကြသော အနော်ရထာမင်း, ကျန်စစ်သားမင်း, အလောင်းစည်သူမင်းစသော မင်းတရားတို့၏ ဝိရိယအစွမ်းအစများကို သိရှိကြရလေသည်။

မန္တလေးမြို့မင်းကွန်းဘက်၌ ခေါင်းလောင်းကြီးကို တွေ့မြင်ရသောအခါ အမရပူရမြို့တည် ဘိုးတော်မင်းတရား၏ ဝိရိယစွမ်းအားများကို သိရှိကြရသည်။

မန္တလေးမြို့ လောကမာရဇိန်စေတီတော်ကြီးအတွင်း ပဋ္ဌကစာပေများကို ထွင်းထားသော ကျောက်စာများကို တွေ့မြင်ရသောအခါ မန္တလေးမြို့တည် နန်းတည်ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီး၏ ဝိရိယစွမ်းအားများကို သိရှိကြရသည်။

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ပဲခူးရွှေမော်ဘုရားစေတီတော်ကြီးစသည်တို့ကို တွေ့မြင်ရသောအခါ ရှေးမင်းအဆက်ဆက်တို့၏ ဝိရိယစွမ်းအားများကို သိရှိကြရလေသည်။

သီရိလင်္ကာနိုင်ငံ၌ မဟာစေတီ,ထူပါရုံစေတီစသော စေတီတော်ကြီးများကို တွေ့မြင်ရသောအခါ ဒေဝါနံပိယတိဿမင်း ဒုဋ္ဌဂါမဏိမင်းတို့၏ ဝိရိယစွမ်းပကားများကို သိရှိကြရလေသည်။

မရွိမဒေသ၌ အသောကာရုံကျောင်းတော်ကြီးနှင့် ဓမ္မကွန္ဒာပေါင်း (၈၄၀၀၀)ကို အထိမ်းအမှတ်ပြု၍ ဇမ္ဗူဒိပ်ကွန်းမှာ ရေတွင်းပေါင်း (၈၄၀၀၀) ရေကန်ပေါင်း (၈၄၀၀၀) ကျောင်းတိုက်ပေါင်း (၈၄၀၀၀) စေတီပုထိုးပေါင်း (၈၄၀၀၀)တို့ကို တည်ဆောက်လှူဒါန်းထားတာတွေကို တွေ့ရှိရသဖြင့် ဗုဒ္ဓသာသနာသမိုင်းတလျှောက် ပြိုင်ဘက်ကင်းသော သာသနာ့ဒါယကာ သာသနာပြုတတိယသင်္ဂါယနာတင် အသောကမင်းတရားကြီး ဝိရိယစွမ်းအားတို့ကို သိရှိကြရလေသည်။

ထိုမှတစ်ရပ် ဇေတဝန်ကျောင်းတော်ရာ ပုဗ္ဗာရုံကျောင်းတော်ရာ မိဂဒါဝုန်ကျောင်းတော်ရာ စသည်များကို တွေ့မြင်ရသောအခါ အနာထပိဏ် ဝိသာခါ နန္ဒိယဥပါသကာစသည်တို့၏ ဝိရိယစွမ်းအားများကို သိရှိကြရလေသည်။

ထိုကဲ့သို့ ရှေးသာသနာပြုမင်းများ လူကြီးလူကောင်းများတို့က မိမိတို့၏ ဝိရိယစွမ်းအားများကို ပြသထားကြသည်မှာ နောင်လာနောက်သားတို့ "ဝိရိယဓာတ်များကို တိုးပွားလေအောင် ရှေ့ဆောင်စံပြ ပြုလုပ်ခဲ့ကြပေသည်"ဟူ၍ ဆိုလျှင်လဲ မှားမည်မထင်ပေ။

မစိုးရိမ်တိုက်သစ်ကြီး(၃)တိုက်တို့၏ အဓိပတိ မဟာနာယကဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ၏ ဝိရိယစွမ်းအားကလည်း အင်မတန်ကြီးမားလှပေသည်၊ သာမန်ပုဂ္ဂိုလ်တို့ လိုက်မမှီသော ဝိရိယမျိုးပင်တည်း။ ဝိရိယဓာတ်ကြီးမားပုံကို အနည်းငယ်ပြောရသော် ဆရာတော်သည် စာသင်ချိန် စာသင်သားဘဝက မစိုးရိမ်တိုက်မကြီး သာသနနယူပဒေသခေါ် အလယ်တိုက်ကြီးမှာ သီတင်းသုံးပြီး စာသင်ခဲ့သည်။ တစ်နှစ်သော ဝါဆိုဦး, တစ်ရက်သော ညကာလ ဘုရားဝတ်ပြုပြီးအချိန် "မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတအသင်းကြီးကနယုန်လတွင် ကျင်းပသော အဘိဝံသ(သကျသီဟ)စာမေးပွဲ အောင်ဂေဇက် ထွက်လာခဲ့သည်။ အောင်

http://www.dhammadownload.com

ဂေဇက်တွင် အလည်တိုက်ကြီးမှ သက္ကသီဟစာမေးပွဲ ဖြေဆိုသူမရှိ၊ အောင်မြင်သူ မရှိသောအခါ ကျောင်းအုပ်ဘုန်းကြီးက အားမလိုအားမရ စိတ်တိုင်းမကျဖြစ်ပြီး "ဒို့ကျောင်းက ကိုယ်တော်တွေကတော့ သက္ကသီဟစာမေးပွဲ ဖြေဆိုဖို့နေနေသာသာ ရှိမှန်းတောင် သိကြဟန်မတူဘူး" အစချီသော ဩဝါဒကို ပေးခဲ့သည်။

ထိုဩဝါဒသည် စာသင်သားဦးရာဇဓမ္မ၏ အတွင်း သန္ဓာန်ဝယ် ကိန်းဝပ်နေသော ဝီရိယဓာတ်ကို နိုးဆွပေးလိုက်သည်နှင့် တူပေသည်။ သက္ကသီဟစာမေးပွဲဆိုတာ သာသနာ့လောကမှာ ထင်ရှားကျော်ကြားသော ခက်ခဲနက်နဲသော နာမည်ကြီးသော သာသနာ့လောကက အလေးဂရုပြုသော သာမန်ဝီရိယမျိုးဖြင့် မအောင်မြင်နိုင်သော စာမေးပွဲကြီး ဖြစ်ပါပေသည်။

ထိုအချိန်မှ စပြီး စာသင်သားဦးရာဇဓမ္မဟာဒီသက္ကသီဟစာမေးပွဲကြီးကို "ငါ အောင်မြင်အောင် ကြိုးစားမယ်"လို့ ခိုင်မြဲသော ဆုံးဖြတ်ချက်ချပြီး ကြီးမားသော ဝီရိယဖြင့် ကြိုးစားအားထုတ်ခဲ့ရာ ၁၃၂၄-ခုနှစ်တွင် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ၊ ပရိယတ္တိသာသနဟိတ (သက္ကသီဟ) ဓမ္မာစရိယဘွဲ့ထူးကြီးကို ရရှိပိုင်ဆိုင်နိုင်ခဲ့လေသည်၊ ဒီဘွဲ့ထူးကြီး ရရှိပိုင်ဆိုင်ခြင်းဟာ ကြီးမားသော ဝီရိယဓာတ်၏ အကျိုးဆက်ဟူ၍ဆိုက မလွဲနိုင်ပါ။

စာရေးသူသည် မန္တလေးမြို့ ပရိယတ္တိသာသနဟိတ အသင်းကြီး၏ စာမေးပွဲ(၃)ရပ်အတွက် အသင်းကြီး၏ ပုစ္ဆကဌာနတွင် မစိုးရိမ်တိုက်သစ်ကြီး (၃)တိုက်တို့၏ အဓိပတိမဟာနာယကချုပ်ဆရာတော်နှင့် တွဲဘက်၍ အနှစ်နှစ်ဆယ်နီးပါး စာမေးပွဲကိစ္စရပ်များကို ဆောင်ရွက်ခဲ့ဘူးပေသည်။

ဆရာတော်ကား လက်ရေးလက်သား မကောင်းပါ၊ ဆရာတော်၏ လက်ရေးကို သာမန်ပုဂ္ဂိုလ်များ ဖတ်တတ်ဖို့ မလွယ်ကူပါ။ ဆရာတော် တာဝန်ကျသော ဘာသာရပ်၏ မေးခွန်းများကို ကွန်ပျူတာစာစီနိုင်ရန်အတွက် စာရေးသူက အချောသတ်ရေးပေးရသည်၊ ဆရာတော်သည် မိမိတာဝန်ယူရသော ဘာသာရပ်၏ မေးခွန်းများကို ဆောင်ရွက်ပြီးသောအခါ အခြားပုဂ္ဂိုလ်များနှင့် အလွှာပသလွှာပ စကားပြောဆိုခြင်း အလျဉ်းမရှိပါ။

မိမိပါလာသော ဓမ္မစကြာ အနတ္တလက္ခဏသုတ်ပါဠိတော်စသည်တို့ကို လမ်းလျှောက်ပြီး ရွတ်ဖတ် ပူဇော်နေတာကို အမြဲတွေ့ရသည်၊ အနီးကပ်လေ့လာ ကြည့်သောအခါ ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)ကို အာရုံပြု၍ အခေါက်ပေါင်း (၈၄၀၀၀)ပြည့်အောင် ရွတ်ဖတ်ပူဇော်ခြင်းဟု သိရှိရလေသည်။ ပါဠိတော်များကို ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)ကို အာရုံပြု၍ ရွတ်ဖတ်ပူဇော်ခြင်းမျိုးသာ မဟုတ်ပါ။ မြတ်စွာဘုရား ရုပ်ပွားဆင်းတုတော်အား ပန်းရေချမ်းဆက်ကပ်လှူဒါန်းရာ၌လဲ ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)ကို အာရုံပြု၍ ပန်းပေါင်း (၈၄၀၀၀) ရေတော်ပေါင်း (၈၄၀၀၀) ပြည့်အောင် လှူဒါန်းပူဇော်သည်ဟု သိရှိရလေသည်။

ဤမျှ ဝီရိယဓာတ်ကြီးမားသော ဆရာတော်ဘုရား၏ မစိုးရိမ်တိုက်သစ်ကြီး (၃)တိုက်တို့၏ အဓိပတိမဟာ နာယက ဖြစ်ရခြင်းမှာ မထူးဆန်းဟု ထင်မိပါ၏၊ ဝီရိယ အားကောင်းသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များနှင့်ပေါင်း သင်းဆက်ဆံရလျှင် မိမိမှာလဲ ကောင်းသော ဓာတ်များ ကူးပြီး ကောင်းသောဝီရိယများ တိုးတက်လာနိုင်သည်။

သဒ္ဓါတရား အားကောင်းသော ပုဂ္ဂိုလ်များနှင့် ပေါင်းသင်းဆက်ဆံရလျှင် မိမိမှာလည်း သဒ္ဓါတရားတွေ တိုးပွားလာ နိုင်သည်။

သီလရှိသော ပုဂ္ဂိုလ်များနှင့် ပေါင်းသင်းဆက်ဆံရလျှင် မိမိမှာလဲ ကိုယ်ကျင့်တရားတွေ ခိုင်မြဲလာနိုင်သည်။

ပညာရှိသော ပုဂ္ဂိုလ်များနှင့် ပေါင်းသင်း ဆက်ဆံရလျှင် မိမိမှာလဲ အသိပညာတရားတွေ တိုးပွားလာနိုင်သည်။

သို့ဖြစ်၍ ဆရာတော်၏ ဝီရိယစွမ်းအား သီလစွမ်းအား သမာဓိစွမ်းအား ပညာစွမ်းအားတွေကို အတုယူကာ သူတော်ကောင်းတို့၏ အလေ့အထ အကျင့်စရိုက်ဝါသနာတို့ကို ထုံမွှမ်းပြီး ပညာရှိသူတော်ကောင်းများ ဖြစ်နိုင်ကြပါစေဟု ဆန္ဒမွန်ဖြင့်။

ဦးကာရဏီကာဘိဝံသ
မဟာဗောဓိဝိပဿနာရိပ်သာ၊ မန္တလေး

http://www.dhammadownload.com

သာသနာသုံးရပ်

သဒ္ဓမ္မဋ္ဌိတိယာ တိဝိဓော သဒ္ဓမ္မော ပရိယတ္တိသဒ္ဓမ္မော ပဋိပတ္တိသဒ္ဓမ္မော အဓိဂမသဒ္ဓမ္မောတိ (ပဋိဝေဓသဒ္ဓမ္မောတိ)ဟု (ဝိ-ဋ၊ ၁၊ ၁၉၀)၌ အဋ္ဌကထာဆရာမြတ်တို့ မိန့်ဆိုထားပါသည်။

အဓိပ္ပာယ်မှာ မြတ်စွာဘုရား၏ တရားဒေသနာများကို စုပေါင်းလိုက်လျှင် စာပေသင်ကြား, ပို့ချ, မှတ်သားရခြင်းဟူသော ပရိယတ္တိသာသနာ၊ သင်ကြားသည့် အတိုင်း လက်တွေ့, ကျင့်ကြံ, အားထုတ်ရခြင်းဟူသော ပဋိပတ္တိသာသနာ၊ ထို့သို့ ကျင့်ကြံအားထုတ်ခြင်းကြောင့် မဂ် ၄-ပါး၊ ဖိုလ် ၄-ပါး၊ နိဗ္ဗာန်ကို ရခြင်းဟူသော အဓိဂမသာသနာ(ပဋိဝေဓသာသနာ)ဟု သာသနာသုံးရပ် ရှိပါသည်။



တန်ခိုးမဲ့နိုင်ဖို့ မစိုးရိမ်ကို အတုယူစို့

ဓမ္မဒေသက-အရှင်သောဘိတ
(စာချုပ်ထိုက်)

http://www.dhammadownload.com

သာသနာသုံးရပ်နှင့် လောကဥပမာ

လောကဥပမာအားဖြင့် သစ်ပင်၏ လှပသော အကိုင်း, အခက်, အရွက်, အဖူး, အပွင့်တို့သည် လူတိုင်း ငေးမောစရာ ဖြစ်ပါသည်၊ ထိုသို့ လှပသော အကိုင်း, အခက်များ ဖြစ်ပေါ်ဖို့အတွက် ပင်စည်ရှိမှ ဖြစ်မှာ သေချာပေသည်၊ အကျိုးတရားမှန်သမျှသည် အကြောင်းတရားနှင့် မကင်းရကား လှပသောအကိုင်းအခက်များနှင့် ပင်စည် ရှိဖို့အတွက်သည် ရေသောက်မြစ်ရှိမှ ဖြစ်ပေါ်နိုင်မည်ဆိုတာ ယုံမှားဖွယ်မရှိပါ။

အထက်ပါ ဥပမာ၌ ရေသောက်မြစ်သည် တောင့်တင်းခိုင်မာသော ပင်စည်နှင့် လှပသော အကိုင်း, အခက်, အဖူး, အပွင့်များ ဖြစ်ပေါ်ဖို့အတွက် အရေးကြီးဆုံးဖြစ်သကဲ့သို့ တရားဓမ္မများကို နည်းမှန်လမ်းမှန် ကျင့်ကြံနိုင်၍ မဂ်, ဖိုလ်, နိဗ္ဗာန်ကို ရဖို့ရန်လည်း စာပေသင်ကြား, ပို့ချမှတ်သားရခြင်းဟူသော ပရိယတ္တိသာသနာ သည် အရေးအကြီးဆုံး ဖြစ်ပေသည်။

"သက်တော်ရာကျော် ရှည်စေသော်"

မစိုးရိမ်ကျောင်းတိုက်ကြီးများ၏ အဓိပတိမဟာနာယကချုပ် ဆရာတော်ဘုရားကြီးသည် သာသနာတော်၏ ရေသောက်မြစ်ဖြစ်သော ပရိယတ္တိသာသနာတော်ကြီး မကွယ်အောင် အသက်တမျှ ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည်မှာ သက်တော်(၈၀)ပင် ပြည့်ခဲ့ပြီဖြစ်သည်၊ ကျန်းမာစွာဖြင့် သက်တော်ရာကျော်ရှည်၍ သာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ပါစေဟုလည်း ဆုတောင်းမိပါသည်။

"ကြည်ညိုလို့မဆုံး မစိုးရိမ်ထေရ်ဘုန်း"

မြတ်စွာဘုရားသည် စရထ ဘိက္ခဝေ စာရိကံ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ-ဟု ဝိနည်းမဟာဝါပါဠိတော် (၂၇)၌ ဟောတော်မူခဲ့သည်။

အဓိပ္ပာယ်ကား-မြတ်စွာဘုရားသည် ပထမဝါ၌ အရှင်ကောဏ္ဍညာ အမှူးပြုသော ရဟန္တာအပါး(၆၀)အား (၁) လူနတ်ဗြဟ္မာ သတ္တဝါတွေ အကျိုးရှိဖို့ (၂) ချမ်းသာဖို့ (၃) စောင့်ရှောက်ဖို့ဟု မူ(၃)ချက်ချ၍ ကျောသား, ရင်သား၊ ကိုယ့်ဆွေမျိုး, သူဆွေမျိုး မခွဲခြားဘဲ ညံ့သူကို တော်အောင် တော်သူကို အတော်ဆုံးဖြစ်အောင် သာသနာပြု ခရီးထွက်ကြ၊ သာသနာတော်ကို တိုးတက်အောင် တည်ထောင်ကြဟု ဩဝါဒစကားမိန့်ကြားခဲ့ပါသည်၊ အထက်ပါ မူ(၃)ချက်အတိုင်း မြတ်စွာဘုရားရှင်နှင့် တကွ ရဟန်းသံဃာတော်များ ကျင့်သုံးခဲ့ကြသောကြောင့် လောကလူသားတွေ သာသနာတော်ကြီးကို ဖူးတွေ့ကြည်ညိုရခြင်း ဖြစ်ပါသည်၊ မိမိသည် မစိုးရိမ်ကျောင်းတိုက်ကြီး၌ မနေဖူးသော် လည်း မစိုးရိမ်ဆရာတော်ဘုရားကြီးအား အလွန်ကြည်ညိုပါ၏၊ အဘယ့်ကြောင့်ဆိုသော် မြတ်စွာဘုရား၏ အထက်ပါ ဒေသနာနှင့်အညီ ကျင့်သုံး၍ သာသနာပြုနေသောကြောင့် ဖြစ်ပါသည်။

"စံပြထေရ်မဟာ ကျောင်းဝိဟာ"

စာရေးသူသည် ငယ်စဉ်အခါက မကွေးမြို့၊ အောင်မြေရတနာကျောင်းတိုက် ဆရာတော်ကြီးနှင့် စာချဆရာတော်တို့ထံ၌ ပညာရည်ကို သောက်စို့ခဲ့ပါသည်၊



http://www.dhammadownload.com

မိမိအတွက် အလွန်ကျေးဇူးကြီးမားသော ဆရာတော်များလည်း ဖြစ်ပါ၏။ ၁၃၆၀-ခုနှစ်၊ နတ္တော်လ မကွေးမြို့၊ အောင်မြေရတနာကျောင်းတိုက်၌ မစိုးရိမ်ဆရာတော်ဘုရားကြီးအား ပထမဆုံးအကြိမ် ဖူးတွေ့ရခြင်း ဖြစ်ပါ၏။ အောင်မြေဆရာတော်ကြီးနှင့်တကွ နာယကစာချဆရာတော်များအား "ကိုယ့်ဆွေမျိုး သူ့ဆွေမျိုး ကျောသား ရင်သား မခွဲခြားဘဲ ညီညီညွတ်ညွတ် ပရိယတ္တိသာသနာတော်ကို တိုးတက်အောင် ကြိုးစားကြ၊ စာသင်သားအပေါင်းတို့အားလည်း အနာဂတ်သာသနာအတွက် ခေါင်းဆောင်ကောင်းဖြစ်ဖို့ရန် တပည့်ကောင်းဖြစ်အောင် ကြိုးစားရမည်"ဟု အဆုံးအမ ဩဝါဒပေးခဲ့တာကို ယနေ့ထိတိုင် မှတ်မိနေဆဲ ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီးသည် ထိုဩဝါဒနှင့်အညီ ကိုယ်တိုင်လည်း ကျင့်သုံးခဲ့ သောကြောင့် သာသနာတော်၏ စံပြဆရာတော်ကြီး ဖြစ်သကဲ့သို့ မစိုးရိမ်ကျောင်းတိုက်ကြီးသည်လည်း သာသနာတစ်ခုလုံး၏ စံပြကျောင်းတိုက်ကြီး ဖြစ်နေသည်မှာ ယုံမှားသံသယရှိဖို့ မလိုအပ်ပေ။

"အဂတိကင်းသော မစိုးရိမ်ဝိဟာ"

စတ္တာရိမာနိ ဘိက္ခဝေ အဂတိဂမနာနိ၊ ကတမာနိ စတ္တာရိ၊ ဆန္ဒာဂတိ ဂန္ဆတိ၊ ဒေါသာဂတိ ဂန္ဆတိ၊ မောဟာဂတိ ဂန္ဆတိ၊ ဘယာဂတိ ဂန္ဆတိ၊ ဣမာနိ ခေါ ဘိက္ခဝေ စတ္တာရိ အဂတိဂမနာနိတိ- ဟု မြတ်စွာဘုရားသည် အဂ်ုတ္တရ စတုက္ကနိပါတ(၃၂၅) အဂတိဂမနသုတ်၌ ဟောတော်မူခဲ့ပါ၏။

အထက်ပါ ဒေသနာတော်၏ လိုရင်းအနှစ်ချုပ်ဖော်ပြရသော် ချစ်ခြင်းကြောင့် အဂတိလိုက် ားခြင်း၊ မုန်းခြင်းကြောင့် အဂတိလိုက်စားခြင်း၊ မသိခြင်းကြောင့် အဂတိလိုက်စားခြင်း၊ ကြောက်ရွံ့ခြင်းကြောင့် အဂတိလိုက်စားခြင်း-ဟု အဂတိတရား(၄)မျိုး ရှိပါသည်၊ မစိုးရိမ်ဆရာတော်ဘုရားကြီးနှင့် မစိုးရိမ်ကျောင်းတိုက်ကြီး ကမ္ဘာကျော်အောင် တိုးတက်ရခြင်း, နာမည်ကြီးရခြင်း အကြောင်းကို ရှာသော် အဂတိတရား(၄)ပါး ကင်းသောကြောင့် ဖြစ်ပါသည်၊ အတိအကျဆိုရသော် ချစ်ခြင်းကြောင့် အဂတိလိုက်စားခြင်းဟူသော ဆန္ဒာဂတိ ကင်းသောကြောင့် ဖြစ်ပါသည်။

အဘယ့်ကြောင့်ဆိုသော် မစိုးရိမ်ကျောင်းတိုက်ကြီး၏ တိုက်စည်းမျဉ်း၌ မန္တလေး သက္ကသီဟအသင်းမှ အဘိဝံသဘွဲ့ရမှ ကျောင်းဘုန်းကြီး(ကျောင်းထိုင်ဘုန်းကြီး) ခန့်ရသည်၊ ဆန္ဒာဂတိလိုက်၍ ဆွေမျိုးတော်သူကိုသာ ကျောင်းဘုန်းကြီး(ကျောင်းထိုင်ဘုန်းကြီး) ခန့်ရိုးထုံးစံ မရှိသောကြောင့် ဖြစ်ပါသည်၊ ပရိယတ္တိစာပေသင်ကြားမှု၌ အကျော်ကြားဆုံးဖြစ်သော မန္တလေးမြို့ကို လေ့လာကြည့်လျှင် ပရိယတ္တိစာပေသင်ကြားသော ကျောင်း,ကျောင်း တိုက်များ တနေ့တခြား နည်းပါးလာတာတွေ့ရ၏၊ တချိန်က ပရိယတ္တိအကျော်အမော် ဆရာတော်ဘုရားကြီးများ သီတင်းသုံးခဲ့သော ကျောင်း,ကျောင်းတိုက်များသည်ပင် စာပေသင်ကြားမှု ပရိယတ္တိသာသနာကွယ်ပျောက်၍ ဧည့်သည်များ တည်းခိုသော ဧည့်ကျောင်းများ၊ ဧည့်ရိပ်သာများအဖြစ်သာ သာသနာအတွက် ဝမ်းနည်းဖွယ်ရာ မြင်တွေ့နေရပါ၏၊ ဤကဲ့သို့ ဖြစ်ရခြင်းအကြောင်းကို ရှာသော် စာပေဗဟုသုတနှင့် ပတ်သက်၍ အရည်အချင်း ရှိ,မရှိ သာသနာအတွက် အကျိုးပြု,မပြု မစစ်ဆေးဘဲ ဆန္ဒာဂတိလိုက်၍ ကျောင်းဘုန်းကြီး (ကျောင်းထိုင်ဘုန်းကြီး) ခန့်သောကြောင့် ဖြစ်ပါသည်၊ ဤအချက်ကို မပြုပြင်နိုင်လျှင် ဘာသာခြားတို့ ရည်မှန်းထားသော (၂၁)ရာစု မပြည့်ခင်မှာပင် အမျိုးဘာသာသာသနာ ကွယ်ပျောက်၍ တခြားဘာသာများကြီးပွားတိုးတက်မည်မှာ မလွဲဟု သုံးသပ်မိပါသည်။

"တန်ခိုးမဲ့နိုင်ဖို့ မစိုးရိမ်ကို အတုယူစို့"

သာသနာတော်ကို စည်ပင်ပြန့်ပွားအောင် ဆောင်ရွက်နေကြသော ဆရာတော်ဘုရားကြီးများ၊ ကျောင်းထိုင်ဆရာတော်များ၊ စာချဆရာတော်များ၊ တရားဟော, တရားပြဆရာတော်များ၊ စာသင်သားရဟန်း, သာမဏေများ၊ ဆရာကြီး, ဆရာလေးများ၊ ဒါယကာ, ဒါယိကာမတွေအားလုံး မိမိတို့ဆိုင်ရာ ကျောင်း၊ ကျောင်းတိုက်များ ပရိယတ္တိ သာသနာ အမှန်တကယ် တိုးတက်လိုလျှင် သာသနာတော်ကြီး၏ တန်ခိုးအရှိန်အဝါ မမှိန်လိုလျှင် မစိုးရိမ်ဆရာတော်ဘုရားကြီးနှင့် မစိုးရိမ်ကျောင်းတိုက်ကြီးကို အတုယူ၍ ပြုပြင်ရမည်ဟု သမ္မာဆန္ဒဖြင့် တိုက်တွန်းလိုက်ရပါသည်။

မစိုးရိမ် ထေရ်မဟာ၊ အရှည်ကြာ၊
လွန်စွာ သက်တော်ရှည်စေသော်။
မစိုးရိမ်သာသနာ၊ ရောင်အဝါ၊
ရှည်ကြာလင်းစေသော်။
ကျောင်းတိုက်များစွာ၊ ဂတိကွာ၊
ရှည်ကြာသာသနာတည်စေသော်။

ဓမ္မဒေသက-အရှင်သောဘိတ (စာချုပ်ထိုက်)

http://www.dhammadownload.com

စံပြုထိုက်တဲ့ ဆရာ

မောင်ပက်(တန့်ဆည်)

ဆရာ ဆရာ နာလေးနာနဲ့ ဒို့ဆရာ။
ဆရာ ဆရာ နာလေးနာနဲ့ ဒို့ဆရာ။
မစိုးရိမ်တိုက်သစ် ပဓာနနာယကဟာ ဒို့ဆရာ။

များသောအားဖြင့် ဆရာတွေကို စေတနာ အနစ်နာ ဝါသနာ စံနမူနာဟူသော နာလေးနာဖြင့် ခိုးကျူးထောမနာလေ့ ရှိကြပါတယ်၊ ထိုအထဲတွင် စေတနာ အနစ်နာ ဝါသနာဟူသော နာသုံးနာသည် မစိုးရိမ် တိုက်သစ် ပဓာနနာယက ဆရာတော်ဘုရားကြီးအတွက်




http://www.dhammadownload.com

အထူးပြောစရာ မရှိပါဘူး၊ အထူးပြောစရာ မရှိဘူးဆိုတာက ထူးပြောရအောင် မလိုဘဲ သိသာပေါ်လွင်ထင်ရှားနေသည်ကို ဆိုလိုတာပါ။

စာရေးသူရဲ့ ရင်ထဲ နှလုံးသားထဲကို ရောက်လာတာကတော့ စံနမူနာနဲ့ ပတ်သက်တဲ့ ပြယုဂ်လေးပါပဲ၊

ဟုတ်ပါတယ်၊ တစ်ရက်သော ညနေခင်းရဲ့ အချိန်လေးမှာ စာရေးသူတို့ ပါရာဇိကဏ်စာဝါလိုက်နေခိုက် ဓမ္မဒူတ အရှင်ဆေကိန္ဒရဲ့ တပည့် ဒါယကာ ဒါယိကာမများ ရောက်လာကြသည်။

ဓမ္မဒူတဆရာတော်ရဲ့ တပည့် ဒါယိကာ ဒါယိကာမ တွေကလည်း စာရေးသူတို့ စာဝါလိုက်ရာ ဓမ္မမဟိဒ္ဓိ ကျောင်းဆောင်သို့ လေ့လာဖို့လား ကြည့်ညို့ဖို့လား ဘာရယ်တော့မသိ တက်လာကြသည်၊ ဆရာတော်ကြီးလည်း နောက်ကနေ ကြွလာပြီး ချလက်စစာဝါကို ခေတ္တ ခဏနားစေကာ တရားဟောပါသည်၊ ပရိသတ်ကိုလည်း စာဝါလိုက်သံယာတွေရဲ့ အလယ်ဗဟို ကွက်လပ်တွေမှာ ဆန့်သလောက် ထိုင်စေပါသည်၊ ဒီတော့ စာရေးသူ အပါအဝင် စာဝါလိုက်သံယာ အားလုံး




http://www.dhammadownload.com

ပါ ဆရာတော်ကြီးဟောသော တရားကို နာခွင့်ရခဲ့ပါသည်၊ ဆရာတော်ကြီးသည် ထိုနေ့က မိနစ်(၂၀) ကျော်မျှ တရားဟောခဲ့ပါသည်၊ ရိုးသားစွာ ဝန်ခံရလျှင် ထိုနေ့ မိနစ်(၂၀)ကျော်မျှ ဟောသော တရားအားလုံးကို စာရေးသူ မမှတ်မိတော့ပါ၊ သို့သော် မှတ်မိတာလေး တစ်ခုတော့ ရှိခဲ့ပါသည်။ ရှိသည့်အလျောက် ရင်ထဲအသဲထဲ နှလုံးသားထဲ ဦးနှောက်ထဲ ဘဝထဲကို အခုထိ သိမ်းဆည်းထားခဲ့မိပါသည်။

ဆရာတော်ကြီးက "မင်းတို့ ငါက အများကြိုက်ကို မဟောဘူးကွ၊ အမှန်ကိုပဲ ဟောတယ်"ဟု တိကျ ပြတ်သားစွာ မိန့်တော်မူသည်၊ ထိုစကားကို ကြားနာရတဲ့ အခိုက်အတန့် ဆင်ခြင်မိတဲ့ တဒင်္ဂအတွင်းမှာ သဘော မပေါက်သလို ဖြစ်နေခဲ့တယ်၊ ပြီးမှ အေးအေးဆေးဆေး လေ့လာဆန်းစစ်ခါမှ သဘောပေါက် သွားတော့တယ်။ (သို့တိုင်အောင် ဆရာတော်ကြီးရဲ့ သန္ဓာယဘာသိတနဲ့ ထပ်တူကျပါ့မလားဟု စိုးထိတ်ခဲ့မိပါသည်။)

ဆက်ပါဦးမည်၊ လူတော်တော်များများဟာ ကိုယ့်အယူအဆ (သို့တည်းမဟုတ်) ဘာသာတစ်မျိုးရဲ့ဝါဒ (သို့) အဖွဲ့အစည်းတစ်ခုရဲ့ မူဝါဒစသည်တို့ကို ချပြပြောဆို တော့မည်ဆိုလျှင် အရင်ဆုံး ကိုယ့်ရှေ့မှောက် ရောက်နေတဲ့ လူထုပရိသတ်ကို အနည်းနဲ့အများ မြှောက်ပင့်လေ့ရှိကြပါတယ်၊ ဒါက ပရိသတ် ကိုယ့်ဘက်ပါအောင် လုပ်ယူတဲ့ နည်းတစ်နည်းလို့ ထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ မြှောက်ပင့်တယ်ဆိုတာ လူတိုင်းရဲ့ သည်းခြေ ကြိုက်ပင် မဟုတ်လား၊ ဘယ်လောက်ပဲ ပါးစပ်က မကြိုက်ဘူး ပြောနေပြောနေ၊ စိတ်ထဲမှာတော့ အနည်းနဲ့အများ သာယာ သွားတတ်ကြစမြဲပါပဲ၊ ဒါကြောင့်လည်း ဒီဃနိကာယ် သီလက္ခန္ဓဝဂ္ဂကထာ သောဏဒဏ္ဍသုတ် (စာ-၂၅၀)မှာ "အတ္တနော ဝဏ္ဏော ဘညမာနေ အတုဿနကသတ္တော နာမ နတ္ထိ"လို့ ဆိုထားပေသည် မဟုတ်လား၊ အဓိပ္ပာယ်ကတော့ မိမိရဲ့ ဂုဏ်ကျေးဇူးကို ပြောဆိုခြင်း၌ မနှစ်သက် မမြတ်နိုးတဲ့ သတ္တဝါမည်သည် မရှိတဲ့၊ သိပ်မှန်တဲ့ စကားလေးပါပဲ၊ ဘာကြောင့်လဲဆိုတော့ စာရေးသူရဲ့ အသိမိတ်ဆွေ တစ်ယောက် စကား အလွန်နည်းပါတယ်၊ အေးလည်း အေးပါတယ်၊ သူ့ကို မိတ်ဆွေဖွဲ့ဖို့ အလွန်ခဲယဉ်းပါတယ်။

တစ်နေ့မှာတော့ သူပြောဆိုတဲ့စကားလေးက အသစ်အဆန်းလေးဖြစ်တာက တစ်ကြောင်း၊ ဒဿန



http://www.dhammadownload.com

ဆန်ဆန်လေး ဖြစ်နေတာက တစ်ကြောင်းမို့ သူစကားလေးကို စာရေးသူ လက်လှမ်းမီရာ စာပေလေးတွေ ထောက်ထားပြီး ပိုပိုသာသာလေး ချီးမွမ်းထောမနာပြုလိုက်မိပါတော့တယ်၊ ထိုမှနောက် စာရေးသူကို တွေ့တိုင်း ပြုံးပြနှုတ်ဆက်ပါသည်၊ ဖော်ဖော်ရွေရွေ ဆက်ဆံပြောဆိုလိုက်ပါတော့သည်၊ ဒါဟာ ချီးမွမ်းခြင်း မြောက်ပင့်ခြင်းရဲ့ အကျိုးရလာဘ်လေးပါပဲ၊ မြောက်ပင့်ပြီဆိုမှ တော့ မရှိတာကို အရှိလုပ် ပြောဆိုရမယ်၊ နည်းနည်းရှိနေတာကို အများကြီး ရှိသယောင်ယောင် ပြောဆိုရတာပဲ မဟုတ်လား၊ ဆိုလိုတာက မြောက်ပင့်တယ်ဆိုတာ လူတိုင်းကြိုက်တယ်၊ အဲဒီလူတိုင်း ကြိုက်တဲ့ မြောက်ပင့်ပြောဆိုမှုမျိုး ငါ မလုပ်ဘူး၊ စာထဲ အရှိအတိုင်း အမှန်ကိုပဲ ငါ ဟောတယ်ဟု ဆရာတော်ကြီး မိန့်ခဲ့ဟန်တူသည်။

ဆရာတော်ကြီး မိန့်ခဲ့သောစကားလေးသည် စာရေးသူအတွက် လွန်စွာ တန်ဖိုးကြီးခဲ့ပါသည်။ ဘာကြောင့်လဲဆိုတော့ စာရေးသူရဲ့ မသင့်မတင့်သော နှလုံးသွင်းချက်ကို ဆရာတော်ကြီးရဲ့ ကျစ်လစ်သိပ်သည်းသော စာဝါကျလေးက ဖယ်ရှားပေးနိုင်ခဲ့သောကြောင့် ဖြစ်ပေသည်။

ဟုတ်ပါတယ်၊ "တာဝန်သိသူမှာ တာဝန်ရှိတယ်" ဆိုသည့်အတိုင်း စာရေးသူတို့ ဖြတ်သန်းရတဲ့ ဘဝဟာသူတပါးကို ဆရာလုပ်ရမည့် ဘဝမျိုးပါ၊ တစ်နေ့နေ့ တစ်ချိန်ချိန် ဘဝပေးတာဝန်အရ မလွှဲသာ မရှောင်သာ ဟောရေး ပြောရေးတွေ ပြုလုပ်ကြရပေဦးမည် မဟုတ်လား၊ အဲသည်လို ဟောရပြောရပြီဆိုရင် "ငါကတော့ အများကြိုက်ဖြစ်တဲ့ ချီးမွမ်းမြောက်ပင့်၍ ပရိသတ်ကို ကိုယ့်ဘက်ပါအောင် ဆွဲဆောင်မည်ဟု မှားယွင်းစွာ နှလုံးသွင်းခဲ့မိပါသည်။

သို့သော် ဆရာတော်ကြီးရဲ့ "ငါက အများကြိုက် မဟောဘူးကွ၊ အမှန်ကိုပဲ ဟောတယ်"ဟူသောစကားကို ကြားနာပြီးချိန်မှစ၍ ထိုအယူအဆ အတွေးအခေါ် နှလုံးသွင်းချက်ဆိုးကြီးသည် ကင်းစင်လွင့်ပျောက်သွားခဲ့ပါတော့သည်။

မှန်တရိုရော အလင်းရောင် မသဲမကွဲမှာ ပုလင်းကွဲကို ရတနာထင်မိသူပမာ စာပေဗဟုသုတတည်းဟူသော အလင်းရောင် မပြည့်ဝသေးခင် ဝါဒများကို ဝါဒမှန်ထင်ပြီး လက်ကိုင်ကျင့်သုံးလုဆဲဆဲ အချိန်မီ ကယ်တင်ပေးခဲ့သော ဆရာတော်ကြီးသည် စာရေးသူအတွက် ကျေးဇူးအနန္တ စံနမူနာပြထိုက်သော ဆရာတစ်ဆူဖြစ်ပေသည်၊ ဤတစ်ချက်နှင့်ပင် စိတ်ထဲက မစိုးရိမ်စာသင်သားဖြစ်ရတာ တန်ပြီဟု ဝုဏ်ယူဝင့်ကြွားမိပါသေးသည်။

မသိမှားမှုရဲ့ အစွန်အဖျားက ဝင့်ဒုက္ခချောက်ကမ်းပါးတွင်းသို့ ကျရန် တွဲလျားဖြစ်နေခိုက် လှေခါးထစ်ပမာ ခုခံကာကွယ်ပေးခဲ့သော ဆရာတော်ကြီးရဲ့ စာဝါကျလေးကို စာရေးသူရဲ့ နှလုံးသားက အမှတ်တံဆိပ် ခပ်နှိပ်လို့ ဘဝထဲကို အပြီးတိုင် သယ်ဆောင်သွားခဲ့မိပါတော့သည်။

သံသရာတစ်လျှောက်လုံး ငါးပါးမှောက်မည့် အယူ အဆကြီးကို ဖယ်ရှားပေးခဲ့သော ဒီစကားလေးနှင့်တင် ဆရာတော်ကြီးသည် စာရေးသူအတွက် စံနမူနာပြုထိုက်သော ဆရာတစ်ဆူ ဖြစ်ပေသည်။

ဆရာတော်ကြီးသည် စံနမူနာပြုထိုက်သော သာဓကမြောက်များစွာ ရှိခဲ့ပါသော်လည်း စာရေးသူအနေဖြင့် မရေးတတ်သောကြောင့် ဤတစ်ခုကိုသာ ခံစားနားလည်သိဖြင့် ရေးသားတင်ပြရခြင်း ဖြစ်ပေသည်။

နှလုံးသားနဲ့ ခံစားနားလည်ပြီး ဦးနှောက်နဲ့ ဆင်ခြင် သုံးသပ်ရေးသားပူဇော်အပ်သော ဤစာသားများသည် လမ်းလျှောက်တတ်စ ကလေးပမာ ယိုင်ထိုးယိုင်ထိုးနဲ့ လိုရာမရောက် ခရီးထောက်သို့ စိတ်စနောင့်စနင်း ဖြစ်ခဲ့ပါလျှင် အများစာလုံး ပီတိဖုံးလျှက် အပြုံးလေးနဲ့ နားလည်ခွင့်လွှတ်ပေးကြပါရန် တောင်းပန်သမှု ပြုရင်း။

ဆရာတော်ကြီးရဲ့ သက်တော်(၈၀)ပြည့် ပူဇော်ပွဲကို စာရေးသူရဲ့ "စံထိုက်တဲ့ဆရာ"ဟူသော စာမူဖြင့် ဦးခိုလက်မိုး ကြာငုံဖြူးသို့ ဆယ်ဖြာသောလက် ဦးထိပ်မှာ ယှက်လျှက် အကြိမ်ကြိမ် ဦးနှိမ်ချကာ ရှိခိုးပူဇော်အပ်ပါပေတော့သတည်း။


နှစ်တစ်ရာကျော် သက်တော်ရှည်သော ဆရာတော်ကြီးတစ်ပါးအဖြစ်ကို ဖူးမြင်လိုသော ဆန္ဒ အာသီသဖြင့်. . . ။

မောင်ပဏ်(တန့်ဆည်)

http://www.dhammadownload.com

မြဟတ္ထိရ် လက်သီး

ဓမ္မဂဂီ၊ အရှင်ဝိစိတ္တာသာရ



http://www.dhammadownload.com

သူဘဝမှာ လက်သီးတွေ အများကြီး မဖြတ်သန်းဖူးပါ။

ငယ်စဉ်ကျောင်းသား ကိုရင်ပေါက်စလေးဘဝက ကျောင်းသားကြီး ကိုရင်ကြီးများ၏ ကြီးနိုင်ငယ်ညှဉ်း လက်သီးအချို့ကို စပ်ဖျင်းဖျင်း ခံစားခဲ့ဖူးသော်လည်း ယခုအချိန်မှာတော့ မှတ်မှတ်ရရ နာကျင်မှုရယ်လို့ မထင်ကျန်တော့၊ ထို့နောက် ရုပ်ရှင်ပိတ်သားပြင်ပေါ်က ဘရုစ်လီ၏ ဒေါသလက်သီး၊ လက်ဝှေ့ကြိုးဝိုင်းထဲက မိုဟာမက်အလီ၏ အုံဘနန်းလက်သီး၊ မိုက်တိုင်စ်၏ သံမဏိလက်သီး၊ တရုတ်သိုင်းဝတ္ထုများကို ဖတ်မိချိန်မှာတော့ မဟာအတွင်းအားလက်သီး၊ ကိုယ်ခံပညာလက်သီးနှင့် စိတ်ကူးယဉ်လက်သီးများ။

မင်းတုန်းမင်းကြီးနှင့် ငါးခြောက်ပြားအကြောင်း ဖတ်ရသည့်အခါ သူဘဝတစ်လျှောက်လုံး အသိဉာဏ်မျက်လုံးမီးပွင့်များ မကြာခဏ ဖျက်ကနဲ ဖျက်ကနဲ လင်းသွားစေလေ့ရှိသော ငြဟ္မစိုရ်လက်သီးချက်များကို သတိရနေ တတ်ပါသည်။

မင်းတုန်းမင်းကြီးကတော့ သိုမှီးသိမ်းဆည်းရန် တာဝန်ပေးထားသည့် ငါးခြောက်ပြား ပျောက်ဆုံးမှုကြောင့် ဆရာဘုန်းတော်ကြီး ကျောပြင်ဗျောတင် အပြစ်ပေးမှု ကြိမ်လုံးဝင့်သံ တရွှမ်းရွှမ်းအောက်တွင် အလူးလူးအလဲလဲ၊ နိုင်ငံဥဿော်ငှာ ဘုရင်မင်းမြတ်အဖြစ်သို့ ရောက်သည့်တိုင် ကျောပြင်ပေါ်က ကြိမ်လုံးရာအရှိုးများက ထင်ထင်ကြီး ကျန်နေသေးသည်တဲ့။

တတိယမြန်မာနိုင်ငံတော်၏ နောက်ဆုံးထွက် သက်ကာလတွင် နယ်ချဲ့ဗြိတိသျှတို့နှင့် မတိုးသာ မဆုတ်သာသော စစ်ရေး၊ သံတမန်ရေးစသည်များ သာမက ရုပ်ထွေးပွေလီလှသော နန်းတွင်းအရေးအရာများကိုပါ ဆရာ ဘုန်းတော်ကြီး၏ ကြိမ်လုံးဝင့်သံများက ပေးသော သင်ခန်းစာဖြင့် ကျော်လွှားနိုင်ခဲ့သည်မှာ ထင်ရှားလှပါသည်။

သူ ကိုယ်တိုင်ကရော၊ ယခုနှစ် ဆောင်းတစ်ရွာနှင်းတစ်မြို့ရာသီတွင် သက်တော်(၈၀)ပြည့်မည့် မစိုးရိမ်တိုက်သစ် ဆရာတော်ကြီး၏ ငြဟ္မစိုရ်လက်သီးချက်များက ဘဝန္ဓိးစက်သံများအဖြစ် လိုက်လံစောင့်ရှောက်နေသလို ခံစားရမြဲ ဖြစ်ပါသည်။

ငယ်စဉ်က စာသင်ဖက် သီတင်းသုံးဖော်များ ရှေ့တွင် မျက်နှာပျက်စရာကောင်းသည်ဟု ထင်မှတ်ခဲ့သော်လည်း ယခု သူကိုယ်တိုင် ဆရာဘဝ ရောက်ချိန်မှာတော့ ဆရာတော်ကြီး၏ လက်သီးချက်များတွင် ငြဟ္မစိုရ်ရန့်ကို ရှိုက်မိကာ ထိုလက်သီးချက်များကိုပင် တမ်းတဝမ်းတနည်းဖြစ်တော့သည်၊ အော်. . ငြဟ္မစိုရ် လက်သီးချက်များ။

သူသည် များသောအားဖြင့် အချိုးပြေလှသော စာသင်သားငယ်တစ်ပါးမဟုတ်ခဲ့၊ ထောင့်မကျိုးလှသော အမူအရာ၊ အသွင်အပြင်စရိုက်ကို ပိုင်ဆိုင်ကာ ပိပြားစွာ ကျင့်သုံးနေထိုင်ရလေမည့် လောကုတ္တရာ ပတ်ဝန်းကျင်တွင် တစ်ခုမဟုတ် တစ်ခုတော့ မှားနေတတ်ခဲ့သည်၊ မိတ်ဆွေများထဲ အစောပိုင်းရေးသားခဲ့သော ပေးစာများတွင် အမှားများစွာဖြင့်ဟု သူကိုယ်တိုင်က ကျေနပ်စွာ လက်မှတ်ထိုးခဲ့သည်၊ ဘယ်လောက်များ ကြောင်လိုက်တဲ့ မောင်ရှင် ငတီလေးပါလဲ။

မည်သို့ဆိုစေ အမှားနည်းနိုင်သမျှ နည်းစွာ ဝိနည်းစည်းကမ်းများ၏ ပဲ့ပြင်မှုကို လိုက်နာတတ်သော အချွန်အမွန် သာသနာ့ဝန်ထမ်း ရှင်ရဟန်းတစ်ပါး ဖြစ်လာစေရန် ဆရာမြတ်အဆူဆူတို့ကတော့ နည်းလမ်း အသွယ်သွယ်ဖြင့် ထိန်းကျောင်းပေးခဲ့ကြသည်သာ၊ ထိုပဲ့ထိန်းပုဂ္ဂိုလ်မြတ်တို့တွင် မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးကတော့ ခပ်စပ်စပ်ဩဝါဒ၊ သို့မဟုတ် ထိထိမိမိလက်သီး၊ သို့မဟုတ် စူးစူးအောင့်အောင့် ဖနောင့်တို့ဖြင့် လမ်းကြောင်းတည့်မတ်ပေးတတ်မြဲဖြစ်ပါသည်။

အမေရိကားတွင် နေထိုင်သီတင်းသုံးနေသည့် စာဆိုတော်ရဟန်းတစ်ပါးဖြစ်သူ အရှင်ဉာဏိကာဘိဝံသကတော့ ဆရာတော်ကြီး၏ ဖနောင့်ကို လွမ်းစွာ ရွေ့ဖနောင့်ပိုင်ရှင်ဟူသော အက်ဆေးတစ်ပုဒ်ဖြင့် မစိုးရိမ်အတိတ်ဆီ ပြန်ပြေးဝင်လာတာ မြင်လိုက်ရသည်။

သူအတွက်ကတော့ လက်သီးမှ တကယ့်လက်သီး၊ ထိချက်မှန်လှသော၊ စူးစူးနစ်နစ် ရှိလှသော ငြဟ္မစိုရ် လက်သီးချက်များ။

၁၉၈၈-ခုနှစ် ဝါဆိုဦးကာလတွင် သူက မစိုးရိမ်တိုက်သစ်၏ နာရီသံချောင်းခေါက်သံနှင့် မန္တလေး၏ နံနက်စောစော ဘုံလောင်းဆွမ်းခံချိန်များဆီ ခိုလှုံနေခဲ့သည်။

အသက်(၁၄)နှစ်၊ ပရိယတ္တိသာသနဟိတသာသနာလက်ံာရ သာမဏေကျော်ဖြစ်ရေး အိပ်မက်လမ်း ဖောက်ကာ ပိဋကတ်စာအုပ်ထူထူကြီးများကို ထမ်း၊ သင်ရိုးအဆန်းများကို ကျက်မှတ်ပျော်ရွှင်နေခဲ့ပါလေသည်၊ သို့သော် ထိုအိပ်မက် မလုံခြုံခဲ့ပါ၊ ဆိုရှယ်လစ်

http://www.dhammadownload.com

မိုးသားတိမ်လိပ်များ ပြိုဆင်းကျလေသည်၊ သွေးမြစ်ကြီးက မျက်ရည်ပင်လယ်အပြင် စီးဆင်းလာခဲ့သည်၊ ပြည်သူတို့၏ ငိုရှိုက်သံများက ကျောင်းကန်ဝိဟာရ ပရဝုဏ်နံရံအတွင်းရှိ စာချစာသင်ရှင်ရဟန်းမြတ်တို့၏ စာအံကျောင်းများဆီ ပဲ့တင်လာခဲ့သည်၊ ထိုနှစ်က ဒီမိုကရေစီဆိုသော စကားလုံးအသစ်ကို သူ ကြားနာခဲ့ရသည်။

လောကီမပွားစီးဘဲ လောကုတ္တရာမတည်နိုင်၊ လောကီမငြိမ်းချမ်းတော့လျှင် လောကုတ္တရာလည်း နွမ်းပါးသွေ့ခြောက်ရမြဲပင် ဖြစ်တော့သည်၊ ပြည်သူနှင့် ရှင်ရဟန်းတို့ကြားတွင် ပါးလျသော်လည်း မာကျောခိုင်ခံ့သည့် သာသနာဟူသော ဓမ္မကြိုးမျှင်တစ်ချောင်းက နှလုံးသားချင်း, ဝေဒနာကွန္ခာချင်း မြဲမြံအောင် ချိတ်ဆက်ထားလေသည်။

ပြည်သူ့အသံကို အမြဲနားစွင့်လေ့ရှိကာ ပြည်သူ့ဒုက္ခကို စာနာတော်မူလေ့ရှိသော ဆရာတော်ကြီးများ ဦးဆောင်သည့် မစိုးရိမ်သည် ပြည်သူများနှင့် သွေးအမျိုးအစား၊ ဝေဒနာအမျိုးအစား တူမျှကြောင်း ပြသခဲ့လေသည်၊ သံဃာတော်များ နေပူကြဲကြဲလမ်းမများပေါ် ပြည်သူနှင့် တသွေးတသားတည်း ရောနှောသွားသည်။

သို့နှင့် ပရိယတ္တိစာသင်ခန်းများ ယာယီပိတ်ထားရတော့သည်။ (သို့သော် လုံးဝပိတ်လိုက်သည့်တော့ မဟုတ်ပေ၊ အရေးပေါ်ကိစ္စများ မရှိလျှင် စာအံစာကျက်ခြင်းကိုတော့ အားထုတ်ကြရသည်။)

အုပ်ချုပ်ရေးယန္တရားများ ပြိုကျနေပြီဖြစ်သော မန္တလေးမြို့ပြတွင် ပြည်သူတို့၏ အသက်အိုးအိမ်ကို အခြားကျောင်းတိုက်မှ သံဃာတော်များနှင့် ညီညွတ်တိုင်ပင်ကာ တရားဓမ္မလက်နက်ဖြင့် ကာကွယ်ပေးခဲ့ရလေသည်၊ လေးပြင်လေးရပ် သံဃာတော်များက မန္တလေးမြို့တော်ကြီးကို နေ့နေ့ည၊ စောင့်ရှောက်ပေးခဲ့ကြပါသည်။

ထို့ကြောင့်ပင် မန္တလေးသည် ပင်ကိုဥပဓိမပျက်ဘဲ သံဃာအရိပ်ဖြင့် ရှစ်လေးလုံးကာလကြီးကို ဖြတ်သန်းနိုင်ခဲ့သည်၊ သို့သော် ရုတ်ရုတ်သဲသဲကာလကြီးတွင် လုံခြုံရေးသတိရှိစွာ အချက်ပြသံချောင်းသံများဖြင့် အမှတ်သညာ ထားရှိရပါသည်၊ သံချောင်းခေါက်သံကြားသည်နှင့် သံဃာတော်များ စုဝေးရောက်လာကာ ပြဿနာ အရပ်ရပ်ကို တိုင်ပင်ညှိနှိုင်းဖြေရှင်းတော်မူကြရမြဲဖြစ်သည်။

ထိုနှစ်က သူသည် မစိုးရိမ်တိုက်သစ်ပေါက်ရှိ ဓမ္မသီတဂူကျောင်းဆောင် (အပေါ်ဆုံးထပ်)တွင် ကျောတစ်ခင်းစာ နေရာတစ်ခုရပါသည်၊ ဆရာတော်က အလယ်ထပ်ရှိ အခန်းလေးတွင် သီတင်းသုံးလျှက် ရှိပါသည်၊ ထိုစဉ်က သီတဂူဆွမ်းစားကျောင်းဆောင် မပြီးသေးသည့်အတွက် သီတဂူကျောင်း စာသင်သား သံဃာတော်များ၏ သပိတ်စဉ်ကို မိမိတို့ အပေါ်ဆုံးအထပ်၏ လှေကားထိပ်တွင် ထားရှိပါသည်၊ စာသင်သံဃာနှင့် သပိတ်စဉ်က မျှတမှုမရှိ၍ သပိတ်စဉ် အဆင့်တိုင်းတွင် နံပါတ်ရေးထိုးထားကာ စီနီယာ စာသင်သားများ၏ သပိတ်များကို ဦးစားပေး ထားခွင့်ပြုပါသည်၊ ကျန်သည့် နေရာလွတ်တွင် ဂျူနီယာစာသင်သား တို့၏ သပိတ်များ ထားကြရသည်။


သူလို ကိုရင်ချာတိတ်လေးများ၏ သပိတ်ကိုတော့ သပိတ်စဉ်၏ ခေါင်မိုးပေါ်တွင် ဝါရင့်စာသင်သား ရဟန်းတော်ကြီးများက တင်ပေးကြသည်၊ အကန့်သတ် မရှိ၊ သပိတ်ပြန်ချလျှင်လည်း ထိုရဟန်းတော်ကြီးများ၏ အကူအညီမပါဘဲ ချဖို့ မလွယ်၊ သပိတ်စဉ်က အမြင့်ကြီး။

ရှစ်လေးလုံးအရေးခင်းကာလကြီးက နေ့နေ့ညည လှုပ်လှုပ်ခတ်ခတ်ရှိလှသည်၊ ကြွပ်ဆတ်ဆတ်နိုင်လှ သော အခြေအနေအရပ်ရပ်ကို မစိုးရိမ်တိုက်သစ် မဟာနာယကဆရာတော်ကြီးများက ထိန်းသိမ်းတော်မူနေကြရသည်။

ငယ်ရွယ်တက်ကြွသော မ,တစ်ထောင်သား ရှင်ငယ်ရဟန်းငယ်တို့၏ စိတ်ဓာတ်ရေးရာနိုးကြားမှုကို လမ်းကြောင်းမလွဲအောင် စောင့်ကြည့်ကြပ်မတ်နေရသည့် အချိန်လည်း ဖြစ်သည်၊ အထိန်းအသိမ်းမတတ်လျှင် ပေါက်ကွဲသွားနိုင်သည်ကို ဆရာတော်က သတိရှိနေခဲ့ပါသည်၊ သို့အတွက် သီတင်းသုံးနေကျ ဓမ္မဒါယာဒကျောင်းဆောင်မှ ကျောင်းတိုက်ကြီးတစ်ခုလုံး၏ အဝင်အထွက်ကို စောင့်ကြည့်ထိန်းသိမ်းနိုင်မည့် ဓမ္မသီတဂူကျောင်းဆောင်တွင် ယာယီ သီတင်းသုံးတော်မူလျက် ရှိပါသည်။

တစ်ညက (၁၀)နာရီခန့်အချိန် နောက်တစ်ရက် ဥပုသ်နေ့ နံနက် ဘုံလောင်းဆွမ်းတိုးရန်အတွက် သူက စိတ်စောစွာ သပိတ်ပြင်ထားဖို့ ဝီရိယပိုမိသည်၊ သပိတ်စဉ် ခေါင်မိုးပေါ်က သပိတ်ကို ကိုယ့်အားကိုကိုးကာ တက်ယူမိလေသည်၊ ကံဆိုးချင်တော့ သူ့သပိတ်အနားတွင် နို့မှုန့်ခြောက်ပူးကြီးတစ်လုံး ရှိနေခဲ့သည်၊ သပိတ် မမှိမကမ်းလှမ်းဆွဲလိုက်သည်နှင့် နို့မှုန့်ခြောက်ပူးကြီးက ပြုတ်ကျ

http://www.dhammadownload.com



လာတော့သည်၊ သူ အသက်ရှူရပ်သွားမလား အောက်မေ့ရအောင် ထိပ်ပြာသွားသည်၊ သွားပြီ. . .၊ နို့မှုန့်ခြောက်ဗူးကြီးက သပိတ်စဉ်ပေါ်မှ လှေကားထိပ် ကွန်ကရစ်ကြမ်းခင်းပေါ်သို့ ဂလွမ်သံ ကျယ်လောင်စွာ ပေးပြီးသည်နှင့် သီတဂူကျောင်းဆောင် သုံးလွှာလှေကား ထစ်များမှ တစ်ဆင့် ဂလွမ်ဂလွမ်ဂလွမ်သံများ အဆက် မပြတ်မြည်ဟည်းလိမ့်ဆင်းသွားကာ တိတ်ဆိတ်နေသော စာသင်သားသံဃာတော်များ၏ အိပ်ရာဝင် ညချမ်းကို လှုပ်နှိုးလိုက်သည်၊ အချက်ပြ သံချောင်းခေါက်သံ ကြားရသည့်ပမာ အိပ်စက်ရန် ပြင်ဆင်နေကြပြီးဖြစ်သော စာသင်သားသံဃာတော်များ ကျောင်းဆောင် အသီးသီး၏ အပြင်သို့ ထွက်လာကြသည်၊ ထိုနို့ခြောက်ဗူးကြီးက ဒုတိယလွှာရှိ ဆရာတော်၏ အခန်းရှေ့ ကြမ်းပြင်ပေါ်တွင် ရပ်တန့်သွားလေသည်၊ တတိယအလွှာမှ စာသင်သား ရဟန်းသာမဏေများလည်း ခြေမကိုင်မိ လက်မကိုင်မိ၊ အားလုံး၏ အကြည့်စူးစူးများက တရားခံဖြစ်သော သူထံမှာ. . .၊ သူရင်ထဲတွင် ထိုအခိုက်အတန့် ကာလလေးမှာပင် ကမ္ဘာဖျက်မိုးကြီးရွာ ကမ္ဘာဖျက်မီးကြီးလောင် ကမ္ဘာဖျက်လေကြီးတိုက်ခိုက်လေတော့သည်မှောင်အတိကျလျှက်၊ ခြေလှမ်းတို့လည်း မရွေ့၊ ပြေးစရာလည်း မြေမရှိ၊ ထိုအချိန်မှာပင် ဆရာတော် တက်လာတော့သည်၊ "ဘယ်နွား တုန်း"၊ တရားခံက ရှာစရာမလိုပါ၊ လှေကားထိပ်တွင် သပိတ်ပိုက်ကာ ကြောင်အအ ရပ်နေသော သူ့ကို တွေ့သွားသည်၊ ခွပ်ကနဲ မည်သံစွဲအလင်္ကာသည် သူ့မျက်လုံးတွင် နာကျင်လင်းပွင့်သွား၏၊ ဒီနွားက မနက်မှ လုပ်ရင်ရသားနဲ့၊ လက်သီးတစ်ချက်နှင့် စကားတခွန်း၊ ဒီမျှသာ. . .၊ ပြဿနာကို ပုံကြီးမချဲ့တတ်သော ဆရာတော်၏ ဆုံးမနည်းနာကို ယခု တွေးကြည့်တော့ အလွန်လှပသေသပ်လှသည်ကို ကြည်ညိုဖွယ်ရာ မြင်ရသည်၊ ဘာမှမဟုတ်ဘူး . . ကိုယ့်နေရာကို ပြန်အိပ်ကြ. . .၊ သံဃာတော်များ ကျောင်းဆောင်အသီးသီးသို့ ငြိမ်သက်စွာ ပြန်လည်ဝင်ရောက် ကျိန်းစက်သွားကြသည်၊ အော် ကျေးဇူးကြီးမားလှသော ဗြဟ္မစိုရ်လက်သီး. . . ။

ရှစ်လေးလုံးအရေးတော်ပုံကြီး အညွှန့်ကို ခိုးလိုက်သည့်နှယ် စစ်အုပ်ချုပ်ရေးအောက်သို့ မန္တလေးမြို့ကြီး ပြားပြားဝပ်ကျရောက်သွားသည်၊ စစ်မြေပြင်ကြီးသဖွယ် မြို့လုံးအနှံ့ စစ်သားများ၊ စစ်ယန္တရားများဖြင့် ဖုံးလွှမ်းနေတော့သည်၊ သူ့ဘဝတွင် ဤလိုထူထပ်များပြားသော စစ်အရောင်အသွေးကို ပထမဆုံး မြင်ဘူးခြင်းဖြစ်သည်၊ မစိုးရိမ်တိုက်သစ်ကျောင်းပရဝုဏ်၏ တံတိုင်းအပြင်ဘက်တွင် ရုပ်ရှင်မြင်ကွင်းထဲမှ ရန်သူစခန်းသိမ်း တိုက်ပွဲ စတင်နေကျဟန် စစ်သားများ တရွှေ့ရွှေ့ ချဉ်းကပ်နေကြသည်ကို သီတဂူကျောင်းဆောင်အပေါ်ထပ်မှ လှမ်းမြင်နေရသည်၊ ကျောင်းတိုက်ကြီး၏ မလှမ်းမကမ်းမှ အသံချဲ့စက်ဖြင့် မခုခံကြဖို့ သတိပေးကြေငြာချက်များ ဖတ်ကြားနေသည်ကို မကြာခဏ ကြားနေရသည်၊ ထိုအချိန် ဆရာတော်ဩဝါဒက "ကိုယ့်အလုပ် ကိုယ်လုပ်ကြ"။

သံဃာတော်များကတော့ မိမိတို့ နေ့စဉ်တာဝန်ကိုသာ ပုံမှန်မပျက်ဆောင်ရွက်နေကြသည်၊ စစ်သားများ ထူထူထပ်ထပ်ဝန်းရံပတ်ထားသော လမ်းများကို ဖြတ်ကာ ဆွမ်းခံကြွမြဲ ကြွနေကြသည်၊ အစစ်ဆေးအတားဆီးများကတော့ မြို့လုံးအနှံ့ သံဃာတော်များ ကြုံတွေ့နေရသည်၊ အရေးခင်းကာလ သပိတ်စခန်း ဦးဆောင် ခဲ့ကြသူများကို ရှာဖွေဖမ်းဆီးနေကြပြီ၊ ကျောင်းတိုက်ကြီးများကိုလည်း ဝင်ရောက်ရှာဖွေကြတော့မည်ဟု သတင်းထွက်နေပြီ၊ နေ့နေ့ညည ဘယ်တော့ဝင်မည်မသိ။

ရပ်ရွာက မိဘဆွေမျိုးများကလည်း စိတ်ပူနေကြရော့မည်၊ သို့နှင့် မစိုးရိမ်တိုက်သစ်အပါဝင် စာသင်တိုက်ကြီးများက စာသင်သားသံဃာတော်များ မိမိတို့ ရပ်ရွာသို့ ပြန်လိုက ပြန်ကြရန် ခွင့်ပေးတော်မူခဲ့ကြသည်။

မန္တလေးမြို့ရှိ စာသင်သားသံဃာတော်များ ရပ်ရွာသို့ တရုန်းရုန်းပြန်ကြလေပြီ၊ ရထားလမ်းများ

http://www.dhammadownload.com

ပိတ်ထားသဖြင့် ကားဖြင့်သာ ပြန်ကြရမည်၊ ကားခတွေက ဈေးကြီးနေပြီ၊ သူလက်ထဲတွင် ဘက်စ်ကားစီးဖို့ ဖွတ်ကလိဒင်္ဂါးက မရှိ၊ ဆိုရလျှင် သူ့ကို ခေါ်လာသော ဆရာ့လက်ထဲမှာလည်းမရှိ၊ အခြားစာသင်သားများ သိမ်းဆည်းထုပ်ပိုးနေ ချိန်မှာ သူတို့အဖွဲ့ (ဆရာ၊ ဆရာ့ညီကိုရင်နှင့် သူ)က ငြိမ်ကုပ်နေကြရသည်၊ အိမ်လွမ်းဂါထာ ရွတ်ပွားခွင့် မရှိ၊ စာသင်သားသံယာတော် ရာနှင်ချီ သီတင်းသုံးနေနိုင်သည့် ဓမ္မသီတဝူ ကျောင်းဆောင်ကြီးတစ်ခုလုံးတွင် သူတို့ နှင့်ဘဝတူ (၁၅)ပါးမျှသာ ယောင်ချာချာ၊ အပေါ်ဆုံး ထပ်မှာ (၅)ပါးမျှသာ၊ စာအံသံစာပို့ချသံတို့ဖြင့် အသံမစဲခဲ့သော မစိုးရိမ်တိုက်သစ်ကြီးသည် တဒင်္ဂငြိမ်ဆိတ်နေသလို ဆွမ်းခံကိုယ်တော်များနှင့် ဥဒဟို စည်ကားလှသော စိန်ပန်းရပ်ကြီး၏ နံနက်ခင်းများသည်လည်း သာသနာရောင် ပါးလျကာ ခြောက်ကပ်နေတော့သည်၊ သည်တော့ သူတို့လို လက်ကျန်ကိုယ်တော်ကြီး ကိုယ်တော်လေးများကို စုပြုံကာ ဆွမ်းလောင်းကြသဖြင့် သပိတ်လျှံနေသည် သို့သော် မပျော်၊ ရွာပြန်ချင်နေကြသည်၊ ဆရာတော်က တော့ ဆွမ်းခံ ပြန်လာသည့် တပည့်များ၏ ဆွမ်းလှျံ သပိတ်များကို ကြည့်ကာ "အေး. . ခေတ်မကောင်းပေမဲ့ ဆွမ်းတော့ လောင်းကြသား"ဟု မုဒိတာစကား မြွက်ကာ အားပေးတော်မူလေ့ရှိ၏။

မည်သို့ဆိုစေ သူနိသျည်းဆရာက မည်သို့မည်ပုံဝတ္ထုငွေ ရှာဖွေလာသည်မသိ၊ ဆရာတပည့်များ ငွေစကြေးစလေးကို စစ်စစ်ကုတ်ကုတ်သုံးစွဲကာ ရွာပြန်ခွင့်ရခဲ့ကြသည်၊ မန္တလေးမှ ရွှေဘိုလိုင်းကား၊ ရွှေဘိုမှ ခင်ဦးကြဲကား၊ ခင်ဦးမှ ကန့်ဘလူသို့ ခြေလျှင်၊ ကားစုတ်ကိုလမ်းမပေါ်တွင် စီး၊ ခရီးမတွင် ခြေလျှင်တသွယ် လွမ်းဖွယ်မကောင်းချေတကား၊ သို့နှင့် မစိုးရိမ်နှင့် ဝေးနေခဲ့သည်မှာ ပထမကြိမ်တန်း အောင်မြင်ပြီးသည့် အထိပင်၊ သည်ကြားကာလတွင် မစိုးရိမ်သို့ တစ်ခေါက်ပြန်ရောက်သေးသော်လည်း နိုင်ငံရေးအရာများက တစ်နေ့ ထက်တစ်နေ့ တိမ်တောင်သဖွယ် မင်းရေးကျယ်ဖြစ်နေခဲ့ကာ မိဘများကလည်း မြို့ပြတွင် စာဆက်လက် သင်ရန် စိတ်မချသဖြင့် နယ်စာသင်တိုက်လေးများမှာသာ ကျင်လည်နေခဲ့ရသည်၊ သာမဏေကျော်အိပ်မက်လည်း ပျက်ခဲ့တော့၏၊ ပထမကြိမ်တန်းကိုပင် တဘုန်းဘုန်းကျပြီးမှ အောင်မြင်လာခြင်းဖြစ်သည်။

နယ်မြို့လေးတွင် ပထမကြိမ်တန်းအောင်ပြီးမှ ငယ်သံယောဇဉ်ဖြင့် မစိုးရိမ်တိုက်သစ်သို့ ပြန်လည်ခိုဝင်ခဲ့ပါသည်၊ အသက်(၁၈)နှစ်. . ။

ထို အချိန်တွင် ဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသက နရသိန်တောရတွင် ဝိပါက်ကြမ္မာ မလွတ်သာဖြင့် ဖြစ်နေတော်မူရရှာဆဲ၊ သူ ရဟန်းခံရန် ရက်နီးကပ်လာသောအခါမှသာ ဆရာတော် ဝိမုတ္တိသုခကို ခံစားတော်မူရခြင်း ဖြစ်ပါသည်၊ သူ့ရဟန်းခံပွဲသို့ ဆရာတော်ကို တခုတ်တရပင့်ဖိတ်ခဲ့သေးသည်၊ သို့သော် အကြောင်းမတိုက် ဆိုင်၍ ဆရာတော်မကြွနိုင်ခဲ့၊ သူ့ရဟန်းခံဖိတ်စာမှာတော့ အရှင်ရာဇဓမ္မာဘိဝံသ၏ တပည့်ဟု ထည့်ခွင့်ရသည်ကိုပင် ဂုဏ်ရည်သတ္တိ ကြီးမားလှပါပြီ၊ သူ့ရဟန်းခံပွဲတွင် ရွှေကျင်သာသနာပိုင် ညောင်ရွှေကန်ကြီး ဆရာတော်ဘုရားက ပထမကမ္မဝါစာအဖြစ် ချီးမြှောက် တော်မူခဲ့၏။

သာသနာပိုင် ဆရာတော်ကြီးက မစိုးရိမ်တိုက်သစ် ဆရာတော်၏ တပည့်မှန်း သိတော်မူသည့်အတွက် "ဦးဇင်းတို့ ဆရာ ဦးရာဇဓမ္မကို မစိုးရိမ်ဆရာတော်ကြီး ဦးသူရိယနောက်က လိုက်လိုက်လာတာ တွေ့ဖူးတယ်၊ လူပုံချော ခပ်ထက်ထက်ပဲ"ဟု မိန့်မြွက်ချီးကျူးတော်မူပါသည်။

ထိုရဟန်းခံမှ အပြန် ဝါဆိုဦးကာလတွင် ဆရာတော်၏ အခြားလက်သီးဆုကို ဆွတ်ခူးခဲ့ရပြန်ပါသည်၊ သူ နယ်မြို့လေးမှ မန္တလေးမြို့သို့ ပြောင်းရွှေ့လာသော အခါ စိန်ပန်းရပ်ထဲတွင် ဆွမ်းခံကြွခဲ့သည်၊ စိန်ပန်းရပ်ကြီးက ကျယ်၊ နှစ်ပေါင်းကလည်း ကြာပြီမို့ ရက်ကွက်အမည်များကို သေချာမမှတ်မိတော့။

နေမင်းကျောင်းတိုက်ထဲမှ ဖြတ်ကာ သီတဝူကျောင်းအမကြီးအိမ်ရှေ့ကို ကျော်၊ လမ်းကြားလေးထဲသို့ တိုးဝင်၊ ထိုမှ စိန်ပန်းလမ်းမကြီး တလျှောက်ရှိ ရပ်ကွက်လေးထဲကြွ၊ နောက်ဆုံး ဝိဇ္ဇာလင်္ကာရကျောင်းပေါက်တည့်တည့်သို့ ပြန်ခေါက်. . ၊ ဒီလောက်ပဲ မှတ်မိတော့သည်။

သူသပိတ်ကို ဂရုစိုက်သော ဆွမ်းခံအိမ်နှစ်အိမ်ရှိသည်၊ ကုန်သည် ဦးစောကိုလေး+ဒေါ်သိန်သိန်းဌေးနှင့် တွင်ခုံလုပ်ငန်းလုပ်သည့် ဦးအေး+ဒေါ်ကြည်တို့ ဖြစ်သည်၊ ကံကောင်းထောက်မစွာ နောက်ဆုံးအိမ်နှစ်အိမ်လည်း ဖြစ်နေသဖြင့် သူ့ဆွမ်းဟင်းခွက်များ လစ်ဟင်းနေလျှင် ဖြည့်စွက်လောင်းလှူတတ်ကြသည်။

မိုးရာသီ သရက်သီးများ လှိုင်လှိုင်သီးသော

http://www.dhammadownload.com

တစ်နေ့တွင် ဖြစ်သည်၊ သူဆွမ်းခံအိမ် (၈)အိမ်ရှိရာ ပထမ (၆)အိမ်က ပေါ်ဦးပေါ်ဖျား သဘောဖြင့် ဆွမ်းတစ်ယောင်းမနှင့် သရက်သီးတစ်လုံးစီ လောင်းလိုက်ကြသည်။ ဒီသရက်သီးတွေနဲ့ ဆွမ်းဘယ်လို စားရပါ့.. ဒုက္ခ..၊ သတ္ထာမမြောက်အိမ် ရောက်တော့ ဒေါ်သိန်းသိန်းဌေး၏ မိခင်ကြီးက ဆွမ်းပန်းကန်ပြားတစ်ချပ်နှင့် သရက်သီးလှလှတစ်လုံး ကိုင်ကာ ရောက်လာပြန်တော့သည်၊ ဘုရားရေ.. အရှင်ဘုရား ဦးဦးဖျားဖျား ဘုဉ်းပေးရအောင် သရက်သီးချိုတယ်ဘုရာ့တဲ့၊ "ဒီနေ့တော့ အံ့သြစရာပဲ တခြား ဒကာမကြီးတွေလည်း ဒကာမကြီးနဲ့ အတွေးထပ်နေပြီဗျ"ဟု သူက စကားဖွင့်ရလေတော့၏၊ သို့မှသာ သပိတ်ကို ဖွင့်ကြည့်.. အဲ ဟုတ်ပေသားပဲဟု အိမ်တွင်ချက်သော ဆွမ်းဟင်းအချို့ကို ခူးခပ်လောင်းလှူသောဟူ၏။

နောက်ဆုံးဖြစ်သော ဦးအေးတို့ အိမ်ကတော့ သူ့အတွက် လက်ဘက်ရည် ပူပူတစ်ခွက်နှင့် ကွမ်းတစ်ယာ အသင့်ပြင်ပေးထားမြဲ ဖြစ်ပါသည်၊ သတ္ထာမဆွမ်းခံအိမ် မိသားစုသည် သာမဏေဘဝဖြင့် ဓမ္မာစရိယတန်းတက်နေသော သူ့ကို ရဟန်းဒကာအဖြစ် ခိုးမြောက်ထောက်ပံ့လိုကြ၏၊ သို့သော် ကြိုတင်မလျှောက်ထားခဲ့ကြ၊ တောင်ကြီး မြို့မှ ရွာဆွေမျိုး ရပ်ဆွေမျိုးမိသားစုကို ရဟန်းဒကာ ဒကာမများအဖြစ် အသိအမှတ်ပြု လက်ခံလိုက်သဖြင့် နေ့ကောင်းရက်သာ ရွေးချယ်၊ ပရိက္ခရာပစ္စည်းများပင် ဝယ်ယူပြီးကြလေပြီ၊ ထိုအချိန်မှာမှ ထိုမိသားစုက ရဟန်းခံခွင့် တောင်းကြခြင်းဖြစ်သည်၊ သင်္ကန်းပရိက္ခရာများလည်း ဝယ်ယူပြီးဖြစ်ကြောင်း၊ အရှင်ဘုရား အံ့သြသွားအောင် ခုမှ ခွင့်တောင်းကြကြောင်း စသည် လျှောက်ထားကြလေသည်၊ သို့သော် ချဉ်ပေါင်ကို ကာပြန်၊ ဝက်သားကို ခြေကန်ရုန်းလို့ မဖြစ်တော့ပြီ၊ စိတ်မကောင်းစွာ ငြင်းပယ်ရတော့သည်၊ သို့နှင့် ရဟန်းခံပွဲအတွက် ဝယ်ယူထားသော ပရိက္ခရာသင်္ကန်းများသည် ဝါဆိုသင်္ကန်းများအဖြစ် ပြောင်းလဲသွား၏။

ဝါဆိုသင်္ကန်းကပ်လှူပွဲသို့ မစိုးရိမ်ကျောင်းတိုက် (ဟောင်း) ပိဋကနယူပဒေသဆရာတော် ဦးကောဝိဒါဘိဝံသ (အမေရိကားမှာ ပျံလွန်တော်မူသော သာသနာ့ဥယျောင် ဆရာတော်ကြီး)နှင့် မစိုးရိမ်တိုက်သစ်ဆရာတော် အရှင်ရာဇမဟာဘိဝံသတို့ ကိုယ်တိုင် ကြွရောက်တော်မူကြမည်၊ ကြွရမှာက မနက်စောစော အာရုံဆွမ်း၊ သူ အိပ်ယာ မနိုးမှာ စိုးရိမ်သွားသည်၊ ညဦးကတည်းက အဆင်သင့်ဖြစ်စေရန် ဝတ်ရုံသင်္ကန်းတစ်စုံကို အသင့်ပြင်ထားသည်၊ လာပင့်သည့်အချိန်မှာ သူ မနိုးသည့်တိုင် အခြားတပါးပါးက အလွယ်တကူ နှိုးနိုင်စေရန် ကြပ်ညပ်နေသော ကျောင်းဆောင်အတွင်းခန်းထဲ ဝင်မအိပ်ဘဲ အပြင်ဘက် လသာဆောင်တွင် ဖျာတစ်ချပ်ခင်းကာ အိပ်သည်၊ နိုးမှ နိုးပါ့မလား အတွေးက နှိပ်စက်၏၊ ထင်သည့်အတိုင်း တကယ်လည်း မနိုးခဲ့။

လာရောက်ကြိုသော ကားကလည်း ကျောင်းရှေ့ပိတောက်ပင်အောက်သို့ ရောက်နေပြီ၊ ဆရာတော်ကလည်း အသင့်ဖြစ်နေပြီ၊ သူလိုက်ရှာသည့် ကိုယ်တော်တွေက ခါတိုင်းအိပ်နေကျ နေရာမှာ ရှာကြသည်၊ မတွေ့၊ ဖြစ်ချင်တော့ လသာဆောင်မှာလည်း အိပ်တုန်းက သူတစ်ပါးတည်းပေမဲ့ သူအိပ်မျော်သွားသည်နှင့် သူဘေးမှာ သင်္ကန်းခေါင်းမြီးခြုံကာ ဝင်ထိုးအိပ်သည့် မောင်ရှင်များက လေးငါးပါးဖြစ်နေပြန်သဖြင့် ရှာဖွေရ ခက်သွားသည်။

သူ့ကို နှိုးသည့် ကိုယ်တော်ကြီးက ထ ထ.. ဟေ့ကောင် မင်းတော့ မလွယ်ဘူး၊ ဆရာတော် စောင့်နေတာ ကြာလှပေါ့၊ ဘေးမှာ အသင့်ချထားသည့် သင်္ကန်းကို အိပ်ချင်မူးတူးလဲကာ ပြေးရသည်၊ ပိတောက်ပင်အောက် ရောက်ရောက်ချင်း ခွပ်ကနဲ အခါမဲ့ လျှပ်စီးလက်သွားသည်၊ မှုက်နှာတွင် ပူထူသွားကာ တရားမမှတစ်ခုခုကို ရလိုက်သည်ထင်၏၊ ဒီနွားက ဘယ်ရောက်နေတုန်း၊ အဆင်သင့် ပြင်မထားဘူး၊ ကဲ ကြွ၊ လက်သီးတစ်ချက် စကားတစ်ခွန်း။

ထိုနေ့က အခြားမှ ဆရာတော်များက ဆွမ်းတစ်ဝိုင်း၊ သူကတော့ သာသနာ့အကျော်အမော် ဆရာတော်ကြီးနှစ်ပါးနှင့် ဆွမ်းတစ်ဝိုင်းတည်း။ ကြောက်ရွံ့ရိုသေလွန်းသော စိတ်ဖြင့် နောက်တော်ပါးက ရုတ်တရက် လိုက်ခဲ့ရသောကြောင့် မျက်နှာသစ်ချိန် မရလိုက်ဘဲ ဆရာတော်ကြီးများနှင့် ဆွမ်းတစ်ဝိုင်းထဲ ထိုင်စားခဲ့ရသည်ကို တွေးမိတိုင်း ကြက်သီးထနေဆဲ...။

မည်သို့ ဆိုစေ..၊ ဆရာတော့် လက်သီးများ၏ အရှိန်အဟုန်တွင် ငြဟ္မစိုရ်ထိချက်များ ပါနေသည်ကို ခံစားရဆဲပင်။

ဆရာတော်ဘုရား၏ ငြဟ္မစိုရ်လက်သီးချက်များအား ပူဇော်ဂါရဝဖြင့်...

ဓမ္မဝင်္သ

http://www.dhammadownload.com

သီဟနာဒ ဆိုမြွက်ဟ

လွန်ခဲ့သော ၂၂ (၁၃၅၂-ခု၊ ၁၉၉၀-ခု) နှစ်လောက်က ဖြစ်သည်၊ ၁၃၅၀-၁၉၈၈-ခု ရှစ်လပိုင်းက စတင်ခဲ့သော (၈၈)အရေးတော်ပုံကို ငြိမ်းချမ်းစေနိုင်ရေးအတွက် စစ်အစိုးရဘက်က လူကြီးတွေက သံဃာတော်များထံသို့ ချဉ်းကပ်သော အချိန်ဖြစ်သည်။

မန္တလေးတွင် ပထမဆုံး ဆရာတော်ကြီးများကို ပင့်လျှောက်၍ သြဝါဒခံယူသော ပွဲဖြစ်သည်၊ ထိုအချိန်က တိုင်းမှူးဗိုလ်ချုပ်ထွန်းကြည်ဖြစ်သည်။

ဆရာတော်များကို နေ့လည် (၁)နာရီတွင် မန္တလေးမြို့ မြူနီစပယ်ရုံးကြီးသို့ ကြွတော်မူရန် ကားများဖြင့် လာရောက်ပင့်ကြသည်၊ လေးပြင်လေးရပ် ဆရာတော်ကြီးများ လေးမြို့နယ် သံဃနာယက ဥက္ကဋ္ဌ အတွင်းရေးမှူးများကို ပင့်လျှောက်လေသည်၊ စာရေးသူမှာ ထိုအခါ အရှေ့တောင်မြို့နယ် သံဃနာယက အတွင်းရေးမှူး ဖြစ်သည်၊ ဥက္ကဋ္ဌဆရာတော်မှာ မြင်းဝန်မင်းကြီးတိုက် မန်းခေတ်ကျောင်း ဆရာတော် ဘဒ္ဒန္တဣန္ဒကွန္ဒက ဖြစ်သည်၊ အသီးသီး ကြွရောက်လာကြသော ဆရာတော်ကြီးများ စုံလာ၏၊ ဗိုလ်ချုပ်ထွန်းကြည်လည်း ရောက်လာ၏၊ သံဃာတော်များအား ဝတ်ပြု၍ ကျန်မာကြောင်းများ လျှောက်ထားရင်း ကထာသလ္လာပပြု၏၊ အထူးလျှောက်ထားချက်ကို လျှောက်ထား၏၊ ယခု သံဃာတော်များ မှောက်ထားသော ပတ္တနိကုဇ္ဇနက်ကို ပြန်လှန်ပေးရန်အတွက် လျှောက်ထား၏၊ ဆရာတော်များ၏ သြဝါဒကိုလည်း နာလိုပါကြောင်း လျှောက်ထား၏၊

အားလုံးတိတ်ဆိတ်ငြိမ်သက်လျက် ရှိပေသည်၊ ထိုအချိန်၌ သီတင်းစာစောင်လေးကို လက်ထဲ၌ ကိုင်ထားသော ဆရာတော် ဦးရာဇဓမ္မက "မင်း ဘယ်သူမှ သြဝါဒပေးမှာ မဟုတ်ဘူး၊ ငါ မေးမယ် မင်း အဝိရောဓန-ဆိုတာ သိသလား"ဟု ရဲတင်းပြတ်သားစွာ မေးလိုက်သည်၊ ဗိုလ်ချုပ်ထွန်းကြည်ကလဲ စစ်သားပီပီ မသိပါဘုရားဟု လျှောက်ထားသည်၊

ဆရာတော် ဦးရာဇဓမ္မက မသိရင် မှတ်ထားကွ၊ အဝိရောဓန-ဆိုတာ မင်းတို့မည်သည် ရဟန်းရှင်လူ ပြည်သူတို့နဲ့ မဆန့်ကျင်ရဘူးတဲ့၊ ယခု ဖြစ်ပေါ်နေတဲ့ ပြဿနာတွေဟာ မင်းတို့ဘက်က လိုက်လျှောမှု မရှိလို့ ဖြစ်နေတာ၊ မဆန့်ကျင်အောင် လိုက်လျှောမှုတွေ ပေးလိုက်ရင် ပြီးသွားမှာပေါ့-ဟု ရဲရင့်ပြတ်သားစွာ မိန့်ကြားလိုက်သည်။

ဒါနံ သိလံ ပရိစ္စာဂံ၊ အဇ္ဇဝံ မဒ္ဒဝံ တပံ။


အက္ကောဓ အဝိဟိံသဉ္စ၊ ခန္တီ စ အဝိရောဓန-

ဟူသော မဟာဟံသဇာတ်တော်လာ မင်းကျင့်တရား(၁၀)ပါး အကျဉ်းချုပ်မိန့်ကာ "ဒါတွေ မင်းတို့ သိဘို့ လေ့လာဘို့ ကောင်းတယ်ကွ"လို့ တိုတိုပြတ်ပြတ် ပြောကာ အဆုံးသတ်လိုက်သည်။

ဦးဇနသာရ

ပဏ္ဏိတာရုံကျောင်း ညောင်ကန်တိုက်

http://www.dhammadownload.com



အတိတ်မှတ်တမ်းဖြင့် ပူဇော်ခြင်း

အရှင်အရိယဝံသ(ဓမ္မာစရိယ)

မြစ်ကြီးနား အထူးအမြန်ရထားကြီးသည် ပူလောင်သော တပေါင်းနွေကို အံတုရင်း ဘူတာပေါင်းများစွာကို ကျော်ဖြတ်ခဲ့လေပြီ၊ မန္တလေးမြို့သို့ စာသင်ခရီးမှာ ဘဝတွင် အမှတ်ရစရာ ဖြစ်ပါသည်၊ နေရာသစ်တစ်ခုကို သွားရမည်၊ မွေးရပ်မြေနှင့်လည်း ခွဲရမည်၊ အားငယ်မိသည်၊ ရင်မှာ အတွေးစတို့ဖြင့် အိပ်ပျော်သွားလေ၏၊ ရထားဥဩဆွဲသံကြားမှ ထကြည့်လိုက်သည်နှင့် အင်းဝ တံတားကြီးက ဆီးကြိုနေ၏။

http://www.dhammadownload.com

ရထားပြတင်းပေါက်ကနေ နောက်ပြန် လှည့်ကြည့် မိလိုက်လျှင် ရွှေရောင်ဝင်းနေသော ဆွမ်းဦးပုညရှင်စေတီနှင့် စစ်ကိုင်းတောင်တန်းကြီးကို တွေ့ရသည်၊ မကြာမီ မန္တလေးသို့ ရောက်တော့မည်၊ ရထားပေါ်ကနေ အောက်သို့ခြေချလိုက်သည်နှင့်။

"အရှင်ဘုရား ဆိုက်ကားငှားမလားဘုရား"

"အရှင်ဘုရား လေးဘီးငှားမလားဘုရား"

မန္တလေးဆိုက်ကားဆရာ၊ လေးဘီးဆရာတို့က သူ့ထက်ငါ ဦး၍ မန္တလေးရွှေမြို့တော်ကြီးနှင့် မိတ်ဆက်ပေးလေ၏၊ ထို့စဉ် စာရေးသူက "ကိုရင်နှစ်ပါး၊ သံသောဏာနှစ်လုံး၊ ဖျာနှစ်ချပ်၊ လက်ဆွဲအိတ်နှစ်ခု ဘယ်လောက်လဲ" ဟု မေးလိုက်သောအခါ သုံးရာကျပ်ကျကြောင်း ပြောသဖြင့် သဘောတူကာ တက်စီးခဲ့ကြ၏။

ရောက်ပါပြီ၊ "မစိုးရိမ်တိုက်သစ်"ဟူသော နာမဝိသေသနှင့် မဆီလျော်သော ဆိုင်းဘုတ်ခပ်နွမ်းနွမ်း အောက် အရောက်တွင် ကားကို ရပ်လိုက်ကြသည်၊ ပြီးမှ ကားခရှင်းပြီး စာရေးသူတို့ကို ကျောင်းအပ်ပေးမည့် ဦးဇင်း ဦးသုဇာတရဲ့ လိပ်စာကိုကြည့်လိုက်သည်၊ "ဦးသုဇာတ၊ ဓမ္မပါလကျောင်း၊ မစိုးရိမ်တိုက်သစ်၊ စိန်ပန်းရပ်၊ မန္တလေး"။

နွေရာသီ ကျောင်းပိတ်ချိန်မို့ ကျောင်းတိုက်ကြီးတွင် စာသင်သားများများ မတွေ့ရပါ၊ ဓမ္မပါလကျောင်း၌ ဦးသုဇာတ၊ ဦးအဂ္ဂ၊ ဦးအရိယစသော ဦးဇင်းကြီး သုံးပါးလေးပါးခန့်သာ ရှိသည်၊ ဦးဇင်း ဦးသုဇာတက စာရေးသူတို့ ကိုရင်နှစ်ပါးကို သက်ဆိုင်ရာ စာချုပ်နှင်းကြီးများထဲ အပ်နှံပြီး စာရင်းပေးထားလိုက်သည်။

စာရေးသူမှာ မူလတန်းအောင်ပြီးဖြစ်၍ ပထမငယ်အတွက် စာကို ကြိုကျက်ထားရသည်၊ ရောက်စက တစ်ရက်နှစ်ရက်တွင် ဆွမ်းမခံပဲ ရွာမှပါလာသော မုန့်ညင်းချဉ်နှင့် ဆီတို့ဟူးကို ဟင်းလုပ်ကာ စားလိုက်ရသေး၏၊ "ကံစမ်း မန်းတက်၊ ဥဏှစမ်း ဆန်းတက်"ဟု ဆိုရိုးစကားရှိသည်၊ မိမိက်ကို မန်းရွှေမြို့တော်ကြီးက စမ်းခေါ်ပြီ။ မန္တလေးရောက်ပြီး သုံးရက်မြောက် နေ့တွင် နံနက်လေးနာရီခန့် အိပ်ရာမှထ၍ ဘုံဆွမ်းကြွရသည်၊ ၃စလမ်း မန်းမြို့ဈေးနှင့် လမ်း-၈၀ ဘူတာကြီးနားတစ်ဝိုက်ကြွလိုက်လျှင်ပင် သပိတ်လျှံအောင် ရသည်၊ ဆွမ်းဟင်းမှာ ဝက်သား၊ သရက်ချဉ်၊ ကုလားပဲနှပ်စသည်ဖြင့် နေ့စဉ်ရသည်၊ ဆွမ်းဟင်းမကောင်းလှသော နေ့တွင် ပဲပြုတ်နှင့် ဘယာကြော်တော့ အနည်းဆုံးရသည်၊ တခါတရံ ဆွမ်းခံပြန်လာ၊ နာရီဝက်ခန့် ဘုရားမှာ သပိတ်ကပ်ပြီး ၉-နာရီခွဲစာသင်ချိန်မရောက်ခင် ဘယာကြော်ကို ရေနဲ့မျှောချရသည်မှာ အရသာ အလွန်ရှိလှသည်၊ ဒီလိုနှင့် တစ်ပတ်ဆယ်ရက်ခန့် ဘုံလောင်းကြပြီး ဆွမ်းခံခဲ့ရသေး၏၊ မန်းမြို့သူမန်းမြို့သားတို့၏ ကျေးဇူးတရားကား စာရေးသူတို့ စာသင်သားများအပေါ်တွင် အလွန်တရာကြီးမားလှပါတော့၏။

စာရေးသူတို့ ရောက်စမှာ ကျောတစ်ခင်းစာတစ်နေရာပင် မရ၍ ဓမ္မပါလကျောင်းလေး အောက်ထပ်တွင် ပျဉ်တိုပျဉ်စများကို ခင်းကာ အိပ်ရပါသည်၊ ထိုစဉ်က ဓမ္မပါလကျောင်းသည် တစ်ထပ်ကျောင်းငယ်ကလေးသာ ဖြစ်ပါ၏၊ မစိုးရိမ်ထုံးစံမှာ ရှေ့ကစီနီယာကျသော စာသင်သားများ လစ်လပ်မှသာ ကျန်စာသင်သားများကို နေရာပေးလေ့ရှိသည်၊ စာချုပ်နှင်းကြီးများနှင့် ခင်၍မင်၍ နေရာရမည် မထင်လိုက်ပါနှင့်၊ နေရာမရမချင်း စောင့်ပေဦးတော့၊ မစိုးရိမ်မှာ နေရာတစ်နေရာရဖို့ အနည်းဆုံးနှစ်နှစ်သုံးနှစ်ခန့် စောင့်ရ၏၊ ဤမျှ ဆင်းရဲသော နေရာမျိုးမှာ စာသင်သားများကား တစ်နှစ်ပြီးတစ်နှစ် တိုးလာသည်မှာ အံ့ဩစရာပင်။

ကဆုန်လရောက်သည်နှင့် ကျောင်းစဖွင့်၏၊ စာသင်သားများလည်း စုံလေပြီ၊ စာရေးသူတို့ ကိုရင်တစ်သိုက်မှာ ရောက်ခါစက ဆရာတော်ကြီး ဦးသိရိန္နထံ၌ သဒ္ဒါစာဝါ တက်ခဲ့ရသေး၏၊ တနေ့တွင် ဆရာတော်ကြီးက စာရေးသူကို ခေါ်ကာ -

"ကိုရင်က ရှမ်းလူမျိုးလား"

"မှန်လှပါဘုရား"

"ဘွဲ့ ဘယ်လိုခေါ်လည်း"

"ဥပတိဿလို့ ခေါ်ပါတယ်ဘုရား"

"အော်. . . ကိုရင့်ဘွဲ့က ရှင်သာရိပုတ္တရာရဲ့ လူနာမည်ပဲ၊ ကဲ ကိုရင့်ဘွဲ့ကို ရှင်အရိယဝံသလို့ ပြောင်းပေးလိုက်မယ်၊ ဒီနေ့ကစပြီး မှတ်ထားပေတော့"ဟု ဆိုကာ စာရေးသူရဲ့ ပါးနှစ်ဖက်ကို လိမ်ဆွဲပါတော့သည်၊ ဆရာတော်ကြီးမှာ ကိုရင်ငယ်လေးများကို အင်မတန်ချစ်တော်မူ၏၊ တခါတရံ ကိုရင်ငယ်လေးများကို အနားခေါ်၍ ကျောင်းရှိ ကိုယ်တော်များ၏ နေပုံထိုင်ပုံများကို အစ်မေးလေ့ရှိသည်၊ စာရေးသူနေထိုင်ရာ ဓမ္မပါလကျောင်းသို့ ပြန်ရောက်သောအခါ ကျောင်းမှာရှိသော ဦးဇင်းကြီးများက "ကိုရင် ဆရာတော်မေးရင် သတိထားဖြေနော်"ဟု အတန်တန်မှာကြားကြလေ၏၊ ဤသို့ဖြင့် စာကျက်စာအံ ပုံမှန်ရှိလာ

http://www.dhammadownload.com

သောကြောင့် စာရေးသူသည် နေရတာ ပျော်လာသည်၊ အပေါင်းအသင်းတွေလည်း ရလာသည်၊ အိမ်ကိုလည်း အခါတိုင်းလို သတိမရလှတော့ပါ။

စာရေးသူတို့ ရောက်စက မစိုးရိမ်တိုက်သစ်ကြီးတွင် သံဃာအပေါင်း(၁၀၀၀)ခန့်သာရှိသေးသည်၊ ကျောင်းစဖွင့်သည်နှင့် ဝိနည်း၊သဒ္ဒါ၊ဥပဂါ၊မြန်မာစာ စာဝါများကို ကျမ်းပြီးဆရာတော်များ ဖြစ်ကြသော ဦးသေဋ္ဌိလ၊ ဦးသဇ္ဇန၊ ဦးဇောတိပါလ၊ ဦးပညာဇောတတို့ထံ တက်ကြရသည်၊ သင်္ဂြိဟ်စာဝါကိုမူ ဆရာတော် ဦးဝိလာသထံမှာ တက်ရသည်၊ စာရေးသူသည် ထိုနှစ်တွင် ပထမတိုက်ပတ်စာမေးပွဲကို အဆင့်(၃)ဖြင့် အောင်သဖြင့် ဆရာတော် ဦးဝိလာသမှာ ဝုဏ်ယူမဆုံးတော့ပါ၊ ဆရာတော်သည် အဘိဓမ္မာသဘောတရားများနှင့် ပတ်သက်လာလျှင် စိတ်လိုလက်ရ ရှင်းပြလေ့ရှိသည်၊ တစ်ခါတရံ စာတက်နေစဉ် စာရေးသူကို လှမ်းအော်ကာ "ဥပတိဿ ဘယ့်နှယ်လဲကွ နားလည်တယ် မဟုတ်လား"။

"တင်ပါ့ ဘုရား"

"ဒီလိုမှပေါ့ကွ မင်းတို့ဟာက မျက်စိက ကျယ်ရမယ့် အစား ဟိုဒင်းကြီးက ကျယ်နေလို့ နှင့်မေလွှားတဲ့မှ"ဟု ပယ်ပယ်နယ်နယ် တစ်တစ်ခွခွ ကရုဏာဒေါသဖြင့် ဆုံးမတော်မူ၏၊ သမိဒ္ဓိကျောင်းတွင် ညစာအံကျောင်း တက်သောအခါ ဆရာတော်က စာရေးသူကို လက်ဆွဲပြီး စာသင်သားများအကြားတွင် အရှေ့အနောက် နှစ်ခေါက်လောက် လျှောက်ပြလိုက်သေးသည်၊ စာသင်ခြင်းနှင့် ပတ်သက်လာလျှင် ဤမျှ ဇွဲနဲ့ဘဲကြီးလှသော ဆရာတော်ပါတည်း။

အစိုးရ ပထမငယ်တန်းအောင်၍ ပထမလတ်တန်းကို တက်ရမည်၊ သက်ဆိုင်ရာ စာချဆရာတော်များမှာ ဦးကေသရာဘိဝံသ၊ ဦးသုစိတ္တာဘိဝံသ၊ ဦးပညိန္ဒာဘိဝံသ၊ ဦးတေဇောဘာသ၊ ဦးဥတ္တမ၊ ဦးယောသိတ စသော ဆရာတော်များ ဖြစ်သည်၊ စာသင်ရသည်မှာ အဆင်ပြေလှပါသည်၊ တောမှာ အနက် မထင်ခဲ့သော စာများလည်း သဘောပေါက်လာသည်၊ စာချဆရာတော်များကလည်း တစ်နှစ်ထက်တစ်နှစ် တိုးလာသည်၊ သံဃာများလာသည်နှင့်အမျှ အခက်ခဲဆုံးပြဿနာမှာ ရေဖြစ်သည်၊ တချို့နေ့တွေမှာ ရေ မလောက်၍ မချိုးရသောရက်များပင် ရှိသည်၊ ညနေ ဘက်စာအံကျောင်းဆင်းချိန် ရေကန်တွင် ရေလုချိုးခဲ့ရသည်၊ စာရေးသူ နားထဲတွင် ရေချိုးခွက်ခြစ် သံများကို ယခုထိကြားနေပါသေးသည်၊ ရေမလာလျှင် ကုဋီတက်ရသည်မှာလည်း အလွန်ဒုက္ခရောက်သည်၊ ကုဋီမလောက်ဘဲ သောကြောင့် အပြင်မှာ တန်းစီစောင့်နေရသည်၊ ဝမ်းမကောင်းသောအခါနှင့် ကြုံလျှင်ပင် အကြောကြီး ထိုင်နေလို့မရပါ၊ အပြင်ကနေ အချက်ပြသောကြောင့် မြန်မြန်ပြီးခဲ့ရသည်၊ ဤမျှလောက် ဆင်းရဲစွာ နေခဲ့ရ၏။

စာရေးသူတွင် အလေ့ကျင့်ကောင်းတစ်ခု ရှိပါသည်၊ ဥပုသ်နေ့ မနက်စောစောထပြီး ကုဋီဆေးသည်၊ မနက်နေ့ည တစ်နေ့သုံးကြိမ် သောက်ရေထည့်သည်၊ ဤအလေ့အကျင့်ကောင်းကို တွန်းအားပေးသူမှာ ကရင်ဦးဇင်း ဦးဥာဏိန္ဒဖြစ်ပါသည်၊ နိဗ္ဗာနကုသိုလ် နေ့စဉ်ရခဲ့သဖြင့် တွေးမိတိုင်း ကြည်နူးရသည်၊ မစိုးရိမ်တွင် စာဝါများမှာ နေ့စာဝါ၊ ညစာဝါဟူ၍ ရှိသည်၊ အပတ်စဉ်လစဉ် စာမေးပွဲများလည်း ဖြေရသည်၊ အပတ်စဉ် စာမေးပွဲကျသော်လည်းကောင်း ဘုရားဝတ်တက်စာအံကျောင်း ပျက်သော်လည်းကောင်း နေ့ဘက်အိပ်စက် အနားယူချိန်တွင် ပိတောက်ပင်အောက်မှာ ဒဏ်ထမ်းရသည်၊ ဤသည်မှာ မစိုးရိမ်တိုက်သစ်၏ သမရိုးကျစည်းကမ်းဖြစ်သည်။

စာရေးသူသည် ပထမတိုက်ပတ်စာမေးပွဲ အောင်ထားသောကြောင့် ဒုတိယတိုက်ပတ် မရောက်မချင်း စာသင်ချိန် ဘုရားဝတ်တက်ချိန်မှ လွဲ၍ နေ့ည စာအံကျောင်းများ ကင်းလွတ်ခွင့်ရ၏၊ လစာလည်းရ၏၊ စာရေးသူမှာ ဤအခွင့်အရေးမျိုးကို အင်မတန်ကြိုက်သည်၊ အဘယ်ကြောင့်ဆိုသော် ညဘက်တွင် ရတနာပုံ ရုပ်ရှင်ရုံသွား၍ အိန္ဒိယကုလားဇာတ်လမ်း သွားကြည့်ချင်၍ ဖြစ်သည်၊ ဒုတိယတိုက်ပတ်ကိုလည်း အောင်မြင် အောင်ကြိုးစားမည် ဟု သန္နိဋ္ဌာန်ချထားသည်၊ မကွယ် ဒုက်တန်းပြောလိုပါသေးသည်၊ စာရေးသူ၏ မကောင်း သောအကျင့်တစ်ခုမှာ ညဘက်စာအံကျောင်း လစ်ခြင်း ပင်ဖြစ်သည်၊ ထို့ကြောင့် မကြာခဏဆိုသလို အတန်းပိုင်ဆရာတော်၏ နားရင်းအုပ် ခြင်းကို ခံရသည်၊ တစ်နေ့တွင် သူငယ်ချင်းဖြစ်သူ ဇဝနဆိုသော ကိုရင်တစ်ပါးနှင့် စကားများနေရာ ဆရာတော် ဦးသုစိတ္တာဘိဝံသ(ရေဦး)၏ လက်သီးစာ မိခဲ့ဖူးသည်။

စာရေးသူသည် ရဟန်းခံဖို့ပင် အသက်က စေ့လေပြီ၊ သို့ဖြင့် မန္တလေး အရှေ့တိုင်းဂစ်တာ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဘုရားကြီး အသောကာရာမတိုက် သိမ်တော်ကြီးတွင် ရဟန်းဖြစ်ခဲ့ပါသည်၊ ဥပဇ္ဈာယ်

http://www.dhammadownload.com

ဆရာတော်မှာ ပေါက်မြို့ငှဲအလယ်တို့က်ကြီး ဆရာတော်ဦးအဂ္ဂဝံသအဆိဝံသ ဖြစ်ပြီး၊ ဩဝါဒပေးသည့် ဆရာတော်မှာ မစိုးရိမ်တိုက်သစ် ဆရာတော် ဦးရာဇဓမ္မဘိဝံသ ဖြစ်၏၊ ရဟန်းလောင်းဆုံးမသည့် ဆရာတော်ကတော့ ဆရာတော် ဦးသုစိတ္တာဘိဝံသ(ကြီး)ဖြစ်သည်၊ ဆရာတော် ဦးရာဇ၏ ဩဇစ္ဆိဒစကားများက စာရေးသူ နားထဲတွင် ယခုတိုင် ကြားယောင်နေဆဲဖြစ်၏၊ "ကာမဘောဂါ၊ လူချမ်းသာလည်း၊ ကင်းကွာစေးစွဲ သမဏာ၏၊ သုခလည်း ရှုံး၊ နှစ်ကျိုးရှုံးလျက်၊ ကတုံးသာလျှင်၊ အဖုတ်တင်ခဲ့၊ က. . . မောင်ပဉ္စင်း ရဟန်းဖြစ်ပြီဆိုတာနဲ့ သမဏသုခ ရအောင် လုပ်ရင့်လုပ်၊ ဒါမှမဟုတ် လူထွက် ကာမဂုဏ် သုခ ရအောင်ဇုတ်၊ ဒီနှစ်ခု တစ်ခုခုမှ မရပဲနဲ့ ဟိုမဟုတ် ဒီမဟုတ် နေသွားခဲ့ရင် သေတဲ့အခါ ကတုံးပဲ အဖုတ်တင်မယ်"ဟူသတည်း။

သီတင်းကျွတ်ပြီးနောက် စာရေးသူလည်း ရဟန်းခံပြီးလေပြီ၊ ပထမကြီးတန်း စာဝါတွေလည်း ထက်ဝက်ကျိုးလေပြီ၊ ထိုစဉ် ကုလားနှင့်ဗမာ အရေးအခင်း ဖြစ်စပြုနေ၏၊ ဟိုမြို့က ဗလီဖျက်၊ ဒီမြို့က ဆန္ဒပြ၊ တစတစနှင့် ကြီးထွားလာသည်၊ စာရေးသူတို့ မန္တလေးမြို့သို့ မကြာမီ ရောက်လာသည်။

ကုလားအရေးအခင်း အပြင်းထန်ဆုံး ညတစ်ညတွင် စာရေးသူတို့ စာအံကျောင်းတက်နေကြသည်၊ အုန်းမောင်းခေါက်သံ ဓာတ်တိုင်ရိုက်သံတွေလဲ ဆူညံနေသည်၊ ကျောင်းရှိသံဃာများကလည်း လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြ၏၊ ထိုစဉ် ဆရာတော်ဦးဝိလာသ ကြွလာပြီး စာသင်သားများကို မေတ္တာရပ်ခံသည်၊ စာရေးသူတို့မှာ စစ်ကားသံကြားတိုင်း အပြင်ထွက်လိုက် ဆရာတော် ဦးရာဇက အော်လိုက်နှင့် ကြာသော် ဆရာတော်သည်ဇင် အသံဝင်တော်မူရှာလေသည်၊ ဗျော်စရာလိုလို ထိတ်လန့်စရာလိုလို ခံစားရသည်၊ လက်နက်များကိုင်ထားသော စစ်သားများက ကျောင်းတိုက်ကြီးကို ချိန်ပြီး လှည့်ပတ်နေ၏၊ ထိုစဉ် ကျောင်းထောင့်အရောက်တွင် မစိုးရိမ်စိုးစိုးအဖော်ညှိလာသော ကိုယ်တော်တစ်သိုက် စစ်ကားနှင့် တိုးမိကာ သေနတ်ပစ်သံ တစ်ချက်ကြားလိုက်ရသည်၊ စာရေးသူတို့ စာသင်သားများ ချောင်းကြည့်ကြသည်၊ နောက်ဆုံးတွင် စာဝါစာအံကျောင်းများ ရပ်နားလိုက်ရသဖြင့် စာရေးသူ ပထမကြီးတန်း မဖြေလိုက်ရပါ။

အများက မစိုးရိမ်ဟုပြောလျှင် နိုင်ငံရေးနှင့် ရောယှက်သလို ထင်ကြရသည်၊ မြန်မာနိုင်ငံတွင် သံဃာအင်အားများသောကြောင့် လည်းကောင်း၊ ၁၉၉၀-ပတ္တနိုကုဒ္ဒနအရေးအခင်းတွင် ဦးရာဇ၊ဦးကောဝိဒစသော ဆရာတော်ကြီးများ အဖမ်းခံရသောကြောင့် လည်းကောင်း၊ မစိုးရိမ်ဟူသောနာမည်မှာ ကမ္ဘာကျော်နေ၏၊ အထူး သဖြင့် မစိုးရိမ်တိုက်သစ် နာမည်နှင့်တွဲလျက် ဦးရာဇဟူသော မင်းသံစိုးသံပါသော ဘွဲ့နာမည်က သိပြီးသား ဖြစ်ပါသည်၊ မစိုးရိမ်သမိုင်းကို ပြောလျှင်လည်း မပါမဖြစ်သည်မှာ ဆရာတော်ဦးရာဇပင် ဖြစ်ပေလိမ့်မည်၊ မြန်မာကလည်း သိသည်၊ ကမ္ဘာကလည်း သိသည်၊ မစိုးရိမ်ပါဝါသည် ဤမျှအထိ ကြီးမားလှသည်။


ဆရာတော်သည် စကားပြောလည်း ပြတ်သည်၊ အသံတော်ကလည်း ကြည်လင်ပြတ်သားလှသည်၊ ဘုရားဝတ်တက်ပြီး ဩဝါဒပေးတာကိုလည်း ကြည့်ပါဦး၊ "ဒီတိုက်က ကိုယ်တစ်ယောက်တည်း နေတဲ့တိုက် မဟုတ်ဘူး၊ သံဃာအများကြီးကို အုပ်ချုပ်နေရတဲ့ တိုက်ဖြစ်တယ်၊ တိုက်တာ စည်းမျဉ်းစည်းကမ်းနဲ့ မဆိုင်တဲ့ အလုပ်မှန်သမျှ ဒို့က မဖြေရှင်းပေနိုင်ဘူး၊ ကိုယ်လုပ် ကိုယ်ခံကြ၊ မကောင်းတာလုပ်တဲ့ ကိုယ်တော်တွေ့လို့ သေရင် သင်္ဂဏာချောင်းထဲသာ ပစ်ချလိုက်၊ ဘယ်သူမှ မရှိရင်လည်း ကျောင်းတွေအားလုံး ဂိုဒေါင်လုပ်ထားလိုက်မယ်" ဟူ၏။

မစိုးရိမ်အကြောင်းကို ဤသို့ဤနှယ် အကျယ်ချဲ့၍ ပြောနေလျှင် ပြီးတော့မည်မဟုတ်၊ မစိုးရိမ်နာမည် ကိုပင် မဆိုထားဘိ၊ မစိုးရိမ်စာသင်သားများပင် အရှိန်အဝါကြီးသည်၊ အသုံးချခံ မဟုတ် အသုံးပြုနိုင်သူသာ ဖြစ်ရမည်၊ စေစားရာ မဟုတ် စေစားနိုင်သူသာ ဖြစ်ရမည်၊ မစိုးရိမ်မှ မစိုးရိမ်စိတ်ဓာတ် အမှန်တကယ်ရှိသူ တိုင်းသည် ဆရာတော်ဦးရာဇကဲ့သို့ ရဲရင့်ပြတ်သားရမည်သာ ဖြစ်ပါတော့သည်။

စာရေးသူရဲ့ ဤရသ ဆောင်းပါးလေးတစ်ပုဒ်ဖြင့် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ရာဇဓမ္မာဘိဝံသ မထေရ်မြတ်၏ သက်တော်(၈၀)ပြည့်မွေးနေ့ အထိမ်းအမှတ်ပူဇော်ပွဲ မဟာသဘင်ကို ခြေတော် ဦးခိုက်ပူဇော်လိုက်ရပါသည်။

ဆရှင်အရိယဝံသ(ဓမ္မာစရိယ)

http://www.dhammadownload.com



သဇီဝရဲ့ သဇီဝေါဝါဒများ

တပည့်လာဘ (နဝုတိပတ္တ)

တစ်နေ့ "နဝုတိပတ္တ"အဖွဲ့သားဟောင်းတွေတွေ့ဆုံခိုက် မစိုးရိမ်တိုက်သစ်နာယကချုပ် ဆရာတော်ကြီးရဲ့ သက်တော်(၈၀) ဂုဏ်ပူဇော်ပွဲကျင်းပမှာ ဖြစ်တဲ့အကြောင်း အမှတ်တရ စာအုပ်ထုတ်ဝေမည့် အကြောင်းတွေ ပြောကြတော့ တပည့်ပေါင်းများစွာကို ဩဝါဒပေါင်းများစွာပေးရင်း သွန်သင်ဆုံးမခဲ့တဲ့ ဆရာတော်ကြီးရဲ့ ဩဝါဒ အစိတ်အပိုင်းလေးတွေကို ရေးဖို့စိတ်ကူးရသွားမိတယ်။

http://www.dhammadownload.com

"ဆရာဆိုတာ"

စစ-အရေးခင်းကြီး ပြီးသွားချိန်မှာတော့ သားသုံးယောက်ထဲမှာ အကြီးဆုံးဖြစ်တဲ့ ဘုရားသားတွေနဲ့ အလတ်ကောင် ကျောင်းသားတွေဟာ တိုင်တိုင်ပင်ပင်၊ ညီညီညွတ်ညွတ်၊ ချစ်ချစ်ခင်ခင် ရှိလာကြတယ်၊ အရေးကြီးတဲ့ အချိန်တိုင်း သွေးနီးလာကြတယ်။ အငယ်ကောင် ဖြစ်တဲ့ စစ်သားကတော့ အဖေ၊ အမေနဲ့ အကိုကြီး(ဘုရားသား) အကိုလတ်(ကျောင်းသား)တွေကို ခပ်စိမ်းစိမ်းပဲ နေမြဲတိုင်း နေနေကြတယ်။

ခေတ်စနစ်နဲ့အညီ သမိုင်းလိုအပ်ချက်အရ ပေါ်ပေါက်လာခဲ့တဲ့ စစ-အရေးတော်ပုံကြီးကို သေးသိမ်အောင် ထင်မှတ်မှားအောင် ပြုလုပ်တဲ့ နဝတရဲ့ "သမိုင်းရေစီး လှိုင်းကြီးလေထန် ဖြစ်ရပ်မှန်" ပြပွဲလုပ်ချိန်မှာတော့ မန္တလေးသံယာတွေနဲ့ ကျောင်းသားတွေဟာ တက်တခေါက်ခေါက် လက်သီးတဆုပ်ဆုပ် ဖြစ်ခဲ့ကြပြီး လူထုရဲ့အဖျတ္တသရုပ်မှန်ကို ဖော်ထုတ်သင့်တယ်လို့ တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြတယ်။

လူထုရဲ့ သရုပ်မှန်ကို ဖော်ထုတ်တဲ့အနေနဲ့ ပြပွဲရဲ့ အမည်ကို "သမိုင်းရေစီး လှိုင်းကြီးလေထန် ဖြစ်ရပ်ချန်" လို့ အမည်တွင်စေခဲ့ကြတယ်၊ အဲ့ဒီပြပွဲကြီးမှာ စစ်ကိုင်းအရေးခင်းမှာ သွေးမြေကျခဲ့သူတွေရဲ့ မှတ်တမ်းဓါတ်ပုံတွေ ရန်ကုန်မြို့တော်ခန်းမ ရှေ့မှာ အစုလိုက်အပြုံလိုက် ပစ်သတ်ခံရတဲ့ ဗွီဒီယိုပြကွက်တွေ၊ အမြို့မြို့အနယ်နယ်မှာ ဖြစ်ပျက်ခဲ့တဲ့ သတင်းအချက်အလက်တွေနဲ့ ဝေဝေဆာဆာ စည်စည်ကားကား ရှိခဲ့တယ်။

အဲ့ဒီလို သံယာတွေနဲ့ ကျောင်းသားတွေ ညီညွတ်ပြီးပြုလုပ်တဲ့ ပြပွဲကြီး စည်ကားလာတာကိုက အဖြိုခွဲခံအနှိပ်ကွပ်ခံရဖို့ နီးစပ်လာခြင်းရဲ့ အကြောင်းရင်း ဖြစ်လာတော့တယ်၊ ဒီလိုချိန်မှာဘဲ နာယကချုပ်ဆရာတော်ကြီးက ကျောင်းတိုက်(၂)တိုက်ရဲ့ ခေါင်းဆောင်သံယာတွေကို ဆင့်ခေါ်လိုက်တယ်။

"ကဲကဲ လာ၊ မင်းတို့ကို ပြောစရာရှိတယ် လောက မှာ လူ(၂)မျိုး ရှိတယ်၊ (၁) ကောင်းအောင် ဆိုးပေးတဲ့ လူနဲ့၊ (၂) ဆိုးအောင် ကောင်းပေးတဲ့လူတဲ့၊ အေး မင်းတို့ နားလည်အောင် ရှင်းပြမယ်၊ လက်ရှိ မင်းတို့ လုပ်နေတဲ့ ပြပွဲကို ငါက လုပ်သင့်တဲ့ပွဲ ပြသင့်တဲ့ပွဲလို့ မြှောက်ပေးလိုက်ရင် မသိသလို နေလိုက်ရင် "ငါဟာ မင်းတို့ဘဝကို ဆိုးသွားအောင် လုပ်တဲ့လူစားမျိုး ဖြစ်သွားမယ်၊ ဆိုးအောင် ကောင်းပေးတဲ့ လူစားမျိုးပေါ့၊ အေး ဒီအချိန်မှာ မင်းတို့ကို ငါက ဒီပြပွဲမျိုး ဖြစ်သင့်ဖြစ်ထိုက် ပြထိုက်တာ မှန်တယ်၊ ဒါပေမယ့် နောက်ဆက်တွဲ ဆိုးကျိုးအနေနဲ့ အဖမ်းအဆီး အနှိပ်စက်ခံရတော့မယ်၊ လူတစ်ယောက်ဟာ အဖမ်းအဆီးခံရရင် ဘဝသေသလို ဖြစ်သွားတတ်တယ် ဒီလိုမဖြစ်ရအောင် မင်းတို့ ပြပွဲကို ချက်ချင်းရပ်ဖို့ ငါတားတယ်၊ ဘာပြုလို့လဲဆိုတော့ မင်းတို့ကောင်းအောင် ငါ ဆိုးပေးတဲ့လူ ဖြစ်ချင်လို့ပဲ"။

နောက်ပြီး မင်းတို့ကို တစ်ခုထပ်ပြောမယ် "ဆရာဆိုတာ တပည့်တွေ အန္တရာယ်ရှိပြီဆိုရင် မသိပေမယ့်လဲ သိအောင်လုပ်ပြီး တားရတယ် ဒါမှ ဆရာက၊ အခု မင်းတို့မှာ အန္တရာယ်ရှိနေပြီ၊ ဒီတော့ မင်းတို့ရဲ့ ပြခန်းကို အမြန်သိမ်း၊ မသိမ်းဘူးဆိုရင် ဒီတိုက်က ပြောင်း"လို့ အမိန့်ထုတ်တယ်။

မစိုးရိမ်မှာနေကြတဲ့ သံယာတွေအနေနဲ့ တိုက်တာက နှင်ထုတ်ခံရတာလောက် ရှက်စရာ အကောင်းဆုံး ပြစ်ဒဏ်၊ ကြောက်စရာ အကောင်းဆုံး ပြစ်ဒဏ်မရှိဘူး၊ ဦးဇင်းတွေအားလုံး မျက်နှာမသာမယာနဲ့ ပြန်ပြီး ခေါင်း ချင်းဆိုင်ကြတယ်၊ လက်တွဲဖော်ဦးဇင်းတွေ မျက်နှာမသာ မယာဖြစ်နေတာကို မြင်တွေ့ကြတဲ့ ဗ-က-သ၊ အ-ထ-က ကျောင်းသားလေးတွေလည်း အဖြစ်မှန်ကို သိတော့ "ဒို့လက်တွဲဖော် ဦးဇင်းတွေတော့ သွားပြီနဲ့ တူတယ်"ဆိုပြီး စိတ်မကောင်းဖြစ်ကြတယ်။

ဒီအချိန်မှာ သံယာ့ဥဿျောင် ဆရာတော်ကြီး (ဦးကောဝိဒါဘိဝံသ)က ဆောက်တည်ရာမရ ဖြစ်နေကြတဲ့ သံယာတွေကို ခေါ်ပြီး "မင်းတို့ စိတ်ဓာတ်မကျကြနဲ့၊ စိတ်လည်းမပူကြနဲ့၊ မင်းတို့ အန္တရာယ်ရှိတယ်ထင်လို့ မင်းတို့ ဆရာက တားတာ၊ မင်းတို့ ပြပွဲကို အမြန်ဆုံးသိမ်းလိုက်ကြ၊ မင်းတို့ကို နှင်မထုတ်အောင် မင်းတို့ဆရာကို ငါပြောပေးမယ်"လို့ အမိန့်ရှိတော့မှ သက်သာရာရခဲ့ကြတယ်။

ဒီနေရာမှာ လေးစားအတုယူဖို့ စံနမူနာယူဖို့

http://www.dhammadownload.com

ဆရာ တော်ကြီးနှစ်ပါး တပည့်တွေကို အုပ်ချုပ်ထိန်းကျောင်းသွားပုံက နောင်နာယက အဆက်ဆက် မှတ်ယူသင့်တဲ့ ထိန်းကျောင်းကွပ်ကဲမှု အတတ်ပညာရပ်တစ်ခုလို့ မှတ်ယူ မိပါတယ်၊ ဆရာတော်ကြီးတစ်ပါးက တပည့်တွေ အန္တရာယ်ရှိလို့ ခပ်ကြမ်းကြမ်းအမိန့်နဲ့ တားမြစ်အုပ်ချုပ်တယ်၊ နောက် ဆရာတော်ကြီးတစ်ပါးက တက်ကြွနေတဲ့ တပည့်တွေကို ပျော့ပြောင်း၊ နူးညံ့တဲ့အသွင်နဲ့ စိတ်ဓာတ်မကျအောင် စိတ်ဓာတ်မြှင့်တင် သိမ်းသွင်းတယ်၊ ဒီလို တွဲဖက်ညီတဲ့ ဆရာတော်ကြီးတွေ ဒို့မဟာသာသနာနဲ့ လက်ရှိသာသနာမှာ များများပေါ်ပေါက်ပါစေလို့ စိတ်ထဲကနေ ထာဝရဆုတောင်းနေမိတယ်။

"ခေတ်အဆက်ဆက် မိဒီယာရဲ့ သားကောင်ဖြစ်ခဲ့တဲ့ မစိုးရိမ်"

ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက် အစိုးရ မီဒီယာသမားတွေဟာ မစိုးရိမ်ကျောင်းတိုက်ကြီးကို သားကောင်သဖွယ် ညစ်ကျယ်ကျယ် ရေးခဲ့ကြတယ်။

စစ်ကြီးအပြီး မစိုးရိမ်ကျောင်းတိုက်အတွင်းဝင်ရောက်ရှာဖွေရှင်းလင်းတော့ ဂျပန်စစ်သားတွေ ကျန်ခဲ့တဲ့ ကျည်ဆံအနည်းငယ်ကို ဟိုနားတစ်တောင့် ဒီနားတစ်တောင့် ရှာဖွေသိမ်းဆည်းရမိတယ်၊ ဒန်အိုးစက်က သိမ်းဆည်းမှာစိုး၍ ခဏခေတ္တ လာထားတဲ့ တင်းဝင်ဒန်အိုးကြီးတွေနဲ့ ပန်းကန်ခွက်ယောက်တွေဟာလည်း ကျောင်းတိုက်ကြီးရဲ့ ပစ္စည်းသို့ လှောင်ရာ အခန်းထဲမှာ အသီးသီးရှိကြတယ်၊ ဒါကို သကောင့်သား မိဒီယာသမားတွေက သိမ်းဆည်းရမိတဲ့ ကျည်ဆံအနည်းငယ်ကို တင်းဝင်ဒန်အိုးကြီးတွေနဲ့ တွဲပြီး "မစိုးရိမ်ကျောင်း တိုက်ကြီးအတွင်းမှ တင်းဝင်ဒန်အိုးကြီးနှင့် ကျည်ဆံများ သိမ်းဆည်းရမိ"လို့ ဖွလိုက်တယ်၊ လာပြီး တပ်စခန်းချတဲ့ ဂျပန်စစ်သားတွေရဲ့ ကျည်ဆံအားလုံး ပေါင်းရင်တောင် ဒန်အိုးကြီးတစ်လုံးစာ မရှိပါဘူး။

နောက် စစ်အစိုးရတက်ပြီး သံဃာတွေရဲ့ ပတ္ထနိကုဋ္ဌန သံဃာ့ကံပြုပွဲကို ဖြိုခွဲတဲ့အနေနဲ့ မစိုးရိမ်ကျောင်းတိုက်စတဲ့ မန္တလေးစာသင်တိုက်ကြီးတွေကို ဝင်ရောက်ရှာဖွေ ဖမ်းဆီးပြန်ပါတယ်။

ဒီတစ်ခါမှာလည်း အစိုးရမီဒီယာသမားတွေက "မစိုးရိမ်ကျောင်းတိုက်ကြီး နှစ်တိုက်ကြီးအတွင်းမှ နိုင်ငံဆူပူအောင်၊ မငြိမ်သက်အောင် ပြုလုပ်ရာတွင် အသုံးပြုသော လက်နှိပ်စက်များ စာကူးစက်များ သံဃာတော်များမှ ထုတ်ဝေသော ဥတ္တမဂျာနယ်များနှင့် ကျောင်းသားအဖွဲ့အစည်းများမှ ထုတ်ဝေသော ဗဟိန်းဂျာနယ်၊ အောင်ကျော်ဂျာနယ်၊ ရိုးမရေစီးဂျာနယ်၊ တပ်လှန့်သံဂျာနယ်၊ မီးဒုတ်ဂျာနယ်များနှင့် ကြေငြာချက် စာရွက်စာတမ်းများ အပြင် အမျိုးသမီးများ၏ ထမီ၊ အတွင်းခံဘောင်းဘီနှင့် ဘော်လီအင်္ကျီများပါ တွေ့ရှိရကြောင်း" ဆိုပြီး လုပ်ချလိုက်ပြန်တယ်။


တကယ်တော့ စစ်အစိုးရတက်ချိန်က ကျောင်းသား အရေးလှုပ်ရှားကြတဲ့ ကျောင်းသားကျောင်းသူတွေကို စစ်တပ်က အတင်းအဓမ္မ လိုက်လံဖမ်းဆီးကြလို့ ကိုယ့်မိဘ၊ ကိုယ့်အိမ်မှာ မနေရဲ မအိပ်ရဲဘဲ နီးစပ်ရာ ကျောင်းတိုက်ကြီးနဲ့ ကိုယ့်ရဲ့ လုံခြုံရေးကို အကာအကွယ်ပေးနိုင်မယ်လို့ထင်တဲ့ ကျောင်းတိုက်ကြီးတွေမှာ ပုန်းအောင်းကြ၊ လှုပ်ရှားကြ၊ အိပ်စက်ကြရတယ်၊ ရှောင်တခင် ကျောင်းတိုက်ကြီးတွေကို စီးနင်းဝင်ရောက်တော့ အဖမ်းမခံရရေးတစ်ခုတည်းကိုသာ ဦးတည်ပြီး သံဃာတွေနဲ့ ကျောင်းသားကျောင်းသူအားလုံး ကိုယ်လွတ်ရုန်းကြရတယ်၊ ဒီတော့လည်း ထမီတို့ ဘော်လီတို့ဆိုတာတွေဟာ ကျန်ပြီပေါ့၊ ရှိပြီပေါ့။

ခေတ်အဆက်ဆက် အစိုးရရဲ့ မီဒီယာတွေ ဘယ် လောက်ဖွဖွ ဘယ်လောက်သိက္ခာချချ မစိုးရိမ်ဆိုတဲ့ ညီနောင်တိုက်ကြီး နှစ်တိုက်ကတော့ နောက်နှစ်ပေါင်းရာထောင်မက ဆက်လက်တည်တံ့ စည်ပင်နေဦးမှာပါ။

ယခု ရေးသားခဲ့သော ဩဝါဒများသည် သက်တော်ထင်ရှားရှိတော်မူသော ဆရာတော်ကြီးရဲ့ ထာဝရရှင်သန်နေမည့် ဩဝါဒအစိတ်အပိုင်းလေးများသာ ဖြစ်ပါကြောင်း။

တပည့်လာဘ (နဝတိပဏ္ဍိတ)

http://www.dhammadownload.com



ကြည်ညိုမကုန် ဆရာ့ဂုဏ်

ကောလွှာညာလင်္ကာရ

ခြေတော်ရင်း ဝပ်စင်းကြည်ညို

မိမိသည် အစိုးစာချတန်းပြီးမှ ဆရာတော်ဘုရား၏ ခြေတော်ရင်းသို့ ဝပ်စင်းခစားခွင့်ရခဲ့၏၊ မဖူးတွေ့ရခင်ကတည်းက နာမည်ကြီးနေသော ဆရာတော်ဘုရားကို စိတ်ထဲမှာ ဆရာတော်ဦးရာဇဆိုတာ အသားညိုညို ထောင်ထောင်မောင်းမောင်း ခပ်တုတ်တုတ် ရုပ်ရည်မျိုး ရှိမည်ဟု စိတ်ဖြင့် မှန်းဆမိခဲ့၏။ ၁၃၅၆-ခု၊ သီတင်းကျွတ် လပြည့်ကျော် (၈) ရက်နေ့ ဆရာတော်ဘုရား၏ ခြေတော် ရင်းရောက်မှ ဆရာတော်ဘုရားသည် ရုပ်ရည်အဆင်း ဝါးဝင်းသော အသားအရည်တော်ရှိကာ နူးညံ့ပျော့ပြောင်းသော ကိုယ်ကာယတော်ဖြင့် ကြည်ညိုဖွယ်ဆောင်သော ဟိတ်ဟန်မရှိ ပကတိရိုးရှင်းစွာ သီတင်းသုံးနေထိုင်သည်ကို ဖူးတွေ့ရသော အခါမှ အံ့သြဘနန်း ကြည်ညိုခဲ့ရ၏။

အိပ်ရာဝင်အိပ်ရာထ ကြည်ညိုခဲ့ဖြန်ရ

ညအိပ်ရာဝင်သောအခါ မိမိမှာ နောက်မှ ရောက်သဖြင့် အိပ်စရာနေရာ မရှိ၊ ကံကောင်းထောက်မစွာဖြင့် စာသင်သား ဦးဇင်းတစ်ပါး ထွက်သွားသောကြောင့် ဒါယာဒကျောင်း အပေါ်ထပ် လှေခါးအနီး ဆရာတော့်အခန်းသို့ သွားရာလမ်းဘေး၌ အိပ်စရာနေရာရခဲ့၏၊ ဆရာတော်သည် ညအခါ ကျိန်းစက်တော် မူရန် သူ့ အခန်းတွင်းသို့ ကြွသောအခါ မိမိတို့၏ ခြင်ထောင်ကြိုးများကို ပင့်တင်၍ ခေါင်းငုံ့ကာ ကြွရောက် ကျိန်းစက်တော်မူ၏၊ နံနက် အိပ်ရာထသောအခါမှာလည်း မိမိတို့၏ ခြင်ထောင်ကြိုးများကို ပင့်တင်ပြီး ခေါင်းငုံ့ကာ ဘုရားစင်ရှေ့ ကြွရောက်ပြီး ဘုရားရှိခိုးတော်မူပြန်၏၊ "အော် တပည့်များ အပေါ်အတော် တော်သောဆရာတော်ပါလား"ဟု အံ့သြဘနန်း ကြည်ညိုရပြန်၏။

http://www.dhammadownload.com

နေ့လည်ချိန်မှာ ကြည်ညိုစရာ

နေ့လည် ဆွမ်းဘုန်းပေးပြီးသောအခါမှာလည်း ဆွမ်းစားဝိုင်းမှ ဦးစွာထ၍ ပက်လက်ကုလားထိုင်ပေါ် ထိုင်ကာ ပဌာန်းပစ္စယနိဒ္ဒေသပါဠိတော်ကို အသံထုတ် ရွတ်တော်မူ၏။ နေ့တိုင်းပင်။ ပဌာန်းရွတ်ပြီးသော အခါ ကုဋ္ဌပေါ်၌ ခဏတာမျှ ကျိန်းစက်တော်မူ၏။ ကျိန်းစက်သောအခါ ယခင်က ဒါယာဒကျောင်း အောက်ထပ် တောင်ဘက်ကုဋ္ဌမျှားတွင် ရှေ့ဆုံးကုဋ္ဌပေါ်၌ ကျိန်းစက်တော်မူ၏။ ဆရာတော့်ကုဋ္ဌ၏ နောက်ဘက် မြောက်ဘက် စီတန်းချထားသော ကုဋ္ဌများပေါ်ဝယ် ဆရာတော့်တူ မုနိန်(ကျော်ခိုင်) အပါအဝင် ဦးဇင်းများ ကိုရင်များ ပိုးလိုးပက်လက် ဖင်ပေါ်ခေါင်းပေါ် အိပ်နေကြသည်ကို ဆရာတော် မည်သို့မျှ မပြောဘဲ အေးအေးဆေးဆေး ကျိန်းစက်အနားယူတော်မူသည်ကို တွေ့ရပြန်သဖြင့် "ဆရာတော်လည်း စာသင်သားတွေနဲ့ မခြားဘာမှ အခွင့်ထူးမယူပါလား"ဟု တခါအံ့ဩဘနန်း ကြည်ညိုခဲ့ရပြန်၏။

ဇဲညာထောက်ထား လေးစားကြည်ညို

ဆရာတော်သည် တပည့်များအပေါ် ဆုံးမဩဝါဒပေးရာ၌ ညာတာထောက်ထားမှုမရှိ အပြစ်အလိုက် ဓမ္မဓိဌာန်ကျကျ ဆုံးမဩဝါဒပေးလေ့ရှိသော်လည်း တပည့်များအပေါ် မည်သို့မျှ အပြစ်ရှာခြင်းမရှိ၊ မိမိသည် သက္ကသီဟစာသင်တန်းပြီး၍ ဒါယာဒကျောင်း အောက်ထပ် မြောက်ဘက်အခန်းအတွင်း ဆရာတော့် နေ့ခင်းနေထိုင်ရာ ကုဋ္ဌင်အနီး၌ နေရာရခဲ့၏၊ ဆရာတော့်ကုဋ္ဌပေါ်မှ စောင်းကြည့်လိုက်လျှင် အလွယ်တကူပင် မြင်နိုင်သော်လည်း မိမိအခန်းအတွင်းသို့ အပြစ်ရှာသောအားဖြင့် တခါမျှ မကြည့်စဖူး၊ ခိုင်းစရာရှိ၍ အပြင်က လှမ်းခေါ်မရသောအခါမှ လွဲ၍ မိမိအခန်းတွင်းသို့ တခါမျှပင် မဝင်ရောက်ခဲ့။ ဤသည်ကို တွေး၍ "အော် ဒီလောက် နာမည်ကြီးဆရာတော်က တပည့်များအပေါ် အပြစ်မရှာဘဲ ညာတာထောက်ထား နေတော်မူလေတကား'ဟု ကြည်ညိုသဒ္ဓါ လွန်စွာပွားရပြန်၏။


အချိန်မဖြုန်း ကြည်ညိုမဆုံး

ဆရာတော့်အပေါ် အံ့ဩဘနန်း ကြည်ညိုရသော နောက်တခုမှာ ဆရာတော်သည် အများသူငါတို့ကဲ့သို့ အပေါင်းအဖော် ခုံမင်ခြင်းမရှိ၊ အချိန်းဖြုန်း၍ ဟောလား ဝါးလားအချည်းနှီးစကား လေကုန်ခံပြောကြားနေထိုင်ခြင်းမျိုး ဘယ်သောခါမျှ မတွေ့စဖူး၊ အားလျှင် စာဖတ်နေတတ်၏၊ အမြဲတမ်း ပဌာန်းပါဠိတော်ကို အသံထွက် ရွတ်ဖတ်နေတတ်၏၊ ဘုရားကို မူ အကြိမ်ကြိမ်ရှိခိုး၏၊ ည့်သည်လာသောအခါ ဘုရားရှိခိုးရင်း လှည့်စကား ပြောတတ်၏၊ အများတကာလို တမင်တကာ ကြည်ညိုအောင် စောင့်ခိုင်း၍ ဟိတ်ဟန်လုပ်ခြင်း မရှိ၊ ည့်သည် ပြန်သွားသောအခါ ဘုရားရှိခိုးမြဲ ရှိခိုးပြန်၏၊ ဒိုင်ယာရီ အဟောင်းလေးကို ကိုင်ကာ လမ်းလျှောက် နေတတ်၏။ ရေခြစ်ရ-မရသော ဘော့ပင်လေးများ ပုတီးစိပ်ကောင့် တာလေးများ ဘေးနားချထားကာ လမ်းလျှောက်ပုတီး စိပ်နေတတ်၏၊ ပဌာန်းအခေါက်ရေမည်မျှ ပုတီးအပတ် ရေ မည်မျှရှိမည်ကား မသိ၊ အသေအချာ မှတ်သား ထားဟန်ရှိ၏၊ ရှစ်သောင်းလေးထောင်ကျော်သည်အထိ ပြည့်သွားပြီဟုကား ကြားဖူး၏၊ မမေးရဲခဲ့။

အသေးဖွဲလေးများ ချွေးမများ လေးစားလွန်ကြည်ညို

ဆရာတော်သည် ပရိသတ်ရှေ့ လူအများရှေ့ ပွဲလမ်းသဘင် အဆုံးအဖြတ်ပေးရမည့်အရာတို့၌ တပည့်များ ရှေ့က ရှေ့ဆောင်ရှေ့သွား မားမားမတ်မတ် ရပ်တည်လေ့ရှိသော်လည်း အသေးအဖွဲ ကိစ္စလေးများ၌ "ဈေးများသလေး ချွေးခါးသလေး" ဘယ်သောအခါမှ မငြီးညူတတ်၊ အသေးအဖွဲကိစ္စလေးများ၌ တပည့်များ စီစဉ်မှုကို ကလေးငယ်ပမာ လိုက်လျောရှာ၏၊ မိမိရွာသို့ပင် ဖုန်တလုံးလုံးနှင့် လှည်းစီးကြွရှာ၏၊ တခါကလည်း မိမိ ဆွမ်းဝိုင်းသိတင်းသုံးဖော် ဦးကဉ္စန ရဟန်းခံပင့်ရာ တံတားဦးအလွန် တောရွာသို့ ဆရာတပည့်နှစ်ယောက် ၄၁-လမ်းထိပ်အထိ ဆိုက်ကားစီးပြီး တံတားဦးအလွန် တောရွာသို့ လိုင်းကားဖြင့် ကြွရောက်ချီးမြှောက်ဘိ၏၊ အပြန်မှာ ဆရာတော်တစ်ပါးတည်း လိုင်းကားစီး ဆိုက်ကားစီး ပြန်ကြွခဲ့၏၊ တခါကလည်း ဆရာတော်သည် မိမိကို နောက်ပါခေါ်၍ မုံရွာသို့ ကိစ္စတစ်ခုဖြင့် နံနက်အစောကြီး သွားကြရာ အရုဏ်မဘုဉ်းပေးရသေးသဖြင့် အတွေ့အကြုံမရှိသေးသော မိမိက အုန်းတောလက်ဘက်ရည်ဆိုင် အစုတ်ကလေးမှာ ကားရပ်ခိုင်းပြီး လက်ဘက်ရည်ဘဉ်းပေးရန်လျှောက်သည်ကိုပင် ဆရာတော်မှာ ဘာမှမပြော မိမိစီစဉ်သည့်အတိုင်းပင် လိုက်လံ

http://www.dhammadownload.com



နေ့ခင်း နေ့ခါ ကြည်ညိုစရာ

ဆောင်ရွက်ရှာ၏။

ကျောင်းကိစ္စ အဝဝနှင့်ပတ်သက်၍ကား ကြီးကြီးမားမား ဆုံးဖြတ်ပေးရမည့်ကိစ္စ မလုပ်မနေ လုပ်ရမည့်ကိစ္စ အမြင်မတော်၍ စေခိုင်းခြင်းတို့မှအပ ဘယ်သောအခါမှ ဝင်မရှုတ်တတ်၊ တပည့်များ ညှိနှိုင်း စီစဉ်ဆောင်ရွက်ခွင့်ကို အပြည့်အဝ ပေးတော်မူ၏။ ဒါယာဒကျောင်းကိစ္စ အဝဝနှင့်ပတ်သက်၍ အသေးအဖွဲကိစ္စများကို မိမိတို့သည်ပင် ညှိနှိုင်းဆောင်ရွက်ကာ လုပ်ပိုင်ခွင့် အပြည့်အဝရခဲ့၏။

ဒဏ်ဒဏ်ဒဏ် မထွက်မချင်းဒဏ် ရာသက်ပန်ဒဏ်


ဆရာတော်သည် တပည့်များကို အပြစ်ရှိလျှင် အပတ်စဉ်စာမေးပွဲကျလျှင် (တခါနှစ်ခါသာ ရှိက်နှက်သည်ကို မြင်တွေ့ဘူးသည်မှ လွဲ၍) ကြမ်းကြမ်းတမ်းတမ်း ရှိက်နှက်ဆုံးမလေ့မရှိ၊ အမြဲတမ်း ဒဏ်ပေးတတ်သော ဝါသနာရှိ၏။ ဒဏ်ဆိုသော်လည်း သဲဒဏ်ရေဒဏ်ပေးခြင်းမျိုး နစ်မွန်းအောင် အကျိုးယုတ်အောင် စေခိုင်းခြင်းမျိုးမဟုတ်၊ နေ့လယ်နေ့ခင်း အနားယူချိန်မှာ အနားယူခွင့်မပေးဘဲ အကျိုးရှိအောင် စာကျက်စာအံခိုင်း ခြင်းပင်ဖြစ်၏။ နေ့လည်နေ့ခင်းအနားယူချိန်မှာ ဒဏ်သမား၏စာအံသံ မကြားရလျှင် အိပ်မပျော်ဟု ပြောသံ ကြားဘူး၏၊ ဟုတ်သလားမဟုတ်သလားတော့ မသိ၊ တခါတရံ ဆိုးသွမ်းလွန်းသော တပည့်များကို 'မထွက် မချင်းဒဏ်၊ ရာသက်ပန်ဒဏ်'အထိ ပေးသည်ကို ကြားသိတွေ့မြင်ရ၏၊ တခါတရံ တစ်ကျောင်းလုံးဒဏ် တစ်တန်းလုံးဒဏ် အထိ ချမှတ်တတ်၏၊ မှတ်မိသေး၏၊ ဝိမုတ္တိကျောင်းဆောက်ကာစ အုတ်လှေခါးရင်း သရက်ကင်းပြိုကျသွားသဖြင့် မိမိအပါဝင် ဒါယာဒကျောင်း တစ်ကျောင်းလုံး ဒဏ်ထမ်းခဲ့ရ၏၊ တခါကလည်း ဝေဒဂူကျောင်း စာသင်သားများ လေးငါးခြောက်ပါး စာဝါမတက်သဖြင့် တစ်ကျောင်းလုံး ဒဏ်ပေးဘူး၏၊ ဘာဏကကျောင်း စာသင်သားတစ်ပါး အပြင်ထွက် ဆိုးသွမ်းသဖြင့် ဘာဏကကျောင်း တစ်ကျောင်းလုံး နှင်ထုတ်ဘူး၏၊ တခါကလည်း စာသင်သားများ နာယကဆရာတော်များ အပေါ် အထင်လွဲကာ ပြစ်မှားသဖြင့် နာယကငယ်များကို ခေါ်ကာ တကျောင်းဝင် တစ်ကျောင်းထွက် တစ်တိုက်လုံးအထိ လိုက်လံနှင်ထုတ်ခဲ့ဘူး၏၊ ဆရာတော်၏ ဩဇာ

http://www.dhammadownload.com

အာဏာကို မိမိကိုယ်တိုင် တွေ့မြင်ရသဖြင့် အံ့သြဘနန်း ကြည်ညိုရပါ၏။

မင်းတို့လိမ္မာဖို့ ငါ မိုက်မယ်

ဆရာတော်သည် တပည့်များအပေါ် အမုန်းခံကာ ဆုံးမလေ့ရှိ၏၊ 'မင်းတို့ လိမ္မာဖို့ ငါ မိုက်ပေးရတယ်' ဆိုသော စကားမှာ ဆရာတော်အမြဲပြောနေကျ စကားလုံးဖြစ်၏၊ ပြောသည့်အတိုင်း တကယ်မိုက်ခဲ့သော ဆရာတော်ဖြစ်ပါ၏၊ တခါက ကျောင်းတိုက်ကြီးတစ်တိုက်နှင့် အထင်မြင်လွဲမှား၍ ပဋိပက္ခဖြစ်သည်ကို ဆရာတော်ကိုယ်ကိုယ်တိုင် အမိုက်ခံကာ သွားရောက် ဖြေရှင်းပေးခဲ့၏၊ တခါကလည်း မသမာသူများ လှုံ့ဆော်ကာမြောက်ထိုးပင့်ကော် လုပ်သဖြင့် တိုက်တွင်း သံဃာများ ညအခါ ဆူပူသောင်းကျန်းကြသည်ကို ဆရာတော်ကိုယ်တိုင် အဖော်မခေါ်ဘဲ မှောင်နှင့်မဲမဲ ထွက်၍သွားသဖြင့် တပည့်များက ဝိုင်းရံစောင့်ရှောက်ပေးကြရ၏၊ ကုလားဗမာအဓိကရုဏ်းဖြစ်စဉ်အခါန်အခါကလည်း တိုက်ပေါက်ဝမှာ ဝါးလုံးကြီး တရမ်းရမ်းနဲ့ ထိမ်းသိမ်းပြခဲ့၏၊ စက်တင်ဘာအရေးအခင်းတွင်လည်း ဒုတိယရက်၌ တိုက်ပေါက်ဝ တောင်ဘက်မြောက်ဘက် (၃၅-လမ်း၊ ၄၁-လမ်း)ပေါ်၌ အစောင့်ကြပ်များရှိနေ၏၊ စာသင်သားများမှာ သွေးဆူနေကာ ထွက်လျှင် အကျိုးယုတ်တော့မည်ကို သိရှိသဖြင့် ဆရာတော်သည် အကုန်လုံးကို ခေါ်ယူကာ အကျိုးနှင့်အပြစ်များ ရှင်းပြပြီး 'မင်းတို့ ထွက်ချင်လျှင် ငါ့ကို သတ်ပြီးမှ ထွက်ကြ'ဟု ရဲရဲတောက် မိန့်ကြားပီး တိုက်ပေါက်ဝသို့ ကိုယ်တိုင်သွားရောက်ကာ စောင့်ရှောက်ပေးခဲ့သည်အထိ တပည့်များ လိမ္မာဖို့ မိုက်ပေးခဲ့ပါသည်၊ အံ့မခန်း ကြည်ညိုစရာ ဆရာတော်ပါပေ။



ယုတ္တိမုတ္တဝါဒီ ထေရ်မြတ်ဇာနည်

ဆရာတော်သည် ယုတ္တိရှိရှိ အဓိပ္ပါယ်ပါပါ အချက် ကျကျ တစ်ခဏချင်း ပြောတတ်ဟောတတ်၏၊ မိမိသည် မစိုးရိမ်တိုက်သစ် ဆရာတော့်ထံပါး ရောက်ရောက်ချင်း နှစ်ဝက်မှာပင် စာသင်တန်းအောင်၏၊ စာသင်တန်းဖြေပြီး အရပ်သို့ ခေတ္တပြန်ကာ ဂေဇက် စောင့်နေ၏၊ ဂေဇက် ထွက်၍ အောင်မြင်သည်ကို သိရသောအခါ ဝမ်းသာအားရနှင့် ပြန်လာ၏၊ ကုဋ္ဌင်ပေါ်၌ အေးအေးဆေးဆေး စာဖတ်နေသည့် ဆရာတော်ကို တွေ့သောအခါ ဝမ်းသာအားရ ဆရာတော့်ကို ဝတ်ချကန်တော့၏၊ ဆရာတော်သည် မိမိ စာသင်တန်းအောင်သည်ကို သိနှင့်ပြီးသား ဖြစ်ဟန်တူ၏၊ သို့သော်လည်း မသိသလို မေး၏ "မင်း စာမေးပွဲ အောင်သလား"၊ မိမိက "တင်ပါ့ဘုရား" လျှောက်သောအခါ ဆရာတော်က "အေး မင်း စာချတန်း အောင်ချင်ရင် ဖင်ခေါင်းကို ရှုံ့ထား"တဲ့၊ ကြည့်စမ်းပါအုံး မိန့်လိုက်တဲ့စကားက၊ ဆရာတော်သည် မိမိထက်အရင် စာသင်တန်းအောင်သော နောင်တော့် နောင်တော်ကြီးများ စာသင်တန်းအောင်ပြီး စာချတန်း ရောက်သောအခါ ကြန့်ကြာနေတတ်သည်ကို ရည်ရွယ်၍ မိမိကိုလည်း ဖင်ခေါင်းကျယ်ကာ ကြာမှာစိုး၍ မင်း စာချတန်း အောင်ချင်ရင် ဖင်ခေါင်းမကျယ်နဲ့ ဖင်ခေါင်းရှုံ့ထားဟု တိုတိုတုတ်တုတ် ဆုံးမသြဝါဒ မိန့်ကြားဟန်တူပါသည်၊ ထိုသြဝါဒကြောင့် မိမိသည် သကျသီဟစာချတန်း စေတိယင်္ဂဏစာသင်တန်း စာချတန်းတို့ လေးနှစ်နှင့် အပြီးအောင်ခဲ့၏၊ ဤသည်မှာလည်း ဆရာတော်၏ ထိမိသော သြဝါဒအတိုလေးကြောင့်ပင် ဖြစ်ပါ၏၊

နဝတလက်ထက်က ဆရာတော်ကြီး ဦးသိရိန္ဒာဘိဝံသသည် မစိုးရိမ်တိုက်သစ် မြောက်ဘက်ခြမ်း သင်္ဃာချောင်းစပ်ကို ဂရုန်လုပ်ပေးရန် အမိန့်ရှိဘူး၏၊ အုပ်ချုပ်သူ

http://www.dhammadownload.com



ပုဂ္ဂိုလ်များက မပေးချင်၍ "ရေနံထွက်ချင် ထွက်မှာမို့ ဘုရား"ဟု အကြောင်းပြသည်ကို ဆရာတော်က ချက်ချင်းပင် "မင်းတို့ဟာ ချောင်းထဲက ရေက အခုကတည်းက နံနေပါပြီကွာ"ဟု ချက်ချင်းပင် ယုတ္တိရှိရှိ အမိန့်ရှိလိုက်၏၊ မှန်၏၊ သင်္ဇာချောင်းမှာ မစိုးရိမ် စာသင်သားတစ်ဦး တင်စားရေးသားထားတဲ့ "စမ်းရေပြာ ပန်းပေဒါ ကမ်း တစ်ဖက်က လျှမ်းထက်တဲ့ မစိုးရိမ်" ကဗျာထဲကလို မဟုတ်ပေ၊ ချောင်းရေများမှာ နဂိုကတည်းကပင် ညိုပုပ် ၍ နံနေသည်ကို အများအသိပင် ဖြစ်ပါ၏။

ဆရာတော်ကို လူကြီးတော်တော်များက "ဆရာ တော် ဘာလိုချင်သလဲဘုရား"ဟု ခဏခဏလျှောက် ကြ၏၊ ဆရာတော်ကား "ငါ ဘာလိုချင်တယ် ညာလိုချင် တယ်" မည်သူကိုမျှ မမိန့်စဖူး၊ အဖန်ဖန်ထပ်ထပ် လျှောက် ကြသော လူကြီးများကို ဆရာတော်က "ငါ နိဗ္ဗာန်လိုချင် တယ်ကွာ မင်းတို့ရအောင် လုပ်ပေးနိုင်မလား"ဟု ယုတ္တိ ရှိရှိ အဓိပ္ပါယ်ပါပါ အမိန့်ရှိလိုက်သောအခါ လျှောက် ထားသူ လူကြီးများလည်း ပြုံးစိစိ၊ ကြားရသော မိမိတို့လဲ ပြုံးစိစိ။

ဆရာတော်ကို အချို့ပုဂ္ဂိုလ်များက "အချို့ ကျောင်းတိုက်တွေက အရေအတွက်နဲ့စာလျှင် စာမေးပွဲ အအောင် များကြတယ်၊ ဆရာတော့်ကျောင်းတိုက်က အရေအတွက်နဲ့ စာလျှင် အအောင်နည်းကြောင်း" လျှောက်ကြသောအခါ ဆရာတော်က "သူတို့က ရွှေထွက်တဲ့အရပ်ကို ရွှေဖြစ်အောင်လုပ်ရတာကွ၊ ငါတို့က အမှိုက်ထဲက ရွှေထွက်အောင်လုပ်ရတာ"ဟု တိုတိုတုတ်တုတ် အချက်ကျကျ ပြန်လည်ဖြေကြား သည်ကို ကြားရဘူး၏။

ဤသည်ကား မိမိအနေဖြင့် စာသင်သားဘဝ အနီးကပ်နေခဲ့ရစဉ်က ကိုယ်တိုင်မြင်တွေ့ သိရှိနားလည် ကြည်ညိုရသော အံ့ဩဘနန်းကြည်ညိုမှု အနည်းငယ်မျှ သာ ဖြစ်ပါ၏၊ ဆရာတော်နှင့်ပတ်သက်၍ အခြားအခြား သော အံ့ဩဘနန်းကြည်ညိုစရာ အကြောင်းအရာများ ကား များစွာပင် ရှိနေသေးပါ၏၊ သို့သော်လည်း အခြား သောတပည့်များအတွက် ရေးသားဖို့ရန် အလှည့်ပေး သည့်အနေဖြင့် ချန်လှပ်ထားခဲ့ရပါသည်။ ဆရာတော် ဘုရားအား မတတ်တတတ်ရေးသားထားသော ဤ ဆောင်းပါးလေးဖြင့် ဦးချကန်တော့ လိုက်ရပါသည် ဘုရား။

တပည့်-ကောဏ္ဍညာလင်္ကာရ
(ဓမ္မဒါယာဒ)

http://www.dhammadownload.com


မစိုးရိမ်တိုက်သစ် အဓိပတိမဟာနာယကချုပ် ဆရာတော်ဘုရားကြီး၏ သက်တော်(၈၀)ပြည့် ဆောင်းပါးပေါင်းချုပ် ထုတ်ဝေမည်၊ ကျောင်းသားဟောင်း၊သစ်အားလုံး အမှန်ကို အမှန်အတိုင်း အရှိကိုအရှိအတိုင်း ရေးသားနိုင်ကြောင်း စာမူစုဆောင်းသူ မောင်တင်ဝေ(ရေစကြို)မှ တစ်ဆင့် ကြားသိရပါသည်၊ ယင်းသို့ သိရှိရခြင်းကြောင့် မိမိတို့ ဆရာတော်၏ အပြောအဆို အပြုအမူ အယူအဆနှင့် စိတ်နေသဘောထားများကို စာတစ်စောင်ပေတစ်ဖွဲ့ မရေးသားနိုင်စေကာမူ ဆောင်းပါး



ဘေးရန်ဆီးကာ ဒို့ဆရာ

မောင်မောင်ဦး (ချင်းတွင်းမြေ)

http://www.dhammadownload.com



တစ်ပုဒ်အဖြစ် ဝမ်းသာကြည်နူးစွာ ရေးသားပူဇော်အပ်ပါသည်။

စာရေးသူတို့ မစိုးရိမ်တိုက်သစ်တွင် စာပေသင်ကြားသည့် အချိန်ကာလ များစွာရှိခဲ့ရာ ဆရာတော်၏ ဆုံးမ ဩဝါဒစကားတို့မှာလည်း မြောက်များစွာ ရှိခဲ့ပါသည်၊ ယင်းသို့ ရှိခဲ့သည့်အနက် စာရေးသူစိတ်ထဲတွင် အမှတ်ထင်ထင် အရှိဆုံး ဩဝါဒစကားမှာ "မင်းတို့ လိမ်မာဖို့ ငါမိုက်ပြမယ်"ဟူသော စကားပင် ဖြစ်သည်။

မိမိတို့ ဆရာသည် ဩဝါဒပေးသည့် အခါတိုင်း ဥပမာများနှင့် ယှဉ်တွဲ၍ ဆုံးမတတ်ပါသည်၊ ဒါရိုက်တာ မြတ်လေးရဲ့ "သူများရယ်ဖို့ ကိုယ်ဝိုမယ်" အမည်ရှိ ဇာတ်ကားကို ဥပမာပြု၍ အထက်ပါ ဩဝါဒစကား ဖြစ်ပေါ်လာခြင်း ဖြစ်သည်၊ (၈၈)အရေး အခင်းဖြစ်ပြီး နောက်ပိုင်း ကာလများတွင် ဆရာတော်သည် (အကျဉ်းစခန်းမှ) အတွေ့ အကြုံ ပေါင်းများစွာ ရရှိခဲ့ဟန် ရှိပါသည်။

သို့အတွက်ကြောင့် မြို့တွင်း(နိုင်ငံတွင်း)၌ လှုပ်လှုပ် လှုပ်လှုပ် ရုတ်ရုတ်ရုတ်ရုတ်ဖြစ်သည့် အခါတိုင်း သူများ ယောင်တိုင်း မယောင်ကြဖို့ ဟောပြော တားမြစ်လေ့ ရှိပါသည်၊ ထိုသို့ဖြစ်သည့်အခါတိုင်း "ဆူစေချင်ရင် ဆူအောင် လုပ်တဲ့အဖွဲ့ ရှိတယ်ကွ၊ အဲ့ဒါ မင်းတို့ မြဲမြံမှတ်ထားကြ" ဟူ၍ ဆုံးမစကား ပြောကြားတတ်ပါသည်။

ထိုစဉ်အချိန်က (ဉာဏ်မမီ၍) နားမလည်ခဲ့သော်လည်း ယခုအချိန်ရောက်မှ ဆရာတော်၏ ဆိုလိုချက်ကို အပြည့်အဝ နားလည်ခဲ့ရပေသည်၊ တပည့်များအပေါ် ထားရှိခဲ့သော စေတနာကရုဏာတို့ကိုလည်း ပိုမိုနားလည်ခံစားတတ်ခဲ့ရသည်၊ ငယ်ရွယ်စဉ် အချိန်ကာလများတုန်းကမူ သူများသွားလျှင် သွားချင်သည်၊ သူများအော်လျှင် အော်ချင်သည်။ သူများဆူလျှင် ဆူချင်သည်။

ဆရာတော်သည် တပည့်များအပေါ် စည်းကမ်းသတ်မှတ်ရာတွင် သူမလိုက်နာနိုင်သည့် စည်းကမ်းမျိုးကို မပညတ် မထုတ်ပြန်ပါ၊ ဥပမာဆိုရလျှင် စာသင်သားများအား "ရေဒီယို ကက်ဆက်စသည် မကိုင်ရ မဖွင့်ရ" တားမြစ်သကဲ့သို့ သူကိုယ်တိုင်လည်း မကိုင်ပေ၊ မဖွင့်ပေ၊ ယခုခေတ်ပေါ်နေသော တီဗီ ဗွီဒီယို စလောင်း အင်တာနက် စသည်တို့ကိုကား ပြောဖွယ်ပင် မလိုတော့ပေ။

http://www.dhammadownload.com

သူကိုယ်တိုင် ငယ်ရွယ်စဉ်က ပွဲလမ်းသဘင်ကြည့် ရှုခဲ့သောကြောင့် တပည့်များ ပွဲလမ်းသဘင်ကြည့်ရှုသည် ကိုလည်း မတားမြစ်ပါ၊ စာကျက်စာပြန် စာတက်မပျက် လျှင် မိုးလင်းပေါက် ကြည့်သော်လည်း အပြစ်မယူပေ၊ ထို့ကြောင့်လည်း တပည့်အားလုံးက ဆရာ့အပေါ် ချစ် ကြောက်ရိုသေမှုများ တနေ့တခြား တိုးပွားလာသည်ကို တွေ့ရပါသည်။

သို့ဖြစ်ပါသော်လည်း တစ်နှစ်တွင်မူ မြို့တွင်း မငြိမ်သက်မှုတစ်ခု ဖြစ်ပေါ်လာ၏၊ လူမျိုးရေး ဘာသာရေးနှင့် ဆက်နွယ်သော အကြောင်းအရာတစ်ခုမှ စတင်ခဲ့ခြင်း ဖြစ်၏၊ အချိန်ကာလ ည(၇)နာရီခွဲခန့် ရှိပေမည်၊ တိုက်တွင်း သံဃာအားလုံး မိမိတို့ အတန်းအသီးသီးတွင် စာအံ ကျောင်းတက်နေကြပေသည်။

ထိုအချိန်တွင် ကျောင်းတိုက်အတွင်းသို့ သတင်းစကားတစ်ခု ရောက်လာသည်၊ ထိုသတင်းကား "မစိုးရိမ်တိုက်ကြီးကို လူမျိုးဘာသာခြားများ ဝိုင်းထားကြပြီ" ဟူသော ကောလာဟလသတင်းပင် ဖြစ်သည်၊ စာသင်သားအားလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားကြတော့သည်၊ အပြင်ထွက်ရန် အားလုံးစုရုံးနေကြပေပြီ၊ ထိုအချိန်တွင် ဆရာတော်က စာချသော အသံခွဲစက်ဖြင့် စာသင်သားအားလုံးကို သြဝါဒပေးပြီး အပြင်မထွက်ရန် တားမြစ်ပါသည်

"မင်းတို့ ခဏနေကြဦး၊ ငါ ပါဠိကျောင်းက ဝိစိတ္တ (ဦးဝိစိတ္တာဘိဝံသ)ဆီ ဖုန်းဆက်ကြည့်ဦးမယ်၊ တကယ်လို့ ဟုတ်ခဲ့ရင် အပြင်ထွက်ခွင့် ပေးမယ်" ဟူ၍ ဖြစ်သည်၊ ဖုန်း ဆက်ပြီးသောအခါ ဆရာတော်သည် မမှန်သတင်း လုပ်ကြံသတင်းဖြစ်ကြောင်း သိကာ အပြင်ထွက်ခွင့် (လုံးဝ) မပေးတော့ပေ၊ ထို့ကြောင့် တပည့် စာသင်သား အားလုံးနီးပါးက ဆရာတော့်ကို မကျေနပ်ကြ၊ အပြစ်မြင်ကြသည်၊ တိုက်ထဲတွင် စာသင်သားများ လှုပ်လှုပ်ရှားရှား ဖြစ်နေကြသည်၊ ထိုအချိန်တွင် နာယကဆရာတော် ဦးဝိလာသာဘိဝံသမှ စာအံကျောင်း အသီးသီးသို့ ကြွလာကာ စာသင်သားများကို နားဝင်အောင် ပြောဆို ဆုံးမပါသည်၊ "ယခုကိစ္စနှင့် ပတ်သက်၍ ဆရာတော် တော်တော် စိတ်ထိခိုက်နေပြီ ဖြစ်ကြောင်း၊ စိတ်ထိခိုက်ပြီး တစ်ခုခုဖြစ်သွားလျှင် ဆရာတစ်ဆူ ဆုံးရှုံးသွားလိမ့်မည် ဖြစ်ကြောင်း" ဆုံးမပါသည်၊ နာယက ဆရာတော်၏ အပြောအဆိုကောင်းပြီး စာသင်သားများ၏ စိတ်ကို ဆွဲယူဆုပ်ကိုင်နိုင်ခြင်းကြောင့် ထိုည အဖြစ်အပျက်တို့သည်လည်း ငြိမ်းအေးသွားခဲ့တော့သည်။

ယနေ့အချိန်တွင် ဆရာတော်၏ "သူ ဆူစေချင်တဲ့ အခါ ဆူအောင်လုပ်တဲ့အဖွဲ့ ရှိတယ်ကွ" ဟူသော စကားမှာ ပို၍ သေချာခိုင်မာကြောင်း ရှင်းလင်းမြင်သာစွာ နားလည်လာရသည်။

ယင်းသို့သော အဖြစ်အပျက် အကြောင်းအရာတို့ကို အခြေခံပြီး ဆရာတော်၏ စေတနာ ကရုဏာ အနစ်နာ တို့ကို ပိုမိုနားလည် ခံစားရသည်၊ တပည့်များ လိမ်မာဖို့ ယဉ်ကျေးဖို့ ဘေးကင်းဖို့အတွက် တားဆီးပေးခဲ့သည်၊ ပိတ်ပင် ပေးခဲ့သည်၊ ကိုယ်တိုင် အမုန်းခံကာ မိုက်ပြခဲ့သည်၊ ထိုသို့သော နားလည်ခံစားမှုတို့သည် မိမိကိုယ်တိုင် ဆရာတစ်ပါးအဖြစ်နှင့် တာဝန်ယူ လုပ်ကိုင်ဆောင်ရွက်မှု ပြုရသည့် ယခုလို အချိန်ကာလရောက်မှ အပြည့်အဝ သဘောပေါက် နားလည်လာရပေသည်။

မိမိတို့ဆရာအရှင်၏ တပည့်များအပေါ် အုပ်ချုပ်ပုံ သင်ပြပုံ လမ်းညွှန်ပုံ စသည်တို့ကို အပြည့်အစုံ ရေးသားပုံဖော်ထုဆစ်ပြရလျှင် ကျမ်းတစ်ဆောင် စာတစ်အုပ်အဖြစ် အချိန်ယူစဉ်းစား ရေးသားမှသာ ပြီးဆုံးနိုင်ပါလိမ့်မည်၊ ယခုသော် ဆရာတော်၏ အုပ်ချုပ်သင်ပြလမ်းညွှန်ပုံနှင့် စိတ်နေသဘောထား များစွာရှိသည့် အနက်မှ တစိတ်တဒေသကိုသာ အရှိကို အရှိအတိုင်း အမှန်ကိုအမှန်အတိုင်း ရေးသားပူဇော်ခြင်း ဖြစ်ပါသည်။

မိမိတို့ဆရာ၏ သီလဝုဏ် သမာဓိဝုဏ် ပညာဝုဏ် တို့ကို အာရုံပြုရင်း ဆရာတော့်လမ်းစဉ်ကို လက်လှမ်းမီသမျှ အတုယူ လိုက်နာကျင့်သုံးရန် အုပ်ချုပ်စီမံရန် သာသနာ့တာဝန်ထမ်းဆောင်ရန် ရည်ရွယ်ခဲ့ဌာန်လျက်။

မောင်မောင်ဦး (ချင်းတွင်းမြေ)

http://www.dhammadownload.com

ကတည္ဂူ ကတဝေဒီ

ကုသလာနန္ဒ၊ ခေတ္တဥရော

မိမိ မစိုးရိမ်တိုက်သစ်သို့ မပြောင်းရွှေ့မီ အချိန်ကတည်းက ဆရာတော်ကြီးရဲ့ ဂုဏ်သတင်းတွေဟာ သင်းပျံ့ကြိုင်လှိုင်လွန်းနေတာကို ကြားသိနေရပါတယ်၊ မျက်စိနဲ့တော့ မဖူးမြင်ရသေးဘူးပေါ့၊ မစိုးရိမ်တိုက်သစ်ဆိုရင်ပဲ မိမိအလိုလို အလွန်အင်မတန် လေးစားကြည်ညိုမိပါတယ်၊ အဲဒီလို ဆရာတော်ကြီးရဲ့ ဂုဏ်သတင်းတွေ ဆရာတော်ဘုရားကြီး အုပ်ချုပ်တော်မူတဲ့ တိုက်တာကြီးမှာ ဆရာတော်ဘုရားကြီးရဲ့ အရိပ်အာဝါသအောက်မှာ ခိုလှုံခွင့်တဲ့စိတ်တွေ တဖွားဖွား ဖြစ်ပေါ်လာပါတယ်၊



http://www.dhammadownload.com

အဲဒီအချိန်အခါက တောင်ပြင်ထီးလင်းတိုက် ဆရာတော် ဦးဇောတိကာဘိဝံသ ပဌာန်းဆရာတော် ဦးဩဘာသတို့ရဲ့ အရိပ်အာဝါသအောက်မှာ ခိုလှုံနေခဲ့တာဖြစ်ပါတယ်၊ နောက် မစိုးရိမ်တိုက်သစ်မှာ ဓမ္မသီတဂူကျောင်းက နောင်တော်ကြီး ဦးသုန္ဒရနဲ့ အဆက်အသွယ်ရခဲ့ပါတယ်၊ အဲဒီဦးသုန္ဒရ(ဝက်လက်)ရဲ့ ကူညီဖေးမမှုနဲ့အတူ ဆရာတော်ဘုရားကြီးရဲ့ အရိပ်အာဝါသအောက်မှာ ခိုလှုံခွင့် သွားရောက်လျှောက်ထားခဲ့ပါတယ်။

အဲဒီမှာ ဆရာတော်ဘုရားကြီးက မိန့်တော်မူပါတယ် "မင်း စာပြန်ရမယ်၊ စာရမှ ကျောင်းတိုက်က နေထိုင်ခွင့်ပေးမယ်"၊ ဒါနဲ့ စာပြန်ဆိုရတယ်၊ ဆရာတော့် ကိုယ်စားလှယ်တွေထံမှာ စာပြန်ခဲ့ရတယ်၊ ပြီးရင် စာပြန်ပြီစာရင်း တင်ပြရတယ်၊ စာပြန်ပြီးမှ ဆရာတော်ကြီးက လက်ခံတော်မူတယ်၊ အဲဒီလို နေထိုင်ခွင့်ရတော့ အင်မတန်မှ ဝမ်းသာပီတိဖြစ်ခဲ့ရပါတယ်၊ အပြင်မှာ နေထိုင်စဉ် အချိန်အခါကတည်းက မစိုးရိမ်တိုက်သစ်ရဲ့ စားဝတ်နေရေးအကြောင်းကိုတော့ သူသူငါငါ ပြောကြလို့ သိနေတာပေါ့၊ မစိုးရိမ်တိုက်သစ်ဆိုတာ ပညာရေးအတွက် အင်မတန် ကောင်းတယ်ပေါ့၊ ဇိမ်ခံမယ်ဆိုရင်တော့ မစိုးရိမ်တိုက်သစ်ကို မသွားနဲ့၊ မစိုးရိမ်တိုက်သစ်ဆိုတာ ပညာရေးမှ ပညာရေးပဲ တစိုက်မတ်မတ် လုပ်ဆောင်ပေးတယ်။ စားဝတ်နေရေးဆိုတာ ကိုယ့်ဘာသာ ကိုယ့်ဒကာဒကာမနဲ့ ရပ်တည်ကြရတာပေါ့၊ စားဝတ်နေရေး အပိုင်းဆိုတာလဲ မိုးရွာ ဆွမ်းကျွေးတဲ့အချိန်မှာ မစိုးရိမ်တိုက်သစ်မှာ ငပိရည်ပဲပြုတ်ချဉ်ပေါင် သုံးခွက်ပေါ့၊ ဒါကလဲ ဆွမ်းခံထွက်လို့မရလောက်အောင် မိုးရွာမှသာ ကျောင်းတိုက်က ချက်ကြွေးလေ့ရှိတယ်၊ အဲဒီမှာ ဆရာတော်ကြီးက မိန့်တယ် "မင်းတို့ကို ငါက ကောင်းကောင်း ချက်ကျွေး ချင်တယ်၊ ဒါပေမယ့် မင်းတို့ကို ချက်ကျွေးမယ့် အသားငါးဆိုတာ အချိန်ပေးရမယ်၊ ဒါကြောင့် အချိန်မလောက်တဲ့အတွက် ချက်မကျွေးနိုင်ဘူးပေါ့"၊ ဟုတ်ပါတယ်၊ သံယာထုနဲ့ ဘယ်လိုမှ လုပ်လို့ မရနိုင်ပါဘူး၊ ဒါကြောင့် မစိုးရိမ်တိုက်သစ်ဆိုတာ ပညာရေးပဲ တာဝန်ယူပေးနိုင်တယ်။

ဆရာတော်ကြီးသည် နေ့စဉ်နေ့တိုင်း ဘုရားဝတ်တက်အပြီး ဆုံးမသြဝါဒများ ပေးလေ့ရှိပါတယ်၊ အကြောင်းကိစ္စ ပေါ်ပေါက်လာတဲ့ အခြေအနေအချိန်အခါကို ကြည့်ပြီးတော့လဲ ပေးလေ့ရှိပါတယ်၊ ဆရာတော်ဘုရားကြီးရဲ့ အဆုံးအမသြဝါဒများဟာ တပည့်များရဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ အဆုံးအမတွေ ဖြစ်ပါတယ်။

ဒီလို တပည့်သားတွေအပေါ်မှာ မေတ္တာကရုဏာ ရွှေ့ရှုပြီး သွန်သင်ပြသ ပေးတော်မူတဲ့အတွက်ကြောင့် မစိုးရိမ်တိုက်သစ်ကြီးဟာ ယနေ့အချိန်အထိ ကမ္ဘာမှာ နေလပမာ ထွန်းလင်းတောက်ပနေဆဲဖြစ်ပါတယ်၊ မစိုးရိမ်တိုက်သစ်ဆိုတာ သာသနာရဲ့ အခြေခံအုတ်မြစ်ဖြစ်တဲ့ သာသနာမှာ အင်မတန်ကျေးဇူးကြီးမားတဲ့ စာသင်တိုက်ကြီးတစ်တိုက်ဖြစ်ပါတယ်၊ ယခုအခါ ဆွမ်းကိစ္စနဲ့ ပတ်သက်ပြီး ဆရာတော်ကြီးက တားမြစ်ရလောက်အောင် လာရောက်လှူဒါန်းသူများ ပေါများလျက်ရှိပါတယ်။

ဆရာတော်ဘုရားကြီးသည် တပည့်တွေအပေါ်မှာ ကျောသားရင်သား မခွဲခြားဘဲ ပညာရေးကိုသာ ဦးစားပေးလျက် ကျောင်းတိုက်တာကြီးကို ယနေ့အချိန်အထိ အုပ်ချုပ်တော်မူပါတယ်။


ဆရာတော်ဘုရားကြီးဟာ စာပေကို အင်မတန် မြတ်နိုးတော်မူပါတယ်၊ ဘယ်ခါမှာဘဲ ကြည့်ကြည့် စာပေဖတ်ရှု နေတာကို တွေ့မြင်ရပါတယ်၊ တခါတလေ တပည့်များအား ဖတ်ခိုင်းပြီး နားထောင်တော်မူပါတယ်၊ တပည့်တွေကိုလည်း သူလိုဘဲ ဖြစ်စေချင်တယ်။

တခါတုံးက မိမိအား ဗိုလ်ချုပ်ရဲ့မိန့်ခွန်းစာအုပ်ကို ဖတ်ခိုင်းစဉ်က ဆရာတော်ကြီးဟာ နားထောင်ပြီး ဖတ်တာမှားရင် ပြင်ပေးလေ့ရှိပါတယ်၊ အဲဒီမှာ စဉ်စားတာက ဆရာတော်ကြီးဟာ သူတစ်ဦးတည်းသာ ကောင်းတဲ့စာပေတွေကို ဖတ်ချင်တာ ခံစားချင်တာ မဟုတ်ဘဲ သူရဲ့ တပည့်များကိုလည်း ဗဟုသုတရှိအောင် ဖတ်စေချင်တယ်၊ မှတ်စေချင်တယ်။

မိမိ ဆရာတော်ကြီး ဟောကြားတဲ့ မာတုပေါသက သုတ္တန်တရားတော်ကို ဆရာတော်ကြီးထံ ခွင့်တောင်းပြီး ကွန်ပျူတာစာမူ အကြမ်းရိုက်ကာ ဆရာတော်ကြီးထံ သွားရောက်ဖတ်ပြခဲ့ပါတယ်၊ ဆရာတော်ကြီးက လိုအပ်တဲ့ စာပိုဒ်လေးတွေ ဖြည့်စွက်ပြင်ဆင်ပေးခဲ့ပါတယ်၊ ခေတ်လူငယ်များအတွက် မာတုပေါသကသုတ္တန်တရားတော်ဆိုပြီး စာအုပ်အဖြစ် ရိုက်နှိပ်ပူဇော်ခွင့်ရခဲ့ပါတယ်၊ တခါတရံမှာ ဆရာတော်ကြီးက သူရေးသားတဲ့ ဆောင်းပါးအချို့ကို မိမိအား အရိုက်ခိုင်းစေ ခဲ့ပါတယ်၊ အဲဒီလို ကျေးဇူးဆပ်ခွင့်ရတာကို အင်မတန်မှာဘဲ ဝမ်းသာပီတိဖြစ်မိပါတယ်။

ဆရာတော်ကြီးသည် နှုတ်ဖြင့်သာ ဆုံးမတော်မူ

http://www.dhammadownload.com



သည်မဟုတ်၊ သွားလာနေထိုင်မှုဖြင့်လည်း ဆုံးမတော်မူပါတယ်၊ ဆရာတော်ဘုရားကြီးသည် တပည့် ဒကာဒကာမများအား အထူးအားဖြင့် ခေါင်းဆောင်ဆိုသူများအား အမြဲမသွေ ဆုံးမတော်မူတဲ့ စကားလေး တစ်ခွန်းရှိပါတယ်၊ အဲဒါ ဘာလဲဆိုရင် "ရန်မဖြစ်ကြနဲ့" ဆိုတာပါဘဲ၊ "ဘာသာမတူလို့ ရန်မဖြစ်ကြနဲ့၊ လူမျိုးမတူလို့ ရန်မဖြစ်ကြနဲ့၊ ရန်တွေ ဖြစ်နေလို့ ဒို့နိုင်ငံ မတိုးတက်တာ၊ ညီညီညွတ်ညွတ်နေထိုင်ပြီး ကိုယ့်တိုင်းပြည်ကို တိုးတက်အောင်လုပ်ဆောင်ကြ"ဖို့ အမြဲမသွေ တိုက်တွန်းလေ့ရှိပါတယ်။

မိမိ ဂျာမနီနိုင်ငံ မသွားရောက်မီ ဆရာတော်ကြီးအား သွားရောက်ဖူးမျှော်ရာတွင် ဆရာတော်ကြီးက "မင်းညီညွတ်ရေးရအောင် ဟောကွ"လို့ မိန့်တော်မူပါတယ်၊ "ငါလဲ အဲဒီရောက်တဲ့အခါ ညီညွတ်စွာနေထိုင်ကြဖို့ တိုက်တွန်းရတာပဲ၊ ဒို့ဗမာတွေက မညီညွတ်လို့ မတိုးတက်တာ" လို့ မိန့်တော်မူပါတယ်။

ဆရာတော်ဘုရားကြီး နိုင်ငံခြေခြင်းဆောင်များအား အမြဲတမ်း ဆုံးမတော်မူလေ့ရှိတဲ့ ညီညွတ်ရေး ဆောင်ပုဒ်လက်ာ လေးကတော့. . .

"ညီညွတ်မှသာ ၊ ရှိနေပါမူ ၊ ကောင်းရာ ကောင်းကျိုး ၊ ဆဆတိုး၍ ၊ ကောင်းကျိုးသခြေ့ ၊ ရရှိပေလိမ့်။

မညီမညာ ၊ ရှိလျှက်ပါမူ ၊ ဆိုးရာဆိုးကျိုး ၊ ဆဆတိုး၍ ၊ ဆိုးကျိုးသခြေ့ ၊ ရရှိပေလိမ့်"။ ဆိုတာပါဘဲ။

ပြည်တွင်းပြည်ပ နိုင်ငံရပ်ခြားမှာ လူးလာခေါက်ပြန် သာသနာပြုနေတာဆိုတော့လဲ ကိုယ့်ဗမာပြည်ကို အားမရ ဖြစ်တော်မူရှာမှာ ဧကန်မလွဲပါဘဲ၊ ယခုနှစ် (၂၀၁၂) အောက်တိုဘာမှ ဒီဇင်ဘာလထိ ဂျာမနီနိုင်ငံမှ သာသနာပြုပင့်ရာတွင် ဆရာတော်ကြီးရဲ့ စေလွှတ်ချက်အရ ဂျာမနီ နယ်သာလန် ပြင်သစ် ဖင်လန် ဥရောပနိုင်ငံတို့၌ သာသနာပြုခွင့် ရခဲ့ပါတယ်။

"ဆရာသမားအရိပ်ဟာ အေးချမ်းသာယာတယ်" ဆိုတာ လောကနီတိမှာတော့ ငယ်စဉ်အချိန်ကသင်ခဲ့ဖူးသော်လည်း သိပ်ပြီး နားလည်သဘောမပေါက်ခဲ့၊ မိမိ ဥရောပနိုင်ငံရောက်တော့မှ မစိုးရိမ်ဆရာတော်ကြီးရဲ့ တပည့်ဆိုတဲ့ ဂုဏ်ဒြဇနဲ့ အားလုံးဟာ လိုလေသေးမရှိ ဆောင်ရွက်ပေးကြပါတယ်၊ အားလုံးအဆင်ပြေပါတယ်၊ ဆရာသမားရဲ့အရိပ်ဟာ အာရှတိုက်မှာတောင် အေးချမ်းတာမဟုတ်ဘဲ ဥရောပတိုက်တခွင်မှာလဲ အေးချမ်းတာကို ကိုယ်တိုင်ကိုယ်ကျ လက်တွေ့ ခံစားရတော့မှ သဘောပေါက်ပါတော့တယ်။

ဆရာတော်ကြီးရဲ့ ဂုဏ်ကျေးဇူးတွေကို ထုတ်ဖော်ချီးကျူးဂုဏ်ပြုပူဇော်မယ်ဆိုရင် ဂုဏ်ကျေးဇူးတွေကတော့ ရေးလို့မကုန် ဖွဲ့လို့ မကုန်နိုင်ပါဘူး။


ဆရာတော်ဘုရားကြီး၏ သက်တော် ရှစ်ဆယ်ပြည့် ပူဇော်ပွဲမှသည် နောင်ကမ္ဘာတည်သရွေ့ မစိုးရိမ်တိုက်သစ် သာသနာဟာ အခွန့်ရှည်စွာ တိုးတက်စည်ကား အောင်မြင်ပါစေကြောင်း မိမိအနေဖြင့် ဆန္ဒပြုရင်း ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်ကျေးဇူးကို အစဉ်အောက်မေ့ပူဇော်လျက် ဒီဆောင်းပါးလေးကို မန်လည်ဆရာတော်ကြီး ရေးသားတော်မူတဲ့ မဃဒေဝ လင်္ကာပိုဒ်ကလေးနဲ့ အဆုံးသတ်ပါရစေ။

မေတ္တာရှေးဦး၊ ပြုပေဖူးကို၊ ကျေးဇူးသိမူ၊ ကတညူတည့်၊ ထိုသူထက်ပင်၊ ကျေးဇူးအင်ကို၊ ထင်ထင်ရွှတ်ရွှတ်၊ ပြောဆိုတတ်က၊ သူမြတ်မှန်လှ၊ ကတဝေဒီ၊ ဟူတုံပြီရှင့်၊ လောကီစုစု၊ မြင်ညာဏ်နုတို့၊ သူပြုအထူး၊ သူ့ကျေးဇူးကို၊ ကြည်နူး ဝမ်းမြောက်၊ မခေါက်မရက်၊ နှစ်သက်အင်ရွှဲ၊ သိတတ်ခဲ့၏။

"မစိုးရိမ်သာသနာ ရောင်ဝါနေသို့ လင်းစေသော်"

တပည့်- ကုသလာနန္ဒ (အမရပူရ)
(ခေတ္တဥရောပ)

http://www.dhammadownload.com



ခေါင်းဆောင်ကောင်း

ဘုန်းနဒီ

တလူလူ မာနကဲပါလို့
သူဖြူလျှင် ငါကမဲမည်ဟု
ဝါဒကွဲ ကန့်လန့်တင်
စတန့်ထွင်ချင်ပါတဲ့ ခေါင်းဆောင်များ။

ဆရာတော် မိန့်ကြားနေကြ ဩဝါဒတွေထဲက
စားရေးသူရဲ့ ရင်ထဲအထိ စွဲငြိမိလေခဲ့သော ရှေးခေတ်
သတင်းစာပါ ကာတွန်းလေးတစ်ကွက်ထဲက လေချိုး
ကဗျာလေးတစ်ပုဒ်၊ ဆရာတော်ရဲ့ ရင်ခွင်ထဲမှာ နေခဲ့ရစဉ်

http://www.dhammadownload.com

အခါတုန်းကတော့ ကဗျားလေးရဲ့ အဓိပ္ပါယ် အတိမ်အနက်ကို ကောင်းကောင်းမသိခဲ့၊ ဆရာတော်ရဲ့ ရင်ခွင်မှ ဝေးလွင့်ခဲ့ရတဲ့ ခုလို အချိန်အခါမျိုးမှာတော့ ကဗျာလေးထဲက သီအိုရီတွေနဲ့ နဗူးတွေ.ဒူးတွေ. တွေ့ခဲ့ရလေပြီ။

အတ္တမာနတွေ ထူပြောလွန်းလှတဲ့ လူလောကရဲ့ သဘာဝတရားတွေနဲ့ နေစဉ်နေ့တိုင်း ထိတွေ့နေရတဲ့ စားရေးသူဟာ ဆရာတော်ရဲ့ ဩဝါဒတွေကို အမြဲတမ်းကြားယောင်နေမိသည်။

ဆရာတော်ဟာ နောက်လိုက်ငယ်သား တပည့်သားတို့အတွက် စံထားရလောက်သည့် မွန်မြတ်တဲ့ စံပြခေါင်းဆောင် ပုဂ္ဂိုလ်မြတ်ကြီးဖြစ်၏၊ နောက်လိုက်ငယ်သား တပည့်သားတို့အတွက်ဆိုရင် ရဲရင့်သင့်က ရဲရင့်ပြတတ်၏၊ တိုင်းပြည်အကျိုး သာသနာအကျိုးကိုသာ ရှေးရှုလေ့ရှိ၏၊ ဆရာတော်ဟာ တရားနည်းလမ်းကျတဲ့ အမှန်တရားတွေကို ဖော်ထုတ်တင်ပြတတ်တဲ့ နေရာမှာ တိုင်းပြည်ရဲ့ ခေါင်းဆောင်ကောင်း သာသနာတော်ရဲ့ ခေါင်းဆောင်ကောင်း တစ်ယောက်အဖြစ်နဲ့ ကိုယ်ကျိုးစွန့်ကာ အားထုတ်ခဲ့၏၊ ကြောက်ရွံ့တုန်လှုပ်ခြင်း မရှိခဲ့ပေ။

ခေါင်းဆောင်လုပ်နေကြတဲ့ ပုဂ္ဂိုလ်တွေ နောင်တစ်ချိန်မှာ ခေါင်းဆောင်လုပ်ကြမည့် ပုဂ္ဂိုလ်တွေဟာ ဆရာတော်ကဲ့သို့သော ခေါင်းဆောင်ကောင်းကို အတုယူသင့်၏၊ လောကမှာ ခေါင်းဆောင်ကောင်းတို့မည်သည် နောက်လိုက်ငယ်သားတို့ထက် ရိုးသားဖြောင့်မတ်မှု၊ အမြော်မြင်ရှိမှု၊ ဦးဆောင်လိုမှု၊ ဖေးမကူညီတတ်မှုနှင့် မျှတသော စိတ်သဘောထားရှိမှု စတဲ့ အချက်အလက် အင်္ဂါရုပ်တို့ သာလွန်နေမှသာ နောက်လိုက်ငယ်သား တပည့်သားတို့ရဲ့ ယုံကြည်လေးစားမှုကို အပြည့်အဝ ခံယူကြရမည်သာ ဖြစ်သည်။ နောက်လိုက်ငယ်သားတွေကလည်း နောက်လိုက်ကောင်းတစ်ယောက်ဖြစ်မှ ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်မည်ဆိုတာကို သဘောပေါက်နားလည်ထားသင့်၏၊ ကိုယ်တိုင် နောက်လိုက်ဘဝတုန်းက ခေါင်းဆောင်စိတ်ရှိတဲ့ နောက်လိုက်ဖြစ်ခဲ့ပါက ကိုယ်ခေါင်းဆောင်ဖြစ်တဲ့အခါမှာ အမှန်တကယ် ခေါင်းဆောင်ကောင်းတစ်ယောက် ဖြစ်ဖို့သေချာပေသည်။

နောက်လိုက်ငယ်သား တပည့်သားတို့အတွက် စံပြ ခေါင်းဆောင်ကို ရွေးချယ်တဲ့ နေရာမှာ ရှင်သာရိပုတြာနှင့် ရှင်မဟာမောဂ္ဂလာန်တို့ကို အတုယူသင့်၏၊ ရှင်သာရိပုတြာနှင့် ရှင်မဟာမောဂ္ဂလာန်တို့ဟာ ပထမဆုံး သိဂ္ဂညီး ဆရာကြီးကို ခေါင်းဆောင်နည်းပြအဖြစ် ထားရှိပြီး သိဂ္ဂညီးဆရာကြီးရဲ့ လမ်းညွှန်မှုနဲ့ လောကီစျာန်တို့ကို ရအောင် ကျင့်ကြံကြိုးကုတ် အားထုတ်ခဲ့ကြ၏၊ သို့သော် ထိုလောကီစျာန်အားလုံးတို့သည် ရှင်သာရိတြာနှင့် ရှင်မဟာ မောဂ္ဂလာန်တို့အတွက် အဓိကပန်းတိုင်တော့ မဟုတ်ခဲ့၊ သူတို့ရဲ့ အဓိကပန်းတိုင်ဖြစ်တဲ့ ခပ်သိမ်းသော ဝဋ်ဒုက္ခတို့မှ လွတ်မြောက်ရာ နိဗ္ဗာန်ချမ်းသာကိုတော့ ထိုသိဂ္ဂညီးဆရာကြီးက ပေးနိုင်စွမ်းမရှိခဲ့ပေ။

ထို့အတွက်ကြောင့် သူတို့ရဲ့ အဓိကပန်းတိုင်သို့ ရောက်အောင် ပို့ပေးနိုင်စွမ်းမရှိတဲ့ ခေါင်းဆောင်ဟောင်းဖြစ်တဲ့ သိဂ္ဂညီးဆရာကြီးကို အားမနာတမ်း စွန့်ပစ်ခဲ့ပြီး၊ သူတို့ရဲ့ လိုအပ်ချက် အဓိကပန်းတိုင်ဖြစ်တဲ့ မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာကို ပေးနိုင်စွမ်းရှိတဲ့ ခေါင်းဆောင်သစ်ကို ရှာဖွေရင်း နောက်ဆုံး အရှင်အဿဇိအထံမှ တဆင့် မြတ်စွာဘုရားဆိုတဲ့ ခေါင်းဆောင်ကောင်း ပုဂ္ဂိုလ်မြတ်ကြီးနဲ့ တွေ့ရှိလိုက်တဲ့အခါမှ သူတို့ လိုချင်တောင့်တနေတဲ့ မဂ်ဖိုလ် နိဗ္ဗာန်ချမ်းသာဆိုတဲ့ ပန်းတိုင်ကို ရရှိခဲ့ကြလေသည်။

ထိုအကြောင်းအရာနဲ့ ပတ်သက်ပြီးတော့ ဆရာတော်က "ဒီ လောကီရေးရာမှာပဲ ဖြစ်စေ လောကုတ္တရာရေးရာမှာပဲဖြစ်စေ ခေါင်းဆောင်သစ် ရွေးချယ်ကြမယ်ဆိုရင် ဒီ ခေါင်းဆောင်ဟောင်းရဲ့ လမ်းညွှန်ချက်က ပန်းတိုင်ကို မရောက်နိုင်ဘူးဆိုရင် အဲဒီခေါင်းဆောင်ဟောင်းကို အားနာနေဖို့ မလိုဘူး၊ သံယောဇဉ်ဖြစ်နေဖို့လဲ မလိုဘူး၊ မိမိရဲ့ ရည်မှန်းချက်ပန်းတိုင်ကို ရောက်အောင်လို့ လမ်းညွှန်ပေးနိုင်တဲ့ ခေါင်ဆောင်သစ် စံပြခေါင်းဆောင် အဲဒီပုဂ္ဂိုလ်မျိုး ရွေးချယ်ပေးရမည်"ဟု တပည့်သားတို့အား ဩဝါဒစကား မိန့်ကြားခဲ့ဖူးလေ၏။

မှန်ပါပေသည်၊ ခေါင်းဆောင်ကောင်းကို ရွေးချယ် တဲ့နေရာမှာ ဆရာတော် မိန့်ကြားသကဲ့သို့ပင် မိမိ ရွေးချယ်ထားတဲ့ ခေါင်းဆောင်က မိမိ အလိုရှိတဲ့ အရာ ကိုမှ ရအောင်ညွှန်ကြားနိုင်မှု ပေးစွမ်းနိုင်မှု တစ်စုံတရာ မပြုလုပ်နိုင်ဘူးဆိုရင် ရှင်သာရိပုတြာ

http://www.dhammadownload.com

ရှင်မဟာ မောဂ္ဂလာန်တို့လို စွန့်ပစ်သင့်က အားမနာတမ်း စွန့်ပစ်ရ မည်သာ ဖြစ်ပေသည်၊ ထိုသို့မဟုတ်ပါဘဲ တွေးခေါ်မှု တွေးတောဆင်ခြင်မှု အကြံဉာဏ်အသစ်တွေ ပြီးတော့ စစ်မှန်ပြီး တရားနည်းလမ်းကျတဲ့ ညွှန်ကြားမှုတို့ကိုမှ ပြုလုပ်ပေးနိုင်စွမ်းမရှိတဲ့ ခေါင်းဆောင်တို့ရဲ့ အထဲပါးကနေ မစွန့်ခွါနိုင်ဘဲ ငြိတွယ်နေမိကြဦးမယ်ဆိုရင် မိမိတို့ရဲ့ အိပ်မက်တွေ မိမိတို့ဘဝ အောင်မြင်မှုလမ်းစတွေကို ပိတ်ဆို့တားဆီးလျက်ပင် ဖြစ်ပေလိမ့်မည်။

ထို့ကြောင့် ရှေးဦးစွာ မိမိကိုယ်ကို ခေါင်းဆောင်စိတ်ရှိတဲ့ နောက်လိုက်တပည့်ကောင်းတစ်ယောက် ဖြစ်အောင် ကြိုးစားပြီး တပည့်ကျင့်ဝတ်တွေနဲ့အညီ ကျင့်သုံးနေထိုင်ရပေမည်၊ ကိုယ်ခေါင်းဆောင် လုပ်ခွင့်ရသည့် အချိန်အခါမျိုးမှာဆိုလျှင်လည်း ကိုယ့်ရဲ့ နောက်လိုက်ငယ်သား တပည့်သားတွေကို တော်တဲ့မှန်ကန်တဲ့ နည်းလမ်းတွေကို ညွှန်ပြပေးနိုင်တဲ့ နောက်လိုက်ငယ်သား တပည့်သားတို့ရဲ့ လိုအပ်ချက်တွေ ရည်မှန်းချက် ပန်းတိုင်တွေကို ရယူဖြည့်ဆည်းပေးနိုင်တဲ့ ခေါင်းဆောင်ကောင်းတို့ရဲ့ အရည်အချင်းတွေနဲ့ ပြည့်စုံမှု ရှိမရှိ မိမိကိုယ်ကိုမိမိ လေ့လာဆန်းစစ်ကြည့်ပြီး ပြည့်စုံမှုမရှိသေးက ပြည့်စုံအောင် ကြိုးစားအားထုတ်ရပေမည်၊ ထိုသို့ ပြည့်စုံအောင် ကြိုးစားအားထုတ်ထားမှသာလျှင် နောက်လိုက်ငယ်သား တပည့်သားတို့က မိမိအပေါ်မှာ ယုံကြည်မှုရှိပြီး မိမိရဲ့ အထဲပါးမှာ အမြဲမပြတ် ဝပ်စင်းခစားကြရမည်သာ ဖြစ်ပေသည်။

နောက် ခေါင်းဆောင်ကောင်းနဲ့ ပတ်သက်ပြီး ဆရာတော် ဟောကြားလေ့ရှိတဲ့ ဂဝေသီသုတ္တန်ထဲက ဂဝေသီဥက္ကဋ္ဌခေါင်းဆောင်ကောင်းကြီးကို အတုယူသင့်၏၊ ဂဝေသီဥက္ကဋ္ဌကြီးက သူ့ရဲ့ နောက်လိုက်ငယ်သား တပည့်သားတို့အတွက် စံပြအဖြစ်နဲ့ မိမိက ရှေ့ကနေပြီး ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ပြ၊ ငါးပါးသီလ ရှစ်ပါးသီလ စတဲ့ သီလတွေ ဆောက်တည်ပြသလို နောက်လိုက်ငယ်သား တပည့်သားတွေကလည်း ဂဝေသီဥက္ကဋ္ဌကြီးရဲ့ အတုကိုယူကာ နောက်ကလိုက်ပြီး ကုသိုလ် ကောင်းမှုတွေ ပြုလုပ်ကြ၊ သီလတွေ ဆောက်တည်ကြပြီး နောက်ဆုံး ဂဝေသီဥက္ကဋ္ဌကြီး ရဟန္တာဖြစ်သည့်တိုင်အောင် နောက်လိုက်ငယ်သားတွေကလည်း တစ်ဆင့်ပြီး တစ်ဆင့် ဂဝေသီ ဥက္ကဋ္ဌကြီးကို အတုလိုက်ပြီး အားထုတ်ခဲ့ကြ၍ ရဟန္တာအသီးသီးဖြစ်ကာ ရှေသွား ခါင်းဆောင်နဲ့ နောက်လိုက် ငယ်သားနှစ်ဦးသားတို့က မိမိတို့၏ တာဝန်များကို ကျေပွန်စွာ အသီးသီးထမ်းဆောင်ခဲ့ကြ၏။

အထက်ပါ ဆိုခဲ့ပြီးသော အကြောင်းအရာအချက် အလက်တို့ကို လေ့လာဆန်းစစ်ကြည့်ပါက ခေါင်းဆောင်ကောင်းတို့ဟူသည် မိမိ နောက်လိုက်ငယ်သား တပည့်သားအပေါင်းတို့အား မိမိနှင့်ထပ်တူ ကောင်းကျိုးတရားတို့ကို ရရှိစေခြင်း၊ မိမိသည်သာ ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်မည်၊ တပည့်သားတို့အား မပြုလုပ်ရဟု တားမြစ် ပိတ်ပင်မှုမရှိခြင်း၊ ကုသိုလ်ကောင်းမှုတို့၌ စိတ်ရောကိုယ်ပါ နှစ်မြုပ်၍ စိတ်ပါဝင်စားစွာနဲ့ ကောင်းကျိုးတို့ကို ဆောင်ရွက်ခဲ့သလို နောက်လိုက်ငယ်သားတပည့်သား အပေါင်းတွေကိုလည်း ဆောင်ရွက်စေခြင်း စတဲ့ အကြောင်းအရာအချက်အလက်တို့ကို တွေ့ရှိရမည်သာ ဖြစ်ပေသည်။

ထိုကဲ့သို့ အကြောင်းအရာ အချက်အလက်တို့ ဖြစ်တဲ့ ခေါင်းဆောင်ကောင်းတို့၏ အဂိလက္ခဏာတို့နှင့် ပြည့်နှက်နေသော စားရေးသူတို့၏ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးသည် မိမိ၏ အောက်လက်ငယ်သား တပည့်သားအပေါင်းတို့အား အပြစ်မြင်က အကြောင်းအကျိုးတို့ကို ပြ၍ အကျိုးလိုလားသော စိတ်ထားတို့ဖြင့် သွန်သင်ဆုံးမလေ့ရှိ၏။

ဒကာဒကာမအပေါင်းတို့အားလည်း ကြိုးသောငယ်သော မြတ်သောယုတ်သော ဂုဏ်ရှိသောမရှိသော ဟူ၍မရှိ၊ တန်းတူထားရှိကာ ချီးမြှောက်စရာရှိက ချီးမြှောက်ပြောဆိုတတ်၏၊ ဆုံးမစရာရှိကလည်း သင့်လျော်သလို ဆုံးမတတ်၏။


ထိုသို့ ချီးမြှောက်ပြောဆိုဆုံးမခြင်းကပင်လျှင် ခေါင်းဆောင်ကောင်းဖြစ်တဲ့ ဆရာတော်ရဲ့ ချစ်စရာလေ့လေးပင် ဖြစ်ပေတော့သည်။

ဘုန်းနဒီ

http://www.dhammadownload.com

ရှားပါးရတနာ ဂရုမြုပ်

ဒဿကသစ်(ကျောက်မျက်)



http://www.dhammadownload.com

မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်ကြီး(၃)တိုက်တို့၏ အဓိပတိမဟာနာယကဆရာတော်ကြီး ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ၏ သက်တော်(၈၀)ပြည့် မွေးနေ့အတွက် ထုတ်ဝေမည့်စာစောင်တွင် ဆရာတော်ကြီးနှင့် ပတ်သက်ပြီး စာရေးလိုက ရေးနိုင်သည့်အကြောင်းကို မဟာဝိသုဒ္ဓါရုံတိုက်သစ် သရက်တောဝါးတန်းကျောင်းမှ စာရေးသူ၏ စာပေမိတ်ဆွေ ဆရာတော် ဦးပဏ္ဍာဝ(လူသစ်-ဗန်းမော်)မှ ဖုန်းဆက်လာပါသည်။

စာရေးသူ သိဘူးသမျှ ဆရာတော်ကြီးဦးရာဇဓမ္မ အကြောင်း တစိတ်တဒေသအား စာရေးချင်နေသည်မှာ ကြာပါပြီ၊ ယခုအခါမှာတော့ "ရေတော်တုန်း ရေတွင်းထဲကျ"ဆိုသလို ဆရာတော်ကြီး ဦးရာဇဓမ္မအကြောင်း စာရေးခွင့် ကြုံလာသည့်အတွက် ဆရာတော်ကြီးဘဝမိမိသိထားသမျှ ရေးသားရပါသည်။

ဆရာတော်ကြီးနှင့် ဤစာရေးသူတို့မှာ ဆရာဒကာရင်းများ မဟုတ်ကြသော်လည်း "ပန်းသတင်းလေညှင်းဆောင်၊ ကျော်ကြားသော ပုဂ္ဂိုလ်သတင်းလူချင်းဆောင်"ဆိုသလို ဆရာတော်ကြီး ကောင်းသတင်းများကို သိထား ရခြင်းကတမျိုး၊ နောက် မစိုးရိမ်တိုက်သစ် ဓမ္မဌာနကျောင်း နာယကဆရာတော် ဘဒ္ဒန္တကဝိန္ဒာဘိဝံသ (သ-စ-အ ဓမ္မာစရိယ) စီစဉ်ထုတ်ဝေခဲ့သော "စိန်ရတုအထိမ်းအမှတ် ဩဝါဒတရာတော်များ"ဆိုသည့် စာအုပ်ကို ဖတ်ရသောကြောင့် ဆရာတော်ကြီး၏ သာသနာအပေါ် ထားရှိသောစိတ်၊ တပည့်သံယာများအပေါ် ထားရှိသော စေတနာများကို ပိုမိုသိရှိခဲ့ရပါသည်။

ဆရာတော်ကြီး ဦးရာဇဓမ္မမှာ တခေတ်တွင် ရှားရှားပါးပါး ပေါ်လာသော ဗုဒ္ဓသာသနာ၏ ထူးခြားသော ရတနာဖြစ်သည်ဟု ထင်မိပါသည်၊ ဤအကြောင်းများမှာ ဆရာတော်ကြီး၏ ဘဝနှင့် ပေးဆပ်ပြီး ပြုစုနေသော ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓဆိုသော သာသနာသုံးရပ်ကို ကြည့်ခြင်းဖြင့် သိနိုင်ကြပါသည်။

အထူးရေးလိုသည်မှာ ဆရာတော်ကြီး၏ မေတ္တာစေတနာကို တပည့်သံယာများ သိရှိပြီး ဆရာတော်ကြီး ယခုလို သက်တော်(၈၀) ရှိလာသည့် အချိန်တွင် တပည့်များက ဆရာတော်အား တလှည့်ပြန်ပြုစုကြရပါမည်။

သက်ကြီးရွယ်အိုဆိုတာ အင်မတန်မှ ထိလွယ်ရှလွယ်ပါသည်၊ အသက်(၈၀)ဆိုသော သက်တမ်းမှာ မနှိုင်းကောင်းသော်လည်း ဗုဒ္ဓဘုရား၏ သက်တမ်းပါ၊ ဆရာတော်ကြီး ယခုလို အသက်ရှည်နေရတာကလည်း အတိတ်ဘဝကံနှင့် ဆရာတော်ကြီး၏ နေ့စဉ်လမ်းလျှောက်သော အကျိုးများကြောင့် ဖြစ်ပါလိမ့်မည်၊ ဆရာတော်ကြီးမှာ ဗုဒ္ဓစာပေများအပြင် လောကီစာပေများကိုလည်း ဖတ်သည်ဟု သိရပါသည်။

ဆရာတော်ကြီး၏ သာသနာအပေါ်၊ တပည့်သံယာများအပေါ်တွင် ထားရှိသော စေတနာများမှာ ဆရာတော်ကြီး၏ ဩဝါဒများကို ဖတ်ရှုက သိနိုင်ကြပါသည်၊ ဆရာတော်ကြီး၏ ဩဝါဒစာအုပ်အား စီစဉ်ထုတ်ဝေသူ ဆရာတော်၏ သုံးသပ်ချက်တစ်ပုဒ်တွင်-

ဆရာတော်ကြီးသည် တပည့်များကို ဆုံးမရာ၌ အကြမ်းနည်းဖြင့် ဆုံးမခြင်းကို မနှစ်သက်၊ မမြတ်နိုးပေ၊ အပြင်ပန်း အမြင်အားဖြင့်သော်လည်းကောင်း၊ မမြင်ဘူး၍ အသံသက်သက်ဖြင့်သော်လည်းကောင်း၊ ခက်ထန်ကြမ်းတမ်းလိမ့်မည်ဟု လူတိုင်း ဆုံးဖြတ်ကောက်ချက်ချမည်ပင်၊ ကောက်ချက်ချမည်ဆိုလျှင်လည်း ကောက်ချက်ချစရာပင်၊ တပည့်ပရိသတ်အများ ငြိမ်အောင်အုပ်ချုပ်ရသူဖြစ်ရကား မျက်နှာချိုချိုဖြင့် နေချင်သော်လည်း ရောင့်တက်မည်ကို စိုးရိမ်၍ အမြဲတမ်းလိုလို တင်းတင်းမာမာ အနေအထားမှာ ရှိရပါသည်၊ တနည်းအားဖြင့် လူဆိုးလူမိုက် အသွင် ဖြစ်နေရပါသည်၊ စင်စစ်အားဖြင့် ဤကဲ့သို့ နေနေရခြင်းသည်ပင် သူ၏ ပျော်စရာနေ့သစ်များကို ချစ်လျှက်စွန့်ပစ်ပြီး အဆိုးဆုံး နေ့ရက်များကို ဆန္ဒမပါဘဲ လက်ခံထားရသူအဖြစ်သို့ ရောက်နေရခြင်းပင် ဖြစ်ပေသည်။

ဤသဘောကို ကိုယ်တိုင် ဆရာလုပ်၍ ခေါင်းဆောင်ကြဘူးသူတိုင်း နားလည်ကြမည် ဖြစ်ပေသည်၊ လောကၠ မည်သူမဆို အကောင်းဆုံးသော အပြုံးကိုသာ လက်ခံချင်ကြပါသည်၊ အဆိုးဆုံးသော အမုန်းကို မည်သူမျှ လက်မခံလိုကြပေ၊ ဤသဘောကို ဆရာတော် မသိမဟုတ်၊ သိပါသည်၊ သို့သော် ပရလမ်းစဉ်ကို ချစ်သူပီပီ အမုန်းခံ၍ အများတိုးတက် အသိပွင့်ရေးကို ငဲ့ကွက်တော်မူခဲ့ပါ၏။

ဤသဘောကို ဟုတ်-မဟုတ် ဆရာတော်၏ (မင်းတို့ လိမ္မာဖို့ ငါ ဆက်မိုက်နေဦးမယ်)ဟူသော ပြတ်သားရဲရင့်သော ဩဝါဒစကား ကြားရလျှင် နားလည်ကြ

http://www.dhammadownload.com



မည်သာ။

မည်သူတွေ မည်သို့ပင် ထင်စေ၊ ဆရာတော်၏ အတွင်းစိတ်ဓာတ်ကား တပည့်များ အသိဉာဏ်ပွားရေးကလွဲ၍ ဘာဆိုဘာမှ မရှိဟု ဆိုစမှတ်ပြုလောက်သည်၊ လောကဌ် ဆရာအမျိုးမျိုး၊ ဆုံးမနည်း အမျိုးမျိုးရှိရာ ဆရာတော်၏ ဆုံးမနည်းသည်လည်း အတုယူဖွယ်တခုအဖြစ် ရှေ့တန်းက ရပ်တည်နေပါသည်။

ဩဝါဒစာအုပ် ပြုစုထုတ်ဝေခဲ့သော ဆရာတော်၏ အထက်ပါမှတ်ချက်မှာ အင်မတန်မှ မှတ်သားနည်းယူစရာ ကောင်းပါသည်။

ဆရာတော်ဘုရားကြီး ဦးရာဇဓမ္မမှာ ရုပ်ရှင်ကားများထဲမှ လူဆိုးအဖြစ် သရုပ်ဆောင်ရသူပမာ ဖြစ်နေပါသည်၊ ရုပ်ရှင်ကားများထဲမှ လူဆိုးလုပ်သူမှာ မင်းသမီးမင်းသား နာမည်ကျော်ကြားအောင် သရုပ်ဆောင်ရသလို ဆရာတော်ဘုရားကြီးမှာလည်း နှစ်ထောင်ကျော်သော တပည့်သံဃာများ လိမ္မာရေးခြားရှိရန် လူဆိုးခန်းမှ သရုပ်ဆောင်နေရခြင်းပင် ဖြစ်ပေသည်။

ဆရာတော်ကြီးမှာ ယခုလို သက်တော် (၈၀) ရှိခဲ့ပြီဖြစ်သော်လည်း သာသနာရေး ဆောင်ရွက်ချက်များကို မပျက်မကွက် ဆောင်ရွက်လျက် ရှိနေမည် ဖြစ်ကြောင်း သိရပါသည်။

စာသင်သားသံဃာများ သတိပြုရမည်မှာ ဆရာတော်ကြီးဟာ တခေတ်တွင် ထူးထူးခြားခြား ရှားရှားပါးပါး ပေါ်ပေါက်လာသော သံဃာ့ရတနာ တစ်ပါးဖြစ်ပါသည်၊ ဤလို ထူးခြားသော ဆရာတော်၏ တပည့်များ ဖြစ်ရသည့်အတွက် ဂုဏ်ယူစရာပါ၊ ယခုကဲ့သို့ သက်ရွယ်တော်ကြီးရင့်လာပြီဖြစ်သော ဆရာတော်ကြီးအား ကျေးဇူးဆပ်သော သဘောဖြင့် မိမိတို့၏ မိဘရင်းသဘွယ် ဂရုစိုက်ပြုစုကြရပါမည်။

လူဆိုတာ တန်ဘိုးရှိသော ပစ္စည်းတခု၊ တန်ဘိုးရှိသော ပုဂ္ဂိုလ်တစ်ဦးအား ခက်ခက်ခဲခဲ ရရှိထားကြ သော်လည်း အမှတ်တမဲ့ တန်ဘိုးကို မသိတတ်ကြပါ၊ ၎င်းပစ္စည်း၊ ၎င်းပုဂ္ဂိုလ် ဆုံးရှုံးသွားချိန်တွင်မှ နှမြောတသဝမ်းနည်းတတ်ကြတာဟာ ခမ္မတာပါ။


မစိုးရိမ်တိုက်သစ်များရဲ့ စာသင်သားသံဃာ အပေါင်းဟာလည်း မိမိတို့၏ ရှားရှားပါးပါး ရရှိထားတဲ့ ဆရာတော်ဘုရားကြီးအား တတ်နိုင်သ၍ အချိန်ပြည့် လေးစားမြတ်နိုး တန်ဘိုးထားသင့်သော တန်ဘိုးဖြတ် မရသော ရတနာတစ်ပါးအဖြစ် ဆရာတော်ကြီးအား အချိန်ပြည့် မျက်ခြည်မပြတ် ကြည့်ရှုစောင့်ရှောက်ကြရမှာ ဖြစ်ကြောင်း သတိပေးရေးသားအပ်ပါကြောင်း။

ဆရာတော်ကြီး ဦးရာဇဓမ္မ သက်ရှည် ကျန်းမာပျော်ရွှင် ပြည့်စုံစွာဖြင့် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ သာသနာတော်သုံးရပ်နှင့် ဆရာတော်ကြီး ချစ်ခင်တွယ်တာမြတ်နိုးရသော တပည့်အပေါင်းနှင့် သက်တော် (၁၂၀) တိုင်အောင် သာသနာအကျိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆန္ဒမွန်ဖြင့်။

(ခဏရောက်ရ လူဘဝ သုခချမ်းသာ ပြည့်ပါစေ)

ရွှေကသစ် (ကျောက်မျက်)

http://www.dhammadownload.com



ဆရာပိသလွန်းသော ဆရာတော်နှင့် တပည့်ပိသလွန်းသော ဆရာတော်

ကသစ်ပန်း


ဆရာတော်ကြီး၏ သက်တော် (၇၅)နှစ်မပြည့်မီ ငါးလခန့်က ထင်ပါသည်၊ တစ်နေ့တွင် တိပိဋကယောဆရာတော်က မန္တလေးရောက်ခိုက် "ဒကာကြီး၊ ဆရာတော်ဦးရာဇ စိန်ရတုမွေးနေ့က ဝါဆိုလပြည့် ကျော် (၁၃)ရက် မဟုတ်လား"ဟု မိန့်တော်မူပါသည်၊ တပည့်တော် အံ့အားသင့်ခြင်းနှင့်အတူ မှန်ကန်ကြောင်း ပြန်လည် လျှောက်ထားပါသည်။

ဆရာတော်က ဆက်၍ "အဲဒီနေ့မှာ တပည့်ဦးဇင်းလေးက မစိုးရိမ်တိုက်သစ် သံဃာအားလုံး ဆွမ်းလောင်း ဆွမ်းကပ်ပြီး သက်နှံးအစရှိသော ပစ္စည်းများ လှူဒါန်းလိုကြောင်း" လျှောက်ထားပေးရန် မိန့်ကြားပါသည်။

တပည့်တော် အလွန်ကြည်ညိုသော ကျေးဇူးရှင် ဆရာတော်ကြီးနှစ်ပါး ဆရာတပည့်ဖြစ်ကြခြင်း၊ ကျေးဇူးရှိခြင်း၊ ကျေးဇူးသိ၍ ထိုက်ထိုက်တန်တန်ဆပ်ခြင်းတို့ကြောင့် အလွန်ပင် ဝမ်းသာပီတိဖြစ်ရပါသည်၊ တိပိဋကယောဆရာတော်မှာ မစိုးရိမ်တိုက်သားမဟုတ်ပါ၊ ဝိသုဒ္ဓါရုံမှာ ရဟန်းငယ်ဘဝနဲ့နေစဉ်က မစိုးရိမ်တိုက်ကြီးမှ ဆရာတော် ဦးသိရိန္ဒာဘိဝံသ၊ ဆရာတော် ဦးကောဝိဒါဘိဝံသ၊ ဆရာတော် ဦးရာဇမွာဘိဝံသ အစရှိသော ဆရာတော်ကြီးများထံတွင် စာဝါလိုက်ခဲ့ခြင်း ဖြစ်ပါသည်၊ (တိပိဋကယောဆရာတော်သည် မိမိစာသင်ခဲ့ဖူးသော မစိုးရိမ်တိုက်ကြီး၏ ရာပြည့်ပွဲတော်တွင်လည်း သိန်းပေါင်း (၁၀၀)ကျော် လှူဒါန်းခဲ့ပါသည်။)

တပည့်တော် ဆရာတော်ကြီးထံ တိပိဋက ယောဆရာတော် အမိန့်ရှိသည့်အတိုင်း ဝမ်းမြောက်ဝမ်းသာ လျှောက်ထားသောအခါ ဆရာတော်ကြီးက "အေး. . . ငါက သူများတွေလို မွေးနေ့လုပ်တာ မဟုတ်ဘူး၊ သေနေ့

http://www.dhammadownload.com



လုပ်တာ၊ ဒီမှာလုပ်တာလည်း မဟုတ်ဘူး၊ ငါ့ရွာမှာ လုပ်တာ၊ လှူချင်ရင် အဲဒီမှာ လိုက်လှူ"ဟု ပြန်လျှောက်ရန် မိန့်ကြားပါသည်၊ မှန်ပါသည်၊ ဆရာတော်ကြီးသည် သက်တော် (၆၇)နှစ် မွေးနေ့မှ စ၍ ဇာတိဖြစ်သော မုံရွာမြောက်ဘက် အင်တိုင်းရွာတွင် သဇိဝသရဏဂုံတင်၍ ကုသိုလ်ကောင်းမှုများ ပြုလုပ်ပါသည်၊ (ယောဆရာတော် လှူသည့်နှစ်မှ စ၍ တစ်ရွာလုံးမီးခိုးတိတ် ကျွေးနိုင်ပါသည်) ထို့နောက် ဆရာတော်ကြီးနှစ်ပါး ရန်ကုန်အလှူပွဲတစ်ခုတွင် ဆုံကြသောအခါ တိပိဋကယောဆရာတော်က ဆရာတော်ကြီး နှစ်သက်သလို အသုံးပြုပါ၊ စိန်ရတုဖြစ်သဖြင့် (၇၅)သိန်းလှူပါမည်ဟု လျှောက်ထား၍ ဆရာတော်ကြီး၏ ဆန္ဒအတိုင်း အင်တိုင်းရွာတွင် ညတရားပွဲလည်း ဟောကြားပေးမည်ဟု သိရပါသည်။

များမကြာမီ ဝိဇ္ဇာလင်္ကာရကျောင်း၌ ဝါဆိုဆရာတော်ကြီး, မြတောင်ဆရာတော်ကြီး အစရှိသော ဆရာတော်ကြီးများ ရှေ့မှောက်တွင် (၇၅)သိန်း လှူဒါန်းပါသည်၊ ၁၃၇၀-ခုနှစ်၊ ဝါဆိုလပြည့်ကျော်(၁၂)ရက်နေ့တွင် ဆရာတော်ကြီး၏ရွာ ညတရားပွဲအတွက် တိပိဋကယောဆရာတော် မန္တလေးသို့ ရောက်ရှိတော်မူသောအခါ နောက်ထပ် (၂၅)သိန်း ထပ်လှူဒါန်းဦးမည်ဖြစ်သဖြင့် တပည့်တော်တို့ ဒကာဒကာမများ အလွန်ပင် ဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင်မဆုံး ဖြစ်ကြရပါသည်။

နေ့လည် (၁)နာရီခန့်တွင် မစိုးရိမ်တိုက်သစ် ဓမ္မကာယကျောင်းသို့ တိပိဋကယောဆရာတော် ရောက်ရှိလာပါသည်။ ဆရာတော်ကြီး သီတင်းသုံးနေသော ကုလားထိုင်ရှေ့တွင် နေရာထိုင်လေး ခင်း၍ ပုဆစ်တုပ်ထိုင်လျှက် ဆရာတော်ကြီးအား ကန်တော့ပြီး သက်တော် (၁၀၀)ပြည့်အောင်ဟု လျှောက်ထား၍ နောက်ထပ် (၂၅)သိန်း လှူဒါန်းပါသည်၊ ထိုအချိန်တွင် ဆရာတော်ကြီး၏ ဘေးနား၌ ကုလားထိုင် အလွတ်တစ်လုံး ရှိနေသော်လည်း ဆရာတော်ကြီးက ကုလားထိုင်ပေါ် ထိုင်ရန် မမိန့်ပါ၊ တိပိဋကယောဆရာတော်ကလည်း ရောက်စမှ စ၍ ဣရိယာပုထ် လုံးဝမပြင်ဘဲ အချိန်အတော်ကြာသည်အထိ ဆရာတော်ကြီး မေးမြန်းသမျှကို ပြန်လည်ဖြေကြားလျှောက်ထားပါသည်။

သာမန်ပုထုဇဉ်ပုဂ္ဂိုလ် ဆိုလျှင်တော့ ခြေကျင်၍ ချက်ချင်းထနိုင်မည် မဟုတ်သော်လည်း တိပိဋက ယောဆရာတော်ကတော့ ပေါ့ပါးသွက်လက်စွာပင် ထနိုင်လမ်းလျှောက်တော်မူနိုင်ပါသည်၊ တိပိဋကဆရာတော်၏ အလွန်ထူးခြားသည့် ရိုကျိုးနှိမ်ချမှု ဂါရဝနိဝါတ တရားကား ကြည်ညိုစ၍ပင် မဝအောင် ရှိခဲ့ပါသည်၊ (ဤစာအုပ်ကို အများဆုံး ဖတ်မည့်သူများမှာ သံဃာတော်များသာ ဖြစ်သဖြင့် "တပည့်တော်"ဟု သုံးနှုန်း ရေးသားပါသည်ဘုရား)

ဆရာတော်ကြီးသည် မိမိအား သဒ္ဓါတရား ထက်သန်စွာ ရည်ရွယ်ချက်ရှိရှိဖြင့် ရက်ရက်ရောရော လှူဒါန်းသူမှာ ပိဋကသုံးပုံ အာဂုံဆောင် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် တစ်ပါး ဖြစ်သော်လည်း တပည့်ကို တပည့်လိုသာ ဆက်ဆံ၍ တိပိဋကယောဆရာတော်ကလည်း မိမိက ပညာအရာတွင် ထင်ပေါ်ကျော်ကြားသူ ဖြစ်ငြားသော်လည်း ဆရာကို ဆရာလိုပဲ ရိုသေကျိုးနွံစွာ ဆက်ဆံသည်ကို ဖူးမြင်ရသဖြင့် ထေရဝါဒဗုဒ္ဓသာသနာတော်အတွက် အလွန် ကျေးဇူးများလှသည့် ဆရာတော်ကြီးနှစ်ပါး၏ လွန်ခဲ့သော နှစ်ပေါင်း(၄၀)ကျော်က မထင်ရှား, မကျော်ကြား သေးသေး စာချုပ်နှီးကြီးလေးနှင့် စာလိုက်ဦးဇင်းလေးဘဝတို့အား ရည်ရော်မှန်းဆ ကန်တော့လိုက်ပါသည် ဘုရား။

ကျေးဇူးရှင်ဆရာတော်ကြီးနှစ်ပါးနှင့် သံဃာတော်အပေါင်း ခန္ဓာဝန်,သာသနာဝန်ကို ချမ်းသာစွာ ထမ်းဆောင်တော်မူနိုင်ကြပါစေ။

ကသစ်ပန်း

http://www.dhammadownload.com

စံပြခေါင်းဆောင်


ချစ်ကို (ရာသ)

၁။ "ရည်မှန်းချက်ပန်းတိုင် ရောက်အောင် မပို့နိုင်ဘူး ဆိုရင် အားမနားရဘူးကွ၊ ခေါင်းဆောင်ရွေးရမယ်၊ မရွေးသင့်ဘူးလား?"။ ၂။ မင်းတို့လိမ်မာဖို့ ငါ လူမိုက်လုပ်ရဦးမယ်။ (ဘဒ္ဒန္တရာဇမဟာဘိဝံသ)

"သက်ကြီးစကား သက်ငယ်ကြား"ဟူသော မြန်မာ့ဆိုရိုးတခု ရှိပါတယ်၊ ထိုဆိုရိုးက တောရွာများတွင် မှန်ကန် သောဆိုရိုး ဖြစ်ချေသည်၊ တောရွာများတွင် ညဦးပိုင်း အလုပ်နားချိန်မို့ ဟိုအိမ်ဒီအိမ်စုကာ ရေနွေးကြမ်း သောက်ရင်း ဘဝအမောတွေဖြေ၊ ဘဝအမောဖြေရင်း ပြောသော သက်ကျားအိုတို့ စကားက ရပ်ရေးရွာရေး၊ စီပွားရေး. . နောက်ပြီး သာသနာရေး. . . နောက်ပြီး . . . ။

ကျွန်တော်တို့သည် ထိုစကားဝိုင်းများနှင့် ကြီးပြင်း လာရသည်၊ ထိုစကားဝိုင်းများထဲတွင် မစိုးရိမ်တိုက်သစ်က ဆရာတော် ဦးရာဇဟူသော အကြောင်းကို မကြာခဏ ကြားရပါသည်၊ အထူးသဖြင့် နွေရာသီမှ ပြန်လာသော ဦးဇင်းဆီက ပိုကြားရပါသည်၊ ဦးဇင်းပြောတဲ့ ဆရာတော်ရဲ့ အကြောင်းက စိတ်ဝင်စားဖွယ်ကောင်းလှပါသည်၊ ဦးဇင်းပြောတဲ့ စကားတွေကို နားထောင်ကြည့်လျှင် သိပါလိမ့်မည်။

မင်းတို့ကို ဗန်းမော်ဆရာတော်လို စိတ်ဝင်စားစရာကောင်းတဲ့ ဆရာတော် အကြောင်း ပြောပြမယ်၊ အဲဒီ ဆရာတော်ရဲ့ ဘွဲ့က ဦးရာဇတဲ့၊ မစိုးရိမ်တိုက်သစ်ရဲ့ အဓိပတိပေါ့ကွာ၊ ဆရာတော် ဦးရာဇကို တခြားတိုက်က ဆရာတော်က "ဦးဇင်းတိုက်က ဦးဇင်းလေးတွေ ဘာလုံးကန်တယ်လို့ ကြားတယ်ဘုရား"လို့ လျှောက်တယ်၊ သဘောကတော့ သူတိုက်က မကန်ဘူးဆိုတဲ့ တစ်ချက်ခုတ်နှစ်ချက်ပြတ်ဆိုတဲ့နည်းနဲ့ လျှောက်တယ်၊ အဲဒီတော့ ဆရာတော်က မငြင်းဘူး၊ ဝန်ခံတယ်၊ အပြစ်က အလွတ်ရုန်းတာကိုလည်း အပါဆွဲပုံက "ဟုတ်တယ်ဘုရား၊ အရှင်ဘုရား ဦးဇင်းတွေ ရှုံးသွားတယ်လို့ ကြားတာပဲ"၊



http://www.dhammadownload.com

အဲဒီလို ပြန်လျှောက်တယ်တဲ့၊ ကိုယ့်တပည့်သားတွေကို တစ်ပါးသူရဲ့ မေးငေါ့တာ လက်ညှိုးထိုးတာကို လုံးလုံး မကြိုက်ဘူး။

နောက်ပြီး ဒေါ်အောင်ဆန်းစုကြည် မစိုးရိမ်တိုက်သစ် လာတုန်းက မိန့်ကြားတဲ့ဩဝါဒကိုသာ ကြည့်၊ ငါတို့နိုင်ငံဟာ သိပ်တော့မလွယ်ဘူး၊ ဘာဖြစ်လို့ မလွယ်တာလည်းဆိုရင် "နိုင်ငံရေးဟာ တနည်းအားဖြင့် နိုင်ငံအာဏာဟာ စီးပွားဖြစ်လွယ်တဲ့ လုပ်ငန်းတစ်ရပ်လို့ သတ်မှတ်နေကြတယ်၊ နိုင်ငံ့အတွက် နိုင်ငံရေးလုပ်မယ်၊ နိုင်ငံ့အတွက် နိုင်ငံအာဏာ ယူမယ် ဒီလို မဟုတ်ဘူး၊ နိုင်ငံ့အာဏာဟာ စီးပွားအင်မတန်ဖြစ်လွယ်တယ်လို့ လူတော်တော်များများရဲ့ စိတ်မှာ ကိန်းနေတယ်၊ အဲ့ဒီ စိတ်တွေ ဖျောက်ဖို့လိုတယ်၊ နိုင်ငံရေးလုပ်တဲ့ နိုင်ငံရေးသမား ဖြစ်ပါစေ၊ ဝို့ဘနိုင်ငံရေးသမား မဖြစ်ပါစေနဲ့"တဲ့၊ ကဲ မင်းတို့ သိထားတဲ့ ပုံသက္ကမထေရ်လို မတရားတာလုပ်ရင် ဘုရင်ကိုတောင် လက်ညှိုးငေါက်ငေါက်ထိုးဆုံးမရဲတဲ့ ဆရာတော်မျိုး၊ အာဂသတ္တိရှင်တွေနော်၊ မင်းတို့ အားကျ အတုယူစေချင်တယ်။

တပည့်တွေအပေါ်မှာ ထားတဲ့ မေတ္တာအကြောင်းနဲ့ ပတ်သက်တဲ့ ဆရာတော်စကားက "မင်းတို့ လိမ္မာဖို့ ငါလူမိုက်လုပ်ရဦးမှာပဲတဲ့၊ ကဲ ဆရာတော်ရဲ့ မေတ္တာ, စေတနာ, အနစ်နာတွေ မပေါ်လွင်ဘူးလား၊ တကယ် နှလုံးအိမ်က ယိုစိမ့်လာတဲ့စကားဆိုတာ အထောက်အထားပြဖို့ကို မလိုတာကွ၊ မင်းတို့ သိထားရမှာက ဆရာဆိုတာ တပည့်တွေကို အဲဒီလို အနစ်နာခံချင်တယ်ဆိုတာပါပဲ။ မိဘတွေဟာ သူတို့ဘဝ၊ ရည်မှန်းချက်တွေ စတေးပြီး သားသမီးတွေရဲ့ ဘဝတောက်ပြောင်ဖို့ အလုပ်လုပ်ကြသလို စာသင်တိုက်တစ်တိုက်ရဲ့ စာချဆရာတော်တွေကလည်း တပည့်တွေ ဘဝထွန်းတောက်ဖို့ သူတို့ရဲ့ ဘဝတွေ (အချိန်)တွေ ပေးဆပ်ခဲ့တယ်ဆိုတာ အထူးပြောပြစရာကို မလိုဘူး။

ဆရာတော်ရဲ့ ဘဝတစိတ်တဒေသကို ထင်ဟပ်ပြနေတဲ့ "ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ၏ စိန်ရတုအထိမ်းအမှတ် ဩဝါဒတရားတော်များ"ဆိုတဲ့ စာအုပ်ကို ဖတ်ကြည့်စေချင်တယ်၊ အဲဒီထဲမှာ ဆရာတော်ရဲ့ ရိုးသားပွင့်လင်းမှုကို အထင်အရှားတွေ့နိုင်တယ်၊ နိဒါန်းအမှာကိုက ဘုန်းကြီးဩဝါဒများကို ဖတ်ရှုသဖြင့် လောကီ,လောကုတ္တရာ အကျိုး (၂)မျိုးရှိမည်ဟူ၍ကား အာမခံနိုင်ပါတဲ့၊ နောက်ပြီး ဆက်မိန့်ထားတာက ဘုရားရှင် ဟောကြားတဲ့ တရားတော်များကို ကြားနာဖတ်ရှုပြီး အကျိုးနဲ့သွားသူများ တပုံကြီးရှိ၏တဲ့၊ ဆရာတော်ရဲ့ ရိုးသားမှု၊ ဟန်ကြီးပန်ကြီး မရှိမှုတွေ ပေါ်လွင်သလို ဘာမဆို မျက်စိမှိတ်မယုံဖို့ပါသင်ပြသွားတာကွ။

(စကားချပ်-ဘုရားရှင်၏ တရားတော်များကို နာကြား၍ အကျိုးနဲ့သွားကြသူများမှာ အသိဉာဏ်(၀ါ) ပညာဉာဏ် နုသေးသောကြောင့်သာ တရားတော်ကြောင့် မဟုတ်ပေ။)

ဒို့တတွေ ဘဝရည်မှန်းချက်တွေနဲ့ ဘဝလမ်းခရီး လျှောက်တဲ့အခါ စံပြခေါင်းဆောင်ရွေးတတ်ဖို့ မိန့်တာလေး နားထောင်ကြည့်၊ "မင်းတို့ မှတ်ထားဖို့က ခေါင်းဆောင်ဟောင်းက ရည်မှန်းချက်ပန်းတိုင်ရောက်အောင် မပို့နိုင်ဘူးဆိုရင် အားမနာရဘူး၊ ခေါင်းဆောင်သစ်ရွေးရမယ်၊ သာရိပုတြာတို့ မောဂ္ဂလာန်တို့ ထုံးကို မင်းတို့ နှလုံးမူပြီးတော့ အတုမယူသင့်ဘူးလား?၊ ယူသင့်တယ်၊ သူတို့က ခေါင်းဆောင်ဟောင်းကို စွန့်ပြီးတော့ ခေါင်းဆောင်သစ်ကို ရွေးတဲ့နေရာမှာ ခေါင်းဆောင်ဟောင်းကို အားနာမှုရှိရဲ့လား၊ မရှိဘူးကွ၊ အားမနာရဘူး၊ အားနာမှုရှိရင် ကိုယ်ပဲ ဒုက္ခပင်လယ် ဝေနေမှာပေါ့တဲ့၊ ကဲ မှတ်သားထိုက်တဲ့ စကားရပ်တွေ သုံးသပ်မှုတွေပဲ မဟုတ်လား၊ ကဲ မင်းတို့လည်း ဆရာတော်လို စံပြခေါင်းဆောင်ဖြစ်အောင် ကြိုးစားရမယ်၊ စံပြခေါင်းဆောင်မဖြစ်ရင်တောင်၊ စံပြခေါင်းဆောင်ရဲ့ ညွှန်ပြမှုကို လိုက်နာနိုင်တဲ့ လူချွန်လူကောင်းလေး ဖြစ်အောင်ကြိုးစားကြကွ"ဟု တနံတလျားကြီး ပြောပြလေ့ရှိသည်။

ယခုနှစ်တွင် ဦးဇင်း ပြန်မလာပါ၊ ဆရာတော်ရဲ့ သက်တော်(၈၀)ပြည့် ပူဇော်ပွဲနီးလို့ဟု စာရေးကာ အကြောင်းကြားလိုက်သေး၏၊ ဦးဇင်း ပြန်မလာပေမဲ့ ဆရာတော် ဦးရာဇ စံပြခေါင်းဆောင်စသည့် စကားစုလေးတွေကတော့ ကျွန်တော်တို့ရင်ထဲတွင် အတော်ကလေး မှတ်မိနေပြီ၊ ထိုကဲ့သို့ ဦးဇင်း၏ စံပြခေါင်းဆောင်အကြောင်း စဉ်းစားနေစဉ်၊ တဖက်အိမ်ရှိ ရေဒီယိုက . . .၊

"အနန္တငါးဖြာ ရတနာမြတ်ငါးပါးမှာ . . . တပါး အဝင်ပါ . . . သနားကြင်နာ . . . မေတ္တာစမ်းချောင်းလေးနဲ့ . . . လမ်းကြောင်းပေးတဲ့မြတ်သောဆရာ. . . အာစရိယသခင်ဆရာ . . . မမေ့အပ်မမေ့ကောင်း မမေ့သင့်ပါကြောင်း . . . ဟူသောတေးသံက ကျွန်တော်ဆီသို့ ပျံ့ဝဲလွင့်ပြန့်လာ လေတော့သည်။

ချစ်ကို (ရသ)

http://www.dhammadownload.com



ဓမ္မဝတ်သာ ကျေပွန်သော မစိုးရိမ်

ဦးသုမန (ကျောင်းသားဟောင်း)

မျက်မှောက်ခေတ် မစိုးရိမ်တိုက်သစ်သည် လောကဝတ်ကို မငဲ့ကွက်၊ ဓမ္မဝတ်ကိုသာ ငဲ့ကွက်သောကြောင့် လောကဝတ် မကျေပွန်၊ ဓမ္မဝတ်သာ ကျေပွန်၏ဟု ယူဆမိသည်။

မစိုးရိမ်တိုက်သစ်ကြီးသည် စာချစာသင် နှစ်မျိုးကိုသာ ထားရှိ၍ ပရိယတ္တိဓမ္မကိုသာ အလေးထား ဆောင်ရွက်နေသောကြောင့် မစိုးရိမ်တိုက်သစ်၌ လောကဝတ်နှင့် ဆက်နွယ်သော စီးပွားရှာသူ စီးပွားရေးသမား မိဘဆွေမျိုး ညီအစ်ကိုမောင်နှမစသော လူဝတ်ကြောင်ပုဂ္ဂိုလ်များ အမြဲနေ မရှိ၍ လောကဝတ်နှင့် ဆက်နွယ်သော စီးပွားရေး ကြီးပွားရေးစကားများ မကြားရပေ၊ ပရိယတ္တိစာပေစကားများသာ ကြားနေသောကြောင့် လောကဝတ္တရားများ ပျက်ကွက်၍ နေသည်ဟု ယူဆရမည်။

မိမိတို့ နေထိုင်ရာအရပ်ဒေသသည် မဟာမြတ်မုနိမြတ်စွာဘုရားဝန်းကျင် နီး၍လား မသိ၊ လောကဝတ်နှင့် ဆက်နွယ်သော လူမှုရေးစီးပွားရေးလုပ်သူ အတော်များများကို တွေ့ရသည်၊ ကျောင်း၌ အမြဲနေထိုင်သူများ၊ အခြို့သောကျောင်း၌ လစာပေး၍ စီးပွားရှာသူများ၊ မန္တလေးမြို့အနီး တောင်ပြုံးပွဲရက်များ၌ ကျောင်းများတွင် သံဃာများထက် လူဝတ်ကြောင်များက ပို၍ များနေသည်ကို တွေ့ကြ မြင်ကြရသည်။

မစိုးရိမ်တိုက်သစ်၌ ထိုကဲ့သို့ လူပုဂ္ဂိုလ် အမျိုးသားအမျိုးသမီး မိသားစုလိုက် မတွေ့ကြ မမြင်ကြရ၊ ကိုရင်ဦးဇင်း စသော စာသင်သားများကို ကြည်ညိုလေးစား၍ ဆွေရိပ်မျိုးရိပ်မကင်း ခေတ္တခဏလာရောက်၍ တွေ့ကြသော အာဂန္တုကဧည့်သည်ကိုသာ တွေ့ကြမြင်ကြရသည်၊ ဤသည်မှာ မစိုးရိမ်တိုက်သစ်၏ ဓမ္မဝတ်ကိုသာ ကျေပွန်နေသည်မှာ ထင်ရှားလှ၏။

မစိုးရိမ်တိုက်သစ်သည် ပရိယတ္တိဓမ္မကို အဓိကထား၍ လုပ်နေ၏၊ ပရိယတ်နှင့်စပ်သော စာချစာသင် ဓမ္မသံစဉ်များကိုသာ နေ့စဉ်ကြား၍နေသည်၊ ပရိယတ္တိဓမ္မကို တာဝန်တစ်ခုအနေဖြင့် လုပ်၍နေ၏၊ မစိုးရိမ်တိုက်

http://www.dhammadownload.com

သစ်သည် နွေရာသီကျောင်းပိတ်ရက် တစ်လဝန်းကျင်၊ သီတင်းကျွတ်ကျောင်းပိတ်ရက် နှစ်ပတ်လောက်သာ အနားယူကြသည်၊ အခြားသောအချိန်များမှာ စာချစာသင်အလုပ်များကို အမြဲလုပ်နေကြသည်၊


မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်သည် ပရိယတ္တိ ဓမ္မကို ဝတ္တရားသာ လုပ်ကြ၏၊ နွေရာသီ သီတင်းကျွတ်သောအခါတို့၌ စာဝါများ မရှိသလောက်ရှား၏၊ စာအံကျောင်းဆို ဝေလာဝေး၊ အလုပ်လုပ်သည့်အချိန်နည်းသည့်အတွက် အောင်မြင်မှုတွေလည်း အတော်နည်းလာသည်ကို တွေ့ရသည်၊ မဟာအောင်မြေမြို့နယ် စာသင်တိုက်ကြီးများတွင် အလုပ်လုပ်သူ များတဲ့အတွက် အောင်မြင်သူများ များပြားကြ၏၊ မိမိတို့နေထိုင်သည့် ဝန်းကျင်သည် လောကဝတ်ကိုသာ ကျေပွန်သော ကျောင်းတိုက်ကား များပြားလှ၏၊ ဓမ္မဝတ်ကို ကျေပွန်သော ကျောင်းများကနည်းပါးလှ၏၊ အထူးသဖြင့် ပရိယတ္တိဓမ္မကို ဝါသနာပါသူ မြတ်နိုးသူ နည်းပါး၍ လိုက်စားသူ တဖြေးဖြေး လျော့နည်းလာ၏၊ စာလုပ်ချိန်မှာ ဝါတွင်းကာလလောက်သာ ရှိ၍ အောင်မြင်သူ နည်းပါးလာပြီး ပရိယတ္တိသကျသီဟစာမေးပွဲ အောင်မြင်သူများ မတွေ့ရသလောက် ဖြစ်လာကာ သာသနာ မှေးမှိန်လာ၍ မစိုးရိမ်ဝန်းကျင်မှာတော့ သာသနာ ထွန်းကားလာတာ တွေ့မြင်ရသည်။

ဘာကြောင့် ထွန်းကားသလဲ? ဘာကြောင့် မှေးမှိန်သလဲ?ဆိုရင် ကောက်ချက်ချတော့ အလုပ်လုပ်သူ မလုပ်သူ၊ ထိထိရောက်ရောက် လုပ်သူ မလုပ်သူ၊ လောကဝတ်ဝဲ့ကွက်သူ မဝဲ့ကွက်သူ၊ ဓမ္မဝတ်ကျေပွန်သူ မကျေပွန်သူတို့၏ လုပ်ရပ်သာ ဖြစ်သည်။

စပ်မိ၍ "ပါလကျောင်းထွက် ဘုန်းကြီးတစ်ပါး၏ ရဟန်းဒါယကာက ကျောင်းကို လာတည်းသည့်အခါ ဘုန်းကြီးတို့ မစိုးရိမ်တိုက်သစ်ထွက်တွေက အတော်ကို ဘုန်းကံကြီးတယ်ဘုရား"ဟု လျှောက်၏၊ မိမိကလည်း မူလတန်းမှစ၍ ဓမ္မာစရိယ ကျမ်းစွဲသည်အထိ (၁၃)နှစ်တာ နေထိုင်ခဲ့သော မိခင် မစိုးရိမ်တိုက်သစ်ထွက်ဆိုတော့ ခပ်ကြွားကြွား ပြောမိသည်၊ ဒို့မစိုးရိမ်ထွက်တွေက လောကဝတ်ကို မဝဲ့ကွက်၊ ဓမ္မဝတ်ကိုသာ ကျေပွန်အောင် ဆောင်ရွက်နေသော စိတ်ကောင်းစေတနာကောင်း ရှိသူများဖြစ်ကြသည့်အတွက် သာသနာတော်ကို ကြည်ညိုသူတို့က ကြည့်တတ်မြင်တတ်လာပြီး ကြည်ညိုကိုးကွယ်တတ်ကြတဲ့အတွက်ကြောင့် "ဒို့ မစိုးရိမ်ထွက်တွေ ဘုန်းကြီးသည်" ဟု ပြောမိသည်။

အမှန်တော့ ဘုန်းကြီးခြင်း မကြီးခြင်းသည် အလုပ်လုပ်ခြင်း မလုပ်ခြင်းက အဓိကကျသည်၊ မစိုးရိမ် တိုက်သစ်၏ ဘုန်းကြီးခြင်း ဂုဏ်သတင်းကျော်ကြားခြင်းသည် "ပရိယတ္တိ နာမ သာသနဿ မူလံ"ဟူသော အဋ္ဌကထာမိန့်မှာသည်နှင့်အညီ သာသနာတော်၏ မူလပဓာန အလုပ်ဖြစ်တဲ့ စာချစာသင်အလုပ်ကိုသာ ကြိုးစား အားထုတ်၍ လောကဝတ်ကို မဝဲ့ကွက်၊ ဓမ္မဝတ်ကို ကျေပွန်အောင် ကိုယ်စီကိုယ်ငှ ထမ်းဆောင်ကြ၏၊ မဟာနာယကချုပ်ဆရာတော်ကြီးကိုယ်တိုင်က လောကဝတ်ကို ငဲ့ရိုးထုံးစံမရှိ၊ ဆရာတော်ကိုယ်တိုင်ရေးသည့် ဆောင်းပါးတစ်ပုဒ်၌ ဘုရင်ခေတ် ဗန်းမော်ဆရာတော်နဲ့ နဝတခေတ် ဗန်းမော်ဆရာတော်တို့ နှိုင်းယှဉ်ပြ၏။ ဘုရင်ခေတ် ဗန်းမော်ဆရာတော်က ထင်ရှား၏၊ ပြတ်သား၏၊ နဝတခေတ် ဗန်းမော်ဆရာတော်က ထင်ရှား၏၊ ပြတ်သား မပြတ်သားတော့ မိမိ မသိနိုင်၊ တပည့် ဒါယကာ ဒါယိကာမများက ပြတ်သားစေချင်၏ဟု ဆရာတော်သည် မိမိနှင့် အကျွမ်းဝင်သော နိုင်ငံတော်သံဃမဟာနာယက ဥက္ကဋ္ဌဆရာတော်ကြီးကို ရည်ရွယ်၍ ဥက္ကဋ္ဌရာထူးနဲ့အညီ ပြတ်ပြတ်သားသား ထင်ထင်ရှားရှားဆုံးဖြတ်စေချင် မိန့်ကြားစေချင်ဟန်တူ၏၊ ဓမ္မဝတ်ကို ကျေပွန်စေချင်၏၊ ထို့ကြောင့် "ဓမ္မဝတ်သာ ကျေပွန်သော မစိုးရိမ်"ဟု ရေးသားလိုက်ပါသည်။

ဦးသုမန (ကျောင်းသားဟောင်း)



http://www.dhammadownload.com

မေလိုမရ သြဝါဒ

တပည့်-ကုဝေရ

အခြိန်ကား ဝါဆိုဦးကာလ၊ ဝါဆိုလပြည့်ကျော်(၁)ရက် ညနေချမ်းအခြိန်ဖြစ်ပါသည်၊ ဘုရားဝတ်ပြုပြီးခြိန်၌ ကွန့်ပ်တို့ ကြည်ညိုလေးစားရသော ဆရာတော်ဦးရာဇသည် သံဃာသစ်သံဃာအဟောင်းများအား သိသင့်သိထိုက်သည့် သြဝါဒကို မိန့်မြွက်နေကျဖြစ်ပါသည်။

ထိုနေ့က သြဝါဒကိုမူ အကျွန်ုပ် မစိုးရိမ်တိုက် သစ်ကျောင်းသားဟောင်းတစ်ဦး အနေဖြင့်သော်လည်းကောင်း, တိုင်းရင်းသားတစ်ဦးအနေဖြင့်သော်လည်းကောင်း သံမှိုစွဲနှက်ဘိသကဲ့သို့ စွဲစွဲမြဲမြဲ မှတ်မိနေရခြင်းဖြစ်သည်၊ ဆရာတော်ဦးရာဇသည် တရားဟောသည့်အခါဖြစ် စေ, သြဝါဒကထာမိန့်မြွက်ရသည့်အခါဖြစ်စေ တိုတိုနှင့် လိုရင်း ထိမိအောင် မိန့်မြွက်လေ့ရှိပါသည်။

မင်းတို့ မှတ်ထား၊ ဒီတိုက်မှာ
ကရင်စာသင်သားတွေရှိတယ်၊
ရခိုင်, ဗမာ, ရှမ်း, ပအိုဝ်း, ဂၠး,
မွန်, ကချင် အသီးသီးရှိကြတယ်၊
တစ်ဦးနှင့်တစ်ဦး နိုင်ထက်စီးနင်း
ကိုယ်အားဖြင့် နှုတ်အားဖြင့်
မပြုလုပ်ရ မပြောဆိုရဘူး၊
ဒေသတစ်ခုနှင့် တစ်ခုကို စွဲ၍
ရန်မဖြစ်ရဘူး၊



http://www.dhammadownload.com

အကျွန်ုပ်သည် မစိုးရိမ်တိုက်သစ်သို့ ၁၃၅၁-ခုနှစ် ရောက်ရှိပြီး၊ ၁၃၅၅-ခုနှစ်ကျမှ ပြောင်းရွှေ့သွားခြင်း ဖြစ်သည်၊ နေထိုင်ခဲ့သည့် (၄)နှစ်တာကာလအတွင်း၌ ပရိယတ်ပညာရေးအနေဖြင့် သီလကွန်တစ်ကျမ်း စွဲခဲ့ပါသည်၊ စာချတန်း နည်းနာနိဿယတွေကို အာစရိယ ဟတ္ထမုဒ္ဒိ လက်ဆုပ်မိအောင် အရယူခဲ့ပါသည်၊ ထို့ကြောင့်လည်း အပြင်တိုက်သို့ ရောက်သွားစေကာမူ တိုက်သစ်က သင်ယူခဲ့သော စာချတန်း နည်းနာနိဿယကို အားကိုးတစ်ခု မှီငြမ်းပြုပြီး ကြိုးစားခဲ့လေသောကြောင့် အပြင်တိုက်ရောက်ပြီး နှစ်နှစ်နှင့်ပင် စာချတန်း ပြီးမြောက် ခဲ့ပါသည်၊ ကျွန်ုပ်မှာ ငယ်-လတ်-ကြီး အောင်မြင်ခဲ့စဉ်က အခြေခံနည်းပါးခဲ့လေရကား စာချတန်းရောက်မှ အခက်အခဲများစွာ တွေ့ရပါသည်၊ ဆရာတော်ဦးရာဇ၏ အထိုးအနှက် အကန်အကျောက် အဆဲအဆိုအကြိမ်းအမောင်းကို စာမပိုင်၍ ဝမ်းမြောက်စွာ ဦးထိပ်ပန်ဆင်လျက် မငြို့မငြင် ခံယူခဲ့ပါသည်၊ ထိုအခြင်းအရာများ၏ အသီးအပွင့် ရလဒ်မှာ စာချတန်း ပြီးမြောက်ခြင်း၊ ဗဟုသုတများစွာ ရခဲ့ခြင်း၊ အဂတိလေးပါး ကင်းရှင်းစွာ အုပ်ချုပ်သော ဆရာသမားကို မမှိတ်မသုံ ကြည်ညိုခြင်းဟူသော ကုသိုလ် အဖုံဖုံကို ရခဲ့ပါသည်။

ယခုအချိန်မှာ အကျွန်ုပ်သည် မိခင်စာသင်တိုက် ဖြစ်သော မစိုးရိမ်တိုက်သစ်မှ ဝေးတနေရာ ရောက်နေစေကာမူ ထိုတိုက်သစ်နှင့် ကျေးဇူးကြီးများသည့် ဆရာသမားများကို နေ့စဉ်နေ့တိုင်း သတိရလျက်ရှိပြီး၊ အိပ်ရာဝင် အိပ်ရာထ ကျန်းမာချမ်းသာစွာရှိဖို့ ဆုတောင်းမေတ္တာ အခါခါ ပို့သလျက် ရှိပါသည်၊ ကိုယ်တိုင်ကိုယ်ကျ ဖူးမြင်၍ ဒေသထွက်ပစ္စည်းများဖြင့် ကန်တော့လိုသည့် ဆန္ဒမှာလည်း ကျွန်ုပ် ရင်ထဲအသဲထဲ၌ ပြင်းထန်လျက်ရှိပါသည်။


ထိုဆန္ဒသည် ၁၃၇၃-ခု တန်ခူးလဆန်း(၆)ရက်နေ့တွင် ပြီးပြည့်စုံခဲ့ပါသည်၊ အကြောင်းမှာ ဆရာတော်သည် ကျွန်ုပ်တို့ ငပလီကမ်းခြေသို့ ကျောင်းဆောင်သစ်တစ်ခု ဖွင့်လှစ်ရာ၌ တရာချီးမြှင့်ရန် ပရိယတ္တိစာသင်တိုက်ရှိ ဘုန်းကြီးတစ်ပါးက ပင့်လျှောက်ထား၍ ဖြစ်ပါသည်၊ ကျွန်ုပ်သည် (၆)ရက်နေ့မတိုင်မီ (၅)ရက်နေ့ ညနေချမ်းမှာ ဆရာတော်ကို ဝတ်ချပြီး အကျွန်ုပ် ဘယ်သူ ဘယ်ဝါဖြစ်ကြောင်း လျှောက်ထားပါသည်၊ ဝမ်းသာလုံး ဆို့သွားပါသည်၊ ဆရာတော်လည်း ဝမ်းသာနေပါသည်၊ အဘယ်ကြောင့်ဆိုသော် ဆရာတော့်ထံ စာလိုက်ခဲ့ရ၍ စာချတန်း ပြီးမြောက်နေကြောင်း၊ ထို့အပြင် မင်းကွန်းမိုးမိတ်ကုန်းမြေမှာ နေထိုင်ခဲ့ကာ ဝိနည်းငါးကျမ်း အာဂုံအောင်မြင်ခဲ့ခြင်း၊ ရှေ့ပိုင်း(၂)ကျမ်းကိုပါ ရေးဖြေအောင်မြင်ခဲ့ခြင်းတို့ကြောင့် ဖြစ်ပါသည်၊ ထိုအကြောင်းကိုလည်း ဆရာတော်မေးမြန်း၍ လျှောက်ထားရခြင်းဖြစ်ပါသည်၊ ဆရာတော်က နောက်ပိုင်းသုံးကျမ်းကိုလည်း ဆက်လက်ဖြေဆိုရန် တိုက်တွန်းပါသေးသည်။

နောက်နေ့ တန်ခူးလဆုတ် (၆)ရက်နေ့တွင် သံတွဲမြို့ပေါ်သို့ သွားရောက်ကြကာ အံတော်,နံတော်, ဆံတော်ဘုရားများ ဖူးမြင်ပြီး အပြန် အကျွန်ုပ်နေထိုင်ရာ ကျောင်းသို့ ခဏတဖြုတ်ဝင်ကာ အကျွန်ုပ်က ဒေသထွက် ပစ္စည်းများဖြင့် ဝတ်ချကန်တော့လိုက်ရပါသည်၊ ပြင်းပြနေသောဆန္ဒလည်း ပြည့်ဝသွားပါတော့သည်။

အကျွန်ုပ် ပေးထားသော ခေါင်းစဉ်ကို ပြန်ကောက်ပါမည်၊ ထိုနေ့ဝါဆိုဦးကာလ ဩဝါဒမှာ "မင်းတို့ မှတ်ထား၊ ဒီတိုက်မှာ ကရင်စာသင်သားတွေရှိတယ်၊ ရခိုင်,ဗမာ, ရှမ်း, ပအိုဝ်း, ဂဒူး, မွန်, ကချင် အသီးသီး ရှိကြတယ်၊ တစ်ဦးနှင့်တစ်ဦး နိုင်ထက်စီးနင်း ကိုယ်အားဖြင့် နှုတ်အားဖြင့် မပြုလုပ်ရ မပြောဆိုရဘူး၊ ဒေသတစ်ခုနှင့် တစ်ခုကို စွဲ၍ ရန်မဖြစ်ရဘူး၊ ဥပမာ- ပခုက္ကူသားနှင့် မုံရွာသား မင်းတို့ ပခုက္ကူသားက လူမိုက်၊ မင်းတို့ ရွှေဘိုသားက လူမိုက် စသည်ဖြင့်ပေါ့ကွာ၊ ဒီမှာကွာ ရှင်းရှင်းပြောမယ်၊ ရွှေဘိုသားထက် မိုက်တဲ့ ပခုက္ကူသားတွေလည်း အများကြီး၊ ပခုက္ကူသားထက် မိုက်တဲ့ ရွှေဘိုသားတွေလည်း အများကြီး၊ ဗမာထက်မိုက်တဲ့ ရခိုင်တွေလဲ အများကြီး၊ ရခိုင်ထက်မိုက်တဲ့ ဗမာတွေလည်း အများကြီး စသည်ပေါ့ကွာ၊ ဒီမှာ မင်းတို့ မှတ်ထားရမှာက လူမျိုးကို မပြောရ ဘူးကွ၊ ဒေသကို မပြောရဘူးကွ၊ လူမျိုးက မိုက်တာမဟုတ်ဘူး၊ ဒေသက မိုက်တာမဟုတ်ဘူးကွ၊ မိုက်တာက ပုဂ္ဂိုလ်က မိုက်တာ၊ ဒါကြောင့် မင်းတို့ မှတ်ထားရမှာက ဒီတိုက်ဟာ ပြည်ထောင်စုစစ်စစ်တိုက်ကွ၊ တိုက်စည်းကမ်းနှင့် ညီရင် ဘယ်လူမျိုးမဆို ကျောင်းထိုင်နာယကတောင် ဖြစ်နိုင်တယ်၊ ဘယ်လူမျိုးမဆို အပြစ်ရှိရင် နှင်ထုတ်ခံရမယ်၊ အဲဒါ မြဲမြံမှတ်ထားကြကဲ့ ကြွကြ" ဟူ၍ဖြစ်ပါသည်။

ဆရာတော် သက်တော်ရာကျော်ရှည်ပါစေ -

http://www.dhammadownload.com



သာသနာ့အာဇာနည် ပုဂ္ဂိုလ်ကောင်း

ဦးအောင်ငြိမ်း(ဘီ၊အီး၊ဒီ)

မစိုးရိမ်တိုက်သစ်ဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသသည် စစ်ကိုင်းတိုင်း၊ မုံရွာမြို့နယ်၊ အင်တိုင်းရွာ၊ ဦးဘဝင်းနှင့် ဒေါ်နှင်းဦးတို့မှ ၁၂၉၅-ခု၊ ဝါဆိုလပြည့်ကျော်(၁၃)ရက်၊ ဗုဒ္ဓဟူးနေ့(၁၉၃၃-ခု၊ ဇူလိုင်လ(၁၉)ရက်နေ့) တွင် ဖွားမြင်တော်မူသည်၊ မွေးချင်းညီအစ်ကိုမောင်နှမ(၆)ယောက်အနက် သုံးယောက်မြောက် သားဖြစ်သည်။

အရှင်ရာဇဓမ္မသည် အင်တိုင်းရွာ၊ တောင်ကျောင်းတွင် လောကုတ္တရာစာပေကို စတင်သင်ကြားတော်မူသည်၊ သာမဏေ ရှင်ရာဇဓမ္မသည် ရေကြည်တော်ဝတ်၊ ပန်းတော်ဝတ်တို့ကို ဘုရားအား ဆက်ကပ်သည့်ပြင် ဆရာသမားတို့အားလည်း ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်တို့ကို ပြုစုတော်မူသည်။

၁၃၁၅-ခု၊ ဝါဆိုလတွင် မုံရွာမြို့၊ သန်းစတိုးပိုင်ရှင် ဦးစောနှင့် ဒေါ်မြိုင်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ သာစည်ကျောင်းဆရာတော် ဦးကိတ္တိမထေရ်မြတ်ကို ဥပဇ္ဈာယ်ပြုလျှက် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်၊ ဦးရာဇဓမ္မသည် မုံရွာမြို့လေသာကျောင်းတိုက်၊ ဇောတိကာရာမကျောင်းတိုက်တို့တွင် ပရိယတ္တိစာပေ သင်ယူတော်မူသည်၊ မန္တလေးမြို့၊ တောင်သမန်တိုက်၊ မစိုးရိမ်ကျောင်းတိုက်တို့၌ ပရိယတ္တိစာပေများကို သင်ယူတော်မူသည်၊ "ကံစမ်းချင်လျှင် မန်းတက်"ဟု

http://www.dhammadownload.com



မန္တလေးမြို့ စာသင်ရဟန်းတော်များ ဆိုစကားပြုကြပါသည်၊ မန္တလေးမြို့ရှိ စာသင်အချို့သည် ဆွမ်းသက်နံကျောင်းဆေး ပစ္စည်းလေးပါး ခက်ခဲလှပါသည်၊ မစိုးရိမ်တိုက်သစ်ဆရာတော်လောင်း ရှင်ရာဇဓမ္မသည် ဆွမ်း, ဆွမ်းဟင်း ခက်ခဲလှပါသည်၊ ယခုဆရာတော်ကြီး ပြောပြချက်အရ "ငါ စာသင်သား ဘဝတုန်းက စားတော်ပဲပြုတ်တစ်ပဲဖိုးကို နှစ်ရက်ခွဲ၍ ဆွမ်းဘုဉ်းပေးခဲ့ရသည်"ဟု မိန့်ကြားပါသည်။

ဆရာတော်သည် ၁၃၁၉-ခုနှစ်တွင် အစိုးရစာချတန်း၊ ၁၃၂၄-ခုနှစ်တွင် သက္ကသီဟစာချတန်းတို့ကို အောင်မြင်တော်မူသည်၊ သက္ကသီဟစာချတန်း အောင်မြင်သည်မှ စ၍ မန္တလေးမြို့၊ မစိုးရိမ်ကျောင်းတိုက်၊ ဓမ္မနယူပဒေသကျောင်း၌ ကျောင်းထိုင်နာယကစာချဖြစ်တော်မူသည်။

ဆရာတော်သည် ၁၃၅၉-ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့၌ ပြည်ကြီးတံခွန်မစိုးရိမ်တိုက်သစ်၊ ၁၃၆၇-ခုနှစ် နယုန်လဆန်း(၁၄)ရက်နေ့၌ ဒေဝန်းဦးပေစိမစိုးရိမ်တိုက်သစ်တို့ကို တည်ထောင်တော်မူသည်၊ ဆရာတော်သည် ငယ်,လတ်,ကြီး သက္ကသီဟစာသင်တန်းဆိုင်ရာ ကျမ်းစာများနှင့် စာချတန်းဆိုင်ရာ ပါရာဇိကဏ်အဋ္ဌကထာ၊ အဋ္ဌသာလိနီအဋ္ဌကထာကျမ်းကြီးများကို အစအဆုံး ပို့ချပြီး သီလက္ခန်အဋ္ဌကထာ ကျမ်းကြီးကိုးကား ယခုတိုင် ပို့ချတော်မူဆဲ ဖြစ်သည်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မစိုးရိမ်တိုက်သစ်သို့လည်း စာသင်တိုက်တည်ထောင်သည်မှ စ၍ နေ့စဉ်သွားပြီး စာဝါပို့ချတော်မူသည်၊ မြန်မာနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံတို့မှာ မစိုးရိမ်ကျောင်းတိုက်ထွက် ဆရာတော်၏ တပည့်ရဟန်းသံဃာတော်များ ပျံ့နှံ့လျက် ရှိပါသည်။

ဆရာတော်သည် စာသင်သံဃာတော်တို့ အနေအထိုင် အစားအသောက် အပြောအဆို အမူအရာတို့နှင့် တကွ စိတ်ဓာတ်ယဉ်ကျေး သိမ်မွေ့စေရန်တို့ကို စာချရင်း ဆိုင်ရာဩဝါဒစကားများကို ဟောပြောတော်မူသည်၊ လပြည့်လကွယ်နေ့တိုင်း သံဃာတော်(၂၇၀၀)ကျော်အားလုံး ညနေ(၆)နာရီအချိန်တွင် ဘုရားဝတ်တက်ပြီးနောက် ဆရာတော်က ဩဝါဒအမြဲ ဟောတော်မူသည်၊ ဆောင်စရာများ ရှောင်စရာများကို သတိပြုစေရန်ဖြစ်ပါသည်။

စာသင်သံဃာတော်တို့သည် နောင်တချိန်တွင် ဆိုင်ရာမြို့ရွာတို့ကို ပြန်ကြရပေမည်၊ ထိုအခါမှာ ကျောင်းထိုင် ဘုန်းတော်ကြီးများ ဖြစ်ကြဦးမည်၊ ကျောင်းထိုင်ပုဂ္ဂိုလ်များသည် မြို့ရွာများတွင် ဘုရားအနေကဏ္ဍတင်ခြင်း၊ အိမ်တက်တိုက်တက်မင်္ဂလာများပြုခြင်း၊ အန္တရာယ်ကင်းပရိတ်စသော ဘာသာရေးသာသနာရေးဆိုင်ရာတို့ကို ဒါယကာ ဒါယိကာမတို့အား ဩဝါဒ


http://www.dhammadownload.com

ပေးနိုင်ဖို့ ညွှန်ကြားတော်မူသည်၊ တပည့်တို့၏ နောင်ရေးကို အမြော်အမြင် ကြီးစွာ သင်ကြားတော်မူပေသည်၊ ဤသို့ ညွှန်ပြခြင်းမှာ ဆရာတော်ကိုယ်တိုင် စာသင်သားဘဝ အတွေ့အကြုံ ကျောင်းထိုင်ဘုန်းကြီးဘဝ အတွေ့အကြုံတို့ကို ခံစားခဲ့ရဖူးသည့်အတွက် တပည့်သံယာများ အဆင်ပြေစေရန် ဖြစ်ပါသည်။

ဆရာတော်သည် လောကုတ္တရာစာပေကိုသာမက လောကီပညာဖြစ်သော အင်္ဂလိပ်စာနှင့်အတန်း ကျောင်းသုံး မြန်မာစာတို့ကို လေ့လာဆည်းပူးပါသည်၊ အထွေထွေ မြန်မာဗဟုသုတများ၊ ပို့ကဗျာများကို လေ့လာ သည်ကို သိရှိရပါသည်၊ ဆရာဇော်ဂျီရေးသော "သင်သေသွားသော်" ကဗျာကို လေ့လာကြည့်ရှုပြီး တိုင်းပြုပြည်ပြု တရားတော်အဖြစ် နားလည်အောင် ဟောကြားတော်မူပါသည်၊ ထို့ကြောင့် ဆရာတော်သည် သံဃာတော်များအား ဩဝါဒပေးရာနှင့် တရားဟောရာများတွင် လောကီ, လောကုတ္တရာစာပေ အမျိုးမျိုးတို့ဖြင့် ထိထိမိမိ ဟောပြောတော်မူပါသည်၊ လောကီရေး သာသနာရေးဆိုင်ရာ လောကဓမ္မပြဿနာ အရပ်ရပ်တို့ကို ဦးဆောင်ဖြေရှင်းပေးပါသည်။

ဆရာတော်သည် မြန်မာနိုင်ငံ တိုင်းနှင့်ပြည်နယ် အရပ်ရပ် တပည့်များက ပင့်ဆောင်လျှင် ရဟန်းခံ၊ ရှင်ပြု၊ အဆောက်အဦရေစက်ချအလှူ ညတရားပွဲများသို့ ကိုယ်တိုင်ကြွရောက်၍ တရားချီးမြှင့်တော်မူပါသည်၊ ထို့အပြင် နိုင်ငံခြားရောက် တပည့်သံဃာတော်များနှင့် ဒါယကာဒါယိကာမတို့ ပင့်ဆောင်ချက်အရ အိန္ဒိယ၊ မလေးရှား၊ အင်ဒိုနီးရှား၊ စင်္ကာပူ၊ ကိုရီးယား၊ အင်္ဂလန်၊ အီတလီ၊ ပြင်သစ်၊ အမေရိကန်၊ ဂျပန်နိုင်ငံတို့သို့ ကြွရောက်၍ ဒါယကာဒါယိကာမတို့အား တရားဓမ္မ ဟောကြားတော်မူသည်၊ ဆရာတော်၏ မိန့်ကြားချက်အရ ကမ္ဘာ့နိုင်ငံအရပ်ရပ်သို့ အခေါက်ပေါင်း(၂၀)ကျော် ကြွရောက်ဖူးသည်၊ ထိုသို့ ကြွရောက်ရာတွင် ပိုက်ဆံလုံးဝ မကုန်ဘဲ ရောက်ရသည်ဟု ဆရာတော်က စာရေးသူအား မိန့်ကြားပါသည်၊ ထို့ကြောင့် ဆရာတော်သည် မြန်မာနိုင်ငံ တွင်း ဗဟုသုတနှင့် ကမ္ဘာအရပ်ရပ်မှ ဗဟုသုတမျိုးစုံကို မြင်တွေ့ကြားသိရပါသည်၊ ထိုင်ဝမ်လေဆိပ်မှ အင်္ဂလန်နိုင်ငံသို့ (၁၄)နာရီကြာအောင် လေယာဉ်ပျံ စီးရသည်၊ ပစိဖိတ်သမုဒ္ဒရာကို (၁၂)နာရီကျော် လေယာဉ်ပျံဖြတ်ကူးရသည်၊ ဆွမ်းခဲဖွယ်တို့ကို လေယာဉ်ပျံပေါ်မှာ ဘုဉ်းပေးရသည်ဟု ဆရာတော်က မိန့်ကြားသည်။

ဆရာတော်သည် တိပိဋကပါဠိမြန်မာအဘိဓာန်၊ အဘိဓမ္မဟာရဋ္ဌဂုရုဆရာတော် ဦးသူရိယာဘိဝံသ၏ ထေရုပ္ပတ္တိ၊ မစိုးရိမ်တိုက်ရာပြည့်အထိမ်းအမှတ် မစိုးရိမ်



http://www.dhammadownload.com

သမိုင်းသာသနာဝင်နှင့် နိုင်ငံခြားသွား ဒေသန္တရခရီးစဉ် အတွေ့အကြုံများပါဝင်သည့် ခရီးသွားမှတ်တမ်း စာအုပ်များကို ရေးသားတော်မူသည်၊ ထိုသို့ရေးသားခြင်းမှာ မိမိ၏ ပညာတို့ကို တကိုယ်တည်း သိရုံမျှ မဟုတ်ဘဲ အများသူငါတို့ကို ဗဟုသုတမျှဝေပေးလိုသော ဆန္ဒမွန် ရှိပေသည်။

ဆရာတော် ဦးရာဇမဂ္ဂာဘိဝံသသည် မွေးရပ်ဇာတိ ဖြစ်သော အင်တိုင်းရွာ၏ ကောင်းကျိုးအတွက် များစွာ ဆောင်ရွက်တော်မူသည်၊ အင်တိုင်းရွာသူရွာသားများ ဆက်သွယ်ရေးလွယ်ကူရန်အတွက် တယ်လီဖုန်း လျှုဒါန်း ပါသည်၊ ထို့ကြောင့် ရွာသူရွာသားများသည် ရပ်နီးရပ်ဝေးမှ လူမှုရေး၊ ကျန်းမာရေး၊ စီးပွါးရေးတို့ကို အလွယ်တကူ ဆောင်ရွက်နိုင်၍ စိတ်ချမ်းသာကြပါသည်၊ သွားရေးလာရေးလွယ်ကူစေရန်အတွက် မုံရွာမှ အင်တိုင်း ရွာသွား ကားလမ်းနှင့် တံတားဆောက်လုပ်ရာတွင် ကူညီပါသည်၊ အင်တိုင်းရွာ ကျောင်းသားကျောင်းသူများ ပညာ သင်ကြားရန် ကျောင်းဆောင်အတွက် အလှူငွေ သိန်းပေါင်းများစွာ လှူဒါန်းပါသည်၊ ထို့အပြင် ပညာရေး အရာရှိများထံ ခွင့်တောင်း၍ မူလတန်းလွန်ကျောင်း ဖြစ်ရေးအတွက် ဆောင်ရွက်ပါသည်၊ အင်တိုင်းရွာမှ အဝေးသင်တက်နေသော ကျောင်းသူနှစ်ယောက်ကို လုပ်အားပေးဆရာမအဖြစ် ခန့်ထား၍ တစ်ယောက်လျှင် လစာ (၃၀၀၀၀)ကျပ်စီ လစဉ်ချီးမြှင့်တော်မူပါသည်။

သာစည်ကျောင်းသည် တွဲဖက်အထက်တန်း ကျောင်းဖြစ်သည်၊ သာစည်တိုက်နယ်ရှိ ရွာပေါင်းများစွာမှ ကျောင်းသားကျောင်းသူတို့သည် မူလတန်းမှ တက္ကသိုလ် ဝင်တန်းအထိ ပညာသင်ယူနေကြသည့် ကျောင်းဆောင် သစ်ကြီး ဖြစ်မြောက်ရန်အတွက် ဆရာတော်က ကျပ် သိန်း(၂၀၀)လှူဒါန်းပါသည်၊ ဆရာတော်၏ လှူဒါန်းမှု ကုသိုလ်ကို ကျောက်စာတိုင် စိုက်ထူဂုဏ်ပြုထားပါသည်။


ဆရာတော်၏ မွေးနေ့ဖြစ်သော ဝါဆိုလပြည့် ကျော်(၁၃)ရက်နေ့၌ အင်တိုင်းရွာတွင် နှစ်စဉ် ကုသိုလ် ပြုတော်မူသည်၊ တစ်နှစ်လုံးရရှိသော ဝတ္ထုငွေများနှင့် ပစ္စည်းအသုံးအဆောင်များ၊ မုန့်ပုံးများကို ရွာရှိ သံဃာ တော်များအား ဆွမ်းနှင့် လက်ဖက်ရည်တို့ကို ကပ်လှူ သည်၊ ရွာသူရွာသားအားလုံးကို ထမင်းကျွေးပါသည်၊ ညတွင် တရားရေ အေးတိုက်ကျွေးတော်မူသည်၊ ဆရာ တော်က မွေးနေ့ကို ဝိဇာတမင်္ဂလာမပြုလုပ်ဘဲ ပျံလွန် တော်မူသောနေ့အဖြစ် ဆရာတော်ကို သရဏဂုံ တင်၍ အမျှပေးဝေခြင်းပြုပါသည်။

ဆရာတော်သည် အင်တိုင်းရွာအတွက် လျှပ်စစ် အင်ဂျင်မီးစက်ကို လှူဒါန်းပါသည်၊ မီးစက်ဆီရရှိရေး အတွက် ဆောင်ရွက်ပေးသည်၊ ယခုအခါတွင် အင်တိုင်း ရွာမှာ အစိုးရလျှပ်စစ်မီးရရှိရေးအတွက် ဆောက်ရွက် ပေးသည်၊ လျှပ်စစ်မီးကြိုးနှင့် အခြားလျှပ်စစ်အသုံး အဆောင်များအတွက် ငွေကျပ်သိန်းပေါင်းများစွာ လှူဒါန်းပါသည်၊ လျှပ်စစ်ဌာနဆိုင်ရာအရာရှိများအား မေတ္တာရပ်ခံ၍ ကွန်ကရစ်မီးတိုင်များကို အလှူခံပေး တော်မူသည်၊ ရွာသူရွာသားတို့သည် လျှပ်စစ်မီးကို မီးထွန်းရန် ထမင်းဟင်းပေါင်းအိုးနှင့် ချက်ရန် ရုပ်မြင် သံကြား ကြည့်ရှုရန် အတွက်သာ အသုံးပြုနေကြသည်ကို ဆရာတော်က နှစ်ခြိုက်တော်မမူပါ၊ ရွာသူရွာသားများ အား လျှပ်စစ်မီးဖြင့် စီးပွါးရေးဖြစ်သော စက်ရုံ၊ အလုပ် ရုံများ ဖြစ်မြောက်စေလိုသော ဆန္ဒရှိပါသည်၊ ဆရာတော် ကို ရွာသူရွာသား များက ရိုသေလေးစား အားထားကြ ပါသည်၊ ရွာတစ်ရွာတွင် ကိုယ်ကျိုးမရှာတတ်သော ရဟန်းပညာရှိ,လူပညာရှိ များ ဖြစ်ထွန်းပေါ်ပေါက် ခြင်းသည် ဂုဏ်ယူဖွယ်ရာဖြစ်ပါသည်။

ဆရာတော်သည် လောကလူသားတို့အား မေတ္တာ တရား,ကိုယ်ချင်းစာတရား ထားတော်မူသည်၊ လောဘ ဒေါသ မာနတရား ကင်းဝေးပါသည်၊ မိမိအတွက်လည်း တရားဘာဝနာပွါးများသည်၊ စိတ်ပုတီးစိပ်၍ ဂုဏ်တော် ပွါးများတော်မူသည်၊ နေ့လည်(၁၂)နာရီမှ (၁)နာရီ အတွင်း အနားယူပါသည်၊ အခြားသော အချိန်များ တွင် ရဟန်းတော်များနှင့် ဒါယကာ ဒါယိကာမတို့ မေးလျှောက် သော တရားစာပေများကို ဖြေကြားပေးပါသည်၊ လူ အများအား ပညာမျက်စိဖွင့်ပေးပါသည်၊ စာရေးသူသည် ဆရာတော်နှင့် တရွာတည်းသားဖြစ်၍ ဆရာ ဒါယကာ အဖြစ် ရင်းနှီးပါသည်၊ ထို့ကြောင့် ဆရာတော်ဟု မခေါ်ဘဲ ဦးပဥ္စင်းဟု ခေါ်သည်ကို ခွင့်ပြုပါသည်၊ ဆရာတော်ထံ ချဉ်းကပ်ပြီး ဆရာတော့်ဘာဝအကြောင်း အင်တာဗျူး၍ ယခုကဲ့သို့ တင်ပြခြင်းဖြစ်ပါသည်၊ ဆရာတော်သည် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာတို့ကို နေရောင် ပမာ လရောင်အလား ထွန်းပြောင်အောင် ဆောင်ရွက် သော "သာသနာ့အာဇာနည်ပုဂ္ဂိုလ်ကျော်တစ်ပါး" ဖြစ် ကြောင်း တင်ပြအပ်ပါသည်။

ဦးအောင်ငြိမ်း(ဘီ၊အီး၊ဒီ)
အင်တိုင်းရွာ

http://www.dhammadownload.com



သစ္စာဘက်တော်သား အမှန်တရား မြတ်နိုးသူကြီးသို့ ဂါရဝ အဋ္ဌလီစာတမ်း

ဦးကိုဦး (မင်းကွန်း)

မကြာမီတနေ့က မင်းကွန်းတောင်ရိုး ရွှေတောင်အေးသီရိ ကြံခင်းကျောင်းတိုက်ဆရာတော် ဦးနိုပုဏ္ဏနှင့် တွေ့ဆုံရသည်၊ ဆရာတော်က မန္တလေး မစိုးရိမ် ဦးရာဇမွတ္တအရှင်မြတ်၏ သက်တော်(၈၀)ပြည့် ပူဇော်ပွဲ အကြောင်း မိန့်ကြားသည်၊ စာမူဖိတ်ခေါ်စာကိုလည်း ပြလိုက်သည်၊ မိမိရင်ထဲမှာ ထူးထူးခြားခြား ရိုက်ခတ်မှုတွေ ဖြစ်ပေါ်လာခဲ့သည်။

အကြောင်းမှာ ဤမစိုးရိမ်တိုက်သစ်ကျောင်းကြီးကို မူလပထမဦး တည်ဆောက်လှူဒါန်းသူ ဦးတော + ဒေါ်နိုင်တို့သည် မိမိ သွေးသားအဆက်များဖြစ်နေကြလို့ ပင်၊ မိမိအမေကြီး အဖွားဂွမ်းနှင့် ဦးတောရဲ့အမေ အဖွားရင်တို့သည် ညီမအရင်းဖြစ်သည်၊ စစ်ကိုင်းမြို့နယ် စာရေးရွာ၌ နေထိုင်ကြသည်၊ အဖွားရင်၏ သားကြီး ဦးတောသည် ဆန်ကုန်သည်ဘဝနှင့်ပင် ကျောင်းဒကာ ဖြစ်ကာ ဆွေဂုဏ်မျိုးဂုဏ်မြင့်တင်သွားနိုင်သည်။

အမေကြီးဂွမ်း၏ သားကြီးဖြစ်သူ မိမိအမေ ဒေါ်မြစိန်၏ အကိုကြီးလည်း ဖြစ်သူ ဦးခင်သက်မှာလည်း ကုန်သည်ဘဝနှင့်ပင် ရွှေမန်းတင်မောင်အမ ဒေါ်သိန်း

http://www.dhammadownload.com

တင်နှင့် အကြောင်းပါပြီး ရွှေမန်းတင်မောင်ကို ပထမ ဦးစွာ ဇာတ်ထောင်ပေးခဲ့သည်၊ ဇာတ်ပိုင်ဖြစ်ခဲ့သည်၊ ဆွေ ဂုဏ်မျိုးဂုဏ် မြှင့်တင်ခဲ့သည်။

ဦးကြီးတောနှင့် ဦးကြီးခင်သက်တို့ ညီအစ်ကိုမှာ ကံတူအကျိုးပေးဖြစ်ရသည်က သားရင်း, သမီးရင်း မထွန်းကားခဲ့ကြခြင်းပင်၊ မိမိ ငယ်လှသေးသည့်အရွယ်က အမေကြီးဝမ်း၊ အမေကြီးရင်တို့နှင့်အတူ ဦးကြီးတော ကြီးဒေါ်နိုင်တို့က ဤမစိုးရိမ်တိုက်သစ်ကြီးထဲ ခေါ်သွား၍ ရောက်ခဲ့ရဖူးသည်၊ အရှင်မြတ်တို့ကို ဖူးတွေ့ကြည်ညို ခဲ့ရဘူးသည်၊ မမေ့နိုင်ပါ၊ ကြည်နူးခဲ့ရပါသည်။

ကိုယ့်ဘိုးဘွားတို့ ကုသိုလ်ပန္နက်တည်ခဲ့ရာ ဤ ကျောင်းတိုက်ကြီး၏ ပဓာနနာယကချုပ်ဆရာတော် ကြီးအား ပူဇော်မည့်ပွဲမှာ မိမိကုသိုလ်ပြုချင်လိုက်တာ၊ သို့သော်. . မိမိမှာ လောကဓမ်ရိုက်ခတ်ချက်များက ပြင်းထန်လှသည်။ စိတ်မကြည် လူမကြည် ဒုက္ခတွေနှင့်၊ မည်သို့ရှိပါစေ. . စွမ်းနိုင်သမျှသော အင်အားဖြင့် ညွှတ်နူးလှစွာ ကြိုးစား၍ ပူဇော်လိုက်ပါသည် အရှင်မြတ် တို့ဘုရား။

ဂါရဝပူဇာ

မိမိတို့သည် ဘုရားရှင်သာသနာကို မမှိတ်မသုန် ယုံကြည်သည်၊ ကြည်ညိုသည်၊ အားထားမှီခိုရာ အစစ် အဖြစ် ချမှတ်မှုခိုင်မြဲပြီးဖြစ်သည်။ သို့ဖြင့် . . ကြည်ညိုမှု သဒ္ဓါများ ပွါးသထက်ပွါးများလာစေဘို့ ဓမ္မစာပေများကို ဖတ်ရှုကြရသည်။ ဓမ္မစာပေများထဲမှ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူး များအကြောင်းကို ဖတ်ရ၍ ပဋိပတ်ဝန်ဆောင် အရှင် မြတ်တို့၏ ကိုယ်နှင့် အသက် မငဲ့ကွက်ပဲ နိဗ္ဗာန်အကျိုးငှာ ကျင့်ကြံတော်မူခြင်းတည်းဟူသော သုပွဋိပန္နဂုဏ်ရည် တို့ကို ကြက်သီးထစွာ ကြည်ညိုနေခဲ့ကြရသည်။

သာသနာ၌ ပဋိပတ်သည် နွားပိုင်ရှင်နှင့် တူ၏၊ နို့ကို စားရသည်၊ ပရိယတ်က နွားကျောင်းသားနှင့် တူ၏၊ နို့ကို မစား-ဟူ၍ ပြောဆိုခိုင်းနှိုင်းမှု ရှိသည်။

ပြုစုရသူ စောင့်ရှောက်ရသူ ပြန့်ပွားအောင် ဆောင်ရွက်ရသူ ဥယျာဉ်မှူးပမာဖြစ်သော ပရိယတ် ဝန်ဆောင် အရှင်မြတ်တို့ ကြံဆောင်ကြိုးပမ်းရပုံများကို ကြည်ညိုဘွယ် လေးမြတ်ဘွယ် သဒ္ဓါသက်ဘွယ်အဖြစ် မစိုးရိမ် နာယကချုပ်ဆရာတော် ဦးရာဇဓမ္မအရှင်မြတ်၏ (စိန်ရတုအထိမ်းအမှတ်-ဩဝါဒတရားတော်များ) စာအုပ် မှ ကြည်ညိုရပါသည်။

နို့မစားရသော နွားကျောင်းသားဆိုသော်လည်း အာဂလူသား အာဂယောဂျား အာဂအာဇာနည်ဖြစ် ကြောင်း တွေ့ရသည်။

ဆရာတော်သည် ခေတ်က တောင်းဆို၍ လောက စောင့်နတ်တို့က ပို့ဆောင်ပေးလိုက်သူဖြစ်သည်၊ ပါပစွမ်း အား မာရ်နတ်စွမ်းအား ထွန်းကားလာ၍ ရှင်လူအများ ဒုက္ခဘေးရန်ကြုံပြီဆိုလျှင် လောကစောင့်ပုဂ္ဂိုလ် တို့သည် ကယ်တင်စွမ်းသူ စောင့်ရှောက်စွမ်းသူတို့ကို မွေးထုတ် ပေးတတ်ကြသည်။ ဟစ်တလာနဲ့ အပေါင်းပါ မာရ်နတ် စေတမန်များအတွက် အိုင်းစတိုင်းနဲ့ အနုမြူကို ဖော်ထုတ် ပေးခဲ့ကြပြီ၊ အာဖရိကငြိမ်းအေးစေမှုအတွက် မင်ဒဲလား ကို မွေးထုတ်ပေးခဲ့ကြပြီ၊ မြန်မာ့ကိုလိုနီဘဝအတွက် ဆိုလျှင် ဗိုလ်ချုပ်အောင်ဆန်းနှင့် မိုးချစ်များကို ပေါက်ဖွား စေခဲ့ပြီ။ မင်းဆိုးမင်းယုတ် အာဏာရူးတို့ တန်ခိုးထွား လာချိန် အရှင်ရာဇဓမ္မသာ မစိုးရိမ်မှာ မရှိခဲ့သော်. . မစိုးရိမ်သည် စိုးရိမ်စရာဖြစ်ရတော့မည်။

ကြည့်ပါ၊ (၇၊ ၈၊ ၁၉၈၈) တိုင်းမှူးဦးညိုဝင်းကိစ္စ၊ (၈၈)ကိစ္စ၊ ရွှေဝါရောင်ကိစ္စတို့နှင့် အခြားကိစ္စ အားလုံး သော ဆိုးယုတ်မှုတို့မှာ ဆရာတော်သည် ဘွဲ့မည် (ရာဇဓမ္မ)ဟူသော ဗျူဟတ်နှင့်ညီစွာ သံဃာ(၃၀၀၀)ကျော် တို့ကို နှိုင်နင်းစွာပဲ့ကိုင်နှိုင်ခဲ့သည်၊ ရာဇဟိတ်, ဓမ္မဟိတ် ကြီးမားစွာ သြဝါဒဖြင့် လွှမ်းခြုံနိုင်ခဲ့သည်၊ တော်လှန်ရေး ကောင်စီ တက်စ တိုက်တွင်းစစ်ဝင်မွေချိန် ကျောင်းတွင်း လျှောက်လမ်းဘေးမှ ဂျပန်ခေတ်စစ်လက်ကျန် ကျည်ဆံ သုံးတောင့်နှင့် ပြည်သူပိုင်သိမ်းမှာ ကြောက်လို့ ဒန်းအိုး စက်က လာဝှက်ထားသည့် ရာဝင်ဒန်အိုးကြီးများကို တွေ့ သွားကြသည်၊ ဒါကို စစ်အုပ်စုက မီဒီယာလက်နက်ဖြင့် မစိုးရိမ်သံဃာတော်တို့အား အိုးမဲသုတ်ဖို့ ကြိုးပမ်းခဲ့ပုံမှာ "ရာဝင်ဒန်အိုးကြီးများနှင့် ကျည်ဆံများ မစိုးရိမ်တိုက် တွင်းမှ တွေ့"ဟူသော စာလုံးမဲကြီးဖြင့် သူပုန်စခန်းမိသလို ခေါင်းစီးတင်ခဲ့သည်။ မည်သို့ ယုတ်မာယုတ်မာ ဆရာ တော်၏ သြဝါဒသစ္စာအောက်မှာ ကျေပျောက်သွားခဲ့ ရသည်သာ။

ရှုထောင့်စုံက ကြည့်ရှုသုံးသပ် အကဲခတ်လိုပါသေး လျှင် ဆရာတော်သည် ကောဇာ ၁၂၉၅-ခုနှစ်၊ ဝါဆို လပြည့်ကျော် ၁၃-ရက်၊ ဗုဒ္ဓဟူးနေ့ (၁၉၊ ၇၊ ၁၉၃၃)ညနေ နေစောင်းစ အချိန်တွင် မုံရွာမြို့နယ်၊ အင်တိုင်းရွာ ၌ အဖ ဦးဘဝင်း + အမိ ဒေါ်နှင်းဦးတို့မှ ဖွားမြင်တော်မူခဲ့ ခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com



(၁၉၊ ၇၊ ၁၉၃၃) ညနေ နေစောင်းစအချိန် ကောင်းကင်ဂြိုဟ်နေဇာတာ၊ အုံသြဘွယ်ကောင်းလိုက်တာ နက္ခတ်ပညာသည် ဘုရားရှင်ပွင့်ထွန်းတော်မမူမီ ဝေဒခေတ်ကတည်းက သူဥပဒေနဲ့သူ ပေါ်ထွန်းခဲ့သည်။ ၇-ခုစား၊ ၈-ခုစားဆိုသည့် လဂ်ဆန်းသမားများကြောင့် စက်ကွင်း မီးခံရသော်လည်း ဝေဒဥပဒေသတို့ကား အရောင် တဝင်းဝင်းလင်းလျက်ပင် . . ကြည့် . . ။

ဆရာတော် မွေးဖွားချိန် ကောင်းကင်ဂြိုဟ်နေသည် ဆရာတော်ဥပဓိရုပ်ကို အပြည့်အဝ ဖော်ဆောင်လျက်ရှိခြေသည်။

၄-တန့်၊ ၅-တန့်တို့ရဲ့ အားကောင်းလှတဲ့ ပဏ္ဏိတရာဇယုဂ်၊ ပညာဓိကရာဇယုဂ်၊ သမ္မာဒဿနရာဇယုဂ်၊ ပုတ္တရမဂ်လရာဇယုဂ်၊ မဟာရာဇယုဂ်တို့ဖြင့် ကြာသပတေး, အင်္ဂါတို့ မွန်းတည့်၊ မျဉ်းနှင့်မျဉ်းအနီးမှာ ရာဇယုဂ်ဖြင့် တင့်တယ်စွာရပ်လျက် ဖွားမြင်တော်မူခဲ့သည်၊ ဥပဓိရုပ်သည် အင်္ဂါမြင့်စွမ်းအားကြောင့် မာန်, ဌာန်အပြည့်၊ ရာဇဥပဓိတည်ကြည် ရဲရင့်စွာ ကြာသပတေးထိမ်းချုပ်မှုဖြင့် သိက္ခာ,ကျန်ခြေအပြည့် ဖူးတွေ့ကြည်ညိုရပါသည်။

ပညာ,အသိ,အာဏာ အုပ်ချုပ်မှုတို့ဖြင့် ဘဝတည်ဆောက်လော့ လောကကောင်းကျိုးပြုလော့-ဟု လောကစောင့်နတ်တို့ ပို့လွှတ်လိုက်သူ လောကကို ကယ်တင်စွမ်းရည်ရှိသူ အစစ်အမှန်ဖြစ်ကြောင်း ကောင်းကင်ဂြိုဟ် နက္ခတ်တို့က သက်သေခံလျက်ရှိပါတော့သတည်း။

မိမိတို့အနေဖြင့်လည်း ဤသို့သော ပုဂ္ဂိုလ်ထူးနှင့် အတူ လူ့လောကမှာ ဆုံဆည်းခွင့် တွေ့ကြုံဖူးမျှော် ဆည်းကပ်ခွင့်ရခြင်းသည် အရတော်လေစွ အရတော်လေစ-ဟု ဥဒါန်းကျူးလျက် ဦးချပူဇော်လိုက်ရပါတော့သည် ဘုရား . . . ။


ဦးကိုဦး (မင်းကွန်း)



http://www.dhammadownload.com

မေ့လို့မရတဲ့နေ့

ဒေါက်တာ အရှင်ကဿန



http://www.dhammadownload.com

သီတင်းဝါလမကျွတ်မီ တစ်ပတ်အလိုခန့်က မိမိ၏ မယ်တော်ကြီး ကျန်းမာရေး မကောင်းသဖြင့် မယ်တော်ကြီးကို ညီမများက မန္တလေး ဆေးရုံကြီးသို့ ခေါ်သွား၍ ဆေးစစ်ကြည့်ကြရာ ဆရာဝန်များက ဆေးရုံတက်ခိုင်းကြောင်း မိမိထံ ညီမများက ဖုန်းဆက် အကြောင်းကြား အသိပေးခဲ့သဖြင့် မိမိသည် "လဆန်းကိုးရက် ဝါပန်ထွက် ပြန်ရက်မရှိပြီ"ဆိုတဲ့ ဝါကျွတ်ခါနီးတိုင်း ခရီးသွားချင်တဲ့ စိတ်ဆန္ဒပြင်းပြတတ်လေ့ရှိကြသော မျက်မှောက်ခေတ် စာသင်သားတို့၏ ထုံးကို ယူ၍ မိမိဝါကပ်ရာ မော်ဘီဓမ္မဒူတကျောင်းတိုက်မှ မယ်တော်ကြီးထံ ပြန်ခဲ့ရသည်ပေါ့။ ရွာရောက်တော့ မယ်တော်ကြီးအား ဆေးရုံ တင်ဖို့ ရန်လိုအပ်သည်များကို စီစဉ်ဖို့ တစ်ရက်အချိန်ပေးကာ နောက်တစ်ရက် မန္တလေး ဆေးရုံကြီးသို့ ခေါ်တက်ခဲ့ရတော့သည်၊ (၂၆. ၁၀. ၂၀၁၂)မှ (၂. ၁၁. ၂၀၁၂) ရက်နေ့ အထိ ဆေးရုံတက်ခဲ့ပြီး၊ မိမိကတော့ ဆေးရုံနှင့် မိမိရွာသို့ (ရွာမှာ တစ်ယောက်တည်း ကျန်နေခဲ့ရှာသော ဖခင်ကြီးကို စိတ်မချနိုင်သဖြင့်) အနေလုံ ပင့်လုံနည်းအားဖြင့် လှုပ်ရှားခဲ့ရသည်မှာ လူက ပန်းပေမယ့် စိတ်ကတော့ လန်းခဲ့ရတာ အမှန်။

ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်များက မယ်တော်ကြီး ရောဂါသည် နှလုံးသွေးကြောမကြီး ဖောင်းကားနေပြီး သွေးကြောအမျှင်လေးများလည်း ဖြာထွက်နေသဖြင့် ရင်ဘတ်များ နာ၍ နောက်ကျောများ မခံမရပ်နိုင်ဖြစ်ပြီး ထိုးအောင့်နေခြင်းဖြစ်ကြောင်း၊ ခွဲစိတ်ကုသမှ ပျောက်ကင်းနိုင်မည်ဖြစ်ကြောင်း၊ သို့သော် သူတို့လည်း မခွဲနိုင်သေးကြောင်း၊ နှိုင်ငံခြားမှာ ခွဲစိတ်လျှင်ရနိုင်ကြောင်း၊ ဦးဇင်းမယ်တော်ကြီးက အသက်ကြီးနေပြီဖြစ်၍ ခွဲလျှင်လည်း မိမိတို့ဘက်က ရာခိုင်နှုန်း(၂၀)လောက်သာ ရှိမည်ဖြစ်ကြောင်း၊ စားဆေးများဖြင့် သူတို့ စွမ်းနိုင်သမျှ သက်သာအောင် ကုသပေးလမ်းညွှန်ပေးမည်ဖြစ်ကြောင်း ပွင့်လင်းစွာ ပြောပြခဲ့ကြသည်၊ မိမိလည်း ဘက်ပေါင်းစုံ စဉ်းစားရတော့သည်ပေါ့၊ မိမိအခြေအနေနဲ့ ငွေရေးကြေးရေးအရ ဘယ်လိုမှ မခွဲနိုင်၊ မိမိ၏ ဆရာသခင် ကျေးဇူးရှင် ဓမ္မဒူတဆရာတော်အား လျှောက်ပြလျှင် ဆရာတော်မှ အစစ စီစဉ်ပေးမည်ဟု သိရှိ ယုံကြည်သော်လည်း ဆရာတော်ကို အားနာလွန်းပြီဖြစ်၍ မယ်တော်ကြီးကိုယ်တိုင်ကလည်း စားဆေးများနဲ့သာ တတ်နိုင်သမျှ ကုသချင်သည်၊ မခွဲစိတ်လိုတော့၊ သူ့အိမ်သို့သာ ပြန်ချင်ကြောင်း မိမိအား ပြောပြလေတော့သည်။

ဒီလိုနဲ့ မိမိလည်း ရွာသို့ ပြန်ပြီး၊ ရွာမှာရှိကြတဲ့ ကျန်တဲ့ အိမ်ထောင်သည် အစ်ကို အစ်မများနှင့် မယ်တော်ကြီး အခြေအနေကို ပြောပြတိုင်ပင်ကြည့်တော့ အားလုံးကလည်း မယ်တော်ကြီးအား ချစ်ကြပေမယ့် အခြေအနေနဲ့ အချိန်အခါအရ ဆေးရုံက ပြန်ဆင်းခွင့်တောင်းပြီး ရွာမှာပဲ မိခင်ကြီးကို ဝိုင်းဝန်းပြုစုပေးကြမယ်လို့ ကတိပြုခဲ့ကြ သည်။

(၂-၁၂-၁၂)နေ့မှာတော့ ဆေးရုံက ဆင်းခဲ့ပြီး ရွာသို့ ပြန်ရောက်လာခဲ့သည်၊ မနက်ညနေ နှစ်ခေါက် နေ့တိုင်း မယ်တော်ကြီးထံ သွားပြီး အားပေးစကားများပြော၍ တရားဓမ္မနှင့်စပ်သော စကားများလည်း တတ်နိုင်သမျှ ပြောပြပြီး နေခဲ့ရာက၊ တနေ့. . . အဲဒီတစ်နေ့က ဒီစာစု လေးကိုရေးဖြစ်ဖို့ အကြောင်းဖန်လာတဲ့နေ့. . ၊ ဒီစာစု လေးရဲ့ နိဒါန်းလို့ ပြောရမယ့်နေ့ ဖြစ်ခဲ့သည်။

မိခင်ကြီးက "ဦးဇင်းကို အရမ်းကျေးဇူးတင်တယ် ဦးဇင်းရယ်၊ ဦးဇင်းလည်း လူရော ငွေရော အမေ့ကြောင့် ပင်ပန်းနေရပြီ"လို့ ပြောရှာသည်၊ မိမိက ပြန်၍ "ဒကာမကြီးကလည်း ဒီလို မပြောပါနဲ့၊ ဦးဇင်းကတောင် ဒကာမကြီးကို ပြန်ပြီး ပြုစုစောင့်ရှောက်ခွင့်ရလို့ ကျေးဇူးတင်ရအုံးမယ်"လို့ ပြန်ပြောလိုက်ရတယ်၊ ဆက်ပြီးတော့ မိခင်ကြီးက သားဦးဇင်းရယ်၊ သားဦးဇင်းကို အစစအရာရာ စောင့်ရှောက်ပေးတဲ့ မော်ဘီဓမ္မဒူတဆရာတော်ရယ်၊ နောက်ပြီး ဦးဇင်းကို ရဟန်းခံပေးတဲ့ မစိုးရိမ်ဘုန်းဘုန်းကြီးရယ်ကို အထူးကျေးဇူးတင်တဲ့အကြောင်း ဆက်ပြောလာပါတယ်။

မစိုးရိမ်တိုက်သစ်ဆရာတော်ကြီး မိမိ ရဟန်းခံပွဲကို ကြွရောက်ချီးမြှင့်တာ မိခင်ကြီး မှတ်မိသားပဲလို့ ဝမ်းသာပြီး မိမိကလည်း အဲဒီတုန်းက ဆရာတော်ကြီး ဘာတရားဟောသလဲလို့ မိခင်ကြီးကို မေးမိသည်၊ "ဦးဇင်းက လဲ အဲဒီဘုန်းဘုန်းကြီးက နမော တဿ ရွတ်ဖို့ အဓိကဟောသွားတယ်လေ၊ ဦးဇင်း မမှတ်မိဘူးလား" ဆိုပြီးတော့ "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"လို့ မိခင်ကြီး ရွတ်ပြလိုက်တဲ့အခိုက် မိမိရင်ထဲမှာ အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာ ဖြစ်လိုက်ရတာလေ. . ၊ ဘာကို ဝမ်းမြောက်မိရသလဲဆိုတော့ မိမိရဲ့ ရဟန်းခံပွဲကို အပင်ပန်းခံ ကြွရောက်ချီးမြှောက်ပေးတော်မူခဲ့တဲ့ မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးရဲ့ ကြီးမားတဲ့ မေတ္တာကရုဏာများ၊ ဆရာတော်ကြီးရဲ့ ဆုံးမသြဝါဒ တရားကို ကောင်းစွာမှတ်မိနေတဲ့ မိခင်ကြီးရဲ့ မှတ်ဉာဏ်

http://www.dhammadownload.com

ကောင်းမှု (မိခင်ကြီးဟာ သူ့ခေတ် သူ့မိသားစု အခြေအနေအရ စာမသင်ခဲ့ရလို့ လုံးဝ စာမတတ်ပါ။ သူနာမည်ကိုတောင်မှ လွန်ခဲ့တဲ့ နှစ်များက ရွာမှာ အသုံးလုံးသင်တန်းလာပို့ချပေးခဲ့လို့ သူနာမည်လောက်ပဲ စာလုံးပေါင်းတတ်တာပါ) တို့ကို ယှဉ်စပ်တွေးမိကာ ဝမ်းသာပီတိဖြစ်မိပြီး၊ ဟုတ်ပြီ မစိုးရိမ်တိုက်သစ်ဆရာတော်ကြီး သက်တော်(၈၀)ပြည့် မွေးနေ့အထိမ်း အမှတ်စာအုပ်ထုတ်ဝေမှာဖြစ်လို့ စာမူလည်း တောင်းထားခံရတာကြောင့် ဆရာတော်ကြီး မိမိရဲ့ ရဟန်းခံပွဲကို အပင်ပန်းခံကြွရောက်ချီးမြှင့်ပေးခဲ့တဲ့ အကြောင်းလေးနဲ့ ဆရာတော်ကြီးမွေးနေ့ကို ပူဇော်ခွင့်ရပြီလို့ ဝမ်းသာသွားမိတယ်၊ (၁၈)နှစ်ကျော် ကြာခဲ့ပေမယ့် မနေ့တစ်နေ့က အဖြစ်အပျက်လေးလို မိမိရဲ့အတွေးအာရုံထဲမှာ ပြန်မြင်ယောင်မိတာက..၊

အညာနွေ၏ ပူပြင်းသော နေ့တနေ့...၊ မေလို့ မရတဲ့ နေ့...၊ တိတိကျကျပြောရရင် ၁၃၅၇-ခု၊ နယုန်လ ပြည့်ကျော်(၁၁)ရက်နေ့၊ မန္တလေး နွေကာလ၏ ဒဏ်ကို ရောက်ဖူးသူတိုင်း ခံစားရဘူးကြလိမ့်မည်မို့ အထူးပြောပြစရာမလိုတော့၊ အဲဒီနေ့ နေ့လယ်(၂)နာရီ ကျော်ကျော်လောက်ကပေါ့၊ ဆရာတော်ကြီးတစ်ပါးက ရှေ့က လျှောက်၊ နောက်မှာက ကိုရင်ကြီးတစ်ပါးက ဆရာတော်ကြီးရဲ့ ခရီးဆောင်အိတ်ကလေးဆွဲလို့ မန္တလေးမြို့၏ ကျက်သရေဆောင် စာသင်တိုက်ကြီးတစ်တိုက်မှ ခရီးထွက်တော့မည်ဟန်ကို လမ်းဘေးဝဲယာ ကျောင်းဆောင်များမှ အံ့သြစွာ ငေးကြည့်နေကြသည့် စာသင်သားများ၏ ကြားမှ မည်သည့်အဆောင်အယောင်မှ မပါရှိဘဲ ကိုယ်ပိုင် ခြေတို့ကိုသာ အားကိုးပြုလျှက် ခရီးထွက်တော်မူခဲ့သည့် ဆရာတော်ကြီးမှာ မည်သူဖြစ်အံ့နည်း?၊ အခြားသူမဟုတ်ပါ၊ ယခုလက်ရှိ မစိုးရိမ်တိုက်သစ်ကြီးများ၏ အဓိပတိမဟာနာယကချုပ် ဆရာတော်ကြီးပါပေတည်း၊ ဆရာတော်ကြီး နောက်မှ ခရီးဆောင်အိတ်လေးဆွဲပြီး ထပ်ချပ်မကွာ လိုက်ပါသွား သူကိုရင်ကြီးကတော့ ယခု ဤဆောင်းပါးကို ရေးသားသူပါ။

ဘာကြောင့် ခရီးသွားသလဲဆိုရင်တော့ ကိုရင် ကြီးရဲ့ ရဟန်းခံပွဲအတွက်ပါ၊ နေရာက တံတားဦးမြို့ရဲ့ အနောက်ဘက် (၇)မိုင်ကွာဝေးတဲ့ ရေကမိုးရွာကိုပေါ့၊ အဲဒီတုန်းက အခုလို လမ်းပန်းဆက်သွယ်ရေးက မဖွံ့ဖြိုးသေးဘူး၊ ဒုဋ္ဌဝတီမြစ်ကူးတံတားကြီးတို့ ရန်ကုန်မန္တလေးကားလမ်းကြီးတို့ဆိုတာ နိမိတ်ပုံတောင် ဘယ်သူမှ မဖော်ကြသေးဘူးလေ၊ မန္တလေးကနေ အိုးထုပ်တန်းစက် လှေဆိပ်ကို ကားနဲ့သွား၊ စက်လှေနဲ့ ကူး၊ အင်းဝမြို့ ဟောင်းကို ဖြတ်ပြီး တံတားဦး...၊ အဲဒီလို သွားကြရတာ။

မစိုးရိမ်တိုက်သစ်ကြီးကနေ စထွက်တော့ နေပူပူကြီးရဲ့ အောက်မှာ ဆရာတော်ကြီး ကြွပုံလေး ပြောပြရဦးမယ်၊ ခရီးမထွက်ခင် ရက်ပိုင်းအလိုကတော့ ရွာကနေ မန္တလေးကို ပြေးဆွဲတဲ့ ရွာသားပိုင်တဲ့လိုင်းကား (ဒိုင်နာကား) တစ်စီးရှိတယ်ပေါ့၊ အဲဒီလိုင်းကားနဲ့ မစိုးရိမ်တိုက်သစ်ကို ဆရာတော်ကြီးကို လာကြိုမယ်လို့ စီစဉ်ပြီးသား၊ ဒါပေမယ့် ဖြစ်ချင်တော့ အဲဒီနေ့မှ ကားပေါ်မှာ ကုန်ပစ္စည်းတွေကများ၊ စိန်ပန်းလမ်းတွေကလည်း ကြမ်းတော့ လာမကြိုနိုင်တော့ဘူး၊ ၈၄-လမ်း ၄၁-လမ်းထိပ်ကပဲ စောင့်နေပါ့မယ်လို့ ကားဆရာက လျှောက်တော့ ဘယ်တတ်နိုင်မလဲလေ၊ ဒါနဲ့ ဆရာတော်ကြီး နေ့လည်(၁)နာရီ သီလကွန်စာဝါပို့ချအပြီး သီတင်းသုံးရာကျောင်းဆောင်ကို ပြန်ကြွလာတဲ့အခါ "ကိုရင်ကြီး မင်းကားကမလာသေးဘူးလား၊ ဘယ်မှာလဲ"လို့ မိန့်ပါလေရော...၊ မိမိကလည်း ကားဆရာ လျှောက်ထားတာကို အားနာနာနဲ့ ပြန်ပြီးလျှောက်လိုက်မိတယ်၊ "မင်းကလည်း ဘာများလဲလို့၊ သူတို့ မလာနိုင်မှတော့ ဒို့ကပဲ ၄၁-လမ်းထိပ်ကို သွားစီးကြတာပေါ့"တဲ့... ကဲ အဲဒီအချိန်မှာ မိမိစိတ်ထဲ ဘယ်လိုခံစားမိသလဲဆိုရင် တမျိုးကြီးပဲလို့ ပြောလို့မရတော့ဘူး၊ စိတ်ထဲမှာ အမျိုးမျိုးကြီးကို ဖြစ်သွားမိတာ အမှန်...။

အော်.. ငါလို အညတရ သာမန်ကိုရင်ကြီးတစ်ပါးရဲ့ ရဟန်းခံပွဲကို နွေပူပူမှာ ရာသီဥတုဒဏ်ခံပြီး လိုက်ပါ ချီးမြှောက်မယ့် ဆရာတော်ကြီးရဲ့ မေတ္တာကရုဏာ စေတနာတွေကို ခံစားမိ၊ သူများတွေလို ကိုယ်ပိုင်ကားနဲ့ မပင့်နိုင်တဲ့ ငါလို ကိုရင်ကြီးရဲ့ ရွာကို သက်တောင့်သက်သာမရှိတဲ့ လိုင်းကားနဲ့ကြွပေးမယ်ဆိုတဲ့ ဆရာတော်ကြီးရဲ့ စိတ်ဓာတ်ကို လေးစားမိ၊ မိမိကိုယ်ကိုလဲ ဆရာတော်ကြီးကို ကောင်းကောင်းမွန်မွန် မပင့်နိုင်တဲ့ အခြေအနေကို ဝမ်းနည်းစိုးရွံ့မှုတွေနဲ့ပေါ့။

ဒါပေမယ့် ဆရာတော်ကြီးကတော့ ဒီလိုကြွရပေမယ့်လည်း စိတ်ထဲမှာ ဘာမှခံစားရပုံမပေါ်...၊ ဒီလိုနဲ့ ဆရာတော်ကြီးက ရှေ့က၊ ကိုယ်က နောက်ကပေါ့..၊ တိုက်ကြီးက အထွက်၊ ဆိုက်ကားလေးနဲ့တော့ ၄၁-လမ်းထိပ်အထိ ပင့်မယ်ပေါ့၊ ဆိုက်ကားကလည်း ဖြတ်သွားဖြတ်လာ မတွေ့ရ၊ ဒါနဲ့ ဆက်လျှောက်လာကြရင်း ရှေ့မှာ ဆိုက်ကား

http://www.dhammadownload.com

တစ်စီး ရပ်ထားတာတွေ့လို့ ဝမ်းသာပြီး ဆိုက်ကားခေါ်တော့ ဆိုက်ကားဆရာ မရှိဘူးတဲ့၊ ဖြစ်ချင်တော့ အဲဒီလို၊ ဒါနဲ့ ဆက်ပြီးလျှောက်လိုက်ကြတာ မန္တလေးအတိုင်း အတာနဲ့ဆိုရင် လမ်းသုံးပြလောက်မှပဲ ကံကောင်းထောက်မစွာ ဆိုက်ကားက ငှါးလို့ရတော့တယ်၊ ဒါနဲ့ ဆရာတော် ကြွပါဘုရားဆိုပြီး မဝံ့မရဲပင့်ရတာပေါ့၊ "အေး ဆိုက်ကားငှါးလို့ရတော့လဲ စီးကြတာပေါ့ကွာ"ဆိုပြီး ဆရာတော်ကြီးက ရှေ့က၊ ကိုရင်ကြီးဖြစ်တဲ့ မိမိက နောက်က. . .၊ နွေနေပူပူကြီးအောက်မှာ မှတ်မှတ်ရရ ထီးတောင် မပါဘူး၊ သင်္ကန်းလေး ဦးခေါင်းပေါ် ကိုယ်စီဆောင်းလို့ပေါ့၊ တွေးသာကြည့်ကြပေတော့ မျက်စိထဲ မြင်အောင်၊ အဲဒီလိုနဲ့ လမ်းထိပ်ရောက်တော့ ရွာက လိုင်းကားကလည်း ကြိုတင်ရောက်ပြီး စောင့်နေတာ တွေ့မှ မိမိလည်း ဟင်းချနိုင်တော့တယ်၊ ခရီးဆက်ကြပြီပေါ့လေ. . .၊ မြစ်ဆိပ် ရောက်တော့ စက်လှေကူး၊ တံတားဦးရောက်ပေါ့. . .၊ အဲဒီကမှ တဆင့် ရေကမိုးရွာကို ထိုးထိုးထောင်ထောင် စစ်အတွင်းက ကတ္တရာလမ်းအပျက်ကြီးကို ရင်နာနာနဲ့ (ကားဆောင့်လွန်းလို့) ဖြတ်သန်းပြီးမှ ခရီးအဆုံးကို ရောက်ကြရတာပါ။

ဒါက အသွားပဲ ရှိသေးတယ်၊ နောက်တစ်နေ့ ရဟန်းခံ သိမ်ဝင်တော့ ဆရာတော်ကြီးဆီမှာ ဥပဇ္ဈာယ်ယူရတယ်၊ ပြီး သိမ်က ထွက်၊ ဆရာတော်ကြီး တရားဓမ္မ ခီးမြှင့်ပေးပြီး နေ့ဆွမ်းဘုဉ်းပေးပြီးလို့ ပြန်ကြွမယ်ဆိုတော့ မိမိကို တပါတည်း ပြန်လိုက်ဖို့ ခေါ်ပေမယ့် ကိုယ်ကလည်း ရွာမှာ ဖြေရှင်းရမယ့် ကိစ္စလေးက ရှိနေသေးလို့ တစ်ရက် နှစ်ရက်လောက်မှ ပြန်ပါရစေဆိုတဲ့အကြောင်း လျှောက်လိုက်ရတော့တယ်။

ဆရာတော်ကြီး အပြန်ခရီးကိုတော့ ဒီလို စီစဉ်ပေးလိုက်ကြသတဲ့. . .၊ ရွာကနေ အင်းဝမြစ်ဆိပ်ထိကို ရွာက မြင်းလှည်းနဲ့ကြွ၊ စက်လှေစီးပြီး၊ ဟို ဘက်ကမ်းက အမှတ်(၈)လိုင်းကားနဲ့ မန္တလေးကို တစ်ပါးတည်း ပြန်ကြွရပါလေရော. . .၊ အမှတ်(၈)လိုင်းကားဆိုတာ ၈၁-လမ်း ၄၁-လမ်းကပဲ မောင်းတာလေ၊ ၄၁-လမ်းကနေ မစိုးရိမ်တိုက်သစ်ဆီကို ဆိုက်ကားနဲ့ပဲ ကြွမလား ခြေကျင်ပဲ ကြွမလားဆိုတာ မိမိ မသိတော့ဘူး၊ ခြေကျင်ပဲ ဖြစ်မယ် ထင်ပါတယ်၊ ဆရာတော်ကြီးကို သက်တောင့်သက်သာနဲ့ ကြွနိုင်ဖို့ မစီစဉ်ပေးနိုင်ခဲ့တဲ့ မိမိတို့၏ အားနည်းချက် ချွတ်ယွင်းချက်များကိုတော့ ဝန်ခံပါသည်၊ ကိုယ့်ဘက်က တကယ့်ကို မစွမ်းနိုင်သည့် အခြေအနေ ဖြစ်ခဲ့သည်ကိုး။


ကဲ စာဖတ်သူများအနေနဲ့ ဆရာတော်ကြီးရဲ့ အညတရကိုရင်ကြီးတစ်ပါး ရဟန်းခံပွဲကို ခရီးလမ်းကြောင်းနဲ့ ကြွရပုံကို သိပြီးတော့ ဘယ်လိုထင်ကြ ပြောကြယူဆကြမှာလဲ။

အဲဒီမှာ သေသေချာချာ တွေးကြည့်ရင် မြင်ရပါလိမ့်မယ်၊ ဒီလို မိမိနဲ့ ရင်းနှီးမှုမရှိတဲ့ ကိုရင်ကြီးတစ်ပါးရဲ့ ရဟန်းခံပွဲကို နွေပူပူကြီး ရာသီဥတုကလည်း ပြင်းထန်ပင့်တဲ့ကားကလည်း လိုင်းကား ဒိုင်နာကားနဲ့. . .၊ နောက်ပြီး ဆိုက်ကားတတန် ခြေကျင်တခါ မြင်းလှည်းတဖုံ စက်လှေတမျိုးနဲ့ ဘာမှ ပစ္စည်းလာဘ်လာဘ မျှော်ကိုးစရာ မရှိတဲ့ ကျေးလက်တောရွာကို ကြွရောက်ခီးမြှောက်ပေးတဲ့ ဆရာတော်ကြီးများ ဘယ်နှစ်ပါး တွေ့ဘူးမြင်ဘူးကြုံဘူးကြပါသလဲ၊ မိမိကတော့ ကိုယ်တွေ့ဖြစ်ရပ်မို့သာ ယုံကြည်လက်ခံမိတယ်၊ အခြားသူတစ်ယောက်က ပြောပြလို့ ကြားဖူးနာဝဆိုရင် ယုံနိုင်အံ့မထင်။

မိမိ၏ ရဟန်းခံပွဲသာ မဟုတ်၊ ရဟန်းခံပွဲတိုင်းကို ဆရာတော်ကြီးက ကြွရောက်ခီးမြှောက်လေ့ရှိကြောင်း မိမိလည်း နောက်မှ သိရတော့တယ်၊ ဗုဒ္ဓသာသနာတော်ကြီးအတွင်းမှာ သာသနာ့တာဝန်တွေ ထမ်းဆောင်ကြမယ့် ရဟန်းတော်များ ပိုမိုဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် ကိုယ်တိုင်ကြွရောက်ခီးမြှောက်ပေးတာပါလား၊ အာမိသလာဘ်လာဘကို လုံးဝမငဲ့ကွက်ဘဲနဲ့ သာသနာတော်ကြီး ရှေ့ရေးကို မျှော်ကိုးပြီး မိမိကိုယ်တိုင် စာသင်တိုက်ကြီးများကို ဦးစီးဦးဆောင်ပြု အုပ်ချုပ်ပြီး စာပေများ ပို့ချပေးခြင်း၊ လူပရိသတ်တို့အား တရားဓမ္မများ ဟောပြောလမ်းညွှန်ပေးခြင်းသာမက သာသနာတော်အတွက် အဓိကလိုအပ်ချက် သာသနာ့ဝန်ထမ်းကောင်းများ ပေါ်ထွန်းရေးကို မျှော်ကိုးပြီး ကာယိကဒုက္ခကို လစ်လျူရှုသည်းခံကာ ခီးမြှောက်ပေးတော်မူလေ့ရှိတဲ့ ဆရာတော်ကြီးရဲ့ စိတ်ဓာတ်ဟာ သာသနာ့ဝန်ထမ်း ရဟန်းတော်တိုင်း အားကျအတုယူ လေးစားလိုက်နာရမယ့် စိတ်ဓာတ်ဆိုတာ ရဟန်းတော်တိုင်း သိရှိလိုက်နာကြစေဘို့ ရည်ရွယ်ပြီး ဤဆောင်းပါးတိုလေးဖြင့် မိမိ၏ ဥပဇ္ဈာယ်ဆရာသခင် မစိုးရိမ်တိုက်သစ် အဓိပတိမဟာ နာယက ချုပ် ဆရာတော်ကြီး၏ သာသနာတော်ရှေ့ရေး မျှော်တွေးဆင်ခြင်နိုင်မှု အသိဉာဏ်၊ တပည့်များအပေါ် ထားရှိသော မေတ္တာကရုဏာများနဲ့ သီလသမာဓိပညာဂုဏ်တို့အား မြတ်နိုးသဒ္ဓါ ကြည်ဖြူစွာဖြင့် ပူဇော်လိုက်ရပါပေ၏။

ဒေါက်တာ အရှင်ကဋ္ဌန

http://www.dhammadownload.com



အောက်မေ့သတိရ သြဝါဒ

ထီလာ ဘုန်းမြတ်နွယ်

အစဘယ်သို့ ချီအံ့နည်း၊ မိမိသည် စာအလွန်ရေးချင်၏၊ သို့သော် ရေးကား မရေးတတ်၊ စာရေးဆရာကား မဟုတ်၊ ဒီအပြင် မိမိရေးရမည့်စာသည် အာစရိယပူဇော်ပွဲအတွက် ရေးသားပူဇော်ရမည့် စာ။

ပြည်တွင်းပြည်ပ တပည့်သာဝကအများဆုံး ဆရာတော်တစ်ပါးကို ပြပါဆိုလျှင် ဗမာပြည်၏ ပရိယတ္တိသာသနာတွင် ထင်ရှားသော ထိပ်တန်းစာသင်တိုက်ကြီးဖြစ်သည့် မစိုးရိမ်တိုက်သစ်ကြီးများ၏ အဓိပတိ မဟာနာယကချုပ် ဆရာတော်ကို ပြရပေလိမ့်မည်။

ထိုသို့ တပည့်သာဝက အလွန်ပေါများသောကြောင့် ကမ္ဘာနိုင်ငံအသီးသီးသို့ လှည့်လည်အပူဇော် ခံပြီး ပြန်ကြွလာသောအခါ ဆရာတော်ကြီးက "ပြည်တွင်းပြည်ပ ဘယ်ကို သွားသွား မစိုးရိမ်တိုက်က ထွက်ခဲ့တဲ့ တပည့်တွေချည်း တွေ့နေရတာပဲ"ဟု အမိန့်ရှိခဲ့ဘူး၏။

မှန်ပါသည်၊ မိမိလည်း ၁၃၆၀-ပြည့်နှစ် နှစ်ဦးပိုင်း၌ပင် မစိုးရိမ်တိုက်သစ်မှ ဓမ္မာစရိယ (ပါရာဇိကဏ္ဍ သီလက္ခန်) နှစ်ကျမ်းစွဲဖြင့် မိမိအရပ် (မိတ္ထီလာမြို့)သို့ ကျောင်းပြန်ထိုင်လိုက်ရ၏၊ ကျမ်းကား မပြီးခဲ့ပေ။

ထိုသို့ ကျောင်းထိုင်ဖြစ်ပြီးနောက် သူငယ်ချင်းမိတ်ဆွေ အပေါင်းအဖော်များနှင့် ကင်းကွာခဲ့ရလေသည်၊ ဘယ်သူတွေ ဘယ်ကို ရောက်လို့ ဘယ်အရပ်မှာ ဘာတွေလုပ်နေကြသည် ဘာမှ မသိတော့ပေ၊ အဆက်အသွယ်တွေ အားလုံးပြတ်သွားခဲ့လေသည်။

ထိုသို့ နေလာရင်း ပြည်မြို့ဘက်သို့ တပည့်တစ်ပါး ပြောင်းရွှေ့သွားပြီး ရဟန်းခံကိစ္စ ပင့်သဖြင့် လိုက်သွားခဲ့ရ၏၊ ထိုပြည်မြို့မှာတွင်ပင် မမျှော်လင့်ဘဲ သူငယ်ချင်းအချို့နှင့် တွေ့ခဲ့ရ၏၊ အလွန်ဝမ်းသာပီတိ ဖြစ်မိလေ၏၊ ရန်ကုန် မန္တလေးလို မြို့ကြီးတွေမှာတော့ ပြောစရာမလိုလောက်အောင်ပင် ပေါများ၍ ရောက်ခဲ့သည့် မြို့တိုင်းလိုလို မစိုးရိမ်တိုက်သစ်ထွက်တွေ အများအပြားတွေ့ခဲ့ရ၏၊ ထို့ကြောင့် စဉ်းစားခဲ့မိလေသည် "မစိုးရိမ်တိုက်သစ်ထွက်တွေ နေရာအနှံ့အပြား တော်တော်များများ ရှိနေကြပါလား"လို့ ဟူ၍ပင်။

ယခုမူ ဆရာတော်ကြီး၏ သြဝါဒကို ကြားနာလိုက်ရမှ မိမိ ထင်တာထက်ပင် ပို၍ပို၍ များပြားကာ ကမ္ဘာနိုင်ငံ အသီးသီးသို့တိုင်အောင် ပျံ့နှံ့နေပါပြီကောလားဟု အံ့သြမဆုံး ဖြစ်ခဲ့ရလေသည်။

ထိုသို့သော ဆရာတော်ကြီး၏ သီလ သမာဓိ

http://www.dhammadownload.com

ပညာဂုဏ်ဝိသိဋ္ဌပူဇာတို့ကို မိမိသည် အဘယ်သို့ ရေးသားပူဇော်ရအံ့နည်း၊ မည်သို့မျှ စဉ်းစား၍ မရခဲ့ပေ။

သူငယ်တန်းကလေးက တက္ကသိုလ်ဆရာကြီးကို ချီးမွမ်းသည်နှင့် တူနေမှာကို အလွန်စိုးရိမ်မိပါ၏၊ ပညာမရှိသော သူတို့၏ ချီးမွမ်းခြင်းသည်လည်း ပညာရှိတို့အား နှိမ့်ချဇော်ပေးသည်နှင့် တူလေ၏၊ ထို့ကြောင့်ပင်

ပဏ္ဍိတဿ ပသံသာယ၊
ဒဏ္ဍော ဗာလေန ဒိယျတေ။
ပဏ္ဍိတော ပဏ္ဍိတေနေဝ၊
ပဏ္ဍိတောဝ သုဝဏ္ဏိတော။

ဗာလေန-သူမိုက်သည်။ ပဏ္ဍိတဿ-ပညာရှိအား။ ပသံသာယ-ချီးမွမ်းခြင်းဖြင့်။ ဒဏ္ဍော-ဒဏ်ကို။ ဒိယျတေ-ပေးသည်မည်၏။

ပဏ္ဍိတော-ပညာရှိကို။ ပဏ္ဍိတေနေဝ-ပညာရှိသည်သာလျှင်။ ဝဏ္ဏိတောဝ-ချီးမွမ်းခြင်းသည်သာ။ သုဝဏ္ဏိတော-ကောင်းစွာချီးမွမ်းသည်မည်၏။ဟု နိတိဆရာက ဆိုလေသည်။

ထိုကို ရည်၍ ပို့ဆရာကလည်း "သိမြင်မှတ်ရာ၊ သူမိုက်ပါလျှက်၊ ပညာရှိကို၊ ချီးမွမ်းဆိုသော်၊ အလိုပြစ်ဒဏ်၊ ပေးသောဟန်တည်း၊ ကျမ်းဂန်နှံ့သိ၊ ပညာရှိကို၊ ချီးမွမ်းဆိုက၊ နှစ်လိုဝမ်းသာ၊ ခံထိုက်စွာရှင့်"ဟု စပ်ဆိုပြန်လေသည်။

မယဒေဝဆရာတော်ဘုရားကြီးကလည်း "ဆိုချင်မက်မော၊ ဆိုလျင်ဇောဖြင့်၊ သဘောအလိုက်၊ တုတ်နှင့်ရိုက်သို့၊ သူမိုက်ချီးမွမ်း၊ ဂုဏ်နာနွမ်း၏"ဟု စပ်ဆိုတော်မူခဲ့လေသည်။

မိမိလည်း ဆရာတော်ဘုရားကြီးအား ဂုဏ်နာနွမ်းမှာစိုး၍ မချီးမွမ်းသင့်၊ မချီးမွမ်းထိုက်ပေ။

ဆရာတော်ဘုရားကြီး၏ ဩဝါဒအချို့ကိုသာ ရေးသားပူဇော်မှု ပြုလိုက်ရပါသည်၊ ဆရာတော်ဘုရားကြီး၏ ဩဝါဒအပေါင်းကား နားထဲက မထွက်ပေ၊ ဆရာတော် အမိန့်ရှိခဲ့သည်မှာ "မင်းတို့ ဘယ်အရပ် ဘယ်ဒေသ ဘယ်မြို့ဘယ်ရွာ ဘယ်မှာနေနေ အလကားမနေကြနဲ့၊ ရေဒီယို ကက်ဆက် တီဗွီကြည့်ပြီး ဇိမ်ခံမနေကြနဲ့၊ အလုပ်လုပ်ကြပါ၊ သာသနာရေး ဘာသာရေး လူမှုရေး အစရှိသည်ဖြင့် နေရာတိုင်းမှာ ဘုန်းကြီးဦးဆောင်လုပ်လျှင် အစစအရာရာ အောင်မြင်တာချည်းပဲ"ဟု အမိန့်ရှိခဲ့ဘူးလေ၏။

ထို့ကြောင့်ပင် မိမိသည် ဆရာတော်၏ ဩဝါဒကို အသဲစွဲ မှတ်လျှက် မိမိကိုယ်တိုင် ကျမ်းပြီးအောင် အရင်လုပ်ခဲ့၏၊ ထို့နောက် ကျောင်းထိုင်ဘုန်းကြီး ဖြစ်နေသော မိမိသည် "ငါ ဘာလုပ်ရမည်နည်း" အကြိမ်ကြိမ် စဉ်းစားခဲ့၏။

မြတ်စွာဘုရားသည် သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့အား အလုပ်များများ မပေးခဲ့၊ ဂန္ထဓုရ, ဝိပဿနာဓုရအားဖြင့် အလုပ်နှစ်မျိုးသာ ပေးခဲ့၏၊ မလုပ်ဘဲ နေ၍ကား မဖြစ်ပေ။ ဆရာတော်၏ ဩဝါဒသည်လည်း အလုပ်လုပ်ခိုင်းခြင်းပင် ဖြစ်၏၊ ထို့ကြောင့် မိမိသည် အလုပ်လုပ်မှ ဖြစ်ချေမည်ဟု အဖန်ဖန် စဉ်းစားခဲ့၏။ အစားချောင်၍ ရဟန်းဘောင်နေခြင်းဟု အများထင်မှာ စိုးရိမ်မိပါ၏၊ ကိုယ့်ကြောင့် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ပြီးမှ ထူထောင်ခဲ့ရသော မြတ်စွာဘုရား သာသနာကို လူအထင်သေးလိမ့်မည်၊ အိုးမဲ မသုတ်သင့်၊ မည်စ်နွမ်းစေသင့်ပေ။

မင်းမျိုး, ပုဏ္ဏားမျိုး, သူကြွယ်မျိုး, သူဆင်းရဲမျိုး အမျိုးလေးပါးတို့၏ အထက်က အားလုံး မော်ဖူးခဲ့ရသော သာသနာ၊ ယနေ့အချိန် ဘယ်အဆင့်အတန်း ရောက်နေပြီလဲ၊ သာသနာ့ဝန်ထမ်း ရှင်ရဟန်းအားလုံး သိသင့်ပါ၏၊ ပြန်လည်မြှင့်တင်နိုင်ရန်အတွက် အားလုံး ကြိုးစားသင့်၏၊ သာသနာ့ဝန်ထမ်းက သာသနာအလုပ်ကို လုပ်ရမည်ပင်၊ ဝန်ထမ်းက ဝန်ထမ်းအလုပ်ကို လုပ်ရပေမည်၊ ဝန်ထမ်းအလုပ်ကို မလုပ်လျှင် ဝန်စီးဖြစ်ပေလိမ့်မည်၊ သာသနာ့ဝန်စီး မဖြစ်သင့်ပေ၊ ဝန်စီးတွေများနေသောကြောင့်သာ သာသနာသည် လူအထင်မြင်သေးခြင်း အဆင့်သို့ ရောက်ရှိသွားလေတော့သည်၊ ထို့ကြောင့် ဆရာတော်ကြီးက အလုပ်လုပ်ခိုင်းခြင်းပင် ဖြစ်ပေလိမ့်မည်။

တဖန်-

ဝိဇ္ဇောဝိဿ အယောဂုဠော၊
အယောပဇ္ဇောဝ စီဝရံ။
ဝိဟာရော အယောကုမ္မိဝ၊
သတ္တိဝေဓော၀ အဋ္ဌလီ။

အဿ-ထိုဓုရနှစ်ဖြာ, တဖြာဖြာကို, ကောင်းစွာမဆောင်, ရဟန်းယောင်နှင့်, သီလသိက္ခာ, ကောင်းစွာမစင်, ပုထုဇဉ်ဆိုး, ရဟန်းမျိုး၏။

ဝိဇ္ဇောဝိ-ဒကာဒကာမ, သဒ္ဓါကြွ၍, ထာဝရလှူဒါန်း, စားဘွယ်ဆွမ်းသည်လည်း။

အယောဂုဠော၀-အရှိန်ရဲရဲ, မီးလျှံစွဲသည့်, သံခဲသံလုံး, သံတုံးတွေနှင့် တူလှပေ၏။

http://www.dhammadownload.com

စိဝရမွိ-ကိုယ်ဝယ်ဆင်မြန်း, ဝတ်သက်နှံသည်လည်း။

အယောပဇ္ဇော-အရှိန်ကြီးမား, မီးလျှံဝါးသည့်, သံပြားကြီးနှင့် တူလှပေ၏။

ဝိဟာရောပိ-သွားရပ်ထိုင်လျောင်း, နေရာကျောင်းသည်လည်း။

အယောကုမ္ဘိဝ-ဝန်းကျင်တောက်ပြောင်, ရဲရဲလောင်ညီး, သံအိုးကြီးနှင့် တူလှပေ၏။

အဠလီပိ-လူသူအားလုံး, ကိုင်းညွှတ်ရုံးရှိ, ရွှင်ပြုံးကြည်ညို, ရိုသေမြတ်နိုး, ရှိခိုးခြင်းသည်လည်း။

သတ္တိဝေဓော-အရောင်လက်လက်, မြမြထက်သည့်, လှံရွက်ကိုမိုး, ဝိုင်းရံထိုးသည်နှင့် တူလှပေ၏။

ဆရာတော်၏ ဩဝါဒစကားနှင့် ထိုဒေသနာဂါထာတို့၏ အဆုံးအမတို့ကြောင့် မိမိ အလုပ်လုပ်ရချေတော့မည်။

ဂန္ဆဓုရ ဝိပဿနာဓုရ နှစ်မျိုးတွင် မိမိသည် ဂန္ဆဓုရဘက်၌သာ အားသာခဲ့၏။ ဝိပဿနာဓုရကိုကား အလွန်အားနည်းခဲ့၏။

တဖန် ဓမ္မာစရိယကျမ်းပြီးတိုင်း စာချဘုန်းကြီးမဖြစ်နိုင်၊ စာချဘုန်းကြီး ဖြစ်ဘို့ကား အလွန်ခက်ခဲလှ၏။ မိမိ နားလည်သည့်အတိုင်း တပည့်များကို နာလည်သဘောပေါက်အောင် ပြန်လည်ပို့ချနိုင်ဘို့ကား ပို၍ပင် ခက်ခဲနေပြန်၏။ စာချဘုန်းကြီးတစ်ပါး ဖြစ်လာရန်မှာ မလွယ်ကူ လှပေ၊ လာဘ်လာဘကလည်း အလွန်နည်း၏။ ထို့ကြောင့် ကျမ်းပြီးပုဂ္ဂိုလ်တိုင်း စာချဘုန်းကြီး မလုပ်ချင်ကြပေ။

ဝိပဿနာဓုရကား လာဘ်လာဘ အလွန်ပေါများ၏။ တရားဟော တရားပြခြင်းဖြင့် တင့်တယ်နေကြသော ဆရာတော်တွေ အဟောအပြောကောင်းသောကြောင့် ချမ်းသာနေကြသော ဆရာတော်တွေ သိန်းပေါင်း ရာချီ ထောင်ချီ အပူဇော်ခံနေကြသော ဆရာတော်တွေ အလွန်ပင် များပြားနေ၏။

ထို့ကြောင့် ကျမ်းပြီးဆရာတော်တွေ ကျမ်းမပြီး ဆရာတော်တွေ အတော်များများ အဟောအပြောလိုင်းဘက်သို့ ရောက်ကုန်ကြရ၏၊ စာချစာသင်(ဂန္ဆဓုရ) လိုင်းဘက်သို့မှာကား တစတစအားနည်း၍ လာလေသည်။

မိမိလည်း ထိုနှစ်လမ်းတွင် အဘယ်လမ်းကို လိုက်ရမည်နည်း၊ အကြိမ်ကြိမ် စဉ်းစားခဲ့၏၊ နောက်ဆုံးတော့ လာဘ်လာဘနည်းပါးသော ဒကာဒကာမများနှင့် ဆက်ဆံရေး အလွန်နည်းပါးသော စာသင်စာချ စာသင်တိုက် ဘုန်းကြီးဘဝကို ခံယူရွေးချယ်ခဲ့လေသည်။

တဖန် ဆရာတော် ဦးသုစိတ္တ (ယခု-အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်၊ ရန်ကုန်)ကို အလိုတော်ပြည့် ဆရာတော်က တရားဟော ကျောင်းထိုင်ပင့်ရာတွင် မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးက "သုစိတ္တ မင်း လာဘ်လာဘငဲ့ကွက်ပြီး သာသနာပြုမယ်ဆိုရင် လိုက်သွား"ဟု အမိန့်ရှိသည်ကိုလည်း ကြားသိခဲ့ဘူး၏။ ဆရာတော်ကြီးသည် လာဘ်လာဘမျှော်ကိုးတဲ့ တရားပြ ဓမ္မကထိက အဖြစ်ကို အလွန်စက်ဆုပ်တော်မူလေသည်။

ဆင်းရဲနွမ်းပါးတဲ့ လာဘ်လာဘ အလွန်နည်းပါးတဲ့ ဒကာဒကာမတွေနဲ့ ဆက်ဆံရေး အလွန်နည်းပါးတဲ့ စာသင်တိုက် စာချဘုန်းကြီးဘဝကို စာသင်သားတွေက မှလုပ်ချင်ကြပေ၊ ဆရာတော်က ထိုအလုပ်ကိုသာ ပို၍ လုပ်စေချင်၏။ ထို့ကြောင့် ဆရာတော် ဖြစ်စေချင်သော စာသင်တိုက် စာချဘုန်းကြီးဘဝကို မိမိ ရွေးချယ်ပြီး စာသင်တိုက် ထူထောင်ခဲ့လေသည်၊ ထိုက်သည်အား လျော်စွာ အောင်မြင်မှုရှိခဲ့ပါ၏။ သို့သော် မိမိကျောင်းသည် စာသင်တိုက် ထူထောင်နိုင်သော အကျယ်အဝန်း အဆောက်အဦ မရှိပေ၊ မူလက တစ်ပါးနေ တစ်ထပ်တိုက်နှင့် မြေအကျယ်အဝန်းပေ ၄၀×၁၀၀ ခန့်သာ ရှိခဲ့၏၊ ထို့ထက် ဘယ်လိုမှ ချဲ့၍ မဖြစ်နိုင်ပေ။

ထိုတစ်ထပ်တိုက်အတွင်းမှာပင် စာသင်သား ၄၀-၅၀ ခန့် စာသင်စာချ ဆွမ်းစားမှု အားလုံးကို ဆောင်ရွက်ခဲ့ရ၏၊ ထိုအတွင်းမှာပင် ဆရာတော်ကြီးသည် မိမိကျောင်းသို့ ခရီးကြုံ လှည့်ဝင်လာ၏၊ ထိုအတွက် မိမိသည် အလွန်ဝမ်းမြောက်ပါ၏၊ သို့သော် တစ်ထပ်တိုက်နှင့် ကျဉ်းမြောင်းကျပ်တည်းစွာ ဆင်းဆင်းရဲရဲနှင့် ဖြစ်နေတဲ့ မိမိရဲ့ စာသင်တိုက်ဘုန်းကြီးဘဝနဲ့ ဆရာတော်ကြီးကို ဧည့်ဝတ်ပြုနေရသည်မှာ များစွာသိမ်ငယ်မိ၏၊ အလွန်ပင် စိတ်မကောင်းဖြစ်ခဲ့ရ၏၊ ဝမ်းသာခြင်းနှင့် ဝမ်းနည်းခြင်း ယှဉ်ကာ မျက်ရည်များ စို့ခဲ့ရ၏။

ဆရာတော်ကြီးကတော့ အလွန်ဝမ်းသာနေမည်ထင်၏၊ အကြောင်းကား သာသနာ့အလုပ်ဖြစ်သော ဂန္ဆဓုရ စာသင်စာချ စာသင်တိုက်ဘုန်းကြီး လုပ်နေသောကြောင့်ပင် ဖြစ်၏။

မိမိ သိမ်ငယ်သောအဖြစ်ကို ရိပ်မိသောကြောင့်ပင်လား မသိ၊ ဆရာတော်ကြီးက အားပေးသောအနေဖြင့်

http://www.dhammadownload.com

"ဥတ္တရ . . . ငါ သန်ဘက်ခါ နေပြည်တော်က အပြန် ဒီမှာ နေ့ဆွမ်းဘုဉ်းပေးမယ်"ဟု မှာထားခဲ့၏၊ အတိုင်း ထက်အလွန် ဝမ်းသာမိခဲ့၏၊ ဘဝမှာ မခံစားခဲ့ဘူးသော ပီတိမျိုးနှင့် မပျော်ရွှင်ခဲ့ဘူးသော အပျော်မျိုး ခံစား လိုက်ရပါ၏၊ ဆရာတော်ကြီးက ငါ့ကို ထိုက်တန်သော အသိအမှတ်ပြုခဲ့ပေပြီဟု ကြည်နူးမဆုံး ဖြစ်ခဲ့ရပါ၏။

ဆရာတော်သည် ဟိတ်ဟန်ကြီးမားစွာနှင့် ထည် ထည်ဝါဝါ အကျယ်ချဲ့နေမှုများကို မနှစ်သက်ပေ၊ မိမိ၏ တပည့်ကြီး ရဟန်းခံအတွက် မိတ္ထီလာမြို့သို့ ရောက်ဖူး စေချင်၏၊ ထို့ကြောင့် ဆရာတော်ကို တရားဟောပင့် ခဲ့၏၊ ထိုတွင် ဆရာတော်က "ဥတ္တရ. . . ငါ့အတွက် သီးသန့် ကားနဲ့ မလုပ်နဲ့၊ ငါက လှည်းနဲ့ ပင့်လည်း လိုက်တယ်"လို့ အမိန့်ရှိခဲ့ဘူးလေသည်။

ဆရာတော်က သူ့အတွက်နှင့် တဘက်မှာ ဝန် မတက်စေလို တာဝန်မကြီးစေလို့ခဲ့ပေ၊ အောက်သက် အလွန်ကျေ၏။

တောသူတောင်သားများသည် အလွန်ဆင်းရဲ၏၊ စေတနာသဒ္ဓါတရား အလွန် ကြီးမားသောကြောင့်သာ လျှင် ကုသိုလ်ဒါနများ ပြုလုပ်နေကြခြင်းပင် ဖြစ်၏၊ ငွေပိုငွေလျှံကား လုံးဝမရှိရှာကြပေ၊ သာသနာ့ဝန်ထမ်း အားလုံး နီးပါးမျှသည်လည်း တောသူတောင်သားတွေ ချည်းသာ ဖြစ်ကြ၏၊ ဆရာတော်ဆိုလျှင် "ငါ့မှာ မန္တလေး ရန်ကုန်ခရီးစရိတ် ရထားခ(၃၅) မရှိလို့ စေတိယင်္ကာ စာမေးပွဲ သွားပြီး မဖြေခဲ့ရဘူး၊ ဖြေလျှင်လည်း အောင်မှာ ပါ"ဟု အမိန့်ရှိခဲ့ဘူး၏၊ ဆရာတော်၏ စာသင်သားဘဝက အလွန်ဆင်းရဲခဲ့၏။ (ဆင်ချေးဆပ်ပြာတောင် မသုံးခဲ့နိုင်ပေ)

ထို့ကြောင့်လည်း "မင်းတို့ခေတ်က ကံကောင်းပါ တယ်ကွာ၊ ငါတို့ခေတ်က ဆပ်ပြာခဲမရှိလို့ ပြာကို ရေစိမ် တစ်ည သိပ်ပြီးမှ အပေါ်ယံရေနှင့် ဆပ်ပြာလုပ်ပြီး ကိုယ်တိုက် အဝတ်လျှော် လုပ်ခဲ့ရတယ်"ဟု ဆိုလေ၏။

စည်းကမ်းလည်း အလွန်ကြီးပေ၏၊ သံဃာများ စည်းကမ်းမရှိ၍လည်း မဖြစ်ပေ၊ သောက်ရေအိုးစဉ်မှ ရေခပ်၍ ပလုတ်ကျင်းခြင်း မကုန်မခန်းနိုင်အောင် ခပ်၍ သောက်ပြီး သွန်ပစ်ခြင်းတို့ကို မပြုလုပ်ရပေ၊ ပြုလုပ်တာ တွေ့လျှင်လည်း ဒဏ်ချ၏၊ စာဝါပျက်လျှင်လည်း ဒဏ်ချ၏၊ စာအဆင့်မမီလျှင်လည်း ဒဏ်ချ၏။

ဒဏ်ဆိုသော်လည်း အလုပ်ဒဏ်ပေးခြင်းကား မဟုတ်ပေ၊ စာဝါဒဏ်သာ ပေးခဲ့၏၊ အဘယ့်ကြောင့် ဆိုသော် "မင်းတို့ကောင်တွေက ငယ်ရွယ်သူတွေဆိုတော့ အလုပ်ဒဏ်ပေးလျှင် ပျော်ပျော်ရွှင်ရွှင် ရယ်ရယ်မောမော နှင့် ဝုန်းဝုန်းဒိုင်းဒိုင်းလုပ်ပြစ်လိုက်တော့ အမြန်ပြီးသွားတာ၊ စာသင်သားဆိုတာ စာကြောက်တယ်ကွ၊ အဲဒါကြောင့်



ပြည်ကြီးတံခွန်မြို့နယ် မစိုးရိမ်တိုက်သစ်

http://www.dhammadownload.com

မင်းတို့ကို စာဝါဒဏ် ပေးရတာ"ဟူ၏၊ နေ့(၁၂)နာရီမှ (၁)နာရီအထိ သူများ အိပ်စက်အနားယူချိန်၌ မနားရပေ၊ ဆရာတော်ထံမှာ စာသွားကျက်နေကြရခြင်းပင်ဖြစ်၏။

ထိုအချိန်၌ ဧည့်သည်လာလျှင် စာသင်သားတို့ ပျော်ကြ၏၊ အကြောင်းကား၊ ထိုဧည့်သည်တွေ့ရှေ့၌ မိမိတို့ စာကျက်သည့်အကြောင်းနှင့် သူများထက် စာကြိုးစားသည့်ဟန်ကို ပြလိုသောကြောင့်ပင် ဖြစ်၏၊ ဧည့်သည်တွေကလည်း ကိုယ်တော်တွေ စာအံနေတာ တွေ့တော့ လက်အုပ်ကလေးချီပြီး အရိုအသေပေးကြ၏၊ ကိုယ်တော်များကလည်း ဝမ်းသာကြည်နူးပြီး ပို၍ပို၍ အသံကျယ်ကျယ်နဲ့ ကျက်ပြကြလေသည်။

သို့သော် ဆရာတော်ကား ထိုသို့မဟုတ်ပေ၊ ဧည့်သည်တွေရှေ့မှာ ဒေါက်ဖြုတ်ချလိုက်၏၊ ထိုဧည့်သည်တွေ ရှေ့၌ပင် "ဒကာမကြီးတို့ အဲဒီကောင်တွေက သူတော်ကောင်းတွေ မဟုတ်ဘူး လူမိုက်တွေ၊ အဲဒါကြောင့် ဒဏ်ချထားတာ"ဟု ရှုံ့ချလိုက်လေသည်၊ ပျော်ရွှင်ရယ်မောစရာအဖြစ် အမှတ်တရရှိနေခဲ့ပါ၏၊ စာသင်တိုက်ကြီး တစ်ခု၏ ကြည်နူးစရာ အတွေ့အကြုံအဖြစ် မှတ်တမ်းတင်ပါ၏။

ဘုရားဝတ်တက်ပျက်လျှင် နံနက်စောစောထ၍ ဆရာတော်ထံ သွားပြီး ဆရာတော်နှင့်အတူ ဘုရားဝတ် တက်ခဲ့ရ၏၊ ဒဏ်ပေးခံခဲ့ရ၏။

မစိုးရိမ်တိုက်သစ်မှာ နေပြီး ဒဏ်မထမ်းခဲ့ဘူးသော သူသည် တိုက်သစ်သား မမည်၊ တိုက်သစ်သား မဟုတ်ဟု ဆိုစမှတ်ပြုခဲ့ကြလေသည်။

ဆရာတော်သည် အောက်ခြေသိမ်း ဆွမ်းစားရာ၌ ပင် လိုက်၍ကြည့်ပြီး ဆွမ်းကို ကုန်အောင်စားစေ၏၊ အနည်းငယ်မျှ ချန်၍ ထားသည်ကို မကြိုက်ပေ၊ မကုန်လျှင် ဒဏ်ချလေ့ရှိ၏၊ ဩဝါဒပေးလေ၏၊ "မင်းတို့က တစ်ပါးတစ်ပါးကို တစ်လုတ်စာ နှစ်လုတ်စာ ချန်ချန်ထားလျှင် ဒို့တိုက်မှာ သံဃာထောင်ကျော်ရှိနေတော့ ဆွမ်းအလုတ်ပေါင်း ဘယ်လောက်ဖြစ်သွားမလဲ၊ ဒီအတွက်ဆန် ဘယ်လောက် အလကားဖြစ်သွားမလဲ စဉ်းစားကြည့်ပေါ့၊ အလကားဖြစ်သွားအောင် ဘာမှမလုပ်ရဘူး၊ ဒီအသက်အရွယ်ရောက်နေပြီ ကိုယ် ဘယ်လောက် အတိုင်းအတာအထိ ကုန်မယ်ဆိုတာ ကိုယ့်ဗိုက်ကို ချင့်ချိန်နိုင်ရမယ် ချန်မထားနဲ့ ကုန်အောင်စား"ဟု မိန့်တော်မူလေသည်။

မှန်ပေသည်၊ မိမိလည်း ထိုဩဝါဒကို အလွန်ကြိုက်၏၊ အချို့ဆရာတော်များ ဆွမ်းစားလျှင် အနည်းငယ်မျှသာ ဘုဉ်းပေးပြီး ပန်းကန်ထဲမှာ အများကြီး ချန်ထားခဲ့လေသည်၊ ထိုဆရာတော်မျိုးတွေ အများအပြား တွေ့ရ၏၊ ဒကာဒကာမတွေ ချွေးနဲစာနဲ့ ပင်ပန်းကြိုးစား ရှာဖွေပြီး သဒ္ဓါတရားကြီးစွာနဲ့ ကပ်လှူသော ဆွမ်းကို မငဲ့ကွက် ရက်စက်စွာ ပြုရက်လေခြင်းဟု အောက်မေ့ကာ ဆရာတော်၏ ဩဝါဒကို အထူးပင် အမှတ်ရနေမိလေသည်။

အစစအရာရာ အလကား မဖြစ်စေလို၊ အလကား ရသည့်အရာဟူ၍လည်း ဘာမျှမရှိပေ၊ ထိုက်တန်သည့် ရင်းနှီးပေးဆပ်မှုများကား ရှိနေကြစမြဲပင် ဖြစ်၏၊ ဆွမ်းတစ်လုပ်၏ တန်ဘိုးကို နားလည်စေချင်၏။

အချို့ ကိုယ်တော်တွေက ဆိုကြသေး၏၊ "စတ္တာရော ပဉ္စ အာလောပေ၊ အဘုတ္တာ ဥဒကံ ပိဝေ" ဟူသော စာကို ထောက်ပြီး ဆွမ်းစားလျှင် လေးငါးလုပ်ခန့် ချန်ထားရမယ်ဟု ဆိုကြပြန်သေး၏၊ စာ၏ အဓိပ္ပါယ်မှန်ကို မသိဘဲ မိမိ ထင်မြင်သည့်အတိုင်း တဝက် တပျက်အမြင်ဖြင့်ပြောခြင်းဖြစ်၏။

ထိုဆွမ်းလေးငါးလုပ် ချန်ထားရမည်ဆိုရာ၌ တရားအားထုတ်သော ပုဂ္ဂိုလ်တို့ တရားအားထုတ်နိုင်ရန် အတွက် ဝမ်းပိုက်ထဲ ရေသောက်ရန် ရေစာ(ရေအတွက် အစာ)ချန်ခိုင်းခြင်း ဖြစ်လေသည်၊ သပိတ်ထဲ အစာ ချန်ခိုင်းခြင်း မဟုတ်ပေ၊ ရေစာမချန်ပဲ အဝအပြဲ ဘုဉ်းပေးက တရားအားမထုတ် နိုင်တော့ဘဲ ထိနမိဒ္ဓတွေ နှိပ်စက်ပြီး ငိုက်မြည်းသွားမှာ စိုးသောကြောင့် ရေအတွက် အစာကို လျှော့စားပြီး ရေသောက်လိုက်ပါဟု ဆိုလေသည်၊ စဉ်းစားဆင်ခြင်နိုင်ကြပါစေ။

ဆရာတော်ကြီး၏ ဩဝါဒအပေါင်းကား လေးနက် ပြည့်စုံလှပါ၏၊ လောကုတ္တရာဘက်တွင်သာမက လောကီ ဗေဒင်နက္ခတ်အရာမှာလည်း အလွန်ကျွမ်းကျင်တော် မူလေသည်၊ (၈-၈-၈၈) ရှစ်လေးလုံး အရေးအခင်းကြီး မဖြစ်ခင်မှာ ဆရာတော်ကြီးက ကြိုတင်၍ ဩဝါဒပေး ခဲ့၏၊ ထိုဩဝါဒမှာ "မင်းတို့ကောင်တွေ ဂရုစိုက်ပြီး နေကြ၊ ကောင်းကင်မှာ ဂြိုဟ်တွေ ဖောက်ပြန်နေတယ်၊ အင်္ဂါဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်က မြန်မာပြည် ကိုယ်စားပြုတဲ့ ဂြိုဟ်၊ အဲဒီတော့ ဒို့ဗမာပြည် အခြေအနေ မကောင်းဘူး၊ ဒကာဒကာမတွေကို "နမော တဿ"ကို များများရွတ်ခိုင်းကြ၊ မင်းတို့လည်း များများရွတ်ကြ၊ ဂြိုဟ်တွေ ဘယ်လောက်ဆိုးဆိုး၊ လူမဆိုးရင်

http://www.dhammadownload.com

ဘာမှ မဖြစ်ဘူး၊ ဂြိုဟ်တွေကလည်း ဆိုးတယ် လူတွေကလည်း ဆိုးတယ်ဆိုရင် မင်းတို့တိုင်းပြည်နှင့် မင်းတို့ကောင်တွေ ခံကြပေဦးတော့"ဟု အမိန့်ရှိခဲ့လေသည်။

မကြာမီ ရှစ်လေးလုံးအရေးတော်ပုံကြီး ပေါ်ပေါက်၍ လာလေသည်၊ စာသင်တိုက်တွေ ပိတ်၊ စာဝါတွေ ဖျက်၊ နာယကတွေ ပြေးနှင့် စာဝါသံတွေ ဆိတ်ငြိမ်ပြီး စာသင်သားသံယာတော်တွေ ရှောင်ခွါသွားလေတော့သည်၊ စာမေးပွဲတွေလည်း ပျက်သုဉ်းခဲ့လေပြီ၊ အချိန်မှန်မှန် ငြိုင်ငွေ့စွာ အချက်ပေးနေရသော နာရီစင်ကြီးသည်ပင်လျှင် သံစဉ်များ ထွက်မလာခဲ့တော့ချေ၊ အမှတ်တရနဲ့ ဝမ်းနည်းမိခဲ့ရပါ၏။ ဆရာတော်ကြီးသုံးပါးနဲ့ စာသင်သားအလုပ်အကျွေးသံယာ အနည်းငယ်သာ ကျန်ရစ်ခဲ့လေ၏။

နိုင်ငံတော် အေးချမ်းတည်ငြိမ်စ ရလာသောအခါ နာယကအချို့နှင့် စာသင်သားအချို့ ပြန်ရောက်လာကြ၏၊ ထိုအခါတွင်လည်း ဆရာတော်ကြီးက "နမော တဿ"ကိုသာ ဆက်ရွတ်ခိုင်းနေပြန်၏၊ "ငါလည်း ကံညံ့နေတာ သိတယ်၊ ဒါကြောင့် "နမော တဿ"ကို ရှစ်သောင်းလေးထောင်ရအောင် ပုတီးစိပ်နေတာ၊ အခုဆို ပြည့်တော့မယ်၊ ဂြိုဟ်ဆိုးပေမဲ့ လူက မဆိုးတော့ အခုထိ ဘာမှ မဖြစ်ဘူး"ဟု အမိန့်ရှိခဲ့၏။

မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးနှင့် တပည့်သံယာများ၏ နေထိုင်အုပ်ချုပ်ပုံ ဩဝါဒများ စည်းကမ်းများကား ပြောဆိုရေးသား၍ ကုန်မည်မဟုတ်ပေ။

ထိုအထဲတွင် မိမိ အထူးအနှစ်သက်ဆုံးအချက်ကား စာသင်သား ရဟန်းသံယာတော်များသည် ဗမာပြည်နယ်အသီးသီးမှ လာရောက်နေထိုင်ကြသည်ဖြစ်ရာ တစ်မြို့နှင့်တစ်မြို့ တစ်နယ်နှင့်တစ်နယ် တစ်ကျောင်းနှင့် တစ်ကျောင်း ပြောင်းရွှေ့နေထိုင်ပြီး စာသင်ကြားကြရ၏။

ထိုသို့ သင်ကြားကြရာတွင် ရဟန်း(၄၅)ဝါ အထက်ဆိုလျှင် လက်ခံမည့်ကျောင်း မရှိတော့ပေ၊ လက်ခံ ပြန်လျှင်လည်း အဆင်မပြေမှုတွေ ဖြစ်ကြရ၏၊ ငယ်မွေးခြံပေါက်မဟုတ်သည့်အတွက် ဆုံးမရန် အခက်အခဲများစွာ ရှိကြ၏၊ လက်မခံသော ဆရာတော်များကိုလည်း အပြစ်မဆိုသာပေ။

သို့သော် စာဝါ တကယ်လိုလားသော စာသင်သားများအတွက်မူ အလွန်ပင် နစ်နာသွားလေသည်။ အခက်အခဲများနှင့် ကြုံကြရလေသည်၊ ကျောင်းရှာမရ၍ စာဝါဆက်မတက်ဖြစ်သော စာသင်သားသံယာတော်များ လမ်းခုလပ်ဖြင့်ပင် အဆုံးသတ်ခဲ့ကြရလေသည်။

မစိုးရိမ်တိုက်သစ်သည်ကား ထိုသို့သောကျောင်းမျိုး မဟုတ်ပေ၊ စာ အမှန်တကယ်လိုချင်လျှင် နေထိုင်ခွင့်ပြုခဲ့လေသည်၊ အစား မကျွေးနိုင်၊ အိပ်စရာ နေရာရှိလျှင် ရမည်၊ စာသင်ပေးမည်၊ ကျန်သောအပိုင်းကို မကြည့်နိုင်၊ တာဝန်မယူနိုင်၊ အိပ်စရာနေရာမရှိက (သစ်ပင်အောက်၊ လှေခါးဆောင် အတက်အဆင်း၊ လသာဆောင်) စသည်တို့တွင် နေနိုင်က ရမည်၊ ဤသည်တို့မှာ မိမိနေထိုင်ခဲ့စဉ် အချိန်အခါက ဖြစ်သည်၊ ယခုအချိန်၌မူကား အထပ်ပေါင်းများစွာနှင့် အဆောက်အဦပေါင်းများစွာ ထင်ရှားရှိနေကြပေပြီ။

မိမိသည် ထိုသည့်စည်းကမ်းများနှင့်အတူ မစိုးရိမ်တိုက်သစ်သို့ ရဟန်း(၇)ဝါရမှ သက်ကြီးစာသင်သားအဖြစ် ဓမ္မာစရိယတန်းစာဝါအတွက် (၁၃၅၀-ခုနှစ်၊ နယုန်လတွင်) စတင်ရောက်ရှိခဲ့၏၊ ထိုအရွယ်ကြီးစာသင်သားမျိုးကို မည်သည့်စာသင်တိုက် စာချုပ်နှီးကြီးကမျှ လက်မခံလိုကြပေ၊ ထို့ကြောင့် ထိုမျှနှင့် ရပ်တန့်ကုန်သော စာသင်သားများကား မနည်းလှပေ၊ ဝမ်းနည်းစရာ အလွန်ကောင်းပေ၏၊ ထိုသည့်ကြားမှ မစိုးရိမ်တိုက်သစ်သို့ နေခွင့်ရ၍ မိမိ စာချုပ်နှီးမြောက်ခဲ့ပြီး အတန်းစုံ ဘာသာစုံ ပြန်လည်ပို့ချကာ စာသင်တိုက် စတင်ထူထောင် နိုင်ခဲ့လေသည်။

မစိုးရိမ်၏ အရိပ်အာဝါသနှင့် ဂုဏ်ကျေးဇူးကား ကြီးမားလှပေ၏၊ ကျယ်ပြန့်လှပါ၏၊ သာသနာတော်အတွက် အလွန်ကျေးဇူးများ၍ တန်ဘိုးကြီးမားလှပါ၏၊ မိမိစာသင်တိုက်သည်လည်း ယနေ့အချိန်တွင် ကြီးမားကျယ်ပြန့်သော မြေအနေအထားမရှိ၍ စာသင်တိုက်ကြီးမဟုတ်သော်လည်း တင့်တယ်သော မိသားစုစာသင်တိုက်အဖြစ်ဖြင့်ကား ကောင်းစွာရပ်တည်နိုင်ခဲ့ပေပြီ။

မစိုးရိမ်တိုက်သစ်ကျောင်းတော်ကြီးနှင့် ဆရာတော်ဘုရားကြီး၏ ဂုဏ်တော်ကျေးဇူးတော်တို့ကို အောက်မေ့ဆင်ခြင်လျက်ဖြင့် ဆရာတော် သက်တော်ရှစ်ဆယ်မှသည် အသက်ရာကျော်တိုင်အောင် ကျန်းကျန်းမာမာ ချမ်းချမ်းသာသာဖြင့် သာသနာအကျိုး ဆထက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေ။ သာသနာတော်ကြီးလည်း ဆရာတော်၏ မေတ္တာနှင့်အတူ မြန်မာမှသည် ကမ္ဘာသို့ တိုင်အောင် စည်ပင်ထွန်းကား ပြန့်ပွားနိုင်ပါစေ. . . . ဟု ဆုတောင်းလျက်ဖြင့်။

ထီလာ ဘုန်းမြတ်နွယ်

http://www.dhammadownload.com



အဆုံးမဲ့ကောင်းကင်ရဲ့ ထုထည်

လွမ်းမင်းထက်-ရေဦး

မစိုးရိမ်တိုက်သစ်ကြီးများ၏ ပဓာနနာယက ဆရာတော်ကြီးရဲ့ သက်တော်(၈၀)ပြည့် ဝိဇာတမွေးနေ့ မင်္ဂလာမှာ စာရေးသူလို အဝေးရောက် အညတရတပည့်တစ်ယောက်ထံမှ ဆောင်းပါးကို စာဖတ်သူများအတွက် အဆိပ်မသင့်သော စာမူဖြစ်ဖို့ အထူးဂရုစိုက်ပြီး ရေးသားပူဇော်လိုက်ရပါတယ်။

"မစိုးရိမ်တိုက်သစ်"ဟု ဆိုလိုက်တာနဲ့ မန္တလေးမြို့ရဲ့ကျက်သရေဆောင် သာသနာ့ဝုဏ်ရောင် တောက်ပနေတဲ့ အထင်ကရ ပရိယတ္တိစာသင်တိုက်ကြီး တစ်တိုက်ဆိုတာ မြန်မာပြည် အထက်ပိုင်း၊ အလယ်ပိုင်း၊ အောက်ပိုင်းအားလုံး သိရှိကြပြီးသားပါ။

ဘာ့ကြောင့် သာသနာမှာ အခုလို အခွန့်ရှည်တည်တံ့စွာ ရပ်တည်နေနိုင်သလဲဆိုရင် ဆရာတော်ကြီးရဲ့ အတိတ်က မျှော်လင့်ချက်တွေ နေမဝင်ခဲ့ပဲ ဆန္ဒတွေကို အုဒ္ဓမြစ်ချခဲ့တာ မှန်ကန်လို့ပါပဲ။

ဆရာတော်ကြီးရဲ့ ပရဟိတစိတ်ဓာတ်က မိုးပေါ်ထိ ရောက်နေခဲ့ခြင်းကြောင့် မစိုးရိမ်တိုက်သစ်ကြီးဟာ စာသင်တိုက်ကောင်း အဂ်ါရပ်တွေနဲ့ ညီညွတ်ခဲ့တာပါပဲ၊

http://www.dhammadownload.com


ဒီစာသင်တိုက်ကြီး အောင်မြင်ခဲ့တယ်ဆိုတာ နေရာအကွက်အကွင်းကလည်း အလွန်ကောင်းပြီး၊ လုံလဝီရိယ ပညာကြီးမားလှတဲ့ စာချဆရာတော်တွေနဲ့ စာကို စိတ်ဝင်စားမှု အပြည့်ရှိတဲ့ စာသင်သားကောင်းကောင်း ရှိခဲ့လို့ပါပဲ၊ အခုဆို ဆရာတော်ကြီးရဲ့ ပျိုးထောင်မှု စိုက်ပျိုးမှုရဲ့ အသီးအပွင့်တွေဟာ မန္တလေးမြို့ နေရာအသီးသီးမှာ သာမက နေပြည်တော် ရန်ကုန်စတဲ့ မြို့များနဲ့ ပြည်ပမှာလဲ လှပဝေဆာစွာ ပွင့်လန်းနေကြပါပြီ၊ မိမိရဲ့ ခရီးတစ်ခုကို ပေါက် ရောက်ဖို့ ဘယ်အတိုင်းအတာထိဟု ရည်ရွယ်ချက် ရှိခဲ့ချင်မှ ရှိခဲ့ပါလိမ့်မယ်၊ ဒါပေမယ့် ဆရာတော်ကြီးရဲ့ စိတ်ဓာတ်နဲ့ လုပ်ဆောင်ချက်တွေဟာ အားလုံးအပေါ်မှာ နေမင်းလို တောက်ပခဲ့ပါတယ်၊ လမင်းလိုလဲ အေးမြခဲ့ပါတယ်၊ ပြီးတော့ ကောင်းကင်လိုလဲ ကြည်လင်ခဲ့ပါတယ်။

မြတ်ဗုဒ္ဓရဲ့ သာသနာတော် တည်တံ့ဖို့ဆိုတဲ့ ရင်ခုန်သံတွေ မရပ်တန့်ခဲ့လို့လဲပဲ မစိုးရိမ်တိုက်သစ်ဆိုတဲ့ စမ်းရေအိုင်ကြီးကို အခက်အခဲများစွာထဲက ကျော်လွှားပြီး ဗုဒ္ဓသားတော် စာသင်ပို့ချုနေတွေအတွက် တူးဖော်ခဲ့တာပါပဲ၊ ဆရာတော်ကြီးဟာ မစိုးရိမ်တိုက်ကြီးမှာ မိမိ သင်ယူမှု ပြုခဲ့တဲ့ စာပေတွေကို အခြေခံပြီး တစ်ကိုယ်တည်း ချမ်းသာဖို့ ဘုန်းကံကြီးဖို့ အသုံးမချခဲ့ဘဲ သာသနာချစ်စိတ် ဓာတ်ဖြင့် ပြန်လည်မျှဝေ သင်ကြားပေးခဲ့ပြီးမှ မိမိကိုယ်ကို လေးစားယုံကြည်မှုတွေနဲ့ ဒီမစိုးရိမ်တိုက်သစ်ကြီးကို အခြား ဆရာတော်ကြီးတွေနဲ့အတူ တာဝန်အသီးသီးယူပြီး တည်ထောင်ခဲ့တာပါ။ ကိုယ့်ကိုယ်ကို လေးစားယုံကြည်မှု ရှိတယ်ဆိုတာကလည်း အတော်မလွယ်တဲ့ကိစ္စ ဖြစ်ပါတယ်၊ မိမိက ကိုယ်ကျင့်တရား ကောင်းရဲ့လား? မိမိက သတ္တိကော ရှိရဲ့လား? နောက်ပြီး မိမိက စွမ်းရည်ရှိရဲ့လား? ဆိုတာတွေ ဆန်းစစ်ကြည့်ဖို့ လိုပါတယ်။

ဆရာတော်ကြီးဟာ ထိုအရာအားလုံးနဲ့ ပြည့်စုံတဲ့ ဆရာတော်ကြီး ဖြစ်တယ်ဆိုတာ အငြင်းပွားဖွယ် သံသယ ဖြစ်ဖွယ် မရှိပါဘူး၊ ဒါကြောင့်လည်း စာရေးဆရာ အောင်သင်းက ဆိုတာထင်ပါရဲ့ "တာဝန်သိခြင်းသည် ကိုယ်ကျင့်, တာဝန်ယူဝံ့ခြင်းသည် သတ္တိ, တာဝန်ထမ်းဆောင်နိုင်ခြင်းသည် စွမ်းရည်"တဲ့၊ စာရေးသူတို့ ဆရာတော် ကြီးကတော့ တကယ့်ကို အံ့မခန်းတဲ့ ကိုယ်ကျင့်, သတ္တိ, စွမ်းရည်တွေနဲ့ ပြည့်စုံလှပါတယ်။

'သာသနဋ္ဌိတိယာ ပန ပရိယတ္တိပမာဏာ' ဆိုသည့်အတိုင်း ဗုဒ္ဓမြတ်စွာဘုရားရဲ့ သာသနာတော်ကြီး တည်တံ့ခိုင်မြဲဖို့ရန် ပရိယတ္တိဟာ အရေးကြီးဆုံးဆိုတာ ဘယ်တုန်းကမှ မေ့ထားခဲ့မှာ မဟုတ်ပါဘူး၊ သာသနာကွယ်ကြောင်း အဂီါတစ်ရပ်ဖြစ်တဲ့ 'စာချသူရှား'ဆိုတဲ့ ခေါင်းစဉ်အောက်မှာတော့ ဘယ်တော့မှ ရောက်သွားမှာ မဟုတ်သလို, သာသနာချစ်စိတ် မပြင်းပြမထက်သန်တဲ့ အချို့သော ရဟန်းတော်တွေရဲ့ အတွေးအခေါ်ဖြစ်တဲ့ "စာချစာသင် ပရိယတ္တိအလုပ်ကို လုပ်ရတာ ပစ္စည်းလေးပါး ရှားတယ်, ဘုန်းကံမကြီးဘူး, အာမစိုဘူး, ဓမ္မကထိကလုပ်ပြီး ရိပ်သာထောင် တရားပြစားတာကမှ ဘုန်းကြီးတယ်, အာစိုတယ်ကွ" ဆိုတဲ့ စကားလုံးတွေနောက်လဲ နားမယောင်ခဲ့ လို့ခုလို မစိုးရိမ်တိုက်သစ်ဆိုတဲ့ ပရိယတ္တိစာသင်တိုက်ကြီးကို ခန့်ညားထည်ဝါစွာ တွေ့မြင်ကြရတာပါပဲလေ၊ အချို့သော ရဟန်းတော်တွေကတော့ တကယ်ပဲ မိမိကိုယ်တိုင် တရားအလုပ်လုပ်တဲ့အတွက် ရိပ်သာတည်ထောင်ပြီး ပရိယတ်, ပဋိပတ် နှစ်ဖြာကို ဗုဒ္ဓဘာသာဝင်တွေအတွက် ဟောပြောပြသ သင်ကြားပေးကြပါတယ်၊ အဲဒီလို ပုဂ္ဂိုလ်တွေကျပြန်တော့လည်း သာသနာအတွက် အင်မတန်မှ အကျိုးများလှပါတယ်၊ ဆရာတော်ကြီးကိုယ်တိုင် ကလည်း တကယ် အလုပ်လုပ်တဲ့ ဓမ္မကထိက, ရိပ်သာတွေကို အားပေးချီးမြှောက်ပြီး သာရေးနာရေးကအစ ကိုယ်တိုင်ကြရောက်ကာ အစစအရာရာ ကူညီပံ့ပိုးပေးပါတယ်၊ ကွဲပြားခြားနားမှု လိုလို နဲ့ တူညီတဲ့သဘောတွေ ရှိတဲ့အတွက် အန္တရာယ်တစုံတရာမဖြစ်အောင် နားလည်မှုနဲ့ သာသနာပြုကြရတာပါပဲ၊ ပရိယတ္တိ,ပဋိပတ္တိ, ပဋိဝေဓဆိုတဲ့ သာသနာ(၃)ရပ်ဟာ ဆက်စပ်နေတဲ့အတွက် ကိုယ့်ကျိုးကို မကြည့်ပဲ တစ်နည်းထည်းပဲဖြစ်ဖြစ် နှစ်နည်းလုံးပဲဖြစ်ဖြစ် သာသနာပြုနေကြတဲ့ ပုဂ္ဂိုလ်တွေကိုတော့ ဆရာတော်ကြီးနည်းတူ စာရေးသူကတော့ ကြည်ညို လေးစားနေမှာပါပဲ၊ ဆရာတော်ကြီးဟာ မိမိရဲ့ ကျန်းမာရေးကိုလဲ ပဓာနမထားပဲ မြို့သစ်ပြည်ကြီးတံခွန်မှာရှိတဲ့ မစိုးရိမ်တိုက်သစ်သို့လဲ ကြွကာ နေ့စဉ် သီလကျင်စာဝါ ပို့ချပေးတော်မူပါတယ်၊ ဒီနေရာမှာ စာရေးသူ ပြောချင်တာက ဆရာတော်ကြီးဟာ မိမိရဲ့စာဝါ တစ်နှစ်ပို့ချပြီးတိုင်း မှတ်သားဖွယ် စကားတစ်ခွန်းကို အမြဲတမ်း မိန့်ကြားတော်မူလေ့ရှိပါတယ်၊ ထိုမိန့်ကြားတော်မူတဲ့ စကားကတော့ "ကဲ စာဝါတော့ နားလိုက်ပါပြီ နောက်နှစ် ဒို့မသေသေးရင်တော့ ပြန်ပြီး ပို့ချရသေးတာပေါ့"တဲ့၊ သေခြင်းတရားကိုလည်း သတိနဲ့ ဆင်ခြင်ကာ မိမိအသက်ရှင်နေခြင်းရဲ့ အကြောင်း ကလည်းပဲ သာသနာအတွက် အဓိပ္ပါယ်ရှိတဲ့ ပေးဆပ်မှုတွေနဲ့ဆိုတာ သိသာလှပါတယ်။

http://www.dhammadownload.com



ဆရာတော်ကြီးဟာ မိမိ တန်ဖိုးထား မြတ်နိုးတဲ့ အလုပ်တစ်ခုကို စိတ်ဝင်စားမှု အပြည့်အဝရှိပြီး စွဲစွဲမြဲမြဲ စိတ်ဓာတ် ခိုင်ခိုင်မာမာနဲ့ လုပ်ဆောင်တဲ့အတွက် ပြည်တွင်းသာမက ပြည်ပရောက် ဗုဒ္ဓဘာသာများရဲ့ ကြည်ညိုလေးစားမှုတွေကို ထိုက်ထိုက်တန်တန် ခံစားနေရတာပါပဲ။

ထိုအတွက်ကြောင့်လည်း "ဆန္ဒဝတော ကိ နာမ ကမ္မံ န သိဇ္ဈတိ"ဆိုတဲ့အတိုင်း ဆရာတော်ကြီးဟာ သာသနာပြုချင်တဲ့ ပြင်းပြထက်သန်သော ဆန္ဒရှိသူဖြစ်လို့ ယခုလို ခက်ခဲပြီး ကြီးကျယ်လှတဲ့ စာသင်တိုက်ကြီးကို အောင်အောင်မြင်မြင် တည်ထောင်နိုင်ခဲ့တာပါပဲ။

ဆရာတော်ကြီးရဲ့ ဘာသာသာသနာချစ်စိတ်ဓာတ်တွေဟာ တပည့်တွေ နှလုံးသားထဲမှာပါ ရိုက်သွင်းထားသလို ကူးစက်နေလို့ မစိုးရိမ်တိုက်သစ်က စာသင်သားတွေဆိုရင် အခြား ဘယ်ဘာသာရေးခေါင်းဆောင်ကမှ အထင်သေးခြင်း မထီမဲ့မြင်ပြုခြင်း မလုပ်ရဲကြပါဘူး။

ဆရာတော်ကြီးရဲ့ မေတ္တာ,ကရုဏာနဲ့ ပေးဆပ်မှုတွေဟာ တပည့်တွေအပေါ်မှာ အရင်းအနှီး ကြီးလွန်းလှပါတယ်၊ ကျက်သရေရှိတဲ့ ကိုယ်ကျင့်တရားတွေနဲ့ အမှားအမှန် ဆုံးဖြတ်နိုင်တဲ့ ပညာတွေကို ဘဝနဲ့ ရင်းပြီး ပေးဆပ်ခဲ့တာပါပဲ။

ထိုကိုယ်ကျင့်တရားတို့,ပညာတို့ဆိုတာဟာ လူလောကမှာ အရေးပါအရာရောက်တဲ့ အကြောင်းတွေဖြစ်ပါတယ်၊ "ကိုယ်ကျင့်တရားဆိုတာ လူ့ခြေထောက်"တဲ့၊ အရမ်းကို မှန်ကန်တဲ့စကားပါပဲ၊ ကိုယ်ကျင့်တရားမှ မကောင်းဘူးဆိုရင် ဘယ်လူပတ်ဝန်းကျင်ကမှ အရေးပေးဆက်ဆံနေမှာ မဟုတ်ပါဘူး၊ အားလုံးက ဝိုင်းပယ်လိုက်ကြမှာပါပဲ။

"ပညာဆိုတာ လူမျက်လုံး"တဲ့၊ ဒီစကားလေးကလဲ အရမ်းကို တန်ဖိုးကြီးလှပါတယ်၊ မိမိက ဘာပညာမှ မရှိ, မတတ်လျှင် လောကကြီးထဲမှာ ဘယ်လိုမှ မိမိကိုယ်တိုင် ရှေ့ကနေ ဦးဆောင်လျှောက်လှမ်းလို့ မရနိုင်ပါဘူး၊ အကယ်၍ လျှောက်လှမ်းခဲ့သည်ရှိသော် အမှားအမှန် ဆုံးဖြတ်နိုင်တဲ့ ကိုယ်ပိုင်ပညာမရှိတော့ လူအမျိုးမျိုးရဲ့ ကောက်ကျစ်မှုတွေနဲ့ ခလုတ်တိုက်မိပြီး ဒုက္ခရောက်တတ်ပါတယ်၊ မျက်လုံးမမြင်(ကန်း)တဲ့ လူတစ်ယောက်ဟာ ဘယ်လိုပဲ ကောင်းကောင်း လမ်းလျှောက်တတ်တယ်လို့ ပြောပြော မျက်လုံးမြင်ရတဲ့ လူလောက်တော့ ဖြောင့်ဖြောင့် မလျှောက်နိုင်ပါဘူး၊ မိမိမကျွမ်းကျင်တဲ့ နေရာ လျှောက်မိလျှင် မျက်လုံးမမြင်တော့ အရာဝတ္ထုအမျိုးမျိုးနဲ့ (သို့မဟုတ်) ခလုတ်ကန်သင်း စသည်ဖြင့် တိုက်မိတတ်ပါတယ်၊ ဒါကြောင့် ပညာဆိုတဲ့ လူ့မျက်လုံးကို အကန်းမထားကြဖို့ အရေးကြီးလှပါတယ်။

စာရေးသူတို့ မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးဟာ တပည့်တွေအပေါ်မှာ အထက်ပါ အချက်နှစ်ချက် ပြည့်စုံဖို့ နာသုံးနာသာမက အနာခံပြီး အမွေကောင်းတွေ ပေးဝေဆဲ ပေးဝေလတ္တံ့ဆိုတာကို အားလုံးသိကြပြီးသားပါ။

ဆရာတော်ကြီးရဲ့ ဩဝါဒလေးတစ်ခုဖြစ်တဲ့ "ပညာတတ်ဖြစ်ဖို့ဆိုတာ မြင့်မိုရ်တောင်သွားရသလောက် မခက်ခဲဘူးကွ၊ စာကျက်ပျင်းရင် မင်းတို့ စာများများကျက်ကြကြားလား"ဆိုတဲ့ မိန့်ကြားသံကို စာရေးသူရဲ့ အသိဉာဏ်ထဲမှာ အမြဲရှင်သန်နေခဲ့ပါသေးတယ်၊ "စာကျက်ပျင်းရင် စာများများကျက်"ဆိုတာက စာတွေ အားလုံးရကာ စာမေးပွဲတွေ အောင်ပြီး စာကျက်စရာကုန်သွားရင် မိမိက စာကျက်ပျင်းတဲ့အတွက် ကျက်စရာမလိုတော့ဘူးဆိုတဲ့ အဓိပ္ပါယ်ပါပဲ၊ တော်တော်ကို ထိမိတဲ့ ဩဝါဒလေးဖြစ်ပါတယ်။


ဆရာတော်ကြီးဆိုတဲ့ အရမ်းကျယ်ပြန့်တဲ့ ကောင်းကင်ကြီးဟာ တပည့်တွေအပေါ်မှာ မေတ္တာ, ကရုဏာ, မုဒိတာ ထုထည်အင်မတန်မှ ကြီးလှတဲ့အတွက် ဆရာတော်ကြီးရဲ့ သာသနာပြုနည်းပြုဟန်နဲ့ စိတ်ဓာတ်တွေကို အတုခိုးကြရမှာပါ၊ ဆရာတော်ကြီး၏ ယခု သက်တော် (၈၀)ပြည့် ဝိဇာတမွေးနေ့ ရက်မြတ်မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာ ကျန်းကျန်းမာမာနဲ့ ဗုဒ္ဓမြတ်စွာဘုရားရဲ့ သာသနာကို အခွန့်ရှည်ကြာအောင် ထပ်မံပြီး တိုးချဲ့သာသနာပြုနိုင်ပါစေကြောင်း ဆုတောင်းပတ္ထနာ ပြုရင်းနဲ့ပဲ စာရေးသူရဲ့ ဆောင်းပါကို နိဂုံးချုပ်လိုက်ပါတယ် ဘုရား။

လွမ်းမင်းထက်-ရေဦး

http://www.dhammadownload.com


ဘဝသင်တန်းနည်းပြဆရာတော်

သမီးရွှေပန်းချီ



ကျမတို့ရဲ့ဆရာတော်ဖြစ်တဲ့ မစိုးရိမ်တိုက်သစ်ကြီးများ၏ အဓိပတိမဟာနာယကချုပ် ကျေးဇူးတော်ရှင် ဆရာတော်ကြီးဘဒ္ဒန္တရာဇမဟာဘိဝံသ မဟာထေရ်မြတ်ကြီးဟာ သက်တော်(၈၀)ပြည့်တော်မူပါတော့မယ်၊ ဘုန်းဘုန်းဆရာတော်ကြီးကို ကျမတို့ ငယ်ငယ်ကတည်းက လွန်ခဲ့သော နှစ်(၄၀)ခန့် ကတည်းက ဖူးမျှော်ခွင့် ကိုးကွယ်ဆည်းကပ်ခွင့်ရခဲ့ပါတယ်။ ဆရာတော် သက်တော်ငယ်ရွယ်စဉ်က ကျမတို့ ဖခင်ကြီး (ပန်းချီမဏ္ဍပ် ဆရာကြီးဦးစု)ထံကြွ၍ မစိုးရိမ်ဆရာတော်ကြီး (ဦးသူရိယ) စျာပနအတွက် ပူဇော်ခွင့်များပြုလုပ်စေခဲ့ပါတယ်။

ထိုအချိန်ကတည်းက ဖခင်ကြီးပြောပြချက်အရ ဘုန်းဘုန်းဆရာတော်၏ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်တို့ကို ကြည်ညိုလေးစားခဲ့ရတဲ့ မိသားစု ဖြစ်ခဲ့ပါတယ်၊ အဲဒီအချိန်ကတည်းက "တို့ဆရာတော်, တို့ဘုန်းဘုန်း, ဘုန်းဘုန်း မစိုးရိမ်"ဟူ၍ ယခုတိုင် ကြည်ညိုလေးစား ပူဇော်ခဲ့ကြပါတယ်။



http://www.dhammadownload.com

ဖခင်ကြီးမရှိသည့်နောက် ကျမတို့မိသားစုကလွန်တော်မူသွားတဲ့ မင်းကွန်းတိပိဋကဆရာတော် ဘုရားကြီးရဲ့ နှစ်ပတ်လည် ပူဇော်ပွဲများတွင် ဘုန်းဘုန်းမစိုးရိမ်ဆရာတော်ဘုရားကြီးကို တရားပွဲ ပင့်ပါတယ်။ တပို့တွဲလပြည့်ကျော် (၂)ရက်နေ့ ညတိုင်း ဘုန်းဘုန်းမစိုးရိမ်ဆရာတော် ဘုရားကြီးရဲ့ တရားဟောပြောမှုဆုံးမလမ်းညွှန်မှုများကို နှစ်စဉ်နာယူမှတ်သားခဲ့ရပါတယ်၊ လာမည့်နှစ်ဆိုလျှင် နှစ်(၂၀)တိုင်ရှိခဲ့ပါပြီ၊ တစ်ဦးနှင့်တစ်ဦး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ နေထိုင်တတ်ကြရန် ညီညွတ်ရေး တရားကို အဓိကထား ဟောပြော လမ်းညွှန်ဆုံးမ သွန်သင်ပြပါတယ်။

မင်းကွန်းဆရာတော်ကြီး (၄)နှစ်မြောက် နှစ်ပတ်လည်မှာ မာတုပေါသကသုတ္တန်ကို ဟောကြားတော်မူခဲ့ပါတယ်၊ ယခုခေတ် ကလေးတွေ မိဘလုပ်ကျွေးပြုစုကြရန်, မိဘရှိသေကြရန်, မိဘကျေးဇူး သိတတ်ကြရန်, ဟောပြောဆုံးမပါတယ်၊ "မိဘကို ရှင်တုန်း ပြုစုကြ၊ သေမှ မငိုကြနဲ့၊ ငိုလို့ အကျိုးမရှိဘူး"ဟူ၍ "မိဘကျေးဇူး ဂုဏ်ရည်ထူး"အမည်ဖြင့် ကျမတို့တတွေ မိဘကျေးဇူးသိတတ်ကြရန် ဟောပြောခဲ့ပါတယ်။

ဗဟုသုတရရှိစေသော လောကရေး ဓမ္မရေးများကိုလည်း ဆရာတော်၏ ညွှန်ပြသွန်သင်မှုကြောင့် ကျမတို့မိသားစုနှင့်တကွ မိတ်ဆွေသူငယ်ချင်းများလဲ အသိဉာဏ်တိုးပွား ပွင့်လင်းလာကြပါတယ်၊ ဆရာတော့် ဆုံးမစကားဖြစ်တဲ့ "ကောင်းပင်ပျိုးက, ကောင်းကျိုးရ, လောကဓမ္မတာ၊ ဆိုးပင်ပျိုးက, ဆိုးကျိုးရ, လောကဓမ္မတာ" ဟူသော ဆောင်ပုဒ်လေးကို မိသားစု သားမြေးလေးတွေအထိ (ပိစိကွေး မြေးကလေးတွေပါ မကျန်) အမြဲရွတ်ဖတ်ကြပြီး ကောင်းတဲ့အလုပ်တွေကို ငယ်စဉ်ကပင် လုပ်ဆောင်တတ်ကြရန် ကျမတို့က ပြန်၍ ဆုံးမကြရပါတယ်။

စာပေဗဟုသုတ ကြွယ်ဝသော ဆရာတော် ဘုရားကြီး၏ အဆုံးအမများကို မင်းကွန်းဆရာတော် ဘုရားကြီး၏ နှစ်ပတ်လည် တပိုတွဲလပြည့်ကျော်(၂) ရက်နေ့တိုင်း နာယူမှတ်သားရပါတယ်။ ဘုန်းဘုန်း မစိုးရိမ်ဆရာတော်ဘုရားကြီးက "သူ အသက်ရှင်သမျှ မင်းကွန်းဆရာတော်ကြီး နှစ်ပတ်လည်နေ့မှာ တရားလာရောက်ဟောကြားခြီးမြင့်မည်ဖြစ်ကြောင်း"အမြဲ ပြောကြားပါတယ်။

ဘုန်းဘုန်းမစိုးရိမ်ဆရာတော်ဘုရားကြီး ၇၅-နှစ်ပြည့် စိန်ရတုရောက်တုံးအခါက " ငါ မွေးနေ့ မလုပ်ဘူး၊ သေနေ့ပဲ လုပ်မယ်၊ ဒါလဲ မန္တလေးမှာ မလုပ်ဘူး၊ ငါ့ဇာတိသွားလုပ်မယ်"လို့ ပြောပါတယ်၊ ကျမတို့မိသားစုလဲ (၇၅)နှစ်ပြည့်စိန်ရတုပွဲမှ ယခုတိုင် ဘုန်းဘုန်းဒေသရွာကို လိုက်ပြီး သဇိဝသရဏဂုံတင်ပွဲ နှစ်စဉ် ကုသိုလ်ပွဲ၌ ကုသိုလ်တွေ တတ်နိုင်သလောက် ပြုလုပ်ခဲ့ကြပါတယ်။

ဘုန်းဘုန်းဆရာတော်၏ အဘိဓမ္မာသင်တန်းကို (၂၅-၁-၀၉)မှစ၍ ယခုထိ လစဉ် လ၏နောက်ဆုံးပတ်တနင်္ဂနွေနေ့တိုင်း နံနက်(၉)နာရီမှ (၁၀)နာရီအထိ ပို့ချပေးလေ့ရှိပါတယ်၊ ဘုန်းဘုန်းဆရာတော် (၉)နာရီထိုးလျှင် အချိန်တိတိကျကျ ရောက်လာပါတယ်၊ ကျမတို့ကပဲ တခါတလေ နောက်ကျတတ်ပါတယ်၊ မိုးရွာရွာ နေပူပူ ရာသီဥတု အေးအေးပူပူ အချိန်အတိအကျ ဘုန်းဘုန်း ကြီး ရောက်ရှိပါတယ်။

လောဘဒေါသမောဟတွေ များနေတဲ့ ပုထုဇဉ်ဖြစ်တဲ့ ကျမတို့ကို စည်းကမ်းတိကျ အသိဉာဏ်ဖွံ့ဖြိုးလူစွမ်းအား တိုးတက်မြင့်မားအောင် လစဉ်ပို့ချပေးသော ဘဝသင်တန်းနည်းပြဆရာတော် ဘုန်းဘုန်းကြီး ဖြစ်ပါတယ်။

သင်တန်းမှာ စာပေအတန်းရှိသူ အတန်းနည်းသူ အတန်းအစား အမျိုးမျိုးပါဝင်ပါတယ်၊ အများနားလည်အောင် လိုက်နာနိုင်အောင် နားဝင်အောင် စိတ်ဝင်စားဖွယ်ကောင်းအောင် အဘိဓမ္မာ တရားစကားလုံးများဖြင့် သွန်သင်ဆုံးမ ဟောပြပါတယ်၊ ကုသိုလ်အကုသိုလ် သဘောတရားများကို နားလည် သဘောပေါက်အောင် လိုရင်တိုးရှင်းပြောဟော ပို့ချပါတယ်။


"ပူရုပ်ဖြစ်လာ, အေးရုပ်မှာ, သေချာပျောက် မည်မှတ်။ အေးရုပ်ဖြစ်လာ , ပူရုပ်မှာ , သေချာ ပျောက်မည်မှတ်" စသည်ဖြင့် သင်ပြပေးတဲ့ ရှင်းလင်းလွယ်ကူတဲ့ ဆောင်ပုဒ်လေးများ ကျမစိတ်ထဲမှာ စွဲမြဲထင်ကျန်ရစ်ခဲ့ပါတယ်။

ကျမတို့တတွေ ဘုန်းဘုန်းမစိုးရိမ်ဆရာတော်ထံ အဘိဓမ္မာသင်တန်း တက်ရတာ အလွန့်အလွန် ပျော်ရွှင်အားတက်ရပါတယ်။

"ဘဝသင်တန်းနည်းပြ
ဘုန်းဘုန်းမစိုးရိမ်ဆရာတော်ကြီးအား
ဦးခိုက်ပူဇော်လျက်"

သမီး-ရွှေပန်းချီ
(၂၅-၁၁-၂၀၁၂)

http://www.dhammadownload.com



ကျွန်တော့်ဆရာတော်

ဖုန်းမြင့်အောင် (မန္တလေး)

ကျွန်တော့်ဆရာတော်သည် အတုယူစံထားထိုက်သော ပုဂ္ဂိုလ်ကျော်ဖြစ်ပါသည်၊ အမေ့ကျေးဇူးကို အထူးသိတတ်ပါသည်၊ လောကီလောကုတ္တရာ စာပေအရာကို နှံ့စပ်ကျွမ်းကျင်တော်မူပါသည်၊ ပွင့်ပွင့်လင်းလင်း မိန့်တတ် မှာတတ်ပါသည်၊ မည်သူ့ကိုမျှ အားမနာတတ်ပါ။

စာရေးဆရာ ရုပ်ရှင်ဒါရိုက်တာကြီး ဘဘဦးသုခ၏ လမ်းညွှန်မှုဖြင့် ကျင်းပဖြစ်သော အမေနေ့ အခမ်းအနားတိုင်း ကျွန်တော့်ဆရာတော် ကြွရောက်ချီးမြှင့်တော်မူပါသည်၊ ဘဘဦးသုခ သက်ရှိထင်ရှားရှိတုန်းရော, ဘဘဦးသုခ မျက်စိမှိတ် ကွယ်လွန် အနိစ္စရောက်ပြီးတော့ရော ဆရာတော်သည် မအားလပ်သည့်ကြားထဲက အချိန်ပေးကြွရောက် ချီးမြှင့်တော်မူကာ ရေစက်ချတရား ချီးမြှင့်တော်မူပါသည်၊ ထို့ကြောင့် ကျွန်တော်တို့ အမေနေ့ အခမ်းအနားသည် ဆရာတော်၏ အရှိန်အဝါကြောင့် ပိုမိုခမ်းနား ထယ်ဝါလာပါသည်၊ ဆရာတော်ကို ပိုမိုခင်မင်လေးစား ကြည်ညိုလာပါသည်၊ ကျွန်တော်တို့ အမေနေ့ကို ပြာသိုလပြည့်နေ့တိုင်း ကျင်းပရာ မည်မျှပင်အလုပ်များစေကာမူ ဆရာတော်သည် ဦးစားပေးကြွရောက်တော်မူသဖြင့် ပိုမိုကြည်ညိုရပါသည်။

ဘဘဦးသုခအား ခင်မင်ရင်းနှီးစွဲရှိသဖြင့် အမေနေ့အခမ်းအနားကို မပျက်မကွက် ကြွရောက်ချီးမြှင့်ကာ ရေစက်ချတရား ချီးမြှင့်တော်မူပါသော ဆရာတော်အား ကျွန်တော် ကြောက်ပါသည်၊ လေးစားကြည်ညိုရှိသေပါသည်၊ မစိုးရိမ်စာသင်တိုက်ရှိ သံဃာတော်အားလုံးကို စီမံခန့်ခွဲအုပ်ချုပ်တော်မူနိုင်သော ဆရာတော်၏ အရည်အချင်းကိုလည်း အံ့သြရပါသည်၊ မြတ်စွာဘုရား သခင်၏ သာသနာတော်ကို ဝိနည်းသိက္ခာ လေးစားကြည်ညိုခြင်း

http://www.dhammadownload.com

ဖြင့် စောင့်ရှောက် တော်မူပါသည်၊ အနယ်နယ် အရပ်ရပ်မှ သံဃာတော်အရှင်သူမြတ်များသည် ဆရာတော်၏ ဘုန်းရိပ် ကံရိပ်ကို မှီခိုကာ စာပေပရိယတ်များကို လေ့လာသင်ယူရှာမှီးကြရပါသည်၊ မစိုးရိမ်တိုက်သစ်ကြီးတွင် သံဃာတော်များလွန်းသဖြင့် အနေဆင်းရဲကြသည်ကို သည်းခံကာ ဗုဒ္ဓစာပေများကို ဆည်းပူးသင်ယူကြရပါသည်။

ဆရာတော်သည် လောကတွင် ကျေးဇူးအများဆုံး ပုဂ္ဂိုလ်ဖြစ်သည့် မယ်တော်ကြီးကို နေရပ်ဌာနမှ ခေါ်ဆောင်ကာ စောင့်ရှောက်လုပ်ကျွေးပြုစုထားတော်မူခဲ့ရာ အတုယူစံထားဖွယ် ဖြစ်ပါသည်၊ သားကောင်းသားမြတ်ကို မွေးဖွားခဲ့ရသော မယ်တော်ကြီးသည် သားကောင်းသားမြတ်ကြောင့် ဂုဏ်သိက္ခာမြင့်တက်ကာ မွေးရကျိုးနပ်ခဲ့ပါသည်၊ သားကောင်းမိခင် အရတော်သော အခွင့်အထူးကို ရရှိခဲ့ပါသည်။

ဆရာတော်သည် အချိန်ကို ကောင်းစွာ အသုံးချတတ်သော ပုဂ္ဂိုလ်ထူးဖြစ်တော်မူပါသည်၊ လောကုတ်လောကီ နှစ်လိသော အကျိုးကို ပေးစွမ်းနိုင်သည့် စာပေကျမ်းဂန်များကို အချိန်ရတတ်သရွေ့ လေ့လာဖတ်ရှုဆည်းပူးတော်မူပါသည်၊ ကိုယ်တော်တိုင် လေ့လာဆည်းပူး ဖတ်မှတ်ထားသည်တို့ကို ပြန်ရေးသားပြုစုတော်မူပါသည်၊ စာသင်သား သံဃာတော်များနှင့် လူပုဂ္ဂိုလ်တို့အား အကျိုးများစေရန် ပို့ချပေးတော်မူပါသည်၊ ဟောပြောတော်မူပါသည်၊ နည်းပေးလမ်းပြ လုပ်ပေးတော်မူပါသည်။

ဆရာတော်သည် ပွင့်လင်းပြတ်သားတော်မူပါသည်၊ ဟန်မဆောင်တတ်ပါ၊ အနေရိုးပါသည်၊ အခွင့်အရေးအတွက် အုပ်ချုပ်သူအကြိုက် လိုက်မပြောတတ်ပါ၊ အများအကျိုးစီးပွား ထိခိုက်ပျက်စီးမည့် လုပ်ရပ်ကို မြဲမြံထားတတ်ပါ၊ ပြောင်ပြောင်တင်းတင်း ဟောတတ်၊ ရေးတတ်ပါသည်။ ဆရာတော်သည် အာဏာပိုင်အဖွဲ့အစည်း၊ အုပ်ချုပ်သူအကြိုက် မလိုက်တတ်ပါ၊ အများအကျိုးထိခိုက်ပျက်စီးစေမည့် လုပ်ရပ်ကို မည်သူမျက်နှာမျှ မထောက်ပဲ သတ္တိရှိရှိ ဝေဘန်ထောက် ပြတတ်ပါသည်၊ အလိုတော်ရိတို့၏ လုပ်ရပ်ကို ဖီလာဆန့်ကျင်ရဲသော သတ္တိရှိပါသည်၊ အပြစ်ပေးအရေးယူမည်ကိုလည်း ဆရာတော်မမူပါ။

ဆရာတော်သည် ခေတ်မီသော စိတ်ဓာတ်ရှိပေမယ့် အနေရိုးပါသည်၊ စာပေဟောပြောပွဲများ တက်ရောက်ကာ နာယူမှတ်သားပါသည်၊ ခေတ်အမြင်၊ ခေတ်အတွေးနှင့် ဝေဘန်ဆန်းစစ်တတ်သော အတွေးအခေါ်ရှိပါသည်၊ ဆရာတော်၏ အတွေးအခေါ်တို့သည် ခေတ်မီဆန်းသစ်နေပါသည်၊ ခေတ်နောက်ပြန်ဆွဲ အတွေးအခေါ်မျိုးမရှိပါ၊ မြတ်စွာဘုရားကဲ့သို့ သက်တော်(၈၀)အရွယ်သို့ ရောက်လာသည့်တိုင် ဆရာတော်၏ အတွေးအခေါ်တို့သည် ထာဝရ ဆန်းသစ်နေပါသည်။

ဆရာတော်၏ စာပေပို့ချမှုကို စာသင်သားသံဃာတော်အများ နှစ်ခြိုက်လက်ခံသောကြောင့် နေရာအလုအယက် ရယူကြပါသည်၊ ဆရာတော်သည် သက်တော်ရလာသည့်တိုင် စာပို့ချမှုကို မရပ်သေးပါ၊ မနားသေးပါ၊ အပင်ပန်းခံ စာချဆဲပင်ဖြစ်ပါသည်၊ ကြွေတင်ပြင်ဆင်ကာ စာသင်သားတို့ အကျိုးကို ဦးစားပေး ပို့ချသဖြင့် အကျိုးလွန်စွာ ရှိပါသည်၊ စာချထူးချွန် ဆရာတော်များကိုလည်း မြှောက်စားတတ်ပါသည်၊ စာသင်သားသံဃာများလွန်း၍ အနေအစား ဆင်းရဲခြင်းကို မမူပဲ စာဝါလိုက်ကြပါသည်၊ ဆရာတော်၏ စာဝါပို့ချမှုစနစ် ကောင်းသဖြင့် စာသင်သားသံဃာတော် အများနှစ်သက်လက်ခံတော်မူကြပါသည်။

ဆရာတော်၏ ဩဝါဒနှင့် နာရေးကူညီမှုအသင်းတည်ထောင်ထားရာ တိုတောင်းသော ရက်ပိုင်းအတွင်း အောင်မြင်မှု ရရှိလာခဲ့ပါသည်၊ နာရေးပို့ဆောင်ပေးသော နိဗ္ဗာန်ယဉ်များ စင်းရေ တိုးလာကာ ပရိဒေဝသောကမီးတောက်လောင်နေသူတို့ အားထားရာ၊ စည်းလုံးညီညွတ်သူတို့ တက်ညီလက်ညီ စုဝေးရာ နာရေးအသင်းကြီး ပေါ်ပေါက် လာခဲ့ပါသည်။

ဆရာတော်သည် မည်မျှရာထူးကြီးကြီး အမှန်တရားနှင့်ပတ်သက်လာလျှင် ပြောရဲဆိုရဲသော သတ္တိရှိပါသည်၊ ဆရာတော်၏ သိက္ခာသမာဓိကြောင့် အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်း ရဟန်းပုဂ္ဂိုလ် လူပုဂ္ဂိုလ်တို့၏ လေးစားကြည်ညိုမှု ခံယူရရှိခဲ့ပါသည်၊ ဆရာတော်၏ မိန့်မြွက်မှု၊ စာနှင့်ရေးသားမှုတို့သည် များစွာ ထိရောက်လေးနက်စေခဲ့ပါသည်။

ကျွန်တော်တင်ပြခဲ့သော ဆရာတော်ဟူသည်မှာ မစိုးရိမ်တိုက်သစ်ကြီးများ၏ အဓိပတိမဟာနာယကချုပ် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တရာဇဓဇာဘိဝံသ မဟာထေရ်မြတ်ဖြစ်ပါကြောင်း။

ဖုန်းမြင့်အောင် (မန္တလေး)

http://www.dhammadownload.com


သမဂ္ဂါနံ တပေါ သုခေါ

အောင်ဘုန်းထက် (ရေစကြို)

(၂၅၊ ၉၊ ၂၀၁၂)၊ (၁၃၇၄-ခုနှစ်) တော်သလင်းလဆန်း (၁၀)ရက်နေ့ စာဝါအပြီး အပေါ်ထပ်တက်ကာ သတင်းစာဖတ်သည်၊ စိတ်မဝင်စားတာကို ကျော်ဖတ်သည့်အတွက် အချိန်သိပ်မကုန်၊ ထိုနေ့ သတင်းစာတွင် မိမိစိတ်အဝင်စားဆုံး အသိပေးကြော်ငြာစာတရပ် ပါဝင်ခဲ့သည်၊ ထိုကြေငြာကား မစိုးရိမ်တိုက်သစ်တို့၏ အဓိပတိ မဟာနာယကချုပ် ဆရာတော်ဘုရားကြီး၏ သက်တော် (၈၀)ပြည့် မွေးနေ့ပူဇော်အကြောင်းပင် ဖြစ်သည်၊ ထိုကြော်ငြာဖတ်ပြီး စာရေးသူလည်း ဆရာတော်အား ဆောင်းပါးတစ်ပုဒ်ဖြင့် ရေးသားပူဇော်မည်ဟု ဆုံးဖြတ်ပြီး ယခုလို ရေးသားလိုက်ခြင်းဖြစ်၏။

စာရေးသူသည် စာဖတ်အားကောင်းသူ တစ်ယောက်ဟု မဆိုနိုင်သော်လည်း အသက်အရွယ်အားဖြင့် ကြည့်လျှင် စာပေကို အတန်သင့် လေ့လာလိုက်စားသူ တစ်ယောက်ဟု ကိုယ့်ကိုယ်ကို သုံးသပ်ကြည့်မိသည်၊ ဆရာတော်၏ ထူးခြားပြတ်သားမှုက စာပေကြော်ငြာရာမှာပင် လာထင်ဟပ်၏၊ ဆရာတော်၏ ဘာသာရေး၊ သာသနာရေး လုပ်ဆောင်ချက်များကို ပွင့်လင်းစွာ ဝေဖန်သုံးသပ် ရေးသားနိုင်ကြောင်း ရေးသားထား၏၊ စာရေးသူ၏ ဘဝတစ်လျှောက်လုံး ယခုလို မိမိကို သူတစ်ပါးအား ဝေဖန်ရေးသားဖို့ ဖိတ်ခေါ်တာ ပထမဆုံး အကြိမ် ကြုံတွေ့လိုက်ရခြင်းဖြစ်သည်၊ ဒါဟာ ပွင့်လင်းမြင်သာမှုဟု ဆိုနိုင်သလို တစ်ဖက်ကလည်း ရိုးသားဖြောင့်မတ်မှုကို မီးမောင်းထိုးပြလိုက်ခြင်းဖြစ်၏၊ တိုက်သစ်တွင် (၁၀)စုနှစ်တခုနီးပါး နေထိုင်ခဲ့သည့် မိမိအဖို့ တိုက်သစ်ရဲ့ အသွေး အသားများက လည်ပတ်စီးဆင်းနေဆဲ၊ အသက်ရှင်သန်နေသရွေ့ တည်ရှိနေပေတော့မည်။

တိုက်သစ်တွင် နေစဉ်က ဆရာတော်နဲ့ မျက်နှာ



http://www.dhammadownload.com

ခြင်းဆိုင် လျှောက်ထားမေးမြန်းဖူးခြင်း မရှိပေမယ့် အပြင်မှာတော့ မကြာခဏ ဆိုသလို တွေ့ဖြစ်သည်၊ တွေ့ဖြစ်ခြင်းအကြောင်းကတော့ မှတ်မှတ်ရရ စာရေးသူသည် မူလတန်းမှ စတင်ကာ အပြင်လက်ဖက်ရည်သောက် ထွက်လေ့ရှိသောကြောင့် ဖြစ်၏၊ "မင်းမင်းခိုင်" (သို့) "ဖူးပွင့်"သို့ သွားတိုင်း လက်ဖက်ရည်သောက်အပြန် ဆရာတော်က လမ်းလျှောက်အထွက်၊ တခါတရံ လမ်းလျှောက်အပြန် ကြုံတွေ့တတ်သည်၊ ထိုသို့ ဆရာတော်နဲ့ လမ်းမှာ ကြုံတိုင်း အဝေးမှ ကွင်းကာ ရှောင်ပေးသည်၊ ထိုသို့ စာသင်သားများ လမ်းမှာ ဆရာတော်ကို လေးစားသောအားဖြင့် ရှောင်ပေးတာနှင့် ပတ်သက်၍ ဥပုသ်နေ့ တနေ့၌ ဩဝါဒ ပေးလေတော့သည်။

ဆရာတော်က "မင်းတို့ ငါ့ကို ရှောင်ပေးရာမှာ ကတ္တရာလမ်းကြီး ဖြတ်ကူးပြီး အဝေးကြီးကနေ ရှောင်စရာ မလိုပါဘူး၊ အနီးအနားကပဲ့ပြီး ရပ်ပေးလိုက်ရင်လည်း ရပါတယ်"ဟု ပြောသည်။

တကယ်တော့ ဆရာတော်သည် သူ့အပေါ် လွန်လွန်ကဲကဲ လေးစားမှုကို မလိုလားသည့်အပြင် တပည့်များ လမ်းဖြတ်ကူးရင်း ဘေးအန္တရာယ် ဖြစ်သွားမည်ကိုလည်း စိုးရိမ်တော်မူသည်၊ ထို့ကြောင့် ယခုလို ပွင့်လင်းစွာ ထုတ်ဖော် အသိပေးခြင်း ဖြစ်သည်။

တခါတုန်းက မိုးရွာတဲ့နေ့တစ်နေ့တွင် စာရေးသူတို့ "မင်းမင်းခိုင်"ဆိုင်၌ လက်ဖက်ရည်သောက်နေစဉ် ဆရာတော်က မိုးရွာထဲ လမ်းလျှောက်ပြန်လာသည်၊ ထိုအခါ ဆိုင်ပိုင်ရှင်ဒကာသည် ရုတ်တရက်ပြေးထွက်ကာ ဆရာတော်အား ထီးမိုးပြီး လိုက်လံပို့ဆောင်တာကို တွေ့လိုက်ရသည်၊ ဆရာတော်နံနက်တိုင်း လမ်းလျှောက်တာကို တပည့်သံဃာများသာမက ရပ်ကွက်တွင်းက ဒကာဒကာမများလည်း သိရှိနေခြင်းဖြစ်သည်၊ ဆရာတော်၏ ရိုသေလေးစားဖွယ်ကောင်း သည့် ဥပဓိရုပ်၊ ဆိုင်ရှင်ဒကာ၏ သိတတ်နားလည်မှုတို့ကြောင့် ကြည်နူးဖွယ် အဖြစ်အပျက်လေး ထွက်ပေါ်လာ ခဲ့ခြင်းပင်။

ဆရာတော်၏ တပည့်များအပေါ် ထားရှိသည့် စေတနာကိုတော့ (၂၀၀၇) စက်တင်ဘာ ရွှေဝါရောင် အရေးအခင်းတွင် ထင်ထင်ရှားရှား တွေ့လိုက်ရ၏၊ တိုက်ထဲက ပထမအကြိမ်ထွက်စဉ်က သံဃာမစုံ၊ ဒုတိယအကြိမ် ထွက်သည့်အခါ သံဃာအကုန်နီးပါး ထွက်ကြသည်၊ တတိယအကြိမ်မြောက်တွင်မူ သံဃာများ ဗိုင်းဝန်ဝင်းအတွင်း စုဝေးနေစဉ် ဆရာတော်က ရှေ့မှလာပြီး "မင်းတို့ သွားချင်ရင် ငါ့ကို သတ်ပြီးမှ သွားကြ"ဟု မျက်နှာမသာမယာဖြင့် မိန့်လေသည်၊ စာသင်သားများ မထွက်အောင် အကျပ်ကိုင်၍ ပြောလိုက်သဖြင့် ထိုနေ့က မထွက်ဖြစ်တော့၊ အကယ်၍ ထွက်ဖြစ်ပါက တိုက်ရဲ့ မြောက်ဘက်၊ တောင်ဘက် ၃၈-လမ်း၊ ၄၁-လမ်းပေါ် တို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များဖြင့် ထိပ်တိုက်တွေ့ပြီး ရုန့်ရင်းဆန်ခတ် ဖြစ်သွားနိုင်သည်၊ ဆရာတော်၏ အမြော်အမြင်ကြီးမှု၊ တပည့်များကို လမ်းကြောင်းမှန်ပေါ် ရောက်အောင် ပို့ဆောင်ပေးမှု တနည်းအားဖြင့် ဆိုသော် သာသနာ့အညွှန့်အဖူးလေးများ ကြွေကျမသွားအောင် ထိန်းသိမ်းစောင့်ရှောက်လိုက်ခြင်းကြောင့် ထိခိုက်မှုမရှိပဲ ပြီးဆုံးသွား ခဲ့ခြင်း ဖြစ်၏။


တိုက်တွင်း၌ ဆွမ်းကပ်စသည် အလှူအတန်း ရှိလျှင် အလှူရှင်များက ဆရာတော်အား သီးသန့် နဝကမ္မ ဝတ္ထုဥစ္စာများ လှူဒါန်းလေ့ရှိသည်၊ ဆရာတော်သည် ဝတ္ထုဥစ္စာများကို လက်ခံသော်လည်း ကိုယ်ကျိုးအတွက် မသုံးအများအားဖြင့် ဆွမ်းပဒေသာပင် ပညာရေးပဒေသာပင်သို့ ထည့်ဝင်လှူဒါန်းတာများသည်၊

"မကောင်းမြစ်တာ၊ ကောင်းရာညွှန်းလစ်၊ အသစ်ဟောကျူး"စသော ရဟန်းကျင့်ဝတ်(၆)ပါးတို့နှင့်အညီ ရဟန်းတစ်ပါးဖြစ်သော ဆရာတော်လည်း မကြာခဏ ဒကာဒကာမများကို တရားဟောပြ ဆုံးမတတ်သည်၊ ထိုသို့ ဟောကြားတိုင်း နိုင်ငံရေးအသွင်ဆောင်သည့် ဟောပြောချက်များ ပါစမြဲ၊ ဆရာတော်၏ သန္တာန်တွင် နိုင်ငံချစ်စိတ် မျိုးချစ်စိတ်ဓာတ် အင်မတန်ကြီးမားသည့်အတွက်ကြောင့် ယင်းစကားများ ထွက်လာခြင်းဖြစ်၏၊ မှန်ရာမှာ ဒဲ့ဒိုးပြောတတ်သည့် ဆရာတော်၏ တရားစကားများကား အပြောင်းအလဲ မဖြစ်ချင်သည့် လူအချို့အတွက်ကတော့ အချဉ်ရည်တရားများ ဖြစ်နေမည်မှာ အမှန်ပင်၊ ထို့ကြောင့် (၈၈)အရေးခင်းကာလက ဆရာတော်စကားဖြင့် ပြောရလျှင် "မောင်ခင်ညွန့် ကောင်းမှုကြောင့်" မော်စကိုသို့ ရောက်ရှိသွားခဲ့သည်။

ဆရာတော် တရားဟောလျှင် တိုတိုနဲ့ လိုရင်းကို ရောက်အောင် ဟောကြားနိုင်သဖြင့် တရားနာပရိတ်သတ်နားလည်သဘောပေါက် လွယ်၏၊ မှတ်မှတ်ရရ (၁၃၇၂) သီတင်းကျွတ်လဆန်း(၇)နေ့ တိုက်သစ် အာစရိယပူဇော်ပွဲ၌ ပြောကြားခဲ့သော ဩဝါဒကထာများကို အမှတ်ရနေဆဲ ရှိသေးသည်။

ဆရာတော်သည် "မင်းတို့ ဦးဇင်းတွေ ကိုရင်တွေ

http://www.dhammadownload.com



ဆိုတာ သင်္ခန်းဝတ်ထားတဲ့ပုဂ္ဂိုလ်တွေဆိုတာ မကောင်းမှုအကုသိုလ်တွေကို ငြိမ်းအေးအောင် လုပ်တာ သမဏလို့ ခေါ်တယ်၊ ရဟန်းတွေ ကိုရင်တွေ မကောင်းတဲ့ အကုသိုလ် အလုပ်တွေကို ငြိမ်းအေးအောင် ကြိုးစားကြဖို့ လိုတယ်၊ မင်းတို့ ငါတို့က သမဏလို့ အမည်ခံထားတဲ့အတွက် အဲဒီသမဏဆိုတဲ့အမည်နဲ့ လိုက်လျောညီထွေမှုရှိအောင် ကိုယ်တိုင်ကလည်း ရန်ပွဲတွေမှာ မပါရဘူး၊ ရန်ပွဲဖြစ်မယ်ဆိုရင်လဲ အဲဒီရန်ပွဲကို ငြိမ်းအေးအောင် ဆောင်ရွက်ရတယ်၊ ဒါမှ သမဏအလုပ်လို့ ခေါ်တယ်"ဟု ရောဟိဏီမြစ်ရေနဲ့ ပတ်သက်ပြီး ကောသိယနဲ့ သာကိယတို့ အချင်းချင်း အငြင်းပွားခဲ့ကြပုံကို ဥပမာပေး၍ ပြောကြားသွားခဲ့လေသည် ။

ထို့ပြင် "သမဂ္ဂါနံ တပေါ သုခေါ= စည်းလုံးညီညွတ်ခြင်းသည် ချမ်းသာ၏"ဟူသော မြတ်ဗုဒ္ဓဝါဒကို လက်ကိုင်ထားသော ဆရာတော်သည် "မင်းတို့ နာယက အချင်းချင်း အထင်အမြင်မှားအောင် ဘေးက ပြောဆိုနေကြတဲ့အသံ ကြားတယ်၊ ငါတို့တိုက် ဒီလိုတရှိန်ထိုးတိုးတက်ပြီး စည်းလုံးနေတာကို သဘောမကျတဲ့ သူတွေရှိတယ်၊ အဲဒီ သူတွေထဲမှာ သံဃာတွေလည်းပါတယ်၊ သူတို့ ဘယ်လောက်ခွဲခွဲ ကိုယ်က ကောင်းကောင်းနေရင် မကွဲပါဘူး၊ မင်းတို့ ဗမာပြည်ကလူတွေ သူတစ်ပါး စည်းလုံးနေတာကို တော်တော်ကုန်းတိုက်ကြတယ်၊ ကွဲနေတဲ့ သူတွေကို လည်း ပိုကွဲအောင် လုပ်တတ်တယ်၊ မြတ်စွာဘုရားရှင်က ကွဲပြားနေတဲ့သူတွေ စည်းလုံးညီညွတ်ဖို့၊ ညီညွတ်ပြီးသား ပုဂ္ဂိုလ်တွေကို ပိုပြီးညီညွတ်ဖို့ ဟောကြားခဲ့တယ်၊ အဲဒါ မင်းတို့က ဘုရားနဲ့ ဆန့်ကျင်ဘက် ဖြစ်နေတယ်၊ ငါ ရှိနေ သေးသရွေ့ တိုက်ဟောင်းနဲ့ တိုက်သစ်အပြင် တိုက်သစ်အချင်းချင်းလည်း မကွဲစေရဘူး"ဟု ရဲရဲတောက် မိန့်တော်မူထားသည်၊ ဆရာတော်၏ စကားများကို သုံးသပ်ကြည့်ပါက တိုက်တာအပေါ် တနည်းအားဖြင့် သာသနာ အပေါ်တွင် အလွန်တန်ဖိုးထားကြောင်း တွေ့ရှိရ၏၊ ဆရာတော့် စကားနဲ့ ပြောရလျှင် သာသနာ့ အဆောက်အဦကြီး မြန်မြန်ပြိုလဲမသွားအောင် ကျားထောက်များဖြင့် ဝိုင်းဝန်းထောက်ကန်ပေးနေခြင်း ဖြစ်သည်။

သမုဒ္ဒရာထဲကျသည့် မိုးရေစက်တစ်စက်သည် ဘာမှမပြောပလောက်သကဲ့သို့ ထို့အတူ ယခုစာရေးသူ ရေးသားခဲ့သော ဆရာတော်၏ ဘာသာရေး၊ သာသနာရေး လုပ်ဆောင်ချက်များသည်လည်း အနည်းငယ်မျှသာ ဖြစ်ပါ၏၊ ဆရာတော်သည် (၂၁)ရာစု သာသနာ့သမိုင်းတွင် မော်ကွန်းတင်ခံရမည့်စာရင်း၌ ရှေ့တန်းမှ ပါဝင်နေမည်မှာ အမှန်ပင်ဖြစ်ပေတော့သည်။

အောင်ဘုန်းထက် (ရေစကြို)

http://www.dhammadownload.com



တိုက်သစ်သခင် ကျေးဇူးရှင်

ဦးဏဇိန္ဒ(ကိုးဆောင်)

မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်ကြီးများ၏ အဓိပတိ မဟာနာယကဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသကို ၁၃၅၆-ခုနှစ်၊ နွေရာသီစာဝါများဖွင့် ချိန် ဓမ္မကာမ ကျောင်း၌ သီလကွန်စာဝါကို ပို့ချစဉ် ကိုယ်တိုင် ဖူးတွေ့ခွင့်ရရှိခဲ့ပေသည်၊ ထိုနှစ်၌ပင် မိမိသည် မစိုးရိမ်တိုက်သစ်သို့ ရောက်ရှိခဲ့သည်။

အဓိပတိ မဟာနာယကဆရာတော်၏ ဂုဏ်သတင်းကိုကား မိမိ သာသနာ့ဘောင် ဝင်ရောက်ခဲ့ချိန်မှစ၍ "ပန်းသတင်း လေညှင်းဆောင်၊ လူသတင်း လူချင်းဆောင်" ဆိုသကဲ့သို့ ကြားသိခဲ့ရဘူးသည်မှာ. . .

၁။ စာသင်သား သံဃာ (၂၇၀၀)ကျော်တို့ကို နာယကဆရာတော်တို့နှင့်တကွ ဦးစီးစီမံအုပ်ချုပ်၍နေခြင်း၊

၂။ ဒေးဝန်းဥပေစိ မစိုးရိမ်တိုက်သစ် ပြည်ကြီးတံခွန် မစိုးရိမ်တိုက်သစ်ခွဲတို့ကိုလည်း ကိုယ်တိုင် ဦးစီးစီမံအုပ်ချုပ်၍နေခြင်း၊

၃။ မစိုးရိမ်တိုက်ကြီး၌ တိပိဋကပါဠိမြန်မာ အဘိဓာန် ကျမ်းပြုအဖွဲ့တွင် နာယကဆရာတော်များနှင့် နေ့စဉ် တိပိဋကပါဠိမြန်မာ အဘိဓာန် ကျမ်းပြုစုရေးသားခြင်း၊ တို့ဖြစ်သည်။

၁၃၂၄-ခုနှစ်သကျသီဟ စာချုတန်းအောင်မြင်သည့် အချိန်မှစ၍ ယခုလက်ရှိ အချိန်ထိ တပည့် စာသင်သား သံဃာတော်တို့အား ငယ်, လတ်, ကြီး, သကျသီဟ စာသင်တန်း ပြဋ္ဌာန်းကျမ်းစာများနှင့် စာချုတန်း ဆိုင်ရာ ကျမ်းရင်းသုံးကျမ်းအနက် ပါရာဇိကဏ်အဋ္ဌကထာ အဋ္ဌသာလိနီအဋ္ဌကထာကျမ်းများကို အစမှ အဆုံး တိုင်အောင် ပလ္လင်ပေါက် ပို့ချတော်မူပြီး၍ သီလကွန် အဋ္ဌကထာကျမ်းကိုကား ယခုအချိန်တိုင်အောင် ပို့ချတော်မူနေခြင်းတို့သည် အမှန်တကယ် ကြည်ညိုစရာဖြစ်ပေသည်။

စာရေးသူ မိမိကိုယ်တိုင်သော်ကား ၁၃၅၇-ခုနှစ် ဓမ္မသိတဂူကျောင်း၌ ပို့ချတော်မူသော သီလကွန်စာဝါကို ဆရာတော်အထံ၌ လိုက်ခဲ့ရပါသည်၊ ထိုအချိန်က မဟာနာယကဆရာတော်ကြီးနှစ်ပါးဖြစ်သော အဂ္ဂါဘိဓဇ ဘဒ္ဒန္တသိရိန္ဒာဘိဝံသနှင့် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ

http://www.dhammadownload.com

နာယကာဘိဝံသတို့ သက်ရှိထင်ရှား ရှိနေကြပါသေးသည်။

အဓိပတိမဟာနာယကဆရာတော်သည် ၁၃၂၄-ခုနှစ်၊ မစိုးရိမ်တိုက်၌ နာယကငယ်ဘဝမှ စ၍ "အနီးမွေး၍ အဝေးကြိုင်"ဟူဘိအလား သက်တော်ရွှစ်ဆယ်တိုင်အောင် မစိုးရိမ်ကျောင်းတိုက်တွင် သာမကဘဲ အနီးဝန်းကျင်ရှိ ကျောင်းတိုက်များ၊ မန္တလေးမြို့ရှိ စာသင်တိုက်ကြီးများ ထိုမှတဖန် မြန်မာပြည်အရပ်ရပ်သို့ဝင်းအာရှ၊ ဥရောပမှ စ၍ ကမ္ဘာတစ်ဝှမ်းသို့ပင် သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်တို့သည် ကျော်စောထင်ရှားလျှက်ရှိနေပေသည်။

မာန်လည်ဆရာတော်ဘုရားကြီးက မယဒေဝလင်္ကာသစ်တွင် "သီလသုတ၊ စွယ်စုံလှသူ၊ ထိုသူကို၊ နတ်လူကောင်းခီး၊ ဒဲ့မပြီးဘဲ၊ မပြီးရှုမျှော်၊ ရှိပူဇော်၍၊ ကော်ရော်ဦးခိုက်၊ ခီးမွမ်းထိုက်ရှင့်"ဟု လမ်းညွှန်ဩဝါဒပေးထားပေရာ "ပူဇာ စ ပူဇနေယျာနံ" ဟူသော မင်္ဂလာတရားတော်နှင့်အညီ ထိုမင်္ဂလာတရားတော်ကို ရိုသေမြတ်နိုး လေးစားကော်ရော်ကြကုန်သော တပည့်အပေါင်းတို့က အဓိပတိမဟာနာယကဆရာတော် ဘဒ္ဒန္တရာဇမဟာဘိဝံသကို သက်တော်(၈၀)မှ သက်တော်(၁၂၀)တိုင်အောင် ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး တည်တံ့စည်ပင် ပြန့်ပွားနိုင်ရေး ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေရန် မေတ္တာပို့ကာ ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ကြခြင်းဖြစ်သည်။

မိမိတို့ကျေးဇူးတော်ရှင် ဆရာသခင်ဖြစ်တော်မူသော အဓိပတိမဟာနာယကဆရာတော် ဘဒ္ဒန္တရာဇမဟာဘိဝံသသည်...

၁။ နိကာယ်ငါးရပ်, ပိဋကသုံးပုံဟူဆိုအပ်သော ပရိယတ္တိစာပေများကို ကိုယ်တိုင်လေ့လာသင်ယူခဲ့ခြင်း တပည့်အပေါင်းတို့အားလည်း ပို့ချပေးနေတော်မူခြင်းဟူသော ဂန္ထဓုရ။

၂။ အချိန်အခါအားလျော်စွာ သမထဝိပဿနာတရားများကို ပွားများအားထုတ်တော်မူခြင်းဟူသော ဝိပဿနာဓုရတို့ကို နေ့စဉ်အားထုတ်၍ နေသော ဆရာတော်ဖြစ်ပေသည်။

ရှေးရှေးသော ဆရာမြတ်တို့က "ဓုရန္ဒ်ပြင်၊ အလုပ်ခွင်၌၊ နေ့စဉ်မှန်မှ၊ သမဏ" ဟု ဆိုထားကြလေရာ အဓိပတိမဟာနာယကဆရာတော် ဘဒ္ဒန္တရာဇမဟာဘိဝံသသည် မစိုးရိမ်တိုက်သစ်ကြီးတို့၏ စာသင်သားသံဃာတော်များအတွက်သာ မဟုတ်ပါဘဲ မြတ်စွာဘုရား၏ သာသနာတော်မြတ်ကြီး အရှည်ခံ၍ တည်တံ့ စည်ပင်ပြန့်ပွားနိုင်ရေး အတွက်ကိုပါ မိမိခန္ဓာကိုယ်ကို ပဓာနမထားဘဲ ပရိယတ္တိစာပေများကို ပို့ချခြင်းကို ဆတက်ထမ်းပိုး ဆောင်ရွက်နေသည်ကိုလည်း မိမိတို့ တွေ့မြင်နေကြရပေသည်။

သမ္မောဟဝိနောဒနီအဋ္ဌကထာ (၄၁၂)၌ ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီး တည်တံ့စည်ပင် ပြန့်ပွားရေးသည် ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ပိဋကသုံးပုံ နိကာယ်ငါးရပ် ဒေသနာတော်မြတ် များကို နေ့ညမပြတ် သင်ယူပို့ချဆောင်ရွက်နေသော ပရိယတ္တိသာ ပဓာနအဓိက ဖြစ်သည်ဟူ၍လည်းကောင်း၊

အင်္ဂုတ္တရအဋ္ဌကထာ (၇၂)၌ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ဟူဆိုအပ်သော ပိဋကသုံးပုံ နိကာယ်ငါးရပ် ဒေသနာမြတ်များကို နေ့ညမပြတ် သင်ယူပို့ချ ဆောင်ရွက်ခြင်း ပရိယတ္တိကွယ်ပျောက်လျှင် ဤလောကကြီးသည် နေဝင်သကဲ့သို့ မှောင်အတိ ဖြစ်လိမ့်မည်ဟူ၍လည်းကောင်း၊

အင်္ဂုတ္တရအဋ္ဌကထာ (၁၊၇၂)၌ သုတ်၊ ဝိနည်း၊ အဘိဓမ္မာဟု ဆိုအပ်သော ပိဋကသုံးပုံ နိကာယ်ငါးရပ်တို့ကို သင်ယူပို့ချဆောင်ရွက်ခြင်း ပရိယတ္တိတည်နေသမျှ ကာလပတ်လုံး ပဋိပတ္တိတည်နေသဖြင့် နိဗ္ဗာန်လမ်းကြောင်း မတိမ်းမစောင်းဘဲ ဝိမုတ္တိရသကို ရရှိခံစားရမည်မှာ မလွဲနိုင်ပေဟူ၍လည်းကောင်း၊

သာရတ္ထဋီကာ (၃၊၄၆)၌ ပဋိပတ္တိသည် သုတ်, ဝိနည်း, အဘိဓမ္မာဟု ဆိုအပ်သော ပိဋကသုံးပုံ နိကာယ်ငါးရပ်တို့ကို သင်ယူပို့ချ ဆောင်ရွက်ခြင်း ပရိယတ္တိသာ အရင်းခံမူလပဓာနရှိ၏-ဟူ၍လည်းကောင်း မိန့်တော်မူခဲ့ပါသည်။

ဆိုအပ်ခဲ့ပြီးသော အဋ္ဌကထာဋီကာများကို ထောက်ရှု၍ ပရိယတ္တိသည် ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီး၏ တည်တံ့စည်ပင် ပြန့်ပွားနိုင်ရန် အရင်းခံမူလ ပဓာနဖြစ်ကြောင်း ထင်ရှားလေသည်။

ပရိယတ္တိသာသနာတော်မြတ်ကြီးကို အလေးထား၍ ကြိုးစားအားထုတ် ဆောင်ရွက်တော်မူသွားကြကုန်သော ရှေးရှေးသော ပရိယတ္တိဝန်ဆောင် သာသနာ့ဦးသျှောင် ဆရာတော်ကြီးများကဲ့သို့ မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်ကြီး (၃)တိုက်တို့၏ အဓိပတိမဟာနာယက

http://www.dhammadownload.com

ဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသသည် သာသနာ့အတွက် အသက်ကိုပင် ပဓာနမထားသည့်အလျောက် ပရိယတ္တိကျမ်းစာများကို နေ့မနား ညမအား အပင်ပန်းခံပို့ချပေးရုံ သာမကဘဲ မစိုးရိမ်တိုက်သစ်ကြီး၌ လေးလတစ်ကြိမ် ဓမ္မာနုဂ္ဂဟစာမေးပွဲကို ကျင်းပပေး၍ အောင်မြင်တော်မူသည့် တပည့်သံဃာတော်များကို အောင်လက်မှတ်နှင့် ဆုဝတ္ထုအသီးအသီး ချီးမြှောက်ပေးတော်မူပါသည်။

အဓိပတိမဟာနာယကဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသသည် ၁၃၂၉-ခုနှစ်၊ မစိုးရိမ်တိုက်သစ်သို့ ပြောင်းရွှေ့စာပေပို့ချစဉ်အခါနှင်က တစ်ထပ်ကျောင်းဆောင်နှင့် နှစ်ထပ်ကျောင်းဆောင်များ၌ စာသင်သားသံဃာ ခြောက်ဆယ်ကျော်သာရှိ၍ တစ်နှစ်ထက် တစ်နှစ် သံဃာများတိုးလာသည့်အတွက် ရေမီးစသည်တို့ ခက်ခဲလာပေသည်။

ယခုအခါနှင့်၌ မစိုးရိမ်တိုက်သစ်ကြီးသည် ကျောင်းဒါယကာ+ဒါယိကာမအပေါင်း သူတော်ကောင်းတို့က ပရိယတ္တိသာသနာတော်အတွက် မြတ်စွာဘုရားသက်တော်ထင်ရှား ရှိစဉ်အခါနှင်ကကဲ့သို့ ဝိသာခါ၊ အနာထပိဏ်တို့လို အလှူအတန်းရက်ရောကုန်သော ကျောင်းဒါယကာ+ကျောင်းဒါယိကာမများ ဆောက်လုပ်လှူဒါန်းအပ် ကုန်သော နှစ်ထပ်ကျောင်းဆောင်၊ သုံးထပ်ကျောင်း၊ လေးထပ်ကျောင်းဆောင်များတွင် ရေမီးစသည် အစုံအလင်ဖြင့်လည်းကောင်း၊ ဓမ္မစေတီယ(၇)ထပ်ကျောင်းဆောင်တွင် ညီမူရာခန်းမဆောင်၊ ကမ္ဘာ့အဆင့်မီ ပဋ္ဌကတ်စာကြည့်တိုက်၊ ကွန်ပျူတာ, အင်တာနက်၊ ပဋိပတ္တိဆောင်၊ အထက်ဆုံးထပ် စေတီရင်ပြင်နှင့် ဂန္ဓကုဋိတိုက် အထပ်ရွှေတိဂုံ (ပုံတူ) စေတီတော်ကို သပွါယ်စွာဖူးတွေ့ရပါသည်။

ကျောင်းပေါင်းများစွာနှင့် သံဃာ(၃၀၀၀)ကျော်အထိ တိုးတက်လာကာ ခေတ်မီ ပရိယတ္တိစာသင်တိုက်ကြီးအဖြစ် သာသနာတော်အတွက် အားတက်ဖွယ်ရာတွေ့မြင်ရ၍၊ အနာထပိဏ်သူဌေး ရွှေဒင်္ဂါး(၅၄)ကုဋေကုန်ကျခံ၍ ဆောက်လုပ်လှူဒါန်းအပ်သော ဇေတဝန်ကျောင်းတိုက်ကြီး၊ ဝိသာခါ ရွှေဒင်္ဂါး (၂၇)ကုဋေ ကုန်ကျခံ၍ ဆောက်လုပ်လှူဒါန်းအပ်သော ပုဗ္ဗာရုံကျောင်းတိုက်ကြီးများပမာ ကျောင်းများ စာသင်သားသံဃာတော်များနှင့် စည်ကားတင့်တယ်၍ စိတ်နှလုံး ရွှင်ပြုံးချမ်းမြေ့စွာဖြင့် သီတင်းသုံးကာ ပရိယတ္တိအထက်တန်း သက္ကသီဟ၊ စေတိယင်္ဂ၊ အစိုးရဓမ္မာစရိယစသော ဓမ္မာစရိယမျိုးစုံနှင့် တိပိဋကသာသနာ့အာဇာနည်များပါမြောက်များစွာ မွေးထုတ်နိုင်ခဲ့ပြီး၊ တပည့်ကျောင်းသားဟောင်း အပေါင်းတို့သည် အမြို့မြို့ အနယ်နယ်မှ ကမ္ဘာအရပ်ရပ်သို့ တိုင်အောင် သာသနာပြုဆောင်ရွက်နေကြပါသည်။

ဗုဒ္ဓမြတ်စွာသာသနာတော်၏ ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓတည်းဟူသော သာသနာတော် (၃)ရပ်၌ အဓိကပဓာနဖြစ်သော ပရိယတ္တိသာသနာတော်ကြီး အဝန့်ရှည်စွာ ပိုမိုတည်တံ့ စည်ပင်ပြန့်ပွား တိုးတက်အောင်မြင်နိုင်စေရန် ဆောင်ရွက်နေသော အဓိပတိမဟာနာယကဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ၏ သက်တော် (၈၀) ပြည့် မွေးနေ့ပူဇော်ပွဲကြီး၌ ကျောင်းတိုက်တွင်း တပည့်သံဃာတော်များ၊ တိုက်ခွဲတပည့်သံဃာတော်များ၊ ပြည်တွင်း၊ ပြည်ပ တပည့်သံဃာတော်များ၊ တပည့်သီလရှင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာပါတီအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ တပည့်ဒါယကာ + ဒါယိကာမများ စုံညီစွာ ပူဇော်ခွင့်ရ၍ ကြည်နူး ဝမ်းသာဖြစ်မိကြောင်း ရေးသားလိုက်ရပေသည်။

ဦးရာဇိန္ဒ
ကိုးဆောင်တိုက်၊(မြင်းခြံ)



http://www.dhammadownload.com



ဘယ်ချိန်သေပျောက် ငါ မကြောက်

အရှင်ကောဏ္ဍညာလင်္ကာရာဘိဝံသ

မစိုးရိမ်ဆရာတော်တွေ အစဉ်ဆက်ဟာ ပကာသနပါတဲ့ ပွဲလမ်းသဘင် အခမ်းအနားမျိုး လုပ်လေ့လုပ်ထမရှိကြပါဘူး၊ ဒကာဒကာမတွေ ဖိတ်ပြီး စာအောင်ဆုနှင်းသဘင်တို့ ဘာတို့ အကျယ်ခဲ့၊ လုပ်လေ့မရှိကြပါ၊ "ငါတို့က မွေးမြူရေးလုပ်စားတဲ့ တိုက်မဟုတ်ဘူးကွ" ဆိုတဲ့ ဆရာတော် အမြဲပြောနေကျ စကားလုံးအတိုင်း စာသင်သားသံဃာတွေကိုပြပြီး ဟိုအလှူခံ ဒီအလှူခံ မလုပ်တတ်ကြပါဘူး၊ စာအောင်ဆုနှင်းသဘင် မလုပ်လို့ စာအောင်တဲ့ ပုဂ္ဂိုလ်တွေကို စာအောင်ဆုမပေးတာ မဟုတ်ပါဘူး၊ နှစ်စဉ်လစဉ် ပေးလေ့ရှိကြပါတယ်၊ ဆရာတော်တွေရဲ့ ကိုယ်ပိုင်တွေထဲကရော စာအောင်ဆုရန်ပုံငွေထဲကရော အချိုးကျ ပေးလှူကြပါတယ်၊ လွန်တော်မူသွားတဲ့ ဆရာတော်ကြီး ဘဒ္ဒန္တသိရိန္ဒာဘိဝံသဆိုလျှင် သူရလာတဲ့ လာဘ်လာဘထဲက နည်းနည်းစုမိလာရင် သူ့အတွက် အနည်းငယ်လောက်သာ ချန်ထားပြီး ကျန်တာတွေကို စာချတဲ့ စာချဘုန်းကြီးတွေထံ အကုန်လိုက်လှူခိုင်းတာပါပဲ။

ယခုဆရာတော်(ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ)ဆိုလျှင် ဝါဆိုပြီး ခြိန်ကတည်းကစပြီး ဆရာတော်ဟာ သူ့ကိုယ်ပိုင်ပစ္စည်းတွေကို ဟိုဟာထုတ်ခိုင်း ဒီဟာထုတ်ခိုင်းနဲ့ အလုပ်ရှုပ်တော့တာပါပဲ၊ နှစ်တိုင်း ဝါဆိုပြီးခြိန် ရောက်လျှင်



http://www.dhammadownload.com

> ကမ္ဘာပေါ်မှာ
> အကျိုးပြုတဲ့သူတွေကို
> နိုဘယ်ဆုပေးတာ၊
> နိုဘယ်ဆုဆိုတာ မကုန်ဘူးကွ၊
> ဘဏ်အပ်ပြီးပေးတာဆိုတော့၊
> အေး မင်းတို့လဲ ဆုတွေဘာတွေ
> ပေးမယ်ဆိုရင် . . .

ပြီးခဲ့တဲ့နှစ်က စာအောင်တဲ့ ပုဂ္ဂိုလ်တွေကို စာရင်းပြုစုခိုင်းပါတယ်၊ မမှားရအောင် မကျန်ရအောင်ပါ၊ စာရင်းမှားပြီဆိုတာနဲ့ အမြဲလိုလို အဆူအငေါက်ခံရတာပါ၊ စာရင်းအတိအကျသိရလျှင် စာအောင်သံဃာတွေကို စာအောင်ဆု လိုက်လျှောခိုင်းပါတယ်၊ အဲဒီနောက် ဆရာတော်ဟာ သူဇာတိရပ်ရွာမှာ သဇီဝသရဏဂုမ်တင် သေနေ့ပွဲအတွက်နဲ့ တိုက်တွင်းရှိ နာယက,စာချ,စာအောင်, ဝေယျာဝစ္စပုဂ္ဂိုလ်တွေအတွက် လျှဖို့တန်းဖို့ ပစ္စည်းတွေကို အားတဲ့အချိန် ထုတ်ခိုင်းတတ်ပါတယ်၊ အဲ့ဒီအချိန်ဆိုလျှင် ဆရာတော့် အနီးနား ရှိနေတဲ့ သူတွေဟာ ပစ္စည်းတွေကို အကုန်ထုတ်ရပါတယ်၊ စာရင်းပြုစုရပါတယ်၊ မှားလို့ မလုပ်တတ်မကိုင်တတ် အူကြောင်ကြောင် အတတ ဖြစ်နေပြီဆိုလျှင် အဆူခံ အငေါက်ခံရပြီသာ မှတ်ပေရော့။


ဇာတိရပ်ရွာမှာ လျှဖို့တန်းဖို့ စီစဉ်ပြီးပြီဆိုတာနဲ့ နှစ်စဉ် ဝါဆိုလပြည့်ကျော် ၁၃-ရက်(ဇူလိုင် ၁၉) နေ့ရောက်တဲ့အခါ ဆရာတော်ဟာ သူဇာတိ မုံရွာအင်တိုင်းသွားပြီး သဇီဝသရဏဂုမ်တင်ပွဲ ကုသိုလ် သွားပြု ပါတော့တယ်၊ အဲဒီလို သွားတဲ့အခါ ဆရာတော့် ဒကာဒကာမ အရင်းတွေသာ လိုက်ပါသွား လေ့ရှိကြပါတယ်၊ ကြာနီကန်က ဒေါ်ညွန့်ရီ,ဒေါ်ထွေးရီ ညီအမ၊ ဦးကျော်ရွှေ+ ဒေါ်စုစုရင် (ကသစ်ပန်း)မိသားစု၊ ဒေါ်ချစ်ချစ်, ဒေါ်တုတ်တုတ် (ရွှေပန်းခြံမိသားစု)၊ ဒေါ်အေးအေးမြင့်၊ မသီတာ၊ မန္တယ်နီဦးတို့ လိုက်ပါသွားလေ့ရှိကြပါတယ်၊ တရံတခါ သီတဂူကျောင်းအမ (ဒေါ်အေး-သမီး) ဒေါ်ခင်ဦးလွင်တို့လဲ လိုက်ပါသွားတတ်ကြပါတယ်၊ သူတို့တစ်တွေလဲ ဆရာတော်နှင့်အတူ ကုသိုလ်ယူကြခြင်းပါပဲ၊ ဒါဟာ ပတ္တာနုမောဒနကုသိုလ်တစ်မျိုးပါ။

အင်တိုင်းက ပြန်လာပြန်ပြီဆိုလျှင်လဲ တိုက်တွင်းရှိ နာယက,စာချ,စာအောင်,ဝေယျာဝစ္စပုဂ္ဂိုလ်တွေ အတွက်တခါ စီမံပြန်ပါတယ်၊ နှစ်စဉ် နှစ်ချုပ်စာရင်းတွေကို ပြုစုပြီး၊ လျှုတဲ့တန်းတဲ့ စာရင်းတွေ အလျှုရှင်စာရင်းတွေကို စာရိုက်ခိုင်း စာကူးခိုင်းပြီး အလျှုရှင်ဒကာဒကာမတွေဆီ ပို့လေ့ရှိပါတယ်၊ စီစဉ်ပြီးတဲ့အခါ တိုက်ပေါက်ဝမှာ စာကပ်ပြီး နှစ်စဉ် ဝါခေါင်လဆန်း(၈)ရက်နေ့လောက်မှာ တိုက်တွင်းသံဃာတွေကို ညအချိန် ဘုရားဝတ်တက်အပြီး လျှုတော့တန်းတော့တာပါပဲ၊ အဲဒီပွဲမှာ အခြား ဒကာဒကာမတွေကို ဖိတ်လေ့မရှိပါဘူး၊ သိတဲ့သူရှိလို့ လာနိုင်ရင် လာလို့ရပါတယ်၊ များသောအားဖြင့်တော့ ရင်းနှီးပြီး သဒ္ဓါတရားလည်း အားကောင်းတဲ့ ကသစ်ပန်းမိသားစု တို့လောက်သာ အမြဲတမ်း လာလေ့ရှိပါတယ်။

အဲဒီပွဲအတွက် ညနေကတည်းက ဆရာတော့် အနီးနားရှိ တပည့်တွေဟာ ပစ္စည်းတွေကိုအကုန်လျှုမယ့် နေရာ ပို့ကြစီစဉ်ကြရပါတယ်၊ မဲနှိုက်လျှုဒါန်းဖို့ မဲလိပ်တွေ ပြင်ဆင်ရပါတယ်၊ အချို့မကျလို့ အငေါက်ခံရတဲ့သူ, အူတူတူအတတ ကြောင်တောင်တောင်လုပ်လို့ အငေါက်ခံရသူတွေ၊ ဒါတွေဟာ အတွေ့အကြုံနည်းလို့ ကြောက်လို့ အငေါက်ခံကြရပေမယ့် ဒီလျှုဒါန်းပွဲလေးကတော့ ပျော်စရာလေးပဲ ဖြစ်ပါတယ်၊ ည ဘုရားဝတ်တက်ပြီး ချိန်ရောက်လျှင် နာယက, စာချ, စာအောင်, ဝေယျာဝစ္စတွေရောက်လာတာနဲ့ ဆရာတော်လဲ ကြွရောက်တော်မူလာပြီး သြဝါဒအနည်းငယ် ပေးတော်မူပါတယ်။

သြဝါဒတွေကတော့ အကုန်အစင် မမှတ်မိတော့ပါဘူး၊ အနည်းငယ် မှတ်မိသလောက် ပြောရရင် "အေးမင်းတို့ ဆွိဒင်နိုင်ငံက အဲဖရက်နိုဘယ်ကို ကြားဘူးလား၊ သူက နိုဘယ်ဆုပေးတဲ့သူကွ၊ သူက အများကျိုးအတွက် ဒိုင်းနမိုက်ကို တီထွင်တာ၊ လူတွေက သူတီထွင်တဲ့ ဒိုင်းနမိုက်ကို မကောင်းတဲ့ နေရာတွေမှာလဲ အသုံးချကြတော့ စိတ်မကောင်းဘူးပေါ့၊ အဲဒါနဲ့ သူသေသွားတဲ့အခါ သူ့ရဲ့ငွေတွေကို ဘဏ်အပ်ပြီး နှစ်စဉ်နှစ်တိုင်း ကမ္ဘာပေါ်မှာ အကျိုးပြုတဲ့သူတွေကို နိုဘယ်ဆုပေးတာ၊ နိုဘယ်ဆုဆိုတာ မကုန်ဘူးကွ၊ ဘဏ်အပ်ပြီးပေးတာဆိုတော့၊ အေးမင်းတို့လဲ ဆုတွေဘာတွေ ပေးမယ်ဆိုရင် အဲဒီလို တဖြည်းဖြည်း တိုးတိုးလျှုနိုင်အောင် လုပ်ရတယ်၊ ဆုတ်ယုတ်ဆုတ်ယုတ်သွားတာမျိုး မဖြစ်ရဘူး၊ ငါက စာအောင်ဆုလျှုတဲ့ ငွေတွေကို ဘဏ်မှာ အပ်ထားပြီး မင်းတို့ကို ဘဏ်တိုးနဲ့ လျှုတာဆိုတော့ မကုန်တော့ဘူး

http://www.dhammadownload.com



ဆရာတော်၏ စိန်ရတု သဇိဝသရဏဂုံပွဲ၌ တိပိဋကာ ယောဆရာတော် တရားဟောကြားနေစဉ်

ပေါ့ကွာ၊ ပိုပြီးတော့လဲ တိုးတိုးပြီး လျှုနိုင်တယ်၊ အေး . . . အဲဒါ မင်းတို့လဲ မှတ်ထား" စသဖြင့် နှစ်စဉ်နှစ်တိုင်း သြဝါဒတွေ တစ်မျိုးမဟုတ်တစ်မျိုးပေးတတ်ပါတယ်၊ သြဝါဒအနည်းငယ် ပေးပြီးနောက်မှာ တစ်ပါးချင်းစီ မဲနှိုက်လှူဒါန်းပါတယ်၊ ဒီလိုလှူတဲ့ အလှူဟာ ဆရာတော် ပြုလုပ်နေကျ ပကာသနမပါတဲ့ အလှူပွဲလေး ဖြစ်ပါတယ်။

ဆရာတော် မည်သည့်အချိန်ကတည်းက စတင်၍ ပြုလုပ်ခဲ့သည်မသိရသော ပကာသနမပါတဲ့ ဤ အလှူပွဲတွေကို မည်သူလာလာ မလာလာ မည်သူသိသိ မသိသိ ဆရာတော် သက်ရှိထင်ရှား ရှိနေသေးသရွေ့ နှစ်စဉ် နှစ်တိုင်း ဆက်လက်ပြုလုပ်သွားလိမ့်ဦးမည်ဆိုတာ မိမိယုံကြည်ပါတယ်။

အခြားအခြား ပကာသနမပါတဲ့ အလှူပွဲတွေလဲ ရှိပါသေးတယ်၊ ဥပမာပြောရရင် ဇာတိအင်တိုင်းရွာမှာ ရေအခက်ခဲရှိလို့ ရေတွင်းတူးပေးတာ၊ရေစက်တွေ ထောင်ပေးတာ၊ မီးရဖို့အတွက် သိန်းပေါင်းမြောက်များစွာ အကုန်ကျခံပြီး မီးရအောင် လုပ်ပေးတာစတဲ့ အလှူတွေလည်း ရှိပါသေးတယ်၊ ဆရာတော်ဟာ တိုင်းပြည်အတွင်းမှာ မဖွံ့ဖြိုးမတိုးတက်သေးတဲ့ အသွားအလာခက်ခဲတဲ့ ရပ်ရွာတွေ စာသင်ကျောင်းတွေ ဘုန်းကြီးကျောင်းတွေ တံတားတွေကို တတ်နိုင်သလောက် အဆင်ပြေအောင် ဆောင်ရွက်ပေးခဲ့တာတွေလဲ အများကြီးပါ၊ ကုန်စင် အောင် မဖော်ပြနိုင်ပါ။

"ကုသိုလ်မှန်သမျှ, မကျန်ရ, စံပြ ပြုခဲ့သည်၊ ဘယ်ချိန်သေပျောက်, ငါမကြောက်, နောက်ဘဝ လမ်းဖြောင့်ပြီ"ဆရာတော်ခံယူချက် တရားတော်ဆောင်ပုဒ်လေးပါ၊ စပ်မိတိုင်းလဲ ဟောပြောနေကျ ဆောင်ပုဒ်လေးဖြစ်ပါတယ်၊ ဆရာတော်ဟာ ကုသိုလ်မှန်သမျှကို မကျန်ရအောင် စံပြအနေနဲ့ ပြုထားပြီးဖြစ်တာကြောင့် သေမှာ မကြောက်ရုံတင် မကပါ၊ ထောင်က ထွက်လာစ အချိန်မှာလဲ အာဏာပိုင်များက "အရှင်ဘုရား ဘာဆက်လုပ်အုံးမလဲ ဘုရား"ဟု လောကီရေး မေးသည်ကို "ငါ သေဖို့ ပြင်ဆင်အုံးမယ်"ဟု မိန့်ဆို ဖြေကြားခဲ့ပါတယ်၊ တကယ်တော့ ဆရာတော် နေ့စဉ်လုပ်နေကျ နိဗ္ဗဝဝတ်များကလည်း သေဖို့အတွက် ပြင်ဆင်နေခြင်းပဲ မဟုတ်ပါလား။

လူသားအားလုံး သေဖို့အတွက် ပြင်ဆင်နိုင်ကြပါစေ။

တပည့်-ကောလဏ္ဍညာလင်္ကာရာဘိဝံသ
ဓမ္မသီတဂူကျောင်း၊ မစိုးရိမ်တိုက်သစ်

http://www.dhammadownload.com


ခြေကောက်လိုက်အယ်ဒီတာတစ်ဦး၏ မှတ်စုများ

ခြေကောက်လိုက်အယ်ဒီတာတစ်ဦး

(က)

ချစ်လှစွာသော မစ္စတာစလော့မှ "ငရဲခွေးကြီး လွတ်နေသည်" ဆောင်းပါးရေးသူ နာမည်မှန် ဖေါ်ထုတ် ခိုင်းရာ၌ ငြင်းဆန်ခဲ့သော ကျောင်းသားခေါင်းဆောင် အိုးဝေမဂ္ဂဇင်းတာဝန်ခံ ကိုအောင်ဆန်းအား ကျွန်ုပ် အားကျခဲ့ပေသည်။

ကြေးမုံဦးသောင်းခေါ် အောင်ဗလ၏ "ဗမာ့ ခေတ်မှ ကြေးမုံသို့" စာအုပ်ကို ဖတ်ရင်း သူတို့ခေတ် သူတို့ပုံရိပ် သူတို့စွန့်စားခန်းများကို သဘောကျ၏၊ ကရင်ခေါင်းဆောင် စောဘဦးကြီး တိုက်ပွဲကျစဉ် သွားရောက် ဓာတ်ပုံ မှတ်တမ်းတင်ရာ ဘွတ်ရွတ်တို့ဖြင့် ရိုက်ဖမ်းသွား၏၊ ကျောက်စားပွဲပေါ် ချော်လဲ၍ ပုံကောင်း



http://www.dhammadownload.com

မရခဲ့သည်ကို ပြုံးမိ၏။

အထောက်တော် လှအောင်၏ "သတင်းဂျာနယ်နှင့် ကျနော်"ကို ဖတ်ရင်း သတင်းစာဆရာ အယ်ဒီတာတို့၏ သဘောသဘာဝနှင့် ကျင့်ဝတ်များကို တဖြေးဖြေး သဘောပေါက်ကာ သိရှိစပြုလာ၏၊ အိုးဝေညိုမြ အကြောင်းကို ဖတ်ရင်း ပို၍ပို၍ အယ်ဒီတာလုပ်ငန်းကို သဘောပေါက်လာခဲ့၏။

"တိုင်းပြည်က မွဲနေတာ ခင်ဗျားတို့ဂျာနယ် မျက်နှာဖုံးမှာ ဦးနေဝင်းဂေါက်ရိုက်နေတဲ့ပုံကြီး အပြည့်ဖေါ်ပြပေးတာ ကောင်းသလား? ဒါ အစိုးရကို မျက်နှာလုပ်တာ မဟုတ်ဘူးလား?" လူတစ်ယောက်၏ အမေးကို "ဒါကိုက အသံတိတ် သတင်းဖေါ်ပြတာပဲဗျ၊ "တိုင်းပြည်က မွဲနေတယ်၊ နိုင်ငံခေါင်းဆောင်က တိုင်းပြည်ရေးကို လစ်လျူရှုပြီး ဂေါက်ရိုက်နေတယ်"ဆိုတာ သတင်းစာကနေ အသံတိတ် ထိုးနှက်လိုက်တာပဲဗျ"ဟု မျက်မှန်ထူထူအောက်က ညိုမြ၏ အေးတိအေးစက် တုန့်ပြန်ပုံကို အထင်ကြီး လေးစားလိုက်၏၊ ကိုရွှေအယ်ဒီတာတို့ လုပ်တတ်ပုံကိုလည်း ရိုးတိုးရိပ်တိတ် မြင်လိုက်ရ၏။

"တော်လှန်ရေးကြီး ရက်ရွှေ့လိုက်တာ ဒေါက်တာဘမော် သစ္စာဖေါက်လို့"ဟု စွပ်စွဲလိုက်သော ဗိုလ်မှူးကြီး ခင်ညိုး၏ စွပ်စွဲချက်ကို "သူတို့ခေါင်းတွေ ခုထိရှိနေတာ ကျုပ်သစ္စာရှိခဲ့လို့ပဲ"ဟု ဒေါက်တာဘမော်ရဲ့ တုန့်ပြန်ချေပချက် အင်တာဗျူးကို အိုးဝေဂျာနယ် တစ်စောင်ထဲမှာပဲ အပြန်အလှန် ဖတ်လိုက်ရတော့ သတင်းစာလုပ်ငန်းကို အတော်အတန် တီးမိခေါက်မိ ရှိလာ၏။

သတင်းစာအယ်ဒီတာတို့၏ အမှန်တရား ဖေါ်ထုတ်ပုံ၊ ကြိုးစားအားထုတ်ပုံတို့ကို မျက်နှာမူ၍ လာရ၏၊ အသိဉာဏ် အတွင်းသို့လည်း အယ်ဒီတာတို့၏ ကျင့်ဝတ်များ လုပ်ပုံကိုင်ပုံများ စိမ့်ဝင်၍ စိမ့်ဝင်၍ လာ၏၊ ဗိုလ်ချုပ်အောင်ဆန်းကလည်း ဒီလိုဆိုခဲ့သမို့လား "စာတစ်အုပ်ကို ဖတ်လျှင် စာအုပ်ကို ကျော်၍ မြင်နိုင်ရပေမည်၊ သို့မှသာ ပညာတည်းဟူသော အဆီအနှစ်ကို ရပေမည်"တဲ့။

(ခ)

၂၀၀၇- ဇူလိုင်လတွင် စတိုင်သစ်မဂ္ဂဇင်းကို ကိုယ်တိုင်ဦးစီး၍ တာဝန်ခံအဖြစ် စတင်ထုတ်ဝေ ဖြစ်ခဲ့၏၊ ထိုစဉ်က လုပ်ငန်းမကျွမ်းကျင်မှုကြောင့် ကွန်ပျူတာအမှားအယွင်းများစွာ ဖြစ်ခဲ့၏။

ထိုသို့ ထုတ်ဝေရင်း ထုတ်ဝေရင်း နှစ်အုပ်ခွဲခန့် ရှိသောအခါ ရွှေဝါရောင်တော်လှန်ရေးနှင့် လာတိုး၏၊ ဤတစ်ကြိမ် တော်လှန်ရေးကြီးသည် အောင်မြင်ပေပြီဟု တွက်ကိန်းချလိုက်၏၊ "မဂ္ဂဇင်းကို ခဏာရပ်ထားမယ် တော်လှန်ရေးအောင်မှ ဆက်ထုတ်မယ်" အဦးဆုံး ပြန်ထွက်လာတဲ့ မဂ္ဂဇင်းမှာ "ဒီမိုကရေစီကို သူတို့ ဒီလို တောင်းခဲ့ကြသည်"ဟု ဓာတ်ပုံ ဝေဝေဆာဆာနဲ့ ထုတ်မယ်စိတ်ကူးဖြင့် ပန်းချီဆရာကြည်ဝင်းနှင့် ဓာတ်ပုံလှည့် ရိုက်ကြ၏။

ကံကောင်းလို့ ခေါင်းမကွဲ၊ ဆေးရုံမရောက်ခဲ့ရ၊ သံဃာတန်းထဲပါ ဆရာတော်များက ကျွန်ုပ်တို့ကို ဝိုင်းအုံကာ သူတို့ရှေ့မှောက်တွင် ဓာတ်ပုံများကို ဖျက်ပေးရမည်ဟု တောင်းဆိုကြ၏၊ ယူနီစန် လွှက်ရည်ဆိုင်မှာ မနည်းကြီး တောင်းပန်လိုက်ရ၏၊ ပုံတွေလည်း ဖျက်ပေးလိုက်ရ၏၊ ဆရာတော်များ ကြိမ်းမောင်းသွားသည်မှာ "ကဗျာဆရာသော၊ ပန်းချီ ဆရာသော၊ ဘာသော ညာသော မလိုချင်ဘူး"ဟူသတဲ့၊ ဒီလိုနှင့် စတိုင်သစ် မဂ္ဂဇင်းလည်း နိဒ္ဒိတံသွားခဲ့၏၊ ထုတ်ဝေသူ ကိုရွှေသူဌေးလည်း ငွေထုတ်ဖို့ မလိုတော့၊ "အော် နှစ်အုပ်ခွဲကိစ္စလား၊ တတိယအုပ် လုပ်နေတုန်း တစ်ဝက်တစ်ပျက်မှာ ရွှေဝါရောင် တော်လှန်ရေးနဲ့ သွားတိုးတော့ နှစ်အုပ်နဲ့ တစ်ပိုင်းဖြစ်သွားတော့တာပဲဗျို့။

အဲဒီနောက် အယ်ဒီတာအလုပ်နဲ့ ကျွန်ုပ်ဝေးသွားပြီဟု စိတ်ဒုန်းဒုန်းချနေရာ ၁၃၇၀-ခုနှစ် (၂၀၀၈)မှာ မိခင်စစ်ကိုင်းမဟာသုဗောဓာရုံ ကျောင်းတိုက်ကြီးက နှစ် (၅၀)ပြည့် ရွှေရတုကြီး ရောက်လာပါလေရော၊ အဲဒီမှာ လုပ်တတ်ကိုင်တတ်တဲ့ ကျောင်းသားဟောင်းတွေ ရှာရင်း ဓမ္မမာနိတာရုံဆရာတော် ဦးမာနိတ၏ လက်ထောက်ချမှုအရ ထိုရွှေရတုစာစောင်ကြီး ကျွန်ုပ်ခေါင်းပေါ် ရောက်လာခြင်း ဖြစ်သည်။

ထိုမဂ္ဂဇင်းကြီးဟာ ကျွန်ုပ်ကို အယ်ဒီတာအရည်အချင်း အပြင်းအထန် အစမ်းသပ်ခံရသည့် မဂ္ဂဇင်းကြီး ဖြစ်ပေ၏။ ပြောချင်သည့်အကြောင်းအရာက ကောင်းပြီး တင်ပြပုံ ရေးသားပုံ အဆင်မပြေသော လိုရင်းမရောက်သော စာမူများကို အစအဆုံး ပြုပြင်ပေးရသည်။ စကားပြောနဲ့စာပြော ရောနေသော စာမူများကို ချောမောအောင် သန့်ပေးရသည်။ သမိုင်းကွက်များ လစ်ဟာနေသည်ကို သိမီသူ ဆရာသမားများ ရေးပါရန် တိုက်တွန်းတောင်းပန်ရသည် စသဖြင့် များစွာအလုပ်လုပ်ရပေ၏။

မဂ္ဂဇင်းကြီး ပြီးဆုံးပါပြီ၊ ရိုက်နှိပ်ရန် ရန်ကုန်သို့

http://www.dhammadownload.com

စုန်ခဲ့ကြပေပြီ၊ ဦးဇောတိသာရ (စဉ့်ကူး)၊ ကျွန်ုပ်၊ ကျွန်ုပ်သား၊ သုံးဦးသား ပျော်ရွှင်စွာ ရန်ကုန် အောင်မင်္ဂလာကားကြီးဝင်းသို့ နံနက်(၈)နာရီခန့် ရောက်၏။ ရန်ကုန်မြို့တွင်းသို့ကား ညနေ(၅)နာရီမှ ဝင်ခွင့်ရ၏၊ ဒါတောင် လှည်းတန်းမီးပွိုင့်တင် ရောက်မည်၊ ဟိုဘက် ခြေလျှင် ညောင်း ဟူပါသတဲ့။

ဗျာ အဘယ်ကိစ္စ ဟုတ်စ၊ ကမ္ဘာကျော်နာဂစ်မုန်တိုင်းကြီးနဲ့ တိုးလို့ခင်ဗျ၊ အဲဒီညက ကျွန်ုပ်တို့ ကားကြီးမုန်းတိုင်းတွင်း ဖြတ်မောင်းနေမှန်း ကျွန်ုပ်တို့ မသိခဲ့ပါချေ၊ ဓာတ်တိုင်တွေ လဲနေသည်ကိုပင် တစ်တိုင်နှစ်တိုင် ရေတွက်ရင်း မရေတွက်နိုင်သည့်အဆုံး ရပ်လိုက်ရပေ၏။

ဝုန်းဒိုင်းကြဲနေတဲ့ မြို့ပျက်ကြီးပေါ်၊
ဓာတ်တိုင် တစ်တိုင်ချင်းကို ဖြတ်ခဲ့၊
ဂျွမ်းစိုက်နေတဲ့ သစ်ပင် တစ်ပင်ချင်းကို ကျော်ခဲ့၊
ကျိုးပဲ့နေတဲ့ တံတားတွေကို ကူးခဲ့၊
မြေပြင်မှာ ဝပ်တွားနေတဲ့ အဆောက်အဦးတွေကို
မျက်နှာလွှဲခဲ့၊
"တို့ ဒီမြို့ပျက်ကြီးထဲကို
ရရာအပေါက်က ဝင်ကြမယ်လေ"

(၂၀၁၀၊မေလ အောင်ပင်လယ်မဂ္ဂဇင်း)

အဲဒီလို နာဂစ်မုန်တိုင်းပေါ် ရွှက်လွှင့်တဲ့ ကဗျာရှည်ကြီး တစ်ပုဒ်ကိုလည်း ရေးဖြစ်ခဲ့သေးပေ၏၊ သို့သော် လည်းပေါ့ မိတ်ဆွေရယ် သောက်စရာရေ မရှိ၊ လျှပ်စစ်မီး မရှိတဲ့ မြို့ပျက်ကြီး၊ ဘယ်ကလာ စာအုပ်ရိုက်ဖြစ်မှာလည်း၊ သန့်စင်ခန်းတောင် တက်စရာမရှိတာ အမြန်တပ်ခေါက်၍ လစ်ခဲ့ရခြင်း ဖြစ်ပေ၏၊ ဟုတ်ကဲ့ ပြောရရင် သည်တုန်းကလောက် အိမ်သာမြင်လို့ ဝမ်းသာတာ ဘဝမှာ တစ်ခါမှမရှိပါဘူး ခင်ဗျာ။

(၈)

သို့ကလိုနှင့် ကျွန်ုပ်သည် ၂၀၁၁-ခုနှစ်မှာ၊ မဂ္ဂဇင်းဘုတ်အုပ်တော်ကြီးတစ်အုပ် ခြေကောက်အယ်ဒီတာလုပ်ဖို့ ကြုံခဲ့ရပြန်ပြီတမဲ့။ ထိုနှစ်သည် ရွှေကျင်ဂိုဏ်းကြီးနှစ်(၁၅၀)ပြည့်သောနှစ်၊ သာသနာ့မော်ကွန်းစာအုပ်ကြီးထုတ်မည် ဖြစ်၏၊ မှတ်တမ်းကျန်စေရန် ဂိုဏ်းသံဃာများ ရည်သန်ကြ၏၊ အစည်းအဝေးများ အကြိမ်ကြိမ်ပြု၏၊ ဆုံးဖြတ်ကြ၊ စာမူတောင်းကြ၊ စာမူရွေးချယ်ကြ၏။

တနေ့ ဓနုဖြူတဖက်ကမ်း စံကင်းရွာ အတုလဂုဏ် ရောင် ဓမ္မာရုံကျောင်း ဆရာတော် ဇယမေဒနီ အရှင် နန္ဒိယမှ ကျွန်ုပ်အား ခေါ်၍ မစိုးရိမ်တိုက်သစ် အဓိပတိ ဆရာတော် ဦးရာဇထံမှ စာမူတောင်းရန် တာဝန်ပေး၏၊ "သူသည် ဆရာတော် ဦးရာဇကို အလွန်လည်း ကြည်ညို၊ အလွန်လည်း လေးစားရုံသာမက ဆရာတော့် အရေးအသားများကို များစွာမှ ကြိုက်နှစ်သက်လှပါကြောင်း" ဆိုမိန့်လာ၏။

ကျွန်ုပ်မှလည်း "သာသနာပိုင်ဆရာတော်ကြီး သဘောထားကကောဘုရား အသိပေးပြီးပြီလား" လျှောက်ခိုက်မှာ "အောင်မာ မင်းက ငါ့ ဆရာလုပ်လို့၊ ဆရာတော်ကြီးက တောင်းပါ၊ ကောင်းပါတယ် ပြောတာပေါ့လက္ခ"ဟု တစ်ချက် မာန်လိုက်မှ ကျွန်ုပ် တုဏှိဘာဝေတမိလို နေလိုက်ရပေ၏။

ဆရာတော် ဦးရာဇကို ကျွန်ုပ်စာမူ မတောင်းဝံ့ပါ၊ မာထန်သော မျက်နှာ၊ ပြတ်တောက်တောက် စကားလုံးတွေကြောင့် ကြောက်ဒူးတုန်လှုပါ၏၊ သို့သော် ရင်းချာလှသော ဒဋ္ဌိမိတ္တစာသင်ဘက် သီတဂူဘုန်းကြီး ဦးကောဏ္ဍညအားကိုဖြင့် တောင်းခဲ့ပါ၏၊ စာမူကားရလာပါပြီ စာမူနာမည်မှာ "နှစ်ပေါင်း(၈၀)ကျော်က သပိတ်မှောက်က"ဟူပါသတဲ့။

ဆရာတော် ဦးနန္ဒိယလက်သို့ စာမူ အပ်လိုက်၏၊ တစ်ရက် နှစ်ရက်စောင့်ရ၏၊ တနေ့ အစည်းအဝေးပွဲမှ ပြန်လာသော ဦးနန္ဒိယမျက်နှာကို စာမေးပွဲဂေဇက် မျှော်သလို ရင်လှုပ်လှုပ် ကြည့်မိ၏၊ "ဘာကြည့်နေတာတုန်းကွ၊ ပယ်သတဲ့ မောင်ရေ၊ မထည့်ရဘူးတဲ့" "ဟာ ဘုန်းကြီး ဘယ်ဖြစ်မှာတုန်း" ဒါ ဘုန်းကြီးတောင်းဆိုလို့ တပည့်တော် တောင်းထားတာ၊ တပည့်တော်တို့ အယ်ဒီတာတွေမှာ ကျင့်ဝတ်ရှိတယ် တောင်းစာမူဆို ဘာရေးရေးကိုယ့်မကောင်းကြောင်း ရေးရင်တောင် ထည့်ရတယ် မပယ်ရဘူး"၊ နောက်ပြီးတော့ တပည့်တော် ကခြောက်ကချွတ် အယ်ဒီတာရဲ့ မာနကိုလည်း ထိခိုက်တယ်၊ "ဘာတုန်းကွ မင်းဟာက" ဘုန်းကြီးဦးနန္ဒိယမှ မေးမြန်းရာ "ဒီလိုပါဘုရား၊ ဘုန်းကြီး ဦးရာဇဆီ စာမူသွားယူတော့ ပြောလိုက်တယ် "ထည့်ရဲမှ ထည့်ပါ၊ မထည့်ရဲလို့ မထည့်ရင်လဲ ကိစ္စမရှိဘူး"တဲ့ ဒါ တပည့်တော်တို့ရဲ့ အယ်ဒီတာမာနကို များစွာ ထိခိုက်စေပါတယ် မဟုတ်ဘူးလား ဘုရာ့" ဦးနန္ဒိယလည်း ခေါင်းငိုက်စိုက်ကျ၍ သွားပေပြီ။

ထို့နောက် ကျွန်ုပ်သည် အယ်ဒီတာတို့၏ ခေါင်းမာသည့် ညှဉ်အတိုင်း ထွက်ပေါက်တစ်ခုကို ချပြလိုက်၏၊ "ဒီလိုရှိတယ် ဘုန်းကြီး၊ ချမ်းအေးဆရာတော်ကြီး ရာပြည့်ပွဲအတွက် ကိုရင်စစ်က စာအုပ်တစ်အုပ် လုပ်ထားတာ

http://www.dhammadownload.com

ရှိတယ်၊ အဲဒီထဲမှာ ကိုရင်စစ်က မေးလျှောက်လို့ ဆရာတော်ကြီး ပြန်ဖြေထားတဲ့ အင်တာဗျူးတစ်ခု ပါတယ်၊ အဲဒီထဲမှာလဲ ဆရာတော်ကြီးက ဒီအကြောင်းအရာကိုပဲ ဒီဘက်ကအမြင်ကို ပြောထားတယ်၊ အဲဒါကို ဒီဆောင်းပါးနဲ့ယှဉ်ထည့်လိုက်ရင် အမှန်ကို လူတိုင်းသိခွင့် ရသွားတာပေါ့၊ ယူချင်တာ ယူပစေလေ၊ တပည့်တော်လည်း အယ်ဒီတာမှတ်ချက် ရေးမယ်" ဤသို့ဖြင့် ခေါင်းမာသူ နှစ်ဦး ပေါင်း၍ စာအုပ်ကြီး ထွက်လာသောအခါ လေးသံမြွားသံတို့ကား တော်တော်နှင့် မစဲ၊ သို့စေကာမူ မှန်ရာလုပ်ဖို့ ဝန်မလေးသော အယ်ဒီတာတို့သည် ထိုလေးသံမြွားသံတို့ကို မဖြုန်၊ နောက်ထပ် ဓာတ်ပုံမှတ်တမ်းစာအုပ်ကြီးတစ်အုပ် ထုတ်ဝေလိုက်ပြန်၏၊ အသံတို့သည် တောအုပ်အတွင်း၌ "ဟေး"ကနဲ အော်လိုက်သကဲ့သို့ ဆင့်ကာဆင့်ကာ ပဲ့တင်ထပ်၍ သွားပေ၏။


တနေ့ စံကင်းဆရာတော် ဦးနန္ဒိယသည် ကျွန်ုပ်ကို ခေါ်၍ (၁၈)ကြိမ်မြောက် ရွှေကျင်သံဃာ့အစည်းအဝေးကြီး ကျင်းပရာ မော်ဘီမြို့ ဆောကိန္နာရာမကျောင်းတိုက်သို့ လိုက်ခဲ့ရမည်ဟု အမိန့်ရှိပေ၏။

သို့ဖြင့် ဘုမသိ ဘမသိ လိုက်ခဲ့ရ၏၊ ပါဒကအစည်းအဝေးနေ့တွင် စံကင်းဘုန်းကြီးသည် နှစ်(၁၅၀)ပြည့် သာသနာမော်ကွန်း စာအုပ်ကြီးကောင်းကြောင်း ရှင်းပြ၏၊ မစိုးရိမ်အဓိပတိဆရာတော်ကြီး၏ စာမူကြီးပါသဖြင့် ပို၍ ထူးခြားပြည့်စုံကြောင်း၊ သမိုင်းမှတ်တမ်းအတွက်လည်း ဓာတ်ပုံများ ဝေဝေဆာဆာမို့ ပိုမိုအဓိပ္ပါယ်ရှိကြောင်း စာတမ်း ဖတ်ကြား၏။


နောက်ထုတ်သည့် ဓာတ်ပုံစာအုပ်ကြီးမှာလည်း "ဓာတ်ပုံတစ်ပုံသည် စာလုံးပေါင်း တစ်ထောင်နှင့် ညီမျှကြောင်း" အဆိုအမိန့်တို့ကို ကိုးကားကာ ကျွန်ုပ်တို့ ထုတ်ဝေသော စာအုပ်များဘက်မှ နေ၍ တတ်သရွေ့ မှတ်သရွေ့ ရှေ့နေလိုက် တွန်ကျူးဘိ၏။

ထိုသို့ စာတမ်းဖတ်ပြီးသကာလ ညနေအခါသမယ၌ ကျွန်ုပ်သည် မှော်ဘီတောတွင်း ဇေတဝန်ကျောင်းတလင်းမှနေ၍ နယောင်ပလယ်လုပ်ခါ ရန်ကုန်ရွှေမြို့တော် ကြီးဆီသို့ လေ၏ လျင်မြန်ခြင်းမျိုးဖြင့် ဝုန်းဝုန်းဒိုင်းဒိုင်း ဒုန်းစိုင်း၍ ပြေးခဲ့လေတော့သတည်း။ (ဤကား အယ်ဒီတာတစ်ဦး၏ ဒုက္ခပေတကား)

ခြေကောက်လိုက်အယ်ဒီတာ



http://www.dhammadownload.com



မစိုးရိမ်ဆရာတော်များနှင့်ငွေစန္ဒာနို့ဆီမိသားစု

လှလှမြိုင် (အောင်ရတနာ)

မစိုးရိမ်ကျောင်းတိုက်ကြီးရဲ့ သာသနာမှာ ကျမတို့ မိဘများဖြစ်တဲ့ ဦးညို+ဒေါ်ညှာ (ငွေစန္ဒာနို့ဆီထောပတ်) မလွန်ထုံးတန်း မန္တလေးက အုတ်တစ်ချပ် သဲတစ်ပွင့် အနေနဲ့ သာသနာ့တာဝန်ကို ဝေယျာဝစ္စပြုခွင့် ကြုံခဲ့ရပါတယ်။

ဆရာတော်ဘုရားကြီးကို အကြောင်းပြုပြီး ဝါဆိုရောက်တိုင်း အလယ်တိုက်ကြီးမှာ မိဘများ လက်ထက်က ရဟန်းအပါး (၃၅၀) ဆွမ်းကပ်ခြင်းအလှူများ အမြဲပြုလုပ်ခဲ့ပါတယ်၊ မစိုးရိမ်ဆရာတော်ကြီးအပေါ် လေးစား ကြည်ညို ချစ်ခင်မြတ်နိုးမှုကလည်း အဖေရင်းလို အမြဲကြည်ညိုလေးစားပါတယ်။

အဲဒီအချိန်တုန်းက အလယ်တိုက်ကြီးမြောက်ဘက် အနောက်ဘက်လေခါး အတက် အနောက်မြောက်ထောင့်မှာ ဆရာတော်ဘုရားကြီးက ဝါးထရံကျောင်းသေးသေးမှာ သီတင်းသုံးနေထိုင်တော်မူပါတယ်၊ ဆရာတော် ဘုရားကြီးရဲ့ကျောင်းကို ရောက်တဲ့အချိန်တိုင်း ဆရာတော်ကြီးက "မောင်ညိုရဲ့ ထောပတ်ဆွမ်းကလွဲရင် ဘယ်ထောပတ်ဆွမ်းကိုမှ မဘုဉ်းပေးတဲ့အကြောင်း" အမြဲမိန့်လေ့ ရှိပါတယ်၊ ဒါ့ကြောင့် ထောပတ်ဆွမ်းကို ဆရာတော်ကြီးအတွက် မိသားစုလိုမျိုး သဒ္ဓါတရားစိတ်နဲ့ အမြဲမပြတ် လှူဒါန်းခဲ့ပါတယ်။

ဆရာတော်ဘုရားကြီး ဦးသူရိယက နွေရာသီရောက်လျှင် ရန်ကုန် ပြည်လမ်းက လူပျံတော်ပတ္တမြားအိမ်မှာ သီတင်းသုံးပါတယ်၊ မန္တလေးက ပူလွန်းလို့ ရန်ကုန်မှာ သီတင်းသုံးတာတောင် မိဘများကတော့ ကြုံလျှင် ကြုံသလို ဆရာတော်ကြီးအတွက် လှူဒါန်းပေးခဲ့ပါတယ်၊ ဆရာတော်ကြီး ရန်ကုန်မှာ သီတင်းသုံးရင် လိုက်ပြီး ပြုစုပေးတဲ့ ဦးကောသလ္လလေးနဲ့ တပည့်တော်တို့ မိဘရင်းသဖွယ် ခင်မင်လေးစားခဲ့ကြပါတယ်။

ကမ္ဘာအေးလှိုက်ဂူတော်ကြီးထဲမှာ ဆဋ္ဌသင်္ဂါယနာတင်တဲ့အချိန်က ဆရာတော်ကြီးဦးသူရိယက လှိုက်ဂူတော်ကြီးထဲမှာ ထီးဖြူတော်(၇)စင်းထဲက မြောက်ဘက်

http://www.dhammadownload.com

ထီးဖြူ အောက်မှာ သီတင်းသုံးတယ်ဆိုတာကို ကလေးဘဝကတည်းက မှတ်မိနေခဲ့ပါတယ်၊

လှိုဏ်ဂူတော်ကြီးရဲ့ အနီး ဆရာတော်ကြီး ဦးသူရိယ သီတင်းသုံးတဲ့ ကျောင်းအောက်မှာ တပည့်တော်တို့ မိသားစု တည်းခိုခွင့်ရပြီး အားလုံး လိုလေသေးမရှိ အဆင်ပြေပါတယ်၊ သင်္ဂီယနာတင်ပွဲ ကြွလာတဲ့ ကမ္ဘောဒီးယား လာအို သီရိလင်္ကာတို့က ကြွလာတဲ့ သံဃာတော်များကို လှိုဏ်ဂူတော်ကြီးအတွင်း ငွေစန္ဒာနို့ဆီ မိသားစုတို့က ဆွမ်းကပ်နိုင်ရန်လည်း စီမံပေးခဲ့ပါတယ်။

ဆရာတော်ကြီး ဦးသူရိယရဲ့ ခန္ဓာကိုယ်က သေးသွယ်တဲ့ခန္ဓာကိုယ်ရှိပြီး အေးချမ်းတည်ငြိမ် ချိုပြုံးတဲ့ မျက်နှာတော်ကြောင့် သိပ်ကို ကြည်ညိုစရာကောင်းတာကို ဖူးမျှော်ခဲ့ရပါတယ်၊ အဲဒီအချိန်တုံးက တပည့်တော်မက ၁၄-နှစ် ၁၅-နှစ်အရွယ်ပါ။ ကျောင်းတိုက်ကြီးထဲမှာ ဗိုလ်ကတော်မျက်ခုံးမွေးအပင်တွေ စိုက်ပြီး စည်းရိုးကာထားပါတယ်၊ ညီညီညာညာဖြတ် လူခါးတစ်ရပ်ထားတဲ့အတွက် ညီညီညာညာနဲ့ စိမ်းစိုပြီး ကျောင်းကြီးတွေနဲ့ ပိုပြီးကြည့်ကောင်းနေတယ်လို့ ထင်မိပါတယ်၊ ကျောင်းထဲဝင်မိရင်လဲ အေးချမ်းကြည်နူးနေမိပါတယ်။

ဆရာတော်ဘုရားကြီးကို အကြောင်းပြုပြီးတော့ အာဂမကျောင်းဆရာတော် ဦးဝိစိတ္တာဘိဝံသကိုလည်း ဆွမ်းချိုင့်ယူ ကိုရင်တစ်ပါးထားပြီး အမြဲကပ်လှူခွင့်ရခဲ့ပါတယ်။

ပဋ္ဌကနယူပဒေသကျောင်းမှ ပဋ္ဌက(၂)ပုံအောင် ဦးဂုဏိယကို ကံထပ်မင်္ဂလာနှင့် ဂုဏ်ပြုချီးမြှင့်ပွဲ ပြုလုပ်ပြီး သံဃာအပါး(၃၅၀) ဆွမ်းကပ်ခဲ့ပါတယ်၊ ထိုပွဲမှာပဲ အလယ်တိုက်ကြီးမှာ သားသုံးယောက်ကို ရှင်ပြုပေးခဲ့ပါတယ်။

ဆရာတော်ကြီး ဦးသူရိယ လွန်တော်မူပြီးနောက်ပိုင်း ဆရာတော်ဦးကောလေး ပျံလွန်တော်မူသည်အထိ လိုအပ်ရာများကို လှူဒါန်းခဲ့ပါတယ်၊ အာဂမဆရာတော် ဦးဝိစိတ္တာဘိဝံသကိုတော့ မိဘလို အမြဲလိုလို ဖူးတွေ့ခွင့်ရပါတယ်၊ တွေ့တိုင်း တွေ့တိုင်း သမ္မုဒ္ဓေ-ဂါထာကို အမြဲရွတ်ဖတ်ပွားများ ခိုင်းလေ့ရှိပါတယ်၊ အာဂမဆရာတော် ဦးဝိစိတ္တာ လွန်တော်မူတော့ အရှေ့တောင်ထောင့်မှာ ရှိတဲ့ သိမ်ကျောင်း(မာဂဓ)ဆရာတော်ကို ဆွမ်းချိုင့်နေ့စဉ် ပို့လှူခဲ့ပါတယ်၊ အလယ်တိုက်ကြီး တောင်ဘက်တံခါး အနောက်ဘက် တစ်တိုက်ကျော်က ဦးကောဝိဒဆရာတော်နှင့်လည်း မိသားစုသဖွယ် ကိုးကွယ်ခဲ့ရပါတယ်၊ အမေဆုံးခါနီးမှာလည်း တပည့်တော်တို့ မောင်နှမကို ဆရာတော် ဦးကောဝိဒထံ အပ်နှံထားခဲ့ပါတယ်၊

မစိုးရိမ်နာယကဆရာတော်များရဲ့ ရိုးသားတဲ့ ဂုဏ်ကို ငွေစန္ဒာမိဘများ အမြဲတမ်း ချီးကျူးလေ့ရှိတဲ့ စကားသံများကို ကြားယောင်နေမိပါတယ်၊



http://www.dhammadownload.com



တပည့်တော်မ မှတ်မိသလောက်ကတော့ တပည့်တော်မရဲ့ ငွေစန္ဒာမိဘများက မစိုးရိမ်ကျောင်းတိုက်ထဲကို အမြဲလိုလို ရောက်ခဲ့ပါတယ်၊ တစ်နေ့တော့ ဆရာတော်ကြီး ဦးသူရိယာဘိဝံသ ဦးသိရိန္ဒာဘိဝံသတို့ မစိုးရိမ်ကျောင်းတိုက်ကနေ မစိုးရိမ်တိုက်သစ်ကို ပြောင်းရွှေ့ဘို့ မြင်းလှည်းတွေနဲ့ ပစ္စည်းတွေ သယ်နေတာကို တွေ့မြင်ရတော့ အမေက "အရှင်ဘုရားတို့! ဘာလုပ်ကြတာလဲ"လို့ လျှောက်ထားတော့ ကျောင်းပြောင်းရွှေ့ဘို့ ပစ္စည်းသယ်နေကြောင်း မိန့်တဲ့အခါ မြင်းလှည်းနဲ့ မတင်စေတော့ဘဲ ကားနဲ့ အခေါက်ခေါက် အခါခါလိုက်ပြီး ပေးပို့ ကုသိုလ်ယူခဲ့ပါတယ်၊ ထိုခေတ်က မြန်မာနိုင်ငံ၌ ကားရှားပါးသော အချိန်မို့ ကားရှိသော မိဘများက ကုသိုလ်ယူနိုင်ခဲ့တာပါ၊ အဲဒီတုန်းက မစိုးရိမ်တိုက်သစ်မှာ သံဃာအပါး (၆၀)ကျော်ပဲ ရှိတယ်လို့ အဖေက ပြောပြပါတယ်။


အဖေဆုံးခါနီးမှာ "ဆရာတော်ကြီး ဦးသူရိယာဘိဝံသ ဦးသိရိန္ဒာဘိဝံသတို့ရဲ့ ပစ္စည်းတွေ ရွှေ့ပြောင်းပေးခဲ့တုန်းက သံဃာ(၆၀)ကျော်သာ ရှိတဲ့ မစိုးရိမ်တိုက်သစ်က အခု သုံးထောင်ကျော် ဖြစ်နေပြီ အဖေ"လို့ ပြောတော့ ဝမ်းသာအားရ ကြည်ကြည်နူးနူး လက်အုပ်ချီပြီး သာဓု သာဓု သာဓု ခေါ်လိုက်တဲ့ အဖေ့အသံတွေကို ယခု စာရေးနေတဲ့အချိန်မှာ ကြားယောင်နေပါတယ်။

တပည့်တော်မများ လက်ထက်ရောက်တော့ နန်းရှေ့မှာ မုန်တိုင်ဓမ္မာရုံဟောင်းကို အသစ်တဖန် တည်ဆောက်ကုသိုလ်ယူပြီး ဝါတွင်းသီတင်းစဉ်တိုင်း တစ်ဦးတည်း ကုသိုလ်ရှင်အဖြစ် ဘုရားအမ ကျောင်းအမ ရဟန်းအမ အောင်ရတနာစိန်ရွှေရတနာရောင်းဝယ်ရေး ဒေါ်တင်အောင်၊ မောင် ဦးအောင်သိန်း + ဒေါ်လှလှမြိုင် မိသားစုတို့က တာဝန်ယူပြီးတော့ တရားပွဲများ ကျင်းပတဲ့အခါ အခြားဓမ္မကထိများနှင့်တကွ မစိုးရိမ်တိုက်က ဦးသာဂရာဘိဝံသ၊ မစိုးရိမ်တိုက်သစ်က ဦးရာဇဓမ္မာဘိဝံသတို့ကို နှစ်စဉ်ပင့်ပြီး တရားနာယူခဲ့ပါတယ်၊ ဆရာတော်ကြီး ဦးရာဇဓမ္မက ငွေစန္ဒာမိဘများက မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးများရဲ့ ပစ္စည်းလိုက်ပို့ပေးသည့် အကြောင်းနှင့် အခြားသော မစိုးရိမ်ကျောင်းတိုက်ကြီးထဲမှာ ကုသိုလ်ပြုခဲ့ပုံများကို တရားပွဲမှာ ထည့်သွင်းပြီး ဟောပြောခဲ့တာကိုလည်း နာယူခဲ့ရလို့ မိဘများရဲ့ကုသိုလ်အတွက် ထပ်ကာထပ်ကာ ပီတိဖြစ်ရပါတယ်၊

မစိုးရိမ်တိုက်သစ် ဆရာတော်ကြီး ဦးရာဇဓမ္မရဲ့ သက်တော်(၈၀)အကြို ပူဇော်ပွဲအတွက် မိဘများပြုလုပ်ခဲ့တဲ့ ကုသိုလ်များ၊ မိမိတို့ ပြုစုခဲ့သော ကုသိုလ်များကို အောက်မေ့ပြီး ယခု ဆောင်းပါးကို ရေးလိုက်ရပါတယ် ဘုရား။

လှလှမြိုင် (အောင်ရတနာ)

http://www.dhammadownload.com



ရဲရဲတောက် သြဝါဒ

အညတရသောတုဇန

http://www.dhammadownload.com

လွန်ခဲ့သော(၅)နှစ်ကျော် (၆)နှစ်ခန့်တုန်းက ၂၀၀၇၊ စက်တင်ဘာ ရွှေဝါရောင်သံဃာ့လှုပ်ရှားမှုဟာ တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့ အလွန်အရှိန်အဟုန် အားကောင်းနေတဲ့ အချိန်ပေါ့၊ မန္တလေးသံဃာထုရဲ့ နှလုံးသားမှာလည်း မေတ္တာတရားတွေ ကိန်းဝပ်၍ ပြည်သူလူထုတွေရဲ့အပေါ်မှာ မေတ္တာဓာတ်တွေ ဖြန့်ကျက်ပို့လွှတ်ပြီး စီတန်းလမ်းလျှောက် ဆန္ဒဖော်ထုတ်နေကြတာ (၃)ရက်မြောက်နေ့ပါ။

ထိုနေ့က မေတ္တာသုတ်ပရိတ်နှင့် မောရသုတ်ပရိတ်တော် ရွတ်ဖတ်သရဇ္ဈာယ်ပြီး စီတန်းလှည့်လည် ဆန္ဒဖော်ထုတ်မည့် သံဃာအများဆုံး အစည်ကားဆုံး ဖြစ်မည့် နေ့ပေါ့၊ အစိုးရစစ်တပ်နှင့် အစွမ်းထက်ပါတယ်ဆိုတဲ့ စွမ်းအားရှင် အစိုးရလက်ကိုင်တုတ်တွေကလဲ ထိုနေ့မှာတော့ အပြင်းထန်ဆုံး ဖြိုခွင်းနှိမ်နှင်းဖို့ရန် စိုင်းပြင်းနေကြတယ်လို့ မျက်မြင်သက်သေတွေက တဆင့် သတင်းသဲ့သဲ့ ကြားနေရတယ်။

ထိုသတင်းဟာ ဆရာတော်ကြီးဆီကို ရောက်သွားတယ်၊ နေ့(၁)နာရီထိုးလို့ သံဃာတွေ စုဝေးကြတဲ့ အခါမှာတော့ ဆရာတော်ကြီးက ဆန္ဒပြမည့် သံဃာတော်များရှိရာ ဒိုင်းဝန်ကျောင်း အတွင်းသို့ ကြွရောက် လာခဲ့တယ်။ (နာယကဆရာတော်များကား တိုက်သစ်အပေါက်နှင့် ဒိုင်းဝန်ကျောင်းတိုက်အပေါက်တို့၌ ရောက်ရှိနေကြသည်)

ဆရာတော်ကြီးကို မြင်တွေ့လိုက်ရသော သံဃာတော်တွေမှာ ကေသရာဇာခြင်္သေ့မင်း ရှေ့ရောက်သည့် သားသမင်ငယ်ပမာ အားလုံးတိတ်ဆိတ် ငြိမ်သက်သွားခဲ့တယ်၊ ထိုအချိန်မှာ ဆရာတော်ကြီးမိန့်လိုက်တဲ့စကားက

"ဟေ့ကောင်တွေ မင်းတို့အားလုံး နားထောင်၊ မင်းတို့ သေမည်မှန်းသိလျက်နှင့် မင်းတို့ အန္တရာယ်ရှိမည်မှန်း သိလျက်နှင့် ငါ မလွတ်နိုင်ဘူးကွ၊ မင်းတို့ သွားချင်ရင် ငါ့ကို သတ်ပြီးမှ သွားကြ၊ ငါ မရှိမှ မင်းတို့ သွားလို့ရမယ်၊ အားလုံး မဟိဒ္ဓိကျောင်းကြီးပေါ် သွားကြ၊ ငါ လာခဲ့မယ်"ဟု မိန့်သည်၊

ကျောင်းကြီးပေါ် ရောက်သည့်အခါ "မင်းတို့ရဲ့ သတ္တိကိုတော့ ချီးကျူးပါတယ်၊ သတ္တိဆိုတာ သုံးသင့်မှ သုံးရတယ်၊ မသုံးသင့်ရင် မသုံးရဘူး၊ ဝင်စတန်ချာခ်ျဟာ ငယ်စဉ်က သတ္တိကို အလွဲသုံးစား မလုပ်ခဲ့လို့ ဝန်ကြီးချုပ်အထိ ဖြစ်သွားတာ၊ ငယ်စဉ် သူ အဖမ်းခံရတုန်းကသာ သတ္တိကို အလွဲသုံးစား လုပ်ခဲ့မယ်ဆိုရင် ဝင်စတန်ချာခ်ျဆိုတာ ဖြစ်မလာနိုင်ဘူး-ဟု ပြောပြပြီး သတ္တိကို အလွဲသုံးစားမလုပ်ဘို့ သံဃာတော်တွေ သြဝါဒပေးတော်မူခဲ့ပါတယ်။

သြဝါဒခံယူပြီးနောက် ကိုယ့်ကျောင်းဆောင် ကိုယ်ရောက်၍ ခေတ္တအနားယူပြီး မကြာမီမှာဘဲ ရဟတ်ယာဉ်တစ်စီး ကျောင်းတိုက်ကြီးပေါ်ကို (၂)ခေါက်လောက် လာပြီး ဝဲပါတယ်၊ သံဃာငယ်များကတော့ ပန်ကာများခေါင်းပေါ် ပြုတ်ကျရင်တော့ဖြင့် ခက်ချေတော့မည်ဟုတွေးကာ ကောင်းကင်သို့ စိုးရိမ်တကြီးဖြင့် ကြည့်နေကြဟန်တူ၏။


ဟိုအရင် ပတ္တနိကုဇ္ဇန (၁၃၅၂-ခု) အရေးအခင်းတုန်းက ရဟတ်ယာဉ်ဝဲပြီး ညရောက်တော့ ကျောင်းတိုက်တွေကို ဝင်စီးပြီး သံဃာတော်တွေကို ထိန်းသိမ်းခဲ့ကြတယ်လို့ ကြားဘူးထားတဲ့ သံဃာတွေဟာ လှုပ်လှုပ်ရွရွနှင့် ဖြစ်ကုန်ကြတယ်၊ ဒါဟာ "စိတ်ပျက်ပြားအောင် လုပ်တဲ့သူတို့ရဲ့ စိတ်ဓာတ်စစ်ဆင်ရေး"ဟု ထင်ပါတယ်၊ ထိုညကဘာမှတော့ အထူးအထွေ ဖြစ်မလာခဲ့ပါဘူး၊ အချို့သံဃာတော်တွေ အိပ်ရေးတော့ အနည်းငယ် ပျက်ကြတာပေါ့။

ချဉ်ရည် ဓမ္မကထိက

ဆရာတော်ကြီးဟာ တရားပွဲတွေမှာ "ငါက ချဉ်ရည် ဓမ္မကထိကကွ"လို့ ကင်ပွန်းတပ် ပြောလေ့ရှိပါတယ်၊ ဘာကြောင့်လဲဆိုတော့ ဝက်သား, ကြက်သားစတဲ့ ဟင်းကောင်းဟင်းလျာတွေ စားပြီးတဲ့အခါမှာ အအီပြေချဉ်ရည်ကို သောက်လေ့ရှိသလိုပါပဲ၊ ဒကာ,ဒကာမ တော်တော်များများဟာ နာမည်ကြီးဓမ္မကထိကတွေ ပင့်မရတဲ့အခါတို့၊ ဒါမှမဟုတ် နာမည်ကြီးဓမ္မကထိကတွေရဲ့ တရားကို နှီးအီသွားတဲ့အခါတို့မှာ တရားပွဲ ပင့်လေ့ ရှိတာကြောင့် ဆရာတော်က ထိုကဲ့သို့မိန့်လေ့ရှိတာဖြစ်ပါတယ်။

ဟေ့ကောင်တွေ
မင်းတို့အားလုံး နားထောင်၊
မင်းတို့ သေမည်မှန်းသိလျက်နှင့်
မင်းတို့ အန္တရာယ်ရှိမည်မှန်း သိလျက်နှင့်
ငါ မလွတ်နိုင်ဘူးကွ၊ မင်းတို့ သွားချင်ရင်
ငါ့ကို သတ်ပြီးမှ သွားကြ၊
ငါ မရှိမှ မင်းတို့ သွားလို့ရမယ်၊
အားလုံး မဟိဒ္ဓိကျောင်းကြီးပေါ် သွားကြ၊
ငါ လာခဲ့မယ်

http://www.dhammadownload.com



အပိုလို ဓမ္မကထိက

အနောက်နိုင်ငံတွေမှာ သာသနာပြုခရီးကြွဘူးတဲ့ ဆရာတော်ဟာ "တခါတရံ ငါက အပိုလို ဓမ္မကထိကကွ" ဟု မိန့်လေ့ရှိပါတယ်၊ အကြောင်းကတော့ နာမည်ကြီး ဓမ္မကထိကတွေကို ပင့်လို့ရတဲ့ အခါမှာတော့ ပိုနေတယ်၊ နာမည်ကြီးဓမ္မကထိကတွေကို ပင့်လို့မရတဲ့အခါ လိုနေပြန်ရောတဲ့၊ ဒါ့ကြောင့် အမေရိကန်မှာရှိတဲ့ အပိုလို အာကာသလွန်းပျံယာဉ်ရဲ့ နာမည်လိုပဲ "ငါက အပိုလို ဓမ္မကထိကကွ"လို့ ဟာသညာဏ်နှောချ မိန့်တော်မူခြင်း ဖြစ်ပါတယ်။

အနှိုင်းမဲ့ ချောင်းဟန့်ပိုင်ရှင်

ဆရာတော်ကြီးဟာ ဆောင်းရာသီရောက်တဲ့ အခါတို့မှာ ဓမ္မသီတဂူကျောင်းမှာ နေ့သန့်ရာအဖြစ် သီတင်းသုံးလေ့ရှိပါတယ်၊ တခါမှာတော့ ဦးပဉ္စင်းတစ်ပါးက ဆရာတော်ကြီး မရှိဘူး၊ အပြင်ကွဲသွားတယ် အထင်နဲ့ ဒုတိယထပ် လှေခါးအတက်လောက်မှာ ဆရာတော်ကြီး ချောင်းဟန့်သံကို အတုခိုးပြီး အခြားသံယာတွေက ဆရာတော်ကြီးထင်မှတ်ပြီး ထိတ်လန့်အောင် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ချောင်းဟန့်လိုက်ပါတယ်၊ ထိုဦးပဉ္စင်းလေးခမျာ သူ့နောက်က ဆရာတော်ကြီး ကပ်လျက်ပါလာသည်ကို မသိပေ၊ ဦးပဉ္စင်းလေးကို ဆရာတော်ကြီး မိန့်လိုက်ပုံကတော့ "ငါ့ချောင်းက အနှိုင်းမဲ့ချောင်းကွ၊ မင်းတို့ အတုခိုးလို့မရဘူး မှတ်ထား"လို့ မိန့်လိုက်တဲ့ အခါမှာတော့ ထိုဦးပဉ္စင်းလေးသည် နောက်လှည့် ကြည့်ပြီး ဆရာတော်ကြီးလဲ မြင်ရော လက်အုပ်လေး ကမန်းကတန်း ချီပြီး ပြေးလေတော့၏၊ ဆရာတော်ကြီးက ဤကဲ့သို့လည်း ကြံကြံဖန်ဖန် မိန့်လေ့ရှိပါတယ်။

တောရွာသာသနာ စိတ်မအေးရှာ

ဆရာတော်ကြီး နွေရာသီကျောင်းပိတ်ခါနီးမှာ မိန့်လေ့ရှိတာကတော့ "မင်းတို့ ရွာကို ပြန်ရောက်တဲ့အခါ ဘာမှမလုပ်ဘဲ အလကား မနေကြနဲ့၊ ကိုယ်က ဘုန်းကြီးဆိုတော့ ရပ်ရွာကို ဦးဆောင်နိုင်ရမယ်ကွ၊ ဒကာ, ဒကာမတွေကိုလည်း ရန်မဖြစ်စေနဲ့၊ ညီညီညွတ်ညွတ်နဲ့ ဖြစ်အောင် ဆောင်ရွက်ကြ၊ ရန်ဖြစ်တယ်ဆိုတာ ကောင်းတာမဟုတ်ဘူးကွ၊ ကုသိုလ်မဟုတ်ဘူး၊ အကုသိုလ်၊ ဒို့နိုင်ငံမှာ အချင်းချင်း ရန်ဖြစ်ခဲ့ကြလို့ မညီညွတ်ခဲ့ကြလို့ မတိုးတက်, မဖွံ့ဖြိုးတာ၊ အချင်းချင်း ညီညီညွတ်ညွတ်နဲ့ ညှိနှိုင်းဆောင်ရွက်မည်ဆိုလျှင် ဒို့နိုင်ငံ တိုးတက်ဖွံ့ဖြိုးမယ်ကွ၊ နောက်ပြီး ရပ်ရွာက ကလေးတွေကိုလည်း ပြစ်မထားနဲ့၊ နွေရာသီကျောင်းပိတ်တဲ့အခါတို့မှာ ယဉ်ကျေးမှု သင်တန်းတွေ ဖွင့်ပြီး သင်ပေးရမယ်ကွ၊ နောက် ကိုယ်က တောရွာတွေကို ပြန်ပြီး ကျောင်းထိုင်ဘုန်းကြီးလုပ်တဲ့ အခါမှာ အနည်းဆုံး အလယ်တန်းအဆင့်လောက်ကိုတော့ အင်္ဂလိပ်စာတို့၊ သခ်ၤာစသည်တို့ သင်ပေးနိုင်ရမယ်ကွ" လို့ မိန့်လေ့ရှိပါတယ်၊ ဤကား မိမိသိသမျှ ဆရာတော်၏ အဆုံးအမများကို တင်ပြခြင်းဖြစ်ပါ၏။

အညတရသောတုဇန
(ဓမ္မဒါယာဒကျောင်းသားဟောင်း)

http://www.dhammadownload.com

၁၈၊ ၉၊ ၁၂-ရက်နေ့က မစိုးရိမ်တိုက်သစ်ရောက်သောအခါ ဓမ္မပါလကျောင်း ဆရာတော် ဒေါက်တာ အရှင်ဓမ္မသီလိတာဘိဝံသက "ကိုယ့်ဒကာ ရောက်လာတုန်း မစိုးရိမ်တိုက်သစ်ကြီးများ၏ ကျေးဇူးတော်ရှင် မဟာနာယကချုပ်ဆရာတော် သက်တော် (၈၀) ပူဇော်ပွဲကို တပို့တွဲလဆန်း (၁၃၊၁၄၊၁၅) နေ့တွေမှာ ကျင်းပမယ်၊ အဲဒီအတွက် ဂုဏ်ပူဇော်အထိမ်းအမှတ် စာအုပ် ထုတ်မယ်၊ တပည့်များ စုပေါင်းရေးတဲ့ စာအုပ်ပေါ့။ ကိုယ့်ဒကာလည်း ပါဝင်ရေးဦးလေ"ဟု အမိန့်ရှိလာပါသည်။

မစိုးရိမ်တိုက်သစ်ဆိုတာ စာသင်သားလောကမှာ အင်မတန်နာမည်ကြီး စာသင်တိုက်ကြီးဖြစ်သည်၊ မင်းကွန်းနေစဉ် ဆရာတော် ဦးဥက္ကံသာဘိဝံသ (ဓမ္မနာဒတိုက်အုပ်)က "ငါ့တပည့် မင်းကွန်းတိပိဋကဓရ ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသဆရာတော်ဟာ တိပိဋကလည်း အောင်ထား, အရွယ်ကလည်း ငယ်သေးတော့ တရားပွဲများ နေ့ညမပြတ် ဟောနေတယ်၊ ဒါကြောင့် စာပေပရိယတ်ဘက်ကို မလှည့်နိုင်ဘူး၊ ငါ့တပည့် မစိုးရိမ်တိုက်သစ်ကို ပြောင်းပြီး စာပေများ လေ့လာသင်ယူပါ၊ မစိုးရိမ်တိုက်သစ်မှာက စည်းကမ်းက သိပ်ကောင်းတာကွ၊ ဘာပဲလုပ်လုပ် ဆရာတော်တွေက ဆရာပီသကြသလို တပည့်တွေကလည်း တပည့်ပီသကြတယ်ကွ"

"မစိုးရိမ်တိုက်သစ် ရောက်တဲ့အခါမှာ စာပေကိုကြိုးစားသင်ယူပါ၊ မိမိအတွက်နဲ့ တိုက်တာနာမည်ပျက်မည့် အလုပ်၊ ဂုဏ်သိက္ခာညှိုးနွမ်းမယ့် အလုပ်ကို အထူး

ကျောင်းထိုင်အသွား မိန့်စကား

နိမလ(ကျောင်းသားဟောင်း)



http://www.dhammadownload.com

ရှောင်ကြဉ်ပါ၊ သာသနာတော်အတွက် အားသွန်ခွန်စိုက်ထမ်းပြီး အလုပ်လုပ်ပါ၊ ကြိုးစားပါ"လို့ ဩဝါဒပေးဆုံးမစကား မိန့်ကြားခဲ့ပါသည်။

ထို့ကြောင့် စာရေးသူလည်း လွန်ခဲ့သော နှစ် ၃၀-ခန့်က မဟာနာယကချုပ်ဆရာတော် ဘဒ္ဒန္တ ရာဇဓမ္မာဘိဝံသ၏ ခြေတော်ရင်းမှာ ပညာသင်ကြားရန် ရောက်ရှိခဲ့ပြီး မူလတန်း၊ ပထမဝင်္ဃတန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း၊ ဓမ္မာစရိယတန်းတို့ကို သင်ယူလေ့လာဆည်းပူခဲ့ရပါသည်။

စာရေးသူတို့နေစဉ် ၁၃၃၉-ခုနှစ် အခါက တစ်တိုက်လုံး ဝါဆိုသံဃာ သုံးရာဝန်းကျင်ခန့် ရှိပါသည်၊ စာပေ ပရိယတ္တိကို သင်ယူရတဲ့ အချိန်အခါမှာ ဆရာတော်၏ ဘုရားရှင်ကို ယုံကြည်ကိုးစား အလေးထားပုံ၊ တစ်နေ့ကို မြတ်စွာဘုရားရှင်အား ပဌာန်းပစ္စယနိဒ္ဒေသဖြင့် သုံးကြိမ် ရွတ်ဖတ်ပူဇော်ပုံ၊ စာသင်သားသံဃာများ စာအံကျောင်း တက်ရာ၌ စာအံ, မအံ၊ အိပ်ငိုက်, မငိုက် အကဲခတ်ပြီး လမ်းလျှောက်ပုံ၊ နေ့(၁)နာရီအချိန် မစိုးရိမ်ကျောင်းတိုက် အလယ်တိုက်ကြီးသို့ တိပိဋကပါဠိ+မြန်မာ အဘိဓာန်ကျမ်းပြုရန် သွားရောက်ပုံတို့ကို တသသပြန်လည် သတိရမိ ပါတော့သည်။

"စည်းကမ်းသည် လူ၏ တန်ဘိုး"ဟူသော စကားအဆိုကို မည်သူမဆို လက်ခံကြသည်မှာ အငြင်းပွါးစရာမရှိ၊ အဖွဲ့အစည်းတစ်ခုဖြစ်စေ ကျေးရွာဖြစ်စေ မြို့ဖြစ်စေ တိုင်းဖြစ်စေ နိုင်ငံဖြစ်စေ ဥပဒေကောင်း စနစ်ကောင်း ရှိလျှင် ကြီးပွားတိုးတက်မည်မှာ အမှန်မလွဲ ဖြစ်ပေမည်၊ ယင်း ဥပဒေကောင်း စနစ်ကောင်း ရှိသဖြင့် မစိုးရိမ်တိုက်သစ် ကြီးပွားတိုးတက် အောင်မြင်သွားခြင်း ဖြစ်ပါသည်။

စာရေးသူသည် မစိုးရိမ်တိုက်သစ်မှ မစိုးရိမ်ကျောင်းတိုက်ကြီးသို့ ပြောင်းရွှေ့ခဲ့သည်၊ ကျမ်းမပြီးမီ အခြေ အနေအရ မိမိရပ်ရွာ ကျောင်းထိုင်ဘို့ ကိစ္စဖြစ်ပေါ်လာသည်၊ ရွာသို့ ကျောင်းထိုင် မသွားခင် "ပြောမှားဆိုမှား ပြုမိမှားတာရှိခဲ့သော် အပြစ်မှ ကင်းလွတ်ရန်, ရွာကျောင်းထိုင်တဲ့အခါ နေနည်းထိုင်နည်းစတဲ့ ဩဝါဒစကားနာယူရန် ဆရာတော်ကြီးထံ သွားရောက် ရှိခိုးဝတ်ပြုသည့်အခါ ဆရာတော်ကြီးက-


"မင်း ကိုယ့်ရွာကို ကျောင်းထိုင်မယ်ဆိုရင် မိဘကို ဂရုစိုက်၊ နေမကောင်း မကျန်းမမာ ဖြစ်တဲ့အခါ ပို ဂရုစိုက်၊ ဆေးဝါးဓာတ်စာ မပြတ်စေနဲ့၊ နေ့စဉ် နမော တဿ မျှားများရွတ်၊ ဘုရားရှင်ကို အားကိုး၊ ဘုရားရှင်က ပစ်မထားဘူး၊ သာသနာတော်အတွက် ကျောင်းသားကိုရင်များ လက်ခံပြီး ပညာသင်ပေး၊ ဆရာ့ကျင့်ဝတ်နဲ့ အညီ ပို့သင့်တဲ့ တပည့်များကို စာသင်တိုက်သို့ ပို့၊ မိမိထံမှာ ခိုင်းကောင်းတိုင်း ခိုင်းမနေနဲ့၊ ပညာရေး, ကျန်းမာရေးကအစ ဂရုစိုက်ပေး" ဆိုတဲ့ ဆရာတော်၏ ဆုံးမစကားက တပည့်၏ သာသနာပြုလုပ်ငန်း ကိစ္စအဝဝကို အဆင်ပြေစေခဲ့ပါသည်။

ဤဆောင်းပါးဖြင့် ဆရာတော်ကြီးအား ရေးသားပူဇော်လိုက်ရပါသည်။

နိမလ(ကျောင်းသားဟောင်း)



http://www.dhammadownload.com



WHAT CONSTITUTES A SCRIPTURAL TEACHER

Trying to know something within and without is painstaking, but even more so is getting someone to know. That is basically the primary requirement of what a teacher is. Whereas the involvement of teachers in everybody's life is immense, a great majority of us have a tendency to downplay their contributions in interpreting our achievements. It is however undeniable that those who can shape and navigate the future of the world are no other than teachers. Lord Buddha Himself was also a teacher par excellence, who clarified the demarcations between right and wrong for the welfare of all beings.

Scriptural teachers and their secular counterparts are roughly similar in that they bear a kind heart toward their pupils. The way they differ is that the former give to train students while the latter take. The only remuneration for teachers of religion is satisfaction and delight in the success of students and nothing more. Student monks are charged no fees for lectures; on them, if successful, are bestowed valuable prizes instead. On the other hand, worldly students must pay plenty of cash for their education. Sometimes religious lecturers may go down so far as to beg learner monks to attend classes regularly because the subject matter to deal with is subtle and elusive. How magnanimous

http://www.dhammadownload.com

they are! Among them outstands the great Venerable Rajadhammabhivamsa, who has been a scriptural lecturer for nearly 50 years. Rather than rushing for fame and money, His Holiness chose to remain a studious teacher at every crossroads. No temptations have ever succeeded in subduing his determination to serve the Order as a lecturer monk.

Malala Yousafzai, a 15-year-old human rights activist girl of Pakistan, wrote in her essay, "No scientist has produced a more powerful weapon...A teacher is the power of the nation." The benefactor Sayadaw generates the power that drives the whole New Masoyein monastery forward, the power that enkindles committed devotion in monks and laity alike, and the power that brings society to light. Whenever and wherever an educated monk comes across with the great monk, the first and foremost exhortation of the Mahathera is always "Teach Dhamma, guy." His tone as usual oscillates between being dictatorial and bluntly cynical, belying his inner humility and compassion.

Around '65 ME, I happened to attend his Silakhanda class, which would be so crowded with students that it was hard to find a one-bottom-free spot. His style of exposition on the etymological formations of the canonical words was clear and concise, compared to other lecturers who are conventionally likely to fumble among various scenarios and get asunder with what is being meant. It was just about the explication of a word in Potthapada Discourse that I was honored to have instruction from him. Nothing trivial was the guideline he highlighted, though: "Never lose sight of what is important and realistic in the milieu of iridescent distractions." And that mantra has ever since been my guiding star of my life, especially so in the dilemmatic situations where I am faced with making crucial decisions.

Now no sooner has the country started rolling on the democracy platform than the racial, ethnical, socio-economical problems come to surface. Accompanying them, threats to the national culture and Buddhism emerge in abundance. Non-Buddhists have been in a hurry to advance their assertive proselytism. It is more demanding to be a Buddhist monk than ever before. Monks can no longer stay put and sit tight, totally oblivious to what is going on around. Knowing the Scriptures alone may not ensure the prosperity at best and survival at worst of Buddhism any more. The circumstances have begun to push the boundaries of what a Scriptural teacher should stand for. More competent and competitive lecturers are increasingly becoming an urgent necessity. The most revered Sayadaw has since long seen the trend coming, and urged from time to time, "Shouldn't you guys enlarge your third eye, shrinking your assholes?" Here again, his drastic admonition goes a long way toward prompting both learners and leaders to brace themselves for challenges to come.

His Holiness has travelled far and wide around the world, and taught his students how important it is to maintain a fresh knowledge as well as how to apply it in the missionary assignments. Offered an opportunity to preach, he will never hesitate to share his Dhamma insights, but emphasis is more often than not on the dynamics of karmic forces: As you sow, so will you reap. As a late septuagenarian expecting his 80th birthday and a nationwide venerated personage, he now wields a tremendous influence in virtually every circle of society. But he continues to be a constantly enthusiastic and punctual lecturer that he always is. At the ceremonies, audience members are his students, just as the learner monks are at the monastery. It seems that he will never fail to lead the 3000 plus Sangha, assemblage of monks, in the evening prayers, at least in the near future. May His Holiness live long and be robust enough to teach as well.

Ashin Silanandabhivamsa
(The Great Masoeyein)
6.1.2013

http://www.dhammadownload.com



သတိတရ သြဝါဒ

ဥယျာဉ်မှူး(ဓမ္မာစရိယတက္ကသိုလ်)

"မကောင်းတဲ့ စနစ်ဆိုးတွေကို ပယ်ပြီး ကောင်းတဲ့စနစ်တွေ အစားထိုးကျင့်သုံးကြ"

၁၉၈၈-နှစ်ဦးပိုင်းက အနေကဇာတင်ပွဲတစ်ခုၭ အောက်ပါအတိုင်း မိန့်ကြားခဲ့ပါသည်။

ပုဂံ ဘုရားပုထိုးစေတီများကြည့်စမ်း အလွန်စနစ်ကျတယ်၊ အုတ်တစ်ချပ်နှင့် တစ်ချက်ကြား အပ်ထိုးမဝင်နိုင်လောက်အောင် စနစ်တကျတည်ဆောက်ထားတယ်၊ ဒါပေမယ့် လျှင်ဒဏ် မခံနိုင်ဘူး၊ ပြိုကျပျက်စီးရတယ်၊ ဒီလိုဘဲ မင်းတို့ မဆလပါတီကို ဘယ်လိုပဲခိုင်ခံအောင် စနစ်တကျ ဖွဲ့စည်းတည်ဆောက်ထားတယ်ဆိုပေမယ့် ပြည်သူတွေရဲ့ ဒေါသဆိုတဲ့ လျှင်ဒဏ်ကို ခံနိုင်မှာ မဟုတ်ဘူး၊ အချိန်မီ ပြုပြင်ကြပါ၊ မကောင်းတဲ့ စနစ်ဆိုးတွေကို ပယ်ရှားပြီး ကောင်းတဲ့စနစ်သစ်တွေ အစားထိုး ပြုပြင်ကြပါ။

ဒီနေရာမှာ မြတ်ဗုဒ္ဓကို အတုယူဖို့လိုတယ်--

မြတ်စွာဘုရားလည်း ဒုက္ကရစရိယာအကျင့် (၆) နှစ် ကျင့်ခဲ့တာပဲ၊ ဒါပေမယ့် ဒီအကျင့်ဟာ အတ္တကိလမထ အကျင့်သာ ဖြစ်တယ်၊ ငါ တကယ်လိုလား မြတ်နိုးတဲ့ သံသရာမှ လွတ်မြောက်ကြောင်း ကိလေသာအနှောင် အဖွဲ့မှ လွတ်မြောက်ကြောင်းမဟုတ်ဘူးလို့ သိရသည်နှင့် တပြိုင်နက် မမှန်ကန်တဲ့လမ်းစဉ်ကို စွန့်ပစ်တယ်။

"၁၉၈၈-ခုနှစ် အထက်ဗမာပြည် ကျောင်းသားများ စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားမိန့်ကြားချက်"

မင်းတို့လူငယ်တွေ စာဖတ်အားမြှင့်ကြဖို့လိုတယ်၊ ခေတ်သစ်စာပေကိုချည်း ဖတ်မနေနဲ့ တကယ် အသိဉာဏ်ကို ရင့်ကျက်စေတဲ့ ခေတ်ဟောင်းစာပေတွေကိုပါ

http://www.dhammadownload.com

လေ့လာ ဖတ်ကြဖို့လိုတယ်၊ တိုင်းပြည်ကို တကယ်ချစ်ပါတယ်ဆိုတဲ့ လွတ်လပ်ရေး ဖခင်ဗိုလ်ချုပ်အောင်ဆန်း တောင်မှ စာပေဗဟုသုတ မပြည့်စုံသေးမှီ ဘုံဘောဘားမားကုမ္ပဏီကို မြန်မာနိုင်ငံတော်ပိုင် ဝယ်ယူဘို့ အစည်းအဝေးတစ်ခုမှာ အဆိုပြု ခဲ့ပုံကို ဒီဒုတ်ဦးဘချိုက စာပေဗဟုသုတ ပြည့်စုံသူ ပီပီ "ကိုအောင်ဆန်း ခင်ဗျားရဲ့ တိုင်းပြည်ချစ်မြတ်နိုးတဲ့ စိတ်ဓာတ်ကို လေးစားပါတယ်၊ ဒါပေမယ့် ဒို့တိုင်းပြည်မှာ ဘုံဘောဘားမားကုမ္ပဏီ တစ်ခုလုံးကို မဆိုထားနဲ့ သူတို့ရဲ့ သစ်လုပ်ငန်းတစ်ခုတည်းမှာ အသုံးပြုနေတဲ့ သက်ရှိသက်မဲ့ ပစ္စည်းအသုံးအဆောင်ကို တောင်မှ ဝယ်ယူနိုင်လောက်အောင် တိုင်းပြည်ဘဏ္ဍာ မရှိသေးကြောင်း ရှင်းပြခဲ့ရတယ်။

"သဘာဝနိုရူတ္တိဉာဏ်ရှင် မင်းကွန်းဆရာတော်"

တစ်ချိန်က (လွန်ခဲ့သော နှစ် (၃၀) ခန့်က) တိနဉက္ကဋ္ဌ မန်းခေတ်ဦးလှရွှေ၏ အလှူရဟန်းခံပွဲတွင် (ဦးဥတ္တရ ရဟန်းခံပွဲ)

ရဟန်းမခံမီ ညနေချိန် မင်းကွန်း ဓမ္မနာဒတိုက် တိပိဋကဓရ ဆရာတော်ဘုရားကြီးထံ မိမိနှင့်မစိုးရိမ် တိုက်သစ်ဆရာတော်တို့ သွားရောက် ဖူးမြော်ခဲ့ကြသည်။ ထိုစဉ်က မင်းကွန်းဆရာတော်နှင့် မစိုးရိမ်တိုက်သစ် ဆရာတော်တို့ လက်ဆုံကျခဲ့တာလေး တင်ပြချင်ပါတယ်။

မစိုးရိမ်ဆရာတော်။ ။ဆရာတော်. . . စာမေးပွဲဖြေဆိုခဲ့တဲ့ သက်တမ်းတစ်လျှောက် အကျအန္တရာယ် လုံးဝမရှိခဲ့ဘူးဆိုတာ မှန်ပါသလားဘုရား။

မင်းကွန်းဆရာတော်ကြီး။ ။ မမှန်ပါဘူး သကျသီဟစာသင်တန်းမှာ တစ်ကြိမ် ကျရှုံးခဲ့ပါတယ်၊ ဂါထာဘာသာရပ်တွင် ၄၉-မှတ်ရတယ်၊ တစ်မှတ်ကလေးနဲ့ကျရှုံးခဲ့တယ်။

မစိုးရိမ်ဆရာတော်။ ။ဂါထာမှာ ၄၉-မှတ်နဲ့ ကျရှုံးတယ်လို့ ဘယ်လိုလုပ် သိရပါသလဲဘုရား။

မင်းကွန်းဆရာတော်ကြီး။ ။တပည့်တော်တို့ရဲ့ခေတ်က အောင်ခဲ့တဲ့ ပုဂ္ဂိုလ်ရော ကျတဲ့ပုဂ္ဂိုလ်ရော ဘာသာစုံ အမှတ် ပေးဇယားနှင့် ဂေဇက်ထုတ်ပြန်တယ်၊ တပည့်တော်က အသင်းကို သွားပြောတယ်၊ ညဝါမှာ အမှတ် (၁၀၀)အပြည့် ရနေတော့ အဲဒီညဝါ အမှတ် (၁၀၀)ထဲက ဂါထာဘာသာသို့ တစ်မှတ်ကလေး ပြောင်းမပေးနိုင်ဘူးလားလို့ သွားပြောသေးတယ်၊ ဒါက ဒကာကြီးတို့ အသင်းကို စောဒက လာတက်တာ မဟုတ်ဘူးနော်လို့ ပြောပါတယ်၊ ဒါပေမဲ့ မရပါဘူး။

မစိုးရိမ်ဆရာတော်။ ။ ဆရာတော် နောက်တစ်ခု လျှောက် ထားချင်တယ်၊ တိပိဋကစာမေးပွဲဖြေဆိုတုန်းက အဘိဓမ္မာ အထက်ပိုင်း အာဂုံရေးဖြေ တစ်နှစ်တည်း ဖြေဆို အောင်မြင်တယ်ဆိုတော့ ပဋ္ဌာန်းအဘိဓမ္မာကို စာမေးပွဲ မပေါ်မီကပင် ကြိုတင် ကျက်မှတ်ထားဘူးပါသလားဘုရား။

မင်းကွန်းဆရာတော်ကြီး။ ။မကျက်ဖူးပါဘူး၊ ပဋ္ဌာန်းကုသလတိက် တစ်ခုကိုပဲ စနစ်တကျ လေ့လာဖူးပါတယ်၊ သဘာဝနိရုတ္တိဉာဏ်ဆိုတာ အလွန် ဆန်းကြယ်ပါတယ် ဘုရား၊ အကြောင်းအရာတစ်ခုကို ဂဃနဏာ သေသေချာချာ သဘောပေါက်နားလည်ရင် ပါဠိဥစ္စတ်တဲ့အခါ မမှားနိုင်တော့ပါဘူး၊ မှားတော့မယ်ဆိုရင် လျှာဖျားက သိတယ်၊ မှားယွင်းတဲ့ ပါဠိအက္ခရာ ဝါကျမျိုးကို လျှာဖျားက လက်မခံပါဘူး (ဤနေရာ၌ မိမိ၏ဆရာဖြစ်သူ မစိုးရိမ် ဆရာတော်မှာ ဘာမှ ဆက်လက် မလျှောက်တော့ပါ မိမိမှာမူကား ကြက်သီး ဖြန်းဖြန်းပင် ထခဲ့ရသည်။


"အစွန်းရောက်တဲ့ လူမျိုးစွဲ ဘာသာစွဲကို အကြောင်းပြုပြီး နိုင်ငံတော်ကို မဖြိုခွဲကြဘို့"

၂၀၁၁- ခု၊ ဇန္နဝါရီ (၁၃)ရက်က စက်ပူ မလေးရှားဓမ္မဒူတခရီးဆက်ကြရာတွင် မွတ်စလင်ဘာသာဝင် ကိုမျိုးအောင်အိမ်၌ ဆရာတော်က အနုမောဒနာတရား ဟောကြားရာတွင် "တချိန်က အိန္ဒိယနိုင်ငံ လွတ်လပ်ရေးရဖို့ ကြိုးပမ်းစဉ်က မဟတ္တမဂန္ဓီကြီးက တိုင်းပြည်ကို ဘယ်လို ပြောခဲ့ဘူးသလဲဆိုတော့. . . "အိန္ဒိယနိုင်ငံသည် ဘာသာအယူဝါဒ အများဆုံး လက်ခံကျင့်သုံးနေတဲ့ နိုင်ငံဖြစ်သလို လူမျိုးပေါင်းများစွာ နေထိုင်တဲ့ နိုင်ငံလည်းဖြစ်တယ်၊ ဒီတော့ မိမိတို့ရဲ့ အစွန်းရောက်တဲ့ နိမ့်ကျတဲ့ လူမျိုးစွဲ, ဘာသာစွဲကို အကြောင်းပြုပြီး အိန္ဒိယနိုင်ငံ တော်ကြီးကို အစိတ်စိတ် အမွှာမွှာဖြစ်အောင် မဖြိုခွဲကြပါနဲ့"လို့ ပြောဆိုခဲ့တယ်၊ လွတ်လပ်ရေးရယူပြီးစ ပထမဆုံး ဝန်ကြီးချုပ်ဖြစ်သူ နေရူးကလည်း အစွန်းရောက်တဲ့ ဝါဒလမ်းစဉ်တွေကို မကျင့်သုံးကြဘို့ ထပ်မံ၍ မိန့်ခွန်းပြောခဲ့တယ်"။

"ဆရာ့မေတ္တာ,ကရုဏာ ဘယ်မှာမေ့နိုင်ရာအံ့နည်း"

၁၉၉၀-ခုနှစ်၊ ပတ္တနိက္ကဒ္ဒေသကို အကြောင်းပြု၍ မစိုးရိမ်တိုက်သစ်သို့ တပ်မတော်အစိုးရ ဝင်ရောက်မည့် နေ့တွင်. . .

http://www.dhammadownload.com



ဆရာတော်။ ။မင်းတို့ကောင်တွေ အန္တရာယ်ကင်း ဘေးရှင်းမည့်နေရာသို့ ရှောင်သွားကြပါ။ ငါက သာသနာတော်မှာ အနှစ်(၃၀)ကျော် သင်ကြားပို့ချပြီးဖြစ်တယ် ဆိုတော့ ငါ့အတွက် ထောင်ထဲရောက်လဲ အများအတွက် လုပ်ခွင့်မရတာပဲရှိမယ်၊ ငါ့ရဲ့ကိုယ်ပိုင်သာသနာအတွက် အရှုံးမထွက်ပါဘူး။

မင်းတို့က အခုမှ နာယကဖြစ်တာ၊ စာချသက် ဆယ်စုနှစ်တောင် မရှိသေးဘူး၊ မင်းတို့မှာ အနာဂတ် သာသနာ အတွက် လုပ်ရမယ့်အချိန်တွေ များစွာရှိသေးတယ်၊ အင်္ဂလန် နန်းရင်းဝန်အက်တလီဟာ ကပ္ပတိန် ဗိုလ်ကြီးဘဝက ရန်သူ တပ်ဖွဲ့၏ ဝိုင်းရံခံခဲ့ရတယ်၊ ရန်သူအင်အား အလွန်များတော့ သူက စဉ်းစားတယ်၊ ရန်သူအား လက်နက်မချဘဲ ရန်သူကိုပြန်တိုက်ရင် အသက်သေမယ်၊ သူရဲကောင်းဘွဲ့ ရကောင်းရနိုင်မယ်၊ သို့သော် မိမိနိုင်ငံတော်အတွက် လုပ်ရမယ့်တာဝန်တွေ များစွာရှိသေးတယ်၊ ငါ အသေခံလို့ မဖြစ်သေးဘူး၊ အချိန်မတန်သေးဘူး၊ သေရမှာ မကြောက်ပေမဲ့ နိုင်ငံချစ်စိတ်ဓာတ်, အများအကျိုး ဆောင်ရွက်လိုသေးတဲ့ ပရဟိတစိတ်ဓာတ်ကြောင့် လက်နက်ချခဲ့တယ်၊ ရန်သူကို ကြောက်လို့ ဒူးထောက်ခဲ့တာ မဟုတ်ဘူး၊ အခုဆိုရင် မင်းတို့မှာ အနာဂတ်သာသနာအတွက် လုပ်စရာများစွာ ကျန်သေးတယ်၊ ဒီတော့ အန္တရာယ်ကင်းတဲ့ နေရာသို့ ထွက်သွားကြပါ။

"သပိတ်ဆိုတာ ဆွမ်းခံစားဖို့ သတ်မှတ်ပေးထားတာ အလှပေးထားတာမဟုတ်"

၂၀၀၀-ပြည့် ဓမ္မာစရိယတက္ကသိုလ် ဓမ္မဒါယာဒ ကျောင်းတော်ကြီး အုတ်မြစ်တော်စိ ပန္နက်တင်မင်္ဂလာ ပြုလုပ်ရာတွင် နိုင်ငံတော် မဟာနာယကဆရာတော်ကြီးများနှင့် နိုင်ငံတော်အကြီးအကဲများပါ တက်ရောက်ကြသည်၊ အခမ်းအနားတွင် ဆရာတော်က အောက်ပါ မိန့်ခွန်း မိန့်ကြားခဲ့သည်။

"ကျုပ်က မောင်သုစိတ္တကို ပြောထားတယ်၊ မင်းက ကိုယ်မွေးထားတဲ့ စာသင်သား တပည့်ရဟန်းသာမဏေတွေကို မဖျက်ဆီးနဲ့၊ ငါတို့တက္ကသိုလ်က ဆွမ်းခံစရာမလိုဘူး၊ အာရုံဆွမ်းနေ့ဆွမ်း ကျွေးနိုင်တယ်ဆိုပြီး သံယာတွေကို မက်လုံးမပေးနဲ့၊ အဲဒီလိုပြောရင် မင်းရဲ့ တက္ကသိုလ်ကို ဆွမ်းခံပျင်းတဲ့ ဦးပဇင်းကိုရင်တွေချည်းရောက်လာကြလိမ့်မယ်၊ ဘုရားက ပဲရိကဿရာ(၈)ပါးတွင် သပိတ်ပရိက္ခရာကို သတ်မှတ်ပေးထားတာ၊ အလှပေးထားတာမဟုတ်ဘူး၊ ခေါင်းဆောင်ဆိုတာ အောက်လက်ငယ်သား တပည့် ပရိသတ်တွေကို မဟုတ်မမှန်သောလမ်းကြောင်းပေါ်သို့ ဘယ်တော့မှ မပို့ဆောင်သင့်ကြောင်း မိန့်ကြားခဲ့သည်။

ဆရာတော် သက်တော် ရာကျော် ရှည်ပါစေ။

ဥယျာဉ်မှူး (ဓမ္မာစရိယတက္ကသိုလ်)

http://www.dhammadownload.com



သာသနာ့ မိုက်သူကြီး

အရှင်ခန္တီစာရာဘိဝံသ

လောကမိုက်သူကြီး

ရွှေပန်းထိမ်လောက၌ လေလွင့်ပျောက်ဆုံးနေသည့် ရွှေမှုန်ရွှေစများကို ပြန်စုယူတဲ့ အတတ်ပညာနဲ့ အသက်မွေးသူကို တစ်ကိုယ်တော် လုပ်စားရင် မိုက်သမားဟုခေါ်ပြီး တပည့်တပန်းနဲ့ လုပ်စားသူကိုတော့ မိုက်သူကြီးဟုခေါ်၏။

မန္တလေး မဟာမုနိဘုရားကြီးက မိုက်ကို နှစ်ပေါင်း (၄၅)နှစ်၊ အကြိမ်ပေါင်း(၄၂)ကြိမ်တိုင်တိုင် ဦးဆောင်ထုတ်ခဲ့တဲ့ မိုက်သူကြီး ဦးမောင်ကြီးဆိုတာ ရှိခဲ့ဘူး၏၊ သူသည် နှစ်စဉ်ဘုရားကြီးက မိုက်ကို တပည့်မိုက်သမား ငါးယောက်နဲ့ ပြာသို, တပိုတွဲလတွေမှာ မိုက်ထုတ်၏၊ သူထုတ်တဲ့ ဘုရားကြီးမိုက်ဟာ နှစ်စဉ် ရွှေတစ်ပိဿာကျော် ထွက်လေသည်။

ဘုရားကြီးမိုက်

ဘုရားကြီးမိုက် ဆိုတာလဲ အထူးအဆန်းတော့ မဟုတ်၊ နေ့စဉ် ကုသိုလ်ရှင်တွေ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးကို ရွှေသင်္ကန်းကပ်လှူသည့်အခါ ကပ်လှူ

http://www.dhammadownload.com

ပြီးသား ရွှေဆိုင်းစာရွက်ကလေးတွေ၊ ရွှေသင်္ကန်းကပ်လှူသည့်အခါ တစ်ခါတစ်ခါ အဆင်မပြေလို့ မကပ်တဲ့ ရွှေချပ်လေးတွေကို ဖိကပ်ပေးရတဲ့ ဝါဂွမ်းကလေးတွေ၊ ရွှေစလေးတွေ ပေရေနေတဲ့လက်ကို သုတ်ထားသည့် ဖျင်လက်သုတ်ပဝါလေးတွေ၊ နေ့စဉ် ရွှေမကပ်ခင် ရွှေကပ်အောင် သုတ်ပေးထားရတဲ့ သစ္စေးဒုတ်တံကလေးတွေ၊ ပလွင်ပေါ် ပလွင်အောက်က မြေမှုန့်ကလေးတွေပေါ့။ ဒီအမှိုက်တွေကို တစ်နှစ် ပြည့်သည့်အခါ မိုက်ထုတ်မည့် မိုက်သူကြီးထံ ချိန်ခွင်နှင့် ချိန်တွယ်ပြီး ဂေါပကအဖွဲ့က မိုက်ထုတ်ဖို့ရန် အပ်နှံရလေသည်။ (မိုက်ထုတ်သည်ဟူသည် အမှိုက်က ရွှေကို ပြန်ထုတ်ခြင်းကိုဆိုလိုသည်)

အမှိုက်က ရွှေထုတ်ပုံ

မိုက်သူကြီးသည် တပည့်မိုက်လုပ်သားများနှင့် ရွှေဆိုင်းစက္ကူ၊ ဝါဂွမ်း၊ လက်သုတ်ပုဝါ၊ ဒုတ်တံနှင့် မြေမှုန့်ဆိုတဲ့ အမှိုက်တွေကို သူ့ခွက်နဲ့သူထည့်ပြီး ပထမမီးရှို့၏၊ မီးရှို့ပြီးလျှင် ပြာဖြစ်အောင် မွှေဆွေပေးရ၏၊ ပြာဖြစ်ပြီးလျှင် ပြာဖြူဖြစ်လာအောင် အကုန်လုံး ဒယ်အိုးထဲထည့်ပြီး ထပ်လှော်ရ၏၊ ပြာဖြူဖြစ်သွားမှ ယင်းပြာဖြူကို ခဲမှုန့်ရယ် ခဲချော်ရယ် လက်ချားရယ် ဒီလေးမျိုး အချိုးကျ ရောစပ်ပြီး ရေနဲ့ အနေတော်ဖြစ်အောင် သမယူရ၏၊ ထပ်ထပ်ကလေးဖြစ်နေအောင် နယ်ပေးရ၏၊ ယင်းကိုမှ ပေါင်းအိုးထဲထည့်ပြီး လျှပ်စစ်ပန်ကာဖိုနှင့် ကျိုလိုက်လျှင် ခဲချောင်းတွေ ဖြစ်လာတော့၏၊ ယင်းခဲချောင်းကို လုံထဲထည့်ပြီး မီးနဲ့ကျိုသည့်အခါ ထည့်ထားသည့်ခဲတွေက ချော်ဖြစ်ပြီး ထွက်ကုန်၏၊ အောက်ဆုံးမှာ ခဲအနည်းငယ်သာကျန်တဲ့ ရွှေတွေထိုင်ကျန်နေရစ်ခဲ့၏၊ ဒီအဆင့်ရွှေကို ပန်းထိမ်လောကအခေါ်အရ မကျွတ်ရွှေဟုခေါ်၏၊ ယင်းမကျွတ်ရွှေက ခဲပါသေးသည့်အတွက် ၎င်းရွှေကို ဘော်နှစ်ဆခွဲလောက်နဲ့ ကြေးနည်းနည်းရောစပ်ပြီး လုံထဲထည့် အရည်ထပ်ကျိုရ၏၊ ယင်းအရည်ကိုမှ ရေပုံးနက်နက်ကြီးထဲ ကြွက်မြီးတန်းလောင်းချလိုက်လျှင် ရေထဲမှာ ပေါက်ပေါက်ပွင့်ကလေးတွေလိုဖြစ်လာ၏၊ ဒါကို ရေဆေးပြီး ငရဲမီးနှင့် မီးဖိုပေါ်တင်ပြီး ထပ်ကျိုရ၏၊ ထည့်ခဲ့တဲ့ ဘော်တွေကို ငရဲမီးနဲ့ တိုက်စားပြစ်တဲ့သဘောဖြစ်၏၊ ပြီးလျှင် ရေဆေး၏၊ ဆေးလိုက်သည့်ရေက စိမ်းဖန့်ဖန့်ကလေး ထွက်နေသမျှ ရွှေမှုန့်ကလေးတွေက နီကျင်ကျင် ကာဖီရောင် ဖြစ်မလာသေးသမျှ ရေဆေးလိုက် ငရဲမီးဖြည့်ပြီး ထပ်ကျိုလိုက် လုပ်ရ၏၊ ကာဖီရောင် ပေါက်လာရင်တော့ ရပ်၊ ယင်းကို မီးသွေးဖိုပေါ်တင်ပြီး လှော်လိုက်လျှင် ဝင်းစက်နေသည့် ရွှေဖြစ်လေတော့သည်။ (လူထု ဒေါ်အမာ၏ "မန္တလေးသူမန္တလေးသားများ" စာအုပ်မှ)

ရွှေကို လက်ကောက် လက်စွပ် နားဆောင်းစတဲ့ ရွှေအထည်ဖြစ်အောင် ထပ်လုပ်သည်မဟုတ်၊ အမှိုက်ထဲက ရွှေကို ထုတ်ယူတာဖြစ်သည့်အတွက် ဘယ်လောက် အချိန်ယူပြီး မည်မျှပင်ပန်းဆင်းရဲသည်ကို သိအောင် တင်ပြလိုရင်းဖြစ်၏၊ လောကမှာ ပင်ပန်းဆင်းရဲကြီးစွာ လုပ်ယူမှ ရွှေဖြစ်နိုင်မည့် အမှိုက်မျိုးကို(သိသူ, ပင်ပန်းဆင်းရဲခံချင်သူမှ တပါး) မည်သည့်နေရာ, မည်သူ တစ်ဦးတစ်ယောက်ကမျှ လက်မခံချင်ကြသလို တန်ဘိုးလည်း မထား၊ နှစ်လည်း မနှစ်သက်၊ မြတ်လည်း မမြတ်နိုး တတ်ကြဘဲ ဖြစ်ပြီးသားဝါဝင်းနေသည့် ရွှေထည်ကလေးများကိုကား "လာပါ လာပါ"ဟု လက်ယပ်ခေါ်နေသည့် အလား နေရာတိုင်းက လက်ခံချင်သလို လူတိုင်းလည်း တန်ဘိုးထား, နှစ်သက်, မြတ်နိုးတတ်ကြသည်မှာ လောကသဘာဝဖြစ်စဉ်ကြီး တစ်ခုကဲ့သို့ ဖြစ်နေသည်သာတည်း။

သာသနာ့အမှိုက်ပုံ

ကျွန်ုပ်တို့ ဆရာတော်သည် မြန်မာပြည်တစ်လွှားက လေလွင့်လာတဲ့ အမှိုက်တွေကို မိုက်လုပ်သားနာယက စာချအဖွဲ့နှင့် ရွှေဖြစ်အောင် နေ့စဉ်စာချအတတ်ပညာဖြင့် မိုက်ထုတ်ရင်း သာသနာပြု အသက်မွေး၏၊ ယင်းအမှိုက်တွေကား ရွှေဖြစ်မည့် အမှိုက်တွေပါသလို ရွှေလုံးဝမဖြစ်နိုင်သည့် အမှိုက်များလည်း ပါ၏၊ သာသနာ့လောကက ယင်းအမှိုက်တွေကို ဦးဆောင်ပြီး မိုက်ထုတ်တဲ့အတွက် ဆရာတော်ကို သာသနာ့မိုက်သူကြီးဟု တင်စားခေါ်ဝေါ်လို၏။

မှန်၏၊ မြန်မာပြည်တစ်လွှားက လေလွင့်လာပြီး မည်သည့်အမှိုက်ပုံကမျှ လက်မခံချင်တဲ့ ကျိုးသည်ဖြစ်စေ ကန်းသည်ဖြစ်စေ ရွဲသည်ဖြစ်စေ စောင်းသည်ဖြစ်စေ အကျည်းတန်သည်ဖြစ်စေ မဲသည်ဖြစ်စေ အယုတ်အလတ်အမြတ်မရွေး စာသင်သားအမှိုက်မှန်သမျှကို သကျသီဟရွှေ စေတိယင်္ဂဏရွှေ ဓမ္မာစရိယရွှေ စသည်ဖြင့် အရည်အသွေးအားလျော်စွာ ရွှေအမျိုးမျိုး ဖြစ်အောင် မိုက်ထုတ်ပေး၏၊ ယုတ်စွအဆုံး ထီးထမ်းလမ်းလျှောက်နေသည့် စာသင်သား အမှိုက်ကလေးတွေ

http://www.dhammadownload.com

ကိုပင် အမှိုက်ဘဝမှ ကင်းလွတ်စေပြီး နေရာဒေသ အသီးသီးမှာ သာသနာပြု အာဇာနည်သူရဲကောင်းများ ဖြစ်နိုင်ရန်နှင့် လက်ခံထားလျှင် တစ်နေ့တစ်နာရီ စာကျက်အုံးတော့ တစ်နာရီစာ ကုသိုလ်ရစေရန်ဟူသော ရည်ရွယ်ချက်မျိုးစုံနှင့် အမှိုက်ဟူသရွေ့ လက်ခံထားသည်က "မစိုးရိမ်သာသနာ့အမှိုက်ပုံကြီး"ပင်တည်း။

အမှိုက်ကို ရွှေဖြစ်အောင်လုပ်တော့ ကြာတာပေါ့

ဆရာတော်သည် ယင်းအမှိုက်ပုံကြီးထဲမှ အမှိုက်တွေကို နေ့စဉ် မိုက်ထုတ်နေသည့်အတွက် မိုက်ထုတ်ပညာ ကျွမ်းကျင်၏၊ နာမည်ရ၏၊ လုပ်လျှင် ရှင်းသလို ပြောလျှင်ပြတ်သား၏၊ စာချသည့်အခါမှာ မချဘူးသည့် စာဝါဟူ၍ မရှိသလောက် ရှား၏၊ ချလျှင်လည်း မခုန်မကျော်ပဲ ပလွင့်ပေါက် ချလေ့ရှိ၏၊ ဘာသာရေး ဖြစ်စေ လူမှုရေးဖြစ်စေ နိုင်ငံရေးဖြစ်စေ အရာရာတိုင်းမှာ မှန်ကန်သည့်ဘက်မှ မားမားမတ်မတ် ရပ်တည်၏၊ စာမျိုးစုံ ဖတ်ရှုလေ့လာထားသည့်အတွက် လောကီလောကုတ် ဗဟုသုတစုံလင်လှ၏၊ စကားလည်း အလွန်တတ်၏၊ မည်မျှ ပရိသတ်များသည်ဖြစ်စေ ဘယ်လောက် ရာထူးအာဏာ ကြီးသည်ဖြစ်စေ မကြောက်မရွံ့ ပြောရဲဆိုရဲရှိ၏၊ တစ်ဘက်သားက မည်သည့်ရည်ရွယ်ချက် သဘောထားမျိုးနှင့် မေးလာသည့် မေးခွန်းကို ဖြစ်စေ ချက်ချင်း ပြန်လည်ချေပ ဖြေရှင်းတတ်၏၊ တစ်ခါက ဆွမ်းစားတစ်ခုမှာ ဒကာတစ်ယောက်က မေးမြန်းသည်ကို ဖြေသည်ဟု ကြားဘူး၏၊ ထိုဒကာသည် မည်သည့် ကျောင်း မည်သည့် ဆရာတော်ကို ကိုးကွယ်သည်ဟု ကျွန်ုပ်မသိ၊ သိဖို့ရန်လည်း စိတ်မဝင်စား၊ ယင်းဒကာ မေး၍ ဆရာတော်ဖြေသည်ကား ဤသို့တည်း။

ဒကာ။ "ဆရာတော် အချို့ကျောင်းတိုက်တွေက ဘယ်စာမေးပွဲမှာ ဘယ်လောက်စာရင်းသွင်းလျှင် မည်မျှ အောင်တယ်၊ ဆရာတော့်တိုက်ကျတော့ စာရင်းသွင်းတော့ အများကြီးဖြစ်သည့်အပြင် အောင်လာတော့လည်း အင်မတန် နည်းလွန်းတယ်၊ အဲဒါ ဘာကွာခြား သွားပါသလဲဘုရား"ဟု မေးလျှောက်၏။


ထိုအခါ ဆရာတော်က " အေး ဒို့က အမှိုက်ကို ရွှေဖြစ်အောင်လုပ်ရတာဆိုတော့ ကြာတာပေါ့၊ သူများတွေက ရွှေကို ရွှေဖြစ်အောင် ထပ်လုပ်တာဆိုတော့ မြန်တာပေါ့ကွ"ဟု ချက်ချင်းပြန်လည်ဖြေဆိုခဲ့ရာ ထိုဒကာသည် ပါးစပ်အဟောင်းသားနဲ့ ကျန်ရစ်ခဲ့လေသည်၊ မှန်ပေသည်၊ ကျွန်ုပ်ကဲ့သို့ အရမ်းခေါင်သည့် နတ်မောက်, ဖျောက်ဆိပ်ပင်ဆိုတဲ့ တောရွာ စာသင်တိုက်လေးမှ လေလွင့်လာသော အလွန်အကျည်းတန်သည့် အမှိုက်စုတ်ကလေးကိုတောင်မှ ရွှေဖြစ်အောင် အချိန်များစွာ ယူပြီး မိုက်ထုတ်ပေးခဲ့သည်မဟုတ်လော။

မစိုးရိမ်ဆိုတာ ကြော်ငြာဘို့ ဝါသနာမပါ

သာသနာ့မိုက်သူကြီးဆရာတော် ဦးဆောင်၍ ထုတ်ပေးလိုက်သည့်အတွက် မစိုးရိမ်မိုက်မှ ရွှေဖြစ်နေကြသူများ၊ ရွှေမဖြစ်တောင် လှပတဲ့ အရောင်အသွေးမျိုးစုံနဲ့ သာသနာပြုနေကြသူများ ပြည်တွင်းရော ပြည်ပမှာပါ နေရာဒေသ အနှံ့အပြား အလုပ်လုပ်နေကြပုံကို ဉာဏ်မျက်စိဖြင့် မြင်တတ်ကြည့်တတ်ကြပါလျှင် မစိုးရိမ်မိုက်သည် ရွှေမည်မျှထွက်အောင် ထုတ်နိုင်သည်၊ သာသနာပြု အာဇာနည်သူရဲကောင်းများ ဘယ်ရွှေဘယ်မျှ ထွက်အောင်လုပ်နေသည်ဟု ကြေညာမောင်းခတ်နေစရာမလို၊ မစိုးရိမ်၏ဝါသနာ မစိုးရိမ်၏ဓလေ့ မစိုးရိမ်၏ထုံးစံ မစိုးရိမ်၏စရိုက်အရ မည်သည့်အခါမျှ ကြေငြာမောင်းခတ်နေမှာလဲမဟုတ်၊ ဝါသနာမပါပေမဲ့ ကျွန်ုပ်အနေနဲ့ ကြေညာချင်တာ တစ်ခုကတော့ လောကမိုက်သူကြီးက ရွှေဖြစ်မည့်(ဝါ) ရွှေပါမည့် အမှိုက်ကိုသာ မိုက်ထုတ်ချင်ကြပေမဲ့ မကြာခင် သက်တော်(၈၀) ပြည့်တော့မည့် သာသနာ့လောကက ကျွန်ုပ်တို့ ဆရာတော် မိုက်သူကြီးကတော့ သူရဲ့အသက် ရှစ်ဆယ် ပြည့်မှာကို တောင် သူသတိမထားမိ၊ မစိုးရိမ်သာသနာ့ အမှိုက်ပုံထဲက မိုက်တွေကို ရွှေဖြစ်တာ, မဖြစ်တာ သူ မမျှော်လင့်၊ ဘယ်သူတွေ ဘာပြောပြော ဘယ်လိုဖျက်ဖျက် သူ ဂရုမစိုက်၊ သူ့တပည့် နာယကစာချ မိုက်လုပ်သားတွေနဲ့ "ဘယ်ချိန်သေပျောက် ငါမကြောက်" ဆိုတဲ့ သူဟောနေကျ တရားအတိုင်း သေခြင်းတရားကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ဖို့ ရွှေဆက် ဆတက်ထမ်းပိုး မိုက်တွေ ထုတ်နေအုံးမှာတော့ သေချာသည်ဟု ကြေညာရင်း . . ။

အရှင်ခန္တီစာရာဘိဝံသ
ဓမ္မကာမ၊ မစိုးရိမ်တိုက်သစ်

http://www.dhammadownload.com



ကျွန်တော်၏ ဆရာ

ရှင်မြတ်မြတ်

တစ်ရက်တွင် မိတ်ဆွေတစ်ယောက်ထံမှ "ဗုဒ္ဓဘာသာသည် အကောင်းဆုံးဘာသာ" ဆိုသော ကြေညာစာတမ်း တစ်ထပ်ကြီး ရပါသည်၊ ထိုမိတ်ဆွေက "အဲဒီစာရွက်တွေကို အားလုံးသိအောင် ဖြန့်ချင်တာ" ဟုပြောပါသည်၊ အဲဒီလိုဖြန့်ဖို့ဆိုရင် မစိုးရိမ်တိုက်သစ်က ဆရာတော် ဦးရာဇဓမ္မထံ သွားကပ်ရရင် အဆင်ပြေမှာပဲဟု တွေးမိပါသည်။

ထို့ကြောင့် သူငယ်ချင်းတစ်ယောက်ကို "ငါ ဘုန်းဘုန်းဦးရာဇဆီ ဒီစာရွက်တွေ သွားကပ်မလို့ လိုက်ဖူးမြော်အုံးမလား"ဟု အဖော်ခေါ်ရာ သူငယ်ချင်းက "ဘုန်းဘုန်းနဲ့ ခင်သလား"ဟု မေးပါသည်၊ ဘုန်းဘုန်းနှင့် တစ်ခါမှ စကားမပြောဘူးပါ၊ ဘုန်းဘုန်းလို နာမည်ကြီး ဆရာတော်ကြီး တစ်ပါးကို ချဉ်းကပ်ရဲဖို့ဆိုတာ မလွယ်ကူပါ၊ ဘုန်းဘုန်း၏ အရှိန်အဝါက ကြီးလွန်းလို့ပါ။

သို့ပေမဲ့ ဒီလောက် ထက်မြက် ဒီလောက် နာမည်ကြီးသည့် ဆရာတော်ကြီးအား ဖူးမြင်ချင်စိတ်က များသည့်အတွက် တစ်ရက်မှာတော့ ဘုန်းဘုန်းဆီ ရောက်သွားပါသည်၊ စိတ်ထဲမှာတော့ ခပ်ကြောက်ကြောက်နဲ့ရယ်ပါ၊ ဘုန်းဘုန်းက ငေါက်လွှတ်ရင် ဘယ်အပေါက်က ပြေးရမလဲဆိုတာ တစ်ခါထဲ မျက်စိထဲမှာ ရှာကြည့်ထားရပါသည်၊ သို့ပေမဲ့ ဘုန်းဘုန်းနှင့် စကားပြောကြည့်သောအခါ ကြောက်စရာမကောင်းမှန်း သိရပါသည်၊ ဘုန်းဘုန်း၏ ပုံပန်းသဏ္ဌာန်မှာ မျက်နှာတော်တွင် တုံးသည့် အသည့် ထုံသည့် အရိပ်အယောင်

http://www.dhammadownload.com

စိုးစဉ်းမျှမရှိပါ၊ ထက်မြက်ထူးချွန်ပြီး သြဇာအပြည့်မာန်အပြည့်နှင့် ဥပဓိရုပ်မျိုးရှိပါသည်၊ သြော် မစိုးရိမ်တိုက်သစ်ကြီး(၃)တိုက်တို့၏ အဓိပတိမဟာနာယကဆရာတော်ကြီးဆိုမှတော့ ဒီလိုသြဇာမျိုး ဒီလိုမာန်မျိုးရှိတော့မပေါ့ဟု တွေးမိပါသည်။

ထိုအခါမှစ၍ ဘုန်းဘုန်းထံသို့ မကြာခဏရောက်ပါသည်၊ ဘုန်းဘုန်း၏ ထူးခြားချက်မှာ လုံးဝအားမနာတတ်ပါ၊ မည်သို့သော ပုဂ္ဂိုလ်မျိုး လာရောက်ဖူးမြော်သည် ဖြစ်စေ မကြောက်မရွံ့ မှန်ရာကိုသာအမိန့်ရှိတော်မူတတ်သည်၊ ဒကာဒကာမများက လှူဒါန်းရာတွင်လည်း မလိုအပ်သော လှူဒါန်းမှုမျိုးကို လက်ခံတော် မမူချေ၊ ဘုန်းဘုန်းသည် စိတ်ကို ရှင်းလင်းစွာနေတတ်ပါသည်၊ "ဘာရောဂါဖြစ်လို့ပါ"ဟု ငြီးညူသံမကြားရဘူးပါ၊ ဘုန်းဘုန်းသည် ကျန်းမာရေး ကောင်းအောင် အမြဲ လမ်းလျှောက်လေ့ရှိသည်၊ ထို့ကြောင့် ဘုန်းဘုန်းကို ကြည့်ရသည်မှာ သက်တော်(၈၀)အရွယ်ဟု မထင်ရပါ၊ အမြဲ ပေါ့ပါးသွက်လက်နေပါသည်၊ ကျွန်တော်တို့အတွက် အတုယူစရာအချက် ဖြစ်ပါသည်။

ဘုန်းဘုန်းသည် ကျွန်တော်တို့အား သူ၏ မြေးများကဲ့သို့ ပြောဆိုဆက်ဆံတတ်ပါသည်၊ ကျွန်တော်တို့ စကားပြောသည့်အခါ ကလေးစကားရယ်လို့ နှစ်နှစ်ခြိုက်ခြိုက်ရယ်မောနေတတ်ပါသည်၊ ကျွန်တော်တို့အား "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" ဟူသော ဘုရားရှိခိုးကို နေ့စဉ် အမြဲရွတ်ရန် ဆုံးမပါသည်၊ ဒီလို အမြဲရွတ်ရင် ဘာဝနာ ကုသိုလ် ဖြစ်တယ်၊ ဘာဝနာကုသိုလ်ဆိုတာ ဒါန သီလ ကုသိုလ်တို့ထက်မြတ်တယ်၊ ဒီလို ရွတ်ခြင်းအားဖြင့် ပိုက်ဆံမကုန်ဘဲ ကုသိုလ်ရတယ်ဟု ဆုံးမပါသည်။

ဘုန်းဘုန်းကို တစ်ခါတစ်ရံ ကျွန်တော်တို့က စာဖတ် ပြရပါသည်၊ ဘုန်းဘုန်းသည် ကျွန်တော်တို့ စာဖတ်ပြသည်ကို နားထောင်၍ မှတ်သားထိုက်သည့် အချက်လက်သို့ ရောက်သောအခါ စာပို့ဒ်၏ဘေးတွင် မျဉ်းတားစေ၍ စာမျက်နှာနံပါတ်ကို စာအုပ်၏ နောက်ကျောတွင် မှတ်စေပါသည်၊ သြော် ဒီလို စာဖတ်နည်းဖြင့် စာဖတ်၍လည်း ဖတ်သည့်အကြောင်းအရာကို သေချာရှင်းလင်းစွာ သိခြင်းပါပေ၊ ဒီအချက်သည်လည်း ကျွန်တော်တို့အတွက် စာဖတ်နည်းလမ်းကောင်း တစ်ခုအဖြစ် မှတ်သားရပါသည်။


"ဒီကလပ်တို့ ကင်ဒေယျံတို့လို သဘောထားကြီးရင် ကောင်းမှာပဲ၊ ဒီကလပ်လည်း သဘောထားကြီးပါတယ်၊ ဟုတ်လား ဘာဖြစ်လို့တုန်း၊ သဘောထားကြီးလို့မို့ မင်ဒဲလားတို့ဘာတို့ ဖြစ်လာတာပဲဟုတ်လား၊ ကင်ဒေယျံလည်း သဘောထားကြီးပါတယ်၊ ဘယ်လိုသဘောထားကြီးသလဲ၊ သူ့ကို သတ်ပစ်ဖို့ ကြံစည်တဲ့ ပုဂ္ဂိုလ်တွေတောင်မှ သူသမ္မတဖြစ်လာတော့ အဲဒီပုဂ္ဂိုလ်တွေကို ဘာမှအရေးမယူဘူး၊ အဲဒီလောက် သဘောထားကြီးတယ်" ဆိုသည့် ဒေါ်အောင်ဆန်းစုကြည်အား လွန်ခဲ့သော ဆယ်နှစ်က ပေးသောဩဝါဒကို ဖတ်ရဖူး၏၊ ဒီဩဝါဒကို ဖတ်ပြီး ဘုန်းဘုန်း၏ အမြော်အမြင်ကြီးမှု သဘောထားကြီးမှု ရှေ့ကို ကြွမြင့်မှုစသော ဘုန်းဘုန်း၏ ဉာဏ်တော်အား အကြိမ်ကြိမ် ဦးချမိပါသည်။


မစိုးရိမ်တိုက်သစ် ကျောင်းတိုက်ကြီးသည် သာသနာ့အာဇာနည်များ မွေးထုတ်ပေးရာ ကျောင်းတိုက်ကြီးဖြစ်သည်၊ မစိုးရိမ်တိုက်သစ်ကြီးမှ ပရိယတ် အကျော်အမော် ဆရာတော်များစွာ ပေါ်ထွက်လာပြီးပါပြီ၊ နောင်တွင်လည်း ပေါ်ထွက်နေဦးမည်သာ၊ မစိုးရိမ်တိုက်သစ်ကျောင်းတိုက်ကြီးမှာ မိမိတို့ မန္တလေးမြို့ အတွက်သာမက မြန်မာတစ်နိုင်ငံလုံးအတွက် ဘာသာရေး သာသနာရေး စောင့်ရှောက်မှု, လူမျိုးရေး စောင့်ရှောက်မှုများကို ပေးပါသည်၊ စစအရေး အခင်းမှသည် ရွှေဝါရောင် သံဃာ့အရေးအခင်းအထိ ကြည့်ပါ၊ မစိုးရိမ် တိုက်သစ်ဆရာတော်ဘုရားကြီး၏ စောင့်ရှောက်မှု ကာကွယ်မှုကြောင့်သာ မန္တလေးမြို့ အထိမနာခြင်း ဖြစ်ပါသည်။


ဒီလို အမြော်အမြင်ကြီးသော မှန်ရာကို မကြောက်မရွံ့ ပြောတတ်သော တရားအသိနှင့် ပြည့်ဝသော ဆရာတော်ဘုရားကြီး အသက်ရာကျော် ရှည်ပါစေကြောင်း မိမိက အားလုံးအတွက် ကိုယ်စား ဆုတောင်းပေးလိုက်ရပါသည်။

တပည့်
ရှင်မြတ်မြတ်


http://www.dhammadownload.com











ဆရာတော် ဦးရာဇ

ကျော်ရင်မြင့်

မိုးရိမ်တိုက်သစ်ကြီးသုံးတိုက်ရဲ့ အဓိပတိ မဟာနာယက ဆရာတော် ဘဒ္ဒန္တရာဇမဂ္ဂဘိဝံသ (ယခု သက်တော် ၇၈ နှစ်)ကို ကြည်ညိုလေးစားသူ များတယ်၊ ဆရာတော်က စာသင်သံဃာတော် အပါး ၅,၀၀၀ လောက်ကို စီမံအုပ်ချုပ်နေတယ်၊ သံဃာအများကို နှစ်ပေါင်းများစွာ နိုင်နိုင်နင်းနင်း စီမံအုပ်ချုပ်ခဲ့တဲ့ အလေ့အထကြောင့် ဆရာတော်က မှန်တယ်၊ ပြတ်တယ်။

ဆရာတော်ရဲ့ ဘဝအတွေ့အကြုံတွေကို ရေးသားနိုင်ဖို့ ကြိုတင်ခွင့်တောင်းတော့ စနေနေ့ ညနေ ၃း၀၀နာရီ လာဖို့ အချိန်ပေးပါတယ်။ ၂း၃၀ နာရီကတည်းက ကျွန်တော်နဲ့ ဓာတ်ပုံ ကိုဇော်ဇော် (ဘိုအဖွဲ့)က ဆရာတော်ဆီသွားဖို့ အဆင်သင့်၊ မစိုးရိမ်တိုက်သစ် နာရီစင်ကြီးက ၃း၀၀ နာရီ သံစုံထိုးတော့ ကျွန်တော်တို့ နှစ်ယောက် ကျောင်းပေါက်ဝမှာ ရောက်နေကြပြီ။

ဆရာတော် ဦးရာဇနဲ့ တွေ့ဖို့ကိစ္စမှာ ကျွန်တော်တို့ အချိန် မတိမ်းဝံ့ဘူး၊ ကျွန်တော်တို့က နောက်ကျလို့ ဆရာ

http://www.dhammadownload.com

တော်က မတွေ့နိုင်တော့ဘူး ပြောမှာကို ကြောက်တာ အမှန်ပဲ၊ အချိန်နဲ့အမျှ အလုပ်လုပ်နေတဲ့ ဆရာတော်ကြီးက ခွင့်ပြုထားတဲ့ အချိန်အတွင်းမှာ ရနိုင်သလောက် အချိန်ယူပြီး ဆရာတော်ကြီး မိန့်ကြားသမျှ ရယူချင်တာလည်း ပါဝင်တယ်။

ဆရာတော်ကြီးနဲ့ တွေ့ရချိန်မှာ ဆရာတော်ဟာ အလွန်ပဲ အနေရိုးတာ သတိထားမိတယ်၊ နှစ်လက်မခန့် သာ ထုရှိတဲ့ မွေ့ရာလေးတစ်ခုကို သမံတလင်းပေါ်မှာ ခင်းပြီး သီတင်းသုံးနေတယ်၊ ဆရာတော်ရဲ့ ပတ်လည်မှာတော့ စာအုပ်တွေ ဝန်းရံလို့။

ဆရာတော် စာသင်သားဘဝတုန်းက သိပ်ကို ဆင်းရဲချို့တဲ့ခဲ့ဖူးတာကို ကျွန်တော်က ကြားဖူးတော့ အဲဒီ အကြောင်းကို အရင်စကားစမိတယ်။

ဆရာတော်မိန့်ကြားခဲ့တာတွေက အခုလိုပါ။]

စာသင်သားဘဝဟာ အဆင်းရဲဆုံးပဲ။

သက္ကသီဟ စာမေးပွဲဖြေဖို့လုပ်တုန်းက စာလုပ်ဖို့ အချိန်ကလည်း များများလိုတယ်လေ၊ သူများလို ဆွမ်းလျှောက်ခံနေရင် အနည်းဆုံးတစ်နာရီ တစ်နာရီခွဲကြာမယ်၊ နာရီပိုရအောင် ပဲပြုတ်ဝယ်စားတယ်။

ကျောင်းတိုက်ထဲ မနက်တိုင်း လာရောင်းတဲ့ ပဲပြုတ်သည်ရှိတယ်၊ ပဲပြုတ်တစ်ရက် နှစ်ပြားဖိုးဝယ်တာ၊ ပဲပြုတ်သည်က တစ်ပဲဖိုးအောက် မရောင်းဘူးတဲ့၊ သူ့ကို ချွေရတာပေါ့။ ပဲပြုတ်နှစ်ပြားဖိုး ဝယ်ပြီး ဆီလေးဆမ်း ဆားလေးဖြူးခဲ့ရတာ အကြိမ်အများကြီး။

တို့ငယ်ငယ်တုန်းက ခေါင်းအုံးမရှိဘူး၊ စာအုပ်တွေကို ခေါင်းအုံးအိပ်ရတာ၊ စာအုပ်တွေကြားထဲ ကြမ်းပိုးတွေ ပြည့်လို့၊ ခြင်ထောင်လည်း မရှိဘူး၊ အဲဒီတုန်းက ခြင်ထောင် တစ်လုံး အလွန်ဆုံးပေးရရင် တစ်ဆယ်၊ ဆယ့်တစ်ကျပ်၊ ဆယ့်နှစ်ကျပ်(ကျပ် ၁၀၊ ၁၁ကျပ်၊ ၁၂ကျပ်) လောက် နေမှာပေါ့။ အဲဒီ တစ်ဆယ်၊ ဆယ့်တစ်ကျပ်၊ ဆယ့်နှစ်ကျပ် မတတ်နိုင်လို့ ခြင်ထောင်မပါဘဲ အိပ်ရတာ။

မန္တလေးမှာ ခြင်ထောင်မပါဘဲ အိပ်နိုင်တဲ့သူ အတော်ရှားတာ၊ ငါကတော့ အိပ်ခါနီး ရေချိုး၊ ခေါင်းမြီးခြုံ အိပ်လိုက်တာပဲ၊ အိပ်ပျော်သွားလို့ရှိရင် ခြင်ကိုက်တာ ဘာတတ်နိုင်တာမှတ်လို့။

ဧကသီ (သံဃာတော်များ အပေါ်ရုံသင်္ကန်း) ဆိုပါတော့၊ ဧကသီအစစ်ဝယ်ရင် သဘောမယ် ၁၅ ကျပ်လောက် ကျတယ်၊ သင်းပိုင် (ခါးဝတ်) နှစ်ထည်စပ်ပြီး ချုပ်ရင် ၁၂ ကျပ် ကျတယ်၊ သုံးကျပ်သက်သာတယ်ပေါ့။ သုံးကျပ် သက်သာဖို့ အတွက် သင်းပိုင်နှစ်ထည်စပ်ပြီး ဧကသီလုပ် ကိုင်တယ်ပေါ့ကွာ၊ ဧကသီ အစစ်လိုတော့ ဘယ်ကောင်းမှာလဲ၊ မပါသင့်တဲ့ ချုပ်ရိုးကြိုး ပါနေမှာပေါ့၊ ဒါပေမဲ့ မတတ်နိုင်ဘူး၊ သုံးကျပ်သက်သာဖို့အတွက် အဲဒီလိုကို လုပ်ရတာ။

စာအုပ်ကလည်း မဝယ်နိုင်ဘူး၊ ဗလာစာအုပ်တစ်အုပ် တစ်မတ်ပဲပေးရတာ၊ အဲဒါ အရွက် ၅၀ လောက်ပါတယ်၊ အဲဒီ တစ်မတ်ကို ချင့်ချိန်သုံးရတယ်၊ စာအုပ်ကို ခဲတံနဲ့ရေး၊ ပြန်ဖျက် ပြန်ရေးလုပ်ရတာ၊ နှစ်ခါသုံးခါတော့ ရတယ်၊ အကြိမ်ကြိမ်တော့ မရဘူး၊ ကြာတော့ စာအုပ်က မခံနိုင်ဘူး။

အဲဒီလို ဆင်းဆင်းရဲရဲ လုပ်ရတာ၊ ဆင်းဆင်းရဲရဲ လုပ်ရပေမဲ့ ကိုယ့်ဟာကို အားငယ်တာတို့ ဘာတို့မရှိပါဘူး၊ ကိုယ့်ရည်မှန်းချက်နဲ့ ကိုယ်ပေါ့၊ ဒီစာမေးပွဲ အောင်ရမယ် ဆိုတဲ့ ရည်မှန်းချက်လေးနဲ့ လုပ်တာပဲ၊ တို့မစိုးရိမ်ဆိုတာ သက္ကသီဟအောင်မှ လူရာဝင်တာ၊ ဘုန်းကြီးရာဝင်တာ၊ ဘာဖြစ်လို့လဲဆိုရင် သက္ကသီဟအောင်မှ နာယက ဘုန်းကြီး ခန့်တာ၊ သက္ကသီဟက ဖြေချင်တိုင်း ဖြေလို့မရဘူး၊ အသက်ကန့်သတ်ချက်ရှိတယ်။

အချို့က ငါ့ကို စေတီယဂ်ဏ အောင်တယ်လို့ ထင်တာ၊ ရန်ကုန်ရထားခက တစ်ခေါက်မှ ၁၇ ကျပ်ခွဲ၊ အသွားအပြန် ၃၅ ကျပ်ပေါ့၊ အဲဒီ ၃၅ ကျပ် မတတ်နိုင်လို့ စေတီယဂ်ဏ စာမေးပွဲ ငါမဖြေခဲ့ရဘူး၊ သွားရင်တော့ အောင်မှာသေချာတယ်၊ တို့ခေတ်တုန်းက ရန်ကုန်သွားဖြေကြတယ်။

ငါကတော့ အစိုးရဓမ္မာစရိယနဲ့ သက္ကသီဟ စာချတန်းအောင်တယ်ပေါ့ကွာ၊ ရဟန်းဒကာ ရဟန်းအမကို ပြောရင်တော့ စာမေးပွဲဖြေဖို့ ရထားခလှုပ်မှာပါ၊ ကိုယ်က



အင်တိုင်းရွာ ကောဝိဒါရာမကျောင်း

http://www.dhammadownload.com

မတောင်းဘူး၊ ဖြစ်သလိုပဲနေတာ၊ မာန်လေးတွေဖြစ်မှာပေါ့၊ ကောင်းသောမာန်လို့တော့ ဆိုရမှာပေါ့၊ မတောင်းတော့ ရထားခတွေ ဘာတွေ မရဘူး၊ မရတော့ မဖြေရဘူးပေါ့ကွာ။

ရဟန်းဒကာက မုံရွာသန်းစတိုး ဦးစော၊ ဒေါ်မြိုင်။ တို့အင်တိုင်းရွာ ဇာတိတွေ။

တို့ကိုမွေးတာက ၁၂၉၅-ခု ဝါဆိုလဆုတ် ၁၃-ရက် (၁၉၃၃-ခု ဇူလိုင်လ ၁၉-ရက်)၊ မုံရွာနယ် အင်တိုင်းရွာ၊ ကျောက္ကာနဲ့ သာစည်ကြားကရွာ၊ ခမည်းတော်က ဦးဘဝင်း၊ မယ်တော်က ဒေါ်နှင်းဦး။

ခမည်းတော်က ရွာထုံးစံအတိုင်းပေါ့ကွာ ပန်းတဉ်း၊ ဇွန်းခတ်တာ၊ ကြေးဇွန်းတို့ ကြေးဖလားတို့ လုပ်တာ၊ တို့ဒကာကြီးက သူများလို ဇွန်းကြီးကြီး မခတ်နိုင်ဘူး၊ ဇွန်းသေးသေး၊ ဆီချက်ကော်ခေါ်တာပေါ့၊ **tea spoon** (လက်ဖက်ရည်ဇွန်း)ပေါ့၊ အဲဒါလေးတွေ ခတ်တယ်၊ အဲဒါခတ်တာ တစ်နေကုန်ခတ်မှ တစ်မတ်လောက်ရတာ၊ အဲဒီတစ်မတ်နဲ့ တို့မိသားစု ငါးဦးခြောက်ဦး ကျွေးခဲ့တာဗျ။

ငါက အလတ်လို့ ခေါ်ရမှာပေါ့၊ တတိယမြောက်ပဲ၊ အောက်မှာ နှစ်ယောက်၊ အထက်မှာ နှစ်ယောက်ပေါ့။ ခမည်းတော်က ၇၃ နှစ်မှာ ဆုံးတယ်၊ မယ်တော်က ၉၃ နှစ်မှာ ဆုံးတယ်၊ ငါ လူလားမြောက်တဲ့အချိန်မှာ သူတို့အသက်ကြီးတာမို့ ငါ ပြန်စောင့်ရှောက်ခွင့် ရတယ်၊ ငါ့အထက်က နှစ်ယောက်လည်း ကွယ်လွန်သွားကြပြီ၊ ငါနဲ့အောက် နှစ်ယောက်နဲ့ပဲ ကျန်တော့တယ်။

ရှစ်နှစ်သားအရွယ်ကတည်းက သင်္ကန်းဝတ်ခဲ့တော့ ရိုးရာအလုပ်ဖြစ်တဲ့ ဇွန်းပွတ်တို့၊ ဇွန်းခတ်တို့ မတတ်ခဲ့ဘူး၊ မိဘကို မကူညီခဲ့ရဘူး၊ မိဘက အစဉ်အလာအတိုင်းသာ ရှင်ပြုရာက ကိုရင်ဝတ်ဖြစ်သွားတာ၊ သာသနာအတွက် ရည်ရွယ်ချက်လည်း ဘာမှမရှိဘူး၊ အမှန်အတိုင်းပြောတာ၊ အဲဒီအတိုင်းရေး။

မြဲသွားတော့လည်း ကိုရင်ရဲ့စာတွေ သင်ရတာပေါ့၊ ပရိတ်ကြီးတို့၊ လောကနီတိတို့၊ ဘုန်းကြီးကျောင်း ဂဏန်းသချိုင်္ကတို့ စသည်ပေါ့ကွာ အဲဒါတွေ သင်ရတာပေါ့။

အင်တိုင်းကျောင်းဆရာတော် ဦးရဝိန္ဒ,က ငယ်ဆရာ၊ ငယ်ငယ်က ဘုန်းကြီးကျောင်းမှာ သင်ရတဲ့ ဂဏန်းသချိုင်္က ဘယ်လောက် အကျိုးကျေးဇူးရှိသလဲဆိုရင် မစိုးရိမ်တိုက်သစ်ထဲမှာ တိုက်ကျောင်းတွေ ဆောက်တယ်၊ ကုန်မဲ့သစ်ကို ကိုယ့်ဟာကိုယ်တွက်တာ၊ ကြေးခွေက ဘယ်လောက် ကုန်မယ်၊ ကြမ်းခင်းက ဘယ်လောက်ကုန်မယ်၊ အသေးစိတ် သေသေချာချာ တွက်တာ၊ လက်သမားတွက်ခိုင်းရင် တစ်တန်၊ တစ်တန်ခွဲ ပိုတယ်၊ အဲဒါတွေ တတ်ခဲ့တော့ အသုံးတည့်တယ်ပေါ့။

ရွာမှာ ကိုရင်ဝတ်ပြီးတော့ စာသင်ဖို့မုံရွာကိုပြောင်းခဲ့တယ်၊ မုံရွာလေသာတိုက်၊ ဇောတိကာရာမ ကျောင်းတိုက်ပေါ့၊ ရောက်ရောက်ချင်း အငယ်တန်း စာမေးပွဲဝင်တာ၊ အမှန်က အငယ်တန်းအောက်မှာ မူလတန်းရှိတယ်၊ မူလတန်းမဝင်ဘဲ အငယ်တန်းကို ကျော်ဖြေတယ်။

တိုက်ကြပ်ဘုန်းကြီးကဟာ မင်းတို့က တောက ရောက်လာခါစ ရှိသေးတယ် မူလတန်းဝင်ရမှာပေါ့၊ အငယ်တန်းဖြစ်ပါ့မလား မေးတယ်၊ တို့က လူငယ်ကိုး၊ ကြွားလည်းကြွားချင်တာ ပါမှာပေါ့၊ အငယ်တန်းမှာ ဘာတွေပါသလဲ လျှောက်တော့ သဒ္ဒါတို့ သဒ္ဓြိဟ်တို့တဲ့၊ သဒ္ဒါသဒ္ဓြိဟ် တပည့်တော်ကို မေးချင်တာမေးလို့ ပြန်လျှောက်တယ်။

အဲဒီတော့ သူက မေးတယ်၊ တို့က ဖြေတာ သဘောကျပြီး ရတယ်ကွာဆိုပြီး ဝင်ဖြေခွင့်ပြုတာ၊



http://www.dhammadownload.com

ကျောင်းတွင်းစာမေးပွဲ လုပ်တော့ ငါက ၅၃ မှတ်နဲ့ တတိယ ရတယ်၊ အမှတ် ၆၀ ပေးတာ၊ ခုနစ်မှတ်ပဲ လျော့တယ်၊ အဲသည်ကစပြီး ဆရာတော်က တောသားတွေဆိုပြီး အထင် မသေးတော့ဘဲ ဖြေခွင့်ပေးတယ်။

မုံရွာဇော်တီကာရာမမှာ နှစ်နှစ်ခွဲသုံးနှစ် ကြာခဲ့တယ်၊ ၁၉နှစ်သားမှာ အကြီးတန်းဝင်ဖို့ မန္တလေး ပြောင်းတာ၊ မစိုးရိမ် အလယ်တိုက်ကြီးနေတဲ့ ဘုန်းကြီးတစ်ပါးက ဂျပန်ခေတ်မှာ တို့ရွာက တောကျောင်းလာနေဖူးတယ်၊ အဲဒီ အဆက်အစပ်နဲ့။

မြန်မာသက္ကရာဇ် ၁၃၁၃-ခုနှစ်မှာ အငယ်တန်း၊ ၁၄-ခု အလတ်တန်း၊ ၁၅-ခု အကြီးတန်းအောင်တယ်၊ ဒါပေမဲ့ ပထမကြီးမှာ ငါက စာမေးပွဲ တစ်ခါကျတယ်၊ စာမေးပွဲက နယုန်လမှာ တစ်ကြိမ်၊ တပေါင်းလမှာ တစ်ကြိမ် နှစ်ကြိမ်ကျင်းပလို့ တပေါင်းလစာမေးပွဲမှာ ငါအောင်တယ်၊ ၁၇ခုနှစ်မှာ သကျသီဟ စလုပ်တယ်။

မစိုးရိမ်တိုက်ဟောင်း၊ တိုက်သစ်က လေးလ တစ်ကြိမ် စာမေးပွဲလုပ်တယ်၊ အောင်ရင် တစ်လ တစ်ဆယ် (ကျပ်၁၀) ထောက်ပံ့တယ်၊ လေးလဆိုတော့ လေးဆယ် (ကျပ်၄၀) ရတာပေါ့၊ အဲဒီ စာမေးပွဲကို ငါက အပတ်တိုင်း အောင်တာ၊ အဲဒီတုန်းက ငွေတစ်ဆယ်က သုံးလောက်တယ် ကွ၊ နှစ်ဆယ် (ကျပ် ၂၀)လောက်ဆို သက်နံးတစ်စုံရတယ်၊ အင်္ကျီအင်္ကျီ အေဝမ်းသက်နံး ရတာ။

သကျသီဟ စာမေးပွဲက စာသင်တန်းသုံးနှစ်၊ စာချတန်း ငါးနှစ်ဝင်ရတယ်၊ သကျသီဟမအောင်ရင် ဒီထဲ (မစိုးရိမ်တိုက်ထဲ) နေလို့မရဘူး၊ ထွက်သွားရင် ဒီလိုတော့ ဖြစ်မှာမဟုတ်ဘူး၊ သမိုင်းတော့ တစ်မျိုးဖြစ်မှာပေါ့။

သကျသီဟ စာမေးပွဲက တော်တော်ခက်တယ်။

မေးတော့ အခက်ကြီး၊ ပေးတော့ တံမြက်စည်း၊ ကြွေးတော့ သရက်သီးလို့ အပြောင်အပြက် စာချိုးကြတယ်။ အောင်တဲ့အခါ လှူတဲ့ပဒေသာပင်က တံမြက်စည်း များတယ်ပေါ့၊ သရော်တာပါ၊ တကယ်တော့ တန်ဖိုးရှိပါတယ်၊ တို့ သကျသီဟ စာမေးပွဲအောင်တုန်းက ငွေချည်းပဲ တစ်ထောင့်ငါးရာ (ကျပ် ၁၅၀၀) ရတယ်၊ ရွှေဝယ်ထားရင် တစ်ဆယ်သားရတယ်၊ ငွေက တန်ဖိုးရှိသေးတယ်။

ရတဲ့ တစ်ထောင့်ငါးရာနဲ့ သံဃာ ၅၀၀ လောက် ရှိတဲ့တိုက်ကို ဆွမ်းကျွေးတယ်၊ ရွာလည်း ပြန်ပြီး ဆွမ်းကျွေးတယ်။

ငါက စာပြောကောင်းပုံရတယ်၊ မစိုးရိမ်အလယ်တိုက်ကြီးပေါ် တက်တက်စာချရတယ်၊ ငှါဆီ စာလာလိုက်ကြတာ များတယ်၊ ငါရယ် ဦးကောဝိဒရယ် နာမည်ရတယ်၊ တိပိဋကာ ယောဆရာတော်က ငှါဆီမှာ စာလိုက်ဖူးတယ်၊ သူက ငှါမွေးနေ့ မှတ်ထားပြီး ၇၅ နှစ်ပြည့်မွေးနေ့မှာ ၇၅ သိန်း လှူမယ်တဲ့။

ငါက မွေးနေ့မလုပ်ဘူး၊ သေနေ့လုပ်တာ၊ မွေးနေ့ဆိုရင် ရွာသွားပြီး သရဏဂုံတင်တယ်၊ သံဝေဂပေါ့ကွာ၊ အဲဒီလိုပြောတော့ ယောဆရာတော်က ဆရာတော် သဘော ပါဘုရား သိန်း၁၀၀ လှူပါ့မယ်တဲ့။

သူ လှူတဲ့ငွေကို ရွာမှာ ဆွမ်းကျွေးပြီး ပိတာကို ရွာမှာ ပညာရေးရန်ပုံငွေ လုပ်လိုက်တယ်၊ ရွာမှာ မူလွန်ကျောင်းရှိတယ်၊ ဆရာက မရသေးတော့ ဆရာ့အတွက် လခပေးဖို့ ငါက ရန်ပုံငွေ ထူထောင်ပေးထားတယ်။

မစိုးရိမ်တိုက်ကြီးမှာ စာချတာ ခြောက်နှစ်ကြာတယ်၊ နောက် ဆရာတော်ကြီးက ဒီတိုက် (မစိုးရိမ်တိုက်သစ်) ပြောင်းပြီး စာချခိုင်းတယ်၊ စာသင်တိုက် ပုံစံဖြစ်အောင် ပြောင်းတာ၊ ငါပြောင်းတဲ့နှစ်က တစ်တိုက်လုံးပေါင်းမှ ၆၃ ပါးပဲရှိတာ၊ ခု ၂၀၀၀ ကျော် ၃၀၀၀။ အလုပ်လုပ်လို့ အဆအများကြီး တိုးလာတာ။

ကျောင်းဆောက်ချင်တဲ့သူက လာလျှောက်တယ်၊ မဆောက်ပါနဲ့ဦး၊ သံဃာများလွန်းတယ်၊ အုပ်ချုပ်ရတာ ခက်တယ်၊ ကံအားလျော်စွာပဲ ပြည်ကြီးတံခွန်မှာ မြေရတော့ မစိုးရိမ်းတိုက်သစ်ဆောက်တယ်၊ အဲဒီမှာ ၁၀ ကျောင်း လောက်ရှိတယ်၊ ရေက အဆင်မပြေဘူး၊ အဆင့်မမီဘူး၊ အဆင့်မမီတဲ့ရေကိုပဲ လျှပ်စစ်မီးမလာတော့ လုံလောက်အောင် မတင်နိုင်ဘူး။


ဒါ့ကြောင့် ဦးပေစိ ဘုရားအနောက်ဘက်မှာ မစိုးရိမ်တိုက်သစ်တစ်တိုက် ထပ်တည်ထောင်တယ်၊ ရန်ဖြစ်လို့ ကျောင်းတိုက်တွေ ကွဲတာ မဟုတ်ဘူး၊ လိုအပ်လို့ ခွဲတာ။

မြန်မာနိုင်ငံလောက် အလားအလာကောင်းတဲ့ နိုင်ငံ မရှိသလောက် ရှားတယ်၊ ငါကတော့ အသက်ကြီးပါပြီ၊ မင်းတို့ တိုင်းပြည်အတွက်လုပ်ကြ၊ နိုင်ငံရေးလုပ်ကြ၊ နိုင်ငံရေးဆိုတာ ရာထူးရဖို့လုပ်တာ မဟုတ်ဘူး၊ ကိုယ့်တာဝန်ကိုယ် ကျေပွန်အောင်လုပ်တာ နိုင်ငံရေး။

(ကျော်ရင်မြင့်၏ အရောင်အသွေးစုံစုံ ဘဝဇာတ်ခုံ အဖုံဖုံ စာအုပ်မှ ပြန်လည်ကူးယူ ဖော်ပြပါသည်။)

ကျော်ရင်မြင့်

http://www.dhammadownload.com



ပညာပြည့်ဝနှလုံးလှတဲ့ ဆရာတော်

ဦးသောဘိတာဘိဝံသ

ဆရာတော်ဦးရာဇဓမ္မာဘိဝံသသည် ကျောင်းဆောင်တွေမှာ သံဃာမထားဘဲ၊ ကျောင်းအလှပြသက်သက် ထားတာမျိုး၊ သံဃာတစ်ရာ နှစ်ရာ သီတင်းသုံးနိုင်ပါလျှက် သံဃာအနည်းငယ်သာ ထားတာမျိုးတွေကို လုံးဝမနှစ်သက်ပါ၊ ကွန်ပျူတာတစ်လုံးဟာ အသုံးမပြုပဲ ပစ်ထားလျှင် ပျက်စီးသွားတတ်သလို တိုက်တာအိုးအိမ် အဆောက်အဦတွေလဲ နေထိုင်သူမရှိလျှင် ပျက်စီးသွားပါမည်၊ ဒါကြောင့် ဆရာတော်သည် မစိုးရိမ်တိုက်သစ်က ကျောင်းဆောင်တိုင်း ကျောင်းဆောင်တိုင်းမှာ နေရာရှိသလောက် သံဃာ လက်ခံပါသည်၊ ဒါမှလည်း လှူဒါန်းသူ ဒကာဒကာမတွေလည်း အကျိုးရှိသလို သာသနာအတွက်လည်း အကျိုးများမည်ဖြစ်ပါသည်။

တစ်ခါက စာရေးသူတို့ ကြုံခဲ့ရတဲ့ အဖြစ်အပျက်တစ်ခုကို ပြောပြချင်ပါသည်၊ စာရေးသူသည် ဓမ္မပါရဂူကျောင်းမှာ သီတင်းသုံးပြီး ပညာသင်ခဲ့ပါသည်၊ ဓမ္မပါရဂူကျောင်းမှာ နာယကဘုန်းကြီးမရှိတဲ့အတွက် စာသင်ပြီး၊ ကျမ်းပြီးတွေကပဲ ကျောင်းဘုန်းကြီးလုပ်ပြီး အုပ်ချုပ်ရပါသည်၊ သံဃာသစ်အပ်တဲ့အခါမှာ ဆရာတော့်ဆီကိုပဲ လျှောက်ထားရပြီး ဆရာတော်က လက်ခံတယ်ဆိုရင် ဝင်ခွင့်စာ ပြန်ဆိုရပါသည်၊ စာပြန်ဆိုနိုင်မှသာ မစိုးရိမ်တိုက်သစ်အတွင်း နေထိုင်ပညာသင်ခွင့်ရတာ ဖြစ်ပါသည်၊ စာရေးသူတို့နေထိုင်ရာ ဓမ္မပါရဂူကျောင်းသည်

http://www.dhammadownload.com

နှစ်ထပ် ကျောင်းဆောင်ဖြစ်တဲ့အတွက် အောက်ထပ်(၃၀) အပေါ်ထပ်(၃၀)၊ အားလုံးပေါင်း အပါး(၆၀) လောက်ပဲ သီတင်းသုံးနိုင်ပါသည်။

တစ်ခါက မိမိတို့ ကျောင်းဆောင်မှာ နှစ်ထပ် ကျောင်းလေးနှင့် မလိုက်အောင် သံယာများနေတဲ့ အတွက် စာရေးသူတို့သည် အချင်းချင်း တိုင်ပင်ပြီး ဆရာတော့်ဆီကို သံယာစာရင်းပြည့်တဲ့အကြောင်း နေစရာမရှိတော့တဲ့အကြောင်း သွားရောက် လျှောက်ထားကြပါသည်၊ အဲဒီအချိန်တုန်းက ဆရာတော်ဟာ ဓမ္မသီတဂူကျောင်းမှာ သီတင်းသုံးနေတာ ဖြစ်ပါသည်။

စာရေးသူ။ ။ ဆရာတော်. . . တပည့်တော်တို့ ကျောင်းမှာ သံယာပြည့်နေပါပြီဘုရား။

ဆရာတော်။ ။ သံယာလက်ခံတာ မင်းတို့က လက်ခံတာ မဟုတ်ဘူးလား?။

စာရေးသူ။ ။ဟုတ်တော့ ဟုတ်ပါတယ်ဘုရား၊ ဒါပေမယ့် ဦးဇင်းတွေက ဆရာတော့်ကို လျှောက်ပြီးမှ တပည့်တော်တို့ဆီ လာပြီး အသိပေးကြတယ်ဘုရား၊ တပည့်တော်တို့က ဆရာတော့်ဆီ လျှောက်ပြီးသား ဆိုတော့ လက်မခံပဲ မနေရဲဘူးဘုရား။

ဆရာတော်။ ။ အေး အဲဒါဆို ငါ့ဆီလာလျှောက်လျှင် သံယာပြည့်နေပြီလို့ ပြောလိုက်မယ်၊ အေး မင်းတို့ နေရာမရှိတာ သေချာလား?

စာရေးသူ။ ။ မှန်ပါဘုရား၊

ဆရာတော်။ ။ အလယ်တန်းတွေရော နေရာချထားသလား?

စာရေးသူ။ ။ မှန်ပါဘုရား၊ အလယ်တန်းတွေရော နေရာချထားပါတယ်ဘုရား။

ဆရာတော်။ ။ အေး . . . မင်းတို့ နေရာရှိလျှက်သားနဲ့တော့ သံယာလက်မခံတာမျိုး ဘယ်တော့မှ မလုပ်နဲ့-လို့ မိန့်ကြားလိုက်ပါတယ်။

ဆရာတော့်မိန့်ကြားချက်သည် အလွန် အဆီအနှစ်ပြည့်ဝတဲ့ အဆုံးအမသြဝါဒဖြစ်ပါသည်။

ဥပရိပဏ္ဏာသ၊ ဒက္ခိဏာဝိဘင်္ဂသုတ်မှာ မိထွေးတော်ဂေါတမီက သူကိုယ်တိုင် ယက်လုပ်အပ်သော သင်္ကန်း နှစ်ထည်ကို ဘုရားရှင်အား လျှဒါန်းပါသည်၊ မြတ်စွာဘုရားက မိမိအတွက် အလျှူမခံဘဲ သံယာကို လျှဒါန်းခိုင်းပါသည်၊ ထို့အတူ ဆရာတော်သည် ဘုရားရှင်၏ ထုံးကို နှလုံးမူ၍ ဒကာဒကာမတွေက ဆရာတော်အတွက် သီးသန့်လျှဒါန်းသည့် ဝတ္ထုဒွေကို မိမိကိုယ်ကျိုးအတွက် မသုံးပဲ အကျိုးရှိအောင် သံယိက ဆွမ်း, ဆေး, ပညာရေးပဒေသာပင်တွေမှာ စိုက်ထူပေးလေ့ရှိပါသည်။

"အေး မင်းတို့ လျှူဒါန်းတဲ့ ဝတ္ထုဒွေကို ငါ မသုံးဘူး၊ ဆွမ်းပဒေသာပင်ထဲ ထည့်လိုက်မယ်၊ စာအောင်ပဒေသာပင်ထဲ ထည့်လိုက်မယ်၊ ဟုတ်လား" စသည်ဖြင့် အမိန့်ရှိတတ်ပါသည်။

ဆရာတော်သည် လာဘ်လာဘကို မက်မောခြင်းမရှိဘဲ စာသင်သား သံယာတွေ ချမ်းချမ်းသာသာနဲ့ ပရိယတ္တိတာဝန်ကို ထမ်းဆောင်နိုင်ဖို့ အတွက်သာ ရည်ရွယ်အသုံးပြုခဲ့ပါသည်။ ဆရာတော်သည် လျှူဒါန်းသူ ဒကာဒကာမတွေလည်း အကျိုးများစေဖို့နှင့်၊ စာသင်သံယာတွေ အဆင်ပြေစေရေးအတွက် မြတ်စွာဘုရား ထုံးကို နှလုံးမူပြီး ပဒေသာပင် ငွေပင်ငွေရင်း စိုက်ထူလိုက်တာဖြစ်ပါသည်။

ဆရာတော်သည် ဗုဒ္ဓသာသနာအတွက် အထူးကျေးဇူးများသော ဆရာတော်ကြီးဖြစ်ပါသည်၊ ယခုအခါ ဆရာတော်ကြီးသည် သက်တော်(၈၀)ပြည့်ပြီ ဖြစ်တဲ့အတွက် တပည့်ဒကာဒကာမများက ဆရာတော် ကြီး၏ ကျေးဇူးဂုဏ်ကို အာရုံပြုပြီး သက်တော်(၈၀) ပြည့်ပူဇော်ပွဲကျင်းပပြုလုပ်မည် ဖြစ်ပါသည်။


၂၀၁၂-ခုနှစ်က လက်ရှိ တောင်အာဖရိကသမ္မတက သူတို့နိုင်ငံသုံး ငွေစက္ကူတွေမှာ သမ္မတဟောင်း နယ်ဆင်လ်မင်ဒဲလားပုံကို ရိုက်နှိပ်ထုတ်ဝေပြီး သူ့ကို ဂုဏ်ပြုသွားမည်ဖြစ်ကြောင်း၊ ယင်းသို့ ဂုဏ်ပြုခြင်းသည် အာဖရိကတိုက်လူမျိုးများ အတွက် သူပေးဆပ်ခဲ့ရတာနဲ့ စာလျှင် မပြောပလောက်ကြောင်း ပြောကြားသွားဘူးပါသည်။

ထို့အတူ ဆရာတော်ကြီး၏ ကျေးဇူးဂုဏ်ကို အာရုံပြု၍ သက်တော်(၈၀)ပြည့် ပူဇော်ပွဲကျင်းပခြင်းသည် ဆရာတော်ကြီး သာသနာအပေါ် ပေးဆပ်ခဲ့ရတာနှင့် စာလျှင် ပြောပလောက်မည်မဟုတ်ပါ။

သို့အတွက်ကြောင့် ဆရာတော်ကြီး၏ သြဝါဒများ, ချမှတ်ထားသည့် စည်ကမ်းများကို ရိုသေစွာလေးစားလိုက်နာခြင်းဖြင့် နှလုံးသားလှသည့် ဆရာတော်ကြီးအား အထူးကျေးဇူးဆပ်ကြပါစို့ဟု သမဂ္ဂအပေါင်းတို့အား တိုက်တွန်းလိုက်ရပါပေသတည်း။

ဦးသောဘိတာဘိဝံသ
ဓမ္မဒီပကျောင်း၊ မစိုးရိမ်တိုက်သစ်

http://www.dhammadownload.com



ဟုတ်တိုင်းဆို၍ ကျိုးလိုစိတ်ရှိ ဆရာကဝိ

ခိုင်ငြိမ်းအေး

"ရှေးရှုမေတ္တာ၊ ကရုဏာနှင့်၊ နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း၊ ဝမ်းတွင်မသို၊ ဟုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ၊ ဆရာဟူလော့"ဟု မယဒေဝတွင် မာန်လည်ဆရာတော်ဘုရားကြီးက ဆရာတို့၏ ဂုဏ်ကို သီကျူးဖွဲ့ဆိုထားသည်နှင့်အညီ မစိုးရိမ်တိုက်သစ်ဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသသည်လည်း တပည့်သာဝကတို့၏ အပြစ်ကို မြင်လျှင် ဘယ်သော အခါမျှ လစ်လျူရှုမထားဘဲ အပြစ်တွေ့သည့် အခါတိုင်း ချက်ချင်းဆိုသလို ဆုံးမပဲ့ပြင်ပေးတတ်ပါသည်။

မှတ်မိပါသေးသည်၊ တစ်နေ့ ဆရာတော် အာရုံဆွမ်းဘုဉ်းပေးနေစဉ် စာချဆရာတော်တစ်ပါးသည်လည်း အာရုံဆွမ်းဘုဉ်းပေးရန် ကြွလာခဲ့ပါသည်၊ ဆရာတော့်အား အရိုအသေပြုပြီး အာရုံဆွမ်းဘုဉ်းပေးရန် ပြင်ဆင်နေချိန် ဆရာတော်ကြီးက မိမိအား ကြည့်၍ "ကိုယ်တော်တွေကို ကြည့်လိုက်လျှင် ကွမ်းတပျစ်ပျစ်နဲ့၊ အချို့က ဆေးလိပ်သောက်တာနဲ့၊ ကွမ်းစားလို့ ကောင်းကျိုး တစ်ခုခု ရလျှင်တော်သေး၊ အခုဟာက ဘာကောင်းကျိုးမှ မရတဲ့အပြင် သွားချေးကပ်တာတောင် ပိုသေး"ဟု ကရုဏာဒေါသနှင့် ရုတ်တရက် မိန့်ခွေလိုက်သော ဩဝါဒတစ်ခုကို မှတ်သားနာကြားခဲ့ရပါသည်၊ ထိုဩဝါဒသည် အမှန်စင်စစ် မိမိအား မိန့်ဆိုချင်၍ မိန့်မှာနေသော ဩဝါဒဖြစ်ဟန်မတူပါ။ ဆရာတော့်ဘေးမှ ဆွမ်းဘုဉ်းပေးနေသော ထိုစာချဆရာတော်အား ကွမ်းမစားစေလို၍ မသိမသာ ဆုံးမခြင်းပင်ဖြစ်ပေသည်။

ဆရာတော်ကြီးသည် ရဟန်းသံဃာတော်များ ကွမ်းစားခြင်း၊ ဆေးလိပ်သောက်ခြင်းတို့ကို လွန်စွာ နှစ်ခြိုက်တော်မမူပေ၊ ဆရာတော်ကြီးကိုယ်တိုင်ကလည်း တပည့်များ၏ စံပြပြယုဂ်အဖြစ် ကွမ်းစားခြင်း ဆေးလိပ်သောက်ခြင်းတို့ကို ဘယ်သောအခါမျှ ပြုတော်မမူပါ။

ဆရာတော်ကြီး၏ မျက်နှာတော်သည် အမြဲဆို

http://www.dhammadownload.com

သလို တည်နေတတ်ပါသည်၊ အထူးသဖြင့် သံယာ့ပရိသတ်ထဲ ရောက်သွားသည့်အခါ ပို၍ပင် တည်နေသည်ဟု ထင်မှန်ရပါသည်၊ ထိုကိစ္စနှင့်ပတ်သက်၍ ဆရာတော်ကြီး တစ်ခါက အမိန့်ရှိဘူးပါသည်။

"ဒို့က ပရိသတ်အများကြီးကို အုပ်ချုပ်နေရတာ၊ အဲဒီလို ပရိသတ်အများကြီးကို အုပ်ချုပ်နေရတဲ့သူက မျက်နှာချိုနေလျှင် ဘယ်အုပ်ချုပ်လို့ ရပါ့မလဲ၊ ဒီတော့ မျက်နှာ မတင်းချင်လည်း တင်း၊ မတည်ချင်လည်း တည်ပြီး ဒီလိုဘဲ နေရတာပေါ့"ဟူ၍ပင်။


ထပ်ခဲ့ပါဦးမည်၊ ဆရာတော်သည် မည်မျှပင် မျက်နှာတင်း၍ နေစေကာမူ တပည့်တို့ အပေါ်ထားသော ဆရာတော့်မေတ္တာကား တစ်ပြားသားမျှ မလျှော့ပါ၊ ပို၍ပို၍ပင် များနေပါလိမ့်မည်၊ ထိုအကြောင်းကို အောက်ဖော်ပြပါ ဆရာတော်ကြီး ဩဝါဒစကားချပ်က သက်သေခံနေပါလိမ့်မည်။

"မိဘတွေကို သားသမီးတွေက စိတ်ပူအောင် မလုပ်ရဘူး၊ သားသမီးတွေ အိမ်အပြင် ထွက်တာနဲ့ အဲဒီကလေး အိမ်ပြန် မရောက်မချင်း မိဘဆိုတာ စိတ်ပူနေရတာ၊ အိမ်ပြန်ရောက်တော့မှ ဟင်ခနဲ ချနိုင်တာ၊ အဲဒီလို စဉ်းစားမှ မိဘမေတ္တာဆိုတာ ပိုပေါ်တာ၊ ဒို့လဲ ဒီလိုဘဲ၊ ကျောင်းက ဦးဇင်းတွေကို ကိစ္စတစ်စုံတစ်ခုနဲ့ အပြင်ခိုင်းလိုင်လျှင် သူတို့ ပြန်မလာမချင်း စိတ်ပူနေရတာ၊ သူတို့ ကျောင်းပြန်ရောက်မှ စိတ်ချနိုင်တာ၊ လူကြီးဆိုတာ ဒီလိုဘဲ"ဟု မိဘမေတ္တာ ဆရာ့မေတ္တာနှင့် ပတ်သက်၍ အမိန့်ရှိဘူးပါသည်။

ဤတွင် ဆရာသမားများ၏ မေတ္တာတော်စိတ်ထားတော်တို့နှင့်ပတ်သက်၍လည်း မယဒေဝလက်ာထဲတွင် ဖွင့်ဆိုထားပုံကို တင်ပြချင်ပါတယ်၊ "ပညာရှိရှင်၊ သူတော်စင်မှု၊ ရုပ်သွင်ရှုပ၊ မြင်မလှလည်း၊ ပြင်ကညိုလျက်၊ လွန်နှစ်သက်ဖွယ်၊ ကျီးနက်ဥတူ၊ အတွင်းဖြူ၏" တဲ့။

ထိုလက်ာထဲကကဲ့သို့ ဆရာတော်ကြီး၏ ဥပဓိရုပ်သည် မည်မျှပင် ခက်ထန်စေကာမူ အတွင်းစိတ်ကား လွန်စွာ သိမ်မွေ့ နူးညံ့လှ၏၊ ထို့ကြောင့်လည်း တပည့်သာဝက အပေါင်း၏ ချစ်ခင်လေးစား မြတ်နိုးရိုသေခြင်းကို အစဉ်အမြဲ ခံနေရတာပါ။

ဆရာတော်ကြီးသည် တပည့်များကို ဆုံးမသည့်အခါ ဆုံးမနည်း(၃)နည်းကို အလျဉ်းသင့်သလို ယူ၍ ဆုံးမလေ့ ရှိပါသည်၊ ရံခါ နှုတ်ဖြင့် ဆုံးမ၍၊ ရံခါ စာဖြင့် ရေး၍ ဆုံးမပါသည်၊ ထိုနည်းနှစ်နည်းဖြင့် ဆုံးမ၍ မရ



http://www.dhammadownload.com

သောအခါတွင်ကား ဆရာတော်ကြီးသည် ကိုယ်အမူအရာ ဆိတ်ဆိတ်နေခြင်းဖြင့် ဖြစ်ချင်သည်များကို စံပြဖြစ်အောင် နေထိုင်တော်မူ၍ ဆုံးမလေ့ရှိပါသည်၊ ကျေးဇူးကြီးမားပါဘိ ဆရာတော်. . . ။

ဆရာတော်ကြီးသည် မိမိတို့အား ဆရာတော် ဘဝတစ်လျှောက်တွင် ကြုံတွေ့ဖြတ်သန်းခဲ့ရသည့် လောကဓမ်မုန်းတိုင်းများအကြောင်းကို အခါအခွင့်သင့်တိုင်း ပြောပြလေ့ရှိပါသည်၊ တန်းဘိုးဖြတ်၍ မရနိုင်သော ဆရာတော်ကိုယ်တွေ့များတည်း၊ ယခုအချိန်ထိလည်း ပြောပြလျက်ရှိပါသည်၊ မိမိတို့ကလည်း ကောင်းစွာ မှတ်သားနာယူနေဆဲပါ။

ဆရာတော်ကြီးပေးသော လောကပညာပေးဩဝါဒတစ်ခုကို ဝေဒချင်ပါသေးသည်၊ ဆရာတော်ကြီး သက်တော်(၇၈)နှစ်ပြည့် ဝါဆိုလပြည့်ကျော် ၁၃-ရက် (သဇိဝသရဏဂုမ်တင်နေ့)တွင် ဆရာတော်ကြီး၏ ရွာ (မုံရွာမြို့နယ်၊ အင်တိုင်းရွာ)သို့ လိုက်ပါခွင့်ရခဲ့ပါသည်၊ မွေးနေ့ မပြုလုပ်မီ တစ်ရက်အလိုတွင် ဒကာတစ်ယောက် ရောက်လာပြီး ဆရာတော်ကြီးအား ဤကဲ့သို့ လျှောက်ထားခဲ့ပါသည်။

ဒကာက "ဘုန်းဘုန်း တပည့်တော် အရက် သိပ်သောက်တယ်ဘုရား၊ အရက်ဖြတ်ချင်တာ ဖြတ်လို့မရဘူးဘုရား"လို့ လျှောက်ထားတဲ့အခါ ဆရာတော်ကြီးက "အေး . . . မင်း မှတ်ထား၊ တိရစ္ဆာန်ဖြစ်တဲ့ ခွေးတောင် အရက် မသောက်ဘူး၊ ဒီတော့ မင်းလည်း အရက် မသောက်နဲ့၊ ဒီနေ့က စပြီး တစ်လတိုင်အောင် ငါ အရက် မသောက်ဘူးလို့ ဆုံးဖြတ်၊ အဲဒီလို ဆုံးဖြတ်ပြီး ငါ့ကို တစ်လလှူ။ တစ်လပြည့်လျှင် နောက်တစ်လ တိုးဖြတ်၊ ဒါဆိုလျှင် မင်း ပြတ်သွားလိမ့်မယ်" ဟု အရက်ဖြတ်ချင်သူအား လိုတိုရှင်း ထိမိပြတ်သားသော ဩဝါဒပေးခဲ့သည်ကို နာကြားမှတ်သားခဲ့ရဘူးပါသည်၊ ဉာဏ်ပညာ ကြီးမားပါဘိဆရာတော်. . . ။

ဆရာတော်ကြီး၏ အားမနာမှု၊ စေ့စပ်သေချာမှု၊ အလဟသတ်မဖြစ်လိုမှု-တို့ကလည်း စာဖွဲ့လောက်စရာပါ၊ ဆရာတော်ကြီး မွေးနေ့ (သေနေ့)ကို အင်တိုင်းရွာတွင် ကျင်းပစဉ်က ဆွမ်းချက်ပေးသော ဆွမ်းချက်အဖွဲ့အား တစ်ယောက်လျှင် နှစ်ထောင်နှုန်းဖြင့် ဆုချီးမြှင့်နေသည်ကို အနီးနားတွင်ရှိနေသော ဒကာမတစ်ယောက်က မြင်သော အခါ "ဘုန်းဘုန်း တပည့်တော်မကိုလည်း တစ်ထောင်တန် တစ်ရွက်လောက် စွန့်ပါဘုရား"ဟု တောင်း၏၊ "ဆရာတော်က စွန့်လျှင် ထိုငွေကို အမှတ်တရ ပလတ်စတစ်လောင်းထားမည်"ဟုလည်း ပြော၏၊ ဆရာတော်ကြီး မည်သို့ တုံ့ပြန်မည်ကို စိတ်ဝင်တစား သိချင်မှုများစွာဖြင့် မငေးတမ်း စောင့်ကြည့်နေခဲ့၏၊ ဆရာတော်ကြီးကား ထိုဒကာမ မည်သို့ပင် ငွေတစ်ထောင် တောင်းနေစေကာမူ ပေးတော့မည်ဟန် လုံးဝ မပြ၊ ထို့နောက် စကားတစ်ခွန်းတော့ မိန့်ခဲ့ပါသည်၊ "အေး၊ အခုတော့ မဟုတ်ဘူး၊ နောက်မှပေါ့"ဟူ၍ပင်။

သံယိကပစ္စည်းနှင့် ပတ်သက်လာလျှင်ကား မည်သည့်ဒကာဒကာမ၏ မျက်နှာကိုမျှ မထောက်၊ အလိုမလိုက် ဘက်မလိုက်ဘဲ ပြတ်ပြတ်သားသား ဆောင်ရွက်တတ်သော ဆရာတော်၌ဂုဏ်ကို မြင်ရ၍ ထပ်တိုး ကြည်ညိုရပြန်ပါသည်၊ ကြည်ညိုရ၍ပင် မဆုံးနိုင်ပါ။

ဤကဲ့သို့ မဟိုးရိမ်တိုက်သစ်ဆရာတော်ကြီး ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ ဆရာထေရ်၏ တည်ကြည်ဖြောင့်မတ် မှန်ကန်သော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြင်းထန်သော ဇွဲလုံ့လဝီရိယများသည် မိမိတို့နောင်လာနောက်သား တပည့်သာဝကများအတွက် အတုယူဖွယ်ရာများပင်ဖြစ်ပါသည်။

မဟာဗောဓိမြို့ဂ ဆရာတော်ကြီး၏ စကားချပ်တစ်ရပ်ကိုလည်း ထည့်သွင်းခွင့်ပြုပါ။ မဟာဗောဓိမြို့ဂ ဆရာတော်ကြီးက မိမိတို့အား "ထိုကဲ့သို့သော ဂုဏ်တော်အပေါင်းတို့နှင့် ပြည့်စုံသော သံဃာမျိုးနှင့် တွေ့ခဲ့လျှင် ဖူးလည်းဖူး၊ မျှော်လည်းမျှော်ပါ။ ဖူးပြီး မမျှော်လျှင်လည်း ရှေ့ တက်လမ်း မရှိဘူး၊ မျှော်ပြီး မဖူးလျှင်လည်း အေးဂြိမ်းမှု အပြည့်မရဘူး၊ ဖူးတယ်ဆိုတာ သူ့ကို ဂုဏ်လိုက်ကြည့် စိတ်စိုက်ထည့်ထားတာ၊ မျှော်ဆိုတာ အော်. . . သူ့လို ငါ ဘယ်တော့များဖြစ်မလဲလို့ တောင်းတတာ"။

ထိုကဲ့သို့သော ရဟန်းသံဃာမျိုးနှင့် တွေ့လျှင် ဖူးမျှော်ကန်တော့တတ်ရန် သင်ကြားပေးခဲ့ဘူးပါသည်။

ဘုရားတပည့်တော်သည်လည်း မဟိုးရိမ်တိုက်သစ်ဆရာတော်ကြီး၏ ဂုဏ်တော်၊ ဉာဏ်တော်၊ ကျေးဇူးတော်တို့ကို အာရုံပြု၍ အကြိမ်ကြိမ် ဖူးမျှော်ကန်တော့လိုက်ရပါသည်ဘုရား။

ခိုင်ငြိမ်းအေး

http://www.dhammadownload.com

ရာဇဓမ္မ ဆယ်ဂါထာ

ဦးဓမ္မောဒယ(ဝိနယရုံသီ ကျောင်းသားဟောင်း)



http://www.dhammadownload.com

ကျေးဇူးတော်ရှင် မစိုးရိမ်တိုက်သစ်ကြီး သုံးတိုက်တို့၏ အဓိပတိိမဟာနာယကချုပ် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ၏ ရာဇဓမ္မဟူသော ဘွဲ့အမည်တော်သည် သာသနာတွင် စာတင်ရလောက်အောင် အတွေ့အမြင်ရ နည်းသော, ထူးခြားရှားပါးသော ဘွဲ့တော်တစ်ခု ဖြစ်ပါသည်။

မြန်မာဓလေ့ထုံးစံအရ ပုဒ္ဓဟူးနေ့သားများကို ယုဇန ရေဝတ ရာဇိန္ဒ လာဘ လာသန ဝိမလ ဝိစိတ္တ စသည်ဖြင့်သာ ဘွဲ့အမည်ပေးတတ်ကြပါသည်၊ 'ရာဇဓမ္မ' ဟု ဘွဲ့အမည်ပေးခြင်းကား အလွန်ပင် ရှားပါသည်။

ဆရာတော်ဘုရားကြီး၏ မူလဘွဲ့အမည်မှာလည်း ရေဝတ-သာ ဖြစ်သည်၊ ထိုဘွဲ့ကို ဆရာတော် ဖြစ်လာမည့် ကိုရင်လေးက သဘောမကျကြောင်း၊ ငယ်ဆရာအား လျှောက်ထားသောကြောင့် ငယ်ဆရာက "ရာဇဓမ္မ" ဟူသော ဘွဲ့အမည်ထူးကို မှည့်ပေးရခြင်းဖြစ်သည် ဆို၏။

စာရေးသူသည် ဆရာတော်၏ ဘွဲ့အမည်ကို လွန်ခဲ့သော နှစ်(၄၀)ကျော်လောက်က ဆရာတော့် အထံ၌ ဓမ္မာစရိယစာဝါများ စာလိုက်စဉ်ကမှ စတင်သိရှိခွင့် ရခဲ့ပါသည်၊ ငယ်ရွယ်ချိန်မို့ "ထူးတဲ့နာမည် တစ်ခုဘဲ၊ နာမည်ထူးသလို ထူးမှာပါဘဲ"ဟုသာ တွေးမိခဲ့ပါသည်၊ ထိုအတွေး ယနေ့ မှန်နေပါသည်။

ယနေ့ ဆရာတော်ဘုရားကြီးသည် ကမ္ဘာတွင် စာသင်သားသံဃာ အများဆုံးဖြစ်သော မစိုးရိမ် တိုက်သစ်ကြီး ၃-တိုက်ကို အဓိပတိအနေဖြင့် အုပ်ချုပ်နေရသည်၊ ယခု ဆရာတော်ဘုရားကြီး၏ သက်တော် (၈၀) ပြည့် အာစရိယဂုဏ်ပူဇော်ပွဲကြီး ခြိမ့်ခြိမ့်သဲ ကျင်းပမည်ဟု စီစဉ်ကြသော အခါရောက်မှ စာရေးသူအနေဖြင့် "ရာဇဓမ္မ"ဆိုတာ ဘယ်လိုများ အဓိပ္ပါယ်ရှိသလဲဟု တပည့်တစ်ဦးအနေဖြင့် အလေးအနက်ထား စိတ်ဝင်တစား တွေးတောစဉ်းစားလာမိပါသည်။

(အံ၊၆၊၁။၉၇)၌ "ဝိသေသဝန္တာနံ - လောကီလောကုတ် မယုတ်ပြည့်စုံ ထိထိုဂုဏ်တို့ ရှိကြကုန်သော ပုဂ္ဂိုလ်မွန်တို့၏။ ဝိသေသံ-ထူးခြားကျော်ကြားမှုကို၊ ပဿန္တု-ရှုကြ,လေ့လာကြကုန်လော့"ဟု မိန့်မှာခဲ့သည့် အတိုင်း ယနေ့ မြန်မာ၌သာမက, ထေရဝါဒဝါးနိုင်ငံ သာသနာ၌ နေလတစ်ဆူပမာ အလွန်ထင်ရှား၍ ထူးခြားနေသော ဆရာတော်၏ "ရာဇဓမ္မ"ဟူသော ဘွဲ့အမည်တော်ကို သိရှိဖို့ ထိထိုကျမ်းစာများကို လေ့လာဖတ်ရှုနေခဲ့ရာ ဇာတ် အဋ္ဌကထာ ဝိသတိနိပါတ်(ဇာ၊၅၊၇။၄၂၂)၌ ဆရာတော်ဘုရားကြီး၏ ဘွဲ့အမည်တော်နှင့် တစ်စိတ်တစ်ဒေသ တူညီနေသော ထူးခြားသော အကြောင်းအရာ ပါရှိသည့် ရောဟဏမိဂဇာတ်တော်ကို တွေ့ရှိခဲ့ပါသည်။

ထိုဇာတ်တော်၌ "ဒသဟိ ရာဇဓမ္မစရိယဂါထာဟိ"ဟူသော စကားလုံး နှစ်လုံးကို တွေ့ရှိခဲ့ပါသည်၊ ထိုစကားလုံး၌ "ရာဇဓမ္မ"ဟူသော စကားလုံးတစ်စိတ်တစ်ဒေသသည် ဆရာတော်၏ ဘွဲ့တော်နှင့် လုံးဝတူညီနေပါ သည်။

ထိုစကားလုံးကို ရှေးပုဒ် နောက်ပုဒ်တို့နှင့် ဆက်စပ်၍ အနက်ပေးသောအခါ "မင်းကျင့်တရားဆယ်ပါး"ဟု အဓိပ္ပါယ်ရပါသည်၊ မင်းကျင့်တရားဆယ်ပါး-ဆိုသောကြောင့် ထိုဆယ်ပါးအရ "ရာဇဓံ ဆယ်ပါး၊ မင်းမြတ်များ၊ ထိပ်ထားဦးပန်ဆင်"ဟူသော စကားနှင့်အညီ အများသိနေကျ "ဒါန, သီလ"စသည်ကို ယူပါရမည်လော? မဟုတ်ပါ။ (သုတေသနသရုပ်ပြ အဘိဓာန်(နှာ-၅၀၉)၌မူ "မင်းကျင့်တရား ဆယ်ပါးနှင့် သရုပ်တူ၏"ဟု ဖော်ပြထားပါသည်)

အမှန်မှာ ဤဇာတ်တော်၌ ရာဇဓမ္မ-အရ မိဘကို ပြုစုလုပ်ကျွေးခြင်းစသော "လူ့ကျင့်ဝတ်တရား ဆယ်ပါး"ကိုသာ ယူရမည် ဖြစ်ပါသည်၊ ထိုယူရမည့် ကျင့်ဝတ်ဆယ်မျိုးကို ဘုရားအလောင်းတော် ရွှေသမင်မင်းက ဆယ်ဂါထာဖြင့် အကျယ်တဝင့် ဟောကြားထားသောကြောင့် "ဒသဟိ ရာဇဓမ္မစရိယဂါထာဟိ"ဟု ပြဆိုခဲ့ခြင်းဖြစ်ပါသည်၊ ထို့ကြောင့် ဤနေရာ၌ ရာဇဓမ္မ-အရ မိဘကို ပြုစုလုပ်ကျွေးခြင်းစသော ကျင့်ဝတ်ဆယ်ပါး တရားကိုသာ ယူရမည်ဖြစ်ကြောင်း သိသာပါသည်၊ ဤဂါထာများအရ ဆရာတော်ဘုရားကြီး၏ ဘွဲ့အမည်တော် အဓိပ္ပါယ်မှာ "မိဘကို ပြုစုလုပ်ကျွေးခြင်းစသော ကျင့် ဝတ်ဆယ်ပါး မြတ်တရားနှင့် ပြည့်စုံသူ"ဟု အဓိပ္ပါယ်ရပါသည်။

ထူးခြား၍ စိတ်ဝင်စားဖွယ်ရာ မှတ်သားဖွယ်ရာ ကောင်းလှသော ဤ"ရာဇဓမ္မတရား(၁၀)ပါး"တို့ ဖြစ်ပေါ်လာပုံ ဇာတ်လမ်းကို အနည်းငယ် ဖော်ပြလိုပါသည်။

တစ်နေ့သ၌ ဗာရာဏသီ မိဖုရားခေါင်ကြီးသည် ညမိုးလင်းခါနီးကာလ၌ "ရွှေသမင်မင်း၏ တရားကို နာရသည်"ဟု အိပ်မက်မြင်မက်ခဲ့သည်၊ အိပ်မက်ဟု ဆိုလျှင် ဘုရင်ကြီးက အလေးတမူ အရေးယူမည် မဟုတ်သောကြောင့် "ရွှေသမင်မင်း၏ တရားဓမ္မကို နာယူလိုသော ချဉ်ခြင်း (ပြင်းပြသော စိတ်ဆန္ဒ)ဖြစ်ပါသည်"ဟု နည်းပရိယာယ်ဖြင့် နေမကောင်းယောင် ဟန်ဆောင်နေခဲ့သည်။

http://www.dhammadownload.com

ဆံတစ်ပင်တင်း ချစ်ခြင်းမိဖုရား၏ စကားဖြစ်သော ကြောင့် ချက်ချင်းပင် မုဆိုးများ ခေါ်ပြီးလျှင် ရွှေသမင် ရှာဖွေဖမ်းဆီးရေး စီမံကိန်းကို အပူတပြင်း စီမံလေသည်။

ဗာရာဏသီမြို့ အနီးမှ မုဆိုးငယ်တစ်ယောက်က "သူ့ဖခင် မုဆိုးကြီးသည် သေခါနီးကာလ၌ ဟိမဝန္တာ တောတစ်နေရာတွင် ရွှေသမင်မင်းဆိုတာ အမှန်တကယ် ရှိကြောင်းကို ပြောခဲ့ပါသည်"ဟု လျှောက်တင်ခဲ့ရာ ထိုမုဆိုးငယ်အား ရွှေသမင်မင်းကို ဖမ်းဆီးခေါ်ဆောင် လာရန် တာဝန်ပေးအပ်လေသည်။

မုဆိုးငယ်သည် ဟိမန္တာတောတွင်း တစ်နေရာရှိ ရေအိုင်၌ ကျော့ကွင်းထောင်ပြီးလျှင် ရွှေသမင်မင်းကို ဖမ်းဆီးခဲ့၏၊ ကျော့ကွင်းမိနေသော ရွှေသမင်ကြီးက မုဆိုးအား "အဘယ်အကြောင်းကြောင့် ယခုလို ဖမ်းဆီးပါသနည်း"ဟု မေးခဲ့ရာ မုဆိုးက "တရားနာလိုသူ မိဖုရား၊ အသွားစေသူ ရှင်ဘုရင်၊ ရွှေသမင်ဖမ်းသူ ဘုရား ကျွန်တော်မျိုး" ဤ(၃)ဦးတို့၏ဖြစ်ပုံ အခြင်းအရာကို လိုရင်းတိုရှင်း ပြောပြလိုက်သည်။

ထိုအခါ အလောင်းတော် ရွှေသမင်မင်းက "သင်သည် သင်၏ မိသားစုကို လုပ်ကျွေးနေသလို ငါသည်လည်း ငါ၏ မျက်မမြင် မိဘနှစ်ပါး မိသားစု ဆွေမျိုးများကို လုပ်ကျွေးနေရသည်၊ ငါသည် သင့်အား မိဖုရားကြီး နာလိုသောတရားကို သင်ကြားပေးလိုက်ပါမည်၊ ငါ့ကို လွှတ်ပေးပါ။ ဤသို့ ပြုလိုက်ပါက သင်နှင့်ငါတို့ မိသားစုနှစ်ခုလုံး အကျိုးရှိကြမည် ဖြစ်သည်"ဟု တောင်းပန်စကား ပြောပြလိုက်၏။



ပင်ကိုယ်စိတ်ရင်းကောင်းသော မုဆိုးငယ်သည် ရွှေသမင်မင်း၏ ဩဝါဒစကားကို သဘောကြိုက် ညီသောကြောင့် စိတ်ချယုံကြည်စွာဖြစ့် သမင်မင်းကို လွှတ်ပေးခဲ့၏။

သမင်မင်းလည်း မုဆိုအား "ရာဇဓမ္မ" ဆယ်ဂါထာတို့ကို သင်ကြားတတ်မြောက်စေပြီးလျှင် သက်သေခံပစ္စည်းအဖြစ် မိမိခန္ဓာကိုယ်မှ ရွှေဝါရောင် အမွေးတစ်ဆုပ်ကိုပါ ယူစေ၏။

မုဆိုး နန်းတော်ပြန်ရောက်သောအခါ ဘုရင်ကြီးက မုဆိုးကို ရေမိုးချိုး အဝတ်အသစ်များ ဝတ်စားဆင်ယင်စေပြီးလျှင် ရွှေပလ္လင်ပေါ်၌ ထိုင်စေ၏။

ဘုရင် မိဖုရားနှင့် ပရိသတ်အများတို့သည် ကြမ်းခင်းပေါ်၌ ဒူးတုပ်ထိုင်ကြပြီးလျှင် မုဆိုးဟောကြားသော ရွှေသမင်မင်း၏ တရားကို ရိုသေစွာ နာယူကြလေ၏။

"ရာဇဓမ္မတရား (၁၀)ပါး"

၁။ ဓမ္မံ စရ မဟာရာဇ ၊ မာတာပိတူသု ခတ္တိယ။
ဣဓ ဓမ္မံ စရိတ္ဝာန ၊ ရာဇ သဂ္ဂံ ဂမိဿသိ။
မင်းမျိုးမှ မွေးဖွားသော မြတ်သောမင်းတရား သင်မင်းကြီးသည် အမိအဖတို့၌ ပြုကျင့်အပ်သော သာသမီး ကျင့်ဝတ်အတိုင်း ကောင်းစွာ ကျင့်ပါလေ၊

၂။ ဓမ္မံ စရ မဟာရာဇ ၊ ပုတ္တဒါရေသု ခတ္တိယ။ သားမယားတို့၌ ပြုကျင့်အပ်သော ကျင့်ဝတ်တရားအတိုင်း ကောင်းစွာ ကျင့်ပါလေ။

၃။ ဓမ္မံ စရ မဟာရာဇ ၊ မိတ္တာမိစ္စေသု ခတ္တိယ။ အဆွေခင်ပွန်းများ, မင်းအမတ်များတို့၌ ပြုကျင့်အပ်သော ကျင့်ဝတ်တရားအတိုင်း ကောင်းစွာ ပြုကျင့်ပါလေ။

၄။ ဓမ္မံ စရ မဟာရာဇ ၊ ဝါဟနေသု ဗလေသု စ။ စစ်သည်ဗိုလ်ပါများ (ပြည်သူဝန်ထမ်းများ)တို့၌ ပြုကျင့်အပ်သော ကျင့်ဝတ် တရားအတိုင်း ကောင်းစွာပြုကျင့်ပါလေ။

၅။ ဓမ္မံ စရ မဟာရာဇ ၊ ဂါမေသု နိဂမေသု စ။ ရွာ, နိဂုံး, မြို့တို့၌ (ပြည်သူ ပြည်သားတို့၌) ပြုကျင့်

http://www.dhammadownload.com



ရမည့် ကျင့်ဝတ်တရားများကို ကောင်းစွာ ပြုကျင့်ပါလေ။

၆။ ဓမ္မံ စရ မဟာရာဇ ၊ ရဋ္ဌေသု ဇနပဒေသု စ။ တိုင်းနိုင်ငံ နယ်ပယ် ဇနပုဒ် အရပ်ဒေသတို့၌ (ပြည်သူ ပြည်သားတို့၌) ပြုကျင့် ရမည့် ကျင့်ဝတ်တရား များကို ကောင်းစွာ ပြုကျင့်ပါလေ။

၇။ ဓမ္မံ စရ မဟာရာဇ ၊ သမဏေဗြဟ္မဏေသု စ။ သူတော်ကောင်း ရသေ့,ယောဂီ တလီသွင်ဆန်း ရဟန်းပုဏ္ဏားတို့၌ ပြုကျင့်ရမည့် ကျင့်ဝတ်တရား များကို ကောင်းစွာပြုကျင့်ပါလေ။

၈။ ဓမ္မံ စရ မဟာရာဇ ၊ မိဂပက္ခီသု ခတ္တိယ။ သားငှက်တိရစ္ဆာန်များတို့၌ စောင့်ရှောက် ပြုကျင့်ရမည့် ကျင့်ဝတ်တရားများကို ကောင်းစွာ ပြုကျင့်ပါလေ။

၉။ ဓမ္မံစရ မဟာရာဇ၊ ဓမ္မော စိဏ္ဏော သုခါဝဟော။ တရားအတိုင်း ကျင့်ကြံနေထိုင်ပါ၊ ကောင်းစွာ ကျင့်အပ်သော ကျင့်ဝတ်တရားတို့သည် ချမ်းသာသုခကို ဆောင်ရွက်နိုင်သည်။

၁၀။ ဓမ္မံ စရ မဟာရာဇ၊ သက္ကန္ဒာ ဒေဝါ သဗြဟ္မကာ။ သုစိဏ္ဏေန ဒိဝံ ပတ္တာ၊ မာ ဓမ္မံ ရာဇ ပမာဒေါ်တိ။

တရားဓမ္မကို ကောင်းစွာ ကျင့်ကြံလိုက်နာပါ၊ သိကြားမင်း, ဗြဟ္မာမင်းနှင့်တကွ ဖြစ်ကုန်သော နတ်ဗြဟ္မာ အပေါင်းတို့သည် တရားကို မှန်ကန်စွာ ကောင်းစွာ ကျင့်ကြံသောကြောင့် နတ်ပြည် ဗြဟ္မာပြည်သို့ လားရောက် ကြခြင်း ဖြစ်ပါသည်။ တရားဓမ္မကို မမေ့လျော့ရှိပါစေ၊ ဤတရားဆုံးသောအခါ မင်းမိဖုရားနှင့်တကွ ပရိသတ်အများတို့ သာဓုကြိုးစွာ ခေါ်ကြ၏။

ဤ"ရာဇဓမ္မ" တရား(၁၀)ပါးတို့သည် မင်းတို့သာမက ကမ္ဘာသူ ကမ္ဘာသား လူအများတို့ ကျင့်ကြံကြရမည့် လူ့လောက လူ့ကျင့်ဝတ် တရားဓမ္မတို့ ဖြစ်ကြပါသည်၊ ရွှေသမင်မင်း၏ ဤ"ရာဇဓမ္မ"တရားကို နာကြားရသောကြောင့် မင်း-မင်းမိဖုရားနှင့်တကွ တရားနာကြသူ အပေါင်းတို့သည် "ဒသရာဇဓမ္မေ-ဆယ်ပါးသော ဤကျင့်ဝတ်တရားတို့ကို၊ အကောပေန္တော-မချို့မယွင်း မပျက်မကွက်စေဘဲ၊ ဓမ္မေနေဝ- ဤကျင့်ဝတ်တရားဖြင့် သာလျှင်၊ ကရိဿာမိ-ပြုကျင့်ပေတော့အံ့" ဤကဲ့သို့ အကြံကောင်းများ ပေါ်ပေါက်ကြပြီးလျှင် မိမိကိုယ်ကို ဤရာဇဓမ္မ လူ့ကျင့်ဝတ်တရား ဆယ်ပါးနှင့်အညီ ပြုပြင်ထိန်းသိမ်း ကျင့်ကြံကာ နေထိုင်ခဲ့ကြလေသည်၊ ထို့ကြောင့် တိုင်းပြည်တဝှမ်း အလွန်ပင်ငြိမ်းချမ်း သာယာ၏၊ ဤကျင့်ဝတ်ကို ကျင့်ကြံကြခြင်းကြောင့် စုတေမနေ သေလွန်ကြသော် မင်းနှင့်တကွ ပြည်သူတို့သည် နတ်ပြည်လားကြရလေ၏။

ဤရာဇဓမ္မ ကျင့်ဝတ်တရားသည် ဤကမ္ဘာ၌ နှစ်ပေါင်းတစ်ထောင် ကာလကြာအောင် တည်တံ့နေခဲ့သည်ဟူ၏။ ရာဇဓမ္မ ကျင့်ဝတ်တရား(၁၀)ပါးနှင့် ပြည့်စုံကြပါစေ။

ဦးဓမ္မောဒယ

ဝိနယရုံသီကျောင်းသားဟောင်း

http://www.dhammadownload.com

ငယ်စဉ်ကာလ သြဝါဒ

ဦးသောဘိတ



မိမိတို့ မစိုးရိမ်တိုက်သစ် စာချုတန်းများသည် သူ့အချိန်နှင့်သူ ဝိုင်းဖွဲ့၍ တစ်ပါးတစ်လှည့် နိသျတိုင်ပေးရသည့်အခါ ဆရာတော်သည် ဓမ္မသီတဂူကျောင်း ဒုတိယအထပ်တွင် သီတင်းသုံးပြီး နားထောင်လေ့ရှိသည်၊ နိသျတိုင်သူက ပါဠိရှိသည်ကား "ပတောဒလဒ္ဒိ" နိသျတိုင်လိုက်သည်ကား "ပတောဒ လဒ္ဒိ" ဆရာတော်သည် လျင်မြန်စွာထွက်လာပြီး "ဟဲ့ကောင် သတ္တဝါ ပြန်ဆိုစမ်း ပြန်ဆိုစမ်း"ဟု ခိုင်းရာ စောစောကအတိုင်းပင် "ပတောဒ လဒ္ဒိ"ဟုပင် နိသျတိုင်လိုက်သည်၊ ဆရာတော်က နိသျတိုင်သူကို ဖနောင့်ဖြင့်ပေါက်ပြီး "မင်းတို့ စာချုတန်း ရောက်နေပြီ၊ ပါဠိကိုတောင် မှန်အောင် မဖတ်တတ်ဘူး၊ ပါဠိဖတ်မှားရင် အဓိပ္ပါယ်ပါ မှားသွားမယ်ဆိုတာ မသိဘူးလား၊ ပတောဒလဒ္ဒိ-ဟု ပေါင်းပြီးဖတ်"ဟု ဖနောင့်စာကျွေးပြီး ဆုံးမခဲ့လေသည်။

တဖန် "ပါရိစ္ဆတ္တကမူလမ့ို-ပင်လယ်က သစ်ပင်ရင်း၌"ဟု နိသျတိုင်သံ ကြားပြန်သောအခါ ဆရာတော် ထွက်လာပြီး "ဟဲ့ကောင် ဘာကွ"ဟု ဆရာတော် ဟောက်လိုက်တဲ့အသံသည် မိမိတို့ စာသင်သားများ၏ နားထဲမိုးခြိမ်းသံတမျှ ဖြစ်သွားတော့သည်၊ ဆရာတော်က "သတ္တဝါ မင်း စောစောက ဆိုတဲ့အတိုင်း ပြန်ဆိုစမ်း ပြန်ဆိုစမ်း"ဟု ခိုင်းရာ စောစောကအတိုင်းပင် ပြန်ဆိုလိုက်သည့်အခါ ဆရာတော်က ဖနောင့်စာကျွေးပြီး "မင်းတို့ကောင်တွေက ပါဠိစာတင် ညံ့တာမဟုတ်ဘူး၊ မြန်မာဖြစ်ပြီး မြန်မာစာလည်း ညံ့တာဘဲ၊ ပင်လယ်ကသစ်ပင်-လို့ မှန်အောင်ဖတ်၊ အတော်ညံ့တဲ့ကောင်တွေ"ဟု ပြောဆိုဆုံးမသည်၊ စာပေနှင့် ပတ်သက်လျှင် ပါဠိဖြစ်ဖြစ် မြန်မာဖြစ်ဖြစ် စာတစ်လုံးလေးတောင်မှ အမှားမခံ တိကျလှသော ဆရာတော်ပေတည်း။

ဆရာတော် အကျဉ်းကျ၍ ပြန်လာပြီးနောက် ဘုရားဝတ်တက်အပြီး သြဝါဒပေးသည့်အခါ "မင်းတို့ ငါဟာ ယခု လူ့ဘဝမှာ သိတတ်တဲ့အချိန်က စပြီး ယခုလို ချုပ်နှောင်ဖမ်းဆီးခံရမည့် ကိစ္စမျိုးကို ငါ ဘာမှ မလုပ်ခဲ့ဘူးကွ၊ ငါ လုပ်ခဲ့တာ ညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးပဲ လုပ်ခဲ့တာ၊ အေး အခုတော့ ငါ (၂)နှစ် အဖမ်းခံ အချုပ်

http://www.dhammadownload.com

နှောင် ခံခဲ့ရတယ်၊ ဒါပေမယ့် ငါက စာမချရတာနဲ့ မင်းတို့နဲ့ အတူ မနေရတာဘဲ ရှိတာပါ၊ ကျန်တာတွေ အားလုံး ကတော့ အပြင်မှာ နေရသလိုပါပဲ၊ ငါ့အတွက်ကတော့ အကျိုးရှိတာပေါ့ကွာ ပုတီးစိပ်ရတယ်၊ တရားထိုင် ရတယ်၊ ပဌာန်းရွတ်ရတယ်၊ ငါ့အတွက် အချိန်အများကြီး ရခဲ့တာပေါ့၊ အေး ဘာပဲဖြစ်ဖြစ် ငါအခုလို အချုပ်နှောင် ဖမ်းဆီးခံရတာကို ကြည့်မယ်ဆိုရင် ငါ တစ်ခုသော ဘဝက ကြက်တူရွေးလေးတွေ သာလိကာလေးတွေကို ချစ်တတ်လို့ လှောင်အိမ်လေးထဲထည့် မွေးခဲ့ဘူးတယ်နဲ့ တူပါတယ်၊ ကိုယ်ကသာ ချစ်တတ်လို့ ဆိုပြီး မွေးခဲ့ပေမယ့် သူတို့ကို လှောင်အိမ်ထဲ ထည့်ထားခဲ့တဲ့ ဝဋ်ကတော့ လည်တာပဲကွ၊ မင်းတို့လဲ အဲဒီလို ကိုယ်က ချစ်လို့ဆိုပြီး မမွေးကြနဲ့၊ ငါ့လိုပဲ ဝဋ်လည်မယ်၊ အဲဒါ မင်းတို့ မှတ်ထား၊ ကဲ ကြွကြတော့"ဟု မိန့်တော်မူခဲ့လေသည်။

နောက်တစ်ပတ်ကြာသောအခါ ဆရာတော့်ထံသို့ နိုင်ငံခြားသား သတင်းထောက်တစ်ယောက် ရောက်လာသည်၊ ဆရာတော်သည် ယင်းသတင်းထောက်ကို ဘယ်က လာသလဲ ဒီကို ဘယ်သူ လိုက်ပို့သလဲ စသည်ဖြင့် အင်္ဂလိပ်လိုမေးရာ သတင်းထောက်ကလဲ ဆိုက်ကား သမားတစ်ယောက် လိုက်ပို့ကြောင်း ပြောသည်၊ "အဲဒီ ဆိုက်ကားသမား ဘယ်နေရစ်လဲ"ဟု မေးရာ နာရီစင် အရှေ့ဘက် ကတ္တီပါပင်အောက် အုတ်ခုံပေါ်တွင် ထိုင်နေကြောင်း ပြောသည်၊ ဆရာတော်သည် "ဟေ့ကောင် တစ်ယောက် အဲဒီ ဆိုက်ကားသမား သွားခေါ်စမ်း"ဟု ခိုင်းရာ ဦးဇင်းတစ်ပါးက ဆိုက်ကားသမားကို ခေါ်လာခဲ့သည်၊ ဆရာတော်သည် ဆိုက်ကားသမားကို သေချာကြည့်ပြီး "သူ့ကို မင်း ခေါ်လာတာလား"ဟု မေးသည်၊ ဆိုက်ကားသမားကလဲ မှန်ကန်ကြောင်း လျှောက်သည်၊ "အေး မင်းခေါ်လာတဲ့သူကို မင်းဘာသာ မင်းပြော၊ ငါက ဗမာလိုပြောမယ်၊ မင်းက အင်္ဂလိပ်လို သူ့ကို ပြောပြ"ဟု ဆိုရာ ဆိုက်ကားသမား ပျာယာခတ်သွားသည်၊ တပည့်တော် ဆိုက်ကားသမားပါဘုရား၊ အင်္ဂလိပ်စာ မတတ်ပါဘုရားဟု လျှောက်၏။ ဆရာတော်က "ဟေ့ကောင် မင်း ငါ့ကို ညာလို့မရဘူး၊ မင်း အင်္ဂလိပ်စာ မတတ်ရင် ဘယ်လို လုပ်ပြီး မင်းဒီကို ရောက်လာတုန်း"ဟု မေးရာ ဆိုက်ကား



http://www.dhammadownload.com



သမားလဲ မတတ်သာသည့်အဆုံး ဝန်ခံလိုက် ရတော့သည်၊ စင်စစ်ကား ယင်းဆိုက်ကားသမားသည် ထောက်လှမ်းရေး ဖြစ်နေခြင်းပင်၊ တတ်လိုက်သည့် အင်္ဂလိပ်စကား၊ မိမိတို့အားလုံး ဆရာတော်၏ လူကဲခတ်ကောင်းသည်ကို အံ့ဩမိကြရလေတော့၏။

မိမိသည် ဥပုသ်နေ့တစ်နေ့ တပည့်ဖြစ်သူ ကိုရင်လေးကို စာပြန်ခိုင်းခဲ့သည်၊ ကိုရင်လေး စာမရ၍ မိမိရိုက်လွှတ်လိုက်ရာ ကိုရင်လေးက ငိုပြီး ကျောင်းအောက် ဆင်းသွားသည်၊ ယင်းအချိန်တွင် ဆရာတော် ဆွမ်းဘုဉ်းပေးနေခိုက်နှင့် ကြုံခဲ့သည်၊ ဆရာတော်က "ဟဲ့ ကိုရင်လေး ဒီလာစမ်း၊ မင်း ဘာလို့ ငိုလာတာတုန်း" ဟု မေးရာ "တပည့်တော် ဆရာက နောက်က စာတွေ အကုန်ပြန်ခိုင်းတာ၊ နည်းနည်းလေး ထစ်တာနဲ့ ရိုက်လွှတ်လိုက်တာပါဘုရား"ဟု လျှောက်ထားရာ ဆရာတော်က "အေး ကိုယ့်ဆရာဆိုတာ ကိုယ့်ကို စာတတ်စေချင်လို့ သင်ပေးတာ၊ စာတွေ မမေ့အောင်လို့ ပြန်ခိုင်းတာ၊ ကိုယ့်ဆရာကို စိတ်မဆိုးရဘူး၊ နောက်ကို မင်းဆရာ ကျက်ခိုင်းတာကို ရအောင်ကျက် ကဲ သွား သွား"ဟု နှစ်သိမ့်ပေးလိုက်၏၊ မိမိလဲ ကိုရင်လေးကို ဆရာတော် ခေါ်မေးနေသည်ကို သိရတော့ လန့်သွားသည်၊ ဘာတွေ ပြောသလဲဟု လှေကားကြားမှ နားထောင်သည့်အခါ ယင်းသို့ နှစ်သိမ့်ပေးလိုက်သည်ကို သိခဲ့ရသည်။

တဖန် ဆရာတော် ဆွမ်းဘုဉ်းပေးပြီးသည့်အခါ အပေါ်ထပ်က သောဘိတကို လွှတ်လိုက်စမ်းဟု မိမိကို ခေါ်သည့်အသံ ကြားရသောအခါ လန့်ဖျတ်သွားသည်၊ ကိုရင်လေးကို ရိုက်တဲ့အမှုနဲ့ ငါ့ကိုမျှား ဖနောင့်စာ ကျွေးတော့မည်လားဟု တွေးမိခဲ့သည်၊ မိမိတွေးသည်နှင့်ကား တခြားစီ ဖြစ်ခဲ့သည်၊ "ခုနင်က ငိုသွားတဲ့ ကိုရင်လေးက မင်း ကိုရင်လား"ဟု မေးရာ မှန်ကန်ကြောင်း လျှောက်ထားသည်၊ ဆရာတော်က "မင်းကိုရင်က ငယ်သေးတယ်ကွ၊ ချော့မော့ပြီးတော့ စာသင်ပေးရတယ်၊ သူကျက်နိုင်သလောက် ကျက်ခိုင်းရတယ်၊ စာပြန်ခိုင်းရင်လည်း ဘယ်ကနေ ဘယ်အထိ ပြန်ရမယ်လို့ ပိုင်းပိုင်းပြီး ပြန်ခိုင်းရတယ်၊ အကုန်မပြန်ခိုင်းရဘူး၊ ကလေးဆိုတော့ လူကြီးတွေလို ဉာဏ်က မမီသေးဘူး၊ ရိုက်လည်း သိပ်မရိုက်နဲ့၊ ကြောက်လန့်ပြီး ဉာဏ်တွေဘာတွေ ထိုင်းသွားတတ်တယ်၊ ကဲ သွားတော့"ဟု ဆုံးမခဲ့လေသည်။

တစ်နေ့ ဆရာတော်သည် "သောဘိတ မင်းဆွမ်းခံထွက်သလားဟု မေး၏၊ မိမိကလည်း ဆွမ်းခံထွက်ကြောင်း လျှောက်၏၊ ဆရာတော်က အေး ဆွမ်းခံဆိုတာ ထွက်ရတယ်ကွ၊ ကျမ်းမာရေးလည်း ကောင်းတယ်၊ ပြင်ပ ဗဟုသုတလည်း ရတယ်၊ ဒကာဒကာမတွေရဲ့ အခက်အခဲကိုလည်း သိရတာပေါ့ကွာ၊ အဲဒီ အခက်အခဲကို ကိုယ်တတ်နိုင်တာဆိုရင် ကူညီလို့ရတာပေါ့၊ ဒါ့ကြောင့် ဆွမ်းခံဆိုတာ ထွက်ရတယ်ကွ"ဟု မိမိကို မိန့်ကြား တော်မူခဲ့သည်။

ကျန်းမာချမ်းသာစွာဖြင့် သာသနာတော်မြတ်ကြီးကို ကောင်းစွာ စောင့်ရှောက်တော်မူနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း။

ဦးသောဘိတ
ဓမ္မာစရိယကျောင်း၊ ပြည်ကြီးတံခွန်